
www.burmeseclassic.com



# မင်းဒင်

## ဖြစ်ပျက် ရှာပုံတော်ခရီးသည်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

မိသားစုစားဝတ်နေရေးကြောင့်
ဘာသာတရားဘက်သို့ ဦးမလှည့်နိုင်ခဲ့သော
ကွယ်လွန်သူ ကျေးဇူးရှင် ဖခင်ကြီးသို့ . . .

သက်ရှိင် စာပေ
အမှတ်(၂၃၃)၊ ၃၇လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၉-၇၃၀၁၁၆၈၀၊ ၀၉-၄၃၁၆၄၅၅၂

www.burmeseclassic.com

www.burmeseclassic.com

# ဖြစ်ပျက်ရှာပုံတော်ခရီးသည်

မင်းဒင်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | = | သက်ခိုင်စာပေ<br>(၁၃၂၀၈ ယ ၁၇၄၇၀၆၁၃) |
| ပုံနှိပ်သူ | = | နေသစ်ဦး အော့ဖ်ဆက်<br>အမှတ်(၁၆၉/၁၇၁)၊ ၃၄လမ်း(အထက်)၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း ၊ ၀၁-၂၄၂၇၁၀ |
| ဖြန့်ချိသူ | = | အောက်မြန်မာပြည်<br>မှဝံ စာအုပ်တိုက်<br>အမှတ်(၂၁၂)၊ ၃၁လမ်း(အထက်)၊<br>ရန်ကုန်မြို့။<br>ဖုန်း ၊ ၀၁-၃၈၅၅၉၇၊ ၀၉-၇၃၂၀၂၄၁၁<br>အထက်မြန်မာပြည်<br>ထွန်းဦးစာပေ<br>အမှတ်(၁၀၁)၊ ၈၄လမ်း၊ ၂၉ × ၃၀ ကြား၊ မန္တလေးမြို့။<br>ဖုန်း ၊ ၀၂-၃၉၈၉၁၊ ၃၉၈၈၁ |
| ထုတ်ဝေခြင်း | = | ပထမအကြိမ် (၂၀၁၃-ခုနှစ်၊ မေလ) |
| အုပ်ရေ | = | ၁၀၀၀ |
| တန်ဖိုး | = | ၆၀၀၀/- ကျပ် |

မင်းဒင် ၂၉၄.၃
ဖြစ်ပျက်ရာပုံတော်ခရီးသည်/မင်းဒင်။ ရန်ကုန်
သက်ခိုင်စာပေ၊ ၂၀၁၃
၄၁၆-စာ
(၁) ဖြစ်ပျက်ရာပုံတော်ခရီးသည်

*ISBN 978.99971-0-045-0*


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူ၏အမှာ | ၂ |
| ၁။ | သံသရာတကွေ့ဝယ် | ၃ |
| ၂။ | ဖြစ်ပျက်ဆိုသောအရာ | ၁၅ |
| ၃။ | သေလမ်းကို ရွေးခဲ့သူ | ၂၇ |
| ၄။ | ဦးကဝိ၏ ထေရာပဒါန် | ၄၃ |
| ၅။ | လျှောက်သောလမ်းမှာ စမ်းတဝါး | ၇၁ |
| ၆။ | ထူးထွေသည့် အံ့ရာသော် | ၈၅ |
| ၇။ | အနာဂါမ် ဆရာသက်ကြီး | ၉၉ |
| ၈။ | ရုက္ခစိုးနှင့် တွေ့ဆုံခြင်း | ၁၁၅ |
| ၉။ | ယုံရခက်ကြီး | ၁၂၉ |
| ၁၀။ | ဧဟိပဿိကော၊ လာလှည့်၊ ရှုလော့ | ၁၄၉ |
| ၁၁။ | အသူရာကာယ်ဘုံက ဧည့်သည် | ၁၇၃ |
| ၁၂။ | ခြောက်တန်နတ်ရွာ ဝတီ သာလော | ၁၉၁ |
| ၁၃။ | တစ်ခါတစ်လေလဲ ဝဲကတော့လေပွေ၊ တစ်ခါတစ်လေတော့ မြညှင်းလေပြေ | ၂၀၅ |
| ၁၄။ | သံသရာဘုံခရီးဝယ် ပြန်ကာဆုံစည်းကြမယ် | ၂၂၁ |
| ၁၅။ | မိုးနှင့်အတူ | ၂၃၇ |
| ၁၆။ | သက်ခိုင့်စုံတောမြိုင် | ၂၆၃ |
| ၁၇။ | မေတ္တာဖြင့် . . . အရှင်ဉာဏစာရ | ၂၈၃ |
| ၁၈။ | ဆရာကြီးရွှေဥဒေါင်းအား ကိုသက်ခိုင် စုံထောက်ပုံ။ | ၃၀၉ |
| ၁၉။ | ဆိုရေးရှိကဆိုအပ်လှ၏။ | ၃၃၁ |
| ၂၀။ | အရိုးဆုံးသည် အဆန်းဆုံးဖြစ်၏။ | ၃၅၁ |
| ၂၁။ | အာနာပါနဒီပနီ | ၃၆၉ |




www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ့အမှာ

"ဖြစ်ပျက်ရာပုံတော်ခရီးသည်"သည် မိရိုးဖလာအယူဝါဒတစ်ခုကို လက်တွေ့တံခါးပေါက်မှ စူးစမ်းခဲ့သူတစ်ဦး၏ မှတ်တမ်းဖြစ်ပါသည်။ "မင်းဒင်ရဲ့သက်ခိုင်"သည် ဇာတ်ကောင်သက်ခိုင်၏လောကီရေးရာအမြင်ဟု ဆိုပါလျှင် ဖြစ်ပျက်ရာပုံတော်ခရီးသည်သည် သက်ခိုင်၏ လောကုတ္တရာအမြင်ဟု ဆိုနိုင်ပါသည်။ ဒင်္ဂါးတစ်ပြားတွင် ခေါင်းနှင့်ပန်းဟူ၍ ရှိရစမြဲဖြစ်ရာ သက်ခိုင်၏ အမြင်နှစ်ရပ်ကို စာဖတ်သူများသို့တင်ပြမှသာ ပြီးပြည့်စုံပေမည်ဟူသော စာရေးသူ၏ တွေးတောယူဆချက်ကြောင့် ဤစာအုပ်ဖြစ်ပေါ်လာရပါသည်။

မျက်မှောက်ကာလတွင် လူငယ်အများစုအနေဖြင့် မိမိယုံကြည် ကိုးကွယ်လျက်ရှိသော အယူဝါဒကို ကိုယ်တိုင်ကျင့်ကြံခြင်းဖြင့် စူးစမ်းလေ့လာရန် စိတ်အားထက်သန်လျက် ရှိကြပေရာ ဤစာအုပ်သည် အဆိုပါလူငယ်များသို့ အထူးရည်ညွှန်းပါသည်။ အထူးပြောလိုသည့်အချက်မှာ ဤစာအုပ်သည် ဇာတ်ကောင်တစ်ဦး၏ သိသမျှ မြင်သမျှ တွေးတောဆင်ခြင်မိသမျှ ရေးသားဖော်ပြထားခြင်းဖြစ်၍ ပြီးပြည့်စုံသော၊ အမှန်ချည်းဖြစ်သော မှတ်တမ်းမဟုတ်မူ၍ စာဖတ်သူတို့အနေဖြင့် ကိုယ်ပိုင်ဆင်ခြင်ဉာဏ်၊ လက်တွေ့အားထုတ်မှုတို့ဖြင့် ဆန်းစစ်ရန် လိုအပ်မည်ဖြစ်ပါသည်။ ဤစာအုပ်တွင် စာရေးသူလက်လှမ်းမီသမျှ လိုအပ်သည်ဟုထင်ရသော ကျမ်းဂန်၊ စာအုပ်စာတမ်းအချို့ကို ထည့်သွင်း ကိုးကားထားလေရာ အခြေအနေ အရပ်ရပ်ကြောင့် သက်ဆိုင်သူများ၏ ခွင့်ပြုချက် တောင်းခံနိုင်ခြင်းမရှိသည့်အတွက် ပတ်သက်ဆက်ဆိုင်သူများအနေဖြင့် ခွင့်လွှတ်နားလည်ပေးကြပါရန် အနူးအညွတ် တောင်းပန်အပ်ပါသည်။

ဤစာအုပ်အား ဝေဖန်ထောက်ပြပေးခဲ့သော အရှင်ဉာဏာစာရ (ဖားအောက်တောရ)၊ စာအုပ်ဖြစ်မြောက်ရေးအတွက် အစွမ်းကုန် လုံးပမ်းအားထုတ်ခဲ့သော မစိမ်းစိမ်း(သက်ခိုင် စာပေ)နှင့် အဖက်ဖက်မှ ဝိုင်းဝန်းကူညီ ပံ့ပိုးခဲ့ကြသော အရှင် ဉာဏိသရ၊ သာသနာ့ဓဇ ဓမ္မာစရိယ မဟာဂန္ထဝါစက ပဏ္ဍိတ၊(တိပိဋက မဟာဂန္ဓာရုံ တိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း)၊ ပန်းချီမျိုးမြင့်၊ ကိုသီဟမောင်မောင်၊ ဂျစ်တူး (မုံရွာ)၊ မဖြူဖြူစိုး(NET SKY)၊ ကိုမြတ်သွင်(မြတ်သုတ)၊ ကိုရဲ(စက်ဘုပူ)၊ ကိုဝင်းမြင့်(စက်ဘုပူ)၊ ရွှေပြည်စိုး ထရေးဒင်း(စက်ဘုပူ)နှင့် စာဖတ်ပရိသတ်အားလုံးအား အမှတ်တရ ကျေးဇူးစကား ဆိုအပ်ပါသည်။

ချမ်းသာကိုယ်စိတ်မြဲပါစေ။
လေးစားမှုများဖြင့် . . .

မင်းဒင်
၂၀၁၃–ခုနှစ်၊ ဧပြီလ(၁၆)ရက်
ဖူးခက်ကမ်းခြေ၊ ထိုင်းနိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com

# ၁။ သံသရာတကွေ့ဝယ်

လွန်ခဲ့သော ၂၀၁၀-ခုနှစ်၊ စက်တင်ဘာလ။ ။

ကျနော်သည် ထိုင်းနိုင်ငံ ဖူးခက်မြို့တွင်နေထိုင်လျက် မြန်မာကုန်စုံဆိုင်တစ်ဆိုင် ဖွင့်လှစ်ရင်း www.mindin.info ဟူသော အွန်လိုင်းစာမျက်နှာတစ်ခုတွင် တစ်ခုသော ရဲဘက်စခန်း၌ တွေ့ဆုံရင်းနှီးခဲ့ရသည့် ကိုသက်ခိုင်အမည်ရှိ မိတ်ဆွေတစ်ဦး၏ ဘဝဇာတ်လမ်းစုံကို "မင်းဒင်ရဲ့ သက်ခိုင်"ဟူသော အမည်ဖြင့် ဝတ္ထုရှည်ကြီးတစ်ပုဒ် ဆန့်တီးရေးသားလျက်ရှိရာ အဆိုပါ ဇာတ်လမ်းဆုံးခန်းတိုင်ခါနီး အချိန်ဖြစ်၏။ တိုက်တိုက်ဆိုင်ဆိုင် ထိုအချိန်တွင်ပင် ကျနော်နှင့် ကိုသက်ခိုင် ဘန်ကောက်မြို့၌ မထင်မှတ်ဘဲ ပြန်လည်တွေ့ဆုံမိကြလေရာ ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ်တို့ကို အပြန်အလှန် ပြောမကုန်အောင် ရှိကြလေသည်။ အထူးသဖြင့် ကျနော်သည် မင်းဒင်ရဲ့သက်ခိုင်ကို အပြီးသတ်နိုင်ရေးအတွက် နိဂုံးပိုင်းအတွက်လိုအပ်သည့် အချက်အလက်များကို တရစပ်မေးခွန်းများ၊ မျှားပစ်သလို ပစ်သွင်းမေးမြန်းနေခြင်းအား ကိုသက်ခိုင်သည် စိတ်ရှည်တည်ငြိမ်စွာပင် ပြည့်စုံစွာ ပြန်လှန်ဖြေကြားလျက်ရှိ၏။ စကားလက်ဆုံကျ အပြီး ခွဲခွာအံ့ဆဲဆဲ အချိန်တွင် ကျနော်က ...

"ကိုသက်ခိုင် ခင်ဗျား အချိန်ရတဲ့အခါ ဖူးခက်ကိုလာခဲ့ပါလားဗျာ၊ အေးအေးဆေးဆေး အနားယူရင်း ရှေးဟောင်းနှောင်းဖြစ်တွေ၊ အတွေ့အကြုံအသစ်တွေ အပြန်အလှန် ပြောကြတာပေါ့"ဟု ဖိတ်မန္တကပြုသည့်အခါ ကိုသက်ခိုင်က ခပ်ပြုံးပြုံးမျက်နှာပေးဖြင့်...

"ဖူးခက်နဲ့ကျနော် မစိမ်းလှပါဘူး၊ ဖူးခက်မှာ ကျနော်ငှားထားတဲ့အိမ် ရှိပါ့ဗျာ" ကိုသက်ခိုင်က ခပ်အေးအေးဖြေလိုက်သော်လည်းကျနော်အံ့အားသင့်သွားရပါသည်။

"တော်တော်နေနိုင်တဲ့သူပဲဗျာ၊ ခင်ဗျား ကျနော့်စာတွေဖတ်မိတယ်ဆိုရင် ဆက်သွယ်လိုက်ရောပေါ့၊ ဒါနဲ့ ခင်ဗျားက ဖူးခက်ဘယ်နားမှာ နေတာတုန်း"

" ကျနော်က ခြေထောက်မှာ ဗွေပါနေတဲ့သူဆိုတော့ ဖူးခက်မှာ အမြဲတန်း နေဖြစ်ပဲ တောင်ရောက် မြောက်ရောက်ဖြစ်နေလို့ပါ၊ ကျနော်ငှားထားတဲ့အိမ်က ခိုင်ထောင်မှာဗျ"



www.burmeseclassic.com

www.burmeseclassic.com

"နိုင်ထောင်ဆိုတာ ဘယ်နားမှာတုန်း။ ကျနော်မကြားဖူးပါလား"

*"အော်၊ ဖူးခက်လေယာဉ်ကွင်းနားမှာလေဗျာ။ တော်တော်ဆိတ်ငြိမ်တဲ့နေရာဗျ။* အဲဒီမှာ နေဝင်ချိန်ကို ငေးလို့ရတဲ့ ကမ်းခြေခပ်သေးသေးရှိလေရဲ့။ အင်း ... ကမ္ဘာလှည့်ခရီးသည် တော်တော်များများကလည်း ဖူးခက်ဆိုရင် ပါတောင် ၊ ကမလာ ၊ ကရွန်း၊ ကတ လောက်ပဲ သိကြတာကလား၊ကျနော့်စိတ်ထင် နိုင်ထောင်ဟာ ဖူးခက်လေယာဉ်ကွင်းနဲ့ သုံးမိုင်သာသာလောက် ဝေးမယ်ထင်ပါရဲ့"

"အော် ၊ခင်ဗျားပြောတဲ့ နိုင်ထောင်ဆိုတာ ထလန်အပိုင်ထဲက ဖြစ်မယ်ဗျ၊ကျနော်က နိုင်ထောင်ဖက်မှာ ရာဘာ တောတွေလောက်ပဲ ရှိတယ်ထင်နေတာ"

"နိုင်ထောင်က တော်တော်ဆိတ်ငြိမ်တဲ့နေရာဗျ။ တကယ့်လူကုံထံတွေက ရောမ အိမ်ကြီးအိမ်ကောင်းတွေကို အနောက်ဖက်မျက်နှာမူပြီး ပင်လယ်ပြင်မှာ နေဝင်သွားတဲ့ ရှုခင်းကို မြင်နိုင်အောင် ဆောက်ထားကြတာကလား၊ ဒါပေမဲ့ သစ်ပင်တွေ တောအုပ်ခပ်ထူထူတွေကြားမှာ ဆောက်ထားကြတာကြောင့် ရုတ်တရက်ဆို မသိသာလှဘူး၊ နိုင်ထောင်မှာ ကျနော်တွေ့ဖူးတဲ့ အိမ်ကြီးတစ်လုံးဆို ပင်လယ်ကို မျက်နှာမူပြီး ကျောက်ဆောင်ပေါ်မှာ မေးတင်ဆောက် ထားလိုက်တာ အခု ထိုင်းဘတ် သန်းနှစ်ရာငါးဆယ်လောက် ကုန်တာတောင် တစ်ဝက်သာသာပဲ ပြီးသေးဗျာ။ တခါတခါ ကျနော့် စိတ်ထဲမှာ ငွေကိုထားစရာမရှိတဲ့ မာဖီးယားတွေများ လာဆောက်ထားသလား လို့တောင် ထင်မိတဲ့အထိ"

အမှန်တော့ ဖူးခက်ကျွန်းကို အမည်သာကြားဖူးသူများက မြို့ငယ်လေးတစ်မြို့ဟု ထင်မှတ်ကြလင့်ကစား ခဝဲသီးပုံ ကျွန်းမကြီး၏ အကျယ်အဝန်းသည်ပင် စင်္ကာပူနိုင်ငံလောက်ရှိသည်။ ကျွန်းပတ်လည်တဝိုက်မှ လည်စရာပတ်စရာ ကျွန်းကြီးကျွန်းငယ်ပေါင်း နှစ်ဆယ်ကျော်သုံးဆယ်နီးပါးကို ထည့်သွင်းတိုင်းတာလျှင် စင်္ကာပူထက် နှစ်ဆကျော်ခန့် ရှိနိုင်လောက်သည်။

"ဟာ၊ ခင်ဗျားက ကျနော့်ထက် ဖူးခက်အကြောင်းပိုသိနေပါကလား။ လုပ်စမ်းပါအုံးဗျ၊ နိုင်ထောင်အကြောင်း ပြည့်ပြည့်စုံစုံလေး"

"ရော၊ ခင်ဗျားမလည်း တွေ့မယ်ကြုံကာရှိသေး၊ အမေးအမြန်းထူတာက အရင်ကိုး။ အခုတော့ ကျနော်လည်း အချိန်မရသေးဘူး။ကျနော့်ကလေးကျောင်းဆင်းပွဲ အတွက် စင်္ကာပူသွားဖို့ ပြင်ရဆင်ရအုံးမယ်၊ ကဲပါလေ မကြာခင် ဆုံကြသေးတာပေါ့ ကျနော် လာဖြစ်အောင်လာခဲ့ဖို့ ကတိပေးပါတယ်"

ကိုသက်ခိုင် ခပ်သုတ်သုတ်စကားဖြတ်နေသည်ကို သတိပြုမိသည်နှင့် . . .

"ခင်ဗျား သဘောတူရင် ကျနော်မကြာခင် မင်းဒင်ရဲ့သက်ခိုင်ကို ...



www.burmeseclassic.com

www.burmeseclassic.com

စာအုပ်ထုတ်မယ်ဗျာ။ အဆင်ပြေရင် ဖြစ်ပျက်ရာပုံတော်ခရီးသည်ကိုပါ ဆက်ထုတ်ချင်တယ်၊ အဲဒါ ခင်ဗျားနဲ့ ပြန်ဆုံမှ ဖြစ်မယ်"

(မှတ်ချက်။ ။ စာရေးသူသည် ဖြစ်ပျက်ရာပုံတော်ခရီးသည် ဟူသောအမည်ဖြင့် ဝတ္ထုလတ် တစ်ပုဒ်ကို လွန်ခဲ့သောလေးနှစ်ခန့်က အွန်လိုင်းစာမျက်နှာပေါ်တွင် ပွဲဦးထွက်လက်ရာအဖြစ် ရေးသားခဲ့ဖူးပါသည်။)

"အမလေး ၊တော်တော်လောဘကြီးတဲ့သူပါလား။ ကိုယ့်လူသဘောပါဗျာ။ ခင်ဗျားရှိစုမဲ့စုငွေယားလေး ပြောင်မသွားပါစေနဲ့လို့သာ ဆုတောင်းပါတယ်၊ဒီတော့ ခင်ဗျားထုတ်ချင်တဲ့စာအုပ်ကိုသာ အရင်ထုတ်ကြည့်ပါဦးလေ၊ အဆင်ပြေတော့လည်း ဆက်လုပ်ပေါ့၊ ဒါပေမဲ့ အခု ခင်ဗျားရေးထားတဲ့ ဖြစ်ပျက်ရာပုံတော်ကတော့ ဖူးလုံးနားမထွင်းမို့ ကျနော်တော့ သိပ်စိတ်တိုင်းမကျလှသေးဘူးဗျာ"

"အေးပေါ့ဗျ။ ဒီထက်ပိုပြီး ရှင်းရှင်းလင်းလင်း ပြည့်ပြည့်စုံစုံ ရေးနိုင်အောင် ခင်ဗျားကို ထပ်တွေ့ချင်တာပေါ့"

"ဟုတ်ပါပြီဗျာ၊ ခင်ဗျား ပထမစာအုပ်ရဲ့ အသံကို ကျနော်နားထောင်နေပါ့မယ်၊ အဆင်ပြေခဲ့ရင် ရှေ့ဆက် တိုးကြတာပေါ့"

. . . . . . . . . . . . . . . . . . . . . . . . .

ကျနော်ဖူးခက်သို့ပြန်ရောက်ပြီး သုံးလခန့်အကြာတွင် မင်းဒင်ရဲ့သက်ခိုင်ကို ပုံနှိပ်ထုတ်ဝေခဲ့ရာ အထိုက်အလျောက် အောင်မြင်ခဲ့ပါသည်။ ဤသည်ပင်လျှင် ကိုသက်ခိုင်နှင့်ကျနော်၊ ထိုင်းနိုင်ငံ ဖူးခက်ကျွန်းတွင် သံသရာတကွေ့ ပြန်ကာတွေ့ကြလျက် "ဖြစ်ပျက်ရာပုံတော် ခရီးသည်" ကို အစမှအဆုံးတိုင် ပြန်လည်ရေးသားရန် အကြောင်းဖန်လာသည်ဟု ဆိုနိုင်ပါသည်။

၎င်းကာလများအတွင်း ကိုသက်ခိုင်ကို ထပ်မံတွေ့ဆုံနိုင်ရန်အတွက် ကျနော့်ဖက်မှ အကြိမ်ပေါင်းများစွာ ဆက်သွယ်သော်လည်း ခရီးယာယီများလှသော ကိုသက်ခိုင်ကား စင်္ကာပူရောက်လိုက်၊ ဂျပန်ရောက်လိုက်၊ မလေးရှား ရောက်လိုက် ဖြစ်နေသည်သာ များပါသည်။ သူ ဖူးခက်သို့ ရောက်သည့်အခါ မပျက်မကွက်ဆက်သွယ်ပါမည်ဟူသော ကတိကိုသာ ပေးခဲ့ပါသည်။ ထိုကာလများအတွင်း အားလပ်သည့်အချိန်များ၌ ကျနော်ရေးခဲ့သော ဖြစ်ပျက်ရာပုံတော်ခရီးသည်ကို ပြန်လည်ဆော်ရှုမိသည့်အခါများတွင် ကိုသက်ခိုင် ထောက်ပြခဲ့ သကဲ့သို့ ဖူးလုံးနားမထွင်းဖြစ်ရာများကို တွေ့ရပါလေ၏။ အမှန်ကား ကျနော်၏ နုနယ်လှသော စာရေးသက်တမ်းကြောင့်ဖြစ်ဟန်ရှိလေသည်။ ထို့ကြောင့် ကိုသက်ခိုင်နှင့် ပြန်လည်ဆုံတွေ့သည့်အခါ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပျက်ရှာပုံတော်ကို ယခုထက် ပိုမိုပြည့်စုံစွာ ပြန်လည်ရေးသားနိုင်ရန် စိတ်အားထက်သန်လျက်ရှိစဉ် လွန်ခဲ့သော ခြောက်လခန့်က မမျှော်လင့်သည့် တခုသောနံနက်ခင်းတွင် အမ်မခန်အရပ်ရှိ ကျနော့်အိမ်ရှေ့သို့ TOYOTA VIGO PRERUNNER အနက်ရောင်ကားတစီးဖြင့် ကိုသက်ခိုင် ပေါက်ချလာပါသည်။ ကျနော်ကား ခြံအတွင်းရှိ အပင်တချို့ကို ပေါင်းသင် ရေလောင်းလုပ်နေချိန်ဖြစ်၍ သူ့ကို ဦးချာလှမ်းမြင်နေရသည်။ ကျနော်က ဝမ်းပန်းတသာ တအံ့တသြဖြင့် ...

"ဟော့လူ၊ ခင်ဗျား ကျနော့်အိမ်ကို ဘယ်လိုလုပ် ရှာတွေ့တုန်းဗျာ၊ ခုန်လေးဘာလေး ကြိုဆက်ရောပေါ့"

"အော် ... ခင်ဗျားဈေးဆိုင်ကို ဖူးခက်က ဗမာတိုင်းသိနေတာပဲ၊ ဝပ်ထွေ့ဘုန်းကြီးကျောင်းနားက ခင်ဗျားဆိုင် ဝင်မေးလိုက်ရင် ခင်ဗျား အိမ်လိပ်စာသိဖို့ အလွယ်ကလေးပဲ"

ကိုသက်ခိုင်၏ ရုပ်သွင်နှင့်ပြောဟန်ကား လွန်ခဲ့သော ခုနစ်နှစ်ကျော်ကာလခန့်က ကဲ့သို့ပင် ထူးထူးခြားခြား ပြောင်းလဲခြင်းမရှိသေးချေ။ ခြေသလုံးအလယ်လောက်အထိသာ ရှိသော ကွာတားဘောင်းဘီ၊ Adidas စပို့ရှပ်နှင့် လူလတ်ပိုင်း တစ်ယောက်ကဲ့သို့ ဖျတ်လတ်တက်ကြွ နေဆဲပင်။

"လာဗျာ၊ ပါတောင်ကမ်းခြေသွားကြရအောင်၊ ခင်ဗျားခါးက ပုဆိုးကိုချွတ်၊ ဘောင်းဘီဝတ်ပြီး လိုက်ခဲ့ပေတော့"

သူက အိမ်ထဲသို့ဝင်ရန်ပင် စိတ်ကူးရှိပုံမရပဲ ဖွတ်ခေါ်နေလေရာ ကျနော်လည်း ထွေထွေထူးထူးစဉ်းစားရန် အကြောင်းမရှိသည်နှင့် သူနှင့်အတူ ပါတောင်ကမ်းခြေဖက်သို့ လိုက်ပါလာခဲ့ပါသည်။ ကားပေါ်တွင် ကိုသက်ခိုင်ဘေး၌ထိုင်လျက် လိုက်ပါရင်း...

"နေပါဦးဗျ၊ ခင်ဗျားက ပါတောင်ဖက် ဘာသွားလုပ်မှာတုန်း"

"ပါတောင် OTOP က ဂေါ်ရခါးဆိုင်မှာ ရှမ်းခေါက်ဆွဲစား ရေကူးကြတာပေါ့ဗျာ၊ OTOP က ကိုင်လား ဆိုတဲ့ ဂေါ်ရခါးဆိုင်ကို သိတယ်မဟုတ်လား"

"သိပ်ါဗျာ၊ နေပါဦး ခင်ဗျားက ဗီဂိုးယာယီနံပါတ်အနီကြီးနဲ့ ထိုင်းမှာ တော်တော်ကြီးပွားနေပုံရတယ်"

"ထပ်သရီး၊ ဒီကားမျိုးက ဗမာပြည်မှာသာ သိန်းရှစ်ရာတစ်ထောင်ပေးရမှာ၊ ဒီမှာက ဗမာငွေ သိန်းသုံးဆယ် လောက်ရှိရင် စီးနိုင်နေတဲ့ဥစ္စာ၊ စွတ်အထင်ကြီးမနေနဲ့အံ့၊ ထုံးစံအတိုင်း လစဉ်သွင်း အကြွေးစံနစ်နဲ့ စီးနေတာ"

"ဟာ၊ အကြွေးစံနစ်နဲ့ဝယ်တာ တခြားလူမျိုးအတွက်တော့ လွယ်ချင်လွယ်လိမ့်မယ်၊ ဗမာတွေအတွက်တော့ သိပ်မလွယ်တာ ကိုယ်တွေ့ပါဗျာ"

"လုပ်ပါဦး၊ ဘယ်လိုကိုယ်တွေ့များပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com

"အော် .... ကားကို အကြွေးစံနစ်နဲ့ဝယ်မယ်ဆိုရင် ထိုင်းနိုင်ငံသားတစ်ယောက်က ထောက်ခံချက်ပေးမှ ရတာလေ၊ ကျနော်ကားဝယ်တုန်းကဗျာ၊ အာမခံမဲ့ထိုင်းနိုင်ငံသား ရှာလိုက်ရတာ သုံးလလောက် ကြာတယ်ထင်ပါရဲ့၊ အများစုက ဗမာဆို မယုံကြ၊ ယုံတဲ့ သူတွေကလဲ ဘဏ်စာရင်းမှာ ဘတ်တစ်ထောင်ပြည့်အောင်မရှိ၊ ရှိပြန်တော့လဲ အရင်အကြွေးဟောင်း မဆပ်နိုင်တာမို့ နာမည်ပျက်စာရင်းဝင်၊ တော်တော်စိတ်ညစ်စရာ ကောင်းတာကလား"

"အဲဒါ ခင်ဗျား ကြော(ကျော)မသိလို့ ၊အမှန်က ထိုင်းလူမျိုးအတော်များများဟာ တန်ပဲရှိတာ၊ အများစုဟာ ဘဏ်ကြွေးနဲ့ မကင်းကြဘူး၊တီဗီဝယ်အကြွေး၊ တယ်လီဖုန်းဝယ်အကြွေး၊ ဆိုင်ကယ် ဝယ်အကြွေး၊ ကားဝယ် အကြွေးနဲ့ အကြွေး သံသရာလည်နေကြတာဗျ၊ ခင်ဗျား ကားဝယ်ချင်လို့ ထိုင်းနိုင်ငံသားတစ်ယောက် ထောက်ခံချက်လိုရင် ထိုင်းရွှေ့နေတစ်ယောက်ရှာပြီး ထောက်ခံစားရိတ် တစ်သောင်းပေးမယ်လို့သာ ပြောလိုက်ပါဗျာ။ ထောက်ခံချက်ပေးချင်တဲ့သူတွေ ရိုက်သတ်လို့တောင် မကုန်တာ ခင်ဗျားတွေ့ပါလိမ့်မယ်"

စကားတပြောပြောနှင့် ခရီးနှင်လာကြစဉ် ဖူးခက်မြို့မနှင့် ပါတောင်ကမ်းခြေကို ပိုင်းခြားထားသော ခေါင်လုံ ဖော့စူအာ တောင်တန်းပေါ်မှ စံကျောက်စူရာအမည်ရှိ တောင်ပေါ်တရုတ် ဘုန်းကြီးကျောင်းရှေ့သို့ အရောက်တွင် ကိုသက်ခိုင်က အကြောင်း တစုံတရာမရှိပဲ ဟွန်းရှည်သုံးချက် ဆင့်နှိပ် လိုက်ပါသည်။

"ဟ ၊ ဘာတုန်းဗျ၊ ကားလည်းရှင်းနေရက်သားနဲ့"

"ရော၊ခင်ဗျားလဲ ဖူးခက်မှာနေတာ ကြာကြာလှပြီ၊ ဒီဓလေ့ထုံးစံကို မသိသေးပဲကိုး၊ ဒီတောင်ပေါ်က ဒီတရုတ်ဘုန်းကြီးကျောင်းရှေ့ကို ရောက်ရင် တားမှန်သမျှ ဟွန်းတီးပြီး အချက်ပေးမှ တောင်စောင့်နတ် တောစောင့်နတ်တွေက သဘောကျတယ်လို့ ဖူးခက်သားတွေက ယုံကြတယ်လေ"

"အော် ၊ ခင်ဗျားလည်း ဒီအယူအဆတွေကို လက်ခံတာပေပဲကိုး"

ဟု ကျနော်က ထောက်လိုက်ရာ ကိုသက်ခိုင်က ရီရီမောမောဖြင့်

"ဟား ၊ ကျနော်က တောင်စောင့်နတ်တောစောင့်နတ်တွေ သဘောကျမကျ သေချာမပြောနိုင်ပေမဲ့ ဒီတောင်ပေါ်ရောက်တဲ့အခါ အတက်အဆင်း ကားအချင်းချင်း သတိပြုမိအောင် တီးလိုက်တာဗျ၊ ဒီနေရာက အတက်အဆင်းမတ်လွန်းတော့ သတိလက်လွတ်မဖြစ်တော့ဘူးပေါ့၊ မကြာခင်တော့ ဒီတောင်ကြီးရဲ့ အောက်ခြေကနေ ဥမင်လိုဏ်ခေါင်းဖြတ်ဖောက်တော့မှာမို့ ဟွန်းတီးစရာမလိုတော့ဘူး ထင်ပါရဲ့"

"လုပ်ပြန်ပြီ၊ ပေါက်ပေါက်ရှာရှာ၊ အဲဒီသတင်းကို ခင်ဗျား ဘယ်ကနေ



www.burmeseclassic.com

www.burmeseclassic.com

ကြားလာပြန်သတုန်း"

"အော် ဖူးခက်ဂေဇက်မှာ သတင်းပါတယ်လေ၊ လုပ်ကြမှာပေါ့ဗျာ၊ ဖူးခက်ဟာ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းနဲ့ ဝင်ငွေ သောက်သောက်လဲ ရနေတဲ့မြို့ပဲ၊ ဖူးခက်ကို နှစ်စဉ်လာပြီးလည်ပတ်တဲ့ *ခရီးသွားဦးရေဟာ* သန်းချီရှိတယ်လို့ဆိုတယ်ဗျာ၊ ကျနော်တို့နိုင်ငံမှာလဲ ခရီးသွားလုပ်ငန်းဟာ မီးခိုးမထွက်တဲ့ စက်ရုံဆိုပြီး ၁၉၉၆–ခုနှစ်တုန်းက မြန်မာ့ခရီးသွားနှစ်တွေ ဘာတွေညာတွေ လုပ်ခဲ့ဖူးတာခင်ဗျားလဲ ကြားဖူးနေမှာပါ၊ ဒါပေမဲ့ အခုအချိန်အထိ ထွေထွေထူးထူးတိုးတက်တယ်လို့တော့ ဘာမှမကြားမိသေးပါဘူး၊ အမှန်က ဖူးခက်ဟာ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်ဝန်းကျင်က ရာဘာလုပ်ငန်းနဲ့ ရေလုပ်ငန်းလောက်သာ ရှိခဲ့တဲ့မြို့ပဲ၊ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းလေးငါးခြောက်ဆယ်ကတော့ TIN-OREလို့ ခေါ်တဲ့ သံရိုင်းတစ်မျိုး တူးဖော်တဲ့လုပ်ငန်းကို လုပ်ခဲ့ကြတယ်ဆိုတယ်ဗျ၊ ဖူးခက်တစ်ကျွန်းလုံးကို TIN-OREရှာရင်း မြေလှန်ပစ်လိုက်ကြတာ အခုတော့ TIN-ORE ဆိုတာ ဖူးခက်မှာ မှုးလို့တောင် ရှာစရာမရှိတော့ဘူး ထင်ပါရဲ့၊ ဘယ်ကနေ သိသလဲ ထပ်မေးမနေနဲ့အုံး၊ ဖူးခက်မြို့မဈေးကြီးနားမှာရှိတဲ့ သာဗွန်းဟိုတယ်ရဲ့ အောက်ထပ်မှာ ဖူးခက်ပြတိုက်ဆိုတာ ရှိလေရဲ့၊ ကျနော် ဝင်ကြည့်တုန်းကတော့ ဝင်ကြေး ဘတ်၅၀ ပေးရတယ်၊ ဖူးခက်ရဲ့ သမိုင်းကြောင်းဓာတ်ပုံတွေ၊ ဖူးခက်မြို့မှာ လွန်ခဲ့တဲ့ နှစ်ပေါင်းခြောက်ဆယ်လောက်က အသုံးပြုခဲ့တဲ့ စက်ပစ္စည်းဟောင်း တော်တော်များများကိုလည်း ပြထားလေရဲ့၊ ဒီပြတိုက်ကိုလည်း လူသိမများလှဘူး၊ ကျနော်ဝင်ကြည့်တုန်းက ကျနော် အပါအဝင် နိုင်ငံခြားသားသုံးယောက်လောက်ပဲ ဝင်ကြည့်တာ တွေ့ခဲ့လေရဲ့"

"စပ်စုတဲ့နေရာမှာတော့ ခင်ဗျားက စံနမူနာပါပဲဗျာ"

"ဟာ ၊ စပ်စုတာမဟုတ်ဘူးလေ၊ ကျနော်တို့တိုင်းပြည်မှာလဲ ရှိရှိသမျှ သံယံဇာတတွေ ထုတ်ရောင်းနေတာ ခင်ဗျားလဲ ကြားနေတာပဲ၊ ဒါတွေကုန်ရင် တိုင်းပြည်ဘယ်လိုလုပ် ထူထောင်မယ်ဆိုတာ မစဉ်းစားသင့် ဘူးလားဗျာ၊ နေဦးဗျ၊ အခုကျနော်တို့သွားမဲ့ OTOP ဆိုတဲ့ ဈေးအကြောင်းကို ခင်ဗျားသိလား၊ အမှန်က အဲဒီစီမံကိန်းဟာ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှီနာဝပ်လက်ထက်က အကောင်အထည်ဖော်ခဲ့တဲ့ စီမံကိန်းဆိုပဲ၊ ONE TAMBOM ONE PRODUCT (OTOP) ကျေးရွာအုပ်စုတစ်ခုကို ထုတ်ကုန်တစ်ခု ထုတ်လုပ်ဖို့ အားပေးတဲ့စီမံကိန်းတဲ့ဗျ၊ ဥပမာ သရက်သီး လှိုင်လှိုင်ထွက်တဲ့ရွာဆို သရက်သီးယို လုပ်မလား၊ သရက်ပြား ခြောက်လုပ်မလား၊ လိုအပ်တဲ့ စက်ကိရိယာနဲ့ ဈေးငွေကို အစိုးရကဈေးငွေသဘောမျိုးထုတ်ပေးပြီး ထောက်ပံ့သတဲ့ဗျာ။ အဲဒီထွက်ကုန်တွေကိုလည်း ဝမ်းစတား(ကြယ်တစ်ပွင့်)၊ တူးစတား



www.burmeseclassic.com

www.burmeseclassic.com

(ကြယ်နှစ်ပွင့်)၊ သရီးစတား၊ ဖိုးစတား၊ ဖိုက်စတား စသည်ဖြင့် အဆင့်အမျိုးမျိုး သတ်မှတ်ခွဲခြားပေးတယ်။ ဖိုးစတား၊ ဖိုက်စတားအဆင့်ဝင်တဲ့ ထုတ်ကုန်ကို ပြည်ပ ပို့ကုန်အဖြစ် သတ်မှတ်ပေးပြီး ပြည်ပမှာ ဈေးကွက်ရှာပေးတယ်ဆိုပဲ၊ ပြည်ပပို့ကုန် အဖြစ် အဆင့်မမီသေးတဲ့ ထုတ်ကုန်တွေကိုလည်း နိုင်ငံအနှံ့မှာ OTOP ဆိုတဲ့ဈေးတွေ တည်ဆောက်ပြီး ဖြန့်ဖြူး စေသတဲ့ဗျာ"

ရဲဘက်စခန်းတွင် အတူနေခဲ့ကြစဉ်က သူနှင့်ဆုံလေတိုင်း တရားဓမ္မအကြောင်း၊ မြစ်ပျက်အကြောင်းတွေချည်း ကိုသာ အပ်ကြောင်းထပ်တတ်လေသော ကိုသက်ခိုင်သည် ယခုတော့မူ တိုင်းရေးပြည်ရေး စီးပွားရေး အကြောင်းများကိုသာ ဖောင်းပေးလျက် စကား ဖောင်ဖွဲ့နေပြန်ပါသည်။

တောင်ပေါ်မှ ပါတောင်ကမ်းခြေဖက်သို့အဝင် တစ်ခုသော ကုန်းမြင့်ပေါ်သို့ ကျနော်တို့ရောက်သည့်အခါ ကမ္ဘာကြီး လုံးဝန်းသည့် သဘောကြောင့်ပေလော၊ နီးဝေး ချက်မြင် သဘောကြောင့်ပေလော မဆိုနိုင်၊ တောင်တန်းများ၏အပေါ်သို့ ရောက်လျက် ရှိသော ပင်လယ်ရေပြင်ကျယ်ကြီးကို လှမ်းမြင်ရပါလေ၏။ အဆောက်အဦး အမြင့်အနိမ့်မျိုးစုံဖြင့် တမျှော်တခေါ် ရှုမဆုံးလေသော ပါတောင်ကမ်းခြေကား မြို့ငယ်တစ်ခု နှင့် တူလေစွ။

မကြာမီ ကျနော်တို့ OTOP ဈေးအတွင်းမှ ကိုင်လား၏ဆိုင်သို့ ရောက်သည့် အခါတွင်လည်း ကိုင်လားသည် ကိုသက်ခိုင်ကို ယခင်ကပင် ရင်းနှီးနေဟန်ရှိသော သေသံဖြင့် ...

"ဟာ၊ ဆရာ၊ ဆရာတို့ဘယ်လိုတွေ့လာကြတုန်း။ ထိုင်ပါဆရာ၊ ဆရာဂျွန်ကို တွေ့တာကြာပြီ"

ကိုင်လားက ဆရာဂျွန်ဟူသော အမည်ဖြင့် နှုတ်ဆက်လိုက်သောကြောင့် ကျနော်တို့ နောက်ဖက်တွင် တစ်စုံတစ်ဦး ရှိနေလေရော့သလား ဟူသောအတွေးဖြင့် နောက်သို့ လှည့်ကြည့်မိရာ ကိုသက်ခိုင်က ခပ်ပြုံးပြုံး အမူအရာဖြင့် ...

"ဟော့လူ လျှောက်ရှာမနေနဲ့၊ ဂျွန်ဆိုတာ ကျနော့်နာမည်ကို ခေါ်နေတာ၊ မြစ်ရဲ့ပုံများဗျာ၊ ကျနော် ဖူးခက် ရောက်စတုန်းက ကုမ္ပဏီထောင်ဖို့ ထိုင်းရှေ့နေရုံးကို သွားတွက်နေတုန်း ကျနော့်မိတ်ဆွေ ထိုင်းရှေ့နေ မစ္စတာဒင်းန် ဆိုတဲ့မောင်က ကျနော့်မှာ (NICK NAME)နာမည်တို ရှိလားဆိုပြီး မေးတော့ ကျနော်လည်း ပါးစပ်ထဲတွေ့တဲ့နာမည် ဂျွန် ဆိုပြီး ပြန်ဖြေမိရာက ဖူးခက်မှာရှိတဲ့ ထိုင်းမိတ်ဆွေ တော်တော်များများက ကျနော့်ကို ဂျွန် ဂျွန် လို့ခေါ်ကြရောဆိုပါတော့ဗျာ၊သူတို့နဲ့ ဒီဆိုင်ကိုလာဖူးတော့ သူတို့လည်း ကျနော့်နာမည်ကို ဂျွန်လို့ ခေါ်ကုန်ကြတာပါပဲ၊ ဘယ့်နှယ် ပေါက်ပေါက်ရှာရှာ



www.burmeseclassic.com

www.burmeseclassic.com

အညာသားမှာ ဘယ်လိုလုပ် နစ်နိမ်း ရှိမတုန်းဗျာ"

ကျနော်ကား ... ဖြစ်မှဖြစ်ရလေ မစ္စတာဂျွန်သက်ခိုင်ရယ်ဟုသာ စိတ်ထဲမှ ကျိတ်ပြီး လိုက်ရပါတော့သည်။

ကိုင်လားဆိုင်မှ ရှမ်းခေါက်ဆွဲနှင့်တို့ဟူးကြော်လွေးပြီးသည်နှင့် ပါတောင်ကမ်းခြေဖက်သို့ ခရီးဆက်ကြသည်။ ခရီးသွားရာသီမဟုတ်၍ ကမ်းခြေမှာ လူမစည်ကားလှ။ ရေတက်ချိန်ဖြစ်၍ ပင်လယ်ရေသည် ရောင်စုံထီးများနှင့် ပက်လက်ထိုင်ခုံများအနီးသို့ရောက်နေသည်။ ထုံးစံအတိုင်း ရောင်စုံထီးနှင့် ခုံတစ်စုံငှားလိုက်ပြီးချိန် ကိုသက်ခိုင်သည် ရေထဲဆင်းရန် ဘောင်းဘီတိုနှင့် အသင့်ဖြစ်ချိန်တွင် ကျနော်က ကိုသက်ခိုင် ရေကူးဟန်ကို ကြည့်ချင်သည်နှင့်-

"ကဲ ကိုသက်ခိုင် ခင်ဗျား အရင်ဆင်းနှင့်ဗျာ၊ ကျနော် ခင်ဗျားပစ္စည်းပုံကို စောင့်ရင်း ပေါင်တံရှည်လေးတွေကို ငေးလိုက်အုံးမယ်"

ကိုသက်ခိုင်ကား ကျနော့်ကို စကားမပြန်တော့ပဲ ပင်လယ်ထဲသို့ တလှမ်းချင်း ဆင်းသွားလေတော့ရာ ကျနော်တကိုယ်တည်း ရောင်စုံထီးအောက်က ကုလားထိုင်မှာ ပက်လက်လှန်ရင်း ကမ်းခြေက လူရောင်စုံ၊ မြင်ကွင်းရောင်စုံကို ကြည့်ရင်း အပန်းဖြေရတော့သည်။ ပါတောင်ကမ်းခြေကား ကမ်းခြေချည်းသက်သက် တစ်မိုင်ကျော်ရှိနိုင်သည်။ ကျယ်ပြန့်သောသောင်ပြင်၊ ကြည်လင်သော ရေပြင်၊ သဲနုနှင့် နေရောင်ကြောင့် ဥရောပခရီးသွားများ နှစ်ခြိုက်ကြလေဟန်တကား၊ ဟိုးအဝေးကြီးမှာ ရေပြင်နှင့် မိုးကောင်းကင်တို့ ထိစပ်လျက်ရှိသည်။ စပီဘုတ်၊ ကောင်းကင်လေထီး၊ စက်ကူတာတွေ ရေပြင် ဝေဟင်မှာ လှုပ်ရှားနေကြသည်။ ခရီးသွားရာသီမဟုတ်သည့်တိုင် နိုင်ငံတကာ ခရီးသွားများကား နည်းသည်ဟု မဆိုနိုင်ချေ။ ဥရောပ၊ လက်တင်အမေရိကစသောနိုင်ငံမျိုးစုံမှ ဧည့်သည်များကား အများစုဖြစ်၏။ အသားညိုအုပ်စုတွင်ပါသော ဘရာဇီး၊ ဗင်နီဇွဲလားနိုင်ငံများမှ ဖြစ်ဟန်ရှိသည့် ပျိုဖြူများကား ကိုယ်ခန္ဓာအချိုးအဆစ် ပြေပြစ်လှသည်။ အချို့ကား ရင်စီးဗလာ။ ရင်စီးဗလာဆို၍ ဖူးခက်ရောက်စက ရီစရာ ကျနော့်အဖြစ်ကို တွေးမိသည်။ ပါတောင်ကမ်းခြေသို့ ဒုတိယအကြိမ် ရောက်ချိန်ကဖြစ်၏။ ကမ်းခြေမှာ တောင်လျှောက် မြောက်လျှောက် လုပ်နေရင်း အချို့နိုင်ငံခြားသူများ ဗလာစီယာနတ္ထိ ၊အဝတ်ဆို၍ ခါးတွင် ကပ်သည်ဆိုရုံ နံငယ်ပိုင်းမျှ လောက်ပင်မရှိသည့် ပိတ်စငယ်နှင့် ကိုယ်ထီးတည်းနီးပါး မြင်ရသည့်အခါ ကျနော့် စိတ်မှာ တအံ့တဩနှင့် ဟုတ်မဟုတ်ပါလေစ၊ တစုံတခုများ မှားယွင်းနေလေရော့သလား တွေးမိကာ မဲဆောက်မြို့နေ ကျနော့် မိတ်ဆွေ ကိုဝမ်းထွဋ်ကို ကမ်းခြေမှချက်ချင်း ဖုန်းဆက်လျက် အဆိုပါ ထူးဆန်းသော အကြောင်းခြင်းရာကို

www.burmeseclassic.com

www.burmeseclassic.com

ပြောမိပါလေသည်။

ကိုဝမ်းထွင့်က အတည်ပေါက်လိုလို နောက်သလိုလို နှင့် ...

"အဲဒါ ဆရာဒင် မျက်စိမှုန်နေလို့ဗျ၊ အမှန်က အသားကပ်ဗလာစီယာ တတ်ထားကြတာဖြစ်မယ်" ဟု မအူမလည်ဖြစ်နေသော ကျနော့်ကို ကြပ်ပြန်လေရာ ကျနော့်မှာ သေချာသည်ထက်သေချာစေရန် အဆိုပါ ပျိုဖြူများအနီးသို့ မယောင်မလည် ချဉ်းကပ်လျက် စူးစမ်းရပြန်သည်။ သစ်သီးတစ်လုံး၏ ထိပ်ဆံကဲ့သို့သောအရာကို မြင်ရလျက် ဘာအသားကပ်မှ မပါကြောင်း သေချာသည့်အခါမှ သူနောက်ပြောင်သည်ကို သတိထားမိလာပါသည်။ စင်စစ်အဆိုပါ ပျိုဖြူတို့သည် ပင်လယ်ကမ်းခြေများတွင် နေပူစာလှုံလျက် မူလက ဖြူဆွတ်နေသော အသားအရေကို အတန်ငယ် ညိုရင့်လာစေရန် သုံးပန်းကြရာ၌ ရင်စီးကပ်ထားသောနေရာမှာ အဖြူကွက်နှစ်ကွက်တည်း ကျန်နေလေသောကြောင့် တစ်ကိုယ်လုံးတပြေးညီ အရောင်ပြောင်းစေရန် ဤနေရာမျိုးတွင် အနီးအတိုင်း ပြမူကြခြင်းဟု သိနားလည်သူများက ဆိုကြလေသတည်း။

ကမ်းခြေက ပက်လက်ခုံ ရှည်ပေါ်တွင်လှဲလျောင်းရင်း တောင်မြောက်ဝဲယာကို ငေးနေမိသောကျနော်သည် ရေထဲဆင်းနေသည့် ကိုသက်ခိုင်ဆီသို့ အာရုံပြန်ရောက် သွားချိန်၌ စိတ်ထဲတွင် ထိတ်ကနဲဖြစ်သွားလေသည်။ ကိုသက်ခိုင်ကို ကမ်းစပ်တွင် တွေ့ရချေ။ သူရေမကူးတတ်ကြောင်း ကောင်းကောင်းကြီး သိနေသဖြင့် စိုးရိမ်စိတ်ဖြင့် သေချာရှာသည့်အခါ ကမ်းစပ်မှ ခပ်လှမ်းလှမ်းအကွာ ရေကူးနိုင်သည့်နေရာ သတ်မှတ် ပေးထားသည့် ရောင်စုံဖိုင်ဘာဘောတန်းများအနီး လူတရပ်ကျော်နက်သည့် နေရာတွင် ကျွမ်းကျင်သော ရေကူးသမားတစ်ယောက်သဖွယ် ကိုယ်ကိုဖော့လိုက် ရေကူးလိုက် လုပ်နေသော ကိုသက်ခိုင်ကို တွေ့ရပါလေ၏။ ကျနော့်စိတ်ထဲတွင် အတော် ထူးဆန်းနေလေသည်။

နောက်ထပ်ဆယ့်ငါးမိနစ်ခန့်အကြာ ကိုသက်ခိုင်ရေထဲမှ ပြန်တက်လာချိန်တွင် ကျနော်က သိချင်ဇောဖြင့်–

"ဟေ့လူ ခင်ဗျား ဘယ်တုန်းက ရေကူးသင်လိုက်သတုန်းဗျာ။ အခုကျတော့လဲ ဘယ်ဟုတ်နေပါလား"

"အေးဗျာ၊ ပြောရရင်တော့ ခပ်ဆန်းဆန်းပဲ၊ ကျနော်အခု ရေကူးတတ်နေပြီ၊ ဘယ်မှာမှ ရေကူးမသင် ခဲ့ပါဘူး၊ဟိုတုန်းက ရေထဲဆင်းရင် ရေထဲမျက်နှာအပ်ပြီး ခြေကန်လက်ကန်လုပ်ရင်း လေးငါးဆယ် ပေလောက်ရွေ့ဖူးပါရဲ့၊အခုတော့ ပေးလုံးလေးငါးပြန် ကျနော်ကောင်းကောင်းကူးတတ်နေပြီ၊ နောက် ရေထဲမှာ ဆယ့်ငါးမိနစ်လောက် ကောင်းကောင်း ကိုယ်ဖော့နိုင်နေတယ်၊ကျနော် သေချာပြန်



www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားကြည့်တော့ ဒါဟာ ကျနော်လေ့ကျင့်နေတဲ့ အာနာပါနနဲ့များ ဆိုင်နေရော့ သလား မဆိုနိုင်ဘူး"

"အော်..၊ ခင်ဗျားက အာနာပါန လုပ်နေတုန်းပဲလား၊ အဲဒါနဲ့ရေကူးတတ်တာ ဘာဆိုင်သတုန်းဗျာ"

"ဆိုင်ပါသော်ကောဗျာ၊ ဗီယက်နမ်က သီလရှင်ကြီးတစ်ပါးဟာ အမြဲလိုလို အာနာပါန ရှုမှတ်နေရာကနေ ဆယ့်လေးနှစ်အကြာမှာ ရေပေါ်ကိုပေါ်နေနိုင်တယ် ဆိုတဲ့အကြောင်း ကျနော်ပြောဖူးတာခင်ဗျား မေ့နေပြီ ထင်တယ်၊ အဲသလိုရေပေါ်ကို ပေါ်နေနိုင်တာကို မယ်သီလရှင်ကြီးက မသိဘူးတဲ့ဗျ၊ တစ်နေ့ သူရေထဲကို လိမ့်ကျသွားရာက မြုပ်မသွားဘဲ ထူးထူးဆန်းဆန်းရေပေါ်မှာ ပေါ်နေတာကို သတိပြုမိ သွားတာတဲ့ဗျာ၊ အခု ကျနော်က အဲဒီမယ်သီလရှင်လို ရေပေါ်မှာ လုံးလုံးမပေါ်ပေမဲ့ ရေထဲနစ် မသွားအောင် သိပ်ပင်ပင်ပန်းပန်း အားထုတ်စရာမလိုပဲ လက်နဲ့အသာယက် နေရုံနဲ့ပေါ်နေတာကို သတိပြုတာ နှစ်လလောက်ရှိပြီဗျ၊ ခင်ဗျားကတော့ အထူးအဆန်း ကြီး ထင်နေပေလိမ့်မယ်၊ အမှန်က သိပ်မထူးဆန်းဘူးဗျ၊ ဒါဟာ အသက်ရှူခြင်း ရဲ့လျှို့ဝှက်ချက်တစ်ခုပဲ၊ ရေမကူးတတ်တဲ့သူ တော်တော်များများဟာ ကြောက်တဲ့စိတ်နဲ့ အသက်ရှူမှားနေရာကနေ ကိုယ့်ဘာသာ ရေထဲနစ်သလို ဖြစ်နေတဲ့ သဘောပါပဲ၊ အသက်ကို စံနစ်တကျ ရှူတတ်တဲ့အခါ ရေကူးတတ်သလို ဖြစ်လာတယ် ထင်ပါရဲ့။ ဘာလိုလိုနဲ့ ကျနော်အသက်ရှူလေ့ကျင့်ခန်း လုပ်နေခဲ့တာ ရှစ်နှစ်နီးပါး ရှိခဲ့ပြီပဲ"

"ဟာ ခင်ဗျားက အာနာပါနကို နေ့တိုင်းလုပ်နိုင်သလား၊ ရှစ်နှစ်လုံးလုံး တရက်မှ မပျက်ဘူးလားဗျာ"

"နေဦးဗျ၊ တရက်မှ မပျက်ဘူးလို့တော့ တထစ်ချ မပြောချင်ဘူး၊ ကျနော် နေ့တိုင်းနီးပါး တရားထိုင်တယ်၊ ပျက်တဲ့ရက်အင်မတန်နည်းပါတယ်၊ ကားပေါ်မှာ လေယာဉ်ပေါ်မှာတောင် ရှုမှတ်နေလေ့ရှိတယ်၊ ကျနော့်စိတ်ထင် ရှစ်နှစ်အတွင်းမှာ တရားမထိုင်ဖြစ်တဲ့အချိန်ဟာ ရက်ပေါင်းခြောက်ဆယ်လောက်ပဲ ရှိမယ်၊ ဒါတောင် တရားမထိုင်ဖြစ်ပေမဲ့ အချိန်ရရင် ရသလို အာနာပါနမှတ်နေတာကြောင့် ပျက်ရက်မရှိဘူး ပြောရင်လဲ ရနိုင်တယ်"

"ဒါဆို အတော်ပဲ၊ ခင်ဗျားရဲ့ ဖြစ်ပျက်ရှာပုံတော်က ဇာတ်လမ်းမဆုံးသေးပဲကိုး၊ ကျနော့်စိတ်မှာ ခင်ဗျား စီးပွားရေးတွေတိုင်းရေးပြည်ရေးတွေ လျှောက်ပြောနေတော့ အဲဒီအလုပ်ကို မလုပ်ဖြစ်တော့ဘူး ထင်နေတာ၊ နေရာကျလိုက်လေဗျာ၊ဘာတွေများ ထူးထူးဆန်းဆန်းတွေ ကြုံခဲ့တုန်းဗျ၊ ဇာတ်လမ်းဆက်ပါအုံး"



www.burmeseclassic.com

www.burmeseclassic.com

"အင်း … လူတွေကလဲ ခက်ပါ့ဗျာ၊ တရားဆိုတာနဲ့ ဟယ်ရီပေါ်တာဇာတ်လမ်းလို ထူးဆန်းတာကိုပဲ စိတ်ရောက်ကြတာကိုး၊ ထူးဆန်းတာတွေလည်း အများကြီး ရှိပါရဲ့၊ ကျနော့်ရဲ့ဖြစ်ပျက်ရှာပုံတော်ကို ရှေ့ဆက်ပြောဖြစ်ခဲ့ရင် ထူးထူးဆန်းဆန်း အကြောင်းအရာတွေအပြင် ကျမ်းဂန်အကိုးအကားတွေနဲ့ ပြည့်ပြည့်စုံစုံ ပြောပြချင်ပါရဲ့၊ခင်ဗျား ကျနော့်ရဲ့ ဖြစ်ပျက်ရှာပုံတော်ကို ဇာတ်လမ်းဆက်ချင်ရင်တော့ ကျနော်နဲ့ အပေးအယူတခုလုပ်မှ ဖြစ်မယ်"

"ကဲ ဆိုပါအုံး၊ဘယ်လို အပေးအယူမျိုးပါလိမ့်"

"ဒီလိုလုပ်ဗျာ၊ တကယ်တော့ ဘာသာတရားတခုရဲ့ တကယ့်အနှစ်သာရဟာ ကျောင်းကျင်မှာ နေ့စဉ် ပြုမူလုပ်ရှားနေကြတာနဲ့ အတော် အလှမ်းဝေးပါတယ်၊ အခုလို ခင်ဗျားမှာ ဖိမ်ခံပြီး မျက်စိ အစာကျွေး နေလို့တော့ မဖြစ်နိုင်ဘူးဗျ။ ဒီအကြောင်းရေးမယ် ပြောမယ်ဆိုရင် ပထမဆုံး သီလဝိသုဒ္ဓိ (အကျင့်သီလစင်ကြယ်မှု) ရှိမှ ဖြစ်မယ်၊ ဒီတော့ ခင်ဗျားကို ကျနော့်လေ့ကျင့်ခန်း အတွေ့အကြုံ ပြည့်ပြည့်စုံစုံ ပြောပြနိုင်အောင် ကျနော်ကိုယ်တိုင် ခါတိုင်းထက် ပြင်းပြင်းထန်ထန် လေ့ကျင့်ချိန် ပေးမှဖြစ်မယ်၊ အထိရက် လောက်ဆို လုံလောက်ပါပြီ၊ ဒီကြားထဲမှာ ခင်ဗျားရေးထားတဲ့ ဖြစ်ပျက်ရှာပုံတော်ခရီးသည်ကို ပြင်ရေးထား ပေတော့ဗျာ၊ ကျနော့်ဖက်ကလဲ အထိလပ်တဲ့အခါ လိုအပ်မယ် ထင်တာလေးတွေ ဝေဖန်ဖြည့်စွက်ပါ့မယ်"

ဤသို့လျှင် လွန်ခဲ့သောလေးနှစ်ခန့်က ကျနော်ရေးသားခဲ့သော "ဖြစ်ပျက်ရှာပုံတော်ခရီးသည်" ဝတ္ထုလတ်အား ပိုမိုပြည့်စုံသော ဝတ္ထုရှည်ကြီး တစ်ပုဒ်အဖြစ် ပြန်လည်ဖန်တီးခွင့် ရခဲ့လေရာ အဆိုပါ ဝတ္ထုရှည်ကြီးတွင် မူလဇာတ်လမ်းအကျဉ်းအပေါ် ကိုသက်ခိုင်၏ ဝေဖန်ဖြည့်စွက်ချက်၊ ကျနော်၏ ပြင်ဆင်ဖြည့်စွက်ချက်တို့ ပါဝင်ပြီး ဇာတ်လမ်း အစအဆုံး၊ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်လေသည်။

❋ ❋ ❋ ❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

# ၂။ ဖြစ်ပျက်ဆိုသောအရာ

ကျနော်သည် မိရိုးဖလာ ဗုဒ္ဓဘာသာဝင် တစ်ယောက်ဖြစ်၏။ ပို၍ ရှင်းအောင်ဆိုရလျှင် ကျနော့်မိဘများသည် ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင် ကိုးကွယ်သောကြောင့် ကျနော်သည်လည်း ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်လာခြင်းပင်။ လူမှန်းသိတတ်စအရွယ်ကပင် ဘုရားပုထိုး ဘုန်းကြီး ရဟန်းတို့ကို မြင်လျှင် အမိ အဖက "ဦးတော်ထုပ်လိုက်"ဆိုသဖြင့် လုပ်ခဲ့သည်။ နောင်တဖြည်းဖြည်း အရွယ်ရောက်လာသည့်အခါ ကြာသ ဘုရားရှစ်ခိုး"နှင့် ခရီးဆက်ခဲ့သည်။ အလှူအတန်း၊ အခါကြီး ရက်ကြီးများတွင် သီလပေးသည့်အခါများ၌ "အာမဘန္တေပါဘုရား" "တင်ပါ့ဘုရား" တို့ဖြင့်သာ ဆဉ်ပါးနေခဲ့သည်။ စာတတ်ပေတတ်၊ ကျမ်းတတ်သည်ဟု ကျော်ကြားသော ဆရာတော်များကို ဆည်းကပ် ကိုးကွယ်ကာ၊ ဥပုသ်သီလ ဆောက်တည်ခြင်း၊ အလှူဒါနပြုခြင်းတို့ကိုလည်း စောင့်လေမျိုးနွယ်ဟူသော အဆုံးအမနှင့်အညီ ပြုခဲ့သည်လည်းရှိပါ၏။

ထို့ပြင်တဝ ဗုဒ္ဓဘာသာအများအပြား ဖတ်လေ့ရှိသော စာအုပ်ကျမ်းဂန်အတော်များများကိုလည်း ဖတ်ရှုလေ့လာခဲ့ဖူးပါသည်။ အရိုးသားဆုံးဝန်ခံရလျှင် နာကြားခဲ့ဖူးသည့်တရားများ၊ ဖတ်ရှုခဲ့ဖူးသည့် ဘာသာရေးစာအုပ်စာပေများတွင် ကျနော်နားမရှင်းဆုံးအရာကား "ဖြစ်ပျက်" ဟူသောစကားလုံး ဖြစ်၏။

အဆိုပါဖြစ်ပျက်ဟူသော စကားလုံးသည် လူတိုင်းနီးပါး ပြောနေကျစကားဖြစ်၏။ ဗုဒ္ဓဘာသာဝင်တိုင်း လိုလို နားယဉ်နေသော စကားလုံးဖြစ်၏။ ကျနော်သည်လည်း အများယောင်သကဲ့သို့ "ဖြစ်ပျက်ပေါ့ကွာ" "ဖြစ်ပြီးရင် ပျက်တာပါပဲ" ဟူ၍ အကြိမ်ပေါင်းများစွာ ယောင်ဝါးဝါး ပြောဆိုခဲ့ဖူးပါသည်။ အမှန်ကို ဝန်ခံရလျှင် ထိုစကားကို ကျနော်ဘယ်သောအခါကမျှ နားမရှင်းခဲ့။ တိကျပြည့်စုံသော အနက်အဓိပ္ပါယ်ကို မသိခဲ့ချေ။ နီးစပ်ရာ ပုဂ္ဂိုလ်အချို့ကို ဂဃနဏ မေးသည့်အခါများတွင်လည်း ထိုသူတို့က "ဥပါဒ်၊ဋ္ဌီ၊ဘင်" ဟူသည် "ဖြစ်ပျက်ပေါ့" ဟူ၍လည်းကောင်း ၊ဖြစ်ပျက်ဟူသည် "အနိစ္စ၊ ဒုက္ခ၊အနတ္တ" ဟူ၍လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com

အမျိုးမျိုးဖြစ်ကြားကြလေရာ ယင်းအဖြေမျိုးကား ကျနော်လိုချင်သောအဖြေ မဟုတ်ပြန်ချေ။ ထိုသို့လျှင် ဖြစ်ပျက်ဟူသောစကားလုံးပေါ် ကျနော်ရှာလည် နေခဲ့သည်။

ကြောသေးခါမျိုးရှိနိုက ဖိုးနီအမည်ရှိ ညီငယ်အရွယ် လူငယ်တစ်ယောက်က "အာစရိယာ ကျနော်ကတော့ စိတ်ညစ်စရာရှိလာရင် ဖြစ်ပျက် ဖြစ်ပျက် ဆိုမှတ်လိုက်တာပါပဲ"ဟု ဆိုလာဖူးလေ၏။ ကျနော်လည်း "သည်တခါ နေရာကျပြီ" ဟူသောအတွေးဖြင့် "မင်းပြောတဲ့ ဖြစ်ပျက်ဆိုတာ ငါ့ကို သေချာ ရှင်းပြစမ်းပါ" ဟု ဖျောက်ခြောက်မေးမြန်းသည့်အခါ သူ့အဖြေကား "အာစရိယာ၊ နှသီးဖျားက လေကို ဝင်လေ ထွက်လေ ဆိုပြီး မှတ်နေတာဟာ ဖြစ်ပျက်ပဲပေါ့" ဟူ၏။ ကျနော်စကား ဆောက်နိုင်တော့။ အချို့ စကားဝိုင်းများတွင် ဖြစ်ပျက်အကြောင်း တစွန်းတစကြားမိသဖြင့် နားစွင့်မိသည့်အခါ "မွေးလာတာ ဖြစ်တာပေါ့၊ သေသွားတာ ပျက်တာပေါ့" ဟု ဆိုကြပြန်လေသည်။ ရှင်းလေမှ ပိုရှုပ်ပြန်တော့သည်။ မွေးခြင်းနှင့်သေခြင်းသည် ဖြစ်ပျက်ခြင်းဟူသော သဘောမျှကိုကား သူတို့ပြောမှမဟုတ်၊ လူတိုင်းအသိ။ ကျနော့်စိတ်တွင်ကား သည်လောက်နားလည်ရခက်တဲ့ ဖြစ်ပျက် ၊မသိ သိအောင်လုပ်လေမှ ဟု တေးမှတ်ထားရပြန်ပါသည်။

ဤသို့လျှင် ဖြစ်ပျက်ရှာပုံတော်ဖွင့်နေစဉ်၌ ဖတ်မိသောစာတစ်အုပ်တွင် "အကြင်သူသည် ရုပ်နာမ်တို့၏ ဖြစ်ပုံ ပျက်ပုံကို အိပ်မက်တွင်မျှ မမြင်ရဖူးဘဲ ၊ အနှစ်တစ်ရာပတ်လုံး အသက်ရှည်၏။ ထိုသူ၏ အသက်ရှည်မှုထက် ဥဒယဗ္ဗယကို မြင်သောသူ၏ တစ်ရက်မျှ အသက်ရှည်ခြင်းသည်၊ မြတ်သေး၏။" ဟူ၍တွေ့ရပြန်ရာ ကျနော် ဖြစ်ပျက်ကို သိချင်စိတ်မှာ ထိန်းမနိုင်သိမ်းမရ ဖြစ်လာပါတော့သည်။ အိပ်ယာဝင်သည့်အခါတွင်လည်း ဖြစ်ပျက်ကို သိချင်စိတ်၊ စားသောက်နေရင်းတွင်လည်း ဖြစ်ပျက်ကို သိလိုစိတ်များသာ ဖြစ်နေပါတော့သည်။ ဤတစ်သက်ဖြစ်ပျက်ဟူသော အရာကို သိမှသိနိုင်ပါတော့မည်လော ဟု ပူပန်စပြုလာပါသည်။

သို့နှင့် ကျနော်သည် ရနိုင်သမျှ ဘာသာရေးဆိုင်ရာစာအုပ်များကို ထပ်မံမွှေနှောက် ရှာဖွေဖတ်ရှုလျက် ဖြစ်ပျက်ကို ရှာပုံတော်ဖွင့်ခဲ့၏။ ဖြစ်ပျက်နှင့် ပတ်သက်၍ ရေးသားထားသော အကြောင်းအရာများကို ဘာသာရေး စာအုပ်တိုင်းလိုလိုတွင် တွေ့ရဖတ်ရသည်ချည်းဖြစ်သော်ငြား ကျနော်အနေဖြင့် နားလည်သဘောပေါက်ခြင်းမရှိသည်ကို ဝန်ခံရပေမည်။ နာကြားခဲ့ရသော တရားခွေများ၊ စီဒီများတွင်လည်း ဤနည်း နှင်နှင်ပင်တည်း။ ဖတ်မိသောစာအုပ်နှင့် စီဒီစာရင်းကို ဖော်ပြရလျှင် ပိုမိုရှုပ်ထွေးရန်သာ ဖြစ်တော့မည်ဖြစ်၍ မရေးလိုတော့ပြီ။ ထိုသို့လျှင် ကျနော်၏ဖြစ်ပျက်ရှာပုံတော်သည် တဆယ့်ငါးနှစ်မျှ ကြာခဲ့ပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျနော် စိတ်ပျက်အားလျော့စ ပြုလာ၏။ ဤနေရာတွင် အနည်းငယ်ရှင်းပြရန် ဆိုလာပါသည်။ "ဖြစ်ပျက်ကို သိချင်တာများ တရားစခန်းတစ်ခုခု သွားလိုက်ရင် ပြီးနိုင်တာပဲ"ဟု အချို့လူများအနေဖြင့် ဆိုရန် အကြောင်းရှိပါသည်။ ကျနော် ဆိုလိုသည်မှာ ဖြစ်ပျက်ဟူသောအရာ၏ သဘောသဘာဝကို လူသာမန် နားလည်သလို နားလည်လိုခြင်းဖြစ်ပါသည်။ လက်တွေ့သိနိုင်ရန်အတွက် တရားစခန်း တစ်ခုခုတွင် သွားရောက် အားထုတ်ရန်လည်း ရည်ရွယ်ရင်းရှိပါ၏။

ဤနေရာတွင် ကျနော့်အကြောင်းကို အနည်းငယ်ရှင်းပြရန် လိုမည် ထင်ပါသည်။ အမှန်တော့ ကျနော့် ဘဝသည် ထူးထူးခြားခြား စာဖွဲ့ပြနိုင်လောက်သော အဝမျိုးမဟုတ်ပါ။ မြန်မာမိဘနှစ်ပါးကမွေးဖွားပြီး အရွယ်ရောက်သည့်အခါ ကျောင်းနေ၊ ဆို့ထက်အရွယ်ရောက်လာသည့်အခါ အိမ်ထောင်ကျလျက် မိသားစု စားဝတ်နေရေး အတွက် အစိုးရဌာနတစ်ခုဖြစ်သော ကုန်သွယ်လယ်ယာတွင် အလုပ်ဝင်ခဲ့သည်။ ဤမျှသာ။ အနည်းငယ် ထူးသည်ကား ကျနော့်ဌာနတွင် စာရင်းစစ်ဝင်သည့်အခါ ငွေစာရင်း ကွာဟမှုဖြင့် အမှုတွဲ လေးယောက်နှင့်အတူ ထောင်ဒဏ်သုံးနှစ် ကျခံခဲ့ ရခြင်းဖြစ်သည်။ စင်စစ် ကုန်သွယ်လယ်ယာကဲ့သို့သော ဌာနမျိုးကား ငွေစာရင်းမှန်ကန် အောင် လုပ်ကိုင်၍ရနိုင်သော ဌာနမျိုးမဟုတ်သည်မှာ ကျနော့် ကိုယ်တွေ့ဖြစ်သည်။ ဆင်ခြေပေးသည်ဟု ထင်စရာရှိပေမည်။ ယခု ကျနော် ထောင်ကျလာသောအမှုတွင် ကျနော့်ကိုယ်ကျိုးအလို့ငှာ မည်သည့်အလွဲသုံးစားမှုကိုမျှ ကျနော် မလုပ်ခဲ့ချေ။ အခွင့်သာစဉ် အချိန်များကမူ အပေါင်းအသင်းတရန်းရန်းဖြင့် သောက်စားပျော်ပါး ခဲ့သည်များ ရှိသည်ကိုကား ကျနော်မငြင်းလိုပါ။ မည်သို့ဆိုစေ ဤအချက်သည် အဓိကမကျလှ။ ကျနော်ပြောလိုသည်မှာ ရဲဘက်စခန်းသို့ ရောက်နေသည့် ကာလများ၌ ရှိရိအထိးကျန်ကာ စဉ်းစားတွေးတောချိန် များလာလေသောကြောင့် ဖြစ်ပျက်ဟူသောအရာကို သိလိုစိတ် ပိုကဲလာခြင်းဖြစ်ပါသည်။

လောကကြီးကား ထူးဆန်းအံ့ဩဖွယ်ရာများနှင့်အတိ ပြီးလျက်ရှိသည်ဟု ဆိုရပေတော့မည်။ ကျနော့် တစ်သက် တွေ့ရန် မဖြစ်နိုင်တော့ဟု ထင်မြင်ခဲ့သော ဖြစ်ပျက် ဟူသည့်အရာကို ရှင်းရှင်းလင်းလင်း သိနိုင်ရန် အခြေအနေသည် ရုတ်ခြည်းဖြစ်ပေါ်လာ လေ၏။ ဖြစ်ပျက်ဟူသောအရာကို တိကျစွာ အဖြေပေးနိုင်မည့်သူကား ကျနော်နှင့် အနီးဆုံးနေရာသို့ ရောက်လာခဲ့လေပြီ။ တွေ့စကမူ ထိုသူသည် ကျနော်၏ ဖြစ်ပျက် ပုစ္ဆာကို ဖြေရှင်းနိုင်မည့်သူဟူ၍ တွေးထင်မထားခဲ့သည်ကား အမှန်။ သူကား ကျနော်နှင့်အသက် မတိမ်းမယိမ်းဖြစ်၏။ ဘဝတူချင်းဖြစ်၍ အချိန်တိုတိုအတွင်း အလွန်ခင်မင် ရင်းနှီးသူများ ဖြစ်လာကြပါသည်။ သူ့အမည်ကား ကိုသက်ခိုင်မည်၏။



www.burmeseclassic.com

www.burmeseclassic.com

ကိုသက်ခိုင်သည် အသက်လေးဆယ်ကျော်ခန့်ရှိပြီး ဥပမိရုပ်ကောင်းသည်၊ အရပ်အမောင်းမှာ ခြောက်ပေခန့်ရှိ၍ စကားပြောသည့်အခါ အားနှင့်မာန်နှင့် ပြောတတ်သူဖြစ်သည်။ သူ့ကို ရဲဘက်စခန်းတစ်ခုလုံးက ဆရာကြီးဟု ခေါ်ကြပြီး မည်သည့်အကြောင်းကြောင့် ဆရာကြီးဟုခေါ်ကြောင်း ရှင်းပြနိုင်သူကား မရှိချေ။

အဆိုပါ ရဲဘက်စခန်း၏ တစ်ခုသောနေ့တွင် ဖြစ်ပါသည်။

ရေပတ်လည်ဝိုင်းလျက်ရှိသော ကျနော်တို့ရဲဘက်စခန်း၏အရှေ့ ကိုက်တစ်ရာခန့် အကွာတွင် ဓနိမိုး ဝါးထရံကာတဲငယ်တစ်လုံးရှိ၏။ အဆိုပါတဲငယ်ကား ရဲဘက် စခန်းများတွင် ငွေကြေးတတ်နိုင်သူများအနေဖြင့် ထောင်အာဏာပိုင်များနှင့် ညှိနှိုင်းကာ ကိုယ်ပိုင်အိမ်များပင် ဆောက်လုပ်နေထိုင်နိုင်သော ဓလေ့ထုံးတမ်းအတိုင်း ကိုသက်ခိုင် ကိုယ်ပိုင်ငွေနှင့် ဆောက်လုပ်ထားခြင်း ဖြစ်လေ၏၊ လိုရင်းကိုဆက်ရလျှင် ထိုနေ့က အဆိုပါတဲငယ်ပေါ်၌ ကိုသက်ခိုင်နှင့်ကျနော် ပထမဆုံးအကြိမ် စကားလက်ဆုံ ကျခဲ့ပါသည်။

ကျနော်။ ။"ဆရာကြီးက ဘာအမှုလဲဗျ"

ကိုသက်ခိုင်။ ။"လေယာဉ်ပျံပေါ်က ပြုတ်ကျတဲ့ အမှုပေါ့"

ကျနော်။ ။"ကြံကြံဖန်ဖန်ဗျာ"

ကိုသက်ခိုင်။ ။"လောကကြီးမှာ အမြင့်ဆုံးကို တက်ချင်သူတွေ ကြုံရလေ့ရှိတဲ့အမှုလို့ ပြောချင်တာပါ"

ကျနော်။ ။"ထားလိုက်ပါတော့ဗျာ။ဒါနဲ့ ခင်ဗျား စာအုပ်အညိုလေးတစ်အုပ်နဲ့ နေ့ရောညပါ အလုပ်ရှုပ် နေရအောင် ဘာစာအုပ်လည်းဗျ"

ကိုသက်ခိုင်။ ။"အော်.. တရားစာအုပ်ဆိုပါတော့၊ အဖြေတစ်ခုရှာချင်လို့ အကြိမ်ကြိမ်ဖတ်ပြီး လေ့ကျင့်နေတာဗျ"

ကျနော်။ ။"ဘာကို လေ့ကျင့်နေတာလဲဗျ"

ကိုသက်ခိုင်။ ။"စိတ်"

ကျနော်။ ။"ဗျာ၊ စိတ်ကို ဘယ်လိုလေ့ကျင့်သတုန်းဗျာ"

ကိုသက်ခိုင်။ ။"အဲဒီ စာအုပ်ထဲကအတိုင်း တသွေမတိမ်းပေါ့"

ကျနော်။ ။"ဘယ်လောက်ကြာပြီလဲဗျာ"

ကိုသက်ခိုင်။ ။"ခုနစ်လ"

ကျနော်။ ။"ဘာတွေ တွေ့ပြီး ဘာတွေ ထူးခြားသလဲဗျာ"

ကိုသက်ခိုင်။ ။(အတန်ကြာ စဉ်းစားနေပြီးနောက်) "တိုတိုပြောရရင် ဖြစ်ပျက်ကို တွေ့တယ်ပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

ကိုသက်ခိုင်အမည်ရှိ ဤပုဂ္ဂိုလ်ကား ဖြစ်ပျက်ကို တွေ့သည်ဟု ဆိုလာပြန်ချေပြီ။ ကျွန်နော်လည်း ချက်ချင်း ဆိုသလို သူ့ကို အလောတကြီး ဆက်မေးလိုက်မိသည်။

ကျနော်။ ။"အဲဒီ ဖြစ်ပျက်ဆိုတာ ကျနော့်ကို သေချာရှင်းပြစမ်းပါဗျာ"

ကိုသက်ခိုင်။ ။"ခုနစ်လစာ လေ့ကျင့်ခန်းကို တထိုင်တည်း ရှင်းလို့ ဘယ်လိုဖြစ်နိုင်မလဲဗျ"

ကျနော်။ ။"ဘယ်လောက်ကြာကြာဗျာ။ ကျနော်တို့လည်း အချိန်တွေပိုနေတာပဲ။ ဆရာကြီးသာ ရှင်းပါ။ ကျနော် နားထောင်ပါ့မယ်ဗျာ"

ကိုသက်ခိုင်။ ။"တစ်ခုရှိသေးတယ်ဗျာ။ ပုံမှန်မဟုတ်တဲ့ အကြောင်းအရာတွေ၊ ဆန်းကြောင်ကြောင်လို့ ထင်စရာတွေ ပါလာရင် ခင်ဗျားလက်ခံဘို့ခဲယဉ်းတယ်။ အဲဒီအခါကျရင် လေ့ကျင့်ခန်းကို ပြုစုခဲ့သူကော။ လေ့ကျင့်ခန်းပါ နာမည်ပျက်မယ် ။ ဒါကြောင့် မပြောတာ ပိုကောင်းမယ် ထင်တယ်"

ကျနော်။ ။"ပြောမှာသာ ပြောစမ်းပါဗျာ။ ကျနော် ဘာကိုမှ အထင်သေးတာ၊ ကြီးတာ မရှိစေရပါဘူး။ ကျနော် အဲဒီဖြစ်ပျက်ဆိုတာကို သိချင်လို့ မေးမြန်းစူးစမ်းနေခဲ့တာ ဆယ့်ငါးနှစ်ကျော်နေပြီ"

ကိုသက်ခိုင်။ ။"နောက်တစ်ခု ရှိသေးတယ်။ ကျုပ်က ခင်ဗျားကို ပြောပြပြီးရင် ခင်ဗျားက ကျုပ်ကို လူလို့မထင်တော့မှာလည်း စိုးရိမ်တယ်"

ကျနော်။ ။"ဘယ်နှယ့် လူလို့မထင်ရမှာလဲဗျာ"

ကိုသက်ခိုင်။ ။"ကျုပ်ပြောတာက ဖြစ်ပျက်ကိုတွေ့ပြီးတဲ့သူဟာ ဘာဖြစ်တယ်၊ ညာဖြစ်တယ် ဆိုတာတွေ ခင်ဗျား အများကြီး ဖတ်ဘူးမှာပါ။ ကျုပ်အခုတွေ့တဲ့ ဖြစ်ပျက်ဆိုတာ အစသာ ရှိသေးတယ်။ အဆုံးက ဟိုးအဝေးကြီးမှာ ကျန်သေးတယ်။ ဒါတွေနဲ့ မရောထွေးစေချင်ဘူး"

ကျနော်။ ။"ကဲ ပါဗျာ၊ ပြောမှာသာ ပြောပါ။ ခင်ဗျားတောင်းမဲ့ ကတိအားလုံးကို ကျနော်ပေးပါတယ်"

ကိုသက်ခိုင်။ ။"ခင်ဗျား သိပ်သိချင်နေရင်တော့ ခင်ဗျားလည်း ဖြစ်ပျက်ဆိုတာ သိချိန်တန်ပြီလို့ မှတ်ရတော့မှာပဲ။ သို့သော် ဖြစ်ပျက်တစ်လုံးတည်းကို ကွက်ရှင်းလို့ကတော့ မပြည့်စုံနိုင်ဘူး။ ကျုပ်ရဲ့လေ့ကျင့်ခန်း အစအဆုံးကို ပြောမှ ပြည့်စုံပေလိမ့်မယ်"

ထိုအချိန်တွင် အိပ်ဆောင်ဝဆီမှ "ထမင်းတန်းစီမယ်ဟေ့"ဟူသော အဆောင်မှူး ဘန်းစီးနိုင်ဝင်း၏ အသံက ငှက်ဆိုးထိုးသကဲ့သို့ပေါ်ထွက်လာရာ နှစ်ယောက်သား ပြောလက်စ စကားကို ရပ်လိုက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

ညအချိန် ကိုသက်ခိုင်အိပ်ယာအနီးသို့ ကျနော်ရောက်သွားသည့်အခါ သူက လင်းကြည်အမည်ရှိ အကျဉ်းသားလူငယ်တစ်ဦးကို စာရေးစာဖတ်သင်လျက်ရှိသည်။ လင်းကြည်ကား အသက်နှစ်ဆယ့်ငါးနှစ် အရွယ်ရောက်နေသည့်တိုင် အရေးအဖတ်မျှပင် တတ်သူမဟုတ်ချေ။ စာသင်ချိန်ကား ညဖက် အိပ်ဆောင်မပိတ်မီ ဆယ်နာရီအထိ ဖြစ်သည်။

ကျနော်ကား ကိုသက်ခိုင်ဘေးမှာကပ်လျက်ရှိသူ မဟာမေဒင်ဘာသာဝင် ကိုတင်ဝင်းကို လေးငါးညခန့် အိပ်ယာပြောင်းပေးပါရန် တောင်းပန်လျက် ကိုသက်ခိုင့်ဘေးမှာ အသင့်နေရာယူ ထားလိုက်သည်။ မကြာလှချေ။ ဆယ်နာရီထိုးသည်နှင့် လင်းကြည်တစ်ယောက် သူ့နေရာ သူပြန်သွားချိန် "အိပ်ချိန်၊ အိပ်ချိန်" ဟူသော နိုင်ဝင်း၏ အသံပြဲကြီး တိတ်သွားသည့်အခါ ကိုသက်ခိုင်နှင့် ကျနော် အိပ်ယာပေါ်တွင် ကိုယ်စီလှဲနေကြရင်း စကားဆက်ဖြစ်ကြ၏။ ကိုသက်ခိုင်ကမူ နဖူးပေါ်လက်တင်ရင်း ပက်လက် အနေအထားဖြင့် နှုတ်ဆိတ်လျက်ရှိ၏။

ကျနော်။ ။"ကဲ လုပ်ဗျာ ။ခင်ဗျားရဲ့ ဖြစ်ပျက် ဇာတ်လမ်း"

ကိုသက်ခိုင်က သက်ပြင်းကို ခပ်လေးလေးချလျက် လေသံတိုးတိုးဖြင့်. . .

ကိုသက်ခိုင်။ ။"ဖြစ်ပျက်ကို မစခင် ကျုပ်ဘဝ အတိုချုပ်လေးတော့ ပြောပါရစေ။ အော်.. ကျုပ် ကျုပ် ဆိုပြီးသုံးလို့ တစ်မျိုးတော့ မမြင်ပါနဲ့ဗျာ။ ကျနော်က အညာသား ဆိုတော့ ရွာမှာနေခဲ့တုန်းက သုံးခဲ့တဲ့ ကျုပ်ဆိုတာကြီးကို တစ်ခါတစ်လေ သုံးလိုက်ရမှ အားရသလို ခံစားမိလို့ပါ။ ကျုပ်ဘဝဟာ ထူးထူးထွေထွေတော့ မဟုတ်ပါဘူး။ လူလတ်တန်းစား မိသားစုက မွေးခဲ့တယ်။ ဘွဲ့ရခဲ့တယ်။ နောက် ကြီးပွားမယ်ထင်တဲ့ အလုပ်မျိုးစုံ လုပ်ခဲ့တယ်။ တက်လိုက်ကျလိုက် ၊ အောင်မြင်လိုက် ကျဆုံးလိုက်နဲ့ လုံးချာလိုက်နေခဲ့တာပါပဲ။ နောက်ဆုံးတော့ ဒီထောင်ထဲကို ရောက်လာခဲ့တယ်။ ဒါပေမဲ့ ထူးခြားတာက ကျုပ်ဟာ ထောင်ထဲကို ကိုယ့်သဘောနဲ့ကိုယ် ဝင်လာခဲ့တာပဲ"

ကျနော်။ ။"ဘယ်လိုလဲဗျ။ ကိုယ့်သဘောနဲ့ ကိုယ်ဝင်လာတယ်ဆိုတာ"

ကိုသက်ခိုင်။ ။"မူလရုံးက ကျုပ်အမှုကို အပြီးအပြတ်လွှတ်ပြီးသား၊ တရားလိုက ပြင်ဆင်မိန့်တက်လို့ ကျုပ်မျက်ကွယ်မှာ ထပ်ပြီးအမိန့်ချတာ။ ကျုပ်ကလည်း ငါမှန်နေ တာပဲ။ ရှင်းမယ်ဆိုပြီး ကိုယ့်အစီအစဉ်နဲ့ကိုယ်၊ ကိုယ်တိုင် တရားရုံးရှေ့သွားပြီး ထောင်ထဲ ဝင်ခဲ့တာ၊ ကျုပ်က ရန်ကုန်မှာနေတော့ အင်းစိန်ထောင် ရောက်ရောဆိုပါတော့"

ကျနော်။ ။"ဟာ တော်တော် သတ္တိကောင်းတာပဲဗျ"

ကိုသက်ခိုင်။ ။"မှားတယ်ဗျ။ ထောင်ထဲကိုရောက်တော့ ကျုပ်ဟာ ကျုပ် ထင်သလောက် သတ္တိမကောင်းတော့ဘူး။ ထင်ရာစိုင်းခဲ့တဲ့ ဒဏ်တွေက ဒုက္ခပေးလာ တယ်"



www.burmeseclassic.com

www.burmeseclassic.com

ကျနော်။ ။ "ဘာတွေ ထင်ရာစိုင်းခဲ့တာလဲဗျာ"

ကိုသက်ခိုင်။ ။ "မြန်မာပြည်မှာ စီးပွားရေးသမားတိုင်း အမြဲတမ်း ပူပင်နေရတဲ့ အလွှတွေရဲ့ ထုံးစံအတိုင်းပေါ့။ နေ့တိုင်းနီးပါး အရက်သောက်ဖြစ်တယ်။ တခါတခါ စိတ်ငြိမ်မလားဆိုပြီး စိတ်ငြိမ်တယ်ဆိုတဲ့ ဆေးမျိုးစုံလည်းသုံးခဲ့တယ်"

ကျနော်။ ။ "အော် ဆရာကြီးလည်း အရက်တွေ ဆေးတွေ သုံးခဲ့တာပဲလား"

ကိုသက်ခိုင်။ ။ "သေချာတာပေါ့၊ အဲဒီ ဒဏ်တွေရယ်။ ဒီပြဿနာကို မကြီးကြီး အောင် လုပ်ခဲ့တဲ့ တရားလိုကို သတ်ပစ်ချင်တဲ့စိတ်ရယ်ကြောင့် လူဟာ အရှူးတစ်ပိုင်း ဖြစ်လာတယ်၊ ညဖက်ဆို လုံးဝ အိပ်လို့မရတော့ဘူး။ ဆယ့်လေးငါးရက် ဖြစ်လာတော့ အိပ်ကအိပ်ဆေးတွေ သွင်းပေးတယ်။ သောက်လည်း ခဏပဲအိပ်တယ်။ ဆရာဝန်ကတော့ အခုပေးလိုက်တဲ့ဆေးတွေဟာ ဂိတ်ဆုံးပဲတဲ့။ ဆင်ကိုတိုက်ရင်တောင် တုန်းကနဲ အိပ်မယ်တဲ့။ သို့သော် ကျုပ်အတွက်တော့ မထူးခြားလှပါဘူး။ ဒါနဲ့ အိပ်မရတဲ့ည တွေများလာပြီး စိတ်ကလည်း ဂယောင်ချောက်ခြား ဖြစ်လာတော့ သေရင် အေးမယ်လို့ ထင်လာတယ်။ နောက်ဆုံး ကျုပ်ဟာ ထောင်နံရံကို ခေါင်းနဲ့ ပြေးဆောင့်ပြီး ကိုယ့်ကို ကိုယ် သတ်သေဖို့ ကြိုးစားခဲ့တယ်"

ကျနော်။ ။ "ဆိုးလှချည်လားဗျာ"

ကိုသက်ခိုင်။ ။ "အဲဒီ ဆိုးလှတဲ့အခြေအနေကပဲ ကျုပ်ကို ဖြစ်ပျက်ဆိုတာ တွေ့အောင် တွန်းပို့လိုက်တာပါပဲ"

ကျနော်။ ။ "အော် ဒါနဲ့ ဖြစ်ပျက် တွေ့ရောလားဗျာ"

ကိုသက်ခိုင်။ ။ "ထောင်နံရံကို ခေါင်းနဲ့တိုက်ရုံနဲ့ ဖြစ်ပျက်မြင်မလားဗျ။ ကျုပ် စိတ်ထဲမှာ ဒီလို သေရရင်တော့ ရုပ်ပျက်ဆင်းပျက်နိုင်လှတယ်ဆိုပြီး တစ်ခု စဉ်းစား မိတယ်။ အဲဒါကတော့ အသက်ရှုတဲ့ လေ့ကျင့်ခန်းနဲ့ အသက်ဆက်နေဘို့ပဲ။ လွယ်တော့ မလွယ်လှပါဘူး။ ကျုပ်ဟာ သေဘို့အချိန်မကျသေးတာလည်း ပါပါလိမ့်မယ်။"

ကျနော်။ ။ "အော် အသက်ရှုလေ့ကျင့်ခန်းကနေ ဖြစ်ပျက်ကို တွေ့တာပေါ့"

ကိုသက်ခိုင်။ ။ "ခင်ဗျားတော်တော် လောတာပဲ။ အသက်ရှုတာကို ခဏလေး လေ့ကျင့်ရုံနဲ့တော့ ဘယ်မှာ ဖြစ်ပျက်တွေ့မလဲဗျာ။ ဒီလိုနဲ့ အသက်ရှုလေ့ကျင့်ခန်းလုပ်လို့ တစ်ပတ်လောက်ကြာတော့ ကျုပ် အင်းစိန်ထောင်ကနေ ဒီရဲဘက်ကို ထွက်လာရတယ်"

ကျနော်။ ။ "အော် ဖြစ်ပျက်က ရဲဘက်စခန်းရောက်မှ တွေ့တာလား"

ကိုသက်ခိုင်။ ။ "ဟုတ်တယ်။ သို့သော် ချက်ခြင်းတော့မဟုတ်ဘူး။ ရဲဘက်မှာ ဒီလိုလို ဒီလိုလိုနဲ့ တစ်လလောက် ထပ်ကြာသွားတယ်။ ကျန်းမာရေးကတော့ နေ့သေ ညသေ ညသေမလားပဲ။ နောက် ရဲဘက်မှာ အနေချောင်တော့ အရက်လေးဘာလေး



www.burmeseclassic.com

www.burmeseclassic.com
ရရင်ရသလို ထပ်ချတော့ ပိုဆိုးလာတယ်။ ဒီတော့မှ ကိုယ့်ကိုကိုယ် သတ်သေစရာ မလိုတော့ပဲ လုံးပါးပါးတော့မဲ့ အခြေအနေရောက်လာတော့တယ်"

ကျနော်။ ။"ဆရာကြီးကလည်း အရက်ကို တော်တော်စွဲလန်းပုံရတယ်"

ကိုသက်ခိုင်။ ။"ဘယ်အရာမှ အလွန်အကျွံ စွဲလန်းရင် မကောင်းဘူးဆိုတာ သေခါနီးမှပဲ သေချာ သဘောပေါက်တော့တယ် ပြောရမယ်။ အရက်ဖြတ်ဘို့ ဆေးရုံ သုံးကြိမ်တက်ခဲ့ဘူးတယ်။ နောက်ဆုံးတော့ အရက်မပြတ်ပဲ ဘဝပြတ်ဘို့ ဖြစ်လာ တော့တာပဲဗျာ။ ပိုဆိုးတာက ရဲဘက် ပင်မစခန်းကနေ လူသတ်ကုန်းလို့ နာမည်ကျော် နေတဲ့ ဒီစခန်းခွဲကိုလည်း ပို့လိုက်ရော ငါဘယ်လို သေမလဲဆိုတဲ့ မေးခွန်းကို ကိုယ့်ကိုယ် ကို မေးရတော့တာပဲ။ ကျုပ်ဟာ အနေးနဲ့အမြန် သေရဖို့ ကျိန်းသေတဲ့ဘဝကို ရောက်ခဲ့ တော့တာပဲ"

ကျနော်။ ။"အော် သေရတော့မယ်ဆိုတော့ ဘယ်နှယ့်နေလဲဗျာ"

ကိုသက်ခိုင်။ ။"ဟ၊ ကြောက်တာပေါ့ဗျ။ အဲဒီ ကြောက်ရာက လမ်းစ ရှာမိသွားတာပေါ့"

ကျနော်။ ။"ဘာကို လမ်းစ ရှာမိသွားတာလဲဗျာ"

ကိုသက်ခိုင်။ ။"ခင်ဗျားမေးနေဝဲ့ဖြစ်ပျက်ပေါ့ဗျာ။ ကဲ နောက်နေ့မှ ဆက်ကြရအောင်ဗျာ။ တခြားသူတွေ အားလုံး အိပ်ကုန်ကြပြီ"

နောက်တစ်နေ့ နံနက်ငါးနာရီတွင် ရဲဘက်စခန်း ထုံးစံအတိုင်း အိပ်ယာထ ကြရပြီး ဘုရားဝတ်ပြု ကြရသည်။ အကျဉ်းသားအများစုက ဩကာသ ဩကာသ ဩကာသဟူသော အသံကျယ်ကြီးများဖြင့် ရွတ်ဆို နေကြချိန်တွင် ကိုသက်ခိုင်ကမူ တင်ပလ္လင်ခွေ အနေအထားဖြင့် ဒူးနှစ်လုံးကြားတွင် လက်ဝါးနှစ်ဖက် ထပ်ကာ လက်ညှိုးနှင့်လက်မကို ထိလျက် မျက်စိမှိတ်နေသည်ကို တွေ့ရသည်။

မနက်ခြောက်နာရီခန့်တွင် ရဲဘက်စခန်းမှ ခွဲဝေပေးသော ရောင်စုံထမင်းကို ကိုယ်စီသိမ်းဆည်းထားကြသည့် ငပိကြော်အစရှိသော ရိက္ခာခြောက်များနှင့် တွဲဖက် သုံးဆောင်ပြီးချိန်တွင်ကား ထောင်မှူးဦးအေးနိုင် အိမ်ရှေ့တွင် ဘုတ်ဆင်းအလုပ်ခွဲရန် ငုတ်တုတ် တန်းစီကြရသည်။ ကိုသက်ခိုင်ကား အကျဉ်းသားများ ငုတ်တုတ် တန်းစီနေကြသည့် နေရာအနီးရှိ သစ်ပင်တစ်ပင်အောက်တွင် မတ်တပ်ရပ်လျက်သာ နေသည်။ သူ့အနားမှာ ငုတ်တုတ်ရှိနေသော ကျနော်က နှစ်ကိုယ်ကြားလေသံဖြင့်—

"ကိုယ့်ဆရာ၊ ကျနော့်ကို အဆောင်သန့်ရှင်းရေး ကျန်နေခဲ့အောင် ပြောပါအုံး" ဟု ပြောလိုက်ရာ ကိုသက်ခိုင်က အသာနေ ဟူသောအမူအယာဖြင့် လက်ကာပြသည်။ နောက်ဆုံးတွင်မူ ကိုသက်ခိုင့်ကောင်းမှုဖြင့် သူနှင့်ကျနော် အဆောင်ပေါ်တွင် နှစ်ယော





www.burmeseclassic.com

www.burmeseclassic.com

တည်း ကျန်ရစ်ကြလေရာ ဖြစ်ပျက်ကို ရှေ့ဆက်ဖြစ်ကြပြန်ပါသည်။ ဤတစ်ကြိမ်တွင်မူ ကျနော်သည် ကိုသက်ခိုင် ပြောနေသောစကားကို ဝင်ဖြတ်ရန် မကြိုးစားတော့ပဲ သူ့ဘာသာ အရှိန်နှင့် တဆက်တည်း ပြောနေသည်ကိုသာ အသာငြိမ်လျက် နားထောင်ရန် ဆုံးဖြတ်ထားလိုက်ပါသည်။ ကိုသက်ခိုင် ရှေ့ဆက်သော သူ့ဇာတ်လမ်းမှာ ဤသို့ဖြစ်လေ၏။

"လူတစ်ယောက် သေခါနီးပြီ၊ သေရတော့မယ်ဆိုရင် ဘယ်လို ခံစားရတယ်ဆိုတာ ပြောပြစရာတွေ အများကြီးပါပဲ။ ငါသေတော့မယ်။ ငါကြိုးစားမျှော်မှန်းခဲ့တာတွေ အားလုံး ရေစုန်မျောပြီ၊ ငါဘာတွေ ကောင်းတာလုပ်ခဲ့သလဲ၊ ငါသေရင် ဘယ်နေရာကို ရောက်သွားမှာလဲ၊ ဒီလို ဝေးလံခေါင်သီတဲ့ အရပ်မှာ ငါ့အလောင်းကို ဘယ်လို လုပ်ကြမလဲ၊ ငါ့ဘဝဟာ ဒီလို ငရဲခန်းမှာ အသေဆိုးနဲ့ သေရမယ်ဆိုတာ ငါ ကြိုမသိခဲ့ပါလား။ ဒါတွေပဲ ထပ်ချည်းတလဲလဲ ကျနော့်ခေါင်းထဲကို ရောက်ရောက် လာတော့တာပဲဗျာ။ ကျနော်ကြောက်မယ်ဆိုလည်း ကြောက်လောက်စရာတွေက တပုံကြီးပါ။ ရဲဘက်မှာ အဓောဆိုပြီး သေတဲ့မသာ။ နေပူပူမှာ မတရားခိုင်းစေတာတွေကြောင့် ဦးနှောက်သွေးကြောပြတ်ပြီး သေတဲ့မသာ။ တပိန်ပိန် တလိန်လိန်နဲ့ အဟာရပြတ်ပြီး သေတဲ့မသာ၊ မြွေကိုက်ပြီး သေတဲ့မသာ၊ တီဘီလိုရောဂါနဲ့ ဆေးမကုရဘဲ သွေးအန်ပြီး သေတဲ့မသာ။ အာရောဂါမှန်းကို မသိရပဲ ရုတ်တရက် သေသွားတဲ့မသာ၊ ဖျားနာပြီး သေသွားတဲ့မသာ၊ အနှစ်ပြီး သေရတဲ့မသာ၊ အိုး– မသာမျိုးကတော့ စုံလို့ ပါပဲဗျာ။

ဒါကြောင့်လည်း ဒီစခန်းခွဲကို လူသတ်ကုန်းလို့ နာမည်ကျော်တာ ထင်ပါရဲ့။ အခြစ်ဆိုးနဲ့ သေရတဲ့မသာ တွေကို မြင်လေ၊ ကျနော့်ရဲ့ သေမှာကြောက်တဲ့ရောဂါက ပိုဆိုးလာလေပဲပေါ့ဗျာ။ ဒီလိုနဲ့ ကျနော်လည်း အကောင်းဆုံးသေဘို့ နည်းလမ်းတစ်ခုကို ရှာရပါတော့တယ်။

ကိုယ်ကိုယ်ကို သတ်သေလို့ကတော့ မတော်ချေဘူး၊ သေသွားရင်တောင် ရောက်အမှု ထပ်တိုးအုံးမယ်။ ကျန်ရစ်တဲ့မိသားစုရော၊ သေသွားတဲ့ ငါပါ နာမည်ပျက်ပြီး ကျန်ခဲ့မယ်။ ဘာဘဲဖြစ်ဖြစ် ရနိုင်သမျှ အရက်ကို ခိုးကြောင်ခိုးဝှက်သွင်းပြီး သောက်ရင်း အသေခံသွားမလားဆိုတဲ့ အတွေးမျိုးလည်း ပေါ်သေးသဗျာ။ တော်တော့်ကို အခံစားရ ခက်တဲ့ ထေဒနာတွေဗျ။ ကျနော် အရင်ကကြားဘူးတဲ့ သေခါနီးရင် ဖောငါးတန် ပြန်တယ် အညာဆိုတာ အချိန်ဘယ်လောက်ကြာသလဲတော့ မသိဘူး။ အခု ကျနော် တပြန်နေတာက အရှင်လတ်လတ် ငရဲပြည်ရောက်တာကမှ ခံသာလိမ့်အုံးမယ်လို့ ထင်တော့တာပဲ။ သို့သော် သေခြင်းတရားဟာ ကျနော့်ဆီကို အရှိန်ပြင်းပြင်းနဲ့ ထင်လာနေတာမို့ အကောင်းဆုံး ထင်ရမဲ့ နည်းလမ်းတခုကိုရွေးချယ်ခဲ့ရပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ ဘာသာရေးလုပ်ရင်း အသေခံတော့မယ်"

ဒီနေရာမှာပြဿနာက ပိုကြီးလာတော့တယ်။ ဘာသာရေးလုပ်မယ်သာဆိုတယ် ဘာသာရေးနဲ့ ပါတ်သက်လို့ ကျနော်တခုမှ ရေရေရာရာ မသိဘူး။ သူလိုငါလို လှူတာတန်းတာ၊ ဥပုသ်စောင့်တာလောက်တော့ လုပ်ဖူးတာပေါ့။ ဒါပေမဲ့သေခြင်းကို ရင်ဆိုင်ဘို့ ဘာသာရေးလုပ်နိုင်တဲ့ အတွေ့အကြုံ ဗဟုသုတ ကျနော့်မှာ ဘာမှ မရှိဘူးဗျာ။

အော် ကျနော့်ကို အများက ခေါ်ကြတာတော့ ဆရာကြီးတဲ့ဗျာ။ တကယ်တော့ ကျနော့်ကို ဒီလိုခေါ်နေကြတာဟာ ကျနော့်ဘဝမှာ ဟိုစပ်စပ်၊ ဒီစပ်စပ်တွေများနေလို့ အားလုံးက တကယ့်လူတတ်ကြီးလို့ ထင်ပြီး ခေါ်နေကြတာပဲ။ အခုလို သေပေါက်သေဝ ရောက်လာတော့မှ ကျနော်ဟာဘာမှ မတတ်တဲ့သူမှန်း သေချာလာတော့တယ်။ ဘာဘဲဖြစ်ဖြစ် ကျနော်လက်မလျှော့ခဲ့ဘူး၊ ထောင်ထဲအဝင်တုန်းက ဇနီးဖြစ်သူ ထည့်ပေးလိုက်တဲ့ တရုတ်ပြည်လုပ် ပုတီးနှိပ်စက်ကို ထုတ်ပြီး ဘာသာရေးဆိုတဲ့အလုပ်ကို အပြင်းအထန် စလုပ်ပါတော့တယ်။

ပုတီးစိတ်တယ် ဆိုတာလည်း အားလုံးသိကြသလိုပါပဲ။ အနိစ္စလို့ တစ်လုံးရွတ်လိုက်၊ စက်ကို တစ်ချက် နှိပ်လိုက်ပေါ့ဗျာ။ တစ်နေ့ကိုအကြိမ်နှစ်ထောင် သုံးထောင်ကနေ၊ တစ်နေ့အကြိမ်သုံးသောင်းအထိ ဖွဲ့နဘဲနဲ့ စိတ်ပါတယ်။ ဘယ်လောက် စိတ်သလဲဆိုရင် နှိပ်နေတာ များလွန်းတာကြောင့် စက်ပျက်သွားပြီး နောက်တစ်လုံး ထပ်မှာရတဲ့ အထိပါပဲ။ တစ်လလောက် ကြာခဲ့ပြန်ပါပြီ။ စက်သာ အသစ် ထပ်ဝယ်ရတယ်၊ ကျနော်ခံစားနေရတဲ့ သောကဝေဒနာဟာ လျော့ပါးမသွားခဲ့ပါဘူး။ ဒီနည်းလည်း မဟန်သေးပါဘူးလို့ စိတ်ပျက်စ ပြုလာပြန်ပါတယ်။

ဒီလိုနဲ့ တစ်ရက်ပေါ့ဗျာ။ အကျဉ်းသားတွေအားလုံး ဘုတ်ဆင်း (အလုပ်ဆင်းကြခြင်းကို ထောင်အခေါ် ဘုတ်ဆင်းသည် ဟုပြောကြသည်။)သွားကြလို့ ကျနော့် တစ်ယောက်တည်း အဆောင်ပေါ်မှာ ကျန်နေပြီး ပက်လက်လှန် စဉ်းစားနေရာကနေ ကျနော်ဟာ ကိုယ့်ကိုယ်ကို စိတ်ထဲမှာ နှစ်ကိုယ်ခွဲလိုက်သလို ခံစားရပြီး တစ်ကိုယ်ကို ဘာသာရေးခုံရုံးကို တင်လိုက်မိပါတော့တယ်။

သက်ခိုင်(၁)။ ။"မင်း ဘယ်ဘာသာ ကိုးကွယ်သလဲကွ"

သက်ခိုင်(၂)။ ။ "ဗုဒ္ဓဘာသာပေါ့ဗျာ"

သက်ခိုင်(၁)။ ။ "ဒါဆို ဗုဒ္ဓဘာသာအကြောင်း မင်းဘာသိသလဲ၊ ရှင်းပါအုံး"

သက်ခိုင်(၂)။ ။(ဘာမှပြန်မဖြေနိုင်ဘူး။စိတ်ထဲမှာ ဖြီးဖြန်းဘို့ နည်းနည်းလိမ်လိုက်ဘို့ ကြံလိုက်ခါရှိသေး...)

သက်ခိုင်(၁)။ ။"ဟော့ကောင် လိမ်ဖို့ စိတ်မကူးနဲ့လေ။ မင်းဟာ ငါပဲ



www.burmeseclassic.com

www.burmeseclassic.com

မင်းအကြောင်း ငါအားလုံး သိပြီးသား။ မင်းက သေခါနီးနေတာတောင် လိမ်ဘို့ပတ်ဘို့ စဉ်းစားတုန်း။ ဒါတွေ မေ့လိုက်တော့”

သက်ခိုင်(၂)။ ။(ဘာမှ ပြန်မဖြေပဲ ဆက်စဉ်းစားနေတယ်။ နေအုံး အနိစ္စတို့၊ဒုက္ခတို့၊အနတ္တတို့ ဆိုတာများ ငါသိသလား။ နောက် သစ္စာလေးပါး ဆိုတာလည်း ကြားဘူးတယ်။ နောက် ဘာတဲ့ သင်္ခါရ ဆိုလား။ အသုဘယပ်တောင်တို့ စိတ်စာတို့။ တချို့တရားစာအုပ်တွေမှာ တွေ့တော့ တွေ့ဘူးတာပဲ။ သို့သော် မရေရာဘူး။ လိမ်လည်း အလကားပဲ။ အချိန်က မရှိတော့ဘူး။ သူကလည်း ငါဖြစ်နေတော့ ထိမ်နေလို့ မဖြစ်ချေဘူး။ အတွင်းသိတွေ။ ကဲပါ၊ ဒီတခါ ရိုးသားလိုက်တော့မယ်။)

“အေးဗျာ။ သေချာစဉ်းစားလိုက်တော့ ကျနော် ဗုဒ္ဓဘာသာနဲ့ပါတ်သက်လို့ ဘာမှမသိဘူးဗျ”

သက်ခိုင်(၁)။ ။“ဒါနဲ့ မင်းကိုးကွယ်တာ တိပိဋကဓရဆရာတော်ဆို၊ မင်းဖတ်လိုက်တာလည်း ဘာတဲ့၊ စွယ်စုံကျော်ထင် ဆိုလား။ ဗုဒ္ဓဘာသာကောင်းတစ်ယောက် ဆိုလား။ အများကြီးပါကွာ။ ပြန်စဉ်းစားပါအုံး”

သက်ခိုင်(၂)။ ။(သူပြောကာမှ ပိုဆိုးသွားပါတယ်။ ကျနော် ဖတ်ခဲ့တာတွေ၊ ပြန်စဉ်းစားတော့ တခြားသူတွေနဲ့ ငြင်းခုန်ကောင်းအောင်၊ သူများအထင်ကြီး လေးစားအောင် ဖတ်ခဲ့တာတွေချည်းပါလား။ ရေကူးနည်းစာအုပ် ဖတ်ဘူးသလိုပါပဲ။ အခုတယ်နစ်တော့ သေဘို့ပဲရှိတော့တာပါကလား။ နောက်ဆုံးအချိန်မှာ ငါရိုးသားမှ။ သေခါခင်လေး မှန်တာကိုပဲ ဝန်ခံတာ ကောင်းပါတယ်လေ။)

“ကဲ ပါဗျာ။ ကျနော် ဝန်ခံပါတယ်။ ဘာသာတရားနဲ့ပါတ်သက်ပြီး ကျနော် ဘာမှ မသိပါဘူး။ ဒါပေမဲ့ အခု အချိန်ဟာ ငြင်းခုံဝေဖန်နေရမဲ့အချိန် မဟုတ်ပါဘူး။ ကျနော်သေခါနီးမှာ အသေဆိုးမဖြစ်အောင် ဘာသာရေး လုပ်သွားချင်တယ်။ ဘာသာရေးလုပ်ရင်း သေသွားတယ်ဆိုလည်း နည်းနည်းကြောင်သလို ထင်ရပေမဲ့ ချွဲကြီးချ သေသလောက်တော့ မဆိုးဘူး မှတ်ရမှာပဲ။ ကျနော် ဘာလုပ်ရမလဲဗျာ”

သက်ခိုင်(၁)။ ။“ဟ၊ မင်းကလည်း နောက်နေပြန်ပြီ။ ငါကလည်း မင်းပဲ။ မင်းသိတာနဲ့ ငါမသိတာ အတူတူပဲပေါ့။ ဒါပေမဲ့ နေအုံးကွ။ မသိပဲ မတတ်ပဲ လုပ်နိုင်တဲ့နည်း ရှိသလား ဝိုင်းစဉ်းစားရအောင်။ မင်းလည်း စာရေးစာဖတ်လောက်တော့ တတ်တာပဲ။ အဲဒီ အခြေအနေကနေစပြီး စဉ်းစားကွာ”

သက်ခိုင်(၂)။ ။(ဒီမှာတင် ကျနော့်ခေါင်းထဲကို ဝင်းကနဲ အလင်းရောင်တစ်ချက် ထိုးလာပါတော့တယ်။ ဟုတ်တယ်။ ကျမ်းဂန်မတတ်ပဲ တကယ်တမ်း လက်တွေ့ကျင့်ကြံ အောင်မြင်သွားတဲ့သူတွေ ရှိတယ်။ ငါ ဖတ်ဘူးတယ်။ ငါ ဖတ်ဘူးတယ်။ ငါ သိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ငါ ရင်းရင်းနှီးနှီးကို သိတယ်။ သူ ဘယ်သူလဲ ။ ဘယ်ပုဂ္ဂိုလ်လဲ)

"ဟော့ကောင် မင်းလည်း သိတယ်။ ပြော ဘယ်သူလဲ။ ဘယ်ပုဂ္ဂိုလ်လည်း စာမတတ်ဘူးကွာ။ ဒါပေမဲ့ သူ အောင်မြင်သွားတယ်"

သက်ခိုင်(၁)။ ။(သူက ပြုံးပြီး တစ်ခွန်းချင်း ပြောလိုက်တယ်ဗျာ)

"ဦးကျော်ဒင် လေကွာ။ မြင်းခြံက။ သူ စာမှကောင်းကောင်း မတတ်တာ"

သက်ခိုင်(၂)။ ။"ဟုတ်ပြီ ။ငါ ကောင်းကောင်း မှတ်မိပြီ"

"စွန်းလွန်းဆရာတော်ကြီး ပေါ့ကွာ"

မှန်ပါတယ်။ ဦးကျော်ဒင်လို့ လူနာမည်တွင်တဲ့ စွန်းလွန်းဆရာတော့် အကြောင်းကို အကြိမ်ပေါင်း များစွာ ကျနော် ဖတ်ခဲ့ဘူးပါတယ်။ ဓမ္မာစရိယဦးဋ္ဌေးလှိုင်ရဲ့ "ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ"ဆိုတဲ့ စာအုပ်ကို ကျနော်တို့ ဘာသာဝင်တိုင်းလိုလို ဖတ်ဘူးကြမှာပါ။ သို့သော် ကျနော်သိတာက ဒီထက် နည်းနည်းပိုပြီး ထူးခြားတယ်လို့ ပြောနိုင်တယ်ဗျ။

❀ ❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

# ၃။ သေလမ်းကို ရွေးခဲ့သူ

ကျနော်နှင့် ကိုသက်ခိုင် နှစ်ယောက်တည်းကျန်ခဲ့သော အဆောင်ကား တိတ်ဆိတ်လျက်ရှိသည်။ ဘုတ်ဆင်း ချိန်ဖြစ်၍ အဆောင်အဝင်အထွက် တံခါးမကြီးကို အကျဉ်းစခန်း ထုံးစံအတိုင်း သော့ခတ်ထားသဖြင့် လူဝင် လူထွက် မရှိချေ။ တခါတရံ ခပ်ဝေးဝေးရှိ ကွင်းပြင်ကြီးမှ အကျဉ်းသားအချို့၏ ဆူဆူညံညံအသံနှင့် အကျဉ်းဦးစီးဝန်ထမ်းတို့၏ အော်သံငေါက်သံတို့ကား လေနှင့်အတူ အဆောင်ပေါ်သို့ ရောက်လာတတ်၏။ ဖိုကြီးနှင့် ထောင်မှူးအိမ်ဖက်များတွင်လည်း အလားတူ တိတ်ဆိတ်ငြိမ်သက်လျက်။ ဖိုကြီးတာဝန်ခံ ကိုအောင်ကြည် တစ်ယောက် လက်ပစ်ပိုက်ကွန်တစ်ဖုံနှင့် ချောင်းစပ်မှာ ဖားငါးရှာနေချိန် ဖြစ်လေသည်။

ကိုသက်ခိုင်ကား သစ်သားနံရံကို ကျောမှီလျက် ကျနော့်ကို မကြည့်ပဲ ရှေ့တူရူကိုသာ အာရုံစိုက်ရင်း သူ့ဇာတ်လမ်းကို ဆက်လျက်ရှိသည်။ သူသည် ပတ်ဝန်းကျင်နှင့် အကျဉ်းသားဘဝကို မေ့လျော့နေဟန်ရှိ၏။ သူပြောနေဟန်မှာ ဓမ္မကထိကရဟန်းတစ်ပါး တွေ့ဖြေချကာ တရားဟောနေပုံမျိုးနှင့် ဆင်လှသည်။ ကျောင်းဆရာတစ်ယောက် စိတ်ပါလက်ပါ စာရှင်းပြနေပုံနှင့်လည်း တူသည်။ ကျနော်ကမူ သူ့ကို ကြည့်ကာ သူ့စကားကို ငြိမ်သက်စွာ နားစွင့်လျက်ရှိ၏။ သူ့တရားကိုနာနေသူမှာ တစ်စခန်းတည်းနေ ဘဝတူ အကျဉ်းသားဖြစ်သည်ဟူသော အချက်ကိုလည်း သူ သတိပြုမိပုံ ရတော့ချေ။

“ကျနော်ဆိုတဲ့ကောင်ကလဲ နိုင်ငံရေးဆိုတဲ့ ကိစ္စတွေမှာ တောင်စပ်စပ်၊ မြောက်စပ်စပ် ပါခဲ့ဘူးသေးတယ်ဗျ။ ရည်ရွယ်ချက်ရယ်လို့ မယ်မယ်ရရ ရှိလှတယ် ဟုတ်ပါဘူး။ မတော်မတရားတာကို လက်ပိုက် ကြည့်မနေချင်ဘူး။ သူများတိုင်းပြည်တွေ တိုးတက်သလို ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုး ကြီးပွားတိုးတက်စေချင်တယ်။ ဒီလောက်ပါပဲ။ နိုင်ငံနဲ့လူမျိုးအတွက် ဘဝတစ်ခုလုံးရင်းပြီး လုံးပန်းခဲ့တာမျိုးလဲ ရှိခဲ့ပါဘူး။ ၁၉၈၈ အရေးအခင်းကာလမှာ ကျနော်ယုံကြည်သလို လုပ်ခဲ့တဲ့ ကိစ္စတစ်ခု အတွက် ဖမ်းတာ ဆီးတာ ခံခဲ့ရဖူးတယ်။



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့တဲ့ ၁၅–နှစ်ကျော်လောက်က ပေါ့ဗျာ။ ထောက်လှမ်းရေးကနေ နိုင်ငံရေးပုဒ်မ ၁၇(၁)တို့၊ ၅(ည)တို့နဲ့ ဖိတ်ခေါ်စစ်ဆေးခံရပြီး၊ သူတို့ ကျေနပ်လောက်ပြီ ဆိုမှ ပြန်ခွင့်ပေးလိုက်တော့ ကျနော်လည်း မိသားစုစီးပွားရေးဘက် ပြန်လှည့်ခဲ့တယ်။ မြင်းခြံဘက်က ကုန်သည်တစ်ယောက်က ဆပ်ပြာချက်တဲ့ ဖွဲနုဆီတွေ လိုချင်တယ်ဆိုလို့ ရန်ကုန်မှာ လေလံဆွဲပြီး တပည့်တွေ တရုန်းရုန်းနဲ့ မြင်းခြံဘက်ကို တက်ရောင်းကြရော ဆိုပါတော့။ မြင်းခြံမြို့ခံကုန်သည်လက်ထဲ ပစ္စည်းလွှဲပြီး အမြတ်တွက်ကြည့်လိုက်တော့ အဲဒီအချိန်က ပါဘလစ်ကာ တစ်စီးဘိုးလောက် မြတ်နေတယ်။ ဒီတော့ ထုံးစံအတိုင်း ပါလာတဲ့တပည့်တွေအပြင် မြင်းခြံက ကုန်သည်တစ်စုနဲ့ပါ နေ့ရော၊ ညရော အရက်လေး တမြမြ လုပ်တော့တာပေါ့။ ငွေယားလေးနဲ့ဆိုတော့ ရန်ကုန်မပြန်နိုင်သေးဘူး ဖြစ်နေတာပေါ့ဗျာ။

တစ်မနက်ပေါ့။ ကျနော်တို့ မောနင်းပက်ရာက အရှိန်လွန်ပြီး မနက် ၁၀ နာရီလောက်မှာတင် တော်တော် မူးကုန်ကြတယ်။ ဘယ်က ဘယ်လို စကားစမိမှန်းတောင် မမှတ်မိတော့ပါဘူး။ သောက်ဖော်သောက်ဖက် မြင်းခြံမြို့ခံတစ်ယောက်က "ခင်ဗျားရောက်တုန်း စွန်းလွန်းဆရာတော်ရုပ်ကလာပ်ကို ဖူးသွားအုံး။ ဒီနေ့တော့ ခင်ဗျားမူးနေပြီ နောက်နေ့ သူလိုက်ပို့မယ်"တဲ့။ ကျနော်ကလည်း ငမူးကို မူးတယ် ပြောတော့ ဘယ်ခံချင်ပါ့မလဲ။ "ဘယ်ကလာ၊ ဒီလောက်နဲ့ မူးရမှာလည်းဗျာ။ စွန်းလွန်းဆရာတော့်အကြောင်း ကျနော်ဖတ်ဘူးတယ်။ ခင်ဗျားထက်တောင် သူ့အကြောင်း ကျနော်က ပိုသိသေး" ဘာညာနဲ့ အမူးသမား ထုံးစံအတိုင်း ရစ်ပြီး လိုက်ပို့ခိုင်းတော့ ဘယ်လိုရောက်သွားမှန်းတောင် မသိပါဘူး။ ဆရာတော် ရုပ်ကလာပ်ရှိတဲ့ကျောင်းကို ရောက်သွားပါလေရောဗျာ။ အဲဒီ ကျောင်းရဲ့တည်နေရာတို့ အကျယ်အဝန်းတို့ကို ကျနော် လုံးလုံး မမှတ်မိဘူးဗျ။ ကျနော့်မျက်စိထဲမှာ စွဲထင်ကျန်ရစ်ပြီး သေချာမှတ်မိနေတာ တစ်ခုကတော့ ဘုန်းတော်ကြီး တစ်ပါးရဲ့ ခြောက်သွေ့နေတဲ့ အလောင်းရုပ်ကလာပ်ဟာ ရင်ဆို့လောက်အမြင့်ရှိတဲ့ ကုတင်ညောင်စောင်း တစ်ခုပေါ်မှာ ပက်လက်ပုံစံ ရှိနေတာကိုပါပဲ။ မှန်သားပါးပါး အုပ်ဆောင်းလိုပုံစံနဲ့ အုပ်ထားပါတယ်။

"တကာကြီးက တစ်ခြားမြို့က ထင်ပါရဲ့"ဆိုတဲ့ နောက်ဖက်နားက အသံကြားတော့မှ ကျနော့်ဘေးမှာ ဘုန်းတော်ကြီးတစ်ပါး ရောက်နေတယ်ဆိုတာ သတိထားမိတော့တယ်ဗျာ။ သက်တော် ငါးဆယ်ဝန်းကျင်လောက် ရှိမယ်။ ကျနော်လည်း ကိုယ်ရှိန်သတ်ပြီး တင်ပါ့ဘုရား လုပ်ရတာပေါ့။

"ဘယ်လိုဆေးဝါးမျိုးမှ ထိုးနှံထားတာ၊ သွင်းထားတာမဟုတ်ဘူး ဒကာကြီး ဆရာတော်ရဲ့ အကျင့်သီလနဲ့ အဓိဋ္ဌာန်ကြောင့် မပုပ်မသိုး ရှိနေတာ၊ ဘုန်းကြီးတို့


www.burmeseclassic.com

www.burmeseclassic.com

ဆရာတော့်ကို တစ်လ တစ်ခါဆိုသလို ခြေသည်း လက်သည်းတွေ ညှပ် ညှပ်ပေးရတယ်၊ ကျောင်းပကတိတွေလိုပဲ ရှည်ရှည်လာလို့၊ ဆံပင်တွေလည်း ရိတ်ပေးရတယ်" ဆိုပဲဗျ။

ကျနော်သေချာ စေ့စေ့စပ်စပ် အနီးကပ်ထပ်ပြီး စူးစမ်းလိုက်ပါတယ်၊ ဆရာတော်ရဲ့ ခြောက်သွေ့နေတဲ့ အသောင်းဟာ အပြာရောင်အနည်းငယ်စွက်နေတဲ့ ဆိုမှိုင်းမှိုင်းအရောင် ဖြစ်နေပါတယ်။ လက်မောင်းက အကြောမျှင်တွေကို ထင်ထင်ရှားရှား မြင်နေရပါတယ်။ ဆေးဝါးတစ်မျိုးမျိုးနဲ့ မပုပ်သိုးအောင် လုပ်ထားတာ မဟုတ်ဘူးဆိုတာ သိသာလှပါတယ်။ ကျနော် သေချာ စပ်စုလိုက်ပြန်တော့ ဆရာတော်ရဲ့ ညာဘက် ခြေသူ ကြွယ်တစ်ချောင်းဟာ ပြတ်ထွက်သလို ဖြစ်နေပါတယ်။

"အရှင်ဘုရား ဆရာတော့်ခြေညှိုးက ဘာဖြစ်တာပါလဲ ဘုရား" လို့ကျနော်က လျှောက်လိုက်တော့၊

"လူမသမာတွေပေါ့ ဒကာကြီးရာ၊ လောကီအစီအရင်တွေအတွက် အစွမ်းထက် တယ် ဘာညာ ဆိုပြီး လုပ်သွားကြတာပေါ့။ ဒါကြောင့် မှန်ခေါင်းအုပ်ထားရတာပဲ။" လို့ ပြန်မိန့်တယ်ဗျာ။ ဒီမှာတင် ကျနော်လည်း နည်းနည်း အထွန့်တက်လိုက်မိတယ်။

"အရှင်ဘုရား တပည့်တော်ကော မှန်ခေါင်းဖွင့်ပြီး ကြည့်လို့မရဘူးလား ဘုရား၊ တပည့်တော်က ရန်ကုန်က ဆိုတော့ ရောက်ခဲလို့ပါ။" ဆိုတော့ အဲဒီဘုန်းတော်ကြီးက...

"ခါတိုင်း ရပါတယ်။ အခု သော့ကိုင်တဲ့ဘုန်းကြီးက ရန်ကုန်ကို ကြွသွားလို့" တဲ့။ ဒီတော့ ဆရာတော့် ရုပ်ကလာပ်ကို လက်နဲ့ကိုင်ကြည့်ဖို့ အခွင့်မသာခဲ့ဖူး ဆိုပါတော့။ အဲဒီ ဘုန်းတော်ကြီးရဲ့ရှေ့မှာ ရပ်နေတုန်း ကျနော့် ခေါင်းထဲမှာ ဆရာတော့်အကြောင်း ရုတ်တရက် သတိရလာပြန်တယ်။ ဘာတဲ့ မောင်ရင်ပေါ်ချောက်။ မေးခွန်းတစ်ခု ကျနော့်ပါးစပ်ကနေ ရုတ်ကနဲ ထွက်သွားပြန်တယ်။

"အရှင်ဘုရား မောင်ရင်ပေါ်ချောက် ဆိုတာ တော်တော်ဝေးသလား" ဆိုတော့ ဘုန်းတော်ကြီးက ကျနော့်မျက်နှာကို သေချာကြည့်လိုက်ပါတယ်။ အရက်နံ့ရတာလည်း ဖြစ်နိုင်သလို မျက်နှာနီနေတာကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ဘုန်းတော်ကြီးက ဖြေးဖြေးချင်း မိန့်ပါတယ်။

"နေသိပ်ပူလွန်းတယ် ဒကာကြီး။ သိပ်တော့မဝေးဘူး တစ်တိုင်(နှစ်မိုင်)ကျော် လောက်တော့ရှိမယ်။ ဒကာကြီး သွားလို့ဖြစ်ပါ့မလား၊ သွားချင်ရင် ကျောင်းသားလေးတွေ ထည့်ပေးလိုက်မယ်" တဲ့ဗျာ။

"ရပါတယ် အရှင်ဘုရား၊ တပည့်တော် သွားနိုင်ပါတယ်။ ကျောင်းသားလေး တစ်ယောက်သာ ထည့်ပေးပါ" ဆိုပြီး စိတ်မြန်လက်မြန် ချက်ချင်းသွားဖို့ လုပ်တော့ တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ကျနော်ကလည်း ဖွတ်သမားဆိုတော့ တိုတိုပြောရရင် မောင်ရင်ပေါ်ချောက်ဆီကို ရောက်ဖြစ်ခဲ့တော့တာပါပဲ။ ဟုတ်ပါတယ်။ မောင်ရင်ပေါ်ချောက်ဆိုတာ စွန်းလွန်းဆရာတော် လူဝတ်ကြောင်ဘဝမှာပဲ တရားထူးရခဲ့တဲ့ နေရာပါ။

ပဲခင်း၊ နှမ်းခင်းတွေကို ဖြတ်ပြီး သိပ်မမြင့်လှတဲ့ တောင်တစ်ခုကို ရောက်ပါတယ်။ တောင်ဘေးမှာ သဲချောင်းလေး ရှိပါတယ်။ အဲဒီသဲချောင်းလွန်ရင် ဟိုဘက်တောင်ကုန်းတစ်ခုပေါ်မှာ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းရှိပါတယ်။ မောင်ရင်ပေါ်ချောက်ဟာ အဲဒီနေရာပါပဲ။ ကျနော့်စိတ်ထဲမှာ ဆရာတော်ဟာ ပျံလွန်တော်မူသည့်တိုင်၊ အလောင်းက မပုပ်မသိုးရအောင် ဘယ်လိုများ ကျင့်ကြံခဲ့သလဲဆိုတဲ့ သိချင်စိတ်က ကြီးစိုးနေပါတယ်။

တောင်ကုန်းလေးပေါ် တက်လာနေရင်း တောင်ခါးပန်း တစ်နေရာရောက်တော့ လိုက်ပြတဲ့ ကျောင်းသားလေးက "ဒီနေရာပဲဗျ။ ဆရာတော် တရားထိုင်ခဲ့တဲ့ ဂူ" ဆိုပြီး တောင်ခါးပန်းဘေးက လိုဏ်ခေါင်းပေါက်ထဲ ဝင်သွားတော့၊ ကျနော်လည်း နောက်ကနေ ဝင်လိုက်သွားတယ်။ အထဲမှာ အေးစိမ့်ပြီး မှောင်မဲနေပါတယ်။ လူတစ်ရပ်ကျော် လောက်သာမြင့်တဲ့ တောင်စောင်းလိုဏ်ခေါင်းပါ။ ဆက်သွားရင် တောင်စောင်းရဲ့ အခြားတစ်ဖက်ကို ပြန်ရောက်ပါတယ်။ ကျနော့်စိတ်ထဲမှာ ဒီနေရာဟာ တော်တော်ငြိမ်သက်အေးချမ်းတဲ့ နေရာပါလား။ ငါကော ဒီလိုနေရာမျိုးမှာ တရားကျင့်ခဲ့ရင် တရားထူးရနိုင်လေမလား ဆိုတဲ့ အတွေးစတွေဟာ အဆက်မပြတ် ဝင်လာနေခဲ့ပါတယ်။

ဒါပေမဲ့ဗျာ။ လောကကြီးက တော်တော်စွဲမက်ဘို့ ကောင်းခဲ့တာကလား။ ကျနော့်အတွေးဟာ အဲဒီမှာတင် တစ်စခန်း ရပ်သွားခဲ့ပါတယ်။ ဒါတွေဟာ မေ့မေ့ပျောက်ပျောက်ဖြစ်ပြီး ကျနော်လည်း အသောက်မပျက်၊ အလည်မပျက်၊ အရှုပ်မပျက်ပဲ နေလာလိုက်တာ အခု ထောင်ထဲရောက်၊ ရဲဘက်ရောက်၊ သေခါနီးပြီ ဆိုမှ ခေါင်းထဲမှာ ပြန်ပေါ်လာတော့တာပါ။

ဟုတ်ပြီ။ သေရင်တောင် မပုပ်ဘူး၊ တရားထူးကို လူအဖြစ်နဲ့လည်းရတယ်။ ဒီထက်ပိုပြီး စိတ်ဝင်စားတာက ဒါဟာ ပုံပြင်လိုလို ဒဏ္ဍာရီလိုလို ဇာတ်လမ်းမျိုး မဟုတ်ပြန်ဘူး။ မျက်မြင်ကိုယ်တွေ့။ မပုပ်မသိုးသေးတဲ့ ရုပ်ကလာပ်၊ တရားထိုင်တဲ့ဂူ၊ ဆရာတော်ပျံလွန်တော်မူတာတောင် နှစ်အားဖြင့် ဆယ်ဂဏန်းလောက်သာ ရှိသေးတာ။ သူ့ဘဝ သူ့အကြောင်းကို ပြည့်ပြည့်စုံစုံ မှတ်တမ်းရှိတယ်။ ဆရာတော်ဟာ အတန်းပညာ ချို့တဲ့တယ်။ ဘုရားစေတီတစ်ခုမှာ ကပ်လှူထားတဲ့ ဆီမီး တဖြစ်ဖြစ်မြည်ပြီး လောင်တာကို ကြည့်ပြီး၊ သေမှာ ကြောက်ရာက တရားစရှာခဲ့တယ်။ တစ်ခွန်းနှစ်ခွန်း သင်ကြားပြောပြရုံနဲ့ အသက်သေချင် သေပါစေဆိုတဲ့ မဟာယောဂီများကောင်းတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com

ဆုံးနှလုံးမူပြီး ကျင့်ခဲ့တယ်။ နောက်ဆုံး သူ တရားထူးရခဲ့တယ် ။

အဲဒီအတွေးတွေ တစဉ်တတန်းကြီး ပေါ်လာပြီးတဲ့နောက်မှာ ကျနော်ဟာ ကျနော်ဖတ်ဘူးခဲ့၊ ကြားဘူးခဲ့တဲ့၊ လူအမည် ဦးကျော်ဒင်လို့ခေါ်တွင်တဲ့ စွန်းလွန်းဆရာတော် ရဲ့လမ်းကို ကျနော့်ရဲ့သေလမ်းအဖြစ် ရဲရဲကြီး ရွေးလိုက်ပါတော့တယ်။

ငါဟာ ယောက်ျားစင်စစ်ဖြစ်တယ်။ ဒီလမ်းဟာ သူတော်ကောင်းတွေရဲ့လမ်း ဖြစ်တယ်။ အရှုံးမရှိတဲ့လမ်း ဖြစ်တယ်။ မောင်ရင်ပေါ်ချောက်ကို ငါမသွားနိုင်ပေမဲ့ ဒီအောက်စခန်းမှာပဲ ငါကျင့်မယ်။ သေခြင်းတရားဟာ မင်းလားဟော့လို့ ကျနော့်စိတ်ထဲမှာ အထပ်ထပ်ကြွေးကြော်ပြီး အဲဒီနေ့မှာပဲ ကျနော်ဟာ ဖြစ်ပျက်ဆိုတာကို တွေ့လာမဲ့ လမ်းမပေါ်ကို တက်ခဲ့ပါတော့တယ်။

ကျနော်ဆုံးဖြတ်ချက်ချပြီးတာနဲ့ သိမ်းထားတဲ့ အရက်ပုလင်းတွေကို ထုတ်လိုက်တယ်။ နေဦး၊ ဒီနေရာမှာ အရက်ပုလင်းတွေ အကြောင်းပြောရအုံးမယ်။ ကျနော့်စိတ်ထဲမှာ အိပ်မရတဲ့ညတွေ များလာတဲ့အခါ သောက သိပ်ဖိစီးရာကနေ ငါရူးများသွားမလား ဆိုပြီး အစိုးတမ်း တကြောင့်ကျကျ ဖြစ်နေခဲ့တယ်။ အရက်ကလေး ဆောင်ထားရင် စိတ်ငြိမ်သွားအောင် လုပ်နိုင်မယ်ဆိုပြီး စိတ်ထဲမှာ စွဲနေခဲ့တယ်ဗျာ။ ဒါကြောင့် သွားလေရာမှာ အရက်ပုလင်းပါအောင် ကိုယ်နဲ့မကွာ ဆောင်ထားလေ့ရှိတယ်။

ထောင်ပါ ဆိုနေမှ အရက်ကို သိပ်တင်းကျပ်တာပေါ့ဗျာ။ သို့သော် ကျနော့် အနေအထားနဲ့ ငွေကြေးပံ့ပိုးနိုင်မှုကို စခန်းတာဝန်ခံ ထောင်မှူးက ရှိန်နေတာကြောင့် မသိချင်ယောင်ဆောင်နေပုံ ရပါတယ်။ ကျနော် သိမ်းထားတာကလည်း ပုလင်းကြီးတွေ မဟုတ်ပါဘူး။ စီပလပ် (C-plus) လို့ခေါ်တဲ့ ပလပ်စတစ် အချိုရည် ပုလင်းပုလေးတွေနဲ့ ထည့်သိမ်းထားတာ။ မိသွားခဲ့ရင်လည်း ဝိနည်းလွတ်အောင်လည်း ပါတာပေါ့။ အရက် တစ်ပုလင်းကို တစ်လုံးလို့ခေါ်တော့ အဲဒီစီပလပ်တစ်ဗူးဟာ တစ်စိတ်နီးပါး ရှိတယ် ဆိုပါတော့။တစ်ခါသောက် အနေတော်ပဲ။ သုံးဗူးလောက်ဆို ကျနော် ရေချိန်ကိုက်တယ်။ အဲလိုသောက်လို့ မျိုကျပြီး နည်းနည်း အိပ်နိုင် တယ်ပေါ့။ ဟိုတုန်းက စံချိန်ကို ပြောတာ ပါဗျာ။

အရက်ဖြတ်ဖို့ ဆုံးဖြတ်ပြီးတာနဲ့ တပြိုင်နက် ဘုတ်ဆင်းပြန်လာတဲ့ မင်းနောင် ဆိုတဲ့ စစ်ပြေးကို ခေါ်ပြီး "မင်းပဲ သောက်လိုက်" ဆိုတော့ ကျေးဇူးတင်လွန်းလို့ မင်းနောင်ဟာ ထိုင်တောင် ရှစ်ခိုးမတတ်ပဲ။ သူက မေးသေးတယ်။ ဆရာကြီး မလုပ်တော့ ဘူးလားတဲ့။ ကျနော်လည်းဘာမှ ပြန်မပြောတော့ဘူး။ ကြည့်လုပ်အုံး ထောင်မှူးသိလို့ မကောင်းမိနေအုံးမယ်လို့ သတိပေးလိုက်ရတယ်။ အားလုံးပေါင်း ရှစ်ဗူးလောက် ရှိမယ်။ ဒီနေရာမှာ ကျနော်တစ်ခု ပြောရအုံးမယ်။ ကျနော်ဘာကို ဆုံးဖြတ်ထားတယ်၊ ဘာလုပ်



www.burmeseclassic.com

www.burmeseclassic.com

မယ်ဆိုတာ ဘယ်သူ့ကိုမှ ဖွင့်မပြောခဲ့ဘူး။ အဆုံးပြောရရင် နှစ်ပါတ်တစ်ခါ ထောင်ဝင်စာ လာတွေ့တဲ့ ဇနီးဖြစ်သူကိုတောင် ဖွင့်မပြောဘူး။ ကျနော့်ရင်ထဲမှာ ဆုံးဖြတ်ချက်က သိပ်ခိုင်မာနေပါပြီ။

ငါ ဘာမှမတတ်ဘူး။ သို့သော် တကယ်လုပ်ရင် ဖြစ်ရမယ်။ တကယ်ဖြစ်အောင်လည်း ငါလုပ်မယ်လို့သာ ထပ်တလဲလဲ သန္နိဋ္ဌာန်ချနေတယ်။

တစ်ဆက်တည်းပဲ ကျနော် အကောင်းဆုံးပြင်ဆင်မှုတွေကို ခေါင်းအေးအေးနဲ့ စီစဉ်တယ်။ လမ်းလယ်မှာ ခါးပြတ်မသွားအောင် ရေရှည်လေ့ကျင့်နိုင်အောင် ဇယားဆွဲတယ်။ ဥပမာ အိပ်ဆေးတွေကိစ္စ။ နေ့စဉ် တစ်ည တစ်ည သောက်ရတဲ့ အိပ်ဆေးက စုစုပေါင်း ဆယ့်သုံးလုံး။ ရောင်စုံဆေးတွေ။ အလုံးရော၊ အပြားရော၊ လေးထောင့်တွေရော၊ သုံးထောင့်တွေရော စုံလို့။ ကျနော်က ဆေးတွေကို အပြင်းအပျော့ ရွေးတယ်။ အမျိုးအစားခွဲတယ်။ အပြင်းဆုံးဆေးရဲ့ ဆေးပြားတစ်ဝက်ကို နေ့တိုင်းလျှော့ဘို့ ဆုံးဖြတ်လိုက်တယ်။ ပုံမှန်လျှော့သွားနိုင်ခဲ့ရင် တစ်လလောက်ဆို ကျနော်ဆေးပြတ်ပြီပေါ့။ အရက်ကိုတော့ ဘယ်နည်းနဲ့မှ မသောက်တော့ဘူးလို့ စိတ်ဆုံးဖြတ်လိုက်တယ်။

ဟုတ်ပြီ။ ဘယ်လိုစမလဲ။ ကျနော် နားလည်သလိုပဲ စမယ်။ မသိရင် မေးမယ်။ ဘယ်သူ့ကိုမဆို ကြီးသည် ငယ်သည်မရွေး ကျနော်တပည့်ခံမယ်။ ပထမဆုံးနေ့မှာ အချိန်ဘယ်လောက်ကြာကြာ လေ့ကျင့်မလဲ ဆိုတာကို ကျနော့်ကိုယ်ကျနော် အကဲခတ်ပြီး ဆယ့်ငါးမိနစ်လို့ ဆုံးဖြတ်တယ်။ သို့သော် အဲဒီ ဆယ့်ငါးမိနစ်မှာ သေချင်သေပေ့စေ။ သေလောက်တဲ့ကိစ္စဖြစ်ရင်တောင် ငါ မရပ်ဘူးလို့ ဆုံးဖြတ်ခဲ့တယ်။

မှန်ပါတယ်။ ခင်ဗျား အခုနားထောင်နေတော့ ဆယ့်ငါးမိနစ်များကွာလို့ ရယ်စရာဖြစ်ပါလိမ့်မယ်။ စိတ်ရောကိုယ်ပါ ထောင်းထောင်းကြေနေတဲ့ ကျနော့်အတွက်တော့ မလွယ်လှဘူး။ ဘေးလူတွေအားလုံး အိပ်တဲ့အချိန် ည ၁၁ နာရီမှာ ကျနော် အလုပ်စတယ်။

ဘယ်လို စသလဲ။ ဟုတ်လား၊ ဦးကျော်ဒင့်နည်းပေါ့ဗျာ။ ဦးကျော်ဒင်က တရားမှတ်ချင်တယ်။ မမှတ်တတ်လို့ပါ ဆိုတော့ စာရေးကြီးဦးစံသိန်းဆိုတဲ့လူက ဝင်လေ၊ ထွက်လေ မှတ်ပေါ့ဗျာလို့ ပြောတာနဲ့ ဦးကျော်ဒင်က ကုလားထိုင်ပေါ်သွားပြီး၊ ဟင်း၊ ဝင်တယ်။ ဟင်း၊ ထွက်တယ်။ စမှတ်တော့တာပေါ့။ ကျနော်လည်း ဒီနည်းပေါ့။နောက် သူ့သူငယ်ချင်းတစ်ယောက်က ကိုကျော်ဒင် တဟင်းဟင်းနဲ့ ဘာလုပ်နေသလဲ ဆိုတော့ တရားမှတ်တာပေါ့ဗျာတဲ့။ ဒီတော့ သူက သိနေအောင်လည်း အသိလိုက် ရတယ်ဗျ ဆိုလို့ ထွက်တဲ့လေ။ ဝင်တဲ့လေတိုင်းကို သိအောင် လုပ်ခဲ့တယ်တဲ့။ ကျနော်လည်း ဒီနှစ်ခွန်းနဲ့ပဲ စလုပ်တယ်။ ဘုရားရှစ်ခိုးကတော့ လူတိုင်းလို ဩကာသပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com

ခါးသီလကလည်း သူလိုကိုယ်လို ယူလိုက်တာပါပဲ။ သို့သော် ကျနော်ဟာ ထားတဲ့သီလကို ထိန်းဖို့ ခိုင်ခိုင်မာမာ ဆုံးဖြတ်ပြီး လုပ်နေတာဗျ။ ကတော့ ငါးမိနစ်မပြည့်ခင် စတော့တာပါပဲ။ ငယ်ငယ်က ခါးနာထား တဲ့ဒဏ် ပြန်ပေါ်လာတယ်။ ခါးထဲကနေ မခံနိုင်အောင်နာလာတယ်။ အရင်တုန်းက သောက်ခဲ့တဲ့ ရက်တွေ။ ဆေးတွေဒဏ်ကြောင့် ထင်ပါရဲ့။ ပါးစပ်ထဲက သွားရည်တွေ တမြားမြား လာတယ်။ ကွင်းလယ်ခေါင်မှာ ဆောက်ထားတဲ့ တဲတန်းလျားရှည်ကြီး ထဲမှာ တစ်ရာနီးပါးလောက် ထားတာဆိုတော့ ပူလွန်းလို့ မခံနိုင်ဘူး။ ကျနော့် တစ်ကိုယ် ဟာ သွားရည်တွေ၊ ချွေးတွေနဲ့ ရွှဲနစ်နေတော့တယ်။ ဝတ်ထားတဲ့ ပုဆိုးပေါ်ကို နေတဲ့ ချွေးတွေ သွားရည်တွေကို ကျနော်ဂရုမစိုက်ဘူး။ ငါ ဒီဆယ့်ငါးမိနစ် တ်မှ တောင့်မခံနိုင်ရင် ဘာ ယောဂီအကောင်းလဲကွာဆိုပြီး အားတင်းတယ်။ နေ့ဟာ အောင်မြင်စွာ ပြီးဆုံးခဲ့တယ် ဆိုပါတော့။ တစ်ခုပြောစရာ ရှိတာက အဝတ် တစ်စုံလုံး သွားရည်တွေ ချွေးတွေနဲ့ ရွှဲအိုင်နေတာကြောင့် လေ့ကျင့်ခန်း ပြီးတဲ့ မှာ အသစ်တစ်စုံ ပြန်လဲရတယ်။

အဲဒီညက ကောင်းကောင်းတော့ အိပ်မပျော်ခဲ့ဘူး။ မပျော်လည်း ကျနော် ဂရုမစိုက်တော့ဘူး။ မင်းဖာသာ အိပ်ပျော်ပျော် မပျော်ပျော် လုပ်ရမဲ့အလုပ်တော့ လေနဲ့ဆိုပြီး ကိုယ့်ကိုယ်ကို ဆုံးမတယ်။ နောက်တစ်နေ့မှာတော့ မိနစ်နှစ်ဆယ်။ တစ်နေ့ နှစ်ဆယ့်ငါးမိနစ်။ တဖြည်းဖြည်းချင်း ချိန်ဆပြီး အချိန်ကို တိုး သွားတယ်။ တစ်ပါတ်လောက်ကြာတော့ နာရီဝက် ခံနိုင်လာတယ်။ နာရီဝက်နဲ့ ပါတ် လောက် ကြာခဲ့တယ်ထင်ပါရဲ့။

ကျနော့်မှာ ငယ်ငယ်ကတည်းက အကျင့်တစ်ခု ရှိတယ်ဗျ။ လုပ်မယ်ဆိုရင် အောင် လုပ်တတ်တဲ့ အကျင့်ပေါ့။ မဆုတ်မနစ်၊ မလျှော့တမ်းလုပ်တတ်တဲ့ အကျင့် ယ်။ ဆုံးဖြတ်ထားတာတစ်ခု မပြီးရင် မနားဘူး၊ မစားဘူး၊ မအိပ်ဘူး ဆိုတဲ့ မျိုးပေါ့။

သုံးပါတ်လောက်ကြာတော့ ကျနော်လုပ်နေတာကို ကျနော်ကိုယ်တိုင် လိုအားမရ ဖြစ်လာတယ်။ တစ်နေ့ နာရီဝက်နဲ့ကွာ၊ လိပ်သွား သွားနေသလိုပဲ။ ပြီး တင်းလိုက်ရင် ကောင်းမယ်ဆိုပြီး နေ့ဖက်မှာပါ အသက်ရှူတာကို သတိနဲ့ ကြည့်တယ်။ ဝင်လေ၊ ထွက်လေကို နေ့ဖက်မှာ တစ်နာရီလောက်ရအောင် လူမသိ သိ မှတ်နေတယ်။ ဓနိုးလုပ်သူကတောင် မေး မေးနေတယ်။ ရှင် ဘာဆေးတွေ ပြန်ပြီလဲတဲ့။ ကျနော်က ဘာမှ ပြန်မဖြေလိုက်ပါဘူး။ တကယ်ဆို အဲဒီကာလတုန်း ကျနော့်စိတ်ထဲမှာ အိပ်ချိန် စားချိန်ကလွဲရင် ကျန်တဲ့အချိန်အားလုံးကို တရစပ်တည်း



www.burmeseclassic.com

www.burmeseclassic.com

သိနေအောင် မှတ်လိုက်မယ်ဟဲ့ ဆိုတာမျိုးအထိ စိတ်ကူးခဲ့ဖူးတယ်။ ဒါကြောင့် ဘယ်အရာမှ အစွန်းမရောက်စေနဲ့လို့ ကိုယ့်ကိုယ်ကို ပြန်ပြန်သတိပေးနေရတယ်။ ကျနော့်စိတ်ထဲမှာဗျာ၊ ဘယ်လောက်တောင် ထက်သန်နေသလဲဆိုရင် ဒီရဲဖက်စခန်းနဲ့ လေးငါး မိုင်လောက်ဝေးတဲ့ ကွင်းပြင်ကြီးထဲမှာ ရဲဘက်တစ်ယောက်တည်းကို သီးခြားတာဝန်ပေးထားတဲ့ လယ်စောင့်တဲကို သွားပြီး ဧကစာရီ ကျင့်မယ်ဆိုတဲ့ စိတ်ကူးမျိုး ပေါ်လာတဲ့အထိပါပဲ။ အဲဒီ လယ်စောင့်တဲအကြောင်း ဘေးကြယ်ကြီး ဦးမြဖေကို မေးမြန်းကြည့်တော့ သွားရေးလာရေး၊ စားရေးသောက်ရေး အခက်အခဲတွေ အပြင် မြွေအန္တရာယ်နဲ့ နေဖူးတဲ့သူ တော်တော်များများဟာ ကြောင်တောင်တောင် ဖြစ်ကုန်ကြတယ် ဆိုတာနဲ့ ကိုယ့်ကိုကိုယ် ပြန်ဘရိတ်အုပ်လိုက်ရတယ် ဆိုပါတော့။

နောက်ဆယ့်ငါးရက်လောက်ကြာတော့ စခန်းရှေ့မှာ ကျနော့်ပိုက်ဆံနဲ့ ကျနော် တဲတစ်လုံးထိုးတယ်။ ထောင်မှူးကို ငွေနှစ်သောင်းပေးပြီး ထိုးတာ ကျနော့်အတွက် တော်တော် ဟန်ကျသွားတယ်။ စားချိန် အိပ်ချိန်ကလွဲရင် ကျနော် လေ့ကျင့်ခန်းကို လွတ်လွတ်လပ်လပ် လုပ်နိုင်သွားတယ်။ ထောင် အလုပ်တွေလား။ ကျနော်က လခပေးပြီး ဘာမှမလုပ်ပဲ နေတာလေ။ တစ်ခါတစ်ခါ ကိစ္စကြီးငယ်ပေါ်မှ ထောင်ပိုင်တို့ အကျဉ်းဦးစီးက ညွှန်မှူးတို့လာမှ နည်းနည်း အနေကျပ်တာပါ။

ဒီလိုနဲ့ တစတစ ကျနော် အိပ်ပျော်လာတယ်။ ကျနော့်ဘဝမှာ နှစ်နှစ်ခြိုက် အိပ်မရခဲ့တဲ့ညတွေ အများကြီးရှိခဲ့တယ်။ အိပ်မရတဲ့ညတွေ ရက်ဆက်ဖြစ်တုန်းကဆို နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်ရရင် သေပျော်ပြီ လို့တောင် တွေးခဲ့ဘူးပါရဲ့။ အဲဒီလို ရက်ပိုင်းတွေမှာ လေ့ကျင့်ခန်းဝင်နေတုန်း ညောင်းညာနာကျင်လာတဲ့အခါ ထိုင်နေတဲ့ ပုံစံကို ပြောင်းလို့ရ၊ မရ ကျနော်သေချာမသိတာနဲ့၊ လွယ်တာနဲ့ ခက်တာဆိုရင် ခက်တာကိုပဲ ရွေးတတ်တဲ့ ကျနော်ဟာ ပုံစံမပြောင်းတဲ့လမ်းကို ရွေးလိုက်တယ်။ ကျနော့်အရပ်အမောင်းနဲ့ ထိုင်တာကြာလာတော့ တဖြည်းဖြည်း ရှေ့ကို ငိုက်ငိုက် ကျလာတော့တာပေါ့ဗျ။ ငိုက်လဲ ငိုက်လျက် အတိုင်း ဆက်မှတ်တယ်။ ငိုက်ရာက တဖြည်းဖြည်း ကျနော့်နဖူးဟာ ကြမ်းပြင်ကို သွားထိတဲ့အခါမျိုးတောင် ရှိပါ့ဗျာ။ ကျနော်လည်း မပြင်ဘူး။ အဲဒီအတိုင်း ဆက်မှတ်တာပဲ။

ဒီလိုနဲ့ တစ်လကျော်လောက်ကြာသွားတယ်ဗျာ။ ကျနော်ကတော့ လေ့ကျင့်ခန်းကို မရပ်မနား လုပ်မြဲပဲ။ ကျနော်တို့စခန်းနဲ့ တစ်မိုင်လောက်မရှိတရှိမှာ အကျဉ်းသားတွေ ဈေးဝယ်နေတဲ့ အပျိုကြီး ကြည်ကြည်ဌေးရဲ့ဈေးဆိုင် တဲလေး ရှိတယ် မဟုတ်လား။ မိုးတွင်းတော့ မဖွင့်ဘူး။ နွေအခါ လယ်ကွင်းမှာ စပါးရိတ်ပြီးချိန် လာဖွင့်တာ။ တစ်နေ့ပေါ့ဗျာ။ ဆောင်းအကူးမို့ နှင်းကြွင်းနဲ့ နေခြည်ကြားမှာ ကျနော်



www.burmeseclassic.com

www.burmeseclassic.com

အချိုကြီးဆိုင်ဘက်ကနေ ဒီရဲဘက်စခန်းကို မနက် ၁၀ နာရီလောက်၊ တစ်ယောက်တည်း လမ်းလျှောက်ပြန်လာတယ်။ ထုံးစံအတိုင်း အသက်ရှူတာတော့မှတ်လျက်ပဲ။ လမ်းတစ်ဝက်လောက်အရောက် ကျနော့်စိတ်ထဲမှာ ကျုပ်ရှူနေတဲ့လေဟာ အရမ်းပေါ့ အလိုဖြစ်လာတယ်။ ဟာ၊ ဘာဖြစ်တာလဲ ။ ထူးဆန်းလှချည့်လား။ လေကိုရှူရတာ ပေါ့ပြီး အသက်မှ ငါရှူသေးရဲ့လားလို့ စိတ်ထဲမှာသံသယ ဖြစ်လာတယ်။ အေးဗျာ။ ကျနော့်ဘဝမှာ အသက်ကိုအေးအေးနဲ့ ဖြည်းဖြည်းမရှူနိုင်ခဲ့တာ ကြာပါပြီ။ ထောင်ထဲဝင်ခါစကဆို ကျနော့်နှလုံးသားတည့်တည့်ကို သံချောင်းမီးဖုတ်ပြီး ထိုးထားသလို ခံစားခဲ့ရတယ်။ ရှူသွင်းရှူထုတ်တဲ့လေတိုင်းမှာ နာကျည်းမှု၊ ဒေါသ၊ မာနတွေနဲ့ အမြဲပူပြင်း၊ လောင်မြိုက်နေခဲ့တာကလား။

ဘာလဲ ခင်ဗျားက ဖြစ်ပျက်ကို တွေ့ပြီလို့ ထင်သွားသလား။ မဟုတ်သေးဘူးဗျ။ ဒါတာ အခုမှ အစပဲရှိသေးတာ။

အော်.. ။ အိပ်ဆေးတွေ ကိစ္စလား။ ကျနော်တွက်ထားသလို တစ်လနဲ့တော့ ဆေးလုံးပြတ်မသွားဘူးဗျ။ နောက်ဆုံးလေးလုံးစီ ညစဉ်သောက်ရတဲ့ အခြေအနေ ရောက်အခါတော့ တစ်နေ့တစ်လုံး လျှော့ဘို့ဆိုတာ အခက်အခဲ ရှိလာတယ်။ ဒီတော့ တစ်နေ့ကို တစ်ပြားရဲ့ လေးပုံတစ်ပုံ (တစိတ်) လျှော့တဲ့ နည်းကို သုံးရပြန်တယ်။ ဒီနေရာမှာလည်း ကျနော်ဖြတ်ကျော်ခဲ့တဲ့ ဘဝနဲ့ ဆိုင်လိမ့်မယ်။

ကျနော်ဟာ မူးယစ်ဆေးဝါးသမားတော့ မဟုတ်ဘူး။ သို့သော် အစုံလုပ်ဘူးတယ်။ အကြောထဲ ထိုးသွင်းတာ တစ်ခုပဲ မလုပ်ဘူးတာ။ ဘာဖြစ်လို့ လုပ်ခဲ့သလဲ ဟုတ်လား။ ကျနော့်ရဲ့စိတ်စွဲရောဂါ ထင်ပါရဲ့။ ကျနော်က မွေးရာပါ စိတ်အစွဲအလန်းကြီး တတ်တဲ့သူ။ တစ်ခုခု မြင်ရ၊ ကြားရ၊ ခံစားရရင် ပေါက်ကွဲခံစားလွယ်တယ်။ ဒီတော့ ဆေးတစ်ခုခု သုံးလိုက်ရင် ငြိမ်သက်ပြီး ဖိမ်ကျနေတာကို သဘောသိပ်ကျတယ်။ နောက်တစ်ခုက ဆရာကြီးရွှေဥဒေါင်းအဘိုးရဲ့ ဩဝါဒကို တလွဲသုံးနေတာလည်း ပါသဗျာ။ ဘာတဲ့ယောက်ျားဆိုတာ စုံမှတဲ့။ အော်....ခင်ဗျားက အဲဒီစကားကို ဆရာကြီးရွှေဥဒေါင်းပြောတယ်လို့ အမှတ်မှားနေသလား။ တသက်တာအတွေးအခေါ် မှတ်တမ်းမှာ ပြန်ရှာဖတ်ကြည့်ပေတော့။ အမှန်က သူ့အဘိုးပြောခဲ့တာတဲ့ဗျ။

သုံးခဲ့တဲ့ဆေးတွေကတော့အစုံပေါ့ဗျာ။ အခုခေတ်မှာ သုံးနေကြတဲ့ ခေါင်းခါဆေးတို့ဘာတို့က ကျနော်တို့ ခေတ်တုံးက မပေါ်သေးဘူးထင်ပါ့။ ကျနော်တို့ ခေတ်မှာ အများဆုံးသုံးတာကတော့ ဖင်ဆီဒိုင်းပဲ။ ဒုတိယ လိုက်တာက ကွန်မယ်သာဇင်။ နှစ်ခုစလုံး ချောင်းဆိုးပျောက် ဆေးတွေပေါ့။

ဘီပီအိုင်ကထုတ်တဲ့ ကွန်မယ်သာဇင်က အရင်လာတာဗျ။ သမဝါယမဆိုင်တွေ



www.burmeseclassic.com

www.burmeseclassic.com
က ချောင်းဆိုးပျောက်ဆေး ဆိုပြီး ခွဲတမ်းထဲမှာ ထည့်ရောင်းတယ်။ ဆိုင်မှာလည်း တင်ရောင်းတယ်။ အိန္ဒိယကဝင်တဲ့ ဖင်ဆီဒိုင်းကတော့ အပြင်ဈေးကွက်မှာ ဖောဖောသီသီ ရတယ်။

ဘာတဲ့၊ ဖင်ဆီဒိုင်း သောက်တာကို ငါးစားတယ်။ ကွန်မယ်သာဇင်ကျတော့ ကွန်ပစ်တယ် တဲ့။ ပေါသလား မမေးနဲ့ဗျာ။ ကွန်မယ်သာဇင်၊ ဖင်ဆီဒိုင်း ခေတ်ဦးကဆိုရင် တစ်ပုလင်းကို ဗမာငွေ လေးငါးကျပ်နဲ့ ရတယ်။ ပုလင်းဆိုတာ လစ်ပိုပုလင်းပုံစံ ပုလင်း တွေ။ နောင်တော့ဗျာ လူငယ်လူလတ် အများစုက အားပေးလိုက်ကြတာ တစ်ပုလင်းကို လေးထောင် ငါးထောင်ဖြစ်။ မူးယစ်ဆေးဝါး စာရင်းထဲ အသွင်းခံရတဲ့အထိ ဖင်ဆီဒိုင်း ခေတ်ကြီးတခေတ်ဖြစ်ခဲ့တာပေါ့ဗျာ။

ဘာကောင်းသလဲ ဟုတ်လား။ ကောင်းသလားမမေးနဲ့ဗျာ။ ဖင်ဆီဒိုင်းကော ကွန်မယ်သာဇင်ကော စိတ်ငြိမ်တယ်ဗျ။ ပိုရှင်းအောင် ပြောရရင် စိတ်ကူးလို့ကောင်းတယ် သောက်ထားရင် စိတ်ကူးသမျှ အားလုံးတကယ်ဖြစ်နေသလိုပဲ။ လူငယ်တွေ ကြိုက်တာက ဒါသောက်ထားပြီး သီချင်းဆိုတဲ့အခါ၊ စကားပြောတဲ့အခါ ရှာန်ဝင်လို့ဆိုပဲ တချို့ကလည်း ဒါလေးလုပ်ထားပြီး ကိုယ်မျှော်လင့်နေတဲ့ မိန်းကလေးနဲ့ စကားပြောတဲ့အခါ မိန်းခလေးတွေက ကြွေတယ်ဆိုပဲ။

အမှန်တော့ ကြွေလို့ကောင်းတယ်ဆိုတာ ငါးစားထား၊ ကွန်ပစ်ထားရင် စိတ် ငြိမ်နေတော့ ကိုယ်ပြောချင်တဲ့စကားကို တဖက်မိန်းကလေး ရိပ်ပတ်လည်အောင် ပြောထွက်တာကို ဆိုလိုတာပါဗျာ။ ငနဲ တော်တော်များများ ကျနော်အပါအဝင်ပေါ့ ကိုယ်တကယ် ခိုက်နေတဲ့မိန်းမနဲ့တွေ့ရင် ခွေးအ လှည်းနင်းကြတာ များတာကို ပြောဘို့စိတ်ကူးထား တာက တခြား၊ ပြောတာ ကတခြား ဖြစ်သွားတတ်တာ မမှတာကို ဒီတော့ မြန်မာလူငယ် လူတန်းစားမျိုးစုံ၊ လူလည်ရော လူရှုပ်ရော၊ အေးအေးဆေးဆေး သမားရော၊ ကုတ်ကမြင်းတွေရော၊ လက်ဝဲယောင်ယောင်၊ လက်ယာယောင်ယော နိုင်ငံရေးကို စိတ်ဝင်စားတဲ့ လူငယ်နိုင်ငံရေးသမားပေါက်စတွေရော အားလုံးလို အဲဒီခေတ် အခါတုန်းက အဲဒါတွေနဲ့ မကင်းခဲ့ကြဘူး။ အနုပညာသည်တွေ၊ စာရေးဆရာ ကဗျာဆရာတွေကအစပေါ့ဗျာ။ ထားလိုက်ပါတော့။ ဒါက စကားကြုံလို့ ပြောဖြစ်တာပါ

အရက်အကြောင်း ဟုတ်လား။ အော်.. လာပြန်ပြီ ဒီအရက်အကြောင်း။ အမှန် ကျနော်ဟာ အရက် ဆန့်ကျင်ရေးသမားဗျ။ ကျနော့်အဖေ အရက်သောက်တုန်း အဖေရယ် အရက်ကို ခွေးတောင် မသောက်ဘူး လို့ပြောခဲ့ဘူးတယ်။ ကျနော့်အဖေ ခပ်ပေါ့ပေါ့မထင်နဲ့။ ယောက်ျားရင့်မကြီး အချင်းချင်းတောင် ရဲရဲမကြည့်ဝံ့လောက်အော တည်ကြည်တာ၊ အိန္ဒြေကြီးတာ၊ ကျနော်က အဲသလို ပြောလိုက်တော့၊ သိပ်စိတ်


www.burmeseclassic.com

www.burmeseclassic.com

စိတ်ဆတ်တဲ့ အဖေဟာ တချက်ငေးငိုင်သွားပြီး အေးကွာ၊ မင်း ကြီးလာတော့ သိလာပါ လိမ့်မယ်တဲ့။ ဒါလောက်ပဲပြောပြီး ငြိမ်သွားတယ်။ အမှန်က ကျောင်းစာတွေမှာ အထိုက်အလျောက်ထူးချွန်တဲ့ ကျနော့်ကို အဖေက ချစ်ရှာလွန်းလို့ ဘေးမဲ့ပေးခဲ့တာဗျ။ ဒီတော့သော် ဝဋ်ကတော့နောက်ဘဝ မကူးပါဘူးဗျာ။ ဒီဘဝမှာတင်လည်တော့ တာပါပဲ။

တဖြည်းဖြည်းအရွယ်ရောက်လာ ဆရာအတတ်သင်ကျောင်းသားဖြစ်လာတဲ့ ကျနော်ဟာ ကျနော့်ထက် အသက်ကြီးတဲ့ သူငယ်ချင်းတွေနဲ့ တွဲမိရာက အရက်သမား ဖြစ် လာတော့တာပဲ။ ကန့်ကူလက်လှည့် ဆရာတွေကတော့ ပဲခူးတိုင်း ဘောလုံး အသင်းရွေးစင် မောင်သောင်းတို့၊ တင်ဝင်းတို့၊ ကျောင်းဆရာ ကိုတင်အေးတို့ပေါ့ဗျာ။ အဲဒီ အရက်ကို စသောက်တော့ ကျနော့် အသက်(၁၉)နှစ်လောက်ပဲရှိအုံးမယ်။ သူတို့က ကျနော့်ကို “ဟေ့ကောင် ငတုံးလေး၊ အရက်ဆိုတာ လူ့ဘုံမှာသာ ရတာကွ။ သုံးဆယ့်တစ်ဘုံမှာ ဘယ်ဘုံမှာမှ အရက်မရဘူး။ အရက်ဆိုတာ လူဖြစ်တုန်း သောက်ရတာ။ မင်း ပုံစံက ဂန့်ဒူးလိုလို ဘာလိုလိုနဲ့” ဆိုပြီး မျိုးစုံတွန်းကြတာပေါ့ဗျာ။ ကျနော်ကလည်း ထစ်ကနဲရှိ မခံချင်စိတ်က ငယ်ထိပ်တက် တတ်တဲ့ကောင်ဆိုတော့။ ထဲ ထည့်စမ်းပါဗျာ။ ကျနော့် သွေး ဘယ်လောက်နီသလဲ ဆိုတာကြည့်ပေတော့ ဆိုပြီး အလွဲဆံပင် ကောင်းခဲ့ရာက အရက်သမားဘဝ စခဲ့တော့တာပဲ။ ဆရာအတတ်သင်က ထွက်ခင်းတော့ ကျောင်းဆရာဘဝမို့ သောက်တယ်ဆိုပေမဲ့ ခွက်ပုန်းပေါ့ဗျာ။

နောက် ပညာရေးဌာနကနေ အလုပ်ထွက်ပြီး ကိုယ်ပိုင်လုပ်ငန်းလေးနဲ့ ဖြစ် လာတော့ အရက်ကို လွတ်လပ်စွာသောက်သုံးခွင့် ရလာပါလေရော။ တစတစပေါ့ဗျာ။ အပေါင်းအသင်းကလည်းစုံလာ။ သောက်တဲ့ အကြိမ်များလာ။ နှစ်ကာလ ကြာလာတော့ ကျနော်ဟာ အရက်မှာ မာစတာတန်းလောက် ဖြစ်လာတယ်။ ကျနော့်ပင်ကိုယ် အရည်အချင်းကလည်း အထိုက်အလျောက်ရှိတော့ တဖြည်းဖြည်း၊ အရက်နဲ့ ပတ်သက်တဲ့ သင်ခန်းစာတော်တော်များကို ဆရာဖြစ်အဆင့် လောက်တတ်လာတယ်။ ဘယ်အရက်ကို ဘာနဲ့တွဲသောက်ရမယ်။ ဘာအမြည်းနဲ့ သောက်ရမယ်။ ဥပမာ ဂျင် အရက်ကို တော်နစ်ဝါတားနဲ့စပ်တာ။ သံပုရာဝိုင်းလေး အပြားလိုက် ဖန်ခွက်ထဲ ထည့်ထားရတာ။ ဘီယာကို ရမ်နဲ့ရော မသောက်ရတာ ကအစ။ ဘယ်လိုလူမျိုးကို ဘယ်အရက်နဲ့ဧည့်ခံရမယ်။ ဘလူးလေဘယ်လား၊ အက်စ်ဆိုလား၊ ဗော်ဒကါလား၊ ကော့ညက်လား၊ ဟင်နဆီလား၊ ဂျော်နီလမ်းလျှောက်လား၊ ထွေးညီဆိုတဲ့ တောအရက် လား ဒါကလည်း ချမ်းသာတာ၊ ဆင်းရဲတာ၊ ပညာတတ်တာမတတ်တာနဲ့ မဆိုင်ပြန်ဘူး။ ကိုယ့်အကြိုက်နဲ့ ကိုယ်။ တချို့ဆို သိပ်ချမ်းသာပြီး ရာထူးကြီးပေမဲ့ ဘီအီးဒီစီက လွဲလို့ ဘာကို ကျိုပြီး အရက်ထဲထည့်တိုက်ရင်တောင် မကြိုက်တဲ့ သူတွေ၊ ဒုနဲ့ဒေးဗျ။



www.burmeseclassic.com

www.burmeseclassic.com

နောက်ပြီး လူကြီးလူကောင်းအရက်ဝိုင်းတွေမှာ ဘာပြီးရင် ဘာမှာရမယ်။ ဘယ်သူက ပုလင်းကို ဖွင့်ရမယ် ဆိုတာကအစ အရက်ဝိုင်း ဥပဒေသ မျိုးစုံကို ကျနော် ကျွမ်းကျွမ်းကျင်ကျင် တတ်လာခဲ့တယ်။ အကုန်သာ ရေးပြရရင် ဖြစ်ပျက် အကြောင်းက နေ အရက်ငို့ကာ ဖြစ်သွားလိမ့်မယ်။ တိုတို ပြောကြစို့ဗျာ။ ဗမာပြည်မှာ အရက်သမားတို့ ရဲ့ဘိုးအေကြီး စာရေးဆရာ သော်တာဆွေနဲ့ပါ ကျနော် အချိန်မှန် ဝိုင်းဖွဲ့ခဲ့ဖူးတယ်။ နောက်ဆုံးတော့အရက်ဖြတ်ဖို့ စိတ်ရောဂါကု ဆရာဝန်ကြီးတစ်ဦး ဖွင့်ထားတဲ့ ပြင်ပဆေးရုံတစ်ခုမှာ အရက်စွဲလူနာအဖြစ် သုံးကြိမ်တိုင်တိုင် တက်နိုင်ခဲ့တဲ့အဆင့် အထိပါပဲ။ အော်၊ ကျနော်အရက်ပြတ်သွားတယ် ထင်လို့လား။ ဝေးပါသေးတယ်ဗျာ။ ဆေးရုံပေါ်ကို ဆရာဝန်ကြီးမသိအောင် အရက်ခိုးသွင်းပြီး ချခဲ့လို့ ဆရာဝန်ကြီးက ညြချရတဲ့ အထိပါပဲ။

အေးဗျာ။ ငယ်ချစ်အကြောင်းပြောနေရတော့ ခင်ဗျားသိချင်တဲ့ ဖြစ်ပျက်နဲ့တောင် လမ်းချော်သွားပြီ ထင်ပါရဲ့။ ပြောမှာပါ။ အဲဒီ လေ့ကျင့်ခန်းက တစ်ယောက်တည်း အထုပ်ရှုပ်ကို ရှင်းနေရတဲ့ အလုပ်ဗျ။ တရားခြောက်ကြီး။ ဒါကို ဆက်တိုက်ပြောနေရင် ခင်ဗျား အိပ်ငိုက်သွားလိမ့်မယ်။ ခင်ဗျားကသာမပျင်းမရိနားထောင်နိုင်ရင် ကျနော့်ဘက်က ဝန်မလေးပါဘူး။ ဆက် ပြောဘို့ အဆင် သင့်ပါ။

ဖြစ်ပျက် ဆိုတဲ့အကြောင်းကို ပြောတဲ့အခါ ကျနော် တခုတ်တရ ကျေးဇူးတင်ရမဲ့ ဆရာတွေရဲ့ အကြောင်းပါမှ ဖြစ်မယ်။ ကျနော်လေ့ကျင့်ခန်းဆင်းလို့ ငါးရက်လောက် ရှိတဲ့နေ့မှာပေါ့။ ရန်ဖြစ်ပြီး ရိုက်မှုနဲ့ကျလာတဲ့အသက် ၂၀ ကျော်အရွယ် ချာတိတ်ကလေး တစ်ယောက်က ညဖက် ၁၀၊ ၁၂ ဘာယာ ဆိုတော့ ကျနော်လုပ်နေတာကို ရိပ်မိပုံရတယ်။ ဒီရဲဘက်စခန်းမှာ ရဲဘက်တချို့လည်းသူ့နည်း သူ့ဟန်နဲ့ တရားထိုင်ကြတဲ့ သူတွေလည်း ရှိပါတယ်။ သူက ဆရာကြီး တရားထိုင်တာလားတဲ့။ ကျနော်လဲ အေး၊ ဟုတ်တယ်လို့ ခပ်ပေါ့ပေါ့ပြန်ဖြေတော့ သူက ဆရာကြီး ခြေထောက် ဘယ်လို ထားသလဲတဲ့။ ညာခြေ ပေါ် ဘယ်ခြေထပ်တာပေါ့ကွာလို့ ကျနော်က ပြန်ဖြေပြန်တော့ ဆရာကြီး ကြာကြာ ဘယ်ထိုင်နိုင်မလဲ တဲ့။ သူကပဲ ဆက်ပြီး ကျနော် ပဋ္ဌင်းခံတုန်းက တရားစခန်း ဝင်ဖူး တယ်။ တရားပြတဲ့ ဆရာတော်က ခြေထောက်ချင်း ထပ်မထားပဲ ရှေ့နောက်ချ ထားရင်လည်း ရတယ်လို့ သင်ဘူးသတဲ့ဗျာ။ အဲဒီနေ့ကစပြီး ကျနော်လည်း သူပြောသလိုထိုင်လိုက်တယ်။ မှန်တယ်ဗျ။ အရင်နဲ့စာရင် ခံသာတယ်။ စိတ်ဖြောင့် ဖြောင့်မှတ်နိုင်လာတယ်။ ငပိဖုတ်တာတောင် ဆရာလို တယ်လို့ဆိုတယ် မဟုတ်လား။ နောက်ထပ် ဆရာတွေလည်း ရှိပါသေးတယ်။ သူတို့အကြောင်းနဲ့ ကြုံလာမဲ့နေရာ တွေကျမှ ပြောပါ့မယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျနော်တဖြည်းဖြည်းလေ့ကျင့်လာတာ ရက်ပေါင်းလေးဆယ်လောက်မှာ ဆေးလုံးလုံးပြတ်သွားတယ်။ အိပ်လို့လည်း ပျော်လာတယ်။ ကျနော် ရှေ့ဆက်တိုးဘို့ ကြံပြန်တယ်။ ငါ ဒီလိုလုပ်နေတာ ကျန်းမာရေးကောင်းဘို့ လိုတယ်။ လေ့ကျင့်ခန်း တစ်ခုခုလုပ်မှ။ ဒီလေ့ကျင့်ခန်းက ငါ လေ့ကျင့်နေတာနဲ့ အံဝင်ဂွင်ကျ ဖြစ်ရမယ်ဆိုပြီး နည်းလမ်းရှာလိုက်တော့ အကျဉ်းသားတွေ ရေချိုးဘို့လုပ်ထားတဲ့ အုတ်ကန်မှာ ထတ်နှိပ်တုံကင်နဲ့ ရေထိုးတဲ့အလုပ်ကို ကျနော်မျက်စိကျသွားတယ်။

အုတ်ကန်က ခင်ဗျားတွေ့တဲ့အတိုင်း အကျဉ်းသားပန်းရုံဆရာတွေရဲ့လက်ရာ ထပ်ရိုက်ကပ်ခွေ ပုံစံအကြမ်း ပါပဲ။ အလျားရှစ်ပေ၊ အနံခြောက်ပေ အမြင့်သုံးပေခွဲသာသာ လောက် ရှိမယ်ထင်ပါရဲ့။ ကျနော်နေ့လည်နေ့ခင်း တခြားသူတွေ ဘုတ်ဆင်းတဲ့အချိန် အဲဒီရေကန်ဆီသွားတယ်။ တုံကင်နှိပ်ပြီး ရေကန်ကို ရေပြည့်အောင် ဖြည့်ထားလိုက် တယ်။ တုံကင်ဝါရှာက အိပ်မက်ရမှ တခါလဲတဲ့ အမျိုးအစားဆိုတော့ အားတော်တော် စိုက်ရတယ်။ တခါတခါ ဝါရှာကွဲနေလို့ လက်ပွတိုက်ပြီး ပြန်ပြန်တပ်ထားရတာမျိုးမို့ နှိပ်သလောက် ရေမပါဘူး။ ကျနော့်အတွက်တော့ အတော်နေရာ ကျတာပဲ။

ဝင်လေမှာ မောင်းတံကို အောက်ဖက်ကို ဆွဲချတယ်။ ထွက်လေမှာ မောင်းတံကို ပြန်တင်တယ်။ ဟန်ကို ကျလို့။ စလုပ်လုပ်ချင်းတော့ အကြိမ်ခြောက်ဆယ်ဝန်းကျင် ပေါ့ဗျာ။ ဘယ်နည်းနဲ့မှ ဝင်လေ။ ထွက်လေကို မလွတ်စေရဘူးလို့လည်း စိတ်ကို ပိုင်းဖြတ်ထားတယ်။ ရေပြည့်သွားရင် ကျနော့်တဲရှိရာကို ခဏပြန်ပြီး ပက်လက်ဖြစ်ဖြစ်၊ ထိုင်လျက်ဖြစ်ဖြစ် လေကိုဆက်မှတ်တယ်။ ရေကန်ကရေကို အကျဉ်းထောင်ဝန်ထမ်း မိသားစု လာသုံးသွားလို့လျော့သွားရင် ထပ်ဖြည့်တယ်။ တဖြည်းဖြည်းနဲ့ ကျနော် ထတ်ရည်တက် လာတယ်။ အကျဉ်းသားတွေ ပြန်လာလို့ ရေချိုးချိန်မှာတောင် ကျနော်က နှိုင်ခံထိုးပေးနိုင်လာတယ်။ ဝင်လေထွက်လေကတော့ မှတ်လျက်ပေါ့။တချို့ အကျဉ်းသားတွေက ဆရာကြီး တော်ပါတော့။ ကျနော်တို့ ထိုးပေးမယ်။ ဆရာကြီး နားပါဆိုလည်း ကျနော်က ကိုယ့်အကြံနဲ့ ကိုယ်ဆိုတော့.. ကျန်းမာရေးကွဆိုပြီး မောင်းတံကို လက်ကမလွှတ်ပဲ မောင်ပိုင်စီးထားတော့တာပဲ။ အကျဉ်းသားတွေလည်း ဟန်ကျ၊ ဝန်ထမ်းတွေလည်း ဟန်ကျ၊ ကျနော်လည်းဟန်ကျ။ ဘက်ပေါင်းစုံက ဟန်အပြုလိုက် ကျနေတော့တာပေါ့ဗျာ။

အော် ငါ့နှယ် ဦးကျော်ခင်က ပြောင်းရိုးစဉ်းရင်း ဝင်လေထွက်လေမှတ်သတဲ့။ ငါကတော့ တုံကင်နှိပ်ရင်းလို့ ကျနော့် စိတ်ထဲမှာ အတွေးပေါ်လာပြီး ပြုံးမိသေးသဗျာ။ ပြောရင်ယုံနိုင်စရာတောင် မရှိဘူးဗျာ။ တစ်လကျော်လောက် အတွင်း၊ ဒီရဲဘက်စခန်း တစ်ခုလုံးမှာ ကျနော့်ကို ယှဉ်ပြီး မနားတမ်း တုံကင်နှိပ်နိုင်တဲ့သူ မရှိတော့ဘူးဗျ။ ဖြစ်ပုံက



www.burmeseclassic.com

www.burmeseclassic.com

မင်းနောင် ဆိုတဲ့အကျဉ်းသားက ဆရာကြီးမနားတမ်း ဘယ်နှစ်ချက်နှိပ် နိုင်သလဲ ဆိုပြီးဘေးက နံပါတ်ထိုင်ရေရာက တခြားလူငယ်တွေပါ ဝင်နှိပ်ကြည့်ရာက သိသွားကြတာပဲ။ မှတ်မိသလောက်ဆိုရင် ကျနော် တုံကင်ကို မနားတမ်းအချက်ပေါင်း တစ်ထောင့်ငါးရာလောက်အထိ နှိပ်နိုင်လာခဲ့တယ်။ ကျန်းမာရေးကတော့ ကျနော့်ဖက်ကို ပါလာခဲ့ပြီ။

နေအုံးဗျ။ ကျန်သေးတယ်။ ကျနော့်ရဲ့ ဝင်လေထွက်လေမှတ်မှုဟာ တစ်ခါ တစ်ခါ လေကို ဖမ်းမရတဲ့ အခါတွေလည်းရှိတယ်။ ဘာကြောင့်မှန်းမသိပဲ ဝင်လေ ထွက်လေဟာ မထင်ရှားဘူး။ စည်းချက်မမှန်ရင် မှတ်ရင်း လွှတ်လွှတ်သွားတယ်။ အဲဒီအခါကျရင် မှတ်လို့ရအောင်၊ လေကို သိသာအောင် ထွက်သွားတဲ့လေကို နံပါတ်စဉ် ရေပြီး သတိထားလိုက်တယ်။ ဝင်လာတဲ့လေကိုလည်း နံပါတ်စဉ် ရေပြီး သတိထား လိုက်တယ်။ ထွက်လေဆိုပါတော့ဗျာ။ လေစထွက်သွားတာနဲ့ တစ်နှစ်သုံးလေးငါး ခြောက်ဆိုပြီး လေဆုံးတဲ့အထိ လိုက်ရေတယ်။ ထွက်လေဆုံးလို့ဝင်လေ ပြန်လာတဲ့ အခါလည်း တစ်နှစ်သုံးလေးငါးခြောက်ဆိုပြီး ပြန်ရေလိုက်တယ်။ ကဲ ဘယ်လိုလုပ်ပြီး အဲဒီလေ လွှတ်တော့မလဲ။ အစကတော့ပင်ပန်းသလို ရှိပေမဲ့ မုဆိုးစိုင်သင်ဆိုသလို တဖြည်းဖြည်း အလေ့အကျင့်ရလာတယ်။ ညဖက်ဆို တစ်နာရီအထိ ထိုင်နိုင်လာတယ်။ ဘာထိုင် လုပ်သလဲဟုတ်လား။ လေကိုထိုင်မှတ်တာပဲပေါ့ဗျာ။ မှတ်တယ်ဆိုတာ ဝင်လေတိုင်း ထွက်လေတိုင်းကို သိ သိနေအောင် လုပ်တာဗျ။ ဝင်တယ်ထွက်တယ်လို့ လျှောက်ရွတ်နေတာမျိုး မဟုတ်ဘူးလေ။

ကျနော့်ပုံစံက ဘေးလူတွေအမြင်မှာ နဲနဲထူးဆန်းလာပုံရတယ်။ ကျနော်က ထိုင် လည်းမှတ်။ ထ လည်းမှတ်၊ အိပ် လည်းမှတ်ဆိုတော့ နှစ်လလောက်မှာ မှတ်ဆိတ် ကျင်စွယ်တွေ ထွက်လာတယ်။ ကျနော်ဘာမှ စတိုင်ထုတ်တာမဟုတ်ဘူးဗျ။ အမှတ်ပျက်မှာစိုးပြီး တချို့ကိစ္စတွေ မလုပ်ဖြစ်လောက်အောင် ဖြစ်နေတာ။ အထူးသဖြင့် ပြင်ဆင်ခြယ်သတဲ့ကိစ္စတွေပေါ့။ တစ်နေ့ရိတ်မယ် တစ်နေ့ရိတ်မယ် တေးထားရင်း အမှတ်ဘက်ကို စိတ်ရောက်နေတာနဲ့ တောပုန်းပုံစံ ပေါက်လာတာဗျ။

ရဲဖက်စခန်း ထုံးစံအတိုင်း ညခုနှစ်နာရီလောက်ဆို ညစာစားပြီး အကျဉ်းသားတွေ လွတ်လွတ်လပ်လပ် နေခွင့်ရတဲ့အချိန်မို့ တစ်ဆောင်လုံး ဆူညံပြီး ပွက်လောရိုက်နေလေတော့ ကျနော်လေ့ကျင့်ခန်း လုပ်ချိန်ဟာ သူတို့အိပ်ဆောင်ဝင်ချိန် ညဆယ်နာရီမှ စရတာပေါ့။ ကျနော်နေတဲ့ တဲနဲ့အဆောင်က နည်းနည်းလှမ်းတယ် ဆိုပေမဲ့ တိတ်ဆိတ်နေတဲ့ညအချိန်မို့ အဆောင်ပေါ်က အသံတွေကို အတိုင်းသား ကြားနေရတော့ သူတို့အိပ်တဲ့အချိန်အထိ စောင့်ရတာပေါ့ဗျာ။ ဒီအချိန်မှာလဲ ကျနော်ဟာ



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအခါမှာ လှဲနေရင်းဖြစ်ဖြစ်၊ ထိုင်နေရင်းဖြစ်ဖြစ် နှာသီးဖျားက လေကို မှတ်နေတတ်တာပါပဲ။ ကျနော်တစ်ခါတစ်ခါ စဉ်းစားမိတာက ကျနော့်ကို ဒီလိုအလုပ်မျိုး လုပ်နိုင်ဖို့ တစ်စုံတစ်ယောက် သို့မဟုတ် တစ်စုံတစ်ခုသော အကြောင်းကများ ဒီလို ရဲဘက်စခန်းကို ပို့ခဲ့လေသလားလို့... ဗျ။

ဒီနေရာမှာ သတိပြုဘို့က နှာသီးဖျားကလေကို မှတ်တယ်ဆိုတာ ထွက်သွားတဲ့လေ ဝင်လာတဲ့လေတွေ နောက်ကို လျှောက်လိုက်နေရတာမျိုး မဟုတ်ဘူးဗျ။ ဝင်သောလေ ထွက်သောလေ ဝင်တိုင်းထွက်တိုင်း တိုးထိသွားတဲ့ နှာသီးဖျားကို သတိချပ်နေရတာဗျ။ ဒါဟာ သိပ်အရေးကြီးတဲ့အချက်ပဲ။ တကယ်တော့ ကျနော့်ရဲ့ လေ့ကျင့်ခန်းဟာ လေကို ကြည့်တာမဟုတ်ဘူး။ ခန္ဓာကိုယ်ကို စောင့်ကြည့်တဲ့ အလုပ်ဆိုတာ တဖြည်းဖြည်း သဘောပေါက်လာတယ်။ အဲဒီအချက်ကို စာအုပ်ထဲက ကျနော်ဖတ်မိတာပဲဗျ။

မှတ်မှတ်ရရ ကျနော်လေ့ကျင့်ခန်းလုပ်နေတာ နှစ်လဝန်းကျင်လောက်ရှိတဲ့ နေ့ပေါ့ဗျာ။ ညဆယ်နာရီထိုးကာနီး ငါးမိနစ်လောက်အလိုမှာ အဆောင်ပေါ်ကနေ ထောင်ဝန်ကျ ဘာယာက အိပ်ချိန် အိပ်ချိန် ဆိုပြီး အသံကျယ်ကြီးနဲ့ အော်သံအဆုံးမှာ တစ်ဆောင်လုံး မီးကိုရေနဲ့ ငြိမ်းလိုက်သလို ငြိမ်ကျသွားတယ်။ အဆောင်အပြင်က အစောင့်သား ဘာယာရဲ့ ချောင်းခေါက်သံ ဆယ်ချက်ထိုးသံလည်းကြားရော ကျနော့် လေ့ကျင့်ခန်းလည်း စရော ဆိုပါတော့။

ထုံးစံအတိုင်းဘုရားရှစ်ခိုး အမျှအတန်းဝေပြီး ကျနော်ထိုင်မှတ်နေလို့ ဆယ်မိနစ်လောက်အကြာမှာ ဗြုန်းဆို ရွှေတိဂုံစေတီတော်ကြီးက ကျနော့်ရှေ့မှာဘွားကနဲ ပေါ်လာပါလေရောဗျာ။

စိတ်ကြောင့်ထင်မိ ထင်ရာထင် တတ်ကြတာ ကျနော်သိထားတော့ ရှေ့ရောက်လာတဲ့ ရွှေတိဂုံစေတီတော်ကို သေချာကြည့်လိုက်မိတယ်။ မှတ်တာက မှတ်လျက်ပဲ။ ပေါ်လာပုံက ရိုးတိုးရိပ်တိတ်ပေါ်လာတာ မဟုတ်ဘူးဗျ။ ရွှေတိဂုံစေတီတော်ကြီးရဲ့ ညဖက် မြင်ကွင်းကို အလယ်ပစ္စယံကနေ မြင်ရသလိုမျိုး မြင်တွေ့နေရတာ။ လူကိုယ်တိုင် ဘုရားရှေ့ သွားထိုင်သလိုမျိုး ဖြစ်နေတာ။ စေတီတော်ကြီးရဲ့ဘေးက စေတီရံတွေကို အထောင် အသေးစိတ်မြင်နေရတယ်။ စေတီတော်ကြီးကို ထိုးထားတဲ့ မီးဆလိုက်တွေလည်း ပါသေးပေါ့ဗျာ။ ကျနော့်စိတ်မှာ ထွေထွေထူးထူးတုန်လှုပ်ခြင်း မဖြစ်ပေမဲ့ အတော် အံ့သြသွားမိတာတော့ အမှန်ပဲဗျ။ ကျနော့်စိတ်ထဲ တော်တော် အံ့သြသွားမိတာတော့ အမှန်ပါပဲဗျာ။

နောက်ပြီးအဲဒီ ရွှေတိဂုံစေတီတော် ပေါ်ပေါ်လာတာက တစ်ရက်တည်းလည်း



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်၊ လေးငါးရက် ညစဉ် ရက်ဆက် ပေါ်လာနေတယ်ဗျာ ။

ဒါကြောင့်.. ဒီလိုနေ့စဉ်ရက်ဆက် ဖြစ်လာတော့ဘာကြောင့်ဖြစ်ရတယ်။ ဘာကြောင့်နေ့တိုင်း လာပေါ်နေရတယ် ဆိုတာ သိချင်စိတ်ဖြစ်လာတယ်။ ကဲ၊ ခပ်ကြောင်ကြောင် စကားတွေ စပြီလို့ ခင်ဗျား ထင်နေပြီ မဟုတ်လား။ ခင်ဗျားပဲ အစက သိချင်လှချည်ရဲ့ဆို။ အေးဗျာ၊ ဖြစ်ပျက်ဆိုတဲ့အရာကို မတွေ့ခင် ပထမဆုံး ကြုံရတဲ့ ထူးထူးဆန်းဆန်းအဖြစ် တစ်ခုဆိုပါတော့။

အေးဗျာ၊ ဒီအကြောင်းတွေကို ကျနော် ဘယ်သူ့ကိုမှ ဖွင့်မပြောခဲ့ဖူးဘူး။ ယုတ်စွအဆုံး ကျနော့်ဇနီးကိုတောင် မပြောခဲ့ဖူးတာအမှန်ပါ။ လူတော်တော်များများက တစ်စုံတစ်ခု မြင်တယ်ကြားတယ်ဆိုယုံနဲ့တင် ထင်မြင်ချက်တွေ အမျိုးမျိုးပေးပြီး ကောက်ချက်လွယ်လွယ် ဆွဲတတ်ကြလွန်းလို့ပေါ့ဗျာ။

ရှေ့ဆက်ပြောမဲ့ အကြောင်းတွေမှာ ခင်ဗျားနဲ့ကျနော့်ကြား၊ သဘောထား ကွဲစရာတွေ ပါလာတော့မယ်ဗျ။ ကျနော်ပြောမှာတွေက ယုံဘို့ခပ်ခက်ခက် တွေချည်းဖြစ်နေလို့ပါ။ ဒီနေ့တော့ နားလိုက်ကြအုံးစို့ဗျာ။ စိတ်ချပါ။ ကျနော် ဆုံးခန်းတိုင်အောင် ပြောပြဘို့ ကတိပေးပါတယ်ဗျာ။

❁ ❁ ❁ ❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## ၄။ ဦးကဝိ၏ ထေရာပဒါန်

(ဤနေရာ၌ အလျဉ်းသင့်သည်ဖြစ်၍ ကိုသက်ခိုင်ဖတ်ရှုခဲ့သော စွန်းလွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ဓမ္မာစရိယ ဦးဌေးလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ စာအုပ်မှ ကောက်နှုတ် ဖော်ပြအပ်ပါသည်။)

**စွန်းလွန်းဆရာတော် ဦးကဝိ**
**(၁၂၃၉–၁၃၁၄)**

"၁၂၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃–ရက် အင်္ဂါနေ့ညဉ့် ၁၀–နာရီအချိန်ခန့်။

ကိုရင်ကြီးဦးကဝိသည် စွန်းလွန်းတောင်ဖက်ရှိ မောင်ရင်ပေါ်ချောက်၌ တစ်ကိုယ်တည်း တရားရှုမှတ်နေ၏။ ကောင်းကင်မှ တဝီဝီအသံကြီးမှာ ကြက်သီးအလောက်အောင် မြည်ဟည်းနေ၏။ သတိ သမာဓိ ပညာ ထက်သန်ညီမျှစွာ ရှုမှတ်နေရာမှ အသံကြားရာအထက်သို့ မော့ကြည့်လိုက်ရာ ငွေစောင်းတန်းကြီးမှ နတ်ရထားကြီးတစ်စင်း အရှိန်ပြင်းစွာဖြင့် မိမိထံသို့ တည့်တည့်ကြီး ဦးတည် ဆင်းလာနေသည်ကို တွေ့ရ၏။ ဦးကဝိကား နတ်ရထားပျံကြီးကို ဆက်၍ မကြည့်တော့ဘဲ မိမိတရားကိုပင် မှတ်မြဲ ရှုမှတ်နေလိုက်သည်။

ဦးကဝိသည် တရားကိုသာ ဖိ၍ မိမိရရ ရှုမှတ်နေစဉ် ခန္ဓာကိုယ်ကြီးမှာ သိသိသာသာ ပေါ့၍ပေါ့၍ လာ၏။ အိကနဲ ငြိမ့်ကနဲ သိမ့်ကနဲ ဖြစ်ကာ အပေါ်သို့ မြောက်တက်သွားသည်ဟုထင်၍ မျက်စိကို ဖွင့်ကြည့်လိုက်ရာ စောစောက တွေ့လိုက်

www.burmeseclassic.com
ရသော ရထားပျံကြီးမှာ မိမိအောက်သို့ ရောက်နေသည်ကို တွေ့ရပြန်သည်။

ထိုရထားပျံကြီး၏ ထောင့်လေးထောင့်တွင် နတ်မင်းကြီးလေးယောက်နှင့် လက်ယာဘက်တွင် သိကြားမင်းကို တွေ့ရ၏။ အားလုံးအရိုအသေပြုနေကြသည်။ တစ်နေ့ကပင် ကျောင်းအနီး၌ မှိုပွင့်ကြီးတစ်ပွင့်တွေ့၍ နှုတ်လိုက်ရာ မှိုင့် မှိုမြစ်ပါမကျန် တစ်အုံလုံး ကျွတ်ထွက်လာသည်ကို တွေ့ရကတည်းက "အမြစ်ပြတ်လုံး၀ အကျွတ်တရား ရတော့မည်"ဟု ယူဆကာ အရိုးကြေကြေ အရည်ခန်းခန်း မထတမ်း ကြိုးစားခဲ့ရာ ယခုနတ်သိကြားများကို တပ်အပ်သေချာ တွေ့မြင်ရပြန်သောအခါ-

"ငါ့အား တရားထူးရတော့မည်ဖြစ်၍ လာရောက်စောင့်ကြသည်"ဟု မှတ်ထင်လိုက်၏။

နတ်ရထားနှင့်နတ်သိကြားတို့ကို ဂရုမမူဘဲ ဣရိယာပုတ်တစ်ခုတည်းဖြင့် တစ်ရှိန်တည်းတစ်သံတည်း ခန္ဓာကိုယ်နှင့်အသက်ကိုပင် စွန့်လွှတ်၍ အားထုတ်ရာ ထိုနေရာ၌ပင် "ရဟန္တာ" ဖြစ်တော်မူလေ၏။

## ဘ၀များစွာ ကမ္ဘာထုတ်ချင်း မြင်တော်မူပုံ

အတန်ကြာသောအခါ သတိရလာ၍ စောစောက နတ်ရထားကြီးကို ကြည့်လိုက်ရာ မရှိတော့ပေ၊ အထက်သို့မော့ကြည့်လိုက်ရာ သိကြားမင်းနှင့် နတ်မင်းကြီးလေးယောက်တို့သည် "အချင်းတို့၊ လူ့ပြည်၌ ရဟန္တာတစ်ပါး ပေါ်ထွန်းနေပြီ။ သွားရောက်ဖူးမျှော်ကြကုန်လော့"ဟု ကြွေးကြော်နေသည်ကို တွေ့မြင်တော်မူ၏။

ထို့နောက် အနီးအပါးရှိ ဘုမ္မစိုး၊ ရုက္ခစိုးနတ်များနှင့်တကွ၊ နတ်ဗြဟ္မာများ တစ်သုတ်ပြီးတစ်သုတ် လာရောက်ဖူးမြော်ကြသည်မှာ ကြည့်၍မဆုံးနိုင်အောင် ရှိတော့သည်။

ကိုယ်စိတ်နှစ်ပါးလုံး ထူးထူးခြားခြား ငြိမ်းချမ်း၍ လန်းဆန်း ကြည်လင်စွာဖြင့် စကြာ၀ဠာ ကမ္ဘာ လောကဓာတ်ကြီးကို လှမ်းမျှော်၍ ကြည့်တော်မူရာ အထက်ဘ၀ဂ် အောက်အဝီစိ ရှိရှိသမျှ ငရဲပြည် လူ့ပြည် နတ်ပြည် ဗြဟ္မာပြည် အားလုံးကို ဒိုးယို ထုတ်ချင်း ဟင်းလင်းအပြင် အကုန်စင်ကြီး တွေ့မြင်တော်မူရလေ၏။ သတ္တလောက သင်္ခါရလောက ဩကာသလောက လောကကြီးသုံးပါးလုံးကိုလည်း အနုစိတ်ဝင်စား သုံးသပ်တော်မူနိုင်လေသည်။

ထို့နောက် မိမိဘ၀ကို ဆင်ခြင်စဉ်းစားနေမိ၏။

မြင်းခြံမြို့ တောင်လက် စွန်းလွန်းရွာ ဦးသန့်- ဒေါ်တုတ်တို့မှ ၁၂၃၉ – ခုနှစ်


www.burmeseclassic.com

www.burmeseclassic.com

ပေါင်းလဆန်း နှစ်ရက် တနင်္လာနေ့ နံနက်လေးချက်မတီးမီ ဖွားမြင်။
ခြင်းခြိမင်းကျောင်း ဆရာတော်ထံ စာသင်သော်လည်း စာမတတ်သဖြင့် ၁၅–နှစ်သားတွင် ကျောင်းမှ ထွက်၊ ဖခင်နှင့်အတူ အရေးပိုင်ရုံးတွင် ယပ်လေကြိုးဆွဲရသော မင်းစေအလုပ်။ ဆက်သုံးဆယ်တွင် အလုပ်မှထွက်၍ တောင်ယာလုပ်ကိုင်စား၊ အသိဉာဏ်လွန်စွာ နိမ့်လှသော မိမိ၏ လက်ရှိဘဝနှင့် အတုမရှိ မြင့်မြတ်လှသော အရဟတ္တဖိုလ်ဆုကြီးကို အမြီးတိုင် ရတော်မူခြင်း၏ ရှေ့ဖြစ်နောက်ပေါင်း အကြောင်း များကို ဆက်လက် ဖော်စားကာ ကြည့်ရှုတော်မူ၏။

ဦးကဝိ အရှင်မြတ်ကြီး ရရှိတော်မူသော အရဟတ္တဖလ အာသဝက္ခယဉာဏ် တော်သည် ပုဗ္ဗေနိဝါ သာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်နှစ်ပါးနှင့်အတူ ပု–ဒိ–အာ ဟူသော ဝိဇ္ဇာသုံးပါးလုံး ရတော်မူသဖြင့် “တေဝိဇ္ဇ ရဟန္တာ”ဟုပင် ဆိုရပေမည်။

“အဘယ်ကဲ့သို့သောကုသိုလ်ကောင်းမှုများကိုလုပ်ခဲ့၍ ဤသို့တရားထူး ရလေသနည်း” ဟု ဆင်ခြင်တော်မူ သောအခါ ကဿပဘုရားရှင် လက်ထက်တော်က ပြုခဲ့ဖူးသော ကောင်းမှုကို ဤသို့မြင်တော်မူလေ၏။

တသန္တေန္တေ တပေလျှဉ်းလျှဉ်း တညှဉ်းဆိုးဆိုး အမျိုးမျိုးအဖုံဖုံ သက်တုံ ဆက်တုံ ဆူကြဲနိမ့်မြင့် တဖြင့် တစ်ပါး ဆုံလည်နွားသို့ ပြေးသွားကျင်လည်ခဲ့ရသော အသံသရာတစ်ခွင်၌ အမျှင်မပြတ် လူနတ် တိရစ္ဆာန် နောက်ကြောင်းလှန်၍ ပြန်ကြည့်မဆုံးအောင် ရှိနေတော့၏။

ထိုဘဝများစွာတွင် ယခုအခါ တရားထူးရခြင်း၏ အကြောင်းရင်း ဥပနိဿယ ကုသိုလ်ကံ ထောက်မ ပုံကို ဆင်ခြင်တော်မူရာ ကဿပဘုရားလက်ထက်၌ ကျေးသား (ကြက်တူရွေး) ဖြစ်ခဲ့သည်ကို မြင်တော်မူ၏။ ထိုကျေးသားမှာ ဘုရားရှင်အား လွန်စွာ ကြည်ညိုလှသဖြင့် တောင်ပံနှစ်ဖက်ထိပ်မှာ ယှက်၍ နှစ်သက်ကြည်နူး အစ်သီးဆွမ်းလှူခဲ့ဖူးသည်ကို မြင်တော်မူ၏။ ထိုကုသိုလ်ကံကြောင့် လူ့ ပြည်နတ်ပြည်တို့၌ လောကီစည်းစိမ်များ သူမတူအောင်ခံစားရသည့် ဘဝများကိုလည်း မြင်တော် မူ၏။

ထိုမှနောက် ဘဝတစ်ခုတွင်ကား တက္ကသိုလ်ပြည်၌ လွန်စွာထင်ရှားသော ဆရာတော်ကြီးတစ်ဦး ဖြစ်ခဲ့ဖူးရာ ဆေးပညာဖြင့် သတ္တဝါတို့အား ကယ်မခဲ့ရဖူးသည်ကို တွေ့ရပြန်၏။ “ထိုဘဝက တွေ့ကြုံ ဆက်ဆံခဲ့ဖူးသူတိုင်း ယခုအခါ ငါ့ထံသို့လာရောက်၍ ဆီးလေသာရောဂါ ကင်းဝေးအောင် တရားတည်း ဟူသောဆေးကို စားသုံးကြလိမ့်မည်” ဟုလည်း မြင်တော်မူ၏။ (ယခု ဆရာတော်၏ ဝေနေယျများလည်း ဆေးဆရာကြီး အတုန်းက ဝေနေယျများ ဖြစ်ဟန်တူ၏။)



www.burmeseclassic.com

www.burmeseclassic.com

ဂေါတမမြတ်စွာဘုရားသာသနာခေတ်တွင် သုဝဏ္ဏဘူမိသထုံပြည်၌ မနုဟာ မင်းကြီး၏ဆရာ ဘားမဲ့ဆရာတော်ဘဝလည်း တစ်ဘဝဖြစ်ခဲ့ရဖူးကြောင်း တွေ့မြင် တော်မူ၏။

ယခုဘဝ မိခင်လောင်းဒေါ်တုတ်၏ ဝမ်းကြာတိုက်၌ ဆိုက်ရောက်ကိန်းဝပ်မည် ရှိစဉ် ဖခင်ကြီး ဦးသန့်၌ အိပ်မက်မြင်၏။

ရည်ရည်မွန်မွန် လူတစ်ယောက်က "ဤအိမ်၌ လာ၍ နေပါရစေ" ဟု ပြောရာ "ဆင်းရဲလွန်း၍ မနေချင်ပါနှင့်" ဟု ပြောသည်ကို မရ၍ လက်ခံရသည်ဟု ဦးသန့်က ပြောခဲ့ဖူး၏။ ထို့ကြောင့် "မောင်ကျော်ဒင်" ဟူသောအမည်ဖြင့် အသိဉာဏ်ရော ဥစ္စာပါ ဆင်းရဲငြိုငြင်စွာ အသက်ရှည်ခဲ့ရရှာ၏။ ကျင်လည်ခဲ့ရသော ဘဝများမှာလည်း အများအားဖြင့် အပါယ်တိရစ္ဆာန်ဘဝသာလျှင် များပြားခဲ့သဖြင့် ပစ္ဆိမဘဝိက (နောက်ဆုံး) ရဟန္တာဖြစ်တော်မူရသည့် ယခုဘဝ၌ပင် အသိဉာဏ်ပညာအား နည်းတော် မူရ၏။ "ဘဝငါးရာတွင် လူအဖြစ် နှစ်ဘဝသာ ရခဲ့သည်" ဟု ဟောတော်မူဖူးသည်။ လူ့ဘဝကို အဘယ်မျှ ရခဲကြောင်း သတိပြုကြရာ၏။

### ဂိုဏ်းဆရာ၏တဘောင်စကား

ဦးကဝိလျောင်းလျာ "မောင်ကျော်ဒင်"သည် ဆင်းရဲငြိုငြင်စွာ မင်းစောဘ ဝမ်းကျောင်းခဲ့ရစဉ် အချိန်တန် အရွယ်ရောက်သောအခါ တစ်ရွာတည်းနေ "မရွှေရည်"ဆိုသူ အမျိုးသမီးတစ်ဦးနှင့် သင့်မြတ်၍ သားသမီး ငါးယောက် ထွန်းကားခဲ့၏။ လေးဦးမှာ ငယ်စဉ်ကပင် ကွယ်လွန်ခဲ့ကြရာ ကိုရှိန် ခေါ် ကိုက်ညွှန့် တစ်ဦးသာလျှင် ရှိသည်။ အသက်-၃၀ တွင် လခစားအလုပ်မှ ထွက်ခဲ့ပြီးနောက် မိဘလက်ငုတ် တောင်ယာအလုပ်ဖြင့် အသက်မွေးရ၏။

ကိုကျော်ဒင်မှ ဦးကျော်ဒင်ဖြစ်ကာ ဘဝဖြစ်စဉ်မှာလည်း တက်သုတ်နှင်၍ လာတော့၏။ ဘုရားရှင် ကဲ့သို့သော ပုဂ္ဂိုလ်ထူးကြီးများ အနီးအပါးတွင် ဒေဝဒ ကောဏ္ဍည စသော လောကီဆရာကြီးများ ကပ်မြှောင်၍ ရှိနေတတ်ကြသကဲ့သို့ ဦးကျော်ဒင်၏ အနီးအပါးတွင်လည်း သူငယ်ချင်းတစ်ဦးဖြစ်သူ ဦးစံတင်မှ ကောဏ္ဍည ပင်ဖြစ်၏။ ဦးစံတင်အား"သမာဓိမှော်အောင်သူ"ဟု ပြောသူကပြော၍ "ရုံ ကမ္ဘာစောင့်နတ်ကြီးများ ပူးကပ်ခံရသူ" ဟုဆိုသူက ဆိုကြလေသည်။

လောကီနှင့်လောကုတ္တရာသည်ခွဲ၍ မရသကဲ့သို့ ထိုမမြင်ရသော ဖြစ်ရပ်ဆန် များကလည်း ပုဂ္ဂိုလ်ထူးများ အနီးအပါးတွင် ကပ်ဝင်လာတတ်ပေသည်။

တစ်နေ့တွင် ဦးကျော်ဒင်အိမ်သို့ ဦးစံတင် ရောက်လာ၏။ ခရီးရောက်မဆိုင်





www.burmeseclassic.com

www.burmeseclassic.com

ဦးစံတင်က အောက်ပါ တဘောင်ကို ရွတ်ပြသည်။

"တစ်လိမ်နှစ်လိမ် လိမ်လို့ရှုပ်၊ အမယ်ဗုဒ်ကဲ့ သူ့ချည်ခင်။
ဘယ်သူငင်မှ သည်ရှုပ်ထွေး ၊ ရှင်းနိုင်ပါ့မလေး"

"ချည်ခင်ကြို ချည်ခင်ကြား ၊ လွန်းကလေးနဲ့သွား။
ဘုရားငုတ်တို ရောင်တော်လွှတ်ပါလို့၊ ပုံတော်ဝတ်တဲ့ မခွေးရယ်၊
အနားစိမ်းရောင်ခြယ်၊ အလယ်ပြာ ဘောင်ကွက်နဲ့ ၊လက်ခတ်သံ ကျွန်းဖိုသား၊
သောင်းတိုက်က ကြား။"

ဦးစံတင်သည် တဘောင်ကို ရွတ်ပြပြီး အဓိပ္ပါယ်ကိုပါ ဆက်၍ ရှင်းပြနေသဖြင့် ကိုကျော်ဒင်မှာ ဘုမသိ ဘမသိ နားထောင်ရင်း အင်း... လိုက်နေရပြန်၏။

"အမယ်ဗုဒ် ချည်ခင်ဟာ ဘယ်လောက်ပဲ ရှုပ်ရှုပ် ရက်ကန်းစင်ကျရင် ရှင်းသွားတာပဲ ကိုကျော်ဒင်ရဲ့ ။ အမယ်ဗုဒ်ခေါ်တဲ့ ဒီဘုရားရှင် လက်ထက်မှာ အဝိဇ္ဇာ ချည်ခင်ရှုပ်ကြီးကို သတိပဋ္ဌာန် ရက်ကန်းစင်မှာ သတိလွန်း တစ်လုံးတည်းနဲ့ပဲ ကိုကျော်ဒင် ခင်ဗျား ရှင်းရလိမ့်မယ်ဗျာ။

"အဲဒီအခါမှာ စွန်းလွန်းရွာတောင်ဘက်မှာ တကယ့် ရက်ကန်းစင်လဲ ပေါ် လာလိမ့်မယ်၊ ရက်ကန်းစင်ပေါ်တဲ့ ကျွန်းဖိုကုန်းမှာ ခင်ဗျား သာသနာပြုရလိမ့်မယ်။ သာသနာပြုတဲ့အခါ ကျွန်းတိုင်နှစ်လုံးလဲ ပါလိမ့်မယ်။ "ဘုရားငုတ်တို ရောင်တော်လွှတ်" ဆိုတာက ပဋ္ဌိပတ္တိသာသနာတော်ကြီး ငုတ်တိုနေခဲ့တာ ပြန်ပေါ်လာတော့မယ်လို့ ဆိုလိုတာပဲဗျ။ အဲဒီတော့ ကိုကျော်ဒင် ခင်ဗျားရဲ့ တရားလက်ခတ်သံကို တစ်နိုင်ငံလုံး ... တိုင်းလုံးက ကြားလာရမှာ"ဟု ဆက်တိုက် မမောနိုင်မပန်းနိုင်ပြော လျက်ရှိရာ...

"မွန်းစံတင်... တော်စမ်းပါကွာ၊ တောက်တီးတောက်တဲ့တွေ ပြောမနေစမ်းပါနဲ့" ဟု ဦးကျော်ဒင်က မကြားလိုဟန် ပြောလိုက်သောအခါ ...

"ခင်ဗျား စောင့်ကြည့်သေးတာပေါ့" ဟုပြောလိုက်၏။

## အမှောင်ခွင်းမည့် ဆီမီးတစ်ထောင်

ဦးကျော်ဒင်နှင့်မရွှေရည်တို့သည် ထိုနှစ်တွင် အထိုက်အလျောက် သောင်သာ ... ခြင့် ယာတစ်ကွက် ကိုပင် ဝယ်ယူကာ ဖနီးမောင်နှံ ယာရှင်းခုတ်ထွင်နေကြရာ -

"ရှင် ရွှေရည်ရေ...တို့ဒီနှစ် ဒီယာထဲမှာ နှမ်းကြဲကြရင် ကောင်းမယ်။ နှမ်းအတင်း ... ဆယ်သာထွက်ပစေ၊ ဘုရားမှာ ဆီမီးတစ်ထောင် ပူဇော်ရအောင်ဟေ့" ဟု ဦးကျော်ဒင် ... ဆောက်ပြားကိုင်၍ နားရင်း ပြောလိုက်၏။

"ငါးဆယ် မရပါနဲ့ဦးတော်၊ လေးဆယ်ပဲရရ၊ ဆီမီးပူဇော်ရတာပ"ဟု



www.burmeseclassic.com

www.burmeseclassic.com

မရွှေရည်က သစ်မြစ်သစ်မှိုက် ကောက်ရင်း ချက်ချင်းပြန်ဖြေလိုက်သည်။

"အေး–ကောင်းသပေ့၊ ကတိ မဖျက်တမ်းနော်"ဟု ဦးကျော်ဒင်က ပြောဆိုကာ အတန်ငယ် စကားရပ်၍ စိတ်ကူးဖြင့် အလှူပေးကြည့်လျက်–

"ရှေးကလို အတီးအမှုတ်တွေနဲ့ ငါမသွားချင်ဘူးကွာ၊ ကလေးမတွေ လက်ဝတ်လက်စားပျောက်နေရင် တို့တာဝန်ဖြစ်နေဦးမယ်၊ ရိုးရိုးပဲသွားကြမယ်"ဟု မမောနိုင်မပန်းနိုင် တောင်ယာခုတ်ရင်း စိတ်ကူးအလှူ ပေးနေမိကြ၏။

မိုးကျ၍ နှမ်းများကြိုကြိုရာ မိုးခေါင်နေသဖြင့် နှမ်းပင်များ သေလုသေခင် ဖြစ်သွား၏။ ကျန်ယာနီးချင်း အခင်းများအားလုံး သေကုန်ကြ၏။ ဦးကျော်ဒင်၏ နှမ်းခင်းမှာမူ မသေမီ မိုးရ၍ ထူးထူးခြားခြား နှမ်းများရခဲ့သည်။ မရွှေရည် တောင့်တသည့်အတိုင်း အတင်းလေးဆယ်တိတိ တစ်လက်ဆွမ်းမျှ မပို မလို ရှိလေ၏။

ထိုနှစ် ၁၂၈၁– ခု သီတင်းကျွတ်လပြည့်နေ့တွင် ဘုရား တရား သံဃာအား ဆီသုံးပိဿာစီ လှူ၍ ပရိတ်တရားနာကြားကြ၏။ ထိုနှစ်တွင် စီးပွားလည်းတက်၊ ဒေါ်ရွှေရည် မှန်းချက်နှင့် နှမ်းထွက်ကလည်း ကိုက်ညီ၍ ဒေါ်ရွှေရည်လည်း ပရိတ်နာ လာသူများအား ဆေး၊ ကွမ်း၊ လက်ဖက်ဖြင့် ဧည့်ခံရသည်ကို မမောနိုင်အောင် ရှိတော့သည်။

ထိုနေ့ နေဝင်သည်နှင့် တစ်ပြိုင်နက် ရွာ၏အရှေ့တောင်ဘက်ရှိ စေတီတော်သို့ သွားကာ ဆီမီးပူဇော်ကြသည်။ ဦးကျော်ဒင်ကား စေတီအပါးမှမခွာ။ ဆီမီးတောက်များကို တစိမ့်စိမ့်ကြည့်ရင်း ပီတိဖြစ်နေ၏။ ဆီမီးခွက်ထဲမှ မီးစာအဖျားမှာ မည်း၍မည်း၍လာ၏။ ဆီမီးအညွန့်ကလေးများက အဆက်မပြတ် တဖျပ်ဖျပ် တလျှပ်လျှပ် တက်၍ တက်၍ လာ၏။ ဆီများဆူဝေ၍ ပွက်လာ၏။ အချို့မီးခွက် များ မီးစာကုန် ဆီခန်း၍ ငြိမ်းသွား၏။

ဦးကျော်ဒင်သည် တစိမ့်စိမ့်ကြည့်ရင်းက မီးပူကြောင့် ဆူဝေကာ တဖျစ်ဖျစ် မြည်သော အသံနှင့် ဆီမီးခွက်များ၏ တောက်လောင် ချုပ်ငြိမ်းမှုများက သူ့အား တဖြိုးဖြိုး တဖြန်းဖြန်းနှင့် ကြက်သီးမွေး ညင်းထစေ၏။

ဇနကမင်းကြီးနှင့် ကရဏ္ဍကမင်းကြီးတို့အား အပွင့်အသီးကြောင့် ခက်ရွက် ကျိုးရသော သစ်ပင်များက တောထွက်ရန် တရားဟောပြနေသကဲ့သို့ ဆီမီးခွက်များ ကလည်း ဦးကျော်ဒင်အား အဘယ်သို့သော တရားကို ဟောပြလိုက်သည်မသိ၊ ဦးကျော်ဒင်ကား ချက်ချင်းထိုင်ကာ ဘုရားကို လက်အုပ်ချီ၍ ဆုတောင်းလိုက်တော့သည်။

"ယခုနေသာ ငါဆုတောင်းရရင် ကျွတ် တောင်းတိုင်းရမှာဘဲ"ဟုလည်း ပီတိအဟုန်ဖြင့် ယုံကြည် စိတ်ဝင်ကာ –



www.burmeseclassic.com

www.burmeseclassic.com

"ဤသို့ အလင်းရောင် ဆီမီးအလှူကြောင့် အကျွန်ုပ်သည် ရဟန်းဖြစ်ရ သော်ငြားလည်း၏။ ရဟန်းဖြစ်သော အခါ အကျွန်ုပ် တရားဟောပြော ဆုံးမသည့်အတိုင်း အများပါတွေ ကျင့်ကြံနိုင်ကြပါစေ" ဟု စိတ်အကြံ ပေါ်လာသည့်အတိုင်း ဆုတောင်း ခဲ့လိုက်သည်။

ဆုတောင်းပြီးသွားသော်လည်း စိတ်ထဲတွင် "ငါ ဘယ်လိုလုပ် တရားဟောနိုင် မှာတုံး၊ စာမှ မတတ်ဘဲ" ဟူသောမိမိတောင့်တချက်ကို အနုတ်လက္ခဏာပြသည့် အရောင်တပွပန်မှုက ဝင်လာပြန်၏။

"စာတတ်မှသာ တရားဟောနိုင်မည်"ဟု ထင်နေသောကြောင့် ဖြစ်သည်။ ထိုအောင်အောင်လုပ်နိုင်သည်မှာလည်း ထိုစိတ်ပင်ဖြစ်၍ နိမ့်ကျစေနိုင်သည်မှာလည်း ထိုစိတ်ပင်တည်း။ မည်သို့ဖြစ်စေ ဆီမီးတစ်ထောင် အလင်းက အမှောင်ခွင်းလေပြီ။

မသေသော တရား ရှာသင့်ပြီ

"ပစ္စည်းဥစ္စာတက်ရင် လူသေတတ်တယ်"ဟူသော အစွဲက ဦးကျော်ဒင်အား ညီပါန်ဖြစ်စေ၏။ ထိုနှစ် ဦးကျော်ဒင်တို့လင်မယား ထူးထူးခြားခြား စီးပွားတက်သည်။ မြင်းခြံမြို့၌ ပလိပ်ရောဂါဖြစ်၍ နေ့စဉ် သုသာန်၌ လူစည်ကားနေ၏။ သူအို၊ သူနာ၊ သူသေ ရဟန်း နိမိတ်ကြီးလေးပါးထင်သကဲ့သို့ ဦးကျော်ဒင်၌လည်း သေခြင်းတရားက အရိပ်နိမိတ်များ ပြလျက်ရှိ၏။

"ပလိပ်ကပ်ရောဂါထဲများ ခုနေပါသွားရင် ငါ့မှာ ဘာကုသိုလ်မှ မယ်မယ်ရရ အားကိုးစရာ မရှိသေးပါလား"ဟု နီးကပ်သော သေဘေးကြီးကို တွေး၍ မိမိကိုယ်ကို ပြန်သေးကြည့်မိကာမှ ပို၍ ကြက်သီးထနေမိ၏။

တပေါင်းလ၏ ညတစ်ညတွင် ဦးကျော်ဒင်သည် အလန့်တကြားအိပ်ယာမှ ထထာ ဗလုံးဗထွေး မပီ မသ အသံကြီးဖြင့် မရွှေရည်အား အိပ်ယာမှ လှုပ်နိုးလိုက်သည်။ မရွှေရည် မှာ–

"ဘာလဲ ကိုကျော်ဒင်ရဲ့"ဟု အလန့်တကြား ထူးထူးထထ ထထိုင်လိုက်၏။ ဦးကျော်ဒင်မှာ ကတုန် ကရင်ဖြစ်လျက် –

"ရွှေရည်ရ၊ ငါ့ရင်ဘတ်ကို စမ်းကြည့်ပါဦး၊ ငါတော့ သေရတော့မှာပါကွာ..." ဟု ဆိုကာ အိပ်မက် မက်ပုံကို ပြောပြသည်။

"ရွှေရည်ရယ်၊ တို့အိမ်ရှေ့က မဏ္ဍပ်ထဲမှာ ဘုရားဆင်းတုတော်ကြွလာပြီး လှုပ်လှုပ် လှုပ်လှုပ်နဲ့ ပြုံးတော်မူတာ ဖူးရတယ်၊ ဒါနဲ့ငါက ညည်းလက်ထဲက ဆွမ်းအုပ်ကို ယူပြီး ငါကိုယ်တိုင် ဆွမ်းကပ်ရတယ်၊ ဆွမ်းကပ်တော့ ဘုရားဆင်းတုက ပြောတယ်၊



www.burmeseclassic.com

www.burmeseclassic.com

"သတ္တဝါတွေဟာ တယ်ရှုပ်တယ်၊ ငါ ယခုသာ စကားပြောမယ်၊ နောက် မပြောတော့ဘူးတဲ့။" ကဲပါဟယ်... ဘုရားမီးပူဇော်ရအောင် ငါ့ကို ဖယောင်းတိုင် ပေးစမ်းပါ။ ငါတော့ သေရတော့မှာပါ၊ နောက်ဆုံး ကုသိုလ်လုပ်ရအောင် ဘုရားကြွ လာပြီး သတိပေးတာနေမှာဘဲ" ဟုပြောပြ၏။

"အိပ်မက်အကြောင်း ဘယ်သူ့မှမပြောရင် ဖယောင်းတိုင်ပေးမယ်"ဟု ကတိခံစေကာ ဖယောင်းတိုင် ပေးလိုက်၏။

ဦးကျော်ဒင်လည်း ဖယောင်းတိုင်ယူပြီး ချက်ချင်းပင် ဘုရားဘက်သို့ ထွက်သွား၏။ ဘုရားသို့ရောက်လျှင် သူငယ်ချင်း ဦးချီတိုင်နှင့်တွေ့၍ အကျိုးအကြောင်း မေးရာ သေရမည်ကြောက်၍ ဘုရားမီးပူဇော်ရန်လာကြောင်း ပြောပြသောအခါ ဦးချီတိုင်က ခုနှစ်သက္ကရာဇ်မေးစမ်းပြီး တွက်ချက်ကြည့်၏။

"ဟ... မွန်းကျော်ဒင်၊ မင်း စနေဂြိုဟ်ထဲမှာပါလားကွ၊ အေး... ကြောက်တော့လဲ သိပ်ကြောက် မနေနဲ့ပေါ့၊ မင်းအိမ်မှာ ခြေနှစ်ချောင်းထွက်ကိန်းလည်း တွေ့နေရတယ်"ဟု ပြောလိုက်ရာ –

"ဟ... မပြောစမ်းပါနဲ့ကွာ၊ နဂိုကမှ ကြောက်ရတဲ့အထဲ"ဟု ပြောလျှင် –

"ငါက ပြောတာမဟုတ်ဘူး၊ ဗေဒင်က ပြောတာ"ဟု ထပ်၍ လောပြန်သဖြင့် ဦးကျော်ဒင်မှာ ဆောက်တည်ရာမရ ပို၍ပင် ကြောက်လန့်နေတော့သည်။

သေရမည်ကို ကြောက်လန့်လှ၍ မသေတရား ရှာခြင်းအားဖြင့် ကြိုးစား၍ ဘုရားဝတ်တက်မည်ဟု အားခဲလိုက်သည်။ သူငယ်ချင်း ဦးချီတိုင်နှင့် ဦးစံတင်တို့ကို လည်း နေ့စဉ် ဝတ်တက်ဝတ်ကပ်ခေါ်ရန် သတိပေးတောင်းပန်ထား၏။

များမကြာမီကာလ လသာသောညတစ်ညဌ် ဦးကျော်ဒင်သည် ဦးစံတင်နှင့် အတူ အိမ်ရှေ့ကွပ်ပျစ်ဌ် စကားပြောရင်း နှစ်ယောက်သား အိပ်ပျော်သွားကြ၏။ တစ်နာရီခန့်ရှိလျှင် ဦးကျော်ဒင်က ဦးစံတင်အား အလန့်တကြား လှုပ်၍နှိုးပြီးလျှင်–

"ကဲ... မင်းပြောတာ ငါနားမလည်ဘူးကွ၊ ဆက်ပြီး ပြောစမ်းပါဦး"ဟု လောတိုက်မေးရာ ဦးစံတင်မှာ အိပ်မှုန်စုံမွှားဖြင့် –

"ကျုပ် ဘာပြောလို့လဲ" ဟု ကြောင်အမ်းအမ်း ပြောလိုက်ကာမှ ဦးကျော်ဒင် သည် မိမိဘာသာ အိပ်မက်ထဲတွင် နှစ်ယောက်သား စကားပြောကြရာ နားမရှင်း၍ ထပ်မေးမည်ရှိစဉ် နိုးလာသော်လည်း အိပ်မက်ဓာတ်လမ်းအရ ဆက်၍မေးနေမိခြင်း ဖြစ်ကြောင်း သတိရသွား၏။

ဦးကျော်ဒင်ခမျာ သေခြင်းဘေးကြောင့် မအိပ်နိုင်မစားနိုင်ဖြစ်ကာ အိပ်ပျော်သည်ဆိုရစေကာမူ ကြက်နိုးကြက်အိပ် ဖြစ်နေရှာ၏။ သမ္မာဒေဝနတ်ဦး



www.burmeseclassic.com

www.burmeseclassic.com

အဖွာပြင်နှိုးဆော်နေဟန်ရှိသည်။

"ငါတော့ သေဖို့ရက် နီးနေပြီထင်ပါရဲ့ သူငယ်ချင်းရာ၊ ခုတစ်ခါ အိပ်မက်ဆော်ပြန်တယ်။ မင်းက ငါ့ကို ပြောတယ်၊ သတ္တဝါတွေဟာ အလွန်သနားစရာကောင်းနေပြီ၊ ကပ်ကြီးသုံးပါး ဆိုက်နေတယ်၊ မျက်စိလယ် လမ်းမှားပြီး ချောက်ကမ်းပါးရောက်နေပြီ"လို့ ပြောတော့ ငါက "ချောက်ကမ်းပါးကျမှန်းတော့ သိတယ်၊ ခုနေများလမ်းမှန်တွေ့ရင်လိုက်ချင်ပါသကွာ" လို့ ပြန်ပြောတာကိုးကွ၊ ဒီတော့ မင်းကလမ်းမှန်ရောက်ချင်ရင် မခက်ပါဘူး၊ လမ်းဆုံလမ်းမ လမ်းလေးခွကနေ စောင့်ပါ၊ လမ်းမှန်ပြမယ့် ပုဂ္ဂိုလ်ပေါ်လာလိမ့်မယ်"လို့ ပြောတာကို ငါနားမရှင်းလို့ မေးတာ၊ ကော်စသတ်တော့ မင်းလည်း ဘယ်သိမလဲ။ အိပ်မက်ထဲမှာ ပြောကြတဲ့ စကားဟာကိုး"

ပထမတစ်ရက် နှစ်ရက်တွင်ရွာထဲက အဘိဓမ္မာဆရာ စာသမားများသာလာကြ၏။ သုံးရက် မြောက်သောနေ့တွင်ကား စတီးဘရားသားစက်ထဲမှ စာရေးကြီးဦးဘစံသည် အထူးမပင့်ဖိတ်ရဘဲ တရားဆွေးနွေးရန် ပေါက်လာ၏။ စက်ထဲသို့ခင်းရောင်းလာကြသော အညာဘက်မှ လှည်းသမားနှစ်ယောက်လည်း စာရေးကြီးနှင့်လိုက်ပါလာကြသည်။ လှည်းသမားတစ်ဦးမှာ ဘုန်းကြီးလူထွက်၊ လယ်တီဆရာတော်၏တပည့်ဖြစ်၍ အာနာပါန ကမ္မဋ္ဌာန်းအကြောင်းကို ပါဠိများ ရွတ်ကာရွတ်ကာ များစွာပင်ပြောဆွေးနွေးသည်။

စာရေးကြီးဦးဘစံကား အာနာပါနအကြောင်းကို အနည်းငယ်မျှသာပြော၍ လှည်းသမားနှင့် စွန်းလွန်းမှ တရားဆရာများကို မိတ်ဆက်ပေး၏။ ဦးဘစံကား လယ်တီဆရာတော်ကပင် တရားထူး ရထားသူ ဖြစ်ကြောင်း(တရားစစ်မေးပြီး) သာဓုခေါ်ခံရသူဖြစ်သည်။ အရိယာပုဂ္ဂိုလ်ထူးပင်တည်း။

ဦးကျော်ဒင်သည် တရားသမား အဘိဓမ္မာသမားများ အားရပါးရ ဆွေးနွေးကြသည်ကို အနားမှထိုင်၍ သက်ပြင်းချကာ မလှုပ်မရှက် တွေတွေကြီးနားစိုက်နေ၏။ သူတို့ပြောသောစကားများတွင် နားမလည်သည်က များသည်။ သို့သော် "အာနာပါန" ဟူသော စကားကို ထပ်ချည့်တလဲလဲ ပြောဆိုနေကြရာ "အာနာပါန" ဟူသော အသံကို ကြားရခါမျှဖြင့် ဦးကျော်ဒင်မှာ ကြက်သီးတဖျင်းဖျင်း ထနေ၏။

**အာနာပါနနှင့် ပြောင်းရိုးစဉ်း၍ ကောင်း**

နောက်တစ်ရက်ည စာရေးကြီးဦးဘစံ ကြွလာသောအခါ ဦးကျော်ဒင်သည် ဆွမ်းအဝင်မှပင် ဆီးကြို၍ နှုတ်ဆက်ကာ –

"စာရေးကြီး၊ ခင်ဗျားတို့ တရားအလုပ်က ကျုပ်တို့လို စာမတတ်တဲ့လူ လုပ်လို့


www.burmeseclassic.com

www.burmeseclassic.com

ရပါ့မလား”ဟု စိုးရိမ် တကြီးမေးရာ–

၄. “အို... စာတတ်တာ မတတ်တာ လိုရင်းမဟုတ်ပါဘူးဗျာ။ တကယ် ယုံပြီး အဟုတ်လုပ်နိုင်ဖို့သာ အရေးကြီးတာပါ။ သဒ္ဓါဝီရိယ ရှိဖို့လိုတာပါပဲ”ဟု ပြောလိုက်၏။

“ဒါဖြင့် ဘယ်လိုလုပ်ရမတုံး”ဟု ဆက်၍မေးပြန်သဖြင့်...

“ထွက်သက်–ဝင်သက် မှတ်နေရုံပါပဲ”ဟု ပြောပြောဆိုဆို ဦးဘစံသည် မဏ္ဍပ်တွင်းရှိ သူ၏ ဓမ္မမိတ်ဆွေများရှိရာသို့ ဝင်သွား၏။ ထုံးစံအတိုင်း ဟောပြောဆွေးနွေးနေကြပြန်သည်။

ဦးကျော်ဒင်ကား မဏ္ဍပ်ထဲသို့ပင် မဝင်တော့ဘဲ အိမ်ဘေးအဖီထဲ သွားကာ ဂုန်နီအိတ်အခင်း ခင်းထားသော ပက်လက်ကုလားထိုင်၌ထိုင်၍ “ဟင်း – ဝင်တယ်၊ ဟင်း – ထွက်တယ်”ဟု လူမသိအောင် ကျိတ်၍ မျက်စိစုံမှိတ်ပြီး ရှုရှိုက် မှတ်ရှု နေလေတော့၏။

ထွက်လေ... ဝင်လေ အဝင်အထွက်မျှပြီး သက်တောင့်သက်သာဖြစ်၍ အရသာတွေ့စ နှစ်ရက်,သုံးရက်အရတွင် အနာဂါမ်ဒေါ်ငွေဘုံကြီးထံမှ သတိပဋ္ဌာန် အမှတ်တရားမှတ်ဖူးသူ ဦးရွှေလုပ်သည် အိမ်သို့ရောက်လာကာ ...

“အသိလိုက်ရသေးတယ်”ဟု ဆို၍ ...

“ဘယ်လို အသိလိုက်ရမတုံး”ဟု မေးလျှင် ...

“သိ– သိ– သိပေါ့ကွာ”ဟု လွယ်လွယ်ပင် ဦးရွှေလုပ်က ပြော၏။

“အသိလိုက်တော့ ဘာဖြစ်မတုံး”ဟု ဦးကျော်ဒင်က မေးပြန်၍...

“ကုသိုလ်ရတာပေါ့ကွာ”ဟု သာဖြေလေသည်။ ဦးကျော်ဒင်ကလည်း...

“ငါလုပ်ရင် မုချ ရ– ရမယ်”ဟု တစ်ထစ်ချ စွဲမြဲယုံကြည်သွားပြီဖြစ်၍...

“ကုသိုလ်ရရင် လုပ်မယ်ဗျာ”ဟု ဆိုကာ ထိုအသိမျှလောက်ဖြင့် အာနာပါနကို စတင်ခဲ့ရရှာ၏။ အားကျဖွယ်ကြီးပါပေ။

ဦးကျော်ဒင်သည် ဤမျှလောက်သောအသိဖြင့် အချိန်ရှိသမျှ သတိကပ်ပြီး လာခဲ့ရာ တစ်နေ့ထက် တစ်နေ့ တိုးတက်လာ၏။ နွားစာအတွက် ပြောင်းရိုးများကို စဉ်းရာ၌လည်း သတိကပ်ပြီး စဉ်းရာ ဖျောက်ကနဲ ဖျောက်ကနဲ ပြောင်းရိုးဖြတ်သံနှင့် အမှတ်သတိ အံကျဖြစ်ကာ တိကနဲ တိကနဲ ချက်ကျကျ သွားသည်ကို ပီတိဖြစ်နေ၏။ မောရမှန်းပင် မသိချေ။

“အင်း... ခုမှ ပိုပြီးနေရာကျ၊ ကုသိုလ်လဲရ ၊ပြောင်းရိုးစဉ်းလဲ များများရ အမောလဲ သက်သာသေး”ဟု တွေးကာ ဝမ်းသာအားရ နေ့ညမပြတ် ရေခပ်ရင်း နွားကျောင်းရင်း၊ ပေါင်းနုတ်ရင်း၊ ယာလုပ်ရင်း တစ်ချိန်ထဲ အလုပ်နှစ်ခုပြီးနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ရှုပုံမှတ်ပုံလည်း "မုဆိုးစိုင်သင်"ဟူသကဲ့သို့ အလုပ်ကပင် တည့်၍တည့်၍ သွားလေသည်။ အိပ်သောအခါ ခေါင်း၊ လက်၊ ခြေ၊ ကိုယ်အင်္ဂါအနေအထားကို အောင်ပြုပြင်မနေရဘဲ အိပ်ရင်းက နေသားတကျ အလိုလို ပြင်ပြီးသား ဖြစ်သွားသကဲ့သို့တည်း။ တရားကိုသာ အားထုတ်ပါလေ။ မှားလျှင် တရားကပင် ပြင်ပေးသွားလိမ့်မည် ဟူ၏။

မောင်ရင်ပေါ်ချောက်သို့သွား၍လည်း ညအိပ်ညနေ အားထုတ်၏။ ကောင်းရောင်များကို တွေ့သော အခါ–

"ငါ တရားအားထုတ်လို့ ဘုရားရောင်ခြည်တော် ဖူးရပဟေ့"ဟု တိုး၍ ကြိုးစားလေ၏။ မျက်နှာအနီး၌ ချာချာလည်နေသော အလင်းလုံးကလေးများကို မြင်ရသောအခါ တစ်မျိုးအားတက်ကာ စိုက်၍ကြည့်မိ၏။ ကြည့်လျှင် အလင်းလုံးကလေးများက အပေါ်သို့ တက်၍ တက်၍သွား၏။ တက်၍ တက်၍ သွားတိုင်း...

"တက်ဟာ တက်ဟာ"ဟု အားပေးရင်း စိတ်က အမှီလိုက်၍ ကြည့်ရာ အပေါ်သို့ပင် ရောက်သွား ၏။

"အင်း... တယ်လဲ ဟုတ်ပါကလား။ ငါ တိမ်ပေါ်ကိုတောင် ရောက်နေနိုင်မှာ"ဟု မမောနိုင်အောင် ကျေနပ်လျက်ရှိသည်။ မကြာမီ အလင်းလုံးကလေးများကို တက်၍ တက်၍လိုက်ရင်း ဘုံနန်းပြာသာဒ်ကြီးများကို တွေ့ရပြန်ရာ...

"အင်း... တရားအားထုတ်လို့ ငါသေရင် နေရမယ့် ပြာသာဒ်ကြီးတွေပဲ"ဟု တွေးကာ မကြောက်မရွံ့ စွန့်စွန့်စားစား တိုး၍ အားထုတ်ပြန်လေ၏။

(ယခုခေတ်ကဲ့သို့ ပွင့်ပွင့်လင်းလင်းမရှိသေး၍ စိတ်ကူးပေါက်သလို လုပ်နေရသည်ကို သတိပြုပါ။ ဤယခု ရေးနေသည်မှာ ဆရာတော်ပြန်ဟောသည့် အကြောင်း ရေးနေခြင်း ဖြစ်ပါသည်။)

မှတ်ချက်။ ။အထက်ပါအကြောင်းအရာများနှင့်ပတ်သက်၍ ဆရာတော်ကိုယ်တိုင် ဟောကြားသော မူရင်းအသံကို အင်တာနက်စာမျက်နှာများတွင် နားထောင်ယူနိုင်ပါသည်။

## ထိ–သိ သတိ လွယ်လွန်း၏

ဦးကျော်ဒင်သည် လူတွေပြောပုံဆိုပုံ၊ လုပ်ပုံကိုင်ပုံတို့ကို မြင်လေ ကြောက်လေ၊ ခံနေရသည့် သတ္တဝါများကို မြင်လေ ထိတ်လန့်လေ ဖြစ်နေ၏။ ကြောက်ရွံ့ ထိတ်လန့်လေ ဝီရိယကို တိုးမြှင့်လေ ဖြစ်သည်။ သွားလဲ ဒီစိတ် အိပ်လဲ ဒီစိတ်ဖြင့် ရှိတ်မိုတ်ပြီး လုပ်နေသည်ကို မြင်ရသောအခါ "ငါတို့ တော့ နိဗ္ဗာန်မရချင် နေပေစေ၊



www.burmeseclassic.com

www.burmeseclassic.com

ဒီလောက်တော့ မလုပ်နိုင်ဘူး"ဟု ထင်ရ၏။ ကိုယ့်ကိုယ်ကို လျှော့တွက်ကြသည်။ "သူ ဒီလို ဒုက္ခခံနိုင်တာ ပါရမီရှိလို့"ဟု မြှင့်၍ တွက်တတ်ကြပြန်၏။ မဟုတ်ချေ။ လက်တွေ့ လုပ်ကြည့်လျှင် တဖြည်းဖြည်း ရက်ပိုင်းမျှဖြင့် ဓမ္မ အရသာ တွေ့ကာ ယုံကြည်မှု(သဒ္ဓါ) တိုးလာ၏၊ ယုံကြည်မှုတိုးလျှင် ဝီရိယတိုး၏။ ဝီရိယတိုးလျှင် သတိတိုး၏။ သတိတိုး လျှင် သမာဓိတိုး၏။ သမာဓိတိုးလျှင် ပညာတိုး၏။ တမင်ကြိုးစား ဖျစ်ညှစ်၍ လုပ်နေ ရသည် မဟုတ်ချေ။

တစ်ရက်ထက် တစ်ရက် ကိုယ်နှုတ်စိတ် အပူဓာတ်များကင်းကာ အေးငြိမ်း၍ အေးငြိမ်း၍ လာသည်ကို ကိုယ်တိုင်ပင်သိလာ၏။ သူများဟောစရာ တိုက်တွန်းစရာမလို။ ယင်းကိုပင် "အကာလိကော = ချက်ချင်းအကျိုးရနိုင်သည် သန္ဒိဋ္ဌိကော= ကိုယ်တိုင် လက်ငင်းခံစားတွေ့ရှိနိုင်သည်"ဟု တရားတော်က ဆိုလေသည်

လက်တွေ့စမ်းဖို့၊ လုပ်ကြည့်ဖို့သာ အရေးကြီး၏။ "ဒီလိုမှန်းသိ ငါ အစောကြီးက (ငယ်ငယ်က) လုပ်ရလေလား"ဟု ယောဂီတိုင်း နောင်တဖြစ်ကြရသည် ပြောရသည်ထက် အလုပ်က ပို၍ လွယ်၏။ ထို့ကြောင့် 'ဧဟိ ပဿိကော = မယုံရင်လာလှည့် စမ်း၍ကြည့်'ဟု အာမခံရဲခြင်းဖြစ်သည်။ လူတိုင်းမလုပ်တတ် မရှိရအောင်လည်း ရှင်းလင်း၏။ လွယ်ကူ၏။ သို့ရာတွင် လက်တွေ့ ယုံယုံကြည်ကြည် လုပ်လိုသူများ ရှားပါးလှသဖြင့် တဖွဖွ ဟောရလွန်း၍ -

"နွားစာမှုရရဟု ကျုတ်တီးကုန်းမှာ တောင်ယာလုပ်ရသလို တစ်ပုဒ်တစ်ပါဒမျှ သိရင် မနည်း အကျိုးများမည်ဟု ယူဆ၍ ဒီလောက် ငါပြောပြလို့မှ မသိမမြင်တဲ့ ပုထုဇဉ် အမိုက်အကန်းတွေကို ငါ ဘာတတ်နိုင်ဦးမှာလဲ"ဟု တစ်ခါက ဘုရားရှင်ပင်လျှင် ညည်းညူတော်မူဖူး၏။(ခန္ဓဝဂ္ဂ-ခေတ္တူပမသုတ်။)

ထိုချမ်းသာကား အဖော်မလို၊ သန္တော= အေးငြိမ်း၏။ ပဏီတော = မြိန်၏ တင်းတိမ်ရောင့်ရဲမှု မရှိ။ အသေစ နကော = ပို၍ကောင်းအောင် တစ်စုံတစ်ရာ ဖြည့်စွက် (နှမ်းဖြူး) စရာမလို၊ အလိုလို့ကို အရသာ ရှိနေ၏။ ပြဆိုပြီး (ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး ဟုလည်း ခေါ်ဆိုရသော) သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ငါးမျိုးတိုးတက်လာသော ပို၍ အရသာရှိလေ အသိဉာဏ်တိုးလေဖြစ်တော့သည်။ ထိုအခါ အာရုံငါးပါး နိုင်းစေရာ လိုက်ပါနေကြရသော လူများစုနှင့် ခွဲခွာကာ တစ်ကိုယ်တည်း နေနိုင်သည်မှာ သတ္တိကောင်းလွန်း၍ ၊ ပါရမီရှိလွန်း၍ မဟုတ်။ အလိုလို ခံနိုင်ရည်ရှိသွား၏။ ချမ်းသာ ၏။ လူသာမန်တို့ ကိုယ်ချင်းစာ၍ မရနိုင်ပြီ။

ဦးကျော်ဒင်သည် နှာသီးဖျား၌ ထွက်လေ-ဝင်လေတို့ ထွက်တိုင်းထိ ထိတိုင်းသိ၊ ဝင်တိုင်းထိ၊ ထိတိုင်းသိ၊ အသိချင်းစပ်အောင် မှတ်နိုင်လာသည့်အပြင်



www.burmeseclassic.com

www.burmeseclassic.com

ချောင်း၊ထိုင်၊ရပ်၊သွားဣရိယာပုတ်၊လေးပါးလုံး၌လည်း ရှုမှတ်ပုံ တိုးချဲ့မှတ်နိုင်လာ၏။ သွားလျှင် မြေ၌ ခြေဖြင့်ထိသည်ကို သတိကပ်၍ မှတ်ခြင်း၊ ယင်းသို့ထိနေသည်ကို သိမြင်နေခြင်း(သတိ၊ပညာ) ထိုင်လျှင် တင်ပါးနှင့်ကြမ်းပြင် ထိသည်ကိုမှတ်သိခြင်း၊ စားလျှင် ထမင်းလုပ်နှင့် လက်ထိနေသည်ကို မှတ်သိခြင်း၊ အိပ်၍ ထိနေသည်ကို မှတ်သိခြင်း စသည်ဖြင့် "ထိ+သိ+သတိ"ဟုပင် သတိပဋ္ဌာန်လေးခုလုံးကို ခြုံမိအောင် ဆောင်ပုဒ် ပြုသွားနိုင်လေတော့၏။ (ပထဝီဓာတ်ကို ပဓာနပြုထားသော သတိပဋ္ဌာန်ဖြစ်၏။ မဟာစည်ဆရာတော်ဘုရားကား ဝါယောဓာတ်ကို ရှုသည်။)

ထို့နောက် ခန္ဓာကိုယ်၌ နာကျင်ကိုက်ခဲမှု ပူမှု အေးမှု စသော ဝေဒနာများကိုပါ ထပ်၍ မှတ်သိခြင်းများပင် တိုး၍လာ၏။ "ဝေဒနာလိုက်"သည်ဟု ပြောစမှတ်ပြုကုန်၏။ ဝေဒနာနုပဿနာခေါ်သည်။ ထင်ရှားခံခက်သော ဒုက္ခဝေဒနာကိုသာ အသေး၍ မှတ်ဟန်တူ၏။(သုခ–ဥပေက္ခာဝေဒနာတို့ကိုလည်း မှတ်သိရသည်ပင်။ သော် အကျိုးဝင်လေပြီဖြစ်၍ အထူးမဆို။) ထို့ကြောင့်လည်း ဦးကျော်ဒင်က– အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့သည်။

"မခံသာ မှန်ပါဘိ သည်တရား။ ခံသာလျှင် သံသာကြောမှာ ၊ မျောလိမ့်အများ"

**ဦးကျော်ဒင်အား အဆုံးအဖြတ်ပေးမည့်နေ့**

ဦးကျော်ဒင်သည် ထိုသို့နေညမလပ် သတိချင်းစပ်အောင် ရှုမှတ်လေရာ ရက်ဆန့် ထိုးအောင့် ကိုက်ခဲလာသော ဝေဒနာများ ရိပ်ကနဲရိပ်ကနဲ အားသေးပျောက်ကွယ်သွားကုန်၏။ အာရုံနိမိတ်များလည်း တဖြည်းဖြည်းကင်းကွာ၍၊ ခွာ၍၊ လျှော၍ ခန္ဓာကိုယ် ရုပ်နာမ်တရားတို့၏ ဖြစ်မှု ပျက်မှု အစဉ်ကိုသာ သိမြင်လျက် ဖြစ်ပျက်အပေါ်၌သာ စူးစိုက်သိမှတ်နေခဲ့ရာ ရှုမှတ်၍ အလွန် ချက်ကျကျ စီးစီးပိုင်ပိုင် ရှိနေ၏။ စိတ်ထဲတွင် အလွန်ကျေနပ်ဝမ်းမြောက်နေမိ၏။ နှစ်သက်နေမိပြန်၏။ ကျေနပ်ဝမ်းသာလွန်း အားကြီးနေစဉ် ဦးကျော်ဒင်၏ ရှေ့၌ ခင်းဓာတ်ကြီးမှာ ထင်းကနဲ ပေါ်လာတော့သည်။

ပီတိဖြင့် ဖုံးအုပ်ပေးထား၍ ဝေဒနာငြိမ်းသွားပြီဟု ထင်ရသော်လည်း အစိုးမှီများ ပြည့်ဟုန်ပြီး စွဲကျန်နေသေးရာ အလင်းဓာတ်ကြီး ပေါ်လာသော အခါတွင်မှ ဝေဒနာများ စုပ်စမြုပ်စ ငြိမ်းချုပ်ကာ လုံးဝအေးသွားတော့သည်။ ထို့ကြောင့် အလင်းဓာတ်ကြီးကို တွယ်တာနေမိပြန်၏။ ဖြစ်ပျက်သတိလည်း လွတ်နေတော့သည်။

ဦးကျော်ဒင်သည် အတန်ငယ်စဉ်းစားကာ "အင့်ဟင် ငါ့ဟာ ဟုတ်သေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပညာခြင်းဆင်ခြင်၍ သိမှတ်မှုကို ခန္ဓာကိုယ်ပေါ်သို့ ချက်ခြင်းပြန်၍ တင်ပို့လိုက်၏။ (ပြာအာသည့် ထဲကျ၍ ထေသဒ္ဓိ၌ နှစ်သွားသည်ကို ဆွဲထုတ်လိုက်ခြင်းပင်တည်း။)ထိုအခါ [illegible] ဝေဒနာများ ပြန်၍ ပေါ်လာကြပြန် ၏။ လှိုင်းထန်သောဝဲဂယက်၌ သစ်တုံး ထိုးထိုးစစ်၍ ထုးနေရသကဲ့သို့ရှိတော့သည်။ မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိခေါ် ထမ်းချွန်ထမ်းဖျား၌ သတိရှိရှိ၊ ဝီရိယမှန်မှန်၊ ဉာဏ်ကိုအသုံးချ၍ ပွဲကိုင်နေရပုံ တည်း။

ပေါ်လာသော ဝေဒနာများကို သိမှတ်ပြန်ရာ အာရုံနှင့် သိမှတ်မှုမှာ တော်တော်နှင့် အံမကိုက်၊ ခွင်မကျ။ မဆုံးနိုင်အောင် တမှတ်ထဲမှတ်နေရသည်ကိုပင် ငြီးငွေ့လာ၏။ အာရုံနှင့်သိမှတ်မှုမှာ အထက်လွန်သွားလိုက်၊ အောက်ကျသွားလိုက်၊ ရှေ့ရောက်သွားလိုက်၊ နောက်ကျကျန်ရစ်လိုက် ဖြစ်နေပြန်၏။ ထိုအခါ ဦးကျော်ဒင်သည် အသက်မှန်မှန် ရှူရှိုက်ကာ မဇ္ဈိမပဋိပဒါ ကျအောင် ညှိယူလိုက်သောအခါ ဣန္ဒြေ ငါးပါးလုံး မျှတညီညွတ်သွားသဖြင့် နိရောဓ ဓါတ်ကို ဖတ်ကနဲမိကာ ယမ်းတောင့် ထိုးထားသော သေနတ်ကို စိကနေ ကိုင်ဖြုတ်လိုက်သကဲ့သို့ ဒိုင်းကနဲ မှတ်သိမှု ပြုတ်ထွက်သွားလေတော့၏။ သတိ ဝီရိယ ဉာဏ်ရှိသော ရေနစ်သူသည် အလိုက်သင့်မှေး၍ မျှောလိုက်ရာမှ ဆိပ်ကမ်းကို ခေါင်းဖြင့် ဒိုင်းကနဲ ဆောင့်ဝင်၍တိုက်ရာ ဆိပ်ကမ်းကို မလွှတ်တမ်း ဆုပ်ကိုင်၍ အမောဖြေသကဲ့သို့လည်း ဖြစ်နေပေမည်။ တစ်သံသရာလုံး မခံစားခဲ့ရဖူးသေးသော ငြိမ်းအေးမှုကြီးကို မျက်ဝါးထင်ထင် တွေ့မြင်ရကာ အမောပြေ သက်သာရာ ရလေတော့၏။

"အာလောကော ဉဒပါဒိ" တရားအလင်းဓာတ်ကြီးသည် ဦးကျော်ဒင်၌ ပထမဆုံးအကြိမ် ကိန်းဝပ်လေတော့သည်။ မြွေကိုက်ခံရသူသည် ထိုဝေဒနာ လုံးဝချုပ်ငြိမ်း ပပျောက်သွားသော်လည်း တစ်သက်နှင့်တစ်ကိုယ် မမေ့နိုင်အောင် စဉ်းစားလိုက်တိုင်း ခံစားရပုံကို တပ်အပ်မှတ်ချ သိနိုင်သကဲ့သို့ ထိုအခြေအနေနှင့် ထိုနေ့ကို ဦးကျော်ဒင်အဖို့ ရာသက်ပန် မမေ့နိုင်တော့ချေ။ ပထမရစ်အနေဖြင့် အပါယ်လေးပါး ကြွေးစာရင်း ဖျက်လိုက်သော ထိုနေ့ကား ...

"၁၂၈၂ – ခုနှစ် ၊ ဝါဆိုလပြည့်ကျော် ၁၃ – ရက်၊ ကြာသပတေးနေ့၊ ညနေ ၁၀ – နာရီခန့် ။"

### ဒုတိယအကြိမ် နိဗ္ဗာန်ရောက်ခြင်း

ဦးကျော်ဒင်သည် ဒေါ်ရွှေရည်၏ အမျိုးမျိုးသော နှောင့်ယှက်ခြင်းကို မေတ္တာဖြင့် သည်းခံကာ အချိန် ရသမျှ ရှုမှတ်ပွားများရာ ယခင်ကထက် ပို၍ အသိဉာဏ်



www.burmeseclassic.com

www.burmeseclassic.com

ခင်းလာ၏။ သွားဖူးပြီးသော လမ်းဖြစ် ၍ အခက်အခဲလည်း မရှိတော့ပေ။ အတွင်းဝေဒနာ ပို၍ တက်ခြင်းမျှလောက်သာ ထူးတော့သည်။' ဟုဟောကြားဖူး၏။ (ယောဂီတိုင်း ဤသို့ဖြစ်ရမည်ဟုကား တစ်ထစ်ချ မမှတ်သင့်။)တစ်ညတွင် ဦးကျော်ဒင်သည် သတိဖြင့်ပင် အိပ်ပျော်သွားခိုက် အိပ်မက်ထဲတွင် မီးရထားဘူတာရုံတစ်ခုကို ရောက်သွား၍ လက်မှတ်ယူရာ မိမိက တစ်ခုသာယူသော်လည်း လက်မှတ်ပေးသူက လေးခုပေး၍ ထို့နောက်လေးခုလုံး အိတ်ထဲထည့်ပြီး ရထားသို့ လျှောက်ခဲ့ရာ ရထားမှာ ထွက်ခါနီး၍ အမြန်လိုက်ပါ တက်စီးရပုံကို မြင်မက်၏။ နောက်မကြာမီရက်အတွင်း အိပ်မက်ပြန်သည်မှာ ယာ ခင်းသို့ရောက်သွားခိုက် နွားတစ်ကောင်ပြေးလာသည်ကို မြင်၍ လိုက်ဆွဲရာ အမြီးကိုဆွဲမိသဖြင့် အမြီးရင်းမှ ပြုတ်ပါလာသည်ကို မြင်မက်၏။(ယောဂီ၌ အိပ်မက်များသည် တစ်နည်းတစ်ဖုံအားဖြင့် အကျိုးပြုပုံကို ကျွန်ုပ်တို့ပြခဲ့ပြီ။)

ဦးကျော်ဒင်သည် အဆိုပါအိပ်မက်များကို အတိတ်ကောက်၍ "သာသနာ့တတိပိုင်းမှာ အပြုတ်ဟ"ဟု ကြိမ်းဝါးကာ ဝင်လာသမျှ အာရုံသညာတို့ကို သတိဖြင့် ခံ၍ ပညာဖြင့်ဖြတ်လျက် ပထမအကြိမ်နှင့် တစ်လတိတိအကြာ–

"၁၂၈၂–ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃–ရက်၊ စနေနေ့ ညဦး ၁၀–နာရီ အချိန်ခန့်တွင် ဒုတိယအကြိမ် နိဗ္ဗာန်ကို မျက်မှောက်ပြုတော်မူ၏။"

**ဦးကျော်ဒင်ရှေ့ မိုးကြိုးခြင်း**

ဦးကျော်ဒင်သည် ဒုတိယဆင့်ရောက်ပြီး တစ်လတိတိကြာသောအခါ–

"၁၂၈၂–ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃–ရက်၊ တနင်္လာနေ့၊ ညဦး ၁၀–နာရီ အချိန်ခန့်၌ တ တိယအကြိမ် နိဗ္ဗာန်ကို မျက်မှောက်ပြုလေ၏။"

ဆယ်နာရီ မထိုးမီကလေးတွင် ဦးကျော်ဒင်တစ်ကိုယ်လုံးရှိ အကြောအခြင်များ အတတ်တုတ်ဆွဲကာ ပြတ်သွားမတတ် အလွန်ပြင်းထန်လှသော ဝေဒနာကို ခံစားရသည်။

"ဒီနေရာမှာ ခံနိုင်ရင်ခံ ၊မခံနိုင်ရင် လန်ရော၊ ဒါကျော်မှ ငါ သာစုခေါ်မည်" ဟုလည်း ပြန်လည်ဟောကြားဖူး၏။

နောက်တစ်နေ့တွင် ဦးကျော်ဒင်၏ ရှေ့၌ပင် ပြင်းထန်သော မိုးကြိုးကျ၏။ ဦးကျော်ဒင်ကား မည်သို့မျှ မတုန်လှုပ်၊ မထိတ်လန့်၊ စိတ်ဆိုးခြင်း၊ ကြောက်ရွံ့တုန်လှုပ် ထိတ်လန့်ခြင်းသည် ဒေါသပင်ဖြစ်၏။ဦးကျော်ဒင်ကား ဒေါသကို အမြစ်ပြတ် သတ်နိုင်လေပြီ။ ထိုအဆင့်သို့ ရောက်ပြီးဖြစ်ကြောင်း ထောက်ခံချက်ပေးလာသော မိုးကြိုးပင်တည်း။

နွားနှစ်ကောင်နှင့်ထွန်ထောင်ကိုယ်တော် ဦးကျော်ဒင်သည် ၁၂၈၂–ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com

သီတင်းကျွတ်လပြည့်ကျော် ငါးရက်နေ့တွင်ပဲကြိရန်ထွန်ကို,၍ ယာခင်းသို့ထွက်လာခဲ့၏။ ယာထဲသို့ရောက်သောအခါ ထွန်ရေးစရန် မောင်းနှင်ရာ နွားနှစ်ကောင်မှာ လှည့်ကြည့် လှည့်ကြည့် လုပ်ကာ မသွားဘဲ တွေပြီး ရပ်နေကြ၏။ "ဟဲ့"ဟု ငေါက်သော်လည်း ရှေ့သို့မတိုးဘဲ လှည့်ကြည့်ပြီး ဦးကျော်ဒင်အား တစ်စုံတစ်ခု ပြန်ပြောနေကြသကဲ့သို့ ရှိ၏။

"ခါတိုင်းဆို ဟဲ့-လို့တောင် မငေါက်ရဘဲ သူ့ထက်ငါ ရုန်းကြတဲ့ ကျေးဇူးရှင်ကြီး နှစ်ကောင်ကတောင် ထုံပေပေနဲ့ ငါ့ကို နှင်နေကြပါပကောလား။ အင်း ကိုယ့်အကြောင်း ကိုယ်အသိဆုံးမို့ ကိုယ့်ဟာကိုယ် မဆုံးဖြတ်နိုင်ရင် ကိုယ့်အသိဉာဏ်ဟာ ဘာအသုံးကျတော့မှာလဲ။"

ဦးကျော်ဒင်သည် ရုတ်တရက် အကြံပေါက်ကာ ထွန်ပေါ်ကဆင်းပြီး နွားကို ထမ်းပိုးမှ ကြိုးဖြုတ်၍ ထွန်တုံးကို ထောင်ထားလိုက်၏။

"ကဲ- မင်းတို့နဲ့ ငါနဲ့လဲ သေခန်းဖြတ် ကြွေးရှင်းကြစို့။ တော်ရာ သွားကြပေ ရော့။ သင်တို့ကို ငါ ဘေးမဲ့ပေးလိုက်ပြီ" ဟုဆိုကာ နွားနှစ်ကောင်ကို လွှတ်လိုက်သည်။ ပြီးလျှင် ဦးဝီရိယခေါ် ဘုန်းတော်ကြီး ဦးကျောက်ကျောင်းဆီသို့ ထွက်လာခဲ့၏။ လမ်းတွင် ဒေါ်တင် ဆိုသူနှင့် တွေ့၍ အကျိုးအကြောင်း မေးရာ သင်္ကန်းဝတ် သွားမည့်အကြောင်း ပြောပြလျှင်...

"ဟဲ့ – မောင်ကျော်ဒင်၊ ဒီလိုဆိုရင် တို့အိမ်က မောင်တာ ကိုရင်ကြီးဝတ်တုန်းက ကေသီအဟောင်း တစ်ထည်ရှိတယ်။ ယူသွား။ မိရွှေရည်လဲ မသိစေနဲ့"ဟု ဆိုကာ ဒေါ်တင်လှူလိုက်သော ကေသီ၊ ဦးဝီရိယ ချီးမြှင့်သော သင်းပိုင်တစ်ထည်ဖြင့် ထိုနေ့၌ပင် ဦးကျော်ဒင်မှ ကိုရင်ကြီး ရှင်ကဝိ ဖြစ်လာလေ တော့၏။

"ထွန်ဆင်းကိုယ်တော် ထွန်ထောင်ကိုယ်တော်"ဟုလည်း သမုတ်ကြသည်။

ကိုရင်ကြီး ဦးကဝိကား ယခုမှပင် စိတ်နှင့်ကိုယ်၊ အတွင်းနှင့်အပြင်၊ အသွင်နှင့် သဘောထား တစ်သားတည်း ကိုက်ညီကာ အာနာပါနကို စိတ်တိုင်းကျ ရှုမှတ်ခွင့်ရလေတော့သည်။

ဦးကဝိ ကိုရင်ဝတ်ပြီး ငါးရက်အရတွင် သူငယ်ချင်း ဦးရွှေလုပ်လည်း ရှင်ဝိဇယ အမည်ဖြင့် ရှင်ကဝိနှင့် အတူလိုက်ပါ၍ သာမဏေပြု၏။ (ပြဆိုခဲ့သည်အတိုင်း) အနာဂါမ် ဖြစ်ပြီး တစ်လတိတိအကြာ မောင်ရင်ပေါ်ချောက်တွင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက် ကာ "ရဟန္တာ" ဖြစ်တော်မူလေ၏။

ဦးကျော်ဒင်သည် ၁၂၈၁ – ခုနှစ် သီတင်းကျွတ်လပြည့်နေ့၌ ဆီမီးတစ်ထောင် ပူဇော်၍ ထိုနှစ် တပေါင်းလတွင် မဏ္ဍပ်ထိုးကာ ဘုရားပူဇော်ခဲ့၏။ အာနာပါနတရားကို



www.burmeseclassic.com

www.burmeseclassic.com

တစ်ခွန်းတစ်စ ကြားသိရှိမှုဖြင့် "မုဆိုးစိုင်သင်" အားထုတ်ခဲ့ရာ ၁၂၈၂–ခုနှစ် ဝါဆို၊ ပါခေါင်၊ တော်သလင်း၊ သီတင်းကျွတ် လပြည့်ကျော် ၁၃–ရက် ည၌ ၁၀–နာရီ အချိန်ရောက်သောလျှင် အချိန်ကာလ တစ်လစီ တစ်လစီ ခြားကွာ၍ အရိယာ လေးဆင့် အောင်လံထူနိုင်တော်မူလေပြီ။

သက်တော် ၄၃– နှစ် ကိုရင်ကြီးဘဝဖြင့် "ရဟန်းကိစ္စ" ပြီးတော်မူသည်။ အရိယာဖြစ်ရန်အတွက် ဦးကျော်ဒင်ပေးသော သင်ခန်းစာထက် အားကျဖွယ်သည် အဘယ်မှာရှိပါသေးတော့ အံ့နည်း။

**တရားအစစ်ခံခြင်း**

မြင်းခြံမြို့ဦးဖြိုးသာနှင့် စာရေးကြီး ဦးဘစံတို့၏ လျှောက်ထားသတင်းပေးချက်အရ မိတ္ထီလာရေလယ် ဆရာတော်ကပင့်ခေါ်ခြင်းဖြစ်၏။ ရေလယ်တိုက်သို့ ကြွရောက်ကာ တရားအစစ်ခံခဲ့ရာ ဣန္ဒြေနှင့်ပြောဆိုသော စကားများအရ "ရဟန္တာ" ဖြစ်ကြောင်း ကောင်းစွာယုံကြည်၍ နှစ်ထောင်းအားရ သာဓု ခေါ်တော်မူသည်။

ရေလယ်ဆရာတော်သည် ရှင်ကဝိနှင့် ရှင်ဝိဇယတို့အား အပန်းဖြေစေပြီးနောက် စာသေကျမ်းဂန်နှင့် ညှိ၍ ပို၍တိကျစွာ ကြည်ညိုနိုင်ရန် အောက်ပါအတိုင်းထပ်မံ မေးစစ်ပြန်လေသည်။ ဦးဖြိုးသာနှင့် ဦးဘစံတို့လည်း အနား၌ပင် နာယူကြည်ညိုနေကြ၏။

(မှတ်ချက်။ ။စာမတတ်သူတစ်ဦးအနေဖြင့် ဖြေဆိုရန် မည်မျှခက်ခဲသော မေးခွန်းများဖြစ်သည်ကို သတိပြု၍ ဖတ်ပါ။)

မေး။ ။ ရှင်ကဝိ၊ ဘုံသုံးပါးမှာ ဘယ်သူက အိမ်ဆောက်လုပ်ပေးပါသလဲ။

ဖြေ။ ။ တဏှာက ဆောက်လုပ်ပေးပါတယ် ဘုရား။

မေး။ ။ တေဘုမ္မက သင်္ခါရဟာ ဘယ်ကမျိုးစေ့ ဖြစ်ပါသလဲ။

ဖြေ။ ။ အဝိဇ္ဇာက မျိုးစေ့ဖြစ်ပါတယ် ဘုရား။

မေး။ ။ လူ့ရယ်လို့ဖြစ်တာ ကုသိုလ်ကြောင့်လား၊ ဒါမှမဟုတ် အကုသိုလ်ကြောင့်လား။

ဖြေ။ ။ လူဖြစ်တာ ကုသိုလ်, အကုသိုလ် နှစ်မျိုးလုံးကြောင့် ဖြစ်ပါတယ် ဘုရား။

မေး။ ။ ကုသိုလ်ဟာ သုခ ဆိုမလား၊ ဒုက္ခဆိုမလား။

ဖြေ။ ။ ကုသိုလ်ဟာ သုခလို့ ဆိုပါတယ်။ စင်စစ်အားဖြင့် ဒုက္ခပါပဲ။

မေး။ ။ လူချမ်းသာ နတ်ချမ်းသာဆိုတာ အမှန်ရှိသလား။

ဖြေ။ ။ သစ်တနယ်မှာ အမှန်ပင်ရှိပါတယ်။ ပရမတ် သဘောအရ ဆိုလျှင် မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com

မေး။ ။ ငရဲခံတဲ့ ပုဂ္ဂိုလ် ၊ နတ်ပြည်စံတဲ့ ပုဂ္ဂိုလ်များ ရှိသလား။

ဖြေ။ ။ မရှိပါဘုရား။

မေး။ ။ လောကကြီးမှာ ခံစားသူ စံစားသူ နှစ်မျိုးရှိသည်တွင် ဘယ်သူ့ကို အမှန် ခေါ်မတုံး။

ဖြေ။ ။ နှစ်မျိုးစလုံးပင် မှန်ပါတယ် ဘုရား။

မေး။ ။ ၎င်း နှစ်မျိုးကို ဘာခေါ်မတုံး။

ဖြေ။ ။ နာမ် ရုပ် နှစ်ပါးဟု ခေါ်ပါတယ် ဘုရား။

မေး။ ။ လောကမှာ သတ်သူ၊ သေသူ ရှိသလား။

ဖြေ။ ။ ရှိပါတယ် ဘုရား။

မေး။ ။ ရှိပါတယ် ဆိုတာ ဘယ်လို မှတ်ရမလဲ။

ဖြေ။ ။ နာမ် ရုပ် နှစ်ပါးပါပဲ ဘုရား။

မေး။ ။ သူ့အသက် သတ်လျှင် ငရဲကျတယ်ဆိုတာ အမှန်ပဲလား ။

ဖြေ။ ။ အမှန်ပါပဲ ဘုရား။

မေး။ ။ မှန်တယ်ဆိုလျှင် ဘယ်ဟာ အမှန်ခေါ်မတုံး။

ဖြေ။ ။ ရုပ်နာမ်နှစ်ပါးဟာ ငရဲကျအောင်လဲ သူတို့ပါပဲ။ နိဗ္ဗာန်ရောက်အောင်လဲ သူတို့ပါပဲ။

မေး။ ။ သတ်သူသေသူ ရှိတယ် ယူတာမျိုး၊ မရှိဘူး ယူတာမျိုး၊ ထိုနှစ်မျိုးတို့တွင် ဘယ်ဟာ သမ္မာ အယူခေါ်၍ ဘယ်ဟာ မိစ္ဆာအယူ ခေါ်သတုံး။

ဖြေ။ ။ ရုပ်နာမ်နှစ်ပါးကလွဲ၍ ရှိတယ်မရှိဘူး နှစ်မျိုးစလုံးပင် မိစ္ဆာအယူ ဆိုရမှာပဲ ဘုရား ။

မေး။ ။ သမ္မာအယူ ဖြစ်အောင် ဘယ်လို ယူရမှာတုံး။

ဖြေ။ ။ ရုပ်နာမ် နှစ်ပါးသာ ရှိတယ်ယူလျှင် သမ္မာအယူ ဖြစ်ပါတယ်ဘုရား။

မေး။ ။ ပရမတ်သဘောကို မသိသောသူ ပါရမီဆယ်ပါး ပြည့်စုံနိုင်ပါသလား။

ဖြေ။ ။ မပြည့်စုံနိုင်ပါ ဘုရား။

မေး။ ။ ပညတ်ပရမတ် နှစ်ပါးရှိရာ ပညတ်ကိုသာ သိသောသူ မဂ်ကို ရသလား။

ဖြေ။ ။ မရနိုင်ပါ ဘုရား။

မေး။ ။ ပညတ် ပရမတ် နှစ်ပါး ဘယ်ဟာ အမှန်ခေါ်မတုံး။

ဖြေ။ ။ ပရမတ်ကိုသာ အမှန်ခေါ်နိုင်ပါတယ် ဘုရား။



www.burmeseclassic.com

www.burmeseclassic.com

မေး။ ။ မိစ္ဆာအယူ သမ္မာအယူ နှစ်မျိုးတွင် ဘယ်အခါ သမ္မာအယူခေါ်မတုံး။

ဖြေ။ ။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ကင်းလွတ်သည်က စ၍ သမ္မာအယူ ဖြစ်ပါပြီဘုရား။

"အင်း... သာဓု သာဓု၊ မှန်ကန်ကောင်းမြတ်လှပါပေတယ် ဦးကဝိ၊ သည် သဘောသဘာဝ မျိုးဟာ အလွန်အသိခက်ပေတယ် ဦးကဝိ၊ သည်နေ့ကစပြီး ဘုန်းကြီးများလဲ ဦးကဝိရဲ့ နည်းနာ နိဿယ အတိုင်း အားထုတ်လိုပါတယ်။ ဒကာ ဒကာမတွေလဲ အပါယ်တံခါးပိတ်အောင် ဦးကဝိတို့လဲ တစ်ဝါတစ်ချိ ဒီမှာပဲ သီတင်းသုံးပါဦးနော်"ဟု ရေလယ်ဆရာတော်က အမိန့်ရှိရာ ...

"မှန်လှပါဘုရား၊ တပည့်တော်များလဲ ယခုအခါ မှီခိုရာ နိဿရည်း ဆရာ ရှာတုန်း၊ ယခုလိုအမိန့်ရှိတာ ဝမ်းမြောက်လှပါတယ် ဘုရား"ဟု လျှောက်ကာ ရေလယ်တိုက်၌ပင်ဦးကဝိနှင့် ဦးဝိဇယတို့ သီတင်းသုံး နေထိုင်ကြလေ၏။

### ဈာန်တက်ပုံ ညောင်လွန့်ဆရာတော် မေးစမ်းခြင်း

ရေလယ်ဆရာတော်နှင့် ညောင်လွန့်တောရဆရာတော်တို့သည် "တရားထူး ရလျှင် အသိပေးကြ စတမ်း" ကတိအရ ရှင်ကဝိအကြောင်း စာရေးလျှောက်ထားသဖြင့် ညောင်လွန့်တောရ ဆရာတော် မိတ္ထီလာသို့ ကြွလာစုံစမ်း စစ်မေးတော်မူသည်။

ရှင်ကဝိက လောကီ လောကီသတ်သတ်၊ လောကုတ္တရာ လောကုတ္တရာ သတ်သတ် မေးရန်ကြိုတင်လျှောက်ထား၏။ လောကုတ်–လောကီ တစ်ရက်စီ ခွဲ၍ မေးတော်မူသည်။

အနယ်နယ်မှ စာတတ်ပေတတ် အကျော် ဆရာတော်ကြီး အချို့ကလည်း စာမတတ်ဘဲ တရားထူးရသည်ဆိုသည်ကို မယုံကြည်နိုင်ကြသဖြင့် အထပ်ထပ် စစ်မေး ကြပုံ၊ နှိမ်ချသော စကားများပြောဆို၍ အပြစ်ကြီးကြပုံ၊ စာမတတ်သော ဦးကဝိ၏ အလုပ်ခွင်နှင့်စပ်သော သိပုံများကို နောက်ဆက်တွဲ၌ ကြည့်ပါ။ ယင်းသို့မေးမြန်း စိစစ် ကြသည်မှာ ပဓာနအားဖြင့် အစစ်အမှန် ဝမ်းမြောက်ကြည်ညိုလိုကြ၍ ဖြစ်သည်။ အထင်သေးသည့် ပုဂ္ဂိုလ်များလည်း များစွာရှိ၏။ မည်သို့ဖြစ်စေ၊ ထိုအစစ်အဆေး အမေးအမြန်းအားလုံးသည် ဦးကဝိ၏ အရဟတ္တဂုဏ်ကို တစ်နိုင်ငံလုံးက ယုံကြည် လက်ခံလာရအောင် မှတ်ကျောက်တင် အတည်ပြုပေးကြရခြင်းပင်တည်း။

မေးသောပုဂ္ဂိုလ်တိုင်းကပင် "စာမသင်ဘဲ စာတတ်"နေသော ပဋိပတ်သဘောကို အံ့သြမဆုံး ရှိကြရလေ၏။ ထို့ကြောင့်(ပဋိသမ္ဘိဒါမဂ်နှင့် ဝိဘင်းအဋ္ဌကထာ)တို့၌ "အရိယာ ဖြစ်သွားလျှင် ပဋိသမ္ဘိဒါပတ္တ မဖြစ်သူ မရှိနိုင်"ဟု ဖွင့်ဆိုကြကုန်၏။

**"ပဋိသမ္ဘိဒါပတ္တ"** ဟူသည် ရုပ်နာမ်သဘာဝကို သဒ္ဒါအနက် စသည်



www.burmeseclassic.com

www.burmeseclassic.com

ခွဲခြားဝေဖန်၍ အမှန်တကျထိုးထွင်းသိမြင်သွားသည့် အသိဉာဏ်ထူး ရသူဟု ဆိုလိုပေ၏။ အရိယာတိုင်း ပဋိသေဝအဖြစ် ရောက်သည်ကိုပင် "ပဋိသမ္ဘိဒါ ဉာဏ်ရသည်" ဟုဆိုသည်။

မေး။ ။ ရှင်ကဝိ၊ လောကီစျာန် အင်္ဂါငါးပါး ပြောစမ်းပါ။

ဖြေ။ ။ ဆရာတော် အမိန့်ရှိတဲ့ စျာန်ကို တပည့်တော် မပြောတတ်ပါ။ တပည့်တော် ပြောတတ်သလို ပြောပရစေ ဘုရား။(ပြောပါ၊ ပြောပါ ဆို၍) ဆရာတော် ဘုရား ဟောဒါက ကသိုဏ်းဝန်း ပါဘုရား။ ပထမ ကသိုဏ်းဝန်းပေါ်ကို အာရုံသိမ်းပြီး တင်လိုက်တယ်။ ပြီးတော့ ဆင်ခြင်တယ်။ ကြက်သီးထပြီး တုန်လာတယ်။ ချမ်းသာနေ တယ်။ တည်ငြိမ်နေတယ်။

မေး။ ။ ဘာ .. ဘာ ... ဘာဗျ။ ရှင်ကဝိရဲ့ ၊ ပြန်ပြောစမ်းပါဦး။

ဖြေ။ ။ ဟောဒါက ကသိုဏ်းဝန်းပါ ဘုရား၊ အဲသည်အပေါ်ကို အာရုံသိမ်း ပြီး တင်လိုက်တယ်။ ပြီးတော့ဆင်ခြင်တယ်၊ ကြက်သီးထပြီး တုန်လာတယ်၊ ချမ်းသာနေ တယ်၊ တည်ငြိမ်နေတယ်။ အဲဒါပါပဲ ဘုရား၊ အမည်ကတော့ အရှင်ဘုရားတို့ မှည့်ချင် သလို မှည့်ခေါ်ချင်သလို ခေါ်ရုံပါပဲ ဘုရား။

ထိုအခါ ညောင်လွန့်ဆရာတော်က "ဟုတ်ပြီ ရှင်ကဝိရေ၊ ကသိုဏ်းဝန်းအပေါ် (နှာသီးဖျားမှာ မှတ်လျှင် နှာသီးဖျားကို ယူပါ။) အာရုံသိမ်းပြီး တင်လိုက်တာက ဝိတက်၊ ဆင်ခြင်တာက ဝိစာရ ၊ ကြက်သီးထပြီး တုန်လာတာက ပီတိ၊ ချမ်းသာတာက သုခ၊ တည်ငြိမ်နေတာက ဧကဂ္ဂတာ၊ ကဲ... သဘောကျပါပြီဗျာ၊ ရှေ့ဆက်လျှောက်ပါဦး" ဆို၍ ပဉ္စမစျာန်အထိ ဆက်၍လျှောက်ထားရ၏။ (စာ သိပုံနှင့် အလုပ် သိပုံကို နှိုင်းယှဉ် လေ့လာသင့်၏။)

မေး။ ။ ဒါဖြင့် နေပါဦး၊ အာကာသာနဉ္စာယတန စျာန်ဟာ ပညတ် အာရုံပြု သလား၊ ပရမတ်အာရုံ ပြုသလား။

ဖြေ။ ။ ပညတ်အာရုံပြုပါတယ် ဘုရား။

မေး။ ။ ဝိညာဏဉ္စာယတန စျာန်ကကော။

ဖြေ။ ။ ပရမတ်အာရုံပြုပါတယ် ဘုရား။

မေး။ ။ အာကိဉ္စညာယတန စျာန်ကကော။

ဖြေ။ ။ ပညတ်အာရုံပြုပါတယ် ဘုရား။

မေး။ ။ နေဝသညာ နာသညာယတန စျာန်ကကော။

ဖြေ။ ။ ပရမတ်အာရုံ ပြုပါတယ် ဘုရား။

မေး။ ။ ဒါဖြင့် အာကာသာနဉ္စာယတန စျာန်ကနေ ဝိညာဏဉ္စာယတန



www.burmeseclassic.com

www.burmeseclassic.com

ရှာန်တို တက်တော့ အောက် အာရုံပြုသလား၊ အထက် အာရုံပြုသလား။

ဖြေ။ ။ အောက်အာရုံပြုပြီး တက်ပါတယ် ဘုရား။

ထိုအခါ ဆရာတော်က "ဟင်...ဘယ့်နှယ် မဟုတ်တာ၊ အထက်တက်တာ အာ့ကြောင့်အောက် အာရုံပြုရမှာတုံးဗျ" ဟု ဆို၍ ရှင်ကဝိက...

"တပည့်တော် ဥပမာနဲ့ လျှောက်ပါ့မယ် ဘုရား၊ ဟောဟိုနားမှာ မစင်ပုံကြီး ရှိတယ်။ အဲဒီမစင်ပုံကြီးထဲ ကျသွားမှာ စိုးလို့ အထက်တွယ်တက်ရတာပါ၊ အဲသလို ပါပဲ။ အောက်ကို အာရုံပြုပြီး အထက်ကို တွယ်တက်ရခြင်း ဖြစ်ပါတယ် ဘုရား"ဟု ဆို၍ လျှောက်ထားသဖြင့် ကျေနပ်တော်မူသွား၏။

"အဲဒီတုန်းက ဆရာတော်များက ရှေ့ဆက်မမေးလို့၊ မေးရင် အရူပဘုံမှာ ရှိတောပညတ် မရှိလို့ စာက ဆိုထားတယ်။ ပညတ်ကိုလဲ အာရုံပြုတယ်လို့ ဆိုတယ်၊ ဘယ်လို ပညတ်ကို ဘယ်ပုံ အာရုံပြုသတုံးလို့ မေးမယ်ဆိုပါတော့။ ဒီတော့"မရှိ ပညတ်ကို အာရုံပြုတယ်"လို့ ဖြေလိုက်မှာပဲ။ မရှိတာကို ဘယ်လိုအာရုံပြုသတုံးလို့ ထပ်မေးမယ်ဆိုရင် ပစ္စည်းတစ်ခုခုကို ပြပြီး ဒီမှာကြည့်စမ်း၊ မြင်တယ် မဟုတ်လား၊ ဖျက်ထားလိုက်ပြီ၊ ရှိသေးရဲ့လား၊ မရှိတော့ဘူး။ မရှိပေမယ့် စောစောက မြင်ဖူးတာကို အာရုံပြုကြည့်စမ်း၊ အာရုံပြုလို့ ရတယ် မဟုတ်လား၊" အဲသလို မရှိ ပညတ်ကို အာရုံပြု တယ်လို ဖြေလိုက်မှာပဲ"ဟု ဦးကဝိကိုယ်တိုင် တစ်ချိန်က ဟောပြခဲ့ဖူး၏။

## ရှင်ကဝိ ရဟန်းဘောင်တက်၍ သာသနာပြုခြင်း

ယင်းသို့ ရှင်ကဝိအား စာပေကျမ်းဂန်နှင့် စစ်ဆေးပြီးနောက် ရေလယ်ဆရာ တော်သည် ရှင်ကဝိအား ရဟန်းပြုရန် တိုက်တွန်းတော်မူ၏။

"တပည့်တော်လဲ စာကမတတ်၊ သင်လဲမသင်လိုတော့ပါ။ တပည့်တော် ရပြီး တရားကိုသာ နှလုံးသွင်းနေချင်ပါတယ်။ ပဉ္စင်းမတက်လိုပါဘုရား" ဟု ငြင်းဆိုနေရာ ရေလယ်ဆရာတော်က...

"ဦးကဝိ၊ ဝိနည်းသင်ဖို့ မလိုပါ၊ ကျုပ်တို့ပြောစကားနားထောင်နေလျှင် ပြီးရော ပေါ့၊ ရဟန်းပြုတဲ့အကျိုးဟာ အင်မတန်ကြီးပါတယ်။ ဦးကဝိလို ပုဂ္ဂိုလ်မျိုး ရဟန်းဘောင် တက်ပြီး ရဟန်းတစ်ပါးလောက်ဖြစ်စေ၊ သိမ်တစ်လုံးလောက်ဖြစ်စေ ဆောင်ရွက်ပေးရ လျှင် အလွန်အကျိုးများသွားနိုင်ပါတယ်"ဟု တိုက်တွန်းတော်မူသည်။

ဦးကဝိကလည်း သဘောတူ၍ ၁၂၈၂–ခုနှစ်၊တပေါင်းလပြည့်ကျော် ၁၂–ရက် တနင်္လာနေ့ ညနေ လေးနာရီ ကိုးမိနစ်အချိန် ၊ ယင်းကျောင်းရှိ ခဏ္ဍာသိမ်၌ ဟင်းရန့်ကန် ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရေလယ်ဆရာတော်၊ ညောင်လွန့်ဆရာတော်များ ဦးစီးကာ



www.burmeseclassic.com

www.burmeseclassic.com
သံဃာတော် တစ်ကျိပ်ကျော်တို့က ဥပသမ္ပဒါကံသောက မင်္ဂလာ ရဟန်းဘိသိက် သွန်းတော်မူကြ၏။ မိတ္ထီလာမြို့ ပွဲစား ဦးပေါ၊ ဒေါ်ကျီးညိုတို့က ပဋ္ဌင်းဒကာပြု၍ ရှင်ကဝိနှင့် ရှင်ဝိဇယတို့ ရဟန်းဘောင်သို့ ရောက်တော်မူကြသည်။

**"စွန်းလွန်းဆရာတော်ကြီး ဖြေကြားသော ဝန်ကြီးချုပ် ဦးနု၏ မေးခွန်းများ"**

မေး။ ။ လူတို့ပြည်တွင် သစ်လေးပင်၊ သေစေလို ရေအေးလောင်း ၊ ရှင်စေလို ရေနွေးလောင်း၊ ဟူသောအမေးကို ဖြေကြားတော်မူပါဘုရား၊

ဖြေ။ ။ လူတို့ပြည်တွင် သစ်လေးပင် ဆိုရာ၌ လူ့ပြည် နတ်ပြည် ဗြဟ္မာပြည် ရယ်လို့ လောကဝေါဟာရ အားဖြင့် ရှိသော်လည်း ဘယ်ပြည်မှာများ ဘုရားပွင့်တယ်လို့ ကြားဖူးသတုံး လူ့ပြည်မှာလို့ ကြားဖူးပါတယ်ဘုရား အဲ ဂင်္ဂါ ဝါဠူ သဲစုမက ပွင့်တော်မူကြတဲ့ ဘုရားရှင်များမှာ သစ္စာလေးပါးနှင့်သာ ပွင့်ခြင်းကြောင့် လူတို့ပြည်တွင် သစ်လေးပင် ဟုဆိုသည်။ သေစေလို ရေအေးလောင်း ဆိုရာ၌ မဂ္ဂင်ရေ ကို ဆိုလိုသည်။ ရှင်စေလို ရေနွေးလောင်း ဆိုရာ၌ လောဘ ဒေါသ မောဟ ရေနွေးကို ဆိုလိုသည်။

မေး။ ။ မထိုင်ခင်က ခြေဆင်း၊ မလင်းခင်က ရောင်နီလာ၊ မချက်ခင်က ထမင်း၊ မကျက်ခင်က စားပြီးပြီ၊ မရက်ခင်က ပုဆိုး၊ မချုပ်ခင်က ဝတ်ပြီးပြီ၊ ၎င်းအမေးကို ဖြေတော်မူပါဘုရား၊

ဖြေ။ ။ အေး အဲဒါ ဝိတက် လို့ခေါ်တယ်၊(ဝိတက်ဆိုသည်မှာ ကြံစည် စဉ်းစား စိတ်ကူးယဉ်ခြင်း ဖြစ်သည်။)

မေး။ ။အကြောင်းပြ ဘုရားတစ်ဆူ တစ်ဆူလျှင် သချေ်္ခနှစ်ဆယ် ကုဋေရှစ်ဆယ် ဗိုလ်ခြေတသိန်း ကျွတ်တမ်းဝင်သွားတယ်လို့ ကြားဖူးပါတယ်၊ ကျန်သော သတ္တဝါဟာ လျော့သလား မလျော့ဘူးလားဘုရား၊

ဖြေ။ ။ ဒကာကြီးမေးတဲ့ အတိုင်းပဲ လျော့သလားဆို လျော့တယ်၊ မလျော့ ဘူးလားဆိုရင်လဲ မလျော့ဘူးပေါ့၊

မေး။ ။ လျော့တာ ဘယ်လို မလျော့တာ ဘယ်ပုံ ဆိုတာ သိလိုကြောင်းပါဘုရား၊

ဖြေ။ ။ လျော့တယ် ဆိုတာက ဥပမာ ဒကာကြီးအိမ်မှာ လူဆယ်ယောက် ရှိတယ်ဆိုပါတော့။ ငါးယောက်ဆင်းသွားလျှင် ဆင်းသွားတဲ့ ပုဂ္ဂိုလ်သတ္တဝါလျော့ တာပေါ့၊ မလျော့ဘူးဆိုတာက စိတ် စေတသိက် ရုပ် နိဗ္ဗာန် ဆိုတဲ့ ပရမတ္ထတရား မလျော့ဘူး၊

မေး။ ။ ထင်းမရှိ တောသုံးထောင်၊ ရေမရှိ မြစ်လယ်ခေါင်၊ နမ မရှိ ခြောက်ယောက်မောင်၊ ကို ဖြေရှင်းတော် မူပါဘုရား။


www.burmeseclassic.com

www.burmeseclassic.com

ဖြေ။ ။ ဘုရား အစရှိသော အရိယာ သူတော်ကောင်းတို့မှာ ကာမ ရူပ အရူပ ဆိုတဲ့ တောသုံးထောင်ထဲတွင် နေငြားသော်လည်း ၎င်းပုဂ္ဂိုလ်များမှာ လောင်စာ မရှိသောကြောင့် ထင်းမရှိ တောသုံးထောင် ဟုခေါ်သည်။ သတ္တဝါတို့၏ အာရုံအစဉ်မှာ မြစ်ရေအယဉ်ကဲ့သို့ တသွင်သွင် စီးဆင်းနေငြားသော်လည်း ဘုရားစသော အရိယာ သူတော်ကောင်းတို့မှာ အာရုံယိုစီးခြင်း မရှိတာကို ရေမရှိ မြစ်လယ်ခေါင် ဟု ခေါ်သည်၊ ဘုရားစသော အရိယာ သူတော်ကောင်းတိုမှာ မျက်စိ နား နှာခေါင်း ပါးစပ် ကာယ မနေ တံခါး ခြောက်ပေါက်ပင် ရှိသော်လည်း အာရုံလိုက်စားခြင်း မရှိတာကို နမ မရှိ ခြောက်ယောက်မောင် လို့ ခေါ်သည်။

မေး။ ။ အရှင်ဘုရားတို့ ရဟန်းများမှာ မိမိကိုယ်ကို မိမိ သွေးထွက်အောင် ထုပ်ရုံမျှနှင့် ဒုက္ကဋ်အာပတ် တပ်သလား မတပ်ဘူးလား။

ဖြေ။ ။ တပ်တယ်။

မေး။ ။ ဒါဖြင့်လျှင် ဘုရားလက်ထက်က ရဟန်းတစ်ပါးဟာ မိမိ လည်ပင်းကို ဓားနှင့်လှီးပြီး ဝေဒနာရှု့တာနဲ့ အရဟတ္တဖိုလ် ဆိုက်ပြီး ပရိနိဗ္ဗာန်ပြုသွားတယ်လို့ ကြားဖူးပါတယ်။ ၎င်း ရဟန်းဟာ အာပတ်နှင့်တကွ မဂ်ဖိုလ်သို့ ဆိုက်ပါသလား ဘုရား။

ဖြေ။ ။ ဆိုက်တာ မှန်တယ်၊ ဒုက္ကဋ် အာပတ် မရှိလို့ ဆိုက်တာ၊

မေး။ ။ ဒါဖြင့် ဘုရား– အရှင်ဘုရားတို့မှာ သွေးထွက်ရုံမျှနှင့် အာပတ်သင့်တာ၊ အခုဟာက သွေးထွက်ရုံ မက ကိုယ့်ကိုယ်ကို အသေတောင် သတ်တာ ဒုက္ကဋ် အာပတ် သင့်ပေဘူးလားဘုရား။

ဖြေ။ ။ မသင့်ဘူး ၊ ဥပမာ – ဒကာကြီး ပစ္စည်းမကိုင်နှင့် လို့ မတားမြစ်ခင် ဘုန်းကြီးက ကိုင်လိုက်ရင် ဘုန်းကြီးမှာ အပြစ်များ ရှိမလား။ မရှိပါဘုရား။ တားမြစ်ပြီးမှ ကိုင်တော့ကော –– အပြစ်ရှိပါတယ် ဘုရား၊ အဲသည် ဥပမာ အတိုင်းပဲ ဆိုပုဂ္ဂိုလ်မှာ အပြစ်မရှိတာလဲ မှန်တယ်၊ မဂ်ဖိုလ်ဆိုက်တာလဲ မှန်တယ်။ ကျေနပ် ဝမ်းမြောက်လှပါသည် ဘုရား။ ယင်း ရဟန်းကား လူ့ဘဝကို ငြီးငွေ့လွန်းသောကြောင့် ထွက်ပေါက်ရှာသည့်အနေဖြင့် ရပြီးသား လောကီစျာန်ကို မလျော့ကျခင် မြစ်ကမ်းနား သွားကာ မိမိကိုယ်ကို ဆံရိတ်သော သင်တုန်းဓားဖြင့် လည်ပင်းကို လှီးဖြတ်မည် ကြံရွယ်စဉ် ရဟန်းဘဝ တလျောက်လုံး စောင့်စည်းထိမ်းသိမ်းလာခဲ့သော မိမိ၏ စင်ကြယ်သန့်ရှင်းသော သီလကို တွေ့မြင်ရသောအခါ အဆင့်ဆင့် ဝမ်းသာမှု ပီတိသည် ခန္ဓာကိုယ် တစ်ခုလုံးသို့ ပျံ့နှံ့သော ဖရဏာ ပီတိအဖြစ်သို့ ရောက်လေ၏။ ၎င်း ပီတိ ဝေဒနာကို ချာ၍ ဝိပဿနာ ရှုမှတ်သောအခါ ကိလေသာကုန်ခြင်း အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ဆိုက်ခြင်း အသက်ဇီဝိန္ဒြေ ကုန်ခန်းခြင်းသည်လည်း တပြိုင်နက်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကာ တခဏအတွင်း အလွန်လျင်မြန်ကာ ပရိနိဗ္ဗာန်စံခြင်းကိစ္စ ပြီးသွားသောကြောင့် သတ္တဝါတို့ တစ်ဘဝမှ တစ်ဘဝသို့ ကူးပြောင်းတိုင်းဖြစ်ရာ ဘုံဘဝကို စုံစမ်းထောက်လှမ်းလေ့ရှိသော မာန်နတ်သည်ပင် မျက်စိလည်သွားဟူ၏။

ထိုမာန်နတ်ကား (၃၁)ဘုံအတွင်း ဘယ်နေရာဖြစ်ဖြစ် ရောက်သွားလျှင် သူ့ပိုင်နက်အတွင်းဖြစ်သောကြောင့် ကျေနပ်နေလေ့ရှိသတဲ့။ မာနတ်ရှာဖွေနေကြောင်းသိသော ဘုရားရှင်က ဟယ် မာန်နတ် သင်က ငါ့ ဘုရားတပည့်ကို အထင်သေးသကိုး၊ သင် မကျေနပ်လို့ ၃၁ ဘုံအတွင်း ကြိုက်သလောက်ရှာ ဘယ်တော့မှ တွေ့မှာမဟုတ်တော့ဘူး၊ ငါ့သားတော် ဂေါဓိက ရဟန်းဟာ နိဗ္ဗာန်ဝင်သွားပြီ ဆိုတော့မှ ရှက်ကိုးရှက်ကန်းနဲ့ သူ့နေရာ နတ်ပြည်ကို ပြန်သွားသတဲ့ ( စကားချပ်– ဂေါဓိကတ္ထေရဝတ္ထု၊ ဓမ္မပဒ)

မေး။ ။ တစ်ခုလောက် လျှောက်ပါရစေ၊ သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ်ထဲမှာ ဘုရား၏ ဓါတ်တော်ဝေခဏ်း တွေ့ပါတယ်၊ ၄င်းသုတ်ကိုပင် ဘုရားဟော လို့ ဆိုပါတယ်၊ ဓါတ်တော်များကို ဘုရား ပရိနိဗ္ဗာန်မပြုမီက ဝေခဲ့ပါသလား၊ သို့တည်းမဟုတ် ဘယ်သူ ဝေခဲ့သတုံး ဘုရား။

ဖြေ။ ။ ဓဝံ မေ သုတံ ကို ဘယ်သူဟောသတုံး။ ကျေနပ်လှပါ၏ ဘုရား။

မေး။ ။ နိဗ္ဗာန်၏ အကြောင်းကို အမိန့်ရှိတော်မူပါ ဘုရား။

ဖြေ။ ။ နိဗ္ဗာန်အကြောင်း သိချင်သလား ၊ သိချင်လျှင် ဘင် စွန်း မြင်အောင် ကြည့်က သိလိမ့်မည်၊

မေး။ ။ ဘယ်လို ဘင်စွန်း ဘယ်လို မြင်အောင် ကြည့်ရမှာ တုံးဘုရား။

ဖြေ။ ။ ယောဂီ ပုဂ္ဂိုလ် တစ်ယောက်သည် မိမိခန္ဓာကိုယ်ကို သတိနှင့်သုံးသပ်လျှက် သမာဓိ အားကောင်းလာသော် စိတ် စေတသိက် ရုပ် ဆိုတဲ့ တရားသုံးပါးကို ပိုင်းပိုင်းခြားခြား မြင်သောအခါ ဒီဒုက္ခကြီးဟာ ဘယ်သူ့ကြောင့်လဲလို့ စိစစ်လိုက်တော့ လုပ်ပေးတတ်တဲ့ လောဘ ဆိုတဲ့ သမုဒယ ကိုမြင်တော့ မဂ်က အနုသယကို ပယ်သတ်လိုက်တာနှင့် ဥပါဒ် ဋ္ဌီ ဘင် ဆိုတဲ့ အကြောင်းအကျိုး ပြတ်တာကို ဘင်စွန်းဟု ခေါ်တယ်။ အဲဒီ ဘင်စွန်း ကို ပြောတာ။

မေး။ ။ မိမိ ခန္ဓာကိုယ်ကို ထိတော့ သိတယ် လို့ပြောတယ်၊ သိတယ် ဆိုတာ သူချည်းပဲ သိတာလား၊ သို့မဟုတ် သူတကာ (အခြားတရား)နှင့် ရောစပ်မှ သိတာလား။

ဖြေ။ ။ ရောစပ်မှ သိတယ်၊

မေး။ ။ ရောစပ်သူ ထည့်ပေးပါဘုရား။

ဖြေ။ ။ ဝေဒနာ သညာ ဝိညာဏ် ထိုသုံးချက်စုမှ သိမှု ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

မေး ။ ။ စု ပေးသူများရှိရင် ထည့်ပေးပါဘုရား။

ဖြေ။ ။ ထိုသုံးချက်ကို သခ်ါရက မြေ ရေ လေ မီး ဓါတ်ကြီး လေးပါးကို အခါးမှာ စုပေးတော့ သိခြင်း မှတ်ခြင်း ခံစားခြင်း ဖြစ်ပေါ်လာသည်ကို သိမှုဖြစ်တယ် (သိတယ်)လို့ ခေါ်တယ်။

မေး။ ။ တစ်ထောင့်ငါးရာတည်းဟူသော ကိလေသာဟာ ခန္ဓာကိုယ်ကြီးတွင် ဘယ်နေရာမှာ ကိန်းပါသတုံး ဘုရား။

ဖြေ။ ။ သိချင်သလား၊ သိချင်လျှင် ဓာတိမြင်အောင်ကြည့်၊ ဓာတိ ကိန်းတယ်။

မေး။ ။ ဘယ်လို ဓာတိ ဘယ်လို မြင်အောင် ကြည့်ရမှာတုံး ဘုရား။

ဖြေ။ ။ မြေ ရေ လေ မီး ဓာတ်ကြီး လေးပါး ရှိတယ်မဟုတ်လား၊ ၎င်း ဓာတ်ကြီး လေးပါးကို သခ်ါရက ပြုပြင်ပေးတော့ သိမှု မှတ်မှု ခံစားမှု ဖြစ်ပေါ်၍လာတယ်။ အဲတာ ဓာတိပဲ။ အဲဒီ ဓာတိကို မြင်အောင်ကြည့်က သိလိမ့်မယ်။

မေး။ ။ ရဟန်းများ၌ သိအပ်သော တရားငါးပါးကိုအမိန့်ရှိတော်မူပါဘုရား။

ဖြေ။ ။ (၁) အလိုရှိခြင်း၊

(၂) ကျက်စားခြင်း၊

(၃) ဆောက်တည်ခြင်း၊

(၄) နှလုံးသွင်းခြင်း၊

(၅) ပြီးဆုံးခြင်း၊

အလိုရှိတာက ဘာကို အလိုရှိတာတုံး ဆိုလျှင်၊ သုခချမ်းသာကို အလိုရှိတယ်၊ ပညာကို ကျက်စားတယ်၊ သီလ သမာဓိ ပညာကို ဆောက်တည်တယ်၊ ကြောင့်ကြမှု တောင့်တမှု ကင်းတာကို နှလုံးသွင်းတယ်၊ နိဗ္ဗာန်ကို ပြီးဆုံးတယ်၊ အဲဒါ ရဟန်းများ၌ သိအပ်သော တရားငါးပါးပဲ။

**စွန်းလွန်းဆရာတော်ဘုရားကြီးမှ ဦးနုအတွက် ပဋ္ဌာန်းတရားတော်**

တကာကြီး ရန်ကုန်မြို့မှာ နေစဉ်အခါက မြင်းခြံ ဂူကျောင်း ဘုန်းတော်ကြီး ဦးကဝိ ရှိတယ်လို့ မကြားဘူးလား၊

ကြားပါ၏ ဘုရား။

အဲဒါ ဟိတ်ခတ်တာ၊ ဟေတု ပစ္စယော လို့ ခေါ်တယ်၊ ၎င်းနောက် သွားအုံးမှ ပါလေလို့ အာရုံက မဆန့်ဘူးလား။

ဆန့်ပါ၏ ဘုရား။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီ အာရုံဆန့်တာကို အာရမ္မဏ ပစ္စယော လို့ ခေါ်တယ်။

နောက်တဖန် အိမ်မှာ ကျီးစားစား ခွေးစားစား ဘုန်းတော်ကြီး၏ ခြေရင်းသို့ မရောက် ရောက်အောင် သွားအုံးမှဘဲလို့ ခန္ဓာကိုယ်ကြီးကို အာရုံက ဆွဲလာ၍ အခုဘုန်းကြီး ခြေတော်ရင်းသို့ ရောက်လာတာဟာ ဒကာကြီး လာချင်လို့ လာတာ မဟုတ်ဘူး၊ ခန္ဓာကိုယ်ကြီးကို အာရုံက အဓိပတိတပ်၍ ဆွဲလာခြင်းကြောင့် အဓိပတိ ပစ္စယော လို့ ခေါ်တယ်၊

မှန်လှပါ၏ ဘုရား။

အဲဒါ ဘာကြောင့် လာရတာလဲဆိုလျှင် ရှေးက ဘုန်းကြီးနှင့် တွေ့ခဲ့ရဘူးလို့ ခုတွေ့ချင်တယ်။ ခု တွေ့ချင်လို့ တွေ့ရပြန်တယ်၊ နောင်ကိုလဲ တွေ့ရလေအုံးမယ်။ ဒကာကြီး ဝက်သားများ စားဘူးသလား။

စားဘူးပါ၏ ဘုရား။

အဲ ရှေးက ဝက်သားကို စားခဲ့ဘူးလို့ ခုစားချင်တယ်။ ခုစားချင်လို့ စားရပြန်တယ်၊ နောင်ကို လဲ စားရလေအုံးမယ်။

ခွေးသားကော စားဘူးပါသလား။

မစားဘူးပါ ဘုရား။

အဲ ရှေးက ခွေးသား မစားဘူးလို့ ခု မစားချင်ဘူး၊ ခု မစားချင်လို့ ခု မစားဘူး၊ နောင်ကိုလဲ စားရမှာ မဟုတ်ဘူး။ ရှေးက ဒီတရားမျိုးကို နာခဲ့ရဘူးလို့ ခုနာချင်တယ်။ ခု နာချင်လို့ နာရပြန်တယ်၊ နောင်ကိုလဲ နာရလေအုံးမယ်။ အနန္တရ၊ သမနန္တရ၊ သဟဇာတ၊ အညမည ပစ္စည်း ဆက်မသွားဘူးလား၊

သွားပါ၏ ဘုရား၊

ဘုန်းကြီး၏ ခြေရင်းရောက်တော့ ဘုန်းကြီးက ရှေးဦးစွာ ဘုရားကန်တော့ မေတ္တာပို့၊ အမျှဝေ၊ မိမိခန္ဓာကိုယ်ကို ဘုရားလှူ၊ နှာသီးဖျားမှာ စိတ်ကိုထား လေတိုးထိတော့ သိလိမ့်မယ်။ သိတဲ့အပေါ် သတိထားရမယ်။ ပြောတော့ နိဿယ ပစ္စယော၊ ဥပနိဿယ ပစ္စယောလို့ခေါ်တယ်။

မှန်လှပါဘုရား။

အားထုတ် ဆဲ အခိုက်အတန့်မှာ မျက်စိကတော့ တောင်ကြည့် မြောက်ကြည့် ကြည့်သေးရဲ့လား။

မကြည့်ပါ ဘုရား။

နားကကော ဟိုထောင် သည်ထောင် ထောင်သေးရဲ့လား။

မထောင်ပါ ဘုရား။



www.burmeseclassic.com

www.burmeseclassic.com

နှာခေါင်းကကော ဟိုရှူ သည့်ရှူသေးရဲ့လား။

မရှူပါဘုရား။

ပါးစပ်ကကော ဟိုစားချင် သည့်စားချင် ရှိသေးရဲ့လား။

မရှိပါဘုရား။

ခန္ဓာကိုယ်ကြီးကကော ဟိုသွားချင် ဒီသွားချင် ရှိသေးရဲ့လား။

မရှိပါဘုရား။

အဲဒီတော့ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဆိုတဲ့ ဣန္ဒြေ ငါးပါးမလုံဘူးလား။

လုံပါ၏ ဘုရား။

အဲဒါ ဣန္ဒြိယ ပစ္စယော လို့ ခေါ်တယ်ကွဲ့။

မိမိနှာသီးဖျားမှာ လေတိုးထိတာကို သတိနှင့် သုံးသပ်ပါများသော် ဈာန် သတ္တိ ဆိုတာ ဖြစ်ပေါ်လာလိမ့်မယ်၊ ကိလေသာတွေ လောင်ကျွမ်းသွားတာကို ဈာန်လို့ ခေါ်တယ်ကွဲ့၊ အဲဒါ ဈာန ပစ္စယော ပဲ။

မှန်လှပါ ဘုရား၊

ဘုန်းကြီးက ခန္ဓာကိုယ်ပေါ်မှာ ပူမှန်းသိတဲ့အခါ အေးမှန်းသိတဲ့ အခါမျိုး ဆိုတော့ ပူမှုနှင့် သိမှတ်မှု၊ အေးမှုနှင့် သိမှတ်မှုတွေ ချုပ်သွားလိမ့်မယ်၊ အဲဒါ မဂ်ခရီး ရောက်ခြင်းကြောင့် မဂ္ဂ ပစ္စယောလို့ ခေါ်တယ်၊

မှန်လှပါဘုရား။

ငင်းမဂ်ခရီးကို သွားပါများ၍ သမာဓိ အားကောင်းလာသော် ဖြစ်ခြင်း ချုပ်ခြင်းကို သိသော ဉာဏ်အမြင်ရင့်သန်လာခြင်းကြောင့် မရှိတာကိုလဲ ကျေးဇူး ပြုလိမ့်မယ်၊ ရှိတာကိုလဲ ကျေးဇူးပြုလိမ့်မယ်၊ မရှိတာက ငါ့ခြေ ငါ့လက် ငါ့ခေါင်း၊ ရှိတာက စိတ် စေတသိက် ရုပ် နိဗ္ဗာန် ပရမတ္ထတရားပဲ။ ကင်းတာကိုလဲ ကျေးဇူးပြု လိမ့်မယ်၊ မကင်းတာကိုလဲ ကျေးဇူးပြုလိမ့်မယ်၊ မကင်းတာက သခ်ဳတဓာတ်၊ ကင်းတာက အသခ်ဳတ ဓာတ် မဟုတ်လား၊

ဟုတ်ပါ၏ ဘုရား။

အဲဒါ အတ္ထိ ပစ္စယော ၊ နတ္ထိ ပစ္စယော၊ ဝိဂတ ပစ္စယော၊ အဝိဂတ ပစ္စယော လို့ခေါ်တယ်၊

**အရိယာဖြစ်ရန် ကျန်သေး၍ စောင့်ကြိုတော်မူခြင်း**

ဆရာတော်ဘုရားကြီးကို အမှီရ၍ အရိယာဖြစ်တော်မူကြရသော ပုဂ္ဂိုလ် တို့လည်း မရေတွက်နိုင်အောင် ရှိရာပြီ။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်သည် ၁၃၀၁– ခုနှစ်ကတစ်ကြိမ်၊ ၁၃၁၁ –ခုနှစ်က ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကပင့်၍ တစ်ကြိမ်၊ ၁၃၁၃–ခုနှစ် ဘောက်ထော် စွန်းလွန်းဂူဌာန သိမ်သမုတ်ရန် တစ်ကြိမ်၊ ရန်ကုန်သို့ကြွ ရောက်ချီးမြှင့်သည်ကို တွေ့ရ၏။

ဆရာတော်၏ တရားများ၊နီတိ ဥပဒေသ စကားများမှာ အလွန်မှတ်သားဖွယ်ကောင်းလှပေသည်။ အပြည့်အစုံကို "ထေရုပ္ပတ္တိနှင့် သာရဏီယကထာ"စာအုပ်တို့၌ ကြည့်ရှုကြပါကုန်။

အထူးသဖြင့် ဆရာတော်၏ ဩဝါဒတရား၊ ဥပဒေသစကားများကို ဖော်ပြကြရာ၌ကျမ်းဂန်ပါဠိများကို ကိုးကား၍ အခိုင်အမာပြချင်လွန်းလျှင် မူလစကားများ ဖုံးကွယ်မသွားရအောင် စီစဉ်ကြရာ၏။ ဆရာတော်၏ တရားစကားများကို အရင်းကျနိုင်သမျှကျအောင် ဖော်ပြကြပါလျှင် ပို၍ ခမ္မရသရှိပါမည်။ နောက်ထပ်လည်းများစွာ ထွက်ပေါ်လာနိုင်ပေသေးသည်။ မူရင်းကား ဆားဖြူးရန်မလို၊ အလိုလိုပင် မြိန်ယှက်လှပါပြီ။

"စာသင်ရန် အခြေအနေမပေး၍ စာမတတ်စေကာမူ တရားအားထုတ်၍ ရနိုင်သည်။ အကျွတ်အလွတ် တစ်ကိုယ်တည်း တောထဲသွား၍ အားထုတ်နိုင်မှ ရသည် မဟုတ်။ တကယ်ယုံ၍ အဟုတ်လုပ်လျှင် မည်သူမဆို ရနိုင်သည်" ဟူသော သင်ခန်းစာ စာတမ်းကြီးကို ပဋိပတ္တိသာသနာဝင်၌ စိုက်ထူတော်မူခဲ့သော "စွန်းလွန်းဂူ ဆရာတော် ဘုရားကြီး" ကား ၁၃၁၄ –ခုနှစ်၊ ကဆုန်လပြည့်ကျော် ကိုးရက်၊ စနေနေ့ ညနေ ငါးနာရီ အချိန်တွင် ခန္ဓာဝန်ကို စွန့်တော်မူခဲ့သည်။

ပရိနိဗ္ဗာန်မပြုမီ ငါးနှစ်ခန့်ကပင် ပရိနိဗ္ဗာန်ပြုမည့်ရက်ကို ကြိုတင်၍ အမိန့်ရှိတော်မူခဲ့ရာ (မှတ်သားသူတို့ အမှတ်မှား၍လောမသိ) ရက်မျှသာ လွဲသည်ဟု ဆိုကြသည်။

"ငါသေရင်ဘာမှ မလုပ်နဲ့။ ထိုးထားလိုက်"ဟူသော အမှာစကားအရ စွန်းလွန်းဂူကျောင်း၌ပင် ဂန္ဓကုဋိသံသရာ အေးစေတီတည်ကာ ပကတိအသွင် မပြောင်းသော အလောင်းတော်ကိုလည်း ယခုတိုင် ဖူးမြော်နိုင်ကြ၏။

ပရိနိဗ္ဗာန်ပြုခါနီး နောက်ဆုံးစကားအနေဖြင့် "အရိယာတွေဖြစ်ဖို့ အများကြီး ကျန်နေသေးတယ်"ဟု မိန့်တော်မူရာ ဆရာတော်၏ ရုပ်ကလာပ်သည် ကြွင်းကျန် နေသေးသော ဆရာတော်၏ ဝေနေယျများကို ဆိုင်းငံ့စောင့်ကြိုတော်မူနေဟန် ရှိစွာတကား။ ။

❁ ❁ ❁ ❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## ၅။ လျှောက်သောလမ်းမှာ စမ်းတဝါး

ထိုနေ့က ကိုသက်ခိုင် စကားဖြတ်လိုက်သည့် အချိန်မှာ နံနက်ဆယ်နာရီခန့် ရှိပြီဖြစ်၍ နောက် တစ်နာရီခန့်ကြာလျှင် အကျဉ်းသားများ ဘုတ်တက်ပြန်လာ ကြတော့ မည်ဖြစ်၏။

"လာဗျာ၊ ကျနော့်တဲဖက် သွားကြရအောင်၊ မနက်စာအတွက် ချက်ရပြုတ်ရ အုံးမယ်"ဟု နှုတ်ကဆိုရင်း တပြိုင်တည်းမှာပင် ကိုသက်ခိုင်တစ်ယောက် အဆောင်ပေါ်မှ ဆင်းသွားလေရာ ကျနော်လည်း ခပ်မဆိတ်ပင် ကိုသက်ခိုင်နောက်မှ လိုက်ပါသွားခဲ့၏။ ကိုသက်ခိုင်ကား လင်းကြည်ကို စာသင်နေသော ရက်များ၌သာ အကျဉ်းသားများ အိပ်ဆောင်တွင် လာရောက်အိပ်လေ့ ရှိသော်လည်း ပုံမှန်အားဖြင့်မူ သူ့တဲငယ်ပေါ်တွင် သာ အအိပ်အနေများသည်။ ဖိုကြီးမှ ထမင်းကိုသာယူပြီး ဟင်းကိုမူ ကိုယ်တိုင် ချက်ပြုတ် လေ့ရှိသည်။ သူ့တဲပေါ်တွင် ဖွင့်လျက်သား ဖတ်လက်စ စာအုပ်များနှင့် အစီအရီ ထပ်ထားသော စာအုပ်အချို့ကို တွေ့ရ၏။

"ဒီနေ့တော့ အစိမ်းကြော်လေးကြော်ပြီး မိန်းမပို့ထားတဲ့ ငါးပိကြော်လေးနဲ့ ခေန်းသွားရမှာပဲဗျာ၊ ခင်ဗျားပါ တခါတည်း စားသွားပေတော့" ကိုသက်ခိုင်ကား ပြောပြောဆိုဆို တဲပေါ်ရှိ ဗန်းတစ်ချပ်ပေါ်တွင် ရှိနေသော အသီးအရွက်တချို့ကို ကျွမ်းကျင်သော စားဖိုမှူးတစ်ဦးပမာ လှီးဖြတ်ပြင်ဆင်နေလေ၏။

"ကိုသက်ခိုင်က ချက်တာပြုတ်တာတွေ တော်တော်ကျွမ်းကျင်ပုံရတယ်"

"ဒါလည်း ကျနော့်ဘဝပေး ကိစ္စပဲဗျ"

"ခင်ဗျားကလည်း နေရာတကာ ဘဝနဲ့ ကိုင်ပေါက်နေတော့တာပဲ"

"ရော၊ ကိုင်ပေါက်တာ မဟုတ်ရပါဘူးဗျာ၊ ကျနော်ငယ်ငယ်တုန်းက အဖေ အမေတွေ ဈေးထွက်ရောင်းနေကြတာမို့ အိမ်မှာ ညီတွေနဲ့ညီမကို ထိန်းရတယ်၊ ချက်တာ ပြုတ်တာ တာဝန်ယူ ရတယ်လေ၊ ကျနော့်စိတ်ထင် ကျနော်ရှစ်နှစ်သား လောက်ကတည်း က ထမင်းအိုးစတည်ရတယ်၊ ဆယ်နှစ်သားလောက်ရောက်တော့ ဟင်းပါ ချက်ရတယ်၊



www.burmeseclassic.com

www.burmeseclassic.com

မှတ်မိသေးတယ်ဗျာ၊ ငယ်ငယ်တုန်းက ထမင်းအိုးတည်ထားရင်း ကျောက်ဒိုးထွက်ပစ်နေလို့ ဆံပြုတ်ဖြစ်သွားတဲ့ ထမင်းအိုးကို ကြွက်တွင်းရှာပြီး သွန်ပစ်ရတဲ့ အဖြစ်တွေ၊ မိဘလုပ်စာ ဖြုန်းတီးခဲ့တဲ့ဝဋ်ကြွေးတွေ ထင်ပါရဲ့ဗျာ၊ အခုတော့ ရဲဘက်မှာ ရောင်စုံ ထမင်းနဲ့ လာညားနေတာ"

ကျနော်က မီးသွေးမီးဖိုကို မီးမွှေးပေးနေရင်း သူ့စကားကို နားစွင့်နေလိုက်သည်။ မကြာမီမှာပင် ကိုသက်ခိုင်တစ်ယောက် ဒယ်အိုးတစ်လုံးနှင့် အသီးအရွက်မျိုးစုံကို တရှဲရှဲကြော်နေလေရာ ကျနော်က သူ့စာအုပ်ပုံကို လှန်လှောကြည့်နေ၏။ တခဏအကြာ ကိုသက်ခိုင်၏ အစိမ်းကြော်စစ်ဆင်ရေး ပြီးဆုံးသည့်အခါ ကျနော့်ကိုပါ တပါတည်း ဝင်စားရန် ဖိတ်ခေါ်သဖြင့် တဲပေါ်မှာ ထမင်းဝိုင်း ဖွဲ့ဖြစ်ကြသည်။ စားရင်းသောက်ရင်းပင် စကားလက်ဆုံကျပြန်သည်။

"ခင်ဗျား ဖတ်တဲ့စာအုပ်တွေက များလှချည့်လားဗျ"

"အေးဗျာ၊ ကျနော့်ဘဝမှာ ရှားရှားပါးပါး ကောင်းတဲ့အကျင့်လေးတစ်ခုကတော့ စာဖတ်တဲ့အကျင့် ဆိုပါတော့၊ ရဲဘက်ရောက်နေတော့ စာပိုဖတ်ဖြစ်တယ်ဗျာ"

"ခင်ဗျားက ဘယ်လိုစာမျိုးတွေ ကြိုက်သတုန်းဗျ"

"ကျနော်က စာမရွေးဘူး၊ စာစုံဖတ်ပါတယ်၊ မကြိုက်တဲ့စာသာ ရှိတယ်၊ မကောင်းတဲ့စာ မရှိဘူးလို့ ခံယူထားတယ် ဆိုပါတော့၊ ခြွင်းချက်အနေနဲ့ စာဖတ်သူရဲ့ ကိုယ်ခံအားတော့ လိုတာပေါ့ဗျာ၊"

"အခု ခင်ဗျား ဖတ်လက်စ စာတွေကတော့ တရားစာအုပ်တွေချည်းပါလား"

"ဟုတ်တယ်ဗျ၊ ကျနော်လုပ်နေတဲ့ လေ့ကျင့်ခန်းနဲ့ ပတ်သက်ပြီး စာတွေလက်တွေ့ဖြစ်အောင် ဆိုပါတော့၊ ကျနော်ဟာ ဘာသာတရားကို စာပေမှာချည်း ရှာခဲ့တာမျိုးကိုလည်း လုပ်ခဲ့ဖူးတယ်၊ တချို့စာပေတွေဟာ ဖတ်ရုံနဲ့တင် အသိပြည့်စုံသွားတယ်လို့ ထင်ရလောက်အောင် ယုတ္တိနည်း ကျလွန်းတာတွေလည်း တွေ့ရတယ်ဗျ၊ ဥပမာ ဆရာဦးသုခရဲ့ ရာမာခရစ်ရှနား၏ သုတ္တန် ပုံပြင်များ ဆိုပါတော့"

"ဟာ၊ ရာမာခရစ်ရှနားရဲ့ သုတ္တန်ဆိုတော့ ဘုရားဟော သုတ္တန်တွေနဲ့ ရောမကုန်နိုင်ဘူးလားဗျာ"

"ဟုတ်ပါပြီ၊ ဒီစာအုပ်နာမည်နဲ့ ပတ်သက်ပြီး အငြင်းပွားကြတာတွေ ရှိလေရဲ့၊ ကျနော်ကတော့ စာအုပ် ခေါင်းစဉ်ထက် စာအုပ်ထဲက အကြောင်းအရာကို ပိုပြီး စိတ်ဝင်စားတယ်"

"ဘယ်လို အကြောင်းတွေ ရေးထားလို့ သုတ္တန်လို့တောင် ညွှန်းရသတုံးဗျာ"

"အမှန်တော့ဗျာ၊ သုတ္တန်ဆိုတာ ဘုရားဟောတာကိုမှ သုတ္တန်လို့ ဆိုနိုင်တာ



www.burmeseclassic.com

www.burmeseclassic.com

ဆုတ်ပါဘူး၊ သုတ္တန်ရဲ့ မူရင်းအနက်က "အစဉ်" "သီကုံးသည်"လို့ ဖတ်ဖူးတယ်ဗျ။ ဆရာကြီးဦးဟုတ်စိန်ရဲ့ မြန်မာ အင်္ဂလိပ် ပါဠိအဘိဓာန် စာမျက်နှာ ၈၇၀ မှာ a Buddhist Sutra or the doctrine contain in it (သုတ္တန္တ) လို့ရေးထားလေရဲ့။ အများနားလည်ကြတဲ့ အဓိပ္ပါယ်ကတော့ လူနတ်ဖြဟ္မာ သတ္တဝါတို့၏ အဇ္ဈာသယ(အလိုဆန္ဒ)ကို လိုက်ပြီး သင့်လျော်သလိုနားလည်အောင် ကျင့်နိုင်လောက်သော ဟောတော်မူသည့်တရားဖြစ်သည် လို့ဆိုတယ်။

အဲဒီ ဦးသုခရဲ့ ရာမာခရစ်ရှနားစာအုပ်ထဲမှာ ကျနော်သဘောကျတဲ့ ပုံဝတ္ထုတချို့ရှိလေရဲ့၊ တစ်ပုဒ်က လယ်ထွန်ယောက်ျားတစ်ယောက်အကြောင်းပေါ့။ တခါတုန်းက ရွာတရွာမှာ အိမ်ထောင်သည် လယ်ထွန်ယောက်ျား တစ်ယောက်ရှိသတဲ့။ တစ်နေ့သူလယ်ထွန်ရာကနေ အိမ်အပြန်မှာ ဇနီးဖြစ်သူကို မျက်ရည် စက်လက်နဲ့ တွေ့ရတဲ့အပြင်၊ ကျန်တဲ့မိသားစုဝင်တွေပါ မျက်နှာမသာမယာ ဖြစ်နေကြတာကို တွေ့ရတော့ အကျိုးအကြောင်း မေးတဲ့အခါ ဇနီးဖြစ်သူက ကျမတို့အိမ်မှာ အားလုံး ပူဆွေးသောက ရောက်ကြရတော့မယ် လို့ဆိုတယ်၊ ဒါနဲ့ လယ်ထွန်ယောက်ျားက သေချာနားရှင်းအောင် ပြောပါအုံး ဆိုတော့ ဇနီးဖြစ်သူက... ကျမအဖေ ရှင့်ယောက္ခမဟာ တောထွက်ပြီး တရားကျင့်တော့မယ်လို့ ပြောနေပြီ၊ ဒါကြောင့် သူသာတောထွက်သွားရင် ကျမတို့ အားလုံး ဝမ်းနည်းပူဆွေးကြရတော့မယ်လို့ ဖြေသတဲ့ဗျ။ ဒီမှာတင် လယ်ထွန်ယောက်ျားဟာ ရယ်မောပြီး ဒီကိစ္စက ဘာမှပူစရာမရှိပါဘူး၊ ထမင်းခူးမှာသာ ခူးပါလို့ဆိုရင်း ထမင်းစားပြီး အိပ်ယာ ဝင်သွားရောတဲ့ဗျ၊

ဒီလိုနဲ့ နောက်တစ်လလောက်အကြာရောက်ပြန်တော့ လယ်ထွန်ယောက်ျား အိမ်အပြန်မှာ မျက်ရည်စက်လက်နဲ့ ဇနီးသည်ကို တွေ့ရပြန်လို့ အကျိုးအကြောင်း မေးမြန်းတဲ့အခါ ဇနီးဖြစ်သူရဲ့အကို တောထွက်မဲ့ ဓာတ်လမ်းဖြစ်နေပြန်သတဲ့၊ လယ်ထွန်ယောက်ျားလည်း ရယ်မောပြီး ထမင်းခူးခိုင်း၊ စားသောက်ပြီး အိပ်ယာဝင်ပြန်သတဲ့ဗျ၊ နောက်ထပ် တစ်လခြားနှစ်လခြားဆိုသလို လယ်ထွန်ယောက်ျား အိမ်ပြန်လာတိုင်း ဆွေမျိုးတွေထဲက တစ်ယောက်ပြီးတစ်ယောက် တောထွက်မယ်ဆိုတဲ့ ဓာတ်လမ်းနဲ့ အကြိမ်ပေါင်းများစွာ ကြုံနေရသတဲ့ဗျာ၊ အဲသလို ကြုံတဲ့အခါတိုင်းလည်း လယ်ထွန်ယောက်ျားဟာ ရယ်မောပြီး ညစာစား အိပ်ယာဝင်တဲ့အပြုအမူနဲ့ တုန့်ပြန်နေလေ့ရှိသတဲ့ဗျ။ တစ်ခု သတိပြုစရာရှိတာက တောထွက်တော့မယ်လို့ ကြွေးကြော်နေခဲ့တဲ့ သူ့အမျိုး တစ်ယောက်တလေမှ တကယ်တမ်း တောထွက်တာတော့ မရှိပါဘူးတဲ့၊

ဒီလိုနဲ့ တစ်နေ့မှာတော့ လယ်ထွန်ယောက်ျားအိမ်အပြန်မှာ ပုံစံတူဓာတ်လမ်းနဲ့ ကြုံနေတဲ့ ဇနီးသည်ကို အလားတူ တုန့်ပြန်လိုက်တဲ့အခါမှာတော့ ဇနီးဖြစ်သူဟာ



www.burmeseclassic.com

www.burmeseclassic.com

လယ်ထွန်ယောကျ်ားကို မကျေမချမ်းနဲ့ "ရှင်ဟာ ဘာသာတရားကို နားလည်တဲ့ သူ မဟုတ်ဘူး၊ တောထွက်မဲ့သူတွေကို အားကျသင့်တယ်" ဘာညာဆိုပြီး ရန်တွေ့ ပါလေရောဗျာ၊ ဒီမှာတင် လယ်ထွန်ယောကျ်ားက ဇနီးသည်ကို လေသံအေးအေးနဲ့... "တကယ်တောထွက်မဲ့သူကို မင်းမတွေ့ဖူးသေးပါဘူး"လို့ ဆိုသတဲ့။ ဒီတော့ ဇနီးဖြစ်သူက "တကယ်တောထွက်မဲ့သူက ဘယ်မှာတုန်း၊ ကျမတွေ့ဖူးအောင် လိုက်ပြစမ်းပါ" ဆိုပြီး ခပ်ငေါ့ငေါ့အမေးမဆုံးခင်မှာပဲ လယ်ထွန်ယောကျ်ားဟာ နံငယ်ပိုင်း တစ်ခုကိုသာချန်ပြီး သူ့ကိုယ်ပေါ်က ကျန်တဲ့အဝတ်အစားတွေကို ချွတ်ခွာချလိုက်သတဲ့ဗျ။ နောက်တော့ တဆက်တည်း ဆိုသလို "အဲဒီလို လူမျိုးဟာ ငါပါပဲ"ဆိုတဲ့ စကားတစ်ခွန်းကိုပြောရင်း အိမ်ဝကနေ ချာကနဲလှည့်ပြီး အပြီးတိုင် တောထွက်သွားပါရောတဲ့ဗျာ၊

"ဟား၊ တယ်ဟုတ်ပါလား၊ ခင်ဗျား ပုံပြင်က အတော်သဘောကျချင်စရာပဲ"

"ဒါတင် မဟုတ်သေးဘူးဗျ၊ နောက်တပုဒ်ရှိသေးတယ်၊"

"ဒါဆိုလည်း ဆက်ပါအုံးဗျာ၊ စားသောက်ထားတဲ့ ပန်းကန်တွေ ကျနော် ဆေးလိုက်ပါ့မယ်"

ထမင်းဝိုင်းက ပန်းကန်ခွက်ယောက်များကို ကျနော်ဆေးကြောနေချိန်တွင် ကိုသက်ခိုင်က တဲနံရံတွင် ချိတ်ထားသော ကျွတ်ကျွတ်အိပ်တစ်ခုထဲမှ ကွမ်းရွက်နှင့် ကွမ်းယာပစ္စည်းများကို ထုတ်ကာ အလုပ်ရှုပ်နေပြန်၏။ ကိုသက်ခိုင်ကား ကွမ်းယာကို ဟုတ်တိပတ်တိ စားတတ်ဟန်မတူချေ။ ခဏကြာမျှဝါး၍ ငါးမိနစ်မပြည့်ခင် ပြန်ထွေး ထုတ်ကာ ပါးလုပ်ကျင်းနေပြန်သည်။ ကျနော်က သူ့ပုံပြင်ကို နားထောင်ချင်ဇောဖြင့် စကားထောက်လိုက်၏။

"ဆက်ပါအုံးဗျ၊ ခင်ဗျား ပုံပြင်"

"အော် ၊ တခါတုန်းက ဆာဒူးတပါး တရားအားထုတ်နေတဲ့ ကျောင်းသခ်ာန်း အနားမှာ ပြည့်တန်ဆာမ တစ်ယောက်ရဲ့အိမ် ရှိသတဲ့ဗျ၊ အဲဒီဆာဒူးဟာ တရားမှတ်နေရင်း ပြည့်တန်ဆာမအိမ်မှာ လူဝင်လူထွက်များနေတာကို သတိပြုမိသတဲ့၊ ဒီတော့ ပြည့်တန်ဆာမကို တရားပြလေမှလို့ စဉ်းစားဆုံးဖြတ်ပြီး ဆာဒူးဟာ ပြည့်တန်ဆာ အိမ်ကိုဝင်လာတဲ့ ယောကျ်ားတစ်ယောက်ကို ကျောက်ခဲတစ်လုံးကျနဲ့ တာလီမှတ် နေသတဲ့၊ ရက်တွေကြာလာလေ ဆာဒူးမှတ်တဲ့ တာလီကျောက်ခဲတွေက များလာလေမို့ လေးငါးခြောက်လကြာတော့ ကျောက်ခဲပုံကြီးဖြစ်လာသတဲ့ဗျာ၊

အဲဒီတော့ ဆာဒူးဟာ ပြည့်တန်ဆာမကို ခေါ်ပြီး၊ ကျောက်ခဲပုံကြီးကို လက်ညှိုး ထိုးပြရင်း နင်ပြုခဲ့တဲ့ မကောင်းမှုတွေ ဘယ်လောက်များနေပြီလဲလို့ ဟောပြောချေချွတ် သတဲ့၊ ပြည့်တန်ဆာမလည်း သူ့အမှားကို ကြီးစွာနောင်တရပြီး မျက်ရည်ဖြိုင်ဖြိုင်



www.burmeseclassic.com

www.burmeseclassic.com

ကြသတဲ့၊ ပုံပြင်အဆုံးမှာတော့ ဆာဒူးကော ပြည့်တန်ဆာမပါ ကွယ်လွန်သွားကြတဲ့အခါ ဆာဒူးက ငရဲကျပြီး ပြည့်တန်ဆာမက နတ်ပြည် ရောက်သွားသတဲ့ဗျ။"

"ယုတ္တိနည်းအရတော့ သဘောကျစရာပဲဗျာ"

"အေးဗျ၊ ကျနော့်စိတ်ထင် ဘာသာတရားတိုင်းလိုလိုမှာ လက်တွေ့မဟုတ်ပဲ ယုတ္တိနည်းအရ ဆင်ခြင်ပြီး ယုံကြည်ကိုးကွယ်နေကြတဲ့ အရေအတွက်ဟာ ကိုးဆယ် ရာခိုင်နှုန်းအထက် ရှိလောက်မယ် ထင်ပါရဲ့၊ ကျနော်ဆိုတဲ့ကောင်လည်း ဘာသာနဲ့ ထားတာ မှတ်လို့ဗျာ၊ ဟိုတုန်းကတော့ ဘာသာတရားကို ယုတ္တိနည်းနဲ့ ဆင်ခြင် ခဲ့တာပါပဲ"

အချိန်ကား နေ့လည် ဆယ့်နှစ်နာရီကျော်ခန့် ရှိပေပြီ။ အဆောင်ပေါ်မှ အကျဉ်း သားများ နေ့လည် နားနေချိန်ဖြစ်၍ အတန်ငယ်တိတ်ဆိတ်လျက်ရှိ၏။ နှစ်ယောက်သား အပေါ်တွင် လဲလျောင်းကြရင်း စကားဆက်မိကြပြန်ပါသည် ။

"တကယ်တော့ စာတွေဖတ်တယ်၊ တရားတွေနာတယ်ဆိုတာ ကောင်းတော့ ကောင်းပါရဲ့။ သို့သော် အငှားအသိဆိုတဲ့အဆင့်မှာပဲ ရှိနေသေးတာပါ။ ဒီနေရာမှာ ကျနော်ရဲ့ဘာသာတရားအပေါ် ခံယူချက်ကို ရှင်းပြဘို့လိုလိမ့်မယ် ထင်တယ်။ ထင်ပါတယ်။ ဟိုတုန်းက ခံယူချက်တွေကို ပြောတာပါ။ အခုတော့ ကျနော်ဟာ ဒီအလုပ် ကို လုပ်တဲ့ နေ့ကစပြီး ကျနော့်ကိုယ်ကျနော် ဗုဒ္ဓဘာသာဝင်အသစ်လို့ ခံယူထားတာဗျ။ ဟိုတုန်းကတော့ ကျနော်လည်း ဘိုးဘိုးအောင်တို့ ဘိုးမင်းခေါင်တို့ကို စိတ်ဝင်စားခဲ့ဘူး တာပေါ့ဗျာ။ ကျနော် ပိုပြီးစိတ်ဝင်စားခဲ့၊ ကိုးကွယ်ခဲ့တာက ဘိုးမင်းခေါင်။ ဘိုးမင်းခေါင် ကိုစိတ်ဝင်စားတာက သူ့ရဲ့ ပြတ်သားပြင်းထန်မှု၊ တည့်ဒိုးပြောမှု စတိုင်တွေကို ကျနော် အစ် သဘောကျတယ်။ နေဦး။ အဲဒီ စတိုင်ဆိုတာလည်း ဘိုးမင်းခေါင်ကို ကျနော် မြင်ဘူးတာ မဟုတ်ဘူး။ ဟိုလူပြောဒီလူပြောနဲ့ ဘိုးမင်းခေါင်ဆိုတာ အဲသလိုမျိုးဆိုလို့ ကျနော်ကယုံနေ၊ သဘောကျနေတာ။ ကျနော်ကိုးကွယ်တဲ့ ပုံစံလား။ လူတကာလိုပေါ့ဗျာ။ ရွှေတိဂုံ စေတီဒေါင့်တစ်ဒေါင့်မှာ ဘိုးမင်းခေါင်ရုပ်တု ရှိလေရဲ့။

ကျနော် ကိစ္စတစ်ခုခု လုပ်မယ်ကြံရင် အဲဒီဒေါင့်ကိုသွား၊ ကန်တော့ပွဲဝယ်၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ ရွှေချတဲ့ ရွှေဆိုင်းတွေဝယ်ပြီး ဆုတောင်းတာတွေ။ ဘာတွေ လုပ်ခဲ့တာပေါ့။ အောင်မြင်ခဲ့ရင်လည်း ထို့နည်းလည်း ကောင်းပါပဲ။ ကပ်လိုက်တဲ့ အကြိမ်ပေါင်းမနည်းပါဘူးဗျာ။ သေသေချာချာ ထပ်စဉ်းစားတော့ ကျနော် ဗုဒ္ဓဘာသာ အဖြစ် ယုံကြည်ကိုးကွယ်နေတာလဲ ဒီသဘောထက် မပိုဘူးဗျ။ အဖေ အမေနဲ့ ဘိုးဘွား တွေ ကိုးကွယ်ခဲ့လို့ ကျနော်လည်းကိုးကွယ်ခဲ့တာ။ ဗုဒ္ဓကို ကိုးကွယ်တော့ ဘာအကျိုး ရှိလဲမေးရင် ကျနော်ပြောခဲ့သလို ယောင်ဝါးဝါးပဲ။ ချွန်ချွန်ထက်ထက် စေတီတော်တွေ၊



www.burmeseclassic.com

www.burmeseclassic.com
ဆင်းတုတော်တွေကို ကျနော်ဦးချခဲ့တယ်။ အရိုအသေပေးခဲ့တယ်။ ဘုန်းကြီးရဟန်းတွေကိုလည်း ထို့နည်းလည်းကောင်းပေါ့။ ဘာလို့ ဒီလိုလုပ်သလဲဆိုရင် ဓလေ့ထုံးစံတခုကို လိုက်နာခဲ့တာထက် မပိုခဲ့ပါဘူး။

အလေးအမြတ်ပြုကောင်းတဲ့အရာတွေမို့ ကုသိုလ်ရတယ်ဆိုလို့သာ ဦးချခဲ့ရတယ်။ ယောင်တောင်တောင် အလုပ်ချည်းပါပဲဗျာ။ ဘာကြောင့်တန်ဘိုးထားရတယ်။ ဘာကြောင့် အလေးအမြတ်ပြုထိုက်တယ်၊ ဘယ်လိုကုသိုလ်ရတယ်ဆိုတာ ကျနော် ဘယ်တုန်းကမှ သဘောမပေါက်ခဲ့ရိုး အမှန်ပါ။

အော် ခင်ဗျားက ကျနော်ဟာ ဘာသာရေးစာတွေမဖတ်ခဲ့ဘူးလားလို့ မေးမယ်။ ဖတ်ပါသော်ကောဗျာ။ ဖတ်ခဲ့ပေမဲ့ အမှန်ကို ဝန်ခံရရင် ကျနော့်ခန္ဓာကိုယ်ထဲကို အဲဒီဉာဏ် ရောက်မလာခဲ့ဘူး။ ယုံတော့ယုံသလိုလိုပဲ။ ဘာကြောင့်ယုံရတယ်ဆိုတာ ကျနော့်မှာ သက်သေခိုင်ခိုင်မာမာ ပြစရာမရှိဘူး ဖြစ်နေတယ်ဗျ။ အမှန်ကိုပြောရရင် စာထဲ တရားထဲက အရာတွေကို သူများအထင်ကြီးလောက်အောင် ကျနော် နှုတ်တိုက်ရွတ်ပြခဲ့ဘူးတယ်။ သို့သော်အဲဒီတရားဟာ ကျနော့်ရဲ့ ငြင်းခုန်ဖက်တွေအတွက်ပဲ။ ကျနော့်အတွက်တော့ သက်သေမခိုင်မာခဲ့ဘူး။ ကျနော်ညံ့ခဲ့တာ ဖြစ်နိုင်တာပေါ့။ ဒါဟာအမှန်တရား ပါပဲဗျာ။

ကဲ ကြည့်လေ။ ကျနော်သေတော့မယ်။ ကျနော်ယုံကြည်ခဲ့တယ်ဆိုတဲ့ ဘုရား၊ ကျနော်ဖတ်ခဲ့၊ နာခဲ့တဲ့ တရားတွေက ကျနော့်ကိုမကယ်နိုင်ဘူးဖြစ်နေတယ်။ ဒါဟာ ဘာကြောင့်လဲ။ တိုတိုပြောရရင် ကျနော်ဟာ ဘာသာတရားကို လက်တွေ့တံခါးပေါက်ကနေ မလေ့လာမစူးစမ်း ခဲ့လို့ပါပဲ။

ဒါကြောင့်ကျနော်ဟာ ဘာသာတရားကို အကျင့်လမ်းကြောင်းကနေ ချည်းကပ်ဘို့ ဆုံးဖြတ်ပြီး ဖွတ်လုပ်နေခဲ့တာပေါ့။ ဘာလဲ၊ ဘိုးမင်းခေါင်ရှိမရှိ ကျနော်သေချာ ဘယ်သိနိုင်မလဲ။ ဘိုးမင်းခေါင် အကြောင်းတော့ စာပြုဆရာကြီး ဦးပေါ်ဦးရေးပြီး မိဘမေတ္တာ–ဆရာဦးမောင်ကြီး တည်းဖြတ်ပြင်ဆင်တဲ့ ဝိဇ္ဇာမိုရ် အောင်မင်းခေါင်၏ ထွက်ရပ်ပေါက် ရာဇဝင် အတ္တုပ္ပတ္တိဆိုတာ ဖတ်ဘူးတယ်။ ခက်တာက အဲဒီစာအုပ်မှာလည်း ဘိုးမင်းခေါင်ကို ဘယ်အချိန် ဘယ်နေရာမှာ မွေးဖွားတယ်ဆိုတာလောက်တောင် ဖော်ပြမထားဘူးဗျာ။

အခုပြောနေတာက ဘိုးမင်းခေါင်ရှိမရှိပြောနေတာ မဟုတ်ဘူးဗျ။ ရှိချင်လည်း ရှိမယ်။ မရှိချင်လည်း မရှိဘူး။ အခုက ငွေလိုချင်တာမဟုတ်ဘူး။ သေမှာကြောက်တဲ့ ရောဂါ။ အေးချမ်းမှုကိုလိုလားတာ။ ဒါကိုရဖို့ ဘိုးမင်းခေါင်ရဲ့လမ်းညွှန်ချက် ဆိုဆုံးချက်ထဲမှာ ကျနော်မတွေ့ခဲ့ဘူး။ ဒီတော့သူ့ကို ဒီကိစ္စမှာ ဖယ်ထားမှဖြစ်မယ်။


www.burmeseclassic.com

www.burmeseclassic.com

တချက်က ဘိုးမင်းခေါင်ဆိုတာလည်း သူ့ရဲ့ ကျင့်ကြံအားထုတ်မှု၊ အောင်မြင်မှု ခုနဲ့ သူ့အသက်ကို မသေအောင် ဆွဲဆန့်ထားတာတဲ့ဗျ။ သူလည်း အချိန်တန်ရင် ရမှာ။ အပြီးတိုင် ငြိမ်းအေးတဲ့လမ်းကို သူမရောက်သေးဘူးတဲ့ဗျ။ ဒါလောက်နဲ့ နော်မကျေနပ် နိုင်ဘူးဗျာ။ ကဲပါဗျာ။ ပြောလက်စနဲ့ကျနော်နဲ့ဘိုးတော်တွေရဲ့ လမ်းတချို့လည်းရှိလေရဲ့။ ဒါလည်းပြောပြအုံး မှပါ။ တော်ကြာ ထိန်ချန်သလို နေရင် မကောင်းပါဘူး။

ကျနော်ဟာ ထောင်ဇာတာပါလာတယ်လို့ဆိုရမယ်။ အချုပ်နဲ့ထောင်ကို ခဲ့တဲ့ အကြိမ်ပေါင်း ဆယ် ကြိမ်လောက်ရှိမယ်။ ဒါပေမဲ့ အကြာကြီး ထောင်ထဲမှာ ရမဲ့ဇာတာတော့ မပါပြန်ဘူး။ ကျနော်ဒီတခါ ထောင်ကျတာ အကြာဆုံးနဲ့ ဒုက္ခ ရောက်ဆုံးပဲ။ နေအုံးဗျ။ ထောင်ထဲကို ခဏခဏ ရောက်တယ်ဆိုတော့ ခင်ဗျား နော့်ကို လူဆိုးလူယုတ်မာ ထင်သွားအုံးမယ်။ ဗမာပြည်မှာက ခက်သားလားဗျာ။ ထောင်ထဲမှာ တစ်သက်လုံးထည့်ထားရမဲ့သူတွေက သုံးမကုန်ဖြုန်းမကုန်ဘဝနဲ့၊ တနိဗ္ဗာန်ရောက်နေပြီး ထောင်နဲ့ လားလားမှ မထိုက်သူတွေက ထောင်ထဲရောက် တဲ့ တိုင်းပြည် မဟုတ်လား။ ဘာမှမဟုတ်လည်း ထောင်ကျချင်ကျနေတဲ့ သူတွေ များကြီးဗျ။ ဒါတော့ ခင်ဗျား နားလည်ပေးဗျာ။ ဆိုလိုတာက ကျနော်ဟာ ထောင်တို့အချုပ်တို့ကို ဝင်လိုက်ထွက်လိုက် လုပ်နေလောက်အောင် ကောက်ကျစ်ယုတ်မာ ဆိုးသွမ်းသူမဟုတ်ဖူး ဆိုတဲ့အချက်ပါ။ အမှားမကင်းခဲ့ဘူး ဆိုတာလည်း နော်မငြင်းပါဘူး။

လွန်ခဲ့တဲ့ ငါးနှစ်လောက်က ဗျာ။ မီးရထားဝန်ကြီးဌာနကို အရည်ကြို သံစတွေ တင်ဒါသွင်းတဲ့ကိစ္စမှာ ပစ္စည်းလည်းသွင်းပြီးပြီ၊ ငွေလည်းထုတ်ပြီးပြီ။ လုပ်နည်းလုပ်ဟန်အဆင့်ကျော်တယ် ဆိုပြီး ဖ(၁) နဲ့အမှုဖွင့်တယ်။ အမှန်တကယ် တန်ဖိုးက ကျပ်ငါးထောင်။ နောက်တရားရုံး ရောက်တဲ့အခါ အမှုစွဲတင်တဲ့ စီအိုင်ဒီ ရှိ ရုံးထဲဝင်လာပြီး တရားသူကြီးရှေ့က အမှုတွဲဖိုင်မှာ ငါးနဲ့သုညတစ်လုံး ထပ်ဖြည့် တော့ ငါးသိန်းငါးထောင်တန်တဲ့ အမှုဖြစ်သွားပြီး အပက(၃) ဖြစ်တော့တာပဲ။ က ဒီအမှုဟာ မှားယွင်းမှုတော့မဟုတ်ဘူးဗျ။ ကျနော်ကိုယ်တိုင်ကလည်း ဆိုင်ရာ စာရွက်စာတမ်းတစ်စောင်ကို အကြံအဖန်လုပ်ထားမိတာလည်း ရှိတယ်။ နော့် လုပ်ကွက်က ပညာသားပါလွန်းလို့ အဲဒီအမှုကို သာမန်ရဲဌာနအနေနဲ့ ဆက်ဖော်လို့ မရတာကြောင့် နောက်ဆုံး အင်းစိန် စီအိုင်ဒီ ရောက်သွားတဲ့ ဆိုပါတော့။ စီအိုင်ဒီနဲ့ ကျနော် ဘတစ်ပြန်ကျားတစ်ပြန် ပညာပြိုင်နေလိုက်ကြတာ ရှုပ်သထက်ရှုပ်လာပြီး နောက်ဆုံးတော့ ဟသ်ာတဖက်က ကျုံလဟာရွာ



www.burmeseclassic.com

www.burmeseclassic.com

ရဲစခန်းမှာ ကျနော့်ကို မလိမ့်တပတ်လုပ်၊ အချုပ်ထဲ သွင်းလိုက်ရော ဆိုပါတော့ဗျာ။ ကျုံလှဟာအချုပ်မှာ နှစ်ပတ်လောက်နေပြီးတော့ လက်ပံတန်းအချုပ်ကို ရောက်လာတယ်။ ဒီအမှုဟာ အများပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်တဲ့ဥပဒေ အပက(၃)နဲ့ ခွဲဘင်သာသာနဲ့ လွတ်ဖို့နေနေသာသာ အာမခံရဖို့တောင် အကြောင်းမရှိတာကြောင့် ရွှေဝင်လယ်ကာဆီးသည်သို့၊ လွတ်လမ်းရယ်ဘယ်မမြင် ဖြစ်နေချိန်ပေါ့။

အဲဒီအမှုနဲ့လက်ပံတန်း ရဲအချုပ်ထဲရောက်လို့ တစ်ပတ်လောက်အကြာ တစ်ညမှာပေါ့။ အချုပ်ခန်းထဲမှာ ကျနော် အိပ်ပျော်သလို မပျော်သလို ဖြစ်နေတုန်း တစ်စုံတစ်ယောက် လာနိုးသလို ခံစားလိုက်ရပြီး နားထဲမှာ "ဟေ့ကောင် သက်နိုင် အပြင်ကို ကြည့်လိုက်စမ်း" ဆိုတဲ့ အသံကြားတစ်ခု ကြားလိုက်ရတယ်။ ကျုပ်လည်း အိပ်ချင်မူးတူးနဲ့ အချုပ်ခန်းအပြင်ကို လှမ်းကြည့်လိုက်တော့၊ လား လား ဝတ်ဖြူစင်ကြယ်နဲ့ဘိုးတော်တွေ လက်ပံတန်းရဲစခန်းတစ်ခုလုံးကို စက်ဝိုင်းပုံပတ်ပြီး တရားထိုင်နေသလို ထိုင်နေကြတာကလား။ ကျနော်ဆိုတဲ့ကောင်ကလည်း ဘာမဆို နှိုက်နှိုက်ချွတ်ချွတ် စပ်စုတတ်တဲ့ ကောင်ဆိုတော့ သေချာအောင်ထပ်ကြည့်မိတယ်။ ကျနော်တို့ အချုပ်ခန်းဟာ အပြင်ဖက်ကို ကောင်း ကောင်းလှမ်းမြင်နိုင်တဲ့အနေအထားဗျ။ ခပ်လှမ်းလှမ်းမှာ စေတီတစ်ဆူကို လှမ်းမြင်နေရတယ်။ ကျနော်ပြောတဲ့ ဘိုးတော်တွေဟာ အဲဒီစေတီနဲ့ အချုပ်ခန်းကြားကွက်လပ်မှာ ရှိနေကြတာကိုး။ စက်ဝိုင်းပုံ အထပ်ထပ်ဝိုင်းပြီး ထိုင်နေလိုက်ကြတာ မျက်စိတဆုံးဆိုပါတော့ဗျာ။

ကျနော့် စိတ်ထဲမှာတော့ တော်တော်အံ့သြသွားမိတာ အမှန်ပဲဗျ။ ဘယ့်နှယ့်၊ ဒီဘိုးတော်တွေက ငါဒုက္ခရောက်နေတာကို ဘယ်လိုသိပြီး ဘာအကြောင်းကြောင့် ဒီစခန်းကို လာဝိုင်းနေကြပါလိမ့်ပေါ့။ အမှန်တော့ ကျနော်ဆိုတဲ့ ကောင်ကလည်း ဘိုးတော်တွေက လာကယ်ရလောက်အောင် ကိုယ်ကျင့်တရား လွတ်ကောင်းနေတဲ့ သူမျိုးလည်း မဟုတ်ဘူးလေ။

ကျနော်လည်း ဘိုးတော်ပဟေဠိကို တောင်တွေးမြောက်တွေးနဲ့ အဖြေထုတ်နေတုန်း လေးငါးရက် လောက်ကြာတော့ ပဲခူးတိုင်းရဲမင်းကြီး ဦးတင်အောင် လက်ပံတန်းအချုပ်ကို ရောက်လာပြီး ကျနော့်ကို လာတွေ့ပါလေရောဗျာ။ သူ့ကိုယ်ရေးအရာရှိ ရဲမှူးကိုစစ်နိုင် အပြောအရတော့ ရဲမင်းကြီးဟာ ကျနော့်သတင်းကိုကြားတာကြောင့် ပြည်မြို့ဖက်ကို စစ်ဆေးရေးခရီး အကြောင်းပြပြီး လက်ပံတန်းရဲစခန်းကို ဝင်စစ်တဲ့ပုံစံနဲ့ တမင်ဝင်တွေ့တာတဲ့ဗျာ။

တိုတိုပြောရရင် ရဲမင်းကြီးမျက်နှာကြောင့် ကျနော်ဟာ ဘာရောဂါမှမရှိပဲ လက်ပံတန်းဆေးရုံမှာ တက်ခွင့်ရပြီး အချုပ်ကနေ လွတ်တော့တာပဲဗျ။ နောက်တစ်လ



www.burmeseclassic.com

www.burmeseclassic.com

ကြာတော့ ကျနော်အာမခံရတယ်။ အမှုရင်ဆိုင်ပြီး တစ်နှစ်ကျော်လောက်ကြာ တော့ အဲဒီအမှုကနေ ကျနော် ကွင်းလုံးကျွတ် လွတ်ခဲ့တာပဲဗျာ။ နေဦးဗျ။ ကျနော်ဟာ အချိန်တုန်းက ပဲခူးစစ်တိုင်းမှူးနဲ့ အလုပ်တွဲပြီး လုပ်နေချိန်ပေါ့။ အဲဒီ ဘိုးတော်တွေ တကယ်ပဲလား။ ကျနော့်စိတ်က ထင်မိထင်ရာထင်သလား။ ဒါတော့ ကျနော် လိုမှမပြောတတ်ဘူး။ အော်.. ခင်ဗျားက ဘိုးတော်တွေ ကျနော့်ကို စောင့်ရှောက် ထင်နေသလား။ ခက်တာက ဒီလိုအတွေးတွေဟာ အထင်တွေ သက်သက်လို့ပဲ ကျနော်ယူဆခဲ့တယ်။ ဘာ သက်သေ၊ သက္ခာယမှ ဆုပ်ဆုပ်ကိုင်ကိုင် ပြနိုင်တာ တတ်ဘူး။

နောက်တစ်ခေါက် အင်းစိန်ထောင်ထဲကို ၅(ည)နဲ့ရောက်တုန်းကလဲ တော်ဇာတ်လမ်း ရှိသေးသဗျ။ အဲဒါက ဒုတိယအကြိမ် ၅(ည)။ အမှန်တော့ အမှုဟာ ဘာနိုင်ငံရေးနဲ့မှ ပတ်သက်တဲ့ အမှုမဟုတ်ပါဘူးဗျာ။ ကျနော့်တပည့် တစ်ယောက် မူးပြီးရမ်းကားရာကနေ နယ်မြေရဲက အထိန်းမတတ်တော့ ပြဿနာ ကြီးသွားတယ်ဆိုပါတော့။

စခန်းမှူးဟာ ကျနော် သာမန်ရဲနဲ့အချင်းများတာကို စစ်ကြောင်းမှူးဆီ ဆက်ရာက လက်နက်တပ်ခွဲတစ်ခွဲအပြည့်အစုံနဲ့ရောက်လာပြီး ကျနော့်ကို တော့တာပဲ။ စခန်းမှူးက ကျနော်ရှိနေရင် သူ့စခန်းအပိုင်မှာ အုပ်ချုပ်လို့မရပါဘူးလို့ ကြီးကြီးနဲ့ မ လိုက်တော့ ၅(ည)ဖြစ်ပြီး အင်းစိန် တောရ ရောက်ခဲ့ရောဆိုပါတော့။ အချိန်ဟာ န၀တအာဏာသိမ်းထားတဲ့အချိန် ၁၉၉၀–ခုနှစ်ဝန်းကျင်ဗျ။ ပျက်ကြီးထဲမှာ ထောင်ထဲကို ၅(ည)နဲ့ရောက်လာတော့ အကျဉ်းသား အချင်းချင်း ပေးကြလေရဲ့။ စစ်ခုံရုံးနဲ့ညားမှာပဲ။ အနည်းဆုံးတော့ ငါးနှစ်ပဲ။ ကိုင်းကြီးကြီးမှာ တော့ သေချာပြီ။ ကြိုတင်ပြီး လိုင်းလေး ဘာလေး ဝင်ထားပေါ့တဲ့။

ကျနော့်မိသားစုကလည်း ဟိုလိုက်ဒီလိုက်၊ ကျနော့်ကို ဆွဲထည့်တဲ့ ကလည်း ကျနော် ထောင်မကျ ကျအောင်နေရာအနှံ့သတင်းပို့ပြီး ပြစ်ဒဏ် မကြီးကြီး အောင်ဆွဲဆန့်၊ ဒါနဲ့ စစ်ခုံရုံး ရောက်သွားပါလေရော။ သိတဲ့အတိုင်းပဲဗျာ။ စစ်ခုံရုံးတွေ ခေတ်စားနေတဲ့ အချိန်။ စဉ်းစားသာကြည့်ပေတော့။ လွတ်ဘို့ကတော့ လမ်း မမြင် ဖြစ်ပြန်ရော။

ဒီလိုနဲ့ ချုပ်ရက် နှစ်လလောက်ရှိတော့ ကျနော့်မိန်းမက ရှင်ဒီနေ့လွတ်မယ်လို့ လေးတစ်စောင် ထောင်ဝန်ထမ်းနဲ့ ပို့လိုက်တယ်။ ကျနော်လည်း ယုံရခက်၊ မယုံရ နဲ့လွတ်လေနိုး မျှော်လိုက်တာ ညနေ ခြောက်နာရီထိုးပြီး ထောင်တံခါး ပိတ်သွားတဲ့ ပေါ့ဗျာ။ ကျနော် စိတ်ဓာတ်ကျကျနဲ့သံတိုင်ကို ခေါင်းပေးပြီး ပက်လက်လှန်၊



www.burmeseclassic.com

www.burmeseclassic.com

မျက်စိမှိတ်နေလိုက်မိတဲ့အချိန်မှာ ဝတ်ဖြူစင်ကြယ်နဲ့ ဘိုးတော်တစ်ယောက် ပေါ်လာသဗျ။ သူက ကျနော့်ကို ပြုံးပြရင်း ဒီနေ့ မင်းလွတ်မှာပါလို့ ဆိုလာသဗျာ။

ကျနော်ကလည်း တအံ့တသြဖြစ်နေရင်းက စိတ်ချဉ်ချဉ်နဲ့ ပြန်တွန်းလိုက်မိတယ်။ "ခင်ဗျားကသာ လွတ်နေ။ ထောင်ကပိတ် သွားပြီ"လို့ ခပ်ငေါ့ငေါ့ ပြန်ပြောတော့ သူက သူ့လက်ကို ကမ်းလိုက်ပြီး "ကဲ မင်းမယုံရင် ငါခေါ်ပြမယ်။ မင်းလက်ပေး"တဲ့။ ကျနော် သူ့ကို လက်လှမ်းပေးလိုက်တော့သူက ကျနော့်လက်ကို ဆွဲကိုင်ပြီး ခေါ်ပါ လေရော။ ယုံနိုင်စရာတောင် မရှိပါဘူးဗျာ။ ကျနော်ဟာ ဝိဉာဉ်တွေ အကြောင်းရိုက်ကူးတဲ့ ရုပ်ရှင်ထဲကလို သံတိုင်တွေနံရံတွေကို ဝှစ်ကနဲ ဖြတ်ကျော်ပြီး အပြင်ကို ချက်ချင်းရောက် သွားပါတော့တယ်။ ကျနော်ဟာ ထောင်အပြင်ကနေ ထောင်ထဲကို ထင်ထင်ရှားရှား လှမ်းမြင်နေရတယ်ဗျာ။ ဒီမှာတင် အဲဒီဘိုးတော်က "မင်းငါ့ကိုယုံပြီလား"တဲ့။ ကျနော်က ငါတော့ လွတ်ကြောင်ကြောင်သွားပြီ ထင်တယ်ဆိုပြီး မျက်လုံးဖွင့်လိုက်မိတော့ ဦးကို ဆိုတဲ့ မူဆလင် နှစ်ရှည်အကျဉ်းသားက အပေါ်အဖြူ အောက်အဖြူဝမ်းဆက်နဲ့ ကျနော့်ကို လက်လှမ်းပေးရင်း "အကိုကြီး အိမ်ပြန်လို့ရပြီ၊ လွတ်ဝါးရမ်း နောက်ကျနေလို့"တဲ့ဗျာ။ ကဲ ခင်ဗျားယုံရဲလား။

အေးဗျာ ဒီလို နှစ်ခါသုံးခါ ကြုံလာတော့ ကျနော့်ကို ကယ်မနေတာ ဘိုးမင်းခေါင်ပဲ ဆိုပြီး ဟိုလူကပြော ဒီလူကပြောနဲ့ ကျနော်လည်း ဘိုးမင်းခေါင် ဘက်ပါသွားခဲ့တာပဲ။

တကယ်တမ်း မညှာတမ်း ဆန်းစစ်တဲ့အခါ ဒီလို စိတ်အာရုံမှာ ထင်လာ ပေါ်လာရုံနဲ့ ကိုးကွယ်တယ်ဆိုတာ တော်တော် ယောင်ဝါးဝါးနိုင်တဲ့ ကိစ္စပဲ။ ဘိုင်အိုဂရပ်ဖီ မရှိ။ အထောက်အထား နတ္ထိ၊ မှတ်တမ်း မခိုင်မလုံနဲ့ ရှေ့တိုးပြီး စွတ်ယုံဘို့ဆိုတာ ကျနော့်အတွက် အခက်တွေ့နေခဲ့တာပဲဗျ။

အခုလည်း ရွှေတိဂုံစေတီကြီးက ကျနော့်ရှေ့ရောက်လာပြန်တော့ ကျနော်တစ်မျိုး စဉ်းစားလာပြန်တယ်။ ငါ လေ့ကျင့်နေတာတော့ဟုတ်ပါပြီ။ အခုဟာက အကန်းလမ်း သွားသလို ဖြစ်နေတယ်။ လမ်းညွှန်လိုတယ်လို့ ယူဆလာမိတယ်။ ဒီတော့ ထောင်ဝင်စာ လာတွေ့ပြီး ကျနော့်တဲမှာ လာနားတဲ့ ကိုနေအောင် ဆိုတဲ့ သူကို အာနာပါန မှတ်တာနဲ့ ပါတ်သက်လို့ သိသလောက်ပြောပါလားဗျာ ဆိုပြီးမေးတော့ ကျနော့် ဘေးနားမှာ ထိုင်နေတဲ့ ဖနီးလုပ်သူက ကြားသွားတယ်။

သူ နောက်တစ်ခေါက်လာတော့ စာအုပ်အညိုလေးတစ်အုပ် ပါလာလေရဲ့။ အဲဒါ ခင်ဗျားတွေ့ တွေ့နေတဲ့ စာအုပ်လေးပဲဗျ။ ပညာအလင်းပြစာအုပ်တိုက်က ထုတ်တာ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးနှင့် အနာဂါမ် ဆရာသက်ကြီးတို့၏



www.burmeseclassic.com

www.burmeseclassic.com

ဥစနိုသယအတိုင်း အာနာပါနသိမှုဖြင့် ဝိပဿနာ ရှုမှတ်နည်းတဲ့ဗျာ။ ပါဠိဆရာကြီး ဦးဘုန်းကျော် ကြီးကြပ်ပြင်ဆင်သည် တဲ့။

အဲဒီစာအုပ်လည်း ကျနော့်လက်ထဲရောက်ရော ကျနော်ဟာ စာတစ်အုပ်လုံးကို တစ်လုံးချင်း အားထုတ်ပြီး ဖတ်တယ်။ သူဘာကိုဆိုလိုသလဲဆိုတာ သဘောမပေါက် ပေါက်အောင် အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ဖတ်တယ်။ လူပြိန်းနားလည်အောင် ရေးထားတာဆိုတော့ ကျနော်နဲ့တော့ အံကိုကျလို့ဗျာ။ သေချာဖတ်၊ စေ့စေ့စပ်စပ် ဖတ်တော့ ကျနော်လုပ်နေတာတွေဟာ ဝိပဿနာ မဟုတ်သေးဘူး။ သမထတဲ့ဗျာ။ ဝိပဿနာဆိုတာ ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုကို သိအောင် ရှုပွားသော ကမ္မဋ္ဌာန်းတဲ့ဗျ။ ဒီတော့ကျနော်လည်း ဝိပဿနာဖြစ်အောင်လုပ်နည်းကို အဲဒီစာအုပ်ထဲမှာ ထပ်ရှာရ ပြန်တယ်။ ဘာရေးထားသလဲဆိုတော့ စားတဲ့အခါ သွားတဲ့အခါမှာလည်း သတိကပ်ပြီး နေရသတဲ့။ ရော့၊ ဒီမှာ ဖတ်ကြည့်ဗျ၊ စားတဲ့အခါ ဘယ်လို သတိထားပြီး စားရတယ် ဆိုတာ...

ပြောပြောဆိုဆို ကိုသက်ခိုင်က သူ့ဘေးမှာ အသင့်ဖွင့်ထားသည့် စာအုပ်ငယ်ကို ကျနော့်ဆီသို့ လှမ်းပေးလိုက်၏။

(အဆိုပါစာအုပ်၏ စာမျက်နှာ ၄၉ တွင် ရေးသားဖော်ပြထားသည့် စားသော အခါ ရှုမြင်နည်းအကျဉ်းမှာ အောက်ပါအတိုင်းဖြစ်၏။)

**စားသောအခါ ရှုမြင်နည်းအကျဉ်း**

စားသောအခါ၌ ထမင်းလုတ်ကို ပြုသောလက်သည် ထမင်းကို ယူသောအခါ ဖြည်းဖြည်းကလေးယူ။ ယူသောလက်ချောင်းကို ပဓာန မထားနှင့်။ လက်ချောင်းကြီးထဲ က ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဓာတ်တို့ ဖြစ်ပေါ်ပျက်နေပုံကိုသာ စိတ်က စိုက်ထား။ ဤကဲ့သို့ပင် စိတ်ကို ထားရင်းနှင့်ပင် ထမင်းကို ယူ၍ ထိုထမင်းလုတ်သည် ပါးစပ်သို့ရောက်အောင် တစ်မိနစ်၊ နှစ်မိနစ်ခန့် ကြာအောင် ဖြည်းဖြည်းကလေးယူ။ စိတ်ကိုမူ လက်ထဲမှာပဲထား။ ပရမတ်ဆတ်ဆတ်ဖြစ်သော "ခက်မာဖွဲ့စေး ပူအေး ထောက်ကန်" ဆိုတဲ့ သဘောကလေးတွေ သူတို့ဘာသာသူတို့ ဖြစ်နေတာတွေကို အပျောက်မခံနှင့်၊ သတိအမြဲရှိစေ။ ထမင်းကို ပါးစပ်၌ ထည့်တုန်းကလည်း သတိ လစ်စေနှင့်။ ဒါကြောင့် သတိပဋ္ဌာန်ဟု ခေါ်သည်။ ဤကား ပရမတ္ထ သဘာဝကျနသော ပရမတ်ကို မြင်လျက် ရှုနေသော သမ္မာဒိဋ္ဌိ သတိပဋ္ဌာန်ပင်တည်း။

သူ့စာကို ကျနော်ဖတ်ပြီးသည်နှင့်တပြိုင်နက် ကိုသက်ခိုင်က စကား ဆက်ပြန် ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"အမှန်ဝန်ခံရရင် အဲဒီတုန်းက ပရမတ်တို့၊ ပညတ်တို့၊ ပထဝီ တေဇော အာပေါ ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါး ဆိုတာတွေလည်း ကျနော်သေချာမသိသေးတာ အမှန်ပဲဗျ။ ဒါပေမဲ့ အဲဒီစာကို ဖတ်ပြီး ကျနော်နားလည်သလောက် လိုက်လုပ်တယ်။ ကလေးတစ်ယောက် လူကြီးစကားနားထောင်သလို လိုက်လုပ်ကြည့်တယ်။ ကျနော်စားတော့မဲ့ ထမင်းလုတ်ကို လက်နဲ့ စထိတာကနေ ပါးစပ်ထဲထည့် ဝါးပြီးမြိုချတဲ့အထိ ကျနော်သတိနဲ့ လိုက်ကြည့်တယ်။ အသက်ရှူမှတ်တဲ့ အလုပ်ကိုလည်း ကျနော်ရပ်မထားဘူး။ နေ့တိုင်း အချိန်ရတိုင်း လေ့ကျင့်တယ်။ ညညဆို တစ်နာရီကျော်ကျော် မှတ်တယ်။

လေးလဝန်းကျင်လောက်ကြာပြီးတဲ့ တစ်နေ့မှာတော့ ညဖက် ထိုင်လိုက်တယ် ဆိုရင်ပဲ ဆယ်မိနစ် ဝန်းကျင်လောက် ရောက်တာနဲ့ ကျနော့်ခန္ဓာကိုယ်ကြီးဟာ သံတုံးကြီးတစ်တုံးချထားသလို ငြိမ်သက် တည်မြဲနေတာကို ကြုံရပါတော့တယ်။ တော်တော်ကို အံ့သြဖို့ကောင်းတာကလား။ လေကို မှတ်နေရင်း ခန္ဓာကိုယ်ကြီးဟာ မလှုပ်မရှား ခိုင်ခိုင်မြဲမြဲ ထိုင်မိနေတာဗျ။ လေ့ကျင့်ခန်း လုပ်ခါစက ဆိုဗျာ။ ခန္ဓာကိုယ်ကို ငြိမ်သက်နေအောင် ကြိုးစားရတဲ့ ဒုက္ခက မသေးလှဘူးဗျ။ ခုတော့ သူ့ဖာသာ ငြိမ်နေတယ်ဗျာ။ ဒါတင် ဘယ်ကမတုန်း။

ကျနော့်ခန္ဓာကိုယ်ဟာ တစ်ခုခု ထူးခြားနေသလိုပဲလို့ ထင်မိတာနဲ့ ကျနော်ဟာ မျက်စိမှိတ်နေရင်းနဲ့ ခန္ဓာကိုယ်ရဲ့ရှေ့ပိုင်းကို အာရုံစိုက်ကြည့်လိုက်မိတယ်။ အမယ်၊ ကျနော့် ခန္ဓာကိုယ်ထဲကနေ မှန်သားလို ကြည်လင်တဲ့ နောက်ထပ်ခန္ဓာကိုယ်တစ်ခု ထပ်ထွက်လာတာကို တွေ့ရသဗျ။ အဲသလို ထွက်လာပြီး လင်းနေတဲ့ ခန္ဓာကိုယ်ဟာ ဝိုးတိုးဝါးတားမဟုတ်ဘူးဗျ၊ သိသိသာသာကြီးကို ဖြစ်နေတာ။ ခက်တာက အဲဒီ အရောင်အလင်းထွက်နေတဲ့ကိုယ်ပွားဟာ တကယ့်မျက်စိနဲ့ မြင်နိုင်တာမျိုးတော့ ဟုတ်ဟန်မတူဘူး။ ကျနော်ကလည်း အဲဒီအရောင်ကို မျက်စိဖွင့်မကြည့်မိဘူး။ ကျနော့် စိတ်ထဲမှာ အထူးအဆန်း တွေနောက် လျှောက်လိုက်ချင်တဲ့စိတ် ကုန်နေတာလည်း ဖြစ်နိုင်ပါရဲ့။

နောက်ပိုင်းရက်တွေမှာတော့ ကျနော်ဟာ လေ့ကျင့်ခန်းတစ်နာရီ ထိုင်မယ်လို့ ဆုံးဖြတ်လိုက်ရင် ပထမ ဆယ်မိနစ်လောက်မှာသာ အချိန်ကုန်တာကို သိရပြီးနောက် မိနစ်ငါးဆယ်ဟာ ရုတ်ခြည်း ကုန်ကုန်သွားပါတော့တယ်။ ဆိုလိုတာက မိနစ် ငါးဆယ် လောက် အချိန်တွေအတွင်းမှာ ကျနော့်စိတ်ဟာ တစ်နေရာတည်းမှာ စွဲမြဲငြိမ်သက် နေတာပါပဲ။ အဲသလိုငြိမ်သက်နေတဲ့ အချိန်မျိုးမှာ ခံစားရတဲ့ ခံစားချက်ဟာ ဘယ်လို အရာမျိုးနဲ့မှ ဥပမာပေးလို့မရအောင် အေးချမ်းတာကလား။ ဘာရှိုးစက်မှ ပေးမထား



www.burmeseclassic.com

www.burmeseclassic.com

တစ်နာရီထိုင်မယ်လို့ အဓိဋ္ဌာန်ပြုထားရင် တစ်နာရီတိတိမှာ ကျနော် သတိပြန်ဝင်လာတတ်တာပါပဲ။ တစ်နာရီခွဲ၊ နှစ်နာရီထိုင်မယ်လို့ ဆုံးဖြတ်ထားရင်လည်း အဲဒီအချိန်အတွင်း ကျနော့်စိတ်မှာ အေးချမ်းပြည့်စုံမှု တစ်ခုကလွဲလို့၊ ဘာခံစားမှုမှ ထူးထူးထွေထွေမရှိပဲ အချိန်စေ့မှ သတိ ပြန်ပြန် ဝင်လာသဗျာ။

အဲသလိုဖြစ်တဲ့ ရက်ပေါင်းများလာတော့ ကျနော့်စိတ်ထဲမှာ ငါဘာဖြစ်နေတာလဲ။ အဲဒီအချိန်တွေဟာ ဘယ်ကိုရောက်သွားသလဲ။ အဲဒီအချိန်တွေမှာ ငါဘာလို့သတိမပြုနိုင်တော့တာလဲ။ လောကကြီးမှာ အချိန်ကာလကို ချုံ့ပစ်လို့ ရနိုင်သလား။ အချိန်ဆိုတာ ကျဉ်းနိုင်ကျုံ့နိုင်သလားဆိုတဲ့ မေးခွန်းတွေ ဆက်တိုက်ပေါ်လာပါတော့တယ်။

ဒီမှာတင် ဘယ်ရပ်အုံးမလဲဗျာ။ ဒီထက် အံ့သြဖွယ် အဖြစ်အပျက်တွေဟာ ဆက်တိုက် ဖြစ်ပေါ်လာပါတော့တယ်။ ကျနော်ဟာ ငှက်တစ်ကောင်လို လေထဲမှာပျံတက်သွားတော့မလားလို့တောင် ခံစားလာရပါတော့တယ်။ ခင်ဗျား သေချာ နားထောင်ပါ။ ဒါတွေကို ခင်ဗျားယုံစေချင်တဲ့ဆန္ဒ ကျနော့်မှာ မရှိပါဘူး။ စဉ်းစားချင့်ချိန်နိုင်ဘို့ တွေးခေါ်မြော်မြင်နိုင်ဘို့ ပြောနေခြင်းသာ ဖြစ်တယ်။ ကျနော့်ကိုလည်း နင်းကန်အထင်မကြီးပါနဲ့။ ကျနော်ပြောနေတဲ့ အကြောင်းအရာတွေ ဆုံးတဲ့အခါ ဘိုးတော်၊ ရှင်စိုး၊ နတ် ဗြဟ္မာ ဆိုတာတွေနဲ့ ပတ်သက်ပြီး အားလုံးကို ခြုံငုံမိတဲ့အဖြေတစ်ခု ရလာပါလိမ့်မယ်။ အဲဒီ အဖြေကို ပေးနိုင်ဘို့ မရှိမဖြစ် လိုတဲ့အရာကတော့ ဖြစ်ပျက်ကို သိဖို့ပါပဲ။

တစ်ညပေါ့ဗျာ။ လေ့ကျင့်ခန်းဆင်းပြီး ကျနော့်အိပ်ယာထဲ ပက်လက်လှဲနေလိုက်တယ်၊ အိပ်တော့ မပျော်သေးဘူး၊ အိပ်တော့မဲ့ဆဲဆဲ စပ်ကူးမတ်ကူး အချိန်လေးမှာပေါ့ဗျာ။

❁ ❁ ❁ ❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## ၆။ ထူးထွေသည့် အံ့ရာသော်

နေဦးဗျ၊ အဲဒီအဖြစ်အပျက်ကဒီစခန်းခွဲမှာ ကြုံခဲ့ရတဲ့အဖြစ်မဟုတ်ဘူး။ ထောင်ပိုင်ကြီး အခေါ်တော်ရှိလို့ ကျနော် ပင်မစခန်းကို သွားနေတဲ့ရက်တွေတုန်းကဗျ။ ဒီလိုပါပဲဗျာ။ ဒီရဲဘက်စခန်းမှာ အရေးကြီး ပုဂ္ဂိုလ်လာမယ်၊ အကျဉ်းဦးစီးက စစ်ဆေးရေးအဖွဲ့လာမယ်၊ ဘာညာဆိုရင် တောင်စပ်စပ် မြောက် စပ်စပ် စုံစီနဖာ ကျင်နေတဲ့ ကျနော့်ကို ခေါ်လေ့ခေါ်ထရှိပါတယ်။ အဲဒီလိုကိစ္စတွေမှာ ထိုင်ခုံစီတာ အစ ကျွေးမွေးဧည့်ခံတဲ့နေရာအဆုံး အမှားအယွင်းမရှိဖို့ လိုတယ်မဟုတ်လား။ အကျဉ်းဦးစီး ဆိုတာ ခင်ဗျားသိတဲ့အတိုင်း အမေက ငါ့ကိုနိုင်၊ ငါက ကြက်မကြီးကိုနိုင် ဆိုတဲ့ နေရာမျိုးလေ။ အကျဉ်းသားက တန်းစီးဘုတ်ကိုင်ကို သေမလောက် ကြောက် ရတယ်။ တန်းစီးဘုတ်ကိုင်က ထောင်ဝန်ထမ်းကို အဖေထက် ကြောက်ရတယ်။ ထောင်ဝန်ထမ်းတွေလဲ သူ့အထက်အရာရှိဆို ပထွေးထက် ကြောက်ကြရတယ်လေ။

ပင်မစခန်းမှာလည်း ကျနော်ဟာ သာမန်အကျဉ်းသားတွေလို အဆောင်ထဲ ခံနေရပါဘူးဗျာ။ ထောင်ပိုင်ကြီး အထူးခေါ်ယူထားတဲ့သူဆိုတော့ ထောင်ပိုင်ကြီး အတွက် သီးသန့်ချက်ပြုတ်တဲ့ အဆောင်မှာနေတယ်။ အဲဒီအဆောင်မှာ ရှိကြတာက ကျလာတဲ့ ချာတိတ်နှစ်ယောက်။ မောင်ဝင်းနဲ့ တရုတ်ကလေး မြင့်နိုင်ပေါ့။ ဆိုတော့ သူတို့လည်း ထောင်ပိုင်စားဖိုဆောင်မှာ နေခွင့်ရတယ်ဆိုတာ လိုင်းကြေးပဲဗျ။ စားဖိုဆောင်ကို သူတို့အိပ်စိုက်ပြီး ဆောက်ပေးရတယ်။ ထောင်ပိုင်စားဖို့၊ လာသမျှ ထောင်ပိုင့်ဧည့်သည်တွေကို ဝတ္တရားကျေအောင် ပြုစုကျွေးမွေးဖို့ သူတို့ တာဝန်ယူ ရတယ်။

ပင်မစခန်းကို ကျနော်ရောက်လာတော့ မောင်ဝင်းက သူတို့အဆောင်မှာရှိတဲ့ သီးသန့်အခန်းလေး တစ်ခု ကျနော့်အတွက်စီစဉ်ပေးတယ်။ ကုတင်၊ စောင်၊ ခေါင်းအုံး

www.burmeseclassic.com

အပြင် အောက်ခံအောင် ခပ်ထူထူတောင် ခင်းထားပေးသေးဗျာ။ ကုတင်ဆိုတာ အကျဉ်းသားတစ်ယောက်ရဲ့လက်ရာ ကပ်ရိုက်ကပ်ခွေပေါ့ဗျာ။ ကုတင်က နှစ်ပေခွဲလောက် မြင့်မယ်ထင်ပါရဲ့။ အဲဒီကုတင်ရဲ့ ထူးခြားချက်ကတော့ ကုတင်ခေါင်းရင်းမှာ တစ်ပေ မရှိတရှိ သစ်သားတန်းလေးပါတယ်ဗျာ။ ကျနော့်အိပ်ခန်းနဲ့ကပ်လျက်က မီးဖိုဆောင်၊ မီးဖိုဆောင်နဲ့ကပ်လျက် တခြားတဖက်မှာ မောင်ဝင်းတို့အခန်းပေါ့။

နေ့လည်ဖက်မှာ လုပ်စရာကိုင်စရာရှိတာတွေ လုပ်နေချိန်လဲ ကျနော်ကတော့ အချိန်ရတယ်ဆိုတာနဲ့ အမှတ်မပျက်အောင် မှတ်လျက်ပဲဗျ။ အဲဒီအချိန်တွေမှာ ကျနော် စကားများများပြောတဲ့ အလုပ်ကို သတိကြီးကြီးနဲ့ ရှောင်တယ်။ အားရင်အားသလို မှတ်တယ်။ လစ်ရင်လစ်သလို မှတ်တယ် ဆိုပါတော့ဗျာ။ အဲဒီနေ့ညက ကျနော် အိပ်ယာဝင်တဲ့အချိန်ဟာ ညဆယ့်တစ်နာရီလောက် ရှိမယ်။ ဆယ်နာရီမှာ အိပ်ဆောင်ပိတ်တော့ တစ်နာရီလောက်က ဘုရားရှိခိုးပြီး လေ့ကျင့်ခန်းဝင်ချိန်ပေါ့ဗျာ။ မှတ်နေတဲ့ တရားရဲ့အရှိန်ကြောင့်ပေလား မဆိုနိုင်ဘူး။ အဲဒီနေ့က အိပ်ယာဝင်ရတာ ကျနော့်စိတ်ထဲမှာ ခါတိုင်းနေ့ထက် ငြိမ်းချမ်းနေသလိုပဲဗျ။ ကျနော် အကျဉ်းစခန်းကို ရောက်နေတယ်၊ ရဲဘက်ဘဝနဲ့ လေးငါးနှစ် နေရမယ်ဆိုတဲ့ ပူပင်စရာ အတွေးတွေလည်း မရှိဘူး။ ကုန်ကုန်ပြောရရင် ဟိုတုန်းက သောက်သောက်စားစား လူ့မင်းသားဘဝနဲ့ နေခဲ့တုန်းကတောင် အိပ်ယာဝင်တဲ့အခါ ဒီလောက် မအေးချမ်းခဲ့ဖူးဘူး။

အဲဒီညက ကျနော် အိပ်ယာထဲမှာ ပက်လက်လှဲနေရင်း အိပ်မပျော်ခင် အချိန် ကလေးကိုလည်း အမှတ်မပျက်ပဲ ဆက်မှတ်နေခဲ့တယ်ဗျ။ ဒါနဲ့ ကျနော်ဟာ အိပ်ပျော် သလိုလို ဖြစ်သွားတယ်။ အချိန် ဘယ်လောက်ကြာသွားတယ် မပြောတတ်ဘူး ကျနော်ဟာ အိပ်ပျော်နေရာကနေ ပြန်နိုးလာသလို ဖြစ်သွားတယ်။ ကျနော့်စိတ်ထဲမှာ တစ်ခုခု ထူးနေသလိုပဲလို့ ခံစားရတယ်။ ဘာကြောင့်လဲဆိုတော့ ကျနော့် ခန္ဓာကိုယ်ဟာ ဘာနဲ့မှ ထိမနေသလို သတိပြုမိလိုက်တယ်။ ခင်ဗျား စဉ်းစားကြည့်လေ။ အိပ်နေရင်း ဘေးဘယ် ညာလှည့်မယ်ဆိုရင် ခေါင်းအုံးတို့ စောင်တို့နဲ့တော့ ထိတာ ထုံးစံမဟုတ်လား ကျနော်ဟာ ခန္ဓာကိုယ်ကို နည်းနည်းလှုပ်ကြည့်လိုက်မိတယ်။ လှုပ်ကြည့်မိကာမှ ဘာနဲ့မှ ထိမနေတာ ပိုသိသာ လာတယ်ဗျာ။ ဟုတ်တယ် တစ်စုံတစ်ခု ထူးခြားနေတယ်ဆိုတာ သေချာပြီဗျာ။

ဒါနဲ့ကျနော်လည်း တတ်နိုင်သမျှ သတိကို ပြန်စုစည်းရင်း ဘာဖြစ်နေတယ် ဆိုတာ သေချာသိရအောင် စူးစမ်းလိုက်တော့ လား -- လား ကျနော်ဟာ လေထဲမှာ မျောနေတာပါကလား။ တကယ့်အသိစိတ်နဲ့ ထင်ထင်ရှားရှား သိနေသလိုပါပဲ။ ကျနော့် ခန္ဓာကိုယ်ဟာ လျောတိုက်ပြီး မျောနေပါတယ်။ မျောနေတဲ့နေရာက ကုတင်အထ



www.burmeseclassic.com

www.burmeseclassic.com

ညွှတ်တည့် တစ်ပေလောက် အမြင့်မှာပါ။ သေချာသည်ထက်သေချာအောင် ကျနော်ဟာ ကိုယ်ကိုယိမ်းပြီး ကြည့်လိုက်မိတော့ ဘေးနှစ်ဖက်ကို ခြောက်လက်မစီလောက် ရွေ့နေရောဗျ။ ကျနော်သတိပြုမိသလောက် ခန္ဓာကိုယ်ဟာ အောက်ဖက်ကို နိမ့်လိုက် အပေါ်ဖက်ကို မြင့်လိုက် ဖြစ်နေတာမျိုးမဟုတ်ဘူး။ အမြင့်က မပြောင်းလဲဘူး။ ဘေးဖက်ကိုတော့ ရွေ့တယ်ဗျာ။ အဲ ခေါင်းရင်းနဲ့ခြေရင်းဖက်ကိုလဲ ရွေ့တယ်ဗျ။

အေးဗျာ ခေါင်းရင်းခြေရင်း လျှောတိုက်ရွေ့နေတာကို သတိထားမိတော့မှ ကျနော့်စိတ်ထဲမှာ ကျနော့် ခေါင်းနဲ့ ခေါင်းရင်းဖက်က သစ်သားတန်း သွားဆောင့်မိသွားရင် ဒုက္ခဆိုပြီး စိုးရိမ်သလိုလို ဖြစ်သွားတာကြောင့် ကျနော့်ညာဖက်လက်နဲ့ ခေါင်းကို အုပ်လိုက်ခွာလိုက်လုပ်ပြီး သစ်သားတန်း ရှိလောက်မဲ့ နေရာနဲ့ လွတ် မလွတ် စမ်းကြည့်မိတယ်။ သစ်သားတန်းကို မစမ်းမိတာကြောင့် ကျနော့်ခေါင်းဟာ ကုတင်ခေါင်းရင်းက သစ်သားတန်းအပေါ်ကို ရောက်နေတာ သေချာတာပေါ့။

ကျနော်မကျေနပ်သေးဘူး။ ကျနော့် ညာလက်ကို ခေါင်းဆီကနေ ပြန်ရုပ်ပြီး ကျောပြင်အောက်ကို ထိုးစမ်းလိုက်တယ်။ သေချာပါပြီ။ ငါလေထဲမှာ လျောတိုက်မျောနေတာ အသေအချာပါပဲ။

ကျနော် သုံးလေးကြိမ် တကယ်ဟုတ်ရဲ့လား၊ တကယ် ဟုတ်ရဲ့လား၊ အထပ်ထပ်စဉ်းစားရင်းက ပုံမှန် ပြန်ဖြစ်သွားတယ်။ ကျနော့်စိတ်ထဲမှာ တကယ် ဟုတ်ရဲ့လားလို့ အခုထိ စဉ်းစားနေရ တုန်းပဲဗျာ။ လောကကြီးဟာ ထူးဆန်းလှပါလား။ ဒီလို ဆက်ကျင့်နေရင် လေထဲမှာပျံ နိုင်မှာလား။ ရသေ့တွေ ရဟန္တာတွေ ဈာန်ရတယ်ဆိုတာ ဒီလို လေ့ကျင့်ခန်းမျိုးပဲလား။ ငါ ဘာကြောင့် လေထဲမှာ မျောနေခဲ့ရတာလဲ။

ကျနော့် စိတ်ထဲမှာ မေးခွန်းတွေ ဆက်တိုက်ဖြစ်ပေါ်နေပေမဲ့ လေ့ကျင့်ခန်းကို ပြတ်သလို ကျမ်းဂန်တွေ မွှေနှောက်တဲ့အလုပ်ကိုလည်း လုပ်လျက်ပါပဲ။ အများဆုံးအတ်ဖြစ်တာကတော့ ဆရာသက်ကြီးရဲ့ အာနာပါန သိမှုဖြင့် ဝိပဿနာရှုပွားနည်းပါပဲ။

ထူးခြားတာတစ်ခုပြောရအုံးမယ်ဗျ။ တစ်နေ့ ကျနော်အမှတ်မပျက် လမ်းလျှောက်နေတုန်း ဗြုန်းဆို ကျနော့်ရဲ့ ခြေဖဝါးနှစ်ဖက်ဟာ အမှုန်တွေဖြစ်သွားသလို ခံစားလိုက်ရတယ်ဗျ။ ဘယ့်နှယ့်ဟာတုန်း ခြေဖဝါးမှာ အမှုန်တွေလှုပ်နေတာ တဖျဉ်းဖျဉ်းနဲ့ပါလားပေါ့။ နောက်တော့ ခန္ဓာကိုယ်အနှံ့ ဟိုနေရာဒီနေရာ၊ နေရာအတော်များများမှာ ဆူးချွန်လေးနဲ့ထိုးသလို စပ်ဖျဉ်းဖျဉ်းဖြစ်သွားတာလည်း ရှိပါရဲ့။ ဒါတင် မကသေးဘူးဗျ။ တစ်ခါတစ်လေ ကျနော့်ကိုယ်ပေါ်မှာ ပုရွက်ဆိတ်ကလေးတွေ တရွေ့ရွေ့လျှောက်သွားနေသလိုမျိုးလည်း ခံစားရတယ်ဗျ။ အမှန်က တရားထိုင်တဲ့သူ အတော်များများမှာ အမှုန်ကလေးတွေကို သတိပြုမိတာဟာ နှာသီးဖျားမှာလို့ ကျုပ်ဖတ်ဖူးပါတယ်။ အခု



www.burmeseclassic.com

www.burmeseclassic.com

ကျနော့်ခြေဖဝါးမှာ လာပေါ်နေတာဟာ ကျနော် ဖွကြီးကြီးနဲ့ ရမ်းလုပ်နေလို့ ဖြစ်ရတယ်လို့ ယူဆမိတော့တာပါပဲ။

ကျနော့်စိတ်ထင် အဲဒီလိုခံစားမှုနဲ့ မရှေးမနှောင်းမှာ ထူးခြားတာတစ်ခု ထပ်ကြုံရပြန်ပါတယ်။ ထူးခြားတာဆိုတာ ထူးဆန်းတာမဟုတ်ဘူးနော်။ ဒီလိုဗျ။ ကျနော်ဟာ ခြေဖဝါးမှာ အမှုန်တွေပေါ်တာကို သိသွားတော့ နှာသီးဖျားမှာကော ဘယ်လိုနေတုန်းဆိုပြီး သတိထားကြည့်လိုက်တော့ အမယ်၊ နှာသီး ဖျားမှာလည်း အမှုန်တွေ ပေါ်တာပဲဗျ။ ဆူးချွန်နဲ့ထိုးသလို ပုရွက်ဆိတ်တွေ တရွေ့ရွေ့သွား နေတာဟာလည်း လက်စသတ်တော့ အမှုန်တွေလှုပ်တာပဲဗျ။ ဒါပေမဲ့ အဲဒီလိုဖြစ်တာကြောင့် မခံချိမခံသာတော့ ခံစားရတာမျိုး မရှိဘူး။ မှတ်နေသတိပြုနေဖန်များလို့ ထင်ပါရဲ့။ တခါတလေ ကျနော်ရဲ့နှာသီးဖျားမှာ ရေတွေ ဝင်လိုက်ထွက်လိုက်ဖြစ်နေသလို ခံစားရတယ်ဗျ။

တဖြည်းဖြည်းနှာသီးဖျားက လေကိုသေချာအာရုံပြုပြီး စိုက်ကြည့်နေလိုက်တော့ လှုပ်နေတဲ့ လေအဝန်းတစ်ခုကို ကျနော်သတိပြုမိလိုက်တယ်။ ဒါနဲ့ ကျနော်လည်း အဲဒီလှုပ်လှုပ်ရွရွအရာလေးဟာ နေရာရွှေ့လို့ရနိုင်သလားဆိုတဲ့ စိတ်ကူးပေါ်လာတာနဲ့ ငယ်ထိပ်ကို စိတ်နဲ့တွန်းပို့ကြည့်လိုက်မိတော့၊ အမယ် ရွှေ့လို့ရတယ်ဗျ။ ကျနော်ဟာ ရွှေ့လို့ရတဲ့ အဲဒီအဝန်းလေးကို သေချာထပ်ပြီး ဂရုတစိုက် ကြည့်မိပြန်တော့ ကြည့်နေတာကြာလေ အဲဒါလေးကတဖြည်းဖြည်း ငြိမ်လာလေပဲဗျ။ ငြိမ်လာလေ ခံစားမှုက နှစ်သက်စရာကောင်းလာလေပဲ။ နောက်ဆုံး အဲဒီအဝန်းလေးလဲ လုံးလုံး ငြိမ်သွားရော ကျနော့်စိတ်ဟာ ငယ်ထိပ်တည့်တည့်မှာ ဒုတ်ဒုတ်ထိ ကျောက်ချထားသလို ခိုင်မြဲနေတော့တာပဲဗျ။ အံ့သြစရာကောင်းတာက အမြဲတမ်း တောင်တွေးမြောက်တွေးနဲ့ ဗျာများနေတတ်တဲ့ ကျနော့်စိတ်ဟာ ဘယ်မှမသွားတော့ပဲ အဲဒီငြိမ်သက်ခြင်းမှာ ဇိမ်ကျနေတာပဲဗျာ။

ဒါနဲ့ပတ်သက်လို့ ကျနော်ဖတ်နေတဲ့ ဆရာသက်ကြီးစာအုပ်မှာ တွေ့လိုတွေ့ငြား ရှာကြည့်တော့ ကျနော်ရှာတွေ့တဲ့ အနီးစပ်ဆုံးအဖြေကတော့ ဒါဟာ ပထမဈာန်ဓောကျတယ်ဆိုပဲ။ ကျနော့် စိတ်ထင်ပြောတာနော်။ ရော့၊ မူရင်းစာကို ဖတ်ကြည့်ပါ။

ကိုသက်ခိုင်ဖတ်စေသော အကြောင်းအရာမှာ အောက်ပါအတိုင်းဖြစ်၏။

**ပထမဈာန်ဓော**

ဤပဋိဘာဂနိမိတ်ကို ကြည့်၍ကြည့်၍နေလျှင် ကြာလေ ငြိမ်လေ၊ ကြာလေ လင်းလေ၊ ကြာလေ အေးကြည်လေ၊ ကြာလေငြိမ်သက်လေ ဖြစ်လာပြီးသကာလ နှစ်သက်သော ပီတိဖြစ်၍ နေလိမ့်မည်။

ထိုနှစ်သက်သော ပီတိဖြစ်တယ်ဆိုလျှင်ပဲ ချမ်းသာရာသုခ ဖြစ်လာတော့တာပဲ။ ချမ်းသာသုခဖြစ်တယ်ဆိုလျှင် မတုန်မလှုပ် ငြိမ်သက်တည်ငြိမ်သော



www.burmeseclassic.com

www.burmeseclassic.com

ကာက်စာတိုင်ကဲ့သို့ ... ဖြစ်သော ... တော့တာပါပဲ။
ဂ္ဂတာစိတ် ဖြစ်လာသောအခါ မိမိစိတ်သည် ထိုပဋိဘာဂနိမိတ်ထဲ ရောက်၍ သကဲ့သို့ ပဋိဘာဂနိမိတ်ကို မြင်နေသည်မှတပါးလွဲ၍ ဘာကိုမျှမသိတော့ပေ။ ပဋိဘာဂနိမိတ်သည် ပင်လျှင် မိမိ၊ မိမိသည်ပင် ပဋိဘာဂနိမိတ် ဟူသကဲ့သို့ နေတတ်သည်။ ထိုအခါ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံပြီးသကာလ ပထမဈာန်ဇော ကျသွားတတ်လေ၏။

ဝိတက်၊ ဝိစာရ၊ ပီတိ ၊သုခ၊ ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါငါးပါးတို့တွင်-

ဝိတက်-ဟူသည်ကား မိမိနှင့်တကွဖြစ်သော နာမ်တရားတို့ကို အာရုံတစ်ခုခုသို့ ပို့ခြင်း သဘော ရှိသော နာမ်တရားတစ်ခုပင်တည်း။

ဝိစာရ-ဟူသည်ကား မိမိနှင့်အတူတကွဖြစ်သော နာမ်တရားတို့ကို အာရုံ၌ သုံးသပ်စေခြင်း သဘောရှိသော နာမ်တရားတစ်ခုပင်တည်း။

ပီတိ-ဟူသည်ကား အာရုံကို နှစ်သက်ခြင်းသဘော ရှိသော နာမ်တရား တစ်ခုပင်တည်း။

သုခ-ဟူသည်ကား အာရုံကို ချမ်းသာ၏ဟု ခံစားခြင်းသဘောရှိသော နာမ်တရားတစ်ခုပင်တည်း။

ဧကဂ္ဂတာ- ဟူသည်ကား အာရုံ၌ တည်ကြည်ခြင်း ၊ မပျံ့လွင့်ခြင်း သဘောရှိသော နာမ်တရားတစ်ခု ပင်တည်း။

ဤကား ယောဂီပုဂ္ဂိုလ်များ နားလည်အောင်ရေးသားသော ဈာန်အင်္ဂါငါးပါး၏ အကျဉ်းဆုံး အဓိပ္ပါယ်တည်း။

(ပဋိဘာဂ နိမိတ်လုံးကို ကြည့်၍ကြည့်၍ နေသော ယောဂီပုဂ္ဂိုလ်အား ပြဆိုအပ်သော ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော သဘောတရားငါးပါးနှင့် အတူဖြစ်သော ပထမဈာန်စိတ် ဖြစ်ပေါ်လာသည် ဟူလို။)

. . . . . . . . . . . . . . . . . . . . . .

တစ်ခုတော့ သတိပေးထားအုံးမယ်ဗျ။ ပထမဈာန်ဇောကျတယ် ထင်တယ် ပြောမိလို့ ကျနော့်ကို ပထမဈာန်ရသွားပြီဆိုပြီး စွတ်အထင်ကြီးမနေနဲ့။ သူဌေးဖြစ်ချင် ယောင်ကပ်တာနဲ့ သူဌေးတကယ်ဖြစ်သွားတာ အများကြီးကွာတယ်နော်။ ထပ်ပြီးပြောလိုက် ပါရစေ။ အခုပြောနေတာဟာ ကျနော့်ရဲ့ အထင်မျှသာ ဖြစ်တယ်။ ဟုတ်ချင်လည်း ဟုတ်မယ်၊ မဟုတ်ချင်လည်း မဟုတ်ဘူး။

ကျနော့်စိတ်ထဲမှာ အံ့သြဝမ်းသာမိတာကတော့ ကျနော်လုပ်နေသမျှ



www.burmeseclassic.com

www.burmeseclassic.com
လေ့ကျင့်ခန်းနဲ့ စတင်ခဲ့တဲ့ လုပ်ထုံးလုပ်နည်း အဆင့်ဆင့်၊ အမည်သညာ ခေါ်ဝေါ်ပုံတွေဟာ ကျမ်းဂန်တွေမှာ အသင့်ရှိနေပြီးသား ဆိုတဲ့အချက်ပဲဗျ။ ကျနော့် စိတ်ထဲမှာ တစ်ခုခု မရှင်းတာရှိလို့ စာတစ်အုပ်ကိုကောက်လှန်လိုက်ရင် ကျနော်သိချင်တဲ့ အချက်ဟာ လှန်လိုက်တဲ့စာမျက်နှာမှာ တန်းတိုးနေတာမျိုးလည်း အကြိမ်ကြိမ်ကြုံရ ဖူးတယ်။ တစ်ခါတစ်ခါ နတ်သိကြားတွေ ကူညီနေတယ်လို့တောင် ခံစားရတဲ့အထိပဲဗျ။

အမှန်က ကျနော်တို့ဟာ ဘာသာရေးမှာ စကားလုံးတွေ အသံတွေနောက်ကို လိုက်ပြီး အဓိပ္ပါယ် ဖွင့်ကြတာမို့ ယောင်ဝါးဝါးတွေ ကြုံနေခဲ့ကြတာဗျ။ စာတွေလက်တွေ့ ပေါင်းစပ်လိုက်တော့မှ နားသယ်ကို တူနဲ့နှက်လိုက်သလို ဒေါင်ဒေါင်မြည်အသိ ဖြစ်တော့ တာကလား။

ဥပမာ၊ ကျနော်သဘောပေါက်သွားတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုပါတော့။ ခင်ဗျားက ပြောမယ်၊ ဒါလေး များဗျာ။ မမြဲဘူး၊ ဆင်းရဲတယ်၊ အစိုးမရဘူး ဒါဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပေါ့ဆိုပြီး။ ဒီမှာတင် ကျနော်က ဘယ်ဟာက ဘယ်လိုမမြဲသတုန်း၊ ဘယ်ဟာက ဘယ်လို ဆင်းရဲသတုန်းထပ်မေးရင် ခင်ဗျား ဒုက္ခိတပျားတုပ်သလိုဖြစ်ပြီ။ ကျနော် ရှင်းပြတာလေးကို ခင်ဗျား သေချာနားထောင် ကြည့်ပါဗျာ။

ကျနော်ဟာ နှာသီးဖျားက လေဝန်းကို ဆင်ခြင်ဖန်များလာတော့ အဲဒီလေဝန်းရဲ့ လှုပ်ရှားမှု အသေးစိတ်ကို တစ်စတစ်စ သဘောပေါက်လာတယ်။ အဲဒီလေဝန်းဟာ ဖန်ပူးရှည်ထဲမှာထည့်ထားတဲ့ လေနဲ့ဆင်တယ်။ တစ်ခါတစ်ခါ ရေထည့်ထားတာနဲ့ တူတယ်။ ဒါပေမဲ့ လေအပြည့် ရေအပြည့် ဖြည့်ထားတာ မျိုးမဟုတ်ဘူး။ တစ်ဝက် တစ်ပျက် ဖြည့်ထားတာနဲ့တူတယ်။ အလေ့အကျင့်များလာတဲ့အခါ နှာသီးဖျားက လေဝင်လေထွက်ကို သတိပြုရုံနဲ့ ဖန်ပူးထဲကလေဟာ အပေါ်ရွေ့လိုက် အောက်ရွေ့လိုက် ဖြစ်နေတတ်တာကို သတိပြုလာတယ်။ ဖန်ပူးဆိုတာ ခင်ဗျား ခန္ဓာကိုယ်ကို ပြောတာနော်။ နောက် တစ်ခါတစ်ခါရဲ့ ခန္ဓာကိုယ်အနှံ့ အမှုန်လေးတွေ ဖွားကနဲပေါ်လာလိုက် ပျောက်သွား လိုက် ဖြစ်တတ်တယ်။

ကျနော်လည်း ဒီလိုဖြစ်နေတာတွေဟာ ကျနော်အသက်ရှူနေတာကြောင့် ဖြစ်ရတယ်လို့ ထင်ခဲ့တယ်။ ဒါကြောင့် အသက်ရှူနေခြင်းနဲ့ လေအဝန်းလှုပ်ရှားမှုဟာ ဘယ်လိုဆက်စပ်နေသလဲဆိုတာ သေချာထပ်ပြီးလေ့လာတယ်။

အသက်ရှူတာကို အောင့်ထားပြီး လေအလှုပ်ကို သတိထားကြည့်တော့ လှုပ်နေတုန်းပဲ။ နောက်ဆုံး ကျနော်ဟာ အသက်မရှူတော့ဘူး ထင်ရလောက်အောင်အထိ သမာဓိကြီးအောင်လုပ်ပြီး စောင့်ကြည့်တယ်။ အလှုပ်က ရှိနေတုန်းပဲ။ အဲဒီအလှုပ်ဟာ ကျနော်အသက်ရှူရှူ မရှူရှူ အချိန်တိုင်း ရှိနေတယ်။ နောက်တစ်ခုက အဲဒီအလှုပ်ဟာ


www.burmeseclassic.com

www.burmeseclassic.com

တစ်ချိန်နဲ့တစ်ချိန်မတူအောင် ပုံစံပြောင်းလဲနေတဲ့ အလုပ်ဖြစ်တယ်။ ဒီတော့ ဒီအလုပ်ဟာ ကျနော့်ရဲ့လုပ်ရှားမှု ဖန်တီးမှု၊ ပယောဂနဲ့ ကင်းကွာပြီး သူ့သဘောနဲ့ သူ အချိန်ပြည့် ဖြစ်နေတဲ့ အလုပ်ဆိုတာသေချာလာတယ်။

အတိုချုပ်ရင် ခင်ဗျားတို့ကျနော်တို့ခန္ဓာကိုယ်မှာ အမြဲမပြတ် သူ့သဘောနဲ့ဆောင်ပြီး လှုပ်ရှားပြောင်းလဲနေတဲ့ အခြင်းအရာတစ်ခု ရှိတယ်။ ဒါဟာ ကျနော် နားလည်ခဲ့တဲ့ အနိစ္စပါပဲ။ အမှန်ကို ဝန်ခံရရင် အနိစ္စ ဆိုတာ အ ရေ အ ၊ နငယ်လုံးတင် ဆုံးနှစ်လုံးဆင့် အနိစ္စ လို့ ကျနော်တစ်သက်လုံး ထင်နေခဲ့တာဗျ။

အဲဒီအလုပ်ကို ကြီးစွာသော သမာဓိနဲ့စိုက်ကြည့်နိုင်လာတဲ့အခါ အဲဒီအလုပ်မှာ သေးငယ်တဲ့ အမှုန်လေးတွေ ပေါ်လာလိုက် ပျောက်သွားလိုက် ဖြစ်နေတာကြောင့် ဆိုတာ သိလာနိုင်တယ်ဗျာ။ အမှုန်ဟောင်းတွေ ပျက်သွားပြီး အမှုန်သစ်တွေ ရောက်လာ လာတဲ့ဗျ။ ဘယ်ကနေလာ၊ ဘယ်ကိုသွားတယ်ဆိုတာ မရှိဘူး။ ဒီနေရာမှာတင်ဖြစ် ဒီနေရာမှာတင် ပျောက်သွားတာမျိုး။ တိတိကျကျပြောရရင် အဲဒီပျောက်သွားတဲ့ အမှုန်တွေဟာ အရုပ်စကားနဲ့ဆို သေကုန်တာပေါ့ဗျာ။ တလစပ် ပျောက်ကုန် သေကုန်တယ်ဆိုတော့ အဲဒါဟာ ဆင်းရဲခြင်းပေါ့။ ဆင်းရဲတာကို ဒုက္ခလို့ ဆိုတာပါပဲဗျာ။

ကျနော်ဟာ အမြဲမပြတ်ပြောင်းလဲနေခြင်းသဘောနဲ့ အမှုန်တွေ ပျောက်လိုက် ပေါ်လိုက် ဖြစ်နေတာကို မဖြစ်ပဲနေအောင် သေသေချာချာ အားစိုက်ပြီး ထိန်းချုပ် ကြည့်တယ်။ ဘယ်လိုမှ ထိန်းချုပ်လို့မရပဲ တလစပ် သူ့သဘောနဲ့သူဖြစ်နေတယ်။ အဲဒါ အစိုးရဘူးဆိုတဲ့ အနတ္တပေါ့။ ဘာဘဲဖြစ်ဖြစ် ကျနော့်ရဲ့ ကောက်ချက်ကို စာတတ် ပေတတ် ကျမ်းဂန်တတ်တဲ့သူ တစ်ဦးဦးနဲ့များ ဆုံနိုင်ခဲ့ရင် မှန်မမှန် ဟုတ်မဟုတ် ထပ်ပြီး အတည်ပြုစစ်ချင်ပါရဲ့။

. . . . . . . . . . . . . . . . . .

တစ်စစနဲ့ကျနော့်ဘဝဟာ နေပျော်တဲ့ဘဝတစ်ခုဖြစ်လာပါတယ်။ ရောက်လာသ မျှ ကျမ်းဂန်တွေ၊ တရားစာအုပ်တွေကို သေချာဖတ်တယ်။ ဝတ္ထုဖတ်သလို ဇာတ်ကြောင်း သိရုံ မဟုတ်ဘူး။ ရေကူးတတ်ချင်နေတဲ့သူက ရေကန်ဘေးမှာ ရေကူးနည်းစာအုပ်ဖွင့်ပြီး ရေထဲဆင်းကူးလိုက် စာအုပ်ထဲမှာ မသိတာ ပြန်ရှာလိုက်လုပ်နေတာ။ အတွင်းအားကျင့် ခဲ့ သိုင်းသမားဝတ္ထုတွေထဲကနဲ့ တူပါ့ဗျာ။ သိုင်းကျမ်းကြီးကို ဖွင့်လိုက်၊ သိုင်းလေ့ကျင့် လိုက်၊ နားမလည်တဲ့ အခန်းဆိုရင် စာအုပ်လှန်ရှာလိုက် ပေါ့။

ဗျာ၊ စာအုပ်ချည်းသက်သက်ပဲလား။ ဘယ်ဟုတ်မလဲဗျ။ လူဆရာလည်း ဆိုတာပေါ့။ ရဲဘက်ပါ တရားစခန်းက တရားပြဆရာတော့ ဘယ်ပင့်လို့ရမလဲ။ ကျနော်

www.burmeseclassic.com
လည်း တရားစခန်း ဘယ်သွားလို့ရပါ့မလဲ။ သိချင် တတ်ချင်စိတ်က ဦးဆောင်နေတော့ ဖြစ်တဲ့နည်းနဲ့ ဆရာရှာရတော့တာပေါ့။ ကျနော်ရှာတွေ့ခဲ့တဲ့ နောက်ဆရာ တစ်ယောက်ကတော့ တပ်မတော်(ရေ)မှာ တပ်ကြပ်ကြီးအဖြစ်ကနေ ထောင်ကျလာတဲ့ တပ်ကြပ်ကြီး ထွန်းထွန်းဦးပဲ။ ဆရာဆိုတော့ ကျနော့်စိတ်မှာ ဒီနေ့အထိ ကျေးဇူးတင်လေးစားနေတုန်းပဲ။ ကျနော့်ထက်ငယ်တယ်။ ဦးထွန်းထွန်းဦးလို့ ပြောရင်ခင်ဗျား နားရှုပ်မှာစိုးလို့။ သူဟာ ကျနော့်ဆရာဆိုတာ ကျနော့်ရင်ထဲမှာ အမြဲရှိတယ်။ တပ်ကြပ်ကြီး ထွန်းထွန်းဦးလို့ ပြောလိုက်တာ သူ့ခွင့်လွှတ်မှာပါ။ တပ်ကြပ်ကြီး ဦးထွန်းထွန်းဦးလို့ ခေါ်လေ့ခေါ်ထမှ မရှိတာကလား။

သူက သူ့ဆရာ ဗိုလ်မှူးမျိုးဆွေနဲ့ အမှုတွဲ။ တနင်္သာရီတိုင်းဘက်မှာ တာဝန်ကျတုန်း မှောင်ခိုစက်လှေတစ်စီးကို ဖမ်းမိရာက လှေပေါ်ပါလာတဲ့ လူအကုန်လုံးကို ပစ်သတ်ပြီး သိမ်းထောင်ချီတဲ့ ငွေနဲ့ပစ္စည်းတွေကို ယူခဲ့တဲ့အမှု။ နောက်ဝေစု ခွဲတာမတည့်ကြဘူး ထင်ပါရဲ့၊ အားလုံး ထောင်ထဲရောက်ခဲ့ကြတာပါ။ ကိုမျိုးဆွေကလည်း သူ့ဗိုလ်သင်တန်း အပါတ်စဉ်မှာ ငွေဓားရခဲ့တဲ့သူလို့ ပြောတယ်ဗျ။ သူတို့ကို ကျနော်အပြစ်ဆိုဖို့ မရှိပါဘူး။ လူဆိုတာ တစ်ခါတစ်ခါ မယုံကြည်နိုင်လောက်အောင် စိတ်ဖောက်ပြန်တတ်တာ လောကဓမ္မတာလို့ ကျနော်လက်ခံတတ်နေပါပြီ။ ကိုထွန်းထွန်း ဦးက သူ့ဆရာနဲ့ တစ်အိမ်တည်းနေတယ်။ သူ့အိမ်ရှေ့မှာ စိုက်ခင်းတွေ လုပ်ထားတယ်။ အိမ်ဘေးမှာ ချောင်းကျဉ်းလေးရှိတယ်။ နေချင့်စဖွယ်တောင် ဖြစ်သေးဗျာ။ ကိုမျိုးဆွေဆီ သွားလည်ရင်းက ကိုထွန်းထွန်းဦးနဲ့တွေ့တာဗျ။ သူက နည်းနည်းမှုန်ကုတ်ကုတ်နေ တယ်။ သဘောတော့ကောင်းတဲ့ လူစားပါ။ ကိုမျိုးဆွေ အိမ်ထဲကို ကြည့်လိုက်တော့ ကက်ဆက်ကြီးတစ်လုံးနဲ့ တရားကက်ဆက်ခွေ အပုံကြီးကို သွားတွေ့ရာက စကားစပ် ပြီး သူက တရားစခန်းတွေ အကြိမ်ကြိမ် ဝင်ဘူးတယ်ဆိုတော့ ကျနော့်ဆရာဖြစ် သွားတာပဲ။

သူလား။ ဘာဖြစ်ပျက်မှ မမြင်ခဲ့ပါဘူးလို့ သူကိုယ်တိုင် ဖွင့်ပြောဝန်ခံပါတယ်။ ဒါပေမဲ့ကျနော်က တကယ်လုပ်နေသူဆိုတော့ ကျနော့်အတွက် တော်တော်ကို ကျေးဇူးကြီး တယ်ဆိုရမယ်။ သစ္စာလေးပါးဆိုတာ သူ့ရှင်းပြတာ ကျနော်တော်တော် သဘောပေါက် တယ်။ နောက် မဂ္ဂင်ရှစ်ပါး။ ကျုပ်မှာ အဲဒီရှစ်ပါးကို တော်တော်မှတ်ယူရတယ်။ သဒ္ဓါ ပညာ၊ ဝီရိယ၊ သတိ ဆိုတဲ့လေးချက်ထဲမှာ သတိက အရေးအကြီးဆုံး ပိုတယ်လိုတယ် ဆိုတာ မရှိဘူးဆိုတဲ့အချက်ကို ကျနော် လွှတ် သဘောကျသဗျာ။ ကျနော့် လေ့ကျင့်ခန်း တွေမှာ သတိကို ထိထိရောက်ရောက် စိုက်ထားနိုင်မှ ဖြစ်မယ်လို့ ကျနော်သိလာတယ်။

ကျနော်သူ့တဲက ပြန်ရင်တောင် ကျနော့်ခြေထောက် ဘယ်လိုလှမ်းတယ်


www.burmeseclassic.com

www.burmeseclassic.com

ကြတယ်။ ရေနဲ့ထိတယ်။ သစ်သားတံတားနဲ့ ထိတယ်။ ကတ္တရာလမ်းနဲ့ ထိတယ် ဆိုတာကအစ သတိမပြတ်အောင် မှတ်တော့တာပဲဗျာ။ ကက်ဆက်ခွေက တရားတွေ လား။ နာတာပေါ့ဗျာ။ ကျနော့်ဆီမှာ ကက်ဆက်မရှိတော့ သူ့ဆီရောက်တုန်း နာရတာ ပေါ့။ သူကလည်း ရှင်းပြပေါ့။ ကျနော်ကတော့ ဖိုးကျိုင်းတုတ်ပေါ့။ ကြိုက်လွန်းတာ ပြောပါတယ်။

သူက ကျနော်ဘယ်လို ဖြစ်နေပြီ၊ ဘယ်အဆင့်ရောက်နေပြီ ဆိုတာတွေလည်း ပြောတယ်ဗျ။ ကျနော်ကတော့ နားလည်းမလည်၊ ယုံဖို့လည်း ခက်ခက်ဆိုတော့ နား ထောင်ယုံပေါ့။ ကျနော် ကုတင်ပေါ်မှာ လျောတိုက် မျောနေတာကို သူ့ပြောပြတော့ "ခင်ဗျား ရသေ့သေလို့ ဝင်စားတယ်ထင်တယ်"တဲ့။

ကျနော့်ခေါင်းထဲမှာ ဘဝပေါင်းများစွာ ရှိတယ်ဆိုတာ ဟုတ်သလားလို့ စဉ်းစားမိပြန်တယ်။ ဘယ်လိုလုပ် ဘဝတွေ ပြောင်းကြတာလဲ။ သုံးဆယ့်တစ်ဘုံဆိုတာ ဘာတယ်ရှိသလား စာအုပ်ထဲက သုံးဆယ့်တစ်ဘုံတော့ ကျနော်သိတာပေါ့။ကျုပ်ဉာဏ်နဲ့ ထိုက်အောင် သိချင်တာဆိုတော့ အပြောနဲ့တော့ မလုံလောက်ဘူးလေ။

နေအုံးဗျ။ ဘဝပေါင်းများစွာ ကျင်လည်နေကြတယ် ဆိုတာဟုတ်မဟုတ် အခုမှ သံသယဖြစ်ခဲ့တာ မဟုတ်ဘူး။ ကျနော့်အာရုံမှာ ထူးထူးဆန်းဆန်းဖြစ်ခဲ့တာတွေ ရှိသေးတယ်။ လူပဲဗျ။ ကိုယ်ဘယ်ဘဝက လာတယ် ဘယ်ဘဝရောက်မယ် ဆိုတာ သိနိုင်မယ်ဆိုရင် သိချင်ကြတဲ့သူချည်းပေါ့။ ဒါမှ နောင်ဘဝမှာ မဖြစ်သင့်မဖြစ်ထိုက်တာ ရှောင်နိုင်ဆောင်နိုင်မှာပေါ့။ ဘယ်လောက်နေရာ ကျလိုက်မလဲ။

ကျနော့်အာရုံထဲမှာ ပေါ်ခဲ့ဖူးတာက ဘာတဲ့ ကျနော်ဟာ ဗြဟ္မာပြည်က လာတယ်ဆိုလား။ ဟား -- ဟား။ ကြောင်တော့ကြောင်တယ် ဆိုရမယ်ဗျ။ သို့သော် လာတယ် ဗြဟ္မာပြည်က လာတယ်ပဲ ထားပါတော့။ သိပ်တော့ အထင်မကြီးလေနဲ့။ ဗြဟ္မာပြည် တဝင်းဝင်း။ ဝက်စားကျင်းတရှုပ်ရှုပ်တဲ့။ လူတိုင်း သိနေကြားဘူး ပြီးသားပဲ။ ခင်ဗျားလည်းနတ်ပြည်က ဆင်းလာတာဖြစ်ချင်ဖြစ်မှာပဲ။ အေးပါဗျာ။ ဗြဟ္မာပြည်ကလာသည် ဆိုတဲ့ ဇာတ်လမ်းကိုပြောမှာပါ။ ကျနော်ပြောထားပါတယ်နော်။ အထင်မကြီးကြေး။ လူပေါ်လူကြောင်လို့ မထင်ကြေးဆိုတာ။ အပ်ကြောင်းထပ်ရမယ်ဗျ။ လူတွေက ကတိပေးပြီး မေ့တတ်ကြလွန်းလို့။ ဒီလိုဗျ။

ကျနော့်အခု ဒီထောင်ထဲကို ရောက်လာတဲ့အမှုကို ပထမတရားရုံးက အပြီးအပြတ် လွှတ်လိုက်ပြီးတဲ့အချိန်ပေါ့ဗျာ။ ကျနော် တဖက်နိုင်ငံကို လိုအပ်ရင် သွားဘို့ဆိုပြီး မြဝတီဘက်ကို ခြေဦးလှည့်ခဲ့တယ်။ ကျနော့်တပည့်ကျော် အရပ် ငါးပေမပြည့်တဲ့ အသက်နှစ်ဆယ်ကျော်ပဲ ရှိသေးတဲ့ ရာဂျားဆိုတဲ့ ဟိန္ဒူကုလားလေး



www.burmeseclassic.com

www.burmeseclassic.com

နဲ့ပေါ့။ ဟုတ်တယ်။ ဒါ ကျနော့်ပညာပဲ။ ဒီကုလားလေးဟာ ကျနော်လိုလူရဲ့ လက်စွဲတော်
ဆိုတာ ဘယ်သူကမှ မယုံနိုင်အောင် တမင်ရွေးပြီး လေ့ကျင့်ထားတာ။ အမှန်တကယ်
လည်း ကျနော့်အမှုအတွက် ကျနော်ရတက်မအေးလှဘူး။ ဗမာပြည်လေ။

ကဲပါဗျာ။ အမှုအကြောင်း ကျနော်ဖွင့်ပြော လိုက်ပါတော့မယ်။ ကျနော်ထောင်
ထားတဲ့ကုမ္ပဏီမှာ သဆော်သားဟောင်း တစ်ယောက်က ရှယ်ယာ ဝင်ထားတဲ့ ရှယ်ယာရဲ့
တစ်ဆယ်ရာခိုင်နှုန်း။ ကျန်တဲ့ ကိုးဆယ်က ကျနော်ပိုင်တာ။ အလုပ်အတူ တွဲလုပ်လာတာ
နှစ်နှစ်လောက်ရှိတော့ ထုံးစံအတိုင်း သဘောထားတွေ ကွဲလာတာပေါ့ဗျာ။ ကျနော်က
ဇယားကြီးကြီးတွေ ဆွဲတတ်တော့ အမြတ်တွေက မယုံနိုင်လောက်အောင် တိုးလာတယ်
ခက်တာက ဗမာပြည်မှာ ဇယားဆွဲတယ်ဆိုတာ မာဖီးယားထက်ဆိုးတယ်ဗျ။ ဝန်ကြီးချု
လည်းမကင်း၊ ထောက်လှမ်းရေးဗျူဟာမှူးလို လူမျိုးကအစ နယ်မြေထောက်လှမ်းရေ
တပ်ကြပ်ကြီးအဆုံး ပေးရ ကမ်းရ၊ ခွံ့ရ ၊ ပိတ်ရ၊ ဆို့ရ၊ ကျွေးမွေးဧည့်ခံရနဲ့ စာရင်းမရှိ
အင်းမရှိတွေက များတယ်။ သူက ဘေးကနေ စာရွက်တစ်ရွက်နဲ့ ဘယ်အလုပ်တုန်းက
ဘယ်လောက်အမြတ်ဆိုပြီး လိုက်မှတ်ရာက ပြဿနာစတော့တာပါပဲ။ ကျနော်အ
သိပ်နားအေးချင်တဲ့သူဗျ။ ငွေရှာတဲ့အလုပ်ကို ကျနော်သိပ်ကျွမ်းကျင်တယ်
ဒီငွေအတွက်တော့ ကျနော်သူ့ကို ဘယ်တုန်းကမှ မရိုးမသား လုပ်ဖို့ စိတ်မကူးခဲ့ဘူး
ကျနော့် ဉာဏ်ရည်ဉာဏ်သွေး လူစွမ်းလူစနဲ့ထိလိုက်ရင် ရွှေဖြစ်နေတာ။ ဘာလို့
စိတ်ညစ်ခံစရာ လိုသလဲဗျာ။ သူကလည်း ငန်းကိုသတ်ပြီး ဗိုက်ခွဲဖို့ လုပ်လာတော့
ပြဿနာ က ပိုရှုပ်လာတယ်။

တစ်စတစ်စနဲ့ ကျနော်က သူတောင်းတာ သဘောတူလိုက် သူက တိုးတောင်
လိုက်နဲ့ သပွတ်အူ လိုက်လာတယ်။ တစ်ဖြည်းဖြည်း ငွေကိစ္စထက်၊ မင်းဘာကောင်လဲ
ငါဘာကောင် လဲဆိုပြီး ကမ္ဘာ့ရန် ဖြစ်လာတော့ သူက တရားစွဲဘို့ လိုက်လုံးပမ်းတယ်
ကျနော်ဆိုတဲ့ ကောင်ကလည်း တိမ်ပေါ်တက် လိုက်ချင်တဲ့ ကောင်မျိုးဆိုတော့ စိန်လိုက်
ကွာလို့ ဘွာခတ်နေတာတွေ ပြန်ရုပ်လိုက်တော့တာပေါ့။ ဘယ်တရားရုံး၊ ဘယ်ရဲစခ
ကမှ သူဖွင့်တဲ့အမှုကို လက်မခံခဲ့ကြဘူး။ တစ်နှစ်ကျော်လောက် ကြာတော့ ကျုပ်ဘက်
ခြေလှမ်းတစ်ချက် ယိုင်သွားတယ်။ ကချင်ငြိမ်းချမ်းရေးအဖွဲ့က ဦးဇခုန့်တိန်ယိန်း
တပည့်ကျော်တွေနဲ့ ပါမစ်တစ်ခု အရောင်းအဝယ်မှာ ပြဿနာတက်ရာက လူသိရှင်ကြ
ဖြစ်ပြီး အမှုဖြစ်သွားတယ်။ အဲဒီမှာ ရွှေကိုယ်တော်က ဘယ်လိုအပေးအယူနဲ့ လုပ်လို
တယ် မသိဘူး။ ကုမ္ပဏီဆိုင်းဘုတ်ကို သူမသိပဲ ကျနော့်သဘောနဲ့ ကျနော် ပြောင်းတင်
အမှုတဲ့။ ပုဇွန်တောင်စခန်းမှာ အမှုဖွင့် နိုင်သွားပါလေရော။ ဒီလိုပဲဗျ။ ပြဿနာဆို
တစ်ယောက်တည်း မလာဘူး။ အဖော်အပေါင်းလေးနဲ့မှ ပွဲစည်တာကလား။



www.burmeseclassic.com

www.burmeseclassic.com

ဦးဇခုန့်တိန်ယိန်းတို့အဖွဲ့နဲ့သာ အမှုကြေအေးသွားခဲ့တယ်။ သူနဲ့က ပွဲမပြီး သေးဘူး။ တရားရုံးမှာ လေးနှစ် လောက်ကြာသွားတယ်။ ကြာတော့ ကျနော်ကောသူပါ အတော်ပမ်းကျလာတယ်။ အာဃာတတွေ ပိုကြီးလာကြတယ်။ နောက်ဆုံး သူလည်း အဆော်ပြန်မတက်နိုင် ကျနော်လည်း ဘာဝွင်မှ ဆက်မဖန်နိုင်။ ရုံးအဆင့်ဆင့်မှာ ရှုံးနိမ့်ပစ်။ ဝိတ်နဲ့ဖိ၊ အပြန်အလှန် လုပ်လိုက်ကြတာ ကျနော်က ပိုလည်တော့ တရားရုံး အနေ အပြီးအပြတ်လွှတ်စေဆိုပြီး အမိန့်ထွက်လာတော့တာပေါ့ဗျာ။

သို့သော် ဒီမီးဟာ မအေးလောက်ဘူးဆိုပြီး မြဝတီဘက်ကို ကြိုတင်ပြင်ဆင်ရေး အတွ လုပ်ဖို့ထွက်လာခဲ့တာပဲ။

ဘာပြင်ဆင်မှာလဲ ဟုတ်လား။ အမှန်အတိုင်းပဲ ပြောလိုက်တော့မယ်ဗျာ။ ဒီအမှု နောက်ထပ်ပြန်ပေါ်လာရင် ကျနော်သူ့ကို အပြတ်ရှင်းမှ ဖြစ်တော့မယ်။ နစ်နာကြေး သိန်းသုံးဆယ်ပေးပါ ဆိုတဲ့အခြေအနေကနေ သိန်းနှစ်ရာပေးလဲ မကျေတော့ဘူး။ ကျနော်ထောင်ကျရင်ပြီးရော ဆိုတဲ့လူကို ကျနော် ဘာလို့ညှိနှိုင်းဘို့ စဉ်းစားတော့မလဲ။ ကျနော်ကလည်း လူစုံဆိုတော့ ဗမာပြည် ဒုစရိုက်လောထဲမှာ ကျနော်နဲ့ မကင်းရာ၊ ကောင်းကြောင်းတွေများတယ်။ ဆရာကြီးပါဆိုနေမှဗျာ။

သူထောင်ထဲရောက်စေချင်တဲ့ ကျနော်ဟာ သူ့ကို ထောင်ထဲက ပြန်မထွက်နိုင်တဲ့ နည်းမျိုးစုံ ကြံစည်ခဲ့တယ်။ ထောင်ထဲမပို့နိုင်ရင် မြေကြီးထဲကိုပို့ရမယ်။ တကယ်က ကျနော် လူမသတ်ချင်ဘူးဗျ။ ဒီလို ရက်ရက်စက်စက် စိတ်ကူးမျိုးလည်းကူးတတ်တဲ့ လူမျိုးမဟုတ်ဘူး။ အခုဟာက သူသေကိုယ်သေ ဖြစ်နေကြတဲ့အခြေအနေ။ အသေမသတ် ဘဲ ခြေတွေလက်တွေ ခုတ်ဖြတ်ပစ်ရင် မှတ်မလားလို့လဲ စိတ်ကူးမိရဲ့။ ဒေါသ အာဃာတများ တယ်လည်း ပူလောင်ပါတယ်ဗျာ။ သူ့ကို ဒုက္ခပေးဖို့ အမျိုးမျိုး ကြံရင်း ကျနော့်စိတ်ကို ကျနော်ဆောက်တည်ရာကို ရှာခဲ့ရတယ်။ နေ့တိုင်း အချိန်ပြည့်၊ မိုးချုပ်မိုး လင်း အရက်သောက်တယ်။

ကျနော် မြဝတီမှာ ငှားထားတဲ့တိုက်ခန်းက မဲဆောက်မြဝတီ တံတားကြီးရဲ့ အောက်ဖက် ဗမာပြည်ဘက်အခြမ်းမှာ။ ဘေးဆိုင်မှာ အရက်ဝယ်ရတာ နေ့နေ့ညည လွယ်တယ်။ အရက်တင်မကဘူး။ ကျနော် သောက်နေကျ အပင်လိမ်နေကျ အလက်ဇင် ထို့ခေါ်တဲ့ အဖြူရောင် စိတ်ငြိမ်ဆေးပြားတစ်မျိုးကလည်း မြဝတီမှာပေါမှပေါ။ အရက်သောက်လိုက်။ ဆေးချလိုက်။ ဆေးနဲ့အရက်နဲ့အပင်လိမ်လိုက်။ ဒုက္ခပေး ခံရမဲ့ သူက ဘာမှမဖြစ်သေးဘူး။ ကျနော်က ဂေါ်ပြားကြီးကြီးနဲ့ နေ့ရောညရော မအိပ်မနေ ကိုယ့်သေတွင်း ကိုယ်တူးနေပြီ ဆိုပါတော့။

ထင်ထားတဲ့ အတိုင်းပါပဲဗျာ။ ခြောက်လလောက်ကြာတော့ ကျနော့်ကို



www.burmeseclassic.com

www.burmeseclassic.com

မျက်ကွယ်မှာ ထောင်ဒဏ် ငါးနှစ်ချလိုက်ပါလေရော။ အမိန့်ချပြီး ရက်ပေါင်းကိုးဆယ် အတွင်း အယူခံဝင်ရမယ်။ အယူခံဝင်တဲ့အခါ အယူခံလွှာကို ကျနော်က ထောင်ထဲက နေ လက်မှတ်ထိုးရမယ်။ ရှင်းရှင်းပြောရရင် ကျနော်ထောင်ထဲဝင်မှ အယူခံဝင်နိုင်မှာ။ မဟုတ်ရင် တစ်သက်လုံး ဝါးရမ်းပြေးပေတော့။

အိပ်မပျော်စားမဝင်တဲ့ ဘဝတွေဟာ အဲဒီက စခဲ့တာဗျ။ ကျနော်လည်း မထူးပါဘူးဆိုပြီး အဝေးထိန်းခလုပ်နဲ့ ရန်သူတော်ကို လှမ်းထုလိုက်တာ သူလည်း ထောင်ထဲရောက်သွားပြန်ရော။ အော် အဝေးထိန်းစံနစ်နဲ့ လှမ်းဒုက္ခပေးတယ်ဆိုတာ သူထောင်မကျ ကျအောင် ကျုပ်ဖန်တီးလိုက်တာကို ပြောတာဗျ။ သူထောင်ထဲရောက် လည်း ကျနော့်သောက က မအေးခဲ့ဘူး။ လောင်မြိုက်ဆဲပဲ။ ကျနော်လည်း ထောင်ဗီဇ ရထားပြီးသားလေ။ မှန်တယ် မှားတယ်။ တရားတယ်, မတရားတယ်။ ဝေဖန်စိစစ်နိုင်တဲ့ အသိဉာဏ်ကျနော့်မှာ ကွယ်ပျောက်သွားခဲ့ပြီ။ အရက်နဲ့ဆေးကလွဲရင် ဘာမှ ကျနော် မတောင်းဆိုတော့ဘူး။ စားလို့လည်း မဝင်တော့ဘူး။ အချဉ်ထုပ်ကလေးတွေနဲ့ ရေသန့်ဗူးလောက်သာ ကျနော့်အတွက်အာဟာရ။ လူပုံစံဟာ ကြောက်ခမန်းလိလိ လူမိုက်ရုပ်ပေါက်လာတယ်။ စိတ်တိုလာတယ်။ စိတ်တွေဟာ ဘယ်လိုမှ ထိန်းချုပ်လို့ မရအောင် ကစင့်ကလျား ဖြစ်လာတယ်။ ဒရင်းဘက် ပေါ်မှာလှဲလိုက်ရင် ငါထောင်ထဲကို ဝင်ရတော့မယ်။ ငါ့ကျန်းမာရေးက အဆိုးဆုံးအခြေအနေကို ရောက်နေပြီ။ ငါ ထောင်ထဲမှာပဲ သေရတော့မယ်။ ငါ မကြာခင်သေရတော့မယ်။ ဆိုတာတွေချည်း ခေါင်းထဲ ရောက်ရောက်လာတော့တာပဲ။ နောက်ဆုံးဗျာ။ သမ်သလင်းပေါ်မှာ လူးလိမ့်ပြီး ဘဝရဲ့ ဆိုးဝါးလှတဲ့ ပရိဒေဝ သောကမီးတောက်လောင်တဲ့ဒဏ်ခံခဲ့ရတယ်။ နောက်ဆုံး ရှိသမျှ အားမာန်ကိုတင်းပြီး ကျနော်ပြန်ဘို့ ဆုံးဖြတ်လိုက်တယ်။ ဘာဘဲဖြစ်ဖြစ် ငါထောင်ထဲဝင်လိုက်မယ်။ ရန်ကုန်မှာ ထောင်ထဲမဝင်ခင် ဆေးကုမယ်။ ငါ့မိသားစုရှိတဲ့ နေရာမှာပဲ ငါသေချင်သေပါစေတော့ဆိုပြီး ရန်ကုန်အရောက် ကားစီးလုံးငှားပြန်ဖို့ ဆုံးဖြတ်လိုက်တယ်။

လမ်းခရီးရိက္ခာအဖြစ် မဲခေါင်အရက်ပြားသုံးလုံး။ ကြက်မောက်သီး ကျွတ်ကျွတ်အိတ် အိတ်တစ်လုံး ရေသန့်လေးငါးဗူး။ ဖန်ခွက်တစ်လုံးပေါ့။ ကျနော့် ညာလက်ရုံး ရာဂျားအကြောင်းလား။ နောင်ကြုံရင် တပည့်ကျော်နဲ့ ဆရာကြီး နှစ်ယောက် တွဲ ဖျံကျခဲ့ဖူးတဲ့ ဇာတ်လမ်းတွေ ပြောပြချင်ပါသေးတယ်။ အခုတော့ အင်းစိန်သို့ ချီရာဝယ် ဆိုတဲ့ဇာတ်ကြောင်းပဲ နားထောင်ပါအုံး။ ဒါမှ ဗြဟ္မာ့ပြည်က လာတာနဲ့ ဆက်စပ် နေတာမို့ပါ။

စီးလုံးငှားလာတဲ့ကားဟာ ပုံမှန်အရှိန်နဲ့ မြဝတီက ထွက်ခဲ့ပါတယ်။ ကားသမားက နှစ်ယောက်ဗျ။ တစ်ယောက်တစ်လှည့်မောင်းကြဖို့ပေါ့။ ကျနော်တို့



www.burmeseclassic.com

www.burmeseclassic.com

ဆရာတပည့်က နှစ်ယောက်ဆိုတော့ စုစုပေါင်း လေးယောက်ပေါ့။ အမောင်းသမား နှစ်ယောက်က ရှေ့ခန်း။ ကျနော်တို့ ဆရာတပည့်က နောက်ခန်းမှာ။ ကားက ကိုယ်သိတာဆလွန်းလေ။ လောကကြီးရဲ့ ဖြစ်ပုံများဗျာ။ ထောင်ထဲဝင်မဲ့ခရီးကို ကားစီးလုံး အပြီး နှင်နေရသတဲ့။ နောက်မှာ ထိုင်လိုက်တဲ့ ကျနော်က ဘာလုပ်နေသလဲ သိတဲ့ အတိုင်းပေါ့ဗျာ။ သောကဖိစီးတဲ့ စိတ်ဖြစ်လာလိုက် တစ်ခွက်မော့လိုက် ကြက်မောက်သီး သုံးလေးလုံး စားလိုက်ပေါ့။ ခရီးတွင်လာလေလေ ကျနော့်ရဲ့ကြောက်စိတ် စိုးရိမ်စိတ် တွေက ဖိစီးလာလေလေမို့ သောက်သမျှ အရက်ဟာ မမူးနိုင်တော့ဘူး။ ဆေးပြားတော့ ယူမလာရဲ့ဘူးဗျ။ လမ်းမှာ ပြဿနာတစ်စုံတစ်ရာ ထပ်တက်ရင် တစ်ပူပေါ် နှစ်ပူဆင့်မှာ စိုးလို့။ မွန်ပြည်နယ်ဘက်က မြို့တစ်မြို့မှာ ထမင်းစားကြတယ်။ ရုပ်ပျက်ဆင်းပျက် ဖြစ်လိုက်တာဗျာ။ အစာဝင်မှ ဖြစ်မယ်ဆိုပြီး အားတင်းစားဖို့ လုပ်ပေမယ့် စားမရဘူး။ လည်ချောင်ထဲမှာပူပြီး ဝါးမရ။ မျိုမရနဲ့။ ဒါနဲ့အရက်ကို ဖန်ခွက် လက်လေးလုံးလောက် ဆိုင်ရှင်မသိအောင် ခိုးထည့်ပြီး ချလိုက်တော့လည်း အံထွက်ကုန်ရော။ ဒါနဲ့ မရရအောင် ကြိုးကြိုးစားစား ဖွတ်မိုတ်မျိုချလိုက်တော့ အရက်တစ်ခွက်နဲ့ ထမင်း ငါးလုတ်လောက် ဗိုက်ထဲရောက်သွားရော ဆိုပါတော့။

ကားပေါ်ပြန်တက်ကြပြီး ခရီးဆက်ခဲ့ကြတယ်။ ကျနော်လည်း အသက်မှန်မှန် ပြင်းပြင်းရှူရင်း အိပ်လို့ရလေမလားဆိုပြီး မျက်လုံးကိုမှိတ်ထားလိုက်တယ်။ ကားကတော့ ဆက်တိုက်မောင်းနေလျက်ပဲ။ အဲဒီအချိန်မှာ ရွာလား မြို့လားတော့မသိဘူး၊ နေရာတစ်ခုကို ဖြတ်အသွားမှာ အသံချဲ့စက်သံ ကြားရတယ်။ အလှူခံမဏ္ဍပ်က အသံဗျ။ ခရီးသွားရင်း အလှူဖို့တန်းဖို့ နိဗ္ဗာန်ဆော်က နှိုးဆော်နေတာ။ ဒါနခန်းတွေ ကောင်းရာမွန်ရာ ဘဝတွေ အကြောင်းလည်းပါမှာပေါ့။ ကားက ဖြေးဖြေးမောင်းနေတော့ ကျနော့်နားထဲကို အဆက်မပြတ် အဲဒီအသံတွေ ဝင်လာနေတယ်။

အလှူမဏ္ဍပ်က အသံကိုနားထောင်နေရာကနေ ကျနော့်ရဲ့အာရုံဟာ ရွာကြီး တစ်ရွာရဲ့ ရွာလယ်လမ်းမကြီး တစ်ခုပေါ်ကို ရောက်သွားလေရဲ့ဗျာ။ အလွန်အေးချမ်းလှတဲ့ အသံတစ်ခုကလည်း အဲဒီရွာအကြောင်းကို နောက်ခံစကားပြောသလို ရှင်းပြနေတယ်။ ကျနော့် တစ်သက်မှာဒီအသံလောက် အေးချမ်းကြည်နူးစရာကောင်းတဲ့အသံ တစ်ခါမှမကြားဘူးခဲ့ဘူး။ ပြန်ပြောလို့ကို ပြောမပြတတ်အောင် အေးချမ်းတဲ့အသံ။ ကျနော်ဟာ အဲဒီရွာလယ်လမ်းမကြီးပေါ်မှာ ရွာခံတချို့နဲ့ လမ်းလျှောက်နေတယ်။ သူတို့က ကျနော့်ကို ရွာအလည်ပြန်လာတဲ့ ဆွေမျိုးရွာသားတစ်ယောက် ရွာပြန်ရောက်လာလို့ အပြီး ကြိုဆိုနေသလိုမျိုးဗျ။ ရွာလယ်လမ်းမကြီးရဲ့ ဘယ်ဘက်မှာ မတ်စောက်တဲ့ အုတ်နံရံကြီးတစ်ခုလည်း တွေ့ရတယ်။ စိုက်ခင်းကိုယ်စီရှိနေတဲ့ အနေတော်ခြံဝင်းတွေ



www.burmeseclassic.com

www.burmeseclassic.com

လည်း တွေ့ရတယ်ဗျ။ ခပ်လှမ်းလှမ်းမှာ အဖွားအိုတစ်ယောက်က ခြံဝင်းထဲမှာ တစ်ခုခု လုပ်နေတာကိုလည်း တွေ့ရတယ်။ နောက်ခံ အသံက ထင်ထင်ရှားရှားပေါ်လာတယ်ဗျာ။ "ဒီနေရာဟာ ဗြဟ္မာပြည်ကလာတဲ့သူတွေ နေတာပါခင်ဗျာ။ စားဖို့ဝတ်ဖို့ ပူပင်ရတဲ့ နေရာမဟုတ်ပါဘူး။ လိုအပ်ရင် ဆီအိုးကြီးတွေ မြေကြီးထဲကနေ အလိုလို ပေါ်လာတဲ့ နေရာပါ။ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေကြပါဘူး။ အိုမင်းခြင်းဆိုတဲ့ ဒုက္ခကို ကျော်လွှန်နိုင်သူတွေ နေကြတာပါ။ လောဘ၊ ဒေါသ၊ မာန် မာန ကင်းသူတွေနေကြတဲ့ ဒေသပါ။ နေရာပါ" တဲ့။

ကျနော့်ဘေးက ရွာခံတစ်ယောက်က မင်းနေရာမှတ်မိလားတဲ့။ ကျနော်ကလည်း မှတ်မိတာပေါ့ဆိုတော့ သွားကြည့်ကြမယ်ဆိုပြီး ဆက်လျှောက်သွားကြတယ်။ ကျနော့် စိတ်ထဲမှာလည်း ကျနော့်အမျိုးတွေနဲ့ ပျော်ပျော်ရွှင်ရွှင်နေခဲ့ဘူးတဲ့ ရွာကြီးအဖြစ် ပြန်ပေါ်လာတယ်။ ခြံနွယ်တွေ ရှုပ်ထွေးနေတဲ့နေရာတစ်ခု၊ သစ်ပင်ကြီးတစ်ပင်ရဲ့ ခြေရင်းမှာ ကျနော်နေခဲ့တယ်လို စိတ်ထဲမှာ မှတ်မိနေတဲ့ သစ်သားအိမ်ဟောင်းငယ် ယိုင်နဲ့နဲ့တစ်ခုကို တွေ့လိုက်တော့ ကျနော့် စိတ်ထဲမှာ အရိုးကြီးအရိုးလေးဆွေမျိုးတွေ အကြောင်းပါ ပေါ်လာပြန်တယ်။ ကျနော်နေခဲ့တယ် ဆိုတဲ့နေရာကို နောက်တစ်ခါ ထပ်ကြည့်လိုက်တော့ ကျနော်ဟာ အင်းစိန်ထောင်ကို မောင်းနှင်နေတဲ့ကားပေါ်ကို ပြန်ရောက်နေသဗျာ။

ဘာလဲ ခင်ဗျားက ကျနော့်ကို ဗြဟ္မာပြည် စီတီဇင်လို့ တကယ်အောက်မေ့ နေလား။ ကျနော်ပြောသားပဲ။ ကျနော်က အရက်ကော၊ မူးယစ်ဆေးဝါးပါ အလွန်အကျွံ သုံးခဲ့တဲ့အချိန်၊ စိတ်ဂယောင်ချောက်ခြား ဖြစ်နေတဲ့အချိန်ဆိုတော့ ဒါတွေဟာ အမှန်ပါလို့ ဘယ်နှယ့်လုပ်အတည်ယူနိုင်မလဲ။ သို့သော် မွန်ပြည်နယ်လို အကြီးအကျယ် သာသနာ ထွန်းကားပြီး ပုဂ္ဂိုလ်အကျော်အမော်တွေ တရားရှာမှီးခဲ့တဲ့ နေရာမျိုးမှာမှ ဒီလိုအာရုံမျိုးဟာ ဘာကြောင့်ပေါ်လာရသလဲ။ တွေးမယ်ဆိုရင်တွေးမဆုံးပါဘူးဗျာ။ ဘာဘဲဖြစ်ဖြစ် ကျနော်အခုပြောနေတဲ့ ဖြစ်ပျက်ဆိုတဲ့ အကြောင်းဆုံးတဲ့အခါ ဒါတွေအားလုံး ရိုတ်ပတ်လည် သွားမယ်လို့ ကျနော်ယုံကြည်ပါတယ်။

ခဏနားပါရစေဗျာ။ အရင်တုန်းက ပူလောင်ခဲ့တာများ အခုပြန်ပြောယုံနဲ့တောင် အပူဟပ်သလိုပါပဲဗျာ။ နောင်များ ဘယ်သောအခါမှ ဒီဘဝမျိုး မကြုံပါရစေနဲ့။ ခင်ဗျား လည်း လူရောနားရော ညောင်းလောက်ပြီ။ အေးအေးဆေးဆေး နားပါဦးဗျာ။ သိပ်မလို တော့ပါဘူး။ ခင်ဗျားသိချင်တဲ့ ဖြစ်ပျက်အကြောင်း ဇာတ်လမ်းဆုံးကိုရောက်ဖို့။

❁ ❁ ❁ ❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## ၇။ အနာဂါမ် ဆရာသက်ကြီး

"အင်း ၊ ကျနော်လည်း ရမ်ဆေးဘဝ ရောက်နေပြန်ပြီ"

"ဘာလဲဗျ၊ ရမ်ဆေး ဆိုတာ"

"အော်၊ ငယ်ငယ်တုန်းက သမိုင်းဖတ်စာမှာ သင်ခဲ့ရတဲ့ အီဂျစ်ပြည်က ပိရမစ်ကြီးကို တည်ဆောက်ခဲ့တဲ့သူလေ၊ ဖတ်စာထဲမှာတော့ ရမ်ဆေးကို ရက်စက်တဲ့ ကျွန်ခေါင်းဆောင်လို့ ရေးထားပေမဲ့ အမှန်က ရမ်ဆေးဟာ အီဂျစ်ဘုရင်တစ်ပါးပါ"

"အဲဒါနဲ့ ဘာဆိုင်လို့တုန်း"

"ဟိုမှာလေ၊ ရဲဘက်တွေ ဖြစ်ပျက်နေတာ မမြင်ဘူးလားဗျာ"

အချိန်ကား နံနက်ဆယ်နာရီခန့်ဖြစ်ပြီး ၊ ကျွန်တော်နှင့်ကိုသက်ခိုင် စကားအခြေအတင်ပြောနေကြသော နေရာမှာ စခန်းခွဲ(၁)ရဲဘက်အကျဉ်းစခန်း၏ မလှမ်းမကမ်းရှိ တစ်ခုသော မြေသားတာရိုးဘောင်ပေါ်တွင်ဖြစ်သည်။ အဆိုပါ တာရိုးတလျှောက်တွင် ရဲဘက်တို့ စိုက်ပျိုးထားသော ကင်မွန်းပင်များ အစီအရီရှိနေသည်။ တစ်ခုသောကင်မွန်းခြုံရိပ်တွင် ကိုသက်ခိုင်က ကုလားထိုင်တစ်လုံးနှင့် ထိုင်လျက်၊ ကျနော်က သူ့ဘေးတွင် မတ်တပ်ရပ်လျက်။

ကျနော်တို့နှင့် ဝါးလေးငါးပြန်ခန့်ရှိသော နေရာတွင် ပူပြင်းသော နေရောင်အောက်၌ စခန်းရှိလူကုန် အကျဉ်းသားရဲဘက် တစ်ရာကျော်ခန့်မှာ ရွှံ့အလူးလူးနှင့် ရေခေါင်းမွေးကန်ကြီးတစ်ခုကို တူးဖော်လျက်ရှိကြသည်။ စားရေးသောက်ရေး ချို့တဲ့သောကြောင့် အကျဉ်းသားအများစုမှာ ဗိုက်ပူနံပိန်တွေသာ များသည်။ တူးဖော်ရမည့်ပမာဏကို အုပ်စုအလိုက် တာဝန်ခွဲဝေပေးထားသောကြောင့် ကိုယ့်ခွဲတမ်း ကိုယ်ပြည့်အောင် နေပူပူ ခေါင်တီးခေါင်မှာ ချွေးသံတရွှဲရွှဲနှင့် ပြစ်မှုကြွေးကို ချွေးဖြင့်ဆပ်နေကြရချေသည်။ ဒဏ်ခံကို ထိမထင်ဟန်ရှိသော ရဲဘက်အချို့ထဲမှ တွံတေးစိုးအောင် သီချင်းကို ဟစ်နေ



www.burmeseclassic.com

www.burmeseclassic.com
သံတွေ ကြားရသည်။ ကာရာအိုကေခန်းမကို သတိရချင်စရာ ကောင်းတော့သည်။

တခါတရံကား ဆူသံဆဲသံ ညံလျက်။ ဤ မဟာငါးကန်စီမံကိန်းကို အမိက အခန်းကဏ္ဍမှ ဦးဆောင် အကောင်အထည်ဖော်သူမှာ ကိုသက်ခိုင်ဖြစ်၏။ သို့ကြောင့်ပင် ကိုသက်ခိုင်က သူ့ကိုယ်သူ အီဂျစ် ကျွန်ခေါင်းဆောင် ရမ်ဆေးနှင့် ပုံခိုင်းလိုက်ဟန် ရှိသည်။

ထောင်ပိုင်ကြီး၏ စိတ်ကူးပေလော၊ စခန်းခွဲတာဝန်ခံ ထောင်မှူး ဦးအေးနိုင်၏ မဟာရွှေဉာဏ်တော် ပေလော မဆိုနိုင်။ စခန်းခွဲ(၁)တွင် ဤရွှေဉာဏ်မှ အတိုင်းအတာရှိ သော ရောမငါးမွေးကန်ကြီးတစ်ခု တူးဖော်စေဟူသော ညွှန်ကြားချက်သည် နှုတ်မိန့် အဆင့်ဆင့်ဖြင့် ကိုသက်ခိုင်ထံ ရောက်လာသည်ဟု ဆိုပါသည်။ နှုတ်မိန့်သာ ထွက်လာသည်၊ ဘာစီမံချက်မှ ဟုတ်တိပတ်တိ ရေးဆွဲထားခြင်းမရှိချေ။ တူးဖော်မည့် ငါးမွေးကန်၏ အတိုင်းအတာ အတိအကျမရှိ။ အကျယ်အဝန်း ဝါးဆယ်ပြန်ပတ်လည်၊ အနက် ဆယ့်ငါးပေခန့် ဟူ၏။ လုပ်ငန်းကာလ သတ်မှတ်ချက်ကား ရက်ပေါင်းသုံးဆယ် ဆိုပါသည်။ အဆိုပါ မဟာစီမံကိန်းအတွက် တိုင်းတာရန် ပေကြိုးခွေ၊ မျဉ်းတံစသည့် ကိရိယာတစ်စုံတစ်ရာမရှိ။ ထို့ပြင်တဝ တူးဖော်ရာတွင် အဓိကကျသော လက်နက် ကိရိယာဟူ၍ ပေါက်တူးနှင့်ငန်းပြား သုံးလေးလက်မှတပါး အခြားမရှိချေ။ ယင်းအခြေအနေမျိုးနှင့်ပင် အဆိုပါစီမံကိန်းကို သတ်မှတ်ကာလအမီ ပြီးစီးအောင် ဆောင်ရွက်ရန် ကိုသက်ခိုင်ထံသို့ တာဝန်ကျလာခဲ့ခြင်းဖြစ်လေ၏။

ကျနော်က မနေနိုင်မထိုင်နိုင်၊ မေးခွန်းထုတ်လိုက်မိသည်။

“ဟေ့လူ၊ ကိုသက်ခိုင်၊ ဒီပုံစံနဲ့ ခင်ဗျား ငါးကန်ကြီးက အချိန်မီပြီးပါ့မလားဗျာ၊ အခုလုပ်ငန်းစနေတာ လေးရက်လောက်ရှိပြီ၊ ဘာမှ လုပ်ကွက်မပေါ်သေးပါကလား”

ကိုသက်ခိုင်က ကွမ်းဝါးနေရင်း ပါးစပ်ကိုပိတ်လျက် ခပ်မဲ့မဲ့ပြုံးလိုက်သည်။

“ခင်ဗျား အာမချောင်ရင် ကောင်းမယ်နော်”

“ဟ ဒါလေးမေးမိတာ အပြစ်လားဗျာ”

“ခက်တယ်ဗျာ၊ ခင်ဗျားက ထောင်ချောက်ထဲ ဝင်မိတော့မှာမို့ ကျနော်က သတိ ပေးတာပါ”

“ဘာထောင်ချောက်တုန်းဗျ”

“အခု ခင်ဗျား ရှေ့မှာ တွေ့နေရတဲ့ အဆင်မပြေမှုအားလုံးဟာ မတော်တဆ ဖြစ်နေတာ မဟုတ်ဘူးဗျ၊ ဖွင်ဆင်ထားတာ ထောင်ချောက်ဆင်ထားတာ”

“ရှင်းအောင်ပြောစမ်းပါဗျာ”

“ကဲ ဒီလောက်တောင်ပြောမရရင် ခင်ဗျား အတွက်ဝေစုအဖြစ် ပေါက်တူး


www.burmeseclassic.com

www.burmeseclassic.com

လက်နဲ့ ဂေါ်ပြားနှစ်လက် ခွဲတမ်းကျတယ်၊ လူကြုံနဲ့ ခင်ဗျားအိမ်ကို မှာပေတော့"

"ဟ ဘာဆိုင်လို့လဲဗျာ"

"ဆိုင်တယ် ဆရာ ၊ခင်ဗျားရောက်နေတာ ရဲဘက်၊ အခုဒီစခန်းမှာ ငါးမွေးကန် ချက် အကောင်အထည်ဖော်နေတယ်၊ ရေဖူးပေါက်တာမလိုချင်ဘူး၊ ရေပါတာ လိုချင် တယ်။ အချိန်မီ ပြီးစီးဖို့အတွက် ရဲဘက်တစ်ယောက်အနေနဲ့ တတ်နိုင်တာ မတတ်နိုင်တာ ယဉ်ပြီး မဖြစ်ဖြစ်အောင် လုပ်ပေးရမယ်၊ ကျနော်လည်း ဒီလိုပဲ ဒီစီမံချက်ဟာ ဘာမှ ခွါယ်မရှိပါဘူးလို့ အထွန့်တက်ဖူးတယ်၊ နောက်ဆုံးတော့ ရရာ ဝါးလုံးရှည်တွေ ပြီး ပေတံဖြစ်အောင်လုပ်၊ အဲဒီဝါးလုံးတွေကိုပဲ သုံးပြီး ပန်းပဲမင်းကြီးထုံး နှလုံးမူရင်း ဖြစ်လာအောင် တိုင်းရတာရ ပန္နက်ရိုက်ခဲ့ရတာပဲဗျာ၊ ဒီလိုနဲ့ လေးထောင့် စပ်လည်း ပုံပေါ်ရော ရဲဘက်တွေကို အတင်းမောင်းချပြီး ပေါက်တူး ဂေါ်ပြား လေးလက်နဲ့ ဘယ်ရက်အပြီးဆိုပြီး ချွေးတပ်စခန်းမှာလို ဖွတ်မောင်းတော့ အခုလို တော ကြည့်နေတဲ့ ခင်ဗျားလို အဆောင်သန့်ရှင်းရေးလည်း နေမထိ ထိုင်မထိ စားလာရပြီ မဟုတ်လား၊ အဲဒီလို ခံစားလာရအောင် သေချာစီစဉ်ထားတာပဲဗျ၊ တွေက ခင်ဗျားထက် ပိုပြီးခံစားရမယ်၊ ဘုတ်အလိုက် သတ်မှတ်ထားတဲ့ တွက်ပမာဏမပြီးရင် ခြေကျင်းတို့ ဒေါက်တို့ပါ ပါလာအုံးမှာ၊ အဲသလို ဘယ်သူမှ ချင်တော့ ဘယ်လိုလုပ်ပြီးအောင် လုပ်ရပါ့မတုန်း ပူပန်စိတ်နဲ့ ထွက်လမ်းရှာ တော့ ပေါက်တူးဂေါ်ပြားစုံမှ တက်ညီလက်ညီလုပ်မှ ဆိုတဲ့ အတွေးပေါ်လာကြမယ်၊ ပေါက်တူးဂေါ်ပြားပေးပါလို့ တောင်းရနိုင်တဲ့ နေရာမဟုတ်တော့ ညှော်တွေ့လာတဲ့ စခန်းမယားကို ပေါက်တူးဂေါ်ပြားဖို့ ဖွတ်နားပူကြမယ်၊ အဲဒါ ဒီမဟာ စီမံကိန်းကြီး အချိန်မီပြီးစီးရေးအတွက် ရေးဆွဲထားတဲ့ သေနင်္ဂဗျူဟာ ပါပဲဗျာ"

"လက်စသတ်တော့ ဒီဓာတ်လမ်းက ခင်ဗျား ဓာတ်ညွှန်းကိုး"

"သေလိုက်ပါတော့ဗျာ၊ ဘယ်နှယ့် ကျနော်က ဒီဓာတ်ညွှန်းကို ရေးသူဖြစ်ရမှာ တုန်း ကျနော်က အကျဉ်းဦးစီးဋ္ဌာကို ခင်ဗျားသိအောင် ရှင်းပြနေတာဗျ၊ ကျနော်လည်း နေရင်းနဲ့ တရေးရေး သူတို့လုပ်ကွက်ကို သဘောပေါက်လာတာ၊ ကျနော်လည်း ပေါက်တူးလေးငါးလက်လောက် ဝယ်ထည့်အုံးမှပါဗျာ၊ ခုလို ရွံ့တွေလက်နဲ့ ကော်တင်နေ တော့ ငါးမွေးကန်စီမံချက်က ကိုးရိုးယား ဓာတ်လမ်းတွဲထက် ပိုရှည်နေတော့မယ်"

"နေပါဦးဗျ၊ ပေါက်တူးဝယ်ဆို ဝယ်ပေးပါ့မယ်၊ ခင်ဗျားငါးကန်က ဘာငါးတွေကို ဘယ်လိုမွေးမှာတုန်း၊ နည်းနည်းရှင်းစမ်းပါအုံး"

"ခင်ဗျားက ပေါက်တူးဂေါ်ပြားနှစ်လက်စီနဲ့တင် မတင်းတိမ်သေးဘူးထင်တယ်၊ ပြီး လျှာရှည်နေပြန်ပါပြီ၊ အမှန်တော့ ဘာငါးကို ဘယ်လိုမွေးမယ်ဆိုတဲ့ စီမံချက်



www.burmeseclassic.com

www.burmeseclassic.com

ဘာမှမရှိဘူး၊ အခုရာသီမှာ ရဲဘက်တွေ အလုပ်ပါးနေတယ်၊ ရဲဘက်ကို အလုပ်မရှိပဲ ထားရင် စားစရိတ် မလိုလားအပ်တဲ့ပြဿနာတွေ ထပ်ပေါ်လာမယ်၊ ဒါကြောင့် ဒီငါးမွေးကန်စီမံချက်ကို ဆွဲတာပဲဗျာ၊ ကန်ပြီးရင် တူးမြောင်းတွေထဲက ငါးပေါက်လေးတွေ ဖမ်းထည့်ရိုင်း၊ ငါးတွေက ကန်ထဲမှာ သဘာဝအလျောက်ဖြစ်လာမဲ့ ရေမှော်တွေ နှုတ်တွေကိုစား အချိန်တန် ဖမ်းပြီးရောင်းကြပေါ့၊ တစ်ခုရှိတာက ငါးမွေးကန်ထဲကို ထည့်ဖို့ ငါးသားပေါက်တွေ မဖြစ်မနေလိုလာရင်လည်း စောစောက ဓာတ်ညွှန်းမျိုးကို နောက်တစ်ခါ ထပ်ပြီး ထုတ်သုံးကြမှာပေါ့ဗျ"

"ကောင်းလိုက်လေဗျာ၊ တကယ့် မဟာစီမံကိန်းကြီးပါကလား"

ကျနော်က သရော်တော်တော် ပြောအပြီးတွင် ကိုသက်ခိုင်သည် တစ်စုံတစ်ရာကို တွေးမိသွားဟန်ဖြင့် ရုတ်တရက်ငိုင်သွား၏။ နောက် သူ့နှုတ်မှ စကားသံ ခပ်လေးလေး ထွက်လာသည်။

"အင်း တကယ်တော့ ကျနော်တို့လည်း ဒီအရွယ်အထိ ဖြတ်သန်းလာခဲ့တဲ့ ဘဝခရီးမှာ ကိုယ်လိုချင်တာ ကိုယ်ဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် နည်းလမ်းစုံ သုံးခဲ့ကြတာပါပဲ၊ တကယ်တမ်း သေသေချာချာ ပြန်စဉ်းစားတော့ ဘဝကို စံနစ်တကျ တည်ဆောက်နိုင်ခဲ့သူဆိုတာ တစ်သောင်း တစ်ယောက် ရှိခဲ့လှပါတယ်၊ ကိုယ်လုပ်နေတဲ့ အလုပ်တစ်ခုဟာ အဓိပ္ပါယ်ရှိမရှိ တွေးတောချင့်ချိန်မှု အားနည်းလေ့ရှိတာ ဓမ္မတာပါပဲ"

"ဟုတ်ပြီ၊ ခင်ဗျားက တရားစကားခပ်ဆန်းဆန်းတွေ စလာပြီဆိုတော့ ကျနော်လည်း ကြုံတုံး နားမရှင်းတာတွေ မေးစရာရှိတယ်၊ ခင်ဗျား ပြောတဲ့စကားတွေ ထဲမှာ ပရမတ်၊ ပညတ်ဆိုတာတွေ ပါလာတာ သတိထားမိတယ်၊ နားလည်သလိုလိုတော့ ရှိပါရဲ့၊ ဒါပေမဲ့ ခင်ဗျားရဲ့ ရှင်းလင်းချက်လေးတော့ ကြားချင်သေးတယ်ဗျ"

"အော်၊ ဒါလား၊ ပညတ်ဆိုတာ တကယ်မရှိတဲ့ သတ်မှတ်ချက် သက်သက် ပေါ့ဗျာ၊ ပရမတ်ဆိုတာ တကယ်ရှိတဲ့အရာပေါ့၊ ပညတ်ကိုတော့ သာမန်မျက်စိ လူသာမန် အတွေးနဲ့ မြင်သိနိုင်ပေမဲ့ ပရမတ်ဆိုတာကိုတော့ ပညာမျက်စိနဲ့ မှသာမြင်နိုင်တယ်၊ ဥပမာ ဆိုပါတော့၊ ခင်ဗျားနာမည် မင်းဒင်၊ အဲဒီ မင်းဒင်ဆိုတာ ပညတ်သက်သက်ပဲ တကယ်မရှိဘူး၊ ခင်ဗျားရဲ့ မိသားစုမှာ အထက်အောက်ညီအကို မောင်နှမအပါအဝင် လူအများနဲ့ ခွဲခြားသိနိုင်အောင်၊ သတ်မှတ်ထားမှုတစ်ခုမျှသာ ဖြစ်တယ်၊ ဒီထက် ရှင်းချင်ရင် ခင်ဗျားရဲ့ ကိုယ်ပေါ်က အဝတ်အစားအပါအဝင်၊ ခန္ဓာကိုယ်အစိတ်အပိုင်း အားလုံးကိုတစ်ပိုင်း တစ်စစီ၊ စိတ်ကူးထဲမှာပိုင်းပြီး ဘယ်ဟာ မင်းဒင် တုန်းလို့ ရှာကြည့်ပေတော့၊ ကြီးစွာသော သမာဓိနဲ့ သေချာအသေးစိတ်ခွဲခြမ်း စိတ်ဖြာကြည့်တဲ့အခါ ခင်ဗျားတို့ ကျနော်တို့ ခန္ဓာကိုယ်ဟာ သေးငယ်တဲ့ အမှုန်လေးတွေ၊ အပူ၊ စေးကပ်မှု လေဖိအားတစ်မျိုးနဲ့ ထောက်ကန်နေတဲ့သဘော စုစုပေါင်း လေးမျိုးနဲ့ ဖွဲ့စည်းထား



www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ မြင်လာနိုင်တယ်၊ အဲဒါ ခက်ကြီးလေးပါး၊ ပရမတ် တရားပါပဲဗျာ"

"ဟုတ်ပါပြီဗျာ၊ မေးလက်စနဲ့ ဆက်မေးရအုံးမယ်၊ ခင်ဗျား တရားထိုင်နေတုန်း ဆို ရှေ့တည့်တည့်မှာ ရွှေတိဂုံစေတီတော်ကြီးပေါ်လာတယ်ဆိုတာ ဘာဖြစ်တာ ဗျ"

"ခင်ဗျားစိတ်ရှုပ်ပြီး အံ့သြနေပြီမဟုတ်လား။ ဘာမှ မဟုတ်ဘူး။ ဒီအလုပ်လုပ် ဒီလိုဖြစ်တတ်တာ ထုံးစံ။ ကျုပ် ဘယ်လိုလုပ်သိသလဲဆိုတော့ ကျနော့်ဇနီး သယ်လာတဲ့ တရားနဲ့ပါတ်သက်တဲ့ စာအုပ်တွေကနေပေါ့၊ ဒီအလုပ်က နည်းလမ်း ဆရာသိပ်အရေးကြီးတယ်။ စွတ်လုပ်တာ လုပ်တာပဲ။ စာရင်းပြန်ပြန်ကိုက်သလို ထိုးနေမှ လမ်းမှန်ရောက်တတ်တာ။ စာတွေ့လက်တွေ့ ချဦးကပ်ပြီး နည်းလမ်းမှန်မှန်နဲ့ တတ်ဖို့လိုတယ်။

ရွှေတိဂုံစေတီတော်ကြီး ကျနော့်ရှေ့ရောက်လာတဲ့ အဖြစ်အပျက်ဟာ သမထ သာတဲ့ လက္ခဏာ ပါဗျာ။ တည်ငြိမ်မှု ရှိလာတဲ့အခါ အပွင့်အမျိုးမျိုး၊ အပင်အမျိုးမျိုး၊ ရောင် အမျိုးမျိုး၊ အဆောက်အဦ အမျိုးမျိုး၊ တောတောင်ရေမြေ သမုဒ္ဒရာ အမျိုးမျိုး၊ ကျောင်းဘုရား အမျိုးမျိုး၊ အလွန်သာယာနာပျော်ဖွယ်ကောင်းသော နေရာဌာန မျိုး၊ နေလနက္ခတ်တာရာ အမျိုးမျိုး၊ ပတ္တမြားစတဲ့ ကျောက်မျက်ရတနာ အမျိုးမျိုး၊ ပါကဲ့သို့သော အလင်းရောင်တန်းလုံးကြီးမျိုး၊ ပိုးစုန်းကြူးကဲ့သို့၊ မီးပန်း ည်များကဲ့သို့ မီးပွားကလေးများကဲ့သို့ စတဲ့အရာအမျိုးမျိုး ပြောမပြတတ်အောင် ရတတ်၏။ သမာဓိရင့်လေ တွေ့လေပဲလို့ ဆရာသက်ကြီးရဲ့ ဝိပဿနာ ရှုပွားနည်း ဝ်မှာ ဆိုတယ်"

"ဟာ ခင်ဗျားရွတ်ပြနေတာ အတိအကျကြီးပါလား"

"ဒါလည်း သိပ်အံ့သြပြီး အထင်မကြီးလေနဲ့ ၊ သမထအားထုတ်ပြီး သမာဓိ သာတဲ့အခါ ရှေးဟောင်းနှောင်းဖြစ်တွေကို အသေးစိတ်ပြန်ပြီး မှတ်မိလာတတ်တယ်၊ ထားတဲ့စာတွေကိုလည်း မှတ်မိနေတတ်တယ်"

"ဒါဖြင့် ခင်ဗျား ဈာန်ရသလို လေထဲမှာ မျောနေတယ်ဆိုတာကကောဗျာ"

"အော်၊ ဒါလား၊ ဒါလည်း ထူးဆန်းလှတယ် မဟုတ်ပါဘူးဗျာ၊ အဲဒါဟာ သနာပီတိလို့ ခေါ်သတဲ့ဗျ၊ ရော့ ခင်ဗျားသိချင်ရင် ကျနော်နဲ့တဲပေါ်ကို လိုက်ခဲ့ပေ ၊ ခင်ဗျားမေးမယ်ဆိုတာ ကျနော် ကြိုတင်တွေးမိထားလို့ အဆင်သင့် ရှာထားပါ ယ်ဗျာ၊ နေလည်း နည်းနည်းပူလာပြီ၊ ရဲဘက်တွေ နားချင်နားရအောင် မသိမသာ င်ပေးရာလည်း ရောက်တာပေါ့ဗျာ"

ပြောပြောဆိုဆို ကိုသက်ခိုင်က သူ့တဲရှိရာသို့ စိုက်စိုက် စိုက်စိုက်နှင့် က်သွားသဖြင့် ကျနော်က သူ့နောက်မှ လိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com
အသင့်လုပ်ထားသည့် စာတစ်အုပ်ကို ကျနော့်ထံ လှမ်းပေးရင်း...

"ရော့ ၊ ဖတ်ကြည့်ပေတော့ဗျာ"

အဆိုပါ စာအုပ်မှာ အနာဂါမ်ဆရာသက်ကြီး၏ အာနုပါနသိမှုဖြင့် ဝိပဿနာ ရှုပွားနည်း စာအုပ်ပင်ဖြစ်၍ သူညွှန်ပြသော စာမျက်နှာတွင်ကြည့်ရှုရာ အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရ၏။

**ပီတိငါးမျိုး**

ပီတိအကြောင်းရေးပြအံ့။ ဤကဲ့သို့ မိမိခန္ဓာကိုယ်အတွင်း ရုပ်ခတ်လေးပါးတို့၏ဖောက်ပြန်ခြင်း၊ နာမ်ခတ်လေးပါးတို့၏ ဖြစ်ပေါ်ချုပ်ပျောက်ခြင်းတို့ကို တစ်စထက်တစ်စ သမာဓိရင့်လေ ပို၍သိလေ ဖြစ်လာလေ၏။ သမာဓိရင့်လွန်း အားကြီးလာသောအခါ ဝိပဿနာ သမာဓိ၏အစွမ်းဖြင့် ဝိပဿနာကို ကျနမှန်ကန်စွာ ယထာဘူတ ကျကျကြီး နည်းမှန်လမ်းမှန်အတိုင်း အားထုတ်သောသူတို့မှသာ ရတတ် တွေ့တတ်သော ပီတိများကို တွေ့ရတတ်ပါသည်။ ထို့ကြောင့် ဓမ္မပဒပါဠိတော်၌–

သုညာဂါရံ– ဆိတ်ငြိမ်သောအရပ်သို့၊ ပဝိဋ္ဌဿ– ဝင်သော၊ သန္တစိတ္တဿ– ငြိမ်းချမ်းသော စိတ်ရှိသော၊ သမ္မာ– အသင့်အားဖြင့်၊ ဓမ္မံ– ရုပ်နာမ်တရားကို၊ ဝိပဿတော– ဥဒယဗ္ဗယာ– နုပဿနာတို့၏ အစွမ်းအားဖြင့် ရှုသော၊ ဘိက္ခုနော– သံသရာဘေးကို ရှုသော ယောဂီပုဂ္ဂိုလ်အား၊ အမာနုသီ– ဝိပဿနာ အဇ္ဈတ္တခန္ဓာငါးပါးကို အားမထုတ်သော သူတို့၏ အရာမဟုတ်သော၊ ရတိ– ဝိပဿနာ ပီတိသုခ ဟူသော မွေ့လျော်ခြင်းသည်၊ ဟောတိ– ဖြစ်၏။ ဟူ၍ ဟောတော်မူပါသည်။

ဤကဲ့သို့ဟောတော်မူသည့်အတိုင်း တကယ့်တကယ် အားထုတ်သန်၍ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဥဒယဗ္ဗယအစစ်ကို ရှုမြင်ပွားများနေသောအခါ သမာဓိက တစ်ဆင့်ထက်တစ်ဆင့် ရင့်သန်လာတော့၏။ ထိုအခါ၌ ဝိပဿနာသမာဓိအရှိန်ကြောင့် ပီတိပေါ်တတ်၏။ ဓမ္မနိယာမပင်။ (ယထာဘူတ ကျနသည့် အဇ္ဈတ္တခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဥဒယဗ္ဗယအစစ်၊ တိရဏပရိညာအစစ်၊ ပရမတ်အစစ်၊ ခဏိက အစစ်၊ သောတာပန်ဖြစ်နိုင်သော တရားအစစ်၊ နိဗ္ဗာန်ရောက်နိုင်သော တရားအစစ် ဖြစ်သောကြောင့်သာ ဤဖော်ပြမည့်အတိုင်းသော ပီတိမျိုးကို တွေ့ရသည်ဟုမှတ်ပါ။)

ဤသည်ကား ဤတရားသည် ယထာဘူတ ကျနမှန်ကန်ကြောင်းကို ပိုမိုထင်ရှားစေ၏။

**၁။ ခုဒ္ဒိကာပီတိ**

ခုဒ္ဒိကာပီတိဘယ်လိုဖြစ်ပါသနည်းဟူမူ သမာဓိ အလွန်ကောင်းသောအခါ ခန္ဓာကိုယ်အတွင်း၌ တစီစီ တဖြုတ်ဖြုတ် တလှုပ်လှုပ် တရွရွ ဖြစ်၍ဖြစ်၍ ပျက်၍ပျက်၍ နေကြကုန်သော ရုပ်တရားတို့သည် တစ်ကိုယ်တစ်ကောင်လုံး၌ ဆီချက်အိုးကဲ့သို့


www.burmeseclassic.com

www.burmeseclassic.com

အမြှုပ်တွေ ပြည့်ကျပ်နေသလို ဖြစ်တတ်၏။

ထိုအခါ ဆက်၍ ရှုသွားလျှင် ဆီးနှင်းပေါက်မျှလောက်သာ မာမှု ပူမှု တွန်းကန်မှုပ်ရှားမှုသဘော ကလေးတွေသည် နူးညံ့သိမ်မွေ့စွာ တစ်ကိုယ်လုံး၌ ဖြစ်၍ဖြစ်၍ ချုပ်၍ချုပ်၍ နေတတ်၏။ ထိုအခါ ဖြစ်ပျက်တည်းဟူသော ကာယသမ္မာသ ကလေးတွေလည်း လွန်စွာ သိမ်မွေ့စွာ နေလေ၏။

ဤအတောအတွင်း၌ အားထုတ်နေသော ယောဂီ၌ သိပ်ပြီးခြေကျဉ်၍ နေသောသူ၏ ခြေထောက်ကို လက်နဲ့တို့လိုက်သောအခါ နဂိုတုန်းကထက် ပို၍ ဖြုန်းခနဲ နေသကဲ့သို့လည်းကောင်း၊ သဲကို လက်နှင့်ယူ၍ ဖြန့်လျက် ပက်လိုက်သကဲ့သို့ လည်းကောင်း၊ ဖြန်းခနဲ ဖြန်းခနဲနှင့် ကြက်သီးထ သကဲ့သို့လည်းကောင်းဖြစ်ပေါ်လာတတ်၏။ ကြက်သီးထသကဲ့သို့ဆိုသော်လည်း ပကတိထသော ကြက်သီးကဲ့သို့ လူပါတစ်ကိုယ်လုံး တုန်လှုပ်သွားတာမျိုး မဟုတ်၊ ခန္ဓာကိုယ်ကြီး ယိမ်းယိုင်တုန်လှုပ်ခြင်း မဖြစ်ပါ။ ခေါင်းနားပန်းကြီးပြီး ကြောက်တာမျိုးလည်း မဟုတ်ပါ။ ရှုသောသူ၌ ဣန္ဒြေမပျက်ပါ။ သို့ရာတွင် ကြက်သီးထသောအခါ ဖြန်းခနဲ ဖြန်းခနဲဖြင့် ကိုယ်၌တွေ့ထိသော သဘောမျိုးနှင့်တူ၍သာ ဥပမာပြုရပါသည်။ ဒါကြောင့် ကြက်သီးထတာနှင့် တူသည်ဟု ချမ်းဂန်၌ ဆိုပါသည်။ ဤကဲ့သို့ဖြစ်တာကို ခုဒ္ဒိကာပီတိဟု ခေါ်ပါသည်။

၂။ ခဏိကာပီတိ

ဤကဲ့သို့ ရှုဖန်များသော် စိတ်သည် မိမိခန္ဓာကိုယ်အတွင်း ဖြစ်ပျက်ခြင်းတည်းဟူသော ရုပ်နာမ်တရားတို့မှ တခြားကို ထွက်မသွားဘဲနေလေ၏။ ထိုအခါ၌ စိတ်၏ ငြိမ်ကြယ်ခြင်းတည်းဟူသော အကြောင်းကြောင့် လျှပ်လက်သကဲ့သို့ ဝင်းခနဲ လင်းလိုက်၊ လင်းပြီးသည်နှင့်တစ်ပြိုင်နက် ပျောက်လိုက်၊ ဤကဲ့သို့ ခဏခဏ လင်းခနဲ ဝင်းခနဲ အရောင်တို့သည် လင်းလိုက်ပျောက်လိုက် လင်းလိုက်ပျောက်လိုက်နေ၏။ ကြာကြာ လင်း၍ မနေ၊ ဝင်းဆို ပျောက်သွားတာပါပဲ၊ ဝင်းခနဲနေသော အလင်းရောင်သာ လာမှန်း သိရတယ်၊ ဘယ်ကဖြစ်၍ ဘယ်ကပေါ်လာမှန်းကား မသိရပါ။ ထို့ကြောင့် လျှပ်လက်သကဲ့သို့ ဥပမာပေးခြင်းဖြစ်ပါသည်။ ဤကား ခဏိကာပီတိ ခေါ်၏။ ဤခဏိကာပီတိနှင့်တူသော အလင်းရောင်မျိုးသည်ကား သမာဓိနှင့်ဆိုင်သော အလုပ်ကို လုပ်သော သူများလည်း သမာဓိကောင်းလာလျှင် ဤအလင်းရောင်နှင့် ခပ်ဆင်ဆင် အလင်းမျိုးကို တွေ့ရတတ်ပါ၏။

၃။ ဩက္ကန္တိကာပီတိ

ဤမှတစ်ချက် ရှေ့သို့တိုးတက်၍ ရှုမြင်ပွားများသည်ရှိသော် သမာဓိ အရှိန်ကောင်းသည်ထက် ကောင်း၍လာ၏။ သမာဓိကောင်းလေ၊ ခန္ဓာရုပ် နာမ်တို့၏ ဖြစ်ပျက်မှု ပိုမိုထင်ရှားစွာ သိရလေဖြစ်၏။ ထိုအခါ ခန္ဓာကိုယ်အတွင်း၌ အလျင်ကထက်



www.burmeseclassic.com

www.burmeseclassic.com

ပို၍ ဆူပွက်လာလေ၏။ ဆူဖန်များလတ်သော် ခန္ဓာကိုယ်ကြီးသည် အလျှုအိမ်က ချက်သော ထမင်းအိုးကြီးနှင့် တူ၏။

အတွင်းက ဖြစ်ပျက်နေသော သဘောတရားတို့သည် အိုးထဲက ဆူပွက်၍ နေသော ဆန်နှင့်ရေကဲ့သို့ ဖြစ်နေတော့၏။ မီးပြင်းထိုးထားသကဲ့သို့ ဆူ၍နေ၏။ မီးညို သောအခါ တညီတည်း ဆူ၍နေသကဲ့သို့ တစ်ကိုယ်လုံး တညီတည်းဆူ၍နေ၏။ ဤကဲ့သို့ တညီတည်း ဆူ၍နေတာကြာသော် ရေပြင်ပေါ်သို့ မိုးကြီးရွာချသောအခါ မြင်ရသည်နှင့်လည်း တူပါ၏။ တူသည်ဆိုသော်လည်း လက်ဦးတော့ကာ ကိုယ်တွေ့ တရားသာ တူသည်။ မျက်စိဖြင့်မြင်ရသော သဘောမျိုးမဟုတ်ပါ။ သို့ရာတွင် ကြာကြာ နေတော့ကာ သမာဓိနှင့်ပညာ နှစ်မျိုးရှိရာ ပညာထက် သမာဓိက အားရှိသွားပြီး သကာလ ပညာတည်းဟူသော ကိုယ်ဖြင့်တွေ့၍သိ၍နေရသော သဘောကို လွန်မြောက် ၍ မျက်စိဖြင့်မြင်ရသော သဘောသို့ ပြောင်းမှန်းမသိ ပြောင်းသွားတော့၏။

**မိုးလည်းသည်းသည်း၊ လှိုင်းကြီးကြီး**

ထိုအခါ၌ ရေပြင်ပေါ်တွင် မိုးသည်းသည်းကြီး ရွာချသကဲ့သို့ ဖြစ်လာတာကို မျက်စိဖြင့် ဖွင့်၍ကြည့်ရ သကဲ့သို့ မြင်လာတော့၏။ တစ်စထက်တစ်စ တစ်ခဏထက် တစ်ခဏ မိုးသည် ကြီး၍ကြီး၍ သည်းသကဲ့သို့ မြင်ရတော့၏။

ကြာတော့ကာ မိုးသည်းရုံတင်မက၊ လေကလေးပါ တိုက်ခတ်လာသလိုလို ဖြစ်လာ၏။ ရေပြင်သည် မိုးရွာနေတဲ့အထဲ လှုပ်ရှား၍လာသလို ဘာလိုလို မျက်စိဖြင့် မြင်ရသကဲ့သို့ ဖြစ်လာ၏။ ကြာလေ ကြာလေ မိုးကသည်းလေ လေကလည်းပြင်းလေ ဖြစ်လာ၏။ ထိုအခါ၌ လှိုင်းကလေးများ ထလာတုန်း မိုးကြီးသည်းလာသလို မြင်ရ၏။

ကြာတော့ကာ ပင်လယ်ရေပြင်တွင် မိုးရေလေပါ သဲသဲ မဲမဲ ရွာချနေတုန်းအခါ လှိုင်းတံပိုးများ ထနေသကဲ့သို့ မြင်၍မြင်၍ တကယ့်မျက်စိနှင့် တကယ်မြင် သကဲ့သို့ ဖြစ်နေတော့၏။ ဤကား ဩက္ကန္တိကာပီတိ ဖြစ်ပါသည်။

(ဤပီတိမျိုးကို တွေ့သည်ဆိုတာ အဇ္ဈတ္တခန္ဓာငါးပါး ဥဒယဗ္ဗယတရားအစစ် တွေ့တော့မှ အားထုတ်သောသူကလည်း သမာဓိကောင်းမှ တွေ့ရသော ပီတိမျိုး ဖြစ်ပါ သည်။ ဗဟိဒ္ဓိကို လက္ခဏာရေးသုံးပါးတင်၍ ရှုနေရုံနှင့် ဤပီတိမျိုးမတွေ့နိုင်ပါ)

**၄။ဥဗ္ဗေဂါပီတိ**

ဥဗ္ဗေဂါပီတိဆိုတာလဲ ဝါဂွမ်းကဲ့သို့ ကောင်းကင်သို့တက်သွားသည်ဟု ကျမ်းဂန်၌ဆို၏။

"သီဟိုဠ်ကျွန်းသူတယောက်သည် မိမိ၌ ကိုယ်ဝန်ရှိ၍ တောင်ထိပ်က ဘုရား မိဘများသွား၍ဖူးရာ မလိုက်ရသဖြင့် အိမ်ကပင်နေ၍ ဘုရားကို ကြည်ညိုနေရင်း ဥဗ္ဗေဂါ ပီတိဖြစ်ပြီး ဘုရားရင်ပြင်တော်ပေါ်၌ မိဘများထက် စော၍ရောက်နေနှင့်သည်"ဟု



www.burmeseclassic.com

www.burmeseclassic.com

ကျမ်းဂန်၌ လာ၏။ ဤကား ဘုရားကို ကြည်ညိုသော သမာဓိကြောင့်ဖြစ်သည့် ...နုဿတိကမ္မဋ္ဌာန်းတွင် အကျုံးဝင်သော သမထ၏အစွမ်းကြောင့်ဖြစ်သော ...ဗ္ဗေဂါပီတိမျိုးဖြစ်၏။

ယခုအခါ၌လည်း အာနာပါန သမထကို အားထုတ်စဉ် မြေနှင့်မထိပဲ တစ်ရပ် ...လောက်အထိ တက်၍မြောက်နေသော သမထယာနိကပုဂ္ဂိုလ်များ ရှိကြပါ၏။ ...နာတရား အားထုတ်ရင်း ကိုမူကား ဤကဲ့သို့ အထက်သို့တက်ရောက်နေသည်ကို ...စ်ပါးမျက်စိနှင့် တွေ့မြင်ရသည်ဟူ၍ကား မကြားမတွေ့ရဖူးသေးပါ။ အားထုတ် ...လျှင်မူကား ထက်မြက်သော လုံ့လ၊ ဝီရိယရှိလျှင် မူကား ညဥ့်အခါ တရားကို ...ပြုလျက် အထူးသဖြင့် အာရုံပြုလျက် အိပ်သောအခါ စိတ်သည် ခန္ဓာကိုယ်ထဲ၌ ...ရှုသော ရုပ်နာမ် သင်္ခါရတို့ကိုသာ ရှုမြင်၍ နေတတ်၏။

ဝိပဿနာ ဥဗ္ဗေဂါပီတိ

ဤကဲ့သို့ ရှုရင်း ရှုရင်း အိပ်ပျော်သွားပြီးသကာလ နိုးလာသောအခါ၌လည်း ...ပျော်ပြီး၍ နိုးလာမှန်း မသိ၊ တရားကိုရှုမြင်လျက်ပင်နေ၏။ ဤကဲ့သို့ ရှုမြင်နေရင်း ...ကိုယ်သည် အထက် သို့ကြွ၍ တက်နေသကဲ့သို့ပင် ထင်ရ၏။ တက်နေသောအခါ ...န်ကြာသော် မိမိကိုယ်သည် အပေါ်သို့ မြောက်၍နေပါကလားဟုသိ၍ ဟုတ်မှ ...ပါမည်လားဟု လက်နှင့်စမ်းကြည့်သောအခါ အောက်က အခင်းနေရာကို လက်နှင့် ...တွေ့တော့ပေ။

သည်တော့မှ ဘယ့်နှယ်ကြောင့် အပေါ်သို့ မြောက်တက်နေပါသနည်းဟု ...တက်မေ့၏။ အောက်မေ့ပြီးလျှင် ဝမ်းသာအားရသည်ဟူ၍ မဟုတ်၊ တရားကိုသာ ...တိုင်း ရှုနေလျက်တော့၏။ ထိုကဲ့သို့ တရားကို ဆက်လက်ရှုမြင်သွားသောအခါ ...ရားကို မြင်လျက်ပင်နေ၏။ မိမိကိုယ်မြောက် နေတာကို အာရုံမပြုတော့ပေ။ ဤကဲ့သို့ ...ရားကို ရှုနေတာ ကြာသောအခါ တရား၌ အာရုံပြေ၍ လာ၏။ ထိုအခါ၌ ခုနတုန်းက ...မိကိုယ်ကြီး မြောက်တက်နေတာ ဘာပြုလို့ပါလိမ့်မလဲဟု သတိရ၏။ ဤ ...ကဲ့သို့ဖြစ်တာကို ဝိပဿနာအရာ၌ ဥဗ္ဗေဂါပီတိဟူ၍ ကျမ်းပြုသောသူက ဆိုချင်၏။ ...ရာတွင် ပညာရှိသူတော်ကောင်းများကမူကား မည်သို့ယူဆကြမည်မသိ။

၅။ ဖရဏာပီတိ

ဖရဏာပီတိဆိုတာ ကျမ်းဂန်၌ "ကိုယ်အလုံးသည် မှုတ်၍ လေဖြင့်ပြည့်သော ...အောင်းကဲ့သို့လည်းကောင်း များသောရေအလျှင်ဖြင့် စီးဝင်သော တောင်ခေါင်းကဲ့သို့ ...လည်းကောင်း မပြတ်အစဉ် ထက်ဝန်းကျင်မှ ပျံ့နှံ့သည်ဖြစ်၏"ဟု ဆို၏။

သို့ဖြစ်၍ တရားအားထုတ်သောအခါ ကျမ်းဂန်၌ပါတာနှင့် တူတာကို ...တွေ့ရှာလိုက်သော အားထုတ် သောသူသည် ခန္ဓာငါးပါးတို့၏ ဖြစ်ပျက်နေမှုတို့ကို



www.burmeseclassic.com

www.burmeseclassic.com

တစ်ကိုယ်တစ်ကောင်လုံး၌ သိလာရသောအခါ သိတာထက်ပို၍ သန့်အောင် အားစိုက်လာသောအခါ မိမိခန္ဓာကိုယ်မှတစ်ပါး တခြားသို့ စိတ်မရောက်ဘဲ ကိုယ်ထဲတွင်ထား၍ ရှုနေလေ၏။ ထိုအခါ၌ ခန္ဓာကိုယ်သည် တစ်ကိုယ်လုံး အပ်ချ စရာ နေရာမရှိအောင် သေးငယ်လှစွာသော ရေမြှုပ် ရေပွက်ကလေးတွေ ဖြစ်၍ဖြစ်၍ ပျက်ပျက်ပြီး ဆူနေတာကို တွေ့ရ၏။

ဤကဲ့သို့ ရှုနေရင်း မိမိခန္ဓာကိုယ်အတွင်းက ဆူပွက်ခြင်း သဘောတရား တို့သည် တိုးတက်ပိုမို၍ လာသောအခါ နွားနို့အိုးများသည် ဆူရာမှ ဝေ၍ တက်လာ လိုက်၊ ပြန်ကျသွားလိုက်နှင့် နေသကဲ့သို့ မိမိကိုယ်ကြီးသည်လည်း ဆူပွက်၍ ပွပြီး ကြီးပြီးလာလိုက်၊ ပြန်ငယ်သွားလိုက်နှင့် နေသည်ဟုထင်ရ၏။ ဤကဲ့သို့ ဖြည်းညင်း သာယာစွာ နူးညံ့သိမ်မွေ့စွာ ဖြည်းဖြည်းကလေး နုနုကလေး ပွပွလာလိုက် ကျုံ့ကျုံ့ သွားလိုက်နှင့် ဖြစ်နေပြီးလျှင် တစ်ခါတစ်ရံ ပွလာပြီးနောက် ပြန်၍ကျုံ့မသွားဘဲ ပွလျက်နှင့်ပင် မတိုးမဆုတ်ဘဲ နူးညံ့စွာ နုနုကလေး ဆူ၍ပွပြီး ငြိမ်နေတာကို မျက်စိဖြင့် ဖွင့်၍ ကြည့်ရတာလို မြင်နေတတ်၏။ ထိုအခါ မြင်နေတာမှတပါး စိတ်သည် တခြားသို့ မပြောင်းရွှေ့တော့ပေ။ မိမိ၏ မူလခန္ဓာကိုယ်ကိုလည်း သတိမရတော့ပေ။ ယခုမြင်နေ သော ပွလျက် နုနုကလေး အေးမြကြည်လင်စွာ ဆူနေသော ကိုယ်ပွကြီးကိုသာ မြင်နေလျက် အမှတ်တမဲ့ ကြက်သေသေပြီး ကြည့်နေမိတာနှင့် တူနေတော့၏။ တကယ်ကိုယ်ပင် လေတွေမှုတ်သွင်းထား၍ ပွနေတာနှင့်လည်း တူ၏။ ရေတွေ ဆူပွက် နေပြီး ပြည့်ကျပ် ပွရောင်းနေတာနှင့်လည်း တူပါ၏။

ဤအတွေ့သည်ကား ကျမ်းဂန်၌ပါသည်နှင့် အလွန်တူ၏။ ထို့ကြောင့် ဖရဏာပီတိဟု ခေါ်ချင်၏။

. . . . . . . . . . . . . .

အဆိုပါ ဝိပဿနာပီတိအကြောင်း ဖတ်ရှုပြီးသည့်အခါ ကျနော့်စိတ်ထဲတွင် အနာဂါမ်ဆရာသက်ကြီး ဆိုသူ၏ဘဝအကြောင်းကို သိချင်စိတ် ရုတ်တရက် ပေါ်လာပြန်သဖြင့်...

"ခင်ဗျားက ဆရာသက်ကြီးနည်းနဲ့ အားထုတ်နေတာဆိုတော့ ဆရာသက်ကြီး ဟာ ဘယ်လိုလူစားမျိုးပါလိမ့်ဗျာ"

"ဟုတ်ပါတယ်။ ကျနော့်ရဲ့ဝိပဿနာအားထုတ်နည်းဟာ အနာဂါမ်ဆရာ သက်ကြီးရဲ့နည်းပါ။ လူချင်း မတွေ့ပေမဲ့ ဆရာသက်ကြီးဟာ ကျနော့်ရဲ့ လက်စွဲစာအုပ် လေးထဲကနေ လူကိုယ်တိုင်ထွက်လာပြီး ပြသလိုဖြစ်ခဲ့ပါတယ်။ ကျနော့်ရဲ့ ထက်သန်လွန်းလှတဲ့ စိတ်ကြောင့် ဒီစာအုပ်ကလေးကို ဂရုတစိုက်ဖတ်ရှုံနဲ့ ဒီလောက် ဖြစ်လာတာလည်းတစ်ကြောင်း ပါမယ်ထင်ပါရဲ့။ ဒီစာအုပ်ဟာ ဆရာသက်ကြီးရဲ့

www.burmeseclassic.com

ည်းနိဿယတွေနဲ့ ဟောပြောချက်တွေကို သူ့တပည့်တချို့က စာနဲ့ရေးပြီး ချက်တမ်းတင်ထားတာတဲ့ဗျ။ ဒါ့အပြင် အဲဒီမှတ်တမ်းတွေကို လယ်တီဆရာတော်၊ ကြောင်းဆရာတော်၊ သေက္ကျတောင်ဆရာတော် ဦးတိလောက အစရှိတဲ့ ဆရာတော်ကြီး တွေရဲ့ ကျမ်းတွေနဲ့ညှိနှိုင်းပြီး စာအုပ်အဖြစ် ရိုက်နှိပ်ထားတာလို့ ဆိုပါတယ်ဗျာ။ ချင်းဘယ်တွေဖူးပါ့မလဲ။ သူက ရှိမှမရှိတော့တာ။ သူ ကွယ်လွန်သွားခဲ့ပါပြီ။

ဆရာသက်ကြီးဆိုတာ ဘယ်လိုလူလဲဆိုတာ ခင်ဗျားသိချင်တာနဲ့ အတော်ပဲဗျ။ နောက်လည်း နားချင်နေတာ။ သူ့အကြောင်းအကျဉ်းချုပ်ကတော့ ခင်ဗျားလက်ထဲက စာအုပ်ရဲ့ ရှေ့နားမှာ ရှိလေရဲ့။ ဒီထက်ပိုပြီးအပြည့်အစုံ သိချင်သေးရင် ဓမ္မာစရိယ ဦးဌေးလှိုင်ရဲ့ အနာဂါမ် ဆရာသက်ကြီး၏ သူ့ဘဝ၊ သူ့တရား၊ သူ့ကျေးဇူးဆိုတဲ့ စာအုပ်ကိုရှာဖတ်။ သူက ဖြစ်ပျက်ကို ကိုယ်တိုင်တွေ့ခဲ့တဲ့သူ။ တခြားသူတွေ ဖြစ်ပျက် တွေ့အောင်လည်း နည်းလမ်းပေးခဲ့တဲ့သူပေါ့။ ခင်ဗျားပဲ ဖြစ်ပျက်အကြောင်း သိချင်လှချည်ရဲ့ဆို။ မျက်စိညောင်းတာလောက်တော့ ခံနိုင်သင့်တာပေါ့ဗျာ"

(ကိုသက်ခိုင်ညွှန်းဆိုသော စာအုပ်မှ အနာဂါမ်ဆရာသက်ကြီး၏ ဘဝဖြစ်စဉ် အကျဉ်း ချုပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။)

**အနာဂါမ် ဆရာသက်ကြီး**

ဆရာသက်ခေါ် ဦးဖိုးသက်မှာ ရန်ကုန်မြို့တဖက်ကမ်း ဒလပျော်ဘွယ်ကြီး ရွာသား ဖြစ်၏။ ပျော်ဘွယ်ကြီးရွာနေ ဦးကျော်တုတ်–ဒေါ်ငွေဥ တို့မှ မြန်မာသက္ကရာဇ် ၁၂၃၅–ခုနှစ်၊ ဝါခေါင်လဆန်း (၃)ရက်၊ သောကြာနေ့တွင် မောင်ဖိုးသက်ကို ဖွားမြင်ခဲ့ ကြသည်။ မွေးချင်းလေးယောက်တို့တွင် မောင်ဖိုးသက်မှာ အကြီးဆုံးဖြစ်၏။

ပျော်ဘွယ်ကြီးရွာမှာ ရန်ကုန်မြို့၏ တောင်ဖက်(၇)မိုင်မျှသာကွာ၍ အိမ်ခြေ ထောင်ကျော်ရှိသော ရွာကြီးဖြစ်၏။ ရွာသူရွာသားတို့မှာလည်း များသောအားဖြင့် အမွေအာဇီဝဖြစ်သော လယ်ယာအလုပ်ဖြင့် အသက်မွေးကြသူများ ဖြစ်သည်။ မောင်ဖိုးသက် အသက်(၁၁)နှစ်အရွယ်တွင် ဖခင်ဦးကျော်တုတ် ကွယ်လွန်သွားသဖြင့် မိခင်မုဆိုးမကြီး ဒေါ်ငွေဥက သားသမီးလေးယောက်အား အကြော်ရောင်း၍ ကျွေးခဲ့ရသည်။

သားကြီးမောင်ဖိုးသက်ကိုလည်း မြန်မာစာခြောက်တန်းအထိ ပညာသင် ပေးခဲ့သည်။ မောင်ဖိုးသက်ကား ကျောင်းနေဆဲမှာပင် ကျောင်းအားရက်များ၌ လှည်းဦးစီး၊ အချွန်ဦးစီးအဖြစ်ဖြင့် စပါးသယ်ပို့သောလုပ်ငန်း၌ ဝင်ရောက်လုပ်ကိုင်လျက် မိခင်ကြီး၏စီးပွားရေးကို ကူညီပံ့ပိုးပေးခဲ့သည်။ ထို့နောက် ရိုးသားကြိုးစားသော မောင်ဖိုးသက်ကို ဆန်စက်ပိုင်တစ်ဦးက သဘောကျ၍ သူ့ဆန်စက်၌ တာလီစာရေး ခန့်ထားခဲ့သည်။ တစ်လ ၆–ကျပ်စားမှ ၂၅–ကျပ်အထိ လခတိုးပေးခဲ့သည်။ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com

မောင်ဖိုးသက်တို့မိသားစု စားဝတ်နေရေး ချောင်လည်လာခဲ့သည်။

မောင်ဖိုးသက် အသက်(၁၆)အရွယ်တွင် ပျော်ဘွယ်ကြီးရွာမှ လယ်ပိုင်ရှင်တစ်ဦးဖြစ်သော ဦးသိန်း ဒေါ်သူဇာတို့၏သမီးထွေး မမျှင်နှင့် အိမ်ထောင်ကျလေသည်။ ထိုအခါသူသည် ယောက္ခမ မိသားစုနှင့်အတူနေထိုင်လျက် လယ်ယာအလုပ်ကို လုပ်ကိုင်ခဲ့သည်။ စီးပွားရေးပြေလည်၍ မိသားစု အသိုင်းအဝိုင်းမှာလည်း ပြည့်စုံသဖြင့် ကာလအတန်ကြာမျှ ပျော်ရွှင်စွာနေခဲ့ရသည်။

ထိုအချိန်ကာလအတွင်း ဘာသာရေးနှင့်ပတ်သက်၍လည်း အလှူဒါနပြုခြင်း ဥပုသ်သီလ ဆောက်တည်ခြင်း စသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ဆည်းပူးနိုင်ခဲ့သည်။ အထူးအားဖြင့် ထိုခေတ်က ရဟန္တာဟု ကျော်ကြားသော ဘုန်းတော်ကြီး ဦးသီလနှင့် ပညာနေတ္တိ ဝိပဿနာကျမ်းပြု ဖိုဝန်းတောင် ဆရာညွန့်တို့ ဟောပြောသော တရားများကို ကြားနာခွင့်ရရှိခဲ့ခြင်း၊ လယ်တီဆရာတော်၏ ဒီပနီကျမ်းအချို့ကို ဖတ်ရှုခဲ့ရခြင်းတို့ကြောင့် မောင်ဖိုးသက်မှာ ဘာသာရေးအခြေခံ အတော်အသင့် ပြည့်စုံလေသည်။

သို့သော်လည်း ထိုသို့ အစစချောမွေ့နေသော အချိန်တွင် မမျှော်လင့်သော ကြမ္မာဆိုးတစ်ခုက မောင်ဖိုးသက်တို့ မိသားစုနှင့်တကွ ပျော်ဘွယ်ကြီးရွာတစ်ရွာလုံးကို ဝင်ရောက် မွှေနှောက်ခဲ့သည်။ ထိုကြမ္မာဆိုးမှာ အခြားမဟုတ်။ ကာလဝမ်းရောဂါပင် ဖြစ်၏။ ကာလဝမ်းရောဂါ ကျရောက်လာသဖြင့် ရွာသူရွာသား အမြောက်အများ သေကြေပျက်စီး ကြရာတွင် မောင်ဖိုးသက်တို့ မိသားစု မှာ အထိအနာဆုံး ဖြစ်ခဲ့သည်။ မမျှင်၏ အစ်မ မခင် တို့လင်မယားနှင့်အတူ တူမလေး မချစ်မြိုင်၊ ကိုဖိုးသက်၏ သမီးလေး မလှညွန့် ပါ ဝမ်းရောဂါထဲသို့ ပါသွားခဲ့ကြရရှာသည်။

## လယ်တီဆရာတော်နှင့် ဆရာသက်

အသက်သုံးဆယ်ကျော်မျှသာရှိသေးသော ကိုဖိုးသက်မှာ မိမိလက်တွင်း၌ မချိမဆန့် အသက်ပျောက်သွားခဲ့ရသည့် တစ်ဦးတည်းသောသမီးလေး မလှညွန့်အတွက် အကြီးအကျယ် စိတ်ထိခိုက်သွားသည်။ လအတော်ကြာမျှ သောကဝေဒနာကို မဖြေနိုင်ဖြစ်ခဲ့ရသည်။ ရက်လညောင်း၍ မိမိစိတ်ကို အသင့်အတင့် ဖြေနိုင်သောအခါတွင်မူ ကိုဖိုးသက်မှာ ပျော်ဘွယ်ကြီးရွာ၌ နေလိုစိတ်မရှိတော့ချေ။ ထို့ကြောင့် ဇနီးမမျှင်နှင့် ကျန်မိသားစုများအား အနှုးအညွတ် တောင်းပန်ပြီး ပျော်ဘွယ်ကြီးရွာမှ ထွက်လာခဲ့လေသည်။

မောင်ညိုခေါ် မိတ်ဆွေတစ်ယောက်ကို အဖော်ပြုလျက် ရွာမှထွက်လာသော ကိုဖိုးသက်သည် မြန်မာပြည်တောတောင်ဒေသ အနှံ့အပြားသို့လှည့်လည်လျက်



www.burmeseclassic.com

www.burmeseclassic.com

ကာငြိမ်းအေးကြောင်းတရားကို ရှာဖွေသည်။

ရှေးဦးစွာ ဖိုဝန်းတောင် ဆရာညွန့်ထံသို့ ရောက်၍ အာနာပါန ရှုမှတ်နည်းကို ခံခဲ့သည်။ ထိုနောက် ညောင်လွန့်ဆရာတော်၊ အင်းမကြီးတောရဆရာတော်၊ ရွှေမြို့ခေါင်းတောင်ဆရာတော်၊ သေက္ကျတောင်ဆရာတော်ဦးတိလောက စသည့် ပထွတ္တိအကျော် ဆရာတော်များထံသို့လည်း ခိုဝင်ဆည်းကပ်ခဲ့သည်။ နောက်ဆုံးကား လယ်တီဆရာတော် ဖြစ်လေသည်။

ကိုဖိုးသက်သည် လယ်တီဆရာတော်ထံ၌ (၇)နှစ်မျှ အနီးကပ်ဆည်းကပ် ထိုင်လျက် ပဋိပတ္တိ အလုပ်ကို အားထုတ်ခဲ့သည်။ ဆရာတော်၏ ဆုံးမဩဝါဒများကို အသေးအနက် နာယူမှတ်သားခဲ့သည်။

ဤသို့လျှင် အိုးပစ်အိမ်ပစ်ဘဝဖြင့် ကိုဖိုးသက် တရားရှာခဲ့သည်မှာ(၁၃)နှစ် ကြာမြင့်သွားခဲ့သည်။ ထိုအချိန်ကာလအတွင်း ဆရာသမား သူတော်ကောင်း ပညာရှိတို့၏ ဆုံးမဩဝါဒများကို မပြတ်မလပ်ကြားနာခဲ့ရခြင်းကြောင့် လည်းကောင်း၊ တရားအသိ ထိုက်သင့်သလောက် တိုးပွားလာခြင်းကြောင့် လည်းကောင်း၊ ကိုဖိုးသက်၏ သောက ဝေဒနာမှာ သိသိသာသာကြီး လျော့ပါးသွားခဲ့လေသည်။ ထို့ကြောင့် ကိုဖိုးသက်သည် အဖော်ဖြစ်သူ မောင်ညိုနှင့်အတူ လယ်တီဆရာတော်ကြီးအား ဖူးမြော်ကန်တော့ပြီး ထာဝရချက်ကြွေ မွေးရပ်မြေဖြစ်သော ပျော်ဘွယ်ကြီးရွာသို့ ပြန်ခဲ့လေသည်။

ပျော်ဘွယ်ကြီးရွာသို့ရောက်သောအခါ အိမ်သို့သွားလိုစိတ်မရှိသေးသဖြင့် ကိုဖိုးသက်နှင့် မောင်ညိုတို့သည် ရွာထိပ်ရှိ ဓမ္မာရုံဇရပ်၌ ယာယီသဘောဖြင့် စတည်းချကြသည်။ ထိုဓမ္မာရုံမှာ တစ်ချိန်က ကိုဖိုးသက်တို့မိသားစု ဆောက်လုပ်လှူဒါန်းခဲ့သော ဇရပ်ပင်ဖြစ်၏။

ကိုဖိုးသက်သည် ရောက်မဆိုက်မှာပင် ဓမ္မာရုံအတွင်းရှိ ရုပ်ပွားဆင်းတုတော်အား သွားရောက်ဦးတိုက်သည်။ ထိုအခါ ရုပ်ပွားတော်ကိန်းဝပ်ရာပလ္လင်မှ –

"၁၂၆၉–ခု၊ တန်ဆောင်မုန်း လပြည့်ကျော်(၃)ရက် ပျော်ဘွယ်ကြီးရွာနေ အဖ ဦးသိန်း၊ အမိ ဒေါ်သူဇာ၊ သား ဘုရားဒါယကာ ကိုဖိုးသက်၊ ဘုရားအမ မမျှင်၊ သမီး မလှညွန့်တို့ ကောင်းမှု။ သာဓုခေါ်စေသောဝ်"ဟူသော ကမ္ပည်းစာတန်းကို ခပ်မွှားမွှားတွေ့မြင်ရလေသည်။

ထိုအခါ ကိုဖိုးသက်မှာ ဝေဒနာဟောင်း ပြန်ထလာသည်။ သမီးလေး မလှညွန့်၏ မျက်နှာကို မြင်ယောင်လျက် မျက်ရည်များပင် စီးကျလာသည်။ သို့သော် ကိုဖိုးသက်သည် ချက်ချင်းဆိုသလို မိမိစိတ်ကို ပြန်၍ထိန်းလိုက်သည်။

"၁၃–နှစ်တိုင်တိုင် တရားရှာခဲ့ပြီးမှ ခုလိုမျက်ရည်ကျရတာ မသင့်တော်ချေတကား"ဟု မိမိကိုယ်ကို မိမိ ဆုံးမလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာသက် တရားပြခြင်း

ထို့နောက် ကိုဖိုးသက်သည် ရုပ်ပွားတော်၏ရှေ့၌ပင် တင်ပျဉ်ခွေထိုင်လျက် အာနာပါနကို ရှုးစိုက်စွာရှုမှတ်နေသည်။ ယင်းသို့ ရှုမှတ်သောအခါ တဖြည်းဖြည်း သမာဓိအားကောင်းလာပြီး စောစောက ဖြစ်ပေါ်ခဲ့သည့် စိတ်သောကမှာလည်း တခဏ အားဖြင့် ပျောက်ပါးသွားသည်။ သို့သော် ကိုဖိုးသက်ကား ဤမျှဖြင့် မကျေနပ်ချေ။

"ဤသောက ဝေဒနာမျိုး နောက်ထပ်မပေါ်လာအောင် ငါအားထုတ်မှ ဖြစ်တော့မည်။"ဟု သန္နိဋ္ဌာန်ချလိုက်သည်။ ထို့နောက် ဇနီးမယျှင်တို့ အိမ်သို့ နှုတ်ဆက်ရုံမျှပင် မသွားတော့ဘဲ မောင်ညို နှင့်အတူ ဇရပ်မှာပင် ဖြစ်သလို နေထိုင်လျက် တရားကို ဆက်လက်အားထုတ်သည်။

အာနာပါနဖြင့် သမာဓိခိုင်မြဲအောင် ထူထောင်ပြီး မိမိခန္ဓာကိုယ်မှ ရုပ်နာမ် ဓမ္မတို့၏ ဖြစ်ပျက်မှုများကို ဝိပဿနာဉာဏ်ဖြင့် ထင်မြင်အောင်ရှုမှတ်သည်။ သို့အားဖြင့် မကြာမီကာလအတွင်း၌ပင် ကိုဖိုးသက်သည် ခန္ဓာကိုယ်တွေ့တရားကို လင်းလင်း ချင်းချင်း ထိုးထွင်း သိမြင်ခဲ့လေသည်။

ထို့နောက် ကိုဖိုးသက်သည် ရွာဦးဇရပ်မှာပင် ဆက်လက်နေထိုင်လျက် မရိုး ဒေါ်ရင် အပါအဝင် ရင်းနှီးသူ(၁၅)ဦးခန့်အား အာနာပါန အားထုတ်နည်းကို စတင် သင်ပြပေးသည်။ ယောဂီများအား တနေ့နှစ်ကြိမ် တရားစစ်ပြီး နေ့စဉ် တရားဟောသည်။ ကိုဖိုးသက်မှာ စာတတ်ပေတတ်တစ်ဦး မဟုတ်သော်လည်း သူဟောပြောသော တရားကား ရှင်းလင်းပြတ်သားသည်။ ယောဂီများသာမက ယောဂီမဟုတ်သူများလည်း လာရောက်နာယူကြသည်။ တရားထိုင်သော ယောဂီများ မှာလည်း တိုးတက်မှုရရှိ၍ များစွာကျေနပ်နှစ်သက်ကြသည်။

ကိုဖိုးသက်သည် သီတင်းဝါလကျွတ်သောအခါ ယောဂီအချို့နှင့်အတူ လယ်တီ ဆရာတော်ထံ သွားရောက်ဖူးမြင်သည်။ မိမိတရားပြပုံများကိုလည်း ဆရာတော်အား လျှောက်ကြားသည်။ လယ်တီဆရာတော်က အကြိမ်ကြိမ်သာဓု ခေါ်တော်မူပြီး ဆက်လက်တရားပြရန် တိုက်တွန်းတော်မူသည်၊ မိမိအမြဲသုံးနေသော လက်ကိုင် တောင်ဝှေးကိုလည်း ဒကာသက်အား ချီးမြှင့်တော်မူလိုက်လေသည်။ ကိုဖိုးသက်သည် လယ်တီဆရာတော်ထံမှ ပြန်လာပြီးနောက် ဆရာတော်၏ အားပေး တိုက်တွန်းချက်နှင့် အညီ တရားပြမှုကို တိုး၍ပြုလုပ်ခဲ့သည်။ အနီးပတ်ဝန်းကျင် ရွာများနှင့်တကွ ရပ်နီးရပ်ဝေးမှ လူများအဆက်မပြတ် လာရောက်၍ ကိုဖိုးသက်ထံ၌ တရားအားထုတ်ကြ သည်။ "ဆရာသက်ကြီး"ဟူ၍ လေးလေးစားစား အသိအမှတ် ပြုလာကြသည်။

ဆရာသက်ကြီးသည် ပျော်ဘွယ်ကြီးရွာ၌သာမက ရန်ကုန်-မြောင်းမြရွှေကျင် စသော အခြားမြို့ ရွာများ၌လည်း တရားပြခဲ့သည်။ ပျော်ဘွယ်ကြီးရွာ၊ ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com

နှင့်နီးသဖြင့် ရန်ကုန်မြို့မှ အစိုးရအမှုထမ်းများနှင့် အခြားသူများလည်း ဆရာသက်ထံ မကြာခဏ လာရောက်ကြသည်။ နောင်အခါ၌ ငွေစာရင်းမင်းကြီး ဖြစ်လာမည့် ဦးဘခင်သည်လည်း တစ်ဦးအပါအဝင် ဖြစ်ခဲ့သည်။

**ဆရာသက် ကွယ်လွန်ခြင်း**

ဆရာသက်ကြီး၏ တပည့်အချို့သည် ဆရာကြီး အသက်ထင်ရှားရှိနေစဉ်ကပင် အာဇာနည်ကုန်း၌ ဟံသာဝတီ ကမ္မဋ္ဌာန်းဌာနကို ဖွင့်လှစ်ခဲ့ကြသည်။ ထိုကမ္မဋ္ဌာန်းဌာနသို့ လာရောက်၍ တရားပြခဲ့သည်။ ဆရာကြီးသည် မြန်မာသက္ကရာဇ် ၁၃၀၇–ခုနှစ် နတ်တော် လဆန်း(၁၄)ရက်နေ့ ညတွင် ဗဟန်း ရေတာရှည်လမ်းဟောင်းမှ တပည့်ဖြစ်သူ ဦးအုံး၏ နေအိမ်၌ ကွယ်လွန်ခဲ့သည်။ အသက်(၇၂)နှစ်အရွယ်တွင် ကွယ်လွန်သွားခြင်းဖြစ်၏။ ဆရာကြီး၏ ရုပ်ကလာပ်ကို အာဇာနည်ကုန်း၌ တပည့်ကြီးငယ်တို့က စည်ကား သိုက်မြိုက်စွာ သင်္ဂြိုဟ်ခဲ့ကြလေသည်။

**နှစ်ပေါင်းသုံးဆယ်**

ဤမျှအထိကား ဆရာသက်ကြီး၏ ဘဝဖြစ်စဉ် အကျဉ်းချုပ်ဖြစ်လေသည်။ ဤဘဝဖြစ်စဉ်ကို ကြည့်လျှင် ဆရာကြီးသည် မိမိ၏ဘဝကို ပဋိပတ္တိအလုပ်၌ နှစ်ပေါင်း သုံးဆယ်ကျော်မျှ မြှုပ်နှံခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

"ငါ့တပည့်ကြီး လူပေါင်းခြောက်ထောင်ထက်မနည်း တရားသိအောင် တရားပြ ပေးရမယ်"ဟူသော လယ်တီဆရာတော်၏ မိန့်ကြားချက်နှင့်အညီ ဆရာသက်ကြီးထံ၌ နည်းနိဿယခံ၍ တရားအားထုတ်သူပေါင်းမှာ ထောင်ဂဏန်းမျှမက သောင်းဂဏန်း အထိပင် ရှိခဲ့လိမ့်မည်ဟု ခန့်မှန်းရပါသည်။ ဆရာကြီး၏ နည်းနိဿယ နှင့်အညီ တရားပြနေသည့် ကမ္မဋ္ဌာန်းဌာနများလည်း ယနေ့အထိ ရှိနေကြလေသည်။ ယင်းတို့မှာ–

၁။ ပျော်ဘွယ်ကြီးရွာ ကမ္မဋ္ဌာန်းဌာန၊
၂။ ရန်ကုန်မြို့ ဟံသာဝတီ ကမ္မဋ္ဌာန်းဌာန၊ (အာဇာနည်ကုန်းမှ ပြောင်းရွှေ့ခဲ့သော ဌာနဖြစ်၏။)
၃။ အင်းယားမြိုင်လမ်း အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာန၊
၄။ လယ်တီမူ ကမ္မဋ္ဌာန်းဌာန၊
၅။ သံသရာ အေးရိပ်သာ (ကမာရွတ်စပယ်ခြံ)၊
၆။ မှော်လေးမြို့ မဟာဗောဓိ ကမ္မဋ္ဌာန်းဌာန၊
၇။ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ ဓမ္မဇောတိက ဝိပဿနာ ရိပ်သာ စသည်တို့ဖြစ်၏။

**ဆရာကြီးဦးဘခင်နှင့် ဦးဂိုအင်ကာ**



www.burmeseclassic.com

www.burmeseclassic.com
[illegible] အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာနကို ၁၉၅၃–ခုနှစ်တွင် ငွေစာရင်းမင်းကြီး ဦးဘခင် တည်ထောင်ခဲ့ခြင်း ဖြစ်၏။ ငွေစာရင်းမင်းကြီး ဦးဘခင်မှာ ဆရာသက်ကြီး၏ နည်းနိဿယကို အပြည့်အဝခံယူခဲ့သော တပည့်ရင်းတစ်ဦးဖြစ်၏။

အင်္ဂလိပ်စာကို ကျွမ်းကျင်စွာ ရေးသားပြောဆိုနိုင်သောကြောင့် ဦးဘခင်၏ ပဋိပတ္တိတရားဌာန၌ နိုင်ငံခြားသားအများအပြား လာရောက်တရားထိုင်ခဲ့ကြသည်။ ဆရာကြီးဦးဘခင် ကွယ်လွန်ပြီး နောက်တွင် – သူ၏ လက်ထောက်တပည့်များဖြစ်သော ဆရာမကြီးဒေါ်မြသွင်နှင့် ဆရာဦးချစ်တင်တို့က အင်္ဂလန်–ဩစတြေးလျ စသော နိုင်ငံများသို့ သွားရောက်၍ တရားပြခဲ့ကြသည်။ တနေ့တခြား တိုးတက်အောင်မြင်မှုများ ရရှိနေကြောင်းလည်း ကြားသိရပေသည်။

ဆရာကြီးဦးဘခင်၏ လက်ထောက်တပည့်တစ်ဦးဖြစ်သော အိန္ဒိယအမျိုးသား ဦးဂိုအင်ကာမှာမူ ယခုအခါ ကမ္ဘာကျော် ဝိပဿနာဆရာကြီး ဖြစ်ပေသည်။ ၁၉၆၉–ခုနှစ်တွင် ဘုံဘေမြို့၌ စတင်တရားပြခဲ့ရာ ယခုအခါ အိန္ဒိယနိုင်ငံတွင်းရှိ မြို့ကြီး မြို့ငယ်တိုင်း၌ တရားဌာနနှင့် တရားပါတ်များ ဖွင့်လှစ်ပေးလျက်ရှိသည်။

အင်္ဂလန် အမေရိကန် ဩစတြေးလျစသည့် အရှေ့အနောက် နိုင်ငံပေါင်း များစွာတို့၌လည်း သူ၏တရားဌာနများ ဖွင့်လှစ်ထားပြီး ဖြစ်ပေသည်။ အထူးအားဖြင့် အိန္ဒိယနိုင်ငံ အကျဉ်းထောင်တို့၌– ဝိပဿနာတရားပါတ်များ ဖွင့်၍ ထောင်ပေါင်းများ စွာသော အကျဉ်းသားတို့၏ ဘဝကို မြှင့်တင်ပေးနေသည်မှာ လွန်စွာအောင်မြင်လျက် ရှိကြောင်း ကြားသိရပေသည်။

ဆရာကြီးဦးဂိုအင်ကာနှင့် သူ့လက်ထောက်တပည့်များထံ၌ တရားထိုင်ခဲ့ပြီးသော နိုင်ငံတကာ ယောဂီပေါင်းမှာ ယနေ့အထိ (ဤနေရာ၌ စာအုပ်ထုတ်ဝေသည့် ၁၉၉၄–ခုနှစ်ကို သတိပြုစေလိုပါသည်။) သိန်းဂဏန်းကျော်နေပြီဖြစ်ပေသည်။ ဆရာကြီး ဦးဘခင်နှင့် ဦးဂိုအင်ကာတို့သည် ဆရာသက်ကြီး၏ ဂုဏ်ကျေးဇူးများကို အထူးတလည် ဖော်ထုတ်ခဲ့ကြသော ပုဂ္ဂိုလ်များဖြစ်ပြီး သူတို့နှစ်ဦး၏ အားထုတ်မှုကြောင့်ပင် ယခုအခါ ဆရာသက်ကြီး၏ ဂုဏ်ကျေးဇူးများ ကမ္ဘာသို့ ပျံ့နှံ့လျက်ရှိပေသည်။

. . . . . . . . . .

အထက်ပါအကြောင်းအရာများကို ကျနော်ဖတ်ရှုပြီးချိန်၌ ကိုသက်ခိုင်ထံမှ–

"ခင်ဗျားလည်း စာတွေချည်း ဖတ်ရတာ ပျင်းစရာကောင်းရော့မယ်၊ ဒီတော့ နောက်တစ်ကြိမ် အခွင့်သင့်တဲ့အခါ ကျနော် ရက္ခစိုးနဲ့ ဆုံခဲ့တဲ့အကြောင်းတွေ ပြောပြပါအုံးမယ်ဗျာ" ဟူသော စကားသံကို ထွက်လာပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၈။ ရှုတ္တစိုးနှင့်တွေ့ဆုံခြင်း

ကျနော်နှင့်ကိုသက်ခိုင် အေးအေးလူလူ စကားလက်ဆုံမကျဖြစ်သည်မှာ ဆယ့်ငါးရက်ခန့် ရှိခဲ့ပြီ။ အကြောင်းရင်းကား စခန်းခွဲ(၁) မဟာငါးကန်ကြီးစီမံကိန်း၏ နောက်ဆက်တွဲပြဿနာများကြောင့် ဖြစ်၏။ နဂိုကမှ အစားအသောက် ချို့တဲ့ရသည့်အပြင် တနေကုန်နီးပါး မြေတူးမြေသယ် လုပ်ကြရသဖြင့် ရဲဘက်အများစုမှာ နာမကျန်းဖြစ်ကုန်ကြသည်။ ဖျားနာသူ၊ ပေါက်တူးခုတ်မိသူ၊ ငန်းပြားထိုးမိသူ လူနာရဲဘက်စုစုပေါင်းမှာ သုံးဆယ်နီးပါးရှိလာ၏။ ထိုအခါ ကျနော်သည် ကိုသက်ခိုင်၏ စီမံမှုဖြင့် စခန်းခွဲ (၁)၏ တရားမဝင်ဆေးမှူး ဖြစ်လာပြန်လေသည်။ ဆေးမှူးခန့်အပ်ရေးအတွက် ကိုသက်ခိုင်၏ သုံးသပ်ချက်ကား မှတ်သားစရာကောင်းလှသည်။

"ခင်ဗျားက ဆေးပြား၊ ဆေးရည်နာမည်ကို အင်္ဂလိပ်လိုဖတ်တတ်တယ်၊ လူကြီးဆိုတော့ လူငယ်အများစုဖြစ်တဲ့ ရဲဘက်တွေကို ဖေးမညှာတာစိတ်ထားနိုင်မယ်၊ လူနာဟာ ဆေးကုတဲ့သူကို ယုံကြည်အားကိုးတယ်ဆိုရင် ရောဂါတဝက်ပျောက်ပြီ၊ ဒါကြောင့်ရွေးစရာလမ်းမရှိတဲ့ အခြေအနေမှာ ခင်ဗျား ဆေးမှူးလုပ်ပေတော့"ဟူ၏။ ကျနော့်လက်စွဲဆေးများကား ပါရာစီတမော၊ အနာဂျက်ဆင်၊ ကိုးတက်ဘလက်၊ တက်ထရာဆိုက်ကလင်း၊ အနာကျက်ဆေး ဘီတာဒိုင်းဆေးရည်နှင့် ဂွမ်းပတ်တီး မျှသာဖြစ်၏။ အချို့ကား ပင်မစခန်းဆေးမှူးထံမှဖြစ်၍ အချို့ကား ကိုသက်ခိုင် အိပ်စိုက်ဖြစ်၏။

ထိုနေ့ကား တစုံသောတနင်္ဂနွေဖြစ်၍ စခန်းခွဲတာဝန်ခံနှင့် ကိုသက်ခိုင်တို့ ညှိနှိုင်းချက်အရ နားရက်အဖြစ် သတ်မှတ်ထားသောနေ့ဖြစ်သည်။ ရဲဘက်လူနာတချို့ကို ဆေးပေးဆေးထည့်ပြီးနောက် ဖြိုးစီစီရှိသည်နှင့် ကိုသက်ခိုင်၏ တဲရှိရာသို့ လျှောက်သွားလေရာ တဲပေါ်တွင် ကိုသက်ခိုင်မှာ သူဖတ်နေကျ လက်စွဲတော် စာအုပ်ညိုလေးကို ဖွင့်ဖတ်နေသည်ကို တွေ့ရသည်၊ သူက ကျနော့်ကို မြင်သည်နှင့် ဖတ်လက်စ



www.burmeseclassic.com

www.burmeseclassic.com

စာအုပ်ကို ပိတ်လိုက်ပြီး…

"**လာဗျာ၊ အပျိုကြီး**တဲဖက်ရဲ့ လျှောက်ကြရအောင်၊ အာရုံနောက်စရာတွေ တော်တော်များ**နေပြီ**" ဟုပြောပြောဆိုဆို ဖတ်လက်စစာအုပ်ကလေးကို လက်ကကိုင်ရင်း တဲအပြင်သို့ **ထွက်လာ**လေ၏။ ကျနော်က ဘာတခွန်းမှ ခွန်းတုန့်မပြန်တော့ပဲ သူနှင့်အတူ အပျိုကြီးကြည်ကြည်ဌေး တဲရှိရာသို့ လိုက်ပါခဲ့သည်။ ဤရက်ပိုင်းများအတွင်း ကိုသက်ခိုင်တွင် အာရုံနောက်စရာကိစ္စ အတော်များများ ရှိနေ၏။ သူဘေးကြပ်နံကြပ် အတွေ့ရဆုံးကိစ္စမှာ ဘေးကြယ်ကြီးဦးမြဖေနှင့် ဆက်ဆံရေးဖြစ်သည်။

ဘေးကြယ်ကြီး၏ အမည်ရင်းမှာ ဦးမြဖေဖြစ်ပြီး အရပ်ခြောက်ပေနီးပါးရှိသည်။ ထောင်လုပ်သက် အနှစ် သုံးဆယ်နီးပါးရှိသော တပ်ကြပ်ကြီးဖြစ်သည်။ ဌာနဆိုင်ရာ ထုံးစံအတိုင်းလုပ်သက်ဖြင့် ရာထူးအဆင့်ဆင့် တိုးပေးရမည်ဖြစ်သော်လည်း အရာရှိ အဆင့်သို့တိုးမြှင့်ပေးနိုင်သော ပညာအရည်အချင်း လိုအပ်ချက်ကြောင့် တပ်ကြပ်ကြီး ဘဝဖြင့်ပင် နှစ်ပရိစ္ဆေတများစွာ ကြာမြင့်ခဲ့ပြီးမှ နောက်ဆုံးတွင် ကြံဖန်တီထွင်ပေးရ ဟန်တူသည့် အရာခံအဆင့်ဖြစ်လာသည်။ သူ့လက်မောင်းရင်းမှ ငွေရောင်ကြယ်ပွင့်မှာ ထူးထူးခြားခြား ကြီးမားနေသည်ကတကြောင်း၊ အဆိုပါရာထူးကို အကျဉ်းဦးစီးတွင် မြင်ရခဲသည်က တကြောင်းကြောင့် သူ့ကို အမည်ရင်းဦးမြဖေအစား ရဲဘက်ရော ဝန်ထမ်းများကပါ ဘေးကြယ်ကြီးဟု နှုတ်ကျိုးနေကြခြင်း ဖြစ်၏။ ဝန်ထမ်းထုံးစံအတိုင်း စားဝတ်နေရေး မချောင်လည်သော်ငြား သားသမီးကား ဆယ့်ခြောက်နှစ်အရွယ် အကြီးဆုံးသမီး၊ အငယ်ဆုံး လေးနှစ်သားအပါအဝင် စုစုပေါင်းခြောက်ယောက်နှင့် တပြုံတမကြီးဖြစ်၏။

ဘေးကြယ်ကြီးကား မျက်နှာထားတည်သည့်အပြင် ရဲဘက်တို့အပေါ် တင်းတင်းမာမာ ဆက်ဆံလေ့ရှိသည်။ စခန်းခွဲတစ်ခုလုံးတွင် အရက်စက်ဆုံး အဆိုးဆုံးဝန်ထမ်းဟု ရဲဘက်အများစုက သတ်မှတ်ကြသည်။ တကြိမ်တွင် ၁၉၈၈ခုနှစ်အရေးအခင်းနှင့်ပတ်သက်၍ ကိုသက်ခိုင်နှင့် ဘေးကြယ်ကြီးတို့ စကားအခြေအတင်ဖြစ်ကြရာ ကိုသက်ခိုင်က မာမာတင်းတင်း တုန့်ပြန်သလို ဘေးကြယ်ကြီးကလည်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဘက်က တရွေးသားမျှ မလျှော့ သည်ကိုကျနော်ဘေးမှ နားထောင်နေခဲ့ဖူးသည်။ ကျနော်အံ့သြမိသောအချက်ကား ထိုအချိန်တွင် ကိုသက်ခိုင်သည် သူ့ငြင်းခုန်ဖက်မှာ ရဲဘက်ဝန်ထမ်းဖြစ်သည် ဟူသောအချက်ကို ဂရုထားဟန်မရှိသကဲ့သို့ ဘေးကြယ်ကြီးကလည်း အဆိုပါ အငြင်းပွားမှုနှင့် ပတ်သက်၍ ကိုသက်ခိုင်အပေါ် အငြိုးအတေးထားဟန်မရှိခြင်းပင်။ မကြာမီ ဘေးကြယ်ကြီးနှင့် ကိုသက်ခိုင် ဆက်ဆံရေးအဆင်ပြေရန် အကြောင်း ဖန်လာပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

တခုသောနေ့တစ်နေ့တွင် ရဲဘက်ဝန်ထမ်း အိမ်ယာဖက်ဆီမှ အော်ဟစ်ငြီးငြူသံနှင့်အတူ ဆူဆူညံညံအသံများ ထွက်ပေါ်လာသဖြင့် ကိုသက်ခိုင်နှင့် ကျနော်အပြေးရောက်သွားကြသည်။ အသံများမှာ ဘေးကြယ်ကြီး၏ အိမ်ခန်းတွင်းမှ ထွက်ပေါ်နေခြင်းဖြစ်ပြီး ကျနော်တို့အိမ်ပေါ်သို့အရောက်တွင် ဘေးကြယ်ကြီးဇနီး ကရင်မကြီး(အမိုး)မှာ အမလေး သေရပါတော့မယ်၊ သေရပါတော့မယ်ဟူ၍ ကြမ်းပြင်ပေါ်တွင် လူးလိမ့် အော်ဟစ်ရင်းမချိမဆန့်ဝေဒနာ ခံစားနေရသည်ကို တွေ့ရလေ၏။ အမိုးကား စခန်းခွဲတစ်ခုလုံး ပွက်လောရိုက်အောင် အော်ဟစ်ငြီးငြူကာ ရင်ညွန့်ကို လက်နှင့်ဖိရင်း ပက်လက်လန်သွားလိုက် မှောက်ခုံဖြစ်သွားလိုက်၊ ခဏငြိမ်သွားလိုက်နှင့် ချက်ချင်းအသက်ထွက်တော့မည့်ပုံစံ ရှိနေလေရာ ထောင်မှူးကတော် လတ်လတ်ထွေးက ရင်ဘတ်ကိုဖိပေး၊ ခြေမချိုးသူချိုးနှင့် ပျာယာခတ်နေကြလေသည်။

စင်စစ်အားဖြင့် ဆေးရုံဆေးခန်းနှင့် အလှမ်းဝေးလှသည့် ဤရဲဘက်စခန်းလိုနေရာမျိုးတွင် ယခုလို သေရေးရှင်ရေးကိစ္စများ၌ အကျဉ်းဦးစီးဝန်ထမ်း ဘဝသည်လည်း ရဲဘက်တို့နှင့်ထူးမခြားနားပင်တည်း။ ကိုသက်ခိုင်ကား စကားတစ်ခွန်းမှမဆိုပဲ ဆူညံနေသော လူအုပ်ဘေးမှာ ငူငူကြီးရပ်နေရင်း တစုံတခုကို လေးလေးနက်နက် စဉ်းစားနေဟန် ရှိလေသည်။ ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသော ဘေးကြယ်ကြီးသည် ကျနော့်ဇနီးကို မကယ်နိုင်တော့ဘူးလားဗျာ ဟူသောအမူအရာဖြင့် ကိုသက်ခိုင်ရှိရာသို့ လှမ်းကြည့်လိုက်၏။ ရုတ်ခြည်းဆိုသလို ကိုသက်ခိုင်တစ်ယောက် အိမ်ပေါ်မှ ဆင်းသွားပြီး ဆေးပုလင်းတချို့နှင့်အတူ ပြန်ရောက်လာကာ အင်္ဂလိပ်ဆေးငါးလုံးခန့် အမိုးကို တိုက်လိုက်သည်။ ဆေးတိုက်ပြီးနောက် ဆယ့်ငါးမိနစ်ခန့်အကြာ ဘေးကြယ်ကြီး၏ဇနီး အမိုးမှာ တဖြည်းဖြည်းငြိမ်သက်လာပြီး အိပ်ပျော်သွားလေရာ ပရိသတ်ကား ပါးစပ်အဟောင်းသားနှင့် ရှိလေ၏။ ထို့နောက် ကိုသက်ခိုင်က ဘေးကြယ်ကြီးကို သူနှင့် ခေတ္တလိုက်ခဲ့ရန်ခေါ်လေရာ ဘေးကြယ်ကြီးမှာ ကျောင်းဆရာနောက်က တပည့်တစ်ယောက်လိုက်ပါသလို ပါသွားလေ၏။ ထိုစဉ်ကလည်း ကျနော့်စိတ်မှာ အံ့သြလှသဖြင့် သူ့တဲပေါ်သို့လိုက်သွားပြီး မေးမြန်းခဲ့ဖူးသည်။

"ခင်ဗျား ဥစ္စာ စွမ်းလှချည့်လား၊ ဘာဆေးတွေများ တိုက်လိုက်သတုန်းဗျာ"

"ဘာမှ မဆန်းပါဘူးဗျာ၊ သူ အော်ဟစ်ခံစားနေရတဲ့ပုံစံက သူ့ရင်ဘတ်ထဲကို ပိုးကောင်တစ်ကောင် ဝင်ပြီး ကိုက်နေသလိုပုံစံ။ ငြိမ်သွားလိုက်။ ထအော်လိုက်နဲ့။ ရင်ဘတ်နဲ့အနီးဆုံးမှာ အသည်းရှိတယ်၊ အသည်းထဲမှာ ပိုးကောင်တစ်ကောင်ကိုက်နေပုံနဲ့ တူနေတယ်။ ဒီအကြောင်းကျနော်စာတစ်အုပ်မှာ ဖတ်ဘူးတယ်။ ဒါကြောင့် အဆောင်ပေါ်က ကိုတင်ဝင်းဆီမှာ ဆေးမှူးလာတုန်းက ပေးထားတဲ့ အင်တီဗိုင်းအိုးရစ် အမောက်ဆလင် သုံးလုံးရယ် ကျနော်သောက်ခဲ့တဲ့ အိပ်ဆေးလက်ကျန် နှစ်လုံးရယ်



www.burmeseclassic.com

www.burmeseclassic.com

တိုက်လိုက်တာ။ ဝမ်းကိုက်ပိုး အသည်းထဲရောက်တာ ဖြစ်ဖို့များတယ်ဗျာ"

"ဟာ ဒါဆို ခင်ဗျားတွက်တာ လွဲနေရင် ဘာဆက်လုပ်မလဲဗျ"

"ရှင်းရှင်းလေးဘဲဗျ။ လူနာကိုလေ့ပေါ်တင်ပြီး ဆေးရုံရောက်အောင် သွားပေတော့ပေါ့၊ကျနော်တိုက်တဲ့ အိပ်ဆေး၊ အမောက်ဆလင်နဲ့တော့ မသေလောက်ပါဘူး"

"ဘေးကြွယ်ကြီးကို ခေါ်သွားတာကကော"

"အရင်က ဖြစ်ဘူးသလား။ဘယ်ဆေးသောက်ဘူးသလဲမေးတော့ သူက ဘယ်ချောင်မှာ သိမ်းထားမှန်းမသိတဲ့ ဆေးစာရွက်ကလေးယူလာပြတာနဲ့ ဆေးသွား ဝယ်ဘို့ ပိုက်ဆံထုတ်ပေးလိုက်တာ။ ဘေးကြွယ်ကြီးမိသားစုက ဘယ်တုန်းကမှ လက်ထဲမှာ ပိုက်ဆံထားနိုင်တာ မဟုတ်တာဗျာ။ ခင်ဗျားမြင်တဲ့အတိုင်း သူ့ကလေး ဘုစုခရု တပြုံတမကြီးနဲ့"

"ဆုံးဖြတ်ချက်က တစွတ်ထိုးရမ်းပြီး ဆုံးဖြတ်သလိုကြီး ဖြစ်မနေဘူးလားဗျာ"

"သိပ်မှန်တာပေါ့။ လောကကြီးမှာ နောက်ဆုံးနည်းသုံးရတဲ့အချိန်တွေ ရှိတတ်တယ်။ အဖြစ်နိုင်ဆုံးနဲ့အထိရောက်ဆုံး လမ်းကိုရွေးရတဲ့ ကျဉ်းထဲကျပ်ထဲအချိန်တွေ ရှိတတ်တယ်။ ယုတ္တိနည်းတို့ ဆင်ခြင်တုံတရားတို့တော့လိုတယ်။ အခု ကျနော် ရွေးခဲ့တဲ့နည်းဟာ အတိုဆုံး၊ အကောင်းဆုံးနဲ့ အဖြစ်နိုင်ဆုံး နည်းပါပဲ၊ ဒါကို ခင်ဗျား မငြင်းနိုင်လောက်ပါဘူး"

ထိုစဉ်က ကျနော်မငြင်းနိုင်သည့်နည်းတူ မကြာမီမှာပင် သူကိုယ်တိုင် မရှင်းနိုင်သည့် ပြဿနာတစ်ခု ကိုသက်ခိုင်ကို ဝင်ဆောင့်ခဲ့ပါလေတော့သည်။အဆိုပါပြဿနာမှာ ဘေးကြွယ်ကြီးသမီး၏ မြီးကောင်ပေါက် ဇာတ်လမ်းဖြစ်၏။

ငါးကန်စတင်တူးဖော်ပြီး တစ်ပတ်ခန့်အကြာတွင် ဖြစ်သည်။ မနက်ငါးနာရီခန့် ရဲဘက်အိပ်ဆောင်ဖွင့်သည်နှင့် ရဲဘက်အချို့မှာ ဟိုတစုသည်တစု ဝိုင်းဖွဲ့ကာ တစုံတခုသောသတင်းကို တီးတိုးဖြန့်လျက် ရှိသောကြောင့် စုံစမ်းကြည့်ရာ လွန်ခဲ့သော ညက စခန်းခွဲ(၁)တွင် အိမ်တက်မှု ဖြစ်သည်ဆို၏။ အိမ်ကား ဘေးကြွယ်ကြီး အိမ်ဖြစ်၍ အိမ်တက်မှုကျူးလွန်သူမှာ ထိုညက အပြင်ဘာယာ တာဝန်ကျသော ရဲဘက်မြင့်လွင် ဖြစ်၏။ တက်ရသောအကြောင်းကား ဘေးကြွယ်ကြီးသမီးနှင့် မြင့်လွင်တို့၏ နှလုံးသားရေးရာကြောင့်ဟု ဆိုကြလေသည်။ ဘေးကြွယ်ကြီး နိုးလာသောကြောင့် မြင့်လွင် တစ်ယောက် အိမ်ပေါ်မှသာမက ရဲဘက်စခန်းမှပါ ပြေးရကိန်း ကြုံတော့သည်။ ဖြစ်ပုံကား မဆန်းလှသော်လည်း နောက်ဆက်တွဲပြဿနာကား မသေးလှချေ။ မြင့်လွင်မှာ ထောင်မှူးဦးအေးနိုင်၏လက်စွဲတော် ဖြစ်သည်ကတကြောင်း၊ အလုပ်ဦးစီး လုပ်ထုံး လုပ်နည်းနှင့်အညီ ဖြစ်စဉ်ကိုအထက်သို့ တင်ပြလျှင်လည်း ဖြသင့်သည်က



www.burmeseclassic.com

www.burmeseclassic.com

တကြောင်း၊ မြင့်လွင်မှာ လွတ်ရက်နီးနေသည်က တကြောင်းတို့ကြောင့် ထောင်မှူးက ကိုသက်ခိုင်ကို ခေါ်ကာ မြင့်လွင်ကို စခန်းသို့ပြန်လာစေရန် တာဝန်ပေးသည်။ မြင့်လွင်နှင့် မြင့်စိုးညီအကိုကား ကိုသက်ခိုင် ကျောင်းဆရာဘဝက တပည့်များဖြစ်သည် ဟုလည်း ဆို၏။ ဘေးကြယ်ကြီးကား ဥပဒေနှင့်အညီ နောက်ထပ်အမှုသစ်ဖွင့်ကာ အရေးယူစေချင်သည်။ ဤတွင် ကိုသက်ခိုင်တစ်ယောက် ဘုန်းကြီးအမှု ရှာပတ်ကာ ပဲလှော်ကြား ဟားညပ် ကိန်း ကြုံတော့သည်။

လေးရက်ခန့်အကြာ ကိုသက်ခိုင်အစီအမံဖြင့် မြင့်လွင်တစ်ယောက် ရဲဘက်စခန်းသို့ ပြန်ရောက်သည့်အခါ ရောက်လျှင်ရောက်ချင်းပင် ဘေးကြယ်ကြီး အဆောင်ပေါ်သို့တက်လာပြီး ဝါးစိမ်းတုတ်ဖြင့် လက်ကုန် အစွမ်းပြလေရာ ကြီးမားသောဒေါသအရှိန်ကြောင့် ဝါးစိမ်းတုတ်ရိုက်ချက်များ ပြင်းထန်လှသော်ငြား ကိုသက်ခိုင်ခမျာ ဆွဲလည်းမဆွဲသာ၊ တရားလည်းမချသာပဲ ဘေးမှသာ ငူငူကြီး ရပ်နေရတော့သည်။ နောက်ဆုံး ထောင်မှူးအရောက်မြန်၍သာ အရိုက်ရပ်ပြီး မြင့်လွင်တယောက် အသက်မသေရုံတမယ် ဖြစ်ကျန်ခဲ့သည်။

အဆိုပါဖြစ်ရပ်ကြောင့် ဤရက်ပိုင်းများအတွင်း ကိုသက်ခိုင်ခမျာ စိတ်ရှုပ်ထွေးနေဟန်ဖြင့် ယခင်ကထက် နှုတ်နည်းလျက်ရှိသည်ကို ကျနော် သတိပြုမိသည့်အလျောက် အပျိုကြီးဆိုင်ဖက်သို့ သွားရာ လမ်းတလျှောက်တွင် စပ်မဆိတ်လိုက်ပါလာခဲ့ခြင်းဖြစ်၏။ ရှုမဆုံးသော ကွင်းပြင်ကြီးထဲတွင် ရိုးပြတ်တို့မှာ အချို့ထောင်လျက်၊ အချို့လဲလျက်။ မိုးလုံးဝကင်းစင်သည်မဟုတ်သေး၍ ရိုးပြတ်တို့အကြား ကွေ့ကောက်သောလမ်းတို့မှာ ခြောက်သည့်နေရာခြောက် စိုသည့်နေရာ စိုနေဆဲဖြစ်၏။

အပျိုကြီး ဆိုင်ရှေ့တန်းလျားပေါ်တွင် ကော်ဖီမစ်နှစ်ခွက်ရှေ့ချကာ နှစ်ယောက်သားစကားမဆို ဖြစ်ကြပဲ ကိုသက်ခိုင်တစ်ယောက် သူ့စာအုပ်ကလေးကို ဖွင့်ဖတ်နေချိန်တွင် ကျနော်က ကွင်းပြင်ကြီးဆီသို့ ငေးမျှော်ကြည့်နေမိသည်။ အကျဉ်းသားဘဝ ငြီးငွေ့ခြောက်ကပ်ရသည့်ကြား ယခုကဲ့သို့ မထင်မှတ်သော ပြဿနာများကြုံလာသောအခါ စိတ်သည် နှစ်ထပ်ကွမ်းဆင်းရဲရ၏။ နေ့များကို မြန်မြန်ကုန်ဆုံးစေချင်သည်။ ဖြစ်နိုင်လျှင် နက်လင်းသည်နှင့် အရှေ့အရပ်မှ ထွက်ပြူလာသော နေလုံးကြီးကို ကြိုးဖြင့်ဆိုင်းလျက် အနောက်ဖက်သို့ မြန်မြန် ရောက်အောင် ဆွဲချပစ်ချင်စိတ် ပေါက်သည်အထိ။ ထိုစဉ် အပျိုကြီးဆိုင်အတွင်းဖက်ဆီမှ ...

"ငါမသိဘူး အောက်မေ့နေသလား၊ နင့်မျက်နှာက နင့်လင်တွေလာရင်တမျိုး" ဟူသော ကြိမ်းမောင်းသံထွက်လာသဖြင့် လှည့်ကြည့်မိရာ ...

"ဟဲ့အကောင် အုတ်ကြားမြက်ပေါက် နင်က အရိပ်နေနေ အခက်ချိုးချိုး



www.burmeseclassic.com

www.burmeseclassic.com

၊စော်ကားမယ်မကြံနိုင်သော ပူသော အပျိုကြီးအမေ့အသံ ထွက်လာပြန်သည်။ ထိုစဉ်အပျိုကြီးဆိုင်ပေါ်မှ လူတစ်ချို့၏ ကြိမ်းမောင်း ဆဲဆိုသံများပါ ဆက်တိုက် ထွက်ပေါ်လာပြန်သဖြင့် ကိုသက်ခိုင်က ဖတ်လက်စစာအုပ်ကို ပိတ်ရင်း ကော်ဖီမစ်ခွက်ကို တကျိုက်ထည်းမော့ချကာ ကျနော့်ကိုလည်း အလားတူလိုက်လုပ်ရန် အမူအရာပြလျက် ဆိုင်ပြင်သို့ထွက်လိုက်၏။ ကျနော်လည်း အူကြောင်ကြောင်နှင့်ပင် ကော်ဖီမစ်ခွက်ကို မော့ကာ သူ့နောက်သို့ လိုက်လာရပြန်သည်။ ဆိုင်နှင့်မလှမ်းမကမ်းရောက်မှ ကျနော်သူ့ကို ခပ်ငြီးငြီးလေသံဖြင့် မေးလိုက်မိသည်။

"ဘာတွေ ဖြစ်နေကြတာတုန်းဗျ"

"ခင်ဗျား မကြားဘူးလား၊ ဌေးလွင်ရမ်းနေတာ "

"ဌေးလွင်က ဘယ်သူတုန်း"

"အော်၊ ဌေးလွင်လည်း ဒီရဲဘက်စခန်းက အကျဉ်းသားဟောင်းပဲဗျာ၊ ရဲဘက်ကလွတ်တော့ အပျိုကြီးဆိုင်မှာ ပိုင်းကူသလိုလို၊ အပျိုကြီးနဲ့ ဘာလိုလို ဖြစ်ပြီး ဒီမှာသောင်တင်နေတာ၊ သူ့ဇာတိကလည်း ဒီနေရာနဲ့ သိပ်မဝေးလှဘူးထင်ပါရဲ့"

"ဒါနဲ့သူ့လင်တွေဆိုပြီး နာမည်တပ်လျှောက်ရမ်းနေတာ ဘယ်သူတွေကိုတုန်း ဗျ၊"

"ညှဲ့ပါ့ဗျာ၊ အဲဒါ ခင်ဗျားနဲ့ ကျနော့်ကိုပေါ့၊ အထူးသဖြင့် အပျိုကြီးက ကျနော့်ကို မျက်နှာသာ ပေးတယ်လို့ ဌေးလွင်ခံစားနေရပုံရတယ်၊ ကျနော်ရိပ်မိနေတာ ကြာပါပြီ"

"ဗျာ၊ ခင်ဗျားက ဌေးလွင်ကို ရှင်းမပြဘူးလား၊ ခင်ဗျားမှာလည်း အခုတလော သွားလေရာ အရာရာနဲ့ အကြောင်းကြောင်းချည်းပါလား"

"ခက်နေပါလား၊ ကျနော်က ဘယ့်နှယ့်မှ မနေတာ သွားရှင်းရင် ပိုဆိုးတော့ မှာပေါ့၊ ခင်ဗျားကို မေးခွန်း တစ်ခုမေးပါအုံးမယ်၊ ဥပမာဆိုပါတော့ လူတွေ အရမ်း စည်ကားနေတဲ့ ဈေးတစ်ခုထဲမှာ ခင်ဗျားကို အရူးတစ်ယောက်က မျက်နှာချင်းဆိုင်ပြီး လာဆဲတာမျိုး ကြုံရပြီဆိုပါတော့၊ ခင်ဗျား ဘယ်လိုတုန့်ပြန်မလဲ"

"အင်း စဉ်းစားရ ခပ်ကျပ်ကျပ်ပဲ"

"ကျပ်မနေနဲ့ ၊ အရူးရှေ့လူမြင်ကွင်းကနေ ခင်ဗျား မြန်မြန်ခြေယောင်ဖျောက် တာ အကောင်းဆုံးပဲ၊"

"ဒါနဲ့ ခင်ဗျား တပည့်မြင့်လွင်ကိစ္စကို ခင်ဗျားက ကြိုတင်သိမထားဘူးလား၊ မတားဘူးလား"

"သိနေတာ ကြာပေါ့ဗျာ၊ ဒီကိစ္စကို ကျနော်က ဘယ်လိုလုပ် ကြားဝင်တားရ မှာလဲ၊ အဲ့ဒီလို ကျနော်ကြိုသိနေတာကို ဘေးကြယ်ကြီးကရိပ်မိပြီး ကျနော့်ကို ခပ်စိမ်းစိမ်း ဖြစ်နေတာ၊ မြှောက်ပေးတယ်များ ထင်နေရှာသလား မဆိုနိုင်ဘူး။ ဒီလိုပဲဗျာ၊ တခါတခါ



www.burmeseclassic.com

www.burmeseclassic.com

လောကကြီးမှာ သိ[illegible] အထင်ခံရတတ်တယ်၊ ကုလားအုပ်ပျောက်တဲ့ အာရပ်ပုံပြင်တစ်ပုဒ် ခင်ဗျားကြားဖူးတယ် မဟုတ်လား"

"ဘယ်ပုံပြင်တုန်းဗျ၊ လုပ်ပါအုံး"

"တခါတုန်းက အာရပ်တိုင်းပြည်တခုမှာပေါ့၊ တွေးခေါ်မြော်မြင်တတ်တဲ့ သူတစ်ယောက်ဟာ ခရီးသွားနေရင်း ၊ ရှေ့တူရှုကလာနေတဲ့ အာရပ်သုံးယောက်နဲ့ဆုံတော့ အဲဒီသူတွေက သူတို့ဟာ ကုလားအုပ်ပျောက်လို့ ရှာနေကြတာမို့ သူတို့ကုလားအုပ်ကို လမ်းမှာတွေ့ခဲ့သလားလို့ အမေးခံရသတဲ့ဗျာ၊ ဒီမှာတင် ခရီးသွားက ခင်ဗျားတို့ကုလားအုပ်ဟာ လက်ဝဲမျက်လုံးတစ်ဖက် ကန်းနေတယ် မဟုတ်လားလို့ပြန်မေးသတဲ့၊ ဒီတော့ ကုလားအုပ်ပျောက်တဲ့အုပ်စုထဲက အာရပ်တစ်ယောက်က ဟုတ်တယ်၊ ဟုတ်တယ် ကျနော်တို့ ကုလားအုပ်က လက်ဝဲမျက်လုံးကန်းနေတာ အမှန်ပဲဗျ၊ အဲဒီကုလားအုပ် ဘယ်မှာတုန်းဆိုတော့ ခရီးသွားက နေဦး၊ ခင်ဗျားတို့ကုလားအုပ်ဟာ ရှေ့သွားတစ်ချောင်းလည်း ကျိုးနေတယ် မဟုတ်လားလို့ ဆိုပြန်ရောတဲ့။ ဒီတော့ ကုလားအုပ်ပျောက်တဲ့အထဲက နောက် အာရပ် တစ်ယောက်က ဟား ဒါလည်း အမှန်ပဲဗျ၊ ခင်ဗျား ဘယ်နားမှာတွေ့ခဲ့သတုန်း မေးပြန်တော့ ခရီးသွားက ဒါတင်မကသေးဘူးဗျာ၊ ခင်ဗျားတို့ကုလားအုပ်ဟာ ကိုယ်လေးလက်ဝန်ကြီးနဲ့ မဟုတ်လားလို့ ဆိုပြန်ရောတဲ့၊ ဒီအချက်ကိုလည်း ကုလားအုပ်ပိုင်ရှင်တွေက ထောက်ခံပြန်ပြီး အဲဒီကုလားအုပ်ကို ဘယ်နေရာမှာ ဘယ်တုန်းက တွေ့ခဲ့သတုန်းလို့ မေးတော့ ခရီးသွားက ခင်ဗျားတို့ ကုလားအုပ်ကို ကျနော်မတွေ့ခဲ့ပါဘူး၊ အခုပြောတဲ့အချက်တွေဟာ ကျနော် တွေးကြည့်လို့ သိတာတွေပါလို့ ဆိုသတဲ့၊ ဒီမှာတင် ကုလားအုပ်ပိုင်ရှင်တွေက မကျေမနပ်ဖြစ်ရာကနေ ဒီလူဟာ ကုလားအုပ်သူခိုးပဲ ဖြစ်ရမယ်လို့ စွပ်စွဲပြီး မြို့ဝန်ဆီ ဖမ်းခေါ်သွားကြရောတဲ့ဗျာ"

"ခင်ဗျား ပုံပြင်ကို ကျနော်ဖတ်ဖူးတယ်ဗျ၊ မြို့ဝန်တရားသူကြီးဆီမှာ သူရှင်းပြတာတော့ ကျနော် မေ့နေပြီ၊ လုပ်ပါအုံးဗျ၊ ရှင်းပုံရှင်းနည်းလေး"

"အော်၊ တရားသူကြီးရှေ့ရောက်တော့ သူဖြတ်သန်းလာခဲ့တဲ့လမ်းတစ်လျှောက်၊ ဝဲယာတဖက်တချက်မှာ မြက်ပင်တွေရှိပါလျက် ညာဖက်ကမြက်တွေကိုသာ ကုလားအုပ်က တောက်လျှောက်စားသွားတာတွေ့လို့ ဝဲဘက် မျက်လုံးကန်းနေတယ်လို့ ဆိုနိုင်သတဲ့။ အဲဒီကုလားအုပ်စားထားတဲ့ မြက်ငုတ်တွေကို သေချာလေ့လာတော့ မြက်ငုတ်တွေရဲ့အလယ်မှာ နဂိုအတိုင်းကျန်ခဲ့တဲ့ မြက်ပင်တချို့ကို ကြည့်ပြီး ရှေ့သွား တစ်ချောင်းကျိုးတာ သိသတဲ့ဗျ။ နောက်ဆုံး ကိုယ်ဝန်ကိစ္စကတော့ ကန္တာရသဲလမ်းမှာ ထင်ကျန်နေရစ်ခဲ့တဲ့ ကုလားအုပ်ခြေရာတွေအနက် ရှေ့ခြေနှစ်ဖက်ရဲ့အရာဟာ တိမ်ပြီး၊ နောက်ခြေရာနှစ်ခုက နက်နေလို့တဲ့၊ ကဲ မှတ်မိပြီလား"

"အင်း သူ့အဖြေနဲ့သူကတော့ ဟုတ်နေတာပါပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ ခုတလော ကျနော့်မှာ ပြဿနာပေါင်းသောင်းခြောက်ထောင်ဝင်နေတာ ခင်ဗျား သတိပြုမိသလား၊ အမှန်တော့ ဒါတွေအားလုံးဟာ တရားရှာသူတွေ ကြုံလေ့ကြုံထရှိတာမျိုးတဲ့ဗျ၊ တခါတရံ ဝင်နှောက်တဲ့သူတွေအထဲမှာ လူတွေတင်မကဘူး၊ ရုက္ခစိုးဆိုတာစောင် ပါလာတတ်သေးဗျာ"

"ဟား ဟုတ်ပြီ၊ ဟိုတခါ ခင်ဗျားပြောဖူးတဲ့ ရုက္ခစိုးနဲ့တွေ့တယ်ဆိုတဲ့ ဇာတ်လမ်းလေး လုပ်ပါဦးဗျ"

"အေးဗျာ ကျနော်လည်း စခန်းဘက်မပြန်ချင်သေးတာနဲ့ အတော်ပဲ၊ ဟိုဘက်ချောင်းစပ်နားက ကုက္ကိုပင်ကြီးအောက် သွားကြရအောင်ဗျာ၊"

ဤသို့ဖြင့် စခန်းခွဲ(၁)နှင့် အပျိုကြီးဆိုင်ကြားရှိ လမ်းကလေးနှင့်မလှမ်းမကမ်းရှိ တူးမြောင်းဘေးမှ ကုက္ကိုပင်ကြီးအောက်တွင် ကိုသက်နိုင်ပြောပြသော ရုက္ခစိုးဇာတ်လမ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

"နေဦးဗျ၊ ဇာတ်လမ်းကို ဘယ်ကနေ အစပြန်ကောက်ရမှာပါလိမ့်၊ အော် သိပြီ၊ ဗြဟ္မာ့ဘုံက လာသလိုလိုနေရာကနေ ပြန်စရအောင်၊ ကျနော် ရန်ကုန်ရောက်တော့ သမားတော်ကြီး ဒေါက်တာသိန်းဋ္ဌေးဖေ ဆေးခန်းမှာ အရက်စွဲရောဂါကို ပြရတယ်၊ စိတ်ရောဂါဆရာဝန်ကြီးပေါ့ဗျာ၊ တစ်ပတ်လောက်ကြာတော့ ကျနော့်အမှုအတွက် အယူခံရက်ကုန်တော့မှာမို့ ဇနီးသည် စံနစ်တကျ ပြင်ဆင်ပေးလိုက်တဲ့ အထုပ်အပိုးအပြည့်အစုံနဲ့အတူ ထောင်ထဲရောက်လာရော ဆိုပါတော့၊ တစ်သက်လုံး ထင်တိုင်းကြဲလာခဲ့တာမို့ တစ်ပတ်လောက် ဆေးထိုးဆေးစားရုံနဲ့ ကျနော်ခံစားနေရတဲ့ ဝေဒနာက ဘယ်မှာလာ သက်သာမတုန်းဗျာ၊ ထောင်ထဲသာ ဝင်လာရတယ်၊ လူက အူကြောင်ကြောင် ဖြစ်နေတုန်းဗျ၊ အင်းစိန်ထောင်ကျဆောင်ရောက်တော့ ထုံးစံအတိုင်း ကျနော်နဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းတွေ၊ တပည့်တွေ အများကြီးတွေ့ပေမဲ့ ညညဆို မအိပ်ပဲ ငုတ်တုတ် မိုးလင်းတဲ့ရက်တွေ ဆက်လာပြီး ကျနော့်ကို ရူးနေပြီလားလို့တောင် သံသယဝင်လာကြတယ်၊

ထောင်ဝါဒါဖြစ်နေတဲ့ တပည့်လေးတစ်ယောက်ဆို၊ ဆရာရယ် ကျနော် တတ်နိုင်တာ အကုန်လုပ်ပေးပါ့မယ်၊ ဆရာ့ကိုကြည့်ပြီး ကျနော်မခံစားနိုင်လွန်းလို့ပါတဲ့၊ ဒါနဲ့ သူ့အကူအညီနဲ့ အိပ်ဆေးတွေ သွင်းခိုင်းပြီး သောက်တော့လည်း သောက်နေကျ တစ်ခွက်စာနဲ့ အိပ်မပျော်ပြန်ဘူး၊ နှစ်ခွက်စာ တခါတည်း သောက်ချလိုက်ပြန်တော့ အိပ်ယာက ထမရအောင်ဖြစ်၊ ထောင်ထဲဆိုတော့ တော်တော်ကို ရှုပ်ပျက်ဆင်းပျက် နိုင်တာပေါ့ဗျာ။ ထောင်အရာရှိတစ်ယောက်ကဆို ဒီလူ သိပ်ကြာကြာခံမှာ မဟုတ်ဘူး၊ သွားမှာပဲတဲ့။

အင်းစိန်ထောင်ထဲမှာ နှစ်ပတ်လောက်ကြာတော့ အကျဉ်းဦးစီးဌာနစံအတိုင်း



www.burmeseclassic.com

www.burmeseclassic.com

လိုင်းဝင်ပြီး ဒီရဲဘက်ကို ထွက်ခဲ့တယ်၊ ရဲဘက်ရောက်ပြီး တစ်လကျော်လောက်မှာ ကျနော် အသက်ရှူလေ့ကျင့်ခန်း စလုပ်ခဲ့တယ်၊ အဲဒီလေ့ကျင့်ခန်းလုပ်ပြီး သုံးလလောက်အကြာမှာ ကျနော် ရုက္ခစိုးနဲ့ ဆုံခဲ့တော့ တာပဲဗျာ၊ ရုက္ခစိုးဆို တော့ သစ်ပင်ကိုစောင့်တဲ့ နတ်လို့ ပြောရမယ်ထင်ပါရဲ့၊

ထူးခြားတာက ကျနော်လေထဲမှာ ပျံနိုင်နေသလို ခံစားရတာ၊ ရုက္ခစိုးနဲ့တွေ့တာ စတဲ့ ထူးထူးဆန်းဆန်းအဖြစ်တွေဟာ ဒီစခန်းခွဲမှာ ကြုံတာမဟုတ်ပဲ ပင်မစခန်းမှာချည်း ကြုံရတာဗျ။ ကျနော့် စိတ်ထင် ပင်မစခန်း ထောင်ပိုင်ကြီးစားဖို့နားက ကျနော့်အိပ်ဆောင် ဘေးမှာ ရေမသစ်ပင်ကြီးတစ်ပင် ရှိတာကြောင့် အဲဒီရုက္ခစိုးဟာ အဲဒီအပင်ကြီးမှာ စတည်းချနေရော့သလားလား မဆိုနိုင်ဘူး"

ကျနော့်ရဲ့သမာဓိလေ့ကျင့်ခန်းတွေ တစတစရင့်သန်လာနေတဲ့ နေ့တွေထဲက တစ်နေ့ပေါ့ဗျာ။ ထုံးစံအတိုင်း လေ့ကျင့်ခန်းဖြုတ်ပြီး အိပ်ယာဝင်တဲ့အချိန်၊ အိပ်ပျော်သလို မပျော်သလို ဖြစ်နေတုန်းပေါ့။ တယ်လီဗေးရှင်းဖန်သားပြင်ပေါ်မှာ အရုပ်တွေ မပေါ်ခင်တွေ့ရတတ်တဲ့ အမှုန်လေးမျိုးတွေ ဖျတ်ကနဲ ဖျတ်ကနဲ ကျနော့်အာရုံကနေ ထင်လာတယ်။ အမှုန်ကွက်ကလေးက ရှည်မျော်မျော်ဗျ။ အရွယ်အစားက သုံးပေ နှစ်ပေဝန်းကျင်လောက်ရှိမယ်၊ အဲဒီအမှုန်လေးတွေဟာ လေးထောင့်၊အဝိုင်း စသည်ဖြင့် ပုံသဏ္ဌာန် အရွယ်အစားတို့တိုကျကျ မဟုတ်ဘူး၊ အမှုန်တွေဟာ ရောင်စုံမဟုတ်ပဲ၊ အဖြူ အမဲသက်သက်ဗျ၊ အမှုန်တွေဟာ အရောင်တောက်တယ်၊ တောင်ရွေ့မြောက်ရွေ့ လုပ်နေတယ်၊

ကျနော်လည်း စိတ်ထဲမှာ တအံ့တဩနဲ့ ဘာတွေများပါလိမ့်ဆိုပြီး အမှုန်တွေကို စိုက်ကြည့်နေတော့ တစုံတစ်ယောက်က တစ်ခုခုပြောလိုက်သလို ခံစားလိုက်ရတယ်။

ထိုပြိုင်နက်မှာပဲ ကျနော့်စိတ်ထဲကနေ သူဘာကိုဆိုလိုသလဲဆိုတာ အလိုလို နားလည်လာတယ်။ အသံကြားရတာ မဟုတ်ဘူး။ စိတ်ချင်းဆက်ပြီး သူနဲ့ကျနော် အပြန် အလှန်နားလည်နေတဲ့ပုံစံ။ အဲဒီအမှုန်လှိုင်းကလေးတွေကနေ လွှင့်ထုတ်လိုက်တဲ့ ဘာသာ စကားဟာ အရှိန်မြန်လွန်းတော့ သူ့ရဲ့ပထမဆုံး စကားတချို့ကို ကျနော်နားမလည် လိုက် ဘူး။ နောက် စကားလုံးက သူဟာ ရုက္ခစိုးပါတဲ့။ ဒီမှာတင် ကျနော်နားမရှင်းလိုက်တဲ့ သူ့ရဲ့ပထမဆုံးစကားဟာ သူ့နာမည်နဲ့လိပ်စာကိုပြောခဲ့တာပဲလို့ ပြန်သဘောပေါက် လာ ပြန်ရောဗျာ။ ဒါပေမဲ့ နာမည်နဲ့လိပ်စာအတိအကျကိုတော့ ကျနော့်စိတ်မှာ မပေါ်ပြန်ဘူး။

ကျနော်ကလည်း ချက်ချင်းဆိုသလို ခင်ဗျားက ရုက္ခစိုးဆိုတော့ ကျနော် ဘာလုပ်ပေးရမလဲ လို့ပြန်မေးမိတယ်။ ဒီတော့သူက အခု မင်းဒုက္ခရောက်နေတဲ့အချိန်မို့ ငါကူညီရမဲ့ ဝတ္တရားရှိတယ်၊ မင်းလိုချင်တာ ဖြစ်စေရမယ်တဲ့။ မင်းဘာလိုချင်သလဲ ဘာဖြစ်ချင်သလဲတဲ့။

www.burmeseclassic.com

ဘုရားစူးစေ့ဗျာ။ ကျနော့်တစ်သက်လုံး အောင်မြင်မှုတွေနဲ့ ငွေကြေးနောက်ကို လိုက်နေခဲ့တဲ့ကောင်မို့ အထုပ်ရှုပ်တွေကို စိတ်ကုန်နေတဲ့အချိန် ဖြစ်နေလို့ထင်ပါရဲ့၊ ကျနော့်စိတ်ထဲမှာ ဝမ်းသာအားရလည်း မဖြစ်သလို၊ ဘာ လောဘစိတ်မှ မပေါ်ခဲ့ဘူးဗျာ။ ဒီတော့ ကျနော်လည်း ကိုရွှေရုက္ခစိုးကို ဘာမှမလိုချင်ဘူးဗျာလို့ စိတ်ထဲက ပြန်ပြော ဖြစ်တယ်။ သူက ဆက်ပြောသေးတယ်။ ဒါပေမဲ့ ကျနော် မသဲကွဲဘူး၊ ကျနော့်စိတ်ထဲ သိပ်မယုံတာလည်း ပါမယ်ထင်ရဲ့၊ သူပျောက်သွားတယ်။

ကိုယ်တော်ချောက လက်မလျော့ဘူးဗျ။ နောက်နှစ်ရက်လောက်ကြာတော့ ထပ်ပေါ်လာပြန်ရော။ မင်းက ငါ့ကိုမယုံဘူးလားတဲ့။ ကျနော်ကလည်း စိတ်ထဲမှာ ခပ်ပေါက်ပေါက်နဲ့ ကဲ မယုံဘူးဗျာ။ ခင်ဗျားက ဘာတွေရအောင် လုပ်ပေးမှာလည်း ဆိုတော့ မင်းလိုချင်တာပြောလေတဲ့ လုပ်ပြန်ရော။ ရုက္ခစိုးက အဲသလိုခဏခဏလာပြီး နားပူနားဆာလုပ်တာ အကြိမ်များလာတော့ ကျနော်လည်း အငေါ် တူးချင်စိတ်ပေါက် လာတာနဲ့ နေပါဦး၊ ခင်ဗျားက ကျနော့်ကို ဟိုဟာလုပ်ပေးမယ်၊ ဒီဟာလုပ်ပေးမယ် ဆိုတော့ အလကားလုပ်ပေးမှာလား၊ ပွဲစားခကော ပေးရအုံးမှာလား၊ ခင်ဗျားကို ကျနော် မယုံဘူး၊ ကဲ ဒီလောက်တောင် လုပ်ပေးချင်နေရင် ကောင်းမယ်ထင်တာသာ လုပ်ပေးပေတော့၊ ပွဲခပေးရ မယ်ဆိုရင် တစ်ရာကို နှစ်ဆယ်ရာခိုင်နှုန်း (တွမ်တီ ပါဆင့်)ယူပေတော့လို့ ပြောမိရောဗျာ။ ဒီမှာတင် ကိုယ်တော်ချော ပျောက်သွားပြန်ရော။

နောက်နေ့ကျတော့ ပေါ်လာပြန်ရော။ သူက တော်တော်ခက်တဲ့ လူပါလားတဲ့ မင်းက ငါ့ကို မယုံပဲကိုး။ မင်း ငါ့ကိုမယုံရင် မင်းလက်တစ်ဖက် ငါ့ကိုပေးတဲ့။ ကျနော့်မ တွေ့သမျှ ဘိုးတော်၊ ရုက္ခစိုး လက်ချည်းပေးနေရတော့တာပဲ။ အသက်ကြီးမှဗျာ ကျနော့်ကို လက်မပေးတတ်ဘူး ထင်နေကြရှာ့သလား။ ကျနော်က ညာဖက်လက်ကို ကမ်းပေးလိုက်တော့၊ မင်းငါနဲ့လိုက်ခဲ့ဆိုပြီး ခေါ်သွားပါလေရော။

ကျနော်လည်း အထက်မိုးလမ်းသွားဖို့ စက်ကြိုးယန္တယားမပါပဲ ဝေဟင်မှာ လေဟုန်စီးပြီး ပေတစ်ရာအမြင့်လောက်ကနေ သူ့နောက်ကို ပါသွားတော့တာပါပဲ။ ... ခေါ်သွားတာက လှိုင်မြို့နယ်က ကျနော်နေတဲ့အိမ်နားကိုပဲဗျ။ လေထဲမှာ မြင့်သွားလိုက် နိမ့်သွားလိုက်နဲ့ ခေါ်သွားရာက ကျနော့်အိမ်နဲ့ မလှမ်းမကမ်း တစ်နေရာကိုရောက်တော့ မြေပြင်ပေါ်ကို ဆင်းလိုက်ကြတယ်။ လေထီးခုန်ဆင်းတာနဲ့တောင် တူသေးဗျာ မြေပေါ်ကျကျချင်း ခြေထောက်လေးငါးလှမ်း ယက်လို့။ ပင်မစခန်းနဲ့ ကျနော့်အိမ်ပ မိုင်တစ်ရာကျော်ဝေးပေမဲ့ ရုက္ခစိုး၊ ကျနော့်ကိုခေါ်သွားတဲ့ လေကြောင်းခရီးစဉ်က ပျံသ ချိန် တစ်မိနစ်ထက်မပိုဘူးဗျာ။

အဲဒီအိမ်နေရာကို ကျနော်သိတယ်ဗျ။ ကျနော့်ရဲ့ကျောင်းနေဘက်သူငယ်ချ



www.burmeseclassic.com

www.burmeseclassic.com

မဝင်းကြည်တို့နေခဲ့တဲ့အိမ်။ သူ့အဖေက ဦးတင်ခ၊ ဦးတင်ခဆိုတာ ကျနော်တို့ခေတ် နာမည်ကြီး၊ တောင်သူလယ်သမားအကြိုက် အဆိုတော် ဟသ်ာတအောင်တင်ဝင်းရဲ့ အကိုအကြီးဆုံး။ ကြုံတုန်းပြောရရင် ဟသ်ာတအောင်တင်ဝင်း အပါအဝင် သူ့ညီအကို မောင်နှမတွေ အားလုံး၊ တစ်ယောက်မကျန် ကျနော်အကုန်သိတယ်ဗျ၊ အာကြမ်း လျှာကြမ်းနဲ့ သူ့အမ မသိန်းရွှေ၊ နောက်သူ့အောက်က ကိုသောင်းရွှေ၊ နောက် ကိုတင်မြ၊ သူတို့အားလုံး ကျနော်တို့ လမ်းထဲမှာနေတာလေ၊ ကျနော်လူပျိုပေါက်အရွယ်၊ အိမ်ရှေ့မှာ ရေချိုးနေတုန်း ဟသ်ာတ အောင်တင်ဝင်း ကျနော့်အိမ်ရှေ့ရောက်လာတယ်၊ အမှန်က သူ့အမေ ဒေါ်စံမယ် နေမကောင်းလို့လာကြည့်တာဗျ။ တိုက်ဆိုင်ချင်တော့ သူလည်း ကျနော့်အိမ်ရှေ့ရောက်ရော ကျနော့်အိမ်ကရေဒီယိုကနေ မပြည့်လေသော ကိုယ့် ဆုတောင်းဆိုတဲ့ သီချင်းလာနေလို့ ကျနော်လည်း လမ်းမပေါ်က သူ့ကို "ဗျို့ ကိုတင်ဝင်း ခင်ဗျားသီချင်း ရေဒီယိုက လာနေတယ်ဗျ"လို့လည်း လှမ်းအော်လိုက်ရော သူက လမ်းပေါ်မှာရပ်ပြီး သူ့သီချင်းကို သူပြန်နားထောင်သွားဖူးတယ်ဗျာ။ အဲဒီတုန်းက သူ့ကြည့်ရတာ သူ့ဘဝကို ဂုဏ်ယူကျေနပ်နေပုံပါပဲ။ အသားဖြူဖြူ မျက်နှာမှာ ကျောက် ပေါက်မာသဲ့သဲ့နဲ့ တကယ်စိတ်ထားဖြူစင်တဲ့သူပဲဗျာ။ ထားပါတော့ဗျာ။

ဟိုတုန်းက ဦးတင်ခရဲ့အိမ်မှာ ရပ်ကွက်ပြည်သူ့ဆိုင် ဖွင့်ဖူးတယ်။ ကျနော်နဲ့ ရက္ခစိုး အဲဒီနားမှာ ယောင်လည်လည် လုပ်နေကြတုန်း ကျနော့်စိတ်ထဲမှာ မဝင်းကြည်တို့ အိမ်နေရာတော့ဟုတ်ပါပြီ၊ အဆောက်အဦးက မဝင်းကြည်တို့အိမ်နဲ့ မတူသလိုပဲလို့ တွေးမိသေးတယ်ဗျ။

ကိုရွှေရက္ခစိုးက အဲဒီအိမ်ထဲကို လက်ညှိုးထိုးပြီး မင်းကြိုက်တာ ဝင်ယူတော့တဲ့။ အိမ်ထဲမှာ မီးလင်းနေတယ်။ အမျိုးသမီးတစ်ယောက် အဲဒီအဆောက်အဦးထဲက ထွက်လာပြီး ဘေးဖက်ကို ကပ်ပေးတယ်။ ကျနော်ကလည်း ဟာ၊ သူများပစ္စည်း ကျနော်မလိုချင်ဘူး။ ပိုင်ရှင်ရှိတာတော့မလုပ်ပါနဲ့ လို့ ငြင်းလိုက်တော့ သူပျောက် သွားရော။ ကျနော်လည်း ရဲဘက်က ကုတင်ပေါ်ပြန်ရောက် လာရောဗျာ။

လားလား မနက်မိုးလင်းလို့ ကျနော်ပြန်စဉ်းစားတော့မှ အဲဒီနေရာမှာ မီးလောင်သွားခဲ့လို့ မဝင်းကြည်တို့ အိမ်မရှိတော့ဘူး။ အောင်ချမ်းသာကျောင်း တိုက်ပိုင်ဖြစ်ပြီး စေတီခပ်ကြီးကြီးတစ်ဆူတည်ထားတာ သွားသတိရတော့တယ်။ တော်တော်ဆိုးတဲ့ ရက္ခစိုးဗျာ။ ဘယ့်နှယ် ဌာပနာတိုက် သွားဖောက်ခိုင်း နေရတယ်လို့။ ကျနော့်စိတ်ထဲတော့အဲဒီလိုပဲ ထင်လိုက်မိတယ်ဗျာ"

ကိုသက်ခိုင့်စကားအဆုံးတွင် ကျနော်က သံသယရှိသည့်လေသံဖြင့်...

"ခင်ဗျား ဥစ္စာက ယုံဘို့တော့ခပ်ခက်ခက်ပဲ၊ အိပ်မက်မက်တာများ ဖြစ်မို မလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟ အိပ်မက်မက်တယ်ဆိုရအောင် တစ်ကြိမ်လည်းမဟုတ် နှစ်ကြိမ်လည်းမဟုတ်ဗျာ၊ ကျနော်လည်း အံ့ဩလွန်းတာနဲ့ ဒီလိုကြုံရတွေ့ရတာဟာ ဘာကြောင့်များပါလိမ့်ဆိုပြီး နီးရာစာအုပ်တွေ လျှောက်လှန်တော့ ထူးထူးဆန်းဆန်းဗျာ၊ အခုကျနော်ဖတ်နေတဲ့ ဆရာသက်ကြီးရဲ့ ဝိပဿနာရှုနည်း လက်စွဲစာအုပ်လေးမှာ ပါနေတယ်ဗျာ"

"အော် အဲဒီလို ရုက္ခစိုးနဲ့တွေ့ရတတ်တယ်ဆိုတာမျိုး ရေးထားသလား"

"အေးဗျ၊ တိတိကျကျကို ရေးထားတာ၊ ခင်ဗျားကို သေချာအောင် တစ်ခုထပ်ပြောပါရစေ၊ ကျနော်က ဒီစာအုပ်ကို အရင်ဖတ်ပြီး စိတ်က တောင်ထင်မြောက်ထင်ထင်တာမျိုးမဟုတ်ပဲ ရုက္ခစိုးနဲ့တွေ့ပြီးမှ ဒီစာအုပ်ထဲမှာ အဲဒီအကြောင်း ဖတ်မိတာဗျ၊ စာမျက်နှာ(၆၅)(၆၆)မှာ၊ ကျနော်ဖတ်ပြမယ်၊ နားထောင်။

**နတ်တွေဘာတွေကို ဂရုစိုက်မနေနှင့်**

"တခါတရံ သမ္မာဒေဝနတ်တွေ ရုက္ခစိုးတွေနှင့် တွေ့ရတတ်၏။ စကားပြောရတတ်၏။ သို့ရာတွင် တွေ့တုန်းအခါက မိမိစိတ်မှာ မထူးဆန်း၊ လူချင်းတွေ့ရသကဲ့သို့ပင် ရှိတတ်၏။ သူတို့ကလည်း ကြောက်လန့်အောင် မလုပ်နိုင်။ တချို့ကမူကားအားပေး၍သွားကြ၏။ အချို့မှာ မိမိက အလိုရှိလျှင် လာတတ်၏။ မေးလျှင်လည်းပြန်ကြားဖြေဆိုတတ်၏။

ဤအခါ သမထအားထုတ်သော ယောဂီသည် မိမိအလုပ်ကို မိမိကောင်းစွာဆက်မထိုင်ပဲ နတ်တွေနှင့်သာပျော်မွေ့၍ နေတတ်ကြ၏။ မိမိကိုယ်မိမိ အထင်ကြီးပြီးနတ်ယောင်ယောင် ဝိဇ္ဇာယောင်ယောင်နှင့် အတော်ကြာ ဘာဘဲဖြစ်တော့မလိုလို။ အတော်ကြာ ဘာဘဲရတော့မလိုလို ထင်နေတတ်ကြသည်။ ကြာတော့ကာ ပြောပုံဆိုပုံရူးကြောင်ကြောင်နှင့် ဖြစ်လာတတ်ကြသည်။ ဤသို့ဖြင့် တောင်မရောက် မြောက်မရောက်နှင့် မူလက ရည်ရွယ်ရင်းကမ္မဋ္ဌာန်းအလုပ် ပျက်တတ်သည်။

ထို့ကြောင့်သမထ ကမ္မဋ္ဌာန်း အလုပ်မှာ ဝိပဿနာကို ပြ၍ မြင်လွယ်လောက်တဲ့သမာဓိအားရှိလျှင် သမထကို ဖြတ်၍ ဝိပဿနာကို ရှုသွားတာကောင်းသည်။

ဤနေရာ၌ စောဒကဝင်စရာရှိရဲ့၊ ဘယ်လိုဝင်မလဲဆိုလျှင် ဒီလိုသာဖြင့် ဈာန်အဘိညာဉ် ရအောင် အားထုတ်တဲ့သူများ ဒီလိုပဲဖြစ်နေရတော့မှာလားဟု မေးစရာရှိရဲ့၊ ထိုအခါ ဖြေဆိုရမည်မှာ ဈာန်အဘိညာဉ်ရအောင် အားထုတ်သောပုဂ္ဂိုလ်များက ဤကဲ့သို့ရုက္ခစိုး အစရှိသော နတ်တွေနှင့် တွေ့ရ မြင်ရ ပြောဆိုရတာနှင့် အာရုံမပြေ၊ မနှစ်သက်။ မိမိတရားကို မိမိဆက်လက်၍သာ အားထုတ်သွားကြပေသောကြောင့် ဈာန်အဘိညာဉ်ရသည်အထိ ပေါက်ရောက်သွားကြပေသည်။"တဲ့။

"ကဲ... ကျနော်တော့ ကံအားလျော်စွာ ဒီတောင်ကိုကျော်နိုင်ခဲ့တယ် ဆိုပါတော့



www.burmeseclassic.com

www.burmeseclassic.com

ဗျာ။ လေ့လာ အားပြုစရာတွေ ရှိလာတော့ ကျနော်လုပ်နေတဲ့ သမထအလုပ်ကိုရပ်ပြီး ဝိပဿနာဘက်ကို လှည့်ရတော့တာပေါ့ဗျာ။ ဖြစ်ပျက်မြင်တယ်ဆိုတာ ဝိပဿနာလိုင်းဗျ။ သမထနဲ့ကတခြားစီ။ ဒီနေရာမှာ နတ်တွေရက္ခစိုးတွေကို ဂရုမစိုက်နဲ့ဆိုတာ တော်တော် အဓိပ္ပါယ်ရှိတယ်။ ခင်ဗျားစဉ်းစားကြည့်၊ အဲသလို သူတို့ကလာပြီး ဆက်သွယ်တယ်ဆိုတာ သူတို့ဆက်သွယ်လို့ရလောက်တဲ့ အခြေအနေအားလုံးနဲ့ ကိုက်ညီနေမှ ဆက်သွယ်လို့ ရတာမျိုးဗျ။ ဆိုလိုတာက စောင့်ထိန်းမှု တည်ငြိမ်မှုဆိုတဲ့ သီလ သမာဓိတွေပြည့်စုံနေတဲ့ အချိန်မျိုးမှာမှ ဆက်သွယ်နိုင်တာပေါ့ဗျာ။ ခင်ဗျားတို့ ကျနော်တို့ လူသာမန်တွေအဖို့ အချိန်မရွေး သီလသမာဓိ ပျက်သွားနိုင်တယ်၊ ဒါကြောင့် အကြားအမြင်ရသလိုလို ရက္ခစိုးမှော် အောင်သလိုလိုနဲ့ ရှေ့ဖြစ်နောက်ဖြစ်တွေ ဟောကြပြောကြသူတွေဟာ နတ်တို့ ရက္ခစိုးတို့နဲ့ ချိတ်ဆက်နိုင်ချိန်မှာ အဆင်ပြေနေပေမဲ့ ကိုယ်လိုတဲ့အချိန် ရွှေကိုယ်တော်က ဆက်သွယ်မှု ဧရိယာပြင်ပရောက်နေရင် လူလိမ်ဖြစ်ရော။

အမှန်က ကျနော်လေ့ကျင့်အားထုတ်ခဲ့တယ်ဆိုတာ အကြားအမြင်ရချင်စိတ်၊ မှော်အောင်ချင်စိတ်ကြောင့် မဟုတ်ဘူးဗျ၊ လောကကြီးကို ငြီးငွေ့စိတ်ပျက်လွန်းလို့ ကြောက်ကြောက်နဲ့ သိသမျှ တတ်သမျှ လျှောက်လုပ်နေခဲ့တာကလား။ ဒီမှာတင် သမထ ဖက်ကို ရောက်သွားပြီး လူတကာမယုံနိုင်တဲ့ ဇာတ်လမ်းတွေ ကြုံရရော ဆိုပါတော့ဗျာ။ ကျနော့်မှာ သမထအားကောင်းနေပြီဆိုတာ ကျနော်ကိုယ်တိုင် သိလိုက်တဲ့ အဖြစ်လည်း ရှိသေးတယ်ဗျ။ ကြုံတဲ့အခါပြောကြသေးတာပေါ့။"

ကိုသက်နိုင်က သူ့ဇာတ်လမ်းကို အဆုံးသတ်ရင်း ကုဏ္ဍိုမြစ်ဆုံပေါ်မှ ရုတ်တရက်ထကာ စခန်းခွဲဆီသို့ ခြေလှမ်းပြင်လိုက်သဖြင့် လာရာလမ်းအတိုင်း ထိုစဉ်ထိုကာလက ကျနော်တို့ယာယီနားခိုရာ စခန်းခွဲ(၁)သို့ အတွေးကိုယ်စီနှင့် ပြန်ခဲ့ကြပါသည်။

❁ ❁ ❁ ❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

# ၉။ ယုံရခက်ကြီး

ကျနော်တဲပေါ်သို့တက်လာချိန်တွင် ကိုသက်ခိုင်သည်သတင်းစာတစ်ထပ်ကြီး နှင့် အလုပ်ရှုပ်နေလေသည်။

အချိန်ကား နေ့လည်ဆယ့်နှစ်နာရီကျော်ခန့်ဖြစ်၍ ရဲဘက်များ အဆောင် ပေါ်တွင် ခေတ္တနားနေချိန်ဖြစ်သည်။ အချို့ကား အိပ်စက်အနားယူလျက်၊ အချို့ကား လေးငါးယောက်တဝိုင်း ရောက်တတ်ရာရာ စကားဝိုင်းဖွဲ့လျက်။ နေ့လည်နေခင်း အိပ်စက် လေ့မရှိသော ကျနော်သည် ပျင်းပျင်းရှိသည်နှင့် အဆောင်ပေါ်မှဆင်းကာ ကိုသက်ခိုင် ရှိရာတဲဆီသို့ လျှောက်လာခဲ့ခြင်းဖြစ်သည်။

အဆောင်ပေါ်မှ ဆင်းသည့်လှေခါးအုတ်ခုံအဆုံးတွင် ဆယ်ပေခန့်ကျယ်သော မြေလမ်းကလေးရှိသည်။ လမ်းကလေး၏ ဘေးတွင်ကား ပေတစ်ရာပတ်လည်ခန့် ရေကန်ငယ်တစ်ခုရှိသည်။ တစ်ခါတုန်းက အဆိုပါ ရေကန်တွင်းမှ ရေနံလိုလို ညစ်ညစ်အရည်များ စိမ့်ထွက်လာသည်ကို တွေ့ရသဖြင့် ကိုသက်ခိုင်ကို ကျနော် ဖော်ပြဖူးသော ရေကန်ဖြစ်၏။

ကန်ပတ်လည်လမ်းမှာ မိုးအခါ ဗွက်ထလွန်းသဖြင့် အုတ်ခဲကျိုး ကွန်ကရစ် ကျိုးတချို့ဖြင့် သွားသာလာသာအောင် မွမ်းမံထားရသည်။ တစ်ခါတစ်ရံ ဖိုကြီးက ဖွဲ့ပြာ တို့သည် အဆိုပါလမ်းကလေး၏ ကတ္တရာနေရာတွင် အစားထိုးနေရာယူလေ့ရှိ၏။ ထိုလမ်းကား ကျနော်တို့ ရဲဘက်စခန်း၏ အရှေ့နှင့် အနောက်ကို ဆက်သွယ်ပေးထား၏။ အရှေ့ဖက်အဆုံးတွင် ဖိုကြီးရှိ၍ အနောက်ဖက်အဆုံးတွင် စခန်းခွဲတာဝန်ခံထောင်မှူး၏ နေအိမ်တန်းလျားရှိသည်။

ထောင်မှူးတန်းလျားသို့မရောက်မီ ပေငါးဆယ်ခန့်အကွာတွင် အဆောင်ရှေ့က ရေကန်ကို ပတ်ထားသည့် နောက်ထပ်လမ်းငယ်လေးတစ်ခုအတိုင်း ပေတစ်ရာခန့် ဆက်လျှောက်ပြီး ရေကန်၏ ထောင့်တည့်တည့်အရောက်တွင် ကိုသက်ခိုင့်တဲငယ် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

စခန်းခွဲတခုလုံးကား အတန်ငယ်ဆိတ်ငြိမ်လျက်ရှိလေသည်။ စခန်းခွဲအနီး ဟိုတစ်ပင်သည်တစ်ပင် ရှိနေကြသော လဲမှို့ပင်များမှာ ရွက်နုထွက်စပြုနေချေပြီ။ ကန်ဘောင်ပတ်လည်တွင်ရှိသည့် ပေါက်ပန်းဖြူပင်တချို့နှင့် ဆူးပုတ်ပင်တချို့လည်း လဲမှို့ပင်များနှင့် ဝတ်စုံတူပင်ဖြစ်နေသည်။ လဲမှို့ပင်တို့ကား အလေ့ကျပေါက်နေ ဟန်ရှိပြီး ပေါက်ပန်းဖြူနှင့် ဆူးပုပ်တို့ကား ရဲဘက်တချို့၏ စိတ်ကူးဖြင့် စိုက်ပျိုးထားဟန်ရှိသည်။ စခန်းခွဲတစ်ခုလုံး၏ မြောက်အရပ်တွင်ရှိသည့် တူးမြောင်းငယ် တလျှောက်တွင် ငှက်ပျောပင်တန်းများဖြင့် စိမ်းညို့သယောင် ရှိနေလင့်ကစား ကျွန်းအရပ် သုံးမျက်နှာကား နေရှိန်ကြောင့် တဲလျှပ်များပင် ထလျက်ရှိ သည်။

တဲပေါ်သို့ကျနော်ရောက်ချိန်တွင် သူက ကျနော့်ကို မော့မကြည့်သေးကြောင့် ကျနော်က အသံပြုလိုက်ရသည်။

"သတင်းစာတွေ တထပ်ကြီးနဲ့ ဘာတွေ အလုပ်ရှုပ်နေပြန်ပြီတုန်းဗျ"

"အော် ကိုမင်းဒင် လာဗျာ။ ပြည်ထောင်စုအင်္ဂါစဉ်ကို ရေးချကြည့်နေတာဗျ"

"ဘာတုန်းဗျ၊ ပြည်ထောင်စုအင်္ဂါစဉ်ဆိုတာ၊ ခင်ဗျားပြောလိုက်ရင် စကားအဆန်းချည်းပဲ"

"အော်၊ အာဏာတန်းစီဇယား ဆိုပါတော့ဗျာ။ နိုင်ငံတော်အင်္ဂါစဉ်လို့လည်း သုံးတယ်ထင်ပါရဲ့"

"သေချာရှင်းပါအုံးဗျာ"

"အော်၊ အခုအချိန်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ်ဆိုတော့ အာဏာအရှိဆုံး နံပါတ်တစ်ပုဂ္ဂိုလ်ဟာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒုတိယ အာဏာအရှိဆုံးက ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး၊ တတိယအာဏာအရှိဆုံးက ဗိုလ်ချုပ်ကြီးခင်ညွန့် စသည်ဖြင့်ပေါ့ဗျာ"

"ဒါနဲ့ အဲဒီအင်္ဂါစဉ်ကို ဘယ်သူတွေက သတ်မှတ်တာတုန်းဗျ"

"အစိုးရအဖွဲ့ကနေ ထုတ်ပြန်ရတာမျိုးပါ။ စစ်ခေတ်ကြီးမှာတော့ ကိုယ့်ဘာသာ ကိုယ် ကိုယ့်အုပ်စုအချင်းချင်း ပြန်ပြီးသတ်မှတ်ကြတဲ့ သဘောပါပဲဗျာ"

"ဒါများဗျာ၊ ပုခုံးပေါ်က အပွင့်ကို ရေကြည့်လိုက်ရင် သိရောမဟုတ်ဘူးလား"

"ဒီလိုလဲ မဟုတ်သေးဘူးဗျ။ တခါတရံ နိုင်ငံရဲ့ လိုအပ်ချက်အရဆိုပြီး ထူး ခြားခြား ခန့်အပ်ခံရတဲ့ သူတစ်ချို့လည်း ထိပ်မှာရောက်နေတာပဲ။ ဦးနေဝင်းရဲ့ မဆလအစိုးရလက်ထက်၊ နိုင်ငံတော် သမ္မတရဲ့ စစ်ဖက်လက်ထောက် ထောက်လှမ်းရေးအကြီးအကဲ မျက်မှန်ကြီး ဦးတင်ဦးကို ခန့်အပ်တုန်းက ဦးနေဝင်း သူ့မဲ့ဆိုပြီး အာဏာကြီးခဲ့ဖူးတယ်လေဗျာ"

"အခု အဲဒီအင်္ဂါစဉ်ကို သတင်းထဲမှာ ထုတ်ပြန်လိုက်လို့လား"

www.burmeseclassic.com

"မဟုတ်ဘူးဗျ။ [illegible] နိုင်ငံတော်[illegible]အနားတွေနဲ့ ပတ်သက်တဲ့ သတင်းတွေထဲက ရှေ့နောက်နာမည်အထားအသိုကို ကြည့်ရင် နိုင်ငံတော်အဂ္ဂါစဉ်ကို အနီးကပ်ဆုံး အကဲခတ် လို့ရနိုင်တယ်။ နိုင်ငံတော်အကြီးအကဲတွေ စုံညီတက်ရောက်တဲ့ အစည်းအဝေးတွေမှာ ထိုင်ခုံတွေနေရာချတဲ့အခါ အဲဒီ အဂ္ဂါစဉ်က တော်တော်အရေး ပါတယ်ဗျ။ နေရာအပေးမှားရင် နားလည်မှုလွဲနိုင်တယ်။ ပြဿနာရှိနိုင်တယ်"

"နေပါဦး၊ ထိုင်ခုံဇယားခင်းရမယ်ဆိုတော့ ဒီရဲဘက်စခန်းကို နိုင်ငံတော် အကြီးအကဲတွေ လာမယ် ကြားလို့လားဗျ"

"ခင်ဗျားနဲ့တော့ ခက်နေပါပြီ၊ စကားကို ဆုံးအောင်နားထောင်ပါအုံးလေ"

ကိုသက်ခိုင် ကျနော့်စကားကို ဖြတ်နေသည့်ကြားက ကျနော်ဆက်၍အငေါ်တူးလိုက်မိပြန်သည်။

"နိုင်ငံတော်အဂ္ဂါစဉ်တော့မသိဘူးဗျ။ ဒီရဲဘက်စခန်းအဂ္ဂါစဉ်မှာတော့ ကိုသက်ခိုင်က ဇယားထိပ်မှာ ရှိနေလောက်တယ်။ ခင်ဗျား ရဲဘက်ရောက်နေတာကို မမှနေရှေ့သလား နိုင်ငံတော် အဂ္ဂါစဉ်နဲ့ ခင်ဗျားနဲ့ ဘာဆိုင် လို့တုန်း"

"အော်၊ ပြောလေဆိုးလေပါပဲလားဗျာ၊ အခုရဲဘက်စခန်းမှာ ပြောဆိုနေကြတာ ခင်ဗျားမကြားမိဘူးလား၊ တာဝန်ခံထောင်မှူးရာထူးတိုးတော့မယ် ဘာညာဆိုပြီး အသံထွက်နေကြတာ။ အမှန်က ရာထူးတိုးမှာ မဟုတ်သေးဘူးဗျ။ အကျဉ်းဦးစီးဌာန ရာထူးတိုးစာမေးပွဲ ဖြေဖို့လျှောက်လွှာခေါ်တာ၊ ခင်ဗျားသိတဲ့အတိုင်း အကျဉ်းဦးစီးမှာ တစ်ပွင့်ကနေ နှစ်ပွင့်ဖြစ်ဖို့၊ နှစ်ပွင့်ကနေ သုံးပွင့်ဖြစ်ဖို့ဆိုတာ လူ့ပြည်က အပ်တစ်စင်းနဲ့ ဗြဟ္မာပြည်က အပ်တစ်စင်းဆုံဖို့ခက်သလို ခက်ခဲတာကလား"

"ခင်ဗျားရှင်းမှ ပိုတောင်ရှုပ်နေပြန်ပြီ၊ ထောင်မှူးတွေ ရာထူးတိုးစာမေးပွဲရှိတာနဲ့ ခင်ဗျား ပြည်ထောင်စု အဂ္ဂါစဉ်ကို ပြုစုနေတာ ပိုတောင် အလှမ်းဝေးနေသေးတယ်"

"ဒီလူနဲ့တော့ခက်နေပါပြီ၊ ကျနော်တို့စခန်းတာဝန်ခံ ဦးအေးနိုင်အပါအဝင် ကမြားထောင်မှူးတွေပါ အဲဒီစာမေးပွဲ ဝင်ဖြေကြမှာမို့ ရေးဖြေနှုတ်ဖြေအတွက် လိုအပ်တဲ့ အချက်အလက်တွေ စုဆောင်းပေးနေတာဗျ။ ကျနော့်ဇနီးက ထွေ့တွေ့လာတဲ့အခါတိုင်း သတင်းစာတထပ်ကြီးယူလာတယ်။ ကျနော်က တစ်လုံးမကျန်ဖတ်တယ်။ ကျနော် အပြင်မှာ ရှိစဉ်တုန်းကလည်း အလုပ်သဘောအရ ဝန်ကြီးဌာနအတော်များများရဲ့ အကြောင်းတွေကို သိနေတယ်။ ဦးအေးနိုင်နဲ့ စကားလက်ဆုံကျတဲ့အခါ ဘယ်ဌာနက ဘယ်ဝန်ကြီး၊ ဘယ်ဗိုလ်ချုပ်ကြီး၊ ဘာဖြစ်နေတယ် ဘာလုပ်နေတယ် ဆိုတာတွေ အပြေ့ပြောမိရာကနေ ရာထူးတိုးစာမေးပွဲအတွက် သင်ရိုးညွှန်းတမ်းပြုစုဖို့ ကျနော့်ခေါင်းပေါ် ရောက်လာတော့တာပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com

အပြောင်အပြက်သဘောနှင့် အထေ့အငေါ့စကားဆိုနေမိသော ကျနော့်စိတ်ထဲမှာ “ခွေး” တစ်လုံး သာရေးရွတ်လျက် ကိုသက်ခိုင်ကို ငေးကြည့်နေလိုက်မိသည်။ ကိုသက်ခိုင်ကား ပြဿနာက သူ့ဆီ မလာလျှင် သူက ပြဿနာဆီ သွားမည့် သူမျိုးပေတည်း။ ရောက်လာသည်က ရဲဘက်အကျဉ်းသားဘဝ၊ ဖြစ်နေသည်က နေရာတကာ သူ့ခြေသူ့လက်မို့ ပါရမီလော၊ ဝဋ်ကြွေးလော၊ ဝေခွဲရန်ခက်လှပါသည်။ ရဲဘက်များထဲမှ ဘုတ်ခေါင်းဆောင်ရွေးလျှင်လည်း သူပါသည်။ ရဲဘက်မူလတန်းကျောင်းမှာ ဆွဲခန့်ဆရာလိုတော့လည်း သူနှင့်မကင်း၊ ရဲဘက်သက်သာဆိုင်ဖွင့်တော့လည်း သူ့ကို ဆင့်ခေါ်ကြပြန်သည်။ ထိုမျှမက စပါးစိုက်ကွင်း မြေပုံထုတ်ခြင်းမှသည် နိုင်ငံတကာကြက်ခြေနီ စစ်ဆေးရေးလာရောက်သည့် ကိစ္စအဆုံး နေရာတိုင်းမှာ သူ့မျက်နှာပါတကား။ ယခုလည်း ထောင်မှူးရာထူးတိုး စာမေးပွဲကိစ္စမှာ မဆီမဆိုင် ဝင်ပါနေပြန်ချေပြီ။ ကျနော်က သူ့ကို စကားထောက်လိုက်မိပြန်သည်။

“နေပါဦး၊ သူတို့ရာထူးတိုးဖို့ ဒီသတင်းစာတွေနဲ့တင် လုံလောက်ရောလားဗျာ”

“ရော၊ ဒီတခုတည်းနဲ့တော့ ဘယ်ပြည့်စုံပါ့မတုန်း၊ ပြီးခဲ့တဲ့ ရာထူးတိုး စာမေးပွဲတွေတုန်းက မေးခွန်းဟောင်းတွေ ကိုလေ့လာပြီး မေးခွန်းပုံစံကိုခန့်မှန်း ရတာပေါ့ဗျာ”

“ဟုတ်ပါပြီ၊ ခင်ဗျားက အဲသလိုပြည့်ပြည့်စုံစုံ အချက်အလက်တွေ ရှာဖွေပြုစုပေးတော့ တကယ်ကော ရာထူး တိုးကြပါ့မလားဗျာ။ ဒီလူတွေကြည့်ရတာ ခင်ဗျားကို ယုံကြည်တာသိပ်များလွန်း နေသလားလို့ပါ”

“အင်း၊ ခင်ဗျားမေးမယ်ဆိုလဲ မေးစရာပါပဲ၊ ကျနော်လုပ်ပေးရုံနဲ့ ဘယ်မှာလာပြီး ရာထူးတိုးနိုင်ကြပါ့မလဲဗျာ။ ဝန်ထမ်းစာမေးပွဲတွေမှာ အမြဲမေးနေတဲ့ ဒို့တာဝန်အရေးသုံးပါးတို့၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဦးတည်ချက်တို့လောက်တော့ သေချာကျက်နိုင်ရမှာပေါ့။ ဝါကျတစ်ကြောင်းတောင် ဖြောင့်အောင်မရေးနိုင်ပဲ ဘယ်လိုလုပ်ရာထူးတိုးပါ့မတုန်း။ ဒါတင်မကသေးဘူးဗျ။ သိပ်အရေးကြီးတဲ့အချက်တစ်ချက်ကျန်သေးတယ်”

“ဘာများပါလိမ့်ဗျာ”

“အော် ခေတ်နဲ့အညီ ဂါရဝတရားရှေ့ထားပြီး စာမေးပွဲမှာတာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေကို ပေးကမ်းချီးမြှောက်တဲ့ အလုပ်ဆိုပါတော့၊ သိတဲ့အတိုင်းပဲဗျာ။ ဒီခေတ်ကြီးက ဘယ်နေရာမဆို မပေးမကမ်းရင် ဘာမှ အဆင်မပြေတဲ့ခေတ်ကြီး မဟုတ်လား။ ဒီတော့ စာမေးပွဲဖြေမဲ့ ထောင်မှူးတွေကို ကျနော်နဲ့ ခင်မင်နေတဲ့ အကျဉ်းဦးစီးတာဝန်ရှိသူတွေနဲ့ ချိတ်ဆက်ပေးရတာလည်း ရှိတာပေါ့ဗျာ။ အမှန်တော့ ဗမာပြည်မှာ ဝင်နည်းထွက်နည်းသိရင် ဘယ်ဝန်ကြီး၊ ဘယ်ညွှန်ချုပ်မဆို ဝင်ဖို့ထွက်ဖို့ ခက်ပါဘူးဗျာ။ တိုင်းပြည်ကောင်းစားအောင် လုပ်နေကြတာမှ မဟုတ်တာ၊ အားလုံး

www.burmeseclassic.com

ကိုယ်ကြီးပွားဘို့ လုပ်နေကြတဲ့ ခေတ်ကာလသမယကြီးကိုး"

"အင်း၊ ပိုင်ပါ့ဗျာ။ ခင်ဗျားနည်းလမ်းတွေနဲ့ဆို ထောင်မှူးတွေအတော်များများ ထောင်ပိုင်ဖြစ်ပြီး ရှေ့လျှောက် ဂွင်တည့်ကြအုံးမှာပေါ့"

"အဲသလိုလဲ အပိုင်တွက်မထားနဲ့ ဆရာ၊ ခင်ဗျားပြောမှ ဖိကုပ်ပြီး နတ်ပြည် တင်လို့မရတဲ့သူမျိုးတွေ ကျနော်ကြုံခဲ့ဖူးတယ်။ သူ့နာမည်က ကိုမောင်မြင့်တဲ့၊ ကျနော့် အဖေရှိစဉ်ကတည်းက ကီလီဈေးမှာ ကုန်တင်ကုန်ချ လုပ်နေတဲ့ ကာယလုပ်သား ဆိုပါတော့ဗျာ။ ကျနော့်စိတ်ထင် ကိုမောင်မြင့်ဟာ ကျနော့်အဖေဆီမှာ ဆယ်နှစ် နီးပါး တွဲလုပ်ခဲ့တယ်။ လုပ်ရည်ကိုင်ရည်ကော စိတ်နေသဘောထားပါ ပြောစရာမရှိလို့ အဖေ့ လက်ရုံးလို ဖြစ်နေခဲ့တာဗျ။ အဖေလည်း ဆုံးရော အဆက်အသွယ်ပြတ်သွား လိုက်ကြတာ အနှစ်နှစ်ဆယ်ကျော် ဆိုပါတော့။ ဖြစ်ချင်တော့ ကျနော်က အလုပ်သမား ဝန်ကြီးနဲ့ ရင်းနှီးနေတဲ့အချိန် ဘယ်ကဘယ်လို သတင်းရလာသလဲ မသိပါဘူးဗျာ။ ကျနော့်အိမ်ကို ခပ်ကုပ်ကုပ်လေး ပေါက်ချလာပါလေရော။ သူက ကျနော့်ကို တွေ့တွေ့ချင်း ညီလေး ကိုယ့်ကို မှတ်မိသလား ဆိုတော့ ကျနော်က "ခင်ဗျား၊ အဖေ့တပည့် ကိုမောင်မြင့် ထင်တယ်" လည်းပြောလိုက်ရော သူ့မျက်နှာမှာ ဝမ်းသာတဲ့အမူအရာက ဖုံးမရအောင် ပေါ်လာတယ်ဗျာ"

ကျနော်လည်း အလိုက်သိသိနဲ့ "ကဲ ကိုမောင်မြင့် ကျနော်ဘာအကူအညီပေးရ မတုန်း အားမနာနဲ့ပြောသာပြော" ဆိုတော့ သူက "အေးကွာ ကိုယ်တို့ဌာနမှာ ကြီးကြပ်ရေးမှူးရာထူးအတွက် စာမေးပွဲဖြေရမယ်ကွ၊ မင်းက ဝန်ကြီးတွေဘာတွေနဲ့ သိတယ်ဆိုတော့ ကြည့်လုပ်ပါအုံးကွာ။ အကိုက လုပ်သက်လည်း အနှစ်နှစ်ဆယ်ကျော်နေပါပြီ" တဲ့။

"ကျနော်ဆိုတဲ့ကောင်ကလည်း ဒါမျိုးဆို နှစ်ခါမပြောရတဲ့ကောင်မျိုးဆိုတော့ ဒီကိစ္စအတွက်ဆိုရင်တော့ "ကိုမောင်မြင့် စိတ်အေးအေးသာပြန်ပေတော့၊ အဲသလောက်ကိစ္စကို ဝန်ကြီးအထိပြောစရာ မလိုဘူး။ အလုပ်သမားဝန်ကြီးဌာနမှာ ဝန်ထမ်းစာမေးပွဲတွေကိုင်တာ ဗိုလ်ကြီးကျော်ဇောပဲ။ ကျနော် သေချာပြောထား လိုက်မယ်"ဆိုပြီး ပြန်လွှတ်လိုက်ရော ဆိုပါတော့"

တိုတိုပြောရရင် ဗိုလ်ကြီးကျော်ဇောကို အကျိုးအကြောင်းရှင်းပြ၊ အဲဒီစာမေးပွဲမှာ မေးမဲ့မေးခွန်း အတိအကျကိုတောင်းယူပြီး ကိုမောင်မြင့်လက်ထဲထည့်ပေးရင်း "ရော့ အဲဒီမေးခွန်းတွေ မေးမှာမို့ ရှာဖွေကျက်မှတ် ပေတော့"လို့ အခမဲ့ကူလီထမ်းလိုက်ပေမဲ့ ကိုမောင်မြင့်က ကြောင်တောင်တောင် အမူအရာနဲ့ အင်းမလှုပ် အဲမလှုပ် ဖြစ်နေသဗျာ။ ဒါနဲ့ကျနော်လည်း မနေနိုင်တာနဲ့ "ကိုမောင်မြင့် ဘာလိုပြန်သတုန်း၊ အားမနာနဲ့ ပြောသာပြော"ဆိုတော့။ "ဒီမေးခွန်းရဲ့အဖြေတွေကို ဘယ်မှာရှာ ရမယ်ဆိုတာ

www.burmeseclassic.com

ကိုယ်မသိဘူး"တဲ့ဗျ။ အမှန်က မေးခွန်းတွေသာဆိုတယ် ၊ အထူးအဆန်းတွေ မဟုတ်ဘူး ဗျ။ ဒို့တာဝန်အရေးသုံးပါးနဲ့ ဦးတည်ချက် လေးရပ်လောက်ပဲ။ ကျန်တာလည်း ဌာနမှာ ဝန်ထမ်းတိုင်းလိုလို သိနေတဲ့ မေးခွန်းတွေ"

သူ့ကြည့်ရတာ မအူမလည်မို့ ကျနော်လည်း မထူးတော့ပါဘူး။ ပို့မဲ့ပို့ ကူးတို့ရောက်အောင်ပို့မှ ဆိုပြီး ကျနော်ကိုယ်တိုင် အဲဒီနေရာမှာတင် စာရွက်သုံးရွက် လောက်ပေါ်မှာ မေးခွန်းရော အဖြေပါ တွဲရေးပေးလိုက်ရောဗျာ။ ဒါပေမဲ့ဗျာ။ ကိုမောင်မြင့် ဟာ အမေးအဖြေစာရွက်တွေကို စိတ်မပါ့တပါနဲ့ယူရင်း ကျနော့်ကို နှုတ်ဆက်ပြီး ပြန်သွားလေရဲ့။ အဲ၊ နောက်နေ့ကျတော့ ပြန်ရောက်လာပြန်ရော။ ဒီတော့ ကျနော်က ကိုမောင်မြင့် ခင်ဗျားတို့စာမေးပွဲက အရမ်းနီးနေပြီ။ ကျက်သင့်တာလေး ကျက်အုံးလေ ဆိုတော့ သူက လေသံခပ်တိုးတိုးနဲ့ ကျက်လို့မရပါဘူး ငါ့ညီရာ၊ အသက်ကြီးနေပြီတဲ့။ ကျနော်ကလည်း လွယ်လွယ်နဲ့လက်မလျှော့တတ်တဲ့ကောင်မို့ "ဒီလိုဆိုလဲ ကိုမောင်မြင့် အဲဒီစာရွက်တွေကို စာမေးပွဲခန်းထဲကို ယူသွားပြီး ကူးရေးပေတော့၊ ကျနော် အခန်းစောင့်တဲ့အရာရှိတွေကို ပြောထားလိုက်မယ်။ ဗိုလ်ကြီးကျော်ဇောကိုလည်း ခင်ဗျားကို လာကြည့်ဖို့ပြောထားမယ်၊ ဘာမှမပူနဲ့၊ ခင်ဗျား ကြီးကြပ်ရေးမှူး ဖြစ်ကို ဖြစ်စေရမယ်။ စာမေးပွဲခန်းထဲကိုသာ ရောက်အောင်သာသွားပေတော့လို့"မှာရင်း အလုပ် တစ်ခုအရေးကြီးတာနဲ့ သူ့ကို ထားရစ်ပြီး ထွက်ခဲ့ရောဆိုပါတော့။

စာမေးပွဲဖြေရမဲ့နေ့လည်းရောက်ရော ကျနော့်မှာ ရင်တမမနဲ့ ကိုကျော်ဇောကို မနက်အစောကြီးထ ဖုန်းဆက် ၊ အဖေ့တပည့်ကျော် ကိုမောင်မြင့်ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ကြည့်ရှုစောင်မပါလို့ အထပ်ထပ်ပြော၊ ကိုကျော်ဇောကလည်း ခင်ဗျား ပူစရာမဟုတ်တာ မပူနဲ့တဲ့။ သူကြည့်ကျက်လုပ်လိုက်မယ် ဆိုသဗျ။ မကြာပါဘူးဗျာ။ စာမေးပွဲဖြေချိန်စလို့ ဆယ့်ငါးမိနစ်လောက်မှာ ကိုကျော်ဇောက ထိတ်ထိတ်ပြာပြာအသံနဲ့ ဖုန်းဆက်လာပါ လေရော။ "ဟေ့လူ၊ ကိုသက်ခိုင်။ ခင်ဗျားလူကတော့ စံပါပဲဗျာ၊ ဒီမှာ ရှုပ်ကုန်ပြီ"တဲ့။ "ဘာများဖြစ်သတုန်းဗျာ"လို့လည်း မေးလိုက်ရော ခင်ဗျားလူက "စာမရေးတတ်ဘူး"တဲ့ ဗျား။ ကျနော်လည်း "ဗျာ"လို့ လန့်အော်ရင်း "နေပါဦး၊ မေးခွန်းကိုရော သူဖတ် တတ်သလား" ဆိုတော့ "ဒါလည်း သိပ်မသေချာဘူး"တဲ့။ ကောင်းကြရောပေါ့ဗျာ။ စာတစ်လုံးမှ မရေးတတ် မဖတ်တတ်ပဲ အလုပ်သမားကြီးကြပ်ရေးမှူးရာထူး ဘယ်လို လုပ်ပေးလို့ ရပါ့မလဲ။ သတ္တဝါမှန်သမျှ ကံစီမံရာအတိုင်းသာ ဖြစ်ကြလေကုန်၏လို့သာ သဘောပိုက်ရင်း ကိုမောင်မြင့် အရေးတော်ပုံကို လက်လျှော့လိုက်ရတာပါပဲ"

ထုံးစံအတိုင်း အခွင့်ကြုံလျှင် ပုံတိုပတ်စ၊ ဇာတ်လမ်းလေးများနှင့် ဖွင့်ဆိုင်းပြ လေ့ရှိသော ကိုသက်ခိုင်ကို ကျနော်ခေါင်းတငြိမ့်ငြိမ့်နှင့်ကြည့်ရင်း ရယ်ချင်စိတ် ပေါ်လာသည် နှင့် အရွှန်းဖောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါများဗျာ။ ခင်ဗျားလေ့ကျင့်ထားတဲ့ သမထနည်းတွေနဲ့ မန်းမှုတ်လိုက်ရင် ပြီးနိုင်တာပဲဥစ္စာ"

"အော်၊ ခင်ဗျားက သမထဆိုလို့ ကျနော်လူတစ်ယောက်ကို စိတ်ညှို့ကြည့်ဖူးတယ်ဗျ"

"ဟုတ်လား။ ခင်ဗျားက စိတ်ညှို့တာတွေ ဘာတွေတတ်နေပြီလား။ ဘယ်လောက်တောင် စွမ်းနေပြီလဲဗျာ။ လုပ်ပါအုံး"

"ကျနော်က အတည်ပြောနေတာ ခင်ဗျားက ရွတ်နောက်နောက်ချည်း စွတ်လုပ်နေပြန်ပြီ။ အဲဒီ စိတ်ညှို့တဲ့ကိစ္စက ကျနော့်ရဲ့ ဖြစ်ပျက်ရာပုံတော်ခရီးစဉ်မှာ ကြုံခဲ့တဲ့ အဖြစ်အပျက်တစ်ခုပဲဗျာ။ ဘာအကျိုးစီးပွားမှ ကျနော့်အတွက်မပါပါဘူး။ စမ်းသပ်တဲ့သဘောဆိုပါတော့"

"ကဲ ဒါဆိုလည်း အလုံးစုံရှင်းအောင် လင်းပါဦး ဓာတ်ဆရာ"

ဤသို့လျှင် ကိုသက်ခိုင်သည် ထိုစဉ်ကာလက ကျနော်တို့ကွန်းခိုရာ ရဲဘက်စခန်းမှ သူ၏တဲနန်းတွင် စိတ်ညှို့ခဲ့ဖူးသည့်အကြောင်းခြင်းရာကို အောက်ပါအတိုင်း ဆိုခဲ့ပါ၏။

"ရဲဘက်စခန်းတို့ ထောင်တို့မှာ အမြဲတမ်းသုံးနေကျ လက်သုံးစကားတစ်ခု ရှိတယ်မဟုတ်လား။ ဘာမှ မဖြစ်ရင် ဘာမှမဖြစ်ဘူးဆိုတာလေ။ ဒီစကားက ရုတ်တရက် နားထောင်မိရင်ဘာမှ မဟုတ်သလို ထင်ရပေမဲ့ သေချာ တွေးလေ၊ အဓိပ္ပါယ်လေးနက်လေပဲဗျာ။ ခင်ဗျားသေချာစဉ်းစားကြည့်။ ဘာမှ မဖြစ်ရင် ဘာမှ မဖြစ်ဘူး။ ခင်ဗျားက ဘာမှ မဖြစ်အောင် ဘယ်လိုစီမံနိုင်သလဲ။ တစ်ခုခုဖြစ်လာရင် ဘယ်အရာမျိုးမဆို ခင်ဗျား ခံစားနိုင်ဖို့ အဆင်သင့်ဖြစ်ရဲ့လား။ ဆိုလိုရင်းကတော့ ကျနော်တို့ ရောက်နေတဲ့နေရာ ဒေသဟာ ဘာအာမခံချက်မှ မရှိဘူးဆိုတဲ့ သဘောပါပဲ။ လောကကြီးမှာလဲ ထို့နည်းလည်းကောင်းပါပဲ"

"အခု ကျနော်တို့ရဲဘက်စခန်းကနေ ရဲဘက်အကျဉ်းသားတွေ အကျဉ်းဦးစီးဝန်ထမ်းတွေနဲ့ ညှိပြီး အပြင်ကို ထွက်တယ်ဆိုတဲ့ ကိစ္စဟာ အဲဒီ ဘာမှမဖြစ်ရင် ဘာမှ မဖြစ်ဘူးဆိုတဲ့ခေါင်းစဉ်အောက်မှာ ပါတယ်ဗျ"

"ခင်ဗျားကို ကျနော်တစ်ခါပြောဖူးတဲ့ ဗိုလ်မှူးမျိုးဆွေကို မှတ်မိတယ် မဟုတ်လား။ မောင်ခိုစက်လှေ ဖမ်းမိပြီး လူသတ်မှုတွေ ဖြစ်ကုန်တဲ့ကိစ္စလေ။ အဲဒီ ကိုမျိုးဆွေက ရဲဘက်ရောက်လာပြီး ကိုယ်ပိုင် တဲထိုးနေတယ်။ ဒီလို နေနိုင်တာဟာ သူစစ်တပ်ထဲတုန်းက ပတ်သက်ခဲ့တဲ့ သူ့အထက်အရာရှိတွေရဲ့မျက်နှာ၊ သူ့စည်းစိမ်ဥစ္စာတွေနဲ့လည်း ဆိုင်သပေါ့ဗျာ။ အဲသလိုနေနိုင်တော့လည်း ရံဖန်ရံခါ ရဲဘက်ဝန်ထမ်းတွေနဲ့ ညှိနှိုင်းပြီး စခန်းအပြင် ထွက်တာ၊ ရန်ကုန်ဖက်ပြန်တာ ရှိတယ်ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com

"တစ်နေ့ဗျာ။ ဗိုလ်မှူးမျိုးဆွေ ရဲဘက်စခန်းက ထွက်ပြီး သူ့အိမ်သူပြန်သွားတဲ့အချိန် ရုံးချုပ်က ညွှန်မှူးတွေ ဆင်းလာပြီး လူတန်းစီ၊ စစ်လိုက်တော့ ကိုမျိုးဆွေအပြင်ထွက်တဲ့ကိစ္စ ပေါ်သွားပါလေရော။ အဲဒီမှာတင် မိုးမီးလောင်တော့တာပဲဗျို့။ ကိုမျိုးဆွေလည်း ပြန်ရောက်ရော ချက်ချင်းတန်းစီကြဆိုပြီး နေ့လည်ဘက်ကြီး အရေးပေါ်တန်းစီရပါလေရော။ ထောင်ပိုင်ကြီးက ဦးကျော်သင်းလေ။ စစ်တပ်က ဗိုလ်ကြီးဘဝနဲ့လာပြီး အကျဉ်းဦးစီးမှာ ထောင်ပိုင်လာဖြစ်နေတာဗျ"

"ကျနော်တို့လည်း မိုးတဖွဲဖွဲကြားမှာ တန်းစီမဲ့အဆောင်ရှိရာကို အပြေးအလွှားသွားပြီး တန်းစီကြရတာပေါ့။ ရေတစွတ်စွတ်ကြားထဲမှာ ကျနော့်ဖိနပ်က အသစ်ဖြစ်နေလို့ ဖိနပ်ချွတ်ပြီး ရေတောထဲ သွားရတာတောင် အမှတ်ရနေသေးဗျာ"

"တန်းစီလို့လူလည်းစုံရော ထောင်ပိုင်ကြီးဟာ ဒေါသအကြီးအကျယ် ထွက်နေပြီး ပွဲကသိပ်ကြမ်းတော့မလို ဖြစ်လာတယ်။ ကိုမျိုးဆွေကို အင်းစိန်ထောင်ကို ပြန်ပို့ဖို့။ ချက်ခြင်း ခြေချင်းခတ်ဖို့။ တိုက်ပိတ်အောင် စာရေးဖို့စတဲ့ စကားသံတွေ ထွက်လာတယ်။ အဲဒီ အချိန်မှာ ကိုမျိုးဆွေက ကျုပ်ဘေးမှာ ထိုင်နေတာဗျ။ မျက်နှာပျက် နေလိုက်တာများဗျာ။ စစ်သားဗိုလ်မှူးဆိုတာတောင် ယုံနိုင်စရာမရှိဘူး။ အဲဒီတုန်းက ကျနော်က အိပ်လည်းမှတ် စားလည်းမှတ် ထိုင်လည်းမှတ် ဘယ်နေရာဘယ်ပုံစံ မဆို မှတ်နေတဲ့အချိန်ဗျ။ ကုန်ကုန်ပြောရင် ရေချိုးရင်း၊ ရေအိမ်ဝင်ရင်းတောင် ကျနော် အမှတ်မပျက်ဘူးဆိုပါတော့"

"ထုံးစံအတိုင်း တန်းစီတုန်းလဲ မှတ်နေဆဲပဲ။ အဲဒီအချိန်မှာ ကျနော်သတိထားမိတာက ကျနော့်ရဲ့ နှာသီးဖျားမှာ လေထုဝန်းတစ်ခုပေါ်နေတာပဲဗျ။ အဲဒီလေထုဝန်းဟာ ကျနော့်ခေါင်းရဲ့ ပတ်ချာလည်မှာ သိသိသာသာ လည်နေ တယ်"

"ထောင်ပိုင်ကြိမ်းတာမောင်းတာနဲ့ ကိုမျိုးဆွေခံစားနေရတာကို ကြည့်နေရင်း ကျနော့်စိတ်ထဲမှာ သူ့ကို သနားလာတယ်။ ငါလေ့ကျင့်နေတဲ့ အလုပ်နဲ့ ကိုမျိုးဆွေကို ကူညီလို့များရမလားမသိဘူး။ စမ်းကြည့်အုံးမယ်လို့ ရုတ်တရက်စိတ်ကူးပေါ်လာပြီး ရှုမှတ်နေရက်က ထောင်ပိုင်ကြီးကို သေချာလှမ်းကြည့်လိုက်တယ်။ ကျနော့်နှာသီးဖျားက လေထုအဝန်းကို တဖြည်းဖြည်း ကျယ်ဝန်းလာအောင် ချဲ့လိုက်တယ်။ ချက်ချင်းပဲဗျာ။ လေထုစက်ဝန်းဟာ သားရေကြိုးကြီးတစ်ပင်လို အဝန်းကြီးသထက် ကြီးကြီးလာတယ်။ ထောင်ပိုင်ကြီးရှိတဲ့ ပေသုံးလေးဆယ်လောက်အကွာ အဝေးကို လေးငါးမိနစ်အတွင်းမှာ ရောက်သွားတယ်။ ထူးဆန်းတာက အဲဒီလေထုဝန်းဟာ ကျနော့်စိတ်ထဲက အမိန့်ပေးသလို လိုက်ပြီး လှုပ်ရှားနေတဲ့အချက်ပဲ။ ကျနော်က စိတ်ထဲကနေ အဲဒီလေထုဝန်းနဲ့ ထောင်ပိုင်ကြီးကို ပတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ထောင်ပိုင်ကြီးကို ကျနော့်နှာသီးဖျားမှာ မြစ်ဖျားခံနေတဲ့ လေထုစက်ဝန်းနဲ့ သုံးလေးပါတ်လောက် ပတ်မိသွားတဲ့အခါ ကျနော့်စိတ်ထဲက ထောင်ပိုင်ကြီးရယ် တော်ပါတော့။ ကျေနပ်လိုက်ပါတော့။ တဖက်လူလည်း တော်တော် စိုးရိမ်ကြောက်လန့်နေပါပြီ။ တော်ပါတော့။ ရပ်ပါတော့။ ရပ်ပါဗျာ၊ ရပ်ပါလို့ သုံးကြိမ်လောက် မေတ္တာမပျက် စိတ်ထဲကနေ ရွတ်လိုက်ပါတယ်။ တစ်ချိန်တည်းမှာပဲ ထောင်ပိုင်ကြီးကို ခင်ဗျား ကျနော့်စကားကို နားထောင်ပါ၊ နားထောင်ကိုထောင်ရမယ်။ ကျနော် ပြောတဲ့အတိုင်း ခင်ဗျားလုပ်ပါ ဆိုပြီး စိတ်ထဲကနေ အမိန့်ပေးသလို စိတ်ကို လေးငါးကြိမ်ညွှတ် လိုက်ရောဆိုပါတော့။

ပြောရင် ယုံနိုင်စရာမရှိဘူးဗျာ။ ကျနော့်စိတ်ညှို့နေတဲ့ ငါးမိနစ်လောက်အတွင်း မှာ ထောင်ပိုင်ကြီးဟာ တဖြည်းဖြည်း ဒေါသလျော့လာတာ၊ သိသိသာသာ အသံပြောင်း သွားတာ တွေ့ရတယ်ဗျ။ နောက်ဆုံး ဘာမှ ဆက်မပြောတော့ပဲ ပြောလက်စ၊ ရော့မ ငြိမ်းလုံးခြောက်လုံးတွေ၊ နိဒါန်းတွေကိုရပ်ပြီး သူ့ရုံးခန်းဖက်ကို ရုတ်တရက် ပြန်ချသွား ပါလေရော။ ဘေးက ထောင်မှူးတွေကလည်း အူကြောင်ကြောင်ဖြစ်ပြီး သူ့နောက်က သုတ်သီးသုတ်ပြာလိုက်သွားကြရော။ အမှန်အတိုင်း ဝန်ခံရရင် အဲဒီနေ့က အဖြစ်အပျက် အတွက် ထောင်မှူးတွေ တခြားရဲဘက်တွေ အံ့သြတာထက် ကျနော့်ကိုယ် ကျနော် အံ့သြမိတာက ပိုပါလိမ့်မယ်။ ဒါနဲ့ ပတ်သက်လို့ ကျနော် ကျေနပ်အားရ ဝမ်းမြောက်ခြင်း လည်း မရှိခဲ့တာ အမှန်ပါ"

"တရားထိုင်တဲ့အခါ တွေ့ရကြုံရတတ်တဲ့ အကြောင်းအရာတွေကတော့ ပြောမဆုံးပေါင် တောသုံးတောင်ပါပဲဗျာ။ ကျနော့်ကိုယ်တွေ့အရဆိုရင် ကျနော် လေ့ကျင့်ခန်းလုပ်လို့ သုံးလလောက်အကြာမှာ ကျနော့်ဘဝ တစ်လျှောက်လုံး တွေ့ကြုံ ခဲ့ရတဲ့အဖြစ်တွေ၊ ကျနော်ဖတ်ခဲ့တဲ့စာတွေ၊ လူနာမည်တွေ၊ နေရာဒေသတွေ၊ အကြောင်း အရာတွေဟာ အသေးစိတ်ခေါင်းထဲမှာ ပြန်ပေါ်လာတယ်ဗျာ။

ရှေးဟောင်းနှောင်းဖြစ်တွေသိတဲ့ဉာဏ်ပေါ်လာတယ်ဆိုပါတော့။ မှတ်မှတ်ရရ ပြောရရင် ကျနော် အပျော်အပါး ခုံမင်နေစဥ်ကာလက အရက်ဆိုင်တစ်ခုမှာ စကား လက်ဆုံကျရင်း အစ္စရေးလူမျိုး စိတ်စွမ်းအားပိုင်ရှင် တစ်ယောက်ရဲ့ နာမည်ကို သိလျက်နဲ့ ရုတ်တရက်စဥ်းစားမရတာကြောင့် အရက်သောက်တာကို ရပ်ပြီး တစ်နာရီနီးပါး ငြိမ်ပြီး စဥ်းစားမှ "ယူရီဂဲလာ" ဆိုတဲ့ နာမည်ပြန်ပေါ်လာတယ်။ အခုဆို နာမည်တစ်ခုကို စဥ်းစားလိုက်ရင် ချက်ချင်း ရုတ်ခြည်းပြန်ပေါ်လာနေတယ်ဗျ။ ဥပမာ– စပိန် ကဗျာဆရာ ရာမွန်ဂျင်မနဲ့တို့၊ သူ့မြည်းကလေး ပလေထရိုတို့လို နာမည်မျိုး ဆိုပါတော့၊ ဒီအလုပ်ဟာ ဉာဏ်ပိုကောင်းစေတဲ့ အလုပ်ဆိုတာတော့ သေချာတဲ့အချက်ပဲဗျ၊ အမှန်က ရှုပ်ထွေးမှုတွေ



www.burmeseclassic.com

www.burmeseclassic.com

ကြားကနေ တဖြည်းဖြည်း လွတ်မြောက်လာတဲ့ သဘောပါပဲ။ သာမန် အားထုတ်တာနဲ့ အပြင်းအထန် အားထုတ်တာတော့ ကွဲပြားမှု ရှိနိုင်ပါတယ်။ ဒီကျင့်ကြံမှုဟာ စံနစ်တကျ နည်းမှန် လမ်းမှန်ကျင့်ကြံ နိုင်ရင်ဈာန်အဘိညာဉ်တောင် ရနိုင်တယ်လို့ ကျမ်းဂန်တွေမှာ ဆိုတာကလား"

"ခင်ဗျားလည်း ကျနော့်တရားနာရတာ ပျင်းလောက်ရော့မယ်။ ရှေ့ တရားအတွေ့အကြုံ အထူးအဆန်းတွေကို ဆက်ပြီး သိချင်သေးသပဆိုရင် ဒါတွေကို ဖတ်ကြည့်ပေတော့။ ထူးဆန်းအံ့ဩစရာတွေ ကြုံခဲ့သူတွေထဲမှာ နိုင်ငံတော် ဝန်ကြီးချုပ် ဟောင်း ဦးနု၊ ပန်းချီကျော်ဦးငွေကိုင်တို့လို အထင်ကရ ပုဂ္ဂိုလ်တွေတောင် ပါပါ့ဗျာ။ မချန်ဆိုတဲ့အမျိုးသမီးဆိုရင် သစ်ပင်တွေနံရံတွေကိုတောင် ထွင်းဖောက်ပြီး မြင်ရသတဲ့၊ လူအများစုကတော့ အထူးအဆန်းဆိုရင် ချက်ချင်းနားရွက်ထောင် လာတတ်တာ ထုံးစံပါပဲ။ ခင်ဗျားလည်း ဘာသားနဲ့ထုထားတာ မှတ်လို့"

ပြောပြောဆိုဆို ကိုသက်ခိုင် ကမ်းပေးသည့်စာအုပ်မှာ ဓမ္မာစရိယ ဦးဒွေးလှိုင်၏ အနာဂါမ် ဆရာသက်ကြီး၊ သူ့ဘဝ သူ့တရားနှင့် သူ့ကျေးဇူး အမည်ရှိ စာအုပ်ဖြစ်ပြီး စာမျက်နှာ–၉၉ တွင် အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်ကို ဖတ်ရှုခဲ့ရပါသည်။

**ကိုယ်တွေ့တရား အဖြစ်ဆန်းများ**

တရားအားထုတ်၍ ရသော အကျိုးကို လောကဝေါဟာရနှင့် ပြောသော် အများ မဆုံးချေ။ ဆရာကြီးထံ၌ တရား အားထုတ်ကြသော ယောဂီတို့ အတွေ့အကြုံဆန်းများကို တွေ့မြင်ရသောအခါ "ဩော်...တရားထိုင်ရတာ ဒီလိုလဲ ဖြစ်တတ်သကိုး" ဟု အံ့ဩကြလေသည်။

၁။ အချို့လယ်သမားများ မြွေကိုက်ခံရရာ အာနာပါနကိုသာ တွင်တွင်ကြီး ရှုမှတ်၍ မြွေဆိပ်များ အံ့ဩလောက်အောင် ပြေပျောက်ခြင်း၊

၂။ သိသိသာသာ စီးပွားလာဘ်လာဘ တိုးတက်ခြင်း၊

၃။ သွက်ချာပါဒ၊ ပန်းနာ(တီဘီ)စသော ထာဝရ ရောဂါများနှင့် တဒင်္ဂရောဂါ များ ထူးဆန်းစွာ ပျောက်ကင်းကြခြင်း၊

၄။ ခန္ဓာကိုယ်တွင်းမှ ထူးဆန်းသော ရောဂါမျိုးစေ့များ ပြုတ်ကျခြင်း၊

၅။ တစ်စုံတစ်ခုသော အသက်ဘေးရန် အန္တရာယ်များနှင့် ကြုံသောအခါ အံ့ဩ လောက်အောင် လွတ်မြောက်ခြင်း စသည်တို့ ဖြစ်ကုန်၏။

**ပန်းချီကျော် ဦးငွေကိုင်**

ဤ၌ အလင်္ကာကျော်စွာ နာမည်ကျော် ပန်းချီဆရာကြီး ဦးငွေကိုင်အကြောင်း အနည်းငယ် ဖော်ပြဦးအံ့။



www.burmeseclassic.com

www.burmeseclassic.com

ဂျပန်ခေတ် တစ်နေ့သောအခါ ပန်းချီဦးငွေကိုင်သည် ဆရာကြီးထံ ရောက်လာ၏။ ယခင်က ပျော်ဘွယ်ကြီးရွာအနီး နတ်စင်ကုန်းရွာ၌ နေထိုင်ခဲ့သည်။

"ဆရာကြီးခင်ဗျား၊ ကျနော် ဒီနေ့ပဲ ရန်ကုန်က ကူးလာတာပါ၊ ဆရာကြီး ကျေးဇူးကြီးလွန်းလို့ ကန်တော့ချင်တာနဲ့လာခဲ့တာပါ"ဟု ဆိုကာ သူ၏ အတွေ့အကြုံများကို ဝမ်းသာအားရ ပြောပြသည်။ ဦးငွေကိုင်မှာ ဂျပန်တပ်များ မဝင်မီကလေးပင် အင်္ဂလိပ် အစိုးရက ဖမ်းဆီးပြီး ရှမ်းပြည်ထောင်တစ်ခု၌ ချုပ်နှောင်ထား၏။ အခြား တရားခံများလည်း ရှိနေကြသည်။ ထောင်ထဲ၌ပင် ဗုံးခိုကျင်းများ တူးစေ၍ တစ်ကျင်း လျှင် တရားခံငါးဦးကျ ပုန်းခိုကြရ၏။ တစ်နေ့သောအခါ ဗုံးကြဲလေယာဉ်လာ ကြောင်း အချက်ပေး၍ ဦးငွေကိုင်နှင့် တရားခံငါးဦး ဗုံးကျင်းတစ်ခုထဲမှာ အတူပုန်းအောင်း ကြရာ အန္တရာယ်ပို၍ နီးကပ်ကြောင်း သတိပြုမိသဖြင့် ဦးငွေကိုင်မှာ အာနာပါနကိုသာ အားကိုးရာပြု၍ ရှုမှတ်နေသည်။

ဗုံးမှာ ထောင်ပေါ်တည့်တည့်ကြီးပင် ကျလာရာ ထောင်ကြီးတစ်ခုလုံး နံရံ ပွင့်ကာ မီးဟုန်းဟုန်းတောက်နေ၏။ လူများလည်း အတုံးအရုံး သေကြေကုန်ကြသည်။ လေယာဉ်ပျံများ ပြန်လှည့်သွားသောအခါ အတူပုန်းခိုနေသူ လေးဦးမှာ အစအနမျှသာ တွေ့ရတော့သဖြင့် ဦးငွေကိုင်သည် ရှမ်းပြည်မှ ရန်ကုန်သို့ ထွက်ပြေးလာလေတော့သည်။

"ဆရာကြီး၊ ကျွန်တော်လဲ ဆရာကြီးသင်ပြပေးတဲ့ ဒီတရားအားကိုးသာ မရှိရင် သည့်ပြင်လူတွေလိုပဲ ဒီတစ်ချီတော့ ဘယ်လိုမှ လွတ်မှာ မဟုတ်ပါဘူး၊ ဆရာကြီး ကျေးဇူးနှင့် တရားတော်ရဲ့ ကျေးဇူးကို ပြောချင်လွန်းလို့ ဒီကို တောက်လျှောက် လာကန်တော့တာပါ ဆရာကြီး"

နာမည်ကျော် ပန်းချီဆရာကြီး ဦးငွေကိုင်မှာ ရာသက်ပန် အာနာပါနတရားကို အားထုတ်သွားသူ ဆရာကြီး၏ တပည့်တစ်ဦးဖြစ်၏။

**ဦးနု၏ ဖခင်ကြီး ဦးစံထွန်း**

တစ်ခါက ဆရာကြီးထံသို့ (နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်းဦးနု၊ ဦးဘခင်နှင့် မြန်မာ့အလင်း ဦးတင်၊ ဆာ–ဦးသွင် စသော ရန်ကုန်မြို့ပေါ်ရှိ မြို့မျက်နှာဖုံး လူကုံထံ ပုဂ္ဂိုလ်များပင် လာရောက် နည်းခံ အားထုတ်ကြသည်။ တစ်နေ့ သောအခါ ဝါးခယ်မမှ ဦးနု၏ဖခင် ဦးစံထွန်းလည်း ဆရာကြီး၏ဓမ္မာရုံသို့ လာရောက်အားထုတ်နေသည်။ သို့ရာတွင် ဦးစံထွန်းမှာ အသက်အရွယ်လည်း ကြီးသည့်အပြင် သွက်ချာပါဒ ရောဂါနှင့် နှလုံးရောဂါကြီး စွဲကပ်နေသူဖြစ်၍ လမ်းပင် ကောင်းစွာမလျှောက်နိုင်။ ပါရမီဖြစ် ကုသိုလ် အထုံပါရှိ သဘောထား၍သာ အားထုတ်ရရှာ၏။ ဆရာကြီးသည် ဦးစံထွန်းအား ထူးထူး ခြားခြား တရားပေးသည်ကို တွေ့ရ၏။ အာနာပါနမျှသာ မဟုတ်ဘဲ ထိုင်နေသောအခါ သြဒါတကသိုဏ်း(အဖြူ ဝိုင်းဝိုင်း) ခွက်ငယ်ကို ရှေ့တွင်ချထား၍ ရှုစေသည်။



www.burmeseclassic.com

www.burmeseclassic.com

လမ်းလျှောက်သောအခါတွင်မှ အများနည်းတူ ထွက်လေဝင်လေကို ရှုမှတ်စေ၏။ ဦးစံထွန်း၏ရောဂါမှာ တစ်ပတ်အတွင်း၌ပင် တစ်စတစ်စ သက်သာလာရာမှ လုံးဝပျောက်ကင်းသွားသဖြင့် ပါရမီဖြစ် ကုသိုလ်ရရှိမှုသာမက ရုပ်နာမ် ဓမ္မကိုပင် ကောင်းစွာ သိမြင်သွားကာ ဦးစံထွန်းမှာ အတိုင်းမသိ ဝမ်းသာသွားခဲ့သည်။ ဦးစံထွန်းလည်း ဓမ္မာရုံ၌ပင် တစ်နှစ်နီးပါး အားထုတ်သွား၏။

. . . . . . . . . . . . . . . .

အမြင်သန်သူ "မချန်"

တစ်နေ့သောအခါ ဓမ္မာရုံသို့ တရားအားထုတ်ရန် လူသစ်နှစ်ဆယ်ခန့် ရောက်လာကြရာ ထိုတွင် မချန် ခေါ်သော အမျိုးသမီးတစ်ဦးလည်း ပါလာ၏။ မချန်မှာ တရားထိုင်၍ သုံးလေးရက်အရ အရှုးကဲ့သို့ ဓမ္မာရုံပေါ်၌ အော်ဟစ်၍ လျှောက်ပြီး ပြေးလွှားနေ၏။ ရုံခါ ခေါင်းမထူနိုင်အောင်ပင် အော့အန်ဝမ်းသွားနေ၏။ ပူလောင်နေဟန်ဖြင့် နေမထိ ထိုင်မထိ လူးလိမ့်၍လည်းနေရရှာ၏။ ထိုအခါ တရားစောင့်ဆရာ ဦးအောင်မြတ် (မုံရွာ–ဘုတလင် မြို့နယ် ဝက်လူးအိုင်ဇာတိ)က ဆရာကြီးရှိရာ အိမ်သို့ လာရောက် အကြောင်းကြားသည်။

မကြာမီ ဓမ္မာရုံသို့ ဆရာကြီး ရောက်လာပြီး မချန်အား အကျိုးအကြောင်း စိစစ်မေးမြန်းသည်။

"ဆရာကြီး၊ ကျွန်မတော့ သေရပါလိမ့်မယ်၊ ထွက်ပြေးဖို့ အပေါက်ရှာတော့လဲ မတွေ့ဘူး၊ ကျွန်မကို ကယ်ပါ ဆရာကြီး၊ အိမ်ပြန်ပါရစေ၊ အိမ်မှာပြန်ပြီး သေပါရစေ" ဓမ္မာရုံ၌ ကာထားသော အဝတ်လိုက်ကာများမှာ တံတိုင်းကြီးများသဖွယ် စိတ်ထဲ၌ ထင်နေကြောင်းကိုပါ မချန်က ပြောပြ၏။ သူ၏ ခင်ပွန်းနှင့်ဆွေမျိုးများပါ ရောက်နေကြသည်။ အဖြစ်ဆန်းကို ကြားရလျှင် လူအများ မဝေခွဲနိုင်ဘဲ သို့လော သို့လော ဖြစ်နေကြ၏။ ပယောဂဆရာ ခေါ်ရကောင်းနိုးနိုး မဝေခွဲနိုင်ကြပေ။

"ဒီဆင်းရဲနဲ့ငရဲက လွတ်မြောက်ဖို့ရာ တရားလာအားထုတ်တာ မဟုတ်လား၊ ပြန်လိုက ပြန်နိုင်ပါတယ်၊ ဒါပေမယ့် တရားကိုမှ မိမိရရ မသိရသေးဘဲနဲ့ ပြန်သွားရင် တစ်သံသရာလုံးက ပါလာတဲ့ ဒီဒုက္ခတွေက လွတ်မှာမဟုတ်ဘူး"

"ဒီလိုဖြစ်ရတာလဲ ဘယ်သူကမှ လုပ်တာမဟုတ်ဘူး၊ ဘယ်သူမပြု ကိုယ့်အမှုတွေပဲ၊ တရားအားထုတ်လို့ ရူးဖို့ရောဂါဖြစ်ဖို့ မဆိုထားနဲ့၊ ရှိတဲ့ အရူးရောဂါတွေတောင် ပျောက်စေနိုင်တယ်၊ လောကကြီးထဲမှာ နေကြတဲ့ သတ္တဝါတွေမှာ ဒုက္ခရောက်ကြတဲ့ ယုတ်ညံ့တဲ့ အတတ်ပညာတွေလဲ ရှိတယ်၊ ဒီ အကုသိုလ်တွေ အားလုံးကို အမြစ်ပြတ် ပျောက်ကင်းစေနိုင်တာကတော့ ဘုရားရှင်ရဲ့ သတိပဋ္ဌာန်တရား ဆေးတော်ကြီးကလွဲလို့ တခြားမရှိဘူး၊ ကြိုးစားသည်းခံပြီး တရားဆက်မှတ်ရင် ကောင်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com

သူ့သဘော သူဆောင်ပြီး သူ့ရောဂါလဲ အရှိန်ကုန်တော့ ရပ်သွားလိမ့်မယ်၊ ဘယ်ဆရာ ကယ်ဆေးနှင့်ကုလို့မှ ပျောက်မှာမဟုတ်ဘူး၊ ဒီတရားကိုသာ ကြိုးစားလုပ်"

"ဆရာကြီး၊ ကျမကို စောင့်ရှောက်ပါ၊ သေချင်လဲ သေပါစေ၊ ကျွန်မ အားထုတ်ပါ့မယ်"

မချန်လည်း သူ့ဘာသာ ဝန်ခံ၍ ဆက်လက်အားထုတ်လေသည်။ ထိုနေ့ညဥ့်ပင် အကြိမ်ပေါင်းများစွာ အော့အန်ဝမ်းသွားရာ အနံ့များ အလွန်ဆိုးရွားလှ၏။ လူမှာမူ ဝမ်းသွားသလောက်ဒုက္ခမခံရဘဲ ပို၍ချမ်းသာလာသည်ကိုသာ တွေ့ကြရ၏။ ဆရာကြီးက ဘုရားအာရုံပြုရန်နှင့် မေတ္တာပို့ အမျှဝေပေးရန် အထူးညွှန်ကြားပေးသည်။

မချန်မှာ နောက်တစ်ရက် နံနက်ပိုင်းမှ စ၍ ထွက်လေဝင်လေ ရှုမှတ်ရင်း အလင်းရောင်ကို တွေ့မြင်ရာမှအစ ပတ်ဝန်းကျင်ရှိ သစ်ပင် နံရံ စသည်တို့ကို ထွင်းဖောက်မြင်နေရ၏။ တရားထိုင်နေရင်း ရပ်ထဲရွာထဲမှ လူအများ ချက်ပြုတ်လုပ်ကိုင်နေပုံများကို မြင်နေတော့သည်။

"ဒါတွေကို လိုက်ကြည့်မနေနဲ့၊ နှာဖျားမှာ သတိကပ်ထား၊ ကိုယ့်အလုပ် ကိုယ်လုပ်ပါ"ဟု ဆရာကြီးက အမိန့်ရှိရာ မကြာမီ ရုပ်နာမ် လက္ခဏာများကို ထိုးထွင်း သိမြင်လာ၏။ (၁၅)ရက်မျှ မွေ့ရှု၍နေပြီးနောက် ရာသက်ပန်တရားဖြင့် နေသွား တော့သည်။

"သမာဓိအစွမ်းကြောင့် အဲသလို ထွင်းဖောက်မြင်တဲ့အခါမှာ မြင်မြင်သမျှ အပေါ်မှာ ကိလေသာ ကင်းစင်ပြီး သံဝေဂစိတ်တွေ ဝင်မှ ကောင်းတယ်၊ ဒီလိုမဟုတ်ဘဲ လောဘ ဒေါသ မာနတွေ မလျော့တဲ့အပြင် တိုးလာတယ်ဆိုရင်တော့ မမြင်ဘဲနေရတာက ကောင်းတယ်"

"ဒေဝဒတ်ရဲ့ အဘိညာဉ်တန်ခိုးဟာ ဘုရားကို ပြစ်မှားတဲ့ အကုသိုလ်ကံကြီး ကိုတောင် မပိတ်ပင်နိုင်ဘူး၊ သူ့မှာ အင်မတန် ဟုတ်နေတာပေါ့။ ဒါပေမယ့် သူ့မှာ အပြစ်ပိုလေးဖို့ ဖြစ်နေတာပေါ့၊ အကုသိုလ်ဟာလဲ အကျိုးပေးရအောင်ဟာ အင်အား မပြည့်မချင်း ဆည်းပူးစုဆောင်းရတာပဲ။ ဒါကြောင့် တန်ခိုးသတ္တိကိုရတာ ဝမ်းမသာနဲ့၊ ကိလေသာ အပူကင်းဝေးပြီး ငြိမ်းအေးမှု ရတာကိုသာ ဝမ်းမြောက်ရမယ်"

မချန်နှင့်စပ်၍ ယောဂီများအား ဆရာကြီးက ဆုံးမဩဝါဒစကား မိန့်ကြားလေ သည်။ ကံကောင်းသူများအတွက် တရားအားထုတ်ခြင်းဖြင့် လောကီအတတ်ဖြင့် ရအပ်သော ယုတ်ညံ့သည့်တန်ခိုးဗိဇများကိုပါ ပျက်ပြယ်စေနိုင်ပုံကိုလည်း ထောက် ပြသည်။

ပျော်ဘွယ်ရွာအနီး ရွာတစ်ရွာ၌ တစ်ညသောအခါ ဆရာကြီး၏ တပည့်များ အိမ်သို့ ဓားပြများ ဝင်ရောက်တိုက်ခိုက်၏။ အိမ်ရှင်အဘိုးကြီးနှင့် အဘွားကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com
ဘုရားရှေ့၌ ဘုရားဝတ်ပြုအပြီး တရားရှုမှတ်နေခိုက်ဖြစ်သည်။ အိမ်၌ ညှော်သည်များ လည်း ရှိနေကြ၏။ ဓားပြလူဆိုးများမှာ စိတ်တိုင်းကျ အိမ်ရှိ ပစ္စည်းများကို ရှာဖွေယူငင် သွားကြသည်။

အိမ်ရှင်ဖြစ်သော အဘိုးကြီးနှင့် အဘွားကြီးတို့ကို အမိဖမ်းဆီးဆောင်ယူရန် ကြံရွယ်ကြသော်လည်း အိမ်ရှင်များကို မတွေ့မြင်ကြချေ။ တစ်စုံတစ်ရာလည်း စစ်ဆေး မေးမြန်းခြင်း မပြုတော့ဘဲ ရသမျှပစ္စည်းများကို ယူဆောင်ထွက်သွားကြလေ၏။

တရားထိုင်ရာ ခြင်ထောင်အသီးသီးမှ ထွက်လာကြသောအခါတွင်မှ ဓားပြ အတိုက်ခံရကြောင်း သိကြရသည်။ ဓားပြများ ထွက်သွားပြီးနောက် အိမ်ရှိပစ္စည်းများကို စစ်ဆေးကြည့်ကြရာ ပို၍အံ့အားသင့်ကြရပြန်သည်။

အိမ်ရှင်၏ ပစ္စည်းများတစ်စုံတစ်ခုမျှ ပါမသွားဘဲ ညှော်သည်များသာလျှင် အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ကျန်ရှာကြတော့သည်။

. . . . . . . . . . . . . . .

**အနေကောင်း အသေကောင်း**

ဆရာကြီးထံ တရားအားထုတ်သူများ ရောဂါအမျိုးမျိုး ပျောက်ကင်းမှုနှင့် စပ်၍ ရေးမှတ်မကုန်အောင် များပြားလှသကဲ့သို့ ထိုအတူ သေခါနီးကာလတွင် (သုဂတိ နိမိတ် များထင်၍) စကားဆန်းပြောသွားသော ယောဂီများလည်း များပြားလှပေသည်။ သေရမည့်နေ့ရက်၊ အချိန်အခါ ကြိုတင်ပြောသော ယောဂီများလည်းမနည်းချေ။ ဆရာကြီး၏နှမ ဒေါ်ဖွားရင်၏ခင်ပွန်း ဦးဖိုးရွှင် မသေမီ တစ်ရက်ကပင် ရေမိုးချိုးခြင်း၊ အဝတ်အစားသစ် နေရာထိုင်ခင်းအသစ် ပြင်ဆင်လဲလှယ်ခိုင်းပြီး မိတ်ဆွေသားမယား များကို ခေါ်၍ ကာယကံ ဝစီကံ မနောကံ အပြစ်များရှိလျှင် ခွင့်လွှတ်ကြရန်၊ သည်းခံကြ ရန် တောင်းပန်ပြောဆိုလေသည်။ သမီးမချစ်ဆိုင်ကိုလည်း လိမ်လိမ်မာမာ နေရစ်ရန် ဆုံးမစကား ပြောကြားပြီး နောက်-"နက်ဖြန် မနက်နေထွက်လျှင် သမီးတို့ စကားပြော ရမှာ မဟုတ်တော့ဘူး၊ ငါ့အတွက် ငွေကုန် လူပင်ပန်းခံပြီးလဲ ဘာမှ မလုပ်ရစ်ကြနဲ့ ကဲ...ကဲ...အခုအချိန်ကစပြီး ဘာမှမပြောမဆို မမေးမြန်းကြ နဲ့တော့ကွယ်၊ ငါ့တရားနှင့်ငါ နေပါရစေ၊ ခြင်ထောင်ချပေး"

ဦးဖိုးရွှင်သည် တစ်ညနေနှင့်တစ်ည တရားနှလုံးသွင်းရင်း အေးဆေးစွာ နေတော့သည်။ နောက် တစ်နေ့ နံနက် ၅ နာရီခန့် ဆန်ပြုတ်တိုက်ကျွေးရန် ခြင်ထောင်ကို ဖွင့်ကြည့်ရာ ကွယ်လွန်နေသည်ကို တွေ့ကြရ၏။ သေခါနီးကာလတွင် "နတ်ရထား ဆိုက်လာနေပြီ"ဟု ပြောသော ယောဂီများလည်း မနည်းချေ။

ဆရာကြီး၏ ခမ္မာရုံကို ဦးစီးပြီး တိုးချဲ့ ဆောက်လုပ်သွားသူ လယ်သမား ဆရာကြီး ဆရာအင်း (၁၂၅၃-၁၃၃၀ ) ကွယ်လွန်သောအခါတွင်လည်း ဦးဖိုးရွှင်ကဲ့သို့ပင်


www.burmeseclassic.com

www.burmeseclassic.com

နီးဒေါ်အုံးမေနှင့် သားသမီးများအား ပြောဆိုဆုံးမပြီးမှ ကွယ်လွန်သွားသည်။ ထူးခြားသည်ကား ဆရာအင်းသည် (၄၉)ရက်ကပင် ကြိုတင်၍ မိမိသေရမည့်ရက်ကို ပြောဆို ကွယ်လွန်သွား လေသည်။

. . . . . . . . . . . . . . .

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ အာနာပါနသသတိ အခန်းနိဂုံး၌–

"အာနာပါန ရှုပွား၍ ရဟန်းကိစ္စ ပြီးမြောက်သူတို့သည် မိမိတို့ သေရမည့် အချိန်ကာလကို အတိအကျ ကြိုတင်သိမြင်ကြကုန်၏။ အာနာပါနမှ တစ်ပါးသော ကမ္မဋ္ဌာန်းကို ရှုပွားသူတို့ကား သိသည်လည်း ရှိသည်။ မသိသည်လည်း ရှိသည်"ဟု ဖော်ပြထား၏။ ထွက်လေ ဝင်လေကို ရှုမှတ်သော သတိ၏ စွမ်းအားသည် ထိုမျှလောက် ကြီးမားလှပေ၏။

စင်စစ်မှာ ရဟန္တာပုဂ္ဂိုလ်များသာမဟုတ်။ သေက္ခ(ကျင့်ကြံဆဲ) အရိယာများနှင့် သမာဓိအားကောင်းသော ယောဂီများပင် ကြိုတင်သိနိုင်ပုံမှာ ထင်ရှားလှပေသည်။ အဋ္ဌကထာ၌ ရေမိုးချိုး ဝတ်စားပြင်ဆင်၍ ကိုယ့်ဘာသာ အလောင်းပြင်ထားတတ်ပုံများကို ဝတ္ထုသာဓကနှင့်တကွ ပြဆိုထားရာ လက်တွေ့တွင်လည်း ထိုအတိုင်းပင် တွေ့နေကြရသည်။

သေမင်းကို ရဲတင်းအေးဆေးစွာ ရင်ဆိုင်ရဲရသည်မှာ ဤတရားရှုမှတ်မှုမှ လွဲ၍ အခြားနည်းလမ်း မရှိပါပေ။

ဗုဒ္ဓဘာသာဝင်တို့သည် "ဒီတောင်ကတော့ မကျော်နိုင်တော့ဘူး"ဟု ဆိုသည်နှင့် တစ်ပြိုင်နက် ဘာသာတရားဖြင့် သေမင်းကို ရင်ဆိုင်လေ့ရှိကြရာ ရင်ဆိုင်ပုံ ရင်ဆိုင်နည်းမှာ အမျိုးမျိုးရှိကြလေသည်။

၁။ ။ မိမိပြုလုပ်ခဲ့သမျှသော ကုသိုလ်ကောင်းမှုများကို အောက်မေ့ခြင်း၊ လူနာစောင့်များက သတိပေးခြင်း၊

၂။ ။ ရဟန်းသံဃာ တတ်သိနားလည်သူများအား တရားစာပေများ ရွတ်ဖတ်စေ၍ နာယူခြင်း၊ အလှူအတန်း ပြုပေးခြင်း၊

၃။ ။ တရားဘာဝနာ နှလုံးသွင်းခြင်း စသည်ဖြင့် မိမိတို့ နားလည်သလောက် ပြုလုပ်ကြ ပြုလုပ်ပေးကြရ၏။ ဘဝကူး ကောင်းစေရန် "သေခါနီး မိတ်ဆွေကောင်း အရေးကြီးတယ်"ဟုပင် ပြောစမှတ်ပြုကြသည်။

ဒါန သီလ ထက်သန် လေ့လာသူများက ၁–၂ နည်းကို အသုံးပြု၍ ကိုယ်ပိုင် ဝိပဿနာ ဘာဝနာတရား လေ့ကျက်ပွားများလေ့ ရှိသူများကမူ နံပါတ် ၃–နည်းကိုသာ အသုံးပြုကြလေသည်။ အားလုံး အကောင်းချည်းပင် ဖြစ်သော်လည်း သူတစ်ပါးကို အားကိုးနေရသော နည်းထက် "ကိုယ့်အားကိုယ်ကိုး"သော နည်းကိုသာ ဘုရားစသော



www.burmeseclassic.com

www.burmeseclassic.com

သူတော်ကောင်းများက ကြိုက်နှစ်သက်တော် မူကြသည်။ ပို၍ လွယ်ကူချမ်းသာ အင်အား ပါသောကြောင့် ဖြစ်၏။

"တာဝန်ထမ်းဆောင်ရင်း သေသူကိုသာ သူရဲကောင်းအာဇာနည်"အဖြစ် လောက၌ အသိအမှတ်ပြုကြ၏။ လောကုတ္တရာ၌လည်း တရားအလုပ်လုပ်ရင်း သေနိုင် သူကိုသာ "အလုပ်ခွင်၌ သေသူ၊ အလုပ်လုပ်ရင်း သေသူ၊ သေသည် အထိ လုပ်နိုင်သူ" ဟု (ခုရသ္မိံ ယေဝ ကာလံ ကရောတိ၊ သဂ္ဂါ ထာဝဂ္ဂသံယုတ်၊ အဋ္ဌရာသုတ် အဖွင့်)၌ ချီးကျူးဂုဏ်ပြု ရလေသည်။

တစ်စုံတစ်ရာ ရောဂါဝေဒနာ ပြင်းထန်လေ၊ သတိ သမာဓိ တိုးပေးရလေ လုပ်ကြရ၏။ ယင်းသို့ "အနေကောင်းမှ အလောင်းလှ"ကြပေလိမ့်မည်။ ယခုကဲ့သို့သော ခေတ်အခါမျိုးကြီး၌ သူတစ်ပါးတို့က ဆွဲကူထူမ၍ ပေးမှ ရရှိသော သုဂတိဘဝလောက် နှင့် အားရ ကျေနပ်လောက်သည် မဟုတ်ချေ။ တစ်ရံမလပ် သတိချပ်၍ ရှုမှတ်ပွားများ ကြကုန်ရာ၏။

**သေခါနီးမှ လူဖြစ်ရသော အဘွားအို**

ဆရာကြီးသည် ရွှေကျင်မြို့သို့ရော်ဘာသူဌေး ဦးဘိုးသင်း၏ ပင့်လျှောက်ချက် အရ ကြွရောက် တရားပေးရာ၌ အနှောင့်အယှက် အခက်အခဲများ အများဆုံး ကြုံတွေ့ရသည်။ တစ်နေ့သောအခါ ယောဂီများအား ဆရာကြီးတရားပြနေခိုက် ဓမ္မာ ပေါ်သို့ ဗလာထမိ(ဝတ်လစ်စားလစ်)နှင့် အဘွားတစ်ဦး ရောက်လာ၏။ ဆရာကြီး ထိုင်နေရာနှင့် မနီးမဝေးတွင် အဘွားအိုမှာ လူးလာတုံ့ခေါက်လမ်းလျှောက်နေ၏။ မျက်စိမျက်နှာ ပြူးကြောင်တင်းမာစွာဖြင့် စကားများကိုလည်း တဖျစ်တောက်တောက် ပြောဆိုနေတော့သည်။

"ဘယ်ကောင်လဲဟေ့ ... ဆရာဆိုတဲ့အကောင်၊ ငါနဲ့တွေ့ချင်လိုက်တာ"

အဘွားအိုက အကြိမ်ကြိမ် မြည်တွန် ပြောဆိုနေသဖြင့် –

ဆရာကြီး။ ။" ဆရာဆိုတာ ကျွန်တော်ပါပဲ မိခင်။

အဘွားအို။ ။ အံမယ်၊ နင်က ဘာများတတ်လို့ ကြီးကြီးကျယ်ကျယ် ဆရာတဲ့၊ လူကဖြင့် ပလီလိုက်တာ။

ဆရာကြီး။ ။ ကျွန်တော် ဘာပလီ(လိမ်)လို့လဲ မိခင်။

အဘွားအို။ ။ နင့်အမေလဲ မဟုတ်ပဲနဲ့ ငါ့ကို မိခင်လို့ပြောတာ ဒါ နင်ပလီတာပေါ့။

ဆရာကြီး။ ။ ကျွန်တော် မပလီပါဘူးမိခင်၊ သံသရာဟာ အလွန်ရှည်လျားတဲ့ အတွက် သားသမီး မိဘ ဆွေမျိုးမိတ်ဆွေ မတော်စပ်ဖူးသူရယ်လို့ မရှိပါဘူး၊ အဝိဇ္ဇာ အမှောင် ဖုံးလွှမ်းပြီး မေ့နေကြလို့သာပါ။

အဘွားအို။ ။ အေးပါလေ၊နင်က ဘာများတတ်လို့ ဆရာ လုပ်နေတာလဲ၊ နင့်ပညာ



www.burmeseclassic.com

www.burmeseclassic.com
ငါ့ပြစမ်း။
ဆရာကြီး။ ။ မိခင်၊ ကျွန်တော့် ပညာကတော့ ဘုရားပေးတဲ့ သီလ သမာဓိ ပညာပါပဲ၊ ကျွန်တော်ပြရင် မိခင် ကြည့်မလား။
အဘွားအို။ ။ နင်ပြလို့မှ ငါကဘာလို့ မကြည့်ရဲရမှာလဲ၊ ပြမှာသာ ပြ၊ အချိန်မရှိတော့ဘူး။
ဆရာကြီး။ ။ ကျွန်တော်ပြောသလို လုပ်မှ ပြတတ်ပါတယ်၊ မိခင် စမ်းကြည့်ချင်ရင် အကျိုးရှိ သွားပါလိမ့်မယ်၊ မိခင်မှာ အချိန်မရှိတော့တာကို ကျွန်တော်သိတာ ကြာပါပြီ။
အဘွားအို။ ။ စကားများတယ် ဟယ်... ပြမှာပြစမ်း၊ အခု ငါဘာလုပ်ရမှာလဲ။
ဆရာကြီး။ ။ ကောင်းပါပြီမိခင်၊ ပထမဆုံး ဘုရားရှေ့မှာ ငါးပါးသီလ ဆောက်တည် ခံယူပြီးရင် ကျွန်တော့် ပညာ ပြပါ့မယ်။
အဘွားအို။ ။(အဘွားအိုသည် တစ်ယောက်ကပေးသော တဘက်ကို ကိုယ်မှာ ပတ်ပြီး ဘုရားရှစ်ခိုး ငါးပါးသီလခံယူ၏။ ပြီးလျှင်)ကဲ... ဘာပြမှာလဲ...ပြ။

ဆရာကြီးကား ပြုံးပြုံးနှင့် နှာဖျားနှာဝဒ္ဓ ထွက်လေဝင်လေကို သိမှတ်ရန် ရိုးရိုးသာသာ ပြောပြနေ၏။ အဘွားအို လည်း ရုတ်တရက် စိတ်များ ပြောင်းလဲလာကာ အဝတ်အစားများကိုပင် ငှားယူ ဝတ်ဆင်ပြီးနောက် ယောဂီများက ရေမိုးချိုးပေးခြင်း၊ အစားအသောက်များ ကျွေးမွေးခြင်း စသည်ဖြင့် ဝိုင်းဝန်းပြုစုကြသည်။

အဘွားအိုမှာ ရွှေကျင်မြို့က မဟုတ်။ အခြားတစ်ရွာမှ လာရောက်သူဖြစ်၍ စိတ်ဓာတ်များ ပုံမှန် ကောင်းမွန်လာသောအခါ ရွာသို့ ခဏပြန်၍ အဝတ်အစားများ ယူရန် ပြောဆိုသော်လည်း ဆရာကြီးက တရားဖြင့် ဖျောင်းဖျပြောဆိုကာ တစ်ပတ်ခန့် တရားရှုမှတ် ခိုင်းထားလေသည်။

ဝိပဿနာ ကူးပြောင်းပေးမည့် နေ့တွင် အဘွားအိုကို ဦးတည်၍ ဆရာကြီးက တရားအနည်းငယ် ဟောပြသည်။

"ကဲ... မိခင်၊ မိခင်နှင့်တကွ ကျွန်တော်တို့တစ်တွေဟာ မွေးကတည်းက ယနေ့ ကျအောင် သညာအမှတ်နဲ့ ပညတ်တွေကိုပဲ တစ်ခုပြီးတစ်ခု မဆုံးနိုင်အောင် မှတ်သားပြီး လာလိုက်ကြတာ၊ဒီသညာအမှတ် ဒီပညတ်တွေပဲ အခိုင်အမာထင်ပြီး ကောင်းတာ မြင်ရ ကြားရတော့ လောဘဖြစ်၊ မကောင်းတာ မြင်ရကြားရတော့ ဒေါသဖြစ်ပြီး ကာယကံ ဝစီကံ မနောကံ ဆိုတဲ့ ကိုယ်နှုတ်စိတ် ကံသုံးပါးနဲ့ မြင်သမျှ ကြားသမျှ လိုက်ပြီး လုပ်ခဲ့ကြတာ ကောင်းတာလဲလုပ်၊ မကောင်းတာလဲလုပ်၊ အိပ်နေတုန်းပဲ နည်းနည်း အနားရပါတယ် မိခင်"

"ငါပဲ၊ ငါ့ဟာပဲ၊ ဘာပဲညာပဲဆိုပြီး အစွဲအလမ်းတွေနဲ . လုပ်ခဲ့ကြတာ တကယ်တော့ ဘာမှမဟုတ်၊ ရုပ်နှင့်နာမ်ပါကလားဆိုတာ ဆရာသမားများထံ


www.burmeseclassic.com

www.burmeseclassic.com

ကျင့်ကြံပွားများမှသာ သိရပါတယ်၊ ဒီတော့ နောက်နောက် ဘဝ ဘဝက လုပ်ခဲ့တာတွေထားလို့ ဒီဘဝမှာ လုပ်တဲ့ဟာတင်ပဲ ကိုယ်ကဖြစ်လိုက်၊ နှုတ်က ဖြစ်လိုက် စိတ်ကဖြစ်လိုက်နဲ့ အပြစ်တွေပဲ များနေတတ်ကြပါတယ် မိခင်"

"ရုပ်နာမ်ကို မသိတဲ့ ပုထုဇဉ်မှန်သမျှဟာ အချိန်ရှိသမျှ အာရုံခြောက်ပါး ကံသုံးပါးမှာ အမှားတွေကိုပဲ လုပ်မိတာကများနေတော့ ဒီအမှားတွေကျေပျောက်ပြီး လိုရာခရီးရောက်အောင်ဟာ အမှားအမှန် ဝေဖန်ဟောပြတော်မူတဲ့ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးကို ကန်တော့ကြရအောင်၊ မင်္ဂလာမျိုးစေ့ ဗိုလ်မျိုးစေ့တွေရအောင် ဒီရုပ်နာမ် ခန္ဓာကိုယ်ကြီးကိုလဲ ဘုရားကို လှူကြရအောင် မိခင်နှင့်တကွ အားလုံးလိုက်ဆိုကြပါ" ဟု ဆရာကြီးက ပြောဆို၍ ကန်တော့ချိုး တရားတောင်းကို ချပေးသည်။

ဆရာကြီးသည် ကန်တော့ချိုးနှင့် တရားတောင်းကို သုံးကြိမ် နှုတ်တိုက်ချ ပေးပြီးနောက် တရားကို ဆက်၍ ဟောပြော ညွှန်ပြပေးလေသည်။ ယောဂီဟောင်းများမှာ တည်ငြိမ် စိတ်ဝင်စားစွာ နာယူနေသော အဘွားအိုအတွက် ဝမ်းမြောက်နေကြလေ၏။

**ခန္ဓာပြင်ဘက်၊ စိတ်မထွက်၊ ရှုကွက်မှန်လေပြီ**

"ကဲ... မိခင်နှင့်တကွ ယောဂီအားလုံး ဘယ်ကိုမှ စိတ်အာရုံ မသွားကြပါနဲ့၊ ကိုယ့်ရဲ့ ခန္ဓာကိုယ်ပေါ်မှာပဲ စိတ်ကလေးကို ထားကြပါ၊ ကျွန်တော်ပြောတဲ့ စကားသံဆီ ကိုလဲ စိတ်မလာပါစေနဲ့"

၁။ စိတ်ကို ငယ်ထိပ်ပေါ် ဒင်္ဂါးပြား တစ်ကွက်စာလောက် နေရာမှာ စိုက်ထားပါ။

၂။ ဒါမှမဟုတ်လဲ ဟဒယဝတ္ထုလို့ ခေါ်တဲ့ ရင်ဝ ရင်ညွန့်ဆီမှာ စူးစိုက်ထားပါ။

၃။ အသံနဲ့နားနဲ့ ကြားတဲ့အခါ နားဆီမှာလဲ စိတ်ကို ထားနိုင်ပါတယ်၊ ခဏ ခဏလဲ နေရာမပြောင်းကြနဲ့၊ ကိုယ့်စိတ်ထဲမှာ ပေါ်လွင်ထင်ရှားတဲ့ နေရာမှာ ဒင်္ဂါးပြားလောက် သတ်မှတ်ပြီး ကြာကြာထားကြည့်ပါ"

မီးခြစ်နှင့်မီးခြစ်ဆံကြောင့် မီးဖြစ်လာရပုံ ဥပမာဆောင်၍ ရုပ်နှင့်နာမ်တို့ ထိခိုက်ပေါင်းဆုံခြင်းကြောင့် ရုပ်နာမ်တရားတို့၏ ဖြစ်ပေါ်လာလိုက်၊ ပျောက်ကွယ် သွားလိုက်နေပုံကို အကျယ်ရှင်းပြ၏။ လျှောင်း ထိုင် ရပ် သွားခြင်း၊ စားသောက်ခြင်း၊ ကျင်ကြီးကျင်ငယ်စွန့်ခြင်းစသော ကိုယ်အမူအရာ ပြုလုပ်ဖြစ်ပေါ်သမျှကိုလည်း အနိစ္စ အချက်ကို မိအောင် စိတ်စိုက်၍ ကြည့်ရန် အသေးစိတ် ဟောပြသည်။ ဝိပဿနာ ကူး၍ သုံးရက်ခန့် ရှိလျှင် --

ဆရာကြီး။ ။ကဲ...မိခင်၊ ရုပ်နာမ်တွေ အဆက်မပြတ် ဖြစ်ပေါ်ချုပ်ပျောက် နေတာကိုကော စိတ်ထဲက သဲသဲကွဲကွဲ မြင်ပါရဲ့လား။

အဘွားအို။ ။မြင်ပါပြီလား ဆရာရယ်၊ တစ်လောကလုံးမှာ ခိုကပ်စရာကို မရှိတော့ ပါဘူး၊ ဘာမှ အားကိုးစရာ အားထားစရာ ပျော်စရာ ခင်မင်စရာလဲ မရှိပါဘူးဆရာ။



www.burmeseclassic.com

www.burmeseclassic.com

"ဒါထက် ဆရာရယ်၊ ဆရာနဲ့တွေ့ရတာ ကျွန်မကံကောင်းလိုက်တာ… ပြောရဦးမယ်၊ ထူးတာက ဆရာရယ်… ဗိုက်ထဲက မည်းမည်းအလုံးကြီးကလဲ တစ်ခါတစ်ခါ သေမလား အောက်မေ့ရလောက်အောင် နာနေတယ်ဆရာ၊ ဒါနဲ့ သူ့သဘော သိရအောင်ဆိုပြီး တရားအာရုံမပြုဘဲ နေကြည့်တယ်၊ အဲဒီတော့ အကောင်းပဲ၊ ဘာမှမနာဘူး"

"ကျွန်မမှာ မြင်တာ သိတာ ကြားတာတွေဟာ သိပ်ထူးတာပဲ၊ အကုန်လုံးလဲ အမှန်ချည်းပဲ ဖြစ်နေတယ်"

"နောက်ဆုံးတော့ လူတိုင်းဟာ တစ်နေ့တော့ သေကြရမှာချည်းပဲ၊ ဘုရားရဟန္တာတွေ မျက်မှောက်ပြုတဲ့ တရားကို မသိရသမျှတော့ ဒီလိုပဲ တရစပ် ဖြစ်ပျက်ဒုက္ခနဲ့ ချည်းနေရတော့မှာပါလားဆိုပြီး ဗိုက်နာတာကိုလဲ ဂရုမစိုက်တော့ပါဘူး ဆရာရယ်၊ ကျွန်မမှာ ဘာအပြစ်တွေဖြစ်ခဲ့တယ်၊ ဘုရား ဘာကြိုက်တယ် ဆိုတာ ခုတော့ ဆရာ့ကျေးဇူးကြောင့် ရှင်းရှင်းကြီး သိပါပြီ ဆရာ"

ဆရာကြီး။ ။မိခင်၊ ဒါတွေကို အမှတ်သတိ လက်လွှတ်ပြီး လျှောက်တွေး နေတာလား။

အဘွားအို။ ။မလွှတ်ပါဘူးဆရာ၊ အနိစ္စကိုသိလျက်နဲ့ အဲသလို သိသွားတာပါပဲ။

ဆရာကြီး။ ။သာဓုဗျာ…သာဓု…သာဓု။

(သံသရာဘေးကြီး ထိတ်လန့်ကြောက်ရွံ့ဖွယ် ကောင်းပုံနှင့် ဘုရားပွင့်တော်မူ၍ အတိုင်းမသိ ကျေးဇူးကြီးမားပုံကို ဆက်လက်ပြောပြပြီးနောက်)

"ကဲ မိခင်၊ အင်မတန်မှ ကျေးဇူးကြီးမားတဲ့ တရားတွေပါ၊ ဒီတော့ သတ္တဝါတွေကိုလဲ မိခင် သိမြင်အောင် ပြုလုပ်ကြိုးစားရတဲ့ ကုသိုလ်အဖို့ကို အမျှဝေပါ၊ မိခင်ရဲ့ ကုသိုလ်ကို အားလုံးက သာဓုခေါ်ပြီး အမျှယူချင်ကြပါတယ်" ဟုပြောဆို၍ အမျှဝေပုံကို ချပေးသည်။

### မှန်ကန်သော အသိအမြင်

ဆယ်ရက်ခန့် တရားရှုမှတ်ပြီးသောအခါ အဘွားအိုမှာ အပြစ်များကို ဖွင့်လွှတ်ရန် ဆရာနှင့်တကွ ရတနာသုံးပါးနှင့် သတ္တဝါအားလုံးအား တောင်းပန်အမျှဝေ၍ မဆုံးနိုင်အောင် ကျေနပ်နေ၏။

အဘွားအို။ ။ ဆရာ ကျွန်မလဲ တစ်ဘဝတစ်ခါ သေရမယ့် ဘေးထက် ခဏခဏ သေသေနေရတဲ့ ဘေးကြီးကိုပါ မြင်ရပါတယ် ဆရာရယ်၊ ဒီဘေးကြီးက လွတ်အောင်ဟာ ဒီတရားကိုပဲ ကျွန်မ ဖက်ထားပါပြီ၊ ဒါပေမယ့် ဆရာရယ် ကျွန်မ နက်ဖြန် ရွာကို ပြန်ခွင့်ပြုပါ၊ ကျွန်မအသိတွေကလဲ ဆန်းကျယ်လိုက်တာ၊ ကျွန်မ သားတွေ သမီးတွေကို အကျိုးအကြောင်း ပြောဆိုစရာတွေ ရှိနေလို့ပါ။

ဆရာကြီး။ ။ (အတန်ကြာ မျက်စိမှိတ် ငြိမ်နေပြီးနောက်) ကောင်းပါပြီ မိခင်၊ ကိုယ့်အချိန်ကိုယ် သိတဲ့အတိုင်း သွားတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

အဘွားအိုမှာ ရထားဖြင့်ပြန်သွား၏။ နောက်တစ်ရက် ဆရာကြီးက စကားစပ်ပြောမိ၍ သိလိုကြသဖြင့် ယောဂီအချို့လိုက်ပါသွားကြ၏။ ရွာသို့ရောက်၍ လေးနာရီခန့်အကြာ သားသမီးများကို ပြောဆို ဆုံးမအပြီး ကွယ်လွန်သွားကြောင်းနှင့် အလောင်းကိုသာ တွေ့မြင်ကြရလေ၏။

. . . . . . . . . . . . .

အထက်တွင်ဖော်ပြခဲ့သော တရားအတွေ့အကြုံ အထူးအဆန်းများကို ကျနော်ဖတ်ပြီးချိန်၌ ကိုသက်ခိုင်ထံမှ စကားသံခပ်တိုးတိုး ထွက်ပေါ်လာပြန်ပါသည်။

အဲသလို လောကီအကျိုးစီးပွားနဲ့မကင်းတဲ့ အတွေ့အကြုံတွေကြောင့် ကျနော်ဟာ သမထနဲ့ ဆက်စခန်းသွားနေလို့ မဖြစ်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပါတယ်။ ကျနော်က ချမ်းသာချင် ဈာန်အဘိညာဉ် ရချင်သူ မဟုတ်ဘူး။ ကျနော့်ဘဝမှာ ချမ်းသာနဲ့ စိတ်တိုင်းကျ နေချင်သလို နေခဲ့ပြီးပြီ။ လောကီအာရုံကာမဂုဏ်တွေကို ကျနော် အများကြီး ခံစားခဲ့ဖူးပါပြီ။ ဈာန်အဘိညာဉ်အကြောင်း ကျနော် နားမလည်ဘူး။ ကျနော်စိတ်ချမ်းသာ ချင်တယ်။ အေးချမ်းသောဘဝကို ရချင်တယ်။ အထိရောက်ဆုံးပြောရရင် ကျနော်ဟာ အဆုံးစွန်သော လွတ်မြောက်မှုကိုသာ အလိုရှိပါတော့တယ်။ ဒါကြောင့် ကျနော်ဟာ ဝိပဿနာဖက်ကို ခြေဦးလှည့်ခဲ့တယ်။ ဖြစ်ပျက်တွေ့လာမဲ့လမ်း ဆိုပါတော့ဗျာ။

❁ ❁ ❁ ❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## ၁၀။ ဗေဟိပဿိကော၊ လာလှည့်၊ ရှုလော့

"ကဲ၊ လုပ်စမ်းပါအုံးဗျ၊ ခင်ဗျားခြေဦးလှည့်ခဲ့တဲ့ ဖြစ်ပျက်ကိုတွေ့လာမဲ့ ဝိပဿနာလမ်းဆိုတာ ဘယ်လိုဟာများပါလိမ့်၊ တကယ်ဟန်ရင် ကျနော်လည်း လျှောက်ချင်ပါရဲ့"

"သိချင်တဲ့စိတ်ကို ကျနော်ဖြည့်ဆည်းနိုင်လောက်ပေမဲ့ လျှောက်လို့ ဖြစ်မဖြစ် ဆိုတာကတော့ခင်ဗျား ကိုယ်တိုင်အပေါ်မှာပဲ မူတည်ပေလိမ့်မယ်ဗျာ"

"ခင်ဗျားပြောလို့ သိလာရင် ကျနော်လျှောက်နိုင်ပြီ မဟုတ်လား"

"ရော၊ ခင်ဗျား တော်တော်လောတဲ့သူပဲ၊ ဘာသာတရားတစ်ခုရဲ့ အနှစ်သာရကို တစ်စုံတစ်ယောက်ရဲ့ ပြောပြချက်နဲ့လောက်တော့ မခြုံငုံမိလောက်ဘူးဗျ၊ ကဲပါ ခင်ဗျား သိလောက် စိတ်စောနေရင်လည်း ကျနော်အတိုချုပ် ဖြေလိုက်ပါ့မယ်၊ စောင့်ထိန်းမှု၊ တည်ငြိမ်မှု၊ ထိုးထွင်းသိမြင်မှု ဆိုတဲ့ အချက်သုံးချက် ပြည့်စုံရင် ဖြစ်ပျက် ဆိုတာတင် မက လောကကြီးတစ်ခုလုံးအကြောင်းကိုပါ သိမြင်နိုင်တယ်ဗျာ"

"ခင်ဗျား နောက်နေတာလားဗျ၊ အဲဒီကိစ္စက ဒီလောက်ရိုးရှင်းပါ့မလား"

"ရော ခက်ပြီးရင်း ခက်နေပါပြီကော၊ ကျနော်ပြောတဲ့ အချက်သုံးချက်ဟာ သီလ၊သမာဓိ၊ပညာကိုဆိုလိုတာဗျ၊ ကျမ်းတတ်ဘုန်းတော်ကြီးတစ်ပါး အမိန့်ရှိဖူးတာက တော့ ပိဋကတ်သုံးပုံကို အနှစ်ချုပ်လိုက်ရင် အဲဒီ သုံးချက်ပဲ ရှိသတဲ့"

"အော် လက်စသတ်တော့ ခင်ဗျားက ပညာရှိနည်းနဲ့ ကပ်ဖွဲ့တိုက်နေတာပဲ" မဟုတ်ရပါဘူးဗျာ၊ ခင်ဗျားကြည့်ရတာ ကျနော်ပြောပြနေတဲ့ ဓာတ်လမ်းကို ငြီးငွေ့ လာပုံရတာ သတိထားမိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

"အေးလေ ခင်ဗျား ဥစ္စာ၊ ဓာတ်ကြောင်းပြောလိုက် စာတွေဖတ်နိုင်းလိုက်နဲ့ ဘယ်တော့ ဆုံးမှာတုန်း"

"ဒါကတော့ ခင်ဗျား အပေါ်မှာ မူတည်တယ်ဗျာ၊ ဉာဏ်ပဋိဘာန် ထက်ရင်ထက်သလောက် ထုံရင်ထုံသလောက် နှေးတာမြန်တာ ကွာပေလိမ့်မယ်၊ ကျနော့်ရည်ရွယ်ရင်းကတော့ ကျနော့်အတွေ့အကြုံနဲ့ ကျမ်းဂန်လာအကြောင်း ခြင်းရာတွေကို ဆက်စပ်နားလည်စေချင်တဲ့သဘောပါ"

"ဒါဖြင့် ဘယ်လောက်ကြာအုံးမှာတုန်းဗျာ"

"ခင်ဗျား ဉာဏ်သိပ်နှံ့နဲ့နေရင် သံသရာနဲ့ချီပြီး ကြာနိုင်တာပေါ့၊ ကဲပါဗျာ၊ အခုခင်ဗျား ပြောနေတဲ့ စကားတွေက ခင်ဗျား စိတ်ထဲမှာ ရှိနေတာနဲ့ တခြားစီဆိုတာ ကျနော်သိနေတယ်၊ အမှန်က ခင်ဗျား ကြောက်နေလို့ စကားမရှိစကားလာရှာနေတာ မဟုတ်လား"

"ဗျာ၊ ဒါကို ခင်ဗျား ဘယ်လိုသိတာတုန်း"

ကျနော့်အသံသည် ကျယ်လောင်လွန်းလှသည်ဟု မဆိုနိုင်သော်ငြား၊ တိတ်ဆိတ်သော ညဥ့်ယံကို သိသိသာသာ မြည်ဟိန်းထွင်းဖောက်သွားလေသည်။

ကိုသက်ခိုင်နှင့်ကျနော် စကားအခြေအတင် ပြောနေချိန်မှာ ညသန်းခေါင်ယံ အချိန်ဖြစ်၏။ ထိုညက ကျနော် အပြင်ဘာယာကျသည်။ ထို့ကြောင့် အဆောင်အပြင် ထွက် အိပ်ရလေရာ ကျနော့် ဘာယာစောင့်ချိန် ညဆယ့်တစ်နာရီတွင် အဆောင်ပေါ်သို့ ပြန်မတက်တော့ပဲ ကိုသက်ခိုင်တဲဖက်သို့ လျှောက်လာပြီး စကားစရှာနေခြင်းဖြစ်၏။ ရဲဘက်အိပ်ဆောင်ဆီမှ အတွင်းကင်းကျဘာယာ၏ တစ်နာရီခြားပေါ်လာတတ်သော အသံမှ လွဲ၍ စခန်းခွဲ(၁)ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်လျက်ရှိ၏။

ကိုသက်ခိုင်သည် ဖတ်လက်စ စာအုပ်ကို ပိတ်လိုက်ရင်း...

"ခင်ဗျား ကြောက်နေပြီ မဟုတ်လား"

ကျနော်က သူ့အမေးကို ရုတ်တရက် ပြန်မဖြေပဲ တဲဝန်းကျင်က အမှောင်ထုကြီး ဆီသို့ လှမ်းကြည့်လိုက်သည်။ ပုဇဉ်းရင်ကွဲသံပင် မကြားရပဲ ပိန်းပိတ်အောင်မှောင်လျက် တိတ်ဆိတ်လွန်းနေခြင်းကြောင့် ကျနော့်စိတ်တွင် ကြောက်စိတ်အနည်းငယ် ဖြစ်ပေါ်လျက်ရှိကြောင်း ကျနော်ကောင်းစွာ သတိပြုမိသည်။ စင်စစ်ထိုကြောက်စိတ်သည် လွန်ခဲ့သော ရက်အနည်းငယ်က စခန်းခွဲ(၁)မှကင်းစောင့်ရဲတပ်သားတစ်ဦး ရေနစ်သေဆုံးခဲ့ခြင်းနှင့် ဆက်စပ်နေပေလိမ့်မည်။ မှန်၏။ ထိုရဲတပ်သား၏ အလောင်းကို ရေထဲမှ ဆွဲတင်ပြီး ရဲဘက်အိပ်ဆောင်ဘေးတွင် တစ်နေကုန်နီးပါးထားခဲ့လေရာ ထို အလောင်းကောင်ကို အာရုံစွဲနေသည်။ ထိုရဲသားကား အသက်သုံးဆယ်ပင် မပြည့်သေး သော်ငြား အထွေထွေအကြပ်အတည်းကြောင့် စိတ်ဓာတ်ကျကာ အရက်စွဲလျက်ပါန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

ရဲကင်းနှင့် ရဲဘက် အိပ်ဆောင်ကြား ဆယ့်ငါးပေခန့်ရှိသည့် မြောင်းငယ်ကို ညသန်းခေါင်ယံတွင် ဖြတ်ကျော်စဉ် ခြေချော်ကာ မြောင်းထဲသို့ လူမသိသူမသိ ပြုတ်ကျခဲ့ပြီး နောက်တစ်နေ့နေ့လည်တွင် ပြန်ပေါ်လာခဲ့ခြင်းဖြစ်၏။

တစ်ညလုံးရေစိမ်ထားသော အလောင်းသည် ပူပြင်းလှသောနေရှိန်ဖြင့် ထိတွေ့သည့်အခါ နေရာရွှေ့ရန် မလိုက်တိုင်း အသားတွေ ပွဲကျကုန်သည်။ ခြေရောလက်ပါ ခပ်ကွေးကွေးအလောင်းပုံစံသည် ကျနော့်မျက်စိထဲက မထွက်။

"ဗကွန္တ ခင်ဗျား မျက်စိထဲမှာ ရေနစ်သေခဲ့တဲ့ ရဲအလောင်းကို ပြန်မြင်နေတယ်ထင်ပါရဲ့"

ကိုသက်ခိုင်ကား ကျနော့်စိတ်အစဉ်ကို မည်သို့ရိပ်စားမိလေသည်မသိ။ ကျနော်ကလည်း အရိုးခံ အတိုင်းပင် ဝန်ခံလိုက်ရသည်။

"အေးဗျာ၊ ကျနော်လည်း နေရာတကာ သိပ်အကြောက်ကြီးလှတယ် မဟုတ်ပေမဲ့ အခုလို မှောင်ပိန်း တိတ်ဆိတ်လွန်းနေတဲ့အချိန်မှာ အဲဒီရဲတပ်သားချာတိတ်ရဲ့ အလောင်းကိုပဲ မျက်စိထဲ ပြန်ပြန်ပေါ်လာနေတယ်ဗျာ၊ နေပါဦး၊ ခင်ဗျားကကော လုံးလုံးမကြောက်ဘူးလားဗျာ"

"ရော၊ ကျနော်လည်း လူပဲဗျာ၊ ကြောက်သင့်သလောက်တော့ ကြောက်ပါသော်ကော၊ သို့သော် ကျနော့်မှာ ဖြေဆေးရှိတယ်ဗျ၊ အမှန်တော့ ကျနော်လည်း ငယ်ငယ်တုန်းက အများနည်းတူ တစ္ဆေသူရဲပုံပြင်တွေ နားထောင်ပြီးရင် ညဖက်အိပ်ယာထဲမှာ တထိတ်ထိတ်တလန့်လန့် ဖြစ်ခဲ့ဘူးတဲ့သူ ပါပဲလေ၊ အခုတော့ တစ်မျိုးပေါ့"

"ဘယ်လိုတစ်မျိုးတုန်းဗျာ၊ ဆက်ပါအုံး"

"အမှန်တော့ သမထတို့ ဝိပဿနာတို့ ရှုရာမှာ ကမ္မဋ္ဌာန်းနည်းတစ်နည်းနည်းကို သုံးရတာဗျ။ အခုဆို ကျနော်က ဝင်လေထွက်လေကို မှတ်တဲ့ကမ္မဋ္ဌာန်းနည်းပေါ့၊ ကမ္မဋ္ဌာန်းလေးဆယ်ရှိတဲ့အနက် အလောင်းကောင်ကို ကြည့်ပြီး ရှုမှတ်တဲ့ကမ္မဋ္ဌာန်း နည်းလည်း ရှိသတဲ့ဗျ။ ရှိတာမှ ဆယ်နည်းတောင်ရှိသတဲ့၊ ဘယ်ကမ္မဋ္ဌာန်းဟာ ကိုယ်နဲ့ ကိုက်ညီသလဲ ဆိုတာတော့ ကိုယ့်စရိုက်အပေါ်မှာ မူတည်သတဲ့ဗျာ၊ ဟိုးရှေး ရှေးတုန်းက လူတွေဟာ လူသေတွေကို ကမ္မဋ္ဌာန်းရှုချင်တဲ့သူ ရှုနိုင်အောင် သုသာန်တွေမှာ ဒီအတိုင်း စွန့်ပစ်လိုက်လေ့ရှိသတဲ့ဗျ"

"အော်၊ အလောင်းကို ကြည့်ပြီး မှတ်တဲ့နည်းက ဆယ်နည်းတောင်ရှိသတဲ့ လားဗျ၊ လုပ်ပါအုံး၊ ဘာတွေများပါလိမ့်"

"လေပြည့်နေတဲ့အိတ်လို ဖူးဖူးယောင်နေတဲ့ ရုပ်အလောင်းကောင်၊ အသားအရေ ညိုပုပ်နေသော ရုပ်အလောင်းကောင်၊ ပြည်တွေယိုစီးနေတဲ့ စက်ဆုတ်ဖွယ် ရုပ်အလောင်း ကောင်၊ ထက်ပိုင်းပြတ်နေတဲ့ ရုပ်အလောင်းကောင်၊ ခွေး၊ တောခွေးတွေ ကိုက်ဖဲ့



www.burmeseclassic.com

www.burmeseclassic.com

စားသောက်ထားတဲ့ ရုပ်အလောင်းကောင်၊ ကိုယ်ခန္ဓာအစိတ်အပိုင်းတွေ အပိုင်းပိုင်းပြတ်နေတဲ့ ရုပ်အလောင်းကောင်၊ ကျီးခြေသဏ္ဌာန်လက်နက်တွေနဲ့ ထိုးသတ်ထားလို့ မရှုမလှဖြစ်နေတဲ့ ရုပ်အလောင်းကောင်၊ ဒွာရအပေါက်တွေကနေ သွေးယိုစီးနေတဲ့ ရုပ်အလောင်းကောင်၊ ပိုးလောက်တွေ တဖွားဖွားတက်နေတဲ့ ရုပ်အလောင်းကောင်နဲ့ အရိုးစုသာကျန်တော့တဲ့ ရုပ်အလောင်းကောင်တွေတဲ့ဗျာ၊ ဒါတွေကို အလွတ်ရွတ်ပြနေလို့ သိပ်တော့ အထင်မကြီးလေနဲ့ဗျာ၊ ကျနော်ဖတ်မှတ်ထားတာ မကြာသေးလို့ပါ၊ ခင်ဗျားကော ကျနော်ပါ မြင်ခဲ့ရတဲ့ ရဲတပ်သားရဲ့ အလောင်းဟာ ဥဒ္ဓုမာတက အသုဘ လို့ခေါ်တဲ့ လေပြည့်နေသော အိတ်ကဲ့သို့ ဖူးဖူးယောင်နေတဲ့ ရုပ်အလောင်းကောင်ဆိုပါတော့၊ ကျနော်ကတော့ အဲဒီအလောင်းကောင်ကို ကြည့်ရင်း ငါ့ခန္ဓာဟာ တစ်ချိန်တစ်ချိန်မှာ ဒီလိုပဲဖြစ်ကျန်ခဲ့မှာလို့ နှလုံးသွင်းတယ်ဆိုပါတော့။ ဒါဟာလည်း ကျနော့်အနေနဲ့ အလေ့အကျင့်အထိုက်အလျောက်ရှိပြီး စိတ်ကိုတည်ငြိမ်အောင်ထားနိုင်ချိန်မို့ ဖြေဆေးအဖြစ် သုံးနိုင်ဟန်တူပါရဲ့၊ သာမန်လူ အဖို့တော့ ဒီအတိုင်းချက်ချင်းမြန်းစားကြီး ရှုနိုင်ဖို့တော့ မလွယ်လောက်ဘူးထင်တာပါပဲ"

"တော်ပါတော့ဗျာ၊ အလောင်းကိုတွေးပြီး ကြောက်စိတ်ဝင်နေပါတယ်ဆိုကာမှ အလောင်းအမျိုးအစားတွေ ခွဲခြမ်းစိတ်ဖြာနေတာ မကြားပါရစေနဲ့တော့၊ တခြား စိတ်ဝင်စားစရာတစ်ခုခု လုပ်ဗျာ၊ အာရုံပြောင်းလို ပြောင်းငြားပေါ့"

"ရော၊ ခင်ဗျားမေးလို့လည်း ဖြေရသေးဗျာ၊ အမှန်တော့ အဲဒီသေသွားတဲ့ ရဲတပ်သားလေးနဲ့ ပတ်သက်ပြီး ကျနော့်စိတ်မှာ တန့်နံ့ဖြစ်နေတာတစ်ခုရှိလေရဲ့။ ဒီကလေးဟာ ဘာကြောင့်အချိန်မတော် မြောင်းကိုကျော်ပြီး အိပ်ဆောင်ဖက်ကို ကူးလာသလဲ၊ ခင်ဗျားသေချာစဉ်းစားကြည့်ဗျာ၊ လာစရာအကြောင်းက တစ်ခုပဲရှိတယ်။ အဲဒါ အချိန်မတော် အရက်လိုချင်လို့၊ အဲဒီအရက်ကို ဘယ်မှာရ နိုင်မလဲ၊ အဆောင်ပေါ်မှာ အရက်ကို ဖွက်ထားလို့မှ မရတာကြောင့် အိပ်ဆောင်ပေါ်က ရဲဖက်တွေဆီမှာ ဘယ်မှာလာ အရက်ရနိုင်မှာတုန်း၊ ဒါကြောင့် ဒီရဲသားလေးဟာ ဒီဇခန်းမှာနေရာတကာ ဆရာကြီး ယောင်ယောင်ဖြစ်နေတဲ့ ကျနော့်ဆီကို အရက်ရလိုရငြား နားပူဖို့ထွက်လာတယ်လို့ တွက်လို့ရနိုင်တယ်ဗျ၊ သေချာစဉ်းစားကြည့်ရင် ကျနော့်ပယောဂတော် နည်းနည်းပါနေသလို ခံစားရတယ်"

"ခင်ဗျားက အရက်ကို ဆေးရုံတက်ပြီးဖြတ်ရလောက်အောင် စွဲလန်းခဲ့တာ ဆိုတော့ အရက်ဟာ အဲသလောက်တောင်ဆိုးသလားဗျာ"

"ဆိုးပါသော်ကောဗျာ၊ ကျနော်လို ဖွတ်ကြားမဆိုထားနဲ့၊ မြန်မာရာဇဝင်မှာ ထင်ရှားကျော်ကြားတဲ့ တပင်ရွှေထီးလို ပုဂ္ဂိုလ်မျိုးတောင် အရက်နဲ့တွေ့တော့ တတ်သိမ်း မလှရှာဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုလည်းလုပ်ပါအုံးဗျာ၊ တပင်ရွှေထီးဇာတ်သိမ်းခန်းလေး"

"ခင်ဗျားကလည်းအရေးထဲ ကလေးတွေ ပုံပြောခိုင်းသလို လုပ်နေပြန်ပါပြီ၊ တပင်ရွှေထီးဆိုတာ တောင်ငူဘုရင် မင်းကြီးညိုက မွေးတယ်၊ သူ့အဖသေတော့ သူက တောင်ငူဘုရင်ဖြစ်တာပေါ့ဗျာ၊ ထူးခြားတာက တပင်ရွှေထီးမွေးမွေးချင်း သူ့ခေါင်းမှာ ရွှေရောင်ဆံပင်တစ်ချောင်းပါလာတယ်ဆိုပဲ၊ သမားဟူးရားတွေ အဟောအရ ဂုဏ်ရှိန်ကြီးမယ်၊ သတ္တိဗျတ္တိနဲ့ ပြည့်စုံမဲ့ ယောကျ်ားကောင်း အလောင်းလျာဆိုပါတော့ဗျာ။ တကယ်တမ်းအရွယ်ရောက်လာတဲ့အခါမှာလည်း တပင်ရွှေထီးဟာ သတ္တိအရာမှာကော ဉာဏ်အမြော်အမြင်အရာမှာပါ သမိုင်းတွင်လောက်အောင် ထက်မြက်ခဲ့သူပါပဲ။ ခင်ဗျားလည်း သိသားပဲ၊ ကျနော်တို့ငယ်ငယ်တုန်းက မြန်မာဖတ်စာတွေမှာ ဘုရင်မင်းထီးပညာရှိပုံဆိုပြီး ယောက်ဖအရင်းနဲ့ သူစိမ်းတစ်ယောက်၊ အမတ်နေရာပေးဖို့ ရွေးရာမှာ နန်းတော်ခြေရင်းက ခွေးသားအုပ်မ မီးနေခန်းကို သွားကြည့်ခိုင်းပြီး ဆုံးဖြတ်ပေးခဲ့တာကို သင်ရဖူးတယ်လေဗျာ"

"အင်း ဉာဏ်ရှိတာတော့ ဟုတ်ပါပြီ၊ တပင်ရွှေထီးသတ္တိကောင်းပုံနဲ့ လုပ်ရည်ကိုင်ရည်တော့ ကျနော် သိပ်မသိတာအမှန်ပဲ၊ ဆက်ပါအုံးဗျာ"

"ကောင်းရောဗျာ၊ ဟိုးအဝေးကြီးက စစ်သူကြီး ဟန်နီဘောအကြောင်းကိုတော့ ပါးစပ်က တံတွေးစင်အောင် ပြောနိုင်ပါလျက် တပင်ရွှေထီးအကြောင်းတော့ ဂဃနဏ မသိဘူးဆိုပဲ။ ဒါဆို သေချာမှတ်ထားပေရော့၊ ဟံသာဝတီဇကရာဇ်နိုင်ငံတော်ကို စတင်ထူထောင်ခဲ့သူဟာ တပင်ရွှေထီးပဲဗျာ။ တကယ်တော့ တောင်ငူဟာ ဟံသာဝတီ နဲ့စာရင် ဘာမှမပြောလောက်ဘူး၊ တောင်ငူဘုရင်ဘဝကနေ ဟံသာဝတီထီးနန်းကို သိမ်းနိုင်ခဲ့တာဟာ တပင်ရွှေထီးရဲ့ လူစွမ်းလူစပဲဗျာ။ နေအုံးဗျ၊ သူ့ယောက်ဖ၊ သူ့အမ (ခင်ကြီး)ယောကျ်ား ဘုရင့်နောင်ဟာ လူစွမ်းကောင်းရွေးရာမှာ လက်မထိပ်ကို အပ်စိုက်ပြီး ကျူနဲ့ထုရွေးတယ်ဆိုတာ ခင်ဗျားကြားဖူးတယ်မဟုတ်လား။ ဗလမင်းထင်ဆိုတဲ့ တပင်ရွှေထီးရဲ့ငယ်ကျွန်တစ်ယောက်က တွန့်သွားလို့ အရွေးမခံရတာကြောင့် သူ့မိုက်သူခွဲပြီး မိုက်ဂုဏ်ပြတဲ့ဖြစ်ရပ်လေဗျာ။ အဲဒီလူစွမ်းကောင်းရွေးပွဲဟာ တပင်ရွှေထီးရဲ့ နားထွင်းမင်္ဂလာကို ရန်သူ့နယ်မြေထဲက ရွှေမောဓောဘုရားရင်ပြင်မှာ လုပ်ချင်တယ်ဆိုပြီး ဘုရင့်နောင်ကို တာဝန်ပေးတာတဲ့ဗျာ၊ ဒီမှာတင် ဘုရင့်နောင်က လက်ရွေးစင်ကွန်မန်ဒို အယောက်လေးဆယ်၊ အရုံစစ်သည် အင်အားငါးရာနဲ့ ရွှေမောဓောရင်ပြင်ပေါ်မှာ မင်းတရားရွှေထီးရဲ့ နားထွင်းမင်္ဂလာကို ကျင်းပသတဲ့။ မှတ်သားစရာတစ်ခုကတော့ အဲသလို နားထွင်းနေတုန်း ဟံသာဝတီ(ပဲခူး)ရဲ့မက်တွေ ဘုရားခြေရင်းကို ရောက်လာပြီး ဝိုင်းထားလိုက်ကြတော့ နားထွင်းပေးနေတဲ့ ပုဏ္ဏားဟာ ကြောက်လန့်ပြီး လက်တုန် ခြေတုန် ဖြစ်ပါရောတဲ့။ ဒီမှာတင် တပင်ရွှေထီးက ပုဏ္ဏားကို "မောင်မင်းဒီလိုကြောက်



www.burmeseclassic.com

www.burmeseclassic.com

နေပုံနဲ့ဆို ပဲခူးသားတွေ တက်မလာခင် ငါ့မားနဲ့ အရင်အသက်ပျောက်မယ်၊ နားကို
တည့်တည့်ထွင်း"လို့ တည်တည်ငြိမ်ငြိမ်ပြောလိုက်တဲ့စကားဟာလည်း ရာဇဝင်တွင်
ခဲ့သဗျ။ ဒါတင် ဘယ်ကအုံးမလဲ။ ခင်ဗျားတို့ကျနော်တို့ နောက်မဆုတ်တမ်း လုပ်ကြ
ကိုင်ကြ ရမဲ့နေရာမျိုးတွေမှာ ဘုရင့်နောင် ဖောင်ဖျက်သလို ဆိုပြီးပြောနေကျစကားဟာ
နောင်ရိုးတိုက်ပွဲက လာတာဗျ။ နောင်ရိုးတိုက်ပွဲကို ဦးဆောင်စီမံတာကတော့
ဘုရင့်နောင်ပါပဲ။ ဒါပေမဲ့နောက်ဆက်တွဲဖြစ်ရပ်လည်း ရှိသေးတယ်။ အမှန်က
နောင်ရိုးတိုက်ပွဲကို ကုန်းကြောင်းရေကြောင်း စစ်ကြောင်းနှစ်ကြောင်းခွဲပြီး ချီတက်
လာတာ၊ စစ်ကြောင်းနှစ်ကြောင်းဆုံမိမှ ပူးပေါင်းစစ်ဆင်ရေးလုပ်ရမယ်ဆိုပြီ
တပင်ရွှေထီးက ဗျူဟာဆွဲထားတာ၊ တပင်ရွှေထီးရဲ့ကြည်းကြောင်းက ချီလာတဲ့
စစ်တပ်ရောက်တော့ နောင်ရိုးတိုက်ပွဲ ကပြီးနေပြီ။ ဒီမှာတင် တပင်ရွှေထီးက ဘုရင့်နောင်
ကို သူ့မစောင့်ပဲ တိုက်ရကောင်းလားဆိုပြီး ကြိမ်းသေးသတဲ့ဗျ။ ဒီတော့ ဘုရင်နောင်က
ဒီလိုတိုက်ပွဲအသေးအမွှားဟာ အရှင့်အရာမဟုတ်ပါလို့ အလျှောက်ကောင်းတာကြောင့်
သက်သာသွားသတဲ့ဗျ"

"ခင်ဗျားပြောသလိုဆိုရင် အဲဒီအချိန်တွေမှာ တပင်ရွှေထီးက ကာလျှ
သိပ်မချသေးဘူးထင်ပါရဲ့"

"ဟုတ်ပါ့ဗျာ။ တပင်ရွှေထီးသောက်နှန်းမြင့်လာတာက အိန္ဒိယမှာ ရှုံးစိုက်တဲ့
ပေါ်တူဂီဘုရင်ခံရဲ့တူကို မုတ္တမစားက ဖမ်းမိပြီး တပင်ရွှေထီးဆီကို ဆက်ရာက ယစ်ထု
ဓာတ်လမ်း စတာပဲတဲ့ဗျာ။ အဲဒီပေါ်တူဂီက အရက်ကောအမြည်းပါ ပေါ်တူဂီစတိုင်
ချက်ပြုတ်စီမံဆက်သရာက တပင်ရွှေထီးဟာ အရက်ဂျိုးဖြစ်ပြီး တိုင်းရေးပြည်ရာတွေမှာ
အလွဲလွဲအချော်ချော်ဖြစ်ရောတဲ့။ နောက်ပိုင်းတော့ တိုင်းပြည်အုပ်ချုပ်ရေးကို ဘုရင့်နောင်
လက်ထဲထိုးအပ်ပြီး နေ့ရောညပါ သေသောက်ကြူးနေရာက ဘုရင့်နောင် တွံတေးဖက်
စစ်ချီထွက်နေချိန် စစ်တောင်းဖက်မှာ ဆင်ကျော့(ဖမ်း)ရအောင်ဆိုပြီး သမိန်စောထွတ်
မလိမ့်တစ်ပတ်သွေးဆောင်ရာကို လိုက်သွားမိရာကနေ သမိန်စောထွတ်ရဲ့ညီ
လက်ဝဲဝင်းမှူး ဓားချက်နဲ့ ကုတင်ပေါ်မှာ အိပ်ပျော်နေတုန်း ခေါင်းနဲ့ကိုယ် အိုးစားကွဲခဲ့ရော
ဆိုပါတော့ဗျာ။ တပင်ရွှေထီးနတ်ရွာစံချိန်မှာ အသက်(၃၅)နှစ်သာ ရှိသေးတာကြောင့်
တကယ့်အရွယ်ကောင်းပေါ့ဗျာ။ အံမယ်၊ ရွှေကိုယ်တော်က သေသာသေတယ်၊ သူ့ရဲ့
သူ့ဟိတ်ကတော့ ကျန်ခဲ့သေးတယ်ပြောရမယ်ဗျ။ ဘာကြောင့်လို့လည်းဆိုတော့
တပင်ရွှေထီးရဲ့ ခေါင်းပြတ်ကြီးဟာ သူ့ခန္ဓာကိုယ်နဲ့ အိုးစားကွဲနေတာတောင်
မျက်တောင်ခတ်နေဆဲပဲတဲ့။ ဒါကြောင့် ဝိုင်းကြည့်နေရာက ထူးဆန်းလှချည်ရဲ့ဆိုပြီ
သံဃာတော်တစ်ပါးကိုပင့်၊ အကျိုးအကြောင်းလျှောက်ထားတော့ ခတ်နေတဲ့
မျက်တောင်ဟာ မွန်းတည့်ချိန်ကျော်မှ မှိတ်တာကြောင့် ဒီနိုင်ငံမှာ မြန်မာဦးစွန်းယွန်းပြီလို



www.burmeseclassic.com

www.burmeseclassic.com

အတိတ်ကောက်ခဲ့သတဲ့ဗျာ"

"တဆက်တည်းပြောချင်တာက ကျနော်တို့လူမျိုး သမိုင်းမှတ်တမ်းအားနည်းလိုက်ပုံက ဘုရင့်နောင်ရဲ့ နာမည်ကျော်နောင်ရိုးတိုက်ပွဲ နွှဲခဲ့တဲ့နောင်ရိုးဆိုတဲ့အရပ်ဟာ ဘယ်မှာရှိလေသလဲဆိုတာ တိတိကျကျ မညွှန်နိုင်ဘူးဆိုပဲ။ သုတေသီတွေရဲ့ မှန်းဆချက်အရကတော့ ဧရာဝတီမြစ်ဝကျွန်းပေါ် အနောက်ဖက်ခြမ်း ပုသိမ်နဲ့မြောင်းမြကြားမှာ ပန်းမဝတီမြစ်ရှိသတဲ့။ ပန်းမဝတီနဲ့ အိမ်မဲချောင်းမကွဲခင် မင်းမနိုင် လို့ခေါ်တဲ့ ချောင်းရိုးတရိုးရှိတယ်၊ ဒါကြောင့်ဘုရင့်နောင်ဖောင်ဖျက်ခဲ့တဲ့နေရာဟာ အိမ်မဲပတ်ဝန်းကျင်၊ ဒါးကမြစ်နဲ့ မင်းမနိုင်ချောင်းကြားက နယ်မြေလို့ ဆိုသဗျာ"

ကိုသက်ခိုင်သည် စာသင်ခန်းထဲက ကျောင်းဆရာတစ်ယောက်ဟန်ဖြင့် မြန်မာ့သမိုင်းကို လက်တန်းရှင်းပြနေလေရာ ကျနော်က သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်ရင်း ...

"အေးဗျာ၊ ခင်ဗျားပြောပြနေတဲ့ တပင်ရွှေထီးဇာတ်ကြောင်းက နားထောင်ကောင်းပါပေရဲ့။ နို့ပေမဲ့ ကျနော်က ခင်ဗျား မှတ်ဉာဏ်အကြောင်းကို ပိုပြီးစိတ်ဝင်စားနေတယ်ဗျာ"

"ကြံဖန်အထင်ကြီးနေပြန်ပါပြီ၊ ကျနော်ပြောပြီးပါပကော၊ တရားရှုမှတ်တဲ့ အလုပ်ကနေ ပေါ်လာတဲ့ နောက်ဆက်တွဲ ကိစ္စရပ်တွေပါလို့၊ သို့သော် ကျနော့်ပင်ကိုယ် မှတ်ဉာဏ် နည်းနည်းကောင်းတာလည်း ပါချင်ပါလိမ့်မယ်ဗျာ"

"ကဲ ဒီလိုဆိုရင်လည်း ခင်ဗျားရဲ့ ရှုပုံမှတ်ပုံလေး သင်ကြားပြသပေးပါအုံးဗျာ"

"ခင်ဗျားက တရားမှတ်နည်း သင်ပေးပါဆိုလို့ အနာဂါမ်ဆရာသက်ကြီးလို ပုဂ္ဂိုလ်ကိုတောင် တရားမပြဘို့ ပိတ်ပင်တာ ခံရဖူးတာလေး သွားသတိရတယ်ဗျာ"

"အော်၊ ဘယ်သူက တရားမပြဖို့ ပိတ်ပင်တာလဲဗျ၊ အစိုးရအဖွဲ့ကလား၊ ရဟန်းပျိုအဖွဲ့တို့ဘာတို့ ကလား"

"များလိုက်တဲ့မေးခွန်းတွေဗျာ၊ ကဲပါလေ၊ ဒါလေးဖတ်ကြည့်လိုက်ပါ၊ ခင်ဗျား သိချင်တာ အားလုံးပါတဲ့အပြင် ခင်ဗျားစာဖတ်နေတုန်း ကျနော်လည်း ကွမ်းတစ်ယာဝါးပြီး အညောင်းဆန့်လိုက်အုံးမယ်ဗျာ၊ ရော့"

ပြောပြောဆိုဆို ကိုသက်ခိုင်က အသင့်ယာထားသော ကွမ်းယာကို လက်တွင်ကိုင်လျက် တဲအပြင်ဖက် အမှောင်ထုထဲသို့ ထွက်သွားလေရာ သူအဆင်သင့် ဖွင့်ပေးခဲ့သော ဓမ္မာစရိယ ဦးဌေးလှိုင်၏ အနာဂါမ် ဆရာသက်ကြီး၊ သူ့ဘဝ သူ့တရားနှင့် သူ့ကျေးဇူးစာအုပ် စာမျက်နှာ–၆၈ တွင် အောက်ပါအတိုင်းဖော်ပြထားသည်ကို တွေ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တရားမပြရန် ပိတ်ပင်သော ဆရာတော်

ဆရာသက်က တရားကို ကြိုးစားပြ၍ ဆရာညိုစသော ပုဂ္ဂိုလ်များက ကူညီ၍ လက်ထောက်ဆရာအဖြစ် ပြကြ၏။ နောင်အခါ ဆရာဦးဘစို၊ ဆရာကျော့၊ ဆရာဦးအောင်မြတ်စသော တပည့်လက်ရုံး ကြီးများ ထွက်ပေါ်လာကြသည်။

ဦးချစ်၊ ဦးညွန့်စသော ပုဂ္ဂိုလ်များက ဓမ္မာရုံ ယောဂီအစောင့် တာဝန်ယူကြ၏။ ဒေါ်ရင်၊ ဒေါ်မျှင် စသူတို့ကလည်း အကျွေးအမွေး တာဝန်ယူကြရာ ဆရာသက်၏ပဋိပတ္တိ သာသနာပြုအလုပ်မှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်၍သာ လာတော့သည်။ပျော်ဘွယ် ကြီးရွာနှင့် ရွာနီးချုပ်စပ်သာမက ရန်ကုန်စသော မြို့များကပင် တစ်စတစ်စ လာရောက် နည်းခံ အားထုတ်ကြလေသည်။ ရံခါ ယောဂီနှစ်ရာကျော်ပင် ရှိလာ၏။

သို့ရာတွင် လူအချို့ကား ဆရာသက် ဤကဲ့သို့ လူပေါင်းများစွာကို အစား အသောက်အပြင် လိုအပ်လျှင် စရိတ်နှင့်ထောက်ပံ့ငွေများကို ပေးကာ တရားပြနိုင်သည်မှာ ရိုးရိုးမဟုတ်။

"ရုက္ခစိုး မှော်လား၊ ဘာလား၊ မှော်တစ်ခုခု အောင်လို့ ဖြစ်မယ်"ဟု လည်း ကောင်း၊"အဆောင်ကောင်း အစောင့်ကောင်းတစ်ခုခု ရှိလို့နေမှာပါ"ဟုလည်းကောင်း၊ "ငွေပြန်ရှိသည်"ဟုလည်းကောင်း၊ "ဒီလူ အကြားအမြင်ရပြီ၊ အထက်လမ်းပေါက်နေ ပြီ"ဟု လည်းကောင်း အမျိုးမျိုး ထင်ကြေးပေးနေကြသည်။ ကမ္မဋ္ဌာန်းတရား ခေတ်စားစ တောရှင်းခုတ်ထွင်ရသောအခါဖြစ်၍ အခက်အခဲတို့ကား များပြားလှပေသည်။

တစ်နေ့တွင် ဓမ္မာရုံသို့ ရန်ကုန်မြို့မှ ဦးထပ် (နောင်အခါ ဟံသာဝတီ ကမ္မဋ္ဌာန်း ဌာန ဥက္ကဋ္ဌ)နှင့် ၎င်း၏ ညီ ဦးပြန့်၊ သင်္ကန်းပရိက္ခရာကုန်သည် ဒေါ်ကျင်တို့နှင့်အတူ လူပေါင်းဆယ့်ငါးဦးခန့် တရားအားထုတ်ရန် လာကြ၏။ တရားအားထုတ်၍ လေးရက်ခန့်ရှိလျှင် ရန်ကုန်မှ ဒေါ်ကျင်တို့ကိုးကွယ်သော ဆရာတော်တစ်ပါး လိုက်လာ သည်။ ၎င်းအား ကိုးကွယ်ဆည်းကပ်သော ဒကာ ဒကာမကြီးများ တရားအမှားတွေ့ပြီး ဒုက္ခရောက်မည်စိုး၍ တရားအားမထုတ်ရန် အချိန်မီ လာရောက်ခေါ်ခြင်းဖြစ်၏။ ဆရာတော်၏ဘွဲ့မှာ ဦးဂန္ဓမာ။ ပထမဆုံး ဆရာသက်အိမ်ကို မေး၍ လိုက်လာရာ ဆရာသက်နှင့် ပက်ပင်းပါ တွေ့ဆုံမိကြသည်။

ဘုန်းကြီး။ ။ ဆရာသက်ဆိုတာ ဒကာကြီးလား။

ဆရာသက်။ ။ မှန်ပါတယ် ဘုရား၊ အရှင်ဘုရား ဘာကိစ္စများ ရှိတော်မူပါသလဲ။

ဘုန်းကြီး။ ။ တွေ့ရတာ အတော်ပဲ၊ တရားအားထုတ်တဲ့လူတွေ ရှိတယ်ဆို၊ ဘယ်မှာလဲ၊ ကျုပ်ကို လိုက်ပို့စမ်း။

ဆရာသက်။ ။ အားလုံး ဓမ္မာရုံမှာ ရှိပါတယ် ဘုရား၊ ကိစ္စ အမိန့်ရှိပါဦး။

ဘုန်းကြီး။ ။ အာ... စကားရှည်တယ် ဒကာကြီး၊ ဒကာကြီး တရားပြတဲ့အလုပ်



www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ကစပြီး ရပ်လိုက်ပါ၊ လာတဲ့ လူတွေလဲ ပြန်လွှတ်လိုက်ပါ၊ ဘယ့်နှယ်ဗျာ... စာတတ်ပေတတ်ဆရာတော် သံဃာတော်ကြီးတွေတောင်မှ တောထဲသွားပြီး လုပ်လို့ မဖြစ်နိုင်တာ၊ စာမတတ်တဲ့ လူဒကာက တရားပြဆရာလုပ်ရတယ်လို့၊ ရယ်စရာကောင်းလိုက်လေ။

ကဲပါလေ၊ ဒါတွေက ရှည်ဝေးပါတယ်၊ ဒကာကြီးဘာသာ နာမည်ကြီးအောင် လုပ်ချင်ရင် စီးပွားရှာချင်ရင် သည့်ပြင်နည်းနဲ့လုပ်ပါ၊ ဘုရား တရားနဲ့ မလုပ်ပါနဲ့။

ဆရာသက်။ ။ အရှင်ဘုရား အမိန့်ရှိတာ မှန်ပါတယ်၊ တရားတော်ဟာ အင်မတန်သိမ်မွေ့နက်နဲပါတယ် ဘုရား။ လူသာမန် ရဟန်းသာမန်တို့သိရန် ခက်ခဲပါတယ်။

ဘုန်းကြီး ။ ။ အေး... ဒါကြောင့်ပြောတာ၊ ခမ္မာရုံ ပိတ်လိုက်။

ဆရာသက်။ ။ ပိတ်ပါ့မယ်ဘုရား၊ ပိတ်တာက လွယ်ပါတယ်၊ ဒါပေမယ့် တပည့်တော်လျှောက်ပါရစေဦး၊ တရားမှားလို့ ပိတ်ရတယ်ဆိုရင် ကောင်းပါတယ်၊ တပည့်တော်အတွက် ပို၍ကောင်းပါတယ် ဘုရား၊ တရားက မှန်နေတယ်ဆိုရင်ကောဒီလိုလဲ စဉ်းစားရပေလိမ့်ဦးမယ်။

ဘုရားတပည့်တော်အတွက် အရှင်ဘုရား ထောက်ထားငဲ့ညှာ ကြည့်သလိုတပည့်တော်ကလဲ အရှင်ဘုရားအတွက် ကြည့်ပြီး လျှောက်ပါရစေ။

ဒီတော့ ဆွမ်းကွမ်း ဝေယျာဝစ္စ တပည့်တော်များက အားလုံးတာဝန်ယူပါတယ်၊ တရားမှန် မမှန် ဆယ်ရက်လောက် အရှင်ဘုရားများ စမ်းသပ်ပေးစေချင်ပါတယ်၊ အရှင်ဘုရားများက စာပေပရိယတ္တိ ဗဟုသုတတွေ ရှိထားတော့ ဒီရက်လောက်ဆိုရင် တပည့်တော်များကို အဆုံးအဖြတ် ပေးနိုင်လောက်ပါပြီ။

အဲသည်တော့မှ ပိတ်ကြတာပေါ့၊ ဆက်ပြသင့်လဲ ပြကြရတာပေါ့ဘုရား။

ဘုန်းကြီး။ ။ (ဆရာတော်မှာ အတန်ကြာအောင် စကားမပြန်နိုင်ဘဲ တွေတွေကြီးစဉ်းစားကာ) အင်း... ဒကာပြောတာလဲ ဟုတ်ပါရဲ့၊ ကျုပ် ဒကာမကြီး ဒေါ်ကျင်တို့တစ်တွေကို ပြန်မခေါ်တော့ပါဘူး၊ ဆက်ပြချင်လဲ ပြပါလေ၊ ကျုပ်မှာက အရေးကြီးတဲ့ကိစ္စတွေ ရှိနေသေးလို့။

ဆရာသက်။ ။အရှင်ဘုရား ကိစ္စတွေပြီးအောင် တပည့်တော် မသေနေရ ကောင်းပေတာပ။

ဤသို့စသည်ဖြင့် အကျယ်တဝင့် လျှောက်ထားရာ ဆရာတော် ဦးဂန္ဓမာသည်ဆယ်ရက်အား ထုတ်ပြီးဝန်ချတောင်းပန်ကာ သူ၏ဒကာ ဒကာမများကိုလည်း အားပေးစကားပြောကြား၏။ ရန်ကုန်ပြန်ရောက်သောအခါ အခြား ဒကာ ဒကာမများကိုလည်းဆရာကြီးထံ ပို့လွှတ်လေတော့သည်။ (ဦးဂန္ဓမာဟူသည် နောင်အခါ စင်ပြွမ်းကုန်းဆရာတော် ခေါ် ဟံသာဝတီ ကမ္မဋ္ဌာန်းဋ္ဌာနတွင် ဆရာကြီးနည်းအတိုင်း တရားပြသခဲ့သော ဆရာတော်ပင်တည်း။)

ကျနော်စာဖတ်ပြီးချိန်နှင့် တချိန်တည်းလိုလိုပင် ကိုသက်ခိုင် ထံပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com

ပြန်တက်လာ လေရာ ကျနော်က...

"အင်း ကျနော်လည်း ခင်ဗျား ဖတ်ခိုင်းတာတွေဖတ်လိုက် တွေးလိုက် သိုက်စာဖတ်ရာနားထောင်ပါ ဥစ္စာရနိုးနိုးဆိုတာမျိုး ဖြစ်နေပြီထင်ပါရဲ့ဗျာ၊ ကျနော် မေးနေတာက ခင်ဗျား ဘယ်လို ရှုမှတ်လေ့ကျင့်တယ်ဆိုတာ သိချင်တာဗျ၊ ခင်ဗျားလုပ် နေပုံက ဝေ့လည်ကြောင်ပတ်များ ဖြစ်နေသလားလို့"

"အမလေးဗျာ၊ စွဲချက်က ပြင်းလှချည်လား၊ အမှန်က ဒီလိုအလုပ်မျိုးဟာ နားထောင်နေရုံနဲ့ကိစ္စပြီးနိုင်တာမျိုးမဟုတ်လို့ ဇာတ်ရည်လည်ပါစေတော့ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သိုင်းဝိုင်းပြီးရှင်းပြနေရတာဗျ"ဟု အစချီလျက် အောက်ပါအတိုင်း ကရားရေလွှတ်သလို စကားဆက်ပါတော့သည်။

"အခု ခင်ဗျားက ကျနော့်ကို တရားပြပေးစေချင်တယ်၊ အမှန်တော့ ကျနော် ကိုယ်တိုင်လည်းအကန်း လမ်းလျှောက်သလို စမ်းတဝါးဝါးလုပ်ခဲ့သူမို့ ဒီလမ်းဒီစခန်းဟာ ဖြင့် အမှန်ပါပဲလို့ ကျနော်တစ်ထစ်ချ မဆိုချင်ဘူးဗျာ၊ ကျနော့်ဟာ ဒေါင်ဒေါင်မြည်တဲ့ ဆရာသမားမျိုးနဲ့ မကြုံဖူးလေတော့ ကျနော့်အယူအဆသက်သက်နဲ့ ခင်ဗျားကို ဆရာ မလုပ်ချင်တာလဲပါပါရဲ့။ လက်လှမ်းမီရာ ပုဂ္ဂိုလ်ကြီးငယ်မဟူ ဆရာတင်ပြီး ကျင့်ခဲ့ရတာ အားနည်းချက်တွေ တစ်ပုံတစ်ပင်ရှိနိုင်ပါတယ်။ စာတွေလည်း ဖတ်သပေါ့လေ ဇနီးသည်ယူလာပေးတဲ့ စာအုပ်တွေထဲမှာတော့ဗျာ သိက္ခာတောင် ဆရာတော် ဦးတိလောကရဲ့ ပဏ္ဍိတဝေဒနိယဒီပနီဆိုတာ ကျနော်အကြိုက်ဆုံးပဲ။ ဆရာတော်က ကျမ်းဂန်တတ်ကျွမ်းယုံမက ကိုယ်တိုင်ပါ လေ့ကျင့်ခဲ့တာကိုး။ အဲဒီစာအုပ်မှာ ကျနော်လုပ်နေတဲ့ လေ့ကျင့်ခန်းတွေနဲ့ ပါတ်သက်လို့ တကယ့်ကို အသေးစိတ် ရေးထားလေတော့ ကျနော့်အတွက် ဘုရားပွဲတွေ့နေတော့တာပဲ။ အခုခင်ဗျားက ဝိပဿနာ ဘယ်လိုရှုသလဲလို့ မေးနေပြီ၊ တဖြည်းဖြည်း ခင်ဗျားအတွက် အန္တရာယ်တော့ များလာပြီဆိုရမယ်။ ကျနော်က ခင်ဗျားကို မလုပ်ပါနဲ့လို့ တားလို့ကလည်း မတော် နေပါအုံး။ ထူးထူးဆန်းဆန်းတွေ တွေ့တယ်လို့ပြောယုံနဲ့ ခင်ဗျားက ကျနော့်ကို အထင်ကြီးနေပြီဆိုရင် ခင်ဗျား သံဃာစင်ပါမှောက်တော့မယ်။ ကျနော်ပြောခဲ့ပါပကော သေခါနီးလို့စွတ်လုပ်ရာက စခဲ့ပါတယ်လို့။ ခင်ဗျားက သေချင်စော်နံနေလို့လား ခင်ဗျားနဲ့ကျနော်ဟာ ဘယ်လိုမှ ထပ်တူမကျနိုင်ဘူးဗျ။ ကျနော်စာအုပ်တွေ ဖတ်တယ်ဆိုတာ ပိဋကတ်သုံးပုံ အာဂုံဆောင်တာမဟုတ်ဘူး။ အာဂုံဆောင် ထား ရင်တောင် လုပ်နည်းလုပ်ဟန် မကျရင် လိုရာမရောက်ဘူးဗျ။ ကျနော်ကစကားကြီး စကားကျယ်တွေ ပြောကိုမပြောချင်တော့ဘူး။ စာသံပေသံတွေနဲ့လည်း မဖြီးချင်ဘူး။ အခု ကျနော်ပြောနေတာတွေဟာ ကျနော်လုပ်ခဲ့သမျှ တွေ့ခဲ့သမျှ တစ်ခွန်းမကျန် အကုန် ပြန်ပြောနေတာမို့ အားလုံးအမှန်လို့ မယူပါနဲ့။ တိတိကျကျ ထပ်ပြောပါရစေ။



www.burmeseclassic.com

www.burmeseclassic.com

ကျနော့်ပါးစပ်မှာ ခင်ဗျားလမ်းမဆုံးပါစေနဲ့။ ကုန်ကုန်ပြောရရင် ဘုရားဟောလို့ ဆိုရင်တောင် ခင်ဗျားအတည်မယူလေနဲ့။ အဲဒါ ကျနော်ပြောတာ မဟုတ်ဘူး။ သိဒ္ဓတ္ထ ဆိုတဲ့ဂေါတမဗုဒ္ဓကိုယ်တိုင် ကာလာမရွာဆိုတဲ့ ရွာတစ်ရွာမှာ ပြောခဲ့တာတဲ့။

ကာလာမရွာမှာ သူပြောခဲ့တာ ကျနော်ကိုယ်တိုင်တော့ ဘယ်နားထောင်ရမလဲ ဗျ။ သို့သော် ဘာသာတရားကို ချဉ်းကပ်လေ့လာတဲ့အခါ အစပိုင်းတွေမှာ ဒါမှမဟုတ် အချို့နေရာတွေမှာ ဆင်ခြင်တုံတရားနဲ့ယုတ္တိဗေဒနည်းအရ လက်ခံထိုက်တာတွေလည်း ရှိတယ်။ ဒါလည်း လမ်းဆုံးလို့ မယူလေနဲ့။ အဖြေမှန်အောင် လမ်းဆုံးအောင် ဆက်ရှာ ဖို့က ခင်ဗျားတာဝန်။ ဘာမှမလုပ်ပဲ သူများပြောယုံနဲ့၊ အမှန်တရား တွေ့ကြကြေးဆိုရင် သိဒ္ဓတ္ထလည်း နန်းတော်ထဲမှာ ထိုင်နေရင်းနဲ့ ဘုရားဖြစ်တော့မပေါ့ဗျာ။

အမှန်တရားသိတဲ့ သူတွေ လာပြော၊ လာဟောကြစမ်းပါလို့ဖိတ်ပြီး နားထောင် ရုံမှာပေါ့။ စကားကြမ်းသလား။ ဖြစ်စဉ်ကိုက်လား။ သဘောပါရဲ့လား။ ဟား၊ ဟား၊ နောက်တာပါဗျာ။ မိုးကုတ်ဆရာတော်ကြီးရဲ့လေသံကို သဘောကျလွန်းလို့။ သူ့တရား လည်း နာတာပေါ့။ ကျနော် ဘယ်ဆရာတော်မှ အစွဲမထားဘူး။ နားထောင်တယ်။ နာတယ်။ ဟုတ်မဟုတ် ဆန်းစစ်ဖို့က ကျနော့်တာဝန်။

ကာလာမရွာမှာ ဘာပြောခဲ့လဲ၊ ဟုတ်လား။ ဆိုးနေပါလား။ ကျနော့်လိုလူမျိုး နောက်တစ်ယောက်တွေ့နေပြန်ပြီ။ ကဲပါ၊ ကျနော်နားလည်မှတ်မိသလောက် ပြောပါ့မယ်။ တိတိကျကျ လုံးစေ့ပါတ်စေ့ကတော့ နောက်တော့ ကိုယ်တိုင်ရှာဖတ်ပေါ့။ ပေါပါ့ဗျာ။ စာအုပ်တော်တော်များများမှာ ရှိပါ့။ ကျူးဘား တော်လှန်ရေးခေါင်းဆောင် ကတ်စထရိုရဲ့ ကမ္ဘာကျော်တရားခွင် လျှောက်လဲချက်တော့ တစ်လုံးမကျန်ရတယ်။ ကာလာမသုတ် တော့ မကြားဘူးဘူး။ ဆိုးချက်ကတော့ ကမ်းကုန်ပဲ။ သိဒ္ဓတ္ထဘုရား ဖြစ်ပြီးတော့ ဘုရားတွေရဲ့ထုံးစံအတိုင်းခရီးလှည့်ပြီး တရားဟောရာက ကေသမုတ္တနိဂုံးဆိုတဲ့ရွာကို ရောက်သွားသတဲ့ဗျာ။ အဲဒီရွာက လူတွေက လူလည်တွေဖြစ်နေတယ်ဗျ။ လူလည်တွေ ဖြစ်လာတာကလည်း သူတို့ရွာဟာ အခုခေတ် စကာ်ပူတို့၊ ဘန်ကောက်တို့လို ရောင်းဝယ်ဖောက်ကားမှု စည်ပင်တဲ့ရွာ ဖြစ်နေတော့ ကုန်သည်တွေ တိုးရစ်တွေ သိပ် များတယ်။ ထို့အတူ အယူအဆရေးရာ အယူဝါဒအသစ် ဖြန့်ဖြူးချင်သူတွေလည်း အလာများတယ် ပေါ့ဗျာ။ အဲဒီခေတ်က အတွေးအခေါ်အသစ်တွေ ပေါ်တဲ့ခေတ် မဟုတ်လား။

ဂေါတမရောက်လာတော့ ရွာခံတွေက ကောင်းကောင်းမွန်မွန်တော့ညှော့ခံပါရဲ့။ နားညည်းတော့မခံချင်ကြဘူးထင်တယ်။ အရင်က သမဏ၊ ဗြာဟ္မဏတွေ လာလှပါပြီဗျာ။ ကြားလိုက်ရတာလည်းထပ်ချည်းတလဲလဲ၊ သူတို့တွေ့တဲ့တရားက ဘယ်လိုဘယ်ချမ်း သာ။ အဲဒါ အမှန် တရားအစစ်ပဲ။ ခင်ဗျားတို့ ကိုးကွယ်ကြတဲ့။ အခု ဆရာဂေါတမ



www.burmeseclassic.com

www.burmeseclassic.com

လည်းထို့နည်းလည်းကောင်း ထင်ပါရဲ့။ စပြောကြသတဲ့ဗျာ။ အဲဒီမှာ ဂေါတမသိဒ္ဓတ္ထဟာ ဥဒါန်းတွင်လောက်တဲ့စကားကို ပြောခဲ့တယ်။

ဟုတ်ပါတယ်။ ဘုရားဆိုတော့ ဟောတာပေါ့။ အခုဟာက ခင်ဗျားနားထဲ တဲ့တိုးဝင်သွားအောင် ကျနော်ပြောနေတာ။ ဘုရားကို အရိုအသေတန်တာ မဟုတ်ရပါဘူး။ ဂေါတမဗုဒ္ဓက "မင်းတို့ထင်သလို မတူပါဘူးကွာ။ ငါဟောမှဲ့တရားက ငါပြောတာ အမှန်ဆိုပြီး ပြောတဲ့တရားမျိုးမဟုတ်ဘူး။ ငါပြောတဲ့ တရားဖြစ်ဖြစ်။ သူများပြောတဲ့ တရားပဲဖြစ်ဖြစ်။ ကြားရုံမျှနဲ့လည်း အတည်မယူပါနဲ့။ ဆရာကပြောတယ်လို့လည်း အတည်မယူပါနဲ့။ မိဘက ပြောတာနဲ့လည်း အတည်မယူပါနဲ့။ အစဉ်အဆက် ကိုးကွယ်လာလို့လဲ အတည်မယူပါနဲ့။ ယုတ္တိနည်းအရ မှန်တယ်လို့လည်း အတည်မယူပါနဲ့။ မှတ်တမ်း မှတ်ရာနဲ့ရေးထားတာ တွေ့ရုံနဲ့လည်း အတည်မယူပါနဲ့"ဆိုပြီး အယူဝါဒ တစ်ခုကို အတည်မယူထိုက်တဲ့ အချက်(၁၀)ချက်ကို ပြောပြတယ်။

ကျင့်ကြံအပ်တဲ့ တရားဟုတ်မဟုတ်၊ ကိုယ်တိုင်လက်တွေ့စမ်းသပ်ပါတဲ့။ တရားမှာ ပြောထားဟောထားတဲ့အတိုင်း ကျင့်ကြံလိုက်နာကြည့်လို့အများရော၊ ကိုယ်ပါ အကျိုးရှိ၊ သူတော်ကောင်းတွေ ချီးမွမ်းတဲ့ ကိစ္စကိုမှ ယုံကြည်လက်ခံပါတဲ့။

ချဲ့သွားထိုးခိုင်းတာ။ ဘီယာဆိုင် စမ်းထိုင်တာတွေမပါဘူးနော်။ သူတော်ကောင်းတွေ လက်ခံဘို့လိုတဲ့ အလုပ်မျိုးဆိုတာလည်း သတိချပ်အုံး။ မှာရမယ်ဗျ။ လူတွေက တစ်လွဲဆံပင်ကောင်းကြလွန်းလို့။ ဒီလိုပါပဲ။ လူတွေကိုက။ ကျနော်ကအစ"

"ကဲ ခင်ဗျားပြောတဲ့ ကာလာမသုတ်ကို သဘောကျပြီဗျာ။ ခင်ဗျားရဲ့ရှုနည်းကိုသာ ပြောပါလေ၊ ကျနော့်ကိုယ်ပိုင်ဆင်ခြင်တုံတရားနဲ့ ပိုင်းဖြတ်ဖို့ ကတိပေးပါတယ်"

"ကဲ ဒီလိုဆိုရင်ဖြင့် ကျနော့် ရှုနည်းမှတ်နည်းကို ပြောပါ့မယ်ဗျာ၊ ခင်ဗျားနားထောင်နေရတာ မပျင်းရလေအောင် ရှုနည်းမှတ်နည်းတင်မက နတ်ပြည်တို့ အသူရကာယ်ဘုံတို့အကြောင်းပါ ကြားညှပ်ပြောပါအုံးမယ်"

"ဘာလဲဗျ၊ အသူရကာယ်ဘုံဆိုတာ"

"စိတ်လျှော့ပါဗျာ၊ ကျနော်တို့ရဲဘက်တွေမှာ အပေါဆုံးက အားလပ်ချိန်ပဲ။ အခွင့်သာချိန်တွေအများ ကြီးပါလေ။ ဒီညတော့ ညဥ့်နက်လှပြီ၊ အိပ်ကြစို့ရဲ့၊ သို့သော် ခင်ဗျားချက်ချင်းအိပ်ပျော်တတ်တဲ့ အကျင့်မရှိဘူးဆိုရင်တော့ ခင်ဗျားသိချင်တဲ့ ကမ္မဋ္ဌာန်းရှုနည်းဟာ ဒီစာအုပ်ရဲ့ စာမျက်နှာ(၂၀)မှာ ရှိလေရဲ့။ ဖတ်ပေတော့ဗျာ"ဟု ပြောပြောဆိုဆို စာအုပ်ကိုကမ်းပေးရင်း တဖက်သို့လှည့်ကာ အိပ်ယာဝင်သွားပါတော့သည်။

ထိုညက ကျနော်ဖတ်ခဲ့ရသော ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနတွင် ရိုက်နှိပ်သော ဗုဒ္ဓဘာသာ့တရားတော်(အဆင့်မြင့်)စာအုပ် စာမျက်နှာ၄၄– ၄၅ တွင်ပါရှိသည့် ကာလာမသုတ်အကျဉ်းနှင့် အနာဂါမ်ဆရာသက်ကြီး၏ ကမ္မဋ္ဌာန်း



www.burmeseclassic.com

www.burmeseclassic.com

ထိုင်နည်း အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ကာလာမသုတ်အကျဉ်း**

အခါတပါး မြတ်စွာဘုရားသည် နောက်ပါတပည့်သံဃာများနှင့်အတူ ကောသလတိုင်း၌ ဒေသစာရီ ကြွချီတော်မူစဉ် ကာလာမမင်းသားတို့ နေထိုင်ရာ ကေသမုတ္တိ နိဂုံးရွာကြီးသို့ ဆိုက်ရောက်တော်မူလာသည်။ ကေသမုတ္တိ နိဂုံးရွာသား ကာလာမမင်းသားတို့သည် မြတ်စွာဘုရား ရောက်လာပြီး ဆိုကတည်းက ဘုရားရှင်၏ မျိုးရိုးဇာတိစသော ကောင်းသတင်းဂုဏ်များကို ကြားသိထားသည့်အတိုင်း အသီးသီး အုပ်စုဖွဲ့ကာ ချီးကျူးပြောဆိုနေကြလေသည်။

ဂေါတမမြတ်စွာဘုရားသည် သာကီဝင်မင်းသားဘဝမှ ရဟန်းပြုလာသူ ဖြစ်ကြောင်း၊ လူတွေကိုသာမက နတ်ဗြဟ္မာအပါအဝင် တစ်လောကလုံးအား ကိုယ်တိုင်သိထားသော တရားသဘောကိုသာ ဟောကြားသူဖြစ်ကြောင်း၊ ဟောသမျှလည်း ပြည့်စွက် ပယ်နှုတ်စရာမရှိ၊ တိကျမှန်ကန်၍ ကောင်းခြင်းသုံးတန်နှင့် ပြည့်စုံသည့်အပြင် လက်တွေ့အကျင့်စခန်းပါ ဟောပြောနိုင်သူဖြစ်ကြောင်း စသည်ဖြင့် ပြောဆိုကာ နောက်ဆုံးတွင် သွားရောက်ဖူးမြော်ရန် ဆုံးဖြတ်ကြသည်။ ဘာသာအယူဝါဒနှင့် စပ်၍ မတင်မကျမရှင်းမလင်း ဖြစ်နေသော သံသယများကိုလည်း ဖွင့်ဟလျှောက်ထားရန် ရည်ရွယ်ရောက်ရှိ လာကြသည်။

ဘုန်းကြီးတော်မူသော မြတ်စွာဘုရား –

ကေသမုတ္တိနိဂုံးရွာကြီးသို့ ရောက်လာသမျှသော ရဟန်းပုဏ္ဏားတို့သည် မိမိတို့ အယူဝါဒသာ ကောင်းမွန်မှန်ကန်ကြောင်း ဂုဏ်တင်ပြောဆို၍၊ အခြားသူတို့၏ ဝါဒများ မှားယွင်းကြောင်း ထိပါးပုတ်ခတ် ရှုတ်ချကဲ့ရဲ့၍ ပစ်ပယ်ပြောဆိုကြပါသည်။ ဘုရားတပည့်တော်တို့သည် ထိုသူတို့၏ စကားကို ကြားနာရသဖြင့် မည်သူ၏ အယူဝါဒသည် အစစ်အမှန်ဖြစ်၍ မည်သူ၏ ဝါဒသည် မှားယွင်းကြောင်း မဝေခွဲနိုင် ဖြစ်နေကြပါသည်။ အားလုံးသောအယူဝါဒများအပေါ်၌ ယုံမှားသံသယ ဖြစ်နေကြရပါသည် အရှင်ဘုရား" ဟုလည်း လျှောက်ထားကြသည်။

ထိုအခါ မြတ်စွာဘုရားက "ကာလာမမင်းသားတို့–သင်တို့သည် ယုံမှားသံသယ ဖြစ်မည်ဆိုက (ယုံမှားသံသယဖြစ်ထိုက်၍) ယုံမှားသံသယ ဖြစ်ခြင်းပင် ဖြစ်သည်"ဟု မိန့်တော်မူကာ အယူဝါဒနှင့် စပ်၍ အထူးမှတ်သားဖွယ်ကောင်းသော "စံ"၁၀–ချက်ကိုလည်း ဆက်လက်ညွှန်ပြတော်မူ၏။

"အို– – ကာလာမမင်းသားတို့– သင်တို့သည် အယူဝါဒတစ်ရပ်ကို–

(၁) တဆင့်ကြားကာမျှဖြင့်လည်း ဟုတ်ပြီမှန်ပြီဟု လက်မခံကြကုန်လင့်။

(၂) ဘိုးဘေးစဉ်လာ ဆင်းသက်လာသော မိရိုးဖလာ အယူဝါဒဖြစ်သည်ဟူ၍လည်း



www.burmeseclassic.com

www.burmeseclassic.com

လက်မခံကြ ကုန်လင့်။

(၃) ဤအရာသည် ဤသို့ဖြစ်သတဲ့ဟူသော ကောလဟာလဖြင့်လည်း လက်မခံကြပါကုန်လင့်။——

(၄) မိမိတို့လေ့လာထားသော စာပေကျမ်းစာနှင့် ညီညွတ်ကာမျှဖြင့်လည်း လက်မခံကြကုန်လင့်။

(၅) မိမိတို့တွေးခေါ်ကြံဆချက်နှင့် ကိုက်ညီမျှရုံဖြင့်လည်း လက်မခံကြကုန်လင့်။

(၆) ဤအရာသည် ယုတ္တိရှိသည်–ဟု နည်းမှီထောက်ဆ၍ ရရုံမျှဖြင့်လည်း လက်မခံကြကုန်လင့်။

(၇) ဤအရာသည်မှန်ကန်ပြီဟု မိမိဘာသာကြောင်းကျိုး ဆင်ခြင်သုံးသပ်၍ ရရုံမျှဖြင့်လည်း လက်မခံကြကုန်လင့်။

(၈) မိမိတို့စဉ်းစားတွေးကြံ လက်ခံထားသောအယူနှင့် ကိုက်ညီပြီ ဆိုရုံမျှဖြင့်လည်း လက်မခံကြ ကုန်လင့်

(၉) မိမိတို့ယုံကြည်ထိုက်သော ပုဂ္ဂိုလ်၏ စကားဖြစ်သည်ဟု ပုဂ္ဂိုလ်စွဲအားဖြင့်လည်း လက်မခံကြကုန်လင့်။

(၁၀) မိမိတို့လေးစားသော ဆရာ၏စကားဖြစ်သည်ဟု ဆရာစွဲအားဖြင့်လည်း လက်မခံကြကုန်လင့် – မြတ်စွာဘုရားရှင်သည် ချိန်ခွင်သဖွယ်၊ မှတ်ကျောက်ပမာဖြစ်သော ဤ "စံ" ၁၀–ချက်ကို လမ်းညွှန်ဟောပြတော်မူပြီးနောက် အောက်ပါအတိုင်း ကိုယ်တိုင်လက်တွေ့စမ်းသပ်နည်းကိုပါ ဆက်လက် နည်းညွှန်တော်မူလေသည်။

အို–– ကာလာမမင်းသားတို့– သင်တို့သည် "ဤတရားတို့ကား အကုသိုလ်တရားတို့တည်း၊ ဤတရားတို့ကား ကုသိုလ်တရားတို့တည်း၊ ဤတရားတို့ကား အပြစ်ရှိသောတရားတို့တည်း၊ ဤတရားတို့ကား ပညာရှိတို့ကဲ့ရဲ့အပ်သော တရားတို့တည်း၊ ဤတရားများကို လက်ခံကျင့်သုံးခဲ့သော် အကျိုးမဲ့ဖြစ်မည် ဆင်းရဲဒုက္ခရောက်မည်" ဟု သင်တို့ကိုယ်တိုင် သိရှိအံ့၊ ထိုတရားတို့ကို ပယ်ရှားကြရမည်။

အို–– ကာလာမမင်းသားတို့ ၊ လောဘတရား၊ ဒေါသတရား၊ မောဟတရားတို့သည် မိမိသန္တာန်၌ဖြစ်ပေါ်လာသည်ရှိသော် အကျိုးစီးပွားကို ဖြစ်စေသလော၊ အကျိုးမဲ့ကို ဖြစ်စေသလော။ လောဘကြီးသောသူ၊ ဒေါသကြီးသောသူ ၊ မောဟကြီးသောသူ၊ လောဘ ဒေါသ မောဟ လွှမ်းမိုးခံရသူတို့သည် သူတပါးအသက်ကိုလည်း သတ်ဖြတ်ကြ၏။ သူတပါးဥစ္စာကိုလည်း ခိုးယူကြ၏။ သူတပါးသားမယားကိုလည်း ကျူးလွန်စော်ကားကြ၏။ လိမ်ညာ၍လည်း ပြောဆိုကြ၏။ အခြားသူများကိုလည်း ထိုကဲ့သို့ကျူးလွန်ရန် တိုက်တွန်းကြ၏။ ဤလောဘ ဒေါသ မောဟ အကုသိုလ်တရားတို့သည် ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုးမဲ့ကို ဖြစ်စေတတ်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com

ဆင်းရဲဒုက္ခကို ဖြစ်စေတတ်ကုန်၏။

အို--- ကာလာမမင်းသားတို့ လောဘ ဒေါသ မောဟတရားတို့သည် ကုသိုလ်တရားတို့လော၊ အကုသိုလ်တရားတို့လော၊ အပြစ်ရှိသော တရားတို့လော၊ အပြစ်မဲ့သော တရားတို့လော၊ ပညာရှိတို့ ချီးမွမ်းအပ်သလော၊ ကဲ့ရဲ့အပ်သလော။ ပြုလုပ်ခဲ့မိသည်ရှိသော် အကျိုးမဲ့ ဆင်းရဲဒုက္ခကို ဖြစ်စေ တတ်ကုန်သည် မဟုတ်လော။ ဤနေရာ၌ သင်တို့ အဘယ်သို့ ထင်မြင်ယူဆကြကုန်သနည်း။

အို--- ကာလမမင်းသားတို့ "ဤသို့လျှင် တဆင့်ကြားမှုဖြင့်လည်း လက်မခံကြကုန်လင့်၊ သင်တို့ ကိုယ်တိုင်သိရှိခဲ့သော(အကုသိုလ်တရားတို့ကို) ဖယ်ရှားကြကုန်လော့"ဟူသော စကားကို ထို့ကြောင့် ပင်လျှင် ငါဟောကြားခြင်းဖြစ်၏။

. . . . . . . . . . . . . . . .

**ကမ္မဋ္ဌာန်းထိုင်နည်း အကျဉ်းချုပ်**

၁။ ဝိပဿနာအားထုတ်မည့် လူယောဂီ ပုဂ္ဂိုလ်သည်အာဇီဝဋ္ဌမကသီလဖြစ်စေ၊ ရှစ်ပါးသီလဖြစ်စေ၊ ဆယ်ပါးသီလဖြစ်စေ၊ ကြိုက်နှစ်သက်ရာ သီလကို ဆောက်တည်ထားရမည်။

၂။ရဟန်းတော်များကား ပါတိမောက္ခ သံဝရသီလကို စောင့်ရှောက်ထိန်းသိမ်းတော်မူနေသည်ဖြစ်၍ အထူးစောင့်ရှောက်ရန် မလိုပါဘုရား။

၃။ အောက်ပါအချက်များကို ဖတ်ရှုသိရှိထားရပါမည်။

**ရှေးဦးစွာ သမာဓိရအောင်ထူထောင်ရန် သမထနည်း**

သမထနည်းလေးဆယ်ရှိသည်တွင် ယေဘုယျအားဖြင့် တွေ့ကြုံဖူးသည့်အနက်အများနှင့်သင့် လျော်မည် ထင်သော ကမ္မဋ္ဌာန်းမှာ အာနာပါနဖြစ်၏။ လွယ်လွယ်ကူကူနှင့် အားထုတ်၍ဖြစ်ကြသည် ကိုလည်း ကြုံတွေ့ရ၏။ ထို့ကြောင့် အာနာပါနကမ္မဋ္ဌာန်းကို အဓိကထား၍ ရေးပြပေအံ့။ အာနာပါန ကမ္မဋ္ဌာန်းတွင် အားထုတ်ပုံအမျိုးမျိုးရှိသော်လည်း ဤကျမ်းစာအုပ်မှာ ဖြတ်လမ်းနည်း၊ အတိုနည်းကို သာ လိုသည်ဖြစ်၍ အတိုဆုံး အမြန်ဆုံးဟု ကျမ်းပြုသူ ယူမှတ်ထားသောနည်းကိုသာ ပြပါမည်။ ကမ္မဋ္ဌာန်းခွင်ဝင်မည်ကြံလျှင် ဘုရားအစရှိသော ရတနာသုံးပါး အနန္တငါးပါးတို့အား ရှိသေစွာ ကန်တော့ပြီးလျှင် ဖော်ပြထားခဲ့ပြီးသော ဝိပဿနာရှုနည်းတွင် ကမ္မဋ္ဌာန်း၏ အရှေ့ပိုင်းအဖို့၌ ပြုရန်ပြုဖွယ် ကိစ္စတို့ကို ရေးသားထားသည့်အတိုင်း အကုန်လုံးပြုပြီးလျှင် မိမိကြာကြာထိုင်နိုင်မည့် ဣရိယာပုထ်အတိုင်းထိုင်၊ ယောက်ျား တင်ပျဉ်ခွေ၊ မိန်းမ ကျုံ့ကျုံ့ထိုင်နိုင်လျှင် သာ၍ကောင်း၏။ ထိုင်သောအခါ တဘက်ဖြူတစ်ခုကို သိုင်းထားလျှင် သာ၍ကောင်း၏။

ထိုင်ပြီးလျှင် ထွက်သက်ဝင်သက်ကို အလိုလိုနေတုန်းအခါကတိုင်း ရှု၍စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com

ထွက်သက်ဝင်သက် တိုး၍တိုး၍ ထိ၍ထိ၍ သွားနေသော နှာသီးဖျားမှာထား၊ စိတ်က ဘာမှု မကြံမတွေးနှင့်၊ ထွက်လေဝင် လေထိတိုင်း ဝင်တိုင်း အစဉ်အတိုင်း သိ၍သိ၍ နေအောင်သာ သတိထား၍နေ။ ရံဖန်ရံခါ အသက်ရှုမှားလျှင် မောတတ်၏။ ပြင်၍ ရှုပေး။ တစ်ခါတစ်ရံ ဖြည်းဖြည်းကလေး ရှုပါများလျှင် အိပ်ချင်လာတတ်သည်။ ပြန်၍ရှုပေး။ ရှုဖန်များလျှင် "မုဆိုးစိုင်သင်" ဆိုသကဲ့သို့ မိမိအလုပ်က မိမိကို သင်၍ပြလိမ့်မည်။ ညောင်းအားကြီးလျှင် နေရာပြင်၊ ရှုမြဲတိုင်းရှု မှတ်မြဲတိုင်းမှတ်။ စိတ်က "ဘယ်နည်းနဲ့မဆို ပေါက်မြောက်အောင်မြင်အောင် အားထုတ်မည်၊ ငါ ပါရမီရှိသည်၊ အောင်လျှင် အပါယ်တံခါးပိတ်မည်"ဟု ယုံယုံကြည်ကြည် လိုလိုချင်ချင်နှင့် အားထုတ်ပါ။ သို့မှ မြန်မြန်ခရီးရောက်မည်။ ပေါ့ဆဆ စိတ်က မယုံတယုံ မလိုချင့်လိုချင် နှင့်ဆိုလျှင် အလကားပဲ၊ ပင်ပန်းရုံပင်ရှိတတ်သည့်အပြင် နောက်တစ်ခါထပ်၍ အားထုတ် ပါသော်လည်း ရုတ်တရက် မအောင်မြင်လွယ်ဘဲ ရှိတတ်သည်။

**အာရုံနိမိတ် စိတ်မစွဲနှင့်**

ဤကဲ့သို့ ရှုဖန်မှတ်ဖန် များလာသော် တစ်ခါတစ်ရံ ၁–စက္ကန့်မှ ၁–မိနစ်၊ ၂–မိနစ်၊ ၅–မိနစ်၊ ၁၀–မိနစ်ခန့်ကြာအောင် နိမိတ်မြင်လာတတ်သည်။ နိမိတ်ဆိုသည်မှာ အာနာပါန နိမိတ် ၁၂–ပါးဖြစ်စေ၊ အခြားနိမိတ်များဖြစ်စေ၊ မြင်လာတတ်သည်။ မြင်သော်လည်း မြင်မှန်းသိပြီးသည်နှင့် တစ်ပြိုင်နက်၊ နိမိတ် ပျောက်သွားသည်နှင့် တစ်ပြိုင်နက်–

ထွက်လေဝင်လေ ထိသောနေရာ နှာသီးဖျားမှာပင် စိတ်ကိုထား၊

ဝင်လေဝင်တိုင်း ဝင်တိုင်း ထိတာကို သိ။

ထွက်လေ ထွက်တိုင်း ထွက်တိုင်း ထိတာကို သိ၍ သိ၍ သာနေ။

ထိုအခါ နိမိတ်အမျိုးမျိုး တွေ့လာတတ်သည်။ တွေ့တတ်ပုံမှာ ထွက်လေဝင်လေတို့သည် လေ အမြောင်းကြီးကဲ့သို့ ထင်လာတတ်သည်။ ထွက်လေသည် နှာသီးဝ၏ အပြင်ဘက်သို့ တစ်ထွာတစ်တောင်ရောက်အောင် ထွက်သွားသကဲ့သို့ ဝင်လေသည် လည်ချောင်းရင်ဝ ချက်တိုင်အထိ ရောက်သွားသကဲ့သို့ အလိုလို ထင်လာတတ်သည်။ (ဤနေရာ၌ အချို့က ဝင်လေကို "ချက်"ကိုရောက်အောင် အားထုတ်ရမည်ဟု ထင်နေ ကြသဖြင့် များသောပုဂ္ဂိုလ်များက ဝင်လေကို ချက်ရောက်အောင် တမင်ရှုသွင်းနေကြ ၏။ ဒါကြောင့်မို့ အားထုတ်၍ မဖြစ်နိုင်ဘဲ ကြန့်ကြာ၍နေကြ၏။ ဤကား စကားချပ်တည်း။)

ထွက်လေဝင်လေတို့သည် အခိုးတွေကဲ့သို့ ထင်လာတတ်သည်။ ဖြူဖြူမီးခိုးကဲ့သို့ ထင်လာတတ်သည်။ နှာသီးဝ၌ ဂွမ်းတွေအဆင့်ဆင့်ထပ်၍ ထပ်၍ ထွက်လေဖြ

www.burmeseclassic.com

အဆင့်ဆင့် တိုး၍ တိုး၍ မြင့်မြင့် လာသကဲ့သို့ ထင်နေတတ်သည်။ အဖြူခိုးတွေ ထွက်သောအခါ အဖြူခိုးနှင့် ရောလျက် လက်လက် လက်လက်နှင့် ရွှေခြည်ငွေခြည် မှုန့်ကလေးတွေ တောက်ပြောင်လျက် မီးပန်းများကဲ့သို့ ဖွာဖွာ ဖွာဖွာနှင့် ပါသွားတာကိုလည်း တွေ့ရတတ်သည်။ တစ်ခါတစ်ရံ ပုလဲလုံးတစ်လုံးဖြစ်စေ၊ ပို၍ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ထွက်လေဝင်လေနှင့် ရော၍ နှာသီးဝ၌ ဝင်လိုက်ထွက်လိုက် ဖြစ်နေတတ်သည်။ ပုလဲသွယ်ကဲ့သို့ သီတန်းလျက် ထွက်လိုက်ဝင်လိုက်နေတတ်သည်။ သမာဓိပို၍ ရင့်လာလျှင် ဤပုလဲလုံးများသည် ခတ်မီးကဲ့သို့ အရောင်လင်းပြီးသကာလ ဝင်လိုက်ထွက်လိုက်နေတတ်သည်။ ထွက်သောအခါ ချက်မှသည် နှာသီးဝ၏ အပြင်ဘက်သို့ ထွက်လေနှင့်တကွ ရောက်သွားတတ်သည်၊ ဝင်သောအခါ ချက်အထိ တောက်လျှောက် ဝင်တာသိရသည်။

ထိုအရောင်ဖြင့် ဝမ်းထဲက ရှိသမျှကိုတောင် မြင်ရတတ်သည်။ ဤကဲ့သို့ နိမိတ်မြင်နေသောအခါ နိမိတ်ကိုသာ အာရုံပြုလျက် သိလျက် သတိရှိလျက် နေတတ်သည်။ နှာသီးဖျား၌ စိတ်မရှိတော့ပြီ။ နိမိတ်ပျောက်သွားသောအခါ နှာသီးဖျားမှာ စိတ်ရောက်လာပြန်သည်။ မရောက်လျှင်လည်း တမင်ထား၍ ပေးရသည်။ ထို့ပြင် ၃၁–ဘုံ၌ ရှိသော အပွင့်အမျိုးမျိုး၊ အပင်အမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ အဆောက်အအုံ အမျိုးမျိုး၊ တောတောင်ရေမြေ သမုဒ္ဒရာအမျိုးမျိုး၊ ဂူကျောင်းဘုရားအမျိုးမျိုး၊ အလွန်သာယာပျော်ဖွယ်ကောင်းသော နေရာဌာနန္တရ အမျိုးမျိုး၊ နေလ နက္ခတ် တာရာ အမျိုးမျိုး၊ ပတ္တမြားအစရှိသော ကျောက်မျက်ရတနာ အမျိုးမျိုး၊ ဥပါပုံကဲ့သို့သော အလင်းရောင်လုံးကြီးအမျိုးမျိုး၊ ပိုးစုန်ကြူးကဲ့သို့၊ မီးပန်းမီးကျည်များကဲ့သို့၊ မီးပွားကလေးတွေကဲ့သို့ အစရှိသော အရာမျိုးများကို ပြော၍မပြတတ် လောက်အောင်ပင် တွေ့ရတတ်၏။ သမာဓိရင့်လေ တွေ့လေပဲ။

၄။ အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်ခါနီး၌ မြတ်စွာဘုရားအား လျှောက်ထားရမည်မှာ–

"အဟံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ၊ သမထကမ္မဋ္ဌာနံ ယာစာမိ။
ဒုတိယမ္ပိ အဟံ ဘန္တေ ... ယာစာမိ။
တတိယမ္ပိ အဟံ ဘန္တေ ... ယာစာမိ"။

"ဘန္တေ–အရှင်ဘုရား၊ အဟံ–တပည့်တော်သည်၊ သံသာရဝဋ္ဋ ဒုက္ခတော–သံသရာဝဋ်ဆင်းရဲမှ၊ မောစနတ္ထာယ–လွတ်မြောက်ပါရခြင်းအကျိုးငှာ၊ သမထကမ္မဋ္ဌာနံ–သမထကမ္မဋ္ဌာန်းကို၊ ယာစာမိ–တောင်းပန်ပါ၏။
ဒုတိယမ္ပိ–နှစ်ကြိမ်တိုင်လည်း၊ ဘန္တေ–အရှင်ဘုရား ... ယာစာမိ–တောင်းပန်ပါ၏။
တတိယမ္ပိ–သုံးကြိမ်တိုင်လည်း၊ ဘန္တေ–အရှင်ဘုရား ... ယာစာမိ– တောင်းပန်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့လျှောက်ထားပြီးလျှင် –

၅။ လုံသော မှောင်သောနေရာတစ်ခုခု၌ အာနာပါနအလုပ်ကို အားထုတ်ရပါမည်။ တစ်ရက်၌-၂၄– နာရီရှိရာ ၁၂– နာရီထက်မများ၊ ၆– နာရီထက်မနည်း၊ နှာသီးဖျားမှာ စိတ်ကို အမြဲစိုက်ထားပြီးလျှင် ထွက်လေဝင်လေကို သိရုံသာသိနေပါ။ လေနောက်သို့ စိတ်လိုက်မသွားရန် အထူးသတိပြုရပါမည်။ လေနောက်သို့စိတ်လိုက်နေပါက နိမိတ်ရဖို့ ကြာတတ်ပါသည်။

၆။ နိမိတ်ရ၍ ဝိပဿနာတက်လိုသောအခါ အောက်ပါအချက်များကို ဖတ်ရှုထားရ ပါမည်။

## ရန်ကုန်မြို့ ဒလဘက် ပျော်ဘွယ်ကြီးရွာ ကမ္မဋ္ဌာန်းဆရာကြီး ဆရာသက်ထံမှ ရရှိသော ဝိပဿနာ အားထုတ်နည်း

တရားအားထုတ်လိုသောသူသည် အာနာပါန ကမ္မဋ္ဌာန်းကို ဂရုတစိုက် လိုလို ချင်ချင်နှင့် ဖော်ပြခဲ့ပြီးသောနည်းအတိုင်း ၃–ရက်လောက် အားထုတ်မိသောအခါ ဥဂ္ဂဟ နိမိတ်၊ ပဋိဘာဂနိမိတ်တို့ကို ရတတ်ကြလေသည်။ ထိုအခါကျလျှင် ဝိပဿနာကို ပြ၍ ရနိုင်ပါတော့သည်။ ဤနိမိတ်မျိုးကို တိဟိတ်မှ မြင်နိုင်သည်။ ထိုနိမိတ်တို့ကို တွေ့သောအခါ အရောင်အလင်းနှင့်တကွဖြစ်သော နိမိတ်ကို ခပ်ကြာကြာမြင်ရလျှင် သမာဓိ တော်တော်ကောင်းလာပြီဟု မှတ်ပါ။

ထိုအခါ ပထမက အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်ခါနီး၌ ပြုအပ်သော ကိစ္စဟူသမျှ (ဘုရားရှိခိုးခြင်း၊ ကမ္မဋ္ဌာန်းတောင်းခြင်း စသည်)တို့ကို တစ်ခုမကျန် စုံအောင် ထပ်၍ပြု။

ဝိပဿနာတရားကို ရမှာပဲဟု ယုံယုံကြည်ကြည် ရှိစေရမည်။ အလွန်လိုချင် သော စိတ်လည်းရှိရမည်။ လောကကြီး၌ ဒုက္ခအပေါင်းကိုလည်း ကြောက်၍ ထွက်မြောက်လိုသောစိတ်ဖြင့် မာန်မာနကိုချ၍ စိတ်ကို ပျော့ပျော့ထားရမည်။ ကိုယ်အမူအယာ နှုတ်အမူအယာ နူးညံ့သိမ်မွေ့စေရမည်။

### ဝိပဿနာအာရုံ ရှုကွက်

ထို့နောက် မိမိထိုင်တတ်သလိုထိုင်၊ ထိုင်ပြီးလျှင် ၁၀–မိနစ်ခန့်ကြာအောင် နှာသီးဖျား၌ ထွက်လေ ဝင်လေထိသည်ကို၊ ရိပ်ရိပ် ရိပ်ရိပ်နှင့် တိုး၍သွားသော အသေး သဘောကလေးတွေကို၊ ရိပ်ရိပ် ရိပ်ရိပ်နှင့်တိုး၍တိုး၍ ဖြစ်၍ဖြစ်၍ ပျောက်ပျောက် သွားသော သဘောကလေးတွေကို မမြဲခြင်း သဘောပါကလားဟု နှလုံးသွင်း၍ အနိစ္စ အနိစ္စ ဟူ၍ရှု။



www.burmeseclassic.com

www.burmeseclassic.com

ရှု၍ ၁၀-မိနစ်၊ ၁၅-မိနစ်ခန့်ကြာသောအခါ မိမိ၏ ငယ်ထိပ်ကို အာရုံပြု။ ငယ်ထိပ်မှာ စိတ်ထား။ စိတ် တခြားမသွားစေနှင့်။ ကြပ်ကြပ်သတိထား။ ဤနေရာ၌ ဆရာရှိမှ သာ၍ ကောင်းသည်။ ငယ်ထိပ်နေရာ၌ ငါးမူးစေ့ခန့် ကျပ်ပြား ဝိုင်းခန့်ဝိုင်းဝိုင်းကလေး တစ်နေရာစာတွင် နည်းနည်းအေး၍ဖြစ်စေ၊ ပူနွေးနွေးဖြစ်စေ၊ တွေ့ရတတ်သည်။ တွေ့ရဆိုတာ မျက်စိဖြင့် မြင်ရတာမျိုးမဟုတ်။ တွေ့သောအခါ စိတ်ကို တခြားမရောက်စေနှင့်။ သိ၍ သာနေရမည်။ အတော်ကြာလျှင် နွေးသောအေးသောနေရာကလေးသည် လှုပ်လှုပ်လှုပ် လှုပ်နှင့်လည်နေသကဲ့သို့ တွေ့တတ်သည်။ ဘာပဲဖြစ်ဖြစ် စိတ်ကို ဤနေရာမှာပဲထား။

ငယ်ထိပ်က အဝိုင်းကလေးသည် ကျယ်ပြန့်၍ ခေါင်းကို ခြုံပြီးသကာလ အောက်သို့ ဖြာ၍ဆင်းကျလာတတ်သည်။ ကျလာပေစေ၊ ကျလာတဲ့အတိုင်းပင် သိ၍လိုက်၊ ဤကဲ့သို့နှင့်ပင် တပြည်းပြည်း တစ်ကိုယ်လုံးခြုံ၍ သွားတတ်သည်။ ဤကဲ့သို့ တစ်ကိုယ်လုံး ခြုံမိမှ ဖြစ်စေ၊ မခြုံမိခင်ဖြစ်စေ၊ ပူရှိန် ပူငွေ့ဖြစ်စေ၊ အေးရှိန်အေးငွေ့ဖြစ်စေ မိမိခန္ဓာကိုယ် တစ်နေရာ၌ လှုပ်ရှားလျက် တစ်ရွေ့ရွေ့ တိမ်တိုက်များ သွားနေသကဲ့သို့နေတတ်၏။

**ဖဿတွေ့ထိပုံ**

တစ်ခါတစ်ရံ ဝမ်းထဲ ကျောထဲ၌ ရှိန်ရှိန်နှင့် လျှမ်းလျှမ်းနှင့် တေဇောဓာတ်တို့ မငြိမ်မသက်ဖြစ်နေသည်ကို တွေ့ရတတ်သည်။ တစ်ခါတစ်ရံ ခန္ဓာကိုယ်တစ်နေရာ၌ ရှိုးတိုးရှဲတနှင့် ပုရွက်ဆိတ်ကလေးတွေ တစ်ရွေ့ရွေ့သွားနေသကဲ့သို့ ထင်တတ်သည်။ ဖန်ခွက်၌ ထည့်သော ဘီလပ်ရည်တွင် အမြှုပ်ကလေးတွေ ဆူ၍တက်နေသကဲ့သို့လည်း ဖြစ်တတ်၏။ မီးပန်းကို ရှူလိုက်သောအခါ ဖွာဖွာ ဖွာဖွာနှင့် ပန်းနေသကဲ့သို့လည်း ခန္ဓာကိုယ်၌ ဖွာဖွာ ဖွာဖွာနှင့် နေတတ်သည်။ တစ်ခါတစ်ရံ ခြေဖျားကျင်၍ နေသကဲ့သို့လည်း ဖြန်းဖြန်း ဖြန်းဖြန်းနှင့် နေတတ်၏။

ဤကဲ့သို့ ရှုဖန်များလတ်သော် သမာဓိအရှိန် ကောင်းလာပြီး သကာလ တစ်ကိုယ်လုံး၌ အပ်ဖျားတစ်ခုစာမျှ မကျန်ရအောင် တစ်ဖွာဖွာ ဖြစ်၍ဖြစ်၍ ချုပ်၍ချုပ်၍ သွားတတ်သည်ကို တွေ့ရတတ်၏။ ဤကဲ့သို့ တစ်ဖွာဖွာ တစ်ဖြုတ်ဖြုတ် ဖြစ်နေခြင်းကို မျက်စိနှင့် မြင်လာရတာလားဆိုလျှင် မဟုတ်၊ ကိုယ်တွေ့တရားပင်ဖြစ်၏။ ထို့ကြောင့် နိဒါနဝဂ္ဂသံယုတ် ပါဠိတော်(၃၀၁)၌-

ကာယဥ္စ-ကာယအကြည်ကိုလည်းကောင်း၊ ဖောဋ္ဌဗ္ဗေစ-ဖောဋ္ဌဗ္ဗ အတွေ့ဓာတ်တို့ကို လည်းကောင်း၊ ပဋိစ္စ- နှစ်ပါးစုံကို စွဲ၍၊ ကာယဝိညာဏံ- ကာယဝိညာဏ်သည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏ ဟူ၍ဟောတော်မူသည်။

ထိုအတွေ့ဓာတ်သည် မျက်စိဖြင့် မြင်ကောင်းသော တရားမဟုတ်၊ ကိုယ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

တွေ့ကောင်းသော တရားဖြစ်၏။ ဘာကြောင့် ကိုယ်ဖြင့် တွေ့ရသလဲဆိုလျှင် ကိုယ်ထဲ၌သာဖြစ်သော ဩချားကိုယ်ကို ရှုသောကြောင့်သာတည်း။

ရုပ်နာမ်ဖြစ်ပျက်တတ်ပုံ ဥပမာများ

ဤကဲ့သို့ ရှုဖန်များလတ်သော် သမာဓိကလည်း ရင့်သန်၍ ကောင်းလာတော့၏။ သမာဓိပို၍ ကောင်းလာသောအခါ ရုပ်တရား နာမ်တရားတို့၏ ဖြစ်ပေါ်မှု ချုပ်ပျောက်မှုတို့ကိုလည်း ပိုသည်ထက်ပို၍ များသည်ထက်များ၍ သိလာတော့၏။ ဘယ်လိုသိလာတတ်ပါသနည်းဆိုလျှင် နှမ်းဆီအစစ်ကို ဒယ်အိုးကြီးနှင့် တည်၍ထားသောအခါ ဒယ်အိုးမျက်နှာပြင်နှင့်အမျှ ပြည့်တက်လျက် အမြှုပ်တွေတက်၍ လာတတ်၏။ ထိုအခါ မီးကို မလျှော့ပဲထားပြီး အသာကလေးကြည့်နေမည်ဆိုလျှင် လက်ဦးဖြစ်သော အမြှုပ်ဟောင်းတွေက ပေါက်ကွဲ၍ ဖြုတ်ဖြုတ်မြည်၍ ချုပ်ပျောက်ကုန်တာကိုလည်း မြင်ရလိမ့်မည်။

ချုပ်ပျောက်ပြီးသောနေရာ၌ နောက်ထပ်အမြှုပ်သစ်ကလေးတွေ စီစီ စီစီနှင့် လာ၍ ဖြစ်နေကြသည်ကိုလည်း မြင်ရလိမ့်မည်။ ထိုအခါ စီစီ စီစီ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်နှင့် ဖြစ်ချုပ်နေတာကိုချည်း မြင်ရလိမ့်မည်။ ဤဆီပူအိုးနှင့် ထပ်တူ မိမိခန္ဓာကိုယ်အတွင်းက ရုပ်ကလေးတွေသည် စီစီစီစီနှင့် ဖြစ်၍ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်နှင့် ချုပ်ပျောက်နေသည်ကိုလည်း သိ၍နေလိမ့်မည်။(စီစီ ဖြုတ်ဖြုတ်ဆိုတဲ့ အသံတွေကိုလည်း တကယ်ကြား၍လာလိမ့်မည်။)

ထိုအခါ ကျသောအခါ တစ်စီစီတစ်ဖြုတ်ဖြုတ်တို့သည် ဆီချက်အိုးက အမြှုပ်တွေထက် အဆပေါင်းများစွာ လျှင်မြန်၍ လျှင်မြန်၍ ဖြစ်ချုပ်နေတာကို တွေ့ရလိမ့်မည်။ ဤအခါ၌ ခန္ဓာကိုယ်ကြီးတစ်ခုလုံး ဆီပူအိုး ဆူသကဲ့သို့ ဆူ၍ဆူ၍ လျှင်မြန်စွာဆူ၍ အမြှုပ်တွေ ပြည့်ကျပ်၍ ဖြစ်ပျက်နေသည်ကိုသာ တွေ့နေရလိမ့်မည်။ တစ်ခါတစ်ရံ ရုပ်ကလာပ်ကလေးတွေသည် ဖွာဖွာ ဖွာဖွာနှင့် ကြွေကျနေဘိသကဲ့သို့ တစ်ကိုယ်လုံး၌ တွေ့၍နေတတ်သည်။ ဒါကြောင့် သဲကမ်းပါးများ ပြိုသကဲ့သို့ဟု ဥပမာပေးခြင်းဖြစ်သည်။ တစ်ခါတစ်ရံ မိမိခန္ဓာကိုယ်အပေါ်၌ မိုးရွာချသကဲ့သို့ ထင်ရတတ်သည်။ တစ်ခါတစ်ရံ တံလျှပ်စိုင်ကြီးတွေသည် မိမိခန္ဓာကိုယ်အတွင်း ဝင်ပြီးသကာလ ရိပ်ရိပ် ရိပ်ရိပ်နှင့် တကယ့်တံလျှပ် ကဲ့သို့ လျှင်မြန်စွာ ဖြစ်၍ ချုပ်၍လည်းနေတတ်ပါသည်။

အနာအို အနာဆွေးများ၌ ပိုးလောက်များကျ၍ အပုပ်အစပ်တွေကို စားကာ တစ်လှုပ်လှုပ်တစ်ရွရွ နေသကဲ့သို့လည်း နေတတ်၏။ တစ်ကိုယ်လုံး အတွင်းရော အပြင်ပါ မစင်အတွင်းက လောက်တွေကဲ့သို့ ပိုးလောက်တွေ ထိုး၍ထိုး၍



www.burmeseclassic.com

www.burmeseclassic.com

နေသကဲ့သို့လည်း ထင်ရတတ်၏။ ဆောင်းအခါ နှင်းများကျသကဲ့သို့ မိမိကိုယ်၌ အတွင်းရောအပြင်ပါ နှင်းပေါက်ကလေးတွေ တစ်ကိုယ်လုံးကျ၍ နေသကဲ့သို့ အေးလျက် ဖွာဖွာ ဖွာဖွာကျနေ သလိုလည်း ဖြစ်တတ်၏။ အပ်ကလေးတွေနှင့် ထိုးဆွသကဲ့သို့လည်း ဖြစ်တတ်၏။ (ခန္ဓာကိုယ်ကြီးဟာ လှုပ်မရ ကြွမရ ခြေလက်တွေ သေသကဲ့သို့ လေးပြီးလျှင်) အတွင်းသားကတော့ ဆူပွက်၍နေတာကိုလည်း တွေ့ရတတ်၏။ နေ့ရော ညပါ ဆက်လက်၍ ရှုဖန်များလတ်သော် ခန္ဓာကိုယ်ကြီးတစ်ခုလုံး ဘယ်ခါမဆို ဆူပွက်၍ ပျက်စီး ချုပ်ပျောက် ဖောက်ပြန်နေတာ ကိုချည်းတွေ့နေရတော့၏။ တုံးလုံးလှဲ၍ ရှုနေမည်ဆိုလျှင် ဦးခေါင်းမှ ခြေဖျား၊ ခြေဖျားမှ ဦးခေါင်းသို့ ဆင်းလိုက်တက်လိုက်နှင့် ရေမြုပ်ရေပွက်ကလေးများကဲ့သို့ ကိုယ်နှင့်အပြည့် ဆင်းသက်သွားလာနေသလို ဖြစ်နေတော့၏။

ဥပမာ–ဖန်ဘူးကို လူရုပ်သဏ္ဌာန်လုပ်၊ အတွင်းက ခြေလက်ဦးခေါင်း ရင်ဝမှာ စ၍ အခေါင်းကြီးဖြစ်စေ၍ ရေထည့်ချက်စေ၊ ပူလွန်း၍ ဆူလွန်းသောအခါ တစ်ကိုယ် တစ်ကောင်လုံး အတွင်းအဆူတွေ ဆူ၍ တက်၍ ပျံ့နှံ့ပြီးလျှင် ရံဖန်ရံခါ ဦးခေါင်းဘက်သို့ လည်းကောင်း၊ ရံဖန်ရံခါ ခြေလက်တို့သို့လည်းကောင်း၊ ရံဖန်ရံခါ တစ်ကိုယ်လုံး တစ်ပြိုင် တည်းလည်းကောင်း ဆူပွက်ပျံ့နှံ့သွားလာ၍ နေသကဲ့သို့ မိမိကိုယ်ထဲ၌ ဆူပွက်၍ နေတတ်၏။

## လောကကြီးကို ရဲဝံ့စွာ ရင်ဆိုင်တတ်လာပြီ

သမာဓိကောင်းလွန်းလာလျှင် ဆူသံ ပွက်သံ တက်သံတွေကိုပင် ကြား၍ လာရ တော့၏။ ဤကဲ့သို့ ခန္ဓာကိုယ်အတွင်း ဖြစ်ခြင်း ပျက်ခြင်း ချုပ်ပျောက်ခြင်းတို့ဖြင့် နေ့မစဲညမစဲ နာရီမစဲ မိနစ် စက္ကန့်မစဲ တသဲသဲ တဖြုတ်ဖြုတ် ချုပ်ပျောက် ဖောက်ပြန် နေပြီဆိုမှဖြင့် ငိုက်မျဉ်း တွေဝေခြင်း၊ အိပ်ချင်ခြင်း၊ ပူပင်သောကများခြင်း၊ တောင်တွေး မြောက်တွေး တွေးခြင်း၊ သူတစ်ပါး တရားစကားမှတစ်ပါး လွဲ၍ပြောတာ နားထောင် ချင်ခြင်း၊ လောကီကိစ္စဟူသမျှ ဂရုစိုက်ချင်ခြင်း၊ သတင်းစာဖတ်ချင်ခြင်း၊ လော ဘကြီး ခြင်း၊ ဒေါသကြီးခြင်း၊ ရယ်စရာပြောခြင်း၊ စီးပွားရေးအတွက် ဂရုစိုက်ချင်ခြင်းတို့ လွန်စွာပါးရှား၍ သွားလေတော့၏။ သည်းခံနိုင်တော့၏။ မိမိအသက်ကိုပင် သေရမှာ မကြောက်တော့ပေ။ အလွန်ချစ်လှစွာသောသူများ သေဘေးနှင့်တွေ့တာတောင် တယ်၍ မပူကြတော့ပေ။

ဒါဖြင့်လျှင် ဝိသာခါ သောတာပန်သည် သူ၏မြေး သေတုန်းက ပူပန်သောက မီးပြီး သိပ်ပြီးငိုတာ ဘာကြောင့်တုန်းဟု ဆိုစရာရှိ၏။ ငိုမှာပေါ့၊ တရားကို ဤကဲ့သို့ မြင်နေအောင် ရှုတုန်းမြင်တုန်းအခါသာ မပူဘဲနေနိုင်တာကလား၊ ကမ္မဋ္ဌာန်းတရားကို



www.burmeseclassic.com

www.burmeseclassic.com
အားမထုတ်ပဲ ပေါ့၍နေတဲ့အခါကျတော့ သောတာပန်လည်း "ဒိဋ္ဌာနုသယနှင့် ဝိစိကိစ္ဆာနုသယ"ကုန်တာမှ မဟုတ်သေးဘဲ၊ ပုထုဇဉ်လိုပေါ့ဟု ဖြေ၊ ဤကား ကျမ်းဂန် အတိုင်းပင်တည်း။

ဤကဲ့သို့ တရားကို ကောင်းကောင်းကြီး ရှုမြင်နေတုန်းအခါ၌ မိမိကိုယ်မိမိ ဤကဲ့သို့ခေတ်ကြီးအတွင်း၌ အသက်ရှည်၍ နေရခြင်းကိုပင် လောကီမှုကိစ္စ ဆောင်ရွက်ခြင်းမှ မကင်းနိုင်သည်ကိုပင် မနှစ်မြို့နိုင်ဖြစ်လာတတ်တော့၏။ ဤမျှလောက် သမာဓိကောင်းလာလျှင် တစ်ကိုယ်လုံး၌ နာကျင်လှစွာ မခံသာသော ဝေဒနာများလည်း တွေ့ရတတ်၏။ ခန္ဓာကိုယ်ကြီး တစ်ကိုယ်လုံးအတွင်း သံရည်ပူတွေ သွားထား သလိုလည်း ဖြစ်တတ်၏။ ဝေဒနာတရားတွေ အစဉ်မပြတ် ဖြစ်ပျက်နေတော့၏။

### ဆုံးဖြတ်ချက်ကျ၊ သံသယ မရှိတော့ပြီ

ဤကဲ့သို့ ရှုမြင်ပွားများ ထင်မြင်လာကြသည်ကို ကျမ်းဂန်နှင့်ညှိ၍ ဘယ်လို နားလည်ရ သိရပါမည်လဲဟုဆိုလျှင် ယခုတွေ့နေရတဲ့ သဘောဟာ မိမိခန္ဓာကိုယ် အဇ္ဈတ္တသန္တာန်တွင် ဖြစ်ပေါ်နေသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာရေးသုံးပါး ပရမတ္ထ သဘာဝကျနေတဲ့ တီရဏပရိညာစခန်း၊ ကင်္ခါဝိတရဏဝိသုဒ္ဓိခေါ်တယ်။ ရှင်း၍ပြပါမည်။ သေသေချာချာ စူးစိုက်၍ ကြည့်ကြပါ။

ဤနေရာ၌ ဘုရားဟောကျမ်းဂန်နှင့် တစ်ကိုယ်တည်း တစ်သားတည်း နေတာပင် ဖြစ်သော်လည်း စာသာတတ်၍ အလုပ်မတတ်သေးသော ပညာရှင် သူတော်မြတ်များနှင့် ဆန့်ကျင်ဘက်လိုလို ဖြစ်တတ်ပါသည်။ တရားက မဆန့်ကျင်ပါ။ အဓိပ္ပါယ်က မဆန့်ကျင်ပါ။ သဘာဝက မဆန့်ကျင်ပါ။ ပညာရှင်များက အားမထုတ် ဖူးသေး၍ အတွေးနှင့်အယူအဆ ပိုလျှင်လည်း ပို၍နေတတ်ပါသည်။ လိုလျှင်လည်း လို၍နေတတ်ပါသည်။ ပညာရှိသူမြတ်များကို ရှုံ့ချ၍ ပြောသည်မဟုတ်ပါ။ သဘော ပေါက်စေလို၍ ပြောရခြင်းဖြစ်ပါသည်။(ဤကား ဓမ္မတာတည်း။)

၇။ ထို့နောက် ဘုရားရှေ့တော်မှာ ထိုင်၍ မြတ်စွာဘုရားအား လျှောက်ထားရမည်မှာ -

"တုမှာကံ ဘန္တေ ဩဝါဒါယ ဇီဝိတံ ပရိစ္စဇာမိ"

ဘန္တေ- အရှင်ဘုရား၊ အဟံ- တပည့်တော်သည်၊ တုမှာကံ- အရှင်ဘုရားတို့အား၊ ဩဝါဒါယ- သက်တော်ထင်ရှား၊ သဗ္ဗညုမြတ်စွာဘုရား ရှိတော်မူစဉ် ကမ္မဋ္ဌာန်းဝင်သူတို့ ကဲ့သို့ ဆိုဆုံးမနိုင်စေခြင်းငှာ၊ ဇီဝိတံ- ဇီဝိန္ဒြေ တည်းဟူသော အသက်ကို၊ ပရိစ္စဇာမိ- စွန့်လွှတ်လှူဒါန်းပါ၏။

"အဟံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ဝိပဿနာကမ္မဋ္ဌာနံ ယာစာမိ။ ဒုတိယမ္ပိ အဟံ ဘန္တေ .... ယာစာမိ။



www.burmeseclassic.com

www.burmeseclassic.com

တတိယမ္ပိ အဟံ ဘန္တေ .... ယာစာမိ"။

ဘန္တေ–အရှင်ဘုရား ။ အဟံ–တပည့်တော်သည်၊ သံသာရဝဋ္ဋဒုက္ခတော–ခန္ဓာအာယတနဓာတ်တို့၏ မပြတ်ဖြစ်ရာ သံသရာဝဋ်ဆင်းရဲမှ၊ မောစနတ္ထာယ–မင်္ဂဉာဏ်ဖိုလ်ဉာဏ်ကို ရ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုသောအားဖြင့် ထွက်မြောက်ပါရခြင်းအကျိုးငှာ၊ ဝိပဿနာ ကမ္မဋ္ဌာနံ၊ အနိစ္စ အစရှိသော အထူးထူးအပြားပြားသော အခြင်းအရာအားဖြင့် ရှုကြည့်တတ်သော အနက်သဘောကြောင့် ဝိပဿနာဟု ဆိုအပ်သော ဘာဝနာ ကမ္မဋ္ဌာန်းကို၊ ယာစာမိ–တောင်းပန်ပါ၏။

၉။ ထို့နောက် "သူတော်ကောင်းအပေါင်းတို့အား အကျွန်ုပ်က ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့် ပြစ်မှားမိသည်ရှိသော် သည်းခံတော်မူကြပါ။ အကျွန်ုပ်အား ပြစ်မှားမိသော ကာယကံ၊ ဝစီကံ၊ မနောကံတို့ကိုလည်း အကျွန်ုပ်က သည်းခံပါ၏"ဟု သည်းခံကျေနပ်ပြီးမှ ဝိပဿနာ တက်ရပါမည်။

၁၀။ ငယ်ထိပ်နေရာကို စိုက်ကြည့်သောအခါ၌လည်း ငါးမိနစ်ထက်မနည်း စိုက်ကြည့်ရပါမည်။ (ကိုယ်တိုင်လာ၍ ပြသကဲ့သို့ သေချာကျနစေလိုသော သဘောဖြင့် ဤအစီအစဉ် အကျဉ်းချုပ်ကို မှာထားရပါသည်။ အပါယ်တံခါးပိတ်သော တရားဖြစ်၍ သမ္မပ္ပဓာန် အချိုးကျအောင် အားထုတ်နိုင်ပါစေသတည်း။)



www.burmeseclassic.com

www.burmeseclassic.com

# ၁၁။ အသူရကာယ်ဘုံမှ ညွှေ့သည်

" သြကာသ သြကာသ သြကာသ ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ..."

ကျနော်နှင့်ကိုသက်ခိုင် ညကအိပ်စက်ခဲ့သော တဲငယ်၏အပြင်ဘက်တွင် အမှောင်သန်းနေဆဲဖြစ်၏။ ရဲဘက်စခန်းထုံးစံအတိုင်း နံနက်ငါးနာရီခွဲတွင် ဘုရားဝတ်တက်လေ့ရှိသဖြင့် ခပ်လှမ်းလှမ်း အကျဉ်းသားအိပ်ဆောင်ဆီမှ ဘုရားရှစ်ခိုးသံများကြောင့် ကျနော်နိုးလာသည်။ ဘေးမှာရှိနေသော ကိုသက်ခိုင်ကို ကြည့်လိုက်ရာ တရားထိုင်နေသည်ကို တွေ့ရ၏။ ကျနော်လည်း အိပ်ယာမှ ထချင် စိတ်မရှိသေးသည်နှင့် တစ်နာရီခန့်ဆက်အိပ်နေလိုက်ပြီး ကိုသက်ခိုင်တရားဖြုတ်ရာမှ ထသံ ချိုးချိုးချွတ်ချွတ်ကြားကာမှ "အင်း" ကနဲအသံရှည်ကြီးဖြင့် အညောင်းဆန့်ရင်း အသံပြုလိုက်ရသည်။

"ခင်ဗျားက မနက်တိုင်း အစောကြီးထတတ်တဲ့ အကျင့်ရှိသလားဗျ"

"ဆိုပါတော့ဗျာ၊ ဘဝက ပေးလိုက်တဲ့အကျင့်ဆိုပါတော့"

"လာပြန်ပြီ ဒီဘဝ၊ နည်းနည်းလောက် ရှင်းပါအုံး"

"ဒီလိုဗျ၊ ကျနော်ငယ်ငယ်တုန်းက ကျနော်တို့မိသားစုဟာ နတ်မောက်ကနေ ရန်ကုန် ကျူးကျော်ရပ်ကွက်ဆီကို ပြောင်းလာရတယ်လို့ ပြောဖူးတယ် မဟုတ်လား၊ ကျနော်တို့နေတဲ့ ရပ်ကွက်မှာ ရေရှားတယ်ဗျာ၊ မိုးရွာတဲ့ညတွေဆို ညဥ့်နက်သန်းခေါင်လည်း အမေက လူလေး ထ ထ၊ မိုးရေခံရအောင်ဆိုပြီး နှိုးတော့တာပဲဗျာ၊ ဒီတော့ ထချင်ချင် မထချင်ချင် ထရတော့တာပဲ၊ မထရင်လည်း အိမ်မှာရေလိုရင် တစ်မိုင်လောက်ဝေးတဲ့ ဘုံဘိုင်ကနေ ရေထမ်းပုံးနဲ့ ကိုယ်တိုင်သွားထမ်းရမှာကိုး၊ နောက်တစ်ချက်က ကျနော့်အဖေဟာ နယ်အတော်များများကို အရောင်းအဝယ်ကိစ္စနဲ့ ခရီးသွားတဲ့အခါ တချို့ဒေသတွေဟာ အိပ်သာအိပ်လေ၊ မမိုတ်လေနဲ့။ မိုတ်သာမိုတ်လေ၊ မပျော်လေနဲ့



www.burmeseclassic.com

www.burmeseclassic.com

လို့ စာချိုးရတဲ့ဒေသတွေ ရှိတဲ့အကြောင်း ပြောပြသံကြားဖူးတယ်ဗျ၊ အထူးသဖြင့် ပျဉ်းမနားလို ကားလမ်းရထားလမ်း ဆုံတဲ့နေရာတွေပေါ့၊ အဲဒီဒေသတွေမှာ သူခိုးသူဝှက် ပေါတယ် ထင်ပါ့ဗျာ၊ နောက်ရှိသေးတယ်ဗျ၊ အဖေက မနက်သုံးနာရီလောက် ထပြီး ကီလီဒိုင်ကို ဈေးကြိုဆင်းတဲ့အခါ တခါခါ အဖော်ခေါ်တတ်တော့ ကျနော်လည်း အအိပ်မက်တဲ့အကျင့် ငယ်ငယ်ကတည်းက ပါမလာတော့ဘူး ဆိုပါတော့"

"အင်း ဟုတ်ပါပြီဗျာ၊ ကျနော်မနက်စာအတွက် ကော်ဖီဖျော်လိုက်ပါ့မယ်၊ ညက ခင်ဗျား ဖတ်ခိုင်းတဲ့ စာတွေထဲက မရှင်းလင်းတာလေးတွေ မေးပါရစေဦးဗျာ"

ကျနော်က မနက်စာကို ကော်ဖီတစ်ခွက်နှင့်ပေါင်မုန့်ဖြင့် တင်းတိမ်သော်ငြား ကိုသက်ခိုင်ကား ညကကျန်သည့် ထမင်းခြမ်းကို ငါးပိကြော်ပုလင်းဖွင့်ကာ လွေးနေလေသည်။ အိပ်ဆောင်ရှေ့က မြေကွက်လပ်တွင်ကား ရဲဘက်များ ဘုတ်ဆင်းရန် လူစုနေကြပြီ။ အခွင့်ထူးခံ ကျနော်တို့နှစ်ဦးကား ဖြစ်ပျက် ရာပုံတော်ခရီးကို တသီးတခြား နှင်လျက်။ ကိုသက်ခိုင်ကား မနက်စာစားပြီးချိန်တွင် ကွမ်းယာ တစ်ယာကို ပါးစောင်မှာ ခဲရင်း အိပ်ယာပေါ်တွင် မှိန်းနေပြန်လေရာ ကျနော်က...

"နေပါဦးဗျ၊ ခင်ဗျားက ထမင်းစားပြီး ပြန်အိပ်မလို့လား"

"မဟုတ်ရပေါင်ဗျာ၊ ကွမ်းယာနဲ့ ဖြစ်ပျက်မှတ်နေတာလေ"

"ကြံကြံဖန်ဖန်ဗျာ၊ ကွမ်းယာထဲမှာ ဖြစ်ပျက်ပါလို့လား"

"အော် ဒါလား၊ ရှင်းရှင်းလေးပါ၊ ကွမ်းရွက်၊ ထုံး၊ ဆေးရောပြီး ပါးစပ်ထဲထည့် ဝါးလိုက်တာနဲ့ ခန္ဓာကိုယ်ရဲ့ ဖြစ်ပျက်ဟာ ပြောင်းသွားတယ်ဗျ"

"သေချာရှင်းပါအုံးဗျ၊ ကျနော်တော့ဖြင့် နားမရှင်းတာ အမှန်ပဲဗျာ"

"ကွမ်းမစားခင်နဲ့ စားလိုက်ပြီးတဲ့ အခြေအနေနှစ်ခုက မတူဘူးလေ၊ မစားခင်က ခန္ဓာကိုယ်ရဲ့လှိုင်းနဲ့ စားပြီး ခန္ဓာကိုယ်ရဲ့လှိုင်းက တော်တော်ကွာတယ်။ စားလိုက်တာနဲ့ နှာသီးဖျားက အမှုန်တွေဆို အရင်ထက် ခပ်ကြမ်းကြမ်း ပိုခုန်တယ်။ အဲဒီလှိုင်းရဲ့ အတွင်းပိုင်းက စက်ဝန်းအစိပ်အကျဲဟာလည်း လားရာနဲ့အရှိန် ပြောင်းသွားတယ်၊ သိပ်သိသာတယ်ဗျို့။ အဲဒါ ကွမ်းယာထဲမှာပါတဲ့ ပစ္စည်းတွေရဲ့ သတ္တိဆိုပါတော့။ သိပ်များရင် စားလေ့စားထမရှိရင် တချို့အားနည်းတဲ့သူတွေဆို ကွမ်းမူးတယ်ဆိုတာ အမှန်တော့ ဖြစ်ပျက် သိပ်ပြင်းထန်သွားတာဗျ"

"ဘယ်ကလှိုင်းတွေ အမှုန်တွေလည်းဗျာ"

"ဖြစ်ပျက်လှိုင်းတွေ အမှုန်တွေပေါ့။ ကွမ်းတင်မကပါဘူး။ ငြုပ်သီးတို့ ကန်စွန်းရွက်တို့ ဒူရင်းသီးတို့လို လှိုင်းတွေကို သိသိသာသာ မြင့်တက်စေတဲ့အစာ မှန်သမျှ စားပြီးလို့ သတိကပ်ရင် သိနိုင်ပါတယ်"

"ဒီလောက်တောင်ပဲလားဗျာ။ ဒါနဲ့ စပ်စုတယ်တော့ မထင်လိုက်ပါနဲ့၊ ညက



www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျား ဖတ်ခိုင်းတဲ့ စာတွေထဲမှာ တရားမထိုင်ခင် ရေချိုးကိုယ်လက်သန့်စင်တာတို့၊ လုပ်လက်စအလုပ် လက်စသတ်ရမှာတို့ အေးပြီး မှောင်တဲ့နေရာမှာ ထိုင်ရမယ် ဆိုတာတွေက အပိုအလုပ်တွေ ဖြစ်မနေဘူးလားဗျာ"

"အလုပ်ကဖြင့် ဘာမှ လုပ်မယ်မကြံသေးဘူး၊ ဈေးဆစ်တာအရင်ပါကလား၊ အဲဒါတွေ လိုကိုလို တာပေါ့ဗျာ၊ ချွေးစေးတွေ ချွေးနံ့တွေဟာ ခင်ဗျားငြိမ်ငြိမ်ထိုင်လိုက်တာနဲ့ ခင်ဗျားစိတ်ကို အနှောင့်အယှက်ပေးမယ်။ ဟိုနေရာက ယားသလိုလို ဒီနေရာက ယားသလိုလိုနဲ့ အလုပ်မတွင်တော့ဘူး"

"ဒါဆို ယောဂီတာဘက်ကျတော့ကော"

"ဘောလုံးကန်ရင်တောင် ဝတ်စုံပြည့်ဝတ်ရသေးတာဗျာ၊ စိတ်ကိုတက်ကြွလာစေတာပေါ့"

"အေးပြီးမှောင်တဲ့ နေရာကို ရွေးပါဆိုတာကကောဗျာ"

"အေးရင် လေကလေးတယ်၊ မှတ်ရတာလွယ်တယ်။ မှောင်တော့ လင်းနေတာနဲ့စာရင် အာရုံကို ချုံ့ထားရာရောက်တယ်၊ ရှုမှတ်ရာကပေါ်လာတဲ့အလင်းကို ကွဲကွဲပြားပြား သိလွယ်တယ်"

"လုပ်လက်စ အလုပ်တွေ ဖြတ်ရမယ်ဆိုတာလည်း တဆက်တည်း ရှင်းပါဆရာ"

"ပေးစရာရှိတဲ့အကြွေးမဆပ်မိရင် တရားထိုင်တာနဲ့ ခင်ဗျားအာရုံထဲကို အကြွေးကိစ္စဝင်လာဖို့ သေချာပေါက်ပဲ၊ မီးပိတ်ပြီး တရားထိုင်မဲ့ဟာကို မီးမပိတ်မိရင် ခင်ဗျား စထိုင်တာနဲ့ ငါ မီးချောင်းမပိတ်မိ ပါလားဆိုပြီး မီးချောင်းထဲပဲ စိတ်ကရောက်နေမယ်။ တံခါးမပိတ်မိတာ၊ ရေသောက်ဖို့မေ့တာ၊ ဒါတွေအားလုံး သတိထားရမဲ့အရာတွေ ချည်းပဲဗျ။ ကုန်ကုန်ပြောမယ်ဗျာ၊ ခင်ဗျားတရားမထိုင်ခင် မိန်းမကို ကစ်ဆင်ရိုက်နေကျ နမ်းနေကျဆိုရင် ကစ်ဆင်ရိုက်ပြီးမှ နမ်းပြီးမှ တရားထိုင်၊ အဲဒါ ကျနော့်စကား ကုန်ရော"

"ဟ တရားထိုင်တဲ့သူက ဒါတွေလုပ်လို့ ရသလားဗျာ"

"တော်တော်ခက်တယ်ဗျာ။ ခင်ဗျားက ရဟန္တာမှမဟုတ်တာ။ ပုထုဇဉ်ဗျ၊ ပုထုဇဉ်စိတ်ရှိတာ ဘာမှဆန်းတဲ့ အရာမဟုတ်ဘူး။ ကိုယ် လက်ရှိအခြေအနေကနေ အဝေးကြီးကို မမျှော်နဲ့။ မနိုင်ဝန် မထမ်းနဲ့။ လူအဖြစ်နဲ့ တရားတွေနိုင်တာ သေချာတဲ့ အထောက်အထားအများကြီးပါ။ တရားသမားတချို့ မှုဒိမ်းမှုဖြစ်တယ်ဆိုတာ ကိုယ့်ကိုကိုယ် ဟုတ်လှပြီ ထင်ရာက စတာ"

"ဆရာကြီး လေ့ကျင့်ခန်းတွေ လုပ်ခဲ့တုန်းကကော"

"လူပါဆိုမှဗျာ။ ပိုင်းဖြတ်မှုသာ အရေးကြီးတယ်။ ကိုယ်ဆုံးဖြတ်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com

အချိန်တွေ ရက်တွေမှာ တိတိကျကျ စောင့်ထိန်းဘို့သာလိုပါတယ်။ လူလို ကျင့်ကြံ နေထိုင်နိုင်ပါတယ်။ မိန်းမနဲ့ကွာပြီးမှ တရားအားထုတ်ရမယ်လို့ ဘယ်ကျမ်းဂန်က မှ မဟောဘူး။–ခင်ဗျားပြောသလိုဆို တရားသမား မိန်းမတွေ လင်ကွာမုဆိုးမတွေ ဖြစ်ကုန်တော့မပေါ့။ တဏှာရာဂ ကုန်ဆုံးတယ်ဆိုတာ ခင်ဗျားထင်နေတဲ့ ပုံစံမဟုတ်ဘူး။ တဖြည်းဖြည်းချင်း ပါးသွားတဲ့သဘော။ နောက်ဆုံးမှ ကုန်ဆုံးသွားတဲ့ သဘော။ ဒါလည်း ဒီအပြစ်ကို အဖန်ဖန်တလဲလဲ ဆင်ခြင်သုံးသပ်ပြီး ထပ်တလဲလဲ ကျင့်မှဖြစ်တာ။ အဓိဋ္ဌာန်သုံးရက်ဝင်ပြီး ဒီစိတ်ကုန်တယ်ပြောရင် ရူးလို့ပဲမှတ်"

"ဒီလို နေပြီးကျင့်ရင်လည်း ဖြစ်ပျက်တွေ့တာပဲလားဗျာ"

"တွေ့– တွေ့– တွေ့ နဲ့တောင်နေသေးဗျာ။ ဘယ်လိုတွေ့သလဲ ကျနော် ဆက်ပြောမယ်။ နားထောင် ဘို့သာပြင်ပေတော့။ ဖြစ်ပျက်ဆိုတာ ဒီလိုပါလားဆိုပြီး ခင်ဗျားနားထင်ကို တူနဲ့နှက်သလို သိသွားပါစေရ မယ်ဗျာ"

"နေဦးဗျာ၊ ခင်ဗျား ဖြစ်ပျက်အကြောင်းစရင် ခင်ဗျားဖတ်ခိုင်းတဲ့ စာတွေက များလွန်းလို့ ကျနော် လည်းငြီးငွေ့နေပြီ၊ ခင်ဗျားက အလောင်းကောင်ကြီး တစ်ခုလုံး အနီးကပ်ကိုင်တွယ်နေတာတောင် ကြောက်ပုံလန့်ပုံမရတော့ တစ္ဆေသူရဲဆိုတာ အယုံအကြည်မရှိဘူးလား"

"ရှိပါ့ဗျာ၊ ခဏခဏကြုံရလွန်းတော့ ရိုးတောင်နေပါပြီ"

"တကယ်တွေ့ဘူးတာလား ဗျ"

"ဒါကတော့ ခင်ဗျားနားထောင်ကြည့်ပေါ့။ ဖြစ်ပျက်ဆိုတာကို မတွေ့ခင် ကျနော် လေ့ကျင့်ခန်းတွေ လုပ်နေတာဟာ သမထနဲ့ ဝိပဿနာ ကွဲဟန်မတူဘူး။ နည်းစံနစ် လိုတာ၊ ကျွမ်းကျင်တဲ့ အနီးကပ်ဆရာ မရှိတာလည်းပါမယ်။ သမထလိုင်းဘက်ကို သိပ်လွန်သွားတဲ့အခါမျိုးမှာ ဒါမျိုးတွေ အကြိမ်ပေါင်းများစွာ ကြုံရတယ်။ မောင်မင်းကြီးသား တစ်ယောက်ဆို လာနိုင်လွန်းလို့ အတော်ကို စိတ်အနှောင့်အယှက် ကြုံရတယ်"

"ဘယ်က မောင်မင်းကြီးသား လည်းဗျာ"

"သူ့ကို ကျနော့်အာရုံမှာပဲ မြင်ရတာဗျ။ လေ့ကျင့်ခန်း စလိုက်တာနဲ့ မောင်မင်း ကြီးသား ရောက်လာပြီး ငြီးတော့တာပဲ။ ကျနော့်ကုတင်ဘေးက သေတ္တာပုံးပေါ်ရောက် ရောက်နေတာဗျ။ သူ့ပုံစံက အီးတီအဖေထက် အရုပ်ဆိုးတယ်။ ဘာပုံစံမှန်းကို မတိကျဘူး၊ အရည်တရွဲရွဲနဲ့ အသားတစ်ကြီး တစ်ခုလိုလို။ အီးတီနဲ့ တူသလိုလို၊ သို့သော် ခေါင်းနဲ့ကိုယ်တော့ ပါတယ်။ ဘာတွေ ငြီးတယ်ဆိုတာ ကျနော် နားမလည်ဘူး။ သူ ငြီးနေမှန်းတော့ သိတယ်။ သူ့ကို တစ်ခုခု ကူညီဘို့လည်း ပြောနေတယ်။ ကျနော်ကတော့ နားမရှင်းဘူး။ ညတိုင်းနီးပါး တစ်လလောက် လာတယ်။ အစကတော့ ကြောက်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

နောက် တည်ငြိမ်မှုရှိနေတဲ့ အခြေအနေမို့ ကြောက်စိတ်ကို ထိန်းနိုင်နေတယ်။ ကျနော်က လည်း အကြိမ်ကြိမ် ဖြစ်လာတော့ မကြောက်တော့ဘူး။ ကျနော့်စိတ်ထဲက သူ့ကို ပြောမိ တယ်။ မင်းကို ငါသနားတယ်။ မင်းပြောတာလည်း ငါ နားမလည်ဘူး၊ နားလည်ရင် လည်း ငါ တစ်ခုခု လုပ်ပေးဖို့ ဝန်မလေးဘူး၊ ဘာဘဲဖြစ်ဖြစ် ငါ လုပ်နေတဲ့ အလုပ်တွေက ရလာတဲ့အကျိုးရှိရင် မင်း ရစေချင်တယ်လို့ ညတိုင်းလို ပြောမိတယ်။ နောက်လေးငါးရက် လောက် ကြာတော့ သူပျောက်သွားတယ်"

"တခြား ဟာတွေကော ဗျာ"

"ကျနော် လေ့ကျင့်ချိန်တွေမှာ ဒီတဲရှေ့၊ အိပ်ဆောင်ရှေ့၊ ထောင်မှူးအိမ် လေ့ခါးထစ်၊ စားဖိုချောင်၊ လယ်ကွင်းစပ် နေရာအနှံ့မှာ လူသေမျက်နှာတွေနဲ့ ရုပ်ပြတာ တွေ အသနားခံတာတွေကတော့ အကြိမ်ပေါင်း မရေနိုင်တော့ပါဘူး။ ကြာတော့ ကျနော်လည်း ရိုးသွားတယ်။ ပျောက်သွားအောင်တော့ ထုံးစံအတိုင်း ရှိတာလေး မျှရတာပေါ့ဗျာ"

"ဖြစ်ပျက်ကို ရောက် ဘို့ တော်တော်လိုသေးလား ဗျ"

"အသူရကာယ်ဘုံဆိုတာ နားထောင်ပါအုံးဗျာ။ လိုအပ်လို့ ကျနော်ပြောတယ် ဆိုတာ ခင်ဗျားယုံပါ။ အမှန်တရားဖြစ်တယ်။ နာယူသူ အကျိုးရှိတယ် ဆိုတဲ့ အကြောင်း အရာမျိုးဟာ နာယူ သူက နားမထောင်ချင်ဘူး ဆိုရင်တောင် ပြောသင့်သေးတာပဲ။ ကျနော်လည်း ဒီစခန်းမှာ နောက်ထပ်ရှိရင် တပါတ်ပေါ့။ ဓာတ်လမ်းကို သိမ်းမှဖြစ်မယ်။

"အယူခံ နိုင်ပြီလားဗျ။ ဒါမှမဟုတ် ထောင်ပြန်မှာလားဗျာ"

"မမေးပါနဲ့ဗျာ။ သေချာတဲ့အဖြေကို ကျနော်မပေးနိုင်ဘူး။ ကျနော်ကိုယ်တိုင် လည်း မသိရိုးအမှန်။ သို့သော် သေချာတာက ကျနော် ဒီမှာ ဆက်မရှိနိုင်တော့ဘူး။ အခုတောင် အော်ဟစ်နေတဲ့အသံတွေ ကျနော့် စိတ်အာရုံမှာ ပေါ်လာနေတယ်။ တစ်နေ့လုံး တစ်ညလုံး အရုပ်ရှစ်မျက်နှာက အော်နေတဲ့ အသံတွေဗျာ။ ဘာတဲ့ ကြိုးတွေ ကို ဖြေလိုက်ကြ။ ချက်ချင်းလွှတ်လိုက်ကြ။ ခြေကျင်းတွေကို ဖြုတ်။ လက်ထိပ် တွေကို ဖြုတ်တဲ့"

"ကျနော်တောင် ကြောက်လာပြီဗျာ။ ကဲပါ အသူရကာယ်ဘုံ ဆိုတာ ပြောပါ တော့"

"အသူရကာယ်ဘုံကနေ လာဆက်သွယ်တာက ကျနော်နဲ့ ဆွေမျိုးမကင်းဘူးဗျ။ သူ့နာမည်က ဦးချစ်သိုင်းတဲ့။ ကျနော့်အမေနဲ့ သူ့မိန်းမက ညီအမ ဝမ်းကွဲ၊ ကျနော်က သူ့ကို ဦးချစ်သိုင်းလို့ပဲ ခေါ်တယ်။ သူ့က ကျနော့်ကို တော်တော်ချစ်ရှာတယ်။ ဒါကလည်း အကြောင်းရှိတယ်ဗျ။ ဦးချစ်သိုင်းတို့က မောင်နှမ နှစ်ယောက်တည်း ရှိတာတဲ့၊ သူ့အမကြီး နာမည်က မသက်ခိုင် တဲ့။ ဘာသာတရား အလွန်ကိုင်းရှိုင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com

မသက်ခိုင်ဟာ အပျိုကြီး ဘဝနဲ့ပဲ အသက်သုံးဆယ်ကျော် လောက်မှာ ဆုံးပါးသွားသတဲ့။ ကျနော်မွေးတဲ့ရွာ၊ ညောင်ပင်ကျောင်းဆိုတဲ့ ဘုန်းကြီးကျောင်းက အပြန် ကြပ်ကုန်းမှာ ကြပ် ခေါ်လို့ သေတာတဲ့"

"ဘာလဲဗျ။ ကြပ်ဆိုတာ"

"မြန်မာလူမျိုးတော်တော်များ ပြောကြတဲ့ နာနာဘာဝ တစ်မျိုးပါဗျာ။ တောထဲ တောင်ထဲမှာ အချင်းချင်း လူကွဲနေရင် နာမည်အော် မခေါ်ရဘူး။ ကြပ်ခေါ်လို့ထူးမိရင် သေတတ်တယ် ဘာညာဆိုတာ ခင်ဗျားကြားဘူးမှာပါ။ ကြပ်ကုန်းဆိုတာဗျာ၊ နာနာဘာဝတမျိုးဟာ လူသူကင်းတဲ့နေရာ တချို့မှာ စတည်းချလေ့ရှိသတဲ့။ အချိန်မတော် အဲဒီကြပ်ကုန်းကို ခရီးသွားတစ်ယောက် ရောက်သွားတဲ့အခါ ပွဲတွေလမ်းတွေ အငြိမ့် ဇာတ်ပွဲတွေလို ဖန်ဆင်းပြီး သွေးဆောင်တတ်သတဲ့၊ သူတို့သွေးဆောင်ရာ ပါသွားပြီး စည်းစိမ်တခွဲသားနဲ့ အိပ်ပျော်သွားကြရာက နောက်တနေ့မိုးလင်းလို့ ပတ်ဝန်းကျင်ကို ကြည့်မိတော့ ဘာမှမတွေ့ရပဲ လွင်တီးခေါင်လို နေရာမျိုးဖြစ်နေတတ်သတဲ့၊ နောက်တစ်မျိုးက သင်းခွေချပ်ဆိုတဲ့ သတ္တဝါဟာ တောထဲတောင်ထဲမှာ လူသံ သူသံကြားရင် အဲဒီအသံကို လိုက်ပြီး အော်တတ် ထူးတတ်တယ်ဆိုပဲ။ ဒါကြောင့် တောထဲတောင်ထဲမှာ အချင်းချင်းလူစုကွဲသွားရင် နာမည်တပ်ပြီး တကြော်ကြော် အော်ဟစ်မခေါ်ရဘူးတဲ့၊ အဲဒီသင်းခွေချပ်က တောနက်ရာကို ထူးသံပေးရင်း မျှားခေါ် သွားတတ်သတဲ့။ အဲဒီကြပ်တို့ သင်းခွေချပ်တို့ ဇာတ်လမ်းတွေထဲမှာ မသက်ခိုင် ဘယ်လို ဘယ်ပုံ သေတယ်ဆိုတာ ကျနော်လည်း အသေးစိတ် ပြောမပြတတ်ပါဘူးဗျာ၊ ခင်ဗျားလည်း အင်္ဂလန်မှာ မွေးတာမှ မဟုတ်တာ၊ ဒါတွေကြားဖူးမှာပါလေ"

"ဟုတ်ပါပြီ ဗျာ။ ဆက်ပါ။ အဲဒီ ဦးချစ်သိုင်း အမသေတာ ခင်ဗျားနဲ့ဘာဆိုင်လို့လဲ"

"ဆိုင်လို့ ပြောတာ ဗျ။ အဲဒီ ဦးချစ်သိုင်း အမ မသက်ခိုင် ဆိုတာ ကျနော်ပဲတဲ့"

"ဗျာ"

"မဗျာနဲ့။ ကျနော်ဟာ မသက်ခိုင် သေလို့ဝင်စားတာတဲ့။ ကျနော်ငယ်ငယ်တုန်း က မသက်ခိုင် သေခါနီး အဖြစ်အပျက်အားလုံးလိုလိုကို တစ်လုံးမကျန် ပြန်ပြောနိုင်တယ် ဆိုပဲ။ ဒါနဲ့ ကျနော့်ကို အရပ်ထဲမှာ လူကြီးသူမတွေက သက်ခိုင် သက်ခိုင်ဆိုပြီး ခေါ်ကြရာ က အမေပေးတဲ့ နာမည်ပျောက်ပြီး သက်ခိုင်အမည်ပေါက်နေတာပါပဲဗျာ။ အခုတော့ ဘာတစ်လုံးမှ သိလည်း မသိတော့ဘူး။ မှတ်လည်းမမှတ်မိ တော့ဘူး။ ယုံလည်း မယုံဘူး။

"ဒီဇာတ်လမ်းတွေ အတိုင်းဆို ခင်ဗျားအဖြစ်က ဘဝများစွာ သံသရာဆိုတာ မျိုး ဖြစ်နေပါပေါ့လား"



www.burmeseclassic.com

www.burmeseclassic.com

"သိပ်သေချာတာပေါ့ဗျာ။ စဉ်းစားစရာတွေ ချည်းပဲ။ ကျနော်ကလည်း လက်ဝဲစာတွေဖတ်။ ချေပွေဗားရားကို အားကျတဲ့ကောင်ဆိုတော့ ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေတော့တာပဲ။ ထားပါဗျာ။ ယုံဘို့လည်း ခင်ဗျားကို မတိုက်တွန်းဘူး။ မယုံပါနဲ့လို့လည်း မတားဘူး။ ကိုယ့်ဉာဏ်နဲ့ကိုယ်သာ စဉ်းစားပေတော့။ ဦးချစ်သိုင်းဟာ အသက်ငါးဆယ်ကျော်လောက်မှာ သွေးတိုးရောဂါကြောင့် အသက်ရှုကြပ်ပြီး ဆုံးတယ်။ ငါလည်း ဆယ့်ငါးနှစ်ကျော်ပြီ။ သူ မသေခင် ကျနော့်ကိုခေါ်ပေးပါ လို့ချည်းတောင်းဆို သွားသတဲ့။ ကျနော်က ခရီးထွက်နေတော့ မသွားနိုင်ဘူး။ ကျနော်လည်း မေ့မေ့ပျောက် ပျောက် ဖြစ်နေခဲ့တာပဲ။ ကျနော် လေ့ကျင့်ခန်းတွေ လုပ်လို့ အတော်ခရီးရောက်လာ တဲ့ တစ်နေ့။ တခုသော ညမှာပေါ့။ ဦးချစ်သိုင်း ကျနော့်ဆီကို ရောက်လာတယ်။ ထုံးစံအတိုင်း အိပ်လို့ပျော် သလိုလို မပျော်သလိုလို အချိန်ပဲ။ ငါ့တူကြီး။ ဦးလေးကို ကူညီပါအုံးတဲ့။ သူ့အသံကော၊ သူ့ရုပ်ကော၊ သူ ကျနော့်ကို ခေါ်နေကျ ငါ့တူကြီး ဆိုတာ ကော အားလုံးဟာ ဘယ်လိုမှ လူမမှားနိုင်ဘူးဗျ။ ဦးချစ်သိုင်းဆုံးတာ ဆယ့်ငါးနှစ် ကျော်ပြီမို့ စိတ်စွဲလန်းမှု ဖြစ်စရာလည်း အကြောင်းမရှိဘူးဗျာ။ သူက ကျနော့်ကို ကူညီပါအုံး ချည်းထပ်တလဲလဲ ပြောပြီး သုံးညလောက်ဆက်တိုက်လာနေတယ်။ ကျနော်လည်း မနက်မိုးလင်းတိုင်း ငါစိတ်က ဦးချစ်သိုင်းကို ဘာစိတ်စွဲနေသလဲ စဉ်းစားတယ်။ သေချာတယ်။ ကျနော်ဟာ ကျနော့်ဘဝကိုတောင် မေ့နေတဲ့အချိန်။

နောက်တစ်ခေါက်မှာတော့ ကျနော်က ဦးလေးရယ် ကျနော်ဘာကို ကူညီ နိုင်သလဲမေးတော့ ငါ အသူရကာယ်ဘုံ ရောက်နေတယ်တဲ့။ အဲဒီလို ပြောပြီးသူ ပျောက် သွားတယ်။ အဲဒီညက အိပ်မက်ထဲမှာ ကျနော်ဟာ အသူရကာယ်ဘုံကို ရောက်ခဲ့တာပဲ။

သွားတာက ကျနော်တစ်ယောက်တည်းဗျ။ ရပ်ကွက်တစ်ခု လိုလို ရွာတစ်ရွာ လိုလိုနဲ့။ အဲဒီကို မရောက်ခင် ဘုန်းကြီးကျောင်းနဲ့ ဆင်ဆင် အဆောက်အဦး တစ်ခုလည်း တွေ့ရတယ်။ ကျောင်းဘေးမှာ ချောင်းသေးသေးတစ်ခု ရှိတယ်။ အဲဒီချောင်းကို ကျနော် ဘယ်လို ကူးသွားမိသလဲ မမှတ်မိတော့ဘူး။ လူတွေ စုစု စုစု နဲ့ဘာလုပ်နေမှန်း မသိတဲ့ အုပ်စုဘေးမှာ ကျနော်ရောက်နေတယ်။ အဲဒီ သူတွေက ကျနော့်ကို မြင်ပုံမရဘူး။ အဲဒီအုပ်စုကို ဘေးကနေဝိုင်းကြည့်နေတဲ့လူတွေထဲမှာ ဦးချစ်သိုင်းလည်း ပါနေတယ်ဗျ။ သူတို့ဘာလုပ်နေမှန်းမသိဘူး။ ပျော်စရာတစ်ခုကို တရုန်းရုန်း လုပ်နေကြတာ။ ဘာလုပ်နေ မှန်း ကျနော်မသိတာက လူတွေကို လျှောက်ကြည့်နေမိလို့ဗျ။ လား၊ လား၊ အဲဒီ လူအုပ်ထဲမှာ ကျနော် သိတဲ့သူတွေ ပါနေတယ်ဗျာ။ ကျနော်ငယ်ငယ်က နေခဲ့တဲ့ရပ်ကွက် ထဲမှာ သိကျွမ်းနေတဲ့လူတွေဗျ။ ကိုမြဟန်၊ ကိုထွန်းအောင်၊ ကိုတိုး၊ ကိုစံမြင့် သူတို့အားလုံး ကျနော့်ထက် အသက် နှစ်ဆယ်လောက် ကြီးကြတယ်။ သူတို့လည်း ဆုံးကုန်ကြတာ ကြာပြီ။ ကျနော်သိတာ သေချာတာပေါ့။ ကိုမြဟန်က



www.burmeseclassic.com

www.burmeseclassic.com

သူ့အရင်ဆုံးသွားတဲ့ ကိုစံမြင့်မိန်းမကို ထပ်ယူထားတာတောင် ကျနော်မှတ်မိနေတယ်။ အဲဒီသူ အားလုံးဟာ ကျနော်သိသလောက် ဘာအလုပ်မှ မယ်မယ်ရရမလုပ်ပဲ ကြက်ဝိုင်းဖဲဝိုင်းမှာ အချိန်ကုန်ခဲ့ကြတဲ့ သူတွေချည်းပဲ ဗျ။ အဲဒီနေရာမှာ ကျနော်စဉ်းစားမိတာက ဒီလူတွေဟာ သေပြီးသား လူတွေဖြစ်လျက်နဲ့ ဒီမှာလာပြီး ဘာအကြောင်းနဲ့ တရုန်းရုန်း လုပ်နေကြ သလဲပေါ့။ ကျနော့်စဉ်းစားခန်း မဆုံးခင် ဘယ်ကဘယ်လို အိပ်ရာထဲ ပြန်ရောက်ခဲ့သလဲ မသိတော့ပါဘူး။ နောက်တစ်နေ့ည လေ့ကျင့်ခန်း မဆင်းခင်မှာတော့ ကျနော်ဟာ ဦးလေးချစ်သိုင်း ခင်ဗျာ။ ကျနော် အခု လေ့ကျင့်ခန်း လုပ်နေပါတယ်။ အဲဒီအတွက် အကျိုးဖြစ်ထွန်းတယ်။ ဦးလေးအတွက် အကျိုးရှိမယ်ဆိုရင် အားလုံးကို ကျနော် ဝေမျှပေးပါတယ်။ ဦးလေး လိုသလိုသာသုံးပါ။ လိုတာရှိလည်း ထပ်ပြောပါ၊ ပေါ့ဗျာ"

"ခင်ဗျားက ဘုန်းကြီးတွေကို သင်္ကန်းကပ်တာတို့ဘာတို့၊ ခင်ဗျား ဇနီးကို မလုပ် ခိုင်းဘူးလားဗျ။ ဒါမျိုးလုပ်ရတယ်လို့ကြားဘူးတယ်"

"ကျနော့်ကို ရှူးနေတယ်၊ ကြောင်နေတယ် ထင်မှာစိုးလို့ဗျ။ ဦးချစ်သိုင်းက အသူရကာယ်ဘုံမှာ နေတာပဲဗျာ။ ကျနော့်ဆီလာကတည်း ကျနော်လုပ်ပေးနိုင်တာရှိလို့ နေမှာပေါ့။ ကျနော် သုံးလေးညလောက် အမျှဝေခြမ်းရေးလုပ်ပြီးတဲ့အခါ ဦးချစ်သိုင်း တစ်ယောက် ဝတ်ကောင်းစားလှတွေ ဝတ်ပြီး ကျနော့်အာရုံထဲမှာ ရှုံးစမိုးနဲ့ ပေါ်လာပါ လေရောဗျာ။ အဝတ်အစားဒီဇိုင်းကိုတော့ ကျနော် သေချာမှတ်မထားလိုက်မိဘူး။ သူတော်တော် အူမြူးနေတာတော့ သေချာတယ်။ ငါ့တူကြီး ကျေးဇူးတင်တယ်ကွာ။ ငါ အဆင်ပြေသွားပြီကွတဲ့။ သုံးလေးခွန်း တော့ကီပေးပြီး ပျောက်သွားတော့တာပဲ။ နောက်တစ်ခါလည်း ပေါ်မလာတော့ဘူး။

ကဲ ဘုတ်ဆင်းတန်းစီတဲ့ဆီ သွားလိုက်ကြရအောင်ဗျာ။ ဒါနဲ့စကားမစပ် ကျနော် ရသမျှ အကျိုးတရားကို ခင်ဗျားကိုရော။ ကျန်တဲ့ အကျဉ်းသားတွေ အားလုံးကိုရော ကျနော်ဝေသဗျာ။ ဦးလေး ဦးချစ်သိုင်းကို ဝေသလိုပေါ့။ ရမှာပါ။ ကျနော် သိနေသလို ပဲဗျာ။ ဒါပေမဲ့ နည်းနည်းတော့ စောင့်လိုက်ပါအုံး။ တန်းစီသလို သဘောထားပေါ့။"

ပြောပြောဆိုဆို ကိုသက်ခိုင်တစ်ယောက် ရဲဘက်များဘုတ်ဆင်းရန် ငုတ်တုတ်ထိုင် တန်းစီနေသည့် အိပ်ဆောင်ရှေ့ဆီသို့ လျှောက်သွားလေရာ ကျနော်လည်း သူ့နောက်မှ စိုက်စိုက် စိုက်စိုက်နှင့် လိုက်ပါသွားရပြန်ပါသည်။ အိပ်ဆောင်ရှေ့တွင် ဘုတ်ဆင်းရန် ရဲဘက်တို့ အသင့်ဖြစ်နေသော်ငြား ထောင်မှူးကား ရောက်မလာသေး။ ငုတ်တုတ်တန်းစီနေကြသော ရဲဘက်များ၏နောက်တွင် ကိုသက်ခိုင် တစ်ယောက် လဲမှို့ပင်ကိုမှီကာ မတ်တတ်ရပ်လျက်ရှိ၏။ ဆယ်မိနစ်ခန့်ကြာမှ ထောင်မှူး ဦးအေးနိုင် ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

ထုံးစံအတိုင်း ဘုတ်အသီးသီးကို တာဝန်ခွဲသည်။ ဆေးနားတောင်းသူကို ဘုတ်ကိုင်ထောက်ခံချက်ဖြင့် ပေးသူကိုပေး၊ ပယ်သူကိုပယ်နေသည်။ ဤကိစ္စသည်လည်း ရှင်းရှင်းလင်းလင်းမရှိလှ။ အချို့ အမှန်တကယ် မမာမကျန်းဖြစ်နေသူတို့ အနားမရ လင့်ကစား လိုင်းကြေးမှန်သူတချို့ ဒေါင်ဒေါင်မြည်နေပါလျက် နားခွင့်ရတတ်၏။

"ကိုသက်ခိုင် ဘာပြောချင်တာရှိလဲ"

ထောင်မှူးက ကိုသက်ခိုင်ရပ်နေရာ လဲမှို့ပင်ဆီသို့ မျက်စိကစားရင်း နံနက်တိုင်း မေးနေကျအတိုင်း လှမ်းမေးလိုက်သည်။ ကိုသက်ခိုင်က ပုံမှန်လေသံဖြင့်

"မရှိပါဘူးဆရာ"ဟု ပြန်လည်ဖြေကြားသည်၌ ဘုတ်ဆင်းအခမ်းအနား ပြီးဆုံးလေသည်။

နှစ်ဦးသား တဲဆီသို့ ပြန်လျှောက်လာကြရင်း ကျနော်က ကိုသက်ခိုင်ကို စကားစလိုက်မိပြန်သည်။

"ကိုသက်ခိုင် ခင်ဗျားသတိထားမိလား၊ နိုင်ဝင်းတို့တင်သမျှ ဆေးနားတွေ တစ်ယောက်မှ အပယ်မခံရတာ"

"သတိထားမိပါတယ်၊ နေရာတကာမှာ ဝင်ပါလို့မသင့်ဘူး ထင်တယ်ဗျာ၊ သတ္တဝါတစ်ခု ကံတစ်ခုလို့သာ သဘောပိုက်ရတော့တာပဲ"

"ဒါနဲ့ တရားရှာတဲ့နေရာမှာလည်း စောစောက ဘုတ်ဆင်းလူရွေးသလို ရွေးတတ်သေးလားဗျာ"

"ကြဲကြဲဖန်ဖန် ဆွဲတွေးတတ်ပါပေရဲ့ဗျာ၊ ရှိတာပေါ့ဗျ၊ တရားရနိုင်မရနိုင်ဆိုတာ ကို တိတိကျကျ ကြိုတင်သတ်မှတ်ချက်ရှိတယ်၊ ဒါကို ကျမ်းဂန်တွေမှာ အတိအကျ ဖော်ပြထားတယ်"

"အော် ၊ ဒါဆို ကျနော်က တရားတွေ့မဲ့သူ ဟုတ်မဟုတ် ဘယ်လိုသိမှာတုန်းဗျ၊ ကျမ်းတွေတော့ မဖတ်ခိုင်းပါနဲ့အုံးဗျာ၊ တစ်မနက်တလေ ပေါ့ပေါ့ပါးပါးနေရအောင်၊ ဘဲ ခင်ဗျားနားလည်သလို ရှင်းပြရင်တော့ နားထောင်ချင်ပါရဲ့"

"အရေးထဲ ကျမ်းကြောက်တဲ့သူနဲ့ လာဆုံနေပြန်ပါပြီ၊ ကဲပါလေ၊ ကျမ်းရော ကိုယ်တိုင်ဆင်ခြင်ချက်ပါ နှစ်ခုစလုံး ခြုံငုံမိအောင် ကြိုးစားရှင်းပါ့မယ်၊ ပြည့်စုံအောင် တော့ နောင်စာတွေမှာ ရှာဖတ်ပေါ့"

"ခင်ဗျား နားလည်သလိုသာ ပြောစမ်းပါဗျာ၊ အဲဒါက ပိုရှင်းမယ်ထင်ပါတယ်"

"တရားရနိုင်တဲ့သူဟာ အချက်ငါးချက်နဲ့ ပြည့်ရမယ်တဲ့ဗျ၊ အဲဒါတွေက ထက်သန်တဲ့သဒ္ဓါတရား၊ ကျန်းမာခြင်း၊ နှလုံးဖြောင့်စင်း မာယာကင်းခြင်း၊ ထက်သော ဝီရိယရှိခြင်း၊ ဥဒယဗ္ဗယဉာဏ်ကို အတတ်သိခြင်း တဲ့ဗျာ၊ တရားမရနိုင်တဲ့ အင်္ဂါငါးရပ် ကတော့ ပဉ္စာနန္တရိယကံကြီးထိုက်ခြင်း၊ မိစ္ဆာဒိဋ္ဌိ အယူရှိခြင်း၊ ဒွိဟိတ် အဟိတ်ဖြစ်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com
အရိယာပုဂ္ဂိုလ်ကို ပြစ်မှားခြင်း၊ အာဏာတော်ကို လွန်ကျူးခြင်းတဲ့ဗျာ"

"ခင်ဗျား ရိုးရိုးရှင်းပြတာတောင် တော်တော် ရှုပ်နေပါပေါ့လား၊ ကဲပါလေ၊ ကျနော် မသိလို့မေးပါရစေ၊ ကျနော်လည်း တခြားထွေထွေထူးထူး လိုအပ်ချက်တော့ မရှိလှပါဘူး၊ အမိအဘကို သတ်တဲ့ ပဥ္စာနန္တရိယကံလည်း ကင်းပါတယ်၊ ဗုဒ္ဓဘာသာမှ အခြားအယူလည်း မရှိပါဘူး၊ ဘယ်အရိယာပုဂ္ဂိုလ်ကိုမှလည်း မပြစ်မှားဖူးပါဘူး၊ ဘုရားဟောကို လွန်ကျူးချေဖျက်မိတာလည်း မရှိလေတော့ တော်တော်စုံပြီ ပြောရမယ်၊ ခက်တာက ဒွိဟိတ်အဟိတ် ဖြစ်မဖြစ်၊ ကျနော်က ဒွိဟိတ်လား၊ တိဟိတ်လား၊ ဘယ်လိုသိမတုန်းဗျာ"

"ဒီတစ်ခါ ခင်ဗျားမေးတဲ့ကိစ္စက တော်တော်ရှုပ်တယ်ဆိုရမယ်၊ ဘာဘဲဖြစ်ဖြစ် တိဟိတ်၊ ဒွိဟိတ်ဆိုတဲ့ သဘောကို ကျနော်နားလည်သလို ကြိုးစားရှင်းပါ့မယ်၊ ဗုဒ္ဓဝါဒအလိုအရ ကျနော်တို့ဟာ ဘဝများစွာ သံသရာမှာ ကျင်လည်ခဲ့ကြသတဲ့ဗျ၊ ဘဝတစ်ခုနဲ့တစ်ခု ကူးပြောင်းတဲ့အခါ ဇာတိစိတ်၊ ပဋိသန္ဓေစိတ်တို့ဆိုတာလည်း ပါလာတတ်ကြသတဲ့၊ အဲဒီထဲက စိတ်အရင်းအမြစ်သုံးခုဟာ အလောဘ၊ အဒေါသ၊ အမောဟတွေပဲတဲ့၊ အဲဒီသုံးခုမှာ ပြင်းထန်လွန်းတဲ့ အကုသိုလ်အရှိန်တစ်ခုခုကြောင့် အမောဟ ဆိုတဲ့အရင်းအမြစ်တစ်ခုဟာ ချို့ယွင်းချက်နဲ့ လူဖြစ်လာတတ်သတဲ့၊ အဲဒီသူဟာ ဒွိဟိတ် ပဲတဲ့ဗျာ၊ စိတ်ရင်းမြစ်သုံးခုလုံး ချို့ယွင်းချက်မရှိပဲ မွေးလာသူ တိဟိတ်ပုဂ္ဂိုလ်ဟာ ပုံမှန်အတိုင်း အလောဘ၊ အဒေါသ၊ အမောဟ ဆိုတဲ့ စိတ်ခံစားမှုအားလုံး ပုံမှန်ဖြစ်ပေါ်၊ ခံစားတုန့်ပြန်နိုင်ပေမဲ့ အမောဟရင်းမြစ်မှာ ချို့ယွင်းချက်ပါလာသူဟာ ပုံမှန်ခံစားနားလည်မှု မရှိတဲ့အတွက် ဒွိဟိတ်လို့ ဆိုသတဲ့၊ အနီးကပ်ဆုံးပြောရရင် သူတစ်ပါးအသတ်ခံရလို့ ဘဝကူးပြောင်းရမဲ့ဆဲဆဲ သူဟာ အကြောက်လွန်ပြီး ခံစားချက်မဲ့သွားတယ်၊ အဲဒီစိတ်အစဉ်ရဲ့သတ္တိဟာ ဒီဖက်ဘဝမှာ ပါလာတယ်၊ ကျနော်နားလည်သလို နမူနာပေးရရင် ခင်ဗျားတို့၊ ကျနော်တို့ လူဖြစ်လာတဲ့အခါ အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ စိတ်ရင်း မြစ်သုံးခုဟာ ဘာစာ၊ ဘာအရုပ်မှ မရေးရသေးတဲ့ စာရွက်အဖြူ အလွတ်သုံးခုအဖြစ် ပါလာမှ တိဟိတ်ဖြစ်တယ်၊ အမောဟဆိုတဲ့ စာရွက်မှာ အမဲစွန်းလျက် ပါလာခဲ့ရင် ဒီဘဝမှာ အဲဒီစာရွက်ပေါ်ကို ထူးခြားပြောင်မြောက်တဲ့ အရုပ်တွေစာတွေ ရေးလို့မရဘူး ဆိုပါတော့ဗျာ"

"အင်း အဲသလိုဆိုရင်ဖြင့် ကျနော်ကိုယ်တိုင် ကျနော်ဟာ တိဟိတ်ဒွိဟိတ်ဆိုတာ မခွဲခြားနိုင်တာမို့ အားမထုတ်ပဲနေလိုက်တာ ကောင်းမယ်ထင်ပါရဲ့"

"ဒါဆို ခင်ဗျား လူဖြစ်ရကျိုးမနပ်ဘူး ဖြစ်တော့မှာပေါ့၊ နက်နဲလှတဲ့ ဘဝပုစ္ဆာကို မရှာမဖွေပဲ ဘဝတစ်ခု ကုန်ဆုံးသွားတာသာ အဖတ်တင်တော့မပေါ့၊ ဒါကြောင့် သေက္ခတောင်ဆရာတော် ဦးတိလောကရဲ့ ပဏ္ဍိတဝေဒနီယကျမ်းမှာ တိဟိတ်ဒွိဟိတ်



www.burmeseclassic.com

www.burmeseclassic.com

ဝိစ္စကိတ်၊ ဘေးချိတ်ထားပါဘိ။ ကိုယ်တိုင်သိရန် ကိုယ်တိုင်ကြံ၊ သည်းခံကြိုးစားကြည့်။ ပဋိဘာဂါ သမထာ၊ ထင်လာ တိဟိတ်သိ။ ဥဒယဗ္ဗယာ ဝိပဿနာ၊ ထင်လာ တိဟိတ်သိလို့ သတိပေးထားဘူးတယ်ဗျာ၊ ဒီတော့ ခင်ဗျားဟာ တိဟိတ်လား၊ ဒွိဟိတ်လား သိချင်ရင် သမထဝိပဿနာ တစ်ခုခုကို လက်တွေ့လုပ်ကြည့်ရမယ်။ သမထပွားများကြည့်လို့ ပဋိဘာဂနိမိတ်ထင်လာရင် ခင်ဗျားဟာ တိဟိတ်ပဲ၊ ဝိပဿနာပွားကြည့်လို့ ဥဒယဗ္ဗယဉာဏ်(ဖြစ်ပျက်မြင်သည့်ဉာဏ်) ရရင်လည်း ခင်ဗျားဟာ တိဟိတ်ပဲပေါ့ဗျာ"

"ဒါဆို ပဋိဘာဂနိမိတ်တို့ ဥဒယဗ္ဗယတို့ ဆိုတာကကောဗျာ"

"ခင်ဗျားနဲ့တော့ ခက်နေပါပြီ၊ ရှေ့စကားဆက်နေတုန်း နောက်စကားမေ့နေပါပေါ့လား၊ သမထထိုင်တဲ့အခါ သမာဓိရင့်လာတာနဲ့အမျှ ၃၁–ဘုံမှာရှိတဲ့ အပွင့်အမျိုးမျိုး၊ အပင်အမျိုးမျိုး၊ အရောင်အမျိုးမျိုး အဆောက်အဦအမျိုးမျိုး၊ တောင်တောင်ရေမြေ သမုဒ္ဒရာ၊ ဂူကျောင်းဘုရား၊ နေလနက္ခတ်စတဲ့ ဘာညာဘာညာတွေ မြင်ရတတ်တယ် ဆိုတာ ခင်ဗျားဖတ်ခဲ့ပြီးပြီလေဗျာ။ အဲဒါ ပဋိဘာဂနိမိတ်ပေါ့။ ပဋိဘာဂ ဆိုတာ မြန်မာလို အတူ(သို့မဟုတ်) အတုဆိုတဲ့ အဓိပ္ပါယ်ထွက်သတဲ့ဗျာ။ ဥဒယဗ္ဗယ ဆိုတာ အခုကျနော် ခင်ဗျားကို အချိန်အကြာကြီးယူပြီး ရှင်းပြနေတဲ့ ဖြစ်ပျက်ဆိုတာပါပဲ၊ ဒါလည်း ဇာတ်လမ်းဆုံးတဲ့အခါ နားရှည်လည်လာပါလိမ့်မယ်ဗျာ"

"အေးဗျာ အခွင့်သင့်ရင်တော့ ခင်ဗျားကိုအားကျပြီး တရားလေးဘာလေး ထိုင်စမ်းချင်ပါဘိ"

"ကလေးတွေပြောသလို သေပြီဆရာလို့တောင် ငြီးရတော့မလိုပါလား၊ ခင်ဗျားက တရားရှာတဲ့ အလုပ်ကို အယားပြေ သန်းရှာသလို လုပ်မယ်ဆိုရင်တော့ မလုပ်တာက ပိုကောင်းပါလိမ့်မယ်"

"ကဲပါဗျာ၊ ကျနော်လည်း ဘာသာရေးနဲ့ မကင်းကွာလှပါဘူး၊ ရွှေတောင်မြို့ ကျိုးသဲလေးထပ် ဆရာတော်ဘုရားကြီးရဲ့ ဇိနတ္ထပကာသနီလောက်တော့ ဖတ်ဖူးပါတယ်"

"အော် တယ်ဟုတ်ပါလား၊ ဒါဖြင့်ရင် မေးပါရစေအုံး၊ ဇိနတ္ထပကာသနီဆိုတာ ဘာတဲ့တုန်းဗျ"

"စာအုပ်နံမည်လေ"

"ကောင်းကြရောပေါ့ဗျာ၊ ကျနော်မေးနေတာက ဇိနတ္ထပကာသနီဆိုတဲ့ စာလုံးတစ်လုံးချင်းရဲ့ အဓိပ္ပါယ်ကို မေးနေတာဗျ"

"အမှန်အတိုင်း ပြောရရင် အဲသလောက် စေ့စေ့စပ်စပ်တော့ မမှတ်မိတော့ဘူးဗျာ၊ လုပ်ပါအုံး၊ ဘာ အဓိပ္ပါယ်လဲဗျ"

"ဇိနတ္ထပကာသနီဆိုတာ ပုဒ်အနေနဲ့ ခွဲမယ်ဆိုရင် ဇိန+အတ္ထ+ပကာသနီ ဆိုပြီး သုံးပုဒ်ရှိတယ်ဗျ၊ ဇိန ဆိုတာ အောင်နိုင်သူ၊ အတ္ထ ဆိုတာက အကြောင်းအရာ၊



www.burmeseclassic.com

www.burmeseclassic.com
ပကာသနီဆိုတာက ထင်ရှားအောင်ပြဆို ခြင်း၊ အားလုံးပေါင်းလိုက်ရင် အောင်နိုင်သူ၏ အကြောင်းအရာကို ထင်ရှားအောင်ပြဆိုသောကျမ်း ပေါ့ဗျာ"

"တယ်လည်းတိကျပါလားဗျာ၊ ဒါဆို စာရေးဆရာကြီး မောင်သာရရဲ့ မျိုးမမ ပကာသနီ ဆိုတာ မျိုးမမ ဆိုတဲ့ မိန်းမတစ်ယောက်အကြောင်း ထင်ရှားအောင် ဖော်ပြတဲ့ စာအုပ်ပေါ့"

"ဒါဆို ခင်ဗျားရဲ့ အသိဉာဏ်ဟာ လက်တွေ့ဘဝထဲကို ရောက်စပြုလာပြီ ဆိုရမယ်၊ အမှန်တော့ လူအတော်များများရဲ့ အသိဉာဏ်ဟာ လက်တွေ့ဘဝထဲကို ရောက်မလာတာ များတယ်ဗျ၊ ဆိုပါတော့၊ ကျနော်က ခင်ဗျားကို ကကြီးခခွေးရသလားလို့ မေးရင် ခင်ဗျား ဘယ်လိုဖြေမတုန်း"

"ဒါတော့ ခင်ဗျား ကျနော့်ကို နှိမ်တာပဲ၊ ကကြီးခခွေးတော့ သုံးနှစ်ကလေးက အစ ရတာပဲဗျာ"

"ရော၊ ကျနော်ကလည်း သုံးနှစ်ကလေးသိတဲ့ ကကြီးခခွေးအကြောင်း ခင်ဗျားလို သေခါနီးကို ဘယ်မေးပါ့မလဲဗျာ၊ ကဲပါ၊ ကကြီးပြီးရင် ဘာလာတုန်းဗျ"

"ခခွေးပေါ့ဗျာ"

"ဟုတ်ပါပြီ၊ ခင်ဗျားအဖြေဟာ သုံးနှစ်သားဖြေတဲ့အဖြေပဲ၊ အဘိဓာန်တွေမှာ ကကြီးပြီးရင် ကကြီးတွေပဲ ထပ်ခါထပ်ခါ လာတယ်ဆိုရင် ခင်ဗျား ငြင်းနိုင်မလား၊ အဲဒီအဘိဓာန်မှာ ကကြီးပြီးပြီ ဆိုအုံးတော့ "ကာ"နဲ့စတဲ့ စာလုံးတွေလာတာသိလား၊ အဘိဓာန်တစ်ခုခုမှာ ကကြီးအက္ခရာနဲ့စာလုံးတွေ ကုန်သော်ငြား နေ့စဉ် အသစ်ဖန်တီး သုံးစွဲနေတဲ့၊ ပေါ်ပေါက်နေတဲ့ ဒေသန္တရ၊ ဘာသန္တရ၊ ဗန်းစကားတွေဟာ ပါမလာ တတ်သေးဘူး၊ ဒီတော့ ကကြီးဇာတ်လမ်းဟာ မပြီးဆုံးသေးဘူး ဆိုရမယ်၊ ဒီတော့ ကကြီးပြီးဆုံးတယ်ဆိုတာ ဘယ်တော့မှ ရှိမှာမဟုတ်ဘူးဗျ၊ တကယ်တော့ဗျာ ကျနော်တို့ ခင်ဗျားတို့ အားလုံးလိုလို မူလတန်းမှာ သင်ခဲ့ရတဲ့ ဖတ်စာတွေတောင် ကျနော်တို့ ကျမ်းမ ကြေခဲ့ကြပါဘူး၊ သူငယ်တန်းဖတ်စာအုပ် တစ်အုပ် စီစဉ်ထားပုံကို သေချာလေ့လာ ကြည့်ဗျာ၊ ပထမဆုံး က ကညစ် ပေမှာခြစ် ဆိုတာမျိုးနဲ့ အသံသာပြီး မှတ်ရလွယ်တဲ့ နည်းနဲ့ ကလေးတွေ စိတ်ဝင်စားအောင် အစပျိုးတယ်၊ နောက်မှ ကကြီးခခွေး ဆိုတတ်အောင် တစ်ဆင့်တက်တယ်၊ နောက်တော့ သရတွေနဲ့ပေါင်းစပ်ပြီး အသံဖြစ်တာ၊ စာလုံးတစ်ခုနဲ့ ပေါင်းစပ်တဲ့အခါ အသံဖြစ်တာ အဲဒီအသံ ဖြစ်လာတာကို အဓိပ္ပါယ်နဲ့ တွဲမိအောင် ကဗျာ၊ လင်္ကာအတိုလေးတွေနဲ့ ချိတ်ဆက်မျှားခေါ်ထားတာကို သေချာသတိပြုရင် တွေ့နိုင်ပါတယ်"

"ခင်ဗျားတော်တော် အတွေးနက်တဲ့သူပဲဗျာ"

"ပြောလက်စနဲ့ ဆက်လိုက်ပါရစေအုံး၊ ကျနော်တို့ဟာ ဘယ်တုန်းကမှ


www.burmeseclassic.com

www.burmeseclassic.com

တယ်သင်ခန်းစာကိုမှ ကြေညက်အောင် မလေ့လာခဲ့ကြပါဘူး၊ မူလတန်းဖတ်စာတွေမှာ သင်ခဲ့ရတဲ့ဖတ်စာ တော်တော် များများဟာ နိုင်ငံကျော်၊ ကမ္ဘာကျော် ပညာရှိကြီးတွေရဲ့ အတွေးအခေါ်တွေထဲက ထုတ်နှုတ်ပြီး ကလေးတွေလက်လှမ်းမီအောင် စီစဉ်ပေးထား တာဗျ၊ ကျနော်တို့ဟာ မူလတန်းကျော်တာနဲ့ အဲဒီဖတ်စာအုပ်ထဲက အကြောင်းအရာတွေကို မေ့မေ့ပျောက်ပျောက် ချန်ထားရစ်ခဲ့ကြတာပါပဲ၊ ဥပမာဆိုပါတော့ စနေနေ့မှာ ဘုရားကျောင်း အရောက်သွားရမဲ့ အဇန်တီဆိုတဲ့ ပညာရှိဟာ သူ့မြည်းက သိပ်နှေးနေတာကြောင့် သောကြာနေ့ကတည်းက အိမ်ကနေ စထွက်တာတို့၊ သရက်ပင်တွေကို အသက်ရှစ်ဆယ်ကျော် အဘိုးအိုက စိုက်နေတာကို မင်းသားက မြင်တော့ ကိုယ်တိုင်ခံစားရမှာ မဟုတ်ပဲ ဘာကြောင့် အကျိုးမဲ့အလုပ်ကို လုပ်နေသလဲ ဆိုပြီး အမေးအဖြေလုပ်ကြတဲ့ သရက်ပင်နဲ့ အဘိုးအို၊ မပုကြွယ်နဲ့ ခရုငယ်၊ ဘုရားလောင်း အာဇာနည် မျောက်မင်း တာတွေကို ခင်ဗျားကော ကျနော်ပါ ဖတ်ဖူးခဲ့ကြတာပဲ၊ အဲဒီ သင်္ခန်းစာတွေကို ခင်ဗျား တယ်နှစ်ကြိမ် ရှေ့ဆက်တွေးဖူးသလဲဗျာ၊ ဘဝအတွက် အကျိုးရှိအောင် ဆက်စပ်ပြီး တယ်နှစ်ကြိမ် အသုံးပြုဖူးသလဲဗျာ၊

ဥပမာဆိုပါတော့ ဘုရားလောင်းအာဇာနည်မျောက်မင်း ဇာတ်လမ်းမှာ ခေါင်းဆောင်ဖြစ်သူဟာ သရက်ပင်တည်ရှိရာအရပ်နဲ့ နောက်ဆက်တွဲဖြစ်ရပ်ကို အစောကြီးကတည်းက တွက်ဆမိတယ်၊ ဒါကြောင့် မြစ်ဖက်ကိုကျနေတဲ့ အကိုင်းက အသီးတွေအပွင့်တွေကို အလှည့်ကျအစောင့်တပ်ဖွဲ့ချပြီး ခြွေခိုင်းတယ်၊ ခက်တာက အချိန်ရှိသရွေ့ ဆော့နေတဲ့ မျောက်ဆိုတဲ့ သတ္တဝါတွေကို ဘာကြောင့် ခြွေခိုင်းရတယ်ဆိုတာ အသေးစိတ်ရှင်းပြဖို့လည်း မဖြစ်နိုင်ပြန်ဘူး၊ ဒီမှာတင် ခေါင်းဆောင်ကို အမြဲ ရန်ရှာနေတဲ့ ဒေဝဒတ်အလောင်းက တစခန်းထလာမယ်၊ ဒီကောင်ကြီးလုပ်နေတာ အပိုအလုပ်တွေ ကွ၊ မင်းတို့ အပင်ပန်းခံပြီး ခြွေနေစရာမလိုဘူး၊ လွတ်လွတ်လပ်လပ် ပျော်ပျော်သာ နေကြပေတော့လို့ သွေးထိုးလိုက်တော့ နောက်ဆုံး သရက်ပင်ကို ဘုရင့်တပ်က မြှားပစ်တပ်ဖွဲ့နဲ့ လာဝိုင်းပြီး မျောက်တွေကို အသေပစ်တဲ့ ဘဝရောက်ရတာပဲ၊ ဒီအခြေအနေရောက်ပြန်တော့ ခေါင်းဆောင်ဟာ ခေါင်းဆောင်ကောင်းစိတ်ဓာတ် ရှိသူမို့ ငါပြောတာတာကို နားမထောင်တဲ့ကောင်တွေ ကာလနာတိုက်ကြပေတော့လို့ ပစ်မထားနိုင်ပြန်ဘူး။ ကျန်တာတော့ ခင်ဗျားဖာသာ ဆက်တွေးပေတော့ဗျာ၊ အဲသလို မူလတန်းဖတ်စာတစ်ခုကို သဘာဝကျကျ ခင်ဗျားဆက်တွေးမိဖူးသလား၊ မတွေးမိဘူး။ ဒီတော့ ခင်ဗျား ဇိနတ္ထပကာသနီ ဖတ်ဖူးရုံနဲ့ ဘာသာတရားဟာ ခင်ဗျားဘဝထဲကို ရောက်နေပြီလို့ မဆိုနိုင်သေးဘူး ဆိုရမယ်”

“ဒီလိုဆိုရင်ဖြင့် ခင်ဗျားကကော ဘာသာတရားကို ခင်ဗျားဘဝထဲရောက်အောင် ဘယ်လိုလေ့လာ ဆင်ခြင်ထားသလဲဗျာ”



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပြီ ခင်ဗျား မေးခွန်းကို ကျနော်ဖြေပါ့မယ်၊ လူတွေရဲ့ နေ့စဉ်ဘဝထဲမှာ အကျိုးမပြုနိုင်သမျှ ဘာသာတရားမမည်ဘူးလို့ ကျနော်လေးစားတဲ့ ဘုန်းတော်ကြီး တစ်ပါး မိန့်ဖူးတယ်၊ ဗုဒ္ဓဘာသာမှာ ကျနော် အနှစ်ခြိုက်ဆုံးအချက်က ဝေဖန်စောကြော ခွင့် ရှိခြင်းပဲဗျ။ ငါပြောတဲ့အတိုင်းလုပ် ငါပြောတာအမှန် မင်းလျှာရှည်စရာ မလိုဘူးဆိုတဲ့ ဘာသာတရားမျိုးကို ကျနော်လက်မခံချင်ဘူး၊ ဗုဒ္ဓဝင် ဆိုပါတော့၊ ကျနော်နားလည် လက်ခံထားတဲ့ ဗုဒ္ဓရဲ့ဇာတ်ကြောင်း ခင်ဗျားကို ပြောပြရအုံးမယ်၊ ကပ္ပိလဆိုတဲ့ တိုင်းပြည် မှာ ဦးသုဒ္ဓေါဒနနဲ့ ဒေါ်မာယာကနေ သိဒ္ဓတ္ထဆိုတဲ့ မင်းသားကို မွေးတယ်၊ ကပ္ပိလဆိုတာ အိန္ဒိယမြောက်ဖက် နီပေါနဲ့ကပ်လျက် တိုင်းပြည်ငယ်တစ်ခုပဲ၊ အဖေက ဘုရင်ဆိုတော့ သူတို့လူမျိုးထုံးစံအတိုင်း ကြီးပြင်းလာတဲ့အခါ ဘယ်လိုပုဂ္ဂိုလ်မျိုး ဖြစ်လာမလဲဆိုတာကို ဗေဒင်ဟူးရားအတတ်ကျွမ်းကျင်တဲ့ ပညာရှိတွေကို မေးတယ်၊ ဒီတော့ နက္ခတ်ဗေဒင် ပညာရှိတွေက စကြာဝတေးမင်းဖြစ်ရင်ဖြစ်၊ ဒါမှမဟုတ် ထူးကဲတဲ့ အတွေးအခေါ်ပညာရှင်ကြီး ဖြစ်မယ်လို့ ဟောကြတာပေါ့ဗျာ၊ စကြာဝတေးမင်းဆိုတာလည်း အခုခေတ် အမေရိကန် သမ္မတ အိုဘားမားလို ဆိုပါတော့၊ အဲဒီခေတ်က အတွေးအခေါ်ပညာရှင် ဆိုတာကလည်း ပြင်းထန်တဲ့အကျင့်တွေနဲ့ ကိုယ်တုံးလုံးနေသူကနေ ရေငုပ်မီးလှုံတာတွေ လုပ်ကြတာ ဆိုတော့ အဖေလုပ်သူက ငါ့သားကို ငါ့ထီးနန်းဆက်ခံနိုင်အောင် စကြာဝတေးမင်း ဖြစ်မဲ့လမ်းကို ရွေးရောပေါ့ဗျာ၊ ဒီမှာတင် သိဒ္ဓတ္ထမင်းသားကို ငယ်စဉ်ကတည်းက ဘဝအကြောင်း၊ လောကအကြောင်း တွေးချိန်မရအောင်၊ ဒုက္ခတို့ အခက်အခဲတို့ဆိုတာ လေသံတောင် မကြားရအောင် စီမံထားခဲ့တယ်ဆိုပါတော့၊ ဘယ်လောက်တောင် စီမံထားသလဲဆိုရင် စည်းစိမ်မျိုးစုံ ခံစားနိုင်တဲ့ နန်းတော်သုံးဆောင် ဆောက်ပြီး လောကီ စည်းစိမ်အားလုံး ခံစားစေတယ်ဆိုပဲ၊ မြင်သာအောင် ပြောရရင် တီးဝိုင်းတွေ ကာရာအိုကေ စက်တွေ အဆိုတော်တွေ ကချေသည်တွေတင်မက ယမကာမျိုးစုံပါ ပါဟန်တူပါရဲ့ဗျာ၊ အဲသလို စည်းစိမ်ခံစားလာရာက အိမ်ထောင်ပြုမဲ့ အရွယ်ရောက်တော့ ယသော်ဓယာနဲ့ စုံဖက်ဖြစ်ပြီး သားတစ်ယောက်ရ၊ အသက်ကလည်း နှစ်ဆယ့်ရှစ်နှစ် ဖြစ်လာရော ဆိုပါတော့၊

ပြဿနာရဲ့အကြောင်းတရားက အဲဒီဇိမ်ခံနန်းတော်တွေက အစပြုတယ် ဆိုရမယ်၊ နေ့ရောညပါ နှစ်ပေါင်းများစွာ ကြီးစွာသောစည်းစိမ်နဲ့နေလာတာ ကြာ လေလေ ဘဝဆိုတာ ဒါပဲလားဆိုတဲ့ အတွေး သိဒ္ဓတ္ထမှာ ပေါ်လာဟန်တူတယ်၊ ဒါကြောင့် နန်းတော်ရဲ့ပြင်ပလောကကို စူးစမ်းချင်စိတ် ပြင်းထန်စွာ ဖြစ်ပေါ်လာတယ်၊ ခက်တာက တင်းကြပ်တဲ့စည်းကမ်းနဲ့ အစောင့်အရှောက်တွေ တပြုံကြီးနဲ့ဆိုတော့ ထင်သလောက် မလွယ်ဘူး၊ နောက်ဆုံး မြင်းရထားမောင်းတဲ့ ရထားမှူးနဲ့တိုင်ပင်ပြီး နန်းတော်အပြင်ကို အစောင့်တွေ အလစ်မှာ ခိုးထွက်ကြရောပေါ့၊ ဘုရင့်သားမှန်း မသိအောင် ဘိတ်တဆိတ်



www.burmeseclassic.com

www.burmeseclassic.com

ထွက်လာရတာမို့ လမ်းကြိုလမ်းကြား အိမ်ကြိုအိမ်ကြားတွေကနေ လျှောက်သွားရာက တစ်နေရာရောက်တော့ သိဒ္ဓတ္ထက တစ်စုံတစ်ယောက်ကိုတွေ့ပြီး အလန့်တကြား မေးပါလေရော၊ ဟော့ကောင် ဒါက ဘာကြီးတုန်းဟ တဲ့၊ အမှန်တော့ သူတွေ့တဲ့အရာဟာ အသက်အရွယ် အလွန်အိုမင်းရင့်ရော်နေတဲ့ ဆင်းရဲသားအဘိုးကြီး တစ်ယောက်ပဲဗျ၊

အသက်အရွယ်ကြီးရင့်လွန်းတာကြောင့် ပါးရည်နားရည်တွေတွန့်နေတဲ့အပြင် ဆံပင်ကဖြူ သွားတွေလည်း တစ်ချောင်းမှမရှိ၊ အရိုးပေါ်အရည်တင်၊ ခါးကကုန်းတော့ ရရာတုတ်ကောက်တစ်ချောင်း၊ ဒိုတီ ခပ်ဟောင်းဟောင်းနဲ့ ဘယ်လိုမှ အမြင်မသင့်ဘူးပေါ့ဗျာ၊ ပြင်ပလောကမှာရှိတဲ့ လူသာမန်အဖို့ ဒီအဘိုးအိုဟာ ဘာမှ မထူးခြားလှပေမဲ့ သိဒ္ဓတ္ထအတွက်ကတော့ အရမ်းအရမ်းကို ထူးဆန်းနေတာပေါ့ဗျာ၊ အဲသလို စိတ်ပျက်စရာ မြင်ကွင်းမျိုးကို မမြင်ရအောင် သူ့အဖေက အသေအချာ စီမံထားခဲ့တာကိုး၊ ဒီမှာတင် ရထားမှူးက ခပ်အေးအေးပဲ… အော် အဲဒါ အဘိုးကြီးလေလို့ ဖြေတော့၊ သိဒ္ဓတ္ထက ဟ အဲသလိုပုံကြီး ဘယ်ကဘယ်လို ဖြစ်သွားတာတုန်းဆိုတော့၊ ရထားမှူးက… လူတွေအသက်ကြီးရင် ဒီလိုဖြစ်တာချည်းပါပဲဆရာလို့လည်း ဖြေလိုက်ရော သိဒ္ဓတ္ထ အကြီးအကျယ် လန့်သွားပါလေရော၊ ဒီမှာတင် သိဒ္ဓတ္ထက ဆက်မေးတယ်၊ ဒါဆို ငါရော အသက်ကြီးရင် ဒီလိုဖြစ်မှာပဲလားဆိုတော့၊ သေချာတာပေါ့ ဆရာလို့လည်း ဖြေရော၊ သိဒ္ဓတ္ထစိတ်ထဲမှာ အပျော်ကြီးပျော်နေတဲ့ နေ့ရက်တွေရဲ့ နောက်ဆုံးတစ်နေ့ ရောက်ရမဲ့ အခြေအနေက တယ်ဆိုးပါလားဆိုပြီး ပထမဆုံး သံဝေဂရရောဆိုပါတော့ဗျာ။ ကဲ ဒါလောက်ဆို ကျန်တဲ့နိမိတ်ကြီးသုံးပါး မြင်တာကို ခင်ဗျားဖာသာဆက်တွေးလို့ ရလောက်ပြီထင်ပါရဲ့"

"တွေးလို့တော့ ရပါတယ်ဗျ၊ ခင်ဗျားပြောတာ သဘာဝကျလွန်းလို့ ရှေ့ဆက်စမ်းပါအုံး၊ တစ်ခုတော့ ရှိတယ်ဗျာ၊ ဘုရားရှင်လို ပုဂ္ဂိုလ်မျိုးရဲ့ကိုယ်ရေးရာဇဝင်ကို ခင်ဗျားက ဒီလိုကြီး ပြောပြနေတာဟာ အရိုအသေတန်ရာ မရောက်ဘူးလား"

"ခက်တယ်ဗျာ၊ အတိုဆုံးပြောရရင် နိုင်ငံရာကစတာ အကောင်းဆုံးပဲ၊ မနိုင်ဝန်မထမ်းပါနဲ့၊ ဘုရားရှင်မှာ ဂုဏ်ထူးဝိသေသတွေအများကြီးရှိတာ ကျနော် လက်ခံပါတယ်၊ အဋ္ဌကထာဆရာတွေ၊ ဆရာတော်ကြီးတွေ ရေးတာတွေဟာ သူတို့နည်း သူတို့ဟန်နဲ့ ဘုရားရှင်ရဲ့ ဓာတ်လမ်းကိုသာမက သူ့ရဲ့ဉာဏ်ပညာကြီးမားမှုကိုပါ လက်တွေ့ကျင့်ကြံ ခံစားဖူးတာကြောင့် သူတို့သိတဲ့ ဂုဏ်ဒြပ်ကို ထူးထူးခြားခြား ရေးဖွဲ့ကြတာဖြစ်တယ်၊ ခင်ဗျားက ဘုရားရဲ့အဖေနဲ့ အမေနာမည်ကိုတောင် စာလုံးပေါင်း မှန်အောင် ပေါင်းတတ်တဲ့သူ မဟုတ်ဘူး၊ ခင်ဗျားလက်လှမ်းမမီပဲ သူတစ်ပါး ဂုဏ်တင်သမျှ လိုက်ပြီးနားယောင်နေရင် ဗုဒ္ဓဝါဒဟာ ခင်ဗျားဘဝထဲကို ရောက်လာဖို့ အလှမ်းဝေးနေအုံးမယ်၊ ဗုဒ္ဓနဲ့ဗုဒ္ဓဝါဒဟာ သဘာဝယုတ္တိနဲ့လည်း ဒေါင်ဒေါင်မြည် မှတ်ကျောက်



www.burmeseclassic.com

www.burmeseclassic.com

တင်ခဲ့ပါတယ်၊ ဒီနေရာမှာ ခင်ဗျား လေးလေးနက်နက် စဉ်းစားရမှာက ဗုဒ္ဓစာပေတွေ အရင်းခံရာ အိန္ဒိယစာပေပဲ၊ အိန္ဒိယစာပေဟာ စကားလုံး အလွန်ကြွယ်ဝတဲ့ ဘာသာစကားဖြစ်တယ်၊ ဒါကြောင့် အကောင်းအဆိုး နှစ်မျိုးဖြစ်လာတယ်၊ အကောင်းက အကြောင်းခြင်းရာတစ်ခုခုကို မှတ်တမ်းတင်ရာမှာ အသေးစိတ်မှတ်တမ်းတင်နိုင်တယ်၊ အဆိုးက အလွန်အကျူးဖွဲ့ဆိုနိုင်ဖို့ အားပေးရာရောက်တယ်၊ အရေးအကြီးဆုံးလို့ အပ်ချက်ကတော့ အထောက်အထား မရှိနိုင်လုံခြင်းပဲ၊ တိတိကျကျပြောရရင် ဗုဒ္ဓရဲ့မွေးသက္ကရာဇ် အတိအကျကို အခုထက်ထိ အတည်မပြုနိုင်သေးဘူး၊ မြန်မာပြည်သာသနာဝင် မှတ်တမ်းတွေအရ ဗုဒ္ဓဖွားတော်မူတဲ့ နှစ်ဟာ ဘီစီ–၆၂၃၊ ပရိနိဗ္ဗာန်ပြုတဲ့နှစ်ဟာ ဘီစီ–၅၄၃ တဲ့၊ ဒါပေမဲ့ သမိုင်းသုတေသီတွေကတော့ ဘီစီ–၅၆၃ မှာမွေးပြီး ဘီစီ–၄၈၃ မှာ ပရိနိဗ္ဗာန်ပြုတယ်လို့ ပြင်ဆင်လိုကြသတဲ့၊ ငြင်းမယ်မကြံနဲ့အုံး၊ အဲဒါကျနော်ပြောတာမဟုတ်ဘူး၊ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်း ထောက်ပြထားတာပိုပြီး သေချာချင်သပဆိုရင် ဒေါက်တာသန်းထွန်းရဲ့ ခေတ်ဟောင်းရာဇဝင် စာမျက်နှာ ၁၄၃–မှာ ဖတ်ပေတော့ဗျာ၊ ဒါကြောင့် ခင်ဗျားဟာ ဗုဒ္ဓရဲ့အရည်အချင်းကို စာပေမှတ်တမ်းတွေမှာ ဖတ်ပြီး တော်လှချည့်၊ ကောင်းလှချည့်လို့ ချီးမွမ်းနေမဲ့အစားသူ့လမ်းညွှန်ချက်တွေကနေ ခင်ဗျားဘဝအတွက် အကျိုးရှိအောင် ကျင့်ကြံအားထုတ်တာက ပိုပြီးအဓိပ္ပါယ်မရှိပေဘူးလား၊ ခင်ဗျား ကြားဖူးမှာပါ ဗုဒ္ဓက သူ့သင်္ကန်းကို ဆွဲပြီးတကောက်ကောက်လိုက်နေတဲ့ ရဟန်းကို အပြစ်တင်တာလေ၊"

"ကဲပါဗျာ၊ ခင်ဗျားကျမ်းကိုးတွေကို ရပ်ပါတော့ ပြောလက်စ စကားကိုသာ ဆက်ပါလေ"

"သိဒ္ဓတ္ထဟာ လူအိုကို မြင်ပြီး လေးလကြာတော့ နန်းတော်အပြင်ကို အရင်နည်းအတိုင်း စနည်းနာ ထွက်ပြန်ရောပေါ့ဗျာ၊ ဒီမှာတင် သေခါနီးလူမမာကို မြင်တော့တာပဲ၊ စဉ်းစားကြည့်လေ၊ လူဆိုတာ နုပျိုစဉ်အရွယ်မှာ အားကောင်းမောင်းသန်၊ ပြင်ပြင်ဆင်ဆင်နဲ့ အမြင်တင့်နေပေမဲ့ အသက်ကကြီး ဝေဒနာဖိစီးပြီး သေခါနီးမှာ ဘယ်လောက်အမြင်ဆိုးလိုက်မလဲ ဆိုတာ၊ သေခါနီးလူနာကို မမြင်ဖူး မကြားဖူးတဲ့ သိဒ္ဓတ္ထကတော့ သည်းဆုတ်အေးမျှ ကြောက်တယ်ဆိုပဲ၊ ဒီမှာတင် ရထားမှူးကို ရှင်းပြ ခိုင်းပြန်တော့ နာမကျန်းဖြစ်တာဟာ အရွယ်နဲ့မဆိုင်ဘူး၊ အချိန်မရွေး နာနိုင်တယ်၊ ဆရာလည်း ဒီနေ့နက်ဖြန် ဒီဘဝမျိုးရောက်နိုင်တယ် လို့လည်း ပြန်ဖြေရော သိဒ္ဓတ္ထဟာ တော်တော်ကို စိတ်ပျက်စရာ လောကကြီးပါလားဆိုတဲ့ သံဝေဂနဲ့ နန်းတော်ကို ပြန်ရောပေါ့၊ လူဆိုတော့ လူအိုထက် သံဝေဂယူစရာ ကောင်းပေမပေါ့၊ အဖေလုပ်တဲ့သူကတော့ သူ့သားဒီလိုမြင်ကွင်းတွေ မြင်ပြီး သံဝေဂ ရတဲ့သတင်းတွေလည်း ကြားရော လုံခြုံရေးကိုတိုးမြှင့်ချထားသတဲ့ဗျ၊



www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ် လေးလကြာပြန်တော့ နောက်တစ်ခေါက်ထွက်ခွင့်ကြုံပြန်ရော၊ ဒီတစ်ကြိမ်မှာတော့ ဆန့်ဆန့်ကြီး သေနေတဲ့အလောင်းကို မြင်သတဲ့ဗျ၊ ဒီမှာတင် သိဒ္ဓတ္ထဟာ ငါတို့အားလုံးရဲ့နောက်ဆုံး သွားရာလမ်းဟာ ဒါပါကလားဆိုပြီး အကြောက်ကြီး ကြောက်ပြန်တာပေါ့၊ ရထားမှူးကိုတော့ မေးတော့မယ် မထင်ဘူးဗျာ၊ သူက တကယ်ဉာဏ်ကြီးတဲ့ ပါရမီရှင်ပဲ၊ သိဒ္ဓတ္ထရဲ့ထူးခြားတဲ့အခြေအနေကို ခင်ဗျား မမေ့နဲ့အုံး၊ သူက မွေးလာကတည်းက လောကစည်းစိမ်ကို အကုန်အစင်နီးပါး ခံစားလာခဲ့ရသူမို့ ကျနော်တို့ ခင်ဗျားတို့တောင့်တနေတဲ့ လောကီချမ်းသာကို ငြီးငွေ့နေချိန်၊ ကျနော်တို့ခင်ဗျားတို့ ထွေထူးပြီး သတိမမူမိတဲ့ အိုခြင်း နာခြင်း သေခြင်းတွေအပေါ် ဆင်ခြင်သုံးသပ်မိပုံခြင်း မိုးနဲ့မြေလို ကွာမယ်။ သုံးကြိမ်မြောက် သံဝေဂရစရာတွေကို မြင်တွေ့ပြီးတဲ့ သိဒ္ဓတ္ထဟာ နန်းတော်ပြန်ရောက်ချိန်ကစပြီး အဲဒီလမ်းတွေက လွတ်မြောက်ရာကိုသာ နေ့ရောညပါ တွေးနေရာက နောက်ထပ်လေးလ အကြာမှာ နောက်တစ်ကြိမ် အပြင်ထွက်ပြန်တော့ လွတ်မြောက်ရာအကျင့်ကို သူ့နည်းသူ့ဟန်နဲ့ ကျင့်နေတဲ့ ပုဂ္ဂိုလ်ကို တွေ့တယ်ဗျာ၊ ဒီနေရာမှာ သေချာဆင်ခြင်ဖို့ရှိတာက အဲဒီကာလက ဗုဒ္ဓဝါဒနဲ့အညီ ကျင့်ကြံတဲ့ ရဟန်းဆိုတာ မပေါ်နိုင်သေးဘူး၊ ခင်ဗျား စဉ်းစားကြည့်လေ၊ ဗုဒ္ဓကိုယ်တိုင် တောင်မှ သံဝေဂယူတုန်းရှိတာ၊ သူ့နည်းအတိုင်း ရဟန်းပြုတဲ့ပုဂ္ဂိုလ် ဘယ်မှာလာ ရှိအုံးမှာလဲ၊ စာဖတ်သူ နားလည်လွယ်အောင် စာပေတွေမှာ ရဟန်းလို့ ရေးဟန်ရှိတယ်၊ သိဒ္ဓတ္ထတွေ့တဲ့ ပုဂ္ဂိုလ်ဟာ သူ့နည်း သူ့ဟန်နဲ့ လောကကနေ လွတ်မြောက်ရာကို ရှာဖွေနေသူမို့ အထိုက်အလျောက် လောဘ ဒေါသ မောဟ ကင်းဝေးပြီး တင့်တယ်တဲ့ ရုပ်အသွင် ရှိမယ်၊ ဒီမှာတင် ဒီလို အေးချမ်းတဲ့ ဘဝမျိုးကို ရချင်စမ်းပါဘိလို့ တွေးမိမယ်၊ နောက်ဆုံးတော့ အဲဒီပုဂ္ဂိုလ်ကျင့်ကြံသလိုမျိုး ကျင့်ကြံနိုင်အောင် တောထွက်တော့တာပေါ့၊ အစပိုင်းတော့ သိဒ္ဓတ္ထလည်း ဆရာမျိုးစုံဆီမှာ စမ်းတဝါးဝါး နည်းလမ်း ရှာခဲ့ရတာပါပဲ၊ သူရှာခဲ့တဲ့ နည်းတွေဟာ လောကကနေ အဆုံးတိုင် လွတ်မြောက်လမ်းမဟုတ်တာမို့ သူ့ကိုယ်ပိုင်နည်းနာနဲ့ ထွက်မြောက်ရာလမ်းကို တွေ့ပြီး အယူဝါဒတစ်ရပ် ထူထောင်နိုင်ခဲ့ရော ဆိုပါတော့၊ ဒီနေရာမှာ သဘာဝကျကျ ဆင်ခြင်ပြရရင် ဗုဒ္ဓမှာ ဆရာမရှိဘူး ဆိုတာ စဉ်းစားစရာ ရှိမယ်၊ သူ့ခေတ်သူ့ကာလမှာ လွတ်မြောက်ခြင်း၊ ငြိမ်းချမ်းခြင်း အလို့ငှာ ကျင့်ကြံနေကြတဲ့ လက်ဦးဆရာတွေဆီက အစပိုင်းကျင့်ကြံမှုတွေနဲ့ ပတ်သက်လို့ နည်းခံတာတွေ ရှိနိုင်တယ်၊ ဒါပေမဲ့ အယူဝါဒအသစ်ကို ထိုးထွင်းသိမြင်တဲ့ကိစ္စမှာတော့ သူ့ကိုယ်ပိုင်ဉာဏ် ကိုယ်ပိုင်နည်းလမ်း သာဖြစ်တယ်၊ ဒါလည်း ကျနော့်အယူအဆသက်သက်ပါ၊ ခင်ဗျားကိုယ်တိုင် ဆင်ခြင်သုံးသပ်ပြီး လက်ခံထိုက်မှ လက်ခံပါ၊ ကာလာမသုတ် အတိုင်းပေါ့ ”

“နေပါဦးဗျ၊ ခင်ဗျားက ဒီအကြောင်းကို ဘာကြောင့် အကျယ်တဝင့်



www.burmeseclassic.com

www.burmeseclassic.com

ရှင်းနေရတာတုန်း"

"အော် ခင်ဗျားပဲ တရားရှာမယ်ဆို၊ တရားရှာမဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လိုဘယ်ပုံ တရားရှာချင်သွားတာ လဲဆိုတာ ခင်ဗျား မသိသင့်ဘူးလား၊ တိုတိုပြောရရင် သံဝေဂ မပါပဲ တရားရှာလို့ မဖြစ်နိုင်ဘူး၊ လောကကြီးဟာ နေချင်စရာ ပျော်စရာ လွတ်ကောင်းတဲ့ လောကကြီးပါလားလို့ ခင်ဗျား ခံယူနေသမျှ တရားတွေ့ဖို့ ဝေးနေအုံးမှာပဲ"

"ဒါဆို ခင်ဗျားလည်း အကြောက်ကြီး ကြောက်ခဲ့မှာပေါ့"

"သေချာတာပေါ့ဗျာ၊ ကြောက်လွန်းလို့ လွတ်မြောက်ခြင်းလမ်းကို သာ တွေ့ပါစေ၊ သေချင်သေပါစေတော့၊ မလျော့တဲ့ ဇွဲလုံ့လနဲ့ မြင်းမိုရ်တောင်ကို တူးဖြိုအုံး၊ မြေဆီလွှာကို တူးယူအုံး၊ မဟာသမုဒ္ဒရာ၏ ဟိမဝန္တာဖက်ကမ်းသို့ ကူးအုံး၊ စကြာမင်း၊ စည်းစိမ်ကို ရယူအုံး ဆိုတဲ့ ခံယူချက်တွေနဲ့ ကြိုးကြိုးစားစား ကျင့်ခဲ့တာပေါ့ဗျာ"

"အဲဒီတော့ ဘာတွေအကျိုးရှိလာသတုန်း၊ ဘာတွေထူးခြားလာသတုန်းဗျ"

"အရှင်လတ်လတ် နတ်ပြည်ရောက်ဖူးသွားတဲ့ အပြင် ဘာနဲ့မှ နှိုင်းယှဉ်လို့ မရတဲ့ အေးချမ်းမှုတွေ ခံစားရတာပေါ့"

"ဟာ၊ နတ်ပြည်ရောက်ဖူးတယ်ဆိုတာ တကယ်လားဗျာ၊ ခင်ဗျားကြည့်ရတာ လိမ်မဲ့ပုံတော့ မပေါက်ပါဘူး"

"လိမ်မလိမ်ဆိုတာ ခင်ဗျားကိုယ်ပိုင်ဉာဏ်နဲ့ ဆင်ခြင်သုံးသပ်ဖို့သာ ဖြစ်တယ်၊ ကျနော့်အတွေ့ အကြုံအပေါ် မှာတော့ ကျနော်လိပ်ပြာသန့်ပါတယ်"

"ဒါဆိုလည်း ခင်ဗျား နတ်ပြည်သွားတောလားလေး လုပ်စမ်းပါအုံးဗျာ၊ စိတ်ဝင်စားလွန်းလို့ပါ"

"ဒီနေ့တော့ ဒီမျှနဲ့ ကျေနပ်ပေအုံးတော့ဗျာ၊ ရဲဘက်တွေတောင် ဘုတ်ပြန်တက် တော့မယ်၊ စားဖို့ သောက်ဖို့ စီစဉ်ကြအုံးစို့၊ ကျနော်ပြောထားပါပြီကော၊ လက်တွေ့ဘဝနဲ့ မကင်းကွာပါနဲ့လို့၊ တော်ကြာ ထမင်းငတ်နေကြအုံးမယ်"

ကိုသက်ခိုင်က သူ့စကားကို ရယ်ရယ်မောမော အဆုံးသတ်ပြီးသည်၌ ကျနော်လည်း ထမင်းအိုးအတွက် ထင်းရှာရန် ဖိုကြီးဖက်သို့ ထွက်လာခဲ့ပါသည်။ ထိုနေ့က ကျနော် စိတ်လက်ပေါ့ပါးနေသလိုခံစားရသည်။ အကြောင်းမှာ ကျမ်းစာအုပ် ထူထူကြီးတွေ ဖတ်ရသည့်ဒုက္ခမှ ကင်းဝေးခဲ့သောကြောင့် ဖြစ်ဟန်ရှိလေ၏။

❁ ❁ ❁ ❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## ၁၂။ ခြောက်တန် နတ်ရှာ၊ ဝတီ သာလော

ထိုနေ့က ကျနော်နှင့်ကိုသက်ခိုင် ပင်မစခန်းဆီသို့ လှေတစ်စင်းနှင့် ထွက်ခဲ့ကြသည်။ အချိန်ကား နံနက်ကိုးနာရီခန့်ဖြစ်၏။ စခန်းခွဲမှ အကျဉ်းသားများနှင့် ပတ်သက်သော အရေးကြီးစာရွက်စာတမ်း တချို့ကို ပို့ရန်ဖြစ်သည်။ ကိုသက်ခိုင်ကော ကျနော်ပါ လှေကိုကျွမ်းကျွမ်းကျင်ကျင် လှော်တတ်ကြသည် မဟုတ်သော်ငြား ကိုသက်ခိုင်၏ စရိုက်အတိုင်း လုပ်ကြည့်ရင်ဖြစ်မှာပါ ဟူသော ခံယူချက်ဖြင့် တောင်ကွေ့ မြောက်ချော် ဖြစ်သလို လှော်နေကြ ခြင်းဖြစ်၏။

BURMESE CLASSIC

"ဟော့လူ ကြည့်လုပ်အုံး၊ ခင်ဗျားလှေက ဗေဒါတောထဲ တိုးနေပြီ"

ကျနော်က ပူပန်သည့်လေသံနှင့် သတိပေးသည်ကို ကိုသက်ခိုင်က ခပ်ပြုံးပြုံးမျက်နှာပေးဖြင့်၊

"ဗေဒါဒိုက်ထဲကို လှော်တက်နဲ့ကန်ထားလိုက်လေဗျာ၊ မပူပါနဲ့ဗျ၊ ဒီချောင်းက ကျနော်တို့ တစ်ရပ် မနက်ပါဘူး၊ မသကာ ချောင်းထဲဆင်းပြီး တွန်းကြရုံပေါ့၊ လမ်းမှားမှာလည်း မပူနဲ့၊ ဒီချောင်းက ပင်မစခန်းကနေ လမ်းမှားပြီး ဆူးလေဘုရားကို ရောက်မသွားမှာတော့ သေချာတယ်ဗျာ"

မှန်လေစွ။ စင်စစ်ချောင်းကား ချောင်းမဟုတ်။ တူးမြောင်းသာဖြစ်၏။ လွန်ခဲ့သော နှစ်ပေါင်းများစွာက ရေနက်ကွင်းအဖြစ်တည်ရှိခဲ့သော ဤနေရာတစ်ဝိုက်ကို ရဲဘက်များပို့လွှတ်လျက် ရေနက်စိုက်ကွင်းအဖြစ် ပြောင်းလဲရန်အတွက် စီမံခဲ့ကြသည် ဖြစ်ရာ ချောင်းရိုးတို့သည် ပြင်ပကမ္ဘာနှင့် အဆက်အသွယ် ပြတ်တောက်လျက်



www.burmeseclassic.com

www.burmeseclassic.com

ရှိလေသည်။

"ဒါနဲ့ ခင်ဗျားက ဒီစိုက်ကွင်းမြေပုံတွေကို အလွတ်ရနေတာပဲ၊ ကုန်းပေါ်တက်ပြီး လွတ်ရာလွတ်ကြောင်း ထွက်သွားဖို့ စိတ်မကူးမိပေဘူးလား ကိုသက်ခိုင်"

"လူသားပဲဗျာ၊ စိတ်ဆိုတဲ့အရာကလည်း သိပ်မြန်လွန်းတာမို့ အတွေးပေါ်မိတာ အကြိမ်ကြိမ်ပေါ့၊ ဒါပေမဲ့ဗျာ၊ ကျနော့်ကြောင့် ကျနော့်အပေါ် ယုံယုံကြည်ကြည် အခွင့်အရေးပေးထားတဲ့ ဝန်ထမ်းတွေ ပြဿနာ မဖြစ်စေချင်ဘူး၊ ထားလိုက်ပါဗျာ၊ ခင်ဗျား ဒီစကားကို လူတကာ လျှောက်မပြောပါလေနဲ့ ၊ ခြေကျင်းနဲ့ နီးတယ်"

ဤသို့လျှင် နှစ်ဦးသား တက်သမျှမှတ်သမျှ ကြိုးပမ်းလေ့ခဲ့ကြရာ နံနက်ဆယ်နာရီခွဲခန့်တွင် ပင်မစခန်းသို့ ရောက်ကြသည်။ လေ့ဆိုက်ရာနေရာကား ပင်မစခန်းသို့ ကိုသက်ခိုင် ရွှေ့ပြောင်းနေထိုင်ရစဉ် အချိန်များ၌ ရေချိုးလေ့ရှိသော နေရာဖြစ်၏။ ကိုသက်ခိုင်၏ အိပ်ဆောင်ကား လှေဆိပ်နှင့် မလှမ်းမကမ်းတွင် မြင်နေရသော အစည်းအဝေးခန်းမနှင့် တွဲလျက်ရှိသော အခန်းငယ် ဖြစ်လေသည်။ ကိုသက်ခိုင်တစ်ယောက် လှေပေါ်မှဆင်းလျှင်ဆင်းချင်း ထောင်ပိုင်ကြီးအိမ်ပေါ်သို့ တက်သွားပြီး စာရွက်စာတမ်းကိစ္စ ရှင်းပြချိန်မှာ စုစုပေါင်း နာရီဝက်မျှသာဖြစ်၏။ ဆယ့်တစ်နာရီခန့်မှာ၊ ထောင်ပိုင်ကြီးအိမ်နှင့် မလှမ်းမကမ်းမှ ဖိုကြီးတွင် တာဝန်ခံမောင်ဝင်း၏ ဖိတ်မန္တကပြုချက်အရ မနက်စာစားကြသည်။ ထိုချိန်တွင်ပင် အကျဉ်းသားအဆောင်မှူးနှင့်တန်းစီးတစ်ချို့တို့ ရောက်လာပြီး အချိုပွဲအတွက် သူတို့ပိုင်ရာဆိုင်ရာ အိပ်ဆောင်အသီးသီးသို့ ဖိတ်ကြပြန်ရာ ကျနော့်မှာ ဘုန်းကြီးနောက်က လိုက်ပါရသော ကပ္ပိယနှင့်တူနေတော့သည်။

ပင်မစခန်းအဆောင်(၁)ပေါ်မှ ကိုသက်ခိုင်နှင့် အကျဉ်းသားအရာရှိများ ဆွေးနွေးပွဲကား နိုင်ငံတော် အရေးဖြစ်၏။ နိုင်ငံတော်ဆိုသည်ကား လွတ်ငြိမ်းချမ်းသာခွင့်ကို ဆိုသတည်း။ အများစုသိလိုသော မေးခွန်းခေါင်းစဉ်ကား မည်သည့်အချိန်ကာလတွင် လွတ်ငြိမ်းချမ်းသာခွင့်လာမည်နည်းဟူ၏။ စင်စစ် ထိုမေးခွန်း၏ ခန့်မှန်းအဖြေကိုလည်း မေးသူများကပင် ရှာဖွေထားကြပြီး ဖြစ်သည်။ ဘယ်နေ့ သတင်းစာ ဘယ်ဆောင်းပါးက ဘယ်စာကြောင်းမှာ ဘယ်လိုရေးထားတာကြောင့်၊ ဘယ်သူ့မိန့်ခွန်းမှာ ဘယ်လိုပါတာကြောင့်၊ ဘယ်ဘုရားကြီးပြီးတော့မှာကြောင့် ဟူသော တစ်ကြိုအဖြေများ အဆင့်သင့်ပါပြီးဖြစ်၏။ ကိုသက်ခိုင်ကား တစ်ဦးစီ၏မေးခွန်းနှင့် အဖြေများကို ဖြစ်နိုင်ခြေ အနည်းအများ ထောက်ပြနေလေသည်။ သို့တစေ သူ့အဖြေကို သူကိုယ်တိုင် ကျေနပ်ဟန် တော့ မပြချေ။ မကြာပါချေ။ အလုပ်ဆင်းဘုတ်များပြန်တက်လာကြ၍ အကျဉ်းသားအချို့ ကိုသက်ခိုင် ဘေးမှာ ဝိုင်းအုံလာကြပြန်သည်။

အချို့ကား သူတို့၏လွတ်ရက်(ကွာ) တွက်ခိုင်းကြ၏။ အချို့ကား အိမ်နှင့်



www.burmeseclassic.com

www.burmeseclassic.com

အဆက်အသွယ် ပြတ်နေသဖြင့် သဝဏ်လွှာပါးကြ၏။ အချို့ကား ဖုန်းနံပါတ်ပေး၍ အဆက်အသွယ်ပြုစေရန် နားပူကြ၏။ အချို့ကား ကျန်းမာရေးအတွက် သောက်ဆေးစားဆေးမျိုးစုံကို ကိုသက်ခိုင်ထံမှ ပူဆာ၏။ အကူအညီတောင်းနေသော ရဲဘက်များနှင့် ကိုသက်ခိုင်တို့အုပ်စုကို မြင်ရသည်မှာ တောရွာကျေးလက်တွင်ရောက်နေသော ဆေးဆရာ၊ ပျောက်စေဆရာအနီးအပါးမှာ တောသားလူနာတွေ ဝိုင်းအုံနေသည်နှင့် တူလှပေစွ။ ကိုသက်ခိုင်ကား တောင်းသမျှ အကူအညီကို ဆောင်ရွက်ပေးမည် ဟု ကတိပေးရင်း စာရွက်တစ်ရွက်မှာ အသေးစိတ် ရေးမှတ်နေလေသည်။ ဤစာရွက်တွင် ရေးမှတ်ထားသည့် ဆောင်ရွက်ဖွယ်ရာတို့ကား ကိုသက်ခိုင့်ဇနီး ထောင်ဝင်စာလာသည့်အခါ အကောင်အထည် ပေါ်လာပေလိမ့်မည်။ ကိုသက်ခိုင့်ဇနီးကလည်း ထိုထိုသော စုံစီနဖာအကူအညီတောင်းလေရာကို အိမ်ဦးနတ်စေသည့်အတိုင်း မငြီးမငြူ ဆောင်ရွက်မြဲဖြစ်၏။

ပင်မစခန်းမှ စခန်းခွဲ(၁)သို့ ကျနော်တို့ ပြန်လာချိန်ကား နေ့လည်တစ်နာရီခွဲခန့် ရှိလေပြီ။ ကျနော်က လှော်တက်နှင့် ကမ်းစပ်ကမြေမာမာကို ထောက်လျက် လှေကို ချောင်းလယ်သို့ ရောက်အောင်ရွှေ့ရင်း အငေါ်တူးလိုက်မိသည်။ ကိုသက်ခိုင်ကား လှေပေါ်တွင်ထိုင်ရင်း သူရေးမှတ်လာသော အကျဉ်းသားရဲဘက်တို့၏ မှာတော်ပုံမှတ်စုများကို ရေမစိုစေရန် ပလတ်စတစ်စဖြင့် အထပ်ထပ်ပတ်နေ၏။

"ခင်ဗျားဗျာ၊ ဘေးက ကြည့်နေတဲ့သူတောင် ခေါင်းမူးတယ်၊ နိဗ္ဗာန်ကူးတို့ဆိုတာ ဒါမျိုးထင်ပါရဲ့"

"နိဗ္ဗာန်အထိ မမှန်းကြောင်းပါဗျာ၊ အကြွေးဆပ်နေတယ်လို့ပဲ သဘောပိုက်ပါတယ်"

ကျွဲမြီးတိုနေသည့် ကျနော့်အမေးကို သူက လေသံအေးဖြင့် တုန့်ပြန်ပါသည်။

"လုပ်ပါအုံးဗျ၊ ဘယ်လို အကြွေးဆပ်တာပါလိမ့်၊ အော် စီးပွားရေးလောက အထုပ်ရှုပ်ကြီးထဲမှာ ကာလများစွာ ကျင်လည်ခဲ့စဉ်က ကျနော့်ကြောင့် စိတ်ညစ်ခဲ့ရသူတွေ၊ နစ်နာရသူတွေ အများကြီးရှိခဲ့ပါလိမ့်မယ်၊ တည့်တည့်ပြောရရင် အကုသိုလ်အလုပ်တွေ ရှိခဲ့မှာပေါ့ဗျာ၊ အခု ဒီဘဝမျိုးရောက်ချိန်မှာ ကျနော့်စိတ်ထဲ ငရဲတွင်းကလူတွေ ပျော်အောင်လုပ်ပေးချင်တယ်ဗျာ၊ အကုသိုလ်အကြွေးတွေကို အခြေအနေပေးသလို ဆပ်နေတယ် ဆိုပါစို့"

လှေသည်ချောင်းရိုးအတိုင်း တရွေ့ရွေ့ ခရီးနှင်လျက်ရှိ၏။ ချောင်းဘေးဝဲယာမှ ဖွက်ပျောပင်အုပ်ထူထူတို့၏ အရိပ်ကြောင့် ကျနော့်၏အပူဒဏ်မှာ သက်သာလျက် ရှိသည်။ နှစ်ဦးသား ပုံမှန်လှော်ခတ် လာကြရာ ခရီးတစ်ဝက်ခန့်အရောက်တွင် ကျနော်က စကားလမ်းကြောင်းတစ်ခုကို ခပ်ထေ့ထေ့ အစဖော်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့လူ ကိုသက်ခိုင် ၊ ခင်ဗျား နတ်ပြည်သွားတုန်းက ဒီလိုပဲ လေ့လှော်သွားတာ လားဗျ"

"ကြဲကြဲဖန်ဖန်ဗျာ၊ နတ်ပြည်ကို လှေနဲ့တော့ ရောက်ပါ့မလားဗျ၊ မသကာ လေယာဉ်ပျံတို့၊ ဒုံးပျံတို့နဲ့ဆိုရင် နည်းနည်းနီးစပ်သေးဗျာ"

"အော် ဒါဆို ခင်ဗျား စီးသွားတဲ့ယာဉ်က လေယာဉ်ပျံနဲ့များ တူနေရော့သလား"

"ခင်ဗျားနဲ့တော့ ခက်နေပါပြီ၊ လေသံကြည့်ရတာ မယုံသလို ဖြစ်နေတယ်၊ ကဲပါဗျာ၊ ဟိုးရှေ့က မျှော်စင်ကြီးအောက်မှာ လှေခဏနားကြစို့ဗျာ၊ အခုမှ နှစ်နာရီခွဲ ဆိုတော့ စခန်းခွဲပြန်ရောက်လည်း ကိုးလို့ကန့်လန့်အချိန်ကြီး မျှော်စင်ပေါ်မှာ ခဏနားကြစို့"

သို့နှင့်ပင် ကျနော်တို့လှေကို မျှော်စင်ခြေရင်း ချောင်းစပ်တွင် ရပ်ကာ နှစ်ဦးသား မျှော်စင်ပေါ်သို့ တက်လာခဲ့ကြသည်။ မျှော်စင်ကား ပေခြောက်ဆယ်ခန့် မြင့်သည့် တိုင်၊ ထုပ်လျှောက်ဒိုင်းမြားနှင့် ကြမ်းခင်းပါ အားလုံးသစ်သားချည်းဖြစ်၏။ အကျဉ်းသားရဲဘက်တို့၏ အစွမ်းပြလက်ရာတည်း။ မျှော်စင်သည် ပင်မစခန်းနှင့် စခန်းခွဲ (၁)၏ ခရီးထက်ဝက်ခန့်တွင် တည်ရှိသည်။ ဤမျှော်စင်ကား ရဲဘက်စခန်းသို့ လာရောက်ကြသော အရေးကြီးပုဂ္ဂိုလ်များကို ရဲဘက်စခန်းကြီးတစ်ခုလုံး၏ အနေအထားအား ရှင်းလင်းပြသရာ နေရာဖြစ်၏။ ရေနက်စိုက်ကွင်းအားလုံးကိုရင်း၊ ဘုတ်ဆင်းနေကြသော ရဲဘက်တို့အခြေအနေ အရပ်ရပ်ကိုရင်း အပေါ်စီးမှ မြင်နိုင်သည်။ မျှော်စင်ပေါ်တွင် လေတဟူးဟူး တိုက်လျက်ရှိ၏။ ကျနော်ရော ကိုသက်ခိုင်ပါ မျှော်စင်ဘေးက လက်ရန်းတိုင်တွေကို မှီရင်း ကောင်းကင်ဆီသို့ ခေါင်းမော့ကြည့် လိုက်မိကြသည်၊ ဘာရယ်မဟုတ်၊ အတွေးနှင့်အာရုံကို ဖြေလျှော့လိုက်ကြသည့် သဘော။ ထိုစဉ် ကိုသက်ခိုင်ထံမှ စကားသံထွက်လာ၏။

"ကျနော် ရောက်ခဲ့တယ်ဆိုတဲ့ ခရီးဟာ ဒီလိုကောင်းကင်ကြီးကို ဖြတ်ပြီး နှင်ခဲ့တာပေါ့ဗျာ၊ နတ်ပြည်ဟုတ်မဟုတ်တော့ ခင်ဗျားကိုယ်တိုင်သာ အဖြေထုတ်ပေတော့၊ ဒီအကြောင်း ဘယ်သူ့ကိုမှ မပြောမပြဘူးလို့ ပိုင်းဖြတ်ခဲ့ဖူးပါရဲ့၊ ခင်ဗျားအနေနဲ့ နားထောင် ခွင့်ကြုံတယ်ဆိုမလား။ အကြောင်းတိုက်ဆိုင်တယ်လို့သာ မှတ်ကြပါစို့ရဲ့"ဟူ၍ အစချီလျက် ကိုသက်ခိုင် တစ်သီတစ်တန်း ပြောပြခဲ့သော အထက်မိုးလမ်းသွားခရီးစဉ် အတွေ့အကြုံ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်လေသည်။

"ကျနော့်ရဲ့ အားထုတ်မှုတွေ တစ်စတစ်စ ထူးခြားလာတာကြောင့် ကျနော်ဟာ လေ့ကျင့်ခန်းကို နေ့ရောညပါ အားထုတ်လာပါတယ်။ အချိန်အကြာကြီးတော့ မဟုတ်ပါ ဘူး။ မနက် တစ်နာရီ ညတစ်နာရီပါပဲ။ သို့သော် အဲဒီတစ်နာရီဟာ တကယ့် တစ်နာရီပါ။ တကယ်အားထုတ်တဲ့ တစ်နာရီပါ။ ကျနော့်ရဲ့ ဆံပင်တွေဟာ ကျနော်နဲ့မဆိုင်သလို



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လာတယ်။ တသီးတခြားစီ ဖြစ်နေတယ်လို့ ခံစားလာရတယ်။ ပြောင်းဖူးမွှေးတွေ လာတပ်ထားသလို စိတ်ထဲမှာ ခံစားရတယ်။ လက်မောင်းတွေ ခြေထောက်တွေဟာ အမှုန်တွေ ဖြစ်သွားသလို ခံစားရတယ်။ ကျော်ဟိန်းဆိုတဲ့ သီချင်းလိုပဲဗျ။ ဘာတဲ့။ ငါဟာငါ မဟုတ် ဆိုတာမျိုး ခံစားရတယ်။ ဒီနေရာမှာ အလွန့်အလွန် အန္တရာယ် ကြီးမားတဲ့ အခြေအနေတစ်ရပ်ကို ကျော်လွန်ခဲ့ရပါတယ်။ ပြန်တွေးကြည့်ရင် တော်တော် ကျောချမ်းစရာ ကောင်းပါတယ်။ ကျနော့်စိတ်ထဲမှာ သိပ်ပေါ့နေတယ်။ ဘာကိုမှ သိပ်လိုလိုလားလား မရှိတော့ဘူး။ နေရတာ ပေါ့ပျက်ပျက်ဖြစ်လာတယ်။ စိတ်တော့မညစ်ဘူး။ ကျနော်ဟာ ကျနော်မဟုတ်ဘူးလို့ အချိန်တိုင်းခံစားရတယ်။

ကိုထွန်းထွန်းဦးတို့ တဲဆီက ပြန်တဲ့အခါ ချောင်းလေးကိုဖြတ်ပြီးရင် ကတ္တရာ လမ်းမကြီးပေါ်ကို ရောက်တယ်။ ဓာတ်တိုင်ခြောက်တိုင်လောက် လမ်းလျှောက်မှ စခန်းအဝင်ဝကို ရောက်ပါတယ်။ စခန်းခွဲမှာ မဟုတ်ဘူးဗျ။ ထောင်ပိုင်ကြီးခေါ်လို့ ပင်မစခန်းမှာ နေရတဲ့အချိန်ဗျ။ ဒီလိုပဲ ပင်မစခန်းမှာ နေရတဲ့အချိန်တွေ ရှိပါတယ်။

အဲဒီရက်တွေမှာ အဲဒီလမ်းကို ကျနော်လျှောက်ခဲ့တဲ့ လေးငါးကြိမ်မှာ ကျနော်ဟာ ကျနော်လုပ်နေတဲ့အလုပ်နဲ့ တော်တော်ဖီလာဆန့်ကျင်ဖြစ်တဲ့အတွေးတွေ ပေါ်ခဲ့ပါတယ်။ အဲဒီအတွေးကတော့ ငါဘာမှ မဟုတ်ပါလားဆိုတဲ့ အတွေးပါပဲ။ ဟုတ်ပါတယ်။ကျနော် ဟာ စိတ်မညစ်ပဲ လူ့လောက ကြီးမှာ နေရတာကို ဘာအဓိပ္ပါယ်မှမရှိသလို ပြင်းပြင်း ထန်ထန် ခံစားခဲ့ရပါတယ်။ ကြိမ်ဖန်များစွာ ခံစားလာရတဲ့အခါ ကျနော်ဟာ ကတ္တရာ လမ်းပေါ်လျှောက်ရင်း အဝေးက မောင်းလာနေတဲ့ ကားအောက်မှာ ခေါင်းဝင်ထိုး လိုက်ပြီး အသေခံလိုက်ရင် ကောင်းမယ်ဆိုပြီး တွေးမိလာပါတယ်။ စိတ်ညစ်လို့ မဟုတ်ဘူးဗျ။ စိတ်ထဲမှာ ဘာအဓိပ္ပါယ်မှ မရှိသလို ခံစားရလို့။ သေလိုက်တာမှအဓိပ္ပါယ် ရှိမယ်ဆိုတဲ့ အတွေးတွေဟာ ပြင်းထန်လွန်းတာကြောင့် တကယ့်ကို ကားတိုက်အသေခံဖို့ အကြိမ်ကြိမ် ဖြစ်ခဲ့တော့တာပဲ။ ဒါပေမဲ့ ကျနော်ဟာ ငါအတွေးတွေ ဘာကြောင့်ပေါ်လာသလဲ။ ငါဘာမှားနေလဲ။ ဘာဘဲဖြစ်ဖြစ် ဒီအတွေးဟာ သဘာဝမကျဘူး။ သဘာဝမကျဘူး ဆိုပြီး အထပ်ထပ် အဖန်ဖန် ကိုယ့်ကိုယ်ကို ဆုံးမရပါတယ်။ကံကောင်းထောက်မစွာဘဲ ဆယ်ရက်ဝန်းကျင်လောက်အကြာမှာ အဲဒီ ခံစားချက် အတွေးတွေ ပျောက်ကွယ် သွားပါတယ်။ ကျနော့် လေ့ကျင့်ခန်းကတော့ ရပ်မသွားပါဘူး။ ကံကောင်းလို့ မသေ သံချောင်းတို့အဖေပါပဲဗျာ။

ခင်ဗျား ခေါင်းရှုပ်သွားပြီ မဟုတ်လား။ အဲဒါ ဖြစ်ရိုးဖြစ်စဉ်ဗျ။ ဟုတ်တယ်။ လေ့ကျင့်မှု ပြင်းထန် ထိရောက်လာတဲ့အခါ ငါဆိုတဲ့ တွေးထင်ချက်တွေ လုံးလုံးပျောက် ကွယ်သွားတယ်။ စာတွေထဲမှာ ဒါဟာ အတ္တဒိဋ္ဌိကင်းလာတဲ့အတွက် ဖြစ်လာ ရတယ်လို့ဆိုသဗျာ။ ခင်ဗျားကြားဘူးမှာပါ။ ဘုရားလက်ထက်ကတောင်



www.burmeseclassic.com

www.burmeseclassic.com

ရဟာန်းငါးရာဟာ ကိုယ်လည်ပင်းကိုယ်လှီးကြပြီး သတ်သေကြတယ် ဆိုတာမျိုး ထင်ပါရဲ့ဗျာ။

တော်တော် အန္တရာယ်ကြီးတယ်ဗျာ။ တွေးမိရင် ခုထက်ထိ လန့်သလိုလို ဖြစ်ရတုန်း။ ဘာကြောင့်ဖြစ် တယ်လို့ ထင်သလဲ။ အနီးကပ်ဆရာမရှိတဲ့ အမှားဗျ။ လေ့ကျင့်ခန်းလုပ်မယ်လို့ စိတ်ကူးသူတွေ သတိကြီးကြီးချပ်သင့်တဲ့ အဆင့်ပေါ့ဗျ။ ကျနော်ဟာ ဆင်ခြင်ရင်း လေ့ကျင့်။ လေ့ကျင့်ရင်း ဆင်ခြင်နဲ့ အဆင့်တော်တော်များများ ကို ကျော်ခဲ့ရပါတယ်။ အဖြေသိချင်တဲ့ ပုစ္ဆာပေါင်းများစွာ ကျနော့်အတွေးတွေမှာ ဖြစ်လာခဲ့တယ်။ ဥပမာ၊ တရားတွေ့ဖို့ တစ်ရက်၊ တစ်မနက်၊ ခုနှစ်ရက်၊ ခုနှစ်လ၊ ခုနှစ်နှစ် အကြာမှာ ရတတ်တယ်ဆိုတာ ဘယ်သူက ဘာအထောက်အထားနဲ့ တွက်ချက် ထားတာလဲ ဆိုတာမျိုး ကအစပေါ့။ သို့သော် လေ့ကျင့်ခန်းကတော့ မပျက်ဘူး။ ကျနော် ဖြတ်သန်းခဲ့တဲ့ လေ့ကျင့်ခန်း အပြည့်အစုံကို ပြန်ပြောပြဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ကျနော့်မှတ်ဉာဏ်မှာ ပေါ်လာတာလောက်ကိုသာ ကျနော် ပြန်ပြောနိုင်တာပါ။

. . . . . . . . . . . . . . . .

အေးဗျာ။ ကျနော်လေ့ကျင့်ခန်း လုပ်ခါစက မှန်သောစကားတစ်ခုကို တရားမထိုင်ခင် ဆိုလေ့ရှိတယ်။ ကြားဖူးနားဝ အဆိုအမိန့်တွေနဲ့ မှန်သောစကားတစ်ခုနဲ့ အခြေတည်ဖို့ ကျနော့်ခေါင်းထဲ ရောက်လာတယ်။ အချည်းအနှီးမဖြစ်လောက်ဖူးလို့ ယုံကြည်တာနဲ့ ဆိုမဲ့သစ္စာကို သေချာစဉ်းစားခဲ့တယ်။ ဆရာကြီးဦးသုခ ပြောဖူးတာက မှန်ဖို့သာလိုတယ်။ နှစ်သက်ရာ သစ္စာစကားကို ဆိုနိုင်တယ် ဆိုပေမဲ့ကျုပ်ကတော့ ဆိုမဲ့သစ္စာကို သေချာရွေးခဲ့တယ်။ ဘယ်လိုဆိုဆို။ ဘယ်လိုစဉ်းစားစဉ်းစား ဒေါင်ဒေါင် မြည်မှန်နေရမယ်ဆိုပြီးရွေးဖို့ စဉ်းစားတော့ ကျနော့်အမေကို ပြေးသတိရတယ်။ ကျနော့် ဘဝမှာ အမေမသေခင် ကျနော်ပြုခဲ့တဲ့အလုပ်တွေအတွက် ကျေနပ်ခဲ့ဖူးတယ်။ ကျနော်က ရုပ်သလောက် အမေက တကယ့်ရိုးရိုးအေးအေး တောသူဗျ။ အဖေက ဥပမိရုပ်ကောင်း ပေမဲ့ အမေကတော့ ရွက်ကြမ်းရေကျိုရုပ်ရည်ပါ။ အဖေက အဖွားစကားနားထောင်ပြီး အမေ့ကို လက်ထပ်ခဲ့တာလို့ အမေက ခဏခဏပြောဖူးတယ်ဗျ။

သစ္စာဆိုဖို့အကြောင်းက အမေ ကျောက်ကပ်သွေးတိုးနဲ့ ဆေးရုံတင်ရတော့ ဒေါက်တာပိုင်စိုး (နောင် ကျန်းမာရေး ဒုတိယဝန်ကြီးဖြစ်လာသူ)က ကျနော့်ကို ခေါ်ပြီး ရောဂါအခြေအနေကို ရှင်းပြတဲ့အချိန်မှာပေါ့ဗျာ။ ကျောက်ကပ်လဲဖို့ နည်းလမ်း။ ကျောက်ကပ်ကိုထုတ်ပြီး နှစ်ပတ်တစ်ခါ သွေးထဲက အညစ်အကြေးတွေ ဆေးတာတွေ စုံလို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ကျနော်ကလည်း အမေနဲ့ပတ်သက်ရင် နဲနဲထူးဆန်းတယ် ပြောရမလား။ အဖေဆုံးပြီး အနှစ်နှစ် ဆယ်လောက်အတွင်းမှာ အမေဟာ သူ့သမီးတွေနဲ့ပဲ တစ်လှည့်စီနေနေတာ။ ကျနော့် စိတ်ထဲ၊ တစ်မျိုးတစ်မည် ခံစားမိတာနဲ့ မဆုံးခင် တစ်လအလိုမှာ ကျနော့်ညီမအိမ်ကနေ အမေ့ကို ကျနော့်အိမ်ဆီ ဖွတ်ခေါ်လာခဲ့တာဗျ။ ခါတိုင်းလည်း တစ်လတစ်ခါ ကျနော်ကိုယ်တိုင် ဒေါက်တာမြဦး(ဒုတိယကျန်းမာရေးဝန်ကြီးပါပဲ) နဲ့သွားပြနေကျပါ၊ ဆေးဝါးတွေရော၊ အစားအသောက်ကအစ လမ်းလျှောက် လေ့ကျင့်ခန်းအဆုံး သေချာ ကျနော် ဂရုစိုက်ခဲ့ပေမဲ့ ကျနော့်အိမ်ရောက်လို့ တစ်လမပြည့်ခင် အမေ ဈေးသွားရင်း မူးလဲပြီး ဆေးရုံရောက်ခဲ့တာပါပဲ။

ကျနော့်စိတ်ဟာ အမေ့အကြောင်းဆိုလည်းရောက်ရော ကျနော်ဆိုရမဲ့ သစ္စာကို ထင်းကနဲခေါင်းထဲမှာ ပေါ်လာတယ်။ တပည့်တော်ဟာ မိခင်မသေခင် အတတ်နိုင်ဆုံး၊ အကောင်းဆုံး ပြုစုကုသခဲ့ပါတယ်။ ဒီသစ္စာမှန်ရင် တကယ့်အမှန်တရားကိုတွေ့ ရပါစေပေါ့ဗျာ။

အထပ်ထပ်စဉ်းစားလေ၊ ကျနော့်သစ္စာဟာ မှန်လေပဲဗျာ၊ အရာရာကို တဖွတ်ထိုး လုပ်တတ်တဲ့ ကျနော်ဟာ ကျောက်ကပ်လဲဖို့ ဆရာဝန် ပြောတာလည်း နားထောင်ပြီးရော။ ဆေးရုံအောက်ထပ်မှာ စောင့်နေတဲ့ ကျနော့်ညီဆီ ပြေးသွားပြီး ဟေ့ကောင်၊ အမေ့ ကျောက်ကပ်ကို လဲလို့ရတယ် ပြောတယ်ကွ။ ဒါက သွေးသားအရင်း သားသမီးတွေမှ ရတယ်ပြောတယ်။ မင်းနဲ့ငါ တစ်ယောက်တစ်လုံး ကျောက်ကပ်ထုတ်ပြီး အမေ့ကို ကုကြရအောင်ဆိုတော့ ကျနော့်ညီက တို့ကျောက်ကပ် ထုတ်လိုက်ရင် တို့က ဘာဖြစ် မလဲတဲ့။

သူလည်း အမေကို ချစ်ပေမဲ့ နည်းနည်းတော့ တွန့်နေတယ်။ ကျနော်က ဟေ့ကောင် အမေ့အတွက်ဆို သေလည်း ဘာဖြစ်လဲကွလို့ ဖွတ်တွန်းတာပဲ။ ကျနော့်စိတ်ထဲမှာ ကျောက်ကပ်ကို နှစ်လုံးစလုံး လဲပစ်ရမယ် ထင်လို့ဗျ။ တကယ်ကို ကျနော်ဟာ အမေ့ကို ကျနော့်အသက်နဲ့လဲပြီး ကုချင်စိတ် ပြင်းထန်နေခဲ့တယ်။ တကယ်တမ်းတော့ မလဲဖြစ်ခဲ့ဘူးဗျာ။ အမေဟာ ကျောက်ကပ်လဲတဲ့ ဒဏ်ကို ခံနိုင်ရည်မရှိဘူးဆိုပဲ။ ဆေးရုံမှာဆုံခဲ့တဲ့ အသိဆရာမတစ်ယောက်က ရှင့်အမေကို ကုသဖို့ ဒီလို စိတ်မျိုးထားတာ ဘယ်တော့မှဒုက္ခကြီးကြီး ကျယ်ကျယ်မရောက်ဘူးလို့ ပြောခဲ့ဘူးတာလည်းပါတယ်။ အခု ဒုက္ခရောက်နေပြီ။ ဒါကို သစ္စာအဖြစ်ဆိုမှလို့ ဆုံးဖြတ် ခဲ့တာပဲ။ တော်တော်အသုံးတည့်တယ်ဗျာ။ ဒီသစ္စာကိုဆိုလိုက်တိုင်း ကျနော်ဟာ ကမ္ဘာ လုံးကြီးပေါ်မှာ ထိုင်ပြီး အလွန်မာကျောတဲ့ သံမဏိချောင်းကြီးလို အရာမျိုးနဲ့ မြေကြီးထဲကို ရိုက်သွင်းလိုက်တာ အဆုံးတိုင် ဝင်သွားသလို ခံစားရတယ်။ ဒါတွေလည်း ကြောင့်လည်း ထူးထူးဆန်းဆန်းတွေ ဖြစ်တာလည်း ပါချင်ပါမှာပေါ့ဗျာ။ ကျနော့်မှာ နတ်မျက်စိမှ



www.burmeseclassic.com

www.burmeseclassic.com

မရှိတာ၊ အသေအချာတော့ မသိနိုင်ဘူး။

ဒါတွေ ကျနော်ပြောနေတာ အကြောင်းရှိတယ်ဗျ။ ခင်ဗျားစိတ်မှာ သိပ်အံ့ဩနေတော့ ကျနော့် လုပ်ပုံကိုင်ပုံက သူတစ်ပါးတွေထက် ထူးခြားတယ်လို့ တွေးနေမှာစိုးလို့။ အခု ကျနော်လုပ်ခဲ့သမျှက အားလုံး ရိုးရိုးစင်းစင်းချည်းပဲဗျ။ ဆိုပါတော့၊ သီလယူတယ်ဗျာ၊ ငါးပါးသီလ ရိုးရိုးပါပဲ၊ စလုပ်တဲ့နေ့ကဆို အသက်သတ်တာ၊ ခိုးတာ၊ အိမ်ရာပစ်မှားတာ၊ လိမ်ပြောတာ၊ မူးယစ်တဲ့အရာ ရှောင်တာ တွေရွှတ်တော့၊ အစီအစဉ်တကျ မရွှတ်နိုင်လို့။ နှစ်ရက်သုံးရက်နေမှ ဟန်ကျသွားတယ်။ သီလ မစောင့်လို့ မရဘူးလား၊ ဟုတ်လား။ မရဘူး။ စောင့်ကိုစောင့်ရမယ်။ အဲဒီ စောင့်ထိန်းမှုကမှ အမှန်တရား ထွက်ပေါ်လာနိုင်တယ်ဆိုတာ ပုံသေနည်းဗျ။

ဒီလိုနဲ့ ကျနော့်ဘဝမှာ အထူးခြားဆုံး။ အထူးဆန်းဆုံး။ လူတွေ မယုံနိုင်စရာအကောင်းဆုံး၊ သံသယတွေ တထွေးကြီး ပွားစရာအကောင်းဆုံး၊ ပြန်ပြောခဲ့ရင် အကျိုးရှိပါ့မလား။ ပြောကောပြောသင့် ရဲ့လားလို့အကြိမ်ကြိမ် အထပ်ထပ် တွေးခဲ့ရတဲ့ ဖြစ်ရပ်၊ ကြုံတွေ့ခဲ့ရတဲ့နေ့ကို ရောက်လာပါတော့ တယ်။ ကျနော်ဟာ ပင်မရဲဘက်စခန်းမှာ ရောက်နေတဲ့ ရက်တစ်ရက်ပေါ့။ ပင်မစခန်းဟာ စခန်းခွဲ နဲ့ လေးမိုင်နီးပါးဝေးပါတယ်။

ခါတိုင်းလိုပဲ အိပ်ရာက နိုးခဲ့ပြီး လေ့ကျင့်ခန်း လုပ်ခဲ့ပါတယ်။ အဲဒီနေ့ကကျနော် အိပ်ခဲ့တဲ့ နေရာဟာ ပင်မစခန်းရဲ့ အစည်းအဝေးခန်းမကြီးနဲ့တွဲရက် ဧည့်သည်ထောင်မှူးတွေ တည်းဖို့ သီးခြားဖွဲ့ထားတဲ့ အခန်းငယ်လေးပါ။ ဆယ်နှစ်ပေ။ ဆယ့်ခြောက်ပေလောက် ရှိတယ်။ အုတ်နံရံကပ် အဆောက်အဦးပါ။ အဲဒီ အခန်းထဲမှာ ကျနော်အိပ်တဲ့ လက်ရာခပ်ကြမ်းကြမ်းသစ်သားကုတင်တစ်လုံးနဲ့ ကုတင်ဘေးမှာ သစ်သားသေတ္တာတစ်လုံးရှိပါတယ်။ မြေပုံတွေတချို့ စာရွက်စာတမ်းတွေ ထည့်သိမ်းထားတာပါ။ အဲဒီ သေတ္တာပေါ်မှာ မောင်မင်းကြီးသား အီးတီအဖေ ထိုင်ခဲ့တာပေါ့။ ခင်ဗျားသိပြီးသားဖြစ်ချင်ဖြစ်မယ်။ မှတ်တမ်းဖြစ်စေချင်တာကြောင့် အသေးစိတ်ပြောနေတာဗျ။

အဲဒီ အဆောင်ရဲ့ ရှေ့မှာ ပန်းခြံရှိတယ်။ အကျဉ်းသားတွေ ပြုစုပျိုးထောင်ထားတာဗျ။ ပန်းခြံလွန်ရင် အကျဉ်းသား အဆောင်တွေဆီကို သွားတဲ့ ကတ္တရာလမ်းကျဉ်းလေး ရှိတယ်။ ကတ္တရာလမ်းဘေးမှာ စခန်းခွဲကိုရောက်တဲ့ ချောင်းရှိတယ်။ အဲဒီချောင်းမှာ ကျနော်ရေဆင်းချိုးတဲ့ အကြိမ်အတော်များများမှာ ကျနော်ဟာ တဖြည်းဖြည်း ပေါ့သထက်ပေါ့လာတာကြောင့် ကျနော့်ကိုယ်ကျနော် ရေထဲမှာ လုံးလုံးပေါ်နိုင်ပြီလားလို့ အကြိမ်ပေါင်းများစွာ လူမသိသူမသိ စမ်းခဲ့ဘူးတာပေါ့။ နည်းနည်းတော့ ကြွေသလိုလိုပဲ။ ပေါ်သလား၊ ဟုတ်လား။ ရေကူးဖို့မခက်လောက်အောင်တော့ အလွန်အလွန်ပေါ့ပြီးပေါ်တယ်ဗျ။ လုံးလုံးတော့မပေါ်ဘူး။ မြုပ်မြုပ်သွားတယ်။ ဘာလို့စမ်းသလဲဆိုတော့ ၁၄–နှစ် အသက်ရှူလေ့ကျင့်ခန်း လုပ်ခဲ့တဲ့ဗီယက်နမ် သီလရှင်ကြီးတစ်ပါး



www.burmeseclassic.com

www.burmeseclassic.com

ရေထဲမှာ ပေါ်နေနိုင်တာ ကို ဖတ်ဘူးလို့ဗျ။

ကျနော် မနက်ပိုင်း အဲဒီချောင်းထဲမှာ ရေချိုးလေ့ရှိတယ်။ ဒီမနက်လည်း ရေချိုးဖို့ဆိုပြီး အခန်းထဲက ချောင်းဘက်ဆီကို လျှောက်ခဲ့တယ်။ ပြင်ပ လောကကြီးဟာ သာမန်ပါပဲ။ ဒါမဲ့ ကျနော့်စိတ်ထဲမှာ တမျိုးထူးခြားနေတယ်။ စိတ်ဟာ လန်းဆန်းပေါ့ပါး နေတယ်။ ကြောင့်ကျမှုအားလုံး ကင်းစင်နေတယ်။ ကျနော် ကောင်းကင်ကို မော့ကြည့် လိုက်တယ်။ နေ့အလင်းရောင်ဟာ မပီပြင်သေးပါဘူး။ နွေနဲ့မိုး စပ်ကူးမတ်ကူး အချိန်ပါ။ ကောင်းကင်ပြင်ကြီးမှာ တိမ်ပါးပါး တချို့ရှိနေတယ်။ ကျနော်ဟာ လမ်းခင်းကျောက်ပြား တစ်ချပ်ပေါ်မှာ ရပ်နေတယ်။ နေရောင်မမြင်ရသေးပါဘူး။ ကျနော့်ပတ်ဝန်း ကျင်မှာရှိနေတဲ့ သစ်ပင်နိမ့်နိမ့်အုပ်အုပ်ကလေးတွေ။ မလှမ်းမကမ်းက ချောင်းငယ်။ ရှိသမျှနဲ့ ဖြစ်သလိုကာထားတဲ့ ပန်းခြံက ရောင်စုံသစ်သားတန်းလေးတွေ အားလုံးဟာ သာမန်ပါပဲ။ သာမန် မဟုတ်တာက ကျနော့်စိတ်ဗျ။ ကောင်းကင် ကိုမော့ကြည့်မိပြန်တယ်။

ဘာများထူးခြားနေလို့လဲ။ ခါတိုင်းနေ့နဲ့ ဘာကွာနေတာလည်း။ ငါ့စိတ် ဘာဖြစ်နေတာလဲ၊ ဆိုပြီး တွေးနေတယ်။ စိတ်ဆိုတဲ့ ခေါင်းစဉ်နဲ့လည်း တွေးလိုက်ရော။ ကျနော့်ရင်ထဲမှာ စကားလုံးနဲ့ မဖော်ပြနိုင်တဲ့ အလွန်ချမ်းမြေ့တဲ့ ခံစားမှုတစ်ခုကို သတိချပ်မိတယ်။ မှန်ပါတယ်။ ကျနော့်စိတ်မှာ ဒီနေ့ ဒီအချိန် လောကကြီးဟာ သာယာ လှချည့်လား။ ကြည်နူးဖို့ကောင်းလှချည့်လား။ ကျနော့်ရဲ့ နှလုံးအိမ် တစ်နေရာက ထွက်လာတဲ့ အလွန်နူးညံ့ ကြည်နူးဖွယ်ကောင်းတဲ့ လှိုင်းတစ်မျိုး တရှိန်ရှိန် တငွေ့ငွေ့ ထွက်နေတာကို ကျနော်အကြာကြီး ခံစားနေမိပါတယ်။ ခင်ဗျား စဉ်းစားကြည့်စမ်းပါ။ ရဲဘက်ကို ရောက်နေတဲ့ အကျဉ်းသားတစ်ယောက်ဟာ စွပ်ကျယ်ဂျိုင်းပြတ်ကို ဝတ်ပြီး လမ်းခင်းကျောက်ပြားပေါ်မှာ မနက်စောစော ကောင်းကင်ကြီးကို ရပ်ကြည့်တာ ဘာ၊ စိတ်ချမ်းသာစရာရှိသလဲ။ သေချာတာက အေးချမ်းမှုဟာ ကျနော့်ကိုယ်ခန္ဓာ အတွင်းပိုင်းဆီက ထင်ထင်ရှားရှား ထွက်ပေါ်လာနေတာပါပဲ။ သာယာလိုက်တဲ့ လောကကြီးဗျာ။ နေချင့်စဖွယ်ကောင်းလိုက်တဲ့ လောကကြီး။ ညစ်ညူးစရာဘာတစ်ခုမှ မရှိတဲ့ လောကကြီးလို့ ကျနော့်စိတ်မှာ အထပ်ထပ် ကျူးရင့်နေမိတော့တာပါပဲ။ ဒီလိုနဲ့ကျနော့် ဘဝရဲ့ အလွန်ထူးခြားသော နေ့ ရဲ့အစဟာ အလွန်ကြည်နူးဖွယ်နံနက်ခင်းနဲ့ စတင်ခဲ့ပါတယ်။

ရေချိုးပြီး ပြန်တက်လာတော့ အဝတ်အစားလဲပြီး ထုံးစံအတိုင်း ဆရာကြီး ဦးဂိုအင်ကာရဲ့ ဓမ္မရေစီး ဆိုတဲ့ စာအုပ်ကို ဖတ်ပါတယ်။ ဆရာသက်ကြီး ရဲ့စာအုပ်ထဲက တချို့ မရှင်းလင်းတဲ့စာပိုဒ်တွေ၊ အခန်းတွေကို ဖတ်တယ်။ ကျနော့်စိတ်ဟာ တည်ငြိမ်လန်းဆန်းနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဆယ်တစ်နာရီလောက်မှာ ကျနော်နဲ့ အတူနေတဲ့ စားဖိုတာဝန်ခံ မောင်ဝင်းက ထောင်ပိုင်ကြီး အတွက် ထမင်းပြင်ဆင်ပေးပြီးတဲ့နောက်၊ ကျနော်တို့ စားအိုးတွဲ သုံးယောက်အတွက် ထမင်းဝိုင်း ပြင်ပါတယ်။ ခရမ်းချဉ်သီးနဲ့ဘဲဥရောမွှေထားတဲ့ ဟင်းနဲ့အရွက်ဟင်းချို ခပ်ရိုးရိုးပုံမှန်ပါပဲ။ စားနေရင်းလည်း ထမင်းလုပ်ကို စယူတာက အစ။ပါးစပ်ထဲရောက်၊ ဝါးနေ မျိုချ မှတ်လို့ရသမျှ၊ ဟင်းချိုသောက်ချိန် ဇွန်းကိုင်တာ ကအစ အကုန်မှတ်နေပါတယ်။

ထမင်းစားပြီးတော့ အခန်းဖက်ကို ပြန်လာပြီး စားပြီးတဲ့အခါ ငါ့ခန္ဓာကိုယ် ဟာဘယ်လိုနေသလဲ ဘာပြောင်းလဲသလဲ။ ဆင်ခြင်ပါတယ်။ စားပြီးတဲ့အချိန်ဟာ မစားခင်ထက် မှတ်ရတာ ပိုလေးတယ်။ ပိုခက်တယ်။

နေ့လည် တစ်နာရီလောက်ကျတော့ အကျဉ်းသားတွေကို ဘုတ်ပြန်ထုတ်တယ်။ နေ့လည်ပိုင်း အလုပ်ပြန်ဆင်းတာလေဗျာ။ နေ့လည်တစ်နာရီခွဲလောက်မှာ ကျနော် ကိုထွန်းထွန်းဦးတဲဆီကို ထွက်ခဲ့တယ်။ သူ့တဲဆီကူးတဲ့ တံတားလေးက ရေမြုပ်နေလို့ ဖိနပ်ချွတ်ပြီး ကူးခဲ့ရတယ်။ တဲရဲ့နောက်ပိုင်းမှာ ဘေးဖက်က ဝင်လို့ရတဲ့ ဝါးကဲလားတပ် လုပ်ထားတဲ့ အပေါက်ဖက်ကနေ ကျနော် ဝင်ခဲ့တယ်။ ကိုထွန်းထွန်းဦးဟာ တဲထဲမှာ ခြင်ဆေးတိုင်တစ်တိုင်ထွန်းပြီး တရားထိုင်နေပါတယ်။ ဆယ်မိနစ်လောက်ကြာအောင် ကျနော် ထိုင်စောင့်နေပါတယ်။ မှတ်လျက်ပါပဲ။ သူက တရားဖြုတ်ပြီး ရေနွေးအိုး ချတည်ပါတယ်။ ကျနော်က ထိုင်ရတာအဆင်ပြေရဲ့လား ဆိုတော့ သူက၊ အေးဗျာ ဒီမှာက တရားစခန်းလောက် မှတ်လို့မကောင်းဘူးဗျတဲ့။ ကျုပ်က ကိုထွန်းထွန်းဦးရယ် ရောက်တဲ့နေရာ စခန်းလို့သာ မှတ်ပါတော့လို့ ပြောတော့ သူက ဟုတ်တယ်ဗျ။ အဲသလို စိတ်မျိုးထားရမှာ။ ခင်ဗျားထားနိုင်တာ အကျိုးရှိမယ်။ လို့ဆိုပါတယ်။ အဲဒီ အကျိုးဟာ နောက်တစ်နာရီကျော်လောက်မှာ ဖြစ်လာတော့မယ်ဆိုတာ ကျနော်ကြိုမသိခဲ့ပါဘူး။

ကျနော့်စိတ်ထဲမှာ တမျိုးဖြစ်လာတာနဲ့ကိုထွန်းထွန်းဦး သစ္စာလေးပါးဆိုတာ ကျနော့်ကို ဟောပြ စမ်းပါဆိုတော့ သူက သူနားလည်သလောက် ဒုက္ခသစ္စာ။ သမုဒယ သစ္စာ။မဂ္ဂသစ္စာ။ နိရောဓသစ္စာ ဆိုပြီး ပြောပြပါတယ်။ ကျနော်ဟာ အဲဒီတရားကို ဒီထက်သိချင်စိတ် ပေါ်လာနေပါတယ်။ သို့သော် ဉာဏ်ကမမှီပါဘူး။ ဒုက္ခဆိုတာ ထောင်ထဲရောက်တုန်း ပြောကြတာကလား။ သစ္စာထိုက်တဲ့ ဒုက္ခဟာ ဘယ်လိုဟာ မျိုးလည်း ကျနော်သိချင်စိတ်တွေ အဆက်မပြတ် ပေါ်နေခဲ့ပါတယ်။ တွေးရင်းမှတ် မှတ်ရင်းတွေးနဲ့ ကျနော်လုပ်နေတာတွေကို ကိုထွန်းထွန်းဦး သိပုံမရဘူးဗျ။

သုံးနာရီ မထိုးခင်မှာ တဲအဆင်းကနေ စမှတ်ပြီး ပြန်ခဲ့တယ်။ ကတ္တရာလမ်း ပေါ်ရောက်တော့ ကျနော့်စိတ်ထဲမှာ ကျနော့်ခြေထောက်တွေကို သစ်သားချောင်းတွေလို ထင်လာတယ်။ ခြေတစ်လှမ်း လှမ်းတိုင်း သစ်သားချောင်းတွေက ကတ္တရာလမ်းကို



www.burmeseclassic.com

www.burmeseclassic.com

သွားသွားထောက်မိလို့ ဒုတ်ဒုတ် ဒေါက်ဒေါက် အသံတွေကို ကျနော့်နားမှာ ကြားနေရတယ်။ ဒီလိုနဲ့ညက အိပ်ခဲ့တဲ့အခန်းထဲကို ပြန်ရောက်လာပါတယ်။ အခန်းထဲကိုရောက်တော့ ကုတင်ဆီကို လျှောက်သွားလိုက်တယ်။ နောက် ကုတင်ပေါ်ကို ထိုင်မိတော့မှဲ့ဆဲဆဲမှာပဲ ကျနော့်အတွက် အံ့သြမကုန်နိုင်တဲ့ အဖြစ်ကိုကြုံရပါတော့တယ်။

ဟုတ်ပါတယ်။ ကျနော့်ခန္ဓာကိုယ်ဟာ တခုခု ထူးခြားနေပါပြီ။ ဘာဖြစ်နေသလဲ၊ ရှုးစမ်းစိတ်ဟာ ထပ်ချပ်မကွာ ပါနေပါတယ်။ စက်နှိုးသံလိုလို ကြားသလိုပဲ။ အင်ဂျင်စက်တစ်ခုခုကို ငြင်ငြင်သာသာ နှိုးနေတဲ့အသံပါ။ အဲဒီ အသံဟာ ကျနော့်ခန္ဓာကိုယ်ထဲက လာနေပါတယ်။ သတိကို မပြတ်တမ်း ချပ်ထားလျက်ပါပဲ။ စက်နှိုးတဲ့အသံဟာ ပီပြင်သထက်ပီပြင်လာပါတယ်။ ပိုပြီး ပြင်းလာပါတယ်။ သေချာသွားပါပြီ။ ကျနော့်ခန္ဓာကိုယ်ဟာ စက်ကြီးတစ်ခုလို စတင်နှိုးလာနေပါပြီ။ စိတ်ကို ထပ်တည်ငြိမ်အောင်လုပ်ပြီး ငါဘာဖြစ်နေတာလဲ။ ငါ့စိတ် ကယောင်ချောက်ခြား ဖြစ်နေသလား အထပ်ထပ်စစ်ပါတယ်။ အလွန်အေးချမ်းနေပါတယ်။ ဘာပူပင်မှုမှ မရှိတာသေချာလှပါတယ်။ စိတ်ကူးထဲမှာ ဆက်မှတ်မှုဆိုတဲ့ အတွေးပေါ်လာပါတယ်။ ကုတင်ပေါ်ကို ထိုင်မိနေပါပြီ။ ကျနော်ဟာ အရာရာကို သိစိတ် မပြတ်ရှိနေပါတယ်။ နှာဝကလေကို မပြတ်အောင် မှတ်နေပါတယ်။ ခါတိုင်းလို ဘုရားရှိခိုးမေတ္တာပို့ပြီး လေ့ကျင့်ခန်း ဆင်းနေတာ မဟုတ်ဘူး။

ရုတ်တရက် ကုတင်စွန်းမှာ ထိုင်မိနေတာပါ။ ကျနော့်စိတ်ဟာ အပြင်ကော အတွင်းကိုပါ ကောင်းစွာ သတိရနေပါတယ်။ အဲဒီအချိန်မှာ ရုတ်တရက်ဆိုသလို ကျနော့်ခန္ဓာကိုယ်ရဲ့ အလယ်ခေါင်တည့်တည့်ကနေ အာရုံတန်းတစ်ခု ထိုးထွက်လာနေပါပြီ။ တိတိကျကျ ပြောရရင်ကျောဖက် အောက် နားကျကျ နေရာကနေ ထွက်လာနေပါတယ်။ ရင်ညွှန့်ဆီကိုတက်လာတယ်။ ခေါင်းဆီကို ရောက်လာတယ်။ နောက် အဲဒီအာရုံဟာ ငယ်ထိပ်တည့်တည့်ကနေ အလင်းထက်မြန်တဲ့ အရှိန်တစ်ခုနဲ့ အထက်ကောင်းကင်ယံကို တက်သွားပြန်ပါတော့တယ်။ ဒီတော့ ကျနော်ဟာ အမည်မသိ ယာဉ်တစ်ခု ပေါ်ကို ရောက်နေတယ်လို့ ခံစားလာရတာနဲ့ အောက်ဖက်ကိုအသာငုံ့ကြည့်မိပါတယ်။ လားလား။ သေချာပါတယ်။ ကျနော်ဟာ ယာဉ်တစ်ခုပေါ်ကိုရောက်နေပါရော့လား။ အဲဒီ ယာဉ်ဟာ ငြိမ့်နေအောင် ခရီးနှင်နေတဲ့အတွက် ရွေ့နေမှန်းကို မသိနိုင်လောက်အောင် ဖြစ်နေပါတယ်။ အသိစိတ်က အဆက်မပြတ်တဲ့အတွက် ဘယ်လိုယာဉ်လဲလို့ စိတ်ထဲက ငုံ့ကြည့်မိလိုက်ပါတယ်။ ကျနော်ဟာ ရွှေအိုရောင်ယာဉ်တစီးပေါ်ကို ရောက်နေပေါ့ လားဗျာ။

ကျနော်စီးနင်းလိုက်ပါနေတဲ့ ယာဉ်ရဲ့ထိပ်ပိုင်းဟာ သင်္ဘောဦးပုံစံဗျ။ ကျပ်လည်း ထိပ်ပိုင်းကိုသာ ကြည့်မိတယ်။ နောက်ပိုင်းဖက်ကို ဘာရယ်ကြောင့်မသိ



www.burmeseclassic.com

www.burmeseclassic.com

လှည့်မကြည့်ဖြစ်ခဲ့ဘူး။ ကျနော်ကလား၊ မတ်တတ်ရပ်လျက်ဗျ။ ရွှေအိုရောင် ထိပ်ပိုင်းဟာ ချောမွတ်မနေဘူး။ ရွှေအတုံးအခဲလိုက်ကြီးလိုပါပဲ။ လက်ရာခပ်ကြမ်းကြမ်းလို့ ပြောရမလား။ မော်ဒန့်ဒီဇိုင်း ဖော်ထားလေသလားတော့ ကျုပ်မသိဘူး။ ဖြတ်ထနေသလိုလို အကွက်ဖော်ထားသလိုလိုနဲ့၊ သေချာတာက အရောင်တင်ထားသလို မဟုတ်ပဲ အော်ရီဂျင်နယ် ရွှေတုံးကြီးလိုဗျာ။ အင်း ဒရိုင်ဘာပါမပါလည်း ကျနော် မစပ်စုမိလိုက်ဘူးဗျ။

ယာဉ်ဟာ လက်ဝဲဘက် အောက်ဖက် ထောင့်ကနေ လက်ယာဘက် အပေါ် ထောင့်ဖက်ကို ခရီးနှင်လေရဲ့။ ကျနော်က ရှေ့ဖက်ကို သတိထားကြည့်လိုက်တော့ မှောင်တယ်လို့လည်းမဆိုသာ လင်းလှတယ်လို့လည်း မပြောနိုင်တဲ့ အခြေအနေတစ်ခုမှာ ခရီးဆက်နေတယ်ဗျာ။ မကြာမတင် အချိန်တစ်ခုမှာပဲ ကျနော့် ရှေ့တည့်တည့် ခပ်ဝေးဝေး နေရာတစ်ခုမှာ မာကျူရီမီးရောင်လို ခပ်မှိန်မှိန် အလင်းရောင်လေးတွေကို စတွေ့ပါတော့ တယ်။ ကျနော်စီးနင်းနေလိုက်ပါနေတဲ့ ယာဉ်ရဲ့ဘယ်ညာ နှစ်ဖက်စလုံးမှာဗျ။ ဘယ်ညာ စီတန်းပြီး ရှိနေတဲ့မီးရောင်လေးတွေကို မြင်နေတာ။ တဖြည်းဖြည်း နီးလာလေ ကျနော်လည်း ငါဘယ်ရောက်နေသလဲ သိချင်လေဆိုတော့ သေချာသတိထားပြီး ဆက် ကြည့်နေတယ်။ တစ်ခုထူးဆန်းတာက ကျနော့်စိတ်ထဲမှာ ဘယ်လိုမှ မနေဘူးဗျ။ ဆိုလိုတာက ကြောက်တာ။ စိတ်လှုပ်ရှားတာတွေ မရှိဘူး။

အတော်အတန်နီးလာတဲ့အခါ အဆောက်အဦး တချို့ကိုတွေ့လာရပါတယ်။ အလင်းရောင်နဲ့သာ မှန်းနိုင်တဲ့အနေအထားပါ။ အနီးကပ် စေ့စေ့စပ်စပ် ကြည့်လို့မရ နိုင်ဘူး။ ကျနော့်စိတ်ထဲမှာ သေချာမှတ်ထားအုံးမှလို့ စိတ်ကူးပေါ်လာတာနဲ့ အဆောက်အအုံ ဒီဇိုင်းကို ခန့်မှန်းကြည့်ပါတယ်။ နန်းတော်လိုလို၊ မန္တလေးက သုခမ္မာဇရပ်တွေလိုလို၊ ကရဝိက်ဖောင်ရဲ့အပေါ်ပိုင်းလိုလိုပဲဗျာ။ ဘယ်ဖက်မှာ တစ်ဆောင် ညာဖက်မှာ နှစ်ဆောင်။ ဖန်သားမှန်သားတွေနဲ့ ဆောက်ထားလို့ ကျနော့်အမြင်မှာ ကွဲအောင်မကြည့်နိုင်တာလည်း ဖြစ်နိုင်တယ်ဗျ။ ကျနော့်စိတ်ဟာ ခရီးစဉ်တစ်လျှောက်လုံး အသိမကင်းပဲ ကောင်းစွာသတိရနေပါတယ်။ အဲဒီ အဆောက်အဦတွေကို ကြည့်နေရင်း နဲ့ပဲ အချိန် ဘယ်လောက်ကြာတယ်ဆိုတာ ဘယ်လိုမှမပြောနိုင်ပါဘူး။ ကျနော် ဘယ်လို ပြန်ရောက်လာတယ်၊ ဆိုတာလည်း မပြောနိုင်ပါဘူး။ ကျနော်ဟာ ရဲဘက်စခန်း ညှော်ထောင်မှုတွေအတွက် သီးသန့်ထားတဲ့ ပင်မစခန်းညှော်ဆောင်နဲ့တွဲရက် ကျနော် အိပ်တဲ့အခန်းထဲက ကုတင်ပေါ်ကို ပြန်ရောက်နေပါတယ်။ အပြင်မှာနေညိုနေပါပြီ။

ကျနော်အံ့ဩတာ တစ်ခုရှိသေးတယ်။ ကျနော်နေတဲ့အခန်းဟာ လူသွားလမ်းနဲ့ ခဲတစ်ပစ် မဝေးဘူးဗျ။ စခန်းက အကျဉ်းသားနဲ့ ဝန်ထမ်းတွေ ငါးရာဝန်းကျင် ရှိတဲ့စခန်း။ အဆောင်က ပင်မညှော်ခန်းဆောင် တံခါးတွေ အားလုံးဖွင့်ထားတယ်။ ကျနော့်အခန်း



www.burmeseclassic.com

www.burmeseclassic.com

ကလည်း သံဇကာတွေတပ်ထားလို့ အပြင်ကနေ ဒိုးယိုပေါက်နီးပါး မြင်နေရတဲ့ အနေအထား။ နောက်တော့ နေ့ခင်းကြောင်တောင်ကြီး ကျနော် တပ်ပျဉ်ခွေ၊ လက်နှစ်ဖက်ကိုထပ်ပြီး မျက်လုံးမှိတ်ထားပြီး အချိန်အကြာကြီး ငုတ်တုတ်မေ့၊ ငြိမ်နေတာကို ဘယ်သူကမှ သတိမထားမိကြဘူး ထင်ပါရဲ့ဗျာ။ သတိထား ကြည့်မိတော့ဘေးလမ်းမှာ လူသံသူသံတွေနဲ့ ကိုယ့်အလုပ်ကိုယ်လုပ်နေကြတာပဲ။ နေမိဘုံခန်းပျို့တောင် သတိရစရာ ကောင်းသေးရဲ့ဗျာ။ အမေရိကန်တို့၊ ရုရှတို့က ကမ္ဘာကျော်သူဌေးတွေထက် အာကာသကြီးအပြင်ကို စကြဝဠာ ခရီးနှင်တာ ဒေါ်လာ သန်းနှစ်ဆယ် သုံးဆယ်ကုန်သတဲ့။ ကျနော်ကတော့တစ်ပြားမှ မကုန်ပဲ ဘယ်နေရာမှန်း မသိတဲ့နေရာကို ဘာမှန်းမသိတဲ့ ယာဉ်တစ်စီးနဲ့ ဘာအဆောက်အဦးတွေမှန်း မသိတဲ့ နေရာကိုရောက်ခဲ့သဗျာ။ ရောက်တာမှ အိပ်နေတုန်းလည်းမဟုတ် တရားထိုင်နေတုန်း လည်း မဟုတ်။ သတိလွတ်နေတဲ့ အချိန်လည်းမဟုတ်။ တော်တော့်ကို စဉ်းစားရကြပ်တဲ့ အဖြစ်ပါပဲ။ ရူးလို့ လျှောက်ပြောနေတယ်လို့ အပြောခံရမဲ့ အဖြစ်ဗျ။ ကဲ ခင်ဗျားလည်း ကျနော်ရူးနေတာ မဟုတ်ရင် နတ်ပြည်ရောက်ခဲ့တယ် ထင်မှာပဲမဟုတ်လား။ ဒါကို ခဏထားပါဗျာ။ ဒီကိစ္စဖြစ်ပြီးတဲ့နောက် ကျနော့်ရဲ့အတွေးအစဉ်မှာ တိကျတဲ့အဖြေ တစ်ခုကို ထုတ်နိုင်ဖို့ လိုလာပါတော့တယ်။ ငါ ဘယ်ကို ရောက်ခဲ့တာလဲ။ ဘာကြောင့် ရောက်ခဲ့သလဲ။ ဘယ်သူက ဘယ်လိုအကြောင်းကြောင့် ပို့ခဲ့သလဲ။ ဘာကြောင့် အရှင် လတ်လတ် သိစိတ်မကွာပဲ ရောက်ခဲ့တာလဲ။ မေးခွန်းတွေကတော့ မဆုံးနိုင်တော့ပါဘူး။ နတ်ပြည်ရောက်ရအောင်၊ ပို့ရအောင်လည်း ကျနော်ဟာ နတ်ရွာနတ်ဂတိကိုဘယ်တုန်း ကမှ မတောင့်တခဲ့ဘူး။ ဘယ်တောင့်တမလဲ၊ နတ်ပြည် ဘယ်နေရာရှိတယ်။ တကယ်ကော ရှိမရှိ ကျနော်မှ မသိပဲ။ကျနော်လေ့ကျင့်ခဲ့တာက လည်း အဲဒီလိုနေရာမျိုး ရောက်ဖို့၊ ရောက်အောင် မရည်ရွယ်ခဲ့ဘူး။ ကုန်ကုန်ပြောရရင် ကျနော်လေ့ကျင့်ခန်း မဆင်းခင် ရွတ်ဆိုတဲ့ဘုရားရှိခိုးထဲမှာတောင် နတ်ပြည်ရောက်ရပါလို၏ လို့မပါဘူး။ ခင်ဗျား ရွတ်ကြည့်၊ ခင်ဗျားဆိုတဲ့ ဩကာသနဲ့ ကျနော်ဆိုခဲ့တဲ့ ဩကာသ အတူတူပဲ။ လူတိုင်း ရွတ်နေဆိုနေကျ ဩကာသပါပဲ။ ဘာတဲ့ မဂ်တရား၊ ဖိုလ်တရား နိဗ္ဗာန် တရားတော်မြတ်ကို ရ ရ ပါလို၏ တဲ့။ ဒါပဲ ဘယ်မှာ နတ်ပြည်ပါလို့လဲ။ ထား၊ နေအုံးဗျ။ ဒီ ဆုတောင်းလည်း ကျနော်ရွတ်သာ ရွတ်ခဲ့တာ အဲဒီ မဂ်တို့ဖိုလ်တို့ ရဖို့ဆိုတာ ကျနော့် စိတ်ထဲ မရှိရိုး အမှန်ဗျ။ ကျနော့်ဘဝ ပူလောင်တယ်။ အေးငြိမ်းတဲ့ဘဝကို ရချင်တယ်။ ကျနော် လုပ်ရမယ်ဆိုတဲ့ အလုပ်ကိုလုပ်တယ်။ လေ့ကျင့်ရမယ် ဆိုတာကိုသာ လေ့ကျင့် တယ်။ တကယ် လုပ်တယ်။ ပြင်းပြင်းထန်ထန်ကြီးလို့တောင် တကယ်တမ်း မပြောနိုင် လောက်သေးဘူး ထင်ပါ့ဗျာ။ ခင်ဗျားမှတ်မိပါလိမ့်မယ်။ ကျနော်ပြောဖူးတဲ့ ဗြဟ္မာပြည်တို့ ဘဝပေါင်းများစွာတို့၊ ရက္ခစိုးတို့ တစ္ဆေတို့၊ အသူရကာယ်ဘုံတို့ ဘိုးမင်းခေါင်၊



www.burmeseclassic.com

www.burmeseclassic.com
ဘိုးဘိုးအောင်တို့ ဆိုတာတွေကို ကျနော့်အာရုံမှာ အကြိမ်ကြိမ် ကြုံခဲ့ရပါတယ်။

ဒါတွေကို ကျနော် လက်မခံခဲ့ဘူး။ ထင်ရာမြင်ရာတွေလို့သာ ကျနော်သဘော ပိုက်ခဲ့တယ်။ အခု နတ်ပြည်လိုလို လာပြန်တယ်။ သို့သော် အရင်လို အိပ်မပျော်ခင် အချိန်မျိုးတွေ အားကောင်းကောင်းနဲ့ ရှုမှတ်နေချိန်မျိုးတွေမှာ မဟုတ်တာမို့ အတည်ပြုဖို့ ခက်ခဲလှပါတယ်။ စဉ်းစားလေ ကြပ်လေ ရှေ့ဆက် စဉ်းစားမရလေပါပဲ။ ခင်ဗျားပြောချင် တာ ရှိလိမ့်မယ်။ ဒါများဗျာ။ သူတော်ကောင်းတရားလုပ်လို့ နတ်ပြည်ပို့တာပဲလို့၊ အင်း..ဒီလို ထင်ရာလွယ်လွယ် ဆွဲတွေးပြီး ကျနော်ဗုဒ္ဓဘာသာ အမည်ခံခဲ့တာ အသက် ငါးဆယ် ပြည့်တော့မယ်။ ဒီလမ်းကို ပြန်မလိုက်ပါရစေနဲ့တော့၊ ကျနော့် ဉာဏ်မှာ တကယ်ရှင်းမှ အယူအဆတစ်ခုကို လက်ခံတော့မယ်လို့ ကျနော် ပိုင်းဖြတ်ထားခဲ့ပြီဗျာ။ ကျနော်သူတော်ကောင်း ဖြစ်ပါပြီလို့ ဘယ်လိုပိုင်းဖြတ်နိုင်မလဲဗျာ။ ဖြစ်ပျက်ကိုတောင် တိတိကျကျ နားမရှင်းသေးတဲ့အချိန်လေ။ နောင်အချိန်အတော်ကြာမှ ဖြစ်ပျက်ဆိုတဲ့ အရာဟာ ကျနော်နဲ့အနီးဆုံး နေရာမှာ ကာလအကြာကြီး ကတည်းက ရှိနေခဲ့ပါလား ဆိုတာ နားရှင်းခဲ့ပါတော့တယ်"

ကိုသက်ခိုင်၏ စကားတန်းရှည်ကြီး ပြီးဆုံးချိန်တွင်ကား နေအတော်စောင်းခဲ့ပြီ။ ငှက်တချို့ပင် အိပ်တန်းပြန်ကြပြီ။ နှစ်ဦးသား အတွေးကိုယ်စီနှင့် လှေငယ်ကို တက်ကိုယ်စီဖြင့် လှော်ခတ်ရင်း စခန်းခွဲရှိရာသို့ ပြန်ခဲ့ကြပါသည်။

❁ ❁ ❁ ❁ ❁ ❁


www.burmeseclassic.com

www.burmeseclassic.com

## ၁၃။ တစ်ခါတစ်လေလဲ ဝဲကတော့လေပွေ ၊ တစ်ခါတစ်လေတော့ မြညှင်းလေပြေ

"တစ်ယောက်ချင်း ဆင်းကြ"

"ကိုယ့်အိပ်ယာနဲ့ ကိုယ့်အထုပ်ကို ညီနေအောင် စီထားကြ"

"တွေ့လို့ကတော့ ကိုယ့်သမိုင်း ကိုယ်ရေးကြပေါ့ကွာ"

"ဟော့ကောင် နိုင်ဝင်း၊ တစ်ယောက်ချင်း တလာစီနော်၊ ပြဿနာက မင်းခေါင်းပေါ် ပုံကျလာမယ်"

"မင်းအမေလင့်အိမ်မှာ အလှူလုပ်တာ အောက်မေ့နေလား၊ စွတ်မတိုးနဲ့လေကွာ၊

ဆူဆူညံညံအသံများကား အိပ်ဆောင်ဆီမှ ထွက်ပေါ်လာခြင်းဖြစ်၏။ ဘယ်သို့ဘယ်ပုံ သတင်းရလေသည်မသိ၊ ထောင်မှူးအမိန့်အရ အိပ်ဆောင်ပေါ်မှာ အရက် တလာစီနေခြင်းဖြစ်၏။ တလာစီခြင်း ဟူသည်ကား အကျဉ်းစခန်းစည်းကမ်းအရ လက်ဝယ်မထားရသည့် ပစ္စည်းများကို ရှာဖွေသိမ်းဆည်းခြင်းဖြစ်၏။ အမှန်တော့ ရဲဘက်စခန်းစည်းကမ်းမှာ ထင်သလောက်တင်းကြပ်လှသည်တော့ မဟုတ်။ နေတတ်လျှင် ကျေနပ်စရာဟူသော ထောင်စကားမှာ ရဲဘက်တွင် အထိုက်အလျောက် မှန်ကန်သည်ဟု ဆိုရမည်။ ထောင်ထဲတွင် စက္ကူဘော့ပင်စသော စာရေးကိရိယာများ ကိုင်ဆောင်ခွင့် မရသော်ငြား ရဲဘက်တွင်းကား ယင်းပစ္စည်းတို့အတွက် ပြဿနာမရှိချေ။ ယခု တလာစီရခြင်းအကြောင်းကား အိပ်ဆောင်ပေါ်သို့ အရက်ခိုးသွင်းထားသည်ဟူ သောသတင်းရသောကြောင့်ဟုဆိုသည်။ နေ့လည်ထမင်းစားပြီး ခေတ္တနားချိန်ဖြစ်၍ ရဲဘက်တို့၏ မျက်နှာများကား မသာယာလှ။ ကျနော်လည်း ဆူညံသံနှင့်မျက်စိနောက် သည့်ဒဏ်ကို ရှောင်ကွင်းရန်အလို့ငှာ ကိုသက်ခိုင်၏တဲရှိရာသို့ မယောင်မလည်နှင့် ထွက်လာခဲ့သည်။ တဲပေါ်တွင် ကိုသက်ခိုင်တစ်ယောက် စာအုပ်တစ်အုပ်ကို ထိုင်လျက် ဖတ်နေသည်။ ကိုသက်ခိုင်က ကျနော့်ကို အရယ်ကဲသည့်မျက်နှာပေးဖြင့် ကြိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com

"အာရုံနောက်ရတဲ့အထဲ ခင်ဗျားက ဘာကြောင့် ရယ်မလိုလို လုပ်နေရတာတုန်း"

"အော်၊ အဆောင်ပေါ်က တလာစီတဲ့အသံ ဒီလောက်ဆူညံနေတော့ ခင်ဗျား လစ်လာရတဲ့ အကြောင်းကို သိနေလို့ပါ၊ နောက်တစ်ခုက အရက်အကြောင်း ဆရာ သော်တာဆွေ ရေးထားတဲ့ စာလေးတစ်ပိုဒ်ကို ပြေးသတိရလို့"

"လုပ်ပါဦး၊ ဆရာသော်တာဆွေက ဘယ်လိုရေးတာတဲ့တုန်း၊ ခင်ဗျားကတော့ သော်တာဆွေလို နိုင်ငံကျော် အရက်သမားဘိုးအေနဲ့ ရင်းနှီးခဲ့ဖူးသူဆိုတော့ အတွင်းသိ တွေထင်ပါ့"

"သတိရမိတဲ့စာပိုဒ်လေးက သူနဲ့ရင်းနှီးလို့ သူ့ဆီက ကြားခဲ့ရတာ မဟုတ်ပါဘူး၊ သူရေးတဲ့ စာမှာဖတ်ရတာပါ။ ဆရာသော်တာဆွေနဲ့ ဆရာမကြီးဒေါ်ခင်မျိုးချစ် အချီအချ ပြောကြတဲ့ စကားလေးပါ၊ ဘာတဲ့၊ ဟေ့ မောင်သော်တာဆွေ၊ ခင်ညာတဲ့။ အရိယာများ အရက်သောက်ရင် ရေဖြစ်သတဲ့ မောင်၊ အော် သမျှောစရာကြီးနော် ဆိုပဲ၊ အခုလည်း ရဲဘက်တွေကို အရက်တလာစီမှဲ့အစား အားလုံး အရိယာဖြစ်အောင် သင်တန်းပေး လိုက်ရင် ကောင်းမလား စဉ်းစားမိလို့ပါ"

"ဟေ့လူ အရိယာပုဂ္ဂိုလ်တွေ အရက်သောက်ရင် ရေဖြစ်တယ်ဆိုတာ တကယ်လားဗျ"

"အော် ခင်ဗျားကလည်း စာကို သေချာမဖတ်ပဲကိုး၊ ရေဖြစ်တယ်လို့ ပြောတာက ဆရာမကြီး ဒေါ်ခင်မျိုးချစ်လေ၊ လူကြီးက နောက်ပါ့မလားဗျာ၊ တကယ်တော့ ဖြစ်ပျက်ဆိုတာကို သေချာနားရှင်းရင် အရိယာများ အရက်သောက်ရင် ရေဖြစ်တယ် ဆိုတာ သဘောပေါက်လွယ်ပါ့လိမ့်မယ်၊ တိုတိုပြောရရင်ဗျာ၊ သောက်ထားတဲ့ အရက်ကြောင့်ဖြစ်ပေါ်နေတဲ့ လှိုင်းကို နိမိတ်လုံးပေါ်တင်ပြီး စိုက်ကြည့်နေတဲ့အခါ အရက်ရဲ့တန်ခိုးသတ္တိဟာ ခန္ဓာကိုယ်ထဲမှာ အစွမ်းမပြနိုင်တော့ပဲ ရေလိုဖြစ် သွားတဲ့သဘောပါပဲ"

"ဒါဆိုလည်း ခင်ဗျားပြောနေတဲ့ ဖြစ်ပျက်ဆိုတာကို နားရှင်းအောင် ပြောပါအုံး"

"အမှန်တော့ ကျနော်ပြောခဲ့တဲ့အထဲမှာ ဖြစ်ပျက်ရဲ့အစ ပါသွားခဲ့ပါပြီ။ ဘယ်နေရာလည်း ဆိုတာ ခင်ဗျားဘာသာ ရှာကြည့်ပေါ့။ ဒါမှမဟုတ် ကျနော်ပြောတာ ဆက်နားထောင်ပေါ့ ဗျာ။ ကျနော်မေ့နေတာ တစ်ခုရှိတယ်။ ကျနော့် ခန္ဓာကိုယ်ကြီး အင်ဂျင်တစ်တုံးလို ထနိုးပြီး အထက်တစ်နေရာ ရောက်ခဲ့တဲ့နေ့ဟာ ကျနော်လေ့ကျင့်ခန်း ဆင်းခဲ့တာ ခုနစ်လဝန်းကျင်ရှိချိန်ပဲ။ အစက လေ့ကျင့်ခန်း စလုပ်တဲ့နေ့ ကို မှတ်ခဲ့ပေမဲ့ နောက်တော့ မေ့မေ့လျော့လျော့ ဖြစ်သွားတယ်။ ကျနော့် အလုပ်က နေ့တွေကို မမှတ်နိုင်တော့ဘူး။ လေနဲ့ခန္ဓာကိုယ်ကိုသာ မှတ်နေခဲ့တာကိုး။ စက်နှိုးပြီး သိပ်အံ့သြ လွန်းလို့ ငါလေ့ကျင့်ခဲ့တာ ဘယ်လောက်ကြာပြီ လဲစဉ်းစားတော့မှ ခုနစ်လဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

သတိပြုမိပါတော့တယ်။ အေးပေါ့ဗျာ။ ဟ၊ ဒီလိုဆိုတော့ ကျမ်းဂန်တွေမှာ ဖော်ပြထားတာ အမှန်ပါကလားလို့ အဖြေရခဲ့တာပေါ့။ ကျနော့် ဖြစ်ပျက်ကို ဆက်ပါရစေအုံး။

နောက်ပိုင်းရက်တွေမှာ ကျနော့်နှာသီးဝက လေဟာ တုတ်ချောင်းတစ်ချောင်းလို မာလာတယ်။ အသက်ရှူလိုက်ရင် တစုံတစ်ခုက နှာဝအတွင်းပိုင်းကို သိသိသာသာ လာတိုးတယ်။ ဘယ်လောက် ပြင်းထန်အောင် မှတ်သလဲဆိုရင် နှာသီးဖျားမှာ ပေါ်လာတတ်တယ်လို့ ပြောကြရေးကြတဲ့ အမှုန်တွေ တုန်ခါခြင်းဟာ ကျနော့်ခြေဖဝါး တွေမှာ ဖြစ်လာတဲ့အထိပဲ။

မြေပြင်မှာ ရပ်နေရင် သတိချပ်လိုက်ရင် ခြေဖဝါးက အမှုန်တွေတုန်ခါတာ ပြင်းလွန်းလို့ ငါရပ်နေတဲ့ နေရာအောက်မှာ လိုဏ်ခေါင်းများရှိလေရော့သလား ခဏခဏ တွေးမိတဲ့ အထိဗျ။

ဆက်တိုက်ဖတ်လိုက်မှတ်လိုက်နဲ့ ပွဲကောင်းလိုက်တာ နှာသီးဖျားက တုတ်တံလိုအရာဟာ တဖြည်းဖြည်း ရှည်လာပြီး နှာခေါင်းအတွင်းပိုင်းကို ရောက် သွားတယ်။ တဖြည်းဖြည်း ခေါင်းဘက်အတွင်းကို ရောက်လာတော့ နှာဝက ဝင်နေထွက်နေတာဟာ ရေပိုက်ထဲက ရေထွက်နေသလို ခံစားရတယ်။ ဘယ်နှယ့် နှာခေါင်းထဲကို ရေအလုံးလိုက် ဝင်နေထွက်နေသလဲ စဉ်းစားတာပေါ့။ စာတွေလည်း ဖတ်နေပြီ ဆိုတော့ရှာဖတ်တဲ့အခါ တွေ့ပါတယ်။ နည်းနည်း မြင့်လာတဲ့ နိမိတ်တစ်မျိုး ပေါ့ဗျာ။ တိတိကျကျပြောရရင် အဲဒါဟာ ဥဂ္ဂဟနိမိတ်ပါပဲ။ ဒီနေရာမှာ လိုအပ်မယ်ထင် လို့ ဒီစာပိုဒ်လေးတော့ သည်းခံပြီး ဖတ်လိုက်ပါဗျာ"

ပြောပြောဆိုဆို ကျနော့်ထံလှမ်းပေးသော စာအုပ်ထူကြီးမှာ သေက္ခတောင် ဆရာတော် အရှင်တိလောကမထေရ် စီရင်အပ်သော ပဏ္ဍိတဝေဒနိယဒီပနီကျမ်း၏ စာမျက်နှာ ၅၀၆ ဖြစ်၍ သူ ဖတ်ခိုင်းသော စာပိုဒ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"တပည့်တို့ - အာနာပါန အားထုတ်ပုံတို့၏ လိုရင်းအဓိပ္ပါယ်မှာ ပွတ်ကြိုး ဆွဲသောသူ ပွတ်ကြိုးကို ရှည်ရှည် တိုတို နှေးနှေး မြန်မြန်အားဖြင့် အခါကိုသိ၍ မိမိအလိုရှိသလို ဆွဲဘိသကဲ့သို့လည်းကောင်း၊ ဖိုထိုးသောသူ ရှည်ရှည် တိုတို နှေးနှေး ပျော့ပျော့ ပြင်းပြင်းအားဖြင့် အခါကိုသိ၍ မိမိ အလိုရှိသလို ထိုးဘိသကဲ့သို့လည်းကောင်း၊ ထိုထွက်သက်ဝင်သက်ကိုလည်း ဆိုအပ်ခဲ့ပြီးသည့် အတိုင်း ရှည်ရှည် တိုတို ဧသည် တို့ဖြင့် အခါကိုသိ၍ မိမိ အလိုရှိသလို ဖြစ်စေ၍ ထွက်စေ ဝင်စေ၍ တစ်...နှစ်... ဧသည်ဖြင့်လည်း မရေတွက်အပ်၊ မရေတွက်မူ၍ လေသွားရာအရပ်ကိုလည်း အကုန်အဆုံးလိုက်၍ မရှုမူ၍ လွှဖြတ်တိုက်သော ယောကျ်ားသည် လွှသွားရာကိုလိုက်၍ မရှုဘဲလျက် လွှသွားထိရာဌာသာ စိတ်ကိုထား၍ ကြည့်၍ လွှသွားကို အကုန်ထင်ရှား



www.burmeseclassic.com

www.burmeseclassic.com

မြင်ရလေဘိသကဲ့သို့ ထို့အတူ နှာခေါင်းပေါက်၌သာ စိတ်ကို ထား၍ သတိသညာဖြင့် သိ၍ မှတ်မိ၍ သာလျှင် ထွက်စေ၍ ဝင်စေ၍ ထွက်ဝင် ထွက်ဝင် ထွက်ဝင်၍ဟု သိမှတ်လျက် ထိုထွက်ဝင်၍ နေသောလေကို ဝါယော ကသိုဏ်းနိမိတ်ယူသကဲ့သို့ စိတ်ထဲ ဉာဏ်ထဲ၌ ထင်မြင်၍လာအောင်ကြည့်ရှုအပ်၏။ ကြည့်ရှုရာ၏။ ကြည့်ရှု၍ နိမိတ်ယူရာ၏။

တပည့်တို့-ဤအာနာပါန နိမိတ်ရအောင် ကြည့်ရှုအားထုတ်ပုံသည် နားမလည်၍ နေရာမကျ မလုပ်တတ်သော သူတို့မှာ အလွန်ခက်၏။ နားလည်၍ နေရာတကျ လုပ်တတ်သောသူမှာ အလွန်လွယ်၏။

တပည့်တို့- ဤကဲ့သို့ ကြည့်ရှုဖန်များလာသောအခါ နှာခေါင်းပေါက်၌ သွယ်တန်း၍နေသော ကြိုးကလေးကဲ့သို့လည်းကောင်း၊ တုတ်တံကလေးကဲ့သို့ သော်လည်းကောင်း၊ ကြယ်ရောင်ကဲ့သို့သော်လည်းကောင်း၊ ပွန်တံပေါက်၌ ထွက်ဝင်၍နေသော ရေစိုင်လုံးကဲ့သို့သော်လည်းကောင်း၊ ဤသို့ စသည်ဖြင့် မိမိတို့ သညာအားလျော်စွာ လှုပ်ရှားလျက် အာနာပါန ဥဂ္ဂဟနိမိတ် ထင်လာ၏။

တပည့်တို့- ဤထွက်သက်ဝင်သက်ဆိုတာ စိတ္တဇလေဓာတ်တည်း။ အောက် အဘိဓမ္မာ သုညတနည်း၌ ဟောပြခဲ့သော လေဓာတ်၏ သဘောကို သိ၍ထားကြ။ ဤကဲ့သို့ လေဓာတ်သဘောကို သိသောသူအား ဤအာနာပါနနိမိတ်သည် အခိုးကဲ့သို့ သော်လည်းကောင်း၊ ရေကဲ့သို့သော်လည်းကောင်း၊ ထင်၏။ လျင်မြန်စွာလည်း ထင်လွယ်ရလွယ်၏။

တပည့်တို့- ဤသို့ ဥဂ္ဂဟနိမိတ်ရပြီးသော အခါ ထွက်သက်ဝင်သက်တို့ကို ကြောင့်ကြ မစိုက်မူ၍ မကြည့်ရှု မူ၍ ဤစိတ်ထဲ၌ ဉာဏ်ထဲ၌ ထင်မြင်၍ ရရှိ၍နေသော ဥဂ္ဂဟနိမိတ်ကိုသာ အဖန်ဖန် ကြည့်ရှု၍ နေရာ၏။ ဤသို့ ကြည့်ရှုဖန်များ သောအခါ အလွန်ချောမွေ့ နှစ်သက်ဖွယ် ဖြစ်လျက် ငြိမ်သက်စွာ ပဋိဘာဂနိမိတ် ဖြစ်၍ ထင်၏။ ထို အာနာပါန ပဋိဘာဂနိမိတ်ကို အဖန်ဖန် အားထုတ်ကြည့်ရှုသောအခါ ဈာန်အင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ပထမဈာန် အပ္ပနာဇောစီထိ ကျလာ၏။ ပထမဈာန်ကိုရ၏။ ဤ ပဋိဘာဂနိမိတ်ကိုပင် ကြည့်ရှု၍ ကသိုဏ်း၌ ဆိုခဲ့ပြီးသော နည်းအတိုင်း အထက်ဈာန်တို့ကိုလည်း တက်အပ်၏။ ဖြစ်စေအပ်၏။ ဤအာနာပါန ကမ္မဋ္ဌာန်းသည် ပဥ္စမဈာန်ကျအောင် ဈာန်ငါးပါးစလုံးကိုပင် ဖြစ်စေနိုင်၏။"

ကိုသက်ခိုင် ဖတ်စေသောစာတို့၏ အဆုံးတွင် ကျနော်က...

"အမှန်အတိုင်း ပြောရရင်ဖြင့် မင်းဖွယ်စိုးဖွယ်မို့သာ စားကြည့်မိတယ်၊ ခံရသာ ကတော့ ခပ်ဖွယ်ဖွယ်ပါပဲ ဆိုသလို ဖြစ်နေပြီဗျ၊ ခင်ဗျား ဆရာတော်ရဲ့ စာတွေကို ကျနော် နားမလည်တာ အမှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါလည်း ရှင်းရှင်းလေးပါဗျာ၊ ခင်ဗျားက ဒီအလုပ်ကို လုပ်ဖူးတဲ့သူမှ မဟုတ်တာ၊ တကယ်တမ်း လုပ်လာတဲ့အခါ နားလည်ဖို့ မခဲယဉ်းလှပါဘူး"

"ဒါနဲ့ ခင်ဗျားက ဘယ်အဆင့် ရောက်ခဲ့တုန်းဗျ၊ ခင်ဗျား ဖတ်ခိုင်းတဲ့ စာထဲမှာ ချာန်အဆင့်ဆင့် အကြောင်းတွေ ပါနေသလားလို့ "

"မလောပါနဲ့လေ၊ စာတွေပေတွေလိုအပ်တယ်ဆိုတာ မှန်သော်ငြား တစ်ယောက်နဲ့တစ်ယောက် တွေ့မြင်ပုံချင်း ခြားနားတတ်ပါတယ်၊ ကျနော့်ကိုယ်တွေ့ကို သာဆက်ပြီး နားထောင်စေချင်ပါတယ်"ဟုဆိုလျက် ကိုသက်ခိုင်က စကားဆက်ပြန်ပါသည်။

"နောက်ထူးခြားတာက ကျနော်ဟာ လေ့ကျင့်ခန်း ဆင်းတော့မယ်ဆိုရင် တန်းဖြတ်မဲ့ အချိန်ကို စိတ်က ဆုံးဖြတ်လိုက်ရုံပဲဗျ။ ထိုင်ပြီး တစ်မိနစ်မပြည့်ခင် ကိုယ်ခန္ဓာက ကျောက်တုံးကြီး ချထားသလို ဖြစ်သွားတယ်။ ငါးမိနစ်နဲ့ ဆယ်မိနစ် ဝန်းကျင်မှာ လောကကြီးနဲ့ အဆက်ပြတ်ပြီး နာရီချိန်မှတ် စက်အော်သံကြားရင် ထလိုက်ရုံပဲ။ တော်တော်တော့ဇိမ်ကျတဲ့အလုပ်ဗျ။ ဘာမှကို မပင်ပန်းတော့ဘူး။ တစ်နာရီလား။ နှစ်နာရီလား။ တစ်နေကုန်လား လာခဲ့။ ဘာမှ အပန်းမကြီးတော့ဘူး။ နှာဝက လေလား။ နှာဝတင် မကတော့ဘူးဗျ။ နှာခေါင်း အတွင်းပိုင်းထဲကို ထောက်လှမ်း ရေးစက်ကလေး တစ်လုံးထည့်ထားသလိုကို ဖြစ်နေပြီ။ သိနေလွန်းလို့ မှတ်စရာကို မလိုတော့ဘူး။ သိသလား မမေးနဲ့။ ဟော့ဆိုပြီး မှတ်လိုက်တာနဲ့။ အဲဒီ နေရာလေးက ကျနော်တို့ ထောင်ထဲ လူစစ်တဲ့အချိန်မှာ အော်သလိုပေါ့။ ရှိ...တဲ့။ ရယ်စရာ ပြောတာ ပါဗျာ။ အဲဒါ ဖြစ်ပျက်ကို လိုက်ရှာမဲ့စက်ကလေးပဲပေါ့ ဗျာ။

နောက်ပိုင်းမှာ ကျနော်ဟာ အဲဒီ နှာသီးဖျားက လေအဝန်း၊ ရေအဝန်းလို အရာကို သေချာစပ်စုတော့ ဒါဟာ တွန်းအားတစ်ခုကြောင့်ဖြစ်နေတဲ့အလှုပ်သဘောလို့ သိလာတယ်ဗျ။ အစတော့ လှုပ်နေတာကို ငြိမ်အောင် ထိန်းနေရတယ်။ စိတ်ကူးတွေ တောင်ရောက်မြောက်ရောက်ဖြစ်ရင် ပိုလှုပ်တယ်။ ဒီတော့ ကျနော်လည်း ဖတ်ထားတဲ့ ထဲက မှတ်မိသလောက် မျှတပြီးမှန်ကန်တဲ့အချက်ရှစ်ချက်ကို နားလည်သလောက် စိတ်ထဲက တွေးတယ်။ ဘာတဲ့ဗျာ။ မျှတမှန်ကန်တဲ့အပြော၊ အလုပ်၊ အသက်မွေးမှု၊ အယူအဆ၊ ကြံစည်မှု၊ အားထုတ်မှု၊ သတိထားမှု၊ တည်ငြိမ်မှုတွေပေါ့။ ထူးဆန်းတယ်ဗျ။

ဘာမှ ကြီးကြီးကျယ်ကျယ်နားမလည်ပေမဲ့ လေအဝန်းဟာ ထင်တာထက် မြန်မြန် ငြိမ်သွားတတ်တယ်။ ကျနော် ခံယူချက်က နားလည်သလောက်ပဲ လုပ်မယ်။ ကြီးကြီးကျယ်ကျယ်တွေ မမှီတာတွေကို ဆက်မတွေးဘူး။ သိမှမသိတာဗျာ။ ကိုယ်[illegible] သလောက်ပေါ့။ မျှတမှန်ကန်တဲ့ အချက်ရှစ်ချက်ဆိုတာ ပါဠိလို မဂ္ဂင်ရှစ်ပါးကို [illegible] တာဗျ။ လယ်တီဆရာတော်ဘုရားကြီးရဲ့ မဂ္ဂဒီပနီမှာ–



www.burmeseclassic.com

www.burmeseclassic.com

၁။ **သမ္မာဒိဋ္ဌိ၊** ဖြူစင်ဖြောင့်မတ် ကောင်းမြတ်သော ဉာဏ်အမြင်။

၂။ **သမ္မာသင်္ကပ္ပ၊** ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော အကြံအစည်။

၃။ **သမ္မာဝါစာ၊** ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော ဝစီကံမှု။

၄။ **သမ္မာကမ္မန္တ၊** ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော ကာယကံအမှု။

၅။ **သမ္မာအာဇီဝ၊** ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သောအသက်မွေးမှု။

၆။ **သမ္မာဝါယာမ၊** ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော လုံ့လဝီရိယမှု။

၇။ **သမ္မာသတိ၊** ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော မမေ့မလျော့မှု။

၈။ **သမာသမာဓိ၊** ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော စိတ်တည်ကြည်မှု။

လို့ ဖော်ပြထားသဗျ။ အလွတ်ရလို့ သိပ်အထင်ကြီးမနေနဲ့အုံး၊ စာတွေကိုသေချာကြည့် ခင်ဗျား အလွတ်ကျက်စရာဆိုလို့ စကားလုံးရှစ်လုံးပဲပါတာ။ ကျန်တာတွေက အနက်တွေထပ်နေတာ။

. . . . . . . . . . . . . . . . . .

တဖြည်းဖြည်း ကျနော်ဟာ ခန္ဓာကိုယ်အတွင်းပိုင်းကို ထောက်လှမ်းလာနိုင်တယ်။ ဘယ်လို လုပ်သလဲဟုတ်လား။ တုတ်ချောင်းလိုလို ရေစိုင်လုံးလိုလိုမှာ အဆံနဲ့တူတဲ့ ဗဟိုရှိတယ်ဗျ။ တဖြည်းဖြည်း ငြိမ်သက်လာတာနဲ့အမျှ အဲဒီဗဟိုကို ရောက်လာတယ်။ ဗဟိုကို ရောက်ချိန်မှာ အဲဒီစက်ကလေးကို တောင်ရွှေ့မြောက်ရွှေ့လုပ်လို့ရတယ်။ ငယ်ထိပ်၊ နောက်စေ့၊ ခေါင်းဘေးဖက်ခြမ်းတွေ၊ ပါးပြင်တွေ ပုခုံး၊ လက်မောင်း တစ်ကိုယ်လုံးဆိုပါတော့ဗျာ။ အဲဒီမှာ ဘာတွေ့သလဲ သိသလား။

သတိချပ်လိုက်တဲ့နေရာတိုင်းမှာ အပ်နဲ့ထိုးသလိုလို။ ဓားတစ်ခုခုနဲ့ဆွလိုက်သလိုလို ဖြစ်နေတယ်ဗျာ။ တစ်ခါတစ်ခါများသတိကပ်တဲ့အချိန်ကို ကျနော်တောင် သတိမထားမိဘူး။ ရုတ်တရက် ကျနော့်ပါးပြင်ဟာ အမှုန်တွေဖြစ်ပြီး ကြွေကျကုန်လို့။ ဟာ၊ ငါ့ပါးတော့ သွားပါပြီ။ ဘယ်နှယ့် ပါးမှာအသားတွေ မရှိတော့ပါလားဆိုပြီး ပါးကို ယောင်ပြီး စမ်းမိတာတွေလည်း ဖြစ်လာတယ်။

တစ်ရက်ပေါ့ဗျာ။ ထိုင်ပြီး ဆယ်မိနစ်လောက်ကြာတော့ ကျနော်ဟာ ထုံးစံအတိုင်း လောကကြီးနဲ့ အဆက်အသွယ်ပြတ်နေတဲ့အချိန် ကျနော့်ရှေ့မှာ ကျုပ်ခန္ဓာကိုယ် အချိုးအစားအတိုင်း တသွေမတိမ်းတူတဲ့ အရိုးစုကြီးဟာ ကျနော် ထိုင်သလိုပုံစံ တပလ္လင်ခွေထိုင်နေတယ်။ သေချာကြည့်လေ ဒါဟာ ကျနော်ပဲလို့ သိလာလေပဲ။ အသားတစက်မှ မပါတဲ့ အရိုးစုကြီးဗျာ။ အရိုးတွေက နီညိုရောင် ရင့်ရင့်ပဲ သူဘာလုပ်နေသလဲ ဟုတ်လား။ သူက ကျနော်ထိုင်သလို ထိုင်ပြီး ပါးစပ်ကနေ တွတ်တွတ် ဘာရွတ်မှန်း မသိရွတ်နေတယ်။ ရွတ်တာမှ မြန်မြန်ကြီးကို ရွတ်နေတာ ဗျား။



www.burmeseclassic.com

www.burmeseclassic.com

ဒီနေရာမှာ ကျနော်နဲ့ခင်မင်ဖူးတဲ့ နီတွတ်ကျော်ဆိုတဲ့ လူငယ်တစ်ယောက်ပြောပြဖူးတဲ့ စိတ်ကငြိမ်နေတဲ့အခါ ရုပ်ကအလုပ်ရှုပ်နေတယ်။ ရုပ်ကငြိမ်နေတော့ စိတ်က အလုပ်ရှုပ်နေတယ် ဆိုတဲ့ စကားတခုကို ပြေး သတိရမိတယ်ဗျာ။

ကျနော်ဟာ မှတ်တယ် ဆိုတဲ့ အလုပ်ကို ဘယ်ပုံစံနဲ့ မဆို မှတ်နိုင်နေတယ်။ သွားနေနေ။ စားနေနေ လှဲနေနေ ထိုင်နေနေ၊ အိပ်နေနေ ဘယ်အနေအထားမှာ မဆို မှတ်နိုင်လာတယ်။ တစ်နေ့ ကျနော် ဘေးတစောင်းလှဲနေရင်း မှတ်နေတုန်း ဗြုန်းဆို ကျနော်ဟာ တခြားဘက်ကိုစောင်းသွားတယ်လို့ ရုတ်ကနဲ ထင်လိုက်တယ်။ ငါ လည်းမစောင်းဘဲနဲ့ ။ ဘယ်လိုဖြစ်တာလဲ ဟ ။ သေချာထပ်ပြီး ဂရုစိုက်လေ ကျနော်ရဲ့ တခြားသော ခန္ဓာကိုယ်တစ်ခုဟာ ဘေးဘက်ကို လှည့်လှည့်နေတယ်။ အော် ငါ့စိတ်ကူးတာတောင် ငါမသိသေးဘူး။ သူက လှည့်နေတာ အရင်ပါလား။ နောက်တစ်ခါ ရှိသေးဗျာ။ ထိုင်လို့ မကြာခင် ကျနော့်မျက်နှာတည့်တည့်ကို လက်နှိပ်ဓာတ်မီးလို အလင်းတန်းတစ်ခုနဲ့ထိုးလိုက်သလို ဝင်းကနဲဝင်းကနဲ လာလာပေါ်နေတယ်။ အလင်းအမှုန်အမွှားလေးတွေက ထိုင်ခါစမှာ ပေါ်ဘူးပေါင်းများပါပြီ။ ဒီတစ်ခါက ခပ်ကြီးကြီးဗျ။

နောက်တစ်ခု ဒီအမှုန်တွေဟာ အချိန်တိုင်းလိုလို မတည်မြဲဘူးဗျ။ ပြောင်းလဲ နေတယ်။ ဘယ်လို ပြောင်းလဲသလဲဟုတ်လား။ ခဏခဏ ကိစ္စချောပြီး အသစ်ပြန် ဖြစ်နေတာ။ အမြဲပြောင်းလဲနေတာနဲ့ ကိစ္စချောနေတာကို ကျနော်နဲ့ ဆိုင်သလား သေချာ စပ်စုတာပေါ့။ စပ်စုသမှ ကျနော်ဟာ အသက်လုံးဝ မရှူတဲ့အခြေအနေ ရောက်အောင် လေ့ကျင့်ပြီးစူးစမ်းတာ၊ ဟုတ်လိုက်သမှဗျာ။ ကျနော် အသက်မရှူလည်း သူဘာသူ အမြဲပြောင်းအမြဲ ကိစ္စတုံးနေတာ။ အမြဲပြောင်းနေတယ်။ ပျက်စီးသွားတယ်။ အဲဒီ နှစ်ခုကို ထိန်းချုပ်ပြုပြင်လို့ မရဘူး။ ဟုတ်ပါတယ်ဗျာ။ ခင်ဗျားတို့၊ ကျနော်တို့အမြဲ ပြောပြောနေတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတာ အဲဒါပါပဲ။

. . . . . . . . . . . . . . . . .

ဒီလို အမှုန်တွေ၊ ကြွေကြွေကျနေတဲ့ ကျနော့်ခန္ဓာကိုယ်က အလင်းတွေ အမှုန်တွေ၊ စူးနဲ့ အပ်နဲ့ထိုးသလိုတွေ နေရာအနှံ့မှာ လှိုင်းထလှုပ်ရှားနေတာတွေ တွေ့ဖန်များလာ။ လေ့လာဖတ်ရှုမိတဲ့စာတွေလည်း အထိုက်အလျောက် ရှိလာပြီးတဲ့နောက် တစ်နေ့မှာတော့ ကျနော်ဟာ လေ့ကျင့်ခန်း ဆင်းနေရင်း ငါဟာ အမှုန်တွေနဲ့ ဖွဲ့ထား တာပါကလား၊ အလင်းလိုဟာမျိုးလည်းပါသေး၊ နောက် လေဖိအားလို၊ ဒါတွေကိုဆွဲစိ ပေါင်းစပ်ထားတဲ့အရာ။ အားလုံးကို အသိဉာဏ်တစ်ခုနဲ့ ဆက်ကာ ဆက်ကာ ဆင်ခြင်မိလာပါတယ်။ ငါသာ မဟုတ်၊ ကျနော်လို ဘဝတူရဲဘက်တွေ၊ ထောင်ဝင်သိမ်း



www.burmeseclassic.com

www.burmeseclassic.com

တွေ။ တခြားသူတွေ ဒီလိုပဲ ဖွဲ့ထားကြတာပါလား။ အားလုံး၊ အားလုံး ကုန်ကုန်ပြော ရင်ဗျာ။ ဘေးမှာ တစီစီအော်ပြီး ပျံနေတဲ့ခြင်တွေ။ ချောင်ကြိုချောင်ကြား လျှောက်သွား နေတဲ့ ကြွက်တွေ အားလုံးဟာ အဲဒီလို ဖွဲ့ထားတာတွေကလည်း ရုတ်တရက်ဖြစ်လာ။ ချက်ချင်းပျောက်သွား၊ နောက် အသစ်တစ်ခုပေါ်လာ။ ဆက်တိုက် ဆက်တိုက် ဖြစ်နေတာပါကလား။

ဒါတွေ ဆက်တိုက်ဖြစ်လာတို့ မူလစွမ်းအင်တစ်မျိုး၊ ရာသီဥတု၊ စားထားတဲ့ အစာ။ စိတ်လို့ခေါ်တဲ့ ထောက်လှမ်းရခက်တဲ့အရာတွေ ပံ့ပိုးလို့ဖြစ်နေတာပါကလား ဆိုတာ တန်းစီပြီး ကျနော့်အသိဉာဏ်မှာ ထင်လာပါတော့တယ်။ သိပ်လည်း နားရှုပ်မသွားပါနဲ့ဗျာ၊ ဒါတွေကို စာစကားနဲ့ပြောရင် ရုပ် နာမ်ရဲ့သဘော ဓာတ်ကြီးလေးပါးရဲ့သဘောကို တစတစ သိမြင်လာခြင်းပါပဲ။

. . . . . . . . . . . . . . . . . . . .

ဒါတင်မရပ်သေးပါဘူး။ ကျနော့်ရဲ့ ဆင်ခြင်တွေးတောမှုဟာ ဒီအမှုန်တွေ အလင်းတွေ စတင် ဖြစ်ပေါ်လာရာ နေရာတစ်ခုဆီကို ရုတ်ခြည်းပြေးသွားပြန်ပါတယ်။ ဘာမှ မရှိတဲ့၊ နေရာ အခြေအနေတစ်ခုမှာ ရုတ်တရက် ပေါက်ကွဲမှုလိုလို၊ ရော ဖြစ်ပွားပေါ်ပေါက်မှုကြီး တစ်ခုလိုလိုကနေ ဆင့်ကဲ ဆင့်ကဲ ရွေ့လျားပြောင်းလဲ လာတာတွေ၊ တစ်စတစ်စ အချိန်ကာလတွေကို ဖြတ်သန်းပြီး အမှုန် အလင်းအပူချိန် ဖွဲ့စည်းမှုအမျိုးမျိုးရှိတဲ့ အခြေအနေအမျိုးတွေကို ကျနော့်စိတ် ကျနော့်ဉာဏ်မှာ ထင်လာပါလေရော။ ဒီကတဆင့် အမှုန်တွေလို မြင်ခဲ့ရတဲ့ ရက္ခစိုးကအစ ဖြဲပွား အသူရကာယ်၊ တစ္ဆေ၊ နတ်ပြည်ဆိုတာတွေဟာ ဘယ်ကဘယ်လို ဆက်စပ်မိမှန်း မသိတော့ပါဘူး။ နေရာဒေသသုံးဆယ့်တစ်ခု။ သုံးဆယ့်တစ်ဘုံဆိုတာပါ ဉာဏ်မှာ တရေးရေး ထင်လာပါတော့တယ်။ အမှန်တော့ ကျနော်ဟာ လောကကြီး ဖြစ်တည်လာပုံ၊ ဖြစ်တည်နေပုံရဲ့ သဘောကို အထိုက်အလျောက် စောကြောသိမြင်လာခြင်းပါပဲ။

ဒါတွေဟာ စံနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားမှုကြီးပါကလား။ ဘဝပေါင်းများစွာတို့ ကောင်းသောအမှုတို့ မကောင်းသောအမှုတို့ဟာ စိတ်နဲ့ကိုယ် အပြုအမူတွေကတဆင့် စွမ်းအင်သက်ရောက်မှုတွေ ရှိနေပါကလား ဒီထက်ရုပ်တွေ နက်နဲတဲ့ ကျနော်နားမလည်တဲ့ ရုပ်တွေနာမ်တွေရဲ့ သဘော။ ဆက်စပ် ဖြစ်စဉ်တွေလည်း အများကြီးရှိသေး။ သူ့နည်းလမ်းအတိုင်း လုပ်ကြည့်တော့ တကယ်ပဲ တွေ့သိလာတယ်။

မြတ်စွာဘုရား။ ဟုတ်ပါ့ဗျာ။ ဒီစံနစ်တကျ ဖြစ်စဉ်ကြီးကို ရှာဖွေဖော်ထုတ်ခဲ့တာ အခု ကျနော်တို့ ကိုးကွယ်နေတဲ့ ဂေါတမဗုဒ္ဓပေါ့။ ခုနှစ်လ လေ့ကျင့်တဲ့သူက ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com

သိရင် မရှေ့တွက်နိုင်တာ လေးကြိမ်၊ နောက် ကမ္ဘာတစ်သိန်းဆိုတဲ့အချိန် ရှာဖွေ လေ့ကျင့်တဲ့သူ ဘယ်လောက်များ သိလေမလဲ။ ဆိုချင်သလိုသာ ဆိုတော့ဗျာ။ ကျနော်ဟာ ဘုရားဆိုတာ ဘယ်လိုမှ စာနဲ့ရေးမပြောတတ်လောက်အောင် အထင်ကြီး လေးစားလာပါတော့တယ်။ အလေးအမြတ်ထား ရမဲ့အရာအဖြစ် မြင်လာပါတော့တယ်။

. . . . . . . . . . . . . . . .

ဒါတင် ဘယ်ကမလဲဗျ။ ဒါတွေကို မှတ်တမ်းမှတ်ရာပြုထားချက်တွေ။ မပျောက်မပျက်အောင် ကျနော်တို့လို ကိုယ်ကိုယ်ကို လူလည်ထင်ပြီး တကယ်တမ်း ကျတော့ စမ်းတဝါးဝါးဖြစ်နေတဲ့ကောင်တွေ သိလာအောင် နည်းမျိုးစုံ အပင်ပန်းခံ ဖြန့်ဝေဟောပြောသွန်သင် ဆုံးမနေတဲ့ ပုဂ္ဂိုလ်တွေရဲ့တန်ဖိုးကိုပါ ဆက်တိုက်သိလာတော့ တာပေါ့။ တယ်လည်း အရေးကြီးပါလား၊ နည်းစံနစ်ကိုသိရင် အထက်ကိုလည်း တက်နိုင် တယ်။ မသိရင် ယောင်ချာချာနဲ့နေလို့ထိုင်လို့ ဘယ်လိုမှ မအေးချမ်းတဲ့နေရာတွေကို ရောက်နိုင်တယ်ပေါ့ဗျာ။ လွယ်လွယ်ပြောရင် ငရဲကျတယ်ဆိုပါတော့။

အေးဗျာ။ ကျနော် စာစကားတွေကို ရှောင်လွဲပြီး တမင်ပြောနေတာတော့ မဟုတ်ရပါဘူး။ ကျနော်တွေ့မြင်ခဲ့သလို ပြောပြနေတာပါ။ အဲဒီလို အသိဉာဏ် အဆင့်အတန်းတွေ ပေါ်လာတဲ့ အချိန်မှာပဲ ကျနော်ဟာ တန်ဖိုးကြီးလွန်းလို့ ရတနာ သုံးပါးလို့ခေါ်တဲ့ ဘုရား၊ တရား၊ သံဃာဆိုတာကို မြတ်နိုး လေးစားခဲ့တော့ တာပါပဲ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံသရဏံ ဂစ္ဆာမိ။ သံဃံ သရဏံ ဂစ္ဆာမိ ပေါ့။ ရင်ထဲက ဂစ္ဆာမိနော်။ စာထဲ က ဂစ္ဆာမိ မဟုတ်ဘူး။ ကျနော်ဟာ ဒေါင်ဒေါင်မြည် ဗုဒ္ဓဘာသာဝင် တစ်ယောက် ဖြစ်ခဲ့ပါပြီ။ ရတနာသုံးပါးကို လေးစားယုံကြည်စရာလို့ ကျနော်က ပြောရတာ စကားလုံးရှာရ ခက်တယ်ဗျာ။ ကျနော်လိုလူက ဒါကိုပြောတော့ မူလ တန်ဖိုးပျက်မှာတောင် စိုးရိမ်တယ်။ ယောမင်းကြီးဦးဖိုးလှိုင် ရေးတဲ့ကျမ်းတွေကို စာမဖတ်တတ်တဲ့ သူ့မြင်းထိန်းတောကက ကောင်းလှချည့်ရဲ့ဆိုပြီး အရပ်ထဲ လျှောက် ပြောတော့ ယောမင်းကြီးကြားတော့ တောကိုခေါ်ပြီး ရော့၊ တော၊ ပုဆိုးနှစ်ထည် ယူလိုက်။ နောက်ကို လျှောက်မပြောနဲ့ တားတာတောင် သတိရသဗျာ။

. . . . . . . . . . . . . . . .

ခင်ဗျားလည်းလုပ်ကြည့်ချင်တယ် ဟုတ်လား။ လုပ်ကောင်းတဲ့အရာပဲဗျ။ သို့သော် ကျနော် လုပ်သလို တသွေမတိမ်း လိုက်မလုပ်ပါနဲ့။ ကျနော်ပြောတာ အကုန် မယုံပါနဲ့။ ကိုယ်ပိုင်ဉာဏ်ကို သုံးပါ။ ခွတ်လုပ်တာ၊ ခပ်ပျော့ပျော့လုပ်တာမျိုးတွေ မလုပ်ပါနဲ့။ တိတိကျကျပြောရရင် အစွန်းတရား နှစ်ပါးကိုရှောင်ပါ။ ထင်ရာကို


www.burmeseclassic.com

www.burmeseclassic.com

ကောက်ချက် မဆွဲပါနဲ့။ ကျမ်းဂန်နဲ့တိုက်ဆိုင်ဖို့လိုတဲ့ နေရာမှာ တိုက်ဆိုင်ပါ။ သို့သော် တစ်လုံးမကျန် အတည်မယူပါနဲ့။ ဒီနည်းစံနစ်ဟာ ထိန်းချုပ်မှု၊ တည်ငြိမ်မှု၊ တွေးခေါ်မျှော်မြင်မှုတွေနဲ့ အခြေခံထားတာပါ။ အခုလောက်ဆို ခင်ဗျားလည်း ဖြစ်ပျက်ကို ရိပ်မိလောက်ပါပြီ။ ဒါပေမဲ့ ကျန်သေးတယ်ဗျ။ နားထင်ကို တူနဲ့ထုသလို ရှင်းသွားအောင် ဒီမှာ ကျနော်တို့ ခင်ဗျားတို့ ခန္ဓာကိုယ် တည်ဆောက်ထားတဲ့ အမှုန်တွေအကြောင်း ရေးထားတာလေးကို ဖတ်ပါအုံး။ လိုလို့ပြောတာပါ။ ဗုဒ္ဓဘာသာဝင် တော်တော်များများဟာ ကိုယ်ကိုးကွယ်တဲ့ ဘုရားကို ဂုဏ်တင်လိုစိတ်နဲ့ ဂေါတမဗုဒ္ဓဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ကတည်းက ခွဲခြမ်းစိတ်ဖြာနိုင်ခဲ့တာကွ၊ ဘာညာဆိုပြီး လေတစ်လုံးမိုးတစ်လုံး ပြောသံတွေ ခင်ဗျားလည်း ကြားဖူးမှာပါ။ ဒါပေမဲ့ ဘယ်လို ခွဲခြမ်းစိတ်ဖြာထားသတုန်း မေးရင်တော့ ဖြေနိုင်သူ ရှားအုံ့ထင်ပါရဲ့။

ဟုတ်တယ်၊ သေက္ခတောင် ဆရာတော် အရှင်တိလောကမထေရ်ရဲ့ ပဏ္ဍိတဝေဒနိယကျမ်း ပညာရှိရဲ့ခံစားချက်(သုံးဆောင်ခံစားရန်)လို့ ခေါ်မလား။ စာမျက်နှာ–၁၃၃ ကို လှန်လိုက်။

. . . . . . . . . . . . . . .

တပည့်တို့။ ပရမတ္ထရုပ်ကလာပ် ကား သုဘာသာသူ ဖွဲ့စည်း၍ နေသော သယံဇာတ ချည်းသာ။ ဤသမူဟ ရုပ်ကလာပ်သည်ကား သုဘာသာ ဖွဲ့စည်း၍ဖြစ်နေသော သယံဇာတ ရုပ်ကလာပ်လည်းရှိ၏။ သူတစ်ပါးတို့ဖွဲ့စည်းအပ်သော ပရံကတကလာပ် လည်း ရှိ၏။

လူတစ်ကောင်သည် သူ့ဘာသာသူ ဖွဲ့စည်း၍ ဖြစ်နေသော သယံဇာတ ရုပ်ကလာပ် တစ်ခုမည်၏။ ပရမတ္ထရုပ်ကလာပ်ပေါင်း သိန်းသန်းကုဋေလောက် သမူဟကလာပ် ဖွဲ့စည်းပေါင်းစုမိလျှင် ပရမာ အနုမြူလောက်ကြီးသော အထည်ဝတ္ထု ရုပ်ကလာပ်ခဲကလေး တစ်ခုဖြစ်၏။

ပရမတ္ထ ရုပ်ကလာပ်၏ အထည်ဝတ္ထုအကြီး ပမာဏကိုကား ဤသို့သိရမည်။ ဦးခေါင်းက သန်းတစ်ကောင်ကို ခုနစ်စိတ်စိတ်၍ တစ်စိတ်စာသည် လိက္ခာ မည်သော ပိုးတစ်ကောင်။

၁။(ဤပိုးကား လူတို့၏ကိုယ်၌ ခို၍ ဖြစ်နေသောပိုးတည်း။ ဝဲနာ ယားနာတို့ကို ဖြစ်စေတတ်၏။)ဤ လိက္ခာပိုးတစ်ကောင်ကို သုံးဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်စာသည် ရထရေဏုမြူ တစ်ခု။

၂။(လှည်းရထား မောင်းသောအခါထသော ဖုန်မှုန်ကလေးတွေကို ရထရေဏုမြူ ခေါ်သည်။) ဤ ရထရေဏုမြူ တစ်လုံးကို သုံးဆယ့် ခြောက်စိတ် စိတ်၍ တစ်စိတ်စာ


www.burmeseclassic.com

www.burmeseclassic.com

သည် တဗ္ဗာရီမြူ တစ်ခု။
၃။(တဗ္ဗာရီမြူကိုကား လူအိုများမမြင်ရ။ လူပျိုလွှယ်များမှသာလျှင် မြင်ရ၏)။ ဤ တဗ္ဗာရီမြူ တစ်လုံးကို သုံးဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်စာသည် အဏုမြူတစ်ခု။
၄။(နံနက် ညချမ်းအချိန်အခါ၌ နံရံပေါက်စသည်မှ ဝင်သော နေရောင်အတွင်း၌ ထင်မြင်ရသော အမှုန်နုကလေးတွေကို အဏုမြူခေါ်သည်။ နေရောင်နှင့် အခန့်သင့်သော်လည်း ရောဂါကင်းသော ကလေးငယ်များသည်လည်းကောင်း၊ အလွန်ကြည်လှစွာသော၊ ဘိလပ်တိုင်းဖြစ် မျက်မှန်ကောင်းကောင်း တပ်၍ လူပျိုလူရွယ်များသည်လည်းကောင်း မြင်ရသေး၏။) အဏုမြူတစ်လုံးကို သုံးဆယ့်ခြောက်စိတ်စိတ်၍ တစိတ်စာသည် ပရမာဏုမြူ တစ်ခုမည်၏။
၅။(ဤပရမာဏုမြူကိုကား လူများ မျက်စိဖြင့် ကောင်းစွာမမြင်ကောင်းပြီ။ တန်ခိုးကြီးသော နတ်၊ ဗြဟ္မာများမျက်စိမှသာလျှင် မြင်နိုင်ကောင်းတော့သည်။) ဤ ပရမာဏုမြူထက် အဆတစ်သိန်း တစ်သန်း တစ်ကုဋေမျှလောက် သာလွန် အင်မတန် သိမ်မွေ့သော ပရမတ္ထရုပ်ကလာပ် တစ်ခုကိုကား ပကတိ မံသမျက်စိနှင့် ကြည့်၍ ဘယ်သူမှ မမြင်ကောင်းပြီ။ မမြင်နိုင်ပြီ။ အလွန်တည်ကြည်လှသော သမာဓိ မျက်မှန်တပ်၍အလွန်တည်ကြည်လှစွာသော ဉာဏ်မျက်စိနှင့် ကြည့်မှသာလျှင် မြင်နိုင်တော့သည်။
(အနည်းငယ်ချုံ့ထားသည်။ မူရင်းသတ်ပုံအတိုင်း။)

. . . . . . . . . . . . . . . .

ဟား။ ခင်ဗျားလည်း ကျမ်းနဲ့စိမ်းတော့ သမ်းတဲ့ကိန်း ဆိုက်သွားပြီ၊ ကဲပါ။ အိပ်ချင်ပြေသွားအောင် ကျနော့်ညှေ့သည် လိပ်မလေးအကြောင်း ပြောပြမယ်ဗျ။ ဟုတ်တယ်။ လူယောင်ဆောင်ပြီးလာလည်တဲ့ လိပ်မလေး။ ဒီလိုဗျ။ ကျနော်ဟာ အထိုက်အလျောက် လမ်းမှန်ကိုတွေ့တဲ့အချိန်မှာ သမထအားကောင်းလွန်းလို့ တစ်နည်းအားဖြင့် ဓိမ်ကျတဲ့ဒဏ်ကို မခံနိုင်လို့ စိတ်လွတ်သွားတဲ့ အချိန်တွေရှိတယ်။ ဒါလည်း သတိထားသင့်တဲ့ အချက်ပဲ။

ကျနော်ဟာ စိတ်ရောကိုယ်ပါ ကျန်းမာသန်စွမ်းလာတယ်။ လောကကြီးကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်တတ်လာတယ်။ ကျန်းမာလိုက်ပုံများ ကျနော်ဟာ ရှိရင်းစွဲ အသက်ထက် ၁၀–နှစ်လောက် ပြန်နုပျိုလာတယ်။ ခင်ဗျား ကျနော့်ကို ၄၀–ဝန်းကျင်ထင်နေတာ၊ ကျုပ်အသက် အခု ငါးဆယ်ပြည့်နေပြီ။ ပုထုဇဉ်ဘဝက မကျော်သေးတာကြောင့် ကာမဂုဏ်စိတ်ပြင်းထန်စွာ ထပေါ်တတ်တဲ့အချိန်တွေနဲ့ ကြုံခဲ့တယ်။ ကျနော့်အဖြစ်ကို ကျနော်ပြောတာ တခြားတရားသမားတွေကို မဆိုလိုဘူး။ အဲဒီမှာ လိပ်မလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com

တွေ့တာပေါ့ဗျာ။ လူယောင်ဆောင်လာတယ် ဆိုပါတော့။ ဒီကိစ္စမှာလည်း ခင်ဗျားကို ကျနော်နားလည်ထားတဲ့ သုံးဆယ့်တစ်ဘုံဆိုတာ ရှင်းပြချင်သေးတယ်။ နတ်ပြည်တို့ ငရဲတို့ဆိုတာ အမေရိကတိုက်ကြီးလို လက်ညှိုးထိုးပြလို့မရတော့ ခင်ဗျားလည်း ယုံဖို့ခက်မယ်။ အလွယ်ဆုံးနည်းနဲ့ ကျနော်ရှင်းပြမယ်။

ဟိုမှာကြည့်လိုက်။ ထရံကြားကနေ နေရောင်ဝင်လာတယ်။ အဲဒီနေရောင် အောက်မှာ အမှုန်တွေ တွေ့ရတယ်။ မြင်တယ်နော်။ အဲဒီအမှုန်တွေဟာ ခင်ဗျားနဲ့ ကျနော့်ရဲ့ဘေးမှာလည်းရှိတယ်။ ဒါပေမဲ့ ဒီနေရာမှာ နေရောင်မရှိတော့ မမြင်ရဘူး။ ထို့နည်းလည်းကောင်းပဲ။ ခင်ဗျားတို့ကျနော်တို့မှာ သမာဓိ အလင်းနဲ့ ဉာဏ်အရောင်မရှိ လို့ မမြင်ရတာ။ ဒါဟာ ကျနော်ရဲ့စာတွေ့လက်တွေ့အယူအဆ။ ခင်ဗျား လက်ခံဖို့ ငြင်းပယ်တာ ခင်ဗျားအလုပ်။ သို့သော် ဉာဏ်အလင်းရောင် မရသေးပဲ မရှိဘူးတော့ ဖွတ်မငြင်းစေချင်ဘူး။ ကဲ၊ လိပ်မလေးပုံပြင် စရအောင်။

. . . . . . . . . . . . . . . . . . .

တကယ့်လူရှုယ်တစ်ယောက်လို သန်စွမ်းမှုတွေ ဖြစ်လာပြီး စိတ်က ကာမဂုဏ် ဘက်ကို ညွှတ်ခဲ့တဲ့တစ်နေ့ပေါ့ဗျာ။ လုပ်နေကျ လေ့ကျင့်ခန်းကတော့ မပျက်ပါဘူး။ ဒီစိတ်ပေါ်တယ်ဆိုတာလည်း သူများမသိရင်သာရှိမယ်။ ကိုယ့်ကိုယ်ကိုတော့ သိတယ်။ ကိုယ့်ဇနီးမယားနဲ့အတူ ရှိနေရင်လည်း ဒီကိစ္စ မပေါ်လောက်ဘူး။ ရဲဘက်ဆိုတာ ခင်ဗျားသိတဲ့အတိုင်း အလိုရှိချိန် ဖြစ်နိုင်တဲ့ ကိစ္စမဟုတ်ဘူး။ အဲဒီည အိပ်ရာအဝင်၊ ကျနော့်မှာ ကာမဂုဏ်စိတ်ပြင်းပြနေတော့ ကာမဂုဏ်ရဲ့ ညစ်ညူးကြောင်းတွေ တတ်သလောက် မှတ်သလောက် မှတ်ပြီးဖြေတာပေါ့။ ကိုယ့်ကိုယ်လည်း ပြေလောက် ပြီထင်တာပေါ့။ ဒါပေမဲ့ဗျာ။ ကျနော် အိပ်တစ်ဝက်နိုးတစ်ဝက် အချိန်ဆိုရမလား။ တကယ်ဆို မအိပ်တဲ့ဘက်က ပိုများတယ်ဗျ။ ကျနော် အိပ်နေတဲ့ဘေးကို အသက်နှစ်ဆယ် ဝန်းကျင် မိန်းကလေး တစ်ယောက်ရောက်လာတယ်။ အဲဒီညက အပြင်မှာ လေတဝူးဝူး တိုက်နေတော့ ကျနော် စောင်ခြုံထားတာ။ သူက စောင်ထဲ ဝင်ပါရစေ ခွင့်တောင်း နေတယ်။ ကျနော့်မှာ ဟိုစိတ်ဒီစိတ်ထက် အံ့ဩနေလို့ ဘာပြန်ပြောရမှန်းမသိဘူး။ သမာဓိလည်း အထိုက်အလျောက်ရှိနေတော့ ခွပ်လိုက်ကြဟေ့ သူငယ်ချင်းလို့လည်း မပြောဖြစ်ဘူး။ အဲဒီ စိတ်လည်း ပျောက်နေတာ အမှန်ပါ။

ကျနော်က အူကြောင်ကြောင်လုပ်နေလေလေ။ သူက စောင်ထဲကိုဝင်ပါရစေ ထပ်ချည်းတလဲလဲ ပြောနေတယ်။ နောက်ဆုံးကျနော်လည်း ဝင်ချင်လည်းဝင်နေပေါ့ဟု သဘောတူလိုက်တယ်။ သူဘေးမှာ အိပ်ပေ့စေပေါ့။ တကယ်ပါ ကျနော်မထိမိပါဘူး။ ဒါတင်မပြီးသေးဘူးဗျာ။ သူက သူ့ဘက်ကိုတိုးတဲ့။ သူ့ကိုဖက်ထားတဲ့ ကျနော်လည်း

www.burmeseclassic.com

နားငြီး အေးရာဆိုပြီး ဘယ်ဘက်လက်နဲ့ ဖက်ထားလိုက်တယ်။ သူက နောက်တစ်မျိုး ထပ်တိုးလာပြန်တယ်။ သူ့ခါးပေါ်ကို ကျနော်ခြေထောက်တင်ထားတဲ့။ ကဲ၊ တင်ရုံတင်တော့ ဘာမှမဖြစ်လောက်ပါဘူးဆိုပြီး သူ့ခါးပေါ်လည်း ကျနော့်ခြေထောက်တင်လိုက်ရော၊ ကျနော့်ခြေထောက်က အထိအတွေ့ဟာ မာကြောကြော ဖြစ်နေပါတယ်လို့၊ ထင့်မိတာကြောင့် စောင်ကြားကနေ အဲဒီမိန်းကလေးရဲ့အောက်ပိုင်းကို ကြည့်လိုက်တော့ လားလား။ ကျနော်ဟာ လိပ်ခွံကြီးတစ်ခုကို ခြေတင်ထားနေပါလား။ ကျနော်လည်း လန့်နိုးလာရော ဆိုပါတော့ဗျာ။

. . . . . . . . . . . . . . . . . . . . .

အားမကျနဲ့ဒါဟာ ဝိပဿနာညစ်ညူးကြောင်းနဲ့ သမထလမ်းလွဲတွေဗျ။ ဒါတင်မကဘူး။ ဝိညာဉ်လောကက မိန်းမတွေလည်းလာတာပဲ။ လာလွန်းလို့ တစ်ခါတစ်ခါ လန့်တောင်လာတယ်။ သူလာပုံက တစ်မျိုးဗျာ။

သူတို့လာတော့မယ်ဆိုရင် ကျနော်ကလုံးလုံးကို အိပ်မပျော်သေးဘူး။ အကောင်းကြီးရှိနေသေးတာ။ အိပ်ရာထဲတော့ရောက်နေပြီ။ သူလာခါနီးရင် ကျနော်ဟာ ဓာတ်ကြိုးအားခပ်ပျော့ပျော့ကို ကိုင်မိသလို ဖြစ်လာတယ်။ သူအနား ရောက်လာပြီး လူချင်းထိတာနဲ့ ကျနော့်ငယ်ထိပ်တည့်တည့်ကို အပြင်းစားဓာတ်လိုက်သလို ဖြစ်လာတယ်။ သူက ကျနော့်ငယ်ထိပ်ကနေ ကျနော့်ခေါင်းကတဆင့် ခန္ဓာကိုယ်ထဲဝင်တာဗျ။ အထဲရောက်တာနဲ့သူထင်တာ သူလုပ်တော့တာပဲ။ ကျနော်က အော်လည်း မအော်နိုင် အညှိုးခံရသလို ဖြစ်ပြီး သတိလွတ်သွားတာပဲ။ လွတ်သွားတဲ့ အချိန်မှာ ကျနော်ဟာ သူနဲ့တသဘောတည်း ဖြစ်နေတယ်။ ဘယ်လောက်ကြာမှန်းတော့ မသိဘူး။ သူလည်း ထွက်သွားရော။ ကျနော်လည်း လန့်ထိုင်မိတော့တာပဲ။

မိန်းမတွေချည်း မဟုတ်ဘူးဗျ။ ယောကျ်ားဒေ့ဿသည်လည်း ရှိတယ်။ ကိုယ်တော်တွေကတော့ ကျနော့်ကို ဘာမကျေနပ်သလဲ မသိဘူး။ လာတာနဲ့ ကျနော့်ကို ပညာပေးတော့တာပဲ။ ဟုတ်တယ်။ ကျနော့်ကို တစ်ခုခုပြောတယ်။ ကျနော်က အကြောင်းကြောင်း ဘာပြန်ပြောရမှန်း မသိပဲနေတာနဲ့ ကျနော့်လည်ပင်းကို ညှစ်တော့တာပဲ။ ထုံးစံအတိုင်းအော်လို့မရ။ ရုန်းလို့မရနဲ့။ အချိန်အတော်ကြာ ရုန်းမှလွတ်တယ်။ တစ်ခါလည်းမဟုတ်။ နှစ်ခါလည်းမဟုတ်တော့ ကျနော်လည်း စိတ်ရှုပ်လာတယ်။ ဘယ့်နှယ့်ငါ သူတော်ကောင်း အလုပ်လုပ်နေတာ ဒါတွေ ဘာလို့ အကြိမ်ပေါင်းများစွာ လာနေရပါလိမ့်ပေါ့။ နောက်တော့နည်းတွေ့သွားတယ်။ ဘယ်နည်းလည်းဟုတ်လား။ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသရဲ့ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားနည်းပေါ့။ ဘယ်လိုသိလဲဟုတ်လား။ တရားတွေနာ၊ စာတွေ



www.burmeseclassic.com

www.burmeseclassic.com

ဖတ်လို့သိတာပေါ့။ အေးလေဗျာ။ ဗုဒ္ဓဘာသာဝင်တိုင်းလိုလို သိနေတဲ့ အရှေ့အရပ်၌ ရှိသော အနန္တစကြာဝဠာ... အစချီတဲ့ မေတ္တာပို့နည်းပါပဲ။

. . . . . . . . . . . . . . . . . . . . . .

ခင်ဗျားကြည့်ရတာ သူတို့ဘာလို့လာသလဲလို့ သိချင်ပုံရတယ်။ လွယ်ပါတယ်ဗျာ။ ကျနော်လေ့ကျင့်နေတဲ့ စိတ်နဲ့ရုပ်ရဲ့အမှုန်တွေရဲ့ အနေအထားဟာ သူတို့ ဆက်သွယ်ကူးလူးလို့ရတဲ့ အခြေအနေဖြစ်နေလို့ဗျ။ သူတို့ရဲ့ဖွဲ့စည်းပုံကလည်း အမှုန်နဲ့ မကင်းဘူး။ ယုံချင်မှယုံနော်၊ ကျနော့်အယူအဆပြောတာ။ နောက်တစ်ခုက ခင်ဗျားလည်း ကျနော်လုပ်တဲ့ လေ့ကျင့်ခန်းမျိုးလုပ်ခဲ့လို့ ဒါမျိုးကြုံရင် ရှောင်ရန် ဆောင်ရန်အနေနဲ့ ပြောနေတာ။

. . . . . . . . . . . . . . . . . . . . . .

ကဲ လိုရင်းဆက်ရအောင်။ လေ့ကျင့်တဲ့အချိန်ရော စာဖတ်တာကော အထိုက်အလျောက် များလာတဲ့အခါ အမှုန်တွေ လှုပ်ရတဲ့အကြောင်းကို ကျနော် သိလာတယ်။ ကျနော်တို့ ခန္ဓာကိုယ်ဟာ တကယ့်ကို စက်ကြီးဗျ။ အာရုံစံ ကိရိယာပေါင်းစုံတတ်ထားတဲ့စက်ကြီး။
အရာဝတ္ထုတွေကို မြင်ကွင်းတွေကို မြင်နိုင်တဲ့ဗွီဒီယို ကင်မရာနဲ့တူတဲ့မျက်လုံး။ အသံဖမ်း စက်နဲ့တူတဲ့ နား။ အနံ့ခံစက်နဲ့တူတဲ့ နှာခေါင်း။ အရသာကို ခံစားဖော်ပြနိုင်တဲ့ လျှာ။ ထိလိုက်တာနဲ့ ထ ထအော်တဲ့ စက်နဲ့တူတဲ့ ခန္ဓာကိုယ်။ ဘာမဆို လက်ခံတွေးတော နိုင်တဲ့စိတ်၊ ဒါတွေဟာ အားလုံး စက်တွေလို အမြဲအလုပ်လုပ်နေကြတာဗျ။ ကျနော့် ကိုယ်တွေ့လေ။ ကျနော်ကြိုက်တဲ့ တွံတေးသိန်းတန် သီချင်းကြားရင် ကျနော် မှတ်နေတဲ့ လှိုင်းက ငြိမ်နေတယ်။ ထောင်ဝါဒါလာတဲ့ အသံကြားရင် လှိုင်းက ပြင်းထန်လာတယ်။ တခြား အာရုံခံကိရိယာတွေလည်း ထို့နည်းလည်းကောင်းပဲ။ စိတ်ထဲမှာ အေးချမ်းတာ တွေးတဲ့အခါ ငြိမ်တယ်။ စိတ်တိုစရာတွေးမိရင် ဝုန်းဒိုင်းကြဲတယ်။ မျက်စိ၊ နား၊ လျှာ အားလုံး ဒီသဘောပဲ။
သေချာစဉ်းစားကြည့်တော့ သူ့ဘာသာ မြင်နေကြားနေတာ ကျနော်တို့နဲ့မဆိုင်ဘူးဗျ။ ကျနော့်ရဲ့အမှုန်တွေအပေါ် သုတေသနပြုချက်အရ သူ့ဘာသာ သူ့အလုပ်သူလုပ်နေတာ။ ကျနော်တို့ ငါနဲ့ဆိုင်တယ်၊ ငါလုပ်တယ်၊ ငါကြားတယ်လို့ တလွဲယူလို့ နောက်ဆက်တွဲ ပြဿနာတွေ ရှုပ်ကုန်တာ။
ခင်ဗျားနားရှုပ်သွားပြီ ထင်တယ်။ လွယ်လွယ်လေးပါဗျာ။ ကိုယ်ခန္ဓာကို တည်ဆောက်ဖွဲ့စည်းထား တဲ့အမှုန်တွေဟာ အမြဲတည်တန့်နေတာ မှုမဟုတ်တာ။ ရုပ်ဟာရက်ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com

ရုတ်ချည်း ပျောက်သွားတာမဟုတ်လား။ ဘယ်မှာလာပြီး အိုင်အမ် ဆရာကြီးဆိုပြီး ပြောလို့ ဖြစ်ပါ့မလဲ။ တစ်ခုတော့ ရှိတယ်။ အခု ခင်ဗျားသိလည်း ကြားလို့သိတာပဲ ဖြစ်မယ်။ ဖတ်လို့သိတာလည်း ရှိမယ်။ ဂယနဏာ သိဘို့က ဝိပဿနာဉာဏ်၊ ဘာဝနာမယဉာဏ် ဆိုတာလိုတယ်။ ထိုးထွင်းသိခြင်း ဆိုပါစို့။ ဒီထက် ဆက် ကျနော်လည်း ဆက်မရှင်းတတ်တော့ဘူး။ ထိုးထွင်းသိချင်ရင် ထိုးထွင်းသိနိုင်တဲ့ လေ့ကျင့်ခန်းကို လုပ်ပါလို့သာ ပြောပါရစေ။

ကိုယ်တိုင်လုပ်ကြည့်တော့ ခင်ဗျားကိုယ်ခန္ဓာ ဖွဲ့စည်းပုံနဲ့ အလုပ်လုပ်ပုံကို သိလာမယ်။ ကျနော်လည်း ဒီနည်းနဲ့ သိခဲ့တာပဲ။ တော်တော်ကို အလုပ်ရှုပ်တဲ့ ခန္ဓာဗျ။ မမွေးခင်ကတည်းက ရုပ်လာလိုက်တာ သေတဲ့အထိ ရုပ်တုန်းပဲ၊ မြင်လည်း ဝုန်းကနဲဖြစ်။ ကြားလည်းဝုန်းကနဲဖြစ်။ တွေးလည်း ဝုန်းကနဲဖြစ်။ အချိန်တိုင်း နေရာတိုင်း တဝုန်းဝုန်း ဖြစ်၊ တဝုန်းဝုန်းဖြစ်တာ ငါနဲ့ဆိုင်တယ်လို့တွေးလေ ပိုဝုန်းဒိုင်းကြဲလေ၊ ကြဲလေ မကျေနပ်လို့ ငါကွလို့ ထပ်တွေးလေ၊ ဆိုးသထက်ဆိုးလေ။ တော်တော်ကြီးတဲ့ ဒုက္ခပါလား။ အေးပေါ့ဗျာ။ ဒုက္ခဆိုတာ အမြဲရှိတယ်ဆိုတာ ရေးတေးတေး ဖြစ်လာတာပေါ့။ အဲဒီ ဝုန်းဒိုင်းကြဲတာတွေ အားလုံးဟာ ကိုယ်က တစ်နည်းနည်းနဲ့ ပါတ်သက်လို့ ဖြစ်တာဗျ။

ကဲ ခင်ဗျား ထပ်ပြီးသမ်းနေပြီ။ နားလိုက်ရအောင် ကျနော်ကလည်း ခွဲခါနီး အဆုံးသတ်သွားချင်လို့ဗျို့။ ဘယ်တော့ခွဲမှာလဲဟုတ်လား။ မသိချင်နဲ့ကျနော်လည်း မသိဘူး။ သို့သော် ဆုံးခန်းတိုင်အောင်တော့ ကျနော်သိသမျှ ပြောခဲ့မယ်။ မကြာတော့ ပါဘူးဗျ။ နောက်တစ်ရက် နှစ်ရက်ပေါ့။

ခင်ဗျားကို ကျနော်အားနာလာပြီဗျာ။ ဟုတ်တယ်။ ကျနော် လေကြောရှည် နေတာကို သည်းခံနားထောင်နေလို့။ ဒါပေမဲ့ဗျာ။ ခင်ဗျား အကျိုးမယုတ်စေရဘူးဆိုတာ ကျနော်ရဲရဲကြီး အာမခံတယ်။ လူ့လောကကြီးထဲကို ရောက်လာပြီး ဒီနည်းစံနစ်ကြီးကို မသိခဲ့ဘူးဆိုရင် ရခဲလှတဲ့လူ့ဘဝဟာ အချည်းအနှီးပဲဗျ။

တကယ့်ကို စံနစ်ကျတဲ့ ဖြစ်စဉ်ကြီးပါဗျာ။ ကျနော်လည်း အစက မသိဘူး။ စောစောကပြောတဲ့ လောကကြီးဟာ နေရာတကာမှာ အထုပ်ရှုပ်ကြီးတို့။ အာရုံခံ ကိရိယာတွေရဲ့ ကွင်းဆက်တို့ဆိုတာ ကျနော်လည်း တဖြည်းဖြည်းချင်း၊ ဆက်၊ ဆက် သဘောပေါက်လာတယ်။ အဲဒါက မိုးကုတ်ဆရာတော်ကြီးရဲ့ ကျေးဇူးဗျ။ အင်း ခင်ဗျားတို့ပြောနေကျ စကားအတိုင်းဆိုရင် ရေစက်ပေါ့။ ကဲပါ၊ ရေစက်ဖြစ်ဖြစ် တုံကင်ဖြစ်ဖြစ် ကျနော်နဲ့မိုးကုတ်တရားတော် ရေစက်ဆုံပုံလေး နားထောင်ပါအုံး။ နည်းနည်းတော့ ရယ်စရာကောင်းသလိုပဲ။ ဒီနေ့အတွက်တော့ နားလိုက်ကြအုံးစို့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com

## ၁၄။ သံသရာ ဘုံခရီးဝယ် ပြန်ကာ ဆုံစည်းကြပယ်

"ပုချက်ကတော့ဗျာ၊ ပျင်းစရာကလည်း ကောင်းပါတိ"

"အေးပေါ့ဗျာ၊ ပူလည်းပူ ပျင်းလည်းပျင်းဆိုတော့ ပူပြင်းဆိုတဲ့စကားနဲ့ အံကိုက်ပေါ့"

အချိန်ကား နေ့လည် နှစ်နာရီခန့်ဖြစ်၍ နေရာကား လေကြောင်းရန် ကာကွယ်ရေးဌာနပိုင် တစ်ခုသော ကန်ဘောင်ရိုးကြီးပေါ်တွင်ဖြစ်၏။ လေကြောင်းရန် ကာကွယ်ရေးနယ်မြေကား ကျနော်တို့ရဲဘက်စခန်း စပါးစိုက်ဧရိယာနှင့် ဆက်စပ်လျက်ရှိသည်။ စိုက်ထူထားသော ဆိုင်းဘုတ်များအရလည်းကောင်း ဤနေရာကို လေကြောင်းရန် ကာကွယ်ရေးဟု ပြောဆိုခေါ်ဝေါ်နေကြသော်ငြား မည်သည့် လေကြောင်းရန်ကို မည်သို့မည်ပုံ ကာကွယ်ကြမည်ကိုကား ကျနော်ရှင်းရှင်းလင်းလင်း မသိချေ။ လတ်တလောအားဖြင့် အဆိုပါ ဌာနပိုင်မြေနေရာအားလုံးလိုလိုတွင် ဧရာမ ငါးမွေးကန်ကြီးများ တူးဖော်ထားလေရာ ကန်ဘောင်ကြီးများမှာ ခန့်မှန်းခြေ ပေသုံးဆယ်ကျော်ခန့် မြင့်လောက်သည်။

ရဲဘက်စခန်းပိုင် စပါးစိုက်ဧရိယာအတွက် မြေပုံအသစ်ထုတ်ရန် ကွင်းပြင်ကြီးတစ်ခုလုံးကို အပေါ်စီးမှ ကြည့်ရှုလိုသည်ဆိုသော ကိုသက်ခိုင်၏ ဆန္ဒအရ အဆိုပါ ကန်ဘောင်ကြီးပေါ်သို့ နေပူကျဲကျဲတွင် ရောက်နေကြရာမှ ကျနော့်ငြီးသံကို ကိုသက်ခိုင်က အသောဖြင့် တုန့်ပြန်နေခြင်းဖြစ်၏။ ပူပြင်းလှသည့် နေဒဏ်ကို အာရုံလွှဲသည့်အနေဖြင့် ကျနော်က ကိုသက်ခိုင်ကို မေးခွန်းတွေ တရစပ်မေးနေမိသည်။

"လေကြောင်းရန်ကာကွယ်ရေးသာ ဆိုတယ်၊ ငါးမွေးကန်တွေချည်းပါပဲလားဗျာ"

"အေးဗျ၊ ကျနော့်စိတ်ထင် ဒီငါးကန်တွေထဲမှာ လေယာဉ်ပစ်ဒုံးစင်တွေ ဆောက်ဖို့တော့ မဖြစ်နိုင်လောက်ဘူး၊ ကြည့်ရတာ အဲဒီဌာနက အသစ်ဖွဲ့ကာစမို့ နေရာဦးထားတဲ့သဘောပဲ ဖြစ်နိုင်တယ်၊ ငါးကန်တွေကတော့ ဌာနဆိုင်ရာ သက်သာချောင်ချိရေးအတွက် ဖြစ်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"အခု လေကြောင်းရန်ကာကွယ်ရေးကို ဘယ်သူကိုင်သတဲ့တုန်းဗျ"

"ကျနော်ကြားတာတော့ ဗိုလ်ချုပ်မြင့်ဆွေ တဲ့" နေပါဦးဗျ၊ ဒီနေရာက ရန်ကုန်ကနေ မိုင်ငါးဆယ်လောက်ဝေးတယ်၊ လေကြောင်းရန်ကို ဒီနေရာကနေ ဘယ်လို ဘယ်ပုံ ကာကွယ်မှာတဲ့တုန်း၊ ဒီအချက်ကို ကျနော်လည်း လုံးလုံး သဘောမကျတာ အမှန်ပဲဗျာ၊ ခန့်မှန်းမိသလောက်တော့ စစ်တပ်ကို ဖွဲ့စည်းပုံပြည့် အောင် နင်းကန်ချဲ့နေပုံရတယ်၊ ကြည့်လေ၊ ပြောတော့ လေကြောင်းရန်ကာကွယ်ရေးတဲ့ ကျနော်မြင်တာတော့ စက်တပ်မော်တော်တစ်စင်းပဲ ဆင်သေချောင်းထဲမှာ တွေ့မိတယ် နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာကြရာ မိုင်ဝက်ခန့်ရှည်လျားသည့် ကန်ဘောင်ကြီး၏ ထောင့်ချိုးအရောက် ကန်ဘောင်ဒုတိယအနား၏ အဆုံးဆီ စိမ်းညို့နေသောငှက်ပျောပင်အုပ်များ အကြားတွင် သွပ်မိုးပျဉ်ကာ အဆောက်အဦးတစ်ခု ကို လှမ်းမြင်လိုက်ရသည်။

"လာဗျာ ကိုမင်းဒင် ရှေ့က အဆောက်အဦးဟာ လေကြောင်းရန်ကာကွယ်ရေး ရုံးပဲဗျ၊ တာဝန်ခံဗိုလ်ကြီးဖြစ်ဖြစ် အစောင့်ရဲဘော်ဖြစ်ဖြစ် ရှိလောက်ပါရဲ့၊ အဲသည်မှာ ခဏနားကြရအောင်"

နှစ်ယောက်သားခြေလှမ်းကျဲကြီးများဖြင့် လျှောက်သွားကြရာ အဆိုပါ အဆောက်အဦးဆီသို့ ရောက်သည့်အခါ လူသံသူသံ တိတ်ဆိတ်လျက်ရှိ၏၊ အဆောက်အဦးတံခါးများကား ဖွင့်လျက်အနေအထားဖြစ်သည်၊ အသံပြုရင်း ဧည့်ခန်း အတွင်းထိ ဝင်ကြည့်ပါသော်ငြား လူရိပ်လူယောင်မတွေ့ရချေ။ စင်တစ်ခုပေါ်၌ နို့ဆီ နို့မှုန့်စသော စားသောက်စရာပစ္စည်းများ အစီအရီတင်လျက်တွေ့ရသည်။

"ဘယ်သူမှ မရှိကြဘူးထင်တယ် ကိုသက်ခိုင်"

"အေးဗျ၊ မြို့ပေါ်တက်သွားကြဟန်တူပါရဲ့၊ ဒီလောက် လူသူကင်းပြတ်ပြီး ခြောက်ကပ်တဲ့နေရာမှာ ဘယ်သူကြာကြာနေနိုင်မတုန်းဗျာ၊ တော်တော်တော့ ဆိတ်ငြိမ်တဲ့ နေရာပဲဗျာ၊ ဒီရုံးခန်းရှေ့က ကွပ်ပျစ်မှာပဲ ခဏနားကြရအောင်"

"နို့မှုန့်နို့ဆီတွေတော့ အဆင်သင့်ရှိလေရဲ့၊ ဖျော်လိုက်ရမလား ကိုယ့်ဆရာ"

"မလုပ်ပါနဲ့ဗျာ ပိုင်ရှင်မှမရှိတာ၊ နဂိုကမှ ရဲဘက်ရောက်နေရတဲ့အထဲ အထင်အမြင်ထပ်သေးစရာ မကြုံပါရစေနဲ့"

"နောက်တာပါဗျ၊ ကဲ၊ ခင်ဗျားအတွေ့အကြုံထဲက ထူးထူးဆန်းဆန်းလေးတွေ လုပ်ပါဦးဗျ၊ အပျင်းပြေပေါ့"

"ဒါဆို ခင်ဗျားကို ကျနော်တစ်ခုမေးမယ်၊ လူခြောက်ဆိုတာကို ခင်ဗျား အယုံအကြည်ရှိသလား"

"အေးဗျာ ကျနော်တို့ဗမာလူမျိုးထုံးစံ အရပ်ထဲမှာပြောကြတာတော့



www.burmeseclassic.com

www.burmeseclassic.com

နားစွန်နားဖျား ကြားဖူးပါရဲ့ လုပ်ပါအုံး ခင်ဗျားကော လူခြောက်ကလေးတွေအကြောင်း ဘာများသိထားတာ ရှိတုန်းဗျာ"

"ကျနော်လည်း ဘာသာရေးလေ့ကျင့်ခန်းတွေလုပ်နေတာဆိုတော့ မကြာမကြာဆိုသလို အဲဒီလူခြောက်ကလေးတွေအကြောင်း ခေါင်းထဲရောက်ရောက်လာတယ်ဗျ၊ ရေနံချောင်းက ကျနော့်အသိ ကျောင်းဆရာမ တစ်ယောက်ကတော့ သူ့သူငယ်ချင်းအိမ်မှာ လူခြောက်ကလေး မွေးဖူးတဲ့အကြောင်း တအံ့တသြပြောဖူးလေရဲ့၊ ခက်တာက သူပြောတဲ့အကြောင်းအရာတွေက ကျနော်တို့ကြားဖူးတာနဲ့ တထပ်တည်းဖြစ်နေတာပဲ၊ ဘာတဲ့၊ အဲဒီလူခြောက်ကလေးက မမွေးခင် သူ့အမေကို ကြိုပြီး အိပ်မက်ပေးထားသတဲ့၊ ဘာအကြောင်းနဲ့မှ ကျနော့်ကို အမေတို့နဲ့ ခွဲမထားပါနဲ့ဆိုပဲ၊ ဒီလိုနဲ့ နေ့စေ့လစေ့ရောက်လို့ မွေးလာတော့ ခြေလက်အင်္ဂါအစုံအလင်နဲ့ လက်တဝါးသာသာ လူခြောက်ကလေး မွေးလာရောတဲ့ဗျာ၊ အသားအရောင်က သာမန်လူအသားအရောင်တဲ့၊ မျက်လုံးနှစ်လုံးကတော့ ပိတ်လျက်သားတဲ့ဗျာ၊ ဘာလှုပ်ရှားမှုမှ မရှိဘူးဆိုပဲ။ ဒါနဲ့ အဲဒီမိသားစုလည်း အရင်ကြားဖူးနားဝရှိတဲ့အတိုင်း တကယ့်မွေးကင်းစကလေးငယ်ကို ပြုစုသလို ရေမိုးသန့်စင်တာ၊ နို့ခွက်လေးတွေ ချပေးထားတာတွေလုပ်သတဲ့၊ အမယ်၊ အဲဒီလူခြောက်ကလေးက ညတိုင်းလိုလို သူ့အမေကို အိပ်မက်ထဲမှာ သူလိုချင်တာကို ပူဆာတယ်ဆိုပဲ၊ သူ့အတွက် ဝယ်ပေးထားတဲ့ အဝတ်အစားတွေထဲမှာ ဘယ်အရောင်ကိုဖြင့် မကြိုက်ဘူး ဘယ်အရောင်ကို ကြိုက်တယ်၊ သူသောက်ဖို့ဖျော်ပေးတဲ့ နို့ဆီက်ဆိပ်တောင် ကျိုးများသေးတယ်ဆိုပဲ၊ "ထူးခြားတာကတော့ လူခြောက်ကလေး မွေးပြီးကတည်းက အဲဒီမိသားစုဟာ တစ်နေ့တစ်ခြား စီးပွားရေးချောင် လည်လာတာပဲတဲ့ဗျ၊ တချို့လူခြောက်ကလေးဆို ညဖက်အိပ်မက်ထဲမှာ အမေလိုချင်တာပြောလို့ဆိုသတဲ့၊ မအေလုပ်သူက မယုံတယုံနဲ့ သူလိုချင်တာတစ်ခုခု ပြောလိုက်တာနဲ့၊ မနက်မိုးလင်းရင် အဲဒီလူခြောက်လေးအိပ်ယာဘေးမှ သူ့အမေတောင်းတဲ့ ပစ္စည်းရောက်နေတတ်တယ်တဲ့ဗျ၊ အမယ် သူ့အမေက စိတ်ထဲကနေ တစ်ခုခု ငြီးငြူလိုက်တာနဲ့ ချက်ချင်းဆိုသလို ပြည့်အောင်ဖြည့်ပေးတတ်တယ် ဆိုတာလည်းပါရဲ့၊ ဥပမာဆိုပါတော့၊ ဆန်အိုးထဲမှာ ဆန်ပြတ်နေပြီလို့ ငြီးလိုက်တာနဲ့ ဆန်အိုးထဲမှာ ဆန်တွေချက်ချင်းပြည့်လာတာမျိုး၊ ကျနော့်စိတ်ထင် အဲဒီလိုလုပ်ပေးတာဟာ တစ်နေရာရာက ခိုးဝှက်ပြီးလုပ်ပေးပုံရတယ်၊ လူခြောက်သူခိုးဆိုပါတော့၊ အမယ်၊ ဒါတင်မကသေးဘူးခင်ဗျ၊ လူခြောက်ကလေးကို သူ့အသက်အရွယ်အလိုက် အဝတ်အစားတွေ အသုံးအဆောင်တွေ ဝယ်ပေးရတယ် ဆိုတာလည်းပါသေးဗျာ"

"အေးဗျာ၊ ထူးဆန်းတာတော့ အမှန်ပဲ ကိုသက်ခိုင်၊ ခက်တာက သက်သေအထောက်အထား မခိုင်လုံတာပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com

“မှန်ပါ့ဗျာ၊ ဒါတွေဟာ အရပ်ထဲက မိန်းမတွေ အတင်းတုတ်ရင်း ပြောကြတာ များသကိုး၊ ကျနော်ဖတ်ဖူးသလောက် စာပေကျမ်းဂန်တွေမှာလည်း လူခြောက်အကြောင်း မတွေ့မိတာ အမှန်ပဲဗျာ”

“နေပါဦး၊နောက်ဆုံးတော့ အဲဒီလူခြောက်ဇာတ်လမ်းက ဘယ်မှာဆုံးသတုန်း”

သူပြောငါပြောကတော့ အဲဒီလူခြောက်ကလေးက သူ့အမေကို သူရှိနေတဲ့အကြောင်း၊ သူလုပ်ကိုင်ပေးနေတဲ့ အကြောင်းတွေကို ဘယ်သူမှမသိအောင် နှုတ်လုံဖို့ မှာထားရာက နောက်ဆုံး လူ့ပါးစပ်ပေါက်ဆိုတာ ပိတ်လို့မလွယ်တာကြောင့် လူသိရှင်ကြားဖြစ်ရာက အဲဒီလူခြောက်ကလေးက အိပ်ယာထဲကနေ ဘယ်ရောက်မှန်းမသိ ပျောက်ချင်းမလှ ပျောက်သွားသတဲ့ဗျ၊ နေဦး ခင်ဗျားက လူခြောက်ကလေးအကြောင်းပြောတော့ ကျနော့် ကိုယ်တွေ့ ကြောင်ခြောက်ကလေးအကြောင်း ပြောရအုံးမယ်”

“ခင်ဗျားကတော့ ကြံကြံဖန်ဖန်လုပ်ပြန်ပြီ ကြောင်ခြောက်တဲ့လား၊”

“ခင်ဗျားဥစ္စာ အပြစ်တင်တာက အရင်ပဲကိုး၊ ကျနော်ပြောတာလည်း နားထောင်ပါအုံး၊ ဒီလိုဗျ၊ ကျနော် ဂျီတီအိုင် ဒုတိယနှစ်ကျောင်းသား အရွယ်လောက်တုန်းက ကျနော့်အိမ်မှာ ကြောင်မကြီးတစ်ကောင် သားလာပေါက်တယ်၊ ထူးဆန်းတာက ကြောင်သားပေါက်ရင် အနည်းဆုံးသုံးလေးကောင်ပေါက်တယ်ဆိုပေမဲ့ အဲဒီ ကြောင်မကြီး ပေါက်တာက တစ်ကောင်တည်းဗျာ၊ ပိုပြီးထူးဆန်းတာက အဲဒီကြောင်ပေါက်ကလေးဟာ အခြောက်ကလေးဗျ၊ တိုက်တိုက်ဆိုင်ဆိုင် ကြောင်မချစ်တတ်တဲ့ ကျနော်ဟာ မထင်မှတ်ဘဲ အဲဒီ ကြောင်မကြီးသားပေါက်နေတာကို သွားစပ်စုမိရာက ကြောင်ခြောက်ကလေးကို တွေ့တာပဲဗျာ၊ ကျနော်တွေ့တဲ့ အချိန်မှာ အဲဒီကြောင်ခြောက်ကလေးဟာ ကြောင်မကြီး ဝမ်းထဲက ထွက်ခါစမို့ အရည်အညှိတွေ ကပ်နေတုန်းပဲ ရှိသေးဗျာ၊ ကြောင်မကြီးက အဲဒီအရိအရွဲတွေကို လျှာနဲ့လျက်လိုက်တော့ လက်နှစ်လုံးသာသာ လောက်ပဲရှိတဲ့ ကြောင်ကလေးဗျ၊ ဘာလှုပ်ရှားမှုမှမရှိဘူး၊ သေချာကြည့်ပြန်တော့ ကြောင်အင်္ဂါ အစုံအလင် ပါနေတယ်ဗျာ”

“ဟုတ်ရဲ့လား ကိုသက်ခိုင်ရာ၊ ဒါဆို ခင်ဗျားလည်း ကြောင်ခြောက်ကလေး တွေ့ရာကနေ ချမ်းသာရောလား”

“ရော ခင်ဗျားကို လိမ်နေလို့ ကျနော်က ဘာအကျိုးရှိမှာတုန်း၊ ယုံတာမယုံတာ ခင်ဗျားကိစ္စ၊ ကျနော်က ခင်ဗျား အပျင်းပြေပါစေတော့ဆိုပြီး ကျနော့်ကိုယ်တွေ့ ထူးဆန်းတာကို ပြောနေတာ”

“ကဲ ဒါနဲ့လုပ်ပါအုံး ခင်ဗျားက အဲဒီကြောင်ခြောက်လေးကို ဘယ်လို ဆက်မွေးသတုန်း”

“ဘယ်လိုမှ မမွေးဘူး၊ ကျနော်က အံ့ဩလွန်းလို့ ကျနော့်ဦးကိုခေါ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ပေါ့ကောင်၊ မင်းမမြင်ဖူးရင် ကြောင်ခြောက်ဆိုတာ လာကြည့်"ဆိုပြီး ခေါ်ပြတော့ သူက ဘာစိတ်ကူးပေါက်တယ် မသိဘူး၊ "မင်း ဒီအကြောင်းကို ဘယ်သူ့မှ မပြောနဲ့"ဆိုပြီး အဲဒီကြောင်ခြောက်လေးကို ပေါင်ဒါမှုန့်ဗူးထဲ ထည့်ပြီး ယူသွားလေရဲ့၊ အဲဒီတုန်းက သူက အိမ်ထောင်ကျနေပြီမို့ အိမ်ခွဲနေတယ်လေ"

"လက်စသတ်တော့ ခင်ဗျားညီက ခင်ဗျားကိုလူလည်ကျသွားတာပဲ၊ အမှန်ဆို ကြောင်ခြောက်ပိုင်ရှင်က ခင်ဗျားမို့ ချမ်းသာစရာရှိ ခင်ဗျား ချမ်းသာရမှာ"

"တော်ပါတော့ဗျာ၊ ကြောင်ခြောက်သူခိုးလေးနဲ့ တွေ့နေမှ ခိုးစာဝှက်စာနဲ့ အကုသိုလ်ဖြစ်နေရှော့မယ်၊ ကျနော့်စိတ်ထဲမှာ အချောင်နည်းနဲ့ ကြီးပွားချမ်းသာဖို့ ဘယ်တုန်းကမှ စိတ်မကူးခဲ့ဘူး၊ အခု ကျနော့်ညီကတော့ တည်းခိုခန်းတွေ စားသောက်ဆိုင်တွေနဲ့ သူဌေးဖြစ်နေလေရဲ့၊ ဒါလည်း ကြောင်ခြောက်နဲ့ ဆိုင်မယ် မထင်မိ ပါဘူး၊ အမှန်ပြောရရင် ဒါမျိုးတွေ ကျနော်အယုံအကြည် မရှိလှပါဘူး"

"ကျနော်လည်း ခင်ဗျားနဲ့တွေ့မှ လူခြောက်လေးတင်မက ကြောင်ခြောက်လေး ဇာတ်လမ်းပါ ကြားဖူးတော့တယ်၊ လောကကြီးဟာ ထူးဆန်းတာတော့ အမှန်ပဲဗျာ၊ ကြောင်ခြောက် လူခြောက် ဇာတ်လမ်းတွေကလည်း နားထောင်လို့ကောင်းတာနဲ့ လောဘတက်ချင်စရာပါပဲ"

"အေးပေါ့ဗျာ၊ လူ့လောဘကြောင့် ပုဂံမှာ ထူးထူးဆန်းဆန်း ပေါ်ခဲ့ဖူးတဲ့ ပုဂံညှပ်ကြီးကွယ်ခဲ့ရတာကိုကော ခင်ဗျား ကြားဖူးသလား"

"ဟာ လုပ်ပါဦး ပုဂံညှပ်ကြီးတဲ့လား ဘယ်လိုညှပ်မျိုးတုန်းဗျ"

"အော် ခန့်မှန်းကြည့်ရတာတော့ ကွမ်းညှပ်လို သဘောမျိုးထင်ပါရဲ့၊ ခင်ဗျား မျက်စိထဲမှာ ကွင်းကွင်းကွက်ကွက် မြင်ချင်ရင် ပြည့်သူ့တရားရှင်ပေါင်ချိန် ဇာတ်လမ်းတွဲ ထဲက ခေါင်းဖြတ်စက်ကို မြင်ကြည့်ပေတော့ဗျာ"

"လုပ်စမ်းပါအုံးဗျ ခင်ဗျားရဲ့ ပုဂံညှပ်ကြီးဇာတ်လမ်း"

"အော် အဲဒါက ဒေါင်းဖတ်စာထဲမှာ ပါခဲ့တာဗျ၊ အမှန်က ဒေါင်းဖတ်စာကို ကျနော်မမှီလိုက်ဘူး၊ ကျနော့်အကို ဖတ်နေတဲ့စာအုပ်ကို ငယ်ငယ်က ယူဖတ်မိပြီး အခုထက်ထိမှတ်မိနေတာ၊ ဒီလိုဗျာ ဟိုးရှေးရှေးတုန်းက ပုဂံပြည်မှာ ညှပ်ကြီးတစ်ခု ရှိနေခဲ့သတဲ့။ အဲဒီညှပ်ကြီးဟာ ပုဂံပြည်သားတွေ လိမ်ညာကောက်ကျစ်မှုမရှိ နိုင်အောင် နတ်သိကြားတွေက ဖန်ဆင်းထားတာလို့ ယုံကြည်ကြသတဲ့၊ ပုဂံညှပ်ကြီးရဲ့ ပုံလအနေအထားက ကွမ်းညှပ်က ဟထားသလိုပုံစံတဲ့ဗျာ၊ လူနှစ်ယောက် အငြင်းပွား တယ်ဆိုပါစို့၊ အဲဒီလူနှစ်ယောက်အမှုကို ရပ်ရွာလူကြီးက ဖြေရှင်းမပေးနိုင်ရင် ပုဂံညှပ်ကြီး ရှိရာကိုသွားပြီး သစ္စာဆိုဖြေရှင်းကြသတဲ့၊ ညှပ်ကြီးထဲကို လက်ထည့်ပြီး သစ္စာဆိုကြ တာပေါ့ဗျာ၊ မှန်တဲ့သူ ဘာမှ မဖြစ်ပေမဲ့ လိမ်လည်ပြီး သစ္စာဆိုတဲ့သူရဲ့ လက်ကိုတော့



www.burmeseclassic.com

www.burmeseclassic.com

ပုဂံ ညှပ်ကြီးက ဂျိုင်းဆို အော်တိုမစ်တစ် ဖြတ်ပစ်လိုက်ရောတဲ့"

"ခင်ဗျား ညှပ်ကြီးက ကြောက်စရာပါလား၊ ဒါဆို ပုဂံသားတွေ မလိမ်ရဲတော့ဘူးပေါ့"

"ဆန္ဒမစောပါနဲ့လေ၊ တကယ့်ကလိမ်ကကျစ်နဲ့ တွေတော့ သိကြားဖန်ဆင်းတဲ့ ညှပ်ကြီးလည်း နာမည်ပျက်ရုံ မကပဲ တစ်ခါတည်း ကွယ်သွားရသတဲ့"

"ဘယ်လိုကွယ်ရတယ်ဆိုတာ ဆက်ပါအုံးဗျာ"

"ဒီလိုဗျ ပုဂံသားကုန်သည်တစ်ယောက်ဟာ ခရီးသွားဖို့ရှိတာကြောင့် သူပိုင်တဲ့ ရွှေစင်တစ်ပိသာကို သူတို့ယုံကြည်ကိုးကွယ်တဲ့ ဖိုးသူတော်တစ်ယောက်ဆီမှာ အပ်ထားခဲ့သတဲ့ဗျ၊ အဲဒီကုန်သည် ခရီးသွားရာက ပြန်လာတော့ သူတို့အပ်ထားတဲ့ ရွှေတစ်ပိသာကို ဖိုးသူတော်ဆီမှာ ပြန်တောင်းတော့ ဖိုးသူတော်က ပြန်ပေးပြီးပြီလို့ ငြင်းရာက ပုဂံညှပ်ကြီးဆီရောက်ကြရောဆိုပါတော့"

"အော် ဒီမှာတင် ဖိုးသူတော် လက်ပြတ်ရောလားဗျ"

"ခင်ဗျား တော်တော်လောတာပဲ၊ ဖိုးသူတော်လက်မပြတ်ပဲ ကုန်သည်သာ ရွှေတွေဆုံးတဲ့အပြင် ပုဂံညှပ်ကြီးပါ ကွယ်ခဲ့ရတာဗျ"

"ကဲ ဖိုးသူတော်ရဲ့လိမ်နည်းကို ရှင်းပါအုံးဗျ"

"ဖိုးသူတော်နဲ့ကုန်သည် ပုဂံညှပ်ကြီးရှေ့လည်းရောက်ရော ကုန်သည်က သူ့ရွှေစင်တစ်ပိသာ ဖိုးသူတော်ဆီမှာ အပ်ထားခဲ့တာ အမှန်ပါလို့ သစ္စာဆိုပြီး ညှပ်ထဲကို လက်ထည့်လိုက်တော့ ညှပ်ကြီးက ဘယ်နှယ့်မှမလှုပ်ပဲ နေသတဲ့၊ ဖိုးသူတော်အလှည့်ရောက်တော့ ဖိုးသူတော်က သူ့လက်ထဲက တောင်ဝှေးကို ခဏကိုင်ထားဖို့ ကုန်သည်လက်ထဲကို အပ်ထားပြီး ပုဂံညှပ်ကြီးခင်ဗျာ ကျနော်ဟာ သူ့ရွှေတွေကို လက်ခံသိမ်းဆည်းထားပေးခဲ့တာအမှန်ပါ၊ အခု ကျနော် သူ့ရွှေတွေကို သူ့လက်ထဲ ပြန်ထည့်လိုက်ပြီးပါပြီ၊ ကျနော့်သစ္စာမမှန်ရင် ကျနော့်လက်ကို ဖြတ်ပါခင်ဗျာလို့ သစ္စာဆိုလိုက်တော့ ညှပ်ကြီးက ဘယ်နှယ့်မှ မနေပြန်ဘူးတဲ့။ ဒီမှာတင် ဘေးက ဝိုင်းကြည့်နေတဲ့ ပရိသတ်တွေက ပုဂံညှပ်ကြီးဆုံးဖြတ်ပုံကို မကျေမနပ်ဖြစ်ကြရောတဲ့ဗျာ၊ အေးလေ၊ ပရိသတ်ထဲမှာ ဖိုးသူတော် လောဘတက်ပြီး ကလိမ်ကကျစ်ကျတာကို ဓာတ်သိတွေလည်း ပါနေမှာပေါ့ဗျာ။ အမှန်တော့ သစ္စာဆိုခါနီး ကုန်သည်ကို ခဏကိုင်ခိုင်းထားတဲ့ ဖိုးသူတော်ရဲ့ တောင်ဝှေးထဲမှာ ရွှေတွေကို အရည်ကျိုပြီး ထည့်ထားတာပေါ့ဗျာ"

"ဟား တကယ့်လက်တစ်လုံးခြားဖိုးသူတော်ပဲ"

"အေးပေါ့ဗျာ၊ ဒီမှာတင် သိကြားမင်းလည်း သူ့ညှပ်ကြီးကို သူ့ဖာသာ ပြန်သိမ်းသွားရတယ်ထင်ပါ့၊ အဲဒီနောက် မကြာခင်မှာ ပုဂံညှပ်ကြီး ကွယ်ပျောက်သွားသတဲ့"

www.burmeseclassic.com

"ဒါနဲ့ခင်ဗျား ဘဝကလည်း ခပ်ဆန်းဆန်းပဲမဟုတ်လား၊ ခင်ဗျားက လူဝင်စားဆို"

"ကြံဖန်စဉ်းစားမယ်ဆိုရင်တော့ အရင်ဘဝကလည်း သက်ခိုင်၊ အခုဘဝလည်း သက်ခိုင် ဆိုသလို ဖြစ်နေတာတော့အမှန်ပဲ၊ ဒါပေမဲ့ ကျနော့်ကိုယ်တိုင်တော့ တယ်ပြီး အယုံအကြည်မရှိလှဘူးဗျ၊ ထူးခြားတာကတော့ ဂရိဒဿနိကဗေဒနဲ့ သင်္ချာဗေဒပညာရှင် ပိုက်သဂိုရပ်(Pythagoras)လိုပုဂ္ဂိုလ်ကတောင် သူဟာ တစ်ချိန်က အယ်သာလီဒီး (Aethalides)ဖြစ်ခဲ့တယ်၊ နောက်တစ်ဘဝမှာ ယူဖော်ဘတ်(Euphorbus) ဖြစ်ပြန်ပြီး ထရိုင်းမြို့ကို ရန်သူတွေ ဝိုင်းမိတုန်းက မင်လာအတ်(Menelaus)ကြောင့် သူဒဏ်ရာရပြီး ကွယ်လွန်ခဲ့ရတယ်လို့ မကြာခဏပြောလေ့ရှိသတဲ့ဗျာ။ လူဝင်စားဆိုတဲ့ပြဿနာနဲ့ ပတ်သက်ပြီး တစ်ကမ္ဘာလုံးက ပညာရှင်တော်တော်များများ စူးစမ်းလေ့လာခဲ့ကြတာတော့ အမှန်ပဲ"

"လုပ်ပါအုံးဗျ ဘယ်လိုတွေများလေ့လာခဲ့ကြပါလိမ့်"

"ချမ်းမြေ့ဆရာတော်ရဲ့ ကံနှင့်တမလွန်ဘဝဆိုတဲ့ စာအုပ်မှာ ဆရာတော်က ကံနဲ့တမလွန်ဘဝတရားကို ဟောကြားရင်း ဒေါက်တာစတီဗင်ဆင်ရဲ့ Twenty cases Suggestive of Reincarnation ဆိုတဲ့စာအုပ်ကို ညွှန်းပြီး လူဝင်စားကိစ္စကို ဖော်ပြထားလေရဲ့၊ ဘရာဇီးနိုင်ငံက ပေါလို(Paulo) ဆိုတဲ့ ကလေးဟာ အရင်ဘဝတုန်းက သူဟာ အယ်မီလီယာဆိုတဲ့နာမည်နဲ့ မိန်းခလေးဖြစ်ခဲ့ကြောင်း ပြောသတဲ့ဗျ၊ သူ့မိဘများ မှာ ကလေးဆယ့်သုံးယောက် ရှိတဲ့အနက် အယ်မီလီယာက ဒုတိယကလေးတဲ့၊ သူက မိန်းမဘဝကို မနှစ်မြို့ဘူး၊ ရွံမုန်းသတဲ့၊ သူက ယောကျ်ားလေးပဲ ဖြစ်ချင်တယ်၊ သူ့ဘဝမှာ မပျော်တာကြောင့် သူသေချင်တယ်၊ သေပြီးတော့လည်း သူ့မိခင်ဝမ်းမှာပဲ ယောကျ်ား လေးအဖြစ်နဲ့ ပြန်ဝင်စားချင်တာကြောင့် ငါသေရင် ယောကျ်ားလေးဖြစ်မယ်လို့ ခဏခဏ ပြောလေ့ရှိသတဲ့ဗျ"

"ဒါနဲ့ အသက် ၁၉–နှစ်အရွယ်မှာ အဆိပ်သောက်ပြီး သေကြောင်းကြံခဲ့တယ်၊ ပထမအကြိမ်မှာ လူကြီးတွေ အသိစောလို့ နွားနို့တွေ ဖိတိုက်တာကြောင့် မသေခဲ့ပေမဲ့ ဒုတိယအကြိမ်မှာ ဆိုင်ယန်နိုက်ဆိုတဲ့ အဆိပ်ကို သောက်ပြန်တာကြောင့် ၁၉၆၂–ခုနှစ် နိုဝင်ဘာလ ၁၂–ရက်နေ့မှာ သူသေသွားခဲ့သတဲ့ဗျ၊ သူသေပြီး တစ်နှစ်ကျော်ကျော် အချိန် မှာ သူ့မိခင် အီဒါလောရင့်ဟာ ယောကျ်ားလေး တစ်ယောက်ထပ်မွေးတယ်၊ အဲဒီကလေး ကို ပေါလို လို့နာမည်ပေးတယ်၊ အဲဒီကလေးရဲ့အမူအရာ စိတ်နေစိတ်ထားတွေဟာ ယောကျ်ားလေးနဲ့ မတူဘူးဆိုပဲ၊ ယောကျ်ားလေးအဝတ် မဝတ်ဘူး။

မိန်းကလေးအဝတ်တွေပဲ ဝတ်တယ်။ ငါက မိန်းကလေးလို့လည်း ပြောတဲ့၊



www.burmeseclassic.com

www.burmeseclassic.com

အယ်မီလီယာလိုပဲ အပ်ချုပ်စက်ကို အရမ်းစိတ်ဝင်စားတယ်၊ နှစ်သက်တယ်၊ အသက်လေးနှစ်အရွယ်မှာ အယ်မီလီယာရဲ့ စကတ်တစ်ထည်ကို ဖျက်ပြီး ဘောင်းဘီချုပ်ပေးတော့ ပေါ်လိုက အရမ်းသဘောကျသတဲ့ဗျာ၊ အဲဒီအချိန်က စပြီး ပေါ်လိုဟာ ဘောင်းဘီပဲ ဝတ်တော့တယ်၊ သူ စက်ချုပ်ကျွမ်းကျင်တာကိုလဲ လူကြီးတွေ တအံ့တသြတွေ့ရှိကြရသတဲ့၊ ဘယ်သူသင်ပေးသလဲ မေးတော့ ငါက တတ်ပြီးသားလို့ ဖြေတယ်၊ နောက်ကျမှ ဒိုနာအယ်လီနာ သင်ပေးတယ်လို့ ပြောသတဲ့၊ အမှန်က ဒိုနာအယ်လီနာဟာ ပေါ်လိုကို စက်ချုပ်သင်မပေးဖူးဘူး၊ သူသင်ခဲ့တာက သေသွားတဲ့ အယ်မီလီယာကိုပဲ။ ဒီလိုနဲ့ ပေါ်လိုဟာ အယ်မီလီယာဝင်စားတဲ့ လူဝင်စားဖြစ်ကြောင်း တစ်စတစ်စ ပိုသိလာကြသတဲ့ဗျာ"

"အင်း အတော်ကို စိတ်ဝင်စားစရာကောင်းတဲ့ အဖြစ်ပါလား"

"ဒါတင်မကသေးဘူးဗျ၊ လူတစ်ယောက်ဟာ သူစိတ်ညွတ်ရာ လိုလားတောင့်တရာမှာ ဘဝသစ်ဖြစ်ရတဲ့ နောက်ထပ် ဖြစ်ရပ်နမူနာတစ်ခုကို ဒေါက်တာစတီဗင်ဆင်ရဲ့ စာအုပ်မှာပဲ တွေ့ရသေးတယ်လို့ ဆရာတော်က ဆက်ဟောသေးတယ်"

"ဒါဆိုလည်း ဆက်ပါအုံးဗျ"

"အမေရိကန်ပြည်ထောင်စု အလာစကာပြည်နယ်မှာ တံငါလုပ်ငန်းနဲ့ အသက်မွေးကြတဲ့ တလင်းဂျစ်လူမျိုး မစ္စတာဝီလျံဂျော့ဆိုတဲ့ အဖိုးကြီးဟာ သူ့နယ်မှာ ထင်ရှားတစ်ယောက်ဖြစ်သတဲ့။ သူမသေခင်က သူချစ်တဲ့ သူ့သား ရယ်ဂျီနယ်ဂျော့ကို "ငါသေပြန်လာပြီး မင့်သားဖြစ်မယ်၊ ငါ့ကိုယ်က အမှတ်အသားတွေ မင်းတို့တွေ့ရင် ငါ မှတ်မိရောပေါ့"လို့ သုံးလေးကြိမ်ပြောသတဲ့၊ တစ်ခါတော့ သူ့သားကို သူ့ လက်ပတ်နာရီရွှေတ် ပေးပြီး "ရော့၊ သိမ်းထား၊ ငါပြန်လာမယ်၊ မင့်သားဖြစ်မယ် အဲဒီအခါကျ ဒီနာရီက ငါ့ဖို့"လို့ ပြောသတဲ့။ သူ့သားက အဲဒီနာရီကို သူ့မိန်း ဆူဇန်ဂျော့ကိုပေးရင်း သူ့အဖေပြောတဲ့ စကားကိုလည်း ပြောပြလိုက်တယ် ဆူဇန်ဟာနာရီကို သူ့လက်ဝတ်လက်စားသေတ္တာထဲ ထည့်ပြီး သေချာသိမ်းထားခဲ့သတဲ့ အဲဒီနာရီပေးပြီး မကြာခင် ၁၉၄၉–ခုနှစ်၊ ဩဂုတ်လ စောစောပိုင်းမှာ အဘိုးကြီး ကွယ်လွန်သွားတယ်၊ နောက် ကိုးလလောက်အကြာ ၁၉၅၀–ခုနှစ်မေလ ၅–ရက်နေ့မှာ သူ့ချွေး ဆူဇန်၊ သားယောကျ်ားလေးတစ်ယောက်မွေးတော့ ကလေးရဲ့ဘယ်ဘက်ပုခုံး တံတောင်ဆစ် အောက်နားမှာ မှဲ့တစ်လုံးစီ ပါလာသတဲ့ဗျ၊ သူ့အဖိုး ဝီလျံဂျော့ မှဲ့ရှိတဲ့နေရာတွေနဲ့ တစ်ထပ်တည်းပဲတဲ့။ သုံးနှစ်သားကျမှ စကားပြောတ ကလေးရဲ့အမူအရာ အပြောအဆို ကြိုက်တာ မကြိုက်တာကအစ သူ့အဖိုးနဲ့ အတူ ဖြစ်နေသတဲ့။ ကလေးငါးနှစ်သား အရွယ်ရောက်တော့ တစ်နေ့မှာ သူ့အမေရဲ့ ကိုစွရှိ



www.burmeseclassic.com

www.burmeseclassic.com

သူ့လက်ဝတ်လက်စားသေတ္တာလေးကို ဖွင့်နေတုန်းမှာ ကလေးက ကစားနေရာကနေ ရုတ်တရက်ရောက်လာပြီး ချက်ချင်း ရွှေနာရီကို ကောက်ယူတယ်၊ ပြီးတော့ "ဒါငါ့နာရီ "လို့ ပြောရင်း နာရီကို ဖွတ်ယူထားလို့ ချော့မော့ပြီး ပြန်တောင်းထားရသတဲ့။ နောက် မကြာမကြာ ဆိုသလို ငါ့နာရီ ငါ့ကိုပြန်ပေးလို့ တောင်းနေတတ်တာကြောင့် အဲဒီကလေး ကို အဖိုးကြီးဝင်စားတဲ့ ကလေးပဲလို့ သတ်မှတ်ပြီး ကလေးကို ဝီလျံရျော့လို့ပဲ သူ့အရင်နာမည် ပြန်မှည့်လိုက်ကြသတဲ့ဗျာ"

"အင်း ခင်ဗျားပြောသလို ဆိုရင်ဖြင့် လူတွေရဲ့ ဘဝကူးပြောင်းပုံဟာ စိတ်ဝင်စားဖို့ တော်တော်ကောင်းတာပဲ၊ ဒါနဲ့ ဒီကိစ္စနဲ့ ပတ်သက်လို့ ကျမ်းဂန်တွေမှာကော ဘယ်လို အဆိုရှိသတုန်းဗျာ"

"အောင်မလေး ထူးထူးဆန်းဆန်း ခင်ဗျားက ကျမ်းဂန်တွေကို စိတ်ဝင်စား နေပါရော့လား။ ဒီကိစ္စကို အသေးစိတ် နားလည်အောင်တော့ ခင်ဗျားကိုယ်တိုင် ကျမ်းဂန် စာပေတွေကို ရှာဖွေဖတ်ရှုတာ အကောင်းဆုံးပါပဲ၊ အတိုချုပ်ပြောရရင် ဘဝတစ်ခု ချုပ်ငြိမ်းတဲ့အခါ ရုပ်ကောနာမ်ပါ ပျက်စီးသွားပေမဲ့ နာမ်သတ္တိရဲ့ အရှိန်ဟာ ဘဝသစ်မှာ သက်ရောက်မှုရှိရာက ရှေးဘဝနောက်ဘဝဆိုတာတွေ ဖြစ်လာရတာပါပဲ။ ဒီနေရာမှာ ဘဝဟောင်းရဲ့ အတ္တဝိညာဉ်ဟာ အကောင်အထည်လိုက်ကြီး ကူးပြောင်းသွားတာ မဟုတ်ဘူးဆိုတာတော့ သတိကြီးကြီးချပ်ရပါလိမ့်မယ်။ ဘဝဟောင်းက အာနိသင်လေးတွေဟာ စေတနာလို့ခေါ်တဲ့ ကံအဖြစ်ကျန်ခဲ့ပြီး အဲဒီကံနဲ့၊ ခန္ဓာဒုက္ခမသိမှု အဝိဇ္ဇာ၊ ခန္ဓာအသစ်လိုချင်မှု တဏှာဆိုတဲ့ အကြောင်းသုံးပါးပေါင်းစပ်ပြီး ဘဝသစ်ဖြစ်အောင် ဖန်တီးလိုက်ကြတာပါပဲ။ လယ်တီဆရာတော်ဘုရားကြီးရဲ့ ငှက်ကျော်ကျမ်းမှာ ဘဝသစ် ဖြစ်ပုံကိုဥပမာသုံးမျိုး ပေးထားတယ်"

"**မီးတိုင်ဥပမာ**။ ။ဖယောင်းတိုင်တစ်တိုင် မီးထွန်းထားတယ်။ နောက်တစ်တိုင် ထွန်းချင်တဲ့အခါ ပထမအတိုင်ကနေ မီးကူးယူလိုက်တယ်။ ဒီနေရာမှာ စဉ်းစားရမှာက ဒုတိယအတိုင်မှာ တောက်လောင်နေတဲ့မီးဟာ ပထမအတိုင်က ကူးလာတဲ့မီးတွေလား။ ဒုတိယအတိုင်က ဖယောင်းသားကို လောင်နေတဲ့မီးတွေလား ဆိုတာပဲ။ တကယ့်အမှန်က ပထမဖယောင်းတိုင်က မီးတွေဟာ ဒုတိယဖယောင်းတိုင်ကို ကူးမလာပါဘူး။ ဒါပေမယ့် ပထမဖယောင်းတိုင်က မီးနဲ့ကင်းပြီးတော့လည်း ဒုတိယဖယောင်းတိုင် မီးမတောက် နိုင်ပါဘူး။ ထို့အတူ ကျောင်းဒကာအနာထပိဏ်ဘဝက ရုပ်နာမ်တရားတွေဟာ နတ်ပြည်ကို တစ်ခုမှကူးမလာပါဘူး။ ဒါပေမယ့် ကျောင်းဒကာအနာထပိဏ်နဲ့ ကင်းပြီးတော့လည်း နတ်ပြည့်မှာ နတ်သားလာမဖြစ်လာပါဘူး။ အကြောင်းအကျိုး ဆက်သွယ်မှုလောက်ပဲ ရှိတယ်လို့ ယူရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"တံဆိပ်တုံးဥပမာ။ ။ တံဆိပ်တုံးနဲ့ ဥပမာပေးကြဦးစို့။ ဒီသင်္ကန်းခေါက်ကို ကြည့်လိုက်ပါ။ သင်္ကန်းသားပေါ်မှာ ဂဠုန်တံဆိပ်ထင်နေတယ်။ သံပြားထုထုမှာ ဂဠုန်တံဆိပ်ဆွင်း အပူပေးပြီး သင်္ကန်းခေါက်ပေါ်ဖိချလိုက်တာနဲ့ ဂဠုန်တံဆိပ် ထင်သွားတာပါပဲ။ ဒီလိုထင်တဲ့နေရာမှာ သင်္ကန်းမှာထင်နေတဲ့ ဂဠုန်ရုပ်ဟာ သံပြားက ဂဠုန်ရုပ် မဟုတ်ပါဘူး။ ဒါပေမယ့် သံပြားက ဂဠုန်ရုပ်နဲ့ကင်းပြီးတော့လည်း မထင်နိုင်ပါဘူး။ ထို့အတူ နတ်ပြည်က နတ်သားဘဝဟာ လူ့ပြည်က ကျောင်းဒကာအနာထပိဏ် မဟုတ်ပါဘူး။ ရုပ်သစ်နာမ်သစ်ထပ်ဖြစ်တာပါ။ ဒါပေမယ့်လူ့ပြည်က အနာထပိဏ်နဲ့ ကင်းပြီးတော့ မဖြစ်နိုင်ပါဘူး"

"ပဲ့တင်သံဥပမာ။ ။ပဲ့တင်သံဥပမာကတော့ လိုဏ်ဂူကြီးထဲမှာ ဟေးကနဲတစ်ချက်အော်လိုက်ရင် ပထမအသံက လိုဏ်ဂူနံရံကို ရိုက်ပြီး ဟေး ဟေး ဆိုတဲ့ ဒုတိယ တတိယပဲ့တင်သံများ ပေါ်လာပါတယ်။ ဒုတိယ တတိယပဲ့တင်သံများဟာ ပထမအော်လိုက်တဲ့အသံမဟုတ်ပါဘူး။ အသစ်ထပ်ဖြစ်တာပါ။ ဒါပေမယ့် ပထမ အော်သံနဲ့လည်း ကင်းပြီး မဖြစ်နိုင်ပါဘူး။ အကြောင်းအကျိုးဆက်စပ်မှုကတော့ ရှိနေပါတယ်"

အဲဒါက လယ်တီဆရာတော်ဘုရားကြီးပေးတဲ့ ဥပမာတွေဗျ၊ ဒီသဘောကိုပဲ ချမ်းမြေ့ ဆရာတော်ဘုရားက သံလိုက်နဲ့ဥပမာပေးထားသေးတယ်၊ တိုက်တိုက်ဆိုင်ဆိုင် ဆိုရမလား ၊ ကံရှဲသတ္တိဟာ ဘဝသစ်ကို ကူးပြောင်းသွားတာနဲ့ ပတ်သက်လို့ ကျနော့် အတွေးနဲ့ ဆရာတော်ဟောကြားချက်က လာတူနေတယ်ဗျ၊ ဆရာတော် ရှင်းပြပုံက "သံလိုက်တစ်ခုအနားကို သံမှုန်လေးတွေ အပ်စလေးတွေ ဘယ်လိုရောက်လာသလဲ သံလိုက်နဲ့ မထိရသေးဘူး၊ သံလိုက်နဲ့ သုံးလက်မ၊ လေးလက်မ အကွာမှာပဲ ရှိသေးတယ် အဲဒီသံမှုန်တွေက သံလိုက်ကို ပြေးပြီးသွားထိတယ်။ သံလိုက်ကြီးက သံမှုန်တွေကို ပြေးကပ်ပြီး ခေါ်လို့လား၊ မဟုတ်ဘူး၊ ဒါဖြင့် ဘာလဲ၊ အဲဒါ သံလိုက်ရဲ့ အားအရှိန်ပေါ့ တဲ့။"

ဒီတော့ရှေ့နာမ်တရား ပျက်ပြီးနောက်နာမ်တရား ဖြစ်တယ်။ ရှေ့ရုပ်တရားပျက်ပြီးတော့ နောက်ရုပ်တရားဖြစ်တယ် ဆိုတာဟာ ရှေ့ရုပ်တရား နာမ်တရားပျက်ခြင်းအကြောင်းမှ မှန်တယ်။ အဲဒီ အကြောင်းကြောင့်ပဲ နောက် ရုပ်တရား နာမ်တရား ဖြစ်ရတယ်။ ဒီတော့ ကြားထဲမှာ အကြောင်းက ဘာလဲလို့ဆိုတော့ရှေ့ကပါလာတဲ့ အရှိန်ပဲ။ အဲဒီအရှိန်ကြောင့် ရှေ့ကပျက်ရင် နောက်ကအသစ်ဖြစ်တာပဲတဲ့ဗျ"

"ခင်ဗျားရှင်းပြလို့သာ နားထောင်နေရတယ်၊ ကျနော့်စိတ်ထဲမှာတော့ သိပ်ရှင်းလှတယ်မဟုတ်ဘူးဗျာ"

"သိပ်မှန်တာပေါ့ဗျာ၊ ခင်ဗျားရဲ့အာရုံနဲ့ လေ့လာလိုက်စားမှုဟာဒီအကြောင်း



www.burmeseclassic.com

www.burmeseclassic.com

အရာရဲ့ ခေါင်းစဉ်အောက်မှာ ရှိမနေတာကြောင့် ခင်ဗျား နားမရှင်းတာပါ၊ နားလည်ပါတယ်ပြောရင်လည်း ခင်ဗျား လိမ်တာပဲဖြစ်မယ်၊ သို့ပေမဲ့ ခင်ဗျားကိုယ်တိုင် လေ့ကျင့်အားထုတ်တဲ့အခါ ဒီအကြောင်းအရာတွေကို ခင်ဗျားနားလည်လာပါလိမ့်မယ်၊ ခင်ဗျားနားမလည်ဘူးဆိုလို့ ကျနော်နဲ့မိုးကုတ်တရားတော် ရေစက်ဆုံပုံလေး ပြောသတိရမိသေးတယ်”

“ခင်ဗျား တော်တော်လည်တဲ့သူပဲဗျာ၊ လက်စသတ်တော့ မိုးကုတ်တရားအကြောင်း ပြောချင်တာနဲ့ ကျနော့်ကို အထူးအဆန်းတွေနဲ့ မျှားခေါ်နေတာကိုး”

“ဟား ခင်ဗျားအတွက် အကျိုးမယုတ်ပါဘူးဗျာ၊ နေလည်းပူနေတုန်းမို့ စကားဆက်လိုက်ကြရအောင်”

ကွင်းပြင်ဆီမှ တိုက်ခတ်လာသော လေပူသည် ထူထပ်သော ငှက်ပျောပင်အုပ်ကို ဖြတ်သန်းတိုးဝင်လျက်ရှိ၏။ ကျနော်တို့ထံရောက်လာသော လေသည် ညှင်းသက်လျက်ရှိသည်။ ထိုင်နေသောကွပ်ပျစ်သည် အဆောက်အဦးနှင့် ကပ်လျက်ရှိသောကြောင့် ကျနော်က နံရံကိုကျောမှီလျက်၊ ကိုသက်ခိုင်ကား ကွပ်ပျစ်အလယ်တွင် ထိုင်ရင်း ခပ်ဝေးဝေးကွင်းပြင်ဆီသို့ မျှော်ကြည့်ကာ သူ့စကားရှည်ကြီးကို အစပျိုးလေ၏။

“ကျနော်သေမှာကြောက်တာ ဒါပထမဆုံး မဟုတ်ဘူးဗျ။ အစစအရာရာအဆင်ပြေနေတဲ့ အချိန်တုန်းကလည်း ကျနော်သေမှာ ကြောက်ဘူးသေးတယ်။ ဘယ်ကဘယ်လို စပြီးခံစားမိမှန်း မမှတ်မိတော့ပါဘူးဗျာ။ အားလုံး ချောမွေ့အဆင်ပြေပြီး လက်ဖျားငွေသီးနေတဲ့အချိန် သေမှာကြောက်တဲ့စိတ် ဝင်လာတယ်။ လာတာမှ ဘာရောဂါမှ မရှိပဲ နေ့သေမလား၊ ညသေမလား ကြောက်နေတဲ့စိတ်၊ ဇနီးလုပ်သူကတော့ ထုံးစံအတိုင်း အရက်အသောက်များပြီး နည်းနည်းကြောင်တယ် ထင်နေတာ။ ကျနော်က သူ့ကို သေမှာကြောက်လိုက်တာကွာလို့ ခဏခဏ ထုတ်ညည်းနေတာကိုး။ ကျနော်ကလည်း ဒုက္ခရောက်လို့ သေမှာကြောက်တာ မဟုတ်ဘူး၊ သေရမှာကို တွေးတွေးပြီး ကြောက်တာ။

ဒါနဲ့စိတ်ပြေလက်ပျောက် မိတ်ဆွေ တစ်ချို့ဆီသွားလည်ပတ်ရာက ဗိုလ်မှူးဇော်လင်း ဆိုတဲ့ မိတ်ဆွေက “ဒါများဗျာ။ ခင်ဗျားမိုးကုတ်ဆရာတော်ရဲ့တရားကို သွားနာလိုက်။ တော်တော်အကျိုးရှိမယ်”တဲ့။ နေအုံး၊ သူလည်း တရားပွဲဆီသာ လမ်းညွှန်တာ သူနဲ့ကျနော်က ကာလူးချဖက်ဗျ။ ပွဲပေါင်းများစွာနွှဲဖူးတယ်။ အော် ကာလူးဆိုတာ အရက်ကိုပြောတာ။ ကျနော်လည်း ဟုတ်လိုဟုတ်ငြား သေမှာ ကြောက်တဲ့ရောဂါ သက်သာလို သက်သာငြား ရွှေတိဂုံစေတီ အရှေ့ဖက်မုခ်က အကောက်ခွန်ဓမ္မာရုံမှာ လုပ်နေတဲ့ တရားပွဲဆီ ရောက်သွားတယ်။ တရားဟောတဲ့ ဘုန်းကြီးက မိုးကုတ်ဆရာတော်ကြီးရဲ့တပည့်ဗျ။ ပရိသတ်ကတော့ ဓမ္မာရုံအပြည့်ပဲ။ ကျနော်က မိုးကုတ်တရား



www.burmeseclassic.com

www.burmeseclassic.com

ကို နာလည်းမနာဖူးဘူး။ ကြားလည်း မကြားဖူးတော့ တရားလည်း စပေါရော ဒုက္ခရောက်တော့တာပဲ။ မိုးကုတ်တရားက စက်ဝိုင်းကြီးနဲ့ ဟောသူ နာသူ အမေးအဖြေနဲ့ကိုး။ နကန်းတစ်လုံးမှ မသိတဲ့ ကျနော့်မှာတော့ ဘာမေးမှန်းမသိ ယောင်ချာချာနဲ့ဗျာ။ ဒါပေမဲ့ ကျနော်က လွယ်လွယ်လက်လျှော့တတ်တဲ့ ညာဉ်မရှိတော့ ငါလည်း မေးခွန်း နားထောင်ပြီး ပြန်ဖြေရင် ရ ရမယ်ဆိုပြီး သေချာနားထောင်တယ်။ သေချာနားထောင်လေ ပိုဆိုးလေပဲဗျ။ ကြည့်လေ။ တရားဟောတဲ့ဘုန်းကြီးက စက်ဝိုင်းကြီးကို ထောက်လိုက်၊ မေးလိုက်။ ရုပ်နာမ် ဘယ်နှစ်ပါးလဲဆိုတော့ သာမန် အရပ်သူ မိန်းမ တရားနာ ပရိသတ်က နှစ်ပါး ပါဘုရားတဲ့။ ကျနော်က စဉ်းစားတယ်။ အဲဒီ နှစ်ပါးဆိုတာ ဘယ်ဟာပါလိမ့်ပေါ့။ နောက်ခန္ဓာ ဘယ်နှစ်ပါးလဲ ဆိုတော့ ငါးပါးပါဘုရားတဲ့။ အမယ်၊ တစ်သံတည်း ထွက်နေကြတာဗျ။ သူတို့အားလုံး ကြိုသိ ထားကြတယ်ထင်ပါ့ဗျာ။

ကျနော့်မှာလည်း နှစ်ပါးတောင် အစရှာမရသေးတာ ငါးပါးဆိုတော့ ပိုဆိုး တော့တာပေါ့။ ကျနော် တစ်နာရီလောက် နာနေတဲ့အချိန် ဒုက္ခကြီးလိုက်တာဗျာ။ ကုန်ခဲလိုက်တဲ့အချိန်။ တရားလည်းဆုံးရော ဦးဇော်လင်းက လာခေါ်ပြီး တရားဟော ဘုန်းကြီးနဲ့တွေ့ပေးတာတောင် ကျနော့်စိတ်က မပါတော့ဘူး။ နောက်အရက် သောက်တဲ့ဘက် ပြန်လှည့်ပြီး သေမှာကြောက်တဲ့ ဒုက္ခလည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားတယ်။ သို့သော် အဲဒီနေ့က ကျနော်ဟာ ဒုက္ခရဲ့အစကို တွေ့ခဲ့တာဗျ။ ကျနော်က နားမလည်ခဲ့လို့ ။ ဒုက္ခတောင် မကပါဘူးဗျာ။ ပတ်သက်ရာ ပတ်သက်ကြောင်းတွေပါ ပါသေး။ ဘယ်ဟာလည်း ဒုက္ခဟုတ်လား။ တရားဟောတဲ့ ဘုန်းကြီးဘေးမှာ ထောင်ထား တာ ဒုက္ခပေါင်းစုံကို ဖော်ပြထားတဲ့ စက်ဝိုင်းကြီးဗျ။

အဲဒီစက်ဝိုင်းကြီးက ကျနော်တို့ ခန္ဓာကိုယ်တွေ ဘဝပေါင်းများစွာမှာ အဆက် မပြတ်လည်နေတာကို ခြေရာကောက်ထားတာဗျ။ ဘုရားဟောတဲ့ သဘောကို မိုးကုတ်ဆရာတော်ကြီးက စက်ဝိုင်းကြီးတစ်ခုတည်းမှာ ထည့်ပြီး ဆက်စပ်ပြထားတာ။ ဘုရားကတော့ ဒီစက်ဝိုင်းကို ဘယ်ဆွဲခဲ့မလဲဗျ။ ဆရာတော်ကြီးက စာတွေလက်တွေ ကျွမ်းကျင်တော့ ကျုပ်တို့လို ခပ်ဒူဒူလူမျိုးတွေ သိလွယ်အောင်ထင်ပါ့။ စက်ဝိုင်းကြီး ဆွဲပြပြီး ရှင်းခဲ့တာ။

ကျနော်မိုးကုတ်တရားကို ကြော်ငြာနေတာ မဟုတ်ဘူးဗျ။ ထူးဆန်းတာ ရှိသေးတယ်။ ဘာတစ်ခုမှ တရားနဲ့ပါတ်သက်လို့ ရေရေရာရာ မသိခဲ့တဲ့ ကျနော်ဟာ လေ့ကျင့်ခန်းလုပ်လို့ မကြာခင် ဘယ်တရားစာဖတ်ဖတ်၊ ဘယ်အခွေနားထောင် နားထောင် ချက်ကနဲ နားခွက်က မီးထတောက်သလို သိသိသွားတယ်။ ပြောရင် ပုံနိုင် စရာ မရှိဘူး။ ကျနော်သိချင်တာ တစ်ခုခု စွဲစွဲလန်းလန်း ဖြစ်လာလို့ စာအုပ်တစ်အုပ်





www.burmeseclassic.com

www.burmeseclassic.com

ကောက်လှန့်လိုက်ရင် ကျနော်သိချင်တဲ့အကြောင်းက အဲဒီစာမျက်နှာမှာ တန်းတန်းပြီး ပေါ်လာတယ်ဗျ။ တစ်ကြိမ်တည်း မဟုတ်ဘူးဗျာ။ အကြိမ်ပေါင်းများစွာ ဖြစ်လာတော့ နတ်တွေ သိကြားတွေ ဖန်ဆင်းပေးနေတယ်လို့တောင် ထင်မယ်ဆို ထင်စရာပေါ့ဗျာ။ ဇက်ဝိုင်းကြီးအကြောင်း ဟုတ်လား။ သူများနားလည်တာနဲ့ ကျနော်နားလည်တာ တူချင်မှ တူမယ်ဗျ။ ကျနော်နားလည်တဲ့ အပိုင်းလောက်ကို ပြောပါရစေဗျာ။

မှန်တာကို မသိမှုကနေ၊ မဟုတ်တဲ့ အားထုတ်မှုတွေကို ဖြစ်စေသတဲ့။

မဟုတ်တဲ့ အားထုတ်မှုတွေက၊ နောင်ဘဝအတွက် ဝိညာဏ်အသစ် ဖြစ်စေသတဲ့။

ဒီ ဝိညာဏ်က ခန္ဓာကိုယ်နဲ့စိတ်အစုကို ဖြစ်စေသတဲ့။

ကိုယ်နဲ့စိတ်အစုကနေ အာရုံခံ ကိရိယာတွေ ဖြစ်လာစေသတဲ့။

အာရုံခံ ကိရိယာတွေဟာ၊ အာရုံတွေကို တွေ့လာစေတယ်တဲ့။

တွေ့လာတဲ့အာရုံတွေဟာ၊ ခံစားမှုကို ဖြစ်စေတယ်တဲ့။

ခံစားမှုတွေဟာ စွဲလန်းမှုကို ဖြစ်လာစေတယ်တဲ့။

စွဲလန်းမှုကနေ ပြင်းထန်တဲ့ငြိတွယ်မှု ဖြစ်စေသတဲ့။

ငြိတွယ်မှုကနေ၊ လူ့ဘဝတစ်ခု ဖြစ်စေသတဲ့။

လူ့ဘဝကြောင့် ခဏခဏ မွေးလိုက်သေလိုက်ဖြစ်စေသတဲ့။

မွေးလိုက်သေလိုက်အဖြစ်ကြောင့် ပူဆွေးပင်ပန်းမှုတွေ ဖြစ်စေသတဲ့။

ပူဆွေးဆင်းရဲခြင်းတွေဟာ ပါတ်သက်မှု၊ ရုပ်ယှက်ခတ်မှုတွေဖြစ်စေတော့တာပဲတဲ့။

ဒါက ကျနော်နှစ်သက်တဲ့အပိုင်းလေးကို ရွေးပြောတာပါ။ သံသရာလည်ပုံ၊



www.burmeseclassic.com

www.burmeseclassic.com
သံသရာဖြတ်ပုံတွေပါ ရှင်းပြထားတာမို့ အခွင့်အခါသင့်တဲ့အခါ သူတော်ဆည်းကပ် မြတ်တရားနာကြည့်ပေတော့။

ကျနော့်စိတ်မှာတော့ ကျနော်လေ့ကျင့်ထားတဲ့ အတွေ့အကြုံနဲ့ ဟပ်နေတော့ အဲ စက်ဝိုင်းလည်ပုံကို ရှင်းနေတယ်။ ကျနော်ပြောတဲ့ စကားအသုံးအနှုန်းက လိုချင်လို့ မပေါ့ဗျာ။ ခင်ဗျားက မူရင်းအတိုင်းလည်း ရမယ်။ အဓိပ္ပါယ်ကိုလည်း ခန္ဓာကိုယ်နဲ့ဆက်စပ်ပြီး သဘောပေါက်ရင် အတိုင်းထက်အလွန် တံခွန်နဲ့ကုက္ကားပေါ့

(နောင်အခါ ဘာသာရေးစာအုပ်များကို ရှာဖွေဖတ်ရှုမိချိန်တွင် ထိုနေ့က ကိုသက်နိုင် ပြောဆိုခဲ့သော ပဋိစ္စသမုပ္ပါဒ်အနက်ကို ဗုဒ္ဓဘာသာကောင်း တစ်ယောက် စာအုပ် အခန်း(၃)၊ စာမျက်နှာ (၃၈၁)တွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရသည်။)

ပဋိစ္စသမုပ္ပါဒ် အနက်(နိသျ)

အဝိဇ္ဇာပစ္စယာ၊ အဟုတ်အမှန်ကို မသိမမြင်။ မထင်မလင်းမှုဟူသော အကြောင်းတရားထင်ရှားရှိနေခြင်းကြောင့်၊ သင်္ခါရာ၊ ပစ္စုပ္ပါန်အမှု သံသရာအမှုတို့ကို ပြုစုပျိုးထောင်ခြင်းတည်း ဟူသော သင်္ခါရမှုတို့သည် သမ္ဘဝတိ ဖြစ်ပွားကုန်၏။ သင်္ခါရ ပစ္စယာ။ ပစ္စုပ္ပန်အမှု သံသရာအမှုတို့ကို ပြုစုပျိုးထောင်ခြင်း ဟူသော သင်္ခါရ တရား ထင်ရှားရှိနေခြင်းကြောင့်။ ဝိညာဏံ၊ ဘဝသစ်၌ ဝိညာဏ်သစ် ဖြစ်ပေါ်မှုသည်။ သမ္ဘဝတ္တိ၊ ဖြစ်ပွား၏။

ဝိညာဏ ပစ္စယာ၊ ဝိညာဏ်သစ်ဖြစ်ပေါ်မှုကြောင့် နာမရူပံ နာမ်အစု ရုပ်အစုတို့သည်၊ သမ္ဘဝတ္တိ ဖြစ်ပွား၏။

နာမရူပ ပစ္စယာ၊ နာမ်အစု ရုပ်အစု ဖြစ်ပွားမှုကြောင့် သဠာယတနံ။ ဒွါရ ဖမြည် အကြည် ဖပေါ်း သဠာယတန တရားအစုသည် သမ္ဘဝတိ ဖြစ်ပွား၏။ သဠာယတန ပစ္စယာ။ ဒွါရ ဖမြည် အကြည် ဖပေါ်း ၊ ထင်ရှားရှိခြင်းကြောင့် ဖဿော၊ အာရုံကို တွေ့မှုဟူသော ဖဿ ဖ ပေါ်းသည် သမ္ဘဝတိ ဖြစ်ပွား၏။ ဖဿပစ္စယာ ဖဿ ဖပေါ်း ထင်ရှားရှိနေခြင်းကြောင့် ဝေဒနာအာရုံကို ခံစားမှုဟူသော ဝေဒနာ ဖပေါ်းသည်၊ သမ္ဘဝတိ၊ ဖြစ်ပွား၏။

ဝေဒနာ ပစ္စယာ၊ ဝေဒနာ ဖပေါ်း ထင်ရှားရှိနေခြင်းကြောင့် တဏှာ၊ ဝတ္ထုအာရုံ ကာမဂုဏ်ကို ခုံမင်တွယ်တာ၊ သာယာကပ်ငြိသော တဏှာ ဖပေါ်းသည် သမ္ဘဝတိ ဖြစ်ပွား၏။ တဏှာပစ္စယာ ၊ တဏှာ ဖ ပေါ်းထင်ရှားရှိနေမှုကြောင့်။ ဥပါဒါနံ မလွှတ်နိုင် မခွာနိုင် ပိုင်ပိုင်စေးချွဲ အတွယ်မြဲသော ဥပါဒါန်တရားသည် သမ္ဘဝတိ ဖြစ်ပွား၏။ ဥပါဒါနပစ္စယာ၊ ဥပါဒါန် အထင်အရှား ရှိနေမှုကြောင့်။ ဘဝေါ၊ လောက အစီးအပွား သံသရာ အစီးအပွား ဟူသော ကံတရားဝိပါက် တရားစုသည် သမ္ဘဝတိ ဖြစ်ပွား၏။ ဘဝပစ္စယာ၊ ပစ္စုပ္ပန် စီးပွားမှု ထင်ရှားရှိနေခြင်းကြောင့် ဇာတိ။ အဖန်ဖန် ပဋိသန္ဓေနေမှု ထင်ရှား ရှိနေခြင်းသည်


www.burmeseclassic.com

www.burmeseclassic.com
သမ္ဗာဝတီ ဖြစ်ပွား၏။

ဓာတိပစ္စယာ ပဋိသန္ဓေနေမှု ထင်ရှားရှိနေခြင်းကြောင့်။ ဇရာမရဏံ အဖန်ဖန် အိုမင်းရင့်ရော် သေဆုံးမှုသည် လည်းကောင်း၊ သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ။ စိုးရိမ် ပူဆွေး ငိုကြွေး မြည်တမ်း ပင်ပန်းဆင်းရဲ နှလုံးမသာယာမှု။ သက်ကြီးရှိုက်ငင် ပင်ပန်းမှုတို့သည် လည်းကောင်း သမ္ဗာဝတီ ဖြစ်ပွားကုန်၏။

ဧဝံ ဤသို့ပေါဝလဿ၊ ချမ်းသာမဖက် ဆင်းရဲသက်သက်သာဖြစ်သော ဇေတဿ ဒုက္ခက္ခန္ဓဿ၊ ဤ ဆင်းရဲ ခြင်းဒုက္ခ အစု၏ သမုဒ္ဒယော ဖြစ်ပွားခြင်းသည် ဟောတိ ဖြစ်၏။

. . . . . . . . . . . . . . . . .

ထိုအချိန်တွင် ဆင်သေချောင်းအတွင်းမှ မော်တော်ဘုတ်သံကြားရပြီး၊ ချက်ချင်းဆိုသလို ဗိုလ်ကြီးအဆင့် ယူနီဖောင်းဖြင့် လူငယ်တစ်ဦး ကျနော်တို့ဆီသို့ လျှောက်လာနေ၏။ ထိုဗိုလ်ကြီးက ကိုသက်ခိုင်ကို မြင်သည်နှင့် ဝမ်းသာအဲလဲ နှုတ်ဆက်သည်။

“ဦးသက်ခိုင်ကြီး ဘယ်တုန်းက ရောက်နေတာလဲဗျ၊ ကိစ္စရှိရင်ပြောနော်၊ ကျနော့်ကို အားမနာနဲ့၊ အဖေကလည်း ဦးသက်ခိုင်ကြီးကို မေးမေးနေလေရဲ့၊ တစ်ခုခု စားပြီးမှ ပြန်ပါလား”

“နေပါစေတော့ အောင်နိုင်လူ ရာ၊ ငါတို့ရောက်နေတာ ကြာပေါ့၊ မင်းအဖေ နေကောင်းရဲ့ မဟုတ်လား”

ကျနော်ကား သူတို့နှစ်ဦး တရင်းတနှီး နှုတ်ဆက်နေပုံကို ဘေးမှ ငေးမောနေမိသည်။ အဆိုပါ တာဝန်ခံဗိုလ်ကြီးက ကျနော်တို့စခန်းခွဲ ရှိရာသို့ မော်တော်ဘုတ်ဖြင့် ပြန်ပို့လိုသည်ကို ကိုသက်ခိုင်က ခပ်အေးအေး ငြင်းဆန်ကာ နှစ်ဦးသား ကန်ဘောင်ရိုးအတိုင်း ပြန်ခဲ့ကြရင်း ကျနော်က သူ့ကို စပ်စုမိပြန်သည်။

“ခင်ဗျားက တယ်ပိုင်ပါလား၊ ဘယ်တုန်းက သိနေတာလဲဗျ”

“အော်၊ သူ့အဖေနဲ့ကျနော်က သူငယ်ချင်းပါဗျာ၊ သူကလေးဘဝကတည်းက ကျနော့်ဆီမှာ မုန့်ဖိုးတောင်းနေကျပါ၊ တစ်မိသားစုလုံးနဲ့ ခင်ပါတယ်၊ ဒါက အခုအချိန်မှာ ဘာမှ အရေးမပါတော့ဘူး”

“မသိပါဘူးဗျာ၊ ခင်ဗျားက တရားတွေဘာတွေပေါက်ပြီး တွေ့သမျှလူက အရေးတယူလုပ်တာ ခံရတဲ့အဆင့်ကို ရောက်နေပြီလားလို့၊ ဒါနဲ့ ခင်ဗျား မဂ်ဆိုက် ဖိုလ်ဆိုက် ဖြစ်ခဲ့သလားဗျာ”

“အောင်မလေး ကြီးလိုက်တဲ့အချွန်ဗျာ၊ ကျနော်ဟာ မဂ်ဖိုလ်ဆိုက်ခဲ့သလားတဲ့၊ ခင်ဗျားမေးခွန်းကို ကျနော်ဖြေပါ့မယ်။ သို့သော် ဒီနေ့တော့ ဒီမျှနဲ့ ရပ်ပါရစေ၊ ဟိုမှာ


www.burmeseclassic.com

www.burmeseclassic.com
မင်းနောင်တို့အုပ်စု ဘုတ်တက်လာကုန်ကြပြီ၊ ညစာအတွက် စီစဉ်စရာရှိတာ စီစဉ် ရအောင် စခန်းခွဲအရောက် ခြေကုန်သုတ်ကြအုံးစို့ဗျာ”

ထိုနေ့က ကျနော်တို့စခန်းခွဲသို့ ပြန်ရောက်ချိန်တွင် ဖိုကြီးဆီမှ ထမင်းဝေမယ်၊ တန်းစီမယ် ဟူသော အသံနှင့် အတူ ရဲဘက်တို့ တရုန်းရုန်း ဖြစ်နေချိန်ဖြစ်၍ နှစ်ဦးသား နှုတ်ဆက်ချိန်ပင် မရပဲ ရဲဘက်များအကြားတွင် လူချင်းကွဲခဲ့ကြပါသည်။

❁ ❁ ❁ ❁ ❁ ❁


www.burmeseclassic.com

www.burmeseclassic.com

# ၁၅။ မိုးနှင့်အတူ

အရပ်ရှစ်မျက်နှာစလုံး အုံ့မှိုင်းညိုမှောင်ကာ မိုးကြီးသည်းစွာ ရွာနေချိန်ဖြစ်၏။ မိုးပြင်းသာမက တစ်ခါတစ်ခါ လေပြင်းပါ ကူလေသောကြောင့် ကျွန်တော်တို့ ရဲဘက်အကျဉ်းသားများအိပ်ဆောင်မှာ သိမ့်ကနဲ သိမ့်ကနဲ လှုပ်ယမ်းလျက်ရှိ၏။ ထို့ပြင်တဝရံဖန်ရံခါ လျှပ်စီးဝင်းဝင်းလက်ကာ မိုးကြိုးပစ်သံများကိုပါ ကြားနေရ၏။ အချိန်ကား နံနက်ကိုးနာရီခန့်ဖြစ်၍ ရဲဘက်တို့ ဘုတ်ဆင်းနေကြချိန်ဖြစ်သည်။ အိပ်ဆောင်ပေါ်တွင်ကား ကျနော်၊ ကိုသက်ခိုင်နှင့် ဆေးနားရဲဘက်တစ်ဦးအပြင် ပင်မစခန်းမှ ဆေးမှူးကိုမြင့်ဇော်တို့ ရှိနေကြ၏။ ဆေးမှူးကိုမြင့်ဇော်ကား ကျနော်တို့ စခန်းခွဲသို့ တစ်လတစ်ခေါက်ပင် မှန်မှန်ရောက်သူ မဟုတ်သော်ငြား ကိုသက်ခိုင်၏ ပင့်ဖိတ်မှုကြောင့် စခန်းခွဲသို့ မိုးကြီးသည်းချိန်တွင် ရောက်နေခြင်းဖြစ်သည်။ သူလာစဉ်အချိန် နံနက် (၈)နာရီခန့်ကမူ မိုးသည် ဤမျှမသည်းလှ။ သူရောက်ပြီး နာရီဝက်ခန့်ကြာမှ ကြောက်ခမန်းလိလိ မိုးသည်းလာခြင်းဖြစ်၏။

ကိုသက်ခိုင်သည် အဆောင်ပေါ်တွင် အမြဲတစေနေလေ့ အိပ်လေ့ရှိသူမဟုတ်သဖြင့် မူဆလင်ကိုတင်ဝင်း၏ အိပ်ရာလိပ်ကို မှီလျက် ဆေးမှူးကိုမြင့်ဇော်တစ်ယောက် ဆေးနားလူနာရဲဘက်အား ရောဂါအခြေအနေ မေးမြန်းစစ်ဆေးနေခြင်းကို စပ်လှမ်းလှမ်းမှ အကဲခတ်လျက်ရှိ၏။ ကျနော်ကား ကိုသက်ခိုင်၏ဘေးတွင် နီးရာအိပ်ယာလိပ်တစ်ခုကို မှီရင်း သူ့ကိုအကဲခတ်နေရင်း စိတ်ထဲတွင် မရှင်းလှသည်နှင့် မေးခွန်းထုတ်လိုက်မိသည်။

"နေပါဦးဗျ။ ခင်ဗျားပဲ ကျနော့်ကို ဆေးမှူးခန့်ထားပြီး အခု ကိုမြင့်ဇော်ကို ခွတ်ခေါ်ပြီး ပြရအောင် သူ့မှာ ဘာဆေးတွေများ ထွေထူးပြီးပါလာမှာမို့လဲဗျာ"

ကိုသက်ခိုင်က သူ့မျက်လုံးအစုံကို ဆေးမှူးနှင့်လူနာထံမှ မခွာပဲ ကျနော့်ကို လက်ကာပြ



www.burmeseclassic.com

www.burmeseclassic.com
လိုက်၏။ သူလက်ကာပြကာမှ ကျနော့်သိချင်စိတ်မှာ ပို၍ပြင်းပြလာသောကြောင့် နောက်တခွန်းမေးမိပြန်သည်။

"ခင်ဗျားရဲ့ဆေးနား ချာတိတ်ကို ကြည့်ရတာ ကလိမ်ကျပြီး ဆေးခွင့်တောင်းတာ ထင်ပါရဲ့ဗျာ။ သူ့ပုံစံက လူကောင်းပကတိပါ။ ကျနော်အံ့သြတာက ဒီချာတိတ်ဟာ ဆေးနားရသင့်တယ်လို့ စခန်းခွဲတာဝန်ခံကို ခင်ဗျားကိုယ်တိုင် ထောက်ခံလိုက်တဲ့ကိစ္စပဲ"

ဤတစ်ကြိမ်တွင်မူ ကိုသက်ခိုင်က ထုံးစံအတိုင်း မဲ့ပြုံးပြုံးလိုက်ရင်း နှုတ်မှ အသံထွက်လာ၏။

"အရေးထဲ စခန်းခွဲဆေးမှူးကြီးကလည်း တမှောင့်ပါလား၊ မိုးတွေခြိမ်းနေတယ်နော်။ သူတော်ကောင်းကို ပစ်မှားမိရင် မိုးကြိုးပစ်မယ်။ ခဏလေးနေစမ်းပါဗျာ။ ခင်ဗျား သိချင်တဲ့အဖြေ မကြာခင်သိရပါစေ့မယ်"

သို့တစေ သူ့မျက်လုံးများကား ဆေးမှူးနှင့် ဆေးနားလူနာထံမှ မခွာ။ ဆေးမှူးကား အဆိုပါ ဆေးနားလူနာကို ကိုယ်အပူချိန်တိုင်းခြင်း၊ ပါးစပ်ဟခိုင်းခြင်း စသည်ဖြင့် သူတတ်သမျှ မှတ်သမျှနည်းတို့ဖြင့် ရောဂါဇစ်မြစ်ကို ရှာဖွေလျက်ရှိသည်။ ရဲဘက်လူနာမှာ စိုးရိမ်ထိတ်လန့်ဟန်ရှိသော်ငြား တစ်စုံတစ်ခုကို ဖုံးကွယ်လိုဟန် ရှိသည်ကို ကျနော်သတိပြုမိ၏။ အတန်ကြာသော် ဆေးမှူးက ကိုသက်ခိုင်ကို လှမ်းကြည့်လိုက်ရင်း "ဗျို့ ဆရာသက်၊ ဆရာ့လူက အဖျားသွေးတော့ မရှိဘူးဗျာ။ ဘယ်လိုခံစားရလဲ ဘာဖြစ်နေတာလဲ မေးတော့လည်း မြုံစိစိ၊ ဝေ့လည်ကြောင်ပတ် လုပ်နေတယ်" "ဒါဆိုလည်း ဆေးမှူး ကျနော့်နား လာပါလားဗျာ၊ ဝိုင်းမေးကြတာပေါ့"

ကိုသက်ခိုင်ကား ဘာကို ရည်ရွယ်သည် မသိ၊ အိပ်ယာလိပ်ကို မှီနေရာက မထပဲ ဆေးမှူးကို သူ့အနားလာရန် ခေါ်နေပြန်၏။ ဆေးမှူးကိုမြင့်ဇော် သူ့အနားရောက်ချိန်တွင် လူနာအား...

"ကဲ မင်းလည်း ဒီဖက်ကို ကြွပါအုံး"ဟု ခေါ်ပြန်ပါလေ၏။ ကျနော်ကား သူ့အပြုကို ငေးကြည့်နေရာက ဆေးနားလူနာ သူရှိရာသို့ ထလာနေပုံကို ကြည့်ရင်း တစ်စုံတစ်ခု ထူးခြားနေသည်ကို သတိပြုလိုက်မိသည်။ ဆေးနားလူနာသည် ပုဆိုးစကိုကိုင်ရင်း ထော့နင်းထော့နင်းဖြင့် ကိုသက်ခိုင့်အနီးသို့ ရောက်လာသည်။

"ကဲ ကိုယ့်လူ၊ ပုဆိုးလှန်ပြီး ဆေးမှူးကို မင်းဥစ္စာ ပြလိုက်ပါကွာ"

ဟူသော စကားသံအဆုံး၌ ကိုသက်ခိုင်နှင့်အနီးဆုံးတွင် ရောက်နေသည့် ဆေးနားလူနာက ခပ်ရှုံ့ရှုံ့ အမူအရာဖြင့် သူ့ပုဆိုးကို မတင်ကာ သူ့ငယ်ပါကို လက်ဖြင့် ခပ်ဆဆကိုင်ကာ ကိုသက်ခိုင်နှင့် ဆေးမှူးကို ပြပါလေတော့သည်။ ဤတွင် ကျနော်လည်း သိချင်ဇော်ဖြင့် လှမ်းကြည့်မိရာ အဆိုပါဆေးနားလူနာ၏ ယောကျ်ားအင်္ဂါပတ်လည်တွင် အသီးလျက် ရှိသော အနာတို့ကို ကြောက်မက်ဖွယ်ရာ တွေ့ရပါလေ၏။ ကိုသက်ခိုင်အား ဆက်၍


www.burmeseclassic.com

www.burmeseclassic.com

"တလက်စတည်း မင်းဖင်ကိုပါ လှန်ပြလိုက်ပါအုံး"ဟု ဆိုပြန်သဖြင့် လူနာမှာ ကိုသက်ခိုင် အမိန့်ပေးသည့်အတိုင်း ပြသပြန်ရာ သူ့စအိုဝပတ်လည်တွင်လည်း အသီးထနေသော အနာများကို တွေ့ရပြန်သည်။ ကျနော်မြင်ရသည့် သူ့အနာများမှာ ဂေါ်ဖီပွင့်မှ အသီးထနေပုံနှင့် တူလှသည်။

"လက်စသတ်တော့ မင်းဥစ္စာ ကျိုးနေတာပါကလား"ဟု ဆေးမှူးက စိတ်ပျက်သည့်လေသံဖြင့် ခပ်ညည်း ညည်းဆိုလေသည်။

"အဲဒါပဲ ကိုမြင့်ဖော်ရာ၊ သူ့ဥစ္စာ ရိုးရိုးကျိုးတဲ့ အဆင့်မဟုတ်တော့ဘူး၊ ကျနော့် စိတ်ထင် ဆစ်ဖလစ် ဒုတိယ အဆင့်လောက်ဖြစ်နေတာ၊ ဒီကောင်ဖြစ်နေတဲ့ ပုံစံက အချိန်မီ မကုနိုင်ရင် လူညွန့်တုံးတော့မှာ၊ စခန်းခွဲ တာဝန်ခံကို အမှန်အတိုင်း ပြောပြန်ရင် လည်း ဒီရောဂါခေါင်းစဉ်နဲ့ ပင်မစခန်းကို ပြန်လွှတ်မဲ့ပုံ မပေါ်ဘူးဗျာ၊ ဒါကြောင့် ခင်ဗျားကို ကျနော် ဖွတ်ပင့်ခဲ့တာပေါ့"

ဤသို့လျှင် ကိုသက်ခိုင်တစ်ယောက် အဆိုပါ အမျိုးကောင်းသားကို ပင်မစခန်းသို့ ပြန်ပို့ကာ အချိန်မီ ဆေးဝါးကုသနိုင်ရေးအတွက် ဆေးမှူးနှင့် ဇယားဆွဲနေလေ၏။ ဆေးမှူးက ကိုသက်ခိုင်ပြောသမျှ ခေါင်းတငြိမ့်ငြိမ့် လုပ်ရင်း၊ နောက်ဆုံးတွင် အဆိုပါလူနာအား အခြားရောဂါတစ်မျိုးအမည်တပ်ကာ စခန်းခွဲ တာဝန်ခံသို့ ထောက်ခံတင်ပြရန် သဘောတူလေသည်။

ရဲဘက်တို့ ထမင်းစားဘုတ် တက်လာချိန်တွင်ကား အိပ်ဆောင်တစ်ခုလုံး ကျနော်တို့အတွက် နေစရာမရှိတော့ချေ။ ရဲဘက်ကော အကျဉ်းဦးစီးဝန်ထမ်းများပါ ကြွက်စုပ်ရေနစ်လာသည့်တူနေပြီး တစ်ဆောင်လုံး ရွှံရွှံစိုကုန်သောကြောင့်ဖြစ်၏။ ဆေးမှူးကား စခန်းတာဝန်ခံထံသို့ သတင်းပို့ရန် အဆောင်မှူး အိမ်ဖက်ဆီသို့ ရဲဘက် ထိုးတော်မိုး တစ်ယောက်နှင့်အတူ အဆောင်ပေါ်မှ ဆင်းသွားလေပြီ။ ကိုသက်ခိုင်ကား မိုးသည်းနေသည့် ကြားမှပင် ဝါးခမောက်ရှာကာ သူ့တဲဆီသို့ပြန်ရန် ပြင်နေသည်။

"လာဗျာ၊ ဒီမောင်တွေနဲ့ မျက်စိကော နားပါရှုပ်နေပြီ၊ ကျနော့် ယာယီနန်းတော်ကို ပြန်ကြစို့ရဲ့၊ မိုးရွာနေတာလည်း ဟန်တစ်မျိုးကျတာပဲဗျာ၊ အဝတ်တွေ မလျှော်တာ ကြာပေါ့၊ မိုးရေနဲ့ဆို အဝတ်လျှော်ရတာ ပိုပြီးအဆင်ပြေတယ်ဗျ"

ပြောပြောဆိုဆို သူ့တဲဆီသို့ မိုးသည်းသည်းထဲမှာပင် အပြေးတစ်ပိုင်း လျှောက်သွားလေရာ ကျနော်လည်း နီးရာ ထီးစုပ်တစ်ချောင်းဖြင့် သူ့နောက်မှ လိုက်ပါ သွားရပြန်သည်။ ကိုသက်ခိုင်သည် တဲသို့ရောက်သည်နှင့် ဇလုံကြီးတစ်ခုထဲမှာ အဝတ်တွေကို ပစ်ထည့်၊ ဆပ်ပြာမှုန့်အချို့နှင့်ရောမွှေကာ အဆိုပါဇလုံကို တဲစက်မြိတ် အဝမှာ ချထားလိုက်သည်။ ထို့နောက် နှစ်ယောက်သား တဲပေါ်မှာ အသင့်ရှိနေသည့် ထမင်းဟင်းကျန် တချို့နှင့် နေ့လည်စာကို ကျေနပ်လိုက်ကြရသည်။ ကိုသက်ခိုင်ကား



www.burmeseclassic.com

www.burmeseclassic.com

ထုံးစံအတိုင်း ထမင်းစားပြီးသည်နှင့် ကွမ်းတစ်ယာကို မြုံ့နေစဉ် ကျနော်က စကားစလိုက်မိပြန်သည်။

"နေပါဦးဗျ၊ ဒီချာတိတ် ကျိုးနေတာ ဆေးမှုးက ရောဂါရှာမတွေ့ပဲ ခင်ဗျားက ဒက်ထိပြောနိုင်တယ်ဆိုတော့ ခင်ဗျားက အကြားအမြင်ရနေရှော့သလား"

"လွဲချက်ကတော့ ကမ်းကုန်ပဲဗျာ၊ နံရံမှာ နားတွေ ရှိတယ်လို့ ဆိုတယ် မဟုတ်လား၊ ဒီချာတိတ်က သူ့ရောဂါ မဟန်ပုံပေါ်တာကြောင့် ပင်နယ်ဆလင် ငါးသိန်းအား ဘယ်မှာ ရနိုင်မလဲဆိုပြီး လျှောက်ရှာနေတဲ့သတင်း ကျနော် ရပြီးသားဗျ၊ ကြားရတဲ့ သတင်းထဲမှာ ဂေါ်ဖီပွင့်လို အဆုပ်ဆုပ်ဖြစ်နေတာလည်း ပါတာမို့ ဒီကောင် ဖြစ်နေတာ ဆစ်ဖလစ်ဆိုတာ ကြိုမှန်းနိုင်တာပေါ့ဗျာ"

"အော် တယ်ဟုတ်ပါလား၊ ဒီချာတိတ် ဒီလောက်သောင်းကျန်းတာ သူ့ထိုက်နဲ့ သူ့ကံ ပစ်ထားလိုက်ရော ပေါ့ဗျာ"

"ဒီလိုလည်း မဟုတ်သေးဘူးဗျ၊ လူမှန်သမျှ ကာမဂုဏ်နဲ့ ကင်းနိုင်ခဲ့တာ ကလား၊ အမှန်တော့ ရဲရဲဝံ့ဝံ့ ဝန်မခံရဲကြလို့ပါ၊ ခင်ဗျားကော ကျနော်ပါ ဒါမျိုး မကင်းခဲ့ကြပါဘူး။ ဝန်ကြီးချုပ်ဟောင်း ဦးနုလို ပုဂ္ဂိုလ်မျိုးတောင် မကင်းနိုင်လို့ သူကြုံခဲ့တဲ့ ပြည့်တန်ဆာဇာတ်လမ်းနဲ့ ရောဂါအကြောင်း တာတေစနေသားမှာ ရေးပြဖူးတယ်လေ။ ရေးပြရဲတဲ့ သူ့သတ္တိကတော့ လေးစားလောက်တယ်ဗျာ။ ခင်ဗျား သေချာစဉ်းစားကြည့်ပါ။ အခု ရဲဘက်မှာ တွေ့နေရတဲ့ အကျဉ်းသားကော ဝန်ထမ်းပါ သူတို့စိတ်ထဲ၊ မမြင်ကွယ်ရာလို့ ထင်နေတဲ့ တစ်ချိန်ချိန် တစ်နေရာရာမှာ ကိုယ်တုံးလုံးနဲ့ ကာမဂုဏ်ခံစားခဲ့ဖူးသူ ချည်းပါပဲ။ ထို့အတူ ဒီတစ်နယ်လုံးမှာ၊ ပြည်နယ်တိုင်း တစ်ခုလုံးမှာ တစ်နိုင်ငံလုံးမှာ တစ်ကမ္ဘာလုံးမှာ တစ်လောကလုံးမှာ ရှိရှိသမျှ သတ္တဝါတွေဟာ ဆိတ်ကွယ်ရာတစ်ခုခုမှာ အဝတ်ဗလာနဲ့ ကာမဂုဏ်ကို တစ်နည်းနည်းနဲ့ ခံစားနေကြခံစားခဲ့ကြသူတွေချည်းပါပဲဗျာ။ ဒါကြောင့် ပညာရှိ သူတော်ကောင်းတွေက ကာမဂုဏ်ကို ညွှတ်ကွင်းနဲ့ ဥပမာပေးခဲ့ကြတာပါပဲ။ စွန်းလွန်းဆရာတော်ကြီးလို ပုဂ္ဂိုလ်မျိုးကတောင် "ကာမဘုံဟာ အတော်စွဲမက်စရာကောင်းတယ်၊ ရုန်းထွက်ဖို့ခက် တယ်၊ ဘုန်းကြီးတောင် ကံကြီးလို့ အလွတ်ရုန်းထွက်လာနိုင်တာ"လို့ မိန့်ဖူးသဗျ၊ အဲသလိုအမြင်မျိုးနဲ့ ဆင်ခြင်ကြည့်ရင် ဒီကလေးဖြစ်နေတဲ့ ရောဂါအတွက် သူ့ကို အပြစ်ဆိုစရာ အကြောင်းမမြင်ပါဘူး။ ဒီကိစ္စကို ကျနော်ဝင်ပါရတာက သူ့ရောဂါဟာ ဒီအဆင့်မှာ သေချာမကုပဲ ဆေးမြီးတိုနဲ့ လျှောက်လုပ်နေရင် လူညွန့်တုံးသွားနိုင်တာမျိုး မဖြစ်သင့်တာ မဖြစ်အောင်ဆိုပါတော့။ တကယ်တော့ ကာမတဏှာ၊ အချစ်၊ သံသာစဉ် ဆိုတာတွေဟာ သတ္တဝါတွေရဲ့ နက်ရှိုင်းတဲ့ အတွင်းပိုင်းတစ်နေရာကို ဇဟိုပြုပြီး

www.burmeseclassic.com

www.burmeseclassic.com

လှုပ်ခတ်တဲ့ ဖြစ်ပျက်တစ်မျိုးပါပဲ"

"ဟ၊ တော်ရုံပညာရှိတွေတောင် အဓိပ္ပါယ်မဖော်နိုင်တဲ့ အချစ်ဆိုတာ ဖြစ်ပျက်တဲ့လား၊ သေချာရှင်းပါအုံးဗျာ"

"အင်း၊ ဆယ်တန်းကျောင်းသားတစ်ယောက်က ရူပဗေဒသင်ဖူးတယ်ဆိုရုံမျှနဲ့ အိုင်စတိုင်းရဲ့ နိုင်းရစမ္မကို နားလည်အောင် အရှင်းခိုင်းသလိုပါပဲလား"

"ခင်ဗျားကလည်း ထစ်ကနဲရှိတာနဲ့ ကျနော့်ကို ပါးပါးလေးနွှာတော့တာပဲ။ အခု ကျနော်လည်း ဖြစ်ပျက်ကို ရိပ်မိနေပါပြီဗျ။ ခင်ဗျား ပြောတဲ့အချက်တွေအတိုင်းဆို ကျနော်တို့ ခန္ဓာကိုယ်တစ်ခုလုံးဟာ အမှုန်ကလေးတွေနဲ့ ဖွဲ့ထားတယ်။ အဲဒီအမှုန်လေးတွေဟာ သူ့အလိုလို ဖြစ်လာတယ်၊ ပျက်သွားတယ်။ မခိုင်မြဲခြင်း၊ ပျက်စီးသေဆုံးခြင်း၊ မိမိကိုယ်တိုင် ထိန်းချုပ်မရခြင်း ဆိုတဲ့ သဘောတွေရှိတယ်၊ ဒါဆို ကျနော်လည်း ဖြစ်ပျက်ကို သဘောပေါက်နေပြီဆိုတာ ခင်ဗျား ဘယ်လိုငြင်းမလဲ"

"မငြင်းချင်ပါဘူးဗျာ၊ ရင်တထိတ်ထိတ်နဲ့ သာဓုခေါ်လိုက်ပါတယ်"

"သာဓုခေါ်တာများ ရင်တထိတ်ထိတ်နဲ့ ခေါ်ရတယ်လို့ဗျာ"

"အမှန်ပဲဆရာ၊ ဘာသာရေးမှာ အခု ခင်ဗျားသိသလို သူတစ်ပါး ပြောစကားကနေ သိလာတဲ့ အသိဟာ ဧရာမ အန္တရာယ်ပဲ၊ တိတိကျကျပြောရရင် အဲဒီအဆင့်နဲ့ မပြည့်စုံဘူးဗျ။ ခက်နေတာက ဘယ်ဘာသာဝင်မဆို အဲဒီအဆင့်နဲ့ပဲ သူတို့ ဘာသာအသီးသီးကို ကိုးကွယ်နေကြတာကလား၊ ဘုန်းကြီးက ဟောတယ်၊ သင်းအုပ်ဆရာက ပြောတယ်၊ ဗလီဆရာက လမ်းညွှန်တယ်ဆိုတာနဲ့တင် လမ်းဆုံးနေကြတာချည်းပါပဲ၊ နောက်တစ်ခုက ဘယ်စာအုပ် ဘယ်ကျမ်းဂန်မှာ ရေးထားတယ်ဆိုတာမျိုးလည်း ထို့နည်းအတူပါပဲ"

"အော် ဒါဆို စိတ်တော့မရှိပါနဲ့၊ ခင်ဗျား ကျနော့်ကို ခွပ်နေတာများပြီဗျာ၊ ဒီတစ်ကြိမ်တော့ ခင်ဗျားကို ထောက်လိုက်ပါရစေ။ ခင်ဗျားက ဘာသာတရားကို လက်တွေ့တံခါးပေါက်ကနေ စူးစမ်းခဲ့တယ်ဆိုတော့ ဖြစ်ပျက်ဆိုတာကို ကျနော်နားလည်ထားတာနဲ့ ဘယ်လိုများ ကွဲပြားပြီး သိမြင်သတုန်းဗျာ"

ကျနော်ကား နှုတ်မှစကားသံ ထွက်သွားပြီးကာမှ ငါထောက်လိုက်တာ စိတ်ဆိုးစရာများ ဖြစ်သွားလေသလား ဟူသည့် စိုးရိမ်မှုဖြင့် ကိုသက်ခိုင့်မျက်နှာကို လှမ်း၍ အကဲခတ်လိုက်မိသည်။ သူ့မျက်နှာတွင် စိတ်အနှောင့်အယှက် တစ်စုံတစ်ရာ ဖြစ်ပုံမရ။ ကျနော့်စိတ်ထင် သူ့မျက်နှာတွင် အပြုံးရိပ်သန်းနေသယောင်ရှိ၏။

"အဆင်သင့်လိုက်လေဗျာ၊ ကျနော်လည်း အခွင့်သင့်ရင် ခင်ဗျားကို ကျနော် သိနေတဲ့ ဖြစ်ပျက်ရဲ့လက်တွေ့သဘောကို သက်သေအခိုင်အမာပြမယ်လို့ စိတ်ကူးထားတာဗျ။ အခုတော့ နေရာကျလိုက်လေဗျာ။ ကဲ ဟိုမှာ အဝတ်လျှော်ဖို့ ဆပ်ပြာမှုန့်နဲ့



www.burmeseclassic.com

www.burmeseclassic.com

စိမ်ထားတဲ့ ဓလုံဆီကို လှမ်းကြည့်လိုက်ပေတော့ဗျာ”

သူက ကြည့် ဆို၍သာ ကြည့်လိုက်ရသည်။ သူဘာကို ဆိုလိုသည်ကို ကျနော် ဆက်စပ်တွေးတောနိုင်စွမ်း မရှိချေ။ တံစက်မြိတ်အောက်တွင် ဆပ်ပြာမှုန့်ထည့်ကာ ချထားသည့် ဓလုံတွင်းဝယ် ဆပ်ပြာမြှုပ်များ တစီစီ ထလျက်ရှိသည်ကို မြင်နေရသည်။

“ဘာတုန်းဗျ၊ အဝတ်ကို ဆပ်ပြာမှုန့်နဲ့ရောပြီး မိုးရေထဲ ချထားတော့ အမြှုပ်တွေ ထွက်တာပေါ့၊ အဲဒါ ဘာဆန်းလို့တုန်း”

“အဲဒီ ခင်ဗျား မြင်နေရတဲ့ ဆပ်ပြာမြှုပ်တွေဟာ ခင်ဗျားတို့ ကျနော်တို့ ခန္ဓာကိုယ်ရဲ့ ရူပက္ခန္ဓာရဲ့သဘော၊ အဲဒီဆပ်ပြာမြှုပ်တွေ ပွက်ပြီးပေါက်ကွဲနေတာဟာ ဝေဒနာက္ခန္ဓာရဲ့သဘောပါပဲ”

“ဗျာ”

“မဗျာနဲ့ ဆရာ၊ ရုပ်နဲ့နာမ်ကို ခန္ဓာအားဖြင့် ခွဲခြားရင် ရူပက္ခန္ဓာ၊ သညာက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဆိုပြီး ငါးပါးရှိသတဲ့။ ခင်ဗျားမြင်နေရတဲ့ ဆပ်ပြာမြှုပ်တွေဟာ ရူပက္ခန္ဓာဖြစ်ပျက်နေပုံ၊ ဆပ်ပြာမြှုပ်တွေ ပေါက်ကွဲနေပုံဟာ ဝေဒနာက္ခန္ဓာနဲ့ တစ်ထပ်တည်းပါပဲ။ ရူပက္ခန္ဓာဟာ ရေမြှုပ်နဲ့တူတယ်လို့ စာပေကျမ်းဂန်မှာ ခင်ဗျား ဖတ်ဖူးကောင်းဖတ်ဖူးပါလိမ့်မယ်။ ဘာကြောင့် ဆပ်ပြာမြှုပ်နဲ့တူနေသလဲ ဆိုတာတော့ လက်တွေ့ကျင့်ကြံမှု မပါပဲ ခင်ဗျား နားရှင်းဖို့ အတော်ကို ခက်ပေလိမ့်မယ်။ စကားကြုံတုန်း ဆက်ပြောရရင် သညာက္ခန္ဓာဟာ တံလျှပ်နဲ့တူတာတို့၊ ဝိညာဏက္ခန္ဓာဟာ မျက်လှည့်ဆရာနဲ့တူတာတို့၊ သင်္ခါရက္ခန္ဓာဟာ ငှက်ပျောတုံးနဲ့တူတာတို့လည်း ရှိသေးရဲ့။ ခက်တာက ဆက်ရှင်းပြနေရင် ကိုယ့်ဆရာ နားငြီးရုံသာ ရှိတော့မယ်။ ဒါကြောင့် ခင်ဗျားအနေနဲ့ အခုလို တစ်ဆင့်စကားနဲ့ ဖြစ်ပျက်ကို သိနေရာကနေ ခင်ဗျားရဲ့ ခန္ဓာကိုယ်မှာ အချိန်တိုင်း ဖြစ်ပျက်နေတာကို ဂကတိအမှန်တရားအတိုင်း ကျင့်ကြံသိမြင်နိုင်ပါစေလို့ သာဓုခေါ်တာဗျ။ ရင်ထိတ်တာက ခင်ဗျားက ကြားဖူးနားဝနဲ့တင် ဖြစ်ပျက်ဆိုတာ ငါသိပြီလို့ လူစုစုရှိရာမှာ မောင်းခတ်နေမှာ ကြောက်လို့ဗျို့၊ အင်း ပြောရရင် ကျနော်ဟာ ရုပ်ရဲ့ ဖြစ်ပျက်ကိုတွေ့ပြီး မရေးမနှောင်းမှာ မထင်မှတ်ပဲ စိတ်ရဲ့ ဖြစ်ပျက်သဘောကို တွေ့မိသေးတယ်ဗျ”

“ခင်ဗျားက စိတ်ရဲ့ဖြစ်ပျက်ကိုလည်း တွေ့ခဲ့ဖူးသကိုး၊ စိတ်ဝင်စားစရာ အပျင်းပြေစရာဆိုရင်တော့ မိုးအေးအေးမှာ နားထောင်ချင်ပါ့ဗျာ”

“အင်း အပျင်းပြေ စိတ်ဝင်စားစရာကို နားထောင်ချင်သတဲ့လား။ ခင်ဗျားကို လည်း အဆိုးမဆိုပါဘူးလေ၊ လူတွေဟာ အစစ်ထက် အတုကို ပိုပြီး စိတ်ဝင်စားတတ်ကြ တာကလား။ ပြောနေရင်း လူတွေရဲ့သဘောကို ထင်ဟပ်တဲ့ ဆရာဦးရွှေအောင်ရဲ့ ပုံပြင်လေးတစ်ပုဒ် သွားသတိရမိသေးဗျာ”



www.burmeseclassic.com

www.burmeseclassic.com

"ဘာပုံပြင်ပါလိမ့်။ ပုံပြင်ဆိုရင်တော့ လုပ်ဗျာ။ အပြစ်ဆိုရင်လည်း ဆိုပေတော့။ ကျနော်ကတော့ ပုံပြင်ဆိုရင် ငယ်ငယ်တုန်းကလည်း ကြိုက်တယ်။ အခုလည်း ကြိုက်တုန်းပဲ"

"အဲဒီပုံပြင်လေးက ဆရာဦးရွှေအောင်ရဲ့ ထေရဝါဒအုတ်မြစ်ဆိုတဲ့ စာအုပ်ပါးလေးထဲမှာ နောက်ဆုံးနေရာနားမှာ ပါတာဗျ။ တခြားစာဖတ်သူတွေ သတိထားမိချင်မှ ထားမိပေလိမ့်မယ်။ ကျနော်ကတော့ သဘောကျလွန်းလို့ အသေအချာကို မှတ်ထားမိတယ်ဗျာ။ ဒီလိုပါ။ တခါက ဆရာနဲ့တပည့် ခရီးအတူသွားကြသတဲ့။ လမ်းတစ်နေရာမှာ တစ်စုံတစ်ခုကို လူတွေဝိုင်းအုံတိုးဝှေ့ပြီး ကြည့်နေကြတာမြင်တော့ တပည့်လုပ်သူကလည်း အများနည်းတူ ဝင်ပြီး တိုးကြည့်သတဲ့ဗျ။ တော်တော်ကြာကြည့်ပြီး တပည့်ဖြစ်သူပြန်လာတော့ ဆရာက "ဘာတွေ့သတုန်း"လို့ မေးတဲ့အခါ တပည့်က

"တော်တော်ထူးဆန်းပြီး စိတ်ဝင်စားစရာကောင်းတယ်လို့ ပြောရမယ်ဆရာ၊ လူစင်စစ်က ဝက်လိုအော်လိုက်တာ တကယ့်ဝက်အစစ် အော်တဲ့ အသံအတိုင်းထွက်လာတာ ဆရာရေ၊ ဒါကြောင့် လူတွေဝိုင်းအုံတိုးဝှေ့ပြီး ကြည့်နေကြတာဆရာ"လို့ ဖြေသတဲ့ဗျ။ ဒီတော့ ဆရာက "လာသွားကြစို့၊ ရှေ့မှာ ဒီထက် အံ့သြစရာလည်းကောင်း စိတ်ဝင်စားစရာလည်းကောင်းတာ မင်းတွေ့ပါ လိမ့်အုံးမယ်"ဆိုတော့ တပည့်ဖြစ်သူလည်း ဒီထက်ဆန်းတာ ဘာအရာများပါလိမ့်ဆိုပြီး မျှော်တလင့်လင့်နဲ့ ဆရာ့နောက်ကနေလိုက်သွားရော ဆိုပါတော့ဗျာ။ ဒီလိုနဲ့ တစ်နေရာလည်းရောက်ရော ဆရာတပည့်နှစ်ယောက် သွားနေတဲ့လမ်းမှာ ဝက်တစ်ကောင်တွေ့တဲ့အခါ ဆရာက တပည့်ကို ဝက်အဖမ်းခိုင်းသတဲ့။ တပည့်က ဝက်ကို ဖမ်းမိတဲ့အခါ ဆရာဟာ ဝက်ကို တုတ်နဲ့ရိုက်သတဲ့။ ဒီတော့ အရိုက်ခံရတဲ့ ဝက်က အော်တာပေါ့ဗျာ။ ဒီမှာတင် ဆရာက "အခုနက ဝက်အော်သံနဲ့ အခု ဝက်အော်သံ၊ ဘယ်အသံက ဝက်အသံနဲ့ ပိုတူသတုန်း"မေးတော့ တပည့်က"ဟာ... ဆရာကလည်း အခုအော်တဲ့ ဝက်သံက ဝက်အစစ်က အော်တာပဲ။ စောစောက ကြားခဲ့ရတဲ့အသံဟာ လူက ဝက်လိုအော်တာမို့ အခုအသံက ဝက်အသံနဲ့ ပိုတူတာပေါ့"လို့ ဖြေသတဲ့ဗျ။ ဒီတော့ ဆရာက "ဒါဆို အခု အော်နေတဲ့ ဝက်အစစ်အသံကို လူတွေဘာကြောင့် ဝိုင်းအုံမကြည့်တာတုန်း" မေးပြန်တော့ တပည့်က မထူးဆန်းလို့ စိတ်ဝင်စားစရာ မကောင်းလို့ ဝိုင်းအုံမကြည့်ကြတာပါ ဆရာ"လို့ ဖြေတာပေါ့။ အဲဒီအခါမှ ဆရာက "အေး.. မင်းမှတ်ထားပေတော့၊ သာမန်လူများဟာ ဓမ္မရဲ့ "မာယာအလှ"ကိုသာ မြင်တတ်ကြားတတ် မြင်ချင်ကြားချင်ကြတယ်။ ဓမ္မရဲ့ "သစ္စာအလှ"ကို မမြင်မကြားတတ်ကြဘူး။ မြင့်မြတ်တဲ့သူများသာ အဓမ္မရဲ့ မာယာအလှကို ကျော်ပြီး ဓမ္မရဲ့သစ္စာအလှကို မြင်တတ်ကြတယ်လို့" ဆုံးမသတဲ့ဗျာ"

"အော် လက်စသတ်တော့ ဆရာသမားက ကျနော့်ကို ယဉ်ယဉ်လေးနဲ့ ပြန်ပြီး



www.burmeseclassic.com

www.burmeseclassic.com

နိုပ်ကွပ်တာပါကလား”

“ရှော၊ မဟုတ်ရပါဘူးဗျာ။ ဒါဟာ လူတိုင်းရဲ့ စိတ်သဘောပါ။ကျနော်ကိုယ်တိုင်လည်း သတိမချပ်မိတဲ့အခါ ဒီစာရင်းမှာ ပါနေတုန်းပါပဲ။ ကဲပါလေ၊ ခင်ဗျား အပျင်းပြေရအောင် ကျနော့်စိတ်ရဲ့ဖြစ်ပျက်ကို ရှာဖွေတွေ့ရှိတဲ့အကြောင်း ပြောပြပါအုံးမယ်၊ ဒီအကြောင်းကို နားထောင်ရင်း ကျနော်ဟာ မင်္ဂဖိုလ်ဆိုက်ခဲ့သလားဆိုတဲ့ မေးခွန်းရဲ့ အဖြေကို ခင်ဗျားကိုယ်တိုင် ဆင်ခြင်နိုင်ကောင်းပါရဲ့”

ဤသို့ဖြင့် မိုးသက်လေပြင်းနှင့် လျှပ်ပန်းလျှပ်နွယ်တို့ ပြိုးပြက်နေသော အခါ သမယတွင် ထိုနေ့က ကိုသက်ခိုင် ပြောပြခဲ့သော ဖြစ်ပျက်ရှာပုံတော်ခရီး၏ အခန်းဆက်မှာ အောက်ပါအတိုင်းဖြစ်လေ၏။

“ခင်ဗျား ရိပ်မိနေတဲ့ ဖြစ်ပျက်ဟာ တကယ်တော့ ရုပ်ရဲ့ဖြစ်ပျက်ဗျ။ အဲဒီ ရုပ်နဲ့မကွဲမကွာ တွဲပြီး ရှိနေတဲ့ စိတ်အုပ်စုရဲ့ ဖြစ်ပျက်ကျန်သေးတယ်။ စိတ်ဆိုတော့ ပြောရတာခက်သားဗျာ။ သို့ပေမဲ့ ကျနော်နားလည် သလောက်တော့ ပြောပါ့မယ်။ ဒါမှ ဖြစ်ပျက် ဓာတ်ရည်လည်သွားမှာ။ တစတစ လေ့ကျင့်ဖန်များလာတော့ ထူးခြားမှု တစ်ခုတွေ့လာတယ်။ ကျနော်တို့ဟာ ငါ ဟာငါပဲလို့ တစ်ယောက်တည်း ထင်ပေမဲ့ မဟုတ်ဘူးဗျ။ ခိုင်းတဲ့သူနဲ့ လိုက်လုပ်နေတဲ့သူ နှစ်ပိုင်းကွဲနေတယ်ဗျ။ ရုပ်နဲ့နာမ် ဆိုပါတော့။

ကိုယ့်ကိုယ်ကို ဒရဝမ်စောင့်အဖြစ် ခန့်ပြီး မပြတ်စောင့်ကြည့်တဲ့အခါ လာလား၊ ကျနော်တို့ ခန္ဓာကိုယ်ကြီးဟာ အတွင်းပိုင်းက မမြင်ရတဲ့ ကွန်ထရိုးခန်းထဲကနေ ထိန်းချုပ်စေခိုင်းနေတာကို သိလာတယ်ဗျ။ အမှတ်နဲ့ လမ်းလျှောက်နေတယ် ဆိုပါစို့ဗျာ၊ စိတ်က လမ်းလျှောက်ဟော့လို့ ခိုင်းလိုက်တာနဲ့ ကျနော့်ခန္ဓာကိုယ်ကြီးက နာခံပြီး လျှောက်နေတာ။ သေချာဂရုစိုက်လေ။ ထင်ရှားလေပဲ။ စိတ်အကြောင်း ပြောရတာ အိပ်ပိုက်ပို့ ကောင်းတာတော့ အမှန်ပါပဲ။

ဒါပေမဲ့ ကျနော်တွေ့ခဲ့တဲ့ ကျနော့်စိတ်အကြောင်းကတော့ အာပူလျှာပူစားသလိုပါပဲ။ သိသိသာသာ ပူစပ်ပူလောင် ခံစားလိုက်ရလို့ဗျ။ အမှန်က အာပူလျှာပူတော့ မဟုတ်ဘူး။ ကျနော့်စိတ်ကို ကျနော် ရှာတွေ့ခဲ့တာ ပုဇွန်ထုပ်ဟင်းဗျ။ ဟုတ်ပါတယ်။ ပုဇွန်ထုပ်ကြီးကို ခရမ်းချဉ်သီးအကွင်းလိုက် ဆီပြန်ချက်ထားတဲ့ဟင်း။ အဲဒီကနေ ကျနော့်စိတ်ကို ကျနော် တွေ့တာ၊ ဒီလိုပါဗျာ။

၂၀၀၀–ခုနှစ်ဝန်းကျင်တဝိုက်ပေါ့။ ရန်ကုန်မှာကော။ မန္တလေးမှာပါ စွယ်တော်စေတီတွေ တည်ကြတယ်လေ။ ကျနော်တို့အုပ်စုလည်း မန္တလေးမှာ ဝင်ရိုက်နေတဲ့အချိန်ဆိုတော့ စွယ်တော်တည်ဆောက်ရေးက တာဝန်ခံ ဗိုလ်မှူးကြီး စံလင်းတို့။ ဗျူဟာမှူး ဗိုလ်မှူးကြီးထွန်းကြည်တို့နဲ့ အဖွဲ့ကျနေတယ်။ ရန်ကုန်နဲ့မန္တလေး၊



www.burmeseclassic.com

www.burmeseclassic.com

တစ်ပုံစံတည်းထပ်တူ ဖြစ်ရမှာဆိုတော့ နောက်ဆုံးဌာပနာသွင်းမဲ့ အချိန် ရန်ကုန်မှာ လုပ်ပုံကိုင်ပုံကို ပုံတူကူးဘို့ သူတို့နှစ်ယောက်စလုံး ရန်ကုန်ကို ကျနော်တို့အဖွဲ့နဲ့ လိုက်လာကြတယ်။ ဗိုလ်ထွန်းကြည်က နည်းနည်းအနေတည်တော့ ဗိုလ်စံလင်းလောက် ကျနော်တို့နဲ့ အဖွဲ့တော့မကျလှဘူး။ သူတို့နှစ်ယောက်စလုံးကို ကျနော်တို့အဖွဲ့ထဲက မင်းမင်းထွန်းဆိုတဲ့မောင်က သူ့အိမ် ထမင်းစားဖိတ်တယ်။ သူ့ညီမက သူ့နာမည်နဲ့ ခင်ဆင်ဆင် နာမည်ကျော် အဆိုတော် ရုပ်ရှင်မင်းသမီးဗျ။ ဗိုလ်ထွန်းကြည်တော့ ရောက်မလာဘူး။ ကိုစံလင်း တစ်ယောက်ထဲပဲ လာတယ်။ ကံကောင်းတယ်လို့ဆိုရမှာပဲ ဘာလို့ လဲဟုတ်လား။ မင်းမင်းထွန်း သားတော်မောင် လေးနှစ်အရွယ် ကလေးကြောင့် ပေါ့ဗျာ။ မင်းမင်းထွန်းကလည်း တစ်ဦးတည်းသော ကလေးဆိုတော့ တော်တော်ကို အလိုလိုက်ထားတယ် ထင်ပါ့ဗျာ။ ကလေးက လူကြီးတွေကို လုံးဝအကြောက်အလန့် မရှိဘူး။ ဧည့်သည် လေးငါးယောက်ရှေ့လည်း ဖြောင်းဆန်အောင် ဆော့နေတယ်။

ကျနော်တို့လည်း ထမင်းဝိုင်းပြင်နေတာကို စကားပြောရင်း စောင့်နေကြတယ်။ ဟင်းပန်းကန်တွေ တစ်ခုပြီး တစ်ခုချပေါ့။ နောက်စားဘို့ အဆင်သင့်ဖြစ်လို့ လူစုံလည်း ဝိုင်းထိုင်လိုက်ရော။ မင်းမင်းထွန်း သားတော်မောင်က ခုနစ်အိမ်ကြား အော်လိုက်တဲ့ ကြွေးကြော်သံကြောင့် ကျနော်တို့အားလုံး ထမင်းဆက် မစားရဲအောင် ဖြစ်ကုန်ရောဗျာ။ ဘာတဲ့။ ငါ့ဝိုးမသားတွေ ငါစားဖို့ ချက်ထားတာတွေ လာစားနေကြတယ်တဲ့။ တစ်ခွန်းတည်းမဟုတ်ဘူးဗျာ။ အဖေလုပ်သူက ပါးစပ်ပိတ်လေ။ အသံကပို ကျယ်လာလေ။ ကျနော်တို့လည်း အဲဒီနေ့က ဘယ်လိုဘယ်ပုံ ထမင်းစားမိမှန်းတောင် မသိတော့ဘူး။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ရီရမလို။ စိတ်ဆိုးရမလိုနဲ့။ နောင်ကြုံတိုင်းလည်း ဒီကလေးအကြောင်း ပြောပြောပြီး စားမြုံ့ပြန်ခဲ့တဲ့ အကြိမ်ပေါင်း မနည်းပါဘူးဗျာ။ ဟုတ်ပါတယ်။ ကျနော်ဝန်ခံပါတယ်။ ကလေးကော မိဘကိုပါ ကဲ့ရဲ့တဲ့ သဘောပါ။ ဒါပေမဲ့ဗျာ။ ကလေးက အမှန်ကိုပြောခဲ့တာဗျ။ ကျနော်တို့ကသာ ဟန်ဆောင်နေတာ။ ကိုယ့်စိတ်ကိုကိုယ် မမြင်ကြလို့ပေါ့ဗျာ။ ပြီးခဲ့တဲ့ တစ်လလောက်ကပေါ့။ ကျနော်ဟာ ကျနော့်ဇနီးက နောက်တစ်ခေါက်လာရင် ဘာစားချင်သလဲမေးတော့ ကြိုက်တာသာ လုပ်ခဲ့ကွာ။ အေး ပုဇွန်ထုပ်ဟင်းတောင် မတွေ့တာ ကြာပါပေါ့လို့ ပြောလိုက်မိ တယ်။ သူက နောက်တစ်ခေါက်လာတော့ ပုဇွန်ထုပ် ခပ်ကြီးကြီးတွေကို ခရမ်းချဉ်သီး အကွင်းလိုက် ကြက်သွန်အဖြူအနီများများနဲ့ ချက်လာတယ်။ ကျနော့်ဇနီးက ထမင်းစားဖို့ ပန်းကန်ပြင်နေတော့ ကျနော်လည်း မှတ်လက်စ အမှတ်လေးနဲ့နေလိုက်တယ်။ စားခါနီးဆဲဆဲဗျာ။ မူဆလင် ကိုတင်ဝင်း ပေါက်ချလာတယ်။ သူက ဘိုးတော် ဘာဟင်းလဲတဲ့။ နည်းနည်းမျှအုံးတဲ့။ သူက ဘာသာရေးအရ အစားရွေးရတယ်ဆိုတော့ တစ်ခါတစ်ခါ ဒီလိုပဲ လာပြီးမေးတတ်



www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။ အတူစားခဲ့တဲ့အကြိမ်တွေ မနည်းပါဘူး။ သူက တခြားသူဆီကတော့ ဒီလိုလုပ်လေ့မရှိပါဘူး။ အေးပေါ့ဗျာ။ ကျနော်ကလည်း လေ့ကျင့်ခန်း ဆင်းနေတဲ့ လူဆိုတော့ ဒါနခန်းက ဘာမှမဆန်းလှဘူးပေါ့။ ငါဘယ်လောက် ကြိုက်ကြိုက် သူများကို ခွဲဝေပေးနိုင်ရမယ်ပေါ့။ ဒီလောက်တော့ ငါစွန့်နိုင်ပါတယ်ပေါ့။ ကျနော်လည်း လာဗျာ ကိုတင်ဝင်း ပုဇွန်ထုပ်ဆိုတော့ ခင်ဗျားစားလို့ရတယ်။ သူလည်း အတူဝိုင်းထိုင်ပြီး အတူစားဖို့ စလိုက်ပါရောဗျ။

ကျနော်ဟာ မှတ်နေရင်းတန်းလန်းနဲ့ ပန်းကန်ထဲမှာရှိတဲ့ ပုဇွန်ထုပ်ကြီး သုံးကောင်ထဲက တစ်ကောင်ကို ဇွန်းနဲ့ခပ်ပြီး ကိုတင်ဝင်း ထမင်းပန်းကန်ထဲကို ထည့်ပေးလိုက်တယ်။ ပုဇွန်ထုတ်ကြီးဟာ ကြက်သွန်နီ အကွင်းလေးတွေကပ်လျက် ကြက်သွန်ဖြူ အနှစ်တချို့ ခရမ်းချဉ်သီးတစ်ကွင်းနဲ့အတူ ကိုတင်ဝင်း ပန်းကန်ထဲကို ရောက်သွားပါတော့တယ်။ ကျနော်မှတ်လျက်ပဲ။ အေးဗျာ။ ကျနော့်ကိုယ် ကျနော်တောင် လန့်သွားတယ်။ ကျနော့်ကိုယ်ထဲက တစ်စုံတစ်ခုဟာ ကျယ်ကျယ်လောင်လောင် ထအော်နေတယ်ဗျာ။ ဘာတဲ့။ ငါ့ပုဇွန်ထုပ်ကြီးတဲ့။ ဟ မဟုတ်သေးပါဘူး။ ဘယ်က ကောင်က လာအော်နေတာလဲ။ ကျနော် သေချာထပ်စစ်ဆေးတယ်။ ဘယ်ကလဲ၊ ဘယ်သူလဲ၊ ဘာအော်နေတာလဲ ပေါ့။ သေချာလိုက်တာဗျာ။ အော်နေတာ ကျနော့်စိတ်ဗျ။ သေချာအာရုံစိုက်လေ။ ပိုဆိုးလေ။ အော်နေတာ မရပ်ဘူး။ ဆက်တိုက် ဆက်တိုက် အော်နေတယ်။ ငါ့ပုဇွန်ထုပ်ကြီး၊ ငါ့ပုဇွန်ထုပ်ကြီးတဲ့။ အသံတော့ ဘယ်ထွက်မလဲဗျ။ စိတ်ပါဆိုမှ။ ကျနော်က မှတ်နေတာဆိုတော့ သေချာကို သတိပြုမိနေတယ်ဗျာ။ အော် မင်းမင်းထွန်းသားကလေး အော်တာ အမုန်ကိုးလို့ တွေးမိရင်း စိတ်ဆိုတာကို သဘော ပေါက်ခဲ့ပါတော့တယ်။ ကျနော်ဟာ ရုပ်ဆိုတာကိုလည်း မြင်ခဲ့ပြီ။ စိတ်ဆိုတာကိုလည်း မြင်ခဲ့ပြီ။ ဆက်ပြီး ရှုရင်းမှတ်ရင်း ခန္ဓာကိုယ်ကအမှုန်တွေ စိတ်တွေ တလစပ် ပြောင်းလဲနေတာကို တဖြည်းဖြည်း ဉာဏ်မှာ ထင်လာခဲ့ပါတော့တယ်။ ဘေးလူတွေ ပတ်ဝန်းကျင်က သတ္တဝါတွေရဲ့ ရုပ်တွေနာမ်တွေကို ဆက်စပ် စဉ်းစားမိတဲ့အခါ အားလုံး ဝရုန်းသုဉ်းကားဖြစ်နေတဲ့ ဖြစ်စဉ်ကြီးကို တွေ့မိပါတော့တယ်။

နောက် ကျနော်တို့နေတဲ့ရဲဘက်၊ ရဲဘက်စခန်းရှိတဲ့မြို့၊ ပြည်နယ်တိုင်း၊ နိုင်ငံ၊ ကမ္ဘာကြီး၊ စကြဝဠာ ဆိုတာတွေ၊ သုံးဆယ့်တစ်ဘုံဆိုတာတွေပါလာပြီး အားလုံးဟာ ဝရုန်းသုဉ်းကားပါလား။ နေရာတကာ ရှုပ်ထွေးမှုတွေချည်းပါလားလို့ သိလာပါ တော့တယ်။ ဒါတွေ အားလုံးဟာ တစ်ခုနဲ့တစ်ခု ပါတ်သက်နေလို့ ဒီလို ဖြစ်ရတာ ကလားဆိုတာလည်း ဆက်ပြီး ထင်ထင်ရှားရှား သိလာပါတယ်။ ကျနော်ဟာ ဟိုတုန်းက ရှီးတိုးရိပ်တိတ်တောင် နားမလည်ခဲ့ ါ ဘာစ္စာလေးပါးဆိုတဲ့အရာကို နားလည်ရိပ်စား နိုင်တဲ့အဆင့် ရောက်လာပါတော့တယ်၊

www.burmeseclassic.com

ဒီလို ရှုပ်ထွေးလွန်းလှတဲ့ အခြေအနေ။ ယှက်နွယ် ရှုပ်ထွေးမှုတွေကနေ လွတ်မြောက်တဲ့ နည်းလမ်းဟာ တကယ်ရှိသလား။ လွတ်မြောက်မှုဆိုတာ ရှိသလား။ ငါရောက်ခဲ့တဲ့ နတ်ပြည်လို နေရာဟာလည်း တကယ်တော့ လွတ်မြောက်တဲ့နေရာ မဟုတ်သေးဘူးလို့ ကျမ်းဂန်တွေမှာဆိုတယ်။ တကယ် လွတ်မြောက်တဲ့နေရာဟာ ဘယ်နေရာလဲ။ အတွေးစဉ်က မပြတ်တော့ဘူးပေါ့ဗျာ။

အဲဒီလိုနဲ့ဆက်ပြီး လေ့ကျင့်မှတ်လာလိုက်တာ။ လွတ်မြောက်ရာလို့ ဆိုမလား လွန်မြောက်ရာလို့ ပြောရမလား။ ကျနော်ကိုယ်တိုင် မဝေခွဲနိုင်တဲ့နေရာနဲ့အဖြစ်ကို ကြုံတွေ့ခဲ့ပါတော့တယ်။ ကျနော် ကြိုတင်သတိပေးပါရဲ့နော်။ ရမ်းပြီးတော့ ကောက်ချက်မဆွဲပါနဲ့။ ကျနော်ကိုယ်တိုင် နားမလည်တာလည်း အမှန်ပါ။ ဟုတ်ပါ့ဗျား။ မဂ်လားဖိုလ်လားဆိုတဲ့ အဖြစ်ပေါ့။ နောက်ဆုံးအနေနဲ့ဆိုပါတော့ဗျာ။ မဂ်ဖိုလ်လို့လည်း ဆိုရော။ ခင်ဗျားပုံစံက မျက်တောင်တောင် မခတ်တော့ပါလားဗျာ။ သိပ်ထူးထူးဆန်းဆန်း လုပ်ခဲ့တာမဟုတ်ဘူးဗျ။ ကျနော်လေ့ကျင့်ခဲ့တဲ့နည်းဟာ သူလိုကိုယ်လို နည်းပါပဲ။ သို့သော် အလွန်ထက်သန်သော စိတ်၊ ကြီးမားတဲ့ လုံ့လ၊ ရိုးသားဖြောင့်စင်းစွာ လေ့ကျင့်တဲ့နေရာမှာတော့ သူများနဲ့ကွာလိမ့်မယ် ထင်ပါရဲ့။ ကျနော့်တသက် ဘယ်တုန်းကမှ ဘယ်အရာကိုမှ အဲဒီလောက် ထက်သန်၊ ရိုးသားပြီး လုံ့လကြီးကြီးနဲ့ မလုပ်ခဲ့ဘူးတာ အမှန်ဗျ။ ဒါလည်း သေခါနီးတာ ပါမှာပါ။ အသေးစိတ် ပြောပါ့မယ်။ တဆင့်ချင်း ပြောပါ့မယ်။ ခင်ဗျား ပျင်းပုံမရတော့ ပြောရတာ အားတော့ အရှိသား။

တစ်ခုသောနေ့လို့ဆိုပါတော့။ ကျနော်ဟာ လေ့ကျင့်ခန်း စဝင်ခဲ့ပါတယ်။ ပုံမှန်အချိန် ညဆယ့်တစ်နာရီလောက်ပေ့ါ။ ဘုရားရှစ်ခိုးတာ သီလယူတာဟာ ပုံမှန် သြကာသ၊ ပုံမှန်သီလပါ။ ရှစ်ပါးသီလလေ၊ ဘာတဲ့။ အာဇီဝဋ္ဌမကသီလဆိုတာ။ အော်၊ အသက်သတ်တာ။ ခိုးတာ၊ အိမ်ယာပြစ်မှားတာ၊ လိမ်မပြောတာ အတူတူပါပဲ။ နည်းနည်းကွဲလွဲတာက၊ ညစ်ညစ်ညမ်းညမ်း မပြောတာ၊ ဂုံးချောတဲ့စကား မပြောတာ၊ သိမ်သိမ်ဖျင်းဖျင်း စကားတွေ မပြောတာ၊ မကောင်းသော အသက်မွေးမှု မလုပ်တာ၊ ဒါပဲကွာပါတယ်။ ပါဠိလိုဟုတ်လား။ နောက်မှရှာဖတ်။ ကျနော်လည်း အစက ပါဠိလိုမရလို့ နားလည်သလိုသာ ရွတ်တယ်။ စိတ်မှာတော့ တကယ့်ကို စောင့်ထိန်းမယ် ပိုင်းဖြတ်ထားတယ်။ မေတ္တာပို့တာလား၊ အတူတူပဲ။ ဆိုလိုက်တဲ့စာရင်းထဲမှာ ပါတဲ့ သူတွေ။ တကယ့်ကို ဘေးရန်ကင်းဖို့၊ ဒေါသကင်းဖို့၊ ဆင်းရဲကင်းဖို့၊ နှစ်လုံး စိတ်ဝမ်း အေးချမ်းဖို့ ကျနော်တကယ့်ကို ဆန္ဒရှိတယ်။ ဆိုတတ်သလို ဆိုတာအကောင်းဆုံးလို့ ကျနော်ယူဆတယ်။ နောက် ကျနော်သစ္စာဆိုတယ်။ မိခင် မကွယ်လွန်မီမှာ အတတ် နိုင်ဆုံး ပြုစုကုသခဲ့တယ်။ ဒီစကားမှန်ရင် တရားထူးဆိုတာ တွေ့ရပါလို၏လို့ လေးလေး



www.burmeseclassic.com

www.burmeseclassic.com

နက်နက် သစ္စာဆိုတယ်။ ဆိုတတ်သလို ဆိုတာပါ။ ဘာမှ ထွေထွေထူးထူး မဟုတ်ဘူး။ ကျနော်ဆိုတဲ့သစ္စာစကားဟာ တကယ့်ကို မှန်တယ်ဆိုတာ ကျနော့်ရင်ထဲမှာ သေချာသိနေတာတော့ ကွာကောင်းကွာနိုင်ပါတယ်။

လူ့စိတ်ဆိုတာ မျောက်စိတ်နဲ့တူတယ် လို့ဆိုကြတယ်မဟုတ်လား။ တောင်သွား မြောက်သွား မဟုတ်တာမှန်သမျှ အကုန်စဉ်းစားတတ်တာမျိုးပေါ့ဗျာ။ ဒီတော့ တောင်းပန်စရာလေးလည်း ပါရတယ်။ ဒါက ဆရာသက်ကြီး စာအုပ်မှာတွေ့မိလို့။ တောင်းပန်ရတယ်ဆိုတာလည်း ရိုးရိုးပါပဲဗျာ။ မပြစ်မှားထိုက်သော သူများကို ပြစ်မှားမိခဲ့ရင်၊ နောက် ကျနော့်စိတ်ထဲမှာ ကျနော့်ဆရာလို့ သတ်မှတ်ထားတဲ့သူတွေ တစ်ခါ တစ်ခါ ကျနော့်လို၊ ကျနော့်လောက်မှ တရားကို တွေ့မှတွေ့ပါလေစ ဆိုတာမျိုး အတွေးတွေ ဝင်ဝင် လာတတ်တာကြောင့် အဲဒီအတွက် ဆရာတွေကို တောင်းပန်တာပေါ့။

နောက်တစ်ခုက ဘယ်သူကိုမဆို။ ဘာအကြောင်းနဲ့မဆို ကျနော့်အပေါ် အပြစ်အမျိုးမျိုး ပြုမူခဲ့သူတွေအတွက် ကျနော်ခွင့်လွှတ်တယ်ဆိုတာပဲ။ အားလုံးပေါ့ဗျာ။ ကျနော့်ကို လောကငရဲ၊ ရဲဘက်ကို ပို့ခဲ့တဲ့ ကျနော့်ရန်သူတော်လည်း ပါတယ်။ ခင်ဗျားနဲ့ ကျနော် ဒီလောက်နဲ့ရန်မီး ငြိမ်းကြစို့။ ကျနော့်ဘက်ကတော့ အလုံးစုံ ကျေနပ်ခွင့်လွှတ်ခဲ့ပြီပေါ့။ ကျနော်ဟာ အေးချမ်းတဲ့ အရသာကို အထိုက်အလျောက် ရှာဖွေတွေ့ရှိခဲ့ပါပြီ။

ခန္ဓာကိုယ်ကို ဘုရားလှူတာလည်း ပါသဗျ။ ဒါက သေချာတော့နားမလည်ဘူး။ သို့သော် လေ့ကျင့်ခန်းလုပ်နေချိန် ဘာဖြစ်ဖြစ် စွန့်လွှတ်ထားပြီးသားဆိုတော့ အသုံးတော့ တည့်ပုံရတယ်။ တရားတောင်းတာလား။ တောင်းတတ်သလိုသာ တောင်းဗျာ။ တောင်းနည်း ပါဠိလိုကတော့ စာအုပ်တိုင်းလိုလိုမှာ ပါပါတယ်။ ရှာဖတ်ပေါ့ဗျာ။ ကျနော်ဆိုတာ သိချင်တယ်၊ ဟုတ်လား။ ပြောဆိုလည်း ပြောရတာပေါ့၊ ဘာတဲ့၊ အဟံ ဘန္တေ၊ သံသာရ ဝဋ္ဋ ဒုက္ခတော၊ မောစနတ္ထာယ၊ ဝိပဿနာ ကမ္မဋ္ဌာန် ယာစာမိ။ ဒုတိယ တတိယ သုံးကြိမ်ပါ။ ဒီလောက်ပါပဲ။ သို့သော် တကယ်ပေးစေချင်၊ ရချင်တဲ့စိတ် ကျနော့်မှာ ထက်သန် နေတာတော့ ကျနော်သတိပြုမိတယ်။

ကဲ၊ လေ့ကျင့်ခန်း စပြီဗျာ။ ဝင်သောလေ ထွက်သောလေကို စမှတ်တယ်။ ဘာရယ်။ ထိုင်တဲ့ပုံစံနဲ့ ယောဂီတဘက် ဟုတ်လား။ ထိုင်ပုံက ခင်ဗျားတို့ကျနော်တို့ မြင်ဘူးနေကျပုံစံပါပဲ။ အဲဒီတုန်းက ယောဂီတဘက်တော့ ဘယ်ရှိမလဲ။ ရဲဘက်ပါဆိုမှ။ ကျနော်ပြောခဲ့တဲ့သဘောက ဘာမှမလုပ်ခင် ဟိုဟာဈေးဆစ် ဒီဟာဈေးဆစ် မဖြစ်အောင်သာ ဆိုလိုရင်းပါဗျာ။ တစ်ခုက ခြေထောက်နှစ်ခုကို ထပ်မထားဘူးဗျ။ မှတ်မိလား။ကျနော့်ဆရာ ရဲဘက်ပေါက်စလေး သင်ခဲ့တာလေ။ ဝင်သောလေ ထွက်သောလေကို မှတ်ပါတယ်။ အစမှာတော့ တောင်ပြေး မြောက်ပြေး ထုံးစံပေါ့။ အလေ့အကျင့်ကလည်းများ ပုံမှန်လုပ်နေကျဆိုတော့ ဆယ်မိနစ်ဝန်းကျင်လောက်မှာ စပြီး



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်စပြုလာတယ်။ စမှတ်စမှာ နှာသီးဖျားကလေဟာ အပတ်မလည်ဘူး။ ဆိုလိုတာက တစ်ပတ်ပြည့်အောင် မလည်ဘူး။ စိတ်က လျှောက်ပြေးနေလို့ တစ်ပတ်မပြည့်တာ။ နောက်တဖြည်းဖြည်း အပတ်ရည် လည်လာတယ်။ လည်တယ်ဆိုတာ လုံးလုံးကြီးလို့ မမှတ်နဲ့။ တစ်ခါတစ်ခါ ဒေါင်လိုက်ရှည်မျောမျော။ တစ်ခါတစ်ခါ စက်ဝိုင်းသေးပုံစံ။ အကြီးအသေး ပုံစံကွာတယ်။ လေဝန်းဟာ အစတော့ နှာသီးဖျားမှာပဲ ရှိနေတယ်။ နောက် ငယ်ထိပ်ဖက်ကို ပို့တယ်။ ငယ်ထိပ်ရောက်စတော့ အဝိုင်းကြီးနေတယ်။ နောက် စူးစိုက်ပါများတော့ အဝိုင်းက သေးသထက် သေးလာတယ်။ အစက်ကလေး အထိတော့ မသေးဘူးပေါ့။ ငါးမူးစေ့အရွယ်မှာ ရှိနေတာ များတယ်ဗျ။

အဲဒီနေရာရောက်ရင် ကျနော့်စိတ်မှာ စပြီးဆင်ခြင်တာက ငါ့ခန္ဓာဟာ ရုပ်နာမ်နှစ်ခုတွဲသာဖြစ်တယ်။ ရုပ်ဆိုတဲ့အထဲမှာ အမှုန်သဘောတွေ။ အဲဒီ အမှုန်တွေနဲ့ ငါ့ကိုဖွဲ့စည်းထားတယ်။ ဒီအမှုန်တွေဟာ ရုတ်ခြည်းဖြစ်လာ။ ရုတ်ခြည်း ပျောက်တဲ့သဘော ရှိတယ်။ မာသောပျော့သော သဘော နှစ်ခုလုံး ရှိတယ်။ နောက် ငါ့ကိုယ်မှာ အပူချိန်တစ်ခုရှိတယ်။ အေးတဲ့ပူတဲ့သဘော နှစ်ခုတွဲနေတယ်။ နောက် လေဖိအားနဲ့ဆိုင်တဲ့ သဘောတစ်ခုလည်း ရှိနေတယ်။ ဒါတွေကို ဆက်စပ်ဖွဲ့စည်းတဲ့အရာကြောင့် တည်နေနိုင်တယ်။ ပါဠိလို ကျနော်မပြောချင်လို့ပါ။ အခုပြောနေတာက လူတကာသိနေတဲ့ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးပါပဲ။

အဲဒီ လေးခုထဲက အမှုန်၊ အပူချိန်နဲ့လေဖိအား သဘောကို ကျနော်ကိုယ်တိုင် ရှင်းရှင်းလင်းလင်း မြင်သိတယ်။ ဆက်စပ်ဖွဲ့စည်းပေါင်းစပ်ထားတဲ့ အရာကတော့ မှန်းဆချက်သာဖြစ်တယ်။ ဒါတွေ အတူရှိနေဖို့ ပေါင်းတဲ့သဘောမရှိပဲ ဘယ်လိုမှ မဖြစ်နိုင်ဘူးလေ။ အမှုန်တွေ သိမှုအစုတွေ အားလုံးဟာ အမြဲပြောင်းလဲနေတယ်။ အချိန်တိုင်း ပျက်စီးနေတယ်။ အဲဒီ နှစ်ခုစလုံးဟာ ထိန်းချုပ်လို့မရဘူး။ နောက် စိတ်ရဲ့သဘောကို သိသလောက် ဆင်ခြင်တယ်။ စိတ်မှာ သိမှု၊ မှတ်သားမှု၊ ခံစားမှု၊ တုန့်ပြန်မှုတွေ ရှိတယ်လို့ စာမှာဆိုလို့၊ ဘယ်လိုဆိုတာသိရအောင် ဂရုစိုက်မယ်လို့ စိတ်ပိုင်းဖြတ်ထားတယ်။ ဘယ်ဟာ ဘယ်စိတ်ဆိုတာ သေသေချာချာ လုံးစေ့ပတ်စေ့ ကျနော်မသိဘူး။ ဒါ အမှန်တရားပဲ။ စာမှာတော့ အသေးစိတ် တိတိကျကျ ရှင်းပြထားတာ ရှိပါရဲ့ဗျာ။ အခွင့်သာတဲ့အခါ လေ့လာဖို့ တိုက်တွန်းပါရဲ့။ ကျနော်လေ့ကျင့်နေတာ နိဗ္ဗာန်ဆိုတဲ့ နေရာကို ရောက်ချင်တဲ့ စိတ်မရှိဘူး။ ဟုတ်တယ်လေ။ နိဗ္ဗာန်ဆိုတာ ကျနော်မှ မသိတာ။ နိဗ္ဗာန်နဲ့ပါတ်သက်လို့ ဥပမာပေါင်းများစွာနဲ့ ရှင်းထားတာတော့ ကျနော် ဖတ်ဖူးတယ်။ ဒါပေမဲ့ နားမလည်တာတော့ အမှန်။ ကျနော့်ရည်မှန်းချက်က အေးချမ်းသောစိတ်။ အေးချမ်းသော အခြေအနေကိုသာ အလိုရှိတယ်။ ဒီအတွက် လွတ်မြောက်ကျော်လွှားနိုင်ချင်တဲ့စိတ် ပြင်းထန်စွာရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆက်ပြီး ကျနော့်ခန္ဓာကိုယ်ဟာ ရေမြှုပ်လို အရာဖြစ်တယ်ဆိုတာ တစ်မိ တဖြုတ်ဖြုတ် တလစပ်ဖြစ်ပေါ်နေတာကို ခံစားမိတာကြောင့် ထင်ထင်ရှားရှား သိလာတယ်။ ခံစားမှုဖြစ်တဲ့အခါ လှိုင်းလိုဖြစ်လာတယ်။ တစ်ခုခု ရှင်းရှင်းလင်းလင်း သိတဲ့အခါ လင်းကနဲဖြစ်တယ်။ အပြုအမူတစ်ခုအတွက် တိုးထွက်ပျံလွင့်သွားတဲ့ စိတ်တစ်ခုကို မြင်တယ်။ ဒါတွေကိုတော့ ကျနော် ရှင်းရှင်းလင်းလင်း ကိုယ်တွေ့အဖြစ် သိတယ်။ ကိုယ်တွေ့ဆိုတာ ခန္ဓာကိုယ်မှာတွေ့တဲ့ ကိုယ်တွေ့ကို ဆိုလိုတာ။ နောက်ဘယ်လို ဘယ်ပုံ ငါ ငါ လို့ စွဲသလဲ ဆိုတာ ဝိညာဏက္ခန္ဓာကြောင့်ဆိုတာ စာထဲမှာ ဖတ်ဖူးတယ်။ ကိုယ်တိုင်တော့ မမြင်ဘူး။ မမြင်တာကို မမြင်တဲ့နေရာမှာ တင်ရပ်ထားတယ်။ ဆက်မတွေးဘူး။ အဲဒီ ရုပ်မှုန်တွေရဲ့အလှုပ်၊ စိတ်တွေရဲ့အလုပ်ဟာ အာရုံခံ ကိရိယာတွေကနေ မြစ်ဖျားခံလာတာကို ဆက်တွေးတယ်။ မြင်တယ်ဆိုပါတော့၊ မျက်လုံးထဲက မှန်ဘီလူးကို ပုံရိပ်လာရိုက်တာ။ လာရိုက်ပြီး ပျောက်သွားပြီ။ ကိစ္စက ဒီမှာတင် ဆုံးတယ်။ ဆက်ဆက်ပေါ်နေတာက ကျနော်က ဆွဲခေါ်ပြီး ကျနော်မြင်တာ လို့ တယူသန်စွဲပြီး ထပ်တလဲလဲ ထင်နေလို့ ။

နားမှေးကို လာရိုက်တဲ့အသံတို့၊ နှာဝ လာရိုက်တဲ့အနံ့တို့၊ လျှာဖျားလာထိတဲ့ အရသာတို့၊ ကိုယ်ခန္ဓာမှာ ထိလို့ ဖျင်းကနဲဖြစ်တာတို့ အားလုံးဟာ သူ့သဘော သူဆောင်ပြီး ခဏလာဖြစ်တာချည်းပဲ။ ခင်ဗျား ဖြစ်တယ်လို့ ထင်တာက ခင်ဗျား ယူဆနေတာက ဝိညာဏက္ခန္ဓာရဲ့ အလုပ်ကို မသိလို့။ သူက မျက်လှည့်ဆရာတဲ့။ သူဘာသာ ဖြစ်နေတာကို ခင်ဗျားဖန်တီးလို့ ဖြစ်တယ်ထင်အောင် မျက်လှည့်ပြထားတာပေါ့၊ ခင်ဗျားက ကျနော့်ကို ကျမ်းတတ်ပေတတ်ကြီး ထင်နေမယ်။ မဟုတ်ရပါဘူး၊ လေ့ကျင့်ဖန်များလာ၊ စာတစ်ချို့ဖတ်လာတော့ သိလာတယ်။ သို့သော် ထူးဆန်းတာက မီးခိုးကြွက်လျှောက် ဆက်တိုက် တဆက်တည်း သဘောပေါက်လာ၊ သိလာတဲ့ ကိစ္စဗျ၊ ဒါလည်း သိလာရိုးထုံးစံလို့ ကျမ်းဂန်တွေမှာ လာပါတယ်။ ဘယ်လို လာသလဲ ဟုတ်လား။ ဒီနည်းစံနစ်ဟာ တစ်ခုတည်းသော လမ်းကြောင်းကြီးတဲ့ဗျ။ အစကို တွေ့ပြီး လမ်းမပေါ်ရောက်ရင် ရှေ့မြင်ကွင်းအားလုံးကို နားလည်လာတာ ဘာမှမဆန်းဘူး။ ကောင်း ခမ္မောဆိုတာလေ။ ကျနော်လည်း အစက မသိပါဘူးဗျာ။

အဲဒီမျက်လှည့်ဆရာကြောင့် ကျနော်တို့ဟာ ကိုယ်ထင်ရာဆွဲတွေး ဆက်လုပ်ရာ ကနေ၊ အမှားတွေ ဆက်ဖြစ်တယ်ပေါ့ဗျာ။ အမှားကြောင့် အားထုတ်မှုတွေဖြစ်လာ။ အားထုတ်မှုကနေ နောက်ဘဝ ဝိညာဏ် အသစ်ဖြစ်၊ ရုပ်တွေ စိတ်တွေပေါ်လာ၊ အာရုံ ကိရိယာတွေဖြစ်။ နောက်အာရုံတွေကို ရှာတွေ့။ အာရုံတွေကို ခံစား၊ စွဲလန်းမှုဖြစ်၊ ပြင်းပြင်းထန်ထန် ကပ်ငြိ၊ ဆက်တိုက်ဆက်တိုက် လူမှုဘဝတွေကနေ မွေးသေလို့ကျွေး လွတ်ရေးမမြင်တဲ့ စက်ဝိုင်းကြီးထဲမှာ ပျော်ပျော်ကြီး လှည့်နေတာကို ဆက်ဆင်မြင်


www.burmeseclassic.com

www.burmeseclassic.com

ကာပေါ့။ တတ်သလောက် မှတ်သလောက်ပေါ့ဗျ။ ကျနော်က မိုးကုတ်ဆရာတော်ကြီးလောက်တော့ ဘယ်သိပ်မတုန်း။ ဒီစက်ဝန်းကြီးထဲကနေ လွတ်မြောက်အောင် အဲဒီစက်ဝိုင်းကြီးကို ရိုက်ချိုးဖျက်ဆီးပစ်မှ ဖြစ်မယ်။ ရပ်တန့်သွားအောင် လုပ်မှ ဖြစ်မယ်လို့လည်း ကျနော် သဘောပေါက်လာတယ်။ ကောင်းမှ မကောင်းတာ။ ကောင်းတယ်ထင်နေလို့ မရုန်းထွက်ဖြစ်တာ။ ကိုယ်တွေ့မကောင်းမှန်းသိတော့ ရိုက်ချိုးဖျက်ဆီးရုန်းထွက်ဖို့ဆိုတာ ကြိုးစားချင်လာတဲ့စိတ် ဖြစ်လာတယ်။

ကျနော် လေ့ကျင့်ခန်းလုပ်ရင်း အဆင့်ဆင့် ဆင်ခြင်နေတာနော်။ ဒါကို မမေ့ပါနဲ့။ ဒါမှ ဘယ်လို လွတ်မြောက်မှုဆိုတာမျိုး ဖြစ်လာတယ်ဆိုတာ ခင်ဗျားသေချာသိမှာပေါ့။ ဒီမှာ စက်ဝိုင်းကြီးကို ရိုက်ချိုးနိုင်တဲ့အချက် ရှစ်ချက်ရှိတယ်တဲ့ဗျ။ ဒါကိုသုံးပြီး ခရီးနှင်ရင် တကယ်ရောက်သတဲ့။ လွယ်ပါတယ်ဗျ။ ကျနော်ပြောပြဖူးတဲ့ မဂ္ဂင်ရှစ်ပါးဆိုတာပါပဲလေ။ မှန်ကန်မျှတတဲ့ အပြော သမ္မာဝါစာဆိုပါတော့။ ကျနော်က လေ့ကျင့်ခန်းဆင်းနေတာ ဘာမှမပြောတော့ အော်တိုမစ်တစ် ထိန်းပြီးသားပေါ့။ နောက်လုပ်ရှားမှု အလုပ် သမ္မာကမ္မန္တ။ တရားထိုင်ပြီး စိတ်ကို ဆုံးမနေမှတော့ ဒါလည်း အလိုအလျောက်ပြီးနေတဲ့ ကိစ္စပဲ။ နောက်အသက်မွေးဝမ်းကြောင်းတာ သမ္မာ အာဇီဝ။ ထိုနည်းလည်းကောင်းပါဗျာ။ နောက် ကျနော့်ခန္ဓာဟာ အမှန်နဲ့သိမှုအစုသာ ဖြစ်တယ်လို့ သိနေတော့ အယူအဆ မှန်ပြန်ရောဗျာ။ ဒါတွေဘယ်လို ဖြစ်နေသလဲ စိုက်ပြီး အာရုံပြုနေတော့ တွေးတောမှု မှန်ပြန်ရောဗျာ။ တနာရီဝန်းကျင် ဘာဘဲဖြစ်ဖြစ်ထိုင်မယ် ဆုံးဖြတ်ထားတော့ ဝီရိယစိုက်ထားတာ သမ္မာဝါယမပေါ့။ ငြင်းလို့မရပြန်ဘူး။ တည်ငြိမ်အောင်ထိန်းတဲ့ သမ္မာသမာဓိလား။ ဝင်လေထွက်လေနဲ့ ထိန်းတယ်လေ။ သမ္မာသတိဆိုတဲ့ သတိတရားကတော့ သတိကြီးစွာနဲ့ အာရုံမပျံ့အောင် ထိန်းထားတယ်။ အလေ့အကျင့်ကလည်းများတော့ ဒါလည်း ကျနော့်အတွက် မခက်လှပါဘူး။ အိုကေတော့ ဘာဆက်ဖြစ်သလဲ သိလား။ ဒီလောကကြီးနဲ့ အဆက်ပြတ်တဲ့ နေရာကို ရောက်တာပေါ့။ ဘာတဲ့ လူကြီးမင်းခေါ်ဆိုသော ဖုန်းနံပါတ်သည် ဆက်သွယ်မှုဧရိယာပြင်ပသို့ ရောက်ရှိနေသောကြောင့် ဆိုတာမျိုးပေါ့။

ဘာကြောင့်ရောက်သလဲ ဟုတ်လား။ ကျနော်ပြောခဲ့တာတွေ သေချာပြန်စဉ်းစားလေ။ အခုပဲ ပြောခဲ့တာ။ ခင်ဗျားဗျာ။ ထူးဆန်းတာတော့ သိချင်တာလွန်ရော။ ကဲပါပြန်စဉ်းစားပါ။ နေရာတစ်ခုကို ရောက်ဖို့ ဘယ်နည်းနဲ့ ရောက်တယ်လို့ သေချာသိရင် ကိုယ်လည်း သွားလိုစိတ်ဖြစ်တဲ့အခါ သဲလွန်စ တစ်ခုရတာပေါ့။ အေးလေ။ မဂ္ဂင်ဆိုတဲ့ ယာဉ်ကိုစီးပြီး ခရီးနှင်ခဲ့လို့ ခင်ဗျား သိပ်သိချင်တဲ့ မဂ်လား ဖိုလ်လားဆိုတဲ့ နေရာကို ရောက်ခဲ့တာပေါ့။

အခုပြောမှာပါဗျ။ ခါးဆန့်ရုံလေးပါ။ လောရန်ကောဗျာ။ နောက်ဆုံးပါဆိုနေမှ။



www.burmeseclassic.com

www.burmeseclassic.com

အေးဗျာ၊ စိတ်ဆိုတာမျိုးက ထိန်းလေဆိုးလေ ဆိုတာမှန်ပါတယ်။ အလေ့အကျင့်များရင်တော့ ထိန်းနိုင်လာတာ မဆန်းလှပါဘူး။ ကျနော့် လေ့ကျင့်ခန်းကို ပြန်ဆက်လိုက်ကြရအောင်။ ဟုတ်ပါတယ်။ မဂ်လား ဖိုလ်လား ဆိုတာပါပဲဗျ။ အဲဒီ အချက်တွေကို ဆင်ခြင်တဲ့အခါ အာရုံအဝန်းဟာ ငြိမ်သထက်ငြိမ်လာပါတယ်။ တပြိုင်နက်မှာ ခန္ဓာကိုယ်ဟာ ဝေဒနာမျိုးစုံ ပေါ်လာပါတော့တယ်။ တစ်ကိုယ်လုံး နာတာကျင်တာ အောင့်တာတွေ မျိုးစုံပေါ်လာပါတယ်။ ခါးနာလာတယ်။ ထုံတဲ့ကျင်တဲ့ ဝေဒနာက ပြင်းပြင်းထန်ထန် ပေါ်လာပါတယ်။ အသိသာဆုံးကတော့ ခန္ဓာကိုယ်ရဲ့အပူချိန်ဟာ ထူးခြားစွာ မြင့်တက်လာခြင်းပါပဲ။ ဟုတ်တယ်ဗျ။ တစ်ကိုယ်လုံး ပူလာတယ်။ သည်းမခံနိုင်လောက်အောင် ပူလောင်မှု ဆက်တိုက်ဖြစ်လာပါတယ်။ လေ့ကျင့်ခန်းကို လက်လျှော့လိုက်ချင်စိတ်တွေ ပေါ်လာပါတယ်။ ကျနော့်မလျှော့ဘူး။ ဆက်တိုက်မှတ်နေလိုက်တယ်။ ဘာကိုမှတ်သလဲ ဟုတ်လား။ ငယ်ထိပ်ပေါ်က အာရုံအဝန်းကို မပြတ်တမ်း အာရုံစိုက်ထားတာပေါ့။ ဟုတ်တယ်။ ဒီအဝန်းကို ကျနော် လိုသလို ထိန်းနိုင်နေတာ ကြာပါပြီ။ အတော်ကြာတော့ ဝေဒနာဟာ တဖြည်းဖြည်း သက်သာလာပါတယ်။ ဆက်ရှုမှတ်ပါတယ်။ ငယ်ထိပ်တည့်တည့် အထက်တစ်နေရာမှာ စက်ဝန်းငယ်တစ်ခုဟာ အလွန်နူးညံ့တဲ့ အရှိန်တစ်ခုနဲ့ လည်နေပါတယ်။ မလည်ခင်ကလား။ မလည်ခင်က စည်းချက်မညီပဲ ဖြစ်နေတာ။ အဲဒါကို အာရုံစုစည်းပြီး ငယ်ထိပ်ဆီကို ရွှေ့လိုက်တယ်။ တဖြည်းဖြည်း အာရုံအဝန်းဟာ ငယ်ထိပ်မှာ မွတ်နေအောင် လည်ပြီး ငြိမ်နေတော့တာပဲဗျ။ ငြိမ်နေတော့ ဓိမ်ကျတာပေါ့ဗျာ။ ဓိမ်ကျတာလွန်ပြီး တခြားနေရာကို စိတ်ရောက်သွားရင်လည်း လည်နည်း ပုံမမှန်ပြန်ဘူး။ တခြားနေရာကိုရောက်ပုံကလည်း အမျိုးမျိုးဗျ။ သေချာအောင် အတွေ့အကြုံတစ်ခု ပြောမယ်ဗျာ။ အံ့သြဖို့လည်းကောင်း။ ဆင်ခြင်ဖို့လည်း ကောင်းပါတယ်။

ကျနော် တစ်ကြိမ်ကြုံခဲ့ဘူးတာပါ။ အဲဒီညတော့ မဟုတ်ပါဘူး။ တစ်နေ့နေ့ခင်းဘက်မှာ ကျနော်ဟာ မိန်းကလေးတစ်ယောက်ရဲ့ဓာတ်ပုံကို အတော်ကြာ စိုက်ကြည့်နေမိခဲ့တယ်။ ကျနော်ကတော့ မေ့မေ့ပျောက်ပျောက်ထင်ခဲ့တာပဲ။ အဲဒီည လေ့ကျင့်ခန်းဆင်းတော့ နာရီဝက်လောက်အကြာ အာရုံဝန်းနဲ့ ဓိမ်ကျနေချိန်ပေါ့။ အဲဒီ မိန်းကလေးပုံဟာ ထင်ထင်ရှားရှား ပေါ်လာတယ်ဗျာ။ ကျနော်မှတ်မိတာပေါ့။ ဒါ ကျနော် နေ့လည်က ကြည့်ခဲ့တဲ့ပုံထဲက မိန်းကလေးပေါ့။ တော်တော်လည်း လှပါတယ်။ အေးပါ။ ကျနော်လည်း ဒီလောက်တော့ မညံ့ပါဘူး။ ပေါ်လာတာကိုပဲ ရှုနေလိုက်တာပေါ့။ တော်တော်အံ့သြဖို့ ကောင်းတဲ့စိတ်ဗျာ။ အတော်ကြာ ကြည့်နေရင်က ရုတ်ခြည်းဆိုသလို ကျနော့်ရင်ဘတ်ထဲက လက်တစ်ဖက် ထိုးထွက်လာပြီး အဲဒီ မိန်းကလေးရဲ့ ရင်ဘတ်နေရာကို ဖြတ်ကနဲရောက်သွားပြီး ချက်ချင်းဆိုသလို ပြန်ရုပ်



www.burmeseclassic.com

www.burmeseclassic.com

သွားတယ်ဗျ။ တကယ့် ထင်ထင်ရှားရှားမြင်ရ၊ ခံစားရတာဗျာ။ ဟ ဘယ်ကောင်လဲကွ။ လက်သရမ်းတာပေါ့။ ကျနော်သေချာ စပ်စုတယ်။ အော်၊ ဒါလည်း ကျနော့်ရဲ့ တစ်ခုသော စိတ်ပါလား ဗျာ။

ဒါကို ဘာလို့ကျနော်ပြောသလဲဆိုတော့ ကျနော်ပြောမဲ့ ထူးဆန်းသောနေရာကို မရောက်ခင် အဲဒီလို စိတ်မျိုးပေါ်တတ်တာ ကိုယ်တွေ့ပါ။ အခု ကျနော် ဆက်သွယ်မှု ဧရိယာအပြင် မရောက်ခင် စိတ်ဟာ မဟုတ်တာတွေ အဆီအငေါ် မတည့်တာတွေ ပေါ်လာပါတယ်။ စိတ်ကို ဆုံးမရတာပေါ့။ မင်းစိတ်မှာ တပ်မက်စရာလို့ ထင်နေတဲ့ အရာအားလုံးဟာ တကယ်တော့ အမှုန်တွေ၊ ဆီးဝမ်း သွေးသလိပ်တွေနဲ့ ဖွဲ့ထားတဲ့ ရွံရှာစရာ အရာတွေချည်းပဲ။ အပြင်ဘန်း ကြည့်ပြီး မင်းစွဲလန်းနေတာ၊ ဒါမျိုးက ရုတ်တရက် ခံစားပြီး ရုတ်တရက်ပျောက်နေတာ၊ ဖြစ်စဉ်ကလျင်မြန်လွန်းလို့ မင်းက တဆက်တည်းလို့ မြင်ပြီး တက်မက်နေတာ၊ မင်း သတိထား။ ဘာညာပေါ့ ဗျာ။ ကာမဂုဏ်ညစ်ညူးကြောင်းကို တတ်သလောက် မှတ်သလောက်နဲ့ ဆင်ခြင်ရတာပေါ့။ ဒါကို ကျော်ပြီးရင် ကျနော့်ရဲ့အာရုံဟာ ငယ်ထိပ်အထက် တစ်နေရာမှာ စွဲမြဲစွာ တည်နေ တော့တာပါပဲ။ ကျနော်ဟာ စိတ်အမှတ်ကောင်းစွာနဲ့ အထက်ကောင်းကင်ယံ တစ်ခုမှာ ရောက်နေသလို ငြိမ်ပြီး ငြိမ့်နေအောင် ခံစားနေရပါတော့တယ်။ ကျနော့် ကိုယ်ခန္ဓာအစိတ်အပိုင်း အားလုံးရှိနေတယ် ဆိုတဲ့စိတ် ပျောက်နေပါတယ်။ သို့သော် အဲဒီနေရာဟာ ကျနော်ရောက်ခဲ့တယ်လို့ ပြောမဲ့နေရာတော့ မဟုတ်သေးဘူး။ ဒါက ဆက်သွယ်မှု ဧရိယာထဲမှာဆိုတာ ကျနော်သတိထားမိတယ်။ သေချာတယ်။ လောကကြီး အတွင်းမှာ ကျနော်ရှိနေပါသေးတယ်။ လိုင်းကောင်းကောင်း မိနေသေးတယ်ပေါ့ ဗျာ။

ဟုတ်ပါတယ်။ ကျနော်ဆက်မှတ်တာပေါ့။ ရုတ်တရက် စက်ဝန်းလည်ပုံဟာ တစ်မျိုးဖြစ်လာတယ်။ စောစောကပြောတဲ့ အမြီးအမောက်မတည့်တဲ့ အာရုံတွေကိုထိန်းပြီး သိပ်မကြာဘူးဗျ။ ဘယ်လောက်ကြာသလဲတော့ ကျနော်မပြောနိုင်ပါဘူး။ သေချာတာက စက်ဝန်းရဲ့လည်ပုံဟာ သိသိသာသာ ပြောင်းသွားပါတယ်။ အလွန်မြန်ပါတယ်။ တိတိကျကျပြောရရင် မော်တော်ကားမောင်းနေရင်း ဂီယာချိန်းလိုက်သလိုဗျ။ ဘာလို့ဂီယာချိန်းတာနဲ့ တူတယ်လို့ပြောနိုင်သလဲ ဟုတ်လား။ အဝန်းလည်ပုံက လားရာနဲ့အရှိန် ရှိတယ်လေ။ အဲဒီ လားရာနဲ့ အရှိန်က သိသိသာသာ မတူဘူးဗျ။ ရုတ်တရက် ပြောင်းသွားတဲ့ အာရုံအဝန်းရဲ့ လားရာနဲ့ အရှိန်ဟာ ပုံစံတစ်မျိုး ဗျ။ ကျနော်သေသေချာချာကို မှတ်မိတယ်။ အခုလည်း အဲဒီ ပြောင်းသွားတဲ့ အာရုံကို အခုထိ မှတ်မိနေတုန်း။ အရင် အာရုံအဝန်းက ဘယ်ညာလည်တာဆိုရင် အသစ်က ညာဘယ် လည်တာ။ အရင်အာရုံက အရှေ့ အနောက်ဆိုရင် အသစ်က အနောက်အရှေ့။ လုံးလုံးကို



www.burmeseclassic.com

www.burmeseclassic.com

ခြားနားပါတယ်။ သေချာဂရုစိုက် ကြည့်နေသလို ရှုမှတ်နေတာကြောင့် ဒါကို ကျနော် ကောင်းကောင်းကြီး မှတ်မိတယ်။ ပြောင်းသွားပုံကတော့ ဗျာ။ တိန်ကနဲ။ ဒိန်ကနဲ နေတယ်လို့ ပြောရမယ် ထင်ပါရဲ့။ ဒါတင် ဘယ်ကမလဲ ဗျ။ အလွန်တိကျသေချာပြ မှတ်မိနိုင်တာက ကျနော့်ရဲ့ရင်ဘတ်အလည်။ ရင်ဝနေရာကနေ ဒုတ်ကနဲ အသံမြည်တယ် ထင်လိုက်ရအောင် တစ်စုံတစ်ခုဟာ ထိုးထွက်သွားပါတယ်။ သေချာပါတယ်။ တစ်ကြိမ် မဟုတ်ပါဘူး။ နောက်တစ်ညမှာလည်း ဒါနဲ့ထပ်တူ ဖြစ်တာပါပဲ။ ဒုတ်ကနဲ ရင်ဝကထွက်သွားတဲ့အရာကို ကျနော်သေချာပြောနိုင်ပါတယ်။ ဘယ်နည်းနဲ့မှ မမှားနိုင်ဘူး။ စမ်းတဝါးဝါး မဟုတ်ဘူး။ တစ်ကြိမ်တည်း မဟုတ်ဘူး။ နှစ်ည၊ နှစ်ကြိမ် ဆိုတော့ လွဲစရာ မရှိဘူး။ နောက် ကျနော် ဘာကို ဘယ်လိုဆိုတာ ဆက်မပြော တတ် တော့ဘူး။ ရောက်သွားပုံကိုလည်း ရှင်းမပြတတ်ဘူး။ ရောက်သွားတဲ့ နေရာကိုတော့ ကျနော်ကောင်းကောင်း မှတ်မိတယ်။ ဟုတ်ပါတယ်။ လောကကြီးနဲ့ အဆက်အသွယ် ပြတ်တဲ့နေရာကို ကျနော် ရောက်သွားခဲ့ပါပြီ။ ဒေါက်ကနဲ ရောက်သွားတာဗျ။ ဟုတ်ကဲ့ ရောက်သွားတာ။ သေချာပါပြီ။ လူကြီးမင်းဟာ ဆက်သွယ်မှု ဧရိယာပြင်ပကို ရောက်နေပါပေါ့လား။

ဘယ်လိုနေလဲ ဟုတ်လား။ ပြောပြဖို့တော်တော်တော့ ခက်တဲ့အဖြစ်ပါ။ ကျနော်ဟာ တောသားတစ်ယောက် နယူးယောက်လို မြို့မျိုးကို ရောက်ခဲ့သလိုဆိုတော့ မှတ်မိတာတွေကို တောသားလိုသာ ရှင်းပြတတ်ပါလိမ့်မယ်။ မြေပုံပေါ်မှာထောက်ပြ အတိအကျ ရှင်းမပြတတ်ပါဘူးဗျာ။ လင်းနေတယ်ဗျ။ ဟုတ်တယ်။ လင်းနေတဲ့နေရာ ဟုတ်တယ်ဗျ။ လင်းနေတယ်။ ဒါပေမဲ့ ထိန်လင်းနေတာ မဟုတ်ဘူး။ ဒီလိုဗျာ ထိန်ထိန်လင်းတာနဲ့ မဲမှောင်နေတာက နှိုင်းယှဉ်လို့ လွယ်တယ်လေ။ အခုလင်းတာက မှောင်တာနဲ့မဆိုင်သလိုပဲ။ လင်းပုံတစ်မျိုးဗျ။

နောက်တစ်ခုက အဲဒီကို ရောက်နေတဲ့ စိတ်ဟာ ကျနော့်စိတ်မဟုတ်သလိုပဲဗျ။ ဘာဖြစ်လို့လဲ ဟုတ်လား။ သိသာတယ်။ ကျနော့်ကိုယ်ကျနော် ကျနော်လို့ ခံစားမရဘူး။ ဒါကြောင့် ကျနော်တွေ့ နေရောက်နေတဲ့ နေရာက စိတ်ဟာ ကျနော့်စိတ် မဟုတ်ဘူးလို့ ပြောရတာပါ။ အေးဗျာ။ ပြောလေ ရှုပ်လေ ဖြစ်တော့မှာပဲ။ ဒီလိုလေ၊ နတ်ပြည်လိုလို အရပ်ဆီကို အထက်မိုးလမ်းက စက်ကြိုးယန္တရားယာဉ်ကြီးနဲ့လိုလို သွားခဲ့တုန်းက ကျနော့်မှာ ကျနော်ဆိုတဲ့ ခံစားချက်ရှိတယ်။ အခုက ကျနော် မဟုတ်သလို ဖြစ်နေတာ။ အေးသော အလင်းနယ်တစ်ခု၊ အားလုံးနဲ့ ကင်းပြတ်နေတဲ့ဒေသ၊ ရပ်ဝန်း၊ ဟုတ်တယ်ဗျ။ နယ်နိမိတ်လည်း ရှိဟန်မတူဘူး။ အဆုံးတို့အစတို့ကို စဉ်းစားလို့မပေါ်ဘူး။ တကယ့်နေရာဗျ။ သိတော့နေတယ်ဗျာ။ ဘယ်လို ဘယ်ပုံ လောကကြီးနဲ့ ဆက်သွယ်နေ တယ်ဆိုတာ စဉ်းစားလေဝေးလေပဲဗျ။ နေရာလို့ဘာလို့ပြောနိုင်သလဲ ဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

ီလောကဆိုတာကြီးနဲ့ နှိုင်းယှဉ်လိုက်ရင် အဲဒီနေရာ တကယ်ရှိတယ်လို့ ပြောနိုင်တယ်ဗျာ။

လိုဗျ။ လေ့ကျင့်ခန်းဆင်းတုန်း ဘယ်လောက်ဖိမ်တွေတွေ၊ တစ်ခုခုတော့ နှောင်ကြိုးတဲ့အားသလိုပဲ။ ဖိမ်ကျကျနှောင်ကြိုးလေး။ အခုနေရာက ဖိမ်ကျတာရော၊ ဖိမ်မကျတာရောလုံးလုံးကင်းတဲ့ အခြေအနေ။ မရီနဲ့လေဗျာ။ တောသားလို ပြောတာပါဆိုမှ။ ဘာတွေလဲ။ ဟုတ်လား။ ဘာမှ မတွေ့ဘူး။ ဘာမှလည်း ရှိဟန်မတူဘူး။ သို့သော်ဘာမှမရှိပေမဲ့ အားလုံး ပြည့်စုံနေတဲ့သဘောကိုလည်း နားလည်နေသလိုပဲဗျ။ နောက်တစ်ခု စဉ်းစားမိတာက ဘာပြဿနာမှ မဖြစ်ပေါ်နိုင်တဲ့ နေရာမျိုးဗျ။ ဒီအချက်ဟာမှ ကျနော်တို့နေတဲ့ လောကကြီးနဲ့ နှိုင်းယှဉ်လိုက်မှ အဲဒါက ပေါ်လွင်တာ။ သူ့ချည်းသက်သက် အကြောင်းပြောရင် ပြောစရာ ရှာမတွေ့ဘူး။

နတ်ပြည်လိုလိုဟာက နန်းတော် ပြဿဒ် စုလစ်မွန်းချွန်လိုလိုတွေနဲ့ဆိုတော့ နတ်ပြည်လိုနေရပ်ဒေသတစ်ခု မဟုတ်တာ သေချာတယ်ဗျာ။ ဒီမှာ ဘာဆိုဘာမှ မရှိဘူး။ ကျနော်ဒီထက် စပ်စုချင်တာပေါ့။ ဒါပေမဲ့ ထူးထူးဆန်းဆန်းဗျာ။ ကျနော့်စိတ်ဟာစပ်စုချင်စိတ် ပျောက်နေတယ်။

နောက်တပတ်လောက်အကြာ တစ်ခုသောညမှာလည်း အဲဒီအချိန်မျိုးမှာ အဲဒီနေရာကိုအဲဒီနည်းအတိုင်း ရောက်ပြန်တယ်။ နေရာတူပဲ။ ဘာမှ မကွဲဘူး။ အေး သိတယ်လေ။ ကျနော့်စိတ်မဟုတ်တဲ့ စိတ်တစ်ခုက သိတာ။ ခံစားမှုတို့ သောကပရိဒေဝတို့၊ စိတ်တွေရုပ်တွေတို့လည်း တည်ရှိနိုင်တဲ့ပုံမပေါ်ဘူး။ ဒါက အခုမှ ပြန်စဉ်းစားမိတာဗျ။ အဲဒီနေရာကို လွမ်းသလား၊ အော် တော်တော်လည်း စပ်စုပါလား။

လွမ်းပါသော်ကောဗျာ။ ညစ်စရာတွေ ရှုပ်စရာတွေ များလာရင် အဲဒီနေရာကိုပြေးပြေးသတိရတယ်။ ငြိမ်းလွန်လွန်းလို့ ဆိုပါတော့။

ဘာမှသာ သေချာပြောမရတာ ဆက်ပြောရင် မဆုံးတော့ဘူးဗျ။ လူ့လောကကြီးဆိုတာနဲ့ဆက်စပ်မှ သူ့အကြောင်းက ပိုပေါ်တာကလား။ လောကကြီးဟာ ဖြစ်ပျက်လောကကြီးလို့ ဆိုကြရင် ကျနော်ရောက်ခဲ့တဲ့နေရာဟာ မဖြစ်မပျက်တဲ့နေရာလေလား အထင်ရောက်စရာပါပဲ။

ီတော့ဗျာ။ ကျနော့်စိတ်မှာ ရှုပ်ထွေးမှု၊ ပတ်သက်မှု၊ လွတ်လမ်း၊ လွတ်နည်း တို့ဆိုတဲ့မှန်ကန်ချက် လေးခုကို ရှင်းရှင်းလင်းလင်းသိတယ်လို့ ဆိုနိုင်ကောင်းပါရဲ့။ အများကြီးလို့လည်း မဆိုသာပါဘူး။ အော်၊ ခင်ဗျားနားရှုပ်သွားတယ်ထင်ပါရဲ့၊ အဲဒီမှန်ကန်ချက်လေးခုဆိုတာ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ၊ နိရောဓသစ္စာဆိုတဲ့ သစ္စာလေးပါးကိုကျနော်နားလည်သလို ပြောပြနေတာပါဗျာ ဖြစ်ပျက်ကို ရှာကာမှ ဖြစ်ပျက်လာမဟုတ်ဘူး။ မဖြစ်မပျက်လိုဟာမျိုးပါ လာတွေ့နေသလို ဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com

နှစ်ခေါက်တည်းနဲ့တော့ မပြည့်စုံလောက်သေးဘူးထင်ပါ့။ နောက်တစ်ခေါက်များ ရောက်ခဲ့ရင် ဒီထက် သေချာအောင်မှတ် ခဲ့ပါအုံးမယ်။ ပြန်ရောက်ရောက်ချင်း စိတ်ထဲပေါ်တာက ဆုံးသွားတဲ့ ကျနော့်အမေကို ဒီနေရာမျိုးကို ရောက်စေချင်စမ်းသဗျာ။ အဲဒီ စိတ်ပြင်းထန်စွာ ပေါ်တယ်ဗျ။ ဘာလို့လဲ ဟုတ်လား။ သားသမီးတွေ အများကြီးနဲ့ ရှုံးရှုံးကုပ်ကုပ်နေပြီး ရုန်းကန်သွားခဲ့ရတဲ့ အမေ့ကို သနားလို့ဗျ။ အမေ့ခများ လူ့လောကကြီးမှာ အသက်ခြောက်ဆယ်ကျော်သာ နေသွားရတယ်။ တစ်စက်မှ အေးချမ်းခဲ့ပုံ မရပါဘူး။ ဒီလို အေးချမ်း၊ ချုပ်ပြတ်တဲ့နေရာမျိုးကို ပို့နိုင်ရင် အမေ့ကျေးဇူး ကို ဆပ်ရာလည်း ရောက်မယ်ထင်ပါရဲ့။

နောင်တော့ မရောက်ဖြစ်တော့ဘူးဗျ။ ကျနော့်က ထပ်ထပ်ရောက်ချင်တဲ့စိတ်၊ စောနေလို့ မရောက်နိုင်တော့တာလည်း ဖြစ်နိုင်ပါတယ်။ အော်... မင် ဖိုလ် လို့ပြောနိုင်တယ် ထင်တယ် ဟုတ်လား။

ကျနော် ပြောခဲ့ပါပကော။ လွယ်လွယ်ကောက်ချက်မချပါနဲ့လို့။ ဒီအဖြစ်ကို ကျမ်းဂန်တွေမှာ ကျနော်လှန်ခဲ့ပါတယ်။ ဟုတ်သလိုလို မဟုတ်သလိုလိုပါပဲ။ ဒါက ကျနော့်မှာ ထိထိရောက်ရောက် လမ်းညွှန်မဲ့ ဆရာမရှိလို့ဗျ။

ခင်ဗျားက ထင်ရာမြင်ရာ ကောက်ချက်ဆွဲရင် ရဲဘက်မှာ မင်ဆိုက်တယ်ဆိုပြီး လူတကာ ရဲဘက်ထွက်ဘို့ လုပ်ကုန်ကြရင် ကြီးလိုက်တဲ့အန္တရာယ်ဗျာ။

ကဲ၊ ဓာတ်လမ်းဆုံးပါပြီ။ ခင်ဗျား အယူအဆကို သိချင်လှချည့်ရဲ့ဗျာ။ သို့သော် ခင်ဗျားလည်း ချက်ချင်းတော့ ဖြေနိုင်မယ် မထင်လှဘူး။ တကယ်လို့ခင်ဗျား ကိုယ်တိုင် ကျနော်လေ့ကျင့်ခဲ့တဲ့ လေ့ကျင့်ခန်းကို ဆရာကောင်း သမားကောင်းနဲ့ လေ့ကျင့်လို့များ ဒါမျိုးဆင်ဆင် တွေ့ခဲ့ရင်၊ ကျနော်မေးတဲ့ ပုစ္ဆာကို အဖြေထုတ်နိုင်တဲ့ အခြေအနေ ရောက်ခဲ့ရင်ပေါ့။ ကျနော့်ကို အသိပေးပါဗျာ။ ဘယ်နေရာရောက်နေနေ၊ ကျနော် ခင်ဗျားကို လှမ်းဆက်ပါ့မယ်။

ကျနော် ဘယ်သွားမှာလည်း ဟုတ်လား။ အေးဗျာ၊ ကျနော်မမျှော်လင့်ပဲ ငွေသိန်း နှစ်ထောင်နီးပါးရဖို့ အကြောင်းပေါ်နေပြီဗျ။ လုပ်လက်စတန်းလန်း အလုပ်တစ်ခုက ဆိုပါတော့။ ကျနော်ဖြစ်တဲ့အမှု တန်ဘိုးကသိပ်မရှိပါဘူး။ ငွေ ဒီလောက်ရှိရင် ဗမာပြည်မှာ ကျနော်ဖြစ်တဲ့ ပြဿနာဟာ ရှင်းလို့မခက်တော့ပါဘူး။

ဘယ်နည်းနဲ့လွတ်မယ်တော့ တိတိကျကျ မပြောနိုင်ဘူး။ သို့သော် အသံမျိုးစုံနဲ့ စခန်းကနေ မောင်းထုတ်နေသလိုပဲ။ အခုလည်း အာရုံတွေ ရနေတယ်။ အသံတွေ ကြားနေရတယ်။ အသံတွေ ကြားနေရတယ်။ ကျော်ဟိန်း သီချင်းလိုပေါ့ဗျာ။

ကဲ၊ နောက်ဆုံးစကားပြောရရင် ခင်ဗျားက ကျနော့်ကို သူတော်ကောင်းကြီးလို့ စွတ်မှတ်ထင် ကြီးနေတော့မယ်။ တကယ်တော့ စာထဲမှာ ပါသလောက်အကုန်ဖော်သိတာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားပဲရှိမယ်ဗျ။ အနီးဆုံး လက်ရင်း တပည့်တွေတောင် လုံးစေ့ပါတ်စေ့ မသိကြပါဘူး။ သူ့အဆင့်နဲ့သူ သိကြတာတဲ့။ ဆရာသက်ကြီးရဲ့စကားအရ ဆိုရရင် ဘုရားက သမုဒ္ဒရာလောက်သိပေမဲ့ ခင်ဗျားတို့ ကျနော်တို့က အဲဒီ သမုဒ္ဒရာ ရေတစ်စက်ကို သိတာ မျိုးပါ။ ဘာဘဲ ဖြစ်ဖြစ် ။ ဒါလေး ဖတ်လိုက်နော်”

ပြောပြောဆို ကိုသက်ခိုင် ကျနော့်ကို ဖတ်စေသော အကြောင်းအရာမှာ ဓမ္မာစရိယ ဦးဌေးလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ စာအုပ်တွင်ဖော်ပြထားသော ဘကြီးတော်မင်း လက်ထက် အင်းဝမြို့ မိုးထိကျောင်းတိုက်၊ အရှင် ဝိသုဒ္ဓါစာရ ထေရုပ္ပတ္တိမှ ကောက်နုတ်ချက် တချို့ဖြစ်ပြီး အောက်ပါအတိုင်း ဖတ်ရှုခဲ့ရပါသည်။

. . . . . . . . . . . . . . . . . . . . . .

သမထကား တော်လောက်ပြီ။ မြင်မြင်သမျှ သင်္ခါရ တင်၍ ဝိပဿနာကူးမှ သင့်မည်ဟု ယူဆကာ တစ်ညနေ၌ ဝိပဿနာစ၍ ကူးပြောင်းရှုမှတ်ကြည့်၏။ ငယ်စဉ်က အာရုံငြိဖူးသော မာတုဂါမတစ်ဦးကို စိတ်အာရုံ၌ ထင်မြင်တပ်မက် စွဲလန်းမိ၏။ ဆံပင် အမွေး ခြေသည်း လက်သည်း စသော သုံးဆယ်နှစ် ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ပွား၍ ဖျက်ဆီးပစ်ရ၏။ ဒွါရကိုးပေါက်မှ အပုပ်ရည် ယိုစီး၍ ပဋိသန္ဓေ နေရ အိုရ နာရ သေရပုံ တို့ကို ဆင်ခြင်ရသည်။ အသေကောင် ဟူ၍ပင်ထင်၏။ ထိုအခါ လက္ခဏာရေး သုံးပါး (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) ထင်ရှားပေါ်လွင်လာပြီဟု ယူဆကာ မိမိ သန္တာန်၌ ရှိသော တဏှာအယုတ်ကို အပြစ်မြင်လာတော့သည်။

ဟဲ့ တဏှာယုတ် ရာဂစုတ်။ နင့်ကြောင့် သံသရာလည်ကာ ဘုရားအဆူဆူနှင့် လွဲခဲ့ရသည်။ စသည်ဖြင့် တဏှာ၏အပြစ်များ ဉာဏ်၌ များစွာထင်မြင်ကာ တဏှာအား ရှုံ့ချနေမိ၏။

ဤသို့ ရန်တွေ့ပြောဆိုသောအခါ တဏှာသည် လူတစ်ယောက်ပမာ အကောင်သဏ္ဍာန် မြင်လာပြန်ရာ ထိုတဏှာကောင်က သင့်ကို နှိပ်စက်တာ ငါချည်းမဟုတ်ပါ၊ ဟုဆိုကာ အကုသိုလ်စိတ် ဆယ်နှစ်ပါးကို အဖော်ညှိ၍ ထုတ်ဖော်လာ၏။ အကောင် ဆယ့်နှစ်ကောင် တိုးလာကြသည်။ အရှင်က ရှုံ့ချမာန်မဲ ပြန်၏။ ငါတို့ချည်း မဟုတ်။ ပုညကိရိယာ ဆယ်ပါးလည်း ပါသေးသည် ဟု လက်ညှိုးထိုးပြ ကြပြန်သဖြင့် ဆယ်ကောင်တိုးလာပြန်၏။ ထိုအခါ မြည်တွန်ရန်ပင် မတတ်နိုင်တော့ပဲ ကိုးကွယ်ရာ မရှိသဖြင့် ဘုရားတကာ(စိတ်အားဖြင့်) ထွက်ပြေးရရှာ၏။ ရန်သူတို့ကလည်း လိုက်ပါလာကြသည်။ ဒီကို လာခဲ့ဟူသောအသံကို ကြား၍ အသံဖက်ဆီသို့ပြေးရာ ရွှေပြဿဒ်ကြီးကို တွေ့မြင်ရ၏။ လှေခါး သုံးထစ် ရှိရာတွင် ပထမထစ် ဒုတိယထစ်အထိ ရန်သူများ လိုက်လာကြသေးသည်။ ထို့နောက် သတိမေ့သွား၏။ သတိရလျှင်ခြင်း တတိယအထစ်မှ တဆင့် ပြဿဒ်အတွင်းသို့ ဝင်သွားရာ မိမိကိုယ်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

ရွှေရောင်ဝင်းနေသည် ဟုထင်၏။ ရှေ့တွင် အလွန်သပ္ပါယ်သော ဘုရားရှင်ကို ဖူးမျှော်ရသဖြင့် ဝမ်းသာအားရ ခြေတော်ကိုဖက်၍ ဦးချ။ စကားတွေကိုလည်း များစွာလျှောက်ထားပြီး အားရပါးရ ငိုလေတော့သည်။ ငိုချင်းမှာကား စိတ်အာရုံတွင် မျှမဟုတ်။ တကယ်ပင် အသံထွက်အောင် ငိုမိ၍ မျက်ရည်များ ရွဲရွဲစိုလာတော့သည်။ ထိုအရှင်နှင့် မလှမ်းမကမ်းတွင် တရားအားထုတ်နေသော အရှင် သဒ္ဓမ္မာလင်္ကာရသည် ငိုသံကြား၍ လှည့်ကြည့်လိုက်ရာ ငိုနေသော အရှင်ကို မြင်၍ အင်း၊ ငါ့ ရှင်၊ ဝိသုဒ္ဓာစာရ ငါ့ရှင်၏ ပီတိကား အလွန်နက်ရှိုင်းစွာ့တကားဟု လှမ်း၍ မိန့်တော်မူ၏။ ဘာကြောင့် ငို သည်ကို မမေး။ အရှင်မှာ ပြောသံကြားရသော်လည်း ပြန်၍ မလျှောက်နိုင်ဖြစ်သည်။ (မှတ်ချက်။ အာရုံဟူသည် မိမိစိတ်ကူး "သညဇ"ကြောင့်လည်း ဖြစ်၏။ အမှန်တကယ် ရေးကဖြစ်ဘူး၍လည်း ပေါ်တတ်၏။ မသူတော် တန်ခိုးရှင်တို့လှည့်စားခြင်းလည်း ဖြစ်တတ်၏။ မိမိ ရုပ်နာမ် ဝိပဿနာ ရှုကွက်ကိုလွှတ်ပြီး အာရုံနောက် လိုက်၍မဆုံးနိုင် ဖြစ်ရသည်ကို သတိမူသင့်၏။ ဤ၌ ဆရာက တရားကူးပြောင်းပေးခြင်း ထူးခြားချက် ဖြစ်ပေါ်လာလျှင်လည်း ဆရာအား လျှောက်ထား အသိပေးခြင်း မပြုဘဲ ကိုယ့်သဘောနှင့် ကိုယ်လုပ်နေပုံကိုလည်း သတိပြုပါ။)

### အရိယာဖြစ်ပြီ ထင်၍

အရှင်သည် ဘုရားရှင်ကို ဖူးမြင်ရပြီး ငိုရာမှ တဖြည်းဖြည်း ကိုယ်ရှိန်သတ်၍ သောကငြိမ်းသွားပြီးလျှင် ဘဝ၌ ကြောက်ဖွယ်အပြစ် အနာအဆာနှင့် ငြီးငွေ့ဖွယ်စသော အသိဉာဏ်များဝင်လာ၏။ ထိုအခါတွင်လည်း ငါသည် အထက်မဂ် အထက်ဖိုလ် တိုင်အောင် တရားထူးရလေပြီဟု စိတ်ကူး(စိန္တာမယသုတမယ)မျှဖြင့် အဆင့်ဆင့် ဉာဏ်စဉ် ဆယ်ပါးတက်ကာ အဓိမာန(တရားထူးရပြီဟု အထင်ရောက်စိတ်) ဝင်ပြန်၏။ တရားဖြုတ်ပြီး ကောင်းကင်သို့မော့ကြည့်ရာ စိတြနက္ခတ်ပင် မွန်းတည့်လေပြီ။

အင်း၊ ငါတရားထူးရတာ တန်ခူးလပြည့်နေ့။ ညသန်းကောင်ယံအချိန်ဟု မိမိစိတ်၌ မှတ်တမ်းတင်လေသည်။ (တရားထိုင်သူများ ထူးသောအရာကို မှတ်တမ်း တင်ထားရမြဲ ဖြစ်သည်။)

နံနက်မိုးလင်းသောအခါ ဗျာနလာဘီ ဆရာတော်ထံ ဝမ်းသာအားရသွား၍... ဆရာ၏ ကြီးမားသော မေတ္တာတော်ကြောင့် တပည့်တော် တရားထူးရပါပြီ။ ဟု လျှောက်ထားရာ ဆရာက....

အိမ်း၊ ငါ့အရှင် ဝိသုဒ္ဓါစာရ သတိကြပ်ကြပ်ထားပါ။ ပုထုဇဉ် အန္တယ် အမြစ်တွယ်နေသော အဝိဇ္ဇာ၊ တဏှာ၊ ရေသောက်မြစ်ကား ဖြတ်နိုင်ခဲ၏။ ဥပမာအားဖြင့် ညောင်ပင်ကြီး တစ်ပင်ကို မိုးကြိုးပစ်ရာ ခက်လက်များ ကျိုးပဲ့ကုန်သော်လည်း ရေသောက်မြစ်ထိမှန်က

www.burmeseclassic.com

မိုးရွာပြန်လျှင် ညောင်ငုတ်တိုမှ အတက်ပေါက်လာလိမ့်မည်။ သတိထားပါလေဟု မိန့်တော်မူသည်။

ကာလအတန်ကြာ ဆရာထံမှာနေပြီးနောက် မိတ်ဆွေ အရှင်သုဒ္ဓမ္မာလင်္ကာရလည်း မရှိတော့သဖြင့် ဆရာ့ထံမှ ခွာရန်ဆုံးဖြတ်သည်။ တရားထူးရပြီဖြစ်၍ ဆက်လက်နေရန်လည်းမလိုတော့ဟု စဉ်းစားသည်။ မိမိ၏မိအိုဖအို ဆရာသမားများက စပြီး သတ္တဝါအများကို မိမိကဲ့သို့ ခံစားစေချင်သည့် ဂရုဏာစေတနာများ ထက်သန်နေ၏။ သို့နှင့် ဓာတိ ကမ္ဘောဇ တောင်လားမြို့သို့ ကြွ၍ တောရဆောက်တည်နေ၏။ မိမိလည်း အားထုတ်၊ လူအများကိုလည်း နည်းပေးလျက်နေခဲ့ရာ တရားထူးရသည့်တန်ခူးလမှ ရေတွက်သော် ရှစ်လမြောက် တန်ဆောင်မုန်းလတွင် ငုတ်လျှိုးနေခဲ့သော အနုသယ ကိလေသာဓာတ်သည် ထကြွပေါ်ပေါက်လာသဖြင့်...

အင်း ။ ဆရာ့စကား တယ်မှန်ပါကလား။ ပုထုဇဉ်အနွယ်ကိုမျှ မလွန်နိုင်သေး။ ညောင်ငုတ်တို အတက်ပေါက်လေပြီဟု ယူကျုံးမရ နောင်တဖြစ်နေရှာ၏။ (စာပေကျမ်းဂန်တတ် ပုဂ္ဂိုလ်များပင် ဖြစ်တတ်သည်ကို သတိပြုမူကြရာ၏။ တရားသဘောသည် နက်ရှိုင်းစွာ့။)

အရှင်ဝိသုဒ္ဓါစာရသည် ကိလေသာ မကုန်မှန်းသိ၍ မိမိတတ်စွမ်းသမျှ တရားတို့ကို နှလုံးသွင်းလျက် ရာသက်ပန် တောထဲမှာပင် သီတင်းသုံးတော်မူ၏။နည်းခံ တပည့်များလည်း ပါရမီအလျောက် သမထ ဝိပဿနာ ဉာဏ်ရင့်သန်ကြီးပွား တရားရ သူတွေ များစွာပင်ရှိကြ၏။ နောင်သောအခါတွင် အကြောင်းမသင့် အခွင့်မသာ ပါရမီကုန်သဖြင့် သာသနာတော်၌ မနေပဲ လူသူတော် ဘဝဖြင့်သာ တရားအားထုတ်ရင်း တောမှာပင်နေ၍ ၁၂၃၄–ခုနှစ် သီပေါမင်းလက်ထက်တွင် ကွယ်လွန်ရရှာ၏။ မင်းငါးဆက် သိမှီ၍ ပါရမီအလျောက် မိမိအကျိုး သူတစ်ပါးအကျိုးကို တရားဖြင့် သယ်ပိုးတော်မူခဲ့သော ရာသက်ပန် တောပျော် ယောဂီ အာဇာနည်ကြီး ပင်ဖြစ်သတည်း။

. . . . . . . . . . . . . . . . . . . . .

ကျနော် ဖတ်နေသော စာအဆုံးတွင်ကား တဲအပြင်ဖက်တွင် မိုးစဲစပြုနေချေပြီ။ စပ်လှမ်းလှမ်း လေ့ဆိပ်ဆီမှ ဆေးမှူးကိုမြင့်ဇော်က ကိုသက်ခိုင်အား အော်ဟစ်နှုတ်ဆက်နေသံကို ကြားရသည်။ စခန်းခွဲတာဝန်ခံက လူနာကို ဆေးမှူးနှင့်ပြန်ထည့်ရန် သဘောတူ ဟန်ရှိသည်။ အကြောင်းမှာ ကိုမြင့်ဇော်၏ နှုတ်ဆက်သံတွင် "ကျနော် ဒီချာတိတ်ကို ခေါ်သွားပြီ ကိုသက်ခိုင်ရေ"ဟူသော စကားသံ ပါရှိလာသောကြောင့်ဖြစ်၏။

. . . . . . . . . . . . . . . . . . .

စင်စစ် ကိုသက်ခိုင်နှင့်ကျနော် ထိုနေ့က အတူနှင်ခဲ့သော ခရီးသည် သူ့နှင့် ကျနော့်အတွက် နောက်ဆုံးခရီးစဉ် ဖြစ်သည်ကို ကျနော်အမှတ်မထားမိခဲ့ချေ။ ထိုနေ့မှ



www.burmeseclassic.com

www.burmeseclassic.com

စတင်ရေတွက်လျှင် တစ်လခန့်ကြာမြင့်ချိန်၌ ကိုသက်ခိုင်တစ်ယောက် ရဲဘက်စခန်းမှ အစအန ပျောက်သွားခဲ့ပါသည်။ အင်းစိန်ထောင်သို့ ပြန်ပို့ခံရသည်ဟု ဆိုသူရှိသကဲ့သို့ အချို့က အယူခံနိုင်သွားသည်ဟု ဆိုကြပါသည်။ အချို့ကမူ ရဲဘက်မှ ထွက်ပြေး လွတ်မြောက်သွားသည်ဟု ဆိုကြပြန်ပါသည်။ သို့သော် မည်သည့်အဖြေမျှ ရေရာလှသည် မဟုတ်ချေ။

နောက်ဆယ့်ငါးရက်မျှ အကြာတွင် ကိုသက်ခိုင်၏ ဇနီးဖြစ်သူ ပင်မစခန်းသို့ ရောက်လာခဲ့ပြီး စားဝတ်နေရေး ကြပ်တည်းနေကြသည့် အကျဉ်းဦးစီးဝန်ထမ်း ဘေးကြယ်ကြီး ဦးဌေးအောင်နှင့် ရဲဘက်အချို့အတွက် ငွေသား၊ ဆေးဝါးနှင့် စားသောက် ဖွယ်ပစ္စည်းများ ပေးပို့သွားခဲ့ရာ ကျနော့်အတွက် စာအုပ်ငယ်တစ်အုပ် ပါရှိလာပါသည်။ စခန်းခွဲတာဝန်ခံ၏ တဆင့်စကားအရ ကိုသက်ခိုင်က ပေးပို့ရန် စေခိုင်းသည်ဟု ဆိုပါသည်။

ကျနော့်အား ကိုသက်ခိုင်ပေးပို့သော စာအုပ်အဖုံးတွင် ကိုမင်းဒင်သို့ ဟူသော ကိုသက်ခိုင်၏ လက်ရေးကို မြင်ရ၏။ အဆိုပါစာအုပ်မှာ ပညာအလင်းပြ စာအုပ်တိုက်မှ ထုတ်ဝေသည့် ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးနှင့် အနာဂါမ် ဆရာသက်ကြီးတို့၏ ဥပနိဿယအတိုင်း အာနာပါနသိမှုဖြင့် ဝိပဿနာ ရှုပွားနည်း ဟူသော ကိုသက်ခိုင့်လက်စွဲစာအုပ်ပင်ဖြစ်ပြီး အဆိုပါစာအုပ်၏အကြားတွင် ဓာတ်ပုံတစ်ပုံနှင့် စာတစ်စောင် ညှပ်လျက်ပါရှိသည်ကို တွေ့ရလေသည်။ ဓာတ်ပုံမှာ ဂျပန်နိုင်ငံ ဟီရိုရှီးမားဘူတာရုံနောက်ခံနှင့် ချယ်ရီပင်တစ်ပင်၏ရှေ့တွင် လူသုံးယောက်တွဲ ရိုက်ထားသောပုံဖြစ်ပြီး ဘေးနှစ်ဘက်မှ လူနှစ်ဦးမှာ ဂျပန်လူမျိုး မျက်နှာပေါက်များဖြစ်ကြ၍ အလယ်တွင်ကား အနောက်တိုင်းဝတ်စုံကို ကျနသေသပ်စွာ ဝတ်ဆင်ထားသည့် ကိုသက်ခိုင်ဖြစ်ပါလေ၏။

ကိုသက်ခိုင်တစ်ယောက် စခန်းမှ ပျောက်ကွယ်သွားပြီး တစ်လခွဲခန့် အကြာတွင်မူ ကိုသက်ခိုင့်နိမိတ်ဖတ်ခဲ့သည့်အတိုင်း ဗိုလ်ချုပ်ကြီးခင်ညွန့်အား အနားပေးသည့် သတင်း၏ နောက်ဆက်တွဲအဖြစ် ပြစ်ဒဏ်ကျ အကျဉ်းသားအချို့ကို နိုင်ငံတော်မှ ပြစ်ဒဏ်လျှော့ပေါ့ လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ရာ ကျနော်အပါအဝင် စခန်းခွဲ(၁)မှ အကျဉ်းသားတချို့ လွတ်မြောက်လာခဲ့ကြပါသည်။
ဓာတ်ပုံနှင့်အတူ ပူးတွဲပါရှိသော စာတွင်မူ ကိုသက်ခိုင်၏ လက်ရေးဖြင့် အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရပါလေသတည်း။ ။

–ဖြစ်ပျက်ဆိုတာမရပ်မနား တလစပ် ဖြစ်နေ၊ ပျက်နေတာကို ဆိုလိုတယ်။

www.burmeseclassic.com

www.burmeseclassic.com

-ဖြစ်ပျက်ဆိုတဲ့ အထဲမှာ ကျနော်လည်းပါတယ်။ ခင်ဗျားလည်း ပါတယ်။

-ဖြစ်ပျက်ဟာကျုပ်တို့ခင်ဗျားတို့ရဲ့ ခန္ဓာကိုယ်မှာ ရှိနေတယ်။

-ဖြစ်ပျက်ကိုကိုယ်ခန္ဓာမှာ ရှာတွေ့နိုင်တယ်။

-ဖြစ်ပျက်ကိုတွေ့ချင်ရင် နည်းလမ်းလိုတယ်။

-ဖြစ်ပျက်ဆိုတာအရာအားလုံးနဲ့ ဆိုင်တယ်။

- ဖြစ်ပျက်ကို သိရင်လောကကြီးကို သိဖို့လမ်းစဖြစ်တယ်။

- ဖြစ်ပျက်ကိုခြေရာခံမိရင် မဖြစ်မပျက်တာကို တွေ့နိုင်တယ်။

- ဖြစ်ပျက်ဟာချုပ်ငြိမ်းခြင်းရဲ့ လမ်းစပဲ။

- ဖြစ်ပျက်ဆိုတာ .........................

(သက်ခိုင်)



www.burmeseclassic.com

www.burmeseclassic.com

# ၁၆။ သက်ခိုင့် စုံတောမြိုင်

ကျနော်သည် ဤဖြစ်ပျက်ရှာပုံတော်ခရီးသည်ကို ဝတ္ထုရှည်ကြီးအဖြစ် ပြန်လည်ရေးသားလျက်ရှိစဉ် အခန်း(၁၅)အရောက်တွင် ကိုသက်ခိုင်နှင့် ထပ်မံတွေ့ဆုံရန်လိုအပ်လာပါသည်။ အကြောင်းမှာ အချက်နှစ်ချက်ရှိ၏။ ပထမအချက်မှာ ယခုရေးသားဖော်ပြပြီးခဲ့သည့် အကြောင်းခြင်းရာတို့သည် ကျနော်နှင့် ကိုသက်ခိုင် တစ်ခုသော ရဲဘက်စခန်းတွင် အကျဉ်းသားဘဝဖြင့် အတူရှိစဉ်က ကြားသိမှတ်သားခဲ့ရသမျှ ကုန်စင်ပြီဖြစ်၍ ရေးသားထားပြီးသမျှအပေါ် ကိုသက်ခိုင်၏ သဘောထားကို မေးမြန်းရန်နှင့် နောက်ဆက်တွဲဖြည့်စွက် လိုချက်ကို သိရှိနိုင်ရန်ဖြစ်၏။ ဒုတိယ အချက်ကား ဖြစ်ပျက်ရှာပုံတော်ခရီးသည်ကို www.mindin.infoတွင် အခန်းဆက်အဖြစ် ဖော်ပြနေခြင်းအား စောင့်ဆိုင်း ဖတ်ရှုလျက်ရှိသည့် မော်လမြိုင်မြို့ ဖားအောက်တောရမှ အရှင်ဉာဏစာရအမည်ရှိ ဘုန်းတော်ကြီးတစ်ပါးမှ ဖြစ်ပျက်ရှာပုံ တော်ခရီးသည်အပေါ် သူ၏အမြင်ကို ရေးသားဖော်ပြထားသည့် ဝေဖန်စာ၊ စာရှည်ကြီး တစ်စောင်ကို လက်ခံရရှိခဲ့သည်ဖြစ်၍ အဆိုပါစာနှင့် ပတ်သက်သည့် ကိုသက်ခိုင်၏ တုန့်ပြန်ချက်အမြင်ကို သိရှိနိုင်ရန်ဖြစ်၏။

သို့ဖြင့် ကိုသက်ခိုင်ထံ ဖုန်းဖြင့်ဆက်သွယ်ရာ ကံအားလျော်စွာပင် ကိုသက်ခိုင် တစ်ယောက် ဖူးခက်၊ နိုင်ထောင်အရပ်က သူ့အိမ်တွင် ရှိနေ၏။ ကျနော်က ဆုံချင်သည် ပြောလေတိုင်း မဆိုင်းမတွ "ကျနော်ဖူးခက်မြို့ထဲကို လာခဲ့မယ်"ဟူသော စကားဖြင့် တုန့်ပြန်လေ့ရှိသော ကိုသက်ခိုင်သည် ယခုတစ်ကြိမ်တွင်မူ "ခင်ဗျား ကျနော့်အိမ် လာခဲ့ပေတော့ဗျာ" ဆိုလေသည်။ ထိုနေ့ကကျနော်လည်း အားလပ်ရက်ဖြစ်နေလေရာ ချက်ချင်းပင် ကိုယ်တိုင်ကားမောင်းလျက် သူ့အိမ်ရှိရာ နိုင်ထောင်ဖက်ဆီသို့ ထွက်လာ ခဲ့သည်။ အချိန်ကား နံနက်ဆယ်နာရီခန့်ဖြစ်၏။

ဖူးခက်မြို့ကား "အိပ်စက်ခြင်း ကင်းသောမြို့"ဟု ဆိုကြသည်နှင့်အညီ ကျနော့်



www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှိရာ အန်မခန်အရပ်မှ ကားလမ်းပေါ်တက်လိုက်သည်နှင့် ကားကြီး ကားငယ်တို့ ဥဒဟိုပြေးလွှားလျက် ရှိသည်။ ကျောက်ဖားလမ်းပေါ် အရောက်တွင်မူ ကားအသွားအလာ ကြပ်စပြုလာသည်။ ထိုအထဲတွင် စိတ်ညစ်ညူးစရာ အကောင်းဆုံးမှာ အဆမတန် များပြားလွန်းသော မော်တော်ဆိုင်ကယ်များ ကားကြို ကားကြားထဲတွင် လှစ်ကနဲ ဝှစ်ကနဲ ဖြတ်သန်းမောင်းနှင်နေကြသော ကိစ္စရပ်ဖြစ်၏။ ဖူးခက်မြို့မှာ ဗမာငွေ ကျပ်တစ်သိန်းခန့် ရှိလျှင်ပင် နောက်ဆုံးပေါ် ဆိုင်ကယ်ကို အရစ်ကျပေးချေသည့် စံနစ်ဖြင့် စီးနိုင်သည်ဖြစ်ရာ ဆိုင်ကယ်စီးသူအရေအတွက် များပြား နေခြင်းသည် စင်စစ်မထူးဆန်းလှ။ ကိုးနှစ်သား အရွယ်မှသည် အသက်ရှစ်ဆယ် အရွယ် အဘိုးအို အဖွားအိုများပါမကျန် ဆိုင်ကယ်စီး နေကြရာ ကျနော့်အမြင်တွင် အန္တရာယ်များလှသည်။ တစ်ခါတစ်ရံ လူမမယ်ကလေးငယ် သုံးလေးယောက်ကို ဖြစ်သလိုတင်လျက် ခရီးနှင်နေကြသည်မှာ လည်း မြင်ရသူအဖို့ ရင်ထိတ်စရာပင်။ ကျနော့်မိတ်ဆွေ ထိုင်းယာဉ်ထိန်းရဲတစ်ယောက်၏ အဆိုအရ ဖူးခက်မြို့တွင် ယာဉ်တိုက်မှုနှုန်းချုပ်စာရင်းအရ မော်တော်ဆိုင်ကယ် မတော်တဆမှုဖြင့် သေဆုံးမှုမှာ တစ်နေ့တစ်ယောက်နှုန်း ရှိသည်ဟု ဆိုသည်။

မော်တော်ကား အသွားအလာ အရှုပ်ထွေးဆုံးဖြစ်သည့် စင်ထရယ်ကုန်တိုက် လွန်လေသော် အဝေးပြေးလမ်းမကြီးပေါ်သို့ ရောက်သောကြောင့် အနည်းငယ် ကားရှင်းစ ပြုလာသည်။ သည်လိုနှင့် မိနစ်နှစ်ဆယ်ခန့်အကြာတွင် ဖူးခက်မြို့၏ အမှတ်သင်္ကေတ ဖြစ်သော အနုစာဝါရီကျောက်တိုင် အဝိုင်းဆီသို့ ရောက်လာသည်။ ကျောက်တိုင်ထိပ်ဆီမှ မတ်တပ်ရပ်၊ ဓားလွတ်ကိုင် အမျိုးသမီးနှစ်ယောက်ကား မတ်တတ်ရပ် အနေအထားဖြင့် ကျနော့်ကို ကျောပေးလျက် မြို့အဝင် အထွက်ကို ကြီးစွာသော သတိဖြင့် စောင့်ကြည့်နေ ဟန်ရှိ၏။ ထေ့ဖရာဆာထရီနှင့် ဆရီဆွန်ထော့အမည်ရှိ ထိုညီအစ်မ နှစ်ဦးကား လွန်ခဲ့သော အနှစ်နှစ်ရာကျော်၊ မြန်မာဘုရင် ဘိုးတော်ဘုရား လက်ထက်က ဖူးခက်မြို့ကို ကျူးကျော်လာသည့် ရန်သူမြန်မာတို့ကို တိုက်ထုတ်အောင်မြင်ခဲ့သည့် သူရဲကောင်းများဟူ၍ ထိုင်းနိုင်ငံသမိုင်းတွင် ဖော်ပြထားသည်ဟု ဆိုပါသည်။ ထိုင်းစာပေကို မကျွမ်းကျင်သော ကျနော့်အဖို့ ဖူးခက်သမိုင်းကို ကိုယ်တိုင် ဖတ်ရှုရသည် မဟုတ်ပဲ တဆင့်ကြားမျှသာဖြစ်၏။ ကျနော့်စိတ်တွင်မူ ဖူးခက်မြို့၊ စည်ပင်ဖွံ့ဖြိုး လာခဲ့သည်မှာ ယခုအချိန်မှစ၍ ပြန်လည်ရေတွက်လျှင်ပင် နှစ်ပေါင်းသုံးဆယ် မပြည့်သေးလေရာ လွန်ခဲ့သော အနှစ်နှစ်ရာဝန်းကျင်တွင် တောကြီးမျက်မဲ တံငါရွာ သာသာ အဆင့်သာရှိမည့် ကျွန်းကြီးတစ်ကျွန်းပေါ်သို့ မည်သို့သော အကြောင်းကြောင့် ကျနော်တို့ဘိုးဘေးမြန်မာများ ကျူးကျော်ခဲ့ကြလေသနည်း။ အဆိုပါတိုက်ပွဲသည် မည်မျှကြီးကျယ်ခန်းနားလေသနည်း။ ကျောက်တိုင်ထိပ်ဝယ် ခန့်ငြားစွာ နေရာယူလျက်ရှိသော အမျိုးသမီးနှစ်ဦးသည် အဘယ်မျှ ကြီးမားသော အောင်ပွဲကို



www.burmeseclassic.com

www.burmeseclassic.com

မည်သို့လျှင် တိုက်ခိုက်ခဲ့ကြလေသနည်း ဟူသော အတွေးတို့သည် ဤကျောက်တိုင်ရှိရာသို့ ရောက်လေတိုင်း ပေါ်လာစမြဲဖြစ်၏။

မည်သို့ဆိုစေ အဆိုပါ သူရဲကောင်းညီအမနှစ်ဦးတို့၏ သမိုင်းပုံရိပ်ကြောင့် ဖူးခက်မြို့ကား အမျိုးသမီးအခွင့်အရေးကို ရှေ့တန်းတင်သော မြို့ပေတည်း။ မြန်မာမုန်းတရား ထွန်းကားရာမြို့ပေတည်း။ အနုစာဝါရီအဝိုင်းကို အတန်ငယ် လွန်သော် ထလန်ဟူသောအရပ်သို့ ရောက်သည်။ ထလန်ကား ဖူးခက်မြို့မနှင့် နှိုင်းစာလျှင် လူနေကျဲ၏။ သို့သော် ထလန်မီးပွိုင့်ကား အမြဲလိုလို ယာဉ်ကြောပိတ်ဆို့လေ့ရှိသည်။ ရဲစခန်း၊ ဘဏ်များ၊ ဆေးရုံနှင့် ဆိုင်ကယ်၊ မော်တော်ကားအရောင်းခန်းမများ တစ်နေရာတည်းတွင် စုပြုံနေခြင်းကြောင့် ဖြစ်တန်ရာသည်။ ထလန်အလွန် အဝေးပြေးလမ်းမကြီး၏ ဘယ်ဖက်၊ တစ်ခုသော သစ်သီးဝလံ ဈေးငယ်တစ်ခုရှိရာ လမ်းသွယ်ကလေးအတိုင်း ချိုးကွေ့မောင်းနှင်လာရာ တောအုပ်စိမ်းစိမ်းတို့ကို ကျော်ဖြတ်မိလျှင် ကိုသက်ခိုင် နေထိုင်ရာ နိုင်ထောင်သို့ ရောက်သည်။

ကိုသက်ခိုင် ငှားရမ်းနေထိုင်သော အိမ်ကား ပေလေးဆယ် ပေခြောက်ဆယ် မြေကွက်တွင် တည်ဆောက်ထားသော တစ်ထပ်တိုက်ပုကလေးဖြစ်၏။ သူ့အိမ်ရှေ့ လမ်းဘေးကွက်လပ်တွင် ကားကိုရပ်ကာ ဟထားသောခြံတံခါးကို ကျနော် အသာတွန်းဖွင့်၍ ဝင်လိုက်သည်။ ခြံစည်းရိုးနှင့်အိမ်ကြားမှ ကွက်လပ်တွင် ပန်းပင်မျိုးစုံဖြင့် စိမ်းလန်းလျက်ရှိ၏။ အထူးသဖြင့် သစ်ခွပင် အရောင်မျိုးစုံကို စံနစ်တကျစိုက်ပျိုးထားလေရာ ဖွတ်သမားဟု တစ်ခါတစ်ရံ ကျနော်ထင်မှတ်ခဲ့သော ကိုသက်ခိုင်မှာ ပန်းချစ်သူပေတကားဟု အတွေးဝင်မိသည်။ အိမ်တံခါးသည် ပွင့်လျက်ရှိ၏။ ကျနော် အိမ်အတွင်းသို့ ရောက်သည့်အခါ ကိုသက်ခိုင်တစ်ယောက် ဒရင်းဘက် တစ်ခုပေါ်တွင် လက်နှစ်ဖက် ရင်ဘတ်ပေါ်တင်ရင်း အိပ်ပျော်လျက်ရှိရာ ကျနော်က အနီးမှ ကုလားထိုင်တစ်ခုပေါ်တွင် ဝင်ထိုင်လိုက်ရင်း သူ့ကို အကဲခတ်နေစဉ် သူ့ထံမှ အသံထွက်လာသည်။

"ထိုင်ဗျာ၊ ကိုမင်းဒင်၊ ခင်ဗျား ကားဆိုက်သံကြားကတည်းက ရောက်နေမှန်း ကျနော်သိတယ်"

ကျနော့်စိတ်မှာ တော်တော်နေနိုင်တဲ့သူပဲ တွေးမိရင်း...

"နေပါဦး၊ နေ့လည်ဖက်ကြီး အိပ်ပျော်နေသလားဗျ"

"အော် ဗမာပြည်ခဏပြန်နေလို့ဗျ"

"ဘယ်တုန်းက ပြန်လိုက်တာလဲ၊ ခင်ဗျားစကားကို ကျနော်နားမရှင်းဘူး"

"အင်း ဘယ်လိုပြောရမလဲ၊ အခုလေးတင်ပဲ လိပ်ပြာလွင့်ပြီး ဗမာပြည်ကို ခဏပြန်နေတာ ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com

“အရေးထဲ နောက်နေပြန်ပါပြီ၊ ဘာလဲဗျ၊ လိပ်ပြာလွင့်တယ်ဆိုတာ”

“နောက်တာ မဟုတ်ဘူးဗျ၊ နည်းလမ်းသိရင် လူတစ်ယောက်ဟာ သူ့စိတ်ကို သူလိုတဲ့နေရာဆီ စေလွှတ်လို့ရတယ်ဗျ၊ ဒီနည်းကိုကျနော်အင်းစိန်ထောင်ကို ပထမဆုံး အကြိမ် ရောက်ခဲ့တုန်းက အမှတ်မထင် တွေ့ခဲ့တာ ဆိုပါတော့”

“ဒီလိုဆိုရင်လဲ ပြည့်ပြည့်စုံစုံ ရှင်းစမ်းပါအုံးဗျာ”

“ဖြေးဖြေးပေါ့ဗျာ၊ တစ်ခုခုသောက်မလား၊ လက်ဖက်ရည်ကော်ဖီ အဆင်သင့် ရှိလေရဲ့၊ ထုံးစံအတိုင်း ရယ်ဒီမိတ် အထုပ်တွေပေါ့”

“ဘာမှ မသောက်တော့ဘူးဗျာ၊ ခင်ဗျားဆီမလာခင် စားခဲ့သောက်ခဲ့ပြီးပြီ၊ အခုလာတာက ခင်ဗျားနဲ့တွေ့ဖို့ သက်သက်လာတာ၊ ကဲပါ ခင်ဗျား လိပ်ပြာလွင့်တဲ့ ဇာတ်လမ်းဆက်ပါအုံး”

“ဒီလိုဗျ၊ လွန်ခဲ့တဲ့ ဆယ်နှစ်လောက် ၁၉၈၉–ခုနှစ်ဝန်းကျင်က ဆိုပါတော့၊ စစ်အုပ်ချုပ်ရေးကြေညာထားတဲ့ အချိန်ကြီးမှာ ကံဆိုးစွာပဲ ပုဒ်မငါးညနဲ့ ကျနော် ပထမဆုံးအကြိမ် အင်းစိန်ထောင်ထဲကို ရောက်သွားတယ်၊ ထောင်ဆိုတာ အသံကြားရုံနဲ့ ကြောက်ခဲ့ဖူးတဲ့ ကျနော်ဟာ ထောင်ထဲလဲရောက်ရော မနေတတ် မထိုင်တတ်နဲ့ အတော်ကြီးတဲ့ ဝဋ်ဆင်းရဲကို ခံစားနေရတယ်ဆိုပါတော့။ ကျနော့်စိတ်ထဲမှာ နေ့ရောညပါ အိမ်ပြန်ချင်စိတ်ချည်း ပေါက်နေသဗျ။ စွဲထားတဲ့ ပုဒ်မကလည်း ငါးညဆိုတော့ ပြစ်ဒဏ်တကယ်ပဲ ကျမလား၊ နေ့ချင်းညချင်းပဲ ပြန်လွှတ်မလား၊ ဘာမှ ရေရေရာရာ မသိရတဲ့ အချိန်ပေါ့ဗျာ။ ဒီလိုနဲ့ တစ်နေ့မနက် ရှစ်နာရီလောက်မှာ အခန်းထဲက ဘဝတူထောင်သားတွေ အလုပ်ဘုတ်ဆင်းသွားကြတဲ့အချိန်မှာ အဆောင်ပေါ်မှာ ကျနော် တစ်ယောက်တည်း ကျန်ခဲ့တယ်ဗျ။ အဲဒီအချိန်မှာ ကျနော်ဟာ ထောင်နံရံကို ခေါင်းပေးပြီးလှဲနေရာကနေ ဘယ်ကဘယ်လို အတွေးဝင်လာသလဲ မပြောတတ်ပါဘူးဗျာ။ ငါ့အိမ်ကို လူကိုယ်တိုင် ပြန်လို့ မရရင် စိတ်နဲ့ ပြန်ကြည့်လိုက်ချင်တယ်လို့တွေးမိသဗျ။ ဒီမှာတင် ကျနော်ဟာ မျက်စိမှိတ်ပြီး စိတ်ကို လျှော့ထားလိုက်တယ်။ နောက် ကျနော့်စိတ်ကို ကျနော်ကိုယ်တိုင် အမိန့်ပေးရင်း တဆင့်ချင်း အိမ်ပြန်လွှတ်မိတယ်ဗျ။ တဆင့်ချင်းဆိုတာ ပထမဆုံး စိတ်ကို အဆောင်တံခါးဝကနေ ထောင်ဗူးဝအထိ လူကိုယ်တိုင် လမ်းလျှောက်သွားသလို သွားခိုင်းတာပဲ။ ဘယ်နေရာအထိ တည့်တည့်လျှောက်၊ ဘယ်နေရာမှာ ဘယ်ကွေ့၊ ဘယ်နားမှ ညာကွေ့စသည်ဖြင့်ပေါ့ဗျာ။ ကျနော့်စိတ် ထောင်ဗူးဝရောက်တဲ့အခါ ကားဂိတ်ရှိရာကို ဆက်လွှတ်တယ်။ နောက်တော့ မှတ်တိုင်မှာ ကားစောင့်ခိုင်းတယ်။ ကျနော့်အိမ်နားက မှတ်တိုင်မှာ ဆင်းခိုင်းတယ်။ ကားပေါ်က ဆင်းပြီး ဆိုက်ကားဂိတ်ဆီကိုလည်း ထိုနည်းလည်းကောင်း စိတ်ကို စေတယ်ဆိုတော့၊ ဒီလိုနဲ့ဗျာ၊ ကျနော့်စိတ်ဟာ ကျနော်စေလွှတ်သလို သွားလိုက်တာ ကျနော့်အိမ်



www.burmeseclassic.com

www.burmeseclassic.com

အပေါ်ထပ်အထိ ရောက်ရောဆိုပါတော့၊ ထူးထူးဆန်းဆန်းဗျာ။ ကျနော့်စိတ် အဲဒီနေရာလည်း ရောက်ရော ကျနော်ဟာ တကယ်ကို အိမ်ပြန်ရောက်နေတဲ့ ခံစားချက်ကို ခံစားလာရပါလေရောဗျာ။ ယုံချင်ယုံမယုံချင်နေပေတော့ အဲဒီနေ့ကစပြီး ကျနော်ဟာ လူလစ်တာနဲ့ လိပ်ပြာလွင့်ပြီး အိမ်ပြန်နေလိုက်တာ လွတ်မိန့်ရတဲ့ နေ့အထိဆိုပါတော့။ အခုလည်း ရေခြားမြေခြားမှာ နှစ်ကာလအရှည်ကြီး နေနေရတာမို့ တစ်ခါတစ်လေ လိပ်ပြာလွင့်တဲ့နည်းနဲ့ ရန်ကုန်ပြန်လေ့ရှိတာပါပဲဗျာ။ စောစောက ခင်ဗျား ရောက်နေတာကို ကျနော် သိနေပေမဲ့ ရုတ်တရက် ကျနော့်စိတ်က ရန်ကုန်ရောက်နေ တော့ စိတ်နဲ့ကိုယ် လွတ်သလိုဖြစ်ပြီး ချက်ချင်း မထနိုင်တာဗျ"

"ခင်ဗျားဥစ္စာ ယုံဖို့တော့ ခပ်ခက်ခက်ပဲ။ ထားပါလေ၊ လာရင်းကိစ္စ ပြောကြရအောင်၊ အခုကျနော်လာတာ ကိစ္စနှစ်ခု ရှိတယ်ဗျ။ တစ်ခုက ကျနော် ရေးလက်စ ဇာတ်လမ်းကို အဆုံးသတ်ဖို့၊ တစ်ခုက အဲဒီဇာတ်လမ်းကို စိတ်ဝင်တစား စောင့်ဖတ်နေတဲ့ ဘုန်းတော်ကြီးတစ်ပါးက ဝေဖန်စာ စာရှည်ကြီးတစ်စောင် ကျနော့်ဆီရောက်လာတဲ့ကိစ္စ။ ရော့။ ဒါက အခန်း(၁၅)အထိ ခင်ဗျာ့ဇာတ်လမ်း၊ ဒါက အဲဒီဘုန်းတော်ကြီးရဲ့ ဝေဖန်ချက်ဖိုင်"

ပြောပြောဆိုဆို ကျနော်က အသင့်ပါလာသော စာရွက်ဖိုင်ကြီး နှစ်ဖိုင်ကို သူ့ရှေ့သို့ ချပေးလိုက်သည်။ စင်စစ် ကိုသက်ခိုင်သည် ကျနော်ပြန်လည်ရေးသားနေသော ဖြစ်ပျက်ရှာပုံတော်ကို www.mindin.info တွင် ဖတ်ရှုပြီးသော်ငြား ကွန်ပြူတာဖန်သားတွင် စာဖတ်ရသည်ကို အားမရသည်ကတစ်ကြောင်း၊ အချို့နေရာများတွင် ပြင်ဆင်ဖြည့်စွက်နိုင်ရန်လည်းကောင်း ပရင့်ထုတ်၍ ဖိုင်တွဲလာရန် မှာကြားခဲ့ဖူးသောကြောင့် ယခုကဲ့သို့ ကြိုတင် စီစဉ်လာခဲ့ခြင်းဖြစ်၏။

ကိုသက်ခိုင်သည် ကျနော်ကမ်းပေးသော ဖိုင်နှစ်ခုအနက်မှ ရေးလက်စ ဖြစ်ပျက်ရှာပုံတော်ကို စိတ်ဝင်စားဟန်မရှိပဲ ဖားအောက်တောရ ဘုန်းတော်ကြီး၏ ဝေဖန်ချက်ဖိုင်ကိုသာ စိတ်ဝင်တစားဖတ်ရှုလျက်ရှိလေရာ ကျနော်လည်း သူ့ကို မနှောင့်ယှက်လိုသည်နှင့် ထိုင်ရာမှထကာ သူ့ဧည့်ခန်းတွင်းရှိ စာအုပ်စင်ကို မွှေနှောက်နေလိုက်၏။ ကိုသက်ခိုင်၏ စာအုပ်စင်တွင် ဘာသာရေးကျမ်းများ၊ ရသ၊ နိုင်ငံရေးနှင့် ပြည်တွင်းပြည်ပအပတ်စဉ်ထုတ် ဂျာနယ်များစသည့် စာအုပ်အမြောက် အများကို တွေ့ရလေရာ ဤနေရာ ဤအချိန်တွင် ဤမျှ များပြားသော စာအုပ်များကို တွေ့ရသည်မှာ ကျနော့်အတွက် အံ့တစ်ပါးဖြစ်ရသည်။ အုပ်ရေထောင်ချီသော စာအုပ်များကို ဤနေရာအရောက်သယ်ဆောင်ရေးမှာပင် လွယ်ကူလှသောအလုပ် မဟုတ်ချေ။ ကိုသက်ခိုင်ကား မင်းပြစ်မင်းဒဏ်ကို ရှောင်တိမ်းရင်း စာဖတ်ခြင်း အလုပ်ဖြင့်သာ ပျော်မွေ့နေယောင်တကား။ စာအုပ်စင်ပေါ်မှ စိတ်ဝင်စားစရာကောင်းမည်ဟု ယူဆရသော



www.burmeseclassic.com

www.burmeseclassic.com

စာတစ်အုပ်ကို ကျနော်လှန်လျှော ဖတ်ရှုနေမိရာ အချိန်မည်မျှ ကြာသွား သည်ကို ကျနော်သတိမပြုပဲရှိစဉ် ကိုသက်ခိုင်ထံမှ အသံထွက်လာလေသည်။

"ကိုယ့်လူ၊ ဒီဝေဖန်ချက်ကို ခင်ဗျားစာအုပ်တစ်နေရာမှာ ထည့်ပေတော့ဗျာ"

"ဟာ၊ ထည့်လို့ဖြစ်ပါ့မလားဗျာ၊ အဲဒီဘုန်းတော်ကြီး ဝေဖန်ထားပုံနဲ့ဆို ခင်ဗျားဇာတ်လမ်းကြီးက တစ်ပြားမှ မတန်သလို ဖြစ်မသွားနိုင်ဘူးလားဗျ"

"အော် ဒါဆို ခင်ဗျားက ခင်ဗျားရေးထားတဲ့စာကို တန်ဖိုးတက်စေချင်တာနဲ့ ဒီဝေဖန်ချက်ကို ပစ်ထားလိုက်မယ်ဆိုတဲ့ သဘောပေါ့။ မဟုတ်သေးဘူးဗျ။ သိပ်လည်း မပူပါနဲ့လေ။ ကျနော့်စိတ်ထင် ဇာတ်လမ်းအဆုံးမှာတော့ တသဘောတည်း ဖြစ်သွားမယ်လို့ ယူဆပါတယ်။ အမှန်ပြောရရင် ဖားအောက်တောရလို တကယ့် ဒိတ်ဒိတ်ကြဲ တရားစခန်းက ဘုန်းတော်ကြီးတစ်ပါးအနေနဲ့ အချိန်ယူပြီး ဝေဖန်တာကိုက ကျေးဇူးတင်ရမဲ့ ကိစ္စပါပဲ"

"အော် ဒါဆို ခင်ဗျားက ခင်ဗျားလေ့ကျင့်ခဲ့သမျှ ဘာမှ မဟုတ်ပါဘူးလို့ ဝန်ခံတဲ့ သဘောလားဗျာ"

"ခင်ဗျားနဲ့တော့ ခက်နေပါပြီ၊ ကျနော်ပြောပြခဲ့သမျှထဲမှာလည်း ကျနော်ဟာ ဘာဖြစ်ပါပြီ၊ ဘယ်အဆင့်ရောက်ပါပြီလို့ မဆိုခဲ့ပါဘူး၊ ဘယ်အရာမဆို အနည်းဆုံး ဘက်နှစ်ဘက်တော့ ရှိစမြဲပါလေ။ ဒီဝေဖန်စာကို ထည့်လိုက်တော့ စာဖတ်သူတွေ အနေနဲ့ နှိုင်းယှဉ်ဝေဖန်နိုင်တဲ့ အခွင့်အရေးရတာပေါ့။ နောက်တစ်ချက်က ကျနော့်ဇာတ်လမ်းက ဆုံးမှ မဆုံးသေးပဲ။ ဒီတော့ ကျနော်ကိုးနှစ်နီးပါး လေ့ကျင့်ခဲ့တဲ့ ရလာဒ်နဲ့ နောက်ဆုံးဖြစ်ပေါ်လာတဲ့ အတွေးအမြင်ကို ဆက်ပြီးပြောပြနိုင်ခဲ့ရင် နှစ်ဖက်စလုံး ကျေနပ်နိုင်လောက်တဲ့ အခြေအနေကို ရောက်နိုင်ကောင်းပါရဲ့။ ဘာမှ စဉ်းစားမနေပါနဲ့ဗျာ။ ထည့်သာထည့်ပါ။ ခင်ဗျားစာအုပ်ထုတ်လို့ ရှုံးခဲ့ရင် ကျနော် ငွေတစ်ဝက်စိုက်ပါ့မယ်"

"အော် ငွေအတွက်က ထူးထွေပြီး ပူစရာမရှိပါဘူးဗျာ။ မင်းဒင်ရဲ့သက်ခိုင် အမြတ်ထဲက ထုတ်မှာမို့ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်တဲ့ သဘောပါပဲ။ ဒါနဲ့ ခင်ဗျား လေ့ကျင့်ခဲ့တဲ့ အဆင့်က ဘာအဆင့်တုန်းဗျ။ အဲဒီအဖြေကို ခင်ဗျား ရှာလို့တွေ့ပြီလား"

"အင်း တွေ့ခဲ့ပြီဆိုပါတော့"

"ဟ တယ်ဟုတ်ပါလား။ လုပ်ပါအုံးဗျ၊ ဘယ်အဆင့်များပါလိမ့်"

"အတော်ပဲဗျ။ ကျနော်လည်း ခင်ဗျားလာရင် ဖတ်ပြမယ်ဆိုပြီး ကျနော် ကိုယ်တိုင် ရေးထားတာလေး အဆင်သင့် ရှိနေတယ်။ လက်စသတ်တော့ ကျနော်ကြုံ တာဟာ နိဗ္ဗာန်လို့ထင်ရတဲ့ ပီတိပါမောဇ္ဇတဲ့ဗျ။ ကျနော်ဖတ်ပြမယ် ခင်ဗျား နားထောင်ပေတော့။ ဒါလည်း တခြားစာအုပ်ထဲက မဟုတ်ပေါင်ဗျာ။ အနာဂါမိ



www.burmeseclassic.com

www.burmeseclassic.com

ဆရာသက်ကြီးရဲ့ အာနာပါနသတိမှဖြင့် ဝိပဿနာရှုပွားနည်း စာအုပ်၊ စာမျက်နှာ–၁၁၇ ကပါပဲ။ ပြောပြောဆိုဆို ကိုသက်ခိုင်တစ်ယောက် သူ့စာရေးစားပွဲပေါ်မှ စာရွက်တစ်ရွက်ကို လှမ်းယူလျက် သူရေးမှတ်ထားသည့် စာတစ်ချို့ကို အသံအနေထား ဌာန်ကရိုဏ်းကျနစွာ ဖတ်ပြလေရာ ယင်းမှာ အောက်ပါအတိုင်းဖြစ်၏။

**နိဗ္ဗာန်ဟုထင်ရသော ပီတိပါမောဇ္ဇ။**

သမာဓိအရှိန် ကောင်းကောင်းနှင့် ရှုလိုက်သောအခါ ခန္ဓာကိုယ်အတွင်း၌ ရုပ်နာမ်တို့သည် ရုပ်ယုက်ခတ်ဖြစ်ပျက်နေလေ၏။ ကြာလေများလေ၊ ကြာလေမြန်လေဖြစ်လေ၏။ များလွန်းမြန်လွန်း အားကြီးလာသောအခါ ရုပ်နာမ်ဖြစ်ပျက်ကို ရှုမှတ်နေရသည်မှတစ်ပါး အခြားသော အာရုံ၌ စိတ်မသွားတော့ပေ။ ဖြစ်တာပျက်တာ ချုပ်တာကိုသာ သိ၍သိ၍ နေတော့၏။

ကြာသောအခါ မိမိ၏ ခက်မငါးဖြာ တည်းဟူသော ခြေလက်ဦးခေါင်းတို့ကို မသိ၊ ကိုယ်ကောင်ကြီး ဘယ်လိုနေသည်ဟု မသိ၊ မိမိ၏ သိတတ်သောစိတ်သည် ရုပ်နာမ်အစဉ်မပြတ် တရစပ်ဖြစ်ပျက်နေတာကိုသာ သိ၍သိ၍ နေလေတော့၏။ ဤကဲ့သို့ ရုပ်နာမ်တို့သည် မြန်သည်ထက်မြန်သောအခါ "တံလျှပ်ပမာ"တရိပ်ရိပ်နှင့် နေလျက် တံလျှပ်အတိုင်းထက်ပင် လျင်မြန်စွာ ဖြစ်လာပြီးလျှင် တရားကို အာရုံစူးစိုက်၍ စွဲမြဲစွာ စူးစိုက်၍နေလေ၏။ ဗြဟ္မာ့ဘုံမှာ နေရသလို ဤကဲ့သို့ စူးစိုက်စွဲမြဲစွာ ရှုနေတုန်း ရုတ်တရက် ရုပ်နာမ်သင်္ခါရတို့၏ ဖြစ်ပျက်ကို မတွေ့ရတော့ဘဲ ရှေးက တွေ့ဖူးမြင်ဖူးတာတွေကိုလည်း မတွေ့ရတော့ဘဲ၊ မိမိခန္ဓာကိုယ် အတ္တဘောကြီးကိုမှလဲ မတွေ့မသိရတော့ဘဲ နာမ်သာရှိ၍ ရုပ်မရှိသော ဗြဟ္မာ့ဘုံ၌ နာမ်တရားကလေးသက်သက်သာ တည်နေသကဲ့သို့ လည်းကောင်း၊ မိမိ၏ နာမ်တရားကလေးသည် မှောင်အတိပြီးသော ကောင်းကင်၌ မတုန်မလှုပ် တည်ငြိမ်နေသကဲ့သို့ လည်းကောင်း ချမ်းသာစွာ ဖြစ်၍ နေလေတော့၏။

ထိုအခါ မြင်မှု ကြားမှု နံမှု လျက်မှု တွေ့ထိမှု တောင်မြောက်လေးပါး ကြံစည်မှု၊ ကုသိုလ် အကုသိုလ်တို့မှ ကြံစည်တွေးတောမှုတို့သည် မရှိတော့ပေ။ မဖြစ်ပေါ်တော့ပေ။ ဤကဲ့သို့ ဘာမှမဖြစ်ပေါ်ဘူးဆိုသော်လည်း မိမိ၏စိတ်၌မူကား အေးကြည်ချမ်းမြေ့စွာ ရှိနေသည်ကိုကား သိလျက်ပင်နေ၏။ မနောဓမ္မာရုံကား မချုပ်ပဲရှိ၏။ ဧကဂ္ဂတာ စိတ်မျိုးဖြစ်နေ၏။ စိတ်၏ ဟိုကြံသည်တွေးကား မရှိတော့ပေ။ ဤကဲ့သို့ဖြစ်နေလျက် ထိုက်သည်အားလျော်စွာ ကြာလာသောအခါ မူလက မိမိ၏ ခန္ဓာငါးပါးတို့၏ ဖြစ်မှုပျက်မှုတို့ကို ပြန်၍ ထင်လာတော့၏။ ထင်လာပြီးလျှင် ရုပ်နာမ်တို့၏ ဖြစ်မှုပျက်မှု သိမ်မွေ့၍ သိမ်မွေ့၍ ပျောက်၍ ပျောက်၍ ချော့လျော့သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com

နိဗ္ဗာန်မုခ်ဦး ဝိမောက္ခမုခ

ထိုအခါကျလျှင် ခုနက ဖြစ်နေတာ ချမ်းသာလိုက်တာဟု သိပြီးသကာလ ဤချမ်းသာမျိုးနှင့်သာ နေလိုသောစိတ် ဖြစ်ပေါ်၍ နေလေတော့၏။ အလွန်နှစ်သက်၏။ သဘောကျ၏။ ခံစားခဲ့ဖူးသော လောကီအာရုံ ကာမဂုဏ်တရားတို့ထက်သာ၏။ စက္ခု သောတ၊ ဃာန၊ ဇိဝှာ၊ ကာယတည်းဟူသော သမ္ဖဿမျိုးမဟုတ် ။ "မနောသမ္ဖဿဇာ ဥပေက္ခာဝေဒနာ" ဖြစ်၏။

ထို့ကြောင့်တချို့က "ဤသည်ကား နိဗ္ဗာန်ပင်တည်း"ဟု အယူရှိကြ၏။ နိဗ္ဗာန်ကား မဟုတ်သေး။ "ဖိုလ်ချမ်းသာ ခံစားသည်"ဟုလည်း ယူကြ၏။ ဖိုလ်ချမ်းသာလည်း မဟုတ်သေး။ မဂ်စိတ်ဖိုလ်စိတ် ဆိုတာ နိဗ္ဗာန်မှ တစ်ပါးသော အာရုံ ၆–ပါး တရားတို့မှ ဆိတ်၏။ ဖဿာယတန ၆–ပါး ဆိတ်၏။ အာရုံ ၆– ပါး ဒုက္ခတရားတို့ကို သိတတ်သော "မနောဝိညာဉ်"ချုပ်၏။ မဖြစ်။ သို့ပေမဲ့လည်း မဂ်ဖိုလ်နိဗ္ဗာန်ဟု ထင်မယ်ဆိုလဲ ထင်စရာ ရှိ၏။ အဘယ်ကြောင့်ဆိုသော် ဤအတွေ့မျိုးကို အနိမိတ္တသမာဓိ၊ အပ္ပဏိဟိ သမာဓိ၊ သုညတသမာဓိမျိုးကို ရောက်သောအခါမှသာ တွေ့ရတတ်သော သဘောမျိုး ဖြစ်သောကြောင့်တည်း။ ဤသမာဓိမျိုးကို "ဝိမောက္ခမုခ"ဟု လယ်တီဆရာတော် ဘုရားကြီးက မိန့်တော်မူသည်။ ဤနေရာမျိုးကျပြီဆိုမှဖြင့် မဂ်ဖိုလ်ဘက်ကို သွား၊ မသွားလျှင် ဤကဲ့သို့သော ပီတိမျိုးဘက်သို့ ရောက်သွားတတ်ပေသည်။ ဤသို့ဖြစ်ခြင်းကို ပီတိပါမောဇ္ဇဟု ယူဆ၏။ ဓမ္မပဒကျမ်းဂန်ကလည်းဆို၏။ ဆိုပုံမှာ– ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။

လဘတေ ပီတိပါမောဇ္ဇံ၊ အမတံ တံ ဝိဇာနတံ – ဟု ဖြစ်ပါသည်။

(အနက်မှာ) ယတောယတော– အကြင်အကြင် ရုပ်အားဖြင့်လည်းကောင်း၊ နာမ်အား ဖြင့်လည်းကောင်း၊ ခန္ဓာနံ– ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏၊ ဥဒယဗ္ဗယံ– ဥပါဒ် ဌီဘင် အစဉ်ဖြစ်တည် ချုပ် ပျောက်မှုကို၊ သမ္မာသတိ–ဟုတ်တိုင်းမှန်စွာ သုံးသပ်ဆင်ခြင်၍ နေ၏။ အမတံ–အမြိုက်နိဗ္ဗာန်ကို၊ ဝိဇာနာတိ–သိကုန်ပြီးသော အရိယသူတော်မြတ်တို့၏ ၊ ယံ ပီတိ ပါမောဇ္ဇံ– အကြင်နှစ်သက် ဝမ်းမြောက်ခြင်းသည်၊ အတ္ထိ–ရှိ၏။ တံ ကာဒိသံ– ထိုအရိယာတို့၏ နှစ်သက်ဝမ်းမြောက်ခြင်းနှင့်တူသော၊ ပီတိပါမောဇ္ဇံ–နှစ်သက် ဝမ်းမြောက်ခြင်းတို့ကို တတော တတော– ထိုထို ရုပ်အားဖြင့်လည်းကောင်း၊ နာမ်အားဖြင့်လည်းကောင်း၊ လဘတေ–ရ၏ ဟူ၍ ဟောတော်မူသည်။ (ဥဒယဗ္ဗယအစစ်ကိုဘာဝနာဉာဏ်ဖြင့် တွေ့လျက် အလွန်အားထုတ်သန်သောသူများမှ တွေ့နိုင်သော ပီတိမျိုးဖြစ်ကြောင်း သတိပြုကြစေလိုပါသည်။)

ဤကဲ့သို့သော ပီတိမျိုးသည် ဝိပဿနာ၏ အန္တရာယ်ဆယ်ပါးတွင် အကျုံးဝင်သော တရားစုဖြစ်၏။ မနှစ်သက် အပ်ပေ တဲ့၊



www.burmeseclassic.com

www.burmeseclassic.com

"ကဲ ကျေနပ်ပြီလား"

"အင်း ခင်ဗျားစာနဲ့ ခင်ဗျားဆိုတော့ ဟုတ်နေပြန်တာပဲ။ နေပါဦး နောက်ဆုံးမှာ ဝိပဿနာရဲ့ အန္တရာယ်ဆယ်ပါး ဆိုတာကကော၊ အန္တရာယ်ဖြစ်တယ်ဆိုမှတော့ အဲဒါတွေကို ရှောင်ရမဲ့ သဘောထင်ပါရဲ့"

"မဟုတ်သေးဘူးဗျ။ တရားရှာတဲ့သူတိုင်း ဒါတွေကို ကျော်ဖြတ်ရမယ်။ ဒါတွေဟာ တရားတိုးတက်လာတဲ့ အမှတ်အသားတွေဗျ။ အဓိကအချက်က အဲဒီကိစ္စရပ်တွေ ပေါ်ပေါက်လာတာကို သာယာနှစ်သက်ခြင်း ရှိမနေဖို့ပါပဲ။ ကဲပါဗျာ။ တလက်စတည်း ကျနော်အသံထွက်ဖတ်ပြပါ့မယ်။ အဲဒီအကြောင်းကို ဘယ်သူ ဘယ်မှာ ရေးထားခဲ့တယ်ဆိုတာလည်း ကျနော်ဖတ်ပြမဲ့အထဲမှာပါလေရဲ့ဗျာ။ သေချာသာ နားစိုက်ပါတော့"

ဤသို့လျှင် ကိုသက်ခိုင်ဖတ်ပြခဲ့သော ဝိပဿနာအန္တရာယ်နှင့် ပတ်သက်သည့် အကြောင်းအရာမှာ အောက်ပါအတိုင်းဖြစ်လေသည်။

**အရောင်အလင်းနှင့် ဝိပဿနာလမ်းခွဲများ**

အရှင်တိလောက မထေရ်သည် ဝိပဿနာ ညစ်ညူးကြောင်း ဆယ်မျိုးကို ပဏ္ဍိတဝေဒနီယကျမ်းနောက်မှ ရေးသားသော"အဘိဓမ္မတ္ထသရူပဒီပနီ"ကျမ်း၌ ပို၍ပြည့်စုံစွာ ဖော်ပြထားသည်။

၁။ ဩဘာသ = အရောင်အလင်း

၂။ ပီတိ = အလွန်ပီတိဖြစ်ခြင်း၊

၃။ ပဿဒ္ဓိ = အလွန်ကြည်လင်၍ သဒ္ဓါဖြစ်ခြင်း၊

၄။ အဓိမောက္ခ = အလွန်ကြည်လင်၍ သဒ္ဓါဖြစ်ခြင်း၊

၅။ ပဂ္ဂ = အလွန်ဝီရိယ များခြင်း၊

၆။ သုခ = အလွန်ရွှင်လန်း ချမ်းသာခြင်း၊

၇။ ဉာဏ = အလွန်အသိဉာဏ် ထက်မြက်ခြင်း၊

၈။ ဥပဋ္ဌာန = အလွန်သတိထင်ခြင်း

၉။ ဥပေက္ခာ = ဥပက္ခာအားကောင်းခြင်း၊ (ဟန်ချက်ညီခြင်း)

၁၀။ နိကန္တိ = (ယင်းသို့ဖြစ်ရသည်များကို) နှစ်သက်သာယာခြင်း၊

ဆရာတော်သည် အထက်ပါဆယ်မျိုးတွင် "အရောင်အလင်း"နှင့်စပ်၍ ဤသို့မှတ်ချက်ပေးတော်မူ၏။

"အရောင် ဩဘာသကား ပုဂ္ဂိုလ်တိုင်းမှာ မဖြစ်။ ဈာနလာဘီ သမာဓိ ကြီးထွားသော ပုဂ္ဂိုလ်တို့မှာ ဖြစ်တတ်၏။ သူတစ်ပါးမမြင်ရဘဲ မိမိသာမြင်ရသော စိတ်ကြည်စိတ်လင်း ဉာဏ်ကြည်ဉာဏ်လင်း အရောင်လည်း ဖြစ်ပေါ်လာတတ်၏။ သူတစ်ပါးတို့ပါ



www.burmeseclassic.com

www.burmeseclassic.com

မြင်ကောင်းလောက်အောင် ကိုယ်ရောင်လည်း ထွက်တတ်၏။

ထိုဆယ်မျိုးတွင် "နိကန္တိ" တစ်ခုသာလျှင် အကုသိုလ်ဖြစ်၏။ ပဓာနဖြစ်၏။ ကျန်ကိုးမျိုးကား ဗောဓိဉာဏ်ရင့်သန်ကြောင်း(ဗောဓိပက္ခိယ)တရားကောင်းများသာ ဖြစ်ကုန်၏။ တရားတိုးတက်လာသည့် အမှတ်အသားများတည်း။ သို့ရာတွင် ထိုသို့ တိုးတက်လာသည်ကို နှစ်သက်တွယ်တာ နေတတ်သဖြင့် "ဝိပဿနုပက္ကိလေသ–ဝိပဿနာညစ်ညူးကြောင်းတရား ဆယ်ပါး၊ ဝိပဿနာချေးညှော်ဆယ်မျိုး"ဟုဆိုရသည်။

ယင်းဆယ်မျိုးနှင့်စပ်၍ ဆရာတော် မှတ်ချက်ပေးသည်မှာ မှတ်သားဖွယ်ကောင်းလှ၏။ ပဏ္ဍိတဝေဒနီယကျမ်း (၁၂၆၇–ခုနှစ်)တွင်ကား ဩဘာသနှင့်စပ်၍ အောက်ပါအတိုင်း မှတ်ချက်ပေးတော်မူခဲ့သည်။

"ဖြစ်မှုပျက်မှု ဥဒယဗ္ဗယ သဘောကို ကောင်းစွာထင်မြင်နိုင်သော အနိစ္စဝိဇ္ဇာဉာဏ် ဖြစ်ပေါ်၍ လာခါနီးသောအခါ ဉာဏ်၏ရှေ့သွား ဉာဏ်ရောင် စိတ်ရောင် အရောင်အလင်း အာလောကလည်း ဖြစ်ပေါ်လာတတ်သည်။ ဤအလင်း အာလောကကို" ဩဘာသ ဟုခေါ်သည်။ ဝင်းဝင်းပြောင်ပြောင် ကိုယ်မှ ထွက်တဲ့ ကိုယ်ရောင်ခြည်မျိုး မဟုတ်ဘူး တပည့်တို့။ ကိလေသာပါးသဖြင့် စိတ်ဉာဏ် ကြည်ခြင်းကြောင့် စိတ်ဉာဏ်လင်းတဲ့ အလင်းအာလောကတည်း။

"ထိုအခါ ထိုယောဂီ ပုဂ္ဂိုလ်သည် ဒိဗ္ဗစက္ခုမှာ ပုဂ္ဂိုလ်ကဲ့သို့ အဝေး၌ ကွယ်ရာ၌ ညဉ့်အခါ၌သော်လည်း ရုပ်ပါရုံတို့ကို မနှောင့်ရဖြင့် ထင်ရသည် တပည့်တို့။ ထိုအခါ ထိုယောဂီပုဂ္ဂိုလ်အား သမထအရာ၌ ပဋိဘာဂသို့ ရောက်ခါနီးအခါ ဗျာန်အင်္ဂါတွေ ပေါ်ဘိသကဲ့သို့ မဂ္ဂင်တရားတွေ ဗောဇ္ဈင်တရားတွေ ဗောဓိပက္ခိယ တရားတွေလည်း အားကောင်း၍ ထင်ရှားပေါ်၍ လာကြသည်။" ဤသို့ မိမိသန္တာန်၌ ရှေးကမတွေ့စဖူး မမြင်စဖူး အနည်းငယ် အထူးအထွေကို တွေ့မြင်ရသောအခါ "ဤတရားစုဟာ မဂ်ဖိုလ်တရားပဲ ထင်ရဲ့ ငါ မဂ်ဖိုလ်ကို ရတော့တာပဲ ထင်ရဲ့လို့လည်း မှတ်ထင်ခြင်း ဖြစ်တတ်သည်။ မမှတ်မထင်ရဘူး တပည့်တို့။ မဂ်ဖိုလ်မဟုတ်သေးဘူး"

အဘိဓမ္မတ္ထသရုပ ဒီပနီကျမ်း(၁၂၇၃–ခုနှစ်)ရေးသောအခါ ဝိပဿနာ အထင်မှား အမြင်မှား အသိမှားများကို ပို၍ပွင့်လင်းစွာ အောက်ပါအတိုင်း ထုတ်ဖော်သတိပေးတော်မူခဲ့၏။

ကမ္မဋ္ဌာန်းရှူး၊ သမာဓိမှော်

"တရားလမ်းစဉ်၌ မလိမ္မာသော ပုဂ္ဂိုလ်တို့မှာ ဤနေရာသို့ ကျလျှင် (ဥဒယဗ္ဗယဉာဏ်၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဟု ဆိုလိုသည်။)" ဤပီတိ၊ ပဿဒ္ဓိစသော တရားတို့သည် ပင်လျှင် မဂ်ပဲ၊ ဖိုလ်ပဲ၊ မဂ်ဖိုလ်ကို ရ၍သာ အရောင်(ဩဘာသ)တို့သည် ထွက်ကုန်၏။ ငါသည် မဂ်ဖိုလ် တရားထူးကို ရပြီ၊ ကိစ္စပြီးပြီ"ဟု မှတ်ထင်၍ လမ်းမတ်တ၌တွင် တန့်ရပ်လျက် ဆုတ်ယုတ်ပျက်စီး၍ သွားတတ်၏။



www.burmeseclassic.com

www.burmeseclassic.com

"ဤကဲ့သို့ မဂ်ဖိုလ်ဟု မထင်မှတ်သော်လည်း ဤသြဘာသ ပီတိ စသည်တို့ကို အားရနှစ်သက် သာယာသော တဏှာနိကန္တိ အားကြီးစွာ ဖြစ်ပေါ်လာ၍ စိတ်ညစ်နွမ်းသဖြင့် ထိုဗောဓိပက္ခိယ တရားတို့တွင် ငုပ်လျှက် ဆုတ်ယုတ်ပျက်စီး၍ သွားတတ်၏။ ထိုအထူးဖြစ်ပေါ်လာသော သြဘာသ ပီတိ စသည်တို့ကို လိုက်၍ လိုက်၍ အာရုံပြုနေသဖြင့် စိတ်တုန်လှုပ် ပျံ့လွင့်ခြင်း(ဓမ္မုဒ္ဓစ္စ)ဖြစ်၍လည်း ဆုတ်ယုတ်ပျက်စီး သွားတတ်သည်။

"ထိုမှတပါးလည်း ဤကဲ့သို့ ဝိပဿနာကို အားထုတ်ရာတွင် တရားအရာ၌ မလိမ္မာသော ကြည်ညိုသော နတ်တို့သည် ကူပံ့၍ အာရုံကို ထင်မြင်အောင်ပြတတ်၏။ အနိစ္စထင်အောင် ပျက်ရုပ်တွေ ဖန်ဆင်း၍ ပြတတ်၏။ ဒုက္ခထင်အောင် သူနာရုပ်၊ အသေရုပ်၊ အရိုးစုတွေ ဖန်ဆင်း၍ ပြတတ်၏။ သမထကို အားထုတ်ရာမှာလည်း သမထအာရုံနိမိတ်ကို ဖန်ဆင်း၍ ပြတတ်၏။ မိမိမြင်လိုရာ အမျိုးမျိုးသော အာရုံတို့ကိုလည်း ပြတတ်၏။

"ထိုသို့ပြ၍ ထင်မြင်ရသောအခါ မိမိစိတ်ဉာဏ် ရင့်သန်၍ ထင်မြင်ခြင်း မဟုတ်။ စိတ်ဉာဏ် မရင့်သန် မကြည်လင်ပဲ သူတစ်ပါး ပယောဂကြောင့် ထင်မြင်ရခြင်း ဖြစ်၍ ကြောက်ရွံ့ ထိတ်လန့်လျှက် နှလုံးသွေးပျက်၍ သွားတတ်၏။ စိတ်ဉာဏ် ရင့်သန်၍ အချိန်ကျ၍ ထင်မြင်မှု မဟုတ်ခြင်းကြောင့် မျက်လှည့်သည် ဖန်ဆင်း၍ ပြသော ရွှေ၊ ငွေ၊ ထမင်းနှင့် ရေတို့ကဲ့သို့ ထိုနတ်ပြသော အာရုံတို့သည် ရှည်မြင့်စွာ ရှု၍ တည်၍ မနေကုန်။ မျက်လှည့် ထမင်းနှင့်ရေကို စားသောက်ရသောသူအား ဝခြင်း၊ ဓာလောင်ကင်းခြင်း မဖြစ်ဘိသကဲ့သို့ ထိုနတ်ပြသော အာရုံနိမိတ်တို့ကို မြင်၍ ထင်၍ နေငြားသော်လည်း နိဗ္ဗာန်ရဏကင်းခြင်း၊ ဈာန်၊ မဂ် တရားထူးရခြင်းမဖြစ်ကုန်။ ကိစ္စ မပြီးကုန်။"

ထိုနတ်ပြသော အာရုံကို မစွန့်မပယ်၊ အားရှဲမ်းသာ နှစ်သက်လျှက် ကြည့်ရှု၍ နေလျှင် ထိုနတ် တို့ကလည်း "ငါတို့ အာရုံကို နှစ်သက်သည်"ဟု ကြည်ညိုချစ်ခင်၍ အာရုံကို တိုး၍တိုး၍ ထင်မြင်အောင်ပြ၏။ မိမိတို့တတ်စွမ်းနိုင်သမျှ တန်ခိုးကိုလည်း နတ်အာနုဘော်ဖြင့် ပေး၏။ ထည့်၏။ နတ်တို့ တန်ခိုးပေးဖန်၊ ထည့်ဖန်များလျှင် ထိုပုဂ္ဂိုလ်သည် "မျက်စိမြင်၊နားကြား" မှော်ပေါက်၍ သွားတတ်၏။ ဈာန်လမ်း၊ မဂ်လမ်းသို့ မရောက်ပြီ။ နိဗ္ဗာန် ကိလေသာတို့ မကင်းကွာပြီ။ ဤကဲ့သို့ပေါက်သော မှော်ကို "သမာဓိမှော်"ဟူ၍ခေါ်၏။

"ဤကား - ဈာန်လမ်း၊ မဂ်လမ်းတို့၌ ဖီလာကန့်လန့် တွေ့ရသော ချောက်ကမ်းပါး လမ်းမှားတို့တည်း။ ဤကဲ့သို့ "ဤကား ဈာန်လမ်း၊ မဂ်လမ်းမဟုတ်၊ လမ်းကွေ့လမ်းမှား ချောက်ကမ်းပါးတို့တည်း။ ဤကား အရိယာတို့ သွားရာ ဈာန်လမ်း၊



www.burmeseclassic.com

www.burmeseclassic.com

မဂ်လမ်း လမ်းဖြောင့် လမ်းမှန်တည်း"ဟု ဆုံးဖြတ်၍ ထိုလမ်းမတ်တတ်၌ တွေ့သော အထူးအထွေ အနှောင့်အယှက်တို့ကို ဉာဏ်ပညာဖြင့် လွှမ်းမိုး ပယ်ဖျောက်၍ ဝိပဿနာတင့်၍ လမ်းမှန်ကို သိနိုင် -လိုက်နိုင်သော ဉာဏ်ကို "မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိ"ခေါ်ပါသည်။ [ မဂ္ဂ= လမ်းမှန်၊ အမဂ္ဂ = လမ်းမှားကို၊ ဉာဏဒဿန= သိမြင်သော ဉာဏ်၏၊ ဝိသုဒ္ဓိ= စင်ကြယ်ခြင်း။]

ကိုသက်ခိုင်တစ်ယောက် ကျမ်းကိုးကျမ်းဂန်များကို စိတ်ဝင်တစား ဖတ်ပြလျက်ရှိစဉ် ကျနော်၏ စိတ်အစဉ်သည် အခြားတစ်ပါး၌ ဝင်စားနေလေရာ ထိုအချက်ကို ကိုသက်ခိုင် ရိပ်မိဟန်ရှိ၏။

"နေပါဦး၊ ခင်ဗျားက သိချင်လှချည့်ရဲ့ဆိုလို့လည်း ဖတ်ပြနေရသေး၊ စိတ်က ဘယ်ရောက်နေတာတုန်းဗျ"

သူ့စကားသံကြောင့် ကျနော်သတိပြန်ဝင်လာရင်း ရုတ်ခြည်းဆိုသလို ခွန်းတုန့်ပြန်မိပြန်သည်။

"အော် ဒါကိုခင်ဗျား ရိပ်မိသကိုး၊ လုပ်ပါအုံးဗျ သိပုံသိနည်းလေး"

"ခင်ဗျား မျက်လုံးတွေကို ကြည့်လိုက်ရင် ခင်ဗျားစိတ်တခြားရောက်နေတာ အသိသာကြီးပဲဗျ"

"အေးဗျ၊ စာရေးသူမို့ အကြောင်းအရာ အပြည့်အစုံသိရအောင် ထိုင်သာနားထောင်နေတာ ကျနော်နားထောင်ချင်တာက တစ်မျိုးဗျ"

"ရော ဖြစ်ရပြန်ပြီ၊ ကဲ လုပ်ပါအုံး ခင်ဗျားက ဘာကိုများ နားထောင်ချင်ပါလိမ့်"

"ဒီလိုဗျ၊ ခင်ဗျား ရဲ့ဘက်စခန်းမှာ ကျနော်နဲ့အတူတူ ရှိနေတုန်း တရားအလုပ်စလုပ်တုန်းက ပြောပြတာတွေထဲမှာ ထူးထူးဆန်းဆန်းတွေ အတော်ပါတာကလား၊ အခုခင်ဗျား ရေခြားမြေခြားကို ရောက်နေတော့လည်း အာနာပါနအလုပ်ကို ဆက်လုပ်နေတယ်ဆိုတော့ ထူးထူးဆန်းဆန်း ဘာတွေများ ဆက်တွေ့သေးသလဲ သိချင်တာဗျ"

"အရေးထဲ ပုံပြောပြီး သိပ်ခိုင်းတဲ့ ကလေးဆိုးကြီးနဲ့ လာတိုးနေပြန်ပါပြီ၊ စိတ်နဲ့ပတ်သက်တဲ့ လေ့ကျင့်ခန်းကို လုပ်တယ်ဆိုတော့ စိတ်ဟာအလွန်ဆန်းကြယ်တာမို့ အထူးအဆန်းတွေ ကြုံရတာ အများကြီးပေါ့ဗျ၊ ထူးသမျှ ဆန်းသမျှ အကုန်သာပြောရမယ်ဆိုရင် ခင်ဗျားစာအုပ်က တရားစာအုပ်နဲ့မတူပဲ ယုံတမ်းပုံပြင်စာအုပ်ကြီး ဖြစ်သွားတော့မပေါ့"

"ဒီတစ်ခါတော့ ခင်ဗျားကို ကျနော်အထွန့်ပြန်တက်လိုက်အုံးမယ်ဗျ၊ ဆေးခါးရင် သကြားလေး အုပ်လိုက်တော့ အဝင်မဆိုးတော့ဘူးပေါ့၊ လူအများစုက တရားသော ရချင်ကြတာ တရားအကြောင်း ဖတ်ဖို့ နားထောင်ဖို့ အတော် ဝန်လေးကြတာကလား"

"အော် ဒီလိုဆိုတော့လည်း ခင်ဗျား ဆင်ခြေက အဟုတ်ပဲ၊ ကဲ ဆိုပါအုံး။



www.burmeseclassic.com

www.burmeseclassic.com

ပါတော့ ကျုပ်က ဘာဆက်လုပ်ရမတုန်း"

"နေရာကျလိုက်လေဗျာ၊ ဒီတော့ ခင်ဗျားက ရဲဘက်စခန်းက ထွက်လာပြီး ပြည်ပကို ရောက်ခိုက်မှာ ကြုံခဲ့ဆုံခဲ့ရတဲ့ အထူးအဆန်း အတွေ့အကြုံလေးတွေ ပြောပြသင့်တာပေါ့"

"စကားအခံနဲ့ အအုပ်ကတော့ တယ်ဟုတ်နေပါလား၊ ကဲပါလေ၊ ခင်ဗျား စိတ်မဝင်စားတာကို စာဖတ်သူအပေါ် ပုံချနေတာလည်း ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ မြစ်ပျက်ရှာပုံတော်ဆိုတဲ့ ခရီးကို လျှောက်ခဲ့သူ တစ်ယောက်အနေနဲ့ လမ်းခုလတ်မှာ ကြုံရဆုံရသမျှ ပြန်ပြောပြဖို့လည်း တာဝန်တစ်ပိုင်း ရှိတယ်ဆိုနိုင်ပါရဲ့၊ သို့သော် ထပ်ပြီး သတိပေးပါရစေဗျာ၊ ဘယ်အရာမဆို လွယ်လွယ်တော့ အတည်မယူလိုက်ပါလေနဲ့၊ ထူးတာ ဆန်းတာတွေ ကြုံခဲ့ရတာတော့ အမှန်ပဲဗျာ"

ဤသို့လျှင် ကိုသက်ခိုင်သည် သူပြည်ပရောက်နေစဉ်ကာလအတွင်း အာနာပါန ရှုမှတ်နေစဉ် ကြုံတွေ့ခဲ့ရသည့် ထူးဆန်းအံ့ဩဖွယ် အကြောင်းအရာများကို ပြောပြပြန်လေရာ ကျနော် မှတ်မိသမျှ အောက်ပါအတိုင်းဖြစ်ပါသည်။

"ဒီလိုဗျ၊ ကျနော်ရဲဘက်စခန်းကနေ ထွက်လာပြီး ကြုံခဲ့ရတဲ့ ထူးထူး ဆန်းဆန်း အဖြစ်တွေက မနည်းလှဘူး၊ ဒီအတွက်လည်း ခင်ဗျား တောင်တောင်အီအီ လျှောက်တွေးမနေအောင် တစ်ခုတော့ ကြိုတင်ပြီး အသိပေးပါရစေ။ အဲဒီထူးဆန်းတာ တွေအားလုံးဟာ ကျနော်ရဲဘက်စခန်းမှာ ထူထောင်လေ့ကျင့်ခဲ့တဲ့ သမာဓိတွေရဲ့ နောက်ဆက်တွဲအကျိုးရလာဒ်တွေပါပဲ။ ပထမဆုံး ထူးခြားချက်က ကျနော့်ဘဝမှာ တစ်သက်လုံးလိုလို စိတ္တဇဆန်ဆန် လူမသိသူမသိ စွဲကပ်နေခဲ့တဲ့ ကြောက်စိတ်ဟာ လုံးဝနီးပါး ပျောက်ကွယ်သွားခဲ့တဲ့အချက်ပါပဲ။ အေးဗျာ လူအများအမြင်မှာတော့ ကျနော်ဟာ သတ္တိသွေး စွေးစွေးနီတဲ့သူ စာရင်းမှာ ပါကောင်းပါနေနိုင်ပါတယ်။ ဒါပေမဲ့ ကိစ္စတစ်ခုခုပြဿနာ တစ်စုံတစ်ရာနဲ့ ကြုံလေတိုင်း စိုးရိမ်ကြောက်လန့်စိတ်တွေနဲ့ ကျနော့်ရင်ထဲမှာ တဒိုင်းဒိုင်းခုန်နေခဲ့တာကို ဘေးလူတွေ ဘယ်မြင်နိုင်ကြပါ့မလဲ။ ဒါပေမဲ့ဗျာ၊ ရဲဘက်စခန်းက ထွက်လာတဲ့နေ့ကဆို ကျနော့် စိတ်ထဲမှာ ဘာမှ မစိုးရသလိုပဲ။

ကျနော့်ဇနီးသည်က ကျနော်ကို တွေ့တွေ့ချင်း ရှင်ရဲဘက်ကနေ အပြီး ထွက်လာသလားလို့ မေးတော့ ကျနော်လည်း ခပ်အေးအေး ခေါင်းတစ်ချက် ငြိမ့်ပြ လိုက်တော့ ကျနော့်အမူအယာကို ကြည့်ပြီး သူတော်တော် အံ့ဩနေရှာတယ်။ ကျနော် ပြည်ပ ကိုထွက်ခွာဖို့ အစစ စီစဉ်ပေးခဲ့တဲ့ ကိုသက်တင်နဲ့တွေ့တော့လည်း ထိုနည်းလည်း ကောင်းပဲ။ ကျနော် သွေးအေးအေးနဲ့ စီစဉ်လုပ်ကိုင်နေတာတွေကို အံ့ဩထိတ်လန့်တဲ့ အမူအယာနဲ့ ကြည့်နေခဲ့တာပါပဲ။ ရန်ကုန်ကနေ ထားဝယ်မြို့ကို ကားလမ်းခရီးနဲ့



www.burmeseclassic.com

www.burmeseclassic.com

ထွက်လာတော့ ကိုသက်တင်ရဲ့ အစီအမံနဲ့ သန်းလင်းဆိုတဲ့ တပ်ကြပ်ကြီးဟောင်း တစ်ယောက် ကျနော်နဲ့ အတူပါလာတယ်ဗျ။ လမ်းမှာ စစ်လိုက်ဆေးလိုက်တဲ့ ဂိတ်တွေဗျာ။ တော်ကြာ ရဲတွေစစ်တဲ့ဂိတ်နဲ့တွေ့လိုက်၊ တော်ကြာနေ စစ်တပ်က စစ်တဲ့ ဂိတ်နဲ့တိုးလိုက်မို့၊ အမှန်ဆို ရဲဘက်စခန်းက ပြေးလာတဲ့ ရဲဘက်ပြေးတစ်ယောက်အနေနဲ့ စိုးရိမ်ထိတ်လန့်စရာလို့ ဆိုနိုင်ပေမဲ့ ကျနော့်ရင်ထဲမှာ ဘယ်လိုမှ မခံစားရဘူး။ ခက်နေတာက ကျနော့်ဘေးကပါလာတဲ့ မောင်သန်းလင်းက အစိုးရိမ်လွန်ပြီး အကြောက် ကြီး ကြောက်နေတဲ့ အမူအယာက ဖုံးမရဘူးဗျာ။ ဒါနဲ့ ကျနော်က ပြန်ပြီးသူ့ကို သတိ ပေးရတယ်။ ကိုသန်းလင်း ခင်ဗျား ဒီလောက်ကြီးလဲ အစိုးရိမ်မလွန်ပါနဲ့လို့။

ဒါနဲ့ ကျနော်တို့ ထားဝယ်ကို ရောက်လာရော ဆိုပါတော့။ ထားဝယ်မှာ တစ်ညအိပ်ပြီး ကော့သောင်းကို လျှပ်ပြေးယာဉ်နဲ့ထွက်လာပြန်တော့ ပင်လယ်ပြင်မှာ လှိုင်းကြီးတဲ့အချိန်နဲ့တိုးနေတယ်ဗျ။ တကယ်တမ်းကိုယ်တွေ့မို့ ပြောရရင် လျှပ်ပြေး ယာဉ်ဆိုတာ သေချာစဉ်းစားလေ အန္တရာယ်ကြီးလေပဲဗျာ။ ဘယ်သူတွေက ဘယ်လိုဦးနှောက်တွေနဲ့ ဒီလိုခရီးစဉ်တွေကို ပြေးဆွဲနေကြပါလိမ့်ဗျာ။ တစ်စုံတစ်ရာ ဘေးအန္တရာယ်ကျရောက်လာရင် ခရီးသည်တွေရဲ့အသက်ကို ကယ်တင်နိုင်ဖို့ ဘာတစ်ခုမှ ရေရေရာရာ စီမံထားတာ ကျနော်မတွေ့မိဘူး။ ကျနော်က လျှပ်ပြေးယာဉ်ရဲ့ ဘေးဖက်ပြူတင်းပေါက်နားမှာ ထိုင်တာမို့ ဇရာမလှိုင်းလုံးကြီးတွေကြားမှာ တရိပ်ရိပ် တလိမ့်လိမ့် ပြေးနေတာကို အတိုင်းသား မြင်နေရတယ်။ ပါလာတဲ့ ခရီးသည် အများစု ဟာ လှိုင်းမူးပြီး ထိုးအန်ကုန်ကြတော့တာပါပဲ။ ကျနော်က အညာသားဗျာ။ ပင်လယ်ခရီး အတွေ့အကြုံမပြောနဲ့ ပင်လယ်ဆိုတာကိုတောင် မမြင်ဖူးတဲ့ကောင်။ ဒါပေမဲ့ ကျနော်ဘယ်လိုမှ မခံစားရဘူးဗျာ။ လှိုင်းလည်းမမူးဘူး။ လျှပ်ပြေးယာဉ် လှိုင်းကြားမှာ မတော်တဆမြုပ်ပြီး ပင်လယ်ထဲမှာ မာလကီးယားမဲ့ အရေးကိုလည်း တစက်ကလေးမှ ကျနော်မကြောက်ဘူး။

အော် ဒါလေးများ မထူးဆန်းလှပါဘူးလို့ ခင်ဗျားတွေးမယ်။ ကဲ ဟုတ်ပါပြီဗျာ။ ကြောက်တာ မကြောက်တာက စိတ်ခံစားမှုမို့ သက်သေပြဖို့ ယုံကြည်ဖို့ ခက်တာကိုး ။ ဒါဆို ဆက်နားထောင်ဗျာ။ စိတ်နဲ့ မဆိုင်ပဲ ရုပ်နဲ့ဆိုင်တဲ့ သိသာတဲ့ ထူးခြားမှု ရှိသေး တယ်ဗျ။

ကော့သောင်းကနေတဆင့် ထိုင်းနိုင်ငံ၊ ရနောင်းမြို့ကို ရောက်ရောဆိုပါ တော့ဗျာ။ ကော့သောင်း၊ ရနောင်းကို ကူးတော့လည်း လှိုင်းတွေလေတွေနဲ့ပါပဲ ထားလိုက်ပါတော့လေ။ ရနောင်းမြို့မှာ ကျနော်တို့က အန်တီအုန်းဆိုတဲ့ ရေ[illegible]မှာ ကုန်သည် အမျိုးသမီးကြီး တစ်ယောက်အိမ်မှာ တည်းတယ်ဗျ။ ဒါလည်း ကိုသက်တင့် အဆက်အသွယ်ပါပဲ။ အန်တီအုံးရဲ့ညီမ မထားဆိုတာက မူဆလင် အမျိုးသား ကိုမျိုးခေ



www.burmeseclassic.com

www.burmeseclassic.com

နဲ့ အိမ်ထောင်ကျနေလေရဲ့။ ထူးခြားတာက မထားဟာ မူဆလင်နဲ့သာ အိမ်ထောင်ကျနေတာ သူက မိုးကုတ်ဆရာတော်ကြီးရဲ့ တရားတွေကို ဖတ်နေနာနေတာကို တွေ့ရသဗျ။ အဲဒီအိမ်မှာ တည်းနေတုန်းကလည်း ကျနော် တောက်လျှောက်လုပ်နေတာက အာနာပါနပါပဲ။ ဘာအလုပ်မှမရှိပဲ အချိန်နဲ့အမျှ လွတ်ရာလွတ်ကြောင်းသာ ကြံစည်နေတာမို့ နေ့လည်းအာနာပါန ညလည်းအာနာပါန အိပ်လည်း အာနာပါန စားလည်းအာနာပါန ထိုင်နေရင်းလည်း အာနာပါနဆိုပါတော့ဗျာ။

တစ်နေ့တော့ ကိုသက်တင်ဟာ ကျနော့်ရှေ့မှာ ဆေးအိပ်လိုလို အိတ်တစ်ခုဖွင့်ပြီး အလုပ်ရှုပ်နေသဗျ။ လက်ဖျားထိပ်က သွေးကို စက်ကလေးတစ်ခုနဲ့ ဖောက်လိုက်၊ သွေးခုန်တိုင်းစက်တစ်ခုနဲ့ သွေးပေါင်တိုင်းလိုက်လုပ်နေသဗျာ။ လက်စသတ်တော့ သူက ဆီးချိုသမားကိုး။ ကျနော်ဆိုတဲ့ကောင်က ထွေထွေထူးထူးရောဂါ အခံမရှိပဲနေလာတဲ့ကောင်ဆိုတော့ သူလုပ်နေကိုင်နေတာကို ဘေးကနေ အာနာပါနလေးနဲ့ ခပ်အေးအေးကြည့်နေတုန်း သူက ဗြုန်းဆို အကိုလည်း သွေးတိုးလေး ဘာလေး တိုင်းကြည့်ပါအုံးတဲ့။

ကျနော်လည်း ကျနော့်ညာဖက်လက်ကို သူ့ကိုလှမ်းထိုးပေးရင်း သွေးတိုးများရှိရင် လျော့ပါစေတော့ဆိုတဲ့ စိတ်တစ်ခုနဲ့ အာနာပါနကို စူးစူးစိုက်စိုက် မှတ်နေလိုက်တယ်။ ထွက်လေဝင်လေပေါ့ဗျာ။သူက ကျနော့်လက်မောင်းမှာ သွေးပေါင်ချိန်တဲ့အခါ သုံးတဲ့ပိုက်တန်းလန်းနဲ့ အဝတ်စလေးပတ်ပြီး သွေးပေါင်ချိန်နေသဗျ။ ခဏကြာတော့ သူက အကိုဥစ္စာ ဘာဂဏန်းမှ မပေါ်ပါလားတဲ့။ နေဦး စက်များ တစ်ခုခုဖြစ်နေသလား၊ ထပ်တိုင်းအုံးမယ် ဆိုပြီးတိုင်းပြန်ပါတယ်။ ဒီတစ်ခါလည်း သွေးပေါင်ချိန်စက်က ဖန်သားမျက်နှာပြင်လေးမှာ ဘာဂဏန်းမှ မပေါ်ပြန်ဘူးဆိုတာ ကျနော်ကိုယ်တိုင်မြင်နေ ရတယ်ဗျ။ ဒါနဲ့ ကိုသက်တင်က ကျနော့်မျက်နှာကို တအံ့တသြလှမ်းကြည့်လိုက်တော့ ကျနော်က သူ့ကိုလက်ကာပြရင်း သေချာအောင် နောက်တစ်ကြိမ် တိုင်းပါအုံးဗျာလို့ ပြောလိုက်မိတယ်ဗျ။ အေးလေ၊ စက်ကိရိယာဆိုတာမျိုးက ယုံကြည်စိတ်ချရတာမျိုးမှ မဟုတ်တာ။ ဒါပေမဲ့ဗျာ။ တတိယအကြိမ်မြောက်မှာလည်း ဘာဂဏန်းမှ မပေါ်ပြန်ဘူးဗျ။ ဒါနဲ့ အသေချာဆုံးဖြစ်အောင် ကိုသက်တင် ခင်ဗျားစက်ကို စစ်ဆေးတဲ့အနေနဲ့ ခင်ဗျားရဲ့သွေးပေါင်ချိန်ကို ပြန်တိုင်းကြည့်စမ်းပါလို့ ကျနော်ပြောတော့ သူက သူ့ကိုယ်သူပြန်တိုင်းနေပြန်တယ်။ အမယ်အဲဒါကျတော့ စက်က သူ့မှာ သွေးနည်းနည်းတိုးနေတာကို ထင်ထင်ရှားရှား ပြနေသဗျာ။ ဒီမှာတင် ကျနော်ဟာ စိတ်ကူးတစ်ခုရတာနဲ့ မှတ်လက်စ ဝင်လေထွက်လေအလုပ်ကို ခဏလေးဖြုတ်ပြီး နောက်တစ်ကြိမ် ပြန်တိုင်းခိုင်းတော့ အံမယ် ကျနော့်သွေးပေါင်ချိန်ဟာ ၈၀။ ၁၂၀မှာ ပြနေလေရဲ့ဗျာ။ ကိုသက်တင်ကတော့ ပါးစပ်ဟပြီး အံ့သြနေလေရဲ့။ ကျနော်ကတော့ သမာဓိအလုပ်



www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ ဒီထက်အဆရာထောင်ထူးဆန်းတာတွေကြုံရတတ်တယ်ဆိုတာ ကိုယ်တွေ့မို့ စိတ်ထဲ ဘယ်လိုမှ မနေမိပါဘူးဗျာ။ ဒါတင်မကသေးဘူးဗျ။ ကျနော် ရနောင်းမှာ ရှိနေစဉ်အတွင်း နေ့ရှိသမျှ အချိန်ရှိသမျှ ဝင်လေထွက်လေကိုပဲ သဲသဲမဲမဲ မှတ်နေလိုက်တာ တစ်နေ့ဗျာ။ ကျနော်ဘေးတစောင်းလှဲနေရင်း မှတ်နေတုန်း ဖြုန်းဆို ကျနော့်အာရုံထဲမှာ နံပါတ်တစ်ခုပေါ်လာပါလေရောဗျာ။ ဒီတစ်ခါတော့ ကျနော်ကိုယ်တိုင် တော်တော် အံ့ဩသွားတယ်ဗျာ။ ဘယ်နှယ့်ကိန်းဂဏန်းနဲ့ ပတ်သက်လို့ ကျနော့် စိတ်ထဲမှာ ဘာမှ အစွဲအလန်းမရှိတာမို့ ဘယ့်နှယ်ကြောင့် ဒီဂဏန်းနံပတ်တွေ လာပေါ်နေရပါလိမ့်ပေါ့။

ဒီမှာတင် ကျနော် ဂျီတီအိုင်တက်ခဲ့တုန်းက ကျနော့်ဆရာဖြစ်ခဲ့တဲ့ ဆရာဦးထွန်းခင် ပြောပြဖူးတဲ့အကြောင်းအရာလေးတစ်ခု ခေါင်းထဲရောက်လာသဗျ။ ဆရာပြောတာက သူနဲ့သူမိတ်ဆွေဟာ ချဲထိုးတာကို ဝါသနာပါကြတာမို့ ချဲဂဏန်းရဖို့ သမထထိုင်၊ သမာဓိလုပ်ငန်းထူထောင်ပြီး ချဲဂဏန်းရအောင် လုပ်ခဲ့ကြဖူးတယ်ဆိုပဲ။ကျနော် အာရုံရတယ်ဆိုတာကလည်း အဲဒီဂဏန်း လေးလုံးဟာ မှုန်ဝါးဝါးပေါ်လာတာ မဟုတ်ဘူးဗျ။ မျက်စိနဲ့တပ်အပ် အမှုန်လေးတွေကို မြင်ရသလို အဲဒီအမှုန်လေးတွေကနေ ဂဏန်းလေးလုံး ထင်ထင်ရှားရှား ဖြစ်လာတာဗျာ။ ကျနော့်မှာ ထီပဲထိုးရမလိုလို ချဲပဲထိုးရမလို ဖြစ်နေတာမို့ အဲဒီဂဏန်းတွေကို ကျနော့်မှတ်စုစာအုပ်တစ်နေရာမှာ ရေးမှတ်ထားလိုက်မိတယ်ဗျ။ ထူးဆန်းတယ်ပဲ ပြောရမလား တိုက်ဆိုင်တယ်ပဲ ပြောရမလား မဆိုနိုင်ပါဘူးဗျာ။ နောက် နှစ်လလောက်အကြာ စက်ဘ်ပူဘဏ်တစ်ခုကနေ ကျနော့်ငွေစာရင်းအတွက် လျှို့ဝှက်နံပတ်တစ်ခု စာတိုက်ကနေ ရောက်လာတာကို ဖွင့်ကြည့်လိုက်တော့ လား လား။ ကျနော့်အာရုံမှာ ထူးထူးဆန်းပေါ်လာလို့ မှတ်စုစာအုပ်မှာ ရေးမှတ်ထားတဲ့ ဂဏန်းလေးလုံးနဲ့ တထပ်တည်းဖြစ်နေပါရောဗျာ။ အဲသလို အဖြစ်မျိုးက တစ်ခါမကပါဘူးဗျာ။

ကော့သောင်းဟိုတယ်မှာ တစ်ညအိပ် နေတုန်း ကျနော့်အာရုံမှာ မြင်ကွင်းနှစ်ခု ပေါ်လာတယ်ဗျ။ တစ်ခုက တောင်ကုန်း အမြင့်ကြီးတစ်ခုပေါ်ကနေ မြို့တစ်မြို့ကို အပေါ်စီးကနေ မြင်နေရတဲ့မြင်ကွင်း၊ နောက်တစ်ခုက ဂျပန်မှာရှိတဲ့ ကာမာကူရ ဘုရားကြီးရှေ့ကို ကျနော်ရောက်နေတဲ့ပုံဗျ။ ခင်ဗျားဖာသာ ကြိုက်သလိုသာ ဆုံးဖြတ်ပါတော့ဗျာ။ အခု ကျနော်တို့နေတဲ့ ဖူးခက်မြို့မှာ စံကျောက်စူရာ တောင်ပေါ်ကနေ ဖူးခက်မြို့မကို လှမ်းကြည့်ရင်မြင်ရတဲ့ မြင်ကွင်းဟာ ကျနော် အာရုံကြိုရနေတဲ့ မြင်ကွင်းပါပဲ။ နောက်တစ်ချက်က ကျနော်ပြည်ပကို ထွက်လာပြီး တစ်နှစ်တိတိအကြာမှာ ဂျပန်မိတ်ဆွေ တစ်ယောက်ရဲ့ဖိတ်ကြားချက်နဲ့ ကာမာကူရဘုရားကြီးကို ကျနော် ကိုယ်တိုင် ကြည်ညိုခွင့်ရခဲ့ပြန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကဲဗျာ။ ဒီလောက်တောင် အထူးအဆန်းနားထောင်ချင်လှတာ ကျနော်ကိုယ်တိုင် အထူးအဆန်းဆုံးလို့ ခံစားခဲ့ရတဲ့ အဖြစ်အပျက်တစ်ခုလည်း ရှိလေသေးရဲ့ဗျာ။ ဒီလိုဗျ။ ကျနော်ဟာ ပြည်ပကို ထွက်လာပြီး နိုင်ငံမဲ့တစ်ယောက်လိုဖြစ်နေခဲ့တာကြောင့် ထိုင်း မလေးရှား စင်္ကာပူ ဂျပန် စတဲ့နိုင်ငံတွေကို လျှောက်သွားနေရင်း အခြေတကျ နေနိုင်မဲ့ နေရာတစ်ခုကို ရှာနေလိုက်တာ နောက်ဆုံးတော့ ဘယ်နေရာမှာမှ အခြေချနိုင်မဲ့ကိန်း မမြင်ပဲ ဖြစ်နေတုန်း ရနောင်းမှာတွေ့ခဲ့တဲ့ မိတ်ဆွေတစ်ယောက်က ဖူးခက်မြို့ဟာ နေချင့် စဖွယ်မြို့ပဲ ဆိုတဲ့ မှတ်ချက်ချသံတစ်ခွန်းနဲ့တင် ကျနော်ဖူးခက်ကို ထွက်လာခဲ့ရောဗျာ။ အမှန်တော့ ဖူးခက်ကို ရနောင်းကနေ တစ်ကြိမ်သွားခဲ့ဖူးတယ်ဗျ။ အဲဒီတစ်ကြိမ်မှာတုန်း က ကျနော့်မိသားစုပါ ပါလာလေရဲ့။ ခက်တာက အဲဒီတုန်းက ဖူးခက်မှာ အခြေချဖို့ မဟုတ်ပဲ မိသားစု အပန်းဖြေသဘောမျိုး ထွက်လာခဲ့တာ။ အဲဒီနေ့ကို ကျနော် ကောင်း ကောင်းမှတ်မိနေတယ်။

၂၀၀၄–ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၁–ရက်။ ဘာကြောင့်မှတ်မိသလဲဆိုတော့ ထိုင်းမှာဧရာမ စူနာမီလှိုင်းဒဏ်ခံခဲ့ရတာ ဒီဇင်ဘာ–၂၆ ရက်မို့ပါပဲဗျာ။ အင်ဒိုးနီးရှားတို့ ဖိလစ်ပိုင်တို့တောင်ပါသေးဗျာ။ ဘယ်လိုကံဖယ် သလဲတော့ မပြောတတ်ဘူးဗျာ။ ဖူးခက်မှာ နှစ်ရက်နေပြီး ရနောင်းကို ၂၄–ရက်နေ့ ပြန်ရောက်တယ်။ ကျနော်ပြန်ရောက်ပြီး နာရီသုံးဆယ်အကြာမှာ ဖူးခက်ကို စူနာမီဝင်တော့တာပါပဲ။ ကျနော်သေချာ ပြန်စဉ်းစားကြည့်မှ လွန်ခဲ့သော နာရီသုံးဆယ်မှာ ကျနော့်မိသားစုဟာ ဖူးခက်ကျွန်းနဲ့ နှစ်နာရီလောက် မော်တော်ဘုတ်စီးရတဲ့ ဖီဖီဆိုတဲ့ကျွန်းမှာ ရှိနေခဲ့ကြတာကလား။ အဲဒီဖီဖီကျွန်းဟာ စူနာမီဒဏ်ကြောင့် ရစရာမရှိအောင် စုတ်ပြတ်သွားခဲ့တယ်ဗျာ။ သေလိုက်တဲ့လူတွေ မြင်မကောင်း ရှုမကောင်းပါပဲ။ ဖူးခက်မှာ အခြေချဖို့ နောက် တစ်ကြိမ်ထွက်လာတော့ ဘုန်းမောင်တစ်ကိုယ်တည်းရယ် ဆိုပါတော့ဗျာ။ အိမ်လေး တစ်လုံးငှား၊ ခင်ဗျားလို ဆိုင်လေးတစ်ဆိုင်ဖွင့်ဖို့ စိတ်ကူးရောဆိုပါတော့။ ဒါလည်း ဆန်းလှတယ် မဟုတ်ပါဘူး။ ဖူးခက်လို နေရာမျိုးမှာ ဗမာတစ်ယောက် အခြေခံကနေ စီးပွားရေးတစ်ခုခုလုပ်ချင်တယ်ဆိုရင် တရားမဝင် ငွေလဲတာ။ တရားမဝင် လူမှောင်ခို တာနဲ့ ဗမာပစ္စည်းရောင်းတာကလွဲလို့ တစ်ခြားအလုပ်မှ မရှိတာကိုး။ ဒါနဲ့ ကျနော်လည်း ကားလေးတစ်စီး အရစ်ကျစံနစ်နဲ့ဝယ်ပြီး ဆိုင်အတွက် ပစ္စည်းတွေဝယ်ဖို့ ခြမ်းဖို့ ဖူးခက်နဲ့ရနောင်းကို သွားလိုက်လာလိုက် လုပ်နေရောဆိုပါတော့။ ကျနော့်ခန့်မှန်းခြေ ကျနော်ဟာ ဖူးခက်နဲ့ရနောင်းကို ကိုယ်တိုင်ကားမောင်းပြီး အသွားအပြန် အကြိမ်ရာချီ စုန်ချည်ဆန်ချည်လုပ်နေဖူးတယ်ဆိုပါတော့။

ဒါနဲ့ တစ်ရက်တော့ဗျာ။ ခြောက်လကြာမှ တစ်ခါလောက် အလွမ်းပြေလာတဲ့ ဇနီးသည်က ရနောင်းကို သူလည်း ကျနော်မောင်းတဲ့ ကားနဲ့လိုက်ချင်လှချည်ရဲ့ဆိုတာနဲ့



www.burmeseclassic.com

www.burmeseclassic.com

သူ့ကိုပါ ခေါ်လာခဲ့ရောဗျ။ ဖူးခက်ကနေ ရနောင်းကို အသွားမှာတော့ ခလုပ်မထိ ဆူးမငြိပါပဲ။ ဒါပေမဲ့ဗျာ။ ရနောင်းကနေ ဖူးခက်ကို မနက်ငါးနာရီလောက်မှာ စမောင်းလာခဲ့လိုက်တာ ကိုးနာရီခွဲဝန်းကျင်လောက်ရောက်တော့ ဖူးခက်မြို့အဝင် ဆာရက်စင်တံတားကြီးကို ရောက်လာတယ်ဗျ။ တံတားကြီးကို ကျော်၊ မြို့ဝင်ဂိတ်မှာ အစစ်ဆေးခံပြီး ဆက်မောင်း လာလိုက်တာ ဆယ်မိနစ်စာလောက် ခရီးတွင်လာတော့ ကျနော့်နားထဲမှာ အသံတစ်ခုကြားမိတယ်ဗျ။ သက်ခိုင်သတိထား။ အန္တရာယ်ဖြစ်တော့ မယ်တဲ့။ အသံက ပီပီသသကြီး ကြားလိုက်ရတာမို့ ကျနော့်နည်းနည်းလန့်သွားတယ်။ ဒါနဲ့သတိလေးနဲ့ မောင်းလာရော ဆိုပါတော့။ ကားသာမောင်းနေတာ ကျနော့်နားထဲမှာ စောစောက အသံကို ပြန်ပြန်ကြားနေတယ်ဗျ။ ကျနော့်ကားရှေ့လမ်းတစ်လျှောက်ကို လှမ်းကြည့်လိုက်တော့ ရှေ့မှာ လော်လီကားတစ်စီးဟာ သစ်သားချောင်းအဟောင်းတွေ ထိုးထိုးထောင်ထောင် တင်ပြီး မောင်းနေတာ မြင်နေရတယ်ဗျာ။ ဒါပေမဲ့ အဲဒီကားနဲ့ ကျနော့်ကားက ယာဉ်ကြောတခြားစီဗျ။ ကျနော်အဲဒီလော်လီကားကို ကြည့်နေတုန်းမှာပဲ ဗြုန်းဆို ကျနော့်ရှေ့မီတာနှစ်ရာလောက်မှာရှိတဲ့ ဂငယ်ကွေ့လမ်းဖြတ်တစ်ခုကနေ ဆလွန်းကား အနီလေးတစ်စီး စွတ်ထွက် လာပါလေရောဗျာ။

အမှန်တော့ ကားနီလေးမောင်းသူဟာ ယာဉ်ကြောစည်းကမ်းကို ဖောက်ဖျက်ပြီး မကွေ့သင့်တဲ့အချိန်မှာ ကျနော့်ကားရှေ့ကနေ မလွတ်မကင်း ဖွတ်ကွေ့ချလိုက်တာပါပဲ။ အမြန်လမ်းပေါ်မှာ တစ်နာရီ ကီလိုတစ်ရာဝန်းကျင်နဲ့ မောင်းနေတာမို့ အဲဒီကားနီလေးကို ကျနော် ဝင်ဆောင့်မိဘို့ သေချာနေတာကြောင့် ကျနော်ဟာ စတီယာရင်ကို ဆွဲလှည့်ပြီး ဘေးယာဉ်ကြောဆီကို ဦးတည်လိုက်ရပါတော့တယ်။ ကံဆိုးချင်တော့ဗျာ။ စောစောက ကျနော်ပြောခဲ့တဲ့ သစ်တင်လော်လီကားဟာ အရှိန်နဲ့မောင်းနေရာကနေ ရုတ်တရက် အရှိန် လျှော့လိုက်တာကြောင့် ကျနော့်ကားဟာ လော်လီကားနောက်ပိုင်းမှာ ထိုးထိုး ထောင်ထောင်ဖြစ်နေတဲ့ သစ်သားစတွေဆီကို အရှိန်ပြင်းပြင်းနဲ့ ဦးတည်နေပါရော။ ကျနော်လည်း သတိမပြတ်ပဲ ဘရိတ်နင်းတယ်။ မရဘူး။ ကားအရှိန်နဲ့မို့ ဘရိတ်က ချောထွက်တယ်။ ဒါနဲ့ဂီယာချိန်ပြီး အရှိန်လျှော့တယ်။ မရဘူးဗျာ။ ကားဟာ မိုးရေစပ်စပ် လမ်းပေါ်မှာ ထိန်းမရသိမ်းမရ ဖြစ်နေပါရော။ ဘေးက ဇနီးသည်ကလည်း ကိုသက်ခိုင် ကိုသက်ခိုင် ဆိုပြီး အလန့်တကြားဖြစ်နေပြီ။ ကျနော်ဘာလုပ်ရမှန်း မသိတော့ပါဘူး။ လုပ်စရာရှိတာ အကုန်လုပ်ပြီးပြီမို့ ရှေ့ကားပေါ်က သစ်ချောင်းတွေကိုသာ လှမ်းကြည့်မိ ပါတော့တယ်။ ဇနီးသည် ကလည်း ထိတ်ထိတ်လန့်လန့်နဲ့ မျက်စိစုံမှိတ်ပြီး ခေါင်းကို ငုံ့ထားတာ တွေ့လိုက်ရပါတယ်။ လော်လီကားနောက်က သစ်သားချောင်းတွေနဲ့ ကျနော့်ကား လေကာမှန်ဟာ ဆယ်ပေလောက်သာ ကွာပါတော့တယ်။ ဒီတစ်ခါတော့ ကိစ္စပြတ်ပြီလို့ ကျနော့်စိတ်ထဲမှာ အလန့်တကြားတွေးလိုက်မိပါတယ်။ အရှိန်နဲ့

www.burmeseclassic.com

မောင်းလာတဲ့ကားတစ်စီးဟာ သူ့ရှေ့ကကားကို ဆယ်ပေအကွာမှာ ရှောင်နိုင်ဖို့ ရပ်တန့်နိုင်ဖို့ မဖြစ်နိုင်တော့ပါဘူး။ ကျနော့်မျက်လုံးတွေ ပြာသွားခဲ့ပါပြီ။ ဒါပေမဲ့ အဲဒီအချိန်တိုလေး အတွင်းမှာပဲ။ တစ်စုံတစ်ခု၊ တစ်ယောက်ယောက်ဟာ ကျနော့်ကားကို ရောမ အားကြီးတစ်ခုနဲ့ ဆွဲယူရပ်တန့်ပစ်လိုက်သလိုပါပဲ။ ကျနော့်ကားဟာ ရှေ့ကားနဲ့ ခြောက်ပေဝန်းကျင်အကွာမှာ တုန့်ကနဲ ရပ်သွားပါလေရော။ ရပ်တန့်လိုက်တဲ့ အရှိန်ပြင်းလွန်းတာကြောင့် ကားရဲ့အင်ဂျင်အုံတစ်ခုလုံး အသံမျိုးစုံမည်ပြီး တုန်ခါနေတာကို ကျနော်သတိထားလိုက်မိတယ်။ ကျနော်တို့အဖြစ်အပျက်ကို ဘေးကနေမြင်လိုက်ရတဲ့ ကားသမားတွေ လမ်းဘေးဝဲယာတစ်လျှောက်က လမ်းသွားလမ်းလာတွေရဲ့ စိုးရိမ်တကြီးအော်သံတွေဆူညံနေလေရဲ့ဗျာ။ အဲဒီအဖြစ်အပျက်ကတော့ ကျနော်ကိုယ်တိုင် နားမလည်မဝေခွဲနိုင်တဲ့ အထူးဆန်းဆုံး အဖြစ်ဆိုပါတော့ဗျာ။ ကဲ ဒီလောက်ဆို ခင်ဗျား ကျေနပ်သင့်ပြီ။ ကျနော်လည်း ခင်ဗျားနားထောင်ချင်တယ်ဆိုလို့သာ ပြောနေရတယ် စိတ်ကတခြားမှာဗျ"

သူ့ကိုယ်တွေ့အထူးအဆန်းတွေအကြောင်း စိတ်ပါလက်ပါ ပြောပြနေသော ကိုသက်ခိုင်ထံမှ သူ့စိတ်တခြားရောက်နေကြောင်း ဝန်ခံသံထွက်လာမှ တအံ့တဩ နားထောင်နေမိသော ကျနော်သတိပြန်ဝင်လာရသည်။

"နေပါအုံးဗျ၊ ခင်ဗျားစိတ်က ဘယ်ရောက်နေလို့တုန်း"

သူက ထိုင်ရာမှထိုင်ရင်း အနီးရှိစားပွဲပေါ်မှ ကွမ်းယာထုတ်ကို ဖြေကာကွမ်းတစ်ယာကို ဝါးနေရာမှ ကျနော့်အမေးကို ခပ်တိုတိုခွန်းတုန့်သည်။ "အရှင်ဥာဏာစာရ"

"အော် လက်စသတ်တော့ ခင်ဗျားက ခင်ဗျားကို ဘာမှမဟုတ်သေးပါဘူး ဆိုတဲ့သဘော ဝေဖန်စောကြောတဲ့ဘုန်းတော်ကြီးဆီ စိတ်ရောက်နေတာကိုး။ ကျွဲမြီးမျှားတိုနေရှော့သလားဗျာ"

"တိုစရာတော့မရှိပါဘူးဗျာ၊ ဘယ်ကိစ္စမဆို သူ့အမြင်ကိုယ့်အမြင် ရှိတတ်စမြဲပါ၊ အရှင်ဥာဏာစာရ ထောက်ပြတာလည်း ကျနော့်ကို နစ်နာပါစေတော့ရယ်လို့ ဆိုတဲ့ပုံစံမျိုးမှ မဟုတ်တာ"

"အင်း ဘုန်းတော်ကြီးကိုခန့်မှန်းရတာ စာအရေးကောင်းသလို ကျမ်းဂန်လည်း နှံ့စပ်ဟန်ရှိတယ်နော်၊ ခင်ဗျားပညာလောက်နဲ့ ခံတွန်းလို့ မလွယ်ဘူးထင်ပါရဲ"

ကျနော်က ချိန်ချိန်ဆဆပြောလိုက်သော စကားကို ကိုသက်ခိုင်က ရီမောလျက်...

"ကျနော်မနိုင်ရင် ရှေ့နေငှားမှာပေါ့ဗျ"

"အမယ်လေးဗျာ၊ ဝေဖန်စာကို ရှေ့နေငှားပြီး တုန့်ပြန်မတဲ့လား၊ ခင်ဗျားပြောလိုက်ရင် အဆန်းချည်းပဲ။ လုပ်ပါအုံး ဘယ်ရှေ့နေ ငှားမှာတုန်းဗျ"

သည်တစ်ကြိမ် ကျနော့်အမေးကိုမူ ကိုသက်ခိုင်က တည်တည်ငြိမ်ငြိမ်တုန့်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

"လယ်တီဆရာတော်"

"အော် ခင်ဗျားက အရှင်ဉာဏာစာရဲ့ ဝေဖန်ချက်ကို လယ်တီကျမ်းတွေနဲ့ ကိုင်ပေါက်မလို့ကိုး၊ ကဲ လုပ်ပါအုံးဗျာ၊ ဘယ်ကျမ်းတွေနဲ့ ဘယ်အချက်တွေကို ဘယ်လိုတုန့်ပြန်မတုန်း၊ ကြားပါရစေ"

"ခင်ဗျားဗျာ ခင်ဗျားပုံစံက လက်ဇော့ပွဲသွင်းတဲ့သူနဲ့ တူနေပြီ၊ အခုကိစ္စက ဆွေးနွေးမဲ့ကိစ္စမျိုးဗျ၊ ဒီတစ်ခါတော့ ဘာကိုဘယ်လိုရှင်းမယ်ဆိုတာ မပြောခင် ခင်ဗျားကိုယ်တိုင် အရှင်ဉာဏာစာရရဲ့စာကိုကျေညက်အောင် သုံးခေါက်လောက် ထပ်ဖတ် လိုက်ပေအုံး တော့ဗျာ၊ ဒါမှ အခြေအတင်ဆွေးနွေးရာမှာ ခင်ဗျားချင့်ချိန်နိုင်မှာ၊ ကဲလာပါဗျာ။ ခါးတွေညောင်းနေပြီ ကမ်းခြေဖက်ကို ဆင်းလိုက်ကြရအောင် နိုင်ထောင် ကမ်းခြေကသေးပေမဲ့ နေချင့်စဖွယ်ဗျ။ ခင်ဗျားကို အုန်းစိမ်းရည် ကျနော်တိုက်ပါ့မယ်"

ကိုသက်ခိုင်က ပြောပြောဆိုဆို သူ့ဝသီအတိုင်း ကမ်းခြေဆီသို့ ချက်ချင်းသွားရန် ပြင်လေရာ ကျနော်လည်း ထိုင်ရာမှထကာ သူ့နောက်လိုက်ခဲ့ရပြန်သည်။ နိုင်ထောင် ကမ်းခြေသည် သူ့အိမ်နှင့်မဝေးလှ၊ ကားဖြင့်သွားရန်မလိုချေ။ ခြေလှမ်းကျဲကျဲဖြင့် လှမ်းလျှင် ငါးမိနစ်ခန့်ဖြင့်ရောက်သည်။ နိုင်ထောင်ကမ်းခြေကား မီတာလေးရာခန့် သာရှိမည့်ကမ်းခြေငယ်တစ်ခုသာ ဖြစ်ချေ၏။ သို့သော် နိုင်ထောင်ကမ်းခြေက သဲပြင်သည် နေရောင်ကြောင့် စိန်ပွင့်များလက်သလို တောက်ပလျက်ရှိသည်။ နိုင်ထောင်ကမ်းခြေမှ ပက်လက်ကုလားထိုင်ပေါ်တွင် လဲလျောင်းလျက် ကိုသက်ခိုင် ကမ်းပေးသော ထိပ်ဖောက်ထားသည့် အုန်းစိမ်းသီးအတွင်းမှ အုန်းရည်ကို အသင့်တပ် ထားသည့် ပိုက်ငယ်ဖြင့် အရသာခံစုပ်နေရင်း ပင်လယ်တွင်းမှ နေလုံးနီနီကြီးကို ကျနော် လှမ်းကြည့်မိသည်။ ကျနော်တို့ ရဲဘက်စခန်းတွင်ရှိကြစဥ်က ကြိုးဖြင့်သိုင်းကာ ဖွတ်ဆွဲချချင်စိတ်ပေါက်ခဲ့သည့် နေလုံးကြီးပင်။ သို့သော် ခံစားချက်ခြင်းကား ကွာခြားလေစွ။ ယခုမူ ကျနော်သည် နေလုံးကြီးကို ဤနေရာမှာပင် တည်မြဲ နေစေချင် ပါသည်။ ချုပ်ချယ်မှု၊ လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ အပူနှင့်အအေး အလင်းနှင့် အမှောင်စသည့် ဆန့်ကျင်ဖက် တရားတို့၏ တရားကိုယ်သဘောကို ကျနော် နားလည် သလိုလို ရှိလာသည်။ နေရောင်လုံးလုံးပျောက်ချိန်ကျမှ ကျနော်တို့ ကမ်းခြေကို စွန့်ခွာခဲ့ကြသည်။ ထိုနေ့က ကျနော် ကိုသက်ခိုင်ကို နှုတ်ဆက်လျက် အိမ်ပြန်ခဲ့ချိန်တွင် ကျနော့်စိတ်ထဲမှာ အရှင်ဉာဏာစာရကို သတိရနေသည်။ ကိုသက်ခိုင်ပြောသလို သူ့စာကို ကျနော်ကျေအောင် ဖတ်ရပေဦးမည်။

❁ ❁ ❁ ❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

# ၁၇။ မေတ္တာဖြင့် ... အရှင်ဉာဏ‌ာစာရ

အောက်ဖော်ပြပါ စာတမ်းမှာ ဖားအောက်တောရမှ ဘုန်းတော်ကြီး အရှင်ဉာဏ‌ာစာရ၏ ဖြစ်ပျက်ရှာပုံတော်ခရီးသည် အပေါ် ရှုမြင်သုံးသပ်ချက်ဖြစ်ပါသည်။ ကနဦးကသော် အရှင်ဉာဏ‌ာစာရ၏စာတမ်းသည် ရှည်လျားလွန်းလှသည်ဖြစ်၍ ဖတ်ပျော်ရှုမျှ တည်းဖြတ်လျက် အကျဉ်းမျှ ဖော်ပြရန် စိတ်ကူးဖြစ်ပေါ်ခဲ့သော်ငြား ထိုသို့ပြုရန် မသင့်ဟုထင်မြင်သည်က တစ်ကြောင်း၊ အရှင်ဉာဏ‌ာစာရ၏ စာရေးသား ဟန်မှာ ဖတ်မငြီးစရာဖြစ်သည်က တစ်ကြောင်းတို့ကြောင့် မူရင်းအတိုင်း အပြည့်အစုံ ဖော်ပြအပ်ပါသည်။

ဒကာမင်းဒင်

ဦးဇင်းလဲ ရေးမယ် ရေးမယ်နဲ့ ခုမှပဲ ရေးဖြစ်ပါတော့တယ်။ တကယ်က ၂၀၀၈– မှာ ဖြစ်ပျက်ရှာပုံတော်ကို ဖတ်ဖတ်ပြီးချင်း ရေးမလို့ပါ။ ဒကာရဲ့အတွေ့အကြုံနဲ့ စေတနာကို ခန့်မှန်းမိတာနဲ့ရော ကိုယ်ကိုယ်တိုင်က ဆန္ဒသိပ်မပြင်းပြတာနဲ့ရော မရေးဖြစ်ဖူး ဆိုပါတော့လေ။ ဒကာမင်းဒင်ရဲ့ စေတနာက လူငယ်တွေ တရားပိုင်းမှာ စိတ်ဝင်စားစေချင်တယ်။ ကိုယ်တွေ့ဖူးတဲ့ ဓမ္မကို သူတစ်ပါးကိုလဲ သိစေချင်တယ်လို့ ဆိုတာကိုး။

၁၉၉၀–နောက်ပိုင်း ဘာသာရေးစာပေကဏ္ဍမှာ အကြောင်းအရာပိုင်းမှာ ကောင်းသလောက် ရှိခဲ့ပါတယ်။ ကလောင်ပိုင်းနဲ့ ပတ်သက်လို့တော့ အားရစရာ/မရှိလှပါဘူး။ ခုနောက်ပိုင်းမှာတော့ ကလောင်နဲ့ပတ်သက်လို့ ဖတ်ပျော်ရှုပျော်လေးတွေ ရှိလာတာကတော့ ဝမ်းသာစရာပါ။ အကြောင်းအရာပိုင်းမှာလဲ ရေးရိုးအမြင်နဲ့မတူတဲ့ အတွေးအခေါ်ဆန်ဆန် တင်ပြတာတွေလဲ တွေ့နေရပါပြီ။ သို့သော် လက်တွေ့ပိုင်းနဲ့ ပတ်သက်လို့တော့ ဒကာမင်းဒင်ရေးသလို ရေးနိုင်တဲ့လူ ရေးရဲတဲ့သူကတော့ အတော်ကို နည်းပါးနေဆဲပါ။ တစ်ချိန်ကတော့ ဓမ္မာစရိယ ဦးဌေးလှိုင် ရှိခဲ့ဖူးပါတယ်။ ဖြစ်ပျက်ရှာပုံတော်နှင့် ပတ်သက်လို့ ဦးဇင်းတို့ လက်လှမ်းမီသလောက် ဆွေးနွေးတယ်ဆိုပဲ



www.burmeseclassic.com

www.burmeseclassic.com

သဘောထား စေချင်ပါတယ်။ နောက်တစ်ခုက ဦးဇင်းလက်တွေ့ ကြိုးစားနေသော်လည်း ဘာမှ မတွေ့သေးပါ။ ဒကာမင်းဒင် တွေ့သလောက်ကို မတွေ့သေး၊ ဝင်လေ ထွက်လေကို မသိသေးဘူးပါ။ ကြိုးစားလျက်နဲ့ကို မသိတာဖြစ်ပါတယ်။ ကိုယ် ကိုယ်တိုင် မရသေးပေမယ်လို့ ကိုယ့်ရှေ့မှာ မြင်တွေ့နေကြတဲ့ ဆရာသမား မိတ်ဆွေတွေကို တွေ့နေရတော့ အားရှိပါတယ်။ ကိုယ်လည်း တစ်နေ့သူတို့လိုဖြစ်အောင် ကျင့်ရမှာပါလားဆိုတဲ့ အတွေးနဲ့ အားလည်းတက်မိပါတယ်။

ခု ဦးဇင်းဆွေးနွေးမှာက စာတွေ့ပိုင်းရယ် ဓမ္မကို ကြိုးစားဆဲ မိတ်ဆွေတွေရဲ့ လက်တွေ့နဲ့ပေါင်းပြီးတော့ ဆွေးနွေးမှာပါ။ ဖြစ်စဉ်တွေအားလုံးရဲ့အရင်းခံ ဘာလဲ အတိုဆုံးဖြေပါဆိုရင်တော့ နှစ်ဝါကျတည်း ဖြေရမှာ ဖြစ်ပါတယ်။ အဲဒီ အဖြေ နှစ်ဝါကျရဲ့ ကြောင်းအရင်းကိုတော့ ဓမ္မသမိုင်းနဲ့ချီပြီးပြောရမှာပါ။ ပထမဆုံး သက်ခိုင်ရဲ့ အတွေ့အကြုံကို ဦးဇင်းရဲ့ မိတ်ဆွေရဟန်းတစ်ပါးရဲ့ အတွေ့ကြုံနဲ့ ယှဉ်ပြီး ဆွေးနွေး ကြည့်ကြရအောင်။ သူ့ဇာတိက ကျောက်ပန်းတောင်းမြို့နယ်ထဲကပါ။ ဦးဇင်းနဲ့တွေ့စဉ်(၂၀၀၆) နှောင်းပိုင်းတုန်းကတော့ ရန်ကုန်မြို့ အလုံမြို့နယ်ထဲက စာသင်တိုက်ကြီး တစ်ခုမှာ စာချဘုန်းကြီး လုပ်နေခဲ့ပါတယ်။ ခုတော့ဖြင့် အဲဒီမှာပဲ ရှိနေသေးသလား တစ်နေရာကို ပြောင်းသွားပြီလားဆိုတာတော့ မသိရသေးပါဘူး။ မိတ်ဆွေက ကိုရင်ဘဝက မေတ္တာပို့တဲ့ အလုပ်ကို စပြီးလုပ်ခဲ့ပါတယ်။ ဆရာကတော့ မရှိဘူးပေါ့လေ။ ကြားဖူးနားဝ ရှိသလောက်နဲ့ လုပ်တဲ့သဘောပါ။ သူလုပ်ပုံ အဆင့်ဆင့်က အောက်ပါ အတိုင်းပဲ ဖြစ်ပါတယ်။

သူ့ကိုယ်သူ အာရုံပြုပြီးတော့ ငါ့ခန္ဓာကိုယ်ကြီး ချမ်းသာအေးမြပါစေ–လို့ စပြီး စိတ်ညွှတ်ကြည့်တယ်။ သူနေတဲ့ ကျောင်းဆောင်လေးကို အာရုံယူပြီး ဒီအထဲက ပုဂ္ဂိုလ်တွေ အေးငြိမ်းချမ်းသာကြပါစေ၊ သူနေတဲ့ ကျောင်းဝင်းကို အာရုံပြုလို့ ဒီအထဲက ပုဂ္ဂိုလ်တွေ အေးငြိမ်းချမ်းသာကြပါစေ၊ သူ့ရွာ၊ မြို့နယ် စသဖြင့်... သူတတ်သလောက် မှတ်သလောက် အာရုံကို ဖြန့်ကျက်လို့ မေတ္တာပို့ပါသတဲ့။ ဘာဖြစ်လို့ လုပ်ဖြစ်သလဲလို့ သူ့ကို မေးကြည့်တော့။ ငါ့ခန္ဓာကိုယ်ကြီး ချမ်းသာအေးမြပါစေ–လို့ စပြီး စိတ်ညွှတ်လိုက်ကတည်းက ခန္ဓာကိုယ်ကြီးက အေးငြိမ်းပြီးတော့ နေလို့ထိုင်လို့ သိပ်ကောင်းတာပဲ–တဲ့။ ဆက်ပြီး မေတ္တာပို့တော့ စိတ်ထဲမှာ ကြည်ကြည်နူးနူးလေးနဲ့ ပတ်ဝန်းကျင်တစ်ခုလုံးက သာသာယာယာနဲ့ စိတ်အရမ်း ချမ်းသာတယ်–တဲ့။ အဲဒါကြောင့် လုပ်ဖြစ်တာလို့ ဆိုပါတယ်။ အသက်ကလေးရလာ စာလေးပေလေးလဲ သင်ဖူးလာတော့ ဝင်လေထွက်လေကို စမ်းပြီးမှတ်ကြည့်တယ်။ ဘယ်ရိပ်သာကိုမှ မသွားဖြစ်ပါဘူး။ လုပ်ငန်းစပုံချင်းကတော့ ကိုသက်ခိုင်နဲ့ နဲနဲဆင်တယ်။ တွေ့ကြုံခဲ့တာတွေကတော့ အများကြီးပါ။ သက်ခိုင်ဖြစ်တာတွေနဲ့ ဆင်တူတာတွေလဲ



www.burmeseclassic.com

www.burmeseclassic.com

အတော်များများ ပါပါတယ်။ စာသင်တိုက်မှာ စာချဆရာတော် ဖြစ်လာတော့လည်း ငယ်စဉ်ကတည်းက လုပ်နေကျ တရားထိုင်ခြင်း အလုပ်ကို ပုံမှန်ပဲ လုပ်ဖြစ်ပါသတဲ့။ တရားကျင့်တဲ့သဘောက စံနစ်ကျသည်ဖြစ်စေ မကျသည်ဖြစ်စေ လုပ်သက် ကြာလာတဲ့အခါမှာ လုပ်ငန်းရဲ့ အကျိုးဆက်ဆိုတာ ဖြစ်ပေါ်တတ်တာဟာ ဓမ္မတာပါ။

ဒီနေရာမှာ သက်ခိုင်နဲ့တူတဲ့ အတွေ့အကြုံတွေထဲက တစ်ခုကိုပဲ ဆွေးနွေး ချင်ပါတယ်။ တစ်နေ့မှာ သူ တရားစထိုင်တော့ ဝင်လေ ထွက်လေကို မှတ်၊ စိတ်အတော် အတန် ငြိမ်သက်လာတဲ့အခါ သက်ခိုင်စကားလုံးနဲ့ ပြောရရင်တော့ သမာဓိရင့်လာတဲ့ အခါမှာပေါ့။ သူ့ကိုယ်သူ ငယ်ထိပ်က စလို့ အာရုံပြုကြည့်ပါသတဲ့။ အဲဒီအခါမှာ ငယ်ထိပ်က ရွရွ ရွရွ ဖြစ်လာတယ်။ ဆက်ပြီး အာရုံစိုက်ကြည့်တဲ့အခါ အမှုန်လေးတွေ ဖြစ်သွားတယ်။ နောက်တော့ တစ်ကိုယ်လုံး အမှုန်တွေလို ဖြစ်သွားတယ်။ အမှုန်တွေက လည်း တဖွားဖွား ဖြစ်လိုက် ပျက်လိုက်နဲ့။ လန့်ဖျပ်ပြီး စိတ်ထဲမှာ တခြားတစ်ယောက်ကို အာရုံပြုကြည့်တော့လဲ ဒီပုံစံ၊ အမှုန်တွေဖြစ်သွားတယ် လို့ဆိုပါတယ်။ လုပ်သက်ကြာလာ တဲ့ အခါမှာတော့ လွယ်လွယ်ကူကူနဲ့ပဲ ဒီအဆင့်ကို ရောက်ရောက်သွားတယ်။ သူ့တစ် ကိုယ်လုံးဖြစ်သွားတဲ့ အမှုန်တွေက ပိုပြီးတော့ သေး သေးသွားတယ်။ ဖြစ်လိုက် ပျက်လိုက် နှုန်းကလည်း ပိုပြီးမြန်တယ်လို့ ဆိုပါတယ်။ စိတ်ထဲမှာ ပေါ်လာသမျှ သက်ရှိ သက်မဲ့တွေကို အာရုံပြုကြည့်လိုက်လို့ရှိရင်လဲ ခပ်မြန်မြန်ပဲ အမှုန်ဖြစ်သွားပါသတဲ့။ စိတ်ထဲမှာ လန့်ဖျပ်တာ တုန်လှုပ်တာတွေ မရှိပါဘူး–တဲ့။ တည်တည်ငြိမ်ငြိမ်နဲ့ ဖြစ်ပြီး ပျက်နေတဲ့ အမှုန်ကလေးတွေကို အနိစ္စ ဒုက္ခ အနတ္တ ရှုနေခဲ့ပါတယ်။ ပြီးတော့ မှတ်စိတ်ကို ဆင်ခြင်ကြည့်ပြန်တော့လည်း ထိုနည်းတူပါပဲ။ မှတ်စိတ်တွေလည်း ဖြစ်လိုက် ပျက်လိုက်နဲ့ ဘာမှ ဆုပ်ကိုင်လို့မရအောင်ကို ဖြစ်နေပါသတဲ့။

ဆက်လုပ်ရင် ကိစ္စကပြီးနေပြီပဲမဟုတ်လားလို့ မေးစရာရှိပါတယ်။ မပြီးလို့ ပြဿနာက ဖြစ်ရတာပါ။ လုပ်ရင်း လုပ်ရင်းကနေ သူ့ကိုယ်သူ ပြန်သုံးသပ်မိပါသတဲ့။ ငါ ဘာတွေဖြစ်နေသလဲ။ ရုပ်တွေကို တွေ့နေတယ်။ နာမ်တွေကို တွေ့နေတယ်။ ဒါတွေကို ဝိပဿနာရှုနေတယ်ပေါ့လေ။ သို့သော် ဒီလို ရှုနေပါလျက်ကယ်နှင့် ငါ ဘာတွေ ဖြစ်နေသလဲ။

သူပြောသလို ပြောရရင်တော့ "ငါ့ရှင်ရယ် ကိုယ်က ဝိပဿနာရှုနေတယ်။ ဒီလိုဆိုရင် လောဘ ဒေါသ မောဟ တဖြည်းဖြည်း နည်းသွားရမှာပါ။ ခုတော့ဗျာ ဘာမှ နည်းမသွားဘူးဗျ။ ပိုလို့တောင် တိုးလာသလား မှတ်ရတယ်။ ပိုဆိုးတာက ကာမရာဂ ကိစ္စဗျ။ မိန်းကလေး လှလှမြင်ရင် အရင်ကထက်တောင် ပိုပြီးကြည့်ချင်နေတယ်။ တစ်ခါတစ်ရံများ ပြစ်မှားချင်တဲ့ စိတ်တွေတောင် ဖြစ်တတ်တယ်။ မတော်တဆ ပုံတွေ ကြည့်မိရင်တော့ ရာဂစိတ်တွေ အပြင်းအထန်ကို ဖြစ်လာတာဗျ။ ဒီတော့ဗျာ အခု



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တွေ့နေတာတွေက ဘာတွေလဲ။ ရှုနေတာတွေက ဘယ်အဆင့်ကို ရောက်နေသလဲ။ ကိုယ်ရှုနေတဲ့တရားက ကိုယ့်ကို အဲသလောက်မှ မစောင့်ရှောက်နိုင်တော့ဘူးလား–စဉ်းစားစရာ ဖြစ်နေလို့ဗျာ"တဲ့။ ပြဿနာက အဲသည်မှာမှ စတာပါ။

သူက တောထဲမှာ နေနေကြတဲ့ ဆရာတော်တွေတော့ဖြင့် ဒီကိစ္စကို ရှင်းပြနိုင်မှာပဲလို့ အောက်မေ့ပြီး တောရကျောင်းတွေကို လေ့လာဖို့ သွားနေခဲ့ပါတယ်။ အဲဒီ အချိန်မှာ ဦးဇင်းနဲ့ တောရကျောင်းတစ်ခုမှာ စပြီးဆုံတာပါ။ ဆုံတော့ သူ့အတွေ့အကြုံကိုပြောပြီး "ငါ့ရှင် ဘယ်လိုမြင်ပါသလဲ တဲ့။ တဖြည်းဖြည်း ဆွေးနွေးကြတာပေါ့ ဘုရားလို့ပဲ လျှောက်ထားခဲ့ပါတယ်။ သည်လိုပဲ နေကြထိုင်ကြ ကိုယ့်အတွေ့အကြုံတွေ သူ့အတွေ့အကြုံအကြောင်း၊ ဓမ္မအကြောင်း၊ စာပေအကြောင်းလေးတွေ ဆွေးနွေးရင်း ရင်းနှီးမှုတွေ ရသည်ထက် ရလို့လာပါတယ်။ တစ်နေ့မှာတော့ သူက –

"ငါ့ရှင် စာပေကို ဘယ်လိုမြင်သလဲ"– တဲ့။

"ဟာ အရှင်ဘုရား စာပေဟာ အင်မတန် အရေးကြီးတာပေါ့။ စာပေဟာ မှတ်ကျောက်ပဲ။ နိဗ္ဗာန်ကိုသွားဖို့ မြေပုံပဲ။ မရှိရင် မဖြစ်ပါဘူး။"

"အေးဗျာ။ တရားသမားဆိုတဲ့ လူအတော်များများနဲ့ ဆွေးနွေးကြည့်ဖူးတယ်။ စာတွေ့က လက်တွေ့နဲ့တခြားစီ။ တရားရှာတဲ့နေရာမှာ စာစကားလာမပြောနဲ့။ စာခံနေရင် တရားမရဘူး–လို့ ပြောကြတော့ ဓမ္မာစရိယ အောင်အောင် သင်ခဲ့မိတာပဲ နောင်တ ရရမလို ဖြစ်နေလို့ဗျ"လို့ စိတ်ပျက်လက်ပျက် အသံကြီးနဲ့ ညည်းရှာပါတယ်။ တကယ့်တကယ် တရားရှာသူ တရားကို မြတ်နိုးသူတွေကတော့ ဒီလို ပြောကြလိမ့်မယ်လို့ မထင်မိပါဘူး။ ဒါပေမယ်လို့ ဦးဇင်းလဲ အဲဒီ အပြောအဆိုမျိုး ခဏခဏကြားနေရပါတယ်။ လက်တွေ့က စာတွေ့နဲ့ မတူပါဘူးဆိုတဲ့ လေသံဟာ ဘယ်ကများ စခဲ့ပါသလဲလို့ စနည်းနာ ကြည့်မိတော့ သီးလုံးဆရာတော်နဲ့ ကင်းဆရာတော်ရဲ့ တရားပိုင်းဆိုင်ရာ ဆွေးနွေးရင်းက ထွက်လာတယ်ဆိုတဲ့ စကားကနေ စတယ်လို့ ထင်ပါတယ်။

အဲဒီ ဆရာတော်နှစ်ပါး ဆွေးနွေးခန်းကို အသေအချာ လေ့လာဖို့ ကောင်းပါတယ်။ ဦးဇင်းတို့ နားလည်တာကတော့ လက်တွေ့ တွေ့နိုင်တာတွေအားလုံးကို ပါဠိတော် အဋ္ဌကထာစာပေထဲမှာ ထည့်သွင်း ရေးမထားနိုင်ဘူးလို့ပဲ ဖြစ်ပါတယ်။ လက်တွေ့သည် စာတွေ့နှင့် ဆန့်ကျင်ဖက် ဖြစ်သည်ဆိုတဲ့ အဓိပ္ပါယ်ကို မဆောင်ပါဘူး။ စာတွေ့သည် လက်တွေ့ကို အထောက်အကူ မပြုလို့လည်း မဆိုလိုပါ။ဒါပေမယ့်လို့ ဒီကနေ့ တွေ့နေရတဲ့ သူအချို့ကတော့ စာတွေ့ လာမပြောနဲ့။ စာတွေ့က လက်တွေ့နဲ့ တခြားစီ။ စာခံရင် ဘယ်တော့မှ တရားမတက်ဖူး။ တိပိဋကက ပေါဋ္ဌိက မထေရ်ကြီးကို ကြည့်ပါလား။ သူ စာခံလို့ တရားမရတာ။ စွန်းလွန်းဆရာတော်တို့ စာမတတ်တော့လေ။ ဟော ဘာစာမှ မခံပဲ ဗိုင်းကနဲ တရားရသွားတယ် စသဖြင့် အပြောခံနေရတုန်းပါ။ ဩော် ဦးဇင်းတို့တွေ



www.burmeseclassic.com

www.burmeseclassic.com

ဝမ္မာစရိယဆိုတဲ့ ဘွဲ့တစ်ခုရဖို့ ဘယ်လောက် အပင်ပန်းခံ စာသင်ခဲ့ရတယ် ဆိုတာလေးတွေ သူတို့သိပြီး နားလည်ပေးနိုင်ရင်တော့ သိပ်ကောင်းမှာပဲလို့တော့ တစ်ခါတစ်ရံ တောင့်တမိပါတယ်။ သို့သော် စာသင်ခဲ့တဲ့အတွက် ဘယ်တော့မှ နောင်တမရပါဘူး။ မိတ်ဆွေလဲ တောကျောင်းမှာနေရင်း လက်လှမ်းမီရာ စာအုပ်လေးတွေဖတ်၊ ရှိတဲ့ တရားလေး နားထောင်၊ ရံဖန်ရံခါ ဆွေးနွေးမှုလေးတွေလုပ်နဲ့ လက်တွေ့ထိုင်တဲ့ အပိုင်းတော့ ထိထိရောက်ရောက် မလုပ်ဖြစ်ပါဘူး။ တစ်နေ့တော့ သူက "ငါ့ရှင် ကိုယ့်အတွေ့အကြုံနဲ့ ပတ်သက်လို့ ထင်မြင်ချက်ပေးပါအုံး"လို့ ဆိုလာပြန်ပါတယ်။ သူကတော့ သူမြင်ခဲ့တဲ့ အရာ၊ သူလုပ်နေတဲ့ ကျင့်စဉ်ကိုပဲ ဝိပဿနာလို့ ယုံကြည်နေဆဲ ဖြစ်ပါတယ်။ ဒီတော့ကာ ဝိပဿနာ ဆိုတာဘာလဲ။ သက်ခိုင်ပြောသလို ဆိုရင်တော့ ဖြစ်ပျက် မြင်အောင် ရှုရမယ် ပေါ့ဗျာ။ ကောင်းပြီ၊ ဖြစ် ပျက် မြင်အောင်ရှုရင် ဝိပဿနာ ဖြစ်ပြီလား။ စာပေ ရှုဒေါင့်ကနေ ဆန်းစစ် ကြည့်ရအောင်။ ဝိပဿနာဉာဏ် ၁၀-ပါးရှိကြောင်းတော့ ဒကာမင်းဒင်လဲ သိပြီးသားဖြစ်ပါလိမ့်မယ်။ အဲဒါတွေက-

၁။ ရုပ် နာမ်တို့ရဲ့ ပကတိသဘောတို့ကို သိတဲ့ဉာဏ် (ဝါစကမှာ ခန့်မှန်းပြီး သိတဲ့ဉာဏ် မဟုတ်ပါဘူး)
၂။ ရုပ်နာမ်တို့ရဲ့ ဖြစ် ပျက်ကို သိတဲ့ဉာဏ်
၃။ ရုပ် နာမ်တို့ရဲ့ ဖြစ်ပျက်နှစ်ခု အနက် အပျက်သဘောကိုသာ သိတဲ့ဉာဏ်
၄။ ရုပ် နာမ်တို့ရဲ့ ဘေးရန်ကို တကယ် ထိုးထွင်းသိတဲ့ဉာဏ်
၅။ ရုပ် နာမ်တို့ရဲ့ အပြစ်ကို တကယ် ထိုးထွင်းသိတဲ့ဉာဏ်
၆။ ရုပ် နာမ်တို့ရဲ့ ဖြစ်ပျက်မှုအပေါ်မှာ ငြီးငွေ့လာတဲ့ဉာဏ်
၇။ ရုပ် နာမ်တို့ရဲ့ ဖြစ်ပျက်ကနေ လွတ်မြောက်လိုတဲ့ဉာဏ်
၈။ ရုပ် နာမ်တို့ရဲ့ ဖြစ်ပျက်ကို လျစ်လျူရှုနိုင်တဲ့ဉာဏ်
၉။ မဂ်ဖိုလ်ရနိုင်အောင် ပံ့ပိုးပေးနိုင်သည်အထိ ရုပ်နာမ်တို့ရဲ့ ဖြစ်ပျက်ကို မျှမျှတတ ရှုနိုင်တဲ့ဉာဏ်
၁၀။ ပုထုဇဉ်အနေဖြင့် နောက်ဆုံးဖြစ်သော ဝိပဿနာဉာဏ်

သက်ခိုင်ပြောတဲ့ ဝိပဿနာ = ဖြစ်ပျက် ဆိုတာ မမှားဘူးလို့ပဲ ဆိုချင်ပါတယ်။ သို့သော် ပြည့်စုံတယ် လို့တော့ မဆိုနိုင်ပါဘူး။ ဖြစ်ပျက်ဆိုတာ ဝိပဿနာဉာဏ်စဉ်ရဲ့ One of Them-သဘောပါ။ ဆိုတော့ကာ သည်အကြောင်းတွေကိုတော့ဖြင့် မိတ်ဆွေနဲ့ ဆွေးနွေးစရာ သိပ်မရှိလှပါ။ သူလဲ သိပြီးသားလိုလို ဖြစ်နေတာကိုး။ ဝိပဿနာဉာဏ်စဉ်ရဲ့ ရှေ့ပိုင်းမှာတော့ သူ သတိမထားမိတဲ့ အပိုင်းလေးတွေ ရှိလိမ့်မယ် ထင်တာနဲ့ ဝိပဿနာရဲ့ ရှေ့ပြေးကလေးတွေကိုပဲ ဆွေးနွေးဖြစ်ပါတယ်။ ရှေ့ပြေးက ၄-ခု တည်း ပါ။



www.burmeseclassic.com

www.burmeseclassic.com

၄-ခု ဆိုတာက
၁။ ရုပ်ကို ပိုင်ပိုင် နိုင်နိုင် သိတဲ့ ဉာဏ်
၂။ နာမ်ကို ပိုင်ပိုင် နိုင်နိုင် သိတဲ့ ဉာဏ်
၃။ ရုပ်နဲ့ နာမ်ကို ပိုင်းပိုင်း ခြားခြား သိတဲ့ ဉာဏ်
၄။ ရုပ်နာမ်တို့ရဲ့ အကြောင်းကို တိတိကျကျ သိတဲ့ ဉာဏ်

### ၁း၀ ရုပ်တရား

ရုပ်ကို ပိုင်ပိုင် နိုင်နိုင် သိဖို့ ဆိုရင် သိနိုင်တဲ့ ခွန်အားရှိတဲ့ စိတ်ဓာတ်လိုပါတယ်။ စာသံပေသံနဲ့ ပြောရရင်တော့ သမာဓိလိုပါတယ်။ ခွန်အားရှိတဲ့ စိတ်=သမာဓိ ဖြစ်အောင်တော့ စံနစ်တကျ လေ့ကျင့်ရမှာပါ။ စနစ်တကျ လေ့ကျင့်မှသာ စံချိန်မီတဲ့ သမာဓိကို ရမှာ ဖြစ်ပါတယ်။ သမာဓိ နဲနဲရှိလာပြီဆိုရင် ရုပ်တွေကို စလို့ မြင်ပါပြီ။ ဘယ်လို မြင်ပါသလဲ။ ဦးဖင်းရဲ့မိတ်ဆွေ မြင်သလို၊ သက်ခိုင်မြင်သလို အမှုန်လေးတွေအဖြစ် မြင်တတ်ပါတယ်။ ဒါဆိုရင် ရုပ်ကို မြင်ခြင်း ကိစ္စပြီးပါပြီလား။ ဒီနေရာကနေ စတင်လို့ မိတ်ဆွေနဲ့ ဆွေးနွေးဖြစ်ခဲ့ပါတယ်။ သူနဲ့ ဆွေးနွေးတုံးကတော့ စာသံ ပေသံနဲ့ပေါ့လေ။ စာသမားချင်းဆိုတော့လဲ များများ ပြောစရာမလိုပါဘူး။

"အရှင်ဘုရားရေ။ ရုပ်ကို ပရမတ်ဆိုက်ဖို့အတွက် ဘာတွေ လိုအပ်လဲ။" ဆိုတော့ သူက ငါ့ရှင်ရယ် ရုပ်ကို ပရမတ်ဆိုက်ဖို့အတွက်ဆိုရင် ဃနသုံးမျိုးကို အဆင့်ဆင့် ပြိုဖို့လိုတာပေါ့-တဲ့။ အဲဒါနဲ့ ဆက်ပါဦး ဆိုတော့ သူက သိပ်ရဲရဲတင်းတင်း မရှိလှတာနဲ့ ဦးဖင်းကပဲ ဦးဆောင်လို့ ဆွေးနွေးဖြစ်ပါတယ်။

### ၁း၁ ရုပ်၏ သန္တတိ ဃန

အမှုန်ကို မြင်ခြင်းသည် ရုပ်ရဲ့ပကတိသဘောကို မြင်ဖို့အတွက် စကာမတ္တပဲ ရှိပါသေးတယ်။ ရုပ်ကို မြင်ဖို့ လမ်းစရပါပြီ-လို့တော့ ဆိုနိုင်ပါတယ်။ သို့သော် ဒီအမှုန်လေးတွေကို ဖြစ်ပျက်ရှုလို့ မရသေးပါဘူး။ ရှုရင် ဘာဖြစ်မလဲ။ ကုသိုလ် ရပါတယ်။ ဝိပဿနာဉာဏ် ဖြစ်ဖို့ကတော့ အင်မတန် ခဲယဉ်းပါတယ်။ (မဖြစ်ဖူးလို့တော့ ယတိပြတ် မဆိုလိုပါ။ ရှေးဘဝထိုထိုက အလွန့်အလွန် ရင့်သန်တဲ့ အထက်တန်းစား ဝိပဿနာဉာဏ်တွေကို ရရှိခဲ့ရင်တော့ဖြင့် ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။)

ဒီအဆင့်မှာ အမှုန်တွေဟာ အလွန်လျင်မြန်စွာ ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက် ပျက်လိုက်နဲ့ ရှိနေတာမို့ အမှုန်တွေရဲ့ ဖြစ်ပျက်မှုဟာ စည်းစနစ် မရှိသလိုပဲ မြင်ရမှာပါ။ တကယ်တော့ အမှုန်တွေရဲ့ ဖြစ်ပျက်မှုက စံနစ်တကျကို ဖြစ်နေပါတယ်။ အမှုန်တစ်ခု အတွင်းမှာ ရုပ်မှုန်ကလေးတွေအထဲမှာ တချို့ အမှုန်ထဲမှာ ၈ခု၊ တချို့ အမှုန်ထဲမှာကျတော့ ၉ခု၊ တချို့အမှုန်ထဲမှာဆိုရင် ၁၀-ခု၊ အချို့၁၂ခု၊ အချို့၁၃ခု အသီးသီး ရှိတတ်ပါတယ်။ အတိအကျပါ။ အဲဒီအထဲ အခြေခံအကျဆုံး ရုပ်လေး-ခုကို မြင်အောင် ကြည့်ရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com

ဒီလောက် မြန်မြန်ဆန်ဆန်ကြီး ဖြစ်ပျက်နေတာ ဘယ်လိုလုပ် မြင်အောင် ကြည့်မလဲလို့တော့ မေးစရာရှိပါတယ်။ စံချိန်မီတဲ့ သမာဓိရှိရင် မြင်နိုင်ပါတယ်။ အကယ်၍ မမြင်သေးဖူးဆိုရင် သမာဓိကို စံချိန်မီအောင် လေ့ကျင့်ရမှာပါ။ စံချိန်မီတဲ့ သမာဓိရှိတယ်ဆိုရင်တော့ဖြင့် ရုပ်ကလာပ်အမှုန်လေးတစ်ခုထဲက အခြေခံအကျဆုံး ၄–ခုကိုလည်း မြင်နိုင်ပါတယ်။ အဲဒီ ရုပ်ကလာပ် အမှုန်လေး တစ်ခုကနေ ဆင့်ကဲ ရုပ်ကလာပ်နှစ်ခုကို တပြိုင်နက်ဖြစ်အောင် လုပ်နေတာကို မြင်ရမှာပါ။ နောက်တစ်ခါ အသစ်ဖြစ်လာတဲ့ ရုပ်ကလာပ်ကလဲ နောက်ထပ် ဆင့်ကဲ ရုပ်ကလာပ်နှစ်ခုကို ဖြစ်စေပါတယ်။ အဲသလို ဆင့်ကဲ ဆင့်ကဲဖြစ်နေတဲ့ ရုပ်ဖြစ်စဉ် အတန်းလေးတွေကို မြင်ပြီ ဆိုရင်တော့ ပထမဆုံး အတားအဆီးတစ်ခုကို ကျော်နိုင်ပါပြီ။ (**သန္တတိဃန** ပြိုတယ်လို့ စာလိုပေလို ခေါ်ပါတယ်။)

**၁း၂ ရုပ်၏ သမူဟ ဃန**

အဲသည် တမှုန်တမှုန်အတွင်းမှာ ရုပ်မှုန်ကလေးတွေ အနည်းဆုံး ၈–(သို့မဟုတ်) ၉–ခု၊ ၁၀–ခု ရှိတတ်ပါတယ်။ အချို့လည်း ၁၁–ခု ၁၂–ခု ၁၃–ခု ရှိတတ်ပါတယ်။ အဲသည် ၈–ခု၊ ၉–ခု ၁၀–၁၁–၁၂–၁၃–ခုသော ရုပ်အမှုန်လေးတွေကို မြင်အောင် ကြည့်ရမှာပါ။ စံချိန်မီတဲ့ သမာဓိ ရှိရင်တော့ဖြင့်ရင် မြင်ကို မြင်ပါတယ်။ မြင်ရင်တော့ ဒုတိယ အတားအဆီးတစ်ခုကို ကျော်ဖြတ်နိုင်ပါပြီ (စာလိုတော့ဖြင့်ရင် သမူဟဃန ပြိုတယ်ပေါ့ဗျာ။)

**၁း၃ ရုပ်၏ ကိစ္စဃန**

နောက်ဆုံးအဆင့်အနေနဲ့ အသေးဆုံးသော ရုပ်မှုန်လေး တစ်ခုစီ တစ်ခုစီကို ရှုဒေါင့်လေးမျိုးကနေ ဉာဏ်နဲ့မြင်အောင် ကြည့်ရမှာပါ။ မြင်ပြီဆိုရင်တော့ဖြင့် နောက်ဆုံးသော အတားအဆီးကို ကျော်ဖြတ်နိုင်လို့ ရုပ်ကို ပိုင်ပိုင်နိုင်နိုင် မြင်တယ်လို့ ဆိုနိုင်ပါတယ်။ (စာလိုတော့ ကိစ္စဃနပြိုတယ်)

ရုပ်ကို ပရမတ်ဆိုက်အောင် မြင်ပြီလို့ ပြောနိုင်ပါတယ်။ အဲသလို သိနိုင်တဲ့ သူတော်ကောင်းတွေ ရှေးကလည်း ရှိခဲ့တယ်။ ခုလဲ ရှိနေဆဲ။ နောင်လည်း ရှိပါလိမ့်မယ်။ အရေအတွက်အားဖြင့်တော့ နည်းတာပေါ့လေ။ အဲသလို မသိပဲနဲ့ ဖြစ်ပျက်ကို ရှုရင်တော့ဖြင့် ကုသိုလ်ရတာမတ္တပဲ ဖြစ်ပါလိမ့်မယ်။ ဝိပဿနာဉာဏ်ဆိုတာကတော့ အလွန့်အလွန် ပါရမီ ရင့်သြောင်းသူမှတစ်ပါး ဖြစ်ခဲလေဘိခြင်း။ သည်အကြောင်းတွေကို ဆွေးနွေးပြီးတော့မှ မိတ်ဆွေက ခွက်ထိုး ခွက်လန် ရယ်ပါတယ်။ ကျေးဇူးပဲ ငါ့ရှင်ရယ်။ ကိုယ်မြင်ခဲ့တာတွေက တကယ် ပရမတ်ကိုမှ မဆိုက်သေးတာပဲ–လို့လည်း ဆိုပါတယ်။

"အမှုန်လေးတွေကိုသာ ဆက်ပြီး ဖြစ်ပျက်ရှုပါ။ ပါရမီရင့်လာတဲ့ တစ်နေ့မှာ မဂ်ဖိုလ် ဆိုက်ပါလိမ့်လို့–အချို့မိတ်ဆွေတွေကတော့ အားပေးတယ်ဗျ။ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားနေတာက အကယ်ရွေ့သာ သောတာပတ္တိမဂ် ဆိုက်ခဲ့ရင် ငါတော့ ဒုက္ခပဲ။ ဘဝက ၇-ဘဝပဲ ကျန်တော့မှာဆိုတော့ နှမြောစရာကြီး-လို့ တွေးမိတာနဲ့ ဆက်ပြီး အားထုတ်ဖို့ တွန့်နေတာ။ ခုတော့ဖြင့် မဂ်ဆိုက်ဖို့ နေနေသာသာ ပရမတ် ဆိုက်ဖို့တောင် အဝေးကြီး လိုသေးတာပဲ"တဲ့။

ပြောချင်တာကတော့ ဦးဇင်းမိတ်ဆွေ ရုပ်ကို သိပါတယ်။ သက်ခိုင်လည်း ရုပ်ကို သိပါတယ်။ သို့သော် အမှုန်ကိုပဲ မြင်သေးတာမို့လို့ လမ်းစရှိပဲ ရှိပါသေးတယ်။

➤ ရုပ်ကလာပ်အမှုန်တွေ စနစ်တကျ ဖြစ်ပုံကို မြင်အောင် (သန္တတိဃနပြိုအောင်) အားထုတ်ရ ပါအုံးမယ်။

➤ တဆင့်တက်ပြီး ရုပ်ကလာပ်မှုန်တစ်ခုတစ်ခု အတွင်းက ၈-ခု၊ သို့မဟုတ် ၉-ခု၊ သို့မဟုတ် ၁၀-၁၁-၁၂-၁၃ ခုသော အသေးဆုံးသော ရုပ်မှုန်လေးတွေကို မြင်အောင် (သမူဟဃန ပြိုအောင်) အားထုတ်ရပါအုံးမယ်။

➤ နောက်ဆုံးအဆင့်အနေနဲ့ အသေးဆုံးသော ရုပ်မှုန်လေး တစ်ခုတစ်ခုစီကို ရှုထောင့် ၄-မျိုးကနေ မြင်နိုင်အောင်(ကိစ္စဃနပြိုအောင်) အားထုတ်ရပါအုံးမယ်။

ဦးဇင်းအနေနဲ့ သက်ခိုင်ရဲ့ အတွေ့အကြုံနဲ့ ပတ်သက်လို့ နှစ်ဝါကျပဲ ပြောစရာရှိပါတယ်။ ပြောချင်တဲ့ နှစ်ဝါကျအနက် တစ်ဝါကျကို ဒီမှာပဲ နိဂုံးချုပ်ပါမယ်။ သက်ခိုင်သိသော ရုပ်သည် ပညတ်မကွာသေးသဖြင့် ပရမတ်မဆိုက်သေးသော ရုပ်မျှသာ ဖြစ်ပါသည်။

. . . . . . . . . . . . . . . . . .

သက်ခိုင်မြင်တဲ့ ရုပ်သည် ပရမတ်မဆိုက်သေးသော ရုပ်မျှသာဖြစ်တယ်လို့ ပြောခဲ့တယ်နော်။ ဒီလိုပြောလိုက်တာဟာ သက်ခိုင်ရဲ့ အတွေ့အကြုံကို ပျက်ရယ်ပြုလိုက်တာ မဟုတ်ဖူးဆိုတာကိုတော့ ဒကာမင်းဒင် နားလည်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ သက်ခိုင်ရဲ့ အတွေ့အကြုံကို သုံးသပ်ဖို့ ပေတံတစ်ခု ထုတ်လိုက်တဲ့ သဘောပါ။ ပရမတ်ရဲ့အရိပ်အယောင်လောက်ကို မြင်ခဲ့တာ သက်ခိုင် တစ်ယောက်တည်း ဖြစ်တာတော့လဲ မဟုတ်ပါဘူး။ တရားသမားအချို့လည်း ကြုံဖူးကြပါတယ်။ သို့သော် စံနစ်တကျ လေ့ကျင့်ထားတာ မဟုတ်ခဲ့ရင်တော့ (ငါတော့ဖြင့် ဘယ်လို လေ့ကျင့်လိုက်လို့ မြင်ရတယ်၊ နောက်တစ်ခါ မြင်ရအောင် ဘယ်လိုလေ့ကျင့်ရမယ်။) ဆိုတဲ့ ကျင့်စဉ် သူတို့မှာ အတိအကျ မရှိခဲ့ပါဘူး။ မြင်ရင် ဘာဆက်လုပ်မယ် ဆိုတဲ့ သေချာတဲ့ လမ်းစဉ်လဲ မရှိပြန်ပါဘူး။ အဲဒီအခါမှာ တရုတ်သိုင်း စာအုပ်တွေထဲကလို အဘယ်သို့ လုပ်လိုက်သည် မသိ အဘယ်ကဲ့သို့ ဖြစ်သွားသည် မသိ ဆိုတာတွေက များလာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒီနေရာမှာ မဆီမဆိုင်ပဲ ဆိုပါတော့ဗျာ။ ငယ်ငယ်က မန္တလေးမှာ နေတော့ စာချဆရာတော်တစ်ပါးက ဆုံးမတာကို သတိရမိပါတယ်။ ဦးဇင်းတို့ ရဟန်း တစ်ဝါ နှစ်ဝါ ရစကပေါ့။ အောက်ပြည်က ဘုရားဖူးလာတဲ့ ဧည့်သည်တွေ ဦးဇင်းတို့ကျောင်းကို ရောက်လာကြပါတယ်။ သူတို့ထဲမှာ ခပ်လှလှ အမျိုးသမီးငယ်လေးတွေလဲ ပါလာတာ ပေါ့လေ။ တိုင်းရင်းသူလေးတွေ ဖြစ်လေတော့ အသားကဖြူနေတာမို့ ကြည့်လို့ အတော် ကောင်းသကိုး ဒကာရဲ့။ ဦးဇင်းတို့ကလည်း ရဟန်းငယ်ပီပီ သိသိသာသာရော မသိမသာရော ငေးကြတာပေါ့။ ဒီကိစ္စကို ဆရာသမားသိတော့ (ငါ့ရှင်တို့ လက်တည့် မစမ်းကြနဲ့နော်။ တည့်တည့်ချိန်ပြီး ပစ်တဲ့လူမှာက ဘယ်လိုပစ်ရင် မှန်နိုင်တယ် ဆိုတဲ့ ပစ်နည်း ရှိပြီးသား။ မှန်ပြီးရင် ငါ ဘာဆက် လုပ်မယ်ဆိုတဲ့ လမ်းစဉ်ကလဲ ရှိပြီးသားဗျ။ သူ့အတွက်က ပြဿနာ မရှိဘူး။ လက်တည့်စမ်းတဲ့ သူသည်သာလျှင် မှန်ပြီးရင် ဘာဆက်လုပ်မယ်ဆိုတဲ့ လမ်းစဉ်က မရှိလေတော့ ပြဿနာဖြစ်တတ်တယ်။)လို့ ဆုံးမပါတယ်။ လက်တည့်တော့ စမ်းကြည့်ခဲ့တယ် ဒကာတော်ရေ့။ ကံကောင်းလို့ မမှန်ခဲ့တာဗျား။ မှန်များသာ မှန်ခဲ့ရင်တော့ ခုနေခါ ဒုက္ခလှလှကြီးနဲ့ အတူ ဘယ်သောင် ဘယ်ကမ်းများ ဆိုက်နေမယ် မဆိုနိုင်ဘူး။ (စာလေးကြီးတွေပဲ ဆက်တိုက် ဖတ်နေရတော့ အီနေမှာစိုးလို့ အချဉ်နဲ့နဲ ထည့်ကြည့်တာပါဗျာ။ ဖြစ်တာကတော့ တကယ်ဖြစ်ခဲ့တာပါ။) ဘာဖြစ်လို့ ပရမတ် အစစ်ကို မဆိုက်ခဲ့ပါသလဲ။ ဒီမေးခွန်းကို ဖြေရင်းနဲ့ ဒုတိယဝါကျကို ဆက်လက်လို့ ဆွေးနွေးကြရအောင်။ ပရမတ်အစစ်ကို ဆိုက်အောင် ကြိုးစားအားထုတ် သူကို မတွေ့ဖူးသေးခြင်းက အဓိက ဖြစ်လိမ့်မယ်လို့ ယူဆပါတယ်။ စာပေထဲမှာတော့ ရှိတာပေါ့လေ။ လက်တွေ့လုပ်ပြသူ၊ သင်ပေးသူကို မတွေ့ဖူးသေးလေတော့ "ပရမတ်ဆိုက်အောင် အားထုတ်ရတယ်"ဆိုတာကို ဘုရားဟောမို့လို့သာ သဒ္ဓါနှစ်ပြီးတော့ ယုံနေကြတဲ့သူက များနေသလားလို့ပါ။ ဦးဇင်းကိုယ်တိုင်လဲ အဲသလို ထင်ခဲ့ဖူးပါတယ်။

ကံကောင်းတာတစ်ခုကတော့ ရုပ်ပရမတ် နာမ်ပရမတ်အစစ်ကို ဆိုက်အောင် လက်တွေ့ ကျင့်ကြသူတွေ အများကြီးနဲ့ ဦးဇင်းဆုံဖူးပါတယ်။ သူတို့တွေက စံနစ်တကျ လေ့ကျင့် ထားတာ ဖြစ်လေတော့ နောက်တစ်ခါ မြင်အောင် ဘယ်လိုလေ့ကျင့်ရမယ်ဆိုတဲ့ ကျင့်စဉ်က သူတို့မှာရှိပြီးသား။ မြင်ပြီးတဲ့ နောက်မှာ ဘာဆက်လုပ်ရမယ်ဆိုတဲ့ လမ်းစဉ် ကိုလဲ သူတို့က ချမှတ်ပြီးသားဖြစ်ပါတယ်။ ဆိုတော့ကာ တရုတ်သိုင်းစာအုပ်ထဲ ကလို အဘယ်သို့ လုပ်လိုက်သည် မသိ၊ အဘယ်ကဲ့သို့ ဖြစ်သွားသည် မသိ ဆိုတာမျိုး ဖြစ်တာ သူတို့မှာ အင်မတန် နည်းပါတယ်။ ဒါသည်ပင်လျှင် ဧဟိပဿိက ဆိုတဲ့ တရားတော်ရဲ့ ဂုဏ်တစ်ရပ်မဟုတ်ပါလား ဒကာမင်းဒင်။

ပရမတ်အစစ်ကို ဆိုက်အောင် မြင်ဖို့ဆိုရင် ပရမတ်ကို သိနိုင်တဲ့ ခွန်အားရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဓာတ်လိုတယ်၊ စာသံပေသံနဲ့ ပြောရရင်တော့ သမာဓိလိုပါတယ်လို့ ဦးဇင်း ဆိုခဲ့တယ်နော်။ တရားသမား အတော်များများဟာ သမာဓိဆိုတာကို လိုအပ်တာထက် ပိုပြီး ကြောက်နေကြပါတယ်။ ဘာဖြစ်လို့ သမာဓိ ဆိုတာကို ကြောက်နေကြပါသလဲ။ အကြောင်းရင်းကို သိချင်ရင် ဓမ္မသမိုင်းကို လှန်ရပါတော့မယ်။

ပဋိပတ္တိကို မှတ်တမ်းတင်သူတွေထဲမှာ အထင်ရှားဆုံး ပုဂ္ဂိုလ်သည် ဓမ္မာစရိယ ဦးဌေးလှိုင်ပါလို့ ပြောရင် ဒကာမင်းဒင်လဲ သဘောတူလိမ့်မယ် ထင်ပါတယ်။ ဦးဇင်းရဲ့ ဦးဌေးလှိုင် လူကိုယ်တိုင် မရင်းနှီးပေမယ့်လို့ သူ့ကျေးဇူးကတော့ဖြင့် ဦးဇင်းအပေါ်မှာ အင်မတန် များပြားလှပါတယ်။ ပဋိပတ္တိကို စိတ်ဝင်စားတာ သူ့ကျေးဇူးပါ။ ခုလို ဘဝပုံစံနဲ့ ရပ်တည်နေဖြစ်တာလည်း သူ့ဩဇာကြောင့်ပါ။ သို့သော် သမိုင်းကို သုံးသပ်တဲ့ နေရာမှာ တစ်စုံတစ်ယောက်ကို အားနာနေရင် အနာဂတ်ကို သစ္စာဖောက်ရာ ရောက်တယ် ဆိုတဲ့ စကားလည်း ရှိတယ်မဟုတ်လား။ ကျေးဇူးရှိပင်ရှိငြားသော်လည်း မှားတာကိုတော့ မှားတယ် လို့ပဲ ပြောရမှာပါ။ သူမှားတာက ရိုးသားစွာ မှားခြင်း ဖြစ်လေတော့ ပြောရတာ အားနာစရာတော့ မရှိလှပါဘူး။ တကယ်တော့ တစ်ချက်တည်း မျှသာ မှားခြင်း ဖြစ်ပါတယ်။ ဒီလို ဘာလို့ မှားရပါသလဲ။ ဆရာကြီး ဦးဌေးလှိုင်တို့ ဖြတ်သန်းခဲ့တဲ့ ခေတ်ကို သုံးသပ်ကြည့်ပါမှ နားလည်နိုင်ပါလိမ့်မယ်။

သူတို့ခေတ် သူတို့အချိန်တုန်းက တရားကို လက်တွေ့ကျင့်ကြသူတွေ အပိုင်းမှာ ဂိုဏ်းဆရာတွေက ဦးဆောင်လို့နေပါတယ်။ အစစ်အမှန်တွေလဲ ရှိပါလိမ့်မယ်၊ အယောင်အဆောင်တွေကလည်း အတော်များပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် ကျင့်စဉ်ပိုင်းမှာ သူတို့တွေ ရှေ့တန်းက နေရာယူခဲ့ကြတယ် ဆိုတာကိုတော့ လက်ခံရမှာပါ။ ကောင်းပြီ သူတို့ ဘာတွေကျင့်ကြပါသလဲ။ အများစုကတော့ ဖိုထိုးတယ်၊ ပုတီးစိပ်တယ်၊ တစ်ချို့လည်း ဂါထာတွေ ရွတ်ဖတ်သရဇ္ဈာယ်ပေါ့လေ။ အဲသလို ကျင့်ရင်းကနေ အထိုက်အလျောက် အကျိုးကျေးဇူးတွေ ရရှိကြပါတယ်။ အကျင့်ကြောင့် ဖြစ်ပေါ်လာတဲ့ အောင်မြင်မှု ကျော်ဇောမှုတွေရဲ့ ဒဏ်ကို ခံနိုင်တဲ့ သူတွေလဲ ရှိခဲ့ပါတယ်။ ရရှိလာတဲ့ အကျိုးအပေါ်မှာ အခြေခံပြီး အများအကျိုးကို ဆောင်သူတွေလဲ ရှိတန်သလောက်တော့ ရှိခဲ့မှာပါ။

သို့သော် အကျင့်ကြောင့် ဖြစ်ပေါ်လာတဲ့ အောင်မြင်မှု ကျော်ဇောမှုတွေရဲ့ ဒဏ်ကို မခံနိုင်တဲ့ သူတွေက ထင်ရှားခဲ့ပါတယ်။ ရရှိလာတဲ့ အကျိုးအပေါ်မှာ အခြေခံပြီး ကိုယ်ကျိုးရှာသူတွေက ပိုလို့လူသိများခဲ့ပါတယ်။ ဂိုဏ်းဆရာတွေထဲမှာ လူ့ကျင့်ဝတ်ကို ကိုတောင် ချိုးဖောက်တဲ့သူတွေ အထိ ရှိလာပါတယ်။ သူများမယား ကြာခိုတဲ့ သမီးပျိုတွေကို ဖျက်ဆီးတဲ့ သူတွေအထိ ရှိခဲ့တယ်လို့ တဆင့်စကား ကြားရပါတယ် ဟာ! ဒီလိုလူတွေကို ကိုးကွယ်နေသူတွေဟာ ငတုံးတွေပေါ့လို့ အပြစ်တင်



www.burmeseclassic.com

www.burmeseclassic.com

မစောစေချင်ပါဘူး။ သူ့ခေတ်သူ့အခါမှာ လက်တွေ့ကျင့်နေသူ ဆိုလို့ သူတို့ပဲ ရှိကြတာလေ။ အများက ကိုးကွယ်နေသူ တစ်ယောက်ရဲ့ အပြစ်ကို မြင်ဖို့ သိဖို့ ဆိုတာလည်း လွယ်တဲ့ကိစ္စမှ မဟုတ်တာဗျာ။ နောက်တစ်ခုက သဒ္ဓါလွန်ပြီ ဆိုတော့ လည်း ပညာအား နည်းသွားတတ်တာက ဓမ္မတာပဲ မဟုတ်ပါလား။ လက်တွေ့ကျင့်စဉ် ပိုင်းမှာ နေရာယူနေတဲ့ အဲသလို လူတွေကို ဖယ်ထုတ်ပစ်သင့်ပါတယ်။ ဖယ်ထုတ်ဖို့ တာဝန်ယူခဲ့သူတွေလဲ ရှိခဲ့ပါတယ်။ အဲသည် တာဝန်ယူခဲ့သူတွေထဲမှာ ထင်ရှားသူ တစ်ဦးကတော့ ဓမ္မာစရိယ ဦးဌေးလှိုင်ပါပဲ။ သူ့ ကလောင်စွမ်းကလည်း အင်မတန်ထက်ပါတယ်။ ယနေ့ ထက်ထိ ပဋိပတ်နဲ့ ပတ်သက်လို့ ရေးနေကြတဲ့သူ အများစုဟာ သူ့ဩဇာကို မလွန်နိုင်ကြပါဘူး။ (ဒကာ မင်းဒင်အပါအဝင်ပေါ့)

သို့သော်... ဤ သို့သော်က အင်မတန် အရေးကြီးပါတယ်။ ထို ဂိုဏ်းဆရာတွေကို ဖယ်ထုတ်ခဲ့စဉ်က ဂိုဏ်းဆရာတွေကို ဦးဌေးလှိုင်တို့ တပ်ခဲ့တဲ့ နာမည်က အတော်လေး ပြဿနာဖြစ်စေလိမ့်မယ် ဆိုတာ ဘယ်သူမှ သတိမူခဲ့မိကြမယ် မထင်ပါဘူး။ ဦးဌေးလှိုင်က ပဋိပတ်ကို ဦးဆောင်မယ့်ဆရာတော်သစ် လူသစ်တွေကို ဝိပဿနာသမားလို့ နာမည်ပေးခဲ့ပါတယ်။ ကောင်းပေစွ။

အတုအယောင် ဂိုဏ်းဆရာ ကြာကူလီအုပ်စုကို သမထသမားတွေလို့ နာမည်ပေးလိုက်ခြင်း ကတော့ အလွန့် အလွန် ကြီးမားတဲ့ အမှားကြီးတစ်ခု ဖြစ်တယ်လို့ပဲ ဆိုချင်ပါတယ်။ အင်မတန် မြင့်မြတ်တဲ့ ဓမ္မရဲ့အမည်တစ်ခုကို ကြောင်သူတော် ကြာကူလီတွေကို ပေးပစ်လိုက်တာ ဘယ်လောက်များ အရုပ်ဆိုးလိုက်ပါသလဲ။ အဲသည်တော့ ပဋိပတ်လောကမှာ သမထသမားဆိုရင် ဂိုဏ်းသမား။ ဂိုဏ်းသမားဆိုရင် ကြာကူလီ။ သမထဆိုတာ ကြာကူလီသမားတွေ အလုပ်လို့ မြင်လောက်အောင်ကို ဖြစ်သွားခဲ့ပါတယ်။

နောက် တဆင့်တက်ပြီးတော့ ဝိပဿနာသည်သာ သာသနာတွင်းတရား။ သံသရာ ပြတ်ကြောင်း–လို့ ဆိုကြပြန်ပါတယ်။ မှန်ပါတယ်။ သည်အထိ ငြင်းစရာမရှိ။ သို့သော် သမထသည် သာသနာပအခါတွင်လည်း ကျင့်နိုင်သောကြောင့် သာသနာတွင်း တရားမဟုတ်၊ ကျင့်လျှင် သံသရာ လည်မည်။ ဒေဝဒတ်ကျင့်ခဲ့သည့် လမ်းစဉ်၊ မကျင့်ကောင်း–ဆိုတဲ့ အထိ တွန်းပို့ခဲ့တာ ကတော့ဖြင့် အင်မတန် ဆိုးလွန်းပါတယ်။ (သူတို့ အမွှန်းတင်ခဲ့တဲ့ ဝိပဿနာ–ဆိုတာကလည်း ဘယ်လောက် စစ်မှန်ပါသလဲ။ ဒါကလည်း ဆန်းစစ်စရာပါ။)

နာမည်ပေး မှားတာ ဘာအရေးလဲလို့ မအောက်မေ့ပါနှင့် ဒကာ မင်းဒင်။ အဲသည်ကနေ တကယ် တန်ဖိုးရှိတဲ့ သမာဓိကျင့်စဉ်ဟာ သာသနာကနေ ဖယ်ထုတ်ခံ လိုက်ရပါတယ်။ ဘုရားသာသနာ=ဘုရားရဲ့ အဆုံးအမ ဆိုတာ ဘာလဲ–လို့ မေးခံရရင်



www.burmeseclassic.com

www.burmeseclassic.com

ဘာသာရေး ဗဟုသုတရှိသူ အတော်များများကတော့ဖြင့် သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်လို့ ခွဲခွဲခြားခြား ကူကူပဲ ဖြေကြပါလိမ့်မယ်။ ကဲ အဲဒါတွေကို ကျင့်ကြရအောင်ဆိုရင် သမာဓိကျင့်စဉ်ကို မသိမသာ ဖြစ်စေ သိသိသာသာ ဖြစ်စေ ကန့်ကြပါလိမ့်မယ်။ တချို့ကလည်း ဈာန်လမ်းကို မလိုက်လေနဲ့ ဘာမှတ်သလဲ ဈာန်ထဲမှာ မျောသွားလို့ နိဗ္ဗာန်နဲ့ လွဲသွားလိမ့်မယ်လို့လဲ ဖြဲချောက်ကြပြန်ပါတယ်။

ဈာန်သည် သာသနာပမှာလည်း ကျင့်လို့ရတယ်။ ဝိပဿနာသည် သာသနာတွင်းမှာသာ ကျင့်လို့ရတယ်-လို့ ဘုရားကလည်း ဟောခဲ့တယ်- မဟုတ်ပါလားလို့တော့ စောဒက တက်စရာရှိပါတယ်။

ဘုရားရှင်က ဝိပဿနာ ရှုနိုင်ပါလျက်ကယ်နှင့် ဈာန်ကို အထွဋ်အထိပ်ထားသူတွေ၊ ဈာန်ကို အနှစ်သာရလို့ ထင်နေသူတွေ၊ ဈာန်ကိုပဲ ဖက်တွယ်နေကြတဲ့ သူတွေကို တရားဟောတဲ့အခါ "ချစ်သားတို့ ဈာန်သည် သာသနာရဲ့ အနှစ်သာရမဟုတ်ဖူး၊ သာသနာရဲ့ နောက်ဆုံးပန်းတိုင် မဟုတ်ဖူး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်သည်သာ သာသနာရဲ့ အနှစ်သာရ သာသနာရဲ့ နောက်ဆုံးပန်းတိုင်"လို့ ဟောခဲ့တာပါ။ ဈာန်ကို ပစ်ပယ်ဖို့၊ မကျင့်ဖို့ ဟောခဲ့တာ မဟုတ်ပါဘူး။

ဒီနေရာမှာ ဦးဇင်း မကျွမ်းကျင်တဲ့ နယ်က ဥပမာတစ်ခု ထုတ်ပြချင်ပါတယ်။ (မှားခဲ့ရင်လဲ ကိုယ့် ဒကာချင်းပဲဗျာ။ ကိစ္စ မရှိနိုင်ပါဘူး။) အမေရိကန်လွှတ်တော်ထဲမှာ နိုင်ငံရေး ကျွမ်းကျင်သူ တစ်ယောက် ဥပဒေမူကြမ်းတစ်ခု တင်ပြတာကို သမ္မတက "ဒီမိုကရေစီလမ်းစဉ်မှာ တဖက်သား မထိခိုက်ရင် လွတ်လပ်စွာ ပြောဆို ပြုမူခွင့်ရှိတယ် ဆိုပေမယ့် ခင်ဗျားတင်တဲ့ ဥပဒေမူကြမ်းမှာ အားနည်းချက်တွေ ရှိနေပါတယ်။ ပြန်လည် သုံးသပ်ပါအုံး"လို့ ပြောမယ် ဆိုပါတော့။

အဲဒီ စကားကို ကြားကြတဲ့ နိုင်ငံရေး ကျွမ်းကျင်သူတွေ နားလည်ပုံနဲ့ အာဏာရှင်စနစ်ကို ကြိုက်သူရဲ့ နားလည်ပုံကတော့ ဘယ်လိုမှ တူမှာမဟုတ်ပါဘူး။ သူက ဒီမိုကရေစီဆိုတာ မကောင်းဘူး၊ သူတို့ ဥပဒေမှာ အားနည်းချက်တွေနဲ့ ဆိုတာကို အမေရိကန်သမ္မတကြီး ကိုယ်တိုင် ဝန်ခံသွားပါတယ်-လို့ ပြောမှာ သေချာပါတယ်။

ကဲ၊ အနီ ပုဂ္ဂိုလ်ရဲ့ စကားကို ဦးဇင်းတို့တွေ အခိုင်အမာ ယူပြီး အမေရိကန် သမ္မတကိုယ်တိုင် သူတို့ ဥပဒေမှာ အားနည်းချက်တွေ ရှိတယ်၊ ပြန်လည် သုံးသပ်စရာတွေ ရှိတယ်-လို့ ပြောခဲ့တဲ့ အတွက် ဒီမိုကရေစီဆိုတာ မကျင့်သုံးသင့်တဲ့ စနစ်တစ်ခုလို့ ကောက်ချက်ချရင် ဒကာမင်းဒင် ဘယ်လို သဘောရပါသလဲ။

အာဏာရှင်စနစ်ကြိုက်သူ ပြောတာ မမှန်ဘူးလား။ သမ္မတ မပြောခဲ့ဖူးလား မေးရင် မှန်တော့ မှန်ပါတယ်။ သမ္မတကလည်း ပြောခဲ့ပါတယ်။ သို့သော် အမေရိကန်သမ္မတ ပြောတဲ့စကားသည် အာဏာရှင်ကို ရည်ရွယ်ပြီးပြောခဲ့တာ


www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ပါဘူး။

ဒီ ဥပမာ အတိုင်းပါပဲ။ ဈာန်သည် သာသနာရဲ့ အနှစ်သာရမဟုတ်ဖူး၊ သာသနာရဲ့ နောက်ဆုံးပန်းတိုင် မဟုတ်ဖူး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်သည်သာ သာသနာရဲ့ အနှစ်သာရ သာသနာရဲ့ နောက်ဆုံးပန်းတိုင်–လို့ ဟောခဲ့ခြင်းသည် ဦးဇင်းတို့လို သမာဓိဆိုတာ ဘာမှန်းမသိ ဝိပဿနာ ဆိုတာလည်း ဘာမှန်းမသိတဲ့ ပါချီပါချက်တွေကို ရည်ရွယ်ပြီး ဟောနေတာ မဟုတ်ပါဘူး။ အဲဒါလေးကိုတော့ သတိမူကြရမယ်လို့ ထင်ပါတယ်။

ဒကာမင်းဒင်

သမထသမားလို့ ဆရာကြီး ဦးဌေးလှိုင်တို့တွေ အမည်ပေးခဲ့တဲ့ သူတွေရဲ့ ကျင့်စဉ်တွေကို လက်လှမ်း မီသလောက် အကဲခတ်ကြည့်စေချင်ပါတယ်။ သူတို့တွေဟာ သမထကျင့်စဉ်ကို တကယ် ကျင့်ခဲ့ကြတာ မဟုတ်ပါဘူး။ ဘုရားစရိတ်နဲ့ သာသနာပ အကျင့်တွေကို ကျင့်တာပါလို့ပဲ ပြောပါရစေ။ အဲသလို သာသနာ့ဝန်စီး (ဝန်ထမ်း မဟုတ်ပါ) တွေကို သမထသမားလို့ နာမည်ပေးလိုက်တော့ အကျိုးဆက် အနေနဲ့ ယနေ့ သက်ခိုင်အပါအဝင် တရားအားထုတ်လိုသူ အတော်များများဟာ သမထကို မသိစိတ်ကနေ ကြောက်ပြီးတော့ ငြင်းပယ်နေကြပါတယ်။ ဒါသည်ပင်လျှင် ဦးဇင်း ဆွေးနွေးချင်တဲ့ ဒုတိယဝါကျ ဖြစ်ပါတယ်။

(ဒကာမင်းဒင် ဆန္ဒရှိတယ် ဆိုရင်ဖြင့် သမာဓိအကြောင်းနဲ့ ဝိပဿနာအကြောင်းတွေကို အနည်းငယ် ဆက်လက်လို့ ဆွေးနွေးချင်ပါသေးတယ်။ ပြီးရင်တော့ ဦးဇင်းတို့ ထုတ်ခဲ့တဲ့ ပေတံတွေနဲ့ သက်ခိုင်ရဲ့ အတွေ့အကြုံတွေကို တစ်ကန့်ချင်း တိုင်းတာလို့ သုံးသပ်ကြတာပေါ့။)

နာမည်အပေးမှားရာကနေ လိုအပ်တာထက်ပိုပြီး ကြောက်ကြတာကြောင့် သမထသည် ပဋိပတ္တိနယ်ကနေ ဖယ်ထုတ်ခံရတဲ့အကြောင်း ဦးဇင်းတို့ ဓမ္မသမိုင်းနဲ့ ယှဉ်ပြီး ဆွေးနွေးခဲ့ကြတယ်နော်။ ဖယ်ထုတ်မိတော့ သမထကို ဘုရားဟောတဲ့ အတိုင်း စနစ်တကျ မကျင့်ဖြစ်ကြတော့ပါဘူး။ စနစ်တကျ ကျင့်ရမယ့် သမထကို ချန်ထားပြီး ကျင့်လာကြတော့ စံချိန်မမီတဲ့ သမာဓိ–ဆိုတာ ဖြစ်ကိုဖြစ်ပါတယ်။ စံချိန်မမီတဲ့ သမာဓိကတော့ ဦးဌေးလှိုင်တို့ ပြောတာထက် ပိုလို့ အန္တရာယ်ကြီးပါတယ်။ ပရမတ်ကို မြင်နိုင်တဲ့ လမ်းစဉ်နဲ့ လွဲသွားသည်အထိ အန္တရာယ်ကြီးပါတယ်။

ဒကာမင်းဒင်လည်း ဒီပုံပြင်လေးကို ကြားဖူးမှာပါ။ ရှေးတုံးက ရွာသား တစ်ယောက် မျက်စိလည်ပြီး တောနက်ထဲကို ရောက်ခဲ့သတဲ့။ ဆေးဝိဇ္ဇာတစ်ယောက် သစ်မြစ်သစ်ဥတွေ ပေါင်းစု၊ ကျောက်ပြင်မှာ ထောင်းထုပြီး သောက်ပုံ၊ တောင်ငှက်ကို ထောက်လို့ ခုန်လိုက်တော့ လေထဲကို ရောက်သွားပုံ၊ ပြီးတော့ လေငှက်နှင်းလို့



www.burmeseclassic.com

www.burmeseclassic.com

ခရီးနှင်သွားပုံကို သူတွေ့ခဲ့ရတယ်ဆိုပဲ။ ဒါနဲ့သူလည်းပဲ ဇော်ဂျီဆေးကြိတ်လို့ သောက်ခဲ့တဲ့ ကျောက်ပြင်ပေါ်က ဆေး အကြွင်းအကျန်လေးကို သောက်၊ ဇော်ဂျီကို တုပြီး တုတ်တစ်ချောင်းကို ထောက်လို့ ခုန်လိုက်တော့ လေထဲကို ရောက်တော့ရောက်ပါရဲ့။ ဇော်ဂျီလောက် အမြင့်ကို မရောက်ဖူးဖြစ်နေတယ်။ ပြီးတော့ ဇော်ဂျီအစစ်လို လေဟုန်စီးလို့ ခရီးကိုလည်း မနှင်နိုင်၊ လူသာမန်လိုလဲ လမ်းလျှောက်လို့မရနဲ့ ဇော်ဂျီ မဟုတ် လူမဟုတ်တဲ့ ဇော်ကန့်လန့်ဆိုတာ ဖြစ်သွားပါသတဲ့။

ထို့အတူပါပဲ၊ စံချိန်မမီတဲ့ သမာဓိကိုသာ ရခဲ့တယ်ဆိုရင်ဖြင့် တကယ့်ဝိပဿနာလဲ မရောက် ပုံမှန်လိုလဲ လောကကြီးမှာ မပျော်နဲ့။ အတော်ကို အနေရ အထိုင်ရခက်တတ်ပါတယ်။ အကြောင်းရင်းကတော့ သမထကို ကြောက်ခြင်းက စခဲ့တာပါ။

အဲသလို မဖြစ်ရလေအောင် သမထကို မကြောက်တဲ့စိတ်ကို မွေးပြီး သမထကမ္မဋ္ဌာန်း ၄၀–ထဲက တစ်ခုခုကို စံနစ်တကျ(စံနစ်တကျ) အားထုတ်ရပါမယ်။ အဲဒါဆိုရင် စံချိန်မီတဲ့ သမာဓိကို ရနိုင်ပါတယ်။ အဲဒီ စံချိန်မီတဲ့ သမာဓိကသာလျှင် ပရမတ်ကိုဆိုက်အောင် ပို့ပိုးပေးမှာပါ။

စံချိန်မီတဲ့ သမာဓိက ဈာန်သမာဓိနဲ့ ခဏိကသမာဓိရယ်လို့ နှစ်မျိုးရှိပါတယ်။ ဈာန်သမာဓိ အကြောင်းကို အရင် ဆွေးနွေးရအောင်ပါ။ ဈာန်အကြောင်း ပြောရတာအင်မတန် လက်ဝင်ပါတယ်။ စာတတ်ပေတတ် ကမ္မဋ္ဌာန်းပြနေသူ အချို့တောင်မှ ဈာန်ရဲ့အဘိညာဉ်အကြောင်းကို ကွဲကွဲပြားပြား သတိမထားမိကြပါဘူး။ အဲ–– ကိုယ်တွေ့ကိုတွယ်ချင်ဇောနဲ့ ပြောတာမို့လို့ မေ့သွားတာလည်း ဖြစ်နိုင်ပါတယ်။

"မောင်ရင်က ဈာန်ရတဲ့ မိတ်ဆွေတွေကို မြင်ဖူးတယ် ဆိုတော့ ခေါ်ခဲ့စမ်းပါဗျာ။ နှစ်တောင်လောက် မြင့်အောင် ခုန်ပြနိုင်ရင် ကျုပ်တို့ ယုံလိုက်မယ်"တဲ့။

"အင်း အဲဒါမှ ခက်ကပြီ"လို့ တွတ်ပီ ညည်းနည်းကားနဲ့သာ ညည်းလိုက်ချင်ပါတော့တယ်။

"ဈာန်ရရင် ပျံနိုင်တယ်လို့ ခင်ဗျားတို့ကို ဘယ်သူပြောသလဲ။ ဘုရားဟောတဲ့စာပေထဲမှာတော့ ဈာန်ရတဲ့သူ ကောင်းကင်ပျံနိုင်တယ်လို့ မပါဘူးဗျ။"လို့ ပြောလိုက်ရင်အတော်များများက အူကြောင်ကြောင်တွေ ဖြစ်ကုန်ပါတယ်။ တကယ်ပါ ဒကာမင်းဈာန်ရသူတွေ မပျံနိုင်ကြပါဘူး။ လောကီဈာန်သမာပတ်တွေကို ရ၊ ကျွမ်းကျွမ်းကျင်ကျင်နဲ့ ဝင်စားနိုင်လို့ ပဥ္စမဈာန်စိတ်ကို ၁၄–မျိုးသော နည်း–တို့ဖြင့် အကြိမ်ပေါင်းများစွာ အချိန်ပေါင်းများစွာ အသည်းအသန် လေ့ကျင့်ပါမှ အဘိညာဉ်ဆိုတာကို ရနိုင်တယ်။ ယောင်တောင်ပေါင်တောင် ကျင့်ရုံနဲ့တော့ဖြင့် နီးစပ်ဖို့ နေနေသာသာ၊ အူလို့တောင်ကြားမှာ မဟုတ်ပါဘူး။ ကိုင်း အဘိညာဉ်ကို ရပါပြီတဲ့။ ကောင်းကင်ကို ပျံလို့ပြီလားဆိုတော့ မရသေးဖူးဗျ။





www.burmeseclassic.com

www.burmeseclassic.com

အဘိညာဉ် ၆-ပါးထဲက ဒိဗ္ဗစက္ခုစတဲ့ အဘိညာဉ်ရသူကို ပျံနိုင်းလို့ မရနိုင်ပါဘူး။ ဣဒ္ဓိဝိဓ အဘိညာဉ်ရဲ့ တစ်စိတ် တစ်ဒေသကို ရမှသာ ပျံနိုင်တာပါ။ ဒီနေရာမှာ ပုံပြင် တစ်ပုဒ်ကို သတိရမိပြန်ပြီ။ စာချဘုန်းကြီးလုပ်လာတာဆိုတော့ အကျင့်က ဖျောက်ဖို့ အခက်သားဗျ။ သည်းခံလို့သာ ဖတ်ပေရှော့။

တစ်ခါတုန်းက ဆိုပါတော့လေ။ ရှေးရှေးတုန်းကတော့ မဟုတ်ပါဘူး။ ရွာမှာ ကျောင်းဆောက်တော့ ဘယ်သူတွေကတော့ဖြင့် ဘယ်လောက် လှူသင့်တယ်။ သို့သော် လှူရမယ်တော့ မဟုတ်ဖူးပေါ့လေ။ အဲဒါတွေကို ဒကာ ဒကာမတွေ ဆွေးနွေးတိုင်ပင်ကြသတဲ့။ အဲဒီ အခါမှာ ဒကာမကြီး တစ်ယောက်က "ငါသာ ထီပေါက်ပါစေဟယ်။ ငါ တစ်ဦးတည်း အကုန် လှူပစ်လိုက်မယ်"လို့ ဆိုပါတယ်။ ဒါနဲ့ လူငယ်တစ်ယောက်က "အဒေါ်က ထီရော ထိုးလို့လား" မေးတော့ "ဟောတော်၊ ထီဆိုတာ ထိုးရသေးသလား တဲ့။ သိပါဘူးကွယ် ထီဆိုတာ အစိုးရက အလကားပေးတယ် အောက်မေ့လို့"တဲ့။ ထီပေါက်ဖို့အတွက် ရှေးဦးစွာ ထီထိုးဖို့လိုတယ် ဆိုတာလောက်မှ မသိတဲ့လူ ဒီခေတ်ကြီးမှာ ရှိသေးသလား လို့ ကရုဏာ ဒေါသ မဖြစ်ပါနဲ့ ဒကာမင်းဒင်။ ဒါလဲ တကယ် ဖြစ်ခဲ့တာပါဗျာ။

ဒကာမင်းဒင်ရေ၊ အဲသလိုပဲဗျ။ "သမထနှင့် ဝိပဿနာသည် တစ်ခြားစီ။ ဖြစ်သဟာကြောင့် သမထကို မကျင့်ကောင်းဘူး"လို့သာ စွတ်အော်နေကြတာ။ ဝိပဿနာဉာဏ်ရဖို့ ရှေးဦးစွာ သမထ ကမ္မဋ္ဌာန်းကို စနစ်တကျ ကျင့်ဖို့လိုတယ်၊ သူတို့တွေလဲ သမထကို (စနစ်ကျတာ၊ မကျတာ တကဏ္ဍထားလို့) ကျင့်ခဲ့တယ် ဆိုတာကိုတော့ သတိမူ မိကြဟန် မတူဘူးဗျ။

နောက်တစ်ခုပိုဆိုးတာက ဈာန်သမာဓိကို ရအောင်ကျင့်တဲ့ သူတော်ကောင်းတွေ အဘိညာဉ်ရတဲ့ သူတော်ကောင်းတွေကို ဝိပဿနာနဲ့တော့ ဝေးရှာပြီ၊ သနားပါတယ်-ဆိုတဲ့ ကရုဏာသံလေးတွေ ကြားရတတ်ပါသေးတယ်။ မစိုးရိမ်ဆရာတော်ကြီး စက်ဘပူရောက်တော့ ရွှေကျောင်းသား တစ်ယောက်နဲ့ ပြောဖြစ်တဲ့ စကားအကြောင်းကို သတိရမိတယ်ဗျာ။ မောင်ရွှေကျောင်းသားက "စက်ဘပူက ကလေးတွေ သနားစရာ ဘုရား"လို့ လျှောက်သတဲ့။

ဆရာတော်က"အမယ် မောင်ရင်က ဘာများ သနားသလဲကွဲ့"ဆိုတော့ "စက်ဘပူမှာ လမ်းတွေက သိပ်ကောင်းတာ ဆရာတော်၊ ကားမဆောင့်တော့ သူတို့လေးတွေ အစာမှ ကြေပါ့မလား ဆိုတာကို တွေးမိလို့ပါ ဘုရား"လို့ လျှောက်တယ်ဆိုပဲဗျ။

နောက်တစ်ယောက်တွေ့ဖူးသေးတယ်ဗျ။ ဈာန်ရပြီး သေလို့ ဗြဟ္မပြည်ကို ရောက်သွားရင် ဘယ့်နှယ်လုပ်မလဲ-တဲ့။ ဒေဝိလရသေ့ကြီးလို ဘုရားနဲ့ ... ပြီး တရားမနာရရင် နိဗ္ဗာန်မရဖြစ်မှာပေါ့-တဲ့။ အင်း--- ဘယ်လိုပြောရပါ့။ ကောင်းတော့လဲ



www.burmeseclassic.com

www.burmeseclassic.com

မကောင်းဘူးဗျာ။ တောသားတွေကို နှိမ်သလို ဖြစ်နေတဲ့ ပုံတစ်ခုတော့ ပြောချင်သေးတယ်။

တစ်ခါက တောသားတစ်ယောက် စစ်ကိုင်းတံတားကို အလည်တဲ့အခါ "တံတားပေါ် တက်ပြီး လမ်း မလျှောက်ရဲဘူး"လို့ ဆိုလို့ မေးကြည့်တော့ "နင်တို့ဟာက တံတားလို့သာ ဆိုတယ်၊ နီးလဲ တစ်ပင်မှ တုပ်ထားတာ မတွေ့ဘူး။ ငါ ဘယ်လိုလုပ် တက်ပြီး လမ်းလျှောက်ရဲမလဲဟ"လို့ ပြန်ပြောသတဲ့။

တကယ်တော့ စံနစ်တကျကျင့်လို့ ရလာတဲ့ ဈာန်သမာဓိက ကြောက်စရာ မဟုတ်ပါဘူး။ အင်မတန် အသုံးဝင်ပါတယ်။ အဲဒီဈာန်က ရုပ်စစ် နာမ်စစ်ကို မြင်အောင် ထောက်ပံ့ပေးပါမယ်။ ပရမတ်တရားတွေကို မြင်အောင် ကြည့်တဲ့ နေရာမှာ အထောက် အကူ ပြုနိုင်တဲ့အတွက် ဈာန်သမာဓိကို စံချိန်မမီတဲ့ သမာဓိ-လို့ ဆိုတာပါ။ သူတော်ကောင်းတွေ ဈာန်သမာဓိကို ထူထောင်တာဟာ အဲသည်အတွက်ပါ။ အဲသည်တော့ ဗြဟ္မပြည်ကို ရောက်ကောင်းမှ ရောက်ပါ့မယ်။ ရောက်ချင်တဲ့ ဆန္ဒပြင်းပြစွာနဲ့ အားထုတ်ပါမှ ဗြဟ္မပြည်ကို ရောက်မှာပါ။ ဗြဟ္မာပြည်ကို ရောက်တယ်ပဲ ထားပါဗျာ။

ဘုရားရဲ့ အဆုံးအမကို နားစွန်နားဖျားလောက်သာ ကြားဖူးတဲ့ ကျုပ်တို့လို ပါချီပါချက်သူတွေတောင်မှ မဂ်ဖိုလ် ရနိုင်တဲ့ဘုံ မရနိုင်တဲ့ဘုံကို မှန်းဆလို့ သိသေးတာပဲ။ ဘုရားရဲ့ အဆုံးအမကို သိနေတဲ့ ဈာန်ရသူတော်ကောင်းအဖို့ မဂ်ဖိုလ်ကို ရနိုင်တဲ့ ဘုံကို ရွေးတတ်ပါတယ်။ နောက်တစ်ခုက ဗြဟ္မာဆိုတာ ဉာဏ်အရာမှာ ထိပ်တန်းက ပုဂ္ဂိုလ်တွေပါ။ လူ့ပြည်မှာ ဆိုတာက နေ့ခင်းကြောင်တောင် မီးခွက်ထွန်းရှာရင်တောင်မှ အနာဂါမ် တစ်ယောက်ကို မတွေ့နိုင်ပေမယ့်လို့ ဗြဟ္မာ့ပြည်မှာတော့ အနာဂါမ် သူတော်ကောင်းတွေ အများကြီးပါ။ ဘုရား ၇-ဆူစလုံးနဲ့ တွေ့လိုက်တဲ့ ဗြဟ္မာတွေတောင် ရှိပါသေးတယ်။

ကဲပါဗျာ။ ဒီလောက်ဆို သမထသည် ကြောက်စရာမဟုတ်၊ သမထကို ကြောက်တဲ့ စိတ်သည်သာ ကြောက်စရာ-လို့ လက်ခံရင် ဆက်ပြီး ဆွေးနွေးချင်ပါ သေးတယ်။ နောက်တစ်ခုက လိုအပ်လို့သာ ဘုရားရှင်က သမထ ကမ္မဋ္ဌာန်းကို ဟောခဲ့ခြင်းဖြစ်ပါတယ်။ မလိုအပ်တဲ့ ကျင့်စဉ်၊ သတ္တဝါတွေ အန္တရာယ် ဖြစ်စေမယ့် ကျင့်စဉ်ကို ဘုရားက ဘယ်လိုနည်းနဲ့မှ မဟောခဲ့ပါဘူး။ ဘုရားက ဟောထားတဲ့ သမထကမ္မဋ္ဌာန်းက ၄၀-ရှိကြောင်းတော့ အတော်များများ သိကြပါတယ်။ အဲဒီအထဲမှာ ကမ္မဋ္ဌာန်း၃၀-က ဈာန်ကို ရစေနိုင်ပါတယ်။ တစ်ခုခုကို စနစ်တကျ ကြိုးစားကြည့်ပါ၊ အကြောင်းညီညွတ်ရင် ဈာန်ကိုရမှာပါ။ ဈာန်သမာဓိကို ငယ်ကြောက်မို့လို့ မလိုချင်ဘူးပဲ ထားပါဗျာ။ အဲသလို လူတွေအတွက် စံချိန်မီတဲ့ သမာဓိကတော့ ခဏိကသမာဓိပါ။



www.burmeseclassic.com

www.burmeseclassic.com

ဈာန်ကို အခြေမခံတဲ့ သမာဓိ(သို့မဟုတ်) ဈာန်ကို ဦးမတည်တဲ့ သမာဓိလို့ပဲ အဓိပ္ပါယ်ဖွင့်ရင် အဆင်ပြေပါလိမ့်မယ်။ သမထကမ္မဋ္ဌာန်း ၄၀–ထဲမှာ ၁၀–ခုသော ကမ္မဋ္ဌာန်းတွေက ဈာန်ကို မရစေနိုင်ပါဘူး။

အဲသည် ၁၀–ခုမှအပ ကျန်တဲ့ ကမ္မဋ္ဌာန်း–၃၀ ကို ကမောက်ကမ ကျင့်ရင်တော့ ဖြင့် ဈာန်လဲမဆိုက် ခဏိကသမာဓိလဲမရနဲ့ စံချိန်မမီတဲ့ သမာဓိကို ရပါလိမ့်မယ်။ အဲဒီ ၁၀–ခု ထဲက တစ်ခုခုကို စံနစ်တကျ(စံနစ်တကျ) လေ့ကျင့်ပါမှ ခဏိကသမာဓိကို ရပါမယ်။ ကောင်းပြီ။ ကိုယ်ရတဲ့ သမာဓိသည် စံချိန်မီ၏၊ မမီ၏ ဘယ်လို သိနိုင်မလဲ။ အများကြိုက်တဲ့ ကာလာမသုတ်ထဲက အတိုင်းပါပဲ။ ဘယ်သူ့ကိုမှ မေးစရာ မလိုပါဘူး။ ကိုယ်ရတဲ့ အနေအထားကို ကိုယ် ကိုယ်တိုင် ဆုံးဖြတ်ရမှာပါ။ ပရမတ်တရားတွေကို ဉာဏ်နဲ့ မြင်အောင် ကြည့် ကြည့်ပါ။ မြင်ပြီလား အဲဒါဆိုရင် ကိုယ်ရတဲ့ ခဏိက သမာဓိသည် စံချိန်မီနေပါပြီ။ မမြင်ဖူးလား။ စံချိန်မမီသေးပါ။ အဖြေက အင်မတန် ရှင်းပါတယ်။

ရုပ် နာမ်ပရမတ်နှစ်မျိုးအနက် လွယ်ကူတဲ့ ရုပ်ပရမတ်ကို အရင် စမ်းကြည့်ကြရအောင်ပါ။

၁။ မိမိတစ်ကိုယ်လုံး အာရုံပြုလိုက်တဲ့အခါ အားလုံးအမှုန်တွေ ဖြစ်သွားပြီလား။
(ဒါဆိုရင် လမ်းစရပါပြီ။)

၂။ ဖြစ်သွားတဲ့ အမှုန်တွေရဲ့ ဆင့်ကဲ ဆင့်ကဲ စနစ်တကျ ဖြစ်နေပုံကို မြင်ရပါပြီလား။
(ပထမအဆင့်ကို ကျော်နိုင်ပါပြီ။)

၃။ တစ်မှုန် တစ်မှုန်မှာ ၈–မျိုး၊ ၉–မျိုး၊ ၁၀မျိုး၊ ၁၁မျိုး၊ ၁၂မျိုး၊ ၁၃မျိုးသော ရုပ်တွေ ဖြစ်ပျက်နေတာကို မြင်ရပါပြီလား။
(ဒုတိယအဆင့်ကို ကျော်ပါပြီ။)

၄။ ၈–မျိုး၊ ၉–မျိုး၊ ၁၀မျိုး၊ ၁၁မျိုး၊ ၁၂မျိုး၊ ၁၃မျိုးသော ရုပ်တွေကို ရှုထောင့် ၄မျိုးကနေ ကြည့်နိုင်ပါပြီလား။
(တတိယအဆင့်ကို ကျော်ပါပြီ)

ဒါဆိုရင် ရုပ်ပရမတ်ကို ဉာဏ်အမြင် ဆိုက်ပါပြီ။ နောက်တဆင့်အနေနဲ့ နာမ်ပရမတ်ကို ဉာဏ်အမြင် ဆိုက်အောင် ကြိုးစားရပါဦးမယ်။ ပြီးရင်လဲ ဆက်လက်လို့ ကျင့်စရာက ကျန်ပါသေးတယ်။

မင်းဒင်–၅

ဦးဇင်းတို့ ပြီးခဲ့တဲ့ စာထဲမှာ ရုပ်ပရမတ်ဆိုက်အောင် ဘယ်လို အဆင့်တွေကို ဖြတ်ကျော်ရမယ် ဆိုတာ ဆွေးနွေးပြီးပြီနော်။ ရုပ်ပရမတ်အစစ်ကို မြင်အောင် ကြိုးစားတာကို စာလိုပေလိုတော့ ရူပပရိဂ္ဂဟ လုပ်တယ်–လို့ သုံးပါတယ်။ အဲဒီ အဆင့်မှာ ဖြစ်တဲ့ ဉာဏ်ကို ရူပပရိဂ္ဂဟဉာဏ်လို့ ခေါ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com
ပြီးရင် နာမ်ပရမတ်ကို ဉာဏ်နဲ့ မြင်အောင် ကြိုးစားရပါဦးမယ်။ နာမ်ကတော့ စိတ်နဲ့ စေတသိက် ပေါ့လေ။ စိတ်က ဦးဆောင်ဖြစ်ပြီး စေတသိက်ကတော့ စိတ်နဲ့အတူ ဖြစ်ပျက် ချုပ် တည် အာရုံယူတတ်တဲ့ သဘောပါ။ ရုပ်ပရမတ်ကို ဉာဏ်နဲ့ မြင်နေတဲ့သူ အတွက် နာမ်ကိုမြင်ဖို့ အများကြီး မခက်တော့ပါဘူး။ ဈာန်ဆိုက်အောင် သမာဓိထူထောင်ခဲ့သူ ဆိုရင် ပိုလို့တောင် လွယ်ကူပါသေးတယ်။

နာမ်ပရမတ်ကို ဉာဏ်နဲ့ မြင်ချင်ရင် သူ့ကိုလဲ အဆင့်ဆင့် ကြိုးစားရပါမယ်။ စိတ်တွေက အတန်းလိုက်ကလေးတွေ စနစ်တကျ ဖြစ်ကြတာပါ။ ပါဠိလိုတော့ ဝီထိပေါ့။ အဲဒါကို ဉာဏ်နဲ့ မြင်အောင် ကြည့်ရမှာပါ။ ဒီလောက် လျင်လျင်မြန်မြန်ကြီး ဖြစ်နေတဲ့ စိတ်ကို ဘယ်နှယ်လုပ်ပြီး မြင်နိုင်ရမှာလဲ လို့တော့ မေးချင်စရာပေါ့ဗျာ။ ဆန်ကွဲနဲ့ ဝယ်ရင် မုန့်ပျားသလက်ပဲ ရမှာဖြစ်ပေမယ့်၊ ပတ္တမြားနဲ့ ဝယ်ရင်တော့ နဂါးလဲ ရနိုင်ပါတယ် ဒကာမင်းဒင်။

စံချိန်မှီတဲ့ သမာဓိကို စနစ်တကျ ထူထောင်၊ သမာဓိက စံချိန်မှီလာပြီ ဆိုရင် နှလုံးအိမ်ရှိတဲ့ နေရာကို အာရုံပြုကြည့်လိုက်ပါ။ စံချိန်မှီတဲ့ သမာဓိရှိရင်တော့ အစဉ်အတန်းလိုက်ဖြစ်နေတဲ့ စိတ်တွေကို ဉာဏ်နဲ့ မြင်နိုင်ပါတယ်။ မြင်ရပြီ ဆိုရင် ပထမဆင့်ကို ကျော်ပါပြီ။ (စာလိုပေလိုတော့ သင်္ခတိဃန ပြိုတယ်လို့ ခေါ်ပါတယ်။) တခါ စိတ်တစ်ခုစီမှာ စေတသိက်တွေ ခြံရံပြီး အတူတကွ ဖြစ်နေတာကို အတိအကျ သိဖို့ ကြိုးစားရပြန်ပါတယ်။ စေတသိက်တွေကို ဉာဏ်နဲ့ မြင်အောင် ကြည့်နိုင်ရင်တော့ ဒုတိယအဆင့်ကို ကျော်ပါပြီ။ (သမူဟဃန ပြိုတယ်လို့ ခေါ်ပါတယ်။)
ပြီးတဲ့အခါ စိတ်စေတသိက်တွေရဲ့ လက္ခဏာ၊ Function, ဝေးသောအကြောင်း၊ နီးသောအကြောင်းတရားတွေ မြင်နိုင်အောင် ထပ်ပြီး ကြိုးစားရပြန်ပါတယ်။ မြင်ရင်တော့ တတိယအဆင့်ကို ကျော်ပြန်ပါပြီ။ (ကိစ္စဃန ပြိုတယ်လို့ သုံးပါတယ်။)
နောက်ဆုံးအဆင့်အနေနဲ့ စိတ်စေသိက်တွေရဲ့ အာရုံပြုရာကို သိအောင် လုပ်ရမှာပါ။ အဲသလို လုပ်နိုင်မှ စတုတ္ထအဆင့်ကို ကျော်နိုင်ပါမယ်။ (စာလိုပေလို အာရမ္မဏဃန ပြိုတယ်လို့ ခေါ်ပါတယ်။)

ခုလို ဃန ၄ခုကို အဆင့်ဆင့် ဖြိုနိုင်ပါမှ နာမ်ပရမတ်အစစ်ကို ဆိုက်တာပါ။ နာမ်ပရမတ်ကို သိမြင်အောင် ကြိုးစားတာကို နာမပရိဂ္ဂဟ လုပ်တယ်–လို့ ခေါ်ပါတယ်။ အဲဒီအဆင့်မှာဖြစ်တဲ့ ဉာဏ်ကို နာမပရိဂ္ဂဟဉာဏ်လို့ ခေါ်ပါတယ်။ နောက် တဆင့်အနေနဲ့ ရုပ်နဲ့ နာမ်ကို ပူးတွဲ ဉာဏ်နဲ့ မြင်နိုင်အောင် ကြိုးစားရပါမယ်။ ရှေ့က ရှုကွက်ကို ရှုနိုင်သူများအဖို့တော့ အလွန်ကြီး မခက်လှတော့ပါဘူး။ ရှုနိုင်ပြီဆိုရင် တော့ဖြင့် ရုပ်နဲ့ နာမ်ကို ပိုင်းပိုင်းခြားခြား တိတိကျကျ သိနိုင်ပါပြီ။ နာမရူပပရိစ္ဆေဒဉာဏ်–ဆိုတာ ပါပဲ။ အိယောင်ဝါးအသိ မဟုတ်ပါဘူး။ ဟုတ်လေသလား မဟုတ်လေသလား ဆိုတဲ့


www.burmeseclassic.com

www.burmeseclassic.com

အသိမျိုးလဲ မဟုတ်ပါဘူး။ ရုပ်နာမ်ဆိုတာ ဒီလိုတော့ ဟုတ်လောက်ပေရာ၏ ဆိုတဲ့ အသိမျိုးလဲ မဟုတ်ပါဘူး။

ဝိပဿနာကို ကူးဖို့ ပြင်ဆင်မှု နောက်ဆုံးအနေနဲ့ ရုပ်နာမ်တို့ရဲ့ အကြောင်းရင်း သိအောင် ကျင့်ရပါတယ်။ ဒီတဆင့် ပြီးရင်တော့ဖြင့် ဝိပဿနာကို ကူးဖို့ ပြင်ဆင်မှုတွေ ပြီးပါပြီ။ ကောင်းပြီ။ ရုပ်နာမ်တို့ရဲ့ အကြောင်းကို သိဖို့ ဘယ်လိုကျင့်ရမလဲ။ ပဋိစ္စသမုဒ်ပါဒ်ကျင့်စဉ်ကို ကျင့်ရမှာပါ။

ပဋိစ္စသမုပါဒ်ဆိုတာ အကြောင်းကြောင့် အကျိုးဖြစ်ပုံကို တကယ်သိအောင် ကျင့်ရမယ့် ကျင့်စဉ်ပါ။ ဘာအကြောင်းအကျိုးလဲ။ ခု ဦးဖေဝင်းတို့ ဒကာမင်းဒင်တို့ လက်ရှိဘဝမှာ ဖြစ်နေတဲ့ အကျိုးဝိပါက် စိတ်တွေအများကြီးပါ။ အများဆုံးဖြစ်တဲ့ အကျိုးဝိပါက်စိတ်ကို ဘဝင်စိတ်လို့ ခေါ်ပါတယ်။ ပထမဆုံး အဲဒီ ဘဝင်စိတ်ကို မြင်အောင်ကျင့်ရပါတယ်။ ခုမှ ထူးပြီး ကျင့်ရမှာတော့ မဟုတ်ပါဘူး။ တကယ်တော့ နာမ ပရိဂ္ဂဟ လုပ်စဉ်ကတည်းက ဒီကျင့်စဉ်ကို ကျင့်ပြီးပါပြီ။

ဒီ ဘဝင်စိတ်ဆိုတာက လူတွေ ပဋိသန္ဓေနေစဉ်က ဖြစ်တဲ့စိတ်နဲ့ အမျိုးအစားခြင်း ကွက်တိ တူပါတယ်။ အဲဒါကြောင့် ပဋိသန္ဓေစိတ်ကိုလဲ မိမိကိုယ်တိုင် ဉာဏ်နဲ့ ထိုးထွင်းပြီး သိအောင် ကျင့်ရမှာပါ။ ဖြစ်ပါ့မလားလို့ သံသယ ဖြစ်စရာကြီးပေါ့ ဒကာမင်းဒင်။ လုံလောက်တဲ့ သမာဓိရှိရင်တော့ ဖြစ်ကို ဖြစ်ပါတယ်။ အောင်မြင် ရင်တော့ဖြင့် အကျိုးဝိပါက်ကို ပရိဂ္ဂဟလုပ်နိုင်ပါပြီ။

အဲဒီအကျိုးဝိပါက်ရဲ့ အကြောင်းကို သိဖို့ ကြိုးစားရပါဦးမယ်။ ပဋိသန္ဓေ ဝိပါက်စိတ်ရဲ့ အကြောင်းတရားက ဘာလဲလို့မေးရင် စာပေသင်ဖူးတဲ့ ဆရာတော် အများစုက အတိတ်ဘဝက မရဏာသန္နဇောဇော (သေခါနီးကာလမှာ နောက်ဆုံးဖြစ်ခဲ့တဲ့ ဇောစိတ်) လို့ မဆိုင်းမတွ ဖြေကြားကြပါလိမ့်မယ်။ အဲဒီ ဇောစိတ်ကို ဉာဏ်နဲ့ ထိုးထွင်းပြီး မြင်မှသာ အကြောင်းရင်းကို သိတယ်လို့ ဆိုနိုင်ပါတယ်။ အဲဒီ ဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ်–လို့ ခေါ်တာပါ။

ကဲ စပါပြီ။ ဝိပဿနာကို ကူးပါတော့မယ်။ ရုပ်နာမ်တို့ရဲ့ အနိစ္စ ဒုက္ခ အနတ္တကို မြင်ဖို့ ရှုဒေါင့်ပေါင်း ၄၀–နဲ့ မြင်အောင်ကြိုးစားရပါမယ်။ တော၄၀ ရှုကွက် ဆိုတာ အဲဒါပါပဲ။ အဲသလို ရှုနိုင်ပါမှ ပရမတ်ရဲ့ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာကို မြင်ရတာပါ။ ဒကာမင်းဒင်ပြောတဲ့ ဖြစ်ပျက်ဆိုတာ အဲဒီအခါကျမှ တကယ် မြင်တာပါ။ ခုလို လက္ခဏာရေး သုံးတန်ကို မြင်အောင် ကျင့်ခြင်းကိုပဲ ဝိပဿနာရှုတယ်လို့ ခေါ်တာပါ။

အဲသလိုမှ မဟုတ်ရင်တော့ဖြင့် ပုဆိုးပြ အနိစ္စ အိုးကွဲ အနိစ္စ ပဲ မြင်ပါလိမ့်မယ်။ သူပြော ငါပြော အနိစ္စ၊ ဒုက္ခ အနတ္တလို့ပဲ ဆိုပါတော့။ သူပြော ငါပြော ဆိုတာကတော့



www.burmeseclassic.com

www.burmeseclassic.com

ဗျာ။ မိရိုးဖလာ ဗုဒ္ဓဘာသာ ဖြစ်ရင်ပဲ လုံလောက်ပါတယ်။ နင်လား ငါလား ခါးတောင်းကျိုက်ပြီး ကြိုးစားဖို့ မလိုပါဘူး။

တင်ပျဉ်ခွေထိုင် စိတ်ထဲမှာ ပေါ်ရာ ပေါ်ရာကို သတိထားပြီး စောင့်ကြည့်တာကို ဝိပဿနာလို့ ခေါ်ကြောင်း ယနေ့ခေတ်မှာ အတော်ကို အပြောများနေပါတယ်။ အဲသလောက်လွယ်ရင် ဒကာမင်းဒင်ရယ် သံသရာမှာ သတ္တဝါတွေ ဘယ်ကျန်လိမ့်မတုံး။ အကုန် နိဗ္ဗာန်ရောက်ကုန်မှာပေါ့။ အဲသလိုနည်းနဲ့ ဖြစ်တာမရှိဘူးလားဆိုတော့ ရှိပါတယ်။ ပါရမီ အလွန်ရင့်ညောင်းတဲ့ သူဆိုရင် ဖြစ်တတ်ပါတယ်။ သို့သော် အင်မတန်ရှားပါတယ်။

ပေါ်ရာ ပေါ်ရာရှုတာ ဝိပဿနာ မဟုတ်လား လို့လဲ တချို့က မေးကြပါတယ်။ အဲဒါက ဝိပဿနာဉာဏ် ရင့်သန်တဲ့ သူတွေ အတွက် ကျင့်စဉ်ဖြစ်ပါတယ်။ ကျုပ်တို့ ခင်ဗျားတို့အတွက် မဟုတ်သေးပါဘူး။

တစ်ခါကပေါ့ မန္တလေးက မျက်မှန်ဆိုင်ကို ရွာသားနှစ်ယောက် ရောက်လို့ လာသတဲ့။ ဆိုင်ရှင်က ပျာပျာသလဲနဲ့ပေါ့လေ။ "အားကိုး ဘာလိုပါသလဲ။ ချွန်ခေါ် ဆိုင်မှာနော်။ ပါဝါ နေကာ စာကြည့် အကုန်ရှိဒယ်"စသဖြင့်ပေါ့ဗျာ။ အဲသည်မှာ ရွာသားက မျက်မှန်ဝယ်ဖို့ စမ်းသပ်ကြပါသတဲ့။ ကိုယ့်လူက ကုလားထိုင်ပေါ်မှာ မိန့်မိန့်ကြီးထိုင်လို့။ ဆိုင်ရှင်ကလဲ သူ့ အိတ်ကြီးဖွင့်၊ စတီး မျက်မှန်ကိုင်းကလေးကို ကိုယ့်လူကို စွပ်ပေးပေါ့လေ။ လက်ထဲကိုလဲ သတင်းစာ တစ်စောင်ပါ ထည့်ပေးထားသတဲ့။ စတီးမျက်မှန် ကိုင်းလေးအထဲမှာ ပါဝါ မှန်လေးတစ်စုံကို စမ်းပြီးတော့ ထည့်ကြည့်။ "အားကို စာဖတ်လို့ အဆင်ပြေပြီလား" မေးလိုက်တော့ ဖတ်လို့ မရသေးဘူးတဲ့။ ဒါနဲ့ နောက် မှန်တစ်စုံ ပြောင်းထည့်လိုက် စာဖတ်လို့ အဆင်ပြေပြီလား မေးလိုက်နဲ့ သူ့အိတ်ထဲက ပါဝါမှန်တွေသာ ကုန်သွားတယ်။ ကိုယ့်လူကတော့ဖြင့် သတင်းစာကို ဖတ်လို့မရသေး။ ဒါနဲ့ ဆိုင်ရှင်က မျက်လုံးလေး ပေကလပ် ပေကလပ်လုပ်ပြီး "အားကို စာတော့ ဖတ်တတ်ပါဒယ်နော်။"လို့မေးတော့ ကိုယ့်လူက "ဟကောင်! လူများ ငပေါ အောက်မေ့လို့လား။ စာတတ်မှတော့ နင့်မျက်မှန် ပိုက်ဆံ အကုန်ခံပြီး ဝယ်မလား ဟ"တဲ့။ အဲဒီအခါကျတော့မှ ဆိုင်ရှင်လဲ သူ့နဖူးကို သူရိုက်နိုင်ပါတော့သတဲ့။

တကယ်တော့ မျက်မှန်ဆိုတာ စာတတ်ပြီးသားလူတွေ စာဖတ်တဲ့အခါ မျက်စိအားနည်းလို့ တပ်တဲ့ ကြိယာပါဗျာ။ မျက်မှန်တပ်လိုက်လို့ စာဖတ်တတ်တာ မဟုတ်ရပါဘူး။ ပေါ်ရာ ပေါ်ရာ ရှုတယ်ဆိုတာလဲ ဝိပဿနာကို ကျွမ်းကျင်စွာ ရှုနိုင်သူတွေအတွက် ညွှန်ကြားချက်သာ ဖြစ်ပါတယ်။ ဝိပဿနာမရှုတတ်သေးတဲ့ သူတွေအတွက် မဟုတ်ပါဘူး။ ကျုပ်တို့ ပေါ်ရာ ပေါ်ရာကို ရှုရင် ဝိပဿနာဉာဏ် ဖြစ်ဖို့ အဝေးကြီး ရှိပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

အရှင်ဘုရား ဒီလိုဖြင့်ရင် ပါဠိစာမတတ်ပဲနဲ့ ဘယ်လိုလုပ်ရှုနိုင်မှာလဲ လို့ မေးစရာရှိပါတယ်။ စာကို သီးသန့်သင်ရင်သာ ကြာတာပါ။ လက်တွေ့ ရှုရင်းဆိုရင် တပင်တပန်းကြီး သင်စရာမလိုလှပါဘူး။ ပါဠိမပြောပါနဲ့၊ မြန်မာစာ မတတ်တဲ့သူတွေ ရှုနေတာ လက်တွေ့ မြင်ခဲ့ကြောင်းပါ။

. . . . . . . . . . . . . . .

ဒီစာမှာ သက်ခိုင်ရဲ့အတွေ့အကြုံတွေကို ဦးဇင်းအမြင်အရ သုံးသပ်ကြည့်ချင်ပါတယ်။ သက်ခိုင်ရဲ့အတွေ့အကြုံများကို ခွဲတမ်းချကြည့်လျှင် အောက်ပါအတိုင်း တွေ့ရပါတယ်။

၁. စံချိန်မမီသော သမာဓိ၏ အစွမ်းကြောင့် တွေ့ကြုံရသော အဖြစ်အပျက်များ။
၂. ဖျတ်ကနဲ တွေ့လိုက်ရသော ပရမတ်၏ အရိပ်အယောင်များ
၃. ကြောက်စိတ်ဖြင့် စနစ်လွဲမှားစွာ သမာဓိကို ထူထောင်ခြင်း
၄. ဝိပဿနာဆိုသည်များဆိုပြီး အဓိကအချက် ၄ ချက်ကို တွေ့မိပါတယ်။

### ၁.၁ စံချိန်မမီသော သမာဓိအစွမ်း

သက်ခိုင်က ရှာန်ကို ဦးတည်တဲ့ ကမ္မဋ္ဌာန်းဖြစ်တဲ့ အာနာပါနကို စပြီး ကျင့်ပါတယ်။ သို့သော် ကျင့်သင့်သည့်အတိုင်း မကျင့်ဖြစ်ပါဘူး။ အဲသည်တော့ စံချိန်မမီတဲ့ သမာဓိဖြစ်လာတာ မဆန်းပါဘူး။ ဝိပဿနာ ပြောင်းမယ် ဆိုတော့လည်း ဘယ်လိုလုပ်လိုက်သည် မသိဆိုတဲ့ နည်းကြီးနဲ့ပြောင်းပါတယ်။ ဆိုတော့ကာ ဘာမှန်း မသိတာတွေ ရှင်းမပြနိုင်တာတွေ ကြုံရတာပါ။

### ၁.၂ သက်ခိုင်၏ ဖြစ်စဉ်ကို သုံးသပ်ကြည့်ခြင်း

အခန်း(၁၉)ပါ ထူးဆန်းပါတယ်ဆိုတဲ့ အဖြစ်အပျက်အတွက် ဦးဇင်းတို့ကတော့ အောက်ပါအတိုင်း မြင်ပါတယ်။

ဘဝထိုထိုမှာ ကျင်လည်မှု သုံးစွဲမှုများလို့ စွဲထင်နေတဲ့ အဖြစ်အပျက်တွေ အရာဝတ္ထုတွေဟာ အာရုံထဲ ပေါ်လာတတ်ပါတယ်။ သာမန်အချိန်မှာတော့ သိပ်မသိသာပါဘူး။ စိတ်ရဲ့ ငြိမ်သက်မှု အထိုက်အလျောက် ရလာတဲ့အခါမှာတော့ ထင်ရှားပြတ်သားစွာ ဖြစ်တတ်ပါတယ်။ အထူးသဖြင့်တော့ သမာဓိရဲ့ အထောက်အပံ့ကိုရရင် ပိုပြီး ပီပြင်တတ်ပါတယ်။ ဒါပေမယ့်လို့ သမာဓိကို စနစ်တကျ ထူထောင်ခဲ့တာ မဟုတ်ခဲ့ရင်တော့ နောက်တစ်ခါ ဒါမျိုးပေါ်လာအောင် လုပ်ဖို့မတတ်နိုင် ဖြစ်တတ်ပါတယ်။ စံချိန်မီတဲ့ သမာဓိရှိခဲ့မယ် ဆိုရင် နောက်တစ်ခါ ဒါမျိုးပြန်ဖြစ်ဖို့ မခဲယဉ်းလှပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

### ၂.၁ ဖြတ်ကနဲ တွေ့ရသော ပရမတ်ရုပ်များ။

ဓာတ် ၄-ပါးရဲ့ လက္ခဏာက ၁၂-မျိုးတောင် ရှိပါတယ်။ ဈာန်သမာဓိကို ရရှိပြီးနောက် ဓာတ်ကြီး ၄-ပါးကို ရှုလျှင်ဖြစ်စေ၊ တိုက်ရိုက် ဓာတ်ကမ္မဋ္ဌာန်းကို အားထုတ်ခြင်းဖြင့် ခဏိကသမာဓိကို ထူထောင်သည်ဖြစ်စေ ဓာတ် ၄-ပါးတို့၏ လက္ခဏာ ၁၂ မျိုးကို ပိုင်ပိုင်နိုင်နိုင် သိနိုင်ပါတယ်။ သိပြီးလျှင် ဓာတ်၄ပါးတို့ကို ညှိနိုင်ပါတယ်။

အကယ်၍ ဓာတ်ကမ္မဋ္ဌာန်းကို စံနစ်တကျ အားမထုတ်ပဲ စံချိန်မမီသော သမာဓိနဲ့ မိမိခန္ဓာကိုယ်ကို စောင့်ကြည့်တဲ့အခါ အခန့်သင့်လျှင် ဓာတ် ၄-ပါးတို့၏ လက္ခဏာ ၁၂-မျိုးထဲက ထင်ရှားတဲ့ ဓာတ်ရဲ့သဘောလက္ခဏာ တစ်ခုပေါ်တွင် စိတ်ကို စိုက်မိတတ်ပါတယ်။ စနစ်တကျကျင့်ထားတာ မဟုတ်လေတော့ ညှိဖို့လဲ စွမ်းနိုင်မယ် မဟုတ်ပါဘူး။

### ၂.၂ သက်ခိုင်၏ ကိုယ်တွေ့ကို သုံးသပ်ကြည့်ခြင်း

သက်ခိုင်သည် ဓာတ်ရဲ့ လက္ခဏာ ၁၂-မျိုးထဲက ပေါ့ခြင်းသဘောကို စိတ်စိုက်မိလို့ မိမိကိုယ် လေထဲတွင် အလျားလိုက် မျောနေသည်ဟု အထင် ရောက်ခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုက ကာယပသာဒ်လို့ ခေါ်တဲ့ ရုပ်တစ်မျိုးကို စိတ်စိုက်မိရင်လဲ ဖြစ်တတ်ပါတယ်။ အကယ်၍သာ သက်ခိုင်သည် လေးသည့် သဘောကို အာရုံ စိုက်မိပါက မခံမရပ်နိုင်အောင် လေးလာတာကို ခံစားရမှာပါ။ မိမိထိုင်နေတဲ့ နေရာက ကုတင်ဖြစ်မယ်ဆိုရင် ကုတင်က ကျစ်ကျစ် ကျစ်ကျစ် မြည်သံကို ကြားနေရပြီလို့ အထင်ရောက်ပြီး ထ ထိုင်မိသည်အထိပင် ဖြစ်တတ်ပါတယ်။

### ၃.၁ ကြောက်စိတ်ဖြင့် စနစ်လွဲမှားစွာ သမာဓိကို ထူထောင်ခြင်း။

သက်ခိုင် ကျင့်နေတာသည် သမထမဟုတ်ပါ။ သမထပါ ဆိုစေဦးတော့ ထိုသမထသည် စနစ်တကျ လေ့ကျင့်အပ်သော သမထမဟုတ် လို့ ဆိုချင်ပါတယ်။ သမထကို ကြောက်သဖြင့် စနစ်မကျသည့် နည်းဖြင့် သမာဓိကို ထူထောင်နေခြင်းသာ ဖြစ်ပါတယ်။

တခါ အနာဂါမ်ဆရာသက်ကြီးရဲ့ လမ်းညွှန်ချက်ကိုလဲ အသေအချာ ဖတ်စေ ချင်ပါတယ်။ (အဲဒီလမ်းညွှန်ချက်ဆိုတာလဲ ဦးဒွေးလှိုင်ရေးတယ်လို့ အောက်မေ့ပါတယ်။ ဦးဇင်းဖတ်ခဲ့တာ ကြာပြီဆိုတော့ ကောင်းကောင်းမမှတ်မိတော့ပါ။) သမထဆိုတာကို အဓိပ္ပါယ်ဖွင့်ပုံချင်းကတော့ တူလွန်းလှပါတယ်။

သူ ဆိုလိုနေတဲ့ သမထ ဆိုတာ ဘာလဲဆိုတာ ဒကာမင်းဒင် သိပါလိမ့်မယ်။ နတ်တွေနဲ့ တွေ့တွေ့ပြီး ပျော်မွေ့နေတာ သမထ တဲ့။ မိမိကိုယ်မိမိ အထင်ကြီးပြီး


www.burmeseclassic.com

www.burmeseclassic.com

ရတ်ယောင်ယောင် ဝိဇ္ဇာယောင်ယောင် ဖြစ်နေတာ သမထ တဲ့။ အတော်ကြာ ဘာဘဲဖြစ်တော့မလိုလို။ အတော်ကြာ ဘာဘဲ ရတော့မလိုလို ထင်နေတတ်ကြတာ သမထ တဲ့။ ကြာတော့ကာ ပြောပုံဆိုပုံ ရှုးကြောင်ကြောင်နှင့် ဖြစ်လာတတ်ကြတာ ထင်တာ သမထ တဲ့။ ဘယ်ဆရာတော်မေးမေး ဒါတွေဟာ သမထ မဟုတ်ဖူးလို့ပဲ ဖြေပါလိမ့်မယ်။ သမထကမ္မဋ္ဌာန်း ၄၀ ထဲမှာ ဘယ်ထဲမှ အကြုံးမဝင်ပါဘူး။ ဦးဖင်းတို့ကတော့ အဲသလို ကျင့်တာတွေကို တပ လို့ပဲ အမည်တပ်ချင်ပါတယ်။

## ၃.၂ သက်ခိုင်၏ ကိုယ်တွေ့ကို သုံးသပ်ကြည့်ခြင်း

သမထ လိုင်းဘက်ကို သိပ်လွန် သွားတဲ့ အခါမျိုးမှာ ဒါမျိုးတွေ အ ကြိမ်ပေါင်း များစွာ ကြုံရတယ်။ ဒကာမင်းဒင်စာအုပ်ရဲ့ အခန်း(၁၆)က စာသားတစ်ခုပါ။ တကယ်က သမထမှာ လွန်တယ်ဆိုတာလဲ မရှိပါဘူး။ အဲ တပ ကတော့ လွန်တယ်ဆိုတာ ရှိကောင်း ရှိပါလိမ့်မယ်။

ဖြစ်ပျက်မြင်တယ် ဆိုတာ ဝိပဿနာလိုင်းဗျ။ သမထနဲ့က တခြားစီ။ ဒီစာသားကလဲ ပြောစရာရှိပါတယ်။ ဖြစ်နိုင်ရင်တော့ ပြင်လိုက်စေချင်ပါတယ်။ ဝိပဿနာနဲ့ တပက တခြားစီ စသဖြင့်ပေါ့။ တကယ်က သမထနဲ့ ဝိပဿနာသည် တခြားစီ မဟုတ်ပါဘူး။ တောင်နဲ့မြောက် ဆန့်ကျင်ဖက်လဲ မဟုတ်ပါဘူး။ ကြာကူလီ တပသမားတွေကို မျက်မုန်းကျိုးတာနဲ့ သမထနာမည်တပ်ပြီး နှိပ်ကွပ်ခဲ့တာကို သတိရစေ ချင်ပါတယ်။

ဘုရားအဆူဆူ သမထကို အခြေပြု လုံလောက်တဲ့သမာဓိရမှ ဝိပဿနာ ရှုခဲ့ကြတာပါ။ အဂ္ဂသာဝကကြီးတွေလဲ ထို့အတူပါပဲ။ ရဟန္တာမထေရ်မြတ်အများစုလဲ ထိုနည်းငှင်းပါပဲ။

## ၄.၁ ဝိပဿနာ ဆိုသည်များ။

ဝိပဿနာရဲ့ အခြေခံ ဖြစ်တဲ့ ပရမတ်အစစ်ကိုတောင် မမြင်ရသေးပဲ ကျင့်တဲ့ ကျင့်စဉ်ကို ဝိပဿနာလို့ ပြောဖို့ ခက်ပါတယ်။

## ၄.၂ သက်ခိုင်၏ ကိုယ်တွေ့ကို သုံးသပ်ကြည့်ခြင်း

ဒီအပိုင်းကိုတော့ ဒကာမင်းဒင်ရဲ့ စာအုပ်ထဲကအကြောင်းအရာတွေကို ဦးစွာ ရပတ်ထိုးပြီး သုံးသပ်ချင်ပါတယ်။

သတိချပ်လိုက်တဲ့ နေရာတိုင်းမှာ အပ်နဲ့ထိုးသလိုလို။ စူးတစ်ခုခုနဲ့ ထွင်းလိုက် သလိုလို ဖြစ်နေတယ်ဗျာ။ တစ်ခါတစ်ခါများ သတိကပ်တဲ့အချိန်ကို ချုပ်တောင်



www.burmeseclassic.com

www.burmeseclassic.com

သတိမထားမိဘူး။ ရုတ်တရက် ကျုပ်ပါးပြင်ဟာ အမှုန်တွေဖြစ်ပြီး ကြွေကျကုန်လို့၊ ထိန်းချုပ်ပြုပြင်လို့ မရဘူး။ ဟုတ်ပါတယ်ဗျာ။ ခင်ဗျားတို့၊ ကျုပ်တို့ အမြဲပြောပြောနေတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတာနဲ့ တော်တော်ဆင်သဗျာ။

ဟာ အမှုန်တွေနဲ့ ဖွဲ့ထားတာပါကလား။ အလင်းလို ဟာမျိုးလည်းပါသေး၊ နောက် လေတွန်းဖိအားလို ဒါတွေကို ဆွဲစိ ပေါင်းစပ်ထားတဲ့အရာ။ အားလုံးကို အသိဉာဏ်တစ်ခုနဲ့ ဆက်ကာ ဆက်ကာ ဆင်ခြင်မိလာပါတယ်။ ငါသာ မဟုတ်၊

၁. (ရုပ်တရားတို့၏ ဟုတ်မှန်သော သဘောကို ဉာဏ်ဖြင့် မြင်၏ ဟု ဆိုလိုဟန်ရှိပါသည်။)

အားလုံးဟာအဲဒီလို ဖွဲ့ထားတာတွေကလည်း ရုတ်တရက် ဖြစ်လာ၊ ချက်ချင်း ပျောက်သွား၊ နောက် အသစ်တစ်ခု ပေါ်လာ၊ ဆက်တိုက်ဆက်တိုက် ဖြစ်နေတာပါကလား။ ဒါတွေ ဆက်တိုက်ဖြစ် လာဖို့ မူလစွမ်းအင်တစ်မျိုး၊ ရာသီဥတု၊ စားထားတဲ့ အစာ။ စိတ်လို့ခေါ်တဲ့ ထောက်လှမ်းရခက်တဲ့အရာတွေ ပံ့ပိုးလို့ ဖြစ်နေတာပါကလား၊ ဆိုတာ တန်းစီပြီး ကျုပ် အသိဉာဏ်မှာ ထင်လာပါတော့တယ်။

သုံးဆယ့်တစ်ဘုံဆိုတာပါ ဉာဏ်မှာ တရေးရေးထင်လာပါတော့တယ်၊ ဒီထက်ရုပ်ထွေးနက်နဲတဲ့ ကျုပ်နားမလည်တဲ့ ရုပ်တွေနာမ်တွေရဲ့ သဘော၊ ဆက်စပ်ဖြစ်စဉ်တွေလည်း အများကြီးရှိသေး။ သူ့နည်းလမ်းအတိုင်း လုပ်ကြည့်တော့ တကယ်ပဲ တွေ့သိလာတယ်။

ဘုရားဟောတဲ့သဘောကို မိုးကုတ်ဆရာတော်ကြီးက စက်ဝိုင်းကြီး တစ်ခု တည်းမှာ ထည့်ပြီး ဆက်စပ်ပြထားတာ။ အဲဒီ လေးခုထဲက အမှုန်၊ အပူချိန်နဲ့ လေဖိအား သဘောကို ကျုပ်ကိုယ်တိုင် ရှင်းရှင်းလင်းလင်း မြင်သိတယ်။ ဆက်စပ် ဖွဲ့စည်း ပေါင်းစပ်ထားတဲ့ အရာကတော့ မှန်းဆချက်သာဖြစ်တယ်။ ဒါတွေ အတူရှိနေဖို့ ပေါင်းတဲ့ သဘောမရှိပဲ ဘယ်လိုမှ မှ မဖြစ်နိုင်တာ။

၂. (ရုပ်တရားတို့၏ ဟုတ်မှန်သော အကြောင်းတရားကို ဉာဏ်ဖြင့်မြင်၏ ဟု ဆိုလိုဟန်ရှိပါသည်။)

အမှုန်တွေ သိမှုအစုတွေ အားလုံးဟာ အမြဲပြောင်းလဲနေတယ်။ အချိန်တိုင်း ပျက်စီးနေတယ်။ အဲဒီ နှစ်ခုစလုံးဟာ ထိန်းချုပ်လို့မရဘူး။

၃. (ရုပ်တရားတို့၏ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘော မြင်၏ဟု ဆိုလို ဟန်ရှိပါသည်။)

နောက် စိတ်ရဲ့သဘောကို သိသလောက် ဆင်ခြင်တယ်။ စိတ်မှာသိမှု





www.burmeseclassic.com

www.burmeseclassic.com

မှတ်သားမှု၊ ခံစားမှု၊ တုန့်ပြန်မှုတွေ ရှိတယ်လို့ စာမှာဆိုလို့ ဘယ်လိုဆိုတာ သိရအောင် ဂရုစိုက်မယ်လို့ ပိုင်းဖြတ်တဲ့ သဘောရှိတယ်။ ဘယ်ဟာ ဘယ်စိတ်ဆိုတာ သေသေချာချာ လုံးစေ့ပတ်စေ့ ကျုပ်မသိဘူး။ ဒါ အမှန်တရားပဲ

**၄. (စိတ် သညာ ဝေဒနာ သင်္ခါရဟူသော နာမ်တရားများကိုလည်း ထိုနည်းငှင်းဟူ၍ ရှု၏ ဟု ဆိုလို ဟန်ရှိပါသည်။)**

စာအုပ်ထဲမှာ ပါတဲ့ ၁–၂–၃စကားများအရ သက်ခိုင်သည် ရုပ်နာမ်ကိုရော၊ အကြောင်းနှင့် တကွသော ရုပ်နာမ်တို့ရဲ့ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘောကိုပါ ထိုးထွင်းသိသွားတယ်လို့ ဆိုလိုချင်ပုံရပါတယ်။

၁။ ရှေ့တွင် အကျယ်တဝင့် ရှင်းလင်းခဲ့ပြီးပါပြီ။ သက်ခိုင်သည် ရုပ် နာမ် တရားတို့၏ ဟုတ်မှန်သော သဘောကို ဉာဏ်ဖြင့် မြင်ခြင်းမှာ သံသယဖြစ်ဖွယ် ရှိနေပါတယ်။ ဟုတ်လောက်၏၊ မဟုတ်လောက်၏ ဆိုတာတော့ ဦးဖင်းများ ဆွေးနွေးခဲ့သော အဆင့်လေးဆင့်ကို ကျော်၏ မကျော်၏ အပေါ်မူတည်ပါတယ်။ အကယ်၍ ကျော်ဖြတ်ပြီး ဖြစ်ရင်တော့ မှန်ပါတယ်။ သို့သော် စာထဲတွင်မတော့ ကျော်ဖြတ်ခဲ့တဲ့ အနေအထားကို မတွေ့ရပါ။

၂။ ရုပ်နာမ်တရားတို့၏ ဟုတ်မှန်သော အကြောင်းတရားကို ဉာဏ်ဖြင့် မြင်ရန် ပဋိစ္စသမုပ္ပါဒ်ကို စနစ်တကျ ရှုရပါမယ်။ စာအရ သက်ခိုင်သည် ပဋိစ္စသမုပ္ပါဒ်ကို စိတ်ကူးဖြင့် တွေးတောကာမျှသဘောလေးပါ။ တွေးတောကာမတ္တ ဆင်ခြင်ကာမတ္တနှင့်တော့ ပဋိစ္စသမုပ္ပါဒ်ရှုကွက်သည် ပြီးစီးမယ် မဟုတ်ပါဘူး။ လက်တွေ့စံနစ်တကျ ရှုရပါမယ်။ (အရေးတော့မကြီးပါဘူး။ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကို တီထွင်တာ မိုးကုတ်ဆရာတော် မဟုတ်ပါ။ မိုင်းကိုင်ဆရာတော်ဖြစ်ပါတယ်။)

၃။ ရုပ်တရား နာမ်တရားတို့ကို တကယ် ပရမတ်အစစ်ကို ဆိုက်သည်အထိ မြင်ပါပြီလား။ မြင်ပြီပဲ ဆိုကြပါစို့။ မြင်ရုံနှင့် ကိစ္စ မပြတ်သေးပါ။ ထို ပရမတ်အစစ်ဖြစ်သော ရုပ်၏ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘောကို သိမြင်နိုင်ရန် ရှုပေါင်ပေါင်း ၄၀–ဖြင့် ရှုရပါဦးမည်။ ထိုသို့ မရှုရသေးလျှင် သက်ခိုင်သည် အနိစ္စ ဒုက္ခ အနတ္တကို တကယ် မတွေ့နိုင်သေးပါ။ သူပြော ငါပြော အနိစ္စ ဒုက္ခ အနတ္တပဲ ဖြစ်ပါလိမ့်မယ်။

၄။ နာမ်တရားတို့ကို တကယ် ပရမတ်အစစ်ကို ဆိုက်အောင် မြင်သည်အထိ ကြိုးစားရပါဦးမည်။ မှန်းဆကာ ယောင်ဝါးဝါးလုပ်၍ မရပါ။ ထို ပရမတ်အစစ်ဖြစ်သော နာမ်တရားတို့၏ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘောကို သိမြင်နိုင်ရန် ရှုပေါင်ပေါင်း ၄၀–ဖြင့်ပင် ရှုရပါဦးမည်။ ထိုသို့ မရှုရသေးလျှင် အနိစ္စ ဒုက္ခ အနတ္တကို



www.burmeseclassic.com

www.burmeseclassic.com

တကယ် မတွေ့နိုင်သေးပါ။ (ထိုသို့ အတိအကျ ရှုနိုင်သော သူ၏ သန္တာန်၌ပင်လျှင် ရှုချက်က မနှာသေးလျှင် ရုပ်နာမ်တို့သည် နိစ္စသဘော သုခသဘော အတ္တသဘောကို ဆောင်နေတတ်ပေသေး၏။ မရှုလျှင်သော်ကား ဆိုဖွယ်ရာ မရှိပြီ။)

ဦးဖင်းများ ပေတံများစွာကို မသိမသာရော သိသိသာသာရော ပေးလိုက်ပြီ ဖြစ်ပါသည်။ နောက်ထပ် ပေတံ တစ်ချောင်းလောက်တော့ ထပ်ဖြည့်ချင်ပါသေးသည်။ ပထမမဂ်-ပထမဖိုလ် ဆိုက်ပြီ ဆိုပါလျှင် ထိုသူ၏ သန္တာန်၌ ဓမ္မနှင့် ပတ်သက်၍ သို့လော သို့လော ယုံမှား သံသယများ အပြီးတိုင် ကွယ်ပျောက်ပြီးဖြစ်ပါသည်။

မေတ္တာဖြင့် ...

အရှင်ဉာဏာစာရ



www.burmeseclassic.com

www.burmeseclassic.com

## ၁၈။ ဆရာကြီးရွှေဥဒေါင်းအား ကိုသက်ခိုင် စုံထောက်ပုံ

"လာဗျာ၊ ကမ်းခြေကို သွားကြစို့"

"ခင်ဗျားဗျာ လူကိုတောင်သဲကွဲအောင် မမြင်ရသေးဘူး အမိန့်ပေးတာက အရင်၊ လုပ်စမ်းပါအုံး ဘယ်ကမ်းခြေကို ဘာသွားလုပ်မလို့တုန်းဗျ"

"ခင်ဗျားအိမ်နားက စဖန်ဟင်ကမ်းခြေပါဗျာ၊ အမိန့်ပေးတယ်လို့တော့ မယူဆပါလေနဲ့ဗျာ၊ ကျနော့်အားနည်းချက်လို့ ဆိုရမယ်ထင်ပါတယ်၊ ကျနော်က အခါမလပ် ကြံစည်စိတ်ကူးနေတတ်တဲ့သူမျိုးဆိုတော့ တစ်ခါတစ်ခါ ဘေးလူ ဘာဖြစ်နေမှန်းမသိပဲ ကိုယ့်စိတ်ကူးနဲ့ကိုယ် စီမံဖန်တီးထားတဲ့အတိုင်း လိုက်လုပ်အောင် တွန်းအားပေးသလို ဖြစ်ဖြစ်နေတယ်ဗျ"

"အေးလေဗျာ၊ အခုလည်း ခင်ဗျားစိတ်ထဲမှာ ဘာကို ဘယ်လိုစိတ်ကူးနေတယ်ဆိုတာ မသိရပဲ အရင်းမရှိ အဖျားမရှိ "ကမ်းခြေသွားကြစို့" ဆိုတော့ ကျနော်က ဟုတ်ကဲ့ပါဆိုပြီး လိုက်ခဲ့ရမလိုဖြစ်နေပြီ"

"အင်း အဲသလို လိုက်ခဲ့မယ်ဆိုရင်လည်း ခင်ဗျားအတွက် အကျိုးယုတ်စရာ မရှိပါဘူးဗျာ"

"ဘာကြောင့်တုန်းဗျ၊ ရှင်းစမ်းပါအုံး"

"အော် ကျနော်ဟာ ခင်ဗျားကို ဒုက္ခရောက်အောင်လုပ်မဲ့ မိတ်ဆွေတု စာရင်းထဲမှာ မပါလို့ပေါ့ဗျာ။ အခုခင်ဗျား လက်စသတ်တော့မဲ့ စာအုပ်မှာ ပါသင့်ပါထိုက်တဲ့ အကြောင်းအရာတစ်ခုကို အေးအေးဆေးဆေး ရှင်းပြချင်လို့ အခုလို ဖွတ်လာခေါ်နေတာပေါ့ဗျာ"

အချိန်ကား နေ့လည်နှစ်နာရီခန့်ဖြစ်၍ ကျနော့်ခြံရှေ့တံခါးဝတွင် ကျနော်နှင့် ကိုသက်ခိုင် ရပ်လျက်သား စကားအခြေအတင် ဖြစ်နေကြခြင်းပင်။ တိုက်တိုက်ဆိုင်ဆိုင် ကိုသက်ခိုင့်ကားအနက်ကြီး အိမ်ရှေ့ရောက်လာချိန်တွင် ကျနော်လည်း အိမ်ရှေ့က အမှိုက်ပုံးများ အမှိုက်သွန်ပြီး ပြန်ဝင်လာခါစမို့ ခြံတံခါးဝမှာပင် ဆုံမိကြသည်။ ကားဝိုု စက်သေအောင်ပင် မရပ်ရသေးမီ သူ့အမိန့်ပေးသံလိုလို အသံကြောင့် ကျနော်က



www.burmeseclassic.com

www.burmeseclassic.com

အငေါ်ပြန်တူးနေခြင်းဖြစ်၏။ စင်စစ် အမိန့်ပေးခြင်း အနစ်နာခံခြင်း ရှေ့ဆုံးမှ ဦးဆောင်လိုခြင်း တဖွတ်ထိုးလုပ်တတ်ခြင်း စသည့် စရိုက်လက္ခဏာများကား ကိုသက်ခိုင်၏ ဇာတိရုပ်အမှန်ပင် ဖြစ်လေသည်။

သူကား ကျနော့်စိတ်ကို ကြိုတင်ရိပ်စားနေဟန်ရှိလေသည်။ ရေးလက်စစာအုပ် အဆုံးသတ်ရေးဟူသော အကြောင်းပြချက်ကို ကျနော်တွန်းလှန်နိုင်စွမ်း မရှိချေ။ စာအုပ်ဆုံးခန်းတိုင်ချင်သည့်ဇောဖြင့် လုပ်လက်စဆိုင်အလုပ် အိမ်အလုပ်တစ်ချို့ကို ပစ်ကာ သူခေါ်ရာသို့ လိုက်ပါရပြန်သည်။

ကျနော်တို့ဦးတည်နေရာ အရပ်ကား စဖန်ဟင်အမည်ရှိ ကမ်းခြေဖြစ်ပြီး ကျနော့်နေအိမ်မှ သုံးကီလိုမီတာခန့်သာ ကွာဝေးသည်။ ထိုင်းစကား ..စဖန်ဟူသည်ကား တံတားဖြစ်၍ ဟင် ဆိုသည်မှာ ကျောက်တုံးဟု အဓိပ္ပါယ်ရသည့်အတွက် ထိုနေရာကို မြန်မာလို ကျောက်တံတားဟု ခေါ်ဆိုရအံ့ထင်သည်။ ထိုကမ်းခြေသို့ မကြာခဏ ရောက်လေ့ရှိသော ကျနော်သည် အဆိုပါထူးခြားချက်တစ်ချို့ကို သတိထားမိသည်။ စဖန်ဟင်သည် ကမ်းခြေဖြစ်သော်ငြား သဲသောင်ပြင်ကျဉ်းသည်။ အထူးသဖြင့် ရေမသန့်။ တစ်မိုင်ဝန်းကျင်ခန့်ရှည်လျားသော ကမ်းခြေတစ်လျှောက် ငါးရှာသူ ဂုံးရှာသူတို့သာ တွေ့ရတတ်သည်။ စဖန်ဟင်သည် အပန်းဖြေကမ်းခြေမဟုတ်ချေ။

သို့သော် နိုင်ငံတကာခရီးသွားများ ဥဒဟိုလည်ပတ်လျက်ရှိသည့် ဖူးခက်မြို့ တာဝန်ရှိသူတို့သည် စဖန်ဟင်ကမ်းခြေကို လည်ပတ်ချင်စဖွယ်ဖန်တီးထားသည်။ အထူးသဖြင့် စူနာမီအလွန်ကာလများတွင် ပို၍အားစိုက် မွမ်းမံခဲ့ကြသည်။ စဖန်ဟင်ကို ပန်းခြံနှင့်တူအောင် အားထုတ်ထားသည်။ အခမဲ့ ဝိုင်ဖိုင်စံနစ်ရှိသည်။ ကိုယ်လက်လှုပ်ရှားမှုအတွက် ကွန်ကရစ်ပြေးလမ်းရှည်များ ဖောက်လုပ်ထားသည်။ တစ်ခုသော ကွင်းပြင်ကြီးတွင် နေ့လည်သုံးနာရီခန့်မှ ည ခုနစ်နာရီခန့်အထိ ထိုင်းအိမ်တွင်းဖြစ် အစားအသောက်မျိုးစုံကို ဈေးပေါပေါဖြင့် ရနိုင်သည်။ အဆိုပါကွင်းပြင်ကြီးနှင့် မလှမ်းမကမ်းတွင် ရေကူးကန်ရှိသည်။ အဆင့်မီ ဘောလုံးကွင်းကြီး ရှိသည်။ ကြက်တောင်၊ တင်းနစ်ကွင်းများရှိသည်။ စဖန်ဟင်ကမ်းခြေမှာ နိုင်ငံတကာ ကားမောင်းပြိုင်ပွဲကျင်းပဖူးသည်။ နိုင်ငံတကာ မာရသွန်ပြေးပွဲများ ကျင်းပလေ့ရှိသည်။ ကားပြပွဲ ဆိုင်ကယ်ပြပွဲ၊ ဈေးရောင်းပွဲစသည့် ပွဲမျိုးစုံကို တဆယ့်နှစ်ရာသီလုံးလုံး ကျင်းပလေ့ရှိသည်။ အထူးသဖြင့် စနေ၊ တနင်္ဂနွေကဲ့သို့ အားလပ်ရက်များတွင် ထိုင်းလူမျိုးများ မိသားစုလိုက် လာရောက် အပန်းဖြေလေ့ရှိရာ နေရာဖြစ်သည်။

စဖန်ဟင်ကမ်းခြေသို့ ကျနော်နှင့်ကိုသက်ခိုင် ရောက်သွားချိန်မှာ နေ့လည် နှစ်နာရီကျော်ခန့်မျှသာ ရှိသေးသဖြင့် ပန်းခြံအတွင်းမှာ အနည်းငယ် ခြောက်ကပ် နေဟန်ရှိသည်။ ကမ်းခြေဘေး၊ ပန်းခြံတွင်းမှာ ဇရပ်ပုံစံ နားနေဆောင်ကလေးများ



www.burmeseclassic.com

www.burmeseclassic.com

ရှိလေရာ အမိုးနှင့်ဖြစ်၍ အကာမရှိချေ။ တစ်ခုသော နားနေဆောင်ငယ်ရှိ ကွန်ကရစ်ခုံပေါ်တွင် နှစ်ယောက်သားမျက်နှာချင်းဆိုင် ထိုင်မိကြသည်။ ပင်လယ်လေညှင်း ခပ်ပြေပြေသည် ဝန်းကျင်တဝိုက်ကို ရိုက်ခတ်လာသော တခဏ၌ ကိုသက်ခိုင်ထံမှ အသံထွက်လာသည်။

"ခင်ဗျား အရှင်ဥာဏစာရရဲ့စာကို သေချာဖတ်ပြီးပြီလား"

"အော် ကျနော်ကဘာများရေးကြီးခွင်ကျယ် ကိစ္စပါလိမ့်လို့ တွေးနေတာ၊ ခင်ဗျားကို ဝေဖန်တဲ့စာအကြောင်း ပြောမလို့ကိုး၊ အမှန်က ပြောဖို့မလိုဘူးလေ၊ ခင်ဗျား ပြောချင်တာကို ရေးချလိုက်၊ ဒါကို ကျနော်က စာအုပ်ထဲမှာ ၏၊ သည် မလွဲအောင် ထည့်ပေးမယ်၊ ဒါပဲမဟုတ်လား"

ကိုသက်ခိုင်သည် ရုတ်တရက် စိတ်တိုသွားသည့်လေသံဖြင့်...

"အေး ကျနော် ခင်ဗျားကို စိတ်ပျက်တာ အဲဒီလို လွယ်လွယ်ပြော လွယ်လွယ်လုပ်တဲ့ အချက်ပဲ။ အခုခင်ဗျား လုပ်နေတဲ့အလုပ်ရဲ့ နောက်ဆက်တွဲ အကျိုးဆက်တွေကို ခင်ဗျားဘယ်နှစ်ကြိမ် စဉ်းစားဖူးသလဲ။ ခင်ဗျားက စာအုပ်ရေးတယ်။ လူကြီးလူငယ်တွေ ဖတ်ကြမယ်။ ရေးပုံရေးနည်းလေးကလည်း မဆိုးလှတော့ အများစုက အထင်ကြီးကြမယ်။ အဟုတ်ထင်ကြမယ်။ သက်ခိုင်ဝတ္ထုဖတ်ကြတဲ့ လူငယ်တစ်ချို့ဆို သက်ခိုင်အရက်သောက်တာကို အားကျတယ်၊ သက်ခိုင်မိန်းမပွေတာကို အားကျတယ်။ သက်ခိုင်လူလည်ကျတာကို အားကျတယ်။ ဒါတွေ ကျနော်ဘယ်လို သိသလဲဟုတ်လား၊ ခင်ဗျား ဘလော့တင်ထားတဲ့ စီဘောက်မှာတွေ့နေရတာပဲဗျာ။ ထားလိုက်ပါတော့ဗျာ၊ အဲဒီအချက်တွေမှာ သက်ခိုင်ကို အားကျရင် အဆိုးဆုံးဖြစ်လှ ထောင်ကျကိန်းပေါ့။ အခုခင်ဗျားထုတ်မဲ့ ဖြစ်ပျက်ရှာပုံတော်ခရီးသည်လို စာအုပ်မျိုးကို ဖတ်ပြီး စာဖတ်သူတွေက အစိပ္ပါယ်တလွဲကောက်ပြီး အယူလွဲကုန်ကြရင် ငရဲကျကုန်မှာနော်။ ဒီအချက်ကို ခင်ဗျားထည့်ပြီး စဉ်းစားမိသလား။ အခုလည်းကြည့်၊ ခင်ဗျားနဲ့ အရှင်ဥာဏစာရ ကြားမှာ တစ်ခုခုလွဲနေတာကို ခင်ဗျား သတိပြုမိသလား"

သူ့လေသံက အတန်ငယ်တင်းမာနေသဖြင့် ကျနော်က လေပြေထိုးလိုက်ရသည်။

"မှားနေတာတွေရင် ခင်ဗျားထောက်ပြပါလေ၊ ကျနော်ပြင်ပါ့မယ်"

"ကျနော်သေချာတိုက်ဆိုင်ကြည့်တော့ ဝေဖန်စာမှာညွှန်းထားတဲ့ အခန်းစဉ်နံပါတ်တွေဟာ အများစုကွဲလွဲနေတယ်ဗျ။ ဖြစ်နိုင်ချေတစ်ခုက အရှင်ဥာဏစာရဟာ ခင်ဗျားရဲ့စာမူအဟောင်းကို ဖတ်ပြီး အခန်းစဉ်နံပတ်တွေကို ညွှန်းထားပုံရတယ်။ အခုစာမူအသစ်မှာ ပြန်ပြင်ထားတဲ့အချက်တွေကို သူဖတ်မိဟန် မတူသေးဘူး။ ဒါကြောင့် တစ်ချို့ထောက်ချက်တွေဟာ လွဲနေတယ်ဗျ"

"ဒါနဲ့ခင်ဗျားပဲ အဲဒီဝေဖန်စာကို မူရင်းအတိုင်းထည့်ဆို၊ အခု မထည့်စေချင်



www.burmeseclassic.com

www.burmeseclassic.com

တော့ဘူးလား"

"ခင်ဗျားနဲ့တော့ ခက်နေပါပြီ။ ကျနော်က ထည့်ပါဆိုတိုင်း ခင်ဗျားလက်လျှ
စပယ် မလုပ်သင့်ဘူးလေ၊ ဝေဖန်တဲ့ပုဂ္ဂိုလ်က စာမူဟောင်းကို ဖတ်ပြီးဝေဖန်တယ်၊
ပြန်ပြီးရှင်းပြတဲ့သူက စာမူအသစ်ကို ညွှန်းပြီးဖြေရှင်းမယ်၊ ကဲ ဂျာအေးသူ့အမေရိုက်
ကုန်တော့မပေါ့၊ အေးဗျာ ကျနော်ဆရာအတတ်သင်ကောလိပ် တက်တုန်းက ဆ
ဦးဘစန်း ဆိုတဲ့ ကထိကတစ်ယောက် ဆုံးမဖူးတာကို သွားသတိရမိသေးတယ်၊
မင်းတို့က ကျောင်းဆရာတွေ ဖြစ်မှာတဲ့၊ လူသုံးကုန်ပစ္စည်း ဆေးဝါးပစ္စည်းထုတ်
စက်ရုံက ဝန်ထမ်းတွေနဲ့ မင်းတို့ဟာ အများကြီး ကွာခြားတယ်၊ စက်ရုံတစ်ရုံ
ဖော်နည်းကား အမှားနဲ့ ပစ္စည်းတွေထုတ်မိရင် အချိန်မီသိရင် ဖျက်ဆီးပစ်လို့ရတယ်၊
နောက်ကျမှ သိလို့ ဒုက္ခရောက်ခဲ့ရင်တောင် မသကာသေလှ လူဦးရေ ရာဂဏန်းပဲ တဲ့၊
အေး မင်းတို့က တပည့်ကျောင်းသားတွေကို အမှားကြီးတွေ သင်ပေးမိရင် လူမျိုးတစ်မျိုး
လုံး၊ တစ်နိုင်ငံလုံး နောက်ဆုံးလူသားမျိုးနွယ်တစ်ခုလုံး ဆွေစဉ်မျိုးဆက်၊ ဘေးအန္တရာယ်
ဆိုးကြီး ကျရောက်သွားစေနိုင်သတဲ့ဗျာ၊ အခုခင်ဗျားရေးနေတဲ့ စာအုပ်ကို စာရေး
တစ်ယောက်အနေနဲ့ လက်လွယ်စပယ်မလုပ်ပါလေနဲ့၊ အထူးသဖြင့် ဘာသာ
အကြောင်းအရာမို့ ပိုပြီး အရေးကြီးပါတယ်။ ဒါကြောင့် အရှင်ဉာဏစာရဲ့ ဝေဖန်စာ
ထည့်စေချင်တာပေါ့၊ ဆိုလိုချင်တာက စာဖတ်သူကို ဝေဖန်ခွဲခြား စိတ်ဖြာတ
လာအောင် အားပြိုင်မှုနှစ်ခုကို ထည့်သွင်းပေးလိုက်တဲ့သဘောပါပဲ။ အန္တရာယ်ကြီး
ဘာသာရေးစာပေတွေ မြန်မာ့စာပေသမိုင်းမှာပေါ်ခဲ့ဖူးပါပြီ။ ပေါ်လည်းပေါ်နေဆဲပါ
အထူးသဖြင့် နာမည်ကျော် ရဟန်း၊ လူပုဂ္ဂိုလ်တစ်ချို့ရဲ့ လိုရာဆွဲရေးတဲ့ အမြင်
ကြောင့်ပေါ့ဗျာ။ လူဆိုတာ ခက်သားကလား။ နာမည်ကျော်ဆိုရင် သူပြောတာ ဟုတ်မှာ
ဆိုပြီး အယုံလွယ်ကြ လက်ခံလွယ်ကြတယ်။ ဒါကြောင့်ပိုပြီး အန္တရာယ်များတယ်
ပြောတာပေါ့"

"ဒါဆို့လုပ်ပါအုံးဗျ။ ဘယ်နာမည်ကျော်ပုဂ္ဂိုလ်က ဘယ်လိုအမှားမျိုး
ဘာစာအုပ်ကို ရေးခဲ့လို့တုန်း"

"အေးဗျာ ခင်ဗျားက မေးလိုက်တာတော့ လွယ်လွယ်လေးပါပဲ။ ခက်တာ
ဒီကိစ္စကို ပြောသင့်မပြောသင့် ချိန်ဆနေတာ လေးငါးနှစ်ကြာခဲ့ပြီဗျ။ ခက်နေတာ
ကျနော်ဝေဖန်ထောက်ပြမဲ့သူဟာ ကျနော့်ထက် အသက်အရွယ်၊ အရည်အချင်း
ဂုဏ်သိက္ခာပါ အဆမတန်ကွာဟနေတာကြောင့် ပိုပြီး ပြောမထွက်ဘူး ဖြစ်နေတာ
အဆိုးဆုံးက သူဟာ အခုအချိန်မှာ သက်ရှိထင်ရှားရှိနေသူ မဟုတ်တော့ဘူး။ နှစ်ပေါင်း
အတော်ကြာက ကွယ်လွန်သွားခဲ့ပါပြီ"

"ခင်ဗျား နိဒါန်းချီကာမှ ပိုပြီး သိချင်လာပြီဗျာ။ ပြောမှာသာ ပြောစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com

"နေပါဦးဗျာ၊ ဒီပုဂ္ဂိုလ်ဟာ ခင်ဗျားတို့ ကျနော်တို့ ကျေးဇူးရှင် မြင်ဆရာကြားဆရာဆိုရင်လည်း ဟုတ်နေတယ်ဗျ။ ကျနော်ကိုယ်တိုင် သူ့စာရေးဟန်တွေကို အတုခိုးဖူးတယ်။ သူ့ဇာတ်ကောင်တွေကို အားကျဖူးတယ်။ သူ့လောကအမြင်တွေကို လေးစားဖူးတယ်။ အဲတစ်ခုတော့ ရှိတယ်။ သူ့ရဲ့ ဗိုလ်ချုပ်အောင်ဆန်းအပေါ်မှာ ချခဲ့တဲ့ မှတ်ချက်တစ်ခုက လွဲလို့ပေါ့လေ"

"ခင်ဗျား ဥစ္စာ ပထမလူနာမည်တောင် ပြောမပြသေးပဲနဲ့ ဗိုလ်ချုပ်အောင်ဆန်းက ပါလာပြန်ပြီ။ ထားပါတော့ဗျာ။ အဲဒီပုဂ္ဂိုလ်ကြီးက ဗိုလ်ချုပ်အောင်ဆန်းကို ဘယ်လိုမှတ်ချက်ချလို့တုန်းဗျ"

"သူများသတ်လို့သေတဲ့မသာကို အာဇာနည်စာရင်းမသွင်းနိုင်ဘူးဆိုပဲ။ ကျနော်ကတော့ အဲဒီမှတ်ချက်ချဖူးတဲ့ အကြောင်းဖတ်ပြီးကတည်းက သူ့ကို ကြည်ညိုစိတ် တော်တော်နည်းသွားခဲ့တယ်ဗျာ။ အခုပြောသင့်မပြောသင့် ချိန်ဆနေတာက ကျနော့်ပုဂ္ဂလိက ခံစားချက်တစ်ခုတည်းနဲ့ အဲဒီရောမပုဂ္ဂိုလ်ကြီးကို တိုက်ခိုက်သလို ဖြစ်သွားမှာကိုလည်း ကျနော်မလိုလားဘူး။ ဒါကြောင့် ဆင်ခြင်နေခဲ့တာ။ အခုတော့ တိုက်တိုက်ဆိုင်ဆိုင်ဆိုရမယ်ထင်ပါရဲ့။ အဲဒီပုဂ္ဂိုလ်ကြီးနဲ့ သူ့စာအုပ်ဖြစ်လာတဲ့ နောက်ကြောင်းကို ကျနော် မတော်တဆ ရှာတွေ့ခဲ့ပြီဗျ။ တစ်နည်းပြောရရင် ကျနော်ပြောသင့်တယ်လို့ ယူဆခဲ့တဲ့အချက်ကို အားဖြည့်လိုက်တဲ့အချက်ပါပဲ"

"ခင်ဗျားလိုလူက ဒီလောက် ချိန်ဆနေပြီဆိုတော့ ကျနော် လွတ်စိတ်ဝင်စားနေပြီဗျ။ ပြောမှာသာ ပြောစမ်းပါဗျာ"

ကျနော်က အားတက်သရောမေးလိုက်သည့် အမေးအဆုံးတွင်ပင် ကိုသက်ခိုင်ထံမှ ပြတ်သားတိကျသော အဖြေစကားသံ ချက်ချင်းဆိုသလို ထွက်လာလေ၏။

"ဆရာကြီး ရွှေဥဒေါင်း၊ ဒိဋ္ဌေဒိဋ္ဌမတ္တံ"

"ဟာ၊ ဟုတ်မှလဲ လုပ်ပါဗျာ။ တစ်ခုခုလွဲနေလို့ကတော့ အကြီးအကျယ် ပွဲဆူကုန်မယ်နော်"

သူက ကျနော့်ကို လက်ကာပြလိုက်သည်။

"သိချင်တုန်းကလည်း ခင်ဗျားပဲ။ အကြောက်ကြီးကြောက်တော့လည်းခင်ဗျားပဲ၊ ဒီလောက်လည်း လန့်မနေပါနဲ့လေ၊ ဒီဆရာကြီးရွှေဥဒေါင်းဟာ သာသနာမှာ နေလိုလလို ထင်ရှားတဲ့ မိုးကုတ်ဆရာတော်ကြီးကို ကလန်ကဆန် သဘောမျိုးလုပ်ခဲ့ဖူးတာ ခင်ဗျားသိရင် အကြောက်ပြေသွားမှာပါ"

"ဟာ ခင်ဗျားကတော့ ပြောလေဆိုးလေပါပဲကလား၊ မိုးကုတ်ဆရာတော်ကြီးနဲ့ ဆရာကြီးရွှေဥဒေါင်း ဆုံဖူးတယ်ဆိုတာ ဟုတ်ကောဟုတ်ရဲ့လားဗျာ။ ဆရာကြီးရွှေဥဒေါင်းရဲ့ ဒိဋ္ဌေဒိဋ္ဌမတ္တံ ဆိုတာ ထိပ်တန်းကျမ်း တစ်ဆူနော်"

www.burmeseclassic.com

"ခင်ဗျား ဗူးလုံးနားမထွင်း ဖြစ်နေတာဗျ။ အမှန်က ဆရာကြီးက စာရေးကောင်းတာ။ နောက်တစ်ချက်က ဝိပဿနာ ပြန်လည်ဆန်းသစ်ချိန် ဖြစ်နေတာ။ ခင်ဗျား ထည့်သွင်းမှုသုံးသပ်မိတဲ့အချက်က ခေတ်ကာလရဲ့ အခြေအနေ၊ နောက် တစ်ချက်က အဲဒီ ပုဂ္ဂိုလ်ရဲ့ စရိုက်လက္ခဏာ"

"ကဲပါဗျာ၊ ခင်ဗျားအထင်အမြင်နဲ့ ပြောနေတာမျိုးကိုတော့ လက်မခံပါရစေနဲ့၊ သက်သေသက္ကာယ အခိုင်အမာရှိရင်တော့ တစ်မျိုးပေါ့"

"ကြိုက်ပြီဗျာ၊ ကျနော်ကလည်းခင်ဗျားနဲ့ တသဘောတည်းပါပဲလေ၊ ခဏသာစောင့်ပါ"

ပြောပြောဆိုဆို ကိုသက်ခိုင်သည် ကျနော်တို့ နှစ်ဦးသားစကားလက်ဆုံကျနေရာ ဇရပ်ငယ်၏ မလှမ်းမကမ်းရှိ သူ့ကားရှိရာသို့ ခပ်သုတ်သုတ်လျှောက်သွားပြီး စာအုပ်ထူကြီးတစ်ခုကို ယူဆောင်လာလေ၏။ လမ်းလျှောက်ရင်း အဆိုပါစာအုပ်မှ သူညွှန်ပြလိုသည့် စာမျက်နှာကို လှန်လှောရှာဖွေလျက်ရှိသည်။ ဇရပ်သို့ ရောက်လျှင်ရောက်ခြင်းပင်...

"ရော့။ ဒီအခန်းကို ခင်ဗျားဖတ်ပေတော့ဗျာ"

သူကမ်းပေးသောစာအုပ်မှာ အရှင်ဃောသိတ ပြုစုတော်မူသော "အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ တစ်သက်တာ သာသနာ လုပ်ငန်းရပ်များ"။ ပထမ အကြိမ်ပုံနှိပ်ခြင်း၊ ၁၉၉၅–ခု၊ ဇွန်လ၊ နေရိပ်ပုံနှိပ်တိုက်–ဖြစ်ပြီး သူဖတ်စေသော စာမျက်နှာ –၁၇၇တွင်အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်ကို တွေ့ရပါ၏။

**စိတ်ရှည်ရှည် ဖြေရှင်းပေးတော်မူ**

(မှတ်ချက်။ ။ ဤအကြောင်းအရာများကို ဝမ်းတွင်းမြို့နယ်၊ သဲတောကျောင်းတိုက် ကုန်းမြင့်သာယာ မိုးကုတ်ဝိပဿနာရိပ်သာကျောင်း ဘုန်းတော်ကြီး ဦးအဂ္ဂ(ဦးအေးမောင်) က ပြန်လည်ပြောပြပါသည်။)

မျက်မြင်ကိုယ်တွေ့ မြင်ခဲ့ရသော ဦးအေးမောင်က သူ့မြင်ကွင်းကို ဆက်လက်ပြောပြနေပြန်သည်။

"အဲဒီလိုနဲ့ ဆရာတော်က မှန်မှန်ဟောလာတာ (၂)လလောက်ကြာတော့ မန္တလေးက စာရေးဆရာ၊ သတင်းစာဆရာ ရွှေဥဒေါင်းကြီးတို့ ရောက်လာကြတယ်။ မျက်စိထဲ မြင်ယောင်နေပါသေးတယ်၊ ဘောင်းဘီအပြာကြီးနဲ့၊ ကုတ်အကျႌကြီးနဲ့၊ မျက်မှန် အနက်ကြီး တပ်လို့၊ တုတ်ကောက်ကြီးနဲ့၊ ဆေးတံကြီးကိုလဲ ပါးစပ်မှာ ခဲလို့၊ ဒါတွေက သူ့ပရိက္ခရာ သူ့အမှတ်အသားတွေကိုး။ အဲဒီတုန်းက ရွှေဥဒေါင်းကြီးရဲ့ဖော်က ဦးတင်မောင်ကြီးပေါ့၊ သူတို့နှစ်ဦးစပြီး ရောက်လာတဲ့နေ့က နောက်ကျလို့ယ်၊ တရား



www.burmeseclassic.com

www.burmeseclassic.com

စပြီး ၅–မိနစ်လောက်ကြာမှ ရောက်လာကြတာ––၊ သည်တော့လဲ သူတို့နှစ်ဦးကို ထင်းထင်းကြီးတွေ့ မြင်နေကြရတော့တာပေါ့။

အဲဒီအချိန်မှာ ဆရာတော်က အိပ်ခုတင်ပေါ်ကနေပြီး ငုတ်တုတ်ထိုင်လျက် တရားဟောနေတာ၊ ပလ္လင်မရှိသေးပါဘူး၊ ဆရာတော်ကလဲ ပလ္လင်ရှိဖို့ မပူဆာပါဘူး။ ဒကာတွေကလဲ အလိုက်မသိသလို ဖြစ်နေသလား မပြောတတ်ဘူး၊ ပလ္လင်လုပ်မပေးကြဘူး၊ အဲလိုနဲ့ ဆရာတော်ဟာ အိပ်ခုတင်ပေါ် ငုတ်တုတ်ထိုင်၊ ခုတင်နှုတ်ခမ်းသားပေါ်မှာ ကွမ်းသီးလုံးကလေးတွေစီချပြီး တရားဟောနေတာပဲ။

အဲဒီနောက် တရားပွဲပြီးတော့ ပရိသတ်တွေ ပြန်ကုန်ကြတယ်၊ ရင်းနှီးတဲ့သူ အနည်းငယ်မျှပဲ ကျန်တယ်၊ အဲဒီမှာ သူတို့နှစ်ယောက်က မရှင်းလင်းတာ ဆက်မေးကြတယ်၊ ဆရာတော်ကလဲ စိတ်ရှည်ရှည်နှင့် ဖြေပေးပါတယ်။ ဒါတောင် သူတို့က မယုံချင်သလိုလို အမူအရာတွေ ပြနေကြသတဲ့၊ ဒီတော့ ဆရာတော်က "ကျုပ်က (၅)နှစ်အားထုတ်ပြီးမှ ဟောတာပါဗျ"ဟု မိန့်တော်မူပါတော့သတတ်။

ဒီတရားက လူတိုင်းနှင့်မဆိုင် အဲဒီနေ့က ဟောတဲ့တရားကိုလည်း မှတ်မိနေပါသေးတယ်၊ တိုတိုကျဉ်းကျဉ်းနဲ့ တရားရသွားတဲ့ နာမည်ကျော် ဒါရုစိရိယ အကြောင်းပဲ။

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ၊
သုတေ သုတမတ္တံ၊
မုတေ မုတမတ္တံ၊
ဝိညာတေ ဝိညာတမတ္တံ။
မြင်ရင် မြင်ကာ မတ္တ ရပ်ထား၊
ကြားရင် ကြားကာ မတ္တ ရပ်ထား၊
နံတာ စားတာ ထိတာတို့လဲ အတူတူ၊
သိရင်လဲ သိကာမတ္တမျှ ရပ်ထား။

ဆိုတဲ့တရားကို ဟောနေတာ၊ရွှေဥဒေါင်းက သဘောတွေကျလွန်းလို့တဲ့၊ မှတ်စုစာအုပ်ကြီးနဲ့ ရေးတယ်၊ မှတ်တယ်၊ "ဒီတရား ကောင်းတယ်"တဲ့၊ ပါးစပ်ကလဲ ပြောသေးတယ်။ ဆရာတော်က ဆက်လက်မိန့်တယ်၊ "အေး ... ဒီတရားကို ရှုတာက သမထ မပါဘူး။ ပညာနဲ့ တန်းတက်သွားတာ၊ ဒီလိုလူမျိုးက သိပ်မများဘူး၊ ဘုရားလက်ထက်မှာတောင် ၂–ယောက်၊ ၃–ယောက် လောက်ပဲ ရှိတာ။

သူတို့တွေက ဟိုတစ်ချိန်တုန်းက မြင့်မားမတ်စောက်တဲ့ တောင်ကလပ်ပေါ် လှေကားနဲ့ တောင်တက်၊ ပြီးတော့ လှေကား ဖြုတ်ချ၊ "သေ – မြေကြီး၊ ရှင် – ရွှေထီး" သဘောမျိုး အပြတ်အသတ် အားထုတ်ခဲ့ကြတာ။ အဲဒါကြောင့် သူတို့ ရှုလို့ ရတာ၊ အခုခေတ်လူတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com

မဆိုင်ဘူး။ မဆိုင်ဘဲနဲ့ ဘာလို့ပောတုံး ဆိုရင် ဗဟုသုတဖြစ်အောင်လို့ ပောတာ။

အဲဒီပောပြောချက်တွေကို သူတို့က ပြန်ပြီး ဆင်ခြေတက်နေကြတယ်၊ ဆရာတော်ကလဲ တရားပွဲပြီးလို့ ကွမ်းကလေးတစ်ယာ ငုံမယ်လို့ရှိသေး၊ လက်ထဲမှာ ကွမ်းယာကလေးကိုင်လို့၊ မခွံ့သေးဘူး၊ သူတို့မေးတာတွေကို ဖြေရှင်းပေးနေပါတယ်။ အဲဒီအထဲ ကိုတင်မောင်ကြီးရဲ့ မေးပုံမေးနည်းကို ဘေးကလူတွေက မကြိုက်ကြဘူး။ သက်သက် ကတ်သီးကတ်သတ် လုပ်နေတာ၊ ရိုက်ချင်လှပြီ၊ မျက်ထောင့်တွေတောင် နီလာကုန်ပြီ၊ ဆရာတော်ကို ငဲ့နေကြလို့" ဟု ပြန်လည် ပြောပြပါ၏။

"ကဲ ဘယ်နှယ့်လဲဗျာ"

ဖတ်နေသောစာဆုံးသော်လည်း အံ့အားသင့်လွန်းသဖြင့် ခပ်ငူငူဖြစ်နေချိန်တွင် ကိုသက်ခိုင့်အသံကြောင့် သတိပြန်ကပ်လိုက်ရင်း..

"အေးဗျာ အခုလိုသာသနာ့ဂုဏ်ဆောင်ပုဂ္ဂိုလ်တစ်ပါးရဲ့ထေရုပ္ပတ္တိထဲမှာ မထင်မှတ်ပဲ ပုဂ္ဂိုလ်ရေးဆန်ဆန်အကြောင်းအရာပါလာတော့ ကျနော်တော်တော် အံ့သြမိတယ်။ ပိုပြီးအံ့သြမိတာက ဒိဋ္ဌေဒိဋ္ဌမတ္တံရဲ့ အစပြုရာနေရာကို တွေ့ရတဲ့အချက်ပါပဲ။ ဒါနဲ့လုပ်ပါဦးဗျ။ ခင်ဗျားသိသလောက် ဆရာကြီးရွှေဥဒေါင်းက ဘယ်လိုလူမျိုးပါလိမ့်"

"တော်တော်ကောင်းတဲ့ မေးခွန်းပါပဲ။ တိုတိုဖြေရရင် လူတော်တစ်ယောက်ပေါ့။ နောက်တစ်ချက်က အစားကောင်းကြိုက်တဲ့သူ၊ အတ္တကြီးတဲ့သူ၊ ဘဝင်မြင့်တဲ့သူပေါ့"

"ဟာ ခင်ဗျားစွဲချက်က ပြင်းလှချည့်လားဗျာ"

"မပြင်းဘူး၊ လူတော်ဆိုတာကျနော့်မှတ်ချက်၊ နောက်တစ်ချက်ဆိုတဲ့ မှတ်ချက်က ဆရာကြီးရွှေဥဒေါင်းနဲ့ အဆမတန်ရင်းနှီးပြီး ဆွေလိုမျိုးလိုနေတဲ့ သိက္ခာရှိ စာရေးဆရာမကြီးလူထုဒေါ်အမာရဲ့ မှတ်ချက်ဗျ"

"ဟုတ်ကော ဟုတ်ရဲ့လားဗျ။ ဗိုလ်ချုပ်အောင်ဆန်းကို အာဇာနည်လို့ မသတ်မှတ်နိုင်ဘူးဆိုတဲ့ မှတ်ချက်ကကော ခင်ဗျား တဆင့်စကားနဲ့များ ပြောနေရော့သလား"

"ခင်ဗျားဒီလိုထောက်လိမ့်မယ်ဆိုတာ ကျနော်ကြိုတွေးပြီးသားပါ။ ခင်ဗျားလည်း ကွန်ပြူတာသုံးနေတဲ့သူပဲ။ လူထုဒေါ်အမာရဲ့မြေး ဘိုဘိုလန်းစင်ရေးတဲ့ ရွှေဥဒေါင်း၏ အနှစ် ၉၀ ကျော် ခေတ်စားနိုင်သောနည်း ဆောင်းပါးမှာ ကိုယ်တိုင်ဝင်ဖတ်ကြည့်ပေတော့၊ ကျနော်လည်း အဲဒီမှတ်ချက်ကို စပြီး ကြားစက ဟုတ်မှ ဟုတ်ပါလေစလို့ တွေးမိခဲ့တာပါပဲဗျာ၊ နေဦးဗျ၊ သူဘယ်လိုလူဆိုတာ ထင်ရှားအောင် ထပ်ပြီး သက်သေပြပါအုံးမယ်။ ဒီတစ်ခါတော့ ခင်ဗျားကိုယ်တိုင် ကားဆီကို သွားပေတော့ဗျာ၊ အဲဒီမှာ ဆရာကြီးရွှေဥဒေါင်းရဲ့ တသက်တာအတွေးအခေါ်မှတ်တမ်း ဆိုတဲ့စာအုပ်ရှိလေရဲ့ ကျနော်ဖတ်စေချင်တဲ့ စာမျက်နှာတွေကို စာရွက်ကလေးတွေ ညှပ်ပြီး ဘေးမှတ်ထား



www.burmeseclassic.com

www.burmeseclassic.com

လေရဲ့"

ကိုသက်ခိုင်ကား တည်ငြိမ်အေးဆေးစွာဖြင့် တိုက်ပွဲတစ်ပွဲကို ဆင်နွှဲနေသည့် စစ်သူကြီးတစ်ဦး၏ ပုံစံပေါက်နေလေသည်။ သူ့မျက်နှာတွင် အငြိုးအတေး အာဃာတ အမုန်းတရားစသည့် လက္ခဏာများကို မတွေ့ရချေ။ သူစေခိုင်းသော သူ့ကားပေါ်က စာအုပ်ထုကြီးကို ကျနော်သွားရောက်ယူဆောင်လာခဲ့ပြီး သူညွှန်းထားသော စာမျက်နှာတစ်ခုတွင် ဆရာကြီးရွှေဥဒေါင်းကိုယ်တိုင် အောက်ပါအတိုင်း ရေးသားထားသည်ကို ဖတ်ရှုရပါသည်။

ကျွန်ုပ်၏ အဆုံးအဖြတ်

ထိုမှဆက်လက်၍ မြန်မာပြည်ကို စစ်တပ်က အာဏာသိမ်းသည်ဆိုသော သတင်းအကြောင်းကို ဆင်ခြင်ရာတွင် ကျွန်ုပ်သည် ဗိုလ်ချုပ်နေဝင်းနှင့် ဦးနုတို့ကို ပုဂ္ဂိုလ်အနေအားဖြင့် နှိုင်းယှဉ်ချက် ထုတ်မိသည်။ ဗိုလ်ချုပ်နေဝင်းအကြောင်းကို ကျွန်ုပ် ကြားသိရဖူးသမျှနှင့် ဦးနုအကြောင်းကို ကျွန်ုပ်သိရသမျှမှာ (ကျွန်ုပ်သည် ဤ ပုဂ္ဂိုလ် နှစ်ဦးလုံးနှင့် ကိုယ်တိုင် သိကျွမ်းသည် မဟုတ်ပါ) အုပ်ချုပ်ရေးသမားတစ်ယောက် အနေဖြင့် ဗိုလ်ချုပ်နေဝင်းကို ပို၍ ကြိုက်ပါသည်။ (ကျွန်ုပ် အကဲခတ် မှားချင်လည်း မှားပေမည်)။ မည်သို့ပင်ဖြစ်စေ ဗိုလ်ချုပ်အုပ်ချုပ်ရေးသည် ဦးနုအစိုးရအုပ်ချုပ်ခြင်းထက် ဆိုးဆိုးရွားရွား ဖြစ်မသွားနိုင်။ တိုင်းပြည်ကြီး ဗယောက်ဗယက် ဖြစ်မသွား တန်ရာဟု ဆုံးဖြတ်ချက် ချမှတ်လိုက်သည်ဖြစ်၍ တိုင်းပြည်အတွက် ကျွန်ုပ်၏ စိုးရိမ်ပူပန်မိခြင်းများမှာ တစ်ခါတည်းပျောက်ပြယ် လွင့်စင်သွားပြီး ကောင်းစွာ အိပ်စက် နိုင်ပါသည်။

ဆက်လက်စုံစမ်းခြင်း

နံနက်လင်းသောအခါ ကျွန်ုပ်သည် ယမန်ညက စဉ်းစားဆင်ခြင်ပုံများကို သခင်ကျော်စိန်အား ပြောပြရာ သခင်ကျော်စိန်က ကျွန်ုပ်၏ အဆုံးအဖြတ်ကို နှစ်သက် သဘောကျလှသည်ဟု အားရပါးရ ထောက်ခံရုံသာမက ရုရှားရဲဘော်များအားလည်း ပြောပြလေသည်။ ထို့နောက် ကျွန်ုပ်တို့သည် မြန်မာပြည်မှ သတင်းများကို ဆက်လက် နားစွင့်လျက်ရှိရာ ကြားရသမျှသော သတင်းများသည်လည်း ကျွန်ုပ်၏ အဆုံးအဖြတ်ကို တစ်နေ့တစ်ခြား ထောက်ခံလျက်ရှိကြောင်း တွေ့ရ၍ စိတ်ကျေနပ်လှပါသည်။ ဤတွင် ကျွန်ုပ်သည် ဆိုဗီယက်ယူနီယံ၌ ဆက်လက်လှည့်လည်ရခြင်းအလုပ်တွင် လုံးဝ နောက်ဆံမတင်းတော့ဘဲ ကျွန်ုပ် သိလိုသော အခြင်းအရာများကို စိတ်အေးလက်အေးဖြင့် စုံစမ်းနိုင်ပါသည်။

သည်တစ်ကြိမ်တော့ ကျနော့်နှုတ်မှ ဦးစွာအသံထွက်သွားရပါသည်။

"အော် လက်စသတ်တော့ ဆရာကြီးက ဦးနေဝင်းလူပဲ"

"နေဦးဗျ။ ဒီလိုလည်း ဖွတ်မပြောစေချင်ဘူး၊ သူတစ်ဦးတည်းဆန္ဒနဲ့ ဦးနေဝင်း



www.burmeseclassic.com

www.burmeseclassic.com

ကို ချစ်သည်ဖြစ်စေ မုန်းသည်ဖြစ်စေ ဒါဟာသူ့လွတ်လပ်ခွင့်ပဲ။ အမှန်တော့ ဆရာကြီးဟာ ဦးနေဝင်းရဲ့ မစကူညီမှုတွေကိုလက်ခံခဲ့တဲ့ အထောက်အထားတွေလည်း တစ်ပုံကြီးရှိပါသေးတယ်။ ကျနော်ပြောချင်တာက ဒီအချက်မဟုတ်ဘူး၊ သူရေးတဲ့ ဒိဋ္ဌေဒိဋ္ဌမတ္တံ နောက်ကို စွဲစွဲလန်းလန်းလိုက်နေကြတဲ့ ဆင်ခြင်တုံတရားနည်းပါးတဲ့ စာဖတ်ပရိသတ်တွေအတွက် အကြီးအကျယ် စိုးရိမ်မိတဲ့အချက်ပဲဗျ။ ခင်ဗျားကိုတိုတိုပဲ မေးပါ့မယ်။ ဒိဋ္ဌေဒိဋ္ဌမတ္တံကို ဖတ်ပြီး တရားထူးရသွားတယ်လို့ ခင်ဗျား ကြားဖူးသလား၊ ကြားပါတယ်ဗျာ၊ ခင်ဗျား မဖြေပါနဲ့တော့။ မိုးကုတ်ဆရာတော်ဘုရားကြီးကိုယ်တိုင်... ဒါမျိုးက ဘုရားရှင်လက်ထက်မှာတောင် တစ်ယောက်နှစ်ယောက်ပဲ ရှိတာလို့ ပြောခဲ့ပြီးပြီ၊ ခင်ဗျား ဗဟုသုတအလို့ငှာ ပြောလိုက်ပါရစေ။ ဘုရားရှင်လက်ထက်နဲ့ အခုခေတ်ကာလ ဘာများကွာလို့တုန်းဆိုရင် အစစကွာခြားသွားပြီ။ ဘုရားရှင်လက်ထက်က အတွေးအခေါ် ရှာဖွေတဲ့ခေတ်၊ ဥတုမြေဆီ ကောင်းမွန်နေသေးတဲ့ခေတ်၊ တက်ခေတ်၊ အခုကဆုတ်ကပ် ဆုတ်ခေတ်၊ အဲဒီဆုတ်ကပ်တို့ ဆုတ်ခေတ်ဆိုတာ ကျနော်က လေသံကြားနဲ့ ဖြီးဖြန်းနေတာ မဟုတ်ဘူး၊ ခင်ဗျားစာအုပ်မဆုံးခင် ကျနော့်ရဲ့ စကြာဝဠာဆိုင်ရာအမြင်ကို ရှင်းပြပါ အုံးမယ်။ အခု လတ်တလောမှာတော့ ကျနော်အာဂုံရနေတဲ့ စာပိုဒ်လေးတစ်ပိုဒ် ရွတ်ပြပါရစေ"

တဆက်တည်းဆိုသလိုပင် ကိုသက်ခိုင့်နှုတ်မှ လက်တန်းရွတ်ပြသော စာပိုဒ်ငယ်မှာ ကိုသက်ခိုင့်လက်စွဲ အာနာပါနသိမှုဖြင့် ဝိပဿနာရှုပွားနည်း အမည်ရှိ စာအုပ်မှ ဖြစ်ပြီး စာသားမှာ အောက်ပါအတိုင်းဖြစ်၏။

. . . . . . . . . . . . . . . . . . . . .

မြင်ရုံနှင့်ကြားရုံနှင့် ဖြစ်ပျက်ကို မြင်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ရကြ ရောက်ကြသော ပုဂ္ဂိုလ်များလည်း အထင်အရှား ရှိကြပါသည်။ သို့ရာတွင် ယေဘုယျအားဖြင့် ယခုခေတ် လူများနှင့်မူကား ကိုယ်တွင်းရှိ တရားဖြစ်သော တွေ့ ထိ ပျက်နှင့် အလျော်ဆုံးဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် တွေ့ ထိ ပျက်သည် တစ်ခါပိုင်ထားလျှင် စွဲမြဲသွားတတ်တော့၏။ တွေ့ ထိ ပျက် တစ်မျိုးတည်း သိရုံမျှနှင့် ကျန်ငါးပါးကို သဘောပေါက်လွယ်၏။ အခါ ခပ်သိမ်း အရှုရလည်း လွယ်၏။ ခန္ဓာအာယတန ဓာတ် ပရမတ်တို့၏ အကြောင်းကို လည်း ပိုင်ပိုင်နိုင်နိုင် သဘောပေါက်တော့၏။

(အနာဂါမ် ဆရာသက်ကြီး၏ အာနာပါနသိမှုဖြင့် ဝိပဿနာ ရှုပွားနည်း ။ စာမျက်နှာ ၅၄–၅၅။)

"ဒါဆိုလည်း ဆရာကြီးရွှေဥဒေါင်းဟာ တရားထူးမရခဲ့ဘူးလို့ ခင်ဗျားဆိုချင်တာ လားဗျ"



www.burmeseclassic.com

www.burmeseclassic.com

"ကိုးဆယ့်ကိုးဒသမကိုး ပတ်လည်သေချာတာပေါ့ဗျာ။ ဆရာကြီးဟာ တရားရှာခဲ့သူဆိုတာ မှန်ပါတယ်။ တရားရခဲ့သူတော့ မဟုတ်တန်ပါဘူး။ ခြွင်းချက်အားဖြင့် ဘုရားလက်ထက်မှာ နှစ်ယောက်ရှိပြီး ဒီခေတ်မှာ တစ်ယောက်တော့ ပေါ်ခဲ့လေရဲ့လို့ သတ်မှတ်နိုင်မလား ခင်ဗျားမေးနိုင်တယ်။ ဒါလည်း မဖြစ်နိုင်ပါဘူး"

"ဒါဆို ခင်ဗျားမှာ ခိုင်မာတဲ့သက်သေရှိသလားဗျာ"

ပြောနေဆိုနေရင်းပင် သူနှင့်ကျနော်၏ အမေးအဖြေမှာ ပိုမိုလေးနက်လာလေသည်။ ကိုသက်ခိုင်ကား တည်ငြိမ်စွာပင် ရှိနေရုံမက ကျနော့်မေးခွန်း ကျနော့်ထောက်ကွက်တို့ကို တင်ကြိုသိရှိနေဟန်၊ လိုအပ်သည့် အထောက်အထားများကို ကြိုတင်ပြင်ဆင်ထားဟန် ရှိ၏။

"ဟုတ်ပြီ။ ခင်ဗျားမေးတာ သဘာဝသိပ်ကျတယ်၊ ရော့ ဒီနေရာကိုဖတ်ဗျ" ပြောပြောဆိုဆို ကိုသက်ခိုင်က ကျနော့်လက်ဝယ်တွင်ရှိသော ဆရာကြီးရွှေဥဒေါင်း၏ တသက်တာအတွေးအခေါ်မှတ်တမ်းများ စာအုပ်ကို ဆွဲလှန်လိုက်ပြီး တစ်ခုသောနေရာကို ညွှန်ပြလေရာ အောက်ပါစာပိုဒ်တို့ကို ဖတ်ရှုရပါသည်။

. . . . . . . . . . . . . . . .

မဟာစည်ဆရာတော်ဘုရားသည် ထိုစဉ်အခါက ယခုကဲ့သို့ 'နေမြင် လမြင်' ဆိုကြသည့် အခြေအနသို့ မရောက်သေးပဲ ဆိပ်ခွဲရွာကလေး၌ပင် သီတင်းသုံးလျက်ရှိသေးရာ ဆရာတော်၏ တပည့်ရင်းတစ်ယောက်သည် ကျွန်ုပ်၏ 'အနတ္တ'(သတင်းစာ) ခေါင်းကြီးများအကြောင်းကို လူပြောများ၍ သတင်းကြားသည့် လက္ခဏာနှင့် (သတင်းစာဖတ်သူတစ်ယောက် မဟုတ်၍ သူကိုယ်တိုင်ဖတ်မိခြင်း ဟုတ်ဟန်မတူ၊) ကျွန်ုပ်ထံသို့ ရောက်လာ၏။ စကားစ၍ ပြောလိုက်သောအခါ ဤလူသည် ကျွန်ုပ်၏ အနတ္တ ခေါင်းကြီးများကို သဘောကျ၍ ဆွေးနွေးရန်လာသည်ဟု ထင်မိ၏။ သို့ရာတွင် ဤပုဂ္ဂိုလ်ကား ယူရန်မဟုတ်၊ ပေးချင်၍ လာခြင်းဖြစ်သည်ဟု ကျွန်ုပ် အကဲခတ်မိသည်နှင့် တပြိုင်နက် စကားလုံ၍ မပြောတော့ဘဲ သူ့ကိုလွှတ်ပေးလိုက်၏။ ထိုအခါ သူသည် ဆရာတော်၏ အဖောင်းအပိန်နည်းကို ဟောပြောလေသည်။ ကျွန်ုပ်သည် တရားဆွေးနွေးရာ၌ စကားရှည်ခြင်းကို မကြိုက်တတ်သော ဝါသနာအတိုင်း "ခင်ဗျားဟောခြင်းထက် ခင်ဗျားဆရာတော်ကို ဖူးတွေ့လိုသည်၊ ဘယ့်နှယ့်လဲ"ဟု မေးရာ ဆရာတော်ကို မတွေ့မီ ဆရာတော်၏စာအုပ်ကို ဖတ်ပါဦးဟု ပြော၍ ဆရာတော်ရေးသည့် စာအုပ်နှစ်အုပ်ကို လှူပြပေသည်။ စာအုပ်များမှာ တစ်အုပ်တစ်ဆယ်ကျပ်စီဖြစ်၍ ဤပုဂ္ဂိုလ်၏စေတနာကို ကျွန်ုပ်လေးစားသည့်အလျောက် သူလှူသော စာအုပ်ကြီးနှစ်တွဲကို လေးလေးနက်နက် ဖတ်ရှုဆင်ခြင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**စမ်းသပ်အားထုတ်ခြင်း**

ကျွန်ုပ်သည် အထက်တွင်ဖော်ပြခဲ့ဖူးသည့်အတိုင်း မိစဉ်ဖဆက် တရားမွေ့ ဝိပဿနာထုံခဲ့သူဖြစ်၍ ကိုယ့်ဆရာ၏နည်းအတိုင်း တပင်တပန်း အားထုတ်ခြင်းအားဖြင့် ယထာဘူတသဘာဝကို အထိုက်အလျောက် သဘောပေါက်ထားသည်ဟု ယုံကြည်ထား စေကာမူ ကိုယ့်ဆရာတော်၏ နည်းနာနိဿယ မှတစ်ပါး အလကားဟာချည်း ဖြစ်သည်ဟု ကျဉ်းမြောင်းသော သဘောထားရှိသူ တစ်ယောက် မဟုတ်သည့်အလျောက် ဤဆရာတော်၏ နည်းကား ယုတ်စွအဆုံး စမ်းသပ်ထိုက်သောနည်းတစ်ခု ဖြစ်ပေသည်ဟု ဆုံးဖြတ်လိုက်၏။ (လက်တွေ့အားထုတ်ခြင်း မဟုတ်ဘဲ ကျမ်းဂန်ထဲမှ ထုတ်ပြီးရေးကြသည့် အခြားနည်းများကို ဖတ်ရှုဖူးသော်လည်း စမ်းသပ်ထိုက်သည်ဟု ကျွန်ုပ် မယူဆခဲ့ပါ။)သို့ဖြစ်၍ နောက်တစ်ကြိမ် ထိုမိတ်ဆွေ လာသောအခါတွင် စမ်းသပ်အားထုတ်လိုသဘောတူကြောင်း ကျွန်ုပ်က ပြောသည်နှင့် ထိုသူသည် ကျွန်ုပ်အားထုတ်ရေးအတွက် ဝမ်းမြောက်ဝမ်းသာ တာဝန်ယူ၍ အစီအစဉ် ပြုလုပ်ပေးပါပေသည်။ လူထုမအမာ၏ ဖခင် ဦးထင်သည် ကျွန်ုပ်နှင့်အတူလိုက်၍ အားထုတ်ရန် သဘောတူသည်နှင့် ကျွန်ုပ်သည် လူထုတိုက်မှ ခွင့်ခုနစ်ရက်ယူ၍ စစ်ကိုင်းတောင်ရိုး ရွှေမင်းဝံချောင်သို့ သွားကြလေ၏။

မဟာစည်ဆရာတော်၏ တပည့် ကျွန်ုပ်၏မိတ်ဆွေမှာ ရေဦးမြို့ ဆန်စက်ပိုင် (ယခုကောလင်းမြို့ဆန်စက်ပိုင်) ဦးဘသင်ဖြစ်လေရာ သူသည် ရွှေမင်းဝံချောင်သို့ ကျွန်ုပ်တို့နှင့် အတူလိုက်၍ ရက်သတ္တတစ်ပတ်ခန့်ထိုင်ဖို့ ကျွန်ုပ်တို့အတွက် စားရေးသောက်ရေးပါ အစီအစဉ် ပြုလုပ်ပေးသွားပါပေသည်။ (သူ့ဆရာတော်၏ နည်းအတိုင်း အားထုတ်မည့်သူဆိုလျှင် လူ၊ ရှင်၊ ရဟန်း၊ သီလရှင် မရွေး တာဝန်ယူဖို့ အသင့်ရှိသည်ဟူ၍ ပြောဖူးပါသည်။) ရွှေမင်းဝံချောင်သို့ရောက်ကြသောအခါ ကျွန်ုပ်တို့အား ပြသမည့် ပုဂ္ဂိုလ်မှာ ဆရာတော်ဦးကောသလ္လ ဖြစ်၏။ ဦးကောသလ္လမှာ မူလက မိုးညှင်းဆရာတော်၏လက်ရုံးဖြစ်ခဲ့ရာ ဦးဘသင်၏ တိုက်တွန်းမှုကြောင့် မဟာစည်ဆရာတော်နည်းအရ အားထုတ်ပြီး ရွှေမင်းဝံချောင်၌ နည်းပြဆရာတော်အဖြစ်နှင့် သီတင်းသုံးနေသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ ဦးဘသင်သည် ကျွန်ုပ်တို့နှစ်ယောက်ကို ဦးကောသလ္လထံသို့အပ်၍ တစ်ညအိပ်ပြီးနောက် မန္တလေးသို့ ပြန်သွားလေသည်။

**ကြိုးစားခဲ့ပုံ**

နောက်တစ်နေ့၌ (တန်ဆောင်မုန်းလပြည့်နေ့ ဖြစ်သည်။) ဆရာတော်သည် ကျွန်ုပ်တို့နှစ်ယောက်အား အဖောင်းအပိန်နည်းကို သင်ပြပေး၍ စတင်အားထုတ်ကြပါသည်။ ကျွန်ုပ်မှာ ဝိပဿနာအလုပ်နှင့် ပတ်သက်၍ အစိမ်းတစ်ယောက်မဟုတ်သဖြင့် ဤကား သမထ၊ ဤကား ဝိပဿနာ ဖြစ်သည်ဟု သိနှင့်ပြီးသော အချက်ကလေးများ



www.burmeseclassic.com

www.burmeseclassic.com

ပါရှိသော်လည်း အသိများကို အားလုံးဖယ်ထား၍ ဤနည်းသက်သက်ဖြင့် စမ်းသပ်အားထုတ်ပါတော့မည်ဟု သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် ဆရာတော် ညွှန်ကြားသင်ပြသည့်အတိုင်း (ဆင်ခြေကန်ခြင်း၊ နငယ် အမြီးဆက်ခြင်း စသည်တို့ကို ရှောင်ရှားပြီး) တိတိကျကျ ဂယနဏ မှတ်သား လိုက်နာခဲ့ပါသည်။ လပြည့်ကျော်ကာစ ရက်များဖြစ်၍ ကျောင်းဝင်းကြီးမှာ ထိန်ထိန်လင်းလျက်ရှိရာ "အကြွ အလှမ်း အချ"တို့ကို ဆရာပြောသည့် အတိုင်း မှတ်ကာ ကျောင်းဝင်းကြီး ပတ်ပတ်လည် စင်္ကြံလျှောက်ချည်တစ်လှည့်၊ ကျောင်းပေါ်၌ အဖောင်းအပိန် မှတ်ချည်တစ်လှည့်ဖြင့် တစ်ညဥ့်လုံး အချိန်ကုန်စေသည့် ညဥ့်များလည်း ပါရှိပါသည်။ သုံးလေးရက် ကြာလတ်သော သမာဓိအားအလွန်ကောင်း၍ မိမိ၏ စိတ်ကို အတော်ကြီးနိုင်နင်းလာပါ၏။ အိပ်ချင်လာသောအခါ "မအိပ်ချင်ပါနဲ့"ဟု အမိန့်ပေးရုံနှင့် ပျက်ချင်းလိုပင် ပြေပျောက်သွားပါ၏။ အထိုင်အထ ပေါ့ပါးပါ၏။ စိတ်ကြည်လင်ပါ၏။ အဖောင်းအပိန်တည်းဟူသော အာရုံမှတစ်ပါး အခြားသို့ မထွက်ဘဲ အကြာကြီး နေနိုင်ပါ၏။ သို့ရာတွင် ကျွန်ုပ်မျှော်လင့်သည့် (ဝိပဿနာ)ဉာဏ် အမြင်မျိုးမူကား မပေါ်လာချေ။

**ထူးဆန်းသော အတွေ့အကြုံ**

ပဥ္စမမြောက်နေ့၌ နံနက်ခင်းတွင် ကျွန်ုပ်သည် အဖောင်းအပိန်အလုပ်ကို သဲသဲမဲမဲ လုပ်လေရာ၊ ဝမ်းဗိုက်၏ ဖောင်းခြင်း၊ ပိန်ခြင်းများကို ရှုမှတ်ခြင်းအားဖြင့် ရေပေါ်၌လှိုင်းစီးလျက်ရှိသော စင်ယော်ငှက်သဖွယ် မိမိကိုယ်ကို ထင်မြင်လာ၏။ ရန်ကုန်ဆိပ်ကမ်း၌ စင်ယော်ငှက်များ လှိုင်းစီးခြင်းကို ကျွန်ုပ် မြင်ဖူးရာ ဝမ်းဗိုက်ဖောင်းခြင်းသည် လှိုင်းဝင်လာခြင်းနှင့်တူ၍ ဝမ်းဗိုက်ပိန်ခြင်းသည် လှိုင်းထွက်သွား၍ နိမ့်သွားခြင်းနှင့်တူ၏။ ဖောင်းချည်ပိန်ချည်ရှိသော အခြင်းအရာသည် လှိုင်းပေါ်ရောက်လိုက် အောက်ကျလိုက် ဖြစ်နေသော အခြင်းအရာနှင့်တူလှသည် ဖြစ်သောကြောင့် ကျွန်ုပ်တစ်ကိုယ်လုံး လှိုင်းစီးနေရသကဲ့သို့ အလွန်ငြိမ့်လှပေ၏။ အဖောင်းအပိန်ကို ရှုမှတ်ရခြင်းကြောင့် ပင်ပန်းသည်ဟု ယခင်က ထင်ခဲ့ရာမှ ယခုမူ လှိုင်းစီးရသကဲ့သို့ ငြိမ့်သည် ထင်လာသောကြောင့် ဖိမ်တစ်မျိုးရှိသည် ဆိုကာ ကျေနပ်လျက် ရှိပါတော့သည်။ ဤသို့ရှိနေရာမှ ကျွန်ုပ်က စိတ်အားစိုက်ရသည် မဟုတ်ဘဲလျက် အသက်ရှူခြင်းသည် တဖြည်းဖြည်း ပြင်း၍ ပြင်း၍လာလေရာ လေမုန်တိုင်းတိုက်ခတ်၍ လှိုင်းထမ်းပိုး ထကြွခြင်းနှင့် တူလှ၏။ ထိုအခါ၌မူ ငြိမ့်သည်ဟု ထင်ရသော အမှတ်သည် ပျောက်သွား၍ အနေခက်သည့်သဘောမျိုး ထင်လာခဲ့လေပြီ။ ဤအတောအတွင်း အသက်ပြင်းစွာ ရှူရှိုက်ခြင်းသည် တိုး၍ တိုး၍ လာသည်ဖြစ်သောကြောင့် သေခါနီး၌ အမောဆိုက်သော လူနာတစ်ယောက်ကဲ့သို့ ဖြစ်နေခဲ့လေ



www.burmeseclassic.com

www.burmeseclassic.com

ပြီ။ အသက်ရှူခြင်းကို မပြုပြင်ဘဲ ဆက်လက်၍ လွှတ်ထားလိုက်ပါက နောက်ဆုံး တွင် တာမနိုင်ဆီးမရ အမောကြီးဆိုက်သော လူနာကဲ့သို့ ဖြစ်သွားလိမ့်မည်ဟု စိုးရိမ်လာ သည်နှင့် ကျွန်ုပ်သည် အသက်ရှူရှိုက်ခြင်းကို ဘရိတ်အုပ်ကာ ထိန်းသိမ်းထားလိုက်ရာ နဂိုအတိုင်း သာမန်အသက်ရှူသော အဖြစ်သို့ ရောက်သွားပါတော့သည်။ ထူးဆန်း လှသည်တကားဟု အောက်မေ့မိ၏။

**ဆက်လက်၍ စွန့်စားခြင်း**

ကျွန်ုပ်သည် ရွက်ဖျင်ကုလားထိုင်ပေါ်၌ ထိုင်ကာ အလုပ်လုပ်ခြင်းဖြစ်ရာ (ဆရာတော်ကလည်း ခွင့်ပြုသည်။) ကုလားထိုင်အပေါ်မှ ထ၍ စင်္ကြံလျှောက်ရင်း အထက်ပါ အဖြစ်အပျက်ကို ပြန်လှန်သုံးသပ်သည်။ မကြုံဖူးသော အခြင်းအရာ တစ်ခုဖြစ်၍ နားမလည်နိုင်အောင် ဖြစ်နေ၏။ အတန်ကြာအောင် စင်္ကြံလျှောက်ပြီးနောက် ကျွန်ုပ်သည် ကုလားထိုင်ပေါ်၌ တစ်ဖန်ထိုင်ပြန်၍ ယခင်ကအတိုင်း အဖောင်းအပိန် ရှုပြန်ရာ စင်ရော်ငှက်ကလေးလှိုင်းစီးသကဲ့သို့ ရှိသောအဖြစ်သို့ မကြာမီပင် ရောက် လာ၏။ ထို့နောက် အသက်ပြင်းပြင်း ရှူသောအဖြစ်သို့ (သူ့ဘာသာ) ရောက်သွားပြန်ရာ တဖြည်းဖြည်း ပြင်းသည်ထက် ပြင်းသောအဖြစ်သို့ ရောက်သွားပြန်၍ အသက်ဖေ သကဲ့သို့ ဖြစ်လာပြီး လန့်ပြန်သည်နှင့် တဖန် ရပ်မိလိုက်ပြန်သည်။ ဘာဖြစ်သနည်းဟု စဉ်းစားရာ အဖြေမထွက်လာချေ။ ဤတွင် ကျွန်ုပ်သည် တတိယအကြိမ် ထပ်မံအား ထုတ်ပြန်ရာ (ကျွန်ုပ်အထင်) တစ်မိနစ်ခန့်အတွင်းတွင် သက်ပြင်းရှူသောအဖြစ်သို့ ရောက်လာပြန်၏။ ဤတစ်ကြိမ်၌ကား ကြောက်စိတ်ကို နှိမ်နင်း၍ ဖြစ်ချင်ရာ ဖြစ်စမ်းပါစေ ဆိုကာ ဘရိတ်မအုပ်ဘဲ လွှတ်ပေးလိုက်သည်။ အသက်ရှူခြင်းသည် ပြင်း သည်ထက်ပြင်းလာ၍ လှိုင်းထမ်းပိုးကြီးများ ထသည့်နယ် ဝမ်းဗိုက်ကို မြင်ရသော်လည်း ရှိုးရှိုးမောဟိုက်ခြင်းမျိုးကဲ့သို့ အခံရခက်ခြင်း၊ ပင်ပန်းခြင်းမျိုးကား လုံးဝမတွေ့ရချေ။ ဝမ်းဗိုက်သည် အစွမ်းကုန်ဖောင်း၍ အစွမ်းကုန် ပိန်သွားသောအဖြစ်သို့ ရောက်သွားသော အခါ(ပိန်သောအလှည့်များ၌ ကျောနှင့်ဝမ်းဗိုက်ထိသည်ဟု ထင်ရသည်။) အသက်ရှူ ခြင်းသည် တဖြည်းဖြည်းကလေးပြန်၍ ပျော့လာ၏။ ဤအခြင်းအရာကိုလည်း ကျွန်ုပ် ကောင်းကောင်းသိ၏။ ဤသို့ဖြင့် တစ်ချက်ထက် တစ်ချက် ပျော့သည်ထက် ပျော့ဆင်း လာရာ ငွေ့ငွေ့ကလေး ရှူရှိုက်ရာမှ လုံးဝအသက်မရှူပဲ ငြိမ်နေသည် ထင်ရသော အဖြစ်သို့ ရောက်လာ၏။ (ထင်သည်ဟု ကျွန်ုပ်ရေးပါသည်။ တကယ်ငြိမ် မငြိမ်ကို ကျွန်ုပ်အမှန် မပြောနိုင်ပါ။) ထိုကဲ့သို့ အသက်ရှူသည်ဟု မထင်ရဘဲ ငြိမ်နေသော အခိုက်အတန့်၌ စိတ်၏ ငြိမ်းချမ်းမှုရှိခြင်းမှာ ယှဉ်မှားဖွယ်မရှိပါ။

သတိလစ်ခြင်းကား မဟုတ်။ လောကကြီးနှင့် ပတ်သက်၍ ဟိုအကြား သည်အကြောင်းတို့ကို မသိ။ ဘာသံမှလည်း ကြားသည်မထင်။ ဘာမှလည်း မစဉ်းစား





www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းချမ်းမှု သက်သက်ကိုသာ သိပါသည်။ ဤသို့ဖြင့် (တစ်မိနစ်သာသာ ကြာလိမ့်မည် ထင်သည်။) အတန်ကြာသောအခါ အာရုံခြောက်ပါးနှင့် စပ်လျဉ်းသည့် အသိကလေးများ ပေါ်လာ၍ တဖြည်းဖြည်းတွင်မှ လူရိုးရိုးတစ်ယောက်ဖြစ်လာပါသည်။

**ဆရာတော်လည်း အခက်တွေ့၏**

ကျွန်ုပ်သည် ထိုင်ရာမှ ထခဲ့၍ ဆရာတော်ထံသို့သွားပြီး အကြောင်းခြင်းရာကို လျှောက်ထားလေရာ ဆရာတော်သည် မကြုံဖူးသည့် လက္ခဏာနှင့် ကျွန်ုပ်ကို ကြည့်နေပြီးနောက်

"ဒကာကြီးရဲ့ အဖြစ်က တော်တော်ဆန်းတာပဲ၊ လှေကားမပါဘဲနဲ့ ထန်းပင်ပေါ်ရောက်တဲ့ လူလို ဖြစ်နေပြီကော၊ ဘယ်တရားများ အားထုတ်ဖူးသလဲ"ဟု မေး၏။ ကျွန်ုပ်က ယခင်က အားထုတ်ခဲ့ဖူးပုံနှင့် သက်န်းဝတ်ခဲ့ဖူးခြင်း အကြောင်းတို့ကို အကျဉ်းချုပ် လျှောက်ထားလေရာ ဆရာတော်သည် ကျွန်ုပ် ဖြစ်ပုံကို ဆုံးဖြတ်ရန် မတတ်နိုင်သည့် လက္ခဏာနှင့် ဤနည်းအတိုင်း ထပ်၍ အားထုတ်ဖို့ တိုက်တွန်းလေ၏။ ကျွန်ုပ်ကလည်း မိမိ၏အဖြစ်ကို စိတ်တိုင်းကျလှသည်လည်း မဟုတ်။ ဆရာတော်ကလည်း ဟုတ်ပြီဟု ထောက်ခံလိမ့်မည် ဟူ၍ မမျှော်လင့်ခဲ့ဖူးသည့်အတွက်ကြောင့် ထပ်မံအားထုတ်ဖို့ တိုက်တွန်းပြန်ခြင်းအတွက် စိတ်ပျက်ခြင်းမရှိဘဲ ဆက်လက်၍ အားထုတ်ပြန်ပါသည်။

**စမ်းသပ်နည်း**

ထိုညဉ့်၌ ကျွန်ုပ်သည် အဖောင်းအပိန်နည်းအရ အားထုတ်ပြန်ရာ စင်ယော်ငှက် အမွှယ် လှိုင်းစီးသော အဖြစ်မျိုးသို့ ရောက်ပြီးနောက် အမောဆိုက်သလိုဖြစ်ပြီး ငြိမ်သက် များသော အဖြစ်မျိုးသို့ ဆိုက်ရောက်သွား၏။ ထိုကဲ့သို့ သုံးကြိမ်သုံးဖန် ဆိုက်ပြီးသော အခါ၌ကား ကျွန်ုပ်သည် ဘယ်နှစ်ကြိမ်ဆက်၍ အားထုတ်သည်ဖြစ်စေ ဤနည်းအတိုင်း သာ ဖြစ်ချေတော့မည်ဟု ရိပ်မိသည်နှင့် ဆက်လက်၍ အားမထုတ်တော့ဘဲ အနားယူထား လိုက်လေ၏။ အရုဏ်တက်ချိန်တွင် ကျွန်ုပ်တို့သည် ယာဂုသောက်ရန်အတွက် သီလရှင်၏ကျောင်းသို့သွားကြ၏။ ကျွန်ုပ်တို့အား ချက်ပြုတ်ကျွေးဖို့ တာဝန်ယူထား သော သီလရှင်မှာ မဟာစည်ဆရာတော်၏ အဖောင်းအပိန် နည်းဖြင့် တရားအားထုတ်၍ ဉာဏ်စဉ် နာပြီးသူ ဖြစ်လေရာ ကျွန်ုပ်သည် ကျွန်ုပ်၏ဖြစ်ပုံကို သီလရှင်အား ပြောပြ၏။ ထိုအခါ သီလရှင်က အဓိဋ္ဌာန်နှင့် စမ်းကြည့်ဖို့ အကြံပေး၏။ စမ်းနည်းမှာ ရောက်နေကျ အဖြစ်မျိုးသို့ နာရီဝက်အတွင်း ရောက်ပါစေသား၊ သို့မဟုတ် ၁၅ မိနစ်အတွင်း ရောက်ပါ စေသား စသည်ဖြင့် အဓိဋ္ဌာန်ပြုပြီး ထိုင်ရန်ဖြစ်လေသည်။ ယာဂုသောက်ပြီးကြ၍ ကျွန်ုပ်တို့နေသော စကြံကျောင်းသို့ ပြန်ရောက်ကြသောအခါ ကျွန်ုပ်သည် သီလရှင် ဆရာကလေး ပြောသည့်အတိုင်း နာရီဝက် အဓိဋ္ဌာန်ပြု၍ ထိုင်စမ်းရာတွင် နာရီဝက် အတွင်း၌ ငြိမ်သက်သောအဖြစ်သို့ ရောက်သွား၏။ ထို့နောက် ၁၅ မိနစ် အဓိဋ္ဌာန်ပြု၍



www.burmeseclassic.com

www.burmeseclassic.com

ထိုင်ပြန်ရာ ထိုအချိန်တွင် ရောက်သွား၏။ နောက်ဆုံး၌ ငါးမိနစ်အတွင်းလည်းကောင်း၊ တဖန် နှစ်မိနစ်အတွင်း လည်းကောင်း ရောက်စေသားဟု အဓိဋ္ဌာန်ပြု၍ ထိုင်ပြန်ရာ ထိုအချိန်တိတိ၌ပင် ရောက်ခြင်းကို တွေ့ရသည်။

**ပြန်လာခဲ့ခြင်း**

ထိုနံနက်၌ ကျွန်ုပ်သည် နည်းပြဆရာဖြစ်သော ဦးကောသလ္လ ဆရာတော် ထံသို့ သွား၍ ညဉ့်က အားထုတ်ပုံအကြောင်းကို လျှောက်ထားပြီးလျှင် ကျွန်ုပ်အဖို့ တရား အဆုံးသို့ ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ဆက်လက်အားထုတ်ခြင်း အားဖြင့် အကြောင်းထူးဖို့မရှိကြောင်း၊ အားထုတ်လိုက်တိုင်း ငြိမ်သက်သောအဖြစ်သို့ ရောက်သွား ၍ ဆက်လက်အလုပ်လုပ်ရန် လမ်းမမြင်တော့ကြောင်း၊ သို့ဖြစ်၍ အိမ်သို့ ပြန်ဖို့မှတစ်ပါး အခြားလုပ်စရာမရှိကြောင်း လျှောက်ထားလေ၏။ ကျွန်ုပ် အကဲခတ်ရသမျှမှာ ဆရာတော် သည် (သူ့စကားအတိုင်း) လေ့ကား မမြင်ရသည့်အတွက်ကြောင့် ထန်းပင်ပေါ်သို့ ရောက် ခြင်းကို ကျေနပ်ပုံမရသဖြင့် အောင်လက်မှတ်လည်း မပေးလို၊ ဆက်လက်၍ အားထုတ် ရန် ပြောဖို့လည်း ခက်နေသည်ဖြစ်သောကြောင့် ဆိတ်ဆိတ်သာ နေတော်မူသည်။

. . . . . . . . . . . . . . . . . . .

"နေပါဦးကိုသက်ခိုင်ရ ဆရာကြီးရဲ့တရားအတွေ့အကြုံက တော်တော်ထူးဆန်း တာပဲ။ ဒါကိုကြည့်ပြီး ခင်ဗျားက ဘာများ မှတ်ချက်ချချင်လို့ပါလိမ့်"

"ဟုတ်ပြီ၊ ခင်ဗျားမေးလို့ ကျနော့်အယူအဆကို ပြောပါ့မယ်။ ဒါကိုမပြောခင် ကျနော်တစ်ခုတော့ သတိပေးပါရစေ။ ဝိပဿနာအလုပ်ဆိုတာ အခုခေတ်မှာသာ လူတကာ ဝိပဿနာ ရှုကြတယ် မှတ်ကြတယ် ပြောဆို ရှုမှတ်နေတဲ့ခေတ်ဖြစ်ပေမဲ့ ဝိပဿနာခေတ်ဦးမှာတုန်းက လူမသိသူမသိ အသက်စွန့်တဲ့အထိ ကျင့်ကြံအားထုတ် သွားကြတဲ့ အရိယာအရှင့်အမာကြီးတွေ ရှိခဲ့လေရဲ့ဗျာ။ သို့သော် ဘယ်သူတော်ကောင်း ကမှ ကျနော်လို အာမချောင်တတ်ကြတာကြောင့် ဖြစ်စဉ်အများစုကို လူအများ လေ့လာခွင့်မရခဲ့ကြပါဘူး။ နောက်ပိုင်း ဓမ္မာစရိယ ဦးဌေးလှိုင်ရဲ့ကျေးဇူးကြောင့် ဝိပဿနာသမိုင်းကြောင်းကို တစွန်းတစခြေရာခံခွင့်ရလာကြတယ်။ ဒီအထဲမှာ အခိုင်အမာဆုံးက မြင်းခြံစွန်းလွန်းဆရာတော်ကြီးရဲ့ မူရင်းအသံနဲ့ ဟောကြားတဲ့ တရားသံတွေဟာ အခိုင်မာဆုံးပါပဲ။ ထားပါလေ ဒါက စကားချပ်ဆိုပါတော့။

ကျနော်ပြောချင်တာက ပုဂံခေတ်ကနေ ရှိနေခဲ့တဲ့ ဝိပဿနာ သာသနာဝင်ဟာ အရမ်းမှေးမှိန်လွန်းတယ်။ ဗုဒ္ဓဘာသာဝင်အများစုဟာ ဝိပဿနာဟာ ကောင်းတယ်လို့ သာ သိကြ လက်ခံကြတယ်။ ဘယ်ဟာဘယ်လိုကောင်းမှန်း မသိတာက များပါတယ်။ ဒီ ခေတ်ကာလအခြေအနေမှာ ဆရာကြီးရွှေဥဒေါင်းရဲ့ ဒိဋ္ဌေဒိဋ္ဌမတ္တံဆိုတဲ့ကျမ်းငယ်



www.burmeseclassic.com

www.burmeseclassic.com

ပေါ်လာပြီး လူအများစုကို ရေလိုက်လွဲစေခဲ့တာပါပဲ"

"ခင်ဗျားထောက်ချက်က ကြမ်းလွန်းတယ်နော်။ ခင်ဗျားကော ဆရာကြီးဟာ တရားထူးမတွေ့ခဲ့ပါဘူးလို့ ကံသေကံမ ပြောနိုင်သလားဗျာ"

"ဟုတ်ပြီ။ အမှန်တော့ ဆရာကြီးဟာ စာရေးတဲ့အခါမှာ လက်ကို သူ့ရဲ့သတိ စောင့်တယ်လို့တောင် ဗေဒင်ဆရာက ဟောရတဲ့အထိ ထူးချွန်တဲ့ပုဂ္ဂိုလ်ကြီးဗျ။ ဒီအချက်ကို ကျနော်လက်ခံတယ်။ ကျနော့်ဆရာလို့လည်း ကျနော်သတ်မှတ်ပါတယ်။ သို့သော် ဆရာနဲ့အမှန်တရားနှစ်ခုအနက် တစ်ခုခုကို ရွေးပါဆိုရင်ဖြင့် အမှန်တရားဖက်ကို ကျနော်ရွေးရပါလိမ့်မယ်။ ဆိုရေးရှိရင် ဆိုအပ်သတဲ့ဗျာ၊ စာဖတ်သူအများစုဟာ ဆရာကြီး ရွှေဥဒေါင်းဟာဖြင့် လောကီလောကုတ္တရာ နှံ့စပ်သူကြီးဖြစ်တယ်။ ဒါကြောင့်သူပြောတာ မှန်မှာပါလေဆိုပြီး စာရေးကောင်းတာလား တကယ်တရားထူးတွေ့တာလား ခွဲခြမ်းစိတ်ဖြာတာတွေ မလုပ်တော့ပဲ မျက်စိမှိတ်ပြီး လက်ခံလိုက်ကြရာက တရားရဲ့ရန်သူ ဖြစ်လာတော့တာပါပဲ။ ကာလာမသုတ်ကို သတိရစမ်းပါဗျာ"

"ကဲပါဗျာ။ ဆရာကြီးတရားထူးမရပါဘူးဆိုတဲ့ အချက်ကို အခိုင်အမာ ထောက်စမ်းပါဗျာ"

"အမှန်က အရှင်းကြီးဗျ။ ခင်ဗျား စာကိုသေချာမဖတ်လို့ ဆရာကြီးက သူတရား တွေ့နေတာကို တရားပြဆရာတော်က အောင်လက်မှတ်မပေးချင်ဘူးလို့ ပြောတာကို သတိပြုမိသလား၊ ဆရာကြီးလိုချင်တယ်ဆိုတဲ့ အောင်လက်မှတ်ဟာ သူဟာ သဒ္ဒါဂါမိ အနာဂါမ် ဘာညာဘာညာ အဆင့်တစ်ခုရောက်နေကြောင်း အသိအမှတ်ပြုတဲ့ လက်မှတ်ပေါ့ဗျာ။ ခင်ဗျားသေချာမှတ်ထားပေတော့။ ဘယ်တရားသမားမှ သူဟာ အရိယာဖြစ်ပြီ သောတာပန်ဖြစ်ပြီဆိုတာ မသိနိုင်ပါဘူး။ သိနိုင်ခဲပါတယ်။ဘာကြောင့် သိနိုင်ခဲသလဲဆိုရင် ကိလေသာ အနုသယအခိုက်အတန့် နက်နဲလွန်းလို့ပါပဲ။ ဒါဟာ ကျနော်ပြောတာမဟုတ်ဘူး။ လယ်တီဆရာတော်ကြီးရဲ့ မှတ်ချက်ပါ။ ကဲပါဗျာ ကြာပါတယ်၊ ဆရာကြီးက သူဟာ ဇင်ယော်ငှက်ကလေးလိုင်းစီးသလို လှိုင်းပေါ် ရောက်လိုက် လှိုင်းအောက် ရောက်လိုက်ကြုံတွေ့ရတာကို တရားထူးထင်နေတာကိုတော့ ကျနော်အံ့လို့မဆုံးဘူး။ သေချာအောင် ဒီခေတ် ဝိပဿနာရှုနေသူတစ်ယောက်ယောက်ကို ကြုံရင်ဖြင့် ခင်ဗျားကိုယ်တိုင် မေးပေတော့ဗျာ။ တကယ်တော့ ဒီအဆင့်ဟာ ဘာမှမဟုတ်ပါဘူး။ ဆရာကြီးရဲ့ခန္ဓာကိုယ်ဖြစ်ပျက် ခန္ဓာကိုယ်ရဲ့ သဘောသဘာဝကို မြင်နေတဲ့ အဆင့်ပါပဲ။ ဒီတော့ ခင်ဗျားကမေးမယ် ဘယ်အဆင့်မှာမှ ဘယ်လိုမြင်မှ ပရမတ်ဆိုက်တဲ့အမြင်လို့ ဆိုနိုင်မလဲပေါ့။ ဟုတ်ပြီ ကျနော်ဖြေမယ်။ ဒီလိုဖြေရင် ကျနော့်တစ်သက်မှာ တစ်ခါမှ မစဉ်းစားဖူးခဲ့တာ သစ္စာစကားပါပဲ။ အခုတော့အထင်ကရပုဂ္ဂိုလ်ကြီးရဲ့အကြောင်းကို ကျနော်စကားစမိပြီ။ ထောက်ပြမိပြီ။



www.burmeseclassic.com

www.burmeseclassic.com

ကျနော့် စကားကို သဘာဝကျကျအဆုံးသတ်နိုင်မှဖြစ်မယ်။ ခင်ဗျားကြားဖူးတယ် မဟုတ်လား။ အသိရခက်ခဲတဲ့ အသိတွေကို သိကြမြင်ကြတဲ့သူတွေကို တတိယမျက်လုံး၊ ဆဋ္ဌမ အာရုံရတယ် ဘာညာဘာညာပေါ့ဗျာ။ တကယ်တော့ ပရမတ်ဆိုက်တဲ့ ဝိပဿနာဉာဏ်အမြင်ဆိုတာ အဲဒီသဘောနဲ့ တော်တော်နီးစပ်တယ်ဗျ။ ခင်ဗျားနားလည် လွယ်အောင် ဥပမာပေးရရင် ခါတ်ပုံရိုက်တဲ့ ကင်မရာရဲ့ရှေ့မှန်ဘီလူးက ကင်မရာ အတွင်းပိုင်းကို ပြန်မြင်တဲ့ သဘောဟာ ဝိပဿနာဉာဏ်ပါပဲ။ ဒါကို တတိယ မျက်လုံး လို့ခေါ်ခေါ် ဆဋ္ဌမအာရုံလို့ခေါ်ခေါ်၊ ကြိုက်သလိုသာခေါ်ပေတော့ ...။

ကင်မရာက ကင်မရာကို ပြန်မြင်တယ်ဆိုတဲ့ ဥပမာကို ခင်ဗျားနားရှင်းချင်မှ ရှင်းမှာမို့ ကင်မရာမှန်ဘီလူးက ကင်မရာအတွင်းပိုင်းကို မြင်တယ်ဆိုတာ နောက်ထပ် မြင်သာတဲ့ ဥပမာတစ်ခု ထပ်ပေးပါအုံးမယ်။ မျက်လုံးတစ်ခုရဲ့ ဖွဲ့စည်းပုံကို အထက်တန်း ကျောင်းသားဘဝမှာ သင်ခဲ့ရဖူးတယ်မဟုတ်လား။ မေ့နေရင်လည်း မျက်လုံးတစ်ခု တည်ဆောက်ထားပုံကို ခင်ဗျားဖတ်ဖူးတဲ့ ဂျာနယ်တွေမှာတောင် ရှိနိုင်ပါတယ်။ အွန်လိုင်းမှာဆို ဂူဂဲလ်မှာ ချက်ချင်းရိုက်ထည့်ပြီး ရှာကြည့်နိုင်တယ်ဗျာ။ အေး အဲဒီမျက်လုံးမှာ မှန်ဘီလူးပါတယ်ဆိုတာလောက်တော့ခင်ဗျားသိပြီးသားပါလေ။

သာမန်လူတွေမြင်တယ်ဆိုတာ အဲဒီမျက်လုံးမှာပါတဲ့မှန်ဘီလူးရဲ့ ရှေ့ဖက်က အရာဝတ္ထု၊ မြင်ကွင်းတွေကို မြင်တာ၊ ဝိပဿနာဉာဏ်နဲ့မြင်တယ်ဆိုတာ အဲဒီမျက်လုံးမှာပါတဲ့ မှန်ဘီလူးရဲ့နောက်ကပါတဲ့ အရာဝတ္ထု၊ ပုံရိပ်တွေကို မျက်လုံးမှာဖွဲ့စည်းထားတဲ့ အာရုံကြောစသည် အစိတ်အပိုင်းတွေကမြင်တာ။ တနည်းအားဖြင့် ခန္ဓာကိုယ်အတွင်းပိုင်း ကို ပြန်ပြီးမြင်တာ။ အဲဒီလို ခင်ဗျားခန္ဓာကိုယ်ရဲ့ ပကတိသဘောသဘာဝကို ခင်ဗျား ပြန်မြင်တဲ့အခါ တစက်ကလေးမှ နှစ်သက်သာယာ စရာမရှိတာကို နားလည်လာမယ်။ မုန်းတီးလာမယ်။ ဒါတွေကို ကျော်လွှားနိုင်အောင် အားထုတ်ချင်စိတ်ပေါက်လာမယ်။ ဒီကနေတဆင့် ခင်ဗျားကြားဖူးနေတဲ့ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးဆိုတာကို ဆက်စပ်ပြီး တွေးပေတော့ဗျာ။

ဒီတော့ခင်ဗျားက မေးအုံးမယ်။ သမထအားကောင်းတဲ့သူတွေ တချို့နံရံ သစ်ပင်တွေကို ထွင်းဖောက်ပြီး မြင်နိုင်တာ၊ ရှေးဖြစ်နောက်ဖြစ်တွေကို မြင်နိုင်တာ ဘာကြောင့်တုန်းဆိုရင် လူ့ခန္ဓာကိုယ်မှာအဲသလို မြင်နိုင်သိနိုင်တဲ့ဖွဲ့စည်းပုံတွေ ပါရှိပြီး သားဗျ။ ကြိုးစားရင်ဘုရားဖြစ်တယ်ဆိုတာ ဒီသဘောပါပဲ။ ကျနော်တို့ခင်ဗျားတို့ဟာ မြင်သမျှကြားသမျှ အာရုံအပေါ်မှာ ခန္ဓာကိုယ်ရဲ့ အလုပ်လုပ်နေပုံကို စနစ်တကျ မထိန်းချုပ်နိုင်တာကြောင့် အဲဒီခန္ဓာကိုယ်ရဲ့ မူလဖွဲ့စည်းပုံဟာ ဖရိုဖရဲဖြစ်သွားတယ်။ ဒါကြောင့် အရာရာကိုသိမြင်နိုင်တဲ့ ခန္ဓာကိုယ်ရဲ့ စွမ်းရည်သတ္တိဟာ ပြုပ်လျှိုးသွားတယ်။ တချို့အချိန်များစွာ ကွယ်ပျောက်သွားတယ်။ အဲဒီကွယ်ပျောက် ငုပ်လျှိုးသွားတဲ့ စွမ်းရည်



www.burmeseclassic.com

www.burmeseclassic.com

ဟာ ခန္ဓာကိုယ်ကို မှန်ကန်တဲ့နည်းစံနစ်တစ်ခုနဲ့ ထိန်းကျောင်းတည့်မတ်လိုက်တဲ့အခါ ပြန်ပြီးပေါ်လာတတ်တယ်။

အခုကျနော်ပြောနေတာတွေဟာ ကျနော့်ရဲ့ ဆယ်နှစ်တာ တရားအတွေ့အကြုံကို အခြေခံပြီးပြောနေတာ ဖြစ်တယ်။ ကျနော်ဟာ ကျမ်းတတ်ပုဂ္ဂိုလ်မဟုတ်ဘူး။ ကျမ်းဂန်ကို မနှံ့စပ်တာကြောင့် တရားနဲ့ဆိုင်တဲ့ စကားလုံးအသုံးအနှုန်းတွေကို ကျနော် မကျွမ်းကျင်ဘူး။ ဒီတော့ အရပ်စကားနဲ့ပဲ ကျနော်ပြောပါရစေ။

ခင်ဗျားဟာ ဝိပဿနာကျင့်စဉ်ကိုစံနစ်တကျ ဖွဲလုံ့လနဲ့ကျင့်ကြံနိုင်ခဲ့ရင် ခင်ဗျားရဲ့ခန္ဓာကိုယ်ကို ပကတိအတိုင်း မြင်နိုင်လာမယ်။ ဒီကတဆင့် တစ်လောကလုံးကို ပကတိအရှိတရားအတိုင်း မြင်နိုင်လာမယ်။ သို့သော် သတ်မှတ်ချက် ထင်မြင်ချက် ဘောင်ထဲက အမြင်တစ်ခုဟာလည်း ပကတိအမြင်လို့ ထင်ရအောင် ပုံမှားရိုက်ပြီး ဝင်လာတတ်တယ်။ ဆိုပါတော့ဗျာ အခုခင်ဗျားထိုင်နေတယ်။ ခင်ဗျားကိုယ် ခင်ဗျားပြန်ကြည့်ရင် ဝတ်ထားတဲ့ ဘောင်းဘီ၊ တီရှပ်၊ ခင်ဗျားရဲ့ခြေလက်တွေကို မြင်နိုင်မယ်။ ဒါဟာ ပကတိအမြင်မဟုတ်ဘူး။ ခင်ဗျား ဘောင်းဘီ၊ တီရှပ်နဲ့ခြေလက်လောက်ကိုပဲမြင်မယ်။ ခင်ဗျားခန္ဓာကိုယ်ထဲက ကလီစာတွေကိုမမြင်ဘူး။ ခန္ဓာကိုယ်ကြီးတစ်ခုလုံးက အစိတ်အပိုင်းတွေ အသေးစိတ်ဖြစ်နေပျက်နေ လှုပ်ရှားနေတာကိုခင်ဗျားမမြင်ဘူး။ ဘာကြောင့် မမြင်သလဲ။ အဓိကအချက်က စောင့်ထိန်းမှု တည်ငြိမ်မှု ထိုးထွင်းသိမြင်မှုပဲ။

အဲဒီအချက်တွေပြည့်စုံတဲ့အခါ ပကတိဖြစ်ပျက်မှုကိုခင်ဗျားမြင်ရမယ်။ ဘယ်လိုမြင်မလဲ။ ခင်ဗျားအရိုးစုကို အပြင်မှာထောင်ထားသလို ခင်ဗျားမြင်ရမယ်။ ခင်ဗျားကမေးမယ်။ စိတ်ကူးနဲ့ထင်ရာမြင်ရာ မြင်နေတာကော မဖြစ်နိုင်ဘူးလားလို့။ ဒီနေရာမှာ ကွဲပြားမှုရှိတယ်။ စိတ်ထင်ရာမြင်တဲ့အရုပ်တွေဟာ တုန်ခြင်းမှုန်ခြင်းရှိတယ်။ ပေါ်လိုက်ပျောက်လိုက်ဖြစ်မယ်။ ပကတိတရားအတိုင်းမြင်ရတဲ့ အရုပ်တွေဟာ တကယ့်လူရဲ့ အရိုးကို မြင်ရသလိုဖြစ်တယ်။ မမှုန်ဘူးမဝါးဘူး အသေးစိတ်မြင်ရမယ်။ ပေါ်လိုက်ပျောက်လိုက်မဖြစ်ဘူး။ အချိန်အတိုင်းအတာတစ်ခုအထိမြင်ရမယ်။ ဘယ်အချိန်အတိုင်းအတာလဲ။ ခင်ဗျားရဲ့သမာဓိအနုအရင့်အပေါ်မှာမူတည်တယ်။ အဲဒီမြင်နေရှုနေတဲ့အချိန်မှာခင်ဗျားရဲ့အာရုံခံစားတတ်တဲ့ အင်္ဂါအစိတ်အပိုင်းတွေဟာ အလုပ်မလုပ်ပဲ ငြိမ်နေမယ်။ ဘာလို့ငြိမ်နေသလဲ။ ခင်ဗျားရဲ့စောင့်ထိန်းမှုကြောင့် ဒီအင်္ဂါအစိတ်အပိုင်းတွေ အခိုက်အတန့်မှာ အလုပ်ပက်မဲ့ဖြစ်နေတာပဲ။ နောက်တစ်ချက် တစ်နေရာတည်းကို အာရုံစူးစိုက်ထားလို့ပဲ။

ဟုတ်ပြီ ဒါကခန္ဓာကိုယ် ခင်ဗျားမှာခန္ဓာကိုယ်အပြင် စိတ်ဆိုတာလည်း ရှိသေးတယ်။ ခန္ဓာကိုယ်ကို မြင်နိုင်သလို စိတ်ကိုလည်းမြင်နိုင်တယ်။ အစပထမမှာ ခင်ဗျားဟာ စိတ်ကို အလင်းတန်းသဘောမြင်မယ်။ တဖြည်းဖြည်း တည်ငြိမ်မှု



www.burmeseclassic.com

www.burmeseclassic.com

အားကောင်းလာလေလေ စိတ်ကိုပိုမြင်လာလေလေဖြစ်မယ်။ ဒီနေရာမှာ ရုပ်ကို မြင်ဖို့လွယ်ပေမဲ့ စိတ်ကို မြင်ဖို့ခက်ပါတယ်။

ကျနော်သေချာပေါက်ပြောနိုင်တာက စိတ်ရဲ့အလုပ်လုပ်ပုံအပြည့်အစုံကို တဆင့်ချင်းအသေးစိတ် ခင်ဗျား မမြင်နိုင်ပါဘူး။ ဘယ်ယောဂီ ဘယ်သူတော်စင်မှ မမြင်နိုင်ပါဘူး။ အနီးစပ်ဆုံးဥပမာပေးရရင် ဆင်အိပ်နေတုန်းမှာ ဆင်အိပ်နေတဲ့နေရာကို ဆင်ကသတိမပြုမိနိုင်ပါဘူး။ ဆင်အိပ်ရာက ထထချင်း သူအိပ်ခဲ့တဲ့နေရာကို ဆင်က ပြန်ကြည့်သလိုသာမြင်နိုင်ပါတယ်။

ဒီတော့ဗျာ စာရေးကောင်းတိုင်း ဇင်ယော်ငှက်ကလေးလှိုင်းစီးသလို ဘယ်လိုဘယ်ညာနဲ့ စာဖတ်သူ နားထွေးအောင်မလုပ်သင့်ဖူးဗျာ။ ဆရာကြီးဟာ သူ့ခန္ဓာကိုယ်ထဲက ကလီစာတွေအလုပ်လုပ်နေတာကို အပြင်မှာ တကယ်တမ်းတွေ့ရသလို တုန်ခြင်းမှုန်ခြင်းမရှိပဲ အချိန်အတိုင်းအတာတစ်ခုအထိ မြင်တွေ့ခဲ့သလား။ ခင်ဗျား သူရေးခဲ့တဲ့ တရားနဲ့ပတ်သက်တဲ့စာတွေမှာ သေချာပြန်ရှာပါ။

သေချာမှတ်ထားပေတော့ဗျာ။ ဗုဒ္ဓဘာသာတရားတော်(အဆင့်မြင့်)၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ စာမျက်နှာ ၁၈၁ မှာ **အနတ္တအမြင် ကြည်လင်စွာထင်မှ အတ္တပြုတ်မည်။ အတ္တကင်းကွာမှ ဘင်္ဂဉာဏ်၊ ဘယဉာဏ် ၊ အာဒီနဝဉာဏ် အဆင့်ဆင့် ရင့်သန်၍ အရဟတ္တမဂ်ဉာဏ်ကို ရနိုင်သည်။ နိဗ္ဗာန်ကို မြင်နိုင်သည်တဲ့။ ဆရာကြီးလို ဘဝင်မြင့်ပြီး အတ္တကြီးတဲ့သူဟာ ဘယ်လိုမှ ဘာအောင်လက်မှတ်မှ မရနိုင်တာဟာ သိပ်ကို သဘာဝကျလှပါတယ်။ သူရေးပြခဲ့တဲ့ တရားအတွေ့အကြုံထဲမှာလည်း မပါပါဘူး။ အော် ဇင်ယော်ငှက်ကလေး လှိုင်းစီးတဲ့ ကိစ္စလား၊ ဆရာကြီးက ဆေးပြင်းလိပ်အမြဲခဲလေ့ရှိတာကြောင့် သူ့ခန္ဓာကိုယ်ရဲ့ သဘာဝဟာ အဲသလို ဖြစ်နေပျက်နေတဲ့ သဘောထင်ပါရဲ့။ ရုပ်ကိုအကြမ်းသဘော မြင်တယ်ဆိုပါတော့။ ကဲ ရှင်းပြီလားဗျာ"**

ကိုသက်နိုင်တစ်ယောက် ရှင်းလင်းချက်အရှည်ကြီးကို နုတ်ဝင်သည် တစ်ယောက်လို ပြောနေဟန်ကို ကျနော့် အံ့အားသင့်သည်နှင့် မေးခွန်းတစ်ခု ထုတ်လိုက်မိသည်။

"နေပါအုံးဗျ။ ခင်ဗျားရှင်းနေတဲ့ လေသံကြည့်ရတာ ဆရာကြီးရွှေဥဒေါင်းကို ရှင်းနေတဲ့ သဘောတော့မဟုတ်လောက်ဘူး။ ခင်ဗျား တခြားတစ်ခုခုကိုများ ရည်ရွယ်နေလေရော့သလားဗျာ"

"သိပ်သေချာတာပေါ့ဗျာ။ အခုလိုပြောနေရှင်းနေတာဟာ အရှင်ဉာဏာဇရဲ့ ဝေဖန်စာအပေါ် ပြန်လည်ဖြေရှင်းဖို့ နိဒါန်းပျိုးနေတာပါပဲ။ မြစ်တစ်ဖက်မှာငြိမ်းပြီးရင် အခြားတစ်ဖက်မှာသောင်ထွန်းတာ သဘာဝကျပါတယ်။ ကျနော့်စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com

ရှိတဲ့အတိုင်းပြောရရင် ဆရာကြီးရွှေဥဒေါင်းလို ပုဂ္ဂိုလ်မျိုးကို ဒီလိုမျိုး ထောက်ပြနေရတာကို ကျနော် ဝမ်းမမြောက်ပါဘူး။ ရောက်လေရာဘဝက ဆရာကြီး ကျနော့်ကို နားလည်ခွင့်လွှတ် နိုင်ကောင်းပါရဲ့"

"ခင်ဗျားကတော့ တကယ့်လူပဲဗျာ၊ ဝေဖန်စာကို တုန့်ပြန်ဖြေရှင်းဖို့ နိဒါန်းမျိုတာတောင် ဆရာကြီးရွှေဥဒေါင်းနဲ့ စပြီးဆက်စပ်သတဲ့။ ဒါဆိုခင်ဗျားက ဝေဖန်စာကို ဝီးကုန်ယမ်းကုန် တုန့်ပြန်တော့မယ့် သဘောထင်ပါရဲ့"

"လွဲချက်ကတော့ ကမ်းကုန်ပဲဗျာ၊ ကျနော်အဲသလို တုန့်ပြန်ဖို့ စိတ်ကူးလုံးလုံး မရှိပါဘူး။ ငယ်စဉ်နုစဉ်တုန်းကတော့ဗျာ။ ထစ်ကနဲရှိ စိတ်ဆိုးစိတ်တိုတာက အရင်ဖြစ်တော့တာကလား။ အထူးသဖြင့် အခုအချိန်မှာ ဘိုးရာဇာနဲ့ သီဟပတေ့တို့လို ပညာရှိတို့သဘောနဲ့ ဆွေးနွေးတာကိုပဲ ကျနော် နှစ်သက်ပါတယ်"

"ဘိုးရာဇာနဲ့ သီဟပတေ့က ဘာကို ဘယ်လို ဆွေးနွေးခဲ့ကြတာပါလိမ့်ဗျာ"

"ဒါကြောင့် ခင်ဗျားကို ကျနော်ပြောတာပေါ့။ ခင်ဗျားမူလတန်းစာတောင် မကျေဘူးလို့။ တကယ်တော့ အဲဒီအကြောင်းအရာဟာ မူလတန်းဖတ်စာမှာပါခဲ့တာ။ နောက်အထက်တန်းစကားပြေမှာလည်း ပါခဲ့တယ်။ ဘိုးရာဇာက မြန်မာပညာရှိအမတ်၊ သီဟပတေ့ကမွန်ပညာရှိအမတ်။ မွန်နဲ့ဗမာဆိုတာကလည်း အနှစ်လေးဆယ်ကြာ စစ်ပွဲကြီးနွှဲရလောက်အောင် နှစ်ဖက်အမြင်မကြည်လင်တဲ့ အခြေအနေ။ ဒီလိုအခြေအနေမှာ နှစ်ဖက်ပညာရှိတွေ တွေ့ပြီး စကားစစ်ထိုးကြမယ်ဆိုတော့ ပရိသတ်က ပွဲကြီးပွဲကောင်းတော့ တွေ့ပြီဆိုပြီး ရင်တမမနဲ့ ဖြစ်နေမှာပေါ့ဗျာ။ တကယ်တမ်းလည်း တွေ့ကြရော မွန်ပညာရှိက ဘိုးရာဇာဟာ အသက်ကြီးရင့်သူမို့ မင်္ဂလာတရားနဲ့အညီ အရိုအသေပြုပြီး ဗေဒင်ကျမ်းအလိုအရ လောကမှာ အကောင်းဆုံး သုံးမျိုးဖြစ်တဲ့ မိန်းမပျို၊ ကြံ၊ သူတော်ကောင်းစကား သုံးခုအနက် ကြံကိုစားဖို့ ကပ်တယ်ဗျာ"

"ဟ နေပါအုံး လောကမှာ အကောင်းဆုံးဟာ ခင်ဗျားပြောတဲ့ သုံးမျိုးဆိုတာ တကယ်လားဗျ"

"ရော ခက်နေပါရောလား လောကီကျမ်းတွေရဲ့အဆို နရီ ဥစ္ဆု သာဓုဝါကျ ဆိုတဲ့သုံးမျိုးဟာ လောကမှာ အကောင်းဆုံးလို့ဆိုပါတယ်။ ဒီအချက်ကြောင့်လည်း ဘိုးရာဇာဟာ ဗေဒင်ကျမ်းအလိုအတိုင်း တဖြည်းဖြည်းချင်း အရသာ ခံနိုင်အောင် အပျားက စပြီး စားတော့ သီဟပတေ့က အဘစားပုံဟာ တရားတော်နဲ့မညီဘူး၊ တရားသဘောအရ ကွေးသောလက် မဆန့်ခင် ဆန့်သောလက် မကွေးခင် မရဏသဘော မပြတဲ့သဘောရှိတာမို့ အရင်းက စပြီးစားမှ မှန်တယ်လို့ ပြောတာပေါ့ဗျာ၊ ကျနော့်ထင် ဒီအချိန်မှာ နှစ်ဖက်ပရိသတ်ဟာ အပ်ကျသံကြားလောက် အောင်ငြိမ်နေမယ်။ မြန်မာဖက်က ငါတို့ပညာရှိကြီး ဘယ်လိုများ ပြန်နိုပ်လိုက်မလဲ။ မွန်ဖက်ကလည်း

www.burmeseclassic.com

ငါတို့ပညာရှိကတော့ ပိုင်ချက်ကွာ။ ဘုရားဟောနဲ့ထောက်လိုက်တော့ ဒီအဘိုးကြီး ဘာများ တတ်နိုင်အံ့မတုန်း... အစရှိသည်ဖြင့်ပေါ့ဗျာ။

ဒီမှာတင် ခင်ဗျားသိပြီးတဲ့အတိုင်း ဘိုးရာဇာက မောင်ရင့်အဆို မောင်ရင့်အမြင်က ကျုပ်ထက်ပိုပြီး မှန်ပါတယ်လို့လည်း ဆိုလိုက်ရော နှစ်ဖက်ပရိသတ် ဟာကန့် ဖြစ်ကုန်တာပေါ့ဗျာ။ အကျယ်ဆက်မပြောတော့ပါဘူးဗျာ။အသေးစိတ်တွေ ခင်ဗျားလည်းသိဖူးဖတ်ဖူးပြီးသားပါ။ ဒါပေမဲ့ဗျာ။ အဲဒီပညာရှိတို့ရဲ့သဘောဆိုတာကို နားလည်လက်ခံသူကတော့ အတော့်ကို နည်းမယ်ထင်ပါရဲ့"

"ဒါဆို ခင်ဗျားက ဝေဖန်စာကို ဖြေရှင်းတဲ့အခါ ဘိုးရာဇာလို ဝန်ခံမယ် ဆိုပါတော့"

"ဟာ ခင်ဗျားကတော့ အမြဲလွဲနေတော့တာကိုး။ ကျနော်က ဘိုးရာဇာမှ မဟုတ်ပဲ။ နောက်ပြီး အခုဆွေးနွေးမဲ့ ကိစ္စကလည်း ကြံကိုအရင်းအဖျား ဘယ်က စားသင့်တယ်ဆိုတဲ့ ခပ်တိမ်တိမ်ပြဿနာ မဟုတ်ဘူး"

"ခင်ဗျားဆိုလိုရင်းကို ကျနော်သဘောမပေါက်ဘူးဗျာ၊ ရှုပ်ကုန်ပြီထင်ပါရဲ့"

"မရှုပ်ပါဘူးဗျ၊ ရှင်းရှင်းလေးပါ။ ကျနော်ဆိုလိုတာက ပညာရှိတို့ ဆွေးနွေးတဲ့ လမ်းကို ကျနော်ရွေးတယ်။ တဆက်တည်းမှာပဲ ကျနော့်အမြင်ကို ကျနော့်အတွေ့အကြုံ အပေါ်မှာအခြေခံပြီး ပြန်လည်ဆွေးနွေးမယ်။ ယုတ္တိတန်၏မတန်၏။ မှန်၏မမှန်၏ ဆိုတာ စာဖတ်သူတွေ ဆုံးဖြတ်ကြပါစေပေါ့ဗျာ"

"အော် ဒီလိုဆိုတော့လည်း မဆိုးလှပါဘူး။ အခုဆွေးနွေးမှာလားဗျ"

"အော် တော်တော်လောတဲ့သူကိုး။ ဒီနေ့တော့ဒီမှာတင် ရပ်ကြစို့။ စဖန်ဟာ ကမ်းခြေက ငါးပေါင်းထုပ်လေးတွေ သိပ်ကောင်းတယ်။ ပင်လယ်စာ၊ အဆီမပါဘူး။ ကျန်းမာရေးနဲ့ သင့်တော်တယ်။ ဟိုမှာဝယ်သူတွေ တန်းစီဝယ်နေကြလေရဲ့။ ကျနော်တို့လည်း တန်းစီလိုက်ကြစို့ဗျာ။ တကယ်တော့ ဝေဖန်စာကို အကြိမ်ကြိမ်ထပ်ပြီး ဖတ်နိုင်တာဟာ အကြောင်းရှိတယ်။ ခင်ဗျားကိုယ်တိုင် အရှင်ဉာဏစာရရဲ့ ဝေဖန်ချက်ထဲက မရှင်းလင်းတဲ့အချက်တွေကို (သူ့ကိုယ်စား) မေးရမယ်။ ကျနော်က ကျနော်သိတဲ့အတိုင်း ကျနော့် အတွေ့အကြုံအတိုင်း ပါဠိပါဌ်သား တစ်လုံးမှမပါစေရပဲ ရှင်းမယ်။ သေချာပြီ ဖတ် ပေတော့။ နောက်နှစ်ရက်အကြာ အမ်မခန်ကမ်းခြေက စစ်သင်္ဘောတွေဆိုက်တဲ့ တံတားကြီးပေါ်မှာ ပြန်ဆုံကြမယ်။ ဒါပဲ"

"ဗျာ"

ဟုသာ ကျနော့်နှုတ်မှ အာမေဋိတ်သံထွက်နိုင်ပါတော့သည်။ ကိုသက်နိုင်... အကြံသမား ဇယားသမား ပီသပေစွ။



www.burmeseclassic.com

www.burmeseclassic.com

## ၁၉။ ဆိုရေးရှိက ဆိုအပ်လှ၏။

ကျနော်နှင့်ကိုသက်ခိုင် ချိန်းဆိုသည့်နေ့ရက် မတိုင်မီမှာပင် ထူးဆန်းသော တိုက်ဆိုင်မှုဟု ဆိုရပေမည်လောမသိ။ ကျနော်ဖတ်နေကျ အွန်လိုင်းစာမျက်နှာ တစ်ခုဖြစ်သော သစ်ထူးလွင်၏ သတင်းစာမျက်နှာတွင် ၂၀၁၂ နိုဝင်ဘာလထုတ် Hot news journal တွင် အောက်ပါသတင်းကို ဖတ်ရှုရပါသည်။ အကြောင်းအရာမှာ စွန်းလွန်းဆရာတော်ကြီး၏ မပုပ်မသိုးတည်ရှိနေသော ရုပ်ကလာပ်တော်ကို နိုင်ငံတကာ ခရီးသွားများ အလွန်စိတ်ဝင်စားသည့် အကြောင်းဖြစ်ပြီး ကိုသက်ခိုင်သည်လည်း အဆိုပါရုပ်ကလာပ်ကို တွေ့မြင်ဖူးမျှော်ခဲ့ဖူးသည်ကို ပြန်လည်အောက်မေ့လျက် တရားဓမ္မကို အားထုတ်ခဲ့သည်ဟု ဆိုဖူးလေရာ အဆိုပါ သတင်းမှာ အောက်ပါအတိုင်း ဖြစ်၏။

### မပုပ်မသိုး စွန်းလွန်းဆရာတော်ဘုရားကြီး ရုပ်ကလာပ် နိုင်ငံခြား ဧည့်သည်များ အထူးစိတ်ဝင်စား

ဘဝနတ်ထံ ပျံလွန်သွားသည်မှာ နှစ်ပေါင်း(၆၀)ကျော်ခဲ့ပြီ ဖြစ်သော်လည်း ယနေ့တိုင် မည်သည့်ဆေးဝါး အကူအညီမျှ မပါ မပုပ်မသိုးပဲ ပကတိအတိုင်း ရှိနေသည့် စွန်းလွန်းဆရာတော်ဘုရားကြီး ဦးကဝိ၏ ရုပ်ကလာပ်တော်နှင့် ပတ်သက်၍ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ အထူး ကြည်ညိုစိတ်ဝင်စား ကြသကဲ့သို့ ပြည်ပနိုင်ငံများမှ ဧည့်သည်များကလည်း ဆရာတော်ကြီး၏ မပုပ်မသိုးရုပ်ကလာပ် တော်အား အထူး စိတ်ဝင်စားကြောင်း စွန်းလွန်းဂူကျောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ဆရာတော်ကြီးက သက်တော်(၇၅) ဝါတော်(၂၈)မှာ ပျံလွန်တော်မူခဲ့တာပါ။ လက်ရှိ ဒီမှာထားရှိ ပူဇော်တာက တော့ နှစ်(၆၀)ကျော်ပါပြီ။ အနယ်နယ်အရပ်ရပ်က လူတွေ ဆရာတော်ကြီးရဲ့ ရုပ်ကလာပ်ကို လာရောက် ဖူးမျှော် ကြည်ညိုကြသလို



www.burmeseclassic.com

www.burmeseclassic.com

ပြည်တွင်းက ခရီးသွားကုမ္ပဏီတွေရဲ့ အစီအစဉ်နဲ့ မြင်းခြံကို ရောက်လာတဲ့ နိုင်ငံခြား ဧည့်သည်တွေကလည်း ဆရာတော်ကြီးရဲ့ မပုပ်မသိုးတဲ့ ရုပ်ကလာပ်တော်ကို အံ့ဖွယ်တခုလို အရမ်း စိတ်ဝင်စားကြပါတယ်" ဟု စွန်းလွန်းကျောင်းတာဝန်ရှိသူ ဂေါပက အဖွဲ့ဝင်တစ်ဦးက ပြောကြားသွားသည်။

ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား လာရောက်လေ့လာသည့် UK နိုင်ငံသား မစ္စတာ ဘင်းဒရစ်အား HOT NEWS သတင်းထောက်က ဆရာတော်ကြီး၏ ရုပ်ကလာပ်နှင့် ပတ်သက်၍ မေးမြန်းကြည့်ရာ "ထူးခြား အံ့သြဖွယ်ရာတွေ ကမ္ဘာမှာ အများကြီးရှိပါတယ်၊ အဲဒီအထဲကမှ မြန်မာပြည်မှာက သဘာဝနဲ့ဆန့်ကျင်တဲ့ သူတော်စင် သူတော်မြတ်တွေရဲ့ ဆေးအကူအညီမပါတဲ့ မပုပ်တဲ့ ရုပ်ကလာပ်တွေ အံ့သြဖွယ်ရာ တွေ့ရပါတယ်၊ ဒီလိုမျိုးတွေကို ကျွန်တော်တို့အနေနဲ့ မှတ်တမ်းယူပြီး ကမ္ဘာမှာ ပြန့်စေမှာပါ"ဟု ပြော ကြားသွားသည်။

စွန်းလွန်းဆရာတော်ကြီးအား အဘဦးသန့်၊ အမိဒေါ်တုတ်တို့မှ မြန်မာ သက္ကရာဇ် ၁၂၃၉–ခုနှစ် တပေါင်းလဆန်း (၂)ရက်၊ တနင်္လာနေ့ နံနက်(၃)နာရီတွင် ဖွားမြင်ခဲ့ပြီး သာသနာ့ဘောင်သို့ ဝင်ရောက်ပြီး ၁၂၈၂–ခုနှစ် ဝါဆိုလပြည့်ကျော် (၁၃)ရက်နေ့၌ ပထမတရားထူး၊ ၁၂၈၂–ခုနှစ် ဝါခေါင်လပြည့်ကျော် (၁၃)ရက်နေ့၌ ဒုတိယ တရားထူး၊ ၁၂၈၂–ခုနှစ် တော်သလင်းလပြည့်ကျော်(၁၃)ရက်နေ့၌ တတိယ တရားထူးနှင့် ၁၂၈၂ခုနှစ် သီတင်းကျွတ် လပြည့်ကျော်(၁၃)ရက်၌ စတုတ္ထတရားထူး များကို ရရှိတော်မူခဲ့ပြီး ၁၃၁၄–ခုနှစ်ကဆုန်လပြည့်ကျော်(၉)ရက်၊ စနေနေ့ညနေ (၄း၄၅)နာရီအချိန်၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့သည်။

စဖန်ဟင်ကမ်းခြေတွင် ဆုံခဲ့ကြပြီးနောက် နှစ်ရက်မြောက်နေ့တွင် ကိုသက်ခိုင် ကျနော့်အိမ်သို့ ပေါက်ချလာပါသည်။ ကျနော်က အထက်ပါသတင်းကို ကိုသက်ခိုင်အား ပြောပြမိရာ သူက ...

"အဲဒါသဘာဝပဲ"

"ဘယ်အဲဒါတုန်းဗျာ၊ မရှင်းမရှင်းနဲ့"

"အော်၊ အနှစ်ခြောက်ဆယ်ကျော် မပုပ်မသိုးတည်ရှိနေတဲ့ စွန်းလွန်းဆရာတော် ရုပ်ကလာပ်ကို နိုင်ငံခြားသားတွေက စိတ်ဝင်စားတယ်။ စိတ်တော့မရှိပါနဲ့၊ မြန်မာပြည် သား မြင်းခြံသားထဲမှာ ဒီအဖြစ်ကို စိတ်ဝင်စားတဲ့သူ ဘယ်နှစ်ယောက်ရှိသတုန်း၊ စိတ်ဝင်စားသူ ရှိတယ်ဆိုပါတော့ ဆရာတော်လျှောက်ခဲ့တဲ့လမ်းကို လက်တွေ့ ကျင့်ကြံလျှောက်လှမ်းနေသူ ဘယ်နှစ်ယောက်ရှိမတုန်း။ အပြစ်တင်စရာတော့ မဟုတ်ပါဘူးဗျာ။ နီးလွန်းရင် မမြင်ဘူးလို့ ဆိုကြတယ် မဟုတ်လား။ ကျနော်တို့နိုင်ငံက လူအများစုဟာ ကြာပွင့်တဲ့ရေကန်မှာ နေပါလျက် ကြာပွင့်ကြာဆံကို မစား ကြာရိုးမှာ



www.burmeseclassic.com

www.burmeseclassic.com

...်နေတဲ့ ရေမှော်ကို စားနေတဲ့ ဖားသတ္တဝါတွေနဲ့တူကြောင်း မိုးကုတ် ဆရာတော်ကြီး ...ာဖူးတာ သွားသတိရတယ်ဗျ။ အေးပေါ့ဗျာ။ ကြာဝတ်ကြာဆံကိုတော့ ဟိုးဝေးဝေးက ...း ပိတုန်းတွေလိပ်ပြာတွေက လာရောက်စားသုံးကြတာပေါ့”

ကျနော်သတိထားမိသလောက် ကိုသက်ခိုင်သည် တစ်စုံတစ်ခုကို ...တ်ဝင်စားမိလျှင် ဝေးလံရှည်လျားစွာ တွေးတောဆင်ခြင် ပစ်လိုက်တတ်သည့် ...ချိုးဖြစ်၏။ ပတ်ဝန်းကျင်ကို မေ့တတ်၏။ ထမင်းမေ့ ဟင်းမေ့ဖြစ်တတ်၏။ ...ောင်းသည်လောဆိုးသည်လော ကျနော်မဝေခွဲနိုင်။ ထို့ကြောင့် သူ့စကားကို ဖြတ်ကာ ...ချိန်းဆိုထားရာ အမ်မခန်သို့ ရောက်နိုင်ရေးအတွက် သူ့ကို ဆော်ဩလိုက်ရပါသည်။

“ကဲပြောချင်လည်း အမ်မခန်ကမ်းခြေရောက်မှ ပြောပေတော့ဗျာ”

ဤတွင်ကိုသက်ခိုင်သည် ကျနော့်ကို မည်သို့မျှ ခွန်းတုန့်မပြန်ပဲ ...့ကားပေါ်သူ့နံဘေးတွင် ကျနော့်ကို ထိုင်စေကာအမ်မခန်ဖက်ဆီသို့ ...ောင်းနှင်ပါတော့သည်။ အမ်မခန်ကမ်းခြေသည်လည်း ကျနော့်နေအိမ်နှင့် ...းကီလိုမျှသာဝေးသည်။ အဆိုပါကမ်းခြေတွင် ငါးပြတိုက်ရှိသည်။ ညနေခင်း ...ဝန်းဖြေရန် ထိုင်ခုံများ၊ ပန်းအလှခုံများဖြင့် မွမ်းမံထားသည့် နေရာဖြစ်သည်။ ...နီးမဝေးတွင် ရေနက်ဆိပ်ကမ်းရှိသည်။ မှတ်မှတ်ရရ ပြောရလျှင် ၂၀၀၄ ခုနှစ် ဆူနာမီ ...ာလက မြန်မာနိုင်ငံရှိ ဆူနာမီဒုက္ခသည်များအား အမေရိကန်ပြည်ထောင်စုမှ ...ပို့ကူညီသည့် အထောက်အပံ့များကို မြန်မာနိုင်ငံမှ လက်ခံခြင်းမရှိသဖြင့် အဆိုပါ ...ထောက်အပံ့ပစ္စည်းများ တင်ဆောင်လာသည့် ရေမတိုက်ရေယာဉ်ကြီးများမှာ ဤအမ်မခန်ကမ်းခြေတွင် လာရောက် ဆိုက်ကပ်ခဲ့ရဖူးလေသည်။

အမ်မခန်ကမ်းခြေသို့ မရောက်မီ လမ်းကွေ့တခု၌ ထိုင်းဘုရင့်ရေတပ်မတော် ...စ်စခန်းတစ်ခုရှိသည်။ ကိုသက်ခိုင် ရည်ညွှန်းသော အမ်မခန်ကမ်းခြေ တံတားကြီးကား ...ုံခြုံရေးအစောင့်ဂိတ်ကို လွန်မှရောက်သည်။ ကျနော်တို့ရောက်ချိန်တွင်အဆိုပါ ...ိတ်သည် သံမဏိပိုက်လုံးတစ်ခုကို အဖွင့်အပိတ်မောင်းတံအဖြစ် အသုံးပြုကာ ...ဝင်အထွက်ကိုစစ်ဆေးနေဟန်ရှိသည်။ အဆိုပါဂိတ်ကို ရောက်သည်နှင့် ကိုသက်ခိုင် ...ာ ကားဘေးမှန်ကိုဖွင့်ကာ လုံခြုံရေးအရာရှိအား လက်မြှောက်ပြသည်တွင် ပိတ်ထား ...သောဂိတ်၏ မောင်းတံသည် အပေါ်သို့တက်သွားကာ ပွင့်လေ၏။ ကျနော့်စိတ်ထဲတွင် ...တင်မကျရှိသည်နှင့် သူ့ကို မေးမိသည်။

“နေပါအုံးဗျ၊ ခင်ဗျားက ဒီကို အကြိမ်ပေါင်းများစွာ ရောက်ဖူးလေရော့သလား။ ...ာစောက ဂိတ်မှာ တာဝန်ကျနေတဲ့သူက ခင်ဗျားနဲ့တော်တော် ရင်းနှီးနေရော့သလား”

“ကောင်းလိုက်တဲ့ထင်မြင်ချက်။ အဲဒီဂိတ်မှာ ကျနော့်အသိ တစ်ယောက်မှ မရှိ ...ဘူးဗျ။ မကြာမကြာလာဖူးတာတော့ မှန်ပါရဲ့”

www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ခင်ဗျားလက်မြှောက်ပြတာနဲ့ တာဝန်ရှိတဲ့သူ ဂိတ်တံခါးမောင်းတံကို ဘာကြောင့် ဖွင့်ပေးသလဲဗျာ"

"ရော တော်တော်ခက်တဲ့သူပါကလား။ နေရာတကာ မြန်မာဆန်တာတော့ မကောင်းလှဘူးဗျာ။ ကျနော်တို့ လူမျိုးက စစ်တပ်စစ်သားဟော့ ဆိုတာနဲ့ ကြောက်စိတ်က အရင်လာတတ်တာကလား၊ အေးလေ။ အာဏာရှင်တွေကလည်း စစ်တပ်နဲ့စစ်သားကို သုံးပြီး အာဏာထူထောင်ခဲ့ကြတာကိုး။ အခုကိစ္စက ဘာမှ မဆန်းဘူးဗျ။ စစ်တပ်ရဲ့ ပြည်သူ ကြည်ဖြူခင်မင်နေတဲ့သဘောပဲ။ စစ်စခန်းရှိရာ စစ်သင်္ဘောရှိရာကို ပြည်သူလူထုလာတာ ထိုင်းစစ်တပ်အတွက် ဘာမှ မဆန်းဘူး။ ဒီနေရာဟာ အများ ပြည်သူလာလို့ မရတဲ့နေရာတော့မှန်တယ်။ ဒါပေမဲ့ လာချင်တဲ့သူတွေကို ကျနော်တို့ တိုင်းပြည်မှာလို တင်းတင်းကြပ်ကြပ် ပိတ်ပင်မထားဘူး။ဒါပါပဲ"

"အော် လက်စသတ်တော့ ခင်ဗျားက ဒီနေရာကို ခဏခဏလာဖြစ်နေတော့ ပုံများရိုက်ပြီး အဝင်အထွက်လုပ် နေတဲ့သဘောပေါ့၊ ဟုတ်လား"

"လွဲပြန်ပြီဗျာ။ ဘာပုံမှားရိုက်စရာလိုသလဲ။ ကျနော်ဒီစခန်းအတွင်းဖက်ကို ဝင်ကြည့်ချင်တယ်။ ဝင်လေ့လာချင်တယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ လက်ပြလိုက်တာပဲ။ အေးဗျာ။ ကျနော့်ခံယူချက်မျိုးနဲ့ ဒီနေရာကို ရောက်လာဖူးတဲ့ မိတ်ဆွေတစ်ယောက်ကို သတိရတယ်။ သူ့နာမည်က မာန်မြင့်တဲ့။ ကျနော်သိပ်ကြိုက်တဲ့ စာရေးဆရာပေါ့ဗျာ။ ဆရာမာန်မြင့်ရဲ့ မြန်မာပြည်တွင်လုပ်သည်ဆိုတဲ့ နာမည်ကြီးစာအုပ်တစ်အုပ် ခင်ဗျားကြားဖူးမလားပဲ။ သူဖူးခက်ကို လာလည်တဲ့အချိန်က လွန်ခဲ့တဲ့လေးနှစ်က ဆိုပါတော့။ အသည်းကင်ဆာကြောင့် ခြောက်လပဲ နေရတော့မယ်ဆိုတဲ့ အချိန်မှာတော့ လောကကြီးမှာ ပျော်ပျော်ပဲနေသွားလေရဲ့။ ကျနော်သူ့ကို ဒီနေရာခေါ်လာတုန်းက ဆရာမာန်မြင့်က ပုဆိုးကြီးနဲ့ပါပဲ။ ကျနော် စစ်သင်္ဘောကြီးတွေနားခေါ်လာပြီး ဓာတ်ပုံတွေရိုက်၊ အော်ကြီးဟစ်ကျယ် ဗမာလိုပြော၊ ဆရာမာန်မြင့်ကတော့ ဘာမှ ထူးဆန်းအံ့သြဟန် မပြဘူးဗျာ။ သူဟာ သူယုံကြည်ရာကို လုပ်ခဲ့တာကြောင့် စစ်အစိုးရရဲ့ မျက်မာန်တော်နဲ့ ထောင်ဒဏ်ဆယ်နှစ်အကျခံရသေးတယ်၊ ကျနော်သူ့ကို သိပ်သဘော ကျတယ်။ ခုတော့ သူကွယ်လွန်သွားရှာပါပြီ၊ တကယ့်ကို စာရေးကောင်းတဲ့ပုဂ္ဂိုလ်ပါပဲ။ ကြုံရင်ဖြင့် သူ့ရဲ့နောက်ဆုံးလက်ရာ ဆိုမလား။ ဥတ္တရလမင်း လက်ရွေးစင်ဝတ္ထုတိုများ ဆိုတဲ့စာအုပ်ထဲက ဘကြီး၏ အုတ်ဂူဆိုတဲ့ ဝတ္ထုလေးကို ဖတ်ကြည့်စမ်းပါဗျာ၊ ခြေ ဒါနဲ့ ဟောဟိုက မီးပြတိုက်ကိုတွေ့လား။ အဲဒီမီးပြတိုက်မှာ နာမည်ကျော် ဟောင်ကောင် မင်းသား ဂျက်လီ ရုပ်ရှင်လာရိုက်ဖူးလေရဲ့ဗျာ"

ကိုသက်ခိုင်ကား ကျနော်တို့လာရင်းကိစ္စကို မေ့လျော့နေယောင်ကာ ကျနော်တို့ရောက်နေသော တံတားကြီးနှင့်ပတ်သက်သည့် အောက်မေ့ဖွယ်ရာတို့ကို



www.burmeseclassic.com

www.burmeseclassic.com

ကလစပ်ပြောနေလေရာ ကျနော်က စကားလမ်းကြောင်း ပြောင်းပေးလိုက်ရသည်။ ကတားပေါ်မှကြည့်လျှင် ဟိုးခပ်ဝေးဝေးမှာ ကျွန်းကြီးကျွန်းငယ် တစ်ချို့ကို လှမ်းမြင်နေရသည်။ လေသည် တသုန်သုန်တဖြူးဖြူး တိုက်ခတ်လျက်ရှိရာ အပန်းပြေဖွယ်၊ နေချင့်စဖွယ်ရှိ၏။ ဤနေရာမျိုးကို နှစ်ဦးသား စကားစမြည် အေးအေးလူလူ ပြောရန် ရွေးချယ်ခဲ့ခြင်းအတွက် ကိုသက်ခိုင်ကို ကျနော် တိတ်တိတ်ကလေး ကျေးဇူးတင်နေသည်။

"ကဲပါဗျာ၊ ဆရာမာန်မြင့်လက်ရာကို ကျနော်ရှာဖွေပြီး မြည်းစမ်းလိုက်ပါ့မယ်။ ခင်ဗျားလိုလူက ညွှန်းတယ်ဆိုတော့ စာရေးကောင်းတဲ့စာရေးဆရာဆိုတာ ကျနော်နဲ့မှန်းမိပါပြီ။ ဒီနေ့ပြောမယ်ဆိုတဲ့ လာရင်းကိစ္စကို လုပ်ပါအုံးဗျ"

အံ့ဩဖွယ်ကောင်းသည်က ကျနော်စကားလမ်းကြောင်းပြောင်းသည်ကို သူပင်ကိုယ်စိတ်က သိနေဟန်ဖြင့် ကျနော့်စကားကို အလိုက်သင့်တုန့်ပြန်ခြင်းပေတည်း။

"ဟုတ်တယ်ဗျာ။ ကျနော်တို့လာရင်းကိစ္စ စလိုက်ကြရအောင်၊ ကျနော်ပြောထားသလို အရှင်ဉာဏစာရရဲ့စာကို ခင်ဗျားသေချာဖတ်ပြီးပြီ ဆိုရင်ဖြင့် သူ့ကိုယ်စား ခင်ဗျားက မရှင်းတဲ့အချက်တွေကို မေးပေတော့ဗျာ။ ကျနော်က ပြန်ဖြေတဲ့အခါ အတတ်နိုင်ဆုံးပါဠိပါဌ်သားကို ရှောင်ပါ့မယ်။ ကျနော်က တိုက်ရိုက်တုန့်ပြန် တာမျိုးဆိုရင် သံဃာတော်ဖြစ်နေတာမို့ မတော်တဆများ အဂါရဝဖြစ်ခဲ့ရင် မသင့်တော်ပေဘူးဗျာ။ ကဲပါ။ ခင်ဗျား မေးချင်တာသာမေးပေတော့"

"ဟာ ခင်ဗျားက ရုတ်တရက်ကြီးမေးပါဆိုတော့ ကျနော်လည်း ဘယ်ကစပြီး မေးရမယ်ဆိုတာ မသိပြန်ဘူးဗျ၊ ဒီတော့ ခင်ဗျားကပဲ စပြီး စကားလမ်းကြောင်း ဖည့်ပေးရင်ဖြင့် ပိုပြီးအဆင်ပြေမယ်ထင်ပါရဲ့"

"ဒါဆိုလည်း ဟုတ်ပြီဗျာ။ ဝန်ခံခြင်း၊ ကျေးဇူးစကားဆိုတာတွေနဲ့ စလိုက်ကြရအောင်။ ကျနော်ပထမဆုံး ဝန်ခံချင်တာက မိုးကုတ်ဆရာတော်ကြီး အသုံးပြုနေတဲ့ မိုးကုတ်တရားတော်စက်ဝိုင်းကြီးဟာ မိုင်းကိုင်ဆရာတော် တီထွင်ခဲ့တယ်ဆိုတဲ့အချက်ကို ကျနော်မသိတဲ့အကြောင်း စပြီးဝန်ခံပါရစေဗျာ။ ကျေးဇူးစကားအနေနဲ့ ကျနော်လို အမန်လူတစ်ယောက် စူးစမ်းခဲ့တဲ့ ကိစ္စတစ်ရပ်ကို စိတ်ဝင်တစား ဖတ်ရှုဝေဖန်တဲ့ အတွက်ပါပဲ။ ဝေဖန်ရာမှာလည်း ကျမ်းဂန်အထောက်အထားနဲ့ ထောက်ပြဝေဖန်တာကို ဝမ်းမြောက်လက်ခံကြောင်းဆိုတဲ့ အချက်ပါပဲဗျာ။ အထူးသဖြင့် ဝိပဿနာ ဉာဏ်စဉ် အဆင့်ဆင့်ကို ဖော်ပြထားတဲ့အချက်ကလဲ ကျနော့်လိုအပ်ချက်ကို ဖြည့်ဆည်းလိုက်တဲ့ အတောပါနေပါရဲ့ဗျာ"

"အော် ဒါဆို ခင်ဗျားက ဝန်ခံရင်းကျေးဇူးစကားပြောပြီး သူပြောသမျှ အားလုံး ကို ခေါင်းငြိမ့်လိုက်မဲ့ သဘောဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com

"ဝေးလိုက်တာဗျာ။ ဝန်ခံတာ ကျေးဇူးစကားဆိုတာက တစ်ပိုင်းပဲ။ သူကိုယ်တိုင် ရှုခြင်းမှတ်ခြင်းအလုပ်ကို ထဲထဲဝင်ဝင်မလုပ်ခဲ့ဖူးပါဘူးလို့ ဝန်ခံထားတာကြောင့် လက်တွေ့စူးစမ်းခဲ့တဲ့ ကျနော်နဲ့အမြင်ခြင်း ကွာခြားမှုကိုတော့ ထောက်ပြသင့်တယ် ထင်ပါရဲ့ဗျာ"

"အင်း ခင်ဗျားပြောမှ သတိရပြီ။ ပထမဆုံးမေးချင်တာက ဝိပဿနာ အလုပ်ဆိုတာ စာမတတ်ပဲ မလုပ်သင့်ဘူး ဆိုတဲ့အချက်ကို ခင်ဗျား ရှင်းပေတော့"

"အမှန်တော့ ခင်ဗျား ဒီမေးခွန်းကို မေးတယ်ဆိုတာ သူဆိုလိုချင်တဲ့အချက်ကို ခင်ဗျားကျကျနန သဘောမပေါက်လို့ဗျ။ အမှန်က သူဆိုလိုတာဟာ စာပေကို မပယ်ထိုက်ဆိုတဲ့ သဘောသာဖြစ်တယ်။ ဒီနေရာမှာဖြင့် သူနဲ့ကျနော် သဘောမျှတာကို ရှင်းဖို့မလိုအပ်လောက်တော့ပါဘူး။ ကျနော်ကိုယ်တိုင် ကျမ်းဂန်တွေ လေ့လာလိုက် စူးစမ်းကျင့်ကြံလိုက် အားထုတ်ခဲ့ကြောင်း... ရေကူးနည်းစာအုပ်ဖတ်လိုက် ရေကူး လိုက်ဆိုတာမျိုး ပြောခဲ့ပြီး ပြီပဲ"

"ဟုတ်ပါပြီဗျာ။ ဒါဆိုလည်း အရှင်ဉာဏာစာရက သူ့မိတ်ဆွေရဟန်းတစ်ပါး မေတ္တာဘာဝနာပွားများနည်းနဲ့ ရှုမှတ်ရာကနေ ကာမရာဂစိတ်တွေ ပိုပြီးတိုးလာတယ် ဆိုတဲ့ အချက်ကကော"

"ဟုတ်ပြီ။ ဒီအချက်ဟာ သူကိုယ်တိုင်မရှုမှတ်ဖူးတာရယ်၊ ရှုမှတ်တဲ့ ကိုယ်တော်က သူ့ကိုယ်သူ ကျကျနန မဆင်ခြင်မိတာရယ် ဆိုတဲ့အချက်နှစ်ချက်ကြောင့် ဖြစ်ရတာပါပဲ။ သေချာနားထောင်ပါလေ။ ဘယ်နည်းစံနစ်နဲ့မဆို ခန္ဓာကိုယ်ရဲ့ ပကတိအခြေအနေကို သိနိုင်အောင် စောင့်ထိန်းမှုတည်ငြိမ်မှုထိုးထွင်းသိမြင်မှုဆိုတဲ့ အချက်တွေနဲ့ စူးစမ်းတဲ့အခါမှာ ခန္ဓာကိုယ်ရဲ့ မူလစွမ်းအားတွေဟာ ပိုပြီး ဝိပြီး အားကောင်းလာတတ်တယ်ဗျ၊ လူသတ္တဝါ အစရှိတာတွေကို ကြည့်တဲ့အခါ အမှန်ရှေ့ အဖြစ်ထင်မြင်လာတာမျိုးရှိသလို.. ဒါလေးနဲ့ဆိုရင်တော့ ဘယ်လောက် နိပ်လိုက်မလဲဆိုတဲ့ ကာမရာမအကြံအစည် အတွေးအမြင်မျိုးတွေလည်း ဖြစ်လာတတ် တာ သဘာဝပါပဲဗျာ"

"ဩော် ဒါဆိုရင် အဲဒီရှုတယ်မှတ်တယ်ဆိုတဲ့ ကိုယ်တော်က ဘာများ လိုနေ နေလို့ပါလိမ့်"

"တိတိကျကျပြောရရင် ထိုးထွင်းသိမြင်မှုအားနည်းလို့ပါပဲ။ဒါရဲ့နောက်ဆက်တွဲ ဟာ စောင့်ထိန်းမှုကိုပါ ပြန်လည်ခြိမ်းခြောက်လာတတ်ပါတယ်"

"သေချာလှချည့်လား။ ခင်ဗျားက ထိုးထွင်းသိမြင်နိုင်ပြီထင်ရဲ့"

"မဟုတ်ဘူး၊ ကျနော်ကိုယ်တိုင်သူကြုံဖူးသလိုကြုံဖူးလို့ပါပဲ။ တစ်ခုပြော ရှိတာက ကျနော်ဟာ ဒီအချက်ကို အဖြေရှာနိုင်အောင် ကြိုးပမ်းခဲ့ခြင်းပါပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုကြိုးပမ်းခဲ့တယ်ဆိုတာ သိပါရစေဗျာ"

"ကျနော်ဟာသမာဓိအရာမှ သုညတသမာဓိအဆင့်အထိ လုံ့လပြုခဲ့တယ်။ အကြောင်းအားလျော်စွာအဲဒီ အဆင့်အထိ ရောက်ခဲ့တယ်။ အရှင်ဥာဏာစာရရဲ့ မိတ်ဆွေပြောပြသလိုပဲ၊ အဲဒီအဆင့်ရောက်တဲ့အခါမှာ ထိုးထွင်းသိမြင်မှုအဆင့်ကိုမရောက်ပဲ နှစ်သက်သာယာနေတတ်တဲ့ အခြေအနေမျိုးကို ရောက်သွားဖူးလေရဲ့။ ကျနော်ဟာ လူပုဂ္ဂိုလ်မို့ ဒဲ့ဒိုးရှင်းရှင်းသာ ပြောကြပါစို့ရဲ့။ ကျနော်ဟာ ကျန်းမာရေးပိုကောင်းလာတယ်။ ဖျတ်လတ်တက်ကြွလာတယ်။ ကာမဂုဏ်အရာမှာ ပိုပြီးစွမ်းဆောင်နိုင်လာတယ်။ တစ်ချိန်တည်းမှာပဲ ကျနော် ရှင်သန်နေထိုင်နေတဲ့လောကကြီးဟာ ကျနော့်စိတ်က ဖန်တီးထားတဲ့ ထင်မြင်နေတဲ့လောကကြီးဆိုတာ သဘောပေါက်နေတယ်။ တကယ့်ကို အကြီးအကျယ်အားပြိုင်မှုပါပဲ။ ဉာဏ်မီအောင် နည်းနည်းနားစိုက်ပါဗျာ။ အမှန်တော့ ကျနော်တို့ခင်ဗျားတို့ဟာ အမှုန်အလင်းနဲ့ ဖွဲ့စည်းထားပြီး ခန္ဓာကိုယ်မှာပါတဲ့ မြင်နိုင်ကြားနိုင် တွေးတောနိုင်တဲ့ အစိတ်အပိုင်းတွေရဲ့ ထင်ဟပ်ဖော်ပြမှုအပေါ် စွဲလန်းပြီး အောင်တစ်ခုရှိတဲ့လောကကြီးထဲမှာ ပျော်မွေ့နေကြတာပါပဲ။ တကယ်တမ်းက တလစပ်ဖြစ်မှုပျက်မှုတွေနဲ့ ဘယ်လိုမှ မနေပျော်တဲ့ဘဝကြီးကို ခင်ဗျားရော ကျနော်ပါ မွေ့နေကြလေရဲ့၊ ဘာလို့မနေပျော်သလဲ ဟုတ်လား။ ခင်ဗျားစဉ်းစားကြည့်၊ ခင်ဗျားရဲ့ ခန္ဓာကိုယ်အလုပ်လုပ်နေပုံ အကြမ်းဖျဉ်းကို ခင်ဗျား ခတ်မှန်ရိုက်တဲ့အခါ၊ အာထရာဆောင်းရိုက်တဲ့အခါ တွေ့ဖူးမယ်။ ကိုယ်တိုင်မဟုတ်ပေမဲ့ လူနာတစ်ဦးဦးရဲ့ အတွင်းပိုင်းခွဲစိတ်ကုသမှုတွေကို ခင်ဗျားမြင်ဖူးမယ်။ ခင်ဗျား နေပျော်တယ်လို့ ပြောမိမလား။ ဒါအကြမ်းပဲ ရှိသေးတယ်။ အချိန်နဲ့အမျှ ခန္ဓာကိုယ်တစ်ခုလုံး အတွင်းကလီစာတွေ အလုပ်လုပ်နေတာ လှုပ်ရှားပြောင်းလဲနေတာ။ နောက်ဆုံးအဆင့် အဲဒီအစိတ်အပိုင်းအားလုံးကို ဖွဲ့စည်းထားတဲ့ အမှုန်လေးတွေ အလုပ်လုပ်နေပုံကို ခင်ဗျားမြင်ရရင် ချက်ချင်းတောထွက်ချင်စိတ် ပေါက်ပေလိမ့်မယ်။ ဒါပေမဲ့ ကျနော်သေချာပေါက် ပြောရဲတာက ခင်ဗျားဟာ ဒီနေ့တောထွက်ရင် မနက်ဖန် မြို့ထဲပြန်ရောက်လာမှာပါပဲ"

"အပြောကြမ်း အထင်ရမ်းလှချည့်လားဗျာ၊ ခိုင်မာအောင် လုပ်ပါအုံးလေ"

"ဟုတ်ပါပြီ။ ကျနော့်ကိုယ်တွေ့လေး ပြောပါရစေအုံး။ ကျနော် ဆယ်တန်းကျောင်းသားလောက်က ကျနော့် ငယ်သူငယ်ချင်း အေးလွင်ဆိုတဲ့မောင်က ထူးထူးဆန်းဆန်း သတင်းတစ်ပုဒ်လာပြောဖူးတယ်။ သူ့ဦးလေးတွေ တရားထိုင်တာ တော်တော်တရားပေါက်နေပြီ။ မကြာခင် တောထွက်ကြတော့မှာမို့ သူ့အဒေါ်တွေ တော်တော် စိတ်သောကရောက်နေကြပြီဆိုပဲ။ ဒီတုန်းကတော့ဗျာ၊ ကျနော်လည်း ကလေးအရွယ်ဆိုတော့သဘာဝမကျဘူး ဆိုတာတော့သိပါရဲ့။ ဘယ်လိုတော်ယ်ပုံ

www.burmeseclassic.com

သဘာဝမကျမှန်းတော့ ပြောမပြတတ်ခဲ့ဖူး။ ကျနော်ပြောခဲ့တာကတော့ မင်းဦးလေးတွေ တောထွက်သွားလဲ မကြာခင်ပြန်လာမှာပါ ဆိုတဲ့စကားပဲဗျ။

နောက်တစ်လလောက်ကြာတော့ အေးလွင် ကျနော့်ဆီကို အူယားဖားယား ပြေးလာပြီး...မင်းပြောတာမှန်တယ်ကွ။ ငါ့ဦးလေးတွေ တောထဲမှာ တရားသွားကျင့်ရာကနေ အခုအိမ်ပြန် ရောက်နေကြပြီတဲ့။ အမှန်တော့ အဲဒီကိစ္စဟာ သဘာဝမကျဘူးဆိုတဲ့ အမြင်တစ်ခုနဲ့ ကျနော်ရမ်းတုတ်လိုက်တဲ့ကိစ္စပါ။ အခုတော့ အဲဒီပြဿနာရဲ့အဖြေကို ကျနော်ဖော်ထုတ်နိုင်ခဲ့ပါပြီ။ အဓိကလိုအပ်ချက်က "အထုံ" ဆိုတဲ့အရာပါပဲ"

"ဘာတုန်းဗျ၊ အထုံဆိုတာ"

"အော် အထုံရေစက်၊ ထုံမွှမ်းသည်ဆိုတဲ့ စကားလုံးတွေကို ခင်ဗျားကြားဖူးမှာပါ။ ဆိုလိုတာက ဟိုးယခင်အချိန်များမှာ ကြိမ်ဖန်များစွာ လေ့ကျင့်ခဲ့ဖူး၊ အခုအချိန်မှာလည်း ကြိမ်ဖန်များစွာ လေ့ကျင့်ခဲ့ဖူးတာကို ဆိုလိုတာပါ။ ဒီတော့ အေးလွင့် ဦးလေးတွေဟာ အထုံလိုအပ်ချက်ကြောင့် မိန်းမရင်ခွင်ပြန်လည်ခိုလှုံလာကြတာပါပဲ။ ထို့နည်းအတူ အရှင်ဉာဏစာရရဲ့ မိတ်ဆွေဟာလည်း ကာမဂုဏ်ဖက်ကို တဝဲဝဲပြန်လည်နေတာပါပဲဗျာ၊ ကျနော်ခင်ဗျားကို ပါဠိပါဌ်သားတွေမပြောပါဘူးလို့ ပဋိညာဉ်ပြုထားတယ်နော်။ခင်ဗျားဉာဏ်ရှိသလို ရှေးဘဝနောက်ဘဝ ပါရမီအရင့်အနုဆိုတာတွေ ခင်ဗျားဖာသာ စဉ်းစားပေတော့"

"အင်း ကျနော်က စာရေးသူမို့ခင်ဗျားပြောတာကို မခြွင်းမချန်ပြန်ပြောဖို့ ပြန်ရေးဖို့သာ တာဝန်ရှိပါတယ်။ ဟုတ်မဟုတ် သင့်မသင့်မှန်မမှန်တော့ စာဖတ်သူတွေအတွက် ချန်ထားလိုက်ကြစို့ရဲ့ဗျာ။ ကဲ ရှေ့ဆက်လိုက်ကြရအောင်...

ဝေဖန်စာမှာ ထောက်ပြတဲ့ သမာဓိနဲ့ဝိပဿနာ ကွာခြားပုံအကြောင်း ရှင်းပါအုံးဗျာ။ အရှင်ဉာဏစာရအဆိုရ ခင်ဗျားဟာ သမထ(သို့မဟုတ်) သမာဓိကို လွဲမှားစွာကြောက်နေတဲ့သူ၊ တရားသမားအများစုဟာ သမထရဲ့အရေးကြီးပုံကို နားမလည်ပဲ ဓမ္မာစရိယဦးဌေးလှိုင်ရဲ့ စာပေတွေလောက်ကိုသာ အထောက်အထားပြုပြီး လမ်းလွဲနေကြတယ်ဆိုတဲ့ ကိစ္စကကောဗျာ"

"အဆင်သင့်လိုက်လေဗျာ။ ကျနော်ကလည်း ဒီကိစ္စကို အခိုင်အမာ ခြေခြေမြစ်မြစ် ရှင်းချင်နေတာနဲ့ အတော်ပဲဗျ။ ခင်ဗျား တစ်ခုတော့ သတိထားနော်။ ဝေဖန်တဲ့ ပုဂ္ဂိုလ်ဟာ ကိုယ်တိုင် ထိထိရောက်ရောက် မကျင့်ကြံခဲ့ဖူးပါဘူး ဆိုတဲ့အချက်ကို မမေ့ပါလေနဲ့။ အခုကျနော်ရှင်းမယ်။ အရပ်သုံးစကားနဲ့ ရှင်းမယ်။ ကိုယ်တွေ့နဲ့ ရှင်းပါ့မယ်။ သေချာသာ နားစိုက်ပါလေတော့။ ကျနော်ဟာ ဒီရှင်းလင်းချက်ကို ဘယ်ကျမ်းဂန် ဘယ်စာအုပ်မှာမှ မဖတ်ခဲ့ဖူးဘူး။ ကျနော့်ကိုယ်ပိုင်ဆင်ခြင်ချက်သာ ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

သေချာသတိချပ်မှာက အလင်းနဲ့အမှုန်တွေရဲ့အမြန်နှုန်းကိစ္စ။ အထိုက်အလျောက် လေ့ကျင့်မှုအားကောင်းလာတဲ့သူရဲ့ခန္ဓာကိုယ်ကို ဖွဲ့စည်းထားတဲ့ အမှုန်နဲ့ အလင်းတွေရဲ့ ရွေ့လျားနှုန်းဟာ တခြားသော အခြေအနေမတူတဲ့ ဘဝများက ပုဂ္ဂိုလ်တွေရဲ့ ရွေ့လျားနှုန်းနဲ့ နီးကပ်လာတတ်တယ်။ ရွေ့လျားနှုန်းနီးစပ်တာကြောင့် ပြောဆိုဆက်ဆံလို့ရတဲ့ အခြေအနေတွေ ဖြစ်လာတတ်တယ်။ တိုတိုတည့်တည့်ပြောရရင် ရုက္ခစိုးတို့ ဝိဇ္ဇာ၊ ဇော်ဂျီဆိုတာမျိုးတွေနဲ့ ဆုံတတ်တာမျိုးပေါ့။ ဒါဟာ သူ့ရဲ့သမထအဆင့်ဟာ အပြင်ပိုင်းမှာပဲ ရှိသေးတယ်ဆိုတာကို ပြတာပါပဲ။ ဒါတွေနဲ့ ကျနော်အကြိမ်ပေါင်းများစွာဆုံခဲ့ဖူးကြောင်း ပြောခဲ့တာ သတိရပါဗျာ။

ဟုတ်ပြီ။ ဘယ်တော့ ဝိပဿနာအမြင်ဖြစ်သလဲ။ အတွင်းပိုင်းဆိုတာဘာလဲ။ ခင်ဗျားမေးတယ်။ ကျနော်က အာနာပါန ရှုမှတ်ခဲ့သူ ရှုမှတ်နေသူမို့ အဲဒီအတွေ့အကြုံကပဲ ဖြေပါ့မယ်။ ကျနော်ခင်ဗျားကို အခုလောက်အချိန်ယူ၊ နေရာရွေး တလေးတယူဖြေရှင်းနေတာ ဘာကြောင့်လို့ထင်သတုန်း။ ဘုရားဟောတဲ့တရားဆိုတာ ဆယ်နှစ်နီးပါး လေ့ကျင့်လည်းနောက်ဆုံးတော့ အလကားပါပဲကွာလို့ ထင်မြင်ခံရပြီး တရားတန်ဖိုး လျော့မှာစိုးလို့ပဲ။ ဒီတော့ခင်ဗျားက ကြားဖူးနားဝနဲ့ စာမတတ်ပဲလေ့ကျင့်လို့ တရားမတွေ့ခဲ့တဲ့ ပုဂ္ဂိုလ်တွေ စာတွေအများကြီးတတ်ပြီး လေ့ကျင့်မှုမရှိလို့ တရားမတွေ့တဲ့ ပုဂ္ဂိုလ်တွေရဲ့ ဇာတ်လမ်း တွေကို ပြန်ပြီးသတိရမယ်။ တစ်ခုတော့ သတိရပါ။ ကျနော်ဟာအဲဒီအစွန်းနှစ်ပါးက လွတ်အောင်ရှောင်ပြီး လေ့ကျင့်ခဲ့တယ် ဆိုတဲ့အချက်ကိုပေါ့"

ကိုသက်ခိုင်ကား ကျနော်တို့ရောက်ရှိနေရာ စစ်သဘော်များ ဆိုက်သည့် တံတားကြီးကို လည်းမေ့လျော့နေဟန်ရှိ၏။ ပင်လယ်ပြင်ဆီမှ တိုက်ခတ်လာသော ဆားနံ့သင်းသည့်လေပြေကိုလည်း သတိရဟန်မတူ။ တံတားအဆုံးမှာ ဆိုက်ကပ်ထားသည့် သင်္ဘောကြီးများ၊ မော်တော်ဘုတ်များကိုလည်း ဂရုပြုမိသည့်ဟန်မရှိချေ။ သူသည်တစ်စုံတစ်ခုသော အာရုံကို အခိုင်အမာဖမ်းဆုပ်နေဟန်ရှိ၏။

"ကဲဒါဆိုလည်း၊ ခင်ဗျားရဲ့အာနာပါအတွေ့အကြုံနဲ့ အတွင်းသိဆိုတဲ့ ဝိပဿနာအသိကို ဆိုပါအုံးဗျာ"

"ဟုတ်ပြီ။ အာနာပါနရှုလို့ အာရုံခံ ခန္ဓာကိုယ်အစိတ်အပိုင်းတွေ ငြိမ်သက်စပြုလာတဲ့အခါ နှုတ်ခမ်းဖျားမှာ မျက်နှာတစ်ဝိုက်မှာ ငယ်ထိပ်မှာ တလှုပ်လှုပ်တမွမွ ဖြစ်နေတဲ့ ခံစားမှုတွေကို တွေ့မယ်။ ဆိုလိုတာက ဗျာ။ ခင်ဗျားခန္ဓာကိုယ်ကို ဖွဲ့စည်းထားတဲ့ အမှုန်လေးတွေရဲ့လှုပ်ရှားမှုကို ခင်ဗျားသိလာမယ်။ အာရုံလို့ပဲခေါ်ခေါ် နိမိတ်လို့ပဲခေါ်ခေါ် ကမ္မဋ္ဌာန်းအဝန်းလို့ပဲခေါ်ခေါ် ခင်ဗျားကြိုက်သလိုသာခေါ်ပေတော့။

ဒီအခြေအနေမှာဆက်ပြီး ဖွဲလုံ့လသန်သန်နဲ့ ဆက်ပြီးအားထုတ်တဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလှုပ်ရှားမှုဟာ ခန္ဓာကိုယ်အတွင်းပိုင်းကို ဝင်ရောက်ဖို့ကြိုးစားလာမယ်။ ရုတ်တရက် ဒါကိုခင်ဗျား မခံစားနိုင်ဘူး။ ကျင်စက်နဲ့တို့သလိုဓာတ်လိုက်သလို အကြိမ်ပေါင်းများစွာ ခင်ဗျားခံစားရမယ်။ ပထမတော့ ခင်ဗျားကြောက်မယ်။ လေ့ကျင့်မှုကို ရပ်လိုက်မယ်။ ဒါပေမဲ့ဒီလိုအခြေအနေမျိုးဟာဆက်ကာဆက်ကာဖြစ်ပေါ်နေမယ်။ နောက်ဆုံးတော့ ခင်ဗျားဟာ အားတင်းပြီး ငယ်ထိပ်ကနေ စီးဝင်လာတဲ့ လျှပ်စီးကြောင်းတစ်ခုကို ခန္ဓာကိုယ်ထဲရောက်တဲ့အထိ သည်းခံလာနိုင်မယ်။ နောက်ဆုံး အဲဒီလှုပ်ရှားမှုဟာ ခင်ဗျား ခန္ဓာကိုယ်ထဲကို ရောက်သွားမယ်။ အဲဒီလှုပ်ရှားမှုကို အမြဲမပြတ်၊ အစဉ်မပြတ် ရှုနေခြင်းဖြင့် ခင်ဗျားရဲ့ ခန္ဓာကိုယ်အတွင်းပိုင်းရဲ့ လှုပ်ရှားဖြစ်ပျက်နေမှုတွေကို ခင်ဗျား အချိန်နဲ့အမျှ သိနေမယ်။ သတိထားနေမိမယ်။ အဲဒါဝိပဿနာနည်းအားဖြင့် ခန္ဓာကိုယ်ကို သဘာဝကျကျ ကြည့်မြင်နေခြင်းပါပဲ။ ဆရာသက်ကြီး၊ မဇ္ဈိမာစရိယ ဦးဌေးလှိုင်တို့ဆိုလိုတဲ့ သမထဆိုတာ အပြင်ဗန်းမြင်သိမှုမျှ သိမြင်နေတာကို ဆိုလိုရင်းဖြစ်တယ်။ ပကတိသဘောအတိုင်းလောကကြီးတစ်ခုလုံးကို ရှုမြင်နိုင်ခြင်းမှ သွေဖယ်တတ်သော အမြင်ကိုသာ ဆိုလိုတယ်။ ဒါကိုခင်ဗျားက သမထလို့ခေါ်ခေါ် တပ လို့ ခေါ်ခေါ် ကြိုက်သလိုသာခေါ်ပေတော့။ ဥပမာဗျာ၊ စာတတ်တဲ့သူတစ်ယောက်နဲ့ စာမတတ်တဲ့သူတစ်ယောက် ကုန်တိုက်ကြီးထဲကို ရောက်သွားတယ်ဆိုပါတော့။ စာဖတ်တတ်တဲ့သူကပစ္စည်းတစ်ခုချင်းရဲ့ အမည်၊ အသုံးဝင်ပုံ အစရှိတာတွေကို ခွဲခြားနားလည်မယ်။ စာမတတ်တဲ့သူက မြင်သာမြင်နေရတယ်။ မပြောနိုင် မသိနိုင်ဘူး။ ဒီနေရာမှာ စာမတတ်တဲ့သူဟာ နားလည်တတ်ကျွမ်းသူတစ်ဦးဦးကိုဖြစ်စေ လမ်းညွှန်သူကို ဖြစ်စေ အကူအညီတောင်းတဲ့အခါ တခဏအတွင်း သိနားလည်သွားနိုင်တယ်ဆိုတဲ့သဘောပါပဲ။ ဒီတော့ကျနော့်စကားကို ပြန်ချုပ်ရရင် အတွင်းသိ အပြင်သိ ဆိုတာကို ဉာဏ်မျက်စိနဲ့ ကိုယ်တိုင်ခွဲခြားနိုင်ဖို့ပါပဲ။ ကျနော်ကလည်း တရားစာတွေမဖတ်ပဲ နိဗ္ဗာန်ရောက်နိုင်တယ်လို့ မပြောခဲ့ပါဘူး၊ ဒီနေရာမှာအရေးကြီးတာက အချိန်အဆပါပဲ။ မလျော့မတင်းစောင်းနှယ်ညှင်းဆိုတဲ့ သဘောဆိုပါတော့။ ငါစာတွေသိပ်တတ်နေပြီ။ ငါကျင့်တာကြာလှပေါ့ဆိုတဲ့ အစွန်းတွေပေါ့၊ ကဲ ဒီလောက်ဆိုရင် ကျနော်ဟာ သမထဆိုတဲ့ အဆင့်ကနေ လွန်ခဲ့ပြီလား၊ မလွန်သေးဘူးလားဆိုတာ ချိန်ဆနိုင်လောက်ပါရဲ့ဗျာ”

“ဒါဆိုရင် ခင်ဗျားထူထောင်ခဲ့တဲ့ သမထဟာ လမ်းလွဲနေတယ်၊ အဆင့်မမီဘူးဆိုတာကိုကော ခင်ဗျား ဘာပြောချင်လဲဗျာ”

“ကျနော်က ဘာမှမသိမတတ်တဲ့အဆင့်ကနေ စပြီး လေ့ကျင့်ခဲ့တာမို့ အမှားတွေပါခဲ့တယ်။ သို့သော် လေ့ကျင့်နေရင်းက လူပညာရှိ ရဟန်းပညာရှိတွေရဲ့ လမ်းညွှန်သွန်သင်ချက်တွေကို ဖတ်ရှုလေ့လာပြီး လိုက်နာခဲ့တာကြောင့် အမြင့်ဆုံး သမာဓိအဆင့်ကိုတောင် ရောက်ခဲ့ပါပြီကောဗျာ၊ အဲဒီအကြောင်းအရာဟာ ခင်ဗျားရဲ့



www.burmeseclassic.com

www.burmeseclassic.com

စာမူအဟောင်းမှာမပါဘူး၊ အခုအသစ်မှာသာ တွေ့ရတယ်။ တစ်ခုတော့ သတိပြု စေချင်တယ်ဗျာ။ ကျနော်ဟာ သောတာပန်ဖြစ်ပါပြီ။ မဂ်ရပါပြီ ဖိုလ်ရပြီလို့ အထင်ကြီးခံရရုံ သက်သက် ဘယ်သောအခါကမှ မပြောခဲ့ဖူးဘူးဗျာ။ အခုရှင်းနေရတာက ဝင်လေထွက်လေရှုမှတ်ခြင်း တရားအားထုတ်ခြင်းဆိုတာ မဂ်ဖိုလ်မဆိုက်ရင် သဲထဲ ရေသွန်သလိုပဲလို့ လူအများ အထင်မှားကုန်မှာစိုးလို့ ရှည်ရှည်ဝေးဝေးရှင်းပြနေတာ။ မှန်ပါတယ်။ ကျနော်ဟာ မဂ်ဖိုလ်မရခဲ့ပါဘူး။ ဒါကြောင့် ကျနော်လေ့ကျင့်ခဲ့တာတွေဟာ အလဟဿဖြစ်ရောလား။ သေချာမှတ်ပေတော့။ ခင်ဗျားနဲ့ကျနော်ဟာ အသက် ချင်းမတိမ်းမယိမ်းပဲ။ ခင်ဗျားမှာ သွေးတိုးလိုလို ဆီးချိုလိုလို ရောဂါဗလဗွနဲ့။ ဒါတင် မကသေးဘူး။ အထိုင်အထတောင် မူးကနဲမိုက်ကနဲ ဖြစ်သေးဆို။ ကျနော်ဟာ အခုအချိန်အထိ ဘာရောဂါမှ မရှိသေးတဲ့အပြင် တစ်နေ့ကို နှစ်မိုင်နီးပါး ခပ်ဖွဖွပြေးနိုင်နေတုန်းပဲ။ အာနာပါနရှုမှတ်ခြင်းရဲ့ အကျိုးကျေးဇူးများဆိုတာကို ရှာဖတ်ကြည့်ပေတော့ဗျာ။ စိတ်ငြိမ်သက်အေးချမ်းခြင်း၊ မှန်ကန်စွာ တွေးခေါ် ကြံစည်နိုင်ခြင်း၊ ကိုယ်စိတ်ချမ်းသာစွာ နေရခြင်းဆိုတာတွေအပြင် မိမိနေရမဲ့ အသက်အပိုင်းအခြားကိုတောင် သိနိုင်သတဲ့ဗျာ၊ ကောင်းပြီ၊ မဂ်မရ ဖိုလ်မရတော့ သဲထဲရေသွန်ဖြစ်သလား။ ဒီနေ့ခင်ဗျားကို ကျမ်းကိုးကျမ်းဂန်တွေဘာမှ မသုံးပဲ အရပ်သုံး စကားနဲ့ ချည်းရှင်းမယ်လို့ ကတိပြုထားပေမဲ့ အခုမပြောမဖြစ် မပြမဖြစ်တဲ့ အထောက် အထားတစ်ခုတော့ပြမှ ဖြစ်မယ်။ မဂ်ဖိုလ်ဆိုက်တယ်ဆိုတာ သိပ်ခက်ခဲ နက်နဲလှတာမို့ မဂ်မရဖိုလ်မရသော်ငြား လေ့ကျင့်အားထုတ်သူဟာ ဘယ်လိုဘယ်ပုံ လူ့လောကကြီး ရှင်သန်နေထိုင်သွားတယ်ဆိုတာခင်ဗျားသိမှ ဖြစ်မယ်။ ကုန်ကုန်ပြောရရင် အဲဒီလေ့ကျင့်ခန်းကို စူးစိုက်လေ့ကျင့်နေသူဟာ ပြည့်တန်ဆာခေါင်း၊ အရက်သမား ဖြစ်စေအုံးတော့။ ခန္ဓာကိုယ်ရဲ့ အလုပ်လုပ်ပုံ သဘောသဘာဝကို နားလည်ရိပ်စား မိသွားတာကြောင့် အရင်လောက် မယုတ်မာတော့၊ မရိုင်းစိုင်းတော့ဘူးဗျာ။ နားလည်ရိပ်စားမိတယ်ဆိုတာကို ရှင်းပါရစေအုံး။ ဒီလေ့ကျင့်ခန်းကြောင့် ကျနော်ဟာ လောကကြီးတည်ဆောက်ထားပုံ၊ အမှုန်အလင်းတွေရဲ့သဘောသဘာဝဆိုတာကို မူကြိုကလေးတစ်ယောက် စာရေးစာဖတ်တတ်တဲ့အဆင့်လောက် တတ်သိသွားတယ်။ ဒေါက်တာဘွဲ့ရတဲ့အထိ တတ်မြောက်သွားတယ်လို့ မဆိုလိုဘူးဗျာ။ ရော့ လယ်တီဆရာတော်ကြီးရဲ့ အဆုံးအဖြတ်ကို ဖတ်ကြည့်ပေတော့။ ခန္ဓာကိုယ်ကို ရှုစမ်းသောအကျင့်ကျင့်နေသော သူများရဲ့လိုရင်းအချက်ဟာ ဘာလဲ။ ခင်ဗျားသိလာ မယ်။ ဒီစာပိုဒ်လေးကို ကျနော်ကိုယ်တိုင် ရိုက်လာတာ။ ရော့”

ပြောပြောဆိုဆို ကိုသက်ခိုင် ကမ်းပေးသည့် စာရွက်ငယ်ကို ကြည့်ရာ ဖူးစကတ်စာရွက်တစ်ခုပေါ်တွင် အောက်ပါအတိုင်း ဖတ်ရှုရပါသည်။

www.burmeseclassic.com

လယ်တီဆရာတော်ဘုရားကြီး ပြုစုတော်မူသော ဒီပနီပေါင်းချုပ်၊(ဝိပဿနာဒီပနီ) စာမျက်နှာ ၆၀။

---

**ဝိပဿနာလုပ်ငန်း**

ဝိပဿနာကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ကြသော ပုဂ္ဂိုလ်တို့၏ လိုရင်းအချက်ကို ပြပေအံ့။ ။

ဝိပဿနာ ဉာဏ်စဉ်သုံးပါးတွင် ရှေးဦးစွာ အနိစ္စ ထင်မြင်မှုသည် အရေးအကြီးဆုံးဖြစ်၏။ အဘယ်သို့ ထင်မြင်နိုင်ရမည်နည်းဟူမူ အရိပ်ပွဲပြရာ၌ တစ်ခုသောအရိပ်မှာ တခဏအတွင်း ၌ပင်လျှင် လှုပ်ရှားမှုတွေ အဆက်ဆက်အဆင့်ဆင့် ပြောင်းလဲမှုတွေ အဘယ်မျှ လျင်မြန် လေသနည်း၊ အဘယ်မျှ အထွေထွေ အပြားပြား များလေသနည်းဟု ဓာတ်ရိပ်ကြီးငယ်တစ်ခုကို စေ့စုံစွာ စဉ်းစား၍ ကြည့်ရှုပါလျှင် ဓာတ်ရိပ်၌ ဝိပရိဏာမ အညထာဘာဝ အချက်တို့သည် တစ်မိနစ် တစ်စက္ကန့်အတွင်းမှာပင် ရာထောင်မကရှိနေကြသည်ကို တွေ့မြင်ကြကုန်ရာ၏။ တွေ့မြင်သမျှသော ထိုဝိပရိဏာမ အညထာဘာဝမှုတို့သည် ထိုဓာတ်ရိပ်မှာ အနိစ္စ ချည်းပေတည်း။ မရဏမှုတို့ချည်းပေတည်း၊ ဓာတ်၏သေဆုံးမှုချည်းပေတည်း။ ထိုဓာတ်ရိပ်ကို သွားခြင်း အခိုက်အတန့်၊ ရပ်ခြင်း အခိုက်အတန့်၊ ထိုင်ခြင်း အခိုက်အတန့်၊ အိပ်ခြင်း အခိုက်အတန့်၊ ကွေးခြင်း အခိုက်အတန့်၊ ဆန့်ခြင်း အခိုက်အတန့်၊ ထိုထိုကိုယ်အင်္ဂါအစိတ်တို့၏ အထွေထွေ ပြောင်းလဲခြင်း အခိုက်အတန့်တို့ကို လုပ်ကြ၍ စေ့စုံစွာ ကြည့်ရှု ကြပါလျှင် ထိုအရိပ်မှာ ထိုထို အခိုက်အတန့်အတွင်း၌ ဓာတ်တို့၏ အနိစ္စမှုတွေ မရဏမှုတွေ ပြည့်လျက်နေသည်ကို သိမြင်ကြကုန်လတ္တံ့၊ သွားခြင်း အခိုက်အတန့်တွင် တခုတခုသော ခြေလှမ်းအတွင်း၌ ဓာတ်တို့၏ အနိစ္စတွေ မရဏတွေ ပြည့်လျက်နေသည်ကို သိမြင်ကြကုန်လတ္တံ့၊ ကြွင်းကျန်သော အခိုက်အတန့်တို့၌လည်း ထိုနည်းတူ အသီးသီး အနိစ္စမှုတွေ မရဏမှုတွေ ပြည့်လျက် နေကြကုန်သည်သာတည်း။

ဤဓာတ်ရိပ် ဥပမာအတိုင်း မိမိ မိမိတို့၏ ကိုယ်ခန္ဓာမှာလည်း ဘယ်အခါမှာမဆို ရုပ်ဓာတ် နာမ်ဓာတ်တို့၏ အနိစ္စမှုတွေ မရဏမှုတွေ ကိုယ်နှင့်အပြည့် ခေါင်းနှင့်အပြည့် ထိုထို အင်္ဂါ ကြီးငယ်တို့နှင့် အပြည့်ရှိလျက် နေကြကုန်၏။ ။ ထိုကဲ့သို့ ဘယ်အခါမဆို တစ်ကိုယ်လုံး တစ်ကောင်လုံး ပြည့်လျက် ရှိနေကြကုန်သော အနိစ္စအချက် မရဏအချက်တို့ကို ဉာဏ်ဖြင့် ပေါင်းရုံး၍ ကြည့်ရှုတတ်ကြပါကုန်မူကား မိမိ မိမိတို့၏ ကိုယ်ခန္ဓာ ကိုယ်အင်္ဂါတို့သည် တစ်စက္ကန့် တစ်မိနစ်အတွင်းမှာပင် အခါများစွာ ပျက်ဆုံးပြိုကွဲ ပြောင်းလဲ၍ နေကြသည်ကိုလည်း သိမြင်နိုင်ကြကုန်လတ္တံ့၊ တစ်စက္ကန့် တစ်မိနစ်အတွင်းမှာပင် ကိုယ်ခန္ဓာကြီး အခါခါ ပြောင်းလဲမှု ဦးခေါင်းအင်္ဂါ



www.burmeseclassic.com

www.burmeseclassic.com
အခါခါပြောင်းလဲမှု ခြေအင်္ဂါ လက်အင်္ဂါ အခါခါပြောင်းလဲမှု ကျောအင်္ဂါ ဝမ်းအင်္ဂါ အခါခါပြောင်းလဲမှု အသည်းအင်္ဂါ အဆုတ်အင်္ဂါ အခါခါပြောင်းလဲမှုတို့ကိုလည်း သိမြင်ကြကုန်လတ္တံ့။

ဤသို့ သိကြမြင်ကြ ထင်ကြကုန်သည်ရှိသော် အနိစ္စာနုပဿနာ အလုပ်တွေ နေရာကျပြီ ဟု မှတ်၊ အနိစ္စာနုပဿနာအလုပ် နေရာကျလျှင်လည်း အနတ္တာနုပဿနာ အလုပ်လည်း နေရာကျလေတော့သည်။

နေရာကျဆိုသည်ကား တစ်သက်လုံး စွဲမြဲကြရန် အချက်ကျသည်ကို ဆိုသည်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ပေါက်ရောက်သည်ကို ဆိုသည်မဟုတ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ပေါက်ရောက်မှုမှာမူကား ဣန္ဒြေပါရမီ အရင့်အနုသို့လိုက်၍ အမြန်အနှေး ရှိပြန်၏၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ပေါက်ရောက်မှုမည်သည် အမှန်အားဖြင့် အလွန်သိနိုင်ခဲ၏။ သောတာပန်ဖြစ်၍နေသော ပုဂ္ဂိုလ်သည် မိမိကိုယ်ကို ငါသောတာပန်ဖြစ်ပြီဟု အမှန်အားဖြင့် သိနိုင်ခဲ၏။ အဘယ့်ကြောင့်နည်းဟူမူ ကိလေသာတို့၏ အနုသယအခိုက်အတန့် နက်နဲလှသောကြောင့်တည်း၊ ကိလေသာတို့၏ အနုသယ အခိုက်အတန့် နက်နဲပုံကို မသိကြကုန်သော ယောဂီပုဂ္ဂိုလ်တို့သည် ဒိဋ္ဌိ ဝိစိကိစ္ဆာတို့၏ ဝိက္ခမ္ဘန ကိစ္စနှင့် ကင်းကွာ၍ နေရုံမျှကိုပင် ငါသောတာပန်ဖြစ်ပြီဟု ထင်တတ်ကြ၏။ ဒိဋ္ဌိ ဝိစိကိစ္ဆာတို့၏ သမုစ္ဆေဒကိစ္စနှင့် အနုသယဘုံကြီးပါ ကင်းပြတ်၍ သွားမှသာလျှင် သောတာပန်အစစ်အမှန် ဖြစ်ပေသည်။ ။ ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့မှာမူကား အထင်အမြင် နေရာကျသော အနိစ္စာနုပဿနာ ဉာဏ်ကိုရ၍ နေရလျှင်ပင် ကောင်းမြတ် လှပြီဟု ဝမ်းမြောက်၍သာ ထိုအလုပ်ကို တစ်သက်လုံး စွဲမြဲကြကုန်ရမည်။ ရဟန္တာ ဖြစ်ပြီးသော ပုဂ္ဂိုလ်တို့မှသော်လည်း စိတ္တသုခ အကျိုးငှာ ထိုအလုပ်ကို မလွတ်ကြ ပေကုန်။ ။

ယောဂီပုဂ္ဂိုလ်တို့မှာလည်း ထိုအလုပ်ကို အသက်ထက်ဆုံး ဆွေးနွေးကြသည် ရှိသော် ဉာဏ်ပညာ အဆင့်ဆင့်ရင့်သန်၍ သွားကြသဖြင့် ယခုဘဝတွင်ပင် မသေမီ အကြား၌သော်၎င်း၊ သေခါနီးအခါ၌သော်၎င်း၊ ပုထုဇ္ဇနဘူမိ ပုထုဇ္ဇနဂတိတို့ကို လွန်မြောက်၍ အရိယဘူမိ အရိယဂတိသို့ ပေါက်ရောက်ကြကုန်လတ္တံ့၊ ယခုဘဝ၌ပင် မပေါက်ရောက် ရှိကြသော်လည်း နောက်ဘဝ၌ နတ်ပြည်သို့ ရောက်ကြ၍ ပေါက်ရောက်ကြကုန်လတ္တံ့။ ။

. . . . . . . . . . . . . . . . . . . . . . . . . .

“အော် လက်စသတ်တော့ ခင်ဗျားက လယ်တီဆရာတော်ဘုရားကြီးထံ ရှေ့နေငှားလာတာကိုး။ ဒါနဲ့ ခင်ဗျားကကော အထင်အမြင်နေရာကျတဲ့ ဝိပဿနာ ဉာဏ်ဆိုတာ ရနေပြီလား။ ရှင်းပါအုံးဗျ”


www.burmeseclassic.com

www.burmeseclassic.com

"ဒီလောက်ရှင်းပြနေတာတောင် နားဝေးနေတုန်းပဲကိုး။ အခုရှင်းနေတာ ကိုယ်ရည်သွေးနေတာ မဟုတ်ဘူးဗျ။ ကျနော်နေရာကျမကျ ကိုယ်တွေ့ဖြစ်ရပ်လေး တစ်ခုပြောပြပါအုံးမယ်။ ကျနော်ဟာ နေရာကျနေပြီလား၊ မကျသေးဘူးလား ခင်ဗျားဖာသာ ဆုံးဖြတ်ပေတော့။

လွန်ခဲ့တဲ့ ရှစ်နှစ်ဝန်းကျင် ကျနော်ဘန်ကောက်ရောက်စပေါ့။ ကျနော် လေ့ကျင့်ခန်းကို ပြင်းပြင်းထန်ထန် ဆက်လုပ်နေတဲ့အချိန်။ အဲဒီတုန်းက ကျနော်ဟာ ဘန်ကောက်ဆူခုန်ဗစ် လေးဆယ့်ကိုးလမ်းက ကိုကျော်စိုးရဲ့ တည်းခိုခန်းမှာတည်းတယ်။ တည်းနေရင်းခင်မင်မိတဲ့ အေးကျော်ဆိုတဲ့ သင်္ဘောသားလူငယ်လေးတစ်ယောက်က ကျနော့်ကို နိုက်ကလပ်ဆိုလား ဘာဆိုလား အတူသွားဖို့ ခဏခဏခေါ်တယ်ဗျ။ ကျနော်အကြိမ်ကြိမ်ငြင်းရာကနေ နောက်ဆုံးတော့ အားနာပါးနာနဲ့ လိုက်သွားဖြစ်ရော ဆိုပါတော့။ အဲ လိုက်သာသွားတယ်။ သွားနေရင်း ကားပေါ်မှာလမ်းပေါ်မှာ ..င်လေထွက်လေကို မှတ်နေတာပဲဗျ။ ကျနော်ရောက်သွားတဲ့ နေရာကို ဘယ်လိုခေါ် ..ုန်း ကျနော်မသိပါဘူး။ အတော်ကြီးတဲ့ အဆောက်အဦတစ်ခုကို ကွင်းပြင်ထဲမှာ ..ဆောက်ထားတယ်။ ဝင်ကြေး ပေးရတယ်။ လာနေကျသူတွေဆိုရင် အရက်ပုလင်းဝယ်ပြီး ..သာက်နိုင်သလောက်သောက်၊ ချန်ထားလို့ရတယ်။ အဲဒီအရက်ပုလင်းလက်ကျန်ရှိရင် ..င်ကြေးပေးဘို့ မလိုဘူး။ ကျနော်ရောက်သွားတော့ ခန်းမကျယ်ကြီးထဲမှာ လူငယ်လူကြီး ..ထောင်ချီပြီးရောက်နေကြပြီ။ အများစုကတော့ ဘီယာအရက် နည်းနည်းစီချထားကြတဲ့ ..ုံစံပဲ။ ကျနော်ကတော့ အသောက်ရပ်ထားတယ်။ ရှေ့ဆုံးက စင်ပေါ်မှာ တီးဝိုင်းတစ်ဝိုင်း ..ာ ဆူညံကျယ်လောင်တဲ့ တေးသွားတစ်ပုဒ်ကို တီးခတ်နေကြလေရဲ့။ နေဦးဗျ။ အဲဒီအခန်းကြီးထဲမှာ ရောမ ရုပ်မြင်သံကြားဖန်သားပြင် မှန်ချပ်ကြီးတွေ လေးငါးခု ..ုံနေတယ်။

ကျနော်လည်း အခန်းကျယ်ကြီးထဲရောက်ရော ကျနော့်ခန္ဓာကိုယ်ဟာ တစ်စုံ ..တစ်ခုကို ထူးထူးခြားခြားခံစားလာရတယ်ဆိုတာ ကျနော်သေချာ သတိပြုမိလိုက်တယ်။ ..စ်ရပုံက ကျနော့်ခန္ဓာကိုယ်ကြီးဟာ ဖွဲ့မှုန့်တွေနဲ့ ဖွဲ့စည်းထားသလို ဖြစ်နေတာကို ..ျနော်ကိုယ်တိုင်သတိပြုမိလိုက်တာပါပဲ။ တီးဝိုင်းကအသံဟာ ကျနော့်ခန္ဓာကိုယ်ထဲက ..မှုန့်တွေကို သိသိသာသာကြီးကို လှုပ်ခါစေတော့တာပဲဗျာ။ အထူးသဖြင့် တီးဝိုင်းက ..ရမ်ရိုက်သံဆိုရင် အမှုန့်တွေကို ပိုလှုပ်တယ်။ အဲဒီတခဏမှာပဲ ကျနော်ဟာ ဩော် ..ာက်စသတ်တော့ ငါ့ခန္ဓာကိုယ်ဟာ အမှုန့်တွေနဲ့ဖွဲ့စည်းထားတယ်ဆိုတာ အမှန်ပါ ..ာလား။ ငါသတိပြုမိသည်ဖြစ်စေ မပြုမိသည်ဖြစ်စေ ခန္ဓာကိုယ်ဟာ အာရုံအမျိုးမျိုး ..ပုံစံအတိုင်း ခံစားနေတာပါကလား။ အမှုန့်တွေဟာ အမြဲလှုပ်ရှားနေ ပျက်စီးနေပါ ..ာလား။ ငါဟာ ငါမဟုတ်ပါလား အစရှိသည်ဖြင့် သိမြင်လာပါတော့တယ်။ ကဲ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com

နေရာကျမကျ ခင်ဗျားဖာသာဆုံးဖြတ်ပေတော့ဗျာ"

"အင်း စိတ်ဝင်စားစရာပါပဲ။ ဒါနဲ့ခင်ဗျားရဲ့အမြင်ဟာ ပရမတ်မဆိုက်သေးဘူး ဆိုတဲ့ အချက်ကိုကော ဘယ်လိုရှင်းချင်တုန်းဗျာ"

"အခက်တကာ့ အခက်ဆုံးက ပုဂ္ဂိုလ်အများစုဟာ စကားလုံးနောက်ကို လိုက်နေကြတဲ့ပြဿနာပဲဗျာ။ နေပါအုံး။ ခင်ဗျားကို ကျနော်ပြန်မေးလိုက်ပါရစေ။ ပရမတ်ဆိုတာ ဘာတုန်း။ ပကတိအတိုင်း အရှိအတိုင်း မြင်တာ သိတာကို ဆိုလိုတာ မဟုတ်လား။ လေ့ကျင့်စူးစမ်းနေသူတစ်ယောက်ဟာ သူ့ခန္ဓာကိုယ်ကြီး ဖွဲ့စည်းထားပုံအလုပ်လုပ်နေပုံကို ရိပ်စားနားလည်လာတယ်ဆိုရင်၊ စောစောက ပြောသလို အမှုန်တွေအလုပ်လုပ်နေတဲ့အထိ မြင်နေတယ်ဆိုရင် လောကကြီးတစ်ခုလုံးကို ပကတိအတိုင်း ထိုးထွင်းသိမြင်နိုင်ခြင်း အဆုံးစွန်သော အေးချမ်းတည်ငြိမ်မှုရရှိဖို့ အတွက် လမ်းစရနေပြီလို့ မဆိုနိုင်ဘူးလား။ လမ်းစဆိုတာကို သတိထားပါနော်။ ကျနော်ပြောဖူးတဲ့ အထုံဆိုတာကိုလည်း မမေ့ပါလေနဲ့။ မှတ်ထားပါအုံးဗျာ အနိစ္စ ဒုက္ခ အနတ္တဆိုတာ ပညာရှိတွေ အသုံးပြုတဲ့ စာလုံးတွေဗျ။ စာမတတ်သူ တစ်ယောက်ဟာ အမြဲပြောင်းလဲနေတဲ့ အခြင်းအရာ၊ ပျက်စီးသေဆုံးပျောက်ကွယ်နေမှုနဲ့ ထင်သလိုထိန်းချုပ်လို့မရတဲ့ အခြေအနေတွေကို သိမြင်လာပြီဆိုရင် အဲဒီစကားလုံးတွေကို မသိ၊ မဖတ်တတ်ရင်လည်း နေရာကျနေပြီလို့ ကျနော်ဆိုချင်တယ်။ သြော် ဒါနဲ့ အရေးကြီးတာ တစ်ခုပြောချင်သေးတယ်၊ အရှင်ဉာဏာစာရရဲ့ စာထဲမှာ "ဝိပဿနာ ဉာဏ်ဆိုတာကတော့ အလွန့်အလွန် ပါရမီ ရင့်ညောင်းသူမှတစ်ပါး ဖြစ်ခဲလေသတည်း" ဆိုတဲ့စာလေးတစ်ကြောင်းကို ကျနော်သတိပြုမိတယ်။ တိုတိုပြောရရင် လောကကြီး အကြောင်းကို ဘုရားသိသလောက် ဘယ်သူမှ မသိနိုင်ကြပါဘူး။ တခဏလှိုင်းမှာ သိနေတာနဲ့ အဲဒီတခဏပေါင်းမြောက်များစွာကို တဆက်တည်း သိနေတာဆိုပြီး နှစ်မျိုး ရှိလေရဲ့ဗျာ။ အရပ်စကားနဲ့နားလည်လွယ်အောင် မြင်သာတဲ့ဥပမာပေးရရင် တစ်နာရီကို ကီလိုလေးရာလောက် အမြန်နှုန်းနဲ့ ခုတ်မောင်းနေတဲ့ လျှပ်စစ်ရထားတစ်စင်းကို ခင်ဗျားလမ်းပေါ်က ရပ်ကြည့်နေရင် အဲဒီရထားတွဲကြီးတစ်ခုလုံး တရိပ်ရိပ်ပြေးနေတာကို မြင်ရမယ်။ တစ်တွဲချင်း၊ တစ်တွဲစီပေါ်က ခရီးသည်တွေရဲ့ လှုပ်ရှားမှုကို ခင်ဗျား မမြင်နိုင်ဘူး။

တဆက်တည်းပြောရရင် ခင်ဗျားဟာ အရှိန်တစ်ခုနဲ့ပြေးနေတဲ့ ယာဉ်တစ်စီး စီးပေါ်ကနေ လိုက်ကြည့်နေရင် တစ်တွဲစီလောက်ကို မြင်နိုင်တယ်။ ဒီတော့ အသေးစိတ် မြင်တာနဲ့ တရိပ်ရိပ်ပြေးနေတာကို မြင်ပုံချင်းမတူဘူးဗျာ။ နောက်ထပ်ဥပမာတစ်ခု ပေးပါအုံးမယ်။ ဒီဥပမာက ကျနော့်မိတ်ဆွေ ရုပ်ရှင်ဒါရိုက်တာ ကိုချိုတူးဇော်ကို မေးမြန်းပြီး ပြောပြတာပါ။ ကျနော်တို့တတွေ ရုပ်ရှင်ကြည့်တဲ့အခါ တစ်စက္ကန့်လောက်၊



www.burmeseclassic.com

www.burmeseclassic.com

မင်းသားမင်းသမီးရဲ့အရုပ်တစ်ခုကို မြင်ရတယ်။ အမှန်တော့ အဲဒီအရုပ်တစ်ခုကို မြင်ရဖို့ ဖလင်မှာ နှစ်ဆယ့်လေးကွက် ရစ်လိုက်ရတယ်ဆိုပဲ။ လေးနက်စွာထိုးထွင်းသိမြင်တဲ့ ကိစ္စရပ်မှာ တစ်စက္ကန့်အတွင်းနှစ်ဆယ့်လေးပုံ မြင်သလို၊ သိတဲ့သူ အင်မတန်ရှားပါတယ်။ ဘုရားမှသာ သိတဲ့အရာပါ။ ပကတိအရှိတရားအတိုင်း တစ်ပုံကို မြင်နိုင်ပြီဆိုရင် နေရာကျပြီလို့ သတ်မှတ်နိုင်တယ်လို့ ကျမ်းဂန်တွေက ဆိုပါတယ်။ ဩော် နေဦး။ အရှိန်တစ်ခု သွားနေတဲ့ယာဉ်၊ ဖလင်ရစ်တာ ဆိုတဲ့ကိစ္စတွေဟာ သမာဓိထူထောင်ထားတာကို ဆိုလိုတာနော်"

"ဒါဆို ခင်ဗျားအနေနဲ့ အရှင်ဉာဏာစာရကို ဘာများလျှောက်ထားချင်တာ ရှိသလဲဗျာ။ သတင်းထောက် လေသံလေးနဲ့ မေးလိုက်ပါရစေ"

"ကျမ်းတတ်ပေတတ် သံဃာတစ်ပါးအနေနဲ့ ကျနော့်အတွေ့အကြုံအပေါ် အချိန်ယူပြီး ဝေဖန်ပေးတဲ့အတွက် လေးလေးနက်နက် အရိုအသေပေးလိုက်ပါတယ်။ ကိုယ်တိုင်ကျင့်ကြံလို့ အဆုံးစွန်သော တည်ငြိမ်မှုကို သိမြင်လာတဲ့အခါ ကျနော့်အတွေ့အကြုံကို ထပ်ပြီး ဝေဖန်သုံးသပ်ပေးဖို့ လျှောက်ချင်ပါရဲ့ဗျာ"

ထိုနေ့က ကိုသက်ခိုင်ရှင်းလင်းခဲ့သည်များမှာ အရပ်သုံးစကားလုံးများသာဖြစ်ရာ စာဖတ်သူတစ်ချို့အဖို့ အပြည့်အစုံသိရှိလိုသည်များလည်း ရှိနေနိုင်သည့်အတွက် လိုအပ်မည်ဟုထင်ရသော အချက်အလက်တစ်ချို့ကို စာအုပ်စာတမ်းများတွင် ရှာဖွေကြည့်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်။

**အာနာပါန ရှုမှတ်ခြင်း၏ အကျိုးများ**

အာနာပါနကို ရှုမှတ်ပွားများသူသည်

၁။ စိတ်ငြိမ်သက် အေးချမ်းခြင်း၊

၂။ မှန်ကန်စွာ တွေးခေါ်ကြံစည်နိုင်ခြင်း၊

၃။ ကိုယ်စိတ်ချမ်းသာစွာနေရခြင်း၊

၄။ စတုက္ကနည်းအရ ရူပါဝစရဈာန် လေးပါးကို ရနိုင်ခြင်း၊

၅။ သတိပဋ္ဌာန်(၄)ပါး၊ ဗောဇ္ဈင်(၄)ပါးတို့နှင့် ပြည့်စုံခြင်း၊

၆။ ဘဝ၏နောက်ဆုံး ထွက်သက် ဝင်သက်ကို သိခြင်း၊

၇။ မိမိ၏ အသက်အပိုင်းအခြားကို သိခြင်း၊

၈။ မဂ်ဖိုလ်၏အခြေခံကို ရရှိခြင်း–

အစရှိသော အကျိုးတရားများကို မျက်မှောက်ဘဝ၌ပင် ခံစားရရှိမည်ဖြစ်သည်။

(စာမျက်နှာ ၂၇၀။ ဗုဒ္ဓဘာသာတရားတော်၊ အဆင့်မြင့်။ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။)

• • • • • • • • • • • • • • • • • • • • •



www.burmeseclassic.com

www.burmeseclassic.com

## ခဏိကနှင့် သန္တတိအကြောင်း ရှင်းပြချက် အတိုချုပ်

လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူသည့် အတိုင်းပင် ခဏိက ဆိုသည်မှာ ခန္ဓာ နာမ် ရုပ် တို့သည် ပရမတ္ထ သဘာဝအလျောက် အလွန်လျင်မြန်စွာ မရပ်မနား အာကာသခြားလျက် တရစပ် ချုပ်ပျက်နေခြင်းကို ဆိုလိုပါသည်။ ဖြစ်ပြီးလျှင် ဖြစ်သောခဏ၌ပင် ချက်ချင်းပျက်ရသော သဘောရှိသောကြောင့် ခဏိက အနိစ္စ ခေါ်ပါသည်။

### အနိစ္စဝိပဿနာ

ခဏိက ဆိုသော်လည်း ဝိပဿနာယောဂီသိပုံနှင့် ဘုရားသခင်သိပုံ မတူပါ။ ဘုရားသခင်သိပုံမှာ မျက်စိတစ်မှိတ်အတွင်း ရုပ်က ကုဋေငါးထောင်ကျော်၊ နာမ်က ကုဋေတစ်သိန်းဟု ဆို၏။ ကုဋေ တစ်သိန်းကို ဥပါဒ်ခဏ ဌီခဏ ဘင်ခဏနှင့် မြှောက်လျှင် ခဏငယ်ပေါင်း ကုဋေသုံးသိန်းဖြစ်၏။ ဤ ကုဋေသုံးသိန်းကို ဘုရားသခင်က တစ်ခုမျှ မပိုမလိုရအောင် အတိအကျ သိတော်မူ၏။

ဝိပဿနာ ယောဂီပုဂ္ဂိုလ်များမှာမူ မျက်စိတစ်မှိတ်အတွင်း ရေတွက်ခြင်းငှာ မစွမ်းနိုင်လောက်အောင် ရာပေါင်းများစွာသော ရုပ်နာမ်တို့၏ ဖြစ်ပျက်ပုံကိုသာ သိနိုင်ပါသည်။ ဤတရားကို ထင်မြင်ပေါက်ရောက်အောင် အားထုတ်ဖူးသော သူမြတ်များမှာမူ ကိုယ်တွေ့ဒိဋ္ဌ ဖြစ်ကြပြီး ဖြစ်ကြပါလိမ့်မည်။ ဤကဲ့သို့ လျှင်မြန်စွာ ဖြစ်ပျက်နေသော ရုပ် နာမ်တို့၏ ခဏအစိတ်အပိုင်းတွေကို သိနိုင်လျှင် အနိစ္စ ဝိပဿနာပိုင်နိုင်ပြီဖြစ်၍ ဝိပဿနာ ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ပါတော့သည်။ ထို့ကြောင့် ရေပွက်ပမာ တံလျှပ်ပမာ ခန္ဓာ ရုပ် နာမ်တို့၏ ဖြစ်ပျက်မှု လျင်မြန်ပုံကို ရှုမြင်ရလျှင် သေမင်းမမြင်နိုင် ဟူ၍-

**ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။**

**ဧဝံ လောကံ အာဝေက္ခန္တံ ၊ ပစ္စုရာဇာ န ပဿတိ –**

**ဟု ဓမ္မပဒ ပါဠိတော်က ဆိုပါသည်။**

ဤကဲ့သို့ ဖြစ်ပျက် လျင်မြန်ပုံကို မြင်၍နေသော ယောဂီသူမြတ်ကို "အနိမိတ္တဝိဟာရ"ဟု ခေါ်ပါသည်။ ဤကဲ့သို့သော ခဏိကအနိစ္စဝိပဿနာကို ရှုမြင်လျက် မဂ်ဖိုလ်ကို ရသော ပုဂ္ဂိုလ်ကို "အနိမိတ္တ ဝိမောက္ခ သုခပဋိပဒါ" ပုဂ္ဂိုလ်ဟု ခေါ်ပါသည်။(ဤအကြောင်း အကျယ်ကို သိလိုလျှင် "ဝိသုဒ္ဓိမဂ်"မှာ ကြည့်ပါလေ)

### ဘုရားရှင်အသိနှင့် ယောဂီအသိ

ဘုရားသခင် ရွှေဉာဏ်တော်နှင့် ဝိပဿနာယောဂီတို့၏ ဉာဏ်မှာ အလွန်



www.burmeseclassic.com

www.burmeseclassic.com

ကွာခြင်းဖြစ်ကြသည် ဖြစ်သောကြောင့် ပရမတ်ရုပ်နာမ်တို့ကို သိမြင်သောအခါ ပရမတ္ထ သဘာဝအလျောက် အလွန်လျင်မြန်စွာ မရပ်မနား အာကာသခြားလျက် အတုမရှိ လျင်မြန်စွာ ဖြစ်ပျက်နေသည်ကို တွေ့ရသည်ဆိုသော်လည်း တွေ့ပုံ မြင်ပုံ သိပုံခြင်း၊ အတိမ်အနက်-အစိပ်အကျဲ အသေအချာချင်း ဘယ်နည်းနဲ့မျှ မတူပါ။ မတူနိုင်သော်လည်း၊ မမြဲတဲ့ အနိစ္စသဘော၊ ဆင်းရဲတဲ့ ဒုက္ခသဘော၊ အစိုးမရတဲ့ အနတ္တသဘောတို့ကို ယုံကြည် ပေါက်မြောက်နိုင်လောက်အောင် ဘာဝနာမယဉာဏ်ဖြင့် ပရမတ်ရုပ်နာမ်တို့၏ မျက်စိတစ်မှိတ်အတွင်း မရေမတွက်နိုင်အောင် တရစပ်ဖြစ်ပျက်နေမှုတို့ကို သဘော ယောဂီသူမြတ်တို့၏ သိဖို့ရာလိုရင်း ဖြစ်ပါသည်။

လယ်တီဆရာတော်ဘုရားကြီးကလည်း ခန္ဓာနာမ်ရုပ်တို့၏ ခဏမစဲ ချုပ်ပျက်နေမှုတို့ကို "ခဏိက အနိစ္စ"ဟု ရေးသားတော်မူပါသည်။ ၎င်းအပြင် "အဇ္ဈတ္တ ပရမတ် ရုပ် နာမ်တို့၏ ခဏိကမရဏတို့သည် မံသ မျက်စိဖြင့် မြင်ကောင်းသည် မဟုတ်ကုန်၊ တစ်ကိုယ်လုံးမှာ ဇာတိ ဇရာ မရဏ အချက်ပေါင်း အနန္တ ရှိသမျှကိုသာ သိသာလှ၏"ဟု ရေးတော်မူပါသည်။ (ဤအကြောင်းကို အကျယ်သိလိုလျှင် "ဝိဇ္ဇာမဂ္ဂဒီပနီ၊ လက္ခဏာဒီပနီ" စသည်တို့တွင် ကြည့်ကြပါလေ။)

## ခဏိကနှင့် သန္တတိ

(ဘာဝနာဒီပနီ စာမျက်နှာ ၅၁ စာကြောင်းရေ ၇-တွင် ပြဆိုအပ်သော ဖြစ်မှုပျက်မှု သည်ကား ခဏိက ပစ္စုပ္ပန်ကို အမီလိုက်၍ ပြဆိုသော အစီအရင်မဟုတ်၊ "သန္တတိပစ္စုပ္ပန်" ကို ပဓာနပြု၍ အခြေပျက် အနေပျက် ဝိသဘာဂ အမူအရာကို ပြဆိုသော အစီအရင် ဖြစ်သည်။)

သာ၍ရှင်းအောင် ဥပမာပြချင်သေးသည်မှာ ဘုရားသခင်က "လူတစ်ယောက်၌ ဆံပင်ပေါင်း နှစ်ကုဋေ လေးသန်း၊ မွေးညှင်းပေါင်း ကိုးသောင်းကိုးထောင် ရှိသည်"ဟု ဟောတော်မူ၏။ ဘုရားသခင် ရွှေဉာဏ်တော်ဖြင့် သိ၍ ဟောတော်မူသော ဆံပင်မွေးညှင်းတို့သည် လူတိုင်း၌ ရှိကြ၏။ လူတိုင်း၌ရှိ၍ သိနေကြသော ဆံပင် မွေးညှင်းကိုပင် ဘုရားသခင်လည်း ဟောတော်မူ၏။ ဘုရားသခင် ဟောတော် မူသော မွေးညှင်းကတခြား၊ လူတိုင်းသိသော မွေးညှင်းက တခြားမဟုတ်ပါ။ သို့ရာတွင် လူတို့က ဘုရားသခင်ကဲ့သို့ အရေအတွက်နှင့် မပိုမလိုရအောင် တိတိကျကျ အကုန်အစင် မသိနိုင်ကြပါ။ မသိနိုင်သောကြောင့် ဘုရားသခင် ဟောတော်မူသော မွေးညှင်းမဟုတ်ဟု မဆိုနိုင်ပါ။

အနတ္တဆိုတဲ့ အနိစ္စ ဝိပဿနာကို ထင်မြင်အောင် အားထုတ်ဖူးသော ပုဂ္ဂိုလ်များမှာ မျက်စိတမှိတ် ခန့်ကာလအတွင်း မရေမတွက်နိုင်လောက်သော ရုပ်နာမ်တို့၏ ခဏိကအချက် ခဏိကအနိစ္စကို ရှု မြင် နေတတ်ကြပြီး ဖြစ်ရကား



www.burmeseclassic.com

www.burmeseclassic.com

မည်သည့် ဣရိယာပုထ်၊ မည်သည့်ဝေဒနာဠ္ဌမဆို အာရုံပြု၍ ရှုကြည့် မည်ဆိုလျှင် ခဏိကထင်ရှားသည်ပင် ဖြစ်ပါသည်။ ကြာကြာရှုလေ သမာဓိကြီးလေ ဖြစ်ပါသည်။ သမာဓိကြီးလေ ခဏိကအနိစ္စ ထင်ရှားများပြားလာလေ ဖြစ်ပါသည်။ သန္တတိ ဆိုသည်မှာ ခဏိကအချက်ပေါင်းများစွာ လျှင်လျှင်မြန်မြန် အစဉ်မပြတ် ဆက်စပ်၍နေသောကြောင့် တစ်ခုတည်း တစ်မျိုးတည်းဟု ထင်ရခြင်းကို သန္တတိ ခေါ်သည်။ ဥပမာ – သဲတွေကို အမြင့်မှ အဆက်မပြတ် သွန်ချသောအခါ တစ်မှုန့်ပြီးတမှုန့် ဖြစ်ပေါ်ပြီး လျှင်မြန်စွာ ပျောက်ပျောက်သွားတာကို မမြင်ဘဲ သဲအကြောင်းကြီးကိုသာ မြင်နေရသကဲ့သို့ပင် ဖြစ်ပါသည်။

ခဏိကဆိုသည်မှာ ဖြစ်သောခဏဌ်ပင် ချက်ချင်းပျောက်သွားပါသည်။ အပ်ဖျားပေါ် မုံညင်းစေ့ ချသကဲ့သို့ ထောက်ကနဲ ဖြစ်တာနှင့် ထောက်ခနဲ ဖြစ်သောအသံ ပျောက်တာနဲ့ တစ်ပြိုင်တည်းပင် ဖြစ်ပါသည်။ သန္တတိမှာမူ ခဏိကထက်ပို၍ အသက် ရှည်ပြီး တည်နေသည်ကို သန္တတိ ခေါ်ပါသည်။

လယ်တီဆရာတော်ဘုရားကြီးကလည်း ဖြစ်ပြီးနောက် မည်ရွေ့မည်မျှလောက် တည်နေသည်၊ တစ်မိနစ် နှစ်မိနစ် တစ်နာရီ နှစ်နာရီ စသည်ဖြင့် တည်နေသည်ကို သန္တတိဟု မိန့်တော်မူပါသည်။ ဤကဲ့သို့ ဖြစ်ပြီးနောက် မည်ရွေ့မည်မျှ ကြာမှ ပျက်သည်ဟု ဆိုရလျှင် ယင်းပျက်မှုမျိုးကို သန္တတိ အနိစ္စ ခေါ်ပါသည်။ ခဏိက အနိစ္စမှာ ဖြစ်သော ခဏဌ်ပင် ချက်ချင်းပျက်တာကို ခေါ်ပါသည်။ ဖြစ်သောခဏဟု ဆို သော်လည်း ဘုရားသခင်သိသော ခဏနှင့် လူတို့သိသော ခဏ မတူကြောင်း သတိပြုစေလိုပါသည်။ တစ်ခဏ အထက်ပို၍ ကြာသမျှ သန္တတိဟုခေါ်၏။ သန္တတိပညတ်တို့၏ အသက်မှာ ရှည်လျားတတ်၏။ အဇ္ဈတ္တဓာတ် ပရမတ်တို့၏ သန္တတိ အသက်မှာမူ တိုတောင်း၏။ အဇ္ဈတ္တဓာတ် ပရမတ်တို့ကို ရှုသောအခါ ခဏိက အနိစ္စလည်း ထင်တတ်၏။ မည်သည့် အနိစ္စပဲ ထင်ထင် နည်းမှန်လမ်းမှန် ထင်ရလျှင် ဝိပဿနာ အလုပ်ကိစ္စ ပြည့်ဝပါတော့သည်။

(သန္တတိ အနိစ္စအကြောင်း အကျယ်သိလိုလျှင် လယ်တီဆရာတော်ဘုရားကြီး၏ "ဘာဝနာဒီပနီ" တွင် ကြည့်ပါလေ။)

သောတာပန်ဖြစ်ရန် အင်္ဂါလေးပါး သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာနှလုံး၊ ကျင့်ထုံးဖွဲ့သန်၊ သောတာပန်၊ ဖြစ်ရန်အကြောင်းလေး။

၁။ သူတော်ကောင်းနှင့် ပေါင်းသင်း၊

၂။ သစ္စာတရားမျိုးကို ရွေး၍ နာကြား၊

၃။ နည်းမှန်လမ်းမှန် ကြံဆနှလုံးသွင်း

၄။ ရနိုင်လောက်သော ဖွဲ့သန်သန်ဖြင့် အားထုတ် ။

. . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

"ကဲ ဆရာသက်ရေ။ ဒီလောက်ဆို ခင်ဗျားပြောချင်တာ ကုန်လောက်ပြီထင်ပါရဲ့။ စာအုပ်ကိုလက်စသတ်လိုက် ပါရစေ"

"နေဦးဗျာ၊ ကျနော်ပြောချင်တာလေး နည်းနည်းပြောပါရစေ"

"ဟာ ဘာများကျန်နေသေးလို့တုန်း"

"ဓမ္မစကြာအခန်းလေးပါဗျာ"

"ဘာဗျ။ ဓမ္မစကြာ၊ ဟုတ်လား။ အဲဒါက လူတိုင်းလိုလို သိပြီးသားကြီး မဟုတ်လား"

"အင်း ခင်ဗျားလည်းဖူးခက်မှာနေပြီး ကမ်းခြေက ပင်လယ်ရေ ပင်လယ်လေရဲ့ ကောင်းကျိုးအာနိသင်ကို မသိသလိုပါပဲ။ မိုင်ထောင်သောင်းချီပြီးဝေးတဲ့အရပ်က သူများကတော့ ဒီအကျိုးကျေးဇူးကိုခံစားနိုင်ဖို့ ဘတ်ငွေသိန်းချီ အကုန်အကျခံပြီး လာကြတာကလား။ အေးပါလေ။ နီးလွန်းလို့ မမြင်တာ မဆန်းလှပါဘူး။ အဲဒီမဆန်းတဲ့ အကြောင်းကိုပဲ ခင်ဗျားနားထောင်ချင်လာအောင် စာဖတ်သူမငြီးငွေ့ရလေအောင် ကျနော်ကြိုးစားပါ့မယ်။ ဒီနေ့တော့ ဒီမှာတင်ရပ်ကြစို့ရဲ့။ မနက်ဖန် ခင်ဗျားအိမ်ကို ကျနော်လာခဲ့ပါ့မယ်"

နှစ်ယောက်သား အမ်မခန်ကမ်းခြေ စစ်သင်္ဘောကြီးများဆိုက်ကပ်ရာ ဆိပ်ခံတံတားကြီးပေါ်မှ ပြန်လာချိန်၌ မိုးကောင်းကင်တွင် အိပ်တန်းပြန်နေကြသော ငှက်မျိုးစုံကို မြင်နေရသည်။ ကိုသက်ခိုင်သည် ကျနော့်ရှေ့မှ ခြေလှမ်း ခပ်သွက်သွက်ဖြင့် ကားဆီသို့ လျှောက်သွားနေလေရာ ကျနော်က သူ့ကိုအမီလိုက်နေရသည်။ အပြန်ခရီးတွင်လည်း လုံခြုံရေးဂိတ်ဝက တာဝန်ကျ အရာရှိသည် ကိုသက်ခိုင်ကို အလေးပြု နှုတ်ဆက်နေပြန်လေ၏။ ဥပမိရုပ်အခံကြောင့် ပေလော။ သို့တည်းမဟုတ်....

❁ ❁ ❁ ❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## ၂၀။ အရှိုးဆုံးသည် အဆန်းဆုံးဖြစ်၏။

"ကိုသက်ခိုင် ဘယ့်နှယ်၊ စောစောစီးစီးကြီးပါလားဗျာ"

ကျနော်က ခြံတံခါးကိုတွန်းဖွင့်ရင်း မေးလိုက်မိသည်။ ကိုသက်ခိုင် ကျနော့် အိမ်ရှေ့ရောက်နေချိန်မှာ နံနက် ခြောက်နာရီခန့်သာ ရှိသေးသည်။ ခြံတံခါးမှ ဘဲလ်တီးသံကို ကြားသဖြင့် ကျနော်သူ့ကိုတံခါးလာဖွင့်ပေးခြင်း ဖြစ်သည်။

"အေးဗျာ၊ ကျနော်က တစ်နေ့ကို လေးငါးနာရီလောက်အိပ်လိုက်ရင် အိပ်ရေးဝတတ်တဲ့လူမျိုးဗျ။ အထူးသဖြင့် ကျနော်ဟာ ကိစ္စတစ်ခုခု မပြီးမပြတ် သေးတာကို မကျေမနပ်ဖြစ်နေတဲ့ လူမျိုး။ ခင်ဗျားအတွက် အနှောင့် အယှက်ဖြစ်သွားရင် ကျနော်တောင်းပန်ပါတယ်"

သူပြောကာမှ ဤနေ့ဤရက်သည် သူလာမည်ဟု ကြိုတင်ချိန်းဆိုထားသော နေ့ဖြစ်ကြောင်း ကျနော်သတိရသည်။

"ကျနော်လည်း စောစောနိုးတတ်တဲ့သူပါပဲဗျာ။ ဆိုင်အလုပ်သမား ကလေး တွေတော့ အိပ်ယာမထကြသေးဘူး။ အပြင်မှာ တစ်ခုခု သွားစားကြမလား"

"ကလေးတွေအိပ်ပါစေဗျာ၊ နေပါဦး ခင်ဗျားက မနက်စောစော ဘာစားလေ့ရှိသတုန်း"

"ကျနော်ညက စားတော်ပဲပြုတ်ထားတယ်ဗျ။ ဘာရယ်လို့တော့ သတ်သတ် မှတ်မှတ် မရှိပါဘူး။ ကြုံရင် ကြုံသလို ပါပဲ"

"အဆင်သင့်လိုက်လေဗျာ။ ကျနော်က အညာသားမို့လား မဆိုနိုင်ဘူး။ ကျနော့်အတွက် အကောင်းဆုံး မနက်စာဟာ ထမင်းနဲ့ပဲပြုတ်ဆီဆမ်း၊ အဲ... ရှိရင် ငါးရံ့ခြောက်ဖုတ်ကလေးနဲ့ပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"တိုက်ဆိုင်လိုက်လေဗျာ။ ခင်ဗျားမှာ နတ်မျက်စိများရှိလေရော့သလား။ ကျနော့်ဇနီးက ငါးရံ့ခြောက်တွေ ပို့ထားတာ တပည့်ကျော်ရဲသူ မီးဖုတ်ထားတာ ရှိလေရဲ့" ကျနော်နှင့်သူ နံနက်စာကို ပဲပြုတ်ထမင်းဆီဆမ်း ငါးရံ့ခြောက်ဖုတ်နှင့် စားသောက်နေကြချိန်တွင် စကားပြော ဖြစ်ကြသည်။

"ကဲ လုပ်ပါအုံးဗျ၊ခင်ဗျား ပြောချင်တယ်ဆိုတဲ့ ဓမ္မစကြာဆိုတာ"

"အေးဗျာ။ အဓိကအချက်ကတော့ ဆရာတော့်ကို သတိရမိလို့ပါ"

"အရင်းမရှိ အဖျားမရှိလုပ်ပြန်ပြီ။ဘယ်ဆရာတော်တုန်း"

"အော် တိပိဋကဓရ ဆရာတော် ဦးသုမင်္ဂလ လင်္ကာရပေါ့ဗျာ။ ဆရာတော်က ဘန်ကောက်လေဆိပ်မှာ ပျံလွန်တော်မူခဲ့တာဗျ။ တွေးမိရင် စိတ်ထဲမကောင်းဘူးဗျာ။ ဆရာတော့်အပေါ် ကျနော်ဆိုးခဲ့တာတွေ ရှိတယ်။ ကျနော် နိုင်ငံအပြင်ရောက်နေတဲ့အချိန် ဆရာတော်ကလည်း ရိုးတွင်းခြင်ဆီကင်ဆာရောဂါနဲ့ ဘန်ကောက်ဆေးရုံမှာ တက်နေခဲ့တာပေါ့။ ဆေးရုံတက်နေတုန်းတောင် ကျနော့်ကို တကူးတကလှမ်းခေါ်ပြီး ကျနော့်စားရေးနေရေး အခြေအနေကို ခေါ်မေးသေးတယ်ဗျာ။ ဆရာတော်ဟာ ကျနော်နဲ့ ဟိုးဘဝများစွာက တစ်စုံတစ်ခုများ ပတ်သက်နေခဲ့လေသလား"

"နေပါဦးဗျာ။ ဆရာတော်က ဘန်ကောက်လေဆိပ်ထဲမှာ ပျံလွန်တော်မူရအောင် ဘယ်လိုဖြစ်ရတာတုန်း"

"အင်း ဆရာတော်ဟာ ထိုင်းဘုရင့်ကုသိုလ်တော်နဲ့ အင်္ဂလန်ကသမားတော်တွေ စတင်ခွဲခန်းကျွမ်းကျင်သူတွေရဲ့ ဂရုတစိုက် ကုသမှုကို ရခဲ့ပါတယ်။ ဆရာတော်ရဲ့ ရိုးတွင်းခြင်ဆီတွေကိုထုတ်၊ အင်္ဂလန်ကိုပို့၊ လိုအပ်တဲ့ပြုပြင်မှုတွေလုပ်ပြီး ရိုးတွင်းခြင်ဆီတွေ ပြန်ထည့်တဲ့ ကုသမှုတွေအထိ လုပ်ခဲ့တယ်လို့ ကျနော်သိရပါတယ်။ အေးဗျာ။ နေ့ရေ ကံကုန်တယ်ထင်ပါရဲ့ အဲဒီအခြေအနေမှာ ဆရာတော်ဟာ ထိုင်းနိုင်ငံ သံဃာမဟာနာယက ဆရာတော်တစ်ပါးရဲ့ ဈာပန အခမ်းအနား မီးသင်္ဂြိုဟ်တဲ့နေရာကို ကြွရောက်ရာက ဝေဒနာပြန်သည်းပြီး ပျံလွန်တော်မူ ရတာပါပဲ။ ဆရာတော့်အခြေအနေ မဟန်တာကြောင့် မြန်မာပြည်ကို ပြန်ပင့်ဖို့စီစဉ်နေတုန်း ဘန်ကောက်လေဆိပ်မှာ ပျံလွန်တော်မူခဲ့တာပါပဲ"

"ဒါနဲ့ ခင်ဗျားက ဆရာတော့်ကို ဘာတွေများဆိုးခဲ့လို့တုန်း"

"အင်း တစ်ကြိမ်လည်း မဟုတ် နှစ်ကြိမ်လည်း မဟုတ်ဗျာ။ ကျနော် တော်တော်ဆိုးခဲ့တယ်။ သာသနာ့အာဇာနည် ဆရာတော်ကြီးတစ်ပါးကို ခင်မင်ရင်းနှီးတယ် ဆိုတဲ့ တစ်ချက်တည်းနဲ့ မရှိမသေလုပ်မိတာမျိုးပေါ့"

ကိုသက်ခိုင်၏မျက်နှာသည် တစ်စုံတစ်ခုကို နှောင်တရနေသည့်ပုံဖြစ်၏။

"ပြည့်ပြည့်စုံစုံ ပြောစမ်းပါဗျာ"

"အေးဗျာ။ ကျနော်တို့မိသားစုက ဆရာတော့် မိသားစုနဲ့ ခင်မင်ရင်းနှီးနေတဲ့



www.burmeseclassic.com

www.burmeseclassic.com

အပြင် ကျနော့်ဇနီးရဲ့မောင်တစ်ဝမ်းကွဲက ဆရာတော့် ညာလက်ရုံးဖြစ်နေတော့ ကျနော်တို့ အိမ်မှာ အလှူအတန်းလုပ်တိုင်း ဆရာတော် ကြွလေ့ရှိတယ်။ စကားကြုံလို့ပြောရအုံးမယ်။ ပိဋကတ်သုံးပုံကို သက်တော်(၂၇)နှစ်နဲ့ အောင်ခဲ့တဲ့ ဆရာတော်ဖြစ်ပေမဲ့ ဆွမ်းစားပင့်တဲ့ အခါ ဝန်ကြီးကော ရိုးရိုးလူပါ တန်းစီစံနစ်ပဲနော်။ ငါဝန်ကြီးပဲဆိုပြီး ကြားဖြတ်လို့ မရဘူး။ ဒါက ဆရာတော့်မူပဲ။ အော် တစ်ခုတော့ ရှိတာပေါ့ဗျာ။ ယောက်ဖ ဘုန်းတော်ကြီး က ဆရာတော့်ညာလက်ရုံးဆိုတော့ ဘယ်နေ့ဘယ်ရက် ဆွမ်းကပ်ဖို့ အဆင်သင့်တယ် ဆိုတာမျိုးတော့ သတင်းကြိုရတတ်တာပေါ့။ အေးဗျာ သီတင်းကျွတ်လပြည့်နေ့ ထင်ပါ ရဲ့။ ကျနော့်အိမ်က အာရုံဆွမ်းပင့်တာကို ဆရာတော်အပါအဝင် သံဃာငါးပါးကြွလာပြီး အာရုံဆွမ်းဘုန်းပေးပြီးချိန်မှာ တရားဟောပါလေရော။ ဖြစ်ချင်တော့ဗျာ။ ကျနော်ကလည်း ညက စားဝိုင်းသောက်ဝိုင်းမှာ သောက်လာတာများပြီး ဆရာတော်တရားဟောတော့မယ် ဟော့ ဆိုတဲ့အချိန်မှာ လေအံနေပြီ။

မထူးပါဘူးလေဆိုပြီး ကုတင်အောက်ပုလင်းထဲက လက်ကျန် ဖန်ခွက်လက်နှစ် လုံးစာလောက်ကို ကမန်းကတမ်းမော့ပြီး ဆရာတော့် ရှေ့ရောက်ရောဆိုပါတော့။ ဆရာတော်က ငါးပါးသီလလည်းပေးရော ကျနော်က သုရာမေရိယဆိုတဲ့ အပိုဒ်ကို လိုက် မဆိုပဲ၊ အသာလေးငြိမ်နေလိုက်တယ်။ အမှန်တော့ ဆရာတော့်ကို ကျနော်ကြည်ညိုလွန်း လို့ မလိမ်ချင်စိတ်ကြောင့်ပါ။ ဒါကို ဆရာတော်က သဘောပေါက်တယ်ဗျာ။ ကျနော့် ယောက်ဖဘုန်းကြီးကို ပြောသတဲ့။ မင်းယောက်ဖ ကိုသက်ခိုင်ကို ပြောလိုက်ပါ။ သီလပေး နေစဉ်တခဏမှာလည်း သုရာမေရိယ သိက္ခာပိုဒ်ကို လိုက်ဆိုရင် ကုသိုလ် ရနိုင်ပါတယ် တဲ့။ ကျနော့်ယောက်ဖ ဘုန်းတော်ကြီးက ကျနော့်ဇနီး သူ့အစ်မကို ပြန်ပြောတာပေါ့ဗျာ။ ဒါတင်မကသေးဘူးဗျ။ ကျနော်က ဆရာတော့်ကျောင်းကို စိတ်ကူးပေါက်ရင် ပေါက်သလို အလုပ်တွေများတဲ့ကြားက ရောက်ရောက်သွားတတ်တယ်။

လှူတဲ့တန်းတဲ့ကိစ္စလေးတွေလည်းရံဖန်ရံခါ ပါသပေါ့ဗျာ။ ကျနော်ဟာ ရိုးရိုးရဟန်းတော်ထက် ပညာတတ်ရဟန်းတော်တွေကို ပိုပြီးကြည်ညိုတတ်တဲ့အကျင့်ပါ နေပုံ ရတယ်ဗျ။ ကျနော့် မသိစိတ်မှာ ဒီဆရာတော်ဟာ ပိဋကတ်သုံးပုံကို သက်တော်(၂၇)နှစ်နဲ့ ရနိုင်လောက်အောင် ဘာတွေများထူးခြားသတုန်းဆိုပြီး သိချင်စိတ်ဖြစ်နေတယ်ထင်ပါရဲ့။ တစ်ခုသောနေ့မှာ ဆရာတော့်ကို ဖူးနေတုန်း ဘယ်ကဘယ်လို စကားစပ်မိတယ် မမှတ်မိတော့ဘူးဗျာ။ တောင်မြို့ဆရာတော် အရှင်ဇနကာဘိဝံသ အကြောင်းရောက်သွား ပါလေရော။ ကျနော်က အသက်လေးဆယ် ဝန်းကျင် မာန်မာနထောင်လွှားနေချိန်ပေါ့။ ကျနော်က မတောက်တခေါက်အသိလေးနဲ့... အရှင်ဘုရား အရှင်ဇနကာဘိဝံသရဲ့စာတွေဟာ ကောင်းတော့ကောင်းပါရဲ့။ ဒါပေမဲ့ လက်ဝဲလေသံနဲ့မို့ နည်းနည်းများမာရေကြောရေဖြစ်နေသလား ဘုရားလို့ လျှောက်မိပါ



www.burmeseclassic.com

www.burmeseclassic.com

လေရောဗျာ။ အမှန်က ကျနော်ဟာ ကိုယ့်ကိုယ်ကို လူသိလူတတ်ကြီး အထင်ခံရအောင် ကိုယ်မသိနားမလည်တဲ့ ကိစ္စရပ်ကို လျှောက်လိုက်မိတယ်ဆိုတာ နောင်အခါ ပြန်လည်ဆန်းစစ်နိုင်ပေမဲ့ အဲဒီတခဏမှာ ဆရာတော်ဟာ သူ့ဆရာရင်း ပုဂ္ဂိုလ်ကျော် ထိပါးလေခြင်းဆိုတဲ့ အတွေးနဲ့ထင်ပါရဲ့။ ဆရာတော်မျက်နှာဟာ အကြီးအကျယ် ပျက်သွား ပါတော့တယ်။ ဒါကိုတော့ ကျနော်ကောင်းကောင်းကြီး သတိပြုမိတယ်ဗျာ။ ဒါပေမဲ့ဗျာ။ ဆရာတော်ဟာ ကျနော်လို လူမိုက်အပေါ် ဒေါသထွက်ဟန် တစ်စက် ကလေးမှ မပြခဲ့ပါဘူး။ အင်း ဒကာသက်ခိုင်၊ ကျုပ်တို့ ဆရာတော် အရှင်ဇနကာဘိဝံသရဲ့ ရတနာ့ဂုဏ်ရည်ကို ဖတ်ပါအုံးတဲ့။ အဲဒီ ရတနာ့ဂုဏ်ရည်ကို ဖတ်ပါအုံး။ ဖတ်ပါအုံးဆိုတဲ့စကားကို သုံးကြိမ်ဆက်မိန့်တယ်ဗျာ။ နောက်ပိုင်း ဆရာတော်ညွှန်းတဲ့ ရတနာ့ဂုဏ်ရည်ကိုလည်း ဖတ်ပြီးရော အလောင်းအလျာ အရှင့်အမာ သံဃာတော် တွေရဲ့ကျေးဇူးကို သိရပြီး အကြီးအကျယ် နောင်တရမိတော့တာပါပဲ။ ခက်တာက ကျနော်ကလည်း ဒီအကြောင်းကို ဆရာတော်နဲ့ စကားမစဖြစ်တော့ဘူး။ အမှန်က ကျနော်လေးလေးနက်နက် ပြန်ပြီးတောင်းပန်ခဲ့သင့်တာ။ ပျံလွန်တော်မူတဲ့အထိ ကျနော် မလျှောက်ဖြစ်ခဲ့ဘူး။ တွေးမိတိုင်းနောင်တရတယ်ဗျာ"

"ခင်ဗျားပြောတဲ့ အကြိမ်ကြိမ်ဆိုတာ ဒီနှစ်ကြိမ်ကိုဆိုလိုတာလားဗျ။ ဆရာတော်ကြီးက ခင်ဗျားကို ခွင့်လွှတ်မယ် ထင်ပါရဲ့"

"မဟုတ်သေးဘူးဗျာ။ နောက်ထပ်တစ်ကြိမ် ရှိသေးတယ်ဗျာ။ ကျနော့် ရုံးခန်းသစ် ဖွင့်ပွဲတစ်ခုမှာ ကျနော်ဟာ ဆရာတော်ကြီးကို ပင့်ပြန်တော့ ဆရာတော် ကြွလာပြန်ပါရောဗျ။ ကျနော်ဆိုတဲ့ငမိုက်သားက ဘယ်လောက်များ မိုက်သလဲဆိုရင် ဆရာတော်ကြွ မလာခင်တစ်နေ့မှာ ကိုယ်တိုင်စာရေးပြီး ...

"အရှင်ဘုရား။ တပည့်တော်ဟာ လောကီစည်းစိမ်အမျိုးမျိုးကို ခံစားခဲ့ဖူးသူဖြစ်တာကြောင့် ဆရာတော် တရားချီးမြှင့်တဲ့အခါ လောကီကြီးပွား ချမ်းသာကြောင်း မဟောပဲ လောကုတ္တရာချမ်းသာကြောင်းကိုသာ ဟောကြားတော်မူပါ ဘုရား "ဆိုပြီး ဆက်ကပ်ခဲ့ဖူးတယ်ဗျာ။ ဒါနဲ့ရုံးခန်းကို ဆရာတော်ကြီးကြွလာပြီး တရားချီးမြှင့်တော့ ကျနော်ဆက်ကပ်ထားတဲ့ စာကိုဖတ်ပြပြီး တရားရဲ့အနှစ်ချုပ်ဆိုတာ ဓမ္မစကြာပါပဲဆိုပြီး ဓမ္မစကြာသုတ်ကို ရွတ်ဆိုချီးမြှင့်ပါလေရောဗျာ။ ဒီနေရာမှာလည်း ကျနော်ဟာ ငါတော့ မတော်တလျော်လုပ်မိပြန်ပြီလို့ သိလိုက်တယ်ဗျ။ ဒါပေမဲ့ တရားအနှစ်ချုပ်ဟာ ဓမ္မစကြာမှာ ရှိတယ်ဆိုတာ ကျနော်နားမလည်ခဲ့တာတော့ အမှန်ပါပဲ။ အခု ကျနော့် စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်ခန်းတွေလုပ်၊ စာတွေလေ့ ကျမ်းဂန်တွေကို လေ့လာတော့မှ လားလား။ ဆရာတော် မိန့်ခဲ့တာ အမှန်ပါကလားဆိုတာ သိလာရတော့တယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"ဪ် လက်စသတ်တော့ ခင်ဗျားက ဓမ္မစကြာကို စာအုပ်ထဲမှာထည့်စေချင်လို့ ဒါန်းပျိုးနေတာကိုး"

"ဒါဆို ခင်ဗျားလည်း ကျနော့်လို ငမိုက်သားစာရင်း ဝင်ပါရောလား"

"ဟာ ဘယ်နှယ့် ကျနော့်ကိုပါ တရားခံစာရင်းထဲထည့်နေရပြန်တာတုန်းဗျ"

"ထည့်ရမယ်ဗျ။ ခင်ဗျားလည်း ဓမ္မစကြာဟာ ဘယ်လောက်အရေးကြီးတယ် လေးနက်တယ်ဆိုတာ မသိသေးတဲ့လူမို့ ထည့်ကိုထည့်ရမယ်"

"ဖြေးဖြေးပြောပါဗျာ။ သေချာရှင်းတာကိုနားထောင်ပါရစေ"

"တကယ်တော့ ဂေါတမဗုဒ္ဓဟောကြားတဲ့ ဓမ္မစကြာဆိုတာ စကြာဝဠာဆိုင်ရာ သူ့ရဲ့အမြင်ပါပဲ"

"အမလေးကြီးကျယ်လှချည့်လားဗျာ"

"သေချာပေါက်ကြီးကျယ်တာပေါ့ဗျာ။ သူ့ခေတ်သူ့ကာလမှာ ဒီတရားဟာ တော်လှန်သောတရား၊ တလောက လုံးကို အလင်းဓာတ်ပေးခဲ့တဲ့တရားပါပဲ"

"ဟုတ်ရဲ့လားဗျာ။ကျနော်ကသာမာန်နာနေကျတရားပဲထင်နေတာ"

"မဟုတ်ဘူးဗျ။တကယ်တော့ အဲဒီခေတ်ကာလမှာ ရုပ်တရားနာမ်တရားတွေနဲ့ ပတ်သက်ပြီး ပညာရှိပါလို့ နာမည်ခံနေကြသူ နာမည်ကြီးနေကြသူတွေ အများစု ဟာပြောနေကြတာကို တစ်လောကလုံးက လက်ခံနေကြတဲ့အချိန်။ ခင်ဗျားရိပ်စားမိ အောင်ပြောရရင် ရုပ်ရဲ့သဘောဟာ ဘယ်လို နာမ်ရဲ့သဘောဟာ ဘယ်လို၊ လွတ်မြောက် ခြင်း ဆိုင်ရာနည်းလမ်းဟာ ဘယ်လို ဆိုပြီး တရားအမှားတွေကို ဖြန့်ဖြူးနေကြတဲ့အချိန်။

အဲသလို အချိန်မျိုးမှာ ဂေါတမဗုဒ္ဓဟာ ရုပ်နာမ်တွေရဲ့အလုပ်လုပ်ပုံ၊ လောကကြီး က၊ သံသရာကြီးထဲက လွတ်မြောက်နိုင်တဲ့နည်းကို၊ တနည်းအားဖြင့် သူ့ရဲ့ စကြာဝဠာ ဆိုင်ရာအမြင်ကို ထိုးထွင်းသိမြင်တဲ့ဉာဏ်နဲ့ သူ့နောက်လိုက် ပဥ္စဝဂ္ဂီငါးဦးကို စပြီး ဟောပြခဲ့တာကလား"

ကိုသက်ခိုင်သည် သူ့စကားစဉ်တွင်သူကိုယ်တိုင် မျောပါနေဟန်ရှိရာမှ ကွမ်းတစ်ယာကို ကောက်ကာ ဝါးနေလေရာ ကျနော်လည်းအနီးရှိစာအုပ်စင်မှ သာသနာရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် ဗုဒ္ဓဘာသာတရားတော်(အဆင့်မြင့်) အမည်ရှိစာအုပ်တွင် ရေးသား ဖော်ပြထားသော "ဓမ္မစက္ကပဝတ္တနသုတ်"ခေါ် ဓမ္မစကြာတရားတော်ကို အောက်ပါအတိုင်း ဖတ်ရှုရပါသည်။ ဤနေရာ၌ စာလေးမည်ကို စိုးရိမ်သောကြောင့် အကျဉ်းမျှသာ ဖော်ပြနိုင်သည်ဖြစ်၍ အပြည့်အစုံကို ရည်ညွှန်းပါစာအုပ်တွင် ဖတ်ရှုကြပါရန် လေးအနက် မေတ္တာရပ်ခံလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတို့... ရသေ့ရဟန်းဟူသမျှသည် ကာမဂုဏ်စည်းစိမ်ကိုခံစားသောအကျင့် (ကာမသုခလ္လိကာနုယောဂ) နှင့် ခန္ဓာကိုယ် ပင်ပန်းဆင်းရဲအောင် ပြုကျင့်ရသောအကျင့် (အတ္တကိလမထာနုယောဂ)ဟူသော အစွန်းရောက်တရားနှစ်ပါးကို ရှောင်ကြဉ်ရမည်၊ မပြုလုပ် မမှီဝဲရပေ၊ ထိုအစွန်းရောက်တရားနှစ်ပါးတို့တွင်-

ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ ကာမဂုဏ်ချမ်းသာကို ကပ်ငြိတွယ်တာသောအားဖြင့် အဖန်ဖန်အထပ်ထပ် လိုက်စားအားထုတ်ခြင်းဟု ဆိုအပ်သော ကာမဂုဏ်စည်းစိမ် ခံစားသောအကျင့်(ကာမသုခလ္လိကာနုယောဂ)သည် ယုတ်ညံ့အောက်တန်းကျလှ၏၊ မြို့ရွာနေသူ လူဝတ်ကြောင်တို့၏ အကျင့် အလေ့အထဖြစ်၏၊ ပုထုဇဉ်လူသားတို့၏ အကျင့်စရိုက်သာဖြစ်၏၊ မြင့်မြတ်ဖြူစင်သော အရိယာတို့၏ အကျင့်မဟုတ်၊ ထိုအကျင့်သည် သတ္တဝါများ အကျိုးစီးပွားများအောင် မဆောင်ရွက်နိုင်သည့်အပြင် အကျိုးမဲ့ကိုသာ ပေးဆောင်တတ်၏။

ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်နေမှသာ ကိလေသာ ခန်းခြောက်နေမည်ဟူသော ရည်ရွယ်ချက်ဖြင့် အစာမစားဘဲ ကျင့်ကြံမှု၊ နေပူအောက်တွင် မီးဖိုကြီးလေးဖိုအလယ် ဝင်ထိုင်၍ ပဥ္စာတပဟူသော အပူငါးမျိုးတိုက်၍ ကျင့်ကြံမှု၊ အိပ်ယာနေရာအောက်တွင် သံဆူးများထား၍ အနာခံအိပ်ကာ ကိလေသာမဖြစ်ပေါ်လာအောင် ကျင့်ကြံမှု၊ ရေထဲစိမ်ကာ ကိလေသာတွေကို ရေမျှောကျင့်ကြံမှု စသော ခန္ဓာကိုယ် အပင်ပန်းအဆင်းရဲခံ၍ ကျင့်ကြံမှု(အတ္တကိလမထာနုယောဂ)သည်လည်း ဆင်းရဲဒုက္ခကြီးမား များပြားလှ၏၊ အရိယာသူတော်စင်တို့၏ အကျင့်မဟုတ်ပေ၊ မများသည့်အပြင် အကျိုးမဲ့ကိုသာ ဖြစ်ပေါ်စေတတ်၏။

ရဟန်းတို့... ထိုအစွန်းရောက် တရားကျင့်စဉ် လမ်းမှားနှစ်ပါးတို့ကို ရှောင်ရှား၍ ငါဘုရားသည် ကာမချမ်းသာခံစားသောလမ်းနှင့် ခန္ဓာကိုယ် ဒုက္ခခံ၍ ကျင့်ရသောလမ်း နှစ်သွယ်၏ အလယ်ဖြစ်သော မဇ္ဈိမပဋိပဒါခေါ် ကျင့်စဉ်လမ်းမှန် တရားမြတ်ကို ထိုးထွင်းသိမြင်တော်မူခဲ့ပြီ၊ ထိုအလယ်လမ်း မဇ္ဈိမပဋိပဒါ အကျင့်မြတ်သည်ကား အမြင်မှန်အောင် ပြုလုပ်နိုင်၏၊ ဉာဏ်အလင်းရအောင် ပြုနိုင်၏၊ လောဘ ဒေါသ မောဟ မာန်မာနစသော ကိလေသာ အပူများကို အေးငြိမ်းစေနိုင်၏။ သစ္စာလေးပါးကို ထိုးထွင်းသိမြင်မျက်မှောက်ပြုနိုင်၏။ သစ္စာလေးပါးကို ပိုင်းခြားဆုံးဖြတ် သိမြင်နိုင်၏၊ သံသရာမှ လွတ်မြောက်ရာအမှန် သန္တိသုခ မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြု၍ ရရှိခံစားနိုင်၏။

ရဟန်းတို့... ငါဘုရားကိုယ်တော်တိုင် သိတော်မူအပ်ပြီးသော မဇ္ဈိမပဋိပဒါ ထိုအကျင့်မြတ်မှာ အရိယာမဂ်တရား ၈ ပါး ရှစ်ပါးတို့ပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com

ထိုအရိယာ မဂ်တရား ရှစ်ပါးတို့ဟူသည်မှာ အဘယ်တို့နည်း –

၁။ အယူအမြင် မှန်ကန်ခြင်း (သမ္မာဒိဋ္ဌိ)

၂။ အပြစ်မရှိသော အကြံကောင်းများကို ကြံစည်ခြင်း (သမ္မာသင်္ကပ္ပ)

၃။ မမှန်သောစကားကို ရှောင်၍ မှန်သောစကားကိုသာ ပြောဆိုခြင်း (သမ္မာဝါစာ)

၄။ မမှန်ကန် အပြစ်ရှိသော အလုပ်ကို ရှောင်၍ မှန်ကန်၍ အပြစ်ကင်းသော အလုပ်ကိုသာ ပြုလုပ်ခြင်း (သမ္မာကမ္မန္တ)

၅။တရားသဖြင့် ရှာဖွေရရှိသော ပစ္စည်းဖြင့်သာ ကောင်းမွန်မှန်ကန်စွာ အသက်မွေးခြင်း (သမ္မာအာဇီဝ)

၆။မှန်ကန်စွာ ကြိုးစားအားထုတ်ခြင်း (သမ္မာဝါယမ)

၇။ မှန်ကန်သော အောက်မေ့မှု သတိ အမြဲရှိနေခြင်း (သမ္မာသတိ)

၈။ မှန်ကန်စွာ တည်ကြည်သော သမာဓိ ရှိနေခြင်း (သမ္မာသမာဓိ)

ဤတရားရှစ်ပါးတို့ပင်တည်း။

ရဟန်းတို့. . . ငါဘုရားသည် အထူးသဖြင့် သိမြင်တော်မူအပ် ရရှိတော်မူအပ်ပြီးသော ဤ မဇ္ဈိမပဋိပဒါ အကျင့်မြတ်သည်ကား သစ္စာလေးပါးကို ထိုးထွင်းသိမြင်ရန် နိဗ္ဗာန်ကို ရရှိနိုင်ရန် အမှန်ဖြစ်ပေ၏။

### ဒုက္ခအရိယသစ္စာ

ရဟန်းတို့. . . ယခုဟောပြမည့်တရားမှာ ဆင်းရဲအမှန်တရား ဒုက္ခအရိယသစ္စာပေတည်း၊ ပဋိသန္ဓေ နေရခြင်း ၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းသည် ဆင်းရဲ၏။ မချစ်သောသူတို့နှင့် အတူနေရခြင်း၊ ချစ်ခင်သူတို့နှင့် ကွေကွင်းခွဲခွာရခြင်းသည် ဆင်းရဲ၏၊ မိမိလိုချင်သည်ကို မရခြင်းသည်လည်း ဆင်းရဲ၏၊ အချုပ်အားဖြင့်ဆိုရလျှင် သတ္တဝါတို့၏ တွယ်တာမက်မော စွဲလန်းဖွယ်ရာဖြစ်သော ဤခန္ဓာငါးပါး ရုပ်နာမ်တရား အားလုံးသည် ဒုက္ခတုံးကြီး ဖြစ်ပေ၏၊ ဆင်းရဲကုန်၏။

### သမုဒယအရိယသစ္စာ

ရဟန်းတို့. . . ယခုဟောပြမည့်တရားမှာဆင်းရဲဒုက္ခ၏ အကြောင်းရင်းအမှန်တရား သမုဒယအရိယ သစ္စာပေတည်း၊ တဏှာကိလေသာတရားသည် ဘဝသစ်ကို ပြုလုပ်ပေး၏၊ နှစ်သက်မှု တပ်မက်မှု သဘောရှိ၏၊ ထိုထိုရောက်ရာဘဝမှာ တွေ့ကြုံရာ အာရုံမှန်သမျှတို့၌ စုံမက်နှစ်သက်တတ်၏၊ ဤ တဏှာဟူသည် အဘယ်နည်း–



www.burmeseclassic.com

www.burmeseclassic.com

– လောကီအာရုံ ကာမဂုဏ်တို့၌တပ်မက်မှု – ကာမတဏှာ၊
– ကာမဂုဏ်အာရုံများကို မြဲ၏ဟု ယူဆလျက် ဘဝကိုတွယ်တာတပ်မက်မှု – ဘဝတဏှာ၊
– ကာမဂုဏ်အာရုံများသည် မမြဲ၊ သေလျှင် ပြတ်စဲ၏ ဟု ယူဆလျက် ဘဝပြတ်ခြင်း၌ တွယ်တာတပ်မက်မှု – ဝိဘဝတဏှာ

ဤသုံးပါးတို့တည်း။

**နိရောဓအရိယသစ္စာ**

ရဟန်းတို့... ယခုဟောပြမည့်တရားမှာ ဆင်းရဲဒုက္ခချုပ်ရာ အမှန်တရား၊ ဒုက္ခနိရောဓအရိယသစ္စာ ပေတည်း၊ သမုဒယသစ္စာ တဏှာသုံးမျိုးတို့၏ ပျက်ပြယ်ရာ၊ ကင်းချုပ်ရာ၊ စွန့်လွှတ်ရာ၊ စွန့်ပယ်ရာ၊ လွတ်မြောက်ရာ၊ တွယ်တာမှုကင်းရာ နိဗ္ဗာန်သည် ဒုက္ခနိရောဓအရိယသစ္စာမည်၏။

**ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာ (မဂ္ဂသစ္စာ)**

ရဟန်းတို့... ယခုဟောပြမည့်တရားသည်ကား ဒုက္ခချုပ်ရာ နိဗ္ဗာန် ရောက်ကြောင်း အကျင့်ဖြစ်သော အမှန်တရား မဂ္ဂအရိယသစ္စာပေတည်း။ ဤအရိယာမဂ်ဟူသည် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိအားဖြင့် ရှစ်ပါးတို့ပင်တည်း။

**ဒုက္ခသစ္စာ၌ ဉာဏ်သုံးပါး**

ရဟန်းတို့... ဤတရားသည် ဒုက္ခအရိယသစ္စာမည်၏ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော ဒုက္ခသစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှား ဖြစ်ပေါ်လာ၏၊ အသိဉာဏ် ဖြစ်ပေါ်လာ၏၊ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သောပညာ ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုးထွင်း သိသော ဝိဇ္ဇာဉာဏ်ထင်ရှားဖြစ်ပေါ်လာ၏။ အလင်း ရောင် ထင်ရှားဖြစ်ပေါ်လာ၏(သစ္စာဉာဏ်)။

ရဟန်းတို့... ငါဘုရားသည် ထိုဒုက္ခအရိယသစ္စာကို ပိုင်းခြားဝေဖန်၍ သိသင့်၏၊ သိထိုက်၏ ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော ဒုက္ခသစ္စာ တရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏၊ အသိဉာဏ် ဖြစ်ပေါ်လာ၏၊ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သောပညာ ထင်ရှား ဖြစ်ပေါ်လာ၏၊ ထိုးထွင်းသိသော ဝိဇ္ဇာဉာဏ်ထင်ရှားဖြစ်ပေါ်လာ၏။ အလင်းရောင် ထင်ရှားဖြစ်ပေါ် လာ၏(ကိစ္စဉာဏ်)။

ရဟန်းတို့... ငါဘုရားသည် ထိုဒုက္ခအရိယသစ္စာကို ပိုင်းခြားဝေဖန်၍ သိခဲ့ပြီ၊ ပြ



www.burmeseclassic.com

www.burmeseclassic.com

ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော ဒုက္ခသစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှား ဖြစ်ပေါ် လာ၏၊ အသိဉာဏ်ဖြစ်ပေါ်လာ၏၊ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သောပညာ ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုးထွင်းသိသော ဝိဇ္ဇာဉာဏ်ထင်ရှား ဖြစ်ပေါ်လာ၏။ အလင်းရောင် ထင်ရှားဖြစ်ပေါ်လာ၏ (ကတဉာဏ်)။

**သမုဒယသစ္စာ၌ ဉာဏ်သုံးပါး**

ရဟန်းတို့... ဤတရားသည် ဆင်းရဲဒုက္ခ၏ အကြောင်းရင်း အမှန်တရား သမုဒယ သစ္စာမည်၏ ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော သမုဒယသစ္စာ တရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏၊ အသိဉာဏ် ဖြစ်ပေါ် လာ၏၊ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သောပညာ ထင်ရှား ဖြစ်ပေါ်လာ၏၊ ထိုးထွင်းသိသော ဝိဇ္ဇာဉာဏ်ထင်ရှားဖြစ်ပေါ်လာ၏၊ အလင်းရောင် ထင်ရှားဖြစ်ပေါ် လာ၏(သစ္စဉာဏ်)။

ရဟန်းတို့... ထိုသမုဒယ အရိယသစ္စာကို ပယ်သင့်၏၊ ပယ်အပ်၏ ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော သမုဒယသစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏၊ အသိဉာဏ်ဖြစ်ပေါ်လာ၏။ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သောပညာ ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုးထွင်း သိသော ဝိဇ္ဇာဉာဏ်ထင်ရှား ဖြစ်ပေါ်လာ၏၊ အလင်းရောင် ထင်ရှားဖြစ်ပေါ်လာ၏(ကိစ္စဉာဏ်)။

ရဟန်းတို့... ငါဘုရားသည် ထို သမုဒယ အရိယသစ္စာကို ပယ်ပြီးပြီဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော သမုဒယသစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏၊ အသိဉာဏ် ဖြစ်ပေါ်လာ၏၊ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သောပညာ ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုးထွင်းသိသော ဝိဇ္ဇာဉာဏ်ထင်ရှား ဖြစ်ပေါ်လာ၏၊ အလင်းရောင် ထင်ရှားဖြစ်ပေါ်လာ၏(ကတဉာဏ်)။

**နိရောဓသစ္စာ၌ ဉာဏ်သုံးပါး**

ရဟန်းတို့... ဤနိဗ္ဗာန်သည် ဆင်းရဲချုပ်ရာ နိရောဓအရိယသစ္စာမည်၏ ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော နိရောဓသစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏၊ အသိဉာဏ်ဖြစ်ပေါ်လာ၏၊ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သောပညာ ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုးထွင်း သိသော ဝိဇ္ဇာဉာဏ် ထင်ရှား ဖြစ်ပေါ်လာ၏။ အလင်းရောင် ထင်ရှားဖြစ်ပေါ်လာ၏(သစ္စဉာဏ်)။

ရဟန်းတို့... ငါဘုရားသည် ထိုနိရောဓသစ္စာကို မျက်မှောက်ပြုအပ်၏ ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော နိရောဓသစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏၊ အသိဉာဏ်ဖြစ်ပေါ်လာ၏၊ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သောပညာ ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုးထွင်းသိသော ဝိဇ္ဇာဉာဏ်ထင်ရှား



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေါ်လာ၏။ အလင်းရောင် ထင်ရှားဖြစ်ပေါ်လာ၏(ကိစ္စဉာဏ်)။

ရဟန်းတို့... ငါဘုရားသည် ဤနိရောဓသစ္စာကို မျက်မှောက်ပြုပြီးပြီ ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော နိရောဓသစ္စာတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏၊ အသိဉာဏ်ဖြစ်ပေါ်လာ၏၊ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သောပညာ ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုးထွင်းသိသော ဝိဇ္ဇာဉာဏ် ထင်ရှားဖြစ်ပေါ်လာ၏။ အလင်းရောင် ထင်ရှားဖြစ်ပေါ်လာ၏(ကတဉာဏ်)။

**မဂ္ဂသစ္စာ၌ ဉာဏ်သုံးပါး**

ရဟန်းတို့. . . ဤတရားသည် ဆင်းရဲချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဖြစ်သော အမှန်တရား မဂ္ဂအရိယသစ္စာ မည်၏ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော မဂ္ဂတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏၊ အသိဉာဏ်ဖြစ်ပေါ်လာ၏၊ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သောပညာ ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုးထွင်းသိသော ဝိဇ္ဇာဉာဏ်ထင်ရှားဖြစ်ပေါ်လာ၏။ အလင်းရောင် ထင်ရှားဖြစ်ပေါ်လာ၏(သစ္စဉာဏ်)။

ရဟန်းတို့. . . ငါဘုရားသည် ထိုမဂ္ဂသစ္စာကို ပွားများအပ်၏ဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူး ကုန်သော မဂ္ဂသစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏၊ အသိဉာဏ် ဖြစ်ပေါ်လာ၏၊ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သောပညာ ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုးထွင်းသိသော ဝိဇ္ဇာဉာဏ်ထင်ရှား ဖြစ်ပေါ်လာ၏။ အလင်းရောင် ထင်ရှားဖြစ်ပေါ်လာ၏(ကိစ္စဉာဏ်)။

ရဟန်းတို့. . . ငါဘုရားသည် မဂ္ဂသစ္စာကို ပွားများပြီးပြီဟု ဘုရားမဖြစ်မီ ရှေးက မကြားဖူးကုန်သော မဂ္ဂသစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာ၏၊ အသိဉာဏ် ဖြစ်ပေါ်လာ၏၊ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သောပညာ ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုးထွင်း သိသော ဝိဇ္ဇာဉာဏ် ထင်ရှားဖြစ်ပေါ် လာ၏။ အလင်းရောင် ထင်ရှားဖြစ်ပေါ်လာ၏(ကတဉာဏ်)။

. . . . . . . . . . . . . . . . . . . . . .

## အနတ္တလက္ခဏသုတ်

လောဘစသော ကိလေသာတို့သည် အာရုံ(၆)ပါးတို့ကို စွဲလမ်းတတ်ကြ၏။ ပုထုဇဉ်ပုဂ္ဂိုလ်တို့၌ ကိလေသာ တရားတို့ ထုပြောများပြားလျက်ရှိကြသည်။ အစွဲတို့ ပြင်းထန်ကြသည်၊ မိမိကိုယ်ခန္ဓာကို အသက်၊ လိပ်ပြာ၊ ဝိညာဉ်ကောင်ဟု စွဲလမ်းသော အတ္တစွဲသည် အခွာရ အခက်ခဲဆုံး အပြင်းထန်ဆုံးသော အစွဲဖြစ်သည်။ သံသရာဝါတို့ကို ဒုက္ခအပေးဆုံးလည်း ဖြစ်သည်။ ဘုရားမပွင့်မီက ဘုရားဟု အမည်ခံနေသူများလည်း



www.burmeseclassic.com

www.burmeseclassic.com

အတ္တဝါဒ ရှိသူချည်းသာ ဖြစ်ကြ၏။ အတ္တစွဲကို ခွာပစ်နိုင်ဖို့မှာ သစ္စာလေးပါးတရားကို ကိုယ်တိုင် သိရှိမှသာ ဖြစ်နိုင်သည်။

သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် သစ္စာလေးပါး တရားကို ကိုယ်တော်တိုင်လည်း ထိုးထွင်း၍ သိတော်မူခဲ့ပြီး သူတစ်ပါးကိုလည်း သိအောင် ဟောပြောနိုင်လေသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် (၂)လအကြာ ဝါဆိုလပြည့်နေ့တွင် သစ္စာလေးပါးတရားကို ဟောကြားဖော်ပြရာ ဖြစ်သော ဓမ္မစကြာသုတ်တော်ကို ထုတ်ဖော်ဟောကြားတော်မူခဲ့ရာ အရှင်ကောဏ္ဍညမထေရ်နှင့် ဗြဟ္မာ(၁၈)ကုဋေ၊ နတ်ပေါင်းများစွာတို့ သောတာပန်ဖြစ်ခဲ့ကြသည်။ ဝိစိကိစ္ဆာနှင့် သက္ကာယ ဒိဋ္ဌိ အတ္တစွဲတို့ ပြုတ် သွားခဲ့ကြသည်။

ဝါဆိုလပြည့်နေ့ မဇ္ဈိမယာမ်တွင် သာတာဂိရနှင့် ဟေမဝတနတ်မင်းတို့သည် အခြံအရံနတ်ဘီလူး တစ်ထောင်နှင့်အတူ ရောက်လာကြကာ ပုစ္ဆာ(၁၀)ချက်ကို မေးလျှောက်ကြသည်။ မြတ်စွာဘုရား ဖြေကြားတော်မူပြီးသောအခါ သောတာပန်ဘဝသို့ ရောက်ကြပြန်သည်။

မြတ်စွာဘုရားသည် ကျန် ပဉ္စဝဂ္ဂီတို့အား ကမ္မဋ္ဌာန်းတရားအားထုတ်စေပြီး ကိုယ်တော်တိုင် တရားပြတော်မူရာ ဝါဆိုလပြည့်ကျော်(၁)ရက်နေ့တွင် အရှင်ဝပ္ပ၊ (၂)ရက်နေ့တွင် အရှင်ဘဒ္ဒိယ၊ (၃)ရက်နေ့တွင် အရှင်မဟာနာမ်၊ (၄)ရက်နေ့တွင် အရှင်အဿဇိ မထေရ်တို့ သောတာပန်အသီးသီး ဖြစ်ကြပြန်သည်။

သာသနာပကာလတွင် ဉာဏ်အားကြီးသော သူတို့သည် သာမန်အားဖြင့် အနိစ္စလက္ခဏာ ဒုက္ခ လက္ခဏာကို သိမြင်နိုင်ကြသော်လည်း အနတ္တလက္ခဏာကိုကား ထိုးထွင်း၍ မသိနိုင်ကြပေ။ အနတ္တတရားသည် လွန်စွာသိမြင်ရန် ခက်ခဲနက်နဲ နူးညံ့လှသော တရားဖြစ်သည်။ ဘုရားဖြစ်ရာ ကာလနှင့် ဘုရားသာသနာတော် အတွင်း၌သာ မြင်နိုင်ထင်နိုင်သော တရားဖြစ်သည်။ အနတ္တအမြင် ကြည်လင်စွာထင်မှ အတ္တပြုတ်မည်။ အတ္တကင်းကွာမှ ဘင်္ဂဉာဏ်၊ ဘယဉာဏ် ၊ အာဒီနဝဉာဏ် အဆင့်ဆင့် ရင့်သန်၍ အရဟတ္တမဂ်ဉာဏ်ကို ရနိုင်သည်။ နိဗ္ဗာန်ကို မြင်နိုင်သည်။

အနတ္တလက္ခဏာသုတ်တော်ကို မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ - ခုနှစ် ၊ ဝါဆိုလပြည့်ကျော်-၅ ရက် ကြာသပတေးနေ့တွင် ဗာရာဏသီပြည်အနီး မိဂဒါဝုန်တော၌ သီတင်းသုံးတော်မူစဉ် သောတာပန် အရိယာ သာဝကများဖြစ်ကြသော ပဉ္စဝဂ္ဂီငါးဦးတို့အားဟောကြားတော်မူခဲ့သည်။

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် အတ္တမဟုတ်၊ အတ္တမဟုတ်ခြင်းကြောင့် ကိုယ့်အလိုသို့မပါ၊ လိုရာ မဖြစ်၊ အနိစ္စအစစ်အမှန် ဒုက္ခအစစ်အမှန်တို့သာ ဖြစ်ကြ၏။ အနိစ္စအစစ် ဒုက္ခအစစ် ဖြစ်သောကြောင့်လည်း အနှစ်သာရရှာမရနိုင်။ လုံး၊ အစိုးမရ



www.burmeseclassic.com

www.burmeseclassic.com

သည့် သဘောတရားအစုတို့သာတည်းဟု အနတ္တလက္ခဏသုတ္တန်ဖြင့် ခန္ဓာငါးပါးကို လက္ခဏာရေး ၃ – ပါး တင်၍ ဟောညွှန်ပြသတော်မူခဲ့သည်။

ဤသုတ်တော် ပြီးဆုံးသောအခါ ပဉ္စဝဂ္ဂီငါးဦးလုံးပင် တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော ပပဉ္စတရား များကို အကြွင်းမဲ့ ပယ်သတ်၍ ရဟန္တာမြတ်ကြီးများအဖြစ်သို့ ရောက်တော်မူခဲ့ကြသည်။ ဤသုတ်တော်ကြောင့် ဤလောကဝယ် ဘုရားရှင် အပါအဝင် ရဟန္တာခြောက်ပါး ပေါ်ထွက်ခဲ့သည်။ "ရဟန္တာ အစ အနတ္တလက္ခဏ သုတ်တော်က"ဟု မှတ်တမ်းတင် ကမ္ပည်းထိုးရသည့် သုတ်တော်မြတ်ပင် ဖြစ်ပေသည်။

### အနတ္တလက္ခဏာ တရားတော်

ရဟန်းတို့ ... ရုပ်သည် အတ္တမဟုတ်၊ ရုပ်မှာ အတ္တမရှိ ၊ ရုပ်သည် အတ္တဖြစ်ခဲ့လျှင် ဤရုပ်သည် နာကျင်ခြင်းငှာ မဖြစ်ရာ၊ "ငါ၏ ရုပ်သည် ဤသို့အကောင်းချည်းဖြစ်စေ၊ ဤသို့အဆိုး မဖြစ်စေနှင့်"ဟု မိမိအလိုကျအောင် ရုပ်တို့ကို စီမံခန့်ခွဲနိုင်ရာ၏။

ရဟန်းတို့ ... ရုပ်သည် အတ္တမဟုတ်သောကြောင့်သာ နာကျင်ခြင်းလည်း ဖြစ်ရ၏။ "ငါ၏ ရုပ်သည် ဤသို့အကောင်းချည်းဖြစ်စေ၊ ဤသို့ အဆိုးမဖြစ်စေ နှင့်"ဟု ရုပ်တို့၌ တောင့်တ၍လည်း မရနိုင်ပေ။

ရဟန်းတို့... ဝေဒနာသည် အတ္တမဟုတ်၊ ဝေဒနာမှာ အတ္တမရှိ၊ ဝေဒနာသည် အတ္တဖြစ်ခဲ့လျှင်ဤ ဝေဒနာသည် နာကျင်ခြင်းငှာ မဖြစ်ရာ "ငါ၏ ဝေဒနာသည် ဤသို့အကောင်းချည်းဖြစ်စေ၊ ဤသို့ အဆိုးမဖြစ်စေနှင့်"ဟု မိမိအလိုကျအောင် ဝေဒနာကို စီမံခန့်ခွဲနိုင်ရာ၏၊

ရဟန်းတို့... ဝေဒနာသည် အတ္တမဟုတ်သောကြောင့်သာ နာကျင်ခြင်းလည်း ဖြစ်ရ၏ ၊ "ငါ၏ ဝေဒနာသည် ဤသို့အကောင်း ချည်းဖြစ်စေ၊ ဤသို့ အဆိုးမဖြစ်စေနှင့်"ဟု ဝေဒနာ၌ တောင့်တ၍လည်း မရနိုင်ပေ။

ရဟန်းတို့... သညာသည် အတ္တမဟုတ်၊ သညာမှာ အတ္တမရှိ၊ သညာသည် အတ္တဖြစ်ခဲ့လျှင်ဤ သညာသည် နာကျင်ခြင်းငှာ မဖြစ်ရာ "ငါ၏ သညာသည် ဤသို့အကောင်းချည်းဖြစ်စေ၊ ဤသို့ အဆိုးမဖြစ်စေနှင့်"ဟု မိမိအလိုကျအောင် ဝေဒနာကို စီမံခန့်ခွဲနိုင်ရာ၏၊

ရဟန်းတို့... သညာသည် အတ္တမဟုတ်သောကြောင့်သာ နာကျင်ခြင်းလည်း ဖြစ်ရ၏ ၊ "ငါ၏ သညာသည် ဤသို့အကောင်း ချည်းဖြစ်စေ၊ ဤသို့ အဆိုးမဖြစ်စေနှင့်"ဟု သညာ၌ တောင့်တ၍လည်း မရနိုင်ပေ။

ရဟန်းတို့... သင်္ခါရသည် အတ္တမဟုတ်၊ သင်္ခါရမှာ အတ္တမရှိ၊ သင်္ခါရသည်


www.burmeseclassic.com

www.burmeseclassic.com

အတ္တဖြစ်ခဲ့လျှင်ဤ သင်္ခါရသည် နာကျင်ခြင်းငှာ မဖြစ်ရာ "ငါ၏ သင်္ခါရသည် ဤသို့အကောင်းချည်းဖြစ်စေ၊ ဤသို့ အဆိုးမဖြစ်စေနှင့်"ဟု မိမိအလိုကျအောင် သင်္ခါရ၌ စီမံခန့်ခွဲနိုင်ရာ၏၊

ရဟန်းတို့... သင်္ခါရသည် အတ္တမဟုတ်သောကြောင့်သာ နာကျင်ခြင်းလည်း ဖြစ်ရ၏ ၊ "ငါ၏ သင်္ခါရသည် ဤသို့အကောင်းချည်းဖြစ်စေ၊ ဤသို့ အဆိုးမဖြစ်စေနှင့်"ဟု သင်္ခါရ၌ တောင့်တ၍လည်း မရနိုင်ပေ။

ရဟန်းတို့... ဝိညာဉ်သည် အတ္တမဟုတ်၊ ဝိညာဉ်မှာ အတ္တမရှိ၊ ဝိညာဉ်သည် အတ္တဖြစ်ခဲ့လျှင်ဤ ဝိညာဉ်သည် နာကျင်ခြင်းငှာ မဖြစ်ရာ "ငါ၏ ဝိညာဉ်သည် ဤသို့အကောင်းချည်းဖြစ်စေ၊ ဤသို့ အဆိုးမဖြစ်စေနှင့်"ဟု မိမိအလိုကျအောင် ဝိညာဉ်၌ စီမံခန့်ခွဲနိုင်ရာ၏၊

ရဟန်းတို့...ဝိညာဉ်သည် အတ္တမဟုတ်သောကြောင့်သာ နာကျင်ခြင်းလည်း ဖြစ်ရ၏၊ "ငါ၏ ဝိညာဉ်သည် ဤသို့အကောင်းချည်းဖြစ်စေ၊ ဤသို့ အဆိုးမဖြစ်စေနှင့်"ဟု ဝိညာဉ်၌ တောင့်တ၍လည်း မရနိုင်ပေ။

ရဟန်းတို့... ရုပ်သည် မြဲသလော၊ မမြဲသလော ဟု မေးတော်မူရာ "မမြဲပါအရှင်ဘုရား"ဟု လျှောက်ထား ကြကုန်၏။ မမြဲသောရုပ်သည် ဆင်းရဲလော ချမ်းသာလောဟု မေးတော်မူရာ"ဆင်းရဲ ဖြစ်ပါသည် အရှင်ဘုရား"ဟု လျှောက်ထားကြကုန်၏။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်း သဘောရှိသော ရုပ်ကို "ဤရုပ်သည် ငါ၏ ဥစ္စာဖြစ်၏၊ ဤရုပ်သည် ငါဖြစ်၏၊ ဤရုပ်သည် ငါ၏ အတ္တတည်း"ဟု စွဲယူခြင်းငှာ သင့်လျော်ပါမည်လော ဟု မေးတော်မူပြန်ရာ "မသင့်လျော်ပါအရှင် ဘုရား"ဟု လျှောက်ထားကြကုန်၏။ ထို့အတူပင် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ကိုလည်း အမေးအဖြေ ပြုလုပ်တော်မူသည်။

ရဟန်းတို့... ထို့ကြောင့် အတိတ်ရုပ်၊ အနာဂတ်ရုပ်၊ ပစ္စုပ္ပန်ရုပ်၊ မိမိသန္တာန်၌ဖြစ်သော ရုပ်၊ သူတစ်ပါး သန္တာန်၌ ဖြစ်ပေါ်သော ရုပ်၊ ကြမ်းတမ်းသောရုပ်၊ နူးညံ့သော ရုပ်၊ ယုတ်ညံ့သော ရုပ်၊ ကောင်းမြတ်သော ရုပ်၊ အနီး၌ ဖြစ်သော ရုပ်၊ အဝေး၌ ဖြစ်သော ရုပ် တည်းဟူသော ဤရုပ်အလုံးစုံကို "ငါ၏ ဥစ္စာမဟုတ်၊ ငါ မဟုတ်၊ ငါ၏ အတ္တ မဟုတ်"ဟု ဟုတ်မှန်သည့်အတိုင်း ကောင်းစွာ ပညာဖြင့် ရှုမြင်ရမည်။ ထို့အတူပင် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ မိမိသန္တာန်၊ သူတစ်ပါး သန္တာန်၊ အကြမ်း၊ အနု၊ အယုတ်၊ အမြတ်၊ အနီး၊ အဝေးဖြစ်သော ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ကိုလည်း "ငါ၏ ဥစ္စာမဟုတ်၊ ငါ မဟုတ်၊ ငါ၏ အတ္တမဟုတ်"ဟု ဟုတ်မှန်သည့်အတိုင်း ကောင်းစွာ ပညာဖြင့် ရှုမြင်ရမည်။

ရဟန်းတို့... ဤသို့ ရှုမြင်သည်ရှိသော် အကြားအမြင် ဗဟုသုတရှိသော



www.burmeseclassic.com

www.burmeseclassic.com

အရိယာသာဝကသည် ရုပ်၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ သညာ၌လည်း ငြီးငွေ့၏၊ သင်္ခါရတို့၌လည်း ငြီးငွေ့၏၊ ဝိညာဉ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့ခြင်းကြောင့် ခန္ဓာငါးပါးတို့၌ တပ်မက်ခြင်း ကင်း၏။ မတပ်မက်ခြင်းကြောင့် ကိလေသာတို့မှ လွတ်မြောက်၏။ ကိလေသာမှ လွတ်မြောက်သည်ရှိသော် "ကိလေသာမှ လွတ်မြောက်ပြီ"ဟု ပစ္စဝေက္ခဏာဉာဏ် ဖြစ်ပေါ်လာ၏။ နောက်ထပ် တဖန် ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးအပ်ပြီးပြီ၊ မဂ်ကိစ္စကို ပြုအပ်ပြီးပြီ၊ ဤ မဂ်ဉာဏ် ရရှိရေးအတွက် အခြားတစ်ပါး အားထုတ်ပြုလုပ်ဖွယ်ကိစ္စ မရှိတော့ပြီဟု သိ၏။ ဤသို့ မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။

မြတ်စွာဘုရားသည် အနတ္တလက္ခဏာသုတ်တော်ကို ဟောကြားတော်မူပြီးသည်ရှိသော် ပဉ္စဝဂ္ဂီရဟန်းတို့သည် လွန်စွာနှစ်သက်ကြကုန်၏။ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်၏။ ဤဒေသနာတော်ကို ဟောကြားပြီးဆုံးသည်ရှိသော် ပဉ္စဝဂ္ဂီရဟန်းတို့သည် စွဲလန်းမှုမရှိဘဲ အာသဝေါတရားတို့မှ လွတ်မြောက်ကြလေကုန်၏။ ထိုအခါဝယ် ဤလောက၌ ဘုရားအပါအဝင် ရဟန္တာခြောက်ဆူ ဖြစ်ထွန်း ပေါ်ပေါက်၍ လာကုန်၏။

. . . . . . . . . . . . . . . . . . . .

"ကျနော်ဖတ်ကြည့်လိုက်တော့လည်း ဓမ္မစကြာသုတ်မှာ ခင်ဗျားပြောသလို စကြာဝဠာဆိုင်ရာအမြင်ဆိုတာ မတွေ့မိပါလားဗျ"

"အင်း ဟုတ်ပါပြီ ခင်ဗျားကိုလည်း အဆိုးမဆိုသာပါဘူး။ တကယ်တော့ ကျနော်လေ့ကျင့်စူးစမ်း ရှာဖွေခဲ့တဲ့ ဖြစ်ပျက်ဆိုတာ နောက်ဆုံးတော့ ပဋ္ဌာန်းကျမ်းကိုပါလေ့လာမှ ပြည့်စုံမဲ့ကိစ္စပါ။ ကျနော်ဗျာ။ ဟိုအရင်တုန်းက ပဋ္ဌာန်းနှစ်ဆယ့်လေးပစ္စည်းဆိုတာ ကြီးကျယ်လေးနက်လှချည့်ရဲ့၊ ကောင်းလှချည့်ရဲ့ ဆိုလာတဲ့သူအားလုံးလိုလိုကို ပဋ္ဌာန်းဆိုတာ ဘာအကြောင်းကို ရေးထားတာတုန်းဗျာလို့ မေးမိတယ်။ ကျနော်မှတ်မိသလောက် အားလုံးလိုလို ယောင်ဝါးဝါးချည်းပဲ။ နောက်ပိုင်း ကျနော်ဖွဲသန်သန်နဲ့ လိုက်ရှာမိတော့မှ လက်စသတ်တော့ ပဋ္ဌာန်းဆိုတာ ရုပ်နဲ့နာမ်တွေ အမျိုးသဟဲပြုကြပုံ၊ တုန့်ပြန်ဆက်စပ်ကြပုံတွေကို ဆိုလိုတာပါကလားဆိုတာ သိလာရတော့တယ်ဗျာ။ တနည်းပြောရရင်ဗျာ။ အမှုန်အလင်းတွေရဲ့ အလုပ်လုပ်ပုံပေါ့။ ခင်ဗျားဖတ်ဖူးမှာပါ။ ရေသောက်မြစ်နှယ် ကျေးစူးကြွယ် ကြီးကျယ်ကြောင်းရင်းများ၊ ဆွဲကိုင်မိတွယ်ကျေးဇူးကြွယ် ခြောက်သွယ် ခေါ်အာရုံဆိုတို့ဘာတို့ပေါ့ဗျာ"

"အဲဒီပဋ္ဌာန်းကျမ်းထဲမှာ ခင်ဗျားပြောတဲ့ စကြာဝဠာဆိုင်ရာ အမြင်ဆိုတာ ပါနေသလားဗျာ"

"သေချာတာပေါ့ဗျာ။ ဒီလိုဗျ ခင်ဗျားသေချာနားထောင်ပါ၊ ကျနော်ဟာ



www.burmeseclassic.com

www.burmeseclassic.com

ရှုသွင်းရှုထုတ်တဲ့လေကို စပြီးစူးစမ်း လေ့ကျင့်သလို ဗုဒ္ဓရဲ့အတွေးအမြင်ဆိုင်ရာ ကျမ်းဂန်တွေကိုလေ့လာရာကနေ စကြာဝဠာဆိုင်ရာသဘောတရားကြီး တစ်ခုကို စူးစမ်းမိလာတယ်ဗျ။ ကျနော်တွေးထင်ခံစားမိတာကို ပြောမှာမို့ ပရမတ်ဆတ်ဆတ် မှန်တယ်လို့လည်း မယူဆပါလေနဲ့။ ကျနော့်အတွေးအမြင်နဲ့ ကျနော့်အယူအဆ၊ ကျနော့်ဗဟုသုတဟာ ပြည့်စုံတဲ့ အခြေအနေမဟုတ်ဘူး ဆိုတာကြိုတင်ဝန်ခံပါရစေ"

"ခင်ဗျားလို လူက စကြာဝဠာဆိုင်ရာ သီအိုရီတစ်ခုကို တွေးမိတယ်၊ ခံစားမိတယ်ဆိုတော့ စိတ်ဝင်စားစရာပါပဲ။ နားထောင်ချင်စမ်းပါဘိဗျာ"

"ဒီလိုဗျ။ တကယ်တော့ လောကသုံးပါး လို့ခေါ်ဝေါ်ပြောဆိုနေကြတဲ့ မဟာစကြာဝဠာကြီးဟာ ဘာမှမရှိတဲ့ အရာဝတ္ထုအခြေအနေကနေ စတင်ခဲ့တာပါပဲ"

"ဟား အစပျိုးလိုက်တာကတော့ ခင်ဗျားကိုယ်ခင်ဗျား စကြာဝဠာဆိုင်ရာ ပညာရှင် ကားလ်ဆာဂန်လေသံ အတိုင်းပါပဲကလား၊ ဆက်ပါအုံးဗျာ"

"ဟုတ်ပါ့ဗျာ။ ကားလ်ဆာဂန်သာ ဗုဒ္ဓအယူအဆကို လေ့လာမိရင် သူ့ရဲ့ စကြာဝဠာဆိုင်ရာအမြင်ဟာ ဒီထက် ပြည့်စုံသွားမယ်ထင်ပါရဲ့၊ခဏလေးဗျာ။ ကျနော့်စကားကို မဖြတ်လိုက်ပါနဲ့။ ပြောလက်စရှာန်လေးနဲ့ ပြောပါရစေ။ ဒီလိုဗျ။ ဘာမှ မရှိတဲ့အခြေအနေတခုဟာ အပြန်အလှန်ထိန်းချုပ်မှု ညီမျှနေတာကြောင့် မပျက်မစီးပဲ ကာလရှည်ကြာစွာ တည်ရှိနေခဲ့ပါတယ်။ တစ်ခုတော့ သတိပေးပါရစေ။ကျနော့်စကားကို ဆက်ပြီးနားထောင်ဖို့ ခင်ဗျားဟာ ဉာဏ်ကြီးကြီးထားရပါလိမ့်မယ်။ တကယ်တော့ ဘာမှ မရှိခြင်းဟာ ရုပ်အမှုန်နဲ့ အလင်းအမှုန်တွေရဲ့ ဟန်ချက်ညီမျှနေမှု ကြောင့်ပါပဲ။ ဒါပေမဲ့ဗျာ အလျှင်နှုန်းမတူညီတာကြောင့် တစ်ခုသောကာလမှာတော့ အဲဒီ ဘာမှ မရှိတဲ့ဟန်ချက်ဟာ ပျက်ပြားသွားခဲ့ပါတယ်။ ဒါဟာ မဟာပေါက်ကွဲမှုကြီးရဲ့ နိဒါန်းအစပါပဲ။ မဟာပေါက် ကွဲမှုကြီးရဲ့ မူလအစမှာကိုက ပေါက်ကွဲမှုရဲ့ အခြေအနေကြောင့် လည်ပတ် ခြင်းဆိုတာ၊ တဆက်တည်း ပါလာပြန်ပါတယ်။ အဲဒါဟာသံသရာရဲ့ အစပါပဲ။ သစ္စာလေးပါးလို့ခေါ်တဲ့ မှန်ကန်ချက်လေးခုရဲ့ အစပထမပါပဲ။ မဟာပေါက်ကွဲမှုဟာ ပေါက်ကွဲမြဲပေါက်ကွဲနေလိုမှုဆိုတဲ့ သဘောအရ အခု ခင်ဗျားနဲ့ကျနော် စကားပြောနေ ချိန်မှာလည်း ဆက်ကာဆက်ကာ ပေါက်ကွဲနေတုန်းပါပဲ။

ဆိုပါတော့ဗျာ၊ အဲဒီရောမပေါက်ကွဲမှုကြီးဟာ ပျက်စီးမှုမတည်မြဲမှုကြီးကနေ စလာတာမို့ ဒုက္ခသစ္စာဆိုတဲ့ အကြောင်းတရားဟာပေါ်ပေါက်လာပါတယ်။ အဲဒီရုပ်အမှုန် အလင်းအမှုန်တွေဟာ တစ်နေရာတည်းကနေ ဖြစ်ပေါ်လာတာမို့ အချင်းချင်းပြန်လည် ဆက်စပ်ချင်တဲ့ သမုဒယသစ္စာ ဆိုတာ ဖြစ်လာပါတယ်။ နောက်တော့ အဲဒီအမှုန်တွေဟာ တစ်နေရာတည်းကနေ စတင်ဖြစ်ပေါ်လာတာမို့ စနစ်တကျ ပြန်လည်စုစည်းနိုင်ဟို့အခါ ရောက်ရှိသွားနိုင်တဲ့ မူလအခြေအနေ တည်ရှိရာနေရာ နိရောဓသစ္စာဆိုတာ ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။ တဆက်တည်းမှာပဲ နိရောဓသစ္စာ အပြီးတိုင် ချုပ်ငြိမ်းခြင်းကို ရောက်နိုင်တဲ့နည်းလမ်း မဂ္ဂသစ္စာဆိုတာ ရှိလာ ပါတယ်။ ဒီနေရာမှာ ခင်ဗျားက ဘာမှမရှိတဲ့အခြေအနေကြီးတစ်ခုဟာ အပြီးတိုင် လွတ်မြောက်ခြင်း ချုပ်ငြိမ်းခြင်းလို့ သတ်မှတ်ကြတဲ့ နိဗ္ဗာန် မဟုတ်ဘူးလားလို့ မေးစရာ ရှိလာမယ်။ လောကသုံးပါးမဖြစ်ပေါ်သေးတာကြောင့် အဲဒီအခြင်းအရာ အခြေ အနေကို နိဗ္ဗာန်လို့မခေါ် နိုင်ပါဘူး။

စောစောကပြောတဲ့ ရောမပေါက်ကွဲမှုကြီးကနေ မဟာစကြာပေါင်းမြောက်များစွာ ဖြစ်ပေါ်လာခဲ့တယ်။ ကျနော်တို့ခင်ဗျားတို့ နေထိုင်ရှင်သန်နေတဲ့ စကြာဝဠာဟာ အဲဒီမဟာစကြာဝဠာထဲက တစ်ခုသောစကြာဝဠာ ပါပဲ။ အဲဒီစကြာဝဠာဟာ မူလပေါက်ကွဲစဉ်က အခြေအနေကြောင့် ဂြိုဟ်တစ်ခုချင်းစီဟာ လည်ပတ်နေကြတယ်။ နောက်ပိုင်း ပူခြင်းအေးခြင်းတည်းဟူသော အကြောင်းအရာတွေကြောင့် သက်ရှိသတ္တဝါတွေ ဖြစ်ပေါ်လာခဲ့တယ်။ အမှန်တော့ သက်ရှိသတ္တဝါအားလုံးဟာ သူတို့ရဲ့စိတ်တည်းဟူသော ထက်သန်တဲ့ ဆန္ဒကြောင့် သူတို့ အလိုရှိရာ ပုံသဏ္ဌာန် ဖြစ်ပေါ်လာကြပါတယ်။

ဒီမှာတင်လောကသုံးပါးဇာတ်လမ်းက စပြီဆိုပါတော့ဗျာ။ အမှုန်အလင်းတွေရဲ့ သဘောသဘာဝ ကွဲပြားမှုကြောင့် သုံးဆယ့်တစ်ဘုံ ဆိုတာ ဖြစ်လာရပါတယ်။ စာပေကျမ်းဂန်တွေထဲမှာ ပြဆိုတဲ့ လူ့ဘုံနတ်ဘုံ ဗြဟ္မာ့ဘုံ ဆိုတာတွေဟာ အမှုန်အလင်း ဖြစ်ပျက်နေမှု အခြေအနေမတူညီတဲ့ နေရာဒေသများပါပဲ။ ခင်ဗျားဟာ စံနစ်တကျ လေ့ကျင့်ပြီး ခင်ဗျားရဲ့ ခန္ဓာကိုယ်ထဲက အမှုန်အလင်းတွေကို ထိန်းချုပ်လာနိုင်ခဲ့ရင် သုံးဆယ့်တစ်ဘုံကို ခင်ဗျားဆက်သွယ်လာနိုင်ပါလိမ့်မယ်။ ဂေါတမဗုဒ္ဓဟာ ဒီအချက်တွေကို သိမြင်နားလည်ခဲ့ပါတယ်။ လောက သုံးပါးဆိုတာ ဖြစ်ပေါ်လာပြီးတဲ့ နောက် အထူးသဖြင့် လူ နတ် ဗြဟ္မာ သတ္တဝါတို့ရဲ့ အဖန်တလဲလဲ ကျင်လည်နေရတဲ့ သံသရာဆိုတာကိုလည်း နားလည်သိမြင်ခဲ့ပါတယ်။ တွေးမိတွေးရာ မြင်မိမြင်ရာ ထိတွေ့မိရာများကို စွဲလန်းပြီး တစ်ခုသော လမ်းရှည်ကြီးကို လျှောက်လှမ်းနေရတဲ့ သတ္တဝါတွေရဲ့အဖြစ်ကို နားလည်လာ သနားလာတယ်ဆိုပါတော့။ ဒါကြောင့် ဗုဒ္ဓဟာ အစဉ်မပြတ်ပေါက်ကွဲနေတဲ့ မဟာစကြာဝဠာကြီးထဲကနေ လွတ်မြောက်နိုင်တဲ့ မဂ္ဂင်ရှစ်ပါးကို ရှာဖွေခဲ့တယ်။ ဒီမှာတင် ဂေါတမဗုဒ္ဓဟာ သူ့ရဲ့အတွေးအမြင်ကို ဓမ္မစကြာလို့ခေါ်တဲ့ လောကကြီးရဲ့ သဘောတရားအားလုံး ဖြစ်ပေါ်လည်ပတ်နေမှု အမှန်တရားအဖြစ် ဖော်ထုတ်ခဲ့တာပါပဲ။ ဒီအထဲမှာ ထူးခြားချက်တစ်ခုကတော့ ခင်ဗျားတို့ကျနော်တို့လို လူသတ္တဝါတွေအတွက် လောကကြီးတည်မြဲ ခိုင်ခန့်နေစေဖို့ ဟိရိ ဩတ္တပ္ပဆိုတဲ့ အရှက်အကြောက် တရားနှစ်ခုကို ထည့်သွင်းပြဋ္ဌာန်း ပေးခဲ့တာပါပဲ။ ပိုပြီးရှင်းအောင်ပြောရရင် စကြာဝဠာဆိုင်ရာ အမြင်မှာ



www.burmeseclassic.com

www.burmeseclassic.com

မောင်နဲ့နှမ သားနဲ့အမိဆိုတာ မရှိပါဘူး။ လောကကြီးမှာ လူသားဂုဏ်သိက္ခာနဲ့ နေလိုတယ်ဆိုရင်ဖြင့် အရှက်အကြောက်တရားနှစ်ခုကို ထိန်းသိမ်းကြဖို့ပါပဲ။"

"လူသားဘဝရဲ့ အထူးခြားဆုံး အချက်ကတော့ မိမိခန္ဓာကိုယ်ကို ဖွဲ့စည်းထားတဲ့ အမှုန်နဲ့အလင်းတွေကို ကိုယ်တိုင် လေ့ကျင့်ထိန်းကျောင်းပြီး အဖန်ဖန်ကျင်လည်နေရတဲ့ အခြေအနေကနေ ရုန်းကန်လွတ်မြောက်နိုင်ခြင်းပါပဲ။"

"အဆုံးစွန်သော လွတ်မြောက်ခြင်းဆိုတာ အမှုန်နဲ့အလင်း သမူဟကျစွာ ပြန်လည်ပေါင်းစည်းခြင်းပါပဲ"

"မကောင်းမှုဆိုတာ အမှုန်နဲ့အလင်းတွေရဲ့ မူလသဘာဝကို ကြီးစွာသော ဖောက်ပြန်မှုတွေ ဖြစ်ပေါ်လာအောင် အားထုတ်ခြင်းပါပဲ"

"ကောင်းမှုဆိုတာကတော့ အမှုန်နဲ့အလင်းတွေကို ကောင်းစွာထိန်းချုပ်ခြင်းပါပဲ"

"ထူးခြားစွာ ရှုမြင်ခြင်းဆိုတာ မိမိခန္ဓာကိုယ်ကိုတည်ဆောက်ထားတဲ့ အမှုန်အလင်းတွေရဲ့ သဘောသဘာဝကို စူးစမ်းပြီး မဟာစကြာဝဠာကြီးရဲ့ သဘောကို ဆက်လက်စူးစမ်းခြင်း၊ စက်ဝိုင်းကြီးတစ်ခုလို လည်ပတ်နေရတဲ့ အခြေအနေကနေ လွတ်မြောက်အောင် ရုန်းကန်ခြင်းပါပဲ"

"အော် ငရဲဆိုတာ သိချင်သတဲ့လား။ မိမိခန္ဓာကိုယ်က အမှုန်အလင်းတွေကို ကြီးစွာသော ဖောက်ပြန်မှု ဖြစ်စေတာကြောင့် ထွက်ပေါ်လာတဲ့ ဆိုးကျိုးရလာဒ်၊ အခြေအနေတွေပါပဲ"

"ပေးကမ်းစွန့်ကြဲခြင်းရဲ့ လျှို့ဝှက်ချက်တခုလည်း ရှိလေရဲ့။ နည်းလမ်းမှန်ကန်စွာ ပေးကမ်းစွန့်ကြဲမှုကြောင့် မိမိခန္ဓာကိုယ်ရဲ့ အမှုန် အလင်းတစ်ချို့ဟာ ကွက်လပ်သဘော ဖြစ်သွားပြီး အဲဒီကွက်လပ်နေရာကို မဟာစကြာဝဠာကြီးရဲ့ သီအိုရီအရ ပိုပြီးကြီးမားတဲ့ အရှိန်အဟုန်နဲ့ ပြန်လည် အစားထိုးဝင်ရောက် လာတတ်ခြင်းပါပဲ"

"ခင်ဗျား ဉာဏ်မမီမှာ စိုးလို့ဗျာ။ အမှုန်အလင်းလို့သာ ခွဲပြီးပြောနေရတယ်။ တကယ်တော့ အလင်းဆိုတာလည်း ဖွဲ့စည်းမှု အလွန်တရာသိမ်မွေ့တဲ့ အမှုန်တစ်မျိုး ပါပဲ" အမှုန်စင်စစ် ထိုနေ့က ကိုသက်ခိုင် ပြောပြခဲ့သော စကားတို့၏ အတိမ်အနက်ကို ကျနော်လိုက်မမီသည်မှာ အမှန်ဖြစ်ပါ၏။ သို့တစေ သူနောက်ဆုံး ပြောပြခဲ့သော စကားတစ်ခွန်းကိုမူ ကျနော့်နားဝယ် ယခုတိုင် ကြားယောင်လျက် ရှိနေပေသည်။ ယင်းသည်ကား ...

"တကယ်တော့ဗျာ။ ဖြစ်ပျက်ဆိုတာ အမှုန်တွေရဲ့ လှုပ်ရှားမှုပါပဲ"

❋ ❋ ❋ ❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## ၂၁။ အာနာပါနဒီပနီ

စင်စစ် ကိုသက်ခိုင်အားထုတ်ခဲ့သောနည်းမှာ အာနာပါနရှုမှတ်ခြင်းပင်ဖြစ်လေရာ အဆိုပါအာနာပါနနှင့် စပ်လျဉ်း၍ ကိုသက်ခိုင်သိသမျှ၊ လက်လှမ်းမီသမျှကိုသာ ပြောဆိုရှင်းပြနိုင်ခဲ့သည်ဖြစ်၍ ပြီးပြည့်စုံသည်ဟု ဆိုနိုင်မည် မဟုတ်ချေ။ ထို့ကြောင့် စာဖတ်သူများအနေဖြင့် အာနာပါနနှင့် စပ်လျဉ်း၍ စံနစ်တကျပြည့်စုံသေချာစွာ လေ့လာနိုင်ရန် ဤစာအုပ်၏ အဆုံးသတ်တွင် လယ်တီ ဆရာတော်ဘုရားကြီး ရေးသားစီရင်အပ်သော အာနာပါနဒီပနီကို နောက်ဆက်တွဲအဖြစ် ထည့်သွင်း ဖော်ပြပေးပါရန် ကိုသက်ခိုင်မှ မေတ္တာရပ်ခံလာ ခဲ့ပါသည်။

အောက်တွင်ဖော်ပြထားသည့်အာနာပါနဒီပနီမှာ လယ်တီဒီပနီပေါင်းချုပ်မှ အာနာပါနဒီပနီအခန်းကို ကူးယူ ဖော်ပြထားခြင်းဖြစ်ပေရာ အဆိုပါစာမူနှင့် ပတ်သက်ဆက်ဆိုင်သူများ၏ ခွင့်ပြုချက်ကိုတောင်းခံရန် လိုအပ်သည်ဟု ကျနော် သိရှိပါသည်။ သို့သော် ကျနော်နေထိုင်ရာအရပ်နှင့် အလှမ်းကွာဝေးသည်က တကြောင်း အခြားအခြားသော ကျနော်၏ ကိုယ်ရေးကိုယ်တာ အခက်အခဲများ ကြောင့်လည်းကောင်း သဘောတူခွင့်ပြုချက် တောင်းခံနိုင်ခြင်း မရှိသည့်အတွက် နားလည်ခွင့်လွှတ်ပေးပါရန် သက်ဆိုင်သူများသို့ အနူးအညွတ် တောင်းပန်အပ်ပါသည်။

### အာနာပါနဒီပနီ

နမောတဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

### အဘိယာစကနှင့် ပဋိညာဉ်

မြန်မာသက္ကရာဇ် ၁၂၆၅– ခု၊ တပေါင်းလဆုတ် ၁၁ ရက်နေ့တွင် လယ်ကိုင်းမြို့စား ဝန်ရှင်တော် ကင်းဝန်မင်းကြီးက တရားဓမ္မ ဩဝါဒများကို နာခံလိုပါကြောင်းနှင့် အတန်တန်ပင့်ဖိတ် တောင်းပန် လျှောက်ထားအပ်သည် ဖြစ်၍ မန္တလေးမြို့တော်သို့ ကြွရောက်၍ ၎င်းဝန်ရှင်တော်မင်းကြီး၏ အိမ်ဦး၌ ၃–ရက် ၃–ည၌ တည်းခိုနေထိုင်၍ ၎င်းဝန်ရှင်တော်မင်းကြီးနှင့်တကွ ၎င်းအိမ်ဦးသို့ တရားနာ လာရောက်ကြကုန်သော မှူးတော် မတ်တော် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့အား တရားဓမ္မ ပြသဟောပြော၍ နေစဉ်အခါ ဝန်ရှင်တော်မင်းကြီး၏ သားဖြစ်သူ ပုသိမ်မြို့အုပ်နှင့် မော်လမြိုင်မြို့ ဓာတ်

www.burmeseclassic.com

မန္တလေးအရေးပိုင်မင်း ရုံးတော်စာရေးကြီး မောင်ခင်တို့သည် အသက်ထက်ဆုံး စွဲမြဲ အားထုတ်ရန် အာနာပါန ကမ္မဋ္ဌာန်းအလုပ်များကို ထုတ်ဖော်ရေးသား သနားချီးမြှင့် ပါမည့်အကြောင်းနှင့် တောင်းပန်လျှောက်ထားကြသည်ဖြစ်၍ မုံရွာမြို့ လယ်တီ တောကျောင်းဆရာ ငါသည် ဥပရိပဏ္ဏာသ-အာနာပါနသုတ် ပါဠိတော် မြတ်ကို အနက် အဓိပ္ပါယ်နှင့်တကွ အကျဉ်းသခေ်ပအားဖြင့် ဖော်ပြပေအံ့သတည်း။

အဘိယာစကနှင့် ပဋိညာဉ် ပြီး၏။

---

## အာနာပါန ကမ္မဋ္ဌာန်း ပွားများသင့်ပုံ
## တိုက်တွန်းခြင်း ဥယျောဇဉ်

အကျိုးအကြောင်းတို့ကို ကောင်းစွာထင်ထင်သိမြင်နိုင်ကြကုန်သော ပညာရှိအပေါင်း သူတော်ကောင်းတို့သည်-

တိဏ္ဏ မညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။

ဟူသော ဓမ္မပဒ ပါဠိတော်မြတ်နှင့်အညီ - အရွယ်သုံးပါးတို့တွင် ပဌမအရွယ်မှစ၍ ဘောဂသမ္ပတ္တိကို စွန့်လွှတ်ပြီးလျှင် ဘဝသမ္ပတ္တိ စီးပွားကို အားထုတ်ကြကုန်ရာ၏။

ပဌမအရွယ်အတွင်းမှစ၍ မတတ်နိုင်ခဲ့လျှင် ဒုတိယအရွယ်အတွင်းမှစ၍ ဘောဂသမ္ပတ္တိကို စွန့်လွှတ်ပြီးလျှင် ဘဝသမ္ပတ္တိ စီးပွားကို အားထုတ်ကြကုန်ရာ၏။

ဒုတိယအရွယ်အတွင်းမှစ၍ မတတ်နိုင်ခဲ့ပါလျှင် တတိယအရွယ်သို့ အဆိုက်တွင် အားထုတ်ကြကုန်ရာ၏။

* ပဏ္ဍိတော၊ ပညာရှိသူမှန်ပေမူကား။ တိဏ္ဏံ၊ အရွယ်သုံးပါးတို့တွင်၊ အညတရံယာမံ၊ တစ်ပါးပါးသောအရွယ်၌။ ပဋိဇဂ္ဂေယျ၊ ဘဝသမ္ပတ္တိ စီးပွားကို အားထုတ်သုတ်သင်ရာ၏။

**(ဓမ္မပဒပါဠိတော် အနက်)**

အရွယ်သုံးပါးလုံးမှာပင် ဘောဂသမ္ပတ္တိ လက်ရှိတင်းလင်းနှင့်နေ၍ ဘဝ ပဒေသာပင်ကြီးကို ပိုင်းပိုင်းလည်း မခံအပ် ဟူလိုသည်။

ယခုအခါမူကား- သေလွယ်ပျောက်လွယ်လှသော ဝိပတ္တိကာလဖြစ်ခဲ့၍ အသက် ၅၀-ကိုလည်းကောင်း၊ ၅၅-နှစ်ကိုသော်လည်းကောင်း ဘောဂသမ္ပတ္တိနယ် အဆုံးထားရာ၏။ ထိုမှနောက်၌ ဘောဂသမ္ပတ္တိကို စွန့်လွှတ်၍ ဘဝသမ္ပတ္တိစီးပွား ဗုဒ္ဓုပ္ပါဒဒုလ္လဘ အကျိုးများကို အားထုတ်ရာ၏။



www.burmeseclassic.com

www.burmeseclassic.com

## ဘဝသမ္ဗုတ္တိ အားထုတ်နည်း အမျိုးမျိုး

ဤစကား၌ ဘောဂသမ္ဗုတ္တိကို စွန့်လွှတ်၍ ဘဝသမ္ဗုတ္တိစီးပွားကို အားထုတ်ကြသော နည်းလမ်းတို့သည် အမျိုးမျိုးရှိကြ၏။

၁။ ပထမအရွယ် ငယ်စဉ်အခါ၌ ပင်လျှင် ထီးနန်းစည်းစိမ်ကိုစွန့်လွှတ်၍ ရသေ့ရဟန်းအဖြစ်နှင့် တောထွက်ကြသော တေမိမင်း ဟတ္ထိပါလမင်းတို့၏ နည်းလမ်းတစ်မျိုး။

၂။ ပထမအရွယ် ဒုတိယအရွယ်၌ ထီးနန်းစည်းစိမ်ကို ခံစားစံစားပြီးမှ တတိယအရွယ်၌ ထီးနန်းစည်းစိမ်ကို သားကြီးရတနာအား လွှဲအပ်ပြီးလျှင် မင်းဥယျာဉ်၌ ချမ်းသာစွာ ကေစာရ နေထိုင်၍ ဗြဟ္မဝိဟာရဘာဝနာတရားကို ပွားများအားထုတ်၍ ဈာန်သမာပတ်ကိုဖြစ်စေ၍ မင်းဥယျာဉ်၌ပင် အသက်ရှည်သမျှ ကာလပတ်လုံး ဈာန်သမာပတ်ချမ်းသာကို ခံစားစံစား၍နေကြသော မဃဒေဝမင်းအစ နေမိမင်းအဆုံးရှိသော ရှစ်သောင်း လေးထောင်သော မင်းတို့၏ နည်းလမ်းတစ်မျိုး။

၃။ မင်းဥယျာဉ်သို့ပင် မထွက်မူ၍ သိကြားမင်းဖန်ဆင်းသော ဓမ္မပါသာဒ အမည်ရှိသော ရတနာအတိပြီးသော ရွှေနန်းပြာသာဒ်ကြီးအတွင်း၌ ကေစာရနေတော်မူ၍ ဗြဟ္မဝိဟာရ ဈာန်သမာပတ်ကို ပွားများအားထုတ်၍ ဈာန်သမာပတ်ချမ်းသာကို ခံစားစံစား၍ နေတော် မူသော မဟာဒုဿန စကြာမင်းကြီး၏ နည်းလမ်းတစ်မျိုး။

၄။ ရွှေပေတွင် ရေးသား၍ ရာဇဂြိုဟ်ဘုရင်က ဆေလွှတ်သော အာနာပါနကမ္မဋ္ဌာန်းအစီအရင်ကို တွေ့မြင်ရာ ဘုံ ၇ ဆင့်ရှိသော ရွှေနန်းပြာသာဒ်ပေါ်၌ ကေစာရ နေတော်မူ၍ အာနာပါနကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်တော်မူရာ အာနာပါန စတုတ္ထဈာန်တိုင်အောင် ပေါက်ရောက်ထမြောက်တော်မူပေသော တက္ကသိုလ်မင်း၏ နည်းလမ်းတစ်မျိုး။

ဤသို့အစရှိသည်ဖြင့် ရှေးအဖို့၌ ဘောဂသမ္ဗုတ္တိ စီးပွားကို လိုက်စားခံစားပြီး၍ နောက်အဖို့၌ ဘောဂသမ္ဗုတ္တိနှင့်စပ်သော ကြောင့်ကြစိုက်မှု သမာဓိဘာဝနာနှင့် ဆန့်ကျင်ဘက်ဖြစ်သော အဖြဟ္မာစရိယမှု အပေါင်းအဖော်နှင့် ရောယှက်ဆက်ဆံခြင်း အမှုများကို လွတ်ကင်းအောင် ကြဉ်ရှောင်၍ မိမိစိတ်ကြိုက်ရာ ပွဲတော် အစာအာဟာရကို နေ့စဉ်ပို့သဆက်သွင်းသောသူ လူယောကျ်ားတစ်ဦးတစ်ယောက်နှင့်သာ အတွေ့ခံတော်မူကြ၍ ဘဝသမ္ဗုတ္တိစီးပွားကို အားထုတ်ကြပေကုန်သော ပြဆိုခဲ့ပြီးသော အလောင်းအလျာ ပညာရှိကြီးတို့၏ နည်းလမ်းအမျိုးမျိုးတွင် ယခုအခါ ဗုဒ္ဓဘာသာဝင် လူ ပညာရှိတို့သည် မိမိတို့အခြေအနေနှင့် သင့်လျော်ရာနည်းလမ်းကို ရွေးကောက် အားကျ၍ ဘဝသမ္ဗုတ္တိအစီးအပွားကို အားထုတ်ကြကုန်ရာ၏။

တိုက်တွန်းခြင်း ဥယျောဇဉ် ပြီး၏။



www.burmeseclassic.com

www.burmeseclassic.com



**ဘဝသမ္ပတ္တိ တိုးပွားမှု**

ယခုအခါ ဘဝသမ္ပတ္တိအစီးအပွားဆိုသည်ကား– ဗုဒ္ဓုပ္ပါဒဒုလ္လဘနှင့်တကွ မနုဿတ္တဒုလ္လဘ တည်းဟူသော ဘဝသမ္ပတ္တိကို ရရှိကြုံကြိုက်၍ နေကြသည့်အခါ၌ ဂဟဋ္ဌဖြစ်သူ လူတို့မှာ အာဇီဝဋ္ဌမကသီလ၌ ကောင်းစွာတည်၍ ကာယဂတာသတိ အလုပ် သမထကမ္မဋ္ဌာန်းအလုပ် ဝိပဿနာ ကမ္မဋ္ဌာန်း အလုပ်ကို စွဲစွဲမြဲမြဲအားထုတ်မှုကို ဘဝသမ္ပတ္တိ စီးပွားမှု ဆိုသတည်း။

**သတိပဋ္ဌာန်အလုပ်**

သမထမှု ဝိပဿနာမှု၏ ရှေ့အဖို့၌ ကာယဂတာသတိ အလုပ်ကို အားထုတ်ရသည်၊ ကာယဂတာ သတိအလုပ်ဆိုသည်ကား – သတိပဋ္ဌာန်အလုပ်ကို ဆိုသတည်း။ ထိုသတိပဋ္ဌာန်အလုပ်ကို ရှေးဦးစွာ တည်ထောင်အားထုတ်ရခြင်း၏ အကြောင်းကို ဥပမာယုတ္တိနှင့်တကွ ပြဆိုဦးအံ့။

**စိတ်အစိုးမရသော သူရူး ဥပမာ**

လောက၌ မိမိစိတ်ကို မိမိအစိုးမရသော သူရူး သူနှမ်းမည်သည် တစ်စုံတစ်ခု သော အတ္တဟိတ စီးပွားမှု ပရဟိတ စီးပွားမှုတို့၌ အသုံးမကျသူဖြစ်၏။ အဘယ့်ကြောင့် နည်းဆိုသော် ထိုသူ၏စိတ်သည် မိမိထမင်းစားမှု အလုပ်တစ်ခုမျှ၌ ပင်လျှင် ပြီးစီး အောင်မနေ။ ထိုသူသည် ထမင်းစားဆဲအခါ၌ပင် ထမင်းပွဲကို သွန်မှောက်၍ လွတ်ရာအရပ်တပါးသို့ ထွက်သွား၏။ တစ်ခြားတစ်ပါးသော လူရေးလူရာတို့၌ ဆိုဖွယ်မရှိ၊ အသုံးမကျသူ သက်သက်ဖြစ်သတည်း။ ဆေးဝါးတို့ဖြင့်ကုသ၍ ပကတိ ပျောက်ငြိမ်း သောအခါ၌ စိတ်၏တည်ကြည်ခြင်းကိုရ၍ ပကတိလူကောင်းဖြစ်လေ၏။ ထိုအခါမှ လူစဉ်မှီ၍ ခပ်သိမ်းသောလူရေးလူရာတို့ကို အများနည်းတူ တည်ကြည် သောစိတ်ဖြင့် ပြီးစီးအောင် လုပ်ဆောင်နိုင်လေ၏။

**သူရူးနှင့်တူပုံ**

လောက၌ ပကတိ စိတ်ကောင်းနှလုံးကောင်းနှင့် ပြည့်စုံကြသော ပကတိ လူကောင်းသူကောင်းတို့သည်လည်း သိမ်မွေ့လှစွာသော သမထစျာန်အလုပ်၊ ဝိပဿနာ ပညာအလုပ်တို့၌မူကား မိမိစိတ်ကို မိမိအစိုးမရသော သူရူးသူနှမ်းအရာ၌ တည်ကြ ရပြန်ကုန်၏။ တည်ပုံကား–ဘုရားရှိခိုးရာ၌ ပကတိလူတို့၏ စိတ်သည် ဣတိပိသော တစ်ပုဒ်ဆုံးသည့်တိုင်အောင် ဘုရားဂုဏ်၌ စိုက်၍မနေ၊ ဘုရားဂုဏ်ကို လွှင့်၍ အာရုံတစ်ပါးသို့သာ ထွက်သွား၏။ အာရုံတစ်ပါးသို့ စိတ်ထွက်သွားတိုင်း အရှုံးအဆုံး ပျက်ကွက်ခဲ့ပါမူကား– ဣတိပိသော တစ်ပုဒ်ကို တစ်ညဉ့်လုံးရွတ်ဆိုသော်လည်း

www.burmeseclassic.com

အဆုံးတိုင် ချောမောနိုင်ကြမည်မဟုတ်။ နဂိုက နှုတ်တက်ရပြီးဖြစ်၍သော အရွတ်အဆိုကို အစဉ်မပျက်ဘဲ အဆုံးတိုင် ချောမောနိုင်ကြလေသတည်း။

**ခပ်သိမ်းသော ကမ္မဋ္ဌာန်းဘာဝနာ မနသိကာရမှုတို့၌ ဤနည်းချည်းမှတ်။**

ဤကား ပကတိလူကောင်းသူကောင်းဆိုရသော သူတို့သည်လည်း သမာဓိဘာဝနာ၊ ပညာဘာဝနာမှုတို့၌ မိမိစိတ်ကို မိမိအစိုးမရကြသော သူရူးသူနှမ်းအရာ၌တည်ကြပုံတည်း။

ဤကဲ့သို့ သူရူးသူနှမ်းအရာ၌ တည်လျက်ရှိကြကုန်သေးသော သူတို့သည် မဂ်ဖိုလ်နိဗ္ဗာန်ကို မဆိုထားဘိဦး၊ ယခုဘဝ သေသည်၏ အခြားမဲ့၌ သုဂတိဘဝကိုမျှ ရနိုင်ရန်အရေးသည်ပင်လျှင် အလွန်ခက်သေး၏။ သတိမူကြလေကုန်။

## စိတ်မနိုင်နင်းလျှင် အမှုမတွင်ကျယ်

• လောက၌ ခြေကိုမနိုင်နင်းသော သူသည် ခြေဖြင့်ပြုရသောအမှုကို တွင်ကျယ်အောင် မပြုနိုင်။ လက်ကိုမနိုင်နင်းသောသူသည် လက်ဖြင့်ပြုရသောအမှုကို တွင်ကျယ်အောင် မပြုနိုင်။

• နှုတ်လျှာကို မနိုင်နင်းသောသူသည် နှုတ်လျှာဖြင့်ပြုရသောအမှုကို တွင်ကျယ်အောင် မပြုနိုင်။

• စိတ်ကို မနိုင်နင်းသောသူသည် စိတ်ဖြင့်ပြုရသောအမှုကို တွင်ကျယ်အောင် မပြုနိုင်။

• ဘာဝနာ မနသိကာရ မှုမည်သည် စိတ်ဖြင့်ပြုအပ်သောအမှု သက်သက်ဖြစ်၏။ ထို့ကြောင့် မိမိစိတ်ကို မနိုင်နင်းကြ၊ အစိုးမရကြကုန်သော ပကတိလူရှင် ပုထုဇဉ်တို့သည် ဘာဝနာ မနသိကာရမှုကို တွင်ကျယ်အောင် မပြုနိုင်ကြ။ အတုအပမျှသာ ပြုနိုင်ကြသည်။

## ပဲ့တက်မနိုင်နင်းသော လှေသူကြီးဥပမာ

ဥပမာကား လှေကိုင် တက်ကိုင် မနိုင်နင်းသော လှေသူကြီးသည် ဝန်ပြည့်သော လှေကြီးဖြင့် အလွန်အယဉ်ထန်စွာစီးသောမြစ်ကြီး၌ စုန်မျော၍လာရာ ညဉ့်အခါ၌ မှောင်မိုက်သည့်အတွက်ကြောင့် ကမ်းစဉ်တစ်လျှောက် မြို့ရွာဆိပ်ကမ်းများကို မမြင်ရ။ နေ့အခါ၌ ကမ်းစဉ်တစ်လျှောက် မြို့ရွာဆိပ်ကမ်းများကို မြင်ပါသော်လည်း လှေတက်ကို မနိုင်နင်းသည့်အတွက်ကြောင့် တစ်စုံတစ်ခုသော မြို့ရွာဆိပ်ကမ်းသို့ကပ်ခြင်း၊ ဆိုက်ခြင်းငှာ မတတ်နိုင်မူ၍ ကြည့်ကာ မျှော်ကာ ချီးမွမ်းကာနှင့် သမုဒ္ဒရာအပြင်သို့ ရောက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



(က) ဤဥပမာ၌ အယဉ်ထန်စွာစီးသော မြစ်ကြီး သမုဒ္ဒရာကြီးကဲ့သို့ ဩဃလေးဖြာ သံသရာ ကြီးကို မှတ်ရာ၏။

(ခ) ဝန်ပြည့်သော လှေကြီးကဲ့သို့ ထိုထိုသတ္တဝါတို့၏ ခန္ဓာကိုယ်ကို မှတ်ရာ၏။

(ဂ) လှေတက်ကို မနိုင်နင်းသော လှေသူကြီးကဲ့သို့ ပုထုဇဉ်သတ္တဝါကို မှတ်ရာ၏။

(ဃ) တောတောင်စခန်း၌ ဆိပ်ကမ်းမရှိသော မြစ်ပြင်ကြီးကဲ့သို့ သုညကမ္ဘာ သံသရာခရီးကို မှတ်ရာ၏။

(င) မြို့ရွာဆိပ်ကမ်းရှိပါသော်လည်း ညဉ့်အခါမှောင်မိုက်နှင့် ကြုံကြိုက်၍ မြို့ရွာဆိပ်ကမ်းကို မမြင်ဘဲ အတွင်စုန်မျှောရသကဲ့သို့ ဘုရားပွင့်ရာ ဗုဒ္ဓကမ္ဘာပင် ဖြစ်သော်လည်း အရပ်ပြစ်ရှစ်ဖြာ မိစ္ဆာမှောင်မိုက်နှင့် ကြုံကြိုက်၍ ဘုရားသာသနာ သိက္ခာသုံးတန် နိဗ္ဗာန်ဆိပ်ကမ်းသို့ သမ္မာဒိဋ္ဌိ ဉာဏ်မျက်စိဖြင့်မမြင်ဘဲ သံသရာ အယဉ်သို့ အတွင်စုန်မျှောကြသော သာသနာပ လူမျိုးတို့ကိုမှတ်ရာ၏

(စ) နေ့အခါ၌ ကမ်းစဉ်တလျှောက် မြို့ရွာဆိပ်ကမ်းများကို မြင်ပါသော်လည်း လှေတက်ကို မနိုင်နင်းသည့်အတွက်ကြောင့် တစ်စုံတစ်ခုသော မြို့ရွာဆိပ်ကမ်းသို့ မကပ်နိုင် မဆိုက်နိုင်မူ၍ ကြည့်မျှော်ကာ ချီးမွမ်းကာနှင့် သမုဒ္ဒရာအပြင်သို့ လွင့်လေသကဲ့သို့ ဘုရားပွင့်ရာ သာသနာ၌ ဗုဒ္ဓဘာသာ အမျိုးကောင်းစင်စစ် ဖြစ်ပါသော်လည်း ဘာဝနာအလုပ်ကို အားမထုတ်ကြဘဲ ပကတိသော စိတ်နှင့်သာ နေကြသည့်အတွက် စိတ်ကို အစိုးမရသော အရှုအနှမ်းအရာ၌ တည်နေကြသည်ဖြစ်၍ သမထဈာန် ဝိပဿနာ ဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိပ်ကမ်းသို့ မကပ်နိုင်ကြ မဆိုက်နိုင်ကြကုန်မူ၍ ရတနာသုံးပါးကို ကြည်ညိုကိုးကွယ် ဖူးမြော်ချီးမွမ်းကာ ဘုရားဒါယကာ၊ ဘုရားအမ၊ ကျောင်းဒါယကာ၊ ကျောင်းအမ၊ ပစ္စည်းလေးပါး ဒါယကာ၊ ပစ္စည်းလေးပါးအမ၊ သာမညရဟန်း ကျမ်းတတ် ဂန်တတ်အကျော် တံဆိပ်တော်ရ ဆရာတော်ဖြစ်ကာနှင့် သုညကမ္ဘာ သံသရာပြင်ကြီးသို့ လွင့်ကာလွင့်ကာ လာကြသည် ကို မှတ်ရာ၏။

လွန်လေပြီးသောအခါ အနမတဂ္ဂ သံသရာမှ ယနေ့ထက်တိုင်မျှော၍ လာခဲ့ကြပုံတည်း။

စိတ်ကိုအစိုးမရ၍ သံသရာမျှောရပုံ ပြီး၏။

- - - - - - - - - - - - - - - - - - -



www.burmeseclassic.com

www.burmeseclassic.com


**စိတ်ကိုမနိုင်ခြင်းအပြစ်**

ယခုအခါ၌လည်း ဘုရားသာသနာ၌ ဗုဒ္ဓဘာသာ အမျိုးကောင်းစင်စစ် ဖြစ်ကြကုန်လျက် ကာယ ဂတာသတိ ဘာဝနာများကို အားမထုတ်ကြဘဲ အစိုးမရသော ပကတိစိတ်အတိုင်းနှင့် သာနေ၍ သေလွန် ကြလျှင် အတိတ်သံသရာက လာခဲ့ကြသော လမ်းမ လမ်းရိုးကြီးအတိုင်း သံသရာ ဒလဟောသို့ မျောမြဲ မြုပ်မြဲ အလဲလဲပင် ဖြစ်ကြကုန်ရာသည်။

ပြခဲ့ပြီးသော ဥပမာဖြင့် စိတ်ကို အစိုးမရမှုသည် သံသရာဒလဟော၌ မျောလမ်းကြီး စင်စစ်ဖြစ်၏။ အဘယ့်ကြောင့်နည်းဟူမူ–သမထအလုပ် ဝိပဿနာ အလုပ်သို့ မကပ်နိုင်ကြသောကြောင့်တည်း။

**စိတ်ကိုနိုင်နင်းခြင်းအကျိုး**

စိတ်ကိုအစိုးရမှုသည် နိဗ္ဗာန်ဆိပ်ကမ်းသို့ ဆိုက်လမ်းကြီးစင်စစ်ဖြစ်သည်။ အဘယ့်ကြောင့်နည်း ဟူမူ အလိုရှိသောအခါ သမထအလုပ် ဝိပဿနာအလုပ်ကို လုပ်နိုင်သောကြောင့်တည်းဟူသော အနက်ကို ပြဆိုသည်။ ကာယဂတာသတိ ဘာဝနာသည် စိတ်ကိုအစိုရအောင် အားထုတ်မှုပေတည်း။

**ကာယဂတာသတိနှင့် နိဗ္ဗာန်**

အထက်ဖြစ်သော သမထအလုပ် ဝိပဿနာအလုပ်တို့ကို မလုပ်တည့်နိုင်လျှင် ရှိစေဦး။ မိမိစိတ်ကို မိမိကိုယ်သန္တာန်အတွင်း၌ နိုင်နိုင်နင်းနင်း ထားနိုင်ကြလျှင်ပင် နိဗ္ဗာန်၏အရသာကို ခံစံကြရသည် မည်ကြောင်းကို ဤသို့ဟောတော်မူ၏။

– အမတံ တေသံ ဝိရဒ္ဓံ၊ ယေသံ ကာယဂတာသတိ ဝိရဒ္ဓါ။
– အမတံ တေသံ အဝိရဒ္ဓံ၊ ယေသံ ကာယဂတာသတိ အဝိရဒ္ဓါ။
– အမတံ တေသံ အပရိဘုတ္တံ၊ ယေသံ ကာယဂတာသတိ အပရိဘုတ္တာ။
– အမတံ တေသံ ပရိဘုတ္တံ၊ ယေသံ ကာယဂတာသတိ ပရိဘုတ္တာ။

**(အင်္ဂုတ္တိုရ် ပါဠိတော်)**

ယေသံ၊ အကြင်သူတို့အား၊ ကာယဂတာသတိ၊ ကာယဂတာသတိသည်၊ ဝိရဒ္ဓါ၊ ချော်ချွတ်လေ၏၊ တေသံ၊ ထိုသူတို့အား၊ အမတံ၊ အမြိုက်နိဗ္ဗာန်သည်၊ ဝိရဒ္ဓံ၊ ချော်ချွတ်လေ၏၊ ယေသံ၊ အကြင်သူတို့အား၊ ကာယဂတာသတိ၊ ကာယဂတာသတိ


www.burmeseclassic.com

www.burmeseclassic.com

သည်၊ အဝိရဒ္ဓါ၊ မချော်ချွတ်၊ တေသံ၊ ထိုသူတို့အား၊ အမတံ၊ အမြိုက်နိဗ္ဗာန်သည်၊ အဝိရဒ္ဓံ၊ မချော်ချွတ်နိုင်ပြီ။

ယေသံ၊ အကြင်သူတို့အား၊ ကာယဂတာသတိ၊ ကာယဂတာသတိကို၊ အပရိဘုတ္တာ၊ မသုံးဆောင်ရ၊ တေသံ၊ ထိုသူတို့အား၊ အမတံ၊ အမြိုက်အရသာကို၊ အပရိဘုတ္တံ၊ သုံးဆောင်ရသည် မမည်။

ယေသံ၊ အကြင်သူတို့အား၊ ကာယဂတာသတိ၊ ကာယဂတာသတိကို၊ ပရိဘုတ္တာ၊ သုံးဆောင်ရ၏၊ တေသံ၊ ထိုသူတို့အား၊ အမတံ၊ အမြိုက်အရသာကို၊ ပရိဘုတ္တံ၊ သုံးဆောင်ရသည်မည်၏။

**(ငှင်းပါဠိတော်အနက်)**

လိုရင်းအဓိပ္ပါယ်ကား–ကာယဂတာသတိ ဘာဝနာတည်၍ မိမိစိတ်ကိုမိမိ အစိုးရသော အဖြစ်၌ တည်ကြသောသူတို့အား သမထဝိပဿနာအလုပ်ကို တွင်ကျယ်စွာ လုပ်နိုင်ကြတော့မည်ဖြစ်၍ ယခုဘဝ ဆိုက်တိုက်၍နေသော နိဗ္ဗာန်နှင့် လွဲနိုင်ရန်မရှိပြီ၊ ကာယဂတာသတိ ဘာဝနာလက်မဲ့၍ မိမိစိတ်ကို မိမိ အစိုးမရသော အရူးအနှမ်းအရာ၌ တည်မြဲတိုင်းနှင့် နေကြကုန်မူကား သမထဝိပဿနာအလုပ်သို့ မကပ်နိုင်သဖြင့် နိဗ္ဗာန်နှင့် လွဲကြကုန်ရာ၏ ဟူလိုသည်။

**စိတ်အစိုးရမှုအမျိုးမျိုး**

စိတ်ကိုအစိုးရမှုမည်သည် အမျိုးမျိုးရှိ၏။ အဘယ်သို့အမျိုးမျိုးရှိသနည်း၊ ဟူမူကား–

လောက၌ အရူးအနှမ်း မဟုတ်ဟူ၍ ပကတိ တည်ကြည်သောစိတ်နှင့် ပြည့်စုံလျက် လူရေးလူရာ၌ နေရာတကျ ရှိသည်ကိုလည်း စိတ်ကို အစိုးရမှုခေါ်၏။ သာသနာ၌မူကား ဣန္ဒြိယသံဝရသီလ လုံခြုံမှုသည်လည်း အစိုးရမှုတပါးပင်ဖြစ်၏။ ခိုင်ခံ့သော အစိုးရမှုကား မဟုတ်သေး။ ကာယဂတာသတိဘာဝနာ တည်မှု သည်ကား သမထဝိပဿနာ၏ ပဒဋ္ဌာန် (နီးစွာသောအကြောင်း) ဖြစ်၍ ခိုင်ခံ့သော အစိုးရမှုမည်၏။ ထိုထက် ဥပစာရသမာဓိမှုသည် ခိုင်ခံ့၏၊ ထိုထက် အပ္ပနာသမာဓိမှုသည် ခိုင်ခံ့၏။ အပ္ပနာသမာပတ် ရှစ်ပါးတို့သည် တစ်ဆင့်ထက်တစ်ဆင့် ခိုင်ခံ့ကြကုန်၏။ အဘိညာဉ်မှုသည် သမထကိစ္စတွင် အထွတ်အထိပ်ဖြစ်သော အစိုးရမှုမည်၏။



www.burmeseclassic.com

www.burmeseclassic.com

## သမထ ဝိပဿနာ ယာဉ် ၂-ပါး

* ဤကား ကာယဂတာသတိ ဘာဝနာမှုမှ သမထလမ်းသို့တက်သော သမထယာနိက လမ်းတည်း။

* ကာယဂတာသတိ ဘာဝနာမှုမှ ဝိပဿနာသို့တက်သည်ကိုကား ဝိပဿနာယာနိက လမ်း ခေါ်၏။

ဤတွင်ရွေ့ကား သမထအလုပ် ဝိပဿနာအလုပ်တို့၏ ရှေ့အဖို့ ၌ ကာယဂတာ သတိပဋ္ဌာန်အလုပ်ကို ရှေးဦးစွာ တည်ထောင်အားထုတ်ရခြင်း၏ အကြောင်းကို ဥပမာ ယုတ္တိနှင့်တကွ ပြဆိုလိုက်သော အခန်းတည်း။

ကာယဂတာသတိဘာဝနာ ဦးစွာအားထုတ်ရပုံ ပြီး၏။

---

## အာနာပါန ကမ္မဋ္ဌာန်း ပွားသင့်ပုံ

ယခုအခါ ဗုဒ္ဓဘာသာ သာသနာ၌ ကြုံကြိုက်ကြသူ ရှင်လူအပေါင်းတို့သည် မိမိစိတ်ကို မိမိအစိုးမရ ရှိနေကြသည်ကို လွန်စွာ စက်ဆုပ်ထိတ်လန့်ကြကုန်၍ မိမိစိတ်ကို မိမိအစိုးရသောအဖြစ်၌ စောစော စီးစီးတည်ပြီး ဖြစ်ကြစေခြင်းငှာ မဟာသတိပဋ္ဌာန သုတ်၌လာသော တစ်ခုခုသော ကာယဂတာ သတိ အလုပ်များကို အားထုတ်ကြကုန် ရာ၏။

## ကာယဂတာသတိအပြား ၁၈-ပါး

ထိုကာယဂတာသတိသည် ဥပရိပဏ္ဏာသပါဠိတော် ကာယဂတာသတိ သုတ်၌ကား...

- အာနာပါနပိုင်း
- ဣရိယာပထပိုင်း
- သမ္ပဇညပိုင်း
- ပဋိကူလပိုင်း
- ဓာတုဝဝတ္ထာနပိုင်း
- သိဝထိက ကိုးပါးတို့နှင့်တကွ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ဟုဆိုအပ်သော ကာယဂတာ သတိ အပြား ၁၈-ပါးလာ၏။



www.burmeseclassic.com

www.burmeseclassic.com

ကိစ္စ ၄–ပါး ပြီးနိုင်ပုံ

ငှင်းပါဠိတော် အာနာပါနသုတ်၌ကား–

- အာနာပါန အလုပ်တစ်ခုနှင့်ပင် ကာယဂတာသတိ ဘာဝနာကိစ္စ၊
- အပ္ပနာစျာန် ၄–ပါး ဟူသော သမထဘာဝနာကိစ္စ၊
- ဝိပဿနာ ဘာဝနာ ကိစ္စ၊
- ဝိဇ္ဇာဝိမုတ္တိဟု ဆိုအပ်သော မဂ္ဂဘာဝနာကိစ္စ၊
- ဖလသစ္ဆိကိရိယာကိစ္စတို့သည် အပြီးတိုင်လာကုန်၏။

## ဘုရားရှင်တိုင်း၏လက်စွဲ

ခပ်သိမ်းသော မြတ်စွာဘုရားတို့၏လည်း အာနာပါနသတိ၌တည်၍ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူကြကုန်မြဲ ဓမ္မတာဖြစ်၏။ ဘုရားအဖြစ်သို့ရောက်ကြကုန်ပြီးသော အခါ၌လည်း အာနာပါန သတိကို အသက်ထက်ဆုံး မစွန့်ကြကုန်ပြီ။

သမထအရာ၌လည်း ကမ္မဋ္ဌာန်းလေးဆယ်ရှိသည်တွင် အာနာပါန ကမ္မဋ္ဌာန်းသည် အစဉ်စွဲမြဲ ပွားများခြင်းငှာ အလွယ်ဆုံးဖြစ်၏။ မြတ်စွာဘုရားသည်လည်း တခြားသော သမထကမ္မဋ္ဌာန်းတို့ထက် ထွတ်မြတ်သော လွန်သောဂုဏ်ပုဒ်တို့ဖြင့် များစွာချီးမွမ်းတော်မူ၏။ အဋ္ဌကထာ ဆရာမြတ်ကြီးတို့သည် လည်း မဟာပုရိသဘူမိဟု မိန့်တော်မူကြကုန်၏။

လူသာမန် ရှင်သာမန်တို့နှင့်ထိုက်တန်သော ကမ္မဋ္ဌာန်းမဟုတ်၊ လူပညာရှိကြီး ရှင်ပညာရှိကြီးတို့ နှင့်သာ ထိုက်တန်သော ကမ္မဋ္ဌာန်းဖြစ်သည် ဟူလို။

ထို့ကြောင့် ရှေ့၌ပြဆိုခဲ့ပြီးသော အလောင်းအလျာ ပညာရှိကြီးတို့၏ နည်းလမ်းတို့တွင် ဘုံ ၇–ဆင့်ရှိသော ရွှေနန်းပြာသာဒ်ပေါ်၌ ပကတိသော မင်းစေရာဇ်အသွင်နှင့်ပင် ဆိတ်ငြိမ်စွာ စံနေတော်မူ၍ အာနာပါနအလုပ်ကို အားထုတ်တော်မူရာ ကာယဂတာသတိ ဘာဝနာကိစ္စမှစ၍ စတုတ္ထစျာန် သမာဓိ ဘာဝနာကိစ္စတိုင်အောင် ပြီးစီးထမြောက် ပေါက်ရောက်တော်မူသော ရောမနိုင်ငံ၏အနီး တက္ကသိုလ်ပြည် ကြီးကို ရွှေထီးရွှေနန်း သိမ်းမြန်းစိုးစံတော်မူသော ပက္ကုသာတိမင်း၏ နည်းလမ်းကို လိုက်စားအားကျ၍ ဗုဒ္ဓုပ္ပါဒဒုလ္လဘ၏ အကျိုးအာနိသံသနှင့်တကွ ဘဝသမ္ပတ္တိစီးပွားကို အားထုတ်ကြလိုကုန်သော ဗုဒ္ဓဘာသာ လူပညာရှိကြီးတို့၏အကျိုးငှာ အာနာပါနသတိ သုတ္တန်ပါဠိတော်ကြီးကို ပါဠ်အနက်အဓိပ္ပါယ်နှင့်တကွ ထုတ်ပြ၍ အကျဉ်းသခေ်ပအားဖြင့် အာနာပါနကမ္မဋ္ဌာန်းအစီအစဉ်ကို ပြဆိုပေအံ့သတည်း။

အာနာပါနကမ္မဋ္ဌာန်း ပွားသင့်ပုံ ပြီး၏။



www.burmeseclassic.com

www.burmeseclassic.com


**အာနာပါန အချီး**

၁။ အာနာပါနသတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ။
၂။ စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တ ဗောဇ္ဈင်္ဂေ ပရိပူရေန္တိ ။
၃။ သတ္တဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တိ ။

၁။ ဘိက္ခဝေ၊ ရဟန်းတို့၊ အာနာပါနသတိ၊ အာနာပါနသတိ ကမ္မဋ္ဌာန်း အလုပ်သည်၊ ဘာဝိတာ၊ ပွားများစေအပ်ကုန်သည်ရှိသော်၊ ဗဟုလီကတာ၊ နေ့ရက်များစွာ လေ့လာခြင်းကို ပြုအပ်ကုန်သည်ရှိသော်၊ စတ္တာရောသတိပဋ္ဌာနေ၊ သတိပဋ္ဌာန် လေးပါးတို့ကို၊ ပရိပူရေန္တိ၊ ပြီးပြည့်စုံစေနိုင်ကုန်၏။

၂။ စတ္တာရော သတိပဋ္ဌာနာ၊ လေးပါးသော သတိပဋ္ဌာန်တရားတို့သည်၊ ဘာဝိတာ၊ ပွားများ စေအပ်ကုန်သည်ရှိသော်၊ ဗဟုလီကတာ၊ နေ့ရက်များစွာ လေ့လာစွဲမြဲခြင်းကို ပြုအပ်ကုန်သည်ရှိသော်၊ သတ္တဗောဇ္ဈင်္ဂေ၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို၊ ပရိပူရေန္တိ၊ ပြီးပြည့်စုံစေနိုင်ကုန်၏။

၃။ သတ္တဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင်ခုနစ်ပါးတို့သည်၊ ဘာဝိတာ၊ ပွားများစေအပ်ကုန်သည်ရှိသော်၊ ဗဟုလီကတာ၊ နေ့ရက်များစွာလေ့လာအပ်ကုန်သည်ရှိသော်၊ ဝိဇ္ဇာဝိမုတ္တိံ ၊ လောကုတ္တရာ ဝိဇ္ဇာလေးပါး ဝိမုတ္တိလေးပါးကို၊ ပရိပူရေန္တိ၊ ပြီးပြည့်စုံစေနိုင်ကုန်၏။ (ပါဠိတော်အနက်)

**လောကုတ္တရာဝိဇ္ဇာ ၄–ပါး**

မဂ်ဉာဏ်လေးပါးသည် လောကုတ္တရာ ဝိဇ္ဇာလေးပါးမည်၏။

**ဝိမုတ္တိ ၄–ပါး**

ဖိုလ်ဉာဏ်လေးပါးသည် ဝိမုတ္တိလေးပါးမည်၏။

**လိုရင်းအဓိပ္ပါယ်ကား–**

၁။ အာနာပါန ကမ္မဋ္ဌာန်းအလုပ်ကို နေ့ရှည်ရက်များ ကြီးပွားထမြောက်အောင် လုပ်ဆောင်နိုင်ပါမူကား သတိပဋ္ဌာန်လေးပါးကို ပွားများမှုကိစ္စလည်း အလိုလို ပြီးစီးတော့သည်။

၂။ ဗောဇ္ဈင် ၇–ပါးကို ပွားများမှုကိစ္စလည်း အလိုလိုပြီးစီးတော့သည်။

၃။ ဝိဇ္ဇာ၊ ဝိမုတ္တိ တရားနှစ်ပါးကို ပွားများမှုကိစ္စလည်း ပြီးစီးတော့သည် ဟူလို သတည်း။


www.burmeseclassic.com

www.burmeseclassic.com

ဤပါဠိတော်၌ အလုံးစုံသော ဗောဓိပက္ခိယတရား ၃၇-ပါးတို့ကို သတိပဋ္ဌာန် ဗောဇ္ဈင် ဝိဇ္ဇာ ဝိမုတ္တိ တို့ဖြင့် သိမ်းကျုံး၍ ဟောတော်မူသည်။ ဗောဓိပက္ခိယတရား ၃၇-ပါးကို ပွားများမှု အကုန်ပြီးစီး၏ ဆိုလိုသည်။

အာနာပါနအချီး ပြီး၏။

- - - - - - - - - - - - - - - - - - - - - - -

## ကမ္မဋ္ဌာန်း အလုပ်ခွင်တည်ခန်း

ဣဓ ပန ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။ **(ဋ္ဌင်းသုတ်ပါဠိတော်)**

ဘိက္ခဝေ၊ ရဟန်းတို့၊ ဣဓ ပန၊ ဤသာသနာတော်တွင်း၌၊ ဘိက္ခု၊ သံသရာဘေးကို မြင်မြော်နိုင် သောသူသည်၊ အရညဂတောဝါ၊ တောအရပ်၌ တည်၍သော်လည်းကောင်း၊ ရုက္ခမူလ ဂတောဝါ၊ သစ်ပင်ရင်း၌ တည်၍သော်လည်းကောင်း၊ သုညာဂါရဂတော ဝါ၊ ဆိတ်ငြိမ်ရာ ကျောင်း၊ အိမ်၊ ဘုံနန်း၊ တိုက်ခန်း နေရာ၌ တည်၍သော်လည်းကောင်း၊ ပလ္လင်္ကံ ၊ ထက်ဝယ်ပလ္လင်ကို၊ အာဘုဇိတွာ၊ ဖွဲ့ခွေထိုင်နေ၍၊ ကာယံ၊ အထက်ကိုယ်ကို၊ ဥဇုံ ဖြောင့်မတ်စွာ၊ ပဏိဓာယ၊ ထား၍၊ သတိံ၊ သတိကို၊ ပရိမုခံ၊ ကမ္မဋ္ဌာန်း အချက် ထွက်သက်ဝင်သက်သို့ ရှေးရှု၊ ဥပဋ္ဌပေတွာ၊ နိုင်မြဲစွာ စိုက်ထား၍၊ နိသီဒတိ၊ နေ၏။

ထက်ဝယ်ဖွဲ့ခွေထိုင်နေမှုသည် ကမ္မဋ္ဌာန်းအလုပ်နှင့်အထူးသင့်လျော်သောကြောင့် ပလ္လင်္ကံ အာဘုဇိတွာဟူ၍ ဟောတော်မူသည်။ စင်စစ် သော်ကား ဣရိယာပုထ်လေးပါး၌ပင် စွဲမြဲရမည်ဖြစ်၏။

ကမ္မဋ္ဌာန်းအလုပ်ခွင် တည်ခန်းပြီး၏။

- - - - - - - - - - - - - - - - - - - - - - -

## အာနာပါနဿတိ ပဌမ စတုက္ကပါဠိတော်နည်း

၁။ ပဌမခန်း ။ သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ။

၂။ ဒုတိယခန်း ။ ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊
ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ၊
ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊
ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။



www.burmeseclassic.com

www.burmeseclassic.com

၃။ တတိယခန်း ။ သဗ္ဗကာယပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊
သဗ္ဗကာယပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

၄။ စတုတ္ထခန်း ။ ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာ မီတိ သိက္ခတိ၊
ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာ မီတိ သိက္ခတိ။

၁။ သော၊ ထိုထက်ဝယ်ဖွဲ့ခွေထိုင်နေပြီးသောယောဂီသည်၊ သတော၀၊ မလစ်စေမူ သတိပြု၍ သာလျှင်၊ အဿသတိ၊ ထွက်သက်လွှတ်၏၊ သတော၀၊ မလစ်စေမူ သတိပြု၍သာလျှင်၊ ပဿသတိ၊ ဝင်သက်ရှူ၏။

၂။ ဒီဃံ၀ါ၊ ရှည်စွာမူလည်း၊ အဿသန္တော၊ ထွက်သက်လွှတ်သည်ရှိသော်၊ ဒီဃံ၊ ရှည်စွာ၊ အဿသာမီတိ၊ ထွက်သက်ငါလွှတ်၏ ဟူ၍၊ ပဇာနာတိ၊ သိ၏၊ ဒီဃံ၀ါ၊ ရှည်စွာမူလည်း၊ ပဿသန္တော၊ ဝင်သက် ရှူသည်ရှိသော်၊ ဒီဃံ၊ ရှည်စွာ၊ ပဿသာမီတိ၊ ဝင် သက်ငါရှူ၏ ဟူ၍၊ ပဇာနာတိ၊ သိ၏။

ရဿံ ဝါ တိုစွာ မူလည်း၊ အဿသန္တော၊ ထွက်သက်လွှတ်သည်ရှိသော်၊ ရဿံ၊ တိုစွာ၊ အဿ သာမီတိ၊ ထွက်သက် ငါလွှတ်၏ ဟူ၍၊ ပဇာနာတိ၊ သိ၏၊ ရဿံ ဝါ တိုစွာ မူ လည်း၊ ပဿသန္တော၊ ဝင်သက်ရှူသည်ရှိသော်၊ ရဿံ ဝါ တိုစွာ၊ ပဿသာမီတိ၊ ဝင်သက်ငါရှူ၏ ဟူ၍၊ ပဇာနာတိ၊ သိ၏။

၃။ သဗ္ဗကာယပ္ပဋိသံဝေဒီ၊ ထွက်သက်၏ အစ အလယ် အဆုံး အကုန်လုံး ထင်လင်းသည်၊ ဟုတွာ၊ ဖြစ်၍၊ အဿသိဿာမိ၊ ထွက်သက်လွှတ်ပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

သဗ္ဗကာယပ္ပဋိသံဝေဒီ၊ ဝင်သက်၏ အစ အလယ် အဆုံး အကုန်လုံး ထင်လင်းသည်၊ ဟုတွာ၊ ဖြစ်၍၊ ပဿသိဿာမိ၊ ဝင်သက်ရှူပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

၄။ ကာယ သင်္ခါရံ၊ ထွက်သက်ဟူသော ကာယသင်္ခါရကို၊ ပဿမ္ဘယံ- ပဿမ္ဘယန္တော၊ အစဉ်အတိုင်း ချုပ်ငြိမ်းစေလျက်၊ အဿသိဿာမိ၊ ထွက်သက်လွှတ် ပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

ကာယသင်္ခါရံ၊ ဝင်သက်ဟူသော ကာယသင်္ခါရကို၊ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ အစဉ်အတိုင်း ချုပ်ငြိမ်းစေလျက်၊ ပဿသိဿာမိ၊ ဝင်သက်ရှူပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

**(ပဥ္စမ စတုက္ကအနက်)**

**ဆောင်ပုဒ်။** ။ သတိမြဲရာ၊ ပဥ္စမာ၊ ဒု-မှာ ရှည်-တို သိ။ လုံးစုံလင်းရာ၊ တ ၌သာ၊ စ-မှာ ငြိမ်းစေဘိ။



www.burmeseclassic.com

www.burmeseclassic.com

၁။ ပဌမခန်းမှာ ထွက်သက် ဝင်သက်တို့၌ သတိမြဲမှုကို အားထုတ်ရသည်။

၂။ ဒုတိယခန်းမှာ ထွက်သက်ဝင်သက်တို့၌ ရှည်လျှင်ရှည်သည်ဟု၊ တိုလျှင် တိုသည်ဟု သိအောင် အားထုတ်ရသည်။

၃။ တတိယခန်းမှာ ထွက်သက်ဝင်သက်တို့ကို အစ အလယ် အဆုံး ထင်လင်းအောင် အားထုတ်ရသည်။

၄။ စတုတ္ထခန်းမှာ ရှုန့်ရင်းသော ထွက်သက် ဝင်သက်တို့ကို အစဉ်အတိုင်း ချုပ်ငြိမ်းစေ၍ သိမ်မွေ့၍ သွားအောင် အားထုတ်ရသည်။

စတုတ္ထလေးခု အဓိပ္ပါယ်အကျဉ်း ပြီး၏။

- - - - - - - - - - - - - - - - - - - - - -

## ပါဠိလျှောက်အဓိပ္ပါယ်

၁။ ပဌမအခန်းမှာ – အရှည် အတို စသည်တို့ကို နလုံးမသွင်းနိုင်သေး၊ နှာသီးဖျား၌သော်လည်းကောင်း၊ အထက် နှုတ်ခမ်းဖျား၌သော်လည်းကောင်း၊ ထွက်သက်ဝင်သက်တို့၏ ထိမှုခိုက်မှု ထင်ရှားရာ တစ်ခုခုသောဌာန၌ စိတ်ကို ခိုင်မြဲစွာစိုက်ထား၍ ထွက်တိုင်း ဝင်တိုင်းသိအောင် အားထုတ် ရသည်။ တစ်နာရီ နှစ်နာရီ စသည်ဖြင့် တတ်စွမ်းနိုင်သမျှ ကာလပတ်လုံး ထိုဌာန၌ စိတ်သည် ချည်နှောင်ထား ဘိသကဲ့သို့ ခိုင်မြဲစွာနေ၍ ထွက်သမျှ ဝင်သမျှကို တစ်ခုမလွတ် သိမှုပိုင်နိုင်သည် တိုင်အောင် အားထုတ်ရသည်။

ပဌမခန်း ပြီး၏။

- - - - - - - - - - - - - - - - - - - - - -

၂။ ဒုတိယအခန်းမှာ – ထိုသို့ သိမှုပိုင်နိုင်ပြီးနောက် မိမိရှုသော ထွက်သက်ဝင်သက်ကို ရှည်လျှင် ရှည်မှန်း သိစေရမည်၊ တိုလျှင် တိုမှန်း သိစေရမည်၊ တစ်ယောက်သော့သူ၏ တစ်ထိုင်အတွင်းမှာပင် ရှည်သည့်အလှည့် တိုသည့်အလှည့် ရှိ၏။ ရှည်မှု တိုမှုကို တစ်ခုမလွတ် သိအောင် အားထုတ်ရသည်။ ထွက်သက်ဝင်သက် အထွက်အဝင်နှေးသည်ကို အရှည်ဆိုသည်။ လျင်မြန်သည်ကို အတိုဆိုသည်။ နှေးလျှင် နှေးမှု မြန်လျှင် မြန်မှု ကို သိစေရမည် ဆိုလိုသည်။
ဒုတိယခန်းပြီး၏

- - - - - - - - - - - - - - - - - - - - - -

၃။ တတိယခန်းမှာ – ထိုသို့ အရှည်အတို သိမှုပိုင်နိုင်ပြီးနောက် နှာသီးဖျားမှ ချက်တိုင်ကျအောင် ကိုယ်ကာယအတွင်း၌ ထွက်သက်ဝင်သက်တို့ကို အစ အလယ်



www.burmeseclassic.com

www.burmeseclassic.com

အဆုံး အကုန်လုံးထင်လင်းစွာ စိတ်မှာမြင်ရအောင် အားထုတ်ရသည်။
တတိယခန်းပြီး၏။

---

၄။ စတုတ္ထခန်းမှာ – ထိုသို့ အစ အလယ် အဆုံး အကုန်လုံး ထင်လင်းမှု ပိုင်နိုင်ပြီးနောက် ရှန့်ရင်းစွာသော ထွက်သက် ဝင်သက်တို့ကို အဆင့်ဆင့် သိမ်မွေ့၍ သိမ်မွေ့၍ သွားအောင် အားထုတ်ရသည်။ ငါ၌ ထွက်သက် ဝင်သက် ပျောက်၍သွားပြီဟု ထင်ရအောင် အားထုတ်ရသည်။
စတုတ္ထခန်းပြီး၏။

ဤကား ပထမ စတုက္က ပါဠိတော်မြတ်၏ ပါဌ်လျှောက်အဓိပ္ပါယ်။

---

## အဋ္ဌကထာနည်း

ယခုအခါ ဤပထမ စတုက္ကအရာမှာ အဋ္ဌကထာ တို့၌လာသော နည်းလမ်းကို ပြဆိုပေအံ့။

၁။ ဂဏနာ။ အနေးအမြန် အစဉ်မှန် နှစ်တန်ရေတွက်နည်း။
၂။ အနုဗန္ဓနာ။ အမြဲအမြန်၊ အတွယ်သန်၊ တစ်ဖန် ဖွဲ့ထားနည်း။
၃။ ထပနာ။ ငြိမ်ဝပ်ပြန့်ဖြူး၊ စိတ်စိုက်စူး၊ အထူး စိတ်ထားနည်း။

**အဓိပ္ပါယ် အကျဉ်းကား**– ထွက်သက် ဝင်သက်တို့၏ ထိခိုက်ရာ ဌာနသည် နှာသီးဖျား အထက်နှုတ်ခမ်းဖျားဟူ၍ ၂–ပါးရှိ၏။ အချို့သောသူတို့အား နှာသီးဖျား၌ ထိခိုက်မှုထင်ရှား၏။ အချို့သော သူတို့အား အထက်နှုတ်ခမ်းဖျား၌ ထိခိုက်မှု ထင်ရှား၏။ မိမိ၌ ထင်ရှားရာ တစ်ခုခုကို အစွဲပြု၍–

- အစ၌ ရေတွက်ခြင်းနည်းဖြင့် အားထုတ်ရာ၏။
- အလယ်၌ အစဉ်လိုက်နည်းဖြင့် အားထုတ်ရာ၏။
- အဆုံး၌ ထွက်သက် ဝင်သက်တို့၌ အခိုင်အမြဲ စိတ်ထားနည်းဖြင့် အားထုတ်ရာ၏။

**ဂဏနာနည်း အကျယ်**

**ဂဏနာနည်း** ။ ။ ထိုသုံးပါးတို့တွင် ရေတွက်နည်းသည်–

၁။ နှေးနှေးရေတွက်နည်း
၂။ မြန်မြန် ရေတွက်နည်း ဟူ၍ ၂–ပါးရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုတွင်–

**နေ့နေ့ရေတွက်နည်း**

နေ့နေ့ရေတွက်နည်းဆိုသည်ကား– နှာသီးဖျား အထက်နှုတ်ခမ်းဖျား ဌာနနှစ်ပါးတွင် တစ်ပါးပါး၌ စိတ်ကို စူးစိုက်ထား၍ ထွက်သက် ဝင်သက် နှစ်ပါးကို နှလုံးသွင်းသောအခါ အစ၌ စိတ်မငြိမ်သက် သေးသည့်အတွက်ကြောင့် ထွက်သက် ဝင်သက်တို့သည် အချက်တိုင်း အချက်တိုင်း စိတ်၌ ထင်ရှားကုန်သေးသည် မဟုတ်၊ မထင်ရှားသော အချက်စုလည်းပါရှိကုန်သေး၏။ ထို့ကြောင့် မထင်ရှားသော အချက်စုကို မရေမတွက်မူ၍ ထင်ရှားသော အချက်စုကိုသာ ရေတွက်ခြင်းကြောင့် နေ့သောရေတွက်နည်း ဖြစ်လေသတည်း။

ရေတွက်ရာ၌လည်း––––

| | | |
|---|---|---|
| ၁။ တစ်မှစ၍ | ငါးတွင် | တစ်ဝါရ |
| ၂။ တစ်မှစ၍ | ခြောက်တွင် | တစ်ဝါရ |
| ၃။ တစ်မှစ၍ | ခုနစ်တွင် | တစ်ဝါရ |
| ၄။ တစ်မှစ၍ | ရှစ်တွင် | တစ်ဝါရ |
| ၅။ တစ်မှစ၍ | ကိုးတွင် | တစ်ဝါရ |
| ၆။ တစ်မှစ၍ | တစ်ဆယ်တွင် | တစ်ဝါရ – |

ဤသို့ ၆–ဝါရတို့ဖြင့် ရေတွက်ရာ၏။

ပထမဝါရ ဒုတိယဝါရ တတိယဝါရ စတုတ္ထဝါရ ပဉ္စမဝါရ ဆဋ္ဌဝါရ ဟူ၍လည်း အစဉ်တိုင်းခေါ်ရ၏။ ဆဋ္ဌဝါရပြီးလျှင် ပထမဝါရသို့ပြန်လေ။ ၄င်း၆–ဝါရ လုံးကိုမှ တစ်ဝါရဟူ၍လည်း ခေါ်ကြ၏။

**ဂဏနာနည်းရေတွက်ပုံ**

ရှေးဦးစွာ စိတ်ကို နှာခေါင်းဝ၌ စိုက်ထား၍ ထွက်သက် ဝင်သက် ၂–ပါးတွင် ထင်ရှားရာတစ်ခုခုကို တစ်–ဟု ရေတွက်ရာ၏။ ၄င်းနောက် ထွက်သက် ဝင်သက် ၂–ပါးပင် ထင်ရှား သည်ချည်း ဖြစ်လာခဲ့လျှင် အစဉ်အတိုင်း နှစ် သုံး လေး ဟု ရေတွက်ရာ၏။ မထင်မရှားပါရှိခဲ့လျှင် ထိုမထင်ရှားသော အချက်ကို မရေတွက်မူ၍ ထင်ရှားသည့်အချက် မတွေ့သေးသမျှ ကာလပတ်လုံး တန့်ရပ်၍ တစ်–တစ် စသည်ဖြင့် ရေတွက်ဆဲ အတိုင်းသာ ထပ်၍နေရာ၏။ ထင်ရှားသော အချက်ပေါ်လာမှ နှစ်– စသည်ဖြင့် အထက်ဂဏန်းသို့တက်၍ ရေတွက်ရာ၏။ ငါးသို့ကျလျှင် တစ်က ပြန်ရာ၏။

ဤနည်းတူ ဒသဝါရတိုင်အောင် ၆–ဝါရ၌ မထင်ရှားသော ထွက်သက်



www.burmeseclassic.com

www.burmeseclassic.com

ဝင်သက် အချက်တို့ကို မရေတွက်မူ၍ ထင်ရှားသော ထွက်သက် ဝင်သက်တို့ကိုသာ ရွေးကောက်၍ ရေတွက်သောကြောင့် နှေးသောရေတွက်နည်းဖြစ်သတည်း။

**မြန်မြန်ရေတွက်နည်း**

မြန်မြန်ရေတွက်နည်းဆိုသည်ကား ရေတွက်ဖန်များလတ်သော် ထင်ရှားသော အချက်များ၍ လာလတ္တံ့၊ တစ် နှစ် စသော ဂဏန်းချက်လည်း စိပ်၍ စိပ်၍ လာလတ္တံ့၊ ထွက်သက် အချက် ဝင်သက် အချက် ထင်ရှားသည်ချည်း ဖြစ်သောအခါ၌ တစ်–နှစ် စသော ဂဏန်းချက်သည်လည်း မပြတ်မစဲမြန်ရ၏။

တစ်ခုကိုမျှ သတိမလွတ်စေရ၊ ထွက်သက်ဝင်သက် အစဉ်နှင့် ဂဏန်းအစဉ်သည် အခုန်အကျော် အလစ်အလပ်မရှိ အစဉ်မှန်စေရမည်။ တစ်–နှစ် စသော ဂဏန်းချမှုကိုလည်း နှုတ်ဖြင့်ရွတ်ဆိုဖွယ်မရှိ။ စိတ်ဖြင့်ရေတွက်လျှင်ပြီးတော့သည်။ အချို့သူတို့ကား နှုတ်ဖြင့်ရွတ်ဆိုကြကုန်၏။ အချို့သူတို့ကား ၆–ဝါရ အဆုံးအဆုံးတွင် ပုတီးစေ့တစ်လုံး တစ်လုံးချ၍ တစ်နေ့တစ်နေ့လျှင် ပုတီးပတ်ပေါင်း မည်မျှစိပ်မည်ဟု ပိုင်းခြား၍ စိပ်ကြကုန်၏။ အာရုံမြန်မြန် ထင်နိုင်သည်သာ ပမာဏတည်း။

အကြင်အခါ၌ မရေတွက်သော်လည်း ရေတွက်သည်နှင့် ထပ်တူ ထွက်သက်ဝင်သက်တို့၏ ထိုဌာန၌ ထိတိုင်း ထိတိုင်း အသိမြဲစွဲ၏။ အလုပ်ခွင်သို့ဝင်၍ နလုံးသွင်းနေသမျှကာလပတ်လုံး တစ်ခုသောထွက်သက် တစ်ခုသောဝင်သက်မျှ အမှတ်မဲ့လွတ်၍သွားသည် မရှိပြီ၊ ထိုအခါ၌ ရေတွက်မှုကို ရုပ်သိမ်း၍ အနုဗန္ဓနာနည်းဖြင့် ရှုရာ၏။

အနှေးအမြန်၊ အစဉ်မှန်၊ နှစ်တန်ရေတွက်နည်း ပြီး၏။

---

**အနုဗန္ဓနာနည်းအကျယ်**

**အနုဗန္ဓနာနည်း**

အနုဗန္ဓနာနည်း ဆိုသည်ကား ရေတွက်ခန်းတွင် အစဉ်မှန်ခဲ့သည့်အတိုင်း ထိရာဌာန၌ စိတ်ကိုစိုက် ထား၍ ထွက်မှု ဝင်မှု အကြိမ်စဉ်အတိုင်း တစ်ကြိမ်တည်းမျှ မလွတ်စေရဘဲ ထွက်မှု ဝင်မှု အစဉ်နလုံးသွင်းမှု အစဉ်ဖွဲ့တွယ်စွဲမြဲ၍နေအောင် အားထုတ်မှုသည် အနုဗန္ဓနာမည်၏။ ရေတွက်မှုမရှိဘဲလျက် ရေတွက်နည်းမှာ သိမှုအစဉ်မှန်သည့်အတိုင်း သိမှုအစဉ်မှန်၍ နေအောင် တစ်ဖန် လိုက်စားအားထုတ်မှု ဆိုလိုသည်။



www.burmeseclassic.com

www.burmeseclassic.com

**အနုဗန္ဓနာနည်း ပွားရန်ခေတ်**

အဘယ်မျှလောက် ကာလကြာမြင့်အောင် အနုဗန္ဓနာနည်းဖြင့် အားထုတ်ရာသနည်း ဟူမူကား ပဋိဘာဂ နိမိတ်ဖြစ်ပေါ်၍ လာသည်တိုင်အောင် အားထုတ်ရာ၏။

**ပဋိဘာဂနိမိတ်ထင်ပုံ**

ပဋိဘာဂနိမိတ်ဆိုသည်ကား ပကတိသော ထွက်သက် ဝင်သက် လေအတိုင်းကိုလွန်၍ အဆင်းသဏ္ဌာန် အရောင်အလက်နှင့်တကွ လဲဝါဂွမ်းအစုကဲ့သို့ လေအယဉ်ကဲ့သို့ မိုးကြယ်ကဲ့သို့ ပတ္တမြားလုံးကဲ့သို့ ပုလဲလုံးကဲ့သို ပုလဲသွယ်ကဲ့သို့ အစရှိသည်ဖြင့် တစ်ခုခုထင်ပေါ်ဖြစ်ထွန်း၍လာသော ပညတ္တိဓမ္မအံထူးကို ပဋိဘာဂနိမိတ်ဆိုသည်။ ထိုပဋိဘာဂနိမိတ် ပညက်အာရုံ အထူးအထင်အရှား စိတ်အမြင်မှာ နှလုံးသွင်းတိုင်း ဖြစ်ပေါ်ထင်မြင်လာသောအခါမှ အနုဗန္ဓနာနည်းကို ရုပ်သိမ်းရမည်။ ဂဏနာနည်း အနုဗန္ဓနာနည်း နှစ်ပါးမှာ ထိရာဌာနကို မလွှတ်ရသေး။

အမြဲအမြန်၊ အတွယ်သန်၊ တစ်ဖန်ဖွဲ့ထားနည်း ပြီး၏။

---

ထပနာနည်း အကျယ်

ပဋိဘာဂနိမိတ်ထင်သည်မှစ၍ ထပနာနည်းဖြင့် အားထုတ်ရာ၏။

**ထပနာနည်း**

ထပနာဆိုသည်ကား–ပဋိဘာဂနိမိတ်မည်သည်။ ပညတ်အာရုံအထူးဖြစ်၍ အာရုံအသစ်ကဲ့သို့ ဖြစ်ပြန်၏။ သဘာဝဓမ္မမျိုး မဟုတ်သောကြောင့် ကွယ်ပျောက်လည်း ကွယ်ပျောက်လွယ်၏။ ကွယ်ပျောက်ပြန်လျှင် တစ်ဖန် ထင်မြင်ရန်အမှုလည်း ခက်ခဲ၏။ ထို့ကြောင့် ထင်မြင်လာသော ထိုပဋိဘာဂနိမိတ်ကို မကွယ်မပျောက်စေမူ၍ တစ်နေ့တစ်ခြား ထင်ရှားပွင့်လင်း၍သွားအောင် ထိုအာရုံ၌ စူးစူးစိုက်စိုက် အားထုတ်ဖိစီး၍ စိတ်ကိုထားခြင်းသည် ထပနာမည်၏။

ထပနာနည်းသို့ရောက်သောအခါ၌မူကား–အသပ္ပါယ ၇–ပါးကို ကြဉ်ရှောင်၍ သပ္ပါယ ၇–ပါးကို မှီဝဲရာ၏။ အပ္ပနာကောသလ္လ ဆယ်ပါးကို ပြည့်စုံစေရာ၏။

အသပ္ပါယ ၇–ပါး။ ။ အသပ္ပါယ ၇– ပါးဆိုသည်ကား–

(၁) ဘာဝနာ၏ ဆုတ်ယုတ်ကြောင်းဖြစ်သော နေရာဌာန။

(၂) ဆွမ်းခံရွာ



www.burmeseclassic.com

www.burmeseclassic.com

(၃) စကားများမှု
(၄) အပေါင်းအဖော်
(၅) ဘောဇဉ်
(၆) ဥတု
(၇) ဣရိယာပုထ် ဤ ၇-ပါးတည်း။

သပ္ပါယ ၇-ပါး။ ။သပ္ပါယ ၇-ပါးဆိုသည်ကား ဘာဝနာမှု၏တိုးပွားကြောင်း ဖြစ်သော ထို ၇-ပါး ပေတည်း။

အပ္ပနာကောသလ္လ၁၀-ပါး။ ။အပ္ပနာ ကောသလ္လ ဆယ်ပါးဆိုသည်ကား-

(၁) ကိုယ်အင်္ဂါနှင့်တကွ အသုံးအဆောင် ဝတ္ထုမျိုး သန့်ရှင်းမှု၊
(၂) ဣန္ဒြေငါးပါးကို ညီညွတ်အောင်ပြုမှု၊
(၃) ထွက်သက်ဝင်သက်ဟူသောအာရုံနိမိတ်၌ လိမ်မာမှု၊
(၄) တက်ကြွလွန်းသော စိတ်ကိုနှိပ်မှု၊
(၅) ဆုတ်နစ်လွန်းသော စိတ်ကို ချီးပင့်မှု၊
(၆) ခြောက်သွေ့လွန်းသောစိတ်ကိုရွှင်စေမှု၊
(၇) ညီညွတ်သောစိတ်ကို လျစ်လျူရှုမှု၊
(၈) သမာဓိမရှိသော ပုဂ္ဂိုလ်ကို ကြဉ်ရှောင်မှု၊
(၉) သမာဓိရှိသော ပုဂ္ဂိုလ်ကို မှီဝဲမှု၊
(၁၀) အပ္ပနာဈာန်ကိုရခြင်း၌ အမြဲညွတ်သောစိတ်ရှိမှု ဤ ၁၀-ပါးတည်း။

ဤသို့သော အမှုတို့ကို ပြည့်စုံစွာပြု၍ ထိုပဋိဘာဂနိမိတ်၌ စိတ်ကိုအစွဲကြီးစွဲ၍ အမြဲကြီးမြဲလေအောင် နေ့ရှည်လများ ရှုသောအားဖြင့် ပွားများစေရာ၏။

**ထပနာခေတ်**

အဘယ်မျှလောက်ကြာမြင့်အောင် ဤထပနာနည်းအားဖြင့် ပွားများအားထုတ်ရာသနည်းဟူမူကား- ရူပါဝစရ စတုတ္ထဈာန်တိုင်အောင်သည် ထပနာခေတ်ပေတည်း။

ဪမ်ဝပ်ပြန့်ဖြူး၊ စိတ်စိုက်စူး၊ အထူးစိတ်ထားနည်း ပြီး၏။

---



www.burmeseclassic.com

www.burmeseclassic.com

## နိမိတ် ၃–ပါး၊ သမာဓိ ၃–ပါး ခွဲနည်း

ဂဏနာနည်း၊ အနုဗန္ဓနာနည်း၊ ဌပနာနည်း ဟူသော နည်း ၃–ပါးတို့ဖြင့် အစဉ်အတိုင်းပွားများဖြစ် ထွန်း၍ သွားရာ၌ နိမိတ် ၃–ပါး၊ ဘာဝနာသမာဓိ ၃–ပါး၊ တို့ဖြင့် ခွဲရာ၏။

နိမိတ် ၃–ပါး ခွဲနည်း

ပရိကမ္မနိမိတ် ။ ။ ဂဏနာ အခန်း၌ ထင်မြင်အပ်သော ထွက်သက် ဝင်သက်အာရုံသည် ပရိကမ္မနိမိတ်မည်၏။

ဥဂ္ဂဟနိမိတ် ။ ။ အနုဗန္ဓနာ အခန်း၌ ထင်မြင်အပ်သော ထိုအာရုံသည်ပင်လျှင် ဥဂ္ဂဟနိမိတ်မည်၏။

ပဋိဘာဂနိမိတ် ။ ။ ဌပနာအခန်း၌ ထင်မြင်အပ်သော ပညတ်အာရုံသည် ပဋိဘာဂနိမိတ် မည်၏။

ဤကားနိမိတ်သုံးပါး ခြားနားနည်းတည်း။

---

### ဘာဝနာ သမာဓိ ၃–ပါးခွဲနည်း

**ပရိကမ္မဘာဝနာသမာဓိ**

ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ် နှစ်ပါးအခိုက်၌ ပွားများသော ဘာဝနာ သမာဓိသည် ပရိကမ္မဘာဝနာ သမာဓိမည်၏။

**ဥပစာရသမာဓိ**

ဌပနာခေတ်တွင် အပ္ပနာဇျာန်သို့ မရောက်မီအကြား ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ပွားများသော ဘာဝနာသမာဓိသည် ဥပစာရ ဘာဝနာ သမာဓိ မည်၏။

**အပ္ပနာ သမာဓိ**

စတုက္ကနည်းအားဖြင့် ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် ဟုဆိုအပ်သော ရူပါဝစရဈာန်လေးပါးသည် အပ္ပနာဘာဝနာသမာဓိ မည်၏။

**ဥပစာရသမာဓိနှင့် ဥပစာရဈာန်**

အာနာပါနအလုပ်ကို အားထုတ်ရာ၌ ဂဏနာ အနုဗန္ဓနာတို့ အခန်း၌ ထွက်သက်ဝင်သက် တည်းဟူသော ကမ္မဋ္ဌာန်းအာရုံသည် အဆင့်ဆင့်သိမ်မွေ့





www.burmeseclassic.com

www.burmeseclassic.com

သွားသဖြင့် ပျောက်ကွယ်၍သွားသကဲ့သို့ ဖြစ်တတ်၏။ ထိုအခါ စိတ်ကိုထိရှုနှဉ်းသော ထားမြဲထား၍ အလွန်သိမ်မွေ့လှစွာသော ထိုအာရုံကို ထိုနေရာမှာပင်ရအောင်ယူရာ၏။ ရအောင်ယူနိုင်၍ ထိုအာရုံထင်ရှားပေါ်ပြန်သည့်နောက် မကြာမီ ပဋိဘာဂ နိမိတ် ပေါ်လာလတ္တံ့။ ဥပစာရဈာန်သို့ ဆိုက်လတ္တံ့၊ နီဝရဏတရား ငါးပါးကွာပြီးသော ကာမာဝစရဘာဝနာ ဥပစာရသမာဓိကို ဥပစာရဈာန်ဆိုသည်။

သတိပေးချက်

ဤကမ္မဋ္ဌာန်းအာရုံ၏ အဆင့်ဆင့်သိမ်မွေ့၍ ပျောက်ကွယ်မှုမှာ အဋ္ဌကထာ နည်းလမ်း၌ သိမ်မွေ့၍သွားအောင် တမင်အားထုတ်မှုကို မဆို။ သူ့အလိုအလျောက် အဆင့်ဆင့်သိမ်မွေ့၍သွားသည်ကို ဆို၏။ လောက၌လည်း ဤကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ကြရာ အဆင့်ဆင့် သိမ်မွေ့၍သွားသဖြင့် ထွက်သက် ဝင်သက် ပျောက်ကွယ်၍ သွားသူများကို တွေ့မြင်ရဖူး၏။ ရှေ့၌ထုတ်ပြခဲ့ပြီးသော ပါဠိတော် နောက်ဆုံး ဝါရ၌ကား–

ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊
ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။

ဟု ဟောတော်မူ၏။

ဤပါဠိတော်မြတ်အလိုကား အနုဗန္ဓနာအခန်းသို့ ရောက်သောအခါ၌ ထွက်သက်ဝင်သက်တို့ကို အဆင့်ဆင့် သိမ်မွေ့၍သွားလေအောင် တမင်အားထုတ်ရ မည်ဖြစ်၏။ ဤအာရုံပျောက်ကွယ်ခန်းမှာ ကမ္မဋ္ဌာန်းအစီအရင်၌ မလိမ်မာသော ယောဂီပုဂ္ဂိုလ်သည် ထွက်သက်ဝင်သက်ပျောက်ကွယ်၍သွားခဲ့ပြီဟု ထင်၏။ ကမ္မဋ္ဌာန်းအလုပ်ကို လွှတ်၍ပစ်တတ်၏။ သတိမူကြလေ။

## ပါဠိတော်နှင့် အဋ္ဌကထာနီးနှောပုံ

ထုတ်ပြခဲ့ပြီးသော ပါဠိတော်လေးဝါရ၏ အရဖြစ်သော–

၁။ သတိမြဲရာ၊ ပထမာ၊ ဒု–မှာ ရှည်တိုသိ။

၂။ လုံးစုံလင်းရာ၊ တ–၌သာ၊ စ–မှာ ငြိမ်းစေဘိ။

ဟူသောလေးချက်ကို ပြဆိုခဲ့ပြီးသော ဂဏနာ အစရှိသော အဋ္ဌကထာနည်းလမ်းနှင့် နီးနှောရာ၏။



www.burmeseclassic.com

www.burmeseclassic.com

**ဂဏနာနည်းနှင့် သတိမြဲစေပုံ**

နှီးနှော့ပုံကား–ထိရာဌာန၌ စိတ်ကိုစိုက်ထား၍ ဂဏနာနည်းအားဖြင့် အစဉ်မှန်စွာရေတွက်မှုသည် သတိမြဲရာ ပထမာဖြစ်၏။ နာရီအပိုင်းအခြားနှင့် ကမ္မဋ္ဌာန်းအလုပ်ခွင်သို့ဝင်၍ နှလုံးသွင်းရာအပသို့ ခဏခဏထွက်ပြေးသော စိတ်ဝိတက်ကို ချိုးဖျက်ခြင်းငှာ ဂဏနာနည်းကို ပြုလုပ်သည်ဖြစ်၍ ဂဏနာခန်း၌ အရှည်အတိုသိမှုကို တမင်အားထုတ်ဖွယ်မရှိသေး။

"သတောဝ အဿသတိ သတောဝ ပဿသတိ"

ဟူသော ပါဠိတော်မြတ်နှင့်အညီ ထွက်သက်ဝင်သက်၌ သတိစွဲမြဲ၍ အပသို့ ခဏခဏထွက်သော စိတ်ဝိတက်ငြိမ်းမှုကိုသာ ကောင်းစွာငြိမ်းအောင်အားထုတ်ရာ၏။ ထို့ကြောင့် အဋ္ဌကထာ၌–

ဗဟိ ဝိသဋ္ဌ ဝိတက္က ဝိစ္ဆေဒံ ကတွာ အဿာသ ပဿာသာရမ္မဏေ သတိသံထပနတ္ထံယေဝ ဟိ ဂဏနာ။

ဟူ၍ မိန့်ပြီ။

ဂဏနာ၊ ရေတွက်ခန်းမည်သည်၊ ဗဟိ၊ မိမိကိုယ်အင်္ဂါမှအပ အလွတ်၌၊ ဝိသဋ္ဌ ဝိတက္က ဝိစ္ဆေဒံ၊ ဘဝအဆက်ဆက် ပျံ့နှံ့ပြေးသွား၍ နေသော စိတ်ဝိတက်အလျဉ်၏ ပြတ်ခြင်းကို၊ ကတွာ၊ ပြု၍၊ အဿာသ ပဿာသာရမ္မဏေ၊ မိမိကိုယ်အင်္ဂါမှဖြစ်သော ထွက်သက်ဝင်သက်အာရုံ၌၊ သတိသံထပနတ္ထံ ယေဝ၊ သတိကိုခိုင်မြဲစွာထားခြင်းငှာသာလျှင်၊ ဟောတိ၊ ဖြစ်၏။ **(အဓိပ္ပါယ်ပေါ်ပြီ။)**

**အနုဗန္ဓနာနည်း**

ဂဏနာခန်းပြီး၍ အနုဗန္ဓနာခန်းသို့ရောက်သောအခါ၌––-

ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ။

အစရှိသော ဒုတိယဝါရ ပါဠိတော်မြတ်နှင့်အညီ ထိရာဌာန၌ စိတ်ကိုခိုင်မြဲစွာထားမှုနှင့်တကွ အရှည်အတိုသိမှုကိုလည်း အစဉ်မှန်စွာသိအောင် သတိပြုရာ၏။

**အရှည်အတိုကိုသိပုံ**

အရှည်အတိုသိမှုကို သတိပြုရာ၌ ထွက်သက်ဝင်သက်တို့ကို အစ အလယ် အဆုံး အစဉ်လိုက်၍ တမင်အာရုံပြုရသည်မဟုတ်။ စိတ်ကိုထိရာဌာန၌ ခိုင်မြဲစွာထားမြဲထား၍ အရှည်အတိုကိုလည်း အစဉ်မှန်စွာသိအောင် ငါသတိပြုရမည်ဟု ဉဿာဟ တစ်ခုတိုး၍ ပြုရုံမျှသာတည်း။ ရှည်သောအကြိမ်မှာ ထိရာဌာန၌ ထိခိုက်မှု တာရှည်၏။ တိုသောအကြိမ်မှာ ထိခိုက်ရာဌာန၌ ထိခိုက်မှုတာတို၏။ ထိခိုက်ချက်တာရှည်မှု တာတိုမှုကို သိ၍ အရှည်အတိုကို သိ၏။



www.burmeseclassic.com

www.burmeseclassic.com

စိတ်၏ဗျာပါရမည်သည် အလွန်ပျံ့နှံ့နိုင်သော သဘောသတ္တိရှိသောကြောင့် ထိရာဌာန၌ပင် စိုက်၍ထားငြားသော်လည်း ထိရာဌာနမှ အတွင်း၌ ထွက်၍ လာသော အလား ဝင်၍သွားသောအလား များသည်လည်း အလိုလို ထင်မြင်လာလတ္တံ့။

အရှည်အတိုသိမှုစွဲမြဲသောအခါ၌---

သဗ္ဗကာယပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊

သဗ္ဗကာယပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

ဟူသော တတိယဝါရ ပါဠိတော်မြတ်နှင့်အညီ ထိရာဌာန၌ စိတ်ကိုခိုင်မြဲစွာစိုက်ထား၍ အရှည်အတို သိမှုနှင့်တကွ ထွက်သက်ကို အစ အလယ် အဆုံး အကုန်လုံး ထင်လင်းစေမှု၊ ဝင်သက်ကို အစ အလယ် အဆုံး အကုန်လုံး ထင်လင်းစေမှုကို အထူးအားထုတ်ရာ၏။ ထွက်သက်လွှတ်မည်ရှိခဲ့လျှင် အမှတ်မဲ့ မလွှတ်မူ၍ ဝမ်းတွင်း၌ ဖြစ်ပေါ်သော အစမှစ၍ ထိရာဌာနတိုင်အောင် ထွက်သက် သန္တာန်ကို စိတ်၌ ထင်ရှားအောင်ပြု၍ ထွက်သက်လွှတ်မည်ဟု ဉဿာဟ ပြု၍ ပြု၍ လွှတ်ရမည်။ ထိရာဌာနမှစ၍ ဝမ်းတွင်း၌ ဆုံးရာဌာနတိုင်အောင် ဝင်သက်သန္တာန်ကို စိတ်၌ထင်ရှားအောင်ပြု၍ ဝင်သက်ရှူမည်ဟု ဉဿာဟပြု၍ပြု၍ ရှူရမည်။

## ထိရာ၌စိတ်ကိုလွှတ်မထားရ

ထိုသို့ပြုရာ၌လည်း နှာသီးဖျားဟုဆိုအပ်သော ထိရာဌာန၌ စိတ်ကို ခိုင်မြဲစွာထားမြဲထား၍သာ ဉဿာဟ ပြုရမည်။ ထိရာဌာန၌ စိတ်ထားမှုကို လွှတ်၍မလိုက်ရ။ ထိရာဌာနကို လွှတ်၍မလိုက်သော်လည်း အစ အလယ် အဆုံး အကုန်လုံး ထင်ရှားစေမည်ဟူသော ဉဿာဟနှင့်တကွ ထိရာဌာန၌ စိတ်ကိုစိုက်၍ ထားလျှင်ပင် တစတစအားဖြင့် ထွက်သက်တို့သည် အစ အလယ် အဆုံး အကုန်လုံး အလိုလို ထင်ရှားလာကုန်လတ္တံ့။

အစ အလယ် အဆုံး အကုန်လုံး ထင်လင်းစွာ ထင်မြင်သောအခါ၌ကား---

ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊

ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။

ဟူသော စတုတ္ထဝါရ ပါဠိတော်မြတ်နှင့်အညီ အဆင့်ဆင့် ရုန့်ရင်းမှု၏ ချုပ်ငြိမ်းခြင်း၊ အဆင့်ဆင့် သိမ်မွေ့ခြင်း၊ ကွယ်ပျောက်၍သွားပြီထင်ရအောင် သိမ်မွေ့ခြင်းသို့ အလိုအလျောက် မရောက်ခဲ့သည် ရှိသော် ထိုသို့သိမ်မွေ့ခြင်းသို့ ရောက်အောင် အားထုတ်မည်ဟူသော ဉဿာဟကို ပြု၍ပြု၍ ထွက်သက် ဝင်သက်ကို ဖြစ်စေရမည်၊ အမှတ်တမဲ့ မဖြစ်စေရာ။



www.burmeseclassic.com

www.burmeseclassic.com

**အထူးဖြစ်လာပုံ**

အဋ္ဌကထာနည်း၌ကား ဂဏနာခန်းမှစ၍ပင် အလိုအလျောက် အဆင့်ဆင့် သိမ်မွေ့၍သွားမှု ကွယ်ပျောက်သောအခြင်းအရာသို့ ရောက်မှုကို ပြဆိုပေ၏။ အလိုအလျောက် ကွယ်ပျောက်သူများကို လည်း ငါတို့တွေ့မြင်ဖူးရ၏။ ဂဏနာဝသေနေဝ ပန မနသိကာရကာလတော ပဘုတိ အနုက္ကမတော ဩဠာရိက အဿာသ ပဿာသ နိရောဓဝသေန ကာယဒရထေ ဝူပသန္တေ ကာယောပိ စိတ္တံပိ လဟုကံ ဟောတိ၊ သရီရံ အာကာသေ လင်္ဃနာကာရပ္ပတ္တံ ဝိယ ဟောတိ။

(အဋ္ဌကထာ)

ပန၊ အထူးဖြစ်တတ်ပုံကို ပြဆိုပေအံ့၊ ဂဏနာဝသေနေဝ၊ ဂဏနာနည်း၏ အစွမ်းဖြင့် သာလျှင်၊ မနသိကာရကာလတော၊ နှလုံးသွင်းသောကာလမှ၊ ပဘုတိ၊ အစပြု၍၊ အနုက္ကမတော၊ အစဉ်အားဖြင့်၊ ဩဠာရိက အဿာသ ပဿာသ နိရောဓဝသေန၊ ရုန့်ရင်းသော ထွက်သက်ဝင်သက်တို့၏ အဆင့်ဆင့် ချုပ်ငြိမ်းသည်၏ အစွမ်းဖြင့်၊ ကာယဒရထေ၊ ကိုယ်တွင်းသန္တာန် ပူပန်ချောက်ချားမှုသည်၊ ဝူပသန္တေ၊ ငြိမ်း လတ်သော်၊ ကာယောပိ၊ ရူပကာယ တစ်ခုလုံးသည် လည်းကောင်း၊ စိတ္တံပိ၊ စိတ်သည်လည်းကောင်း၊ လဟုကံ၊ ပေါ့ပါးသည်၊ ဟောတိ၊ ဖြစ်၏၊ သရီရံ၊ ကိုယ်ကောင်သည်၊ အာကာသေ၊ ကောင်းကင်၌၊ လင်္ဃနာကာရပ္ပတ္တံဝိယ၊ ပျံတက်လွင့်ပါးတော့မည့် အခြင်းအရာကဲ့သို့ ရောက်သည်၊ ဟောတိ၊ ဖြစ်၏။

**ဥပစာရသမာဓိရပုံ**

ထက်ဝယ်ဖွဲ့ခွေ ထိုင်နေရာမှ လက်လေးသစ်ခန့်ကွာအောင် ကောင်းကင်သို့ တက်ကြွ၍နေသူများကို ကြားဖူးရ၏။
ဤသို့ကွယ်ပျောက်သောအခြင်းအရာသို့ရောက်သောအခါ ထိရာဌာန၌ စိတ်ကိုခိုင်မြဲစွာ စိုက်ထား၍ ထိုအာရုံကို အရယူသဖြင့် တစ်ဖန်ပေါ်လွင်ထင်ရှား၍လာသည်ရှိသော် ပဋိဘာဂနိမိတ် ဖြစ်ပေါ်လာ၏။ ထိုအခါ ကြောက်ခြင်း လန့်ခြင်း အိပ်ခြင်း ပျင်းရိခြင်း စသော နီဝရဏတရားတို့ကျွတ်ကွာသဖြင့် ဥပစာရဈာန်ကို ရ၏။

ဤတွင်ရွေ့ကား ပထမ စတုက္ကပါဠိတော်နည်းနှင့် အဋ္ဌကထာနည်း နှီးနှောခန်း ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com

အာနာပါနကမ္မဋ္ဌာန်း ၇-ခန်း ။ ။ အဋ္ဌကထာ၌---------

ဂဏနာ၊

အနုဗန္ဓနာ၊

ဖုသနာ၊

ထပနာ၊

သလ္လက္ခဏာ၊

ဝိဝဋ္ဋနာ၊

ပါရိသုဒ္ဓိ၊

ဟူ၍လာသော အာနာပါန ကမ္မဋ္ဌာန်း ၇-ခန်းတို့တွင် ဖုသနာ-ဟူသော ထိရာဌာနနှင့်တကွ ဂဏနာအခန်း၊ အနုဗန္ဓနာအခန်း၊ ဥပစာရစျာန်ဟုဆိုအပ်သော ထပနာခန်းများကို ပြဆိုမှုပြီး၏။

ဤပထမစတုက္ကသည် လိုရင်းပဓာနတည်း။ ယခုအခါ၌ ဤပထမစတုက္က အလုပ်ပြီးစီးလျှင်ပင် သမထ ဝိပဿနာ လိုရာအလုပ်ကို လုပ်နိုင်ပြီ။

ပထမစတုက္ကနည်းပြီး၏။

## ဒုတိယ စတုက္ကနည်း (ဈာန်အဆင့်ဆင့်ရပုံ)

ယခုအခါ အပ္ပနာဈာန်ဟုဆိုအပ်သော ထပနာအခန်း၌ ကျင့်ရာသော ဒုတိယစတုက္ကနည်းကို ပြဆိုပေအံ့။

၁။ ပဌမခန်း။ ပီတိပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊
ပီတိပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

၂။ ဒုတိယခန်း။ သုခပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊
သုခပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

၃။ တတိယခန်း။ စိတ္တသင်္ခါရ ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊
စိတ္တသင်္ခါရ ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

၄။ စတုတ္ထခန်း။ ပဿမ္ဘယံ စိတ္တသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊
ပဿမ္ဘယံ စိတ္တသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။

(ဒုတိယစတုက္ကပါဠိတော်)

၁။ ပီတိပ္ပဋိသံဝေဒီ၊ စိတ်နှစ်သက်ရွှင်လန်းခြင်း ပီတိကို ထင်ရှားစေ၍၊ အဿသိဿာမိ၊ ထွက်သက်လွှတ်ပေအံ့၊ ဣတိ၊ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

• ပီတိပ္ပဋိသံဝေဒီ၊ စိတ်နှစ်သက်ရွှင်လန်းခြင်း ပီတိကို ထင်ရှားစေ၍၊



www.burmeseclassic.com

www.burmeseclassic.com

ပဿသိသာမိ၊ ဝင်သက်ရှူပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

၂။ သုခပ္ပဋိသံဝေဒီ၊ စိတ်၏အေးချမ်းခြင်းသုခကို ထင်ရှားစေ၍၊ အဿသိဿာမိ၊ ထွက်သက် လွှတ်ပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

✳ သုခပ္ပဋိသံဝေဒီ၊ စိတ်၏အေးချမ်းခြင်းသုခကို ထင်ရှားစေ၍၊ ပဿသိဿာမိ၊ ဝင်သက်ရှူ ပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

၃။ စိတ္တသင်္ခါရ၊ ဝေဒနာ သညာဟူသော စိတ္တသင်္ခါရကို၊ ပဋိသံဝေဒီ၊ ထင်ရှားစေ၍၊ အဿသိ ဿာမိ၊ ထွက်သက်လွှတ် ပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

✳ စိတ္တသင်္ခါရံ၊ ဝေဒနာ သညာဟူသော စိတ္တသင်္ခါရကို၊ ပဋိသံဝေဒီ၊ ထင်ရှားစေ၍၊ ပဿသိ ဿာမိ၊ ဝင်သက်ရှူပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

၄။ စိတ္တသင်္ခါရံ၊ ရှုန့်ရင်းသော စိတ္တသင်္ခါရကို၊ ပဿမ္ဘယံ–ပဿမ္ဘယန္တော၊ အစဉ်အတိုင်း ချုပ်ငြိမ်းစေလျက်၊ အဿသိဿာမိ၊ ထွက်သက်လွှတ်ပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

✳ စိတ္တသင်္ခါရံ၊ ရှုန့်ရင်းသောစိတ္တသင်္ခါရကို၊ ပဿမ္ဘယံ–ပဿမ္ဘယန္တော၊ အစဉ်အတိုင်း ချုပ်ငြိမ်းစေလျက်၊ ပဿသိဿာမိ၊ ဝင်သက်ရှူပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

## လိုရင်းအဓိပ္ပါယ်ကား

၁။ ပထမခန်းမှာ။ ။ထိုပဋိဘာဂနိမိတ်အာရုံ၌ ပီတိလွှန်ကဲသော ရူပါဝစရပထမဈာန် ဒုတိယဈာန်ကို ဖြစ်စေမှုသည် ပီတိကို ထင်ရှားစေမှုမည်၏။

၂။ ဒုတိယအခန်းမှာ။ ။ထိုပဋိဘာဂနိမိတ်အာရုံ၌ သုခလွှန်ကဲသော တတိယဈာန်ကို ဖြစ်စေမှုသည် သုခကို ထင်ရှားစေမှုမည်၏။

၃။ တတိယအခန်းမှာ။ ။ထိုပဋိဘာဂ နိမိတ်အာရုံ၌ ဥပေက္ခာဝေဒနာဟူသော စိတ္တသင်္ခါရ ထင်ရှားသော စတုတ္ထဈာန်ကို ဖြစ်စေမှုသည် စိတ္တသင်္ခါရကို ထင်ရှားစေမှုမည်၏။

၄။ စတုတ္ထအခန်းမှာ။ ။ရှုန့်ရင်းသော ဝေဒနာ သညာတို့ကို အဆင့်ဆင့် ချုပ်ငြိမ်းစေအံ့ ဟု–အားထုတ်မှုသည် စိတ္တသင်္ခါရကို ချုပ်ငြိမ်းစေမှုမည်၏။

ဤစတုက္ကကို အဋ္ဌကထာတို့၌ အပ္ပနာဈာန်အရာ၌ထား၍ ဖွင့်ကြကုန်၏။ ပဋိဘာဂနိမိတ် ခိုင်မြဲစွာ ရပြီးသောအခါမှစ၍ ဥပစာရဈာန်အရာ၌လည်း စိတ်၏ နှစ်ခြိုက်မှု ထင်ရှားအောင် အားထုတ်မည်။ စိတ်၏အေးချမ်းမှု ထင်ရှားအောင် အားထုတ်မည် အစရှိသော အစီအရင်သည် ဖြစ်သင့်ရာပါ၏။

ဒုတိယ စတုက္ကပြီး၏။



www.burmeseclassic.com

www.burmeseclassic.com

တတိယစတုက္ကနည်း (ရှာနံ့ဝင်စားပုံ)

ယခုအခါ၌ ထိုအပွနာစျာန်တို့ကို ဝင်စားမှု၌ ကျင့်ရာသော တတိယစတုက္ကကို ထုတ်ပြပေအံ့။

၁။ ပထမခန်း။ စိတ္တပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊
စိတ္တပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

၂။ ဒုတိယခန်း။ အဘိပ္ပမောဒယံ စိတ္တံ အဿသိဿာမီတိ သိက္ခတိ၊
အဘိပ္ပမောဒယံ စိတ္တံ ပဿသိဿာမီတိ သိက္ခတိ။

၃။ တတိယခန်း။သမာဒဟံ စိတ္တံ အဿသိဿာမီတိ သိက္ခတိ၊
သမာဒဟံ စိတ္တံ ပဿသိဿာမီတိ သိက္ခတိ။

၄။ စတုတ္ထခန်း။ ဝိမောစယံ စိတ္တံ အဿသိဿာမီတိ သိက္ခတိ၊
ဝိမောစယံ စိတ္တံ ပဿသိဿာမီတိ သိက္ခတိ။

**(တတိယစတုက္ကပါဠိတော်)**

၁။ စိတ္တပ္ပဋိသံဝေဒီ၊ စိတ်ကိုထင်ရှားစေ၍၊ အဿသိဿာမိ၊ ထွက်သက်လွှတ်ပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

* စိတ္တပ္ပဋိသံဝေဒီ၊ စိတ်ကိုထင်ရှားစေ၍၊ ပဿသိဿာမိ၊ ဝင်သက်ရှူပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

၂။ စိတ္တံ၊ စိတ်ကို၊ အဘိပ္ပမောဒယံ၊ အလွန်ရွှင်လန်းစေလျက်၊ အဿသိဿာမိ၊ ထွက်သက် လွှတ်ပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

* စိတ္တံ၊ စိတ်ကို၊ အဘိပ္ပမောဒယံ၊ အလွန်ရွှင်လန်းစေလျက်၊ ပဿသိဿာမိ၊ ဝင်သက် ရှူပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

၃။ စိတ္တံ၊ စိတ်ကို၊ သမာဒဟံ၊ ကောင်းစွာတည်ကြည်စေလျက်၊ အဿသိဿာမိ၊ ထွက်သက် လွှတ်ပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

* စိတ္တံ၊ စိတ်ကို၊ သမာဒဟံ၊ ကောင်းစွာတည်ကြည်စေလျက်၊ ပဿသိဿာမိ၊ ဝင်သက် ရှူပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

၄။ စိတ္တံ၊ စိတ်ကို၊ ဝိမောစယံ၊ နီဝရဏစသော ရန့်ရင်းသောတရားတို့မှ ကျွတ်လွတ်စေလျက်၊ အဿသိဿာမိ၊ ထွက်သက်လွှတ်ပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

* စိတ္တံ၊ စိတ်ကို၊ ဝိမောစယံ၊ နီဝရဏစသော ရန့်ရင်းသောတရားတို့မှ ကျွတ်လွတ်စေလျက်၊ ပဿသိဿာမိ၊ ဝင်သက်ရှူပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

**(တတိယစတုက္ကအနက်)**



www.burmeseclassic.com

www.burmeseclassic.com


၁။ ပထမခန်းမှာ။ ။စိတ်၏အထူးထင်ရှားခြင်းကို ဖြစ်စေခြင်းငှာ ထိုအာရုံ၌ ချာန်လေးပါးကို အဖန်ဖန်ဝင်စားမှုသည် "စိတ္တပ္ပဋိသံဝေဒီ" မည်၏။

၂။ ဒုတိယအခန်းမှာ။ ။စိတ်အထူးထင်ရှားပြီးနောက် စိတ်ကို အထူးရွှင်လန်းစေခြင်း၊ ပီတိနှင့်ယှဉ်သော ပထမဈာန် ဒုတိယဈာန်ကို ဝင်စားမှုသည် "အဘိပ္ပမောဒယံစိတ္တံ" မည်၏။

၃။ တတိယအခန်းမှာ။ ။စိတ်အထူးရွှင်လန်းပြီးနောက် အထူးတည်ကြည်စေခြင်းငှာ တတိယဈာန် စတုတ္ထဈာန်ကို ဝင်စားမှုသည် "သမာဒဟံစိတ္တံ"မည်၏။

၄။ စတုတ္ထအခန်းမှာ။ ။စိတ်ကို ပဋိပက္ခတရားတို့မှ အထူးလွတ်ကင်းစေခြင်းငှာ ဈာန်လေးပါးကို အဖန်ဖန်ဝင်စားမှုသည် "ဝိမောစယံ စိတ္တံ"မည်၏။

ဤစတုက္ကကိုလည်း အဋ္ဌကထာတို့၌ အပ္ပနာဈာန်တို့ကို ဝင်စားမှုမှာထား၍ ဖွင့်ကြကုန်၏။ ဥပစာရဈာန်မှာလည်း ရသင့်ရာပါ၏။

တတိယ စတုက္ကနည်း ပြီး၏။

---

## စတုတ္ထ စတုက္ကနည်း (အာနာပါနမှ ဝိပဿနာသို့ ကူးပုံ)

ယခုအခါ အာနာပါနမှ ဆက်၍ ဝိပဿနာတက်နည်းဖြစ်သော စတုတ္ထ စတုက္ကကို ထုတ်ပြပေအံ့။

| | |
|---|---|
| ၁။ ပထမအခန်း။ | အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ၊ |
| | အနိစ္စာနုပဿီ ပဿသိဿာမီတိ သိက္ခတိ။ |
| ၂။ ဒုတိယအခန်း။ | ဝိရာဂါနုပဿီ အဿသိဿာမီတိ သိက္ခတိ၊ |
| | ဝိရာဂါနုပဿီ ပဿသိဿာမီတိ သိက္ခတိ။ |
| ၃။ တတိယအခန်း။ | နိရောဓာနုပဿီ အဿသိဿာမီတိ သိက္ခတိ၊ |
| | နိရောဓာနုပဿီ ပဿသိဿာမီတိ သိက္ခတိ။ |
| ၄။ စတုတ္ထအခန်း။ | ပဋိနိဿဂ္ဂါနုပဿီ အဿသိဿာမီတိ သိက္ခတိ၊ |
| | ပဋိနိဿဂ္ဂါနုပဿီ ပဿသိဿာမီတိ သိက္ခတိ၊ |

(စတုတ္ထ စတုက္ကပါဠိတော်)

၁။ အနိစ္စာနုပဿီ၊ အနိစ္စကို အဖန်ဖန်ရှုလျက်၊ အဿသိဿာမိ၊ ထွက်သက်ရှူထုတ်ပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။



www.burmeseclassic.com

www.burmeseclassic.com

*    အနိစ္စာနုပဿီ၊ အနိစ္စကို အဖန်ဖန်ရှုလျက်၊ ပဿသိဿာမိ၊ ဝင်သက်ရှုပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

၂။    ဝိရာဂါနုပဿီ၊ ပျောက်ကင်းမှုကို အဖန်ဖန်ရှုလျက်၊ အဿသိဿာမိ၊ ထွက်သက်လွှတ်ပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

*    ဝိရာဂါနုပဿီ၊ ပျောက်ကင်းမှုကို အဖန်ဖန်ရှုလျက်၊ ပဿသိဿာမိ၊ ဝင်သက်ရှုပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

၃။    နိရောဓာနုပဿီ၊ ချုပ်ကွယ်မှုကို အဖန်ဖန်ရှုလျက်၊ အဿသိဿာမိ၊ ထွက်သက်လွှတ်ပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

*    နိရောဓာနုပဿီ၊ ချုပ်ကွယ်မှုကို အဖန်ဖန်ရှုလျက်၊ ပဿသိဿာမိ၊ ဝင်သက်ရှုပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

၄။    ပဋိနိဿဂ္ဂါနုပဿီ၊ တဖန်စွန့်ပစ်မှုကို အဖန်ဖန်ရှုလျက်၊ အဿသိဿာမိ၊ ထွက်သက် လွှတ်ပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

*    ပဋိနိဿဂ္ဂါနုပဿီ၊ တဖန်စွန့်ပစ်မှုကို အဖန်ဖန်ရှုလျက်၊ ပဿသိဿာမိ၊ ဝင်သက်ရှုပေအံ့၊ ဣတိ၊ ဤသို့၊ သိက္ခတိ၊ အားထုတ်၏။

**(စတုတ္ထ စတုက္ကအနက်)**

ဤစတုတ္ထ စတုက္ကကား ဝိပဿနာတက်နည်းတည်း။ ၄င်းအစီအရင်ကို နောက်မှဆိုအံ့။ စတုတ္ထ စတုက္ကနည်းပြီး၏။

- - - - - - - - - - - - - - - - - - - - - - - - - - -

### အာနာပါနကမ္မဋ္ဌာန်းဖြင့် သတိပဋ္ဌာန် ၄-ပါး ပွားများမှု ကိစ္စပြီးပုံ

ယခုအခါ အာနာပါနအလုပ်ကို အားထုတ်စွဲမြဲသူတို့အား သတိပဋ္ဌာန်လေးပါး ပွားများမှုကိစ္စ ပြီးစီးပုံကို ဟောတော်မူ၏။ လိုရင်းအဓိပ္ပါယ်မျှကို ပြဆိုပေအံ့။

**ကာယာနုပဿနာ**

ထုတ်ပြခဲ့ပြီးသော စတုက္ကလေးပါးတို့တွင် ဂဏနာ အနုဗန္ဓနာ ၂-နည်း အစီအရင်ဖြင့် ပြဆိုခဲ့ပြီး သော ပထမစတုက္ကအလုပ်သည်ကား- ကာယာနုပဿနာ သတိပဋ္ဌာန်အလုပ် သက်သက်ပေတည်း။ ထွက်သက် ဝင်သက်သည် ရူပကာယ တစ်စိတ်ဖြစ်၍ ကာယမည်၏။

ကာယေသု ကာယညတရာဟံ ဘိက္ခဝေ ဝဒါမိ၊
ယဒိဒံ အဿာသပဿာသာ။



www.burmeseclassic.com

www.burmeseclassic.com

(အာနာပါနဿတိသုတ် ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့၊ ယဒိဒံ၊ ယေ ဣမေ အဿာသပဿာသာ၊ အကြင် ထွက်သက် ဝင်သက်တို့သည်၊ သန္တိ၊ ရှိကုန်၏၊ ဧတံ၊ ဤထွက်သက် ဝင်သက် နှစ်ပါးအပေါင်းကို၊ ကာယေသု၊ ပထဝီကာယ အာပေါကာယ အစရှိသော ကာယများ တို့တွင်၊ ကာယညတရံ၊ ဝါယောကာယ တစ်ပါးဟူ၍၊ အဟံ၊ ငါဘုရားသည်၊ ဝဒါမိ၊ ဟောတော်မူ၏။

**ဝေဒနာနုပဿနာ**

ဒုတိယ စတုက္ကအလုပ်သည် ဝေဒနာနုပဿနာ သတိပဋ္ဌာန် အလုပ်ပေတည်း။

ဝေဒနာသု ဝေဒနာညတရာဟံ ဘိက္ခဝေ ဧတံ ဝဒါမိ၊
ယဒိဒံ အဿသပဿာသာနံ သာဓုကံ မနသိကာရော။

(အာနာပါနဿတိသုတ် ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့၊ အဿာသပဿာသနံ၊ ထွက်သက် ဝင်သက်တို့ကို၊ သာဓုကံ၊ ကောင်းစွာ၊ ယဒိဒံ၊ ယော အယံ မနသိကာရော၊ အကြင်နှလုံးသွင်းခြင်းသည်၊ အတ္ထိ၊ ရှိ၏၊ ဧတံ၊ ဤကောင်းစွာနှလုံး သွင်းမှုကို၊ ဝေဒနာသု၊ ဝေဒနာအများတို့တွင်၊ ဝါ၊ ခံစားခြင်း အများတို့တွင်၊ ဝေဒနာညတရံ၊ ဝေဒနာ တစ်ပါးဟူ၍၊ ဝါ၊ ခံစားခြင်း တစ်ပါးဟူ၍၊ အဟံ၊ ငါဘုရားသည်၊ ဝဒါမိ၊ ဟောတော်မူ၏။

**(သာဓုကံ–ဆိုသည်ကား ပီတိပ္ပဋိသံဝေဒီ အစရှိသော ဥဿာဟ အထူးဖြစ်ပွားမှုတည်း။)**

ဤထွက်သက် ဝင်သက်ကို အာရုံပြုလျက် ဉာဏ်၌ ဝေဒနာတရားသည်လည်း အထူးထင်ရှား လျက်ရှိသောကြောင့် ဤစတုက္ကအလုပ်ကို ဝေဒနာနုပဿနာ သတိပဋ္ဌာန်အလုပ် ဆိုသတည်း။

**စိတ္တာနုပဿနာ**

တတိယစတုက္ကအလုပ်သည် စိတ္တာနုပဿနာ သတိပဋ္ဌာန်အလုပ်တည်း။ ဤ၌လည်း ထွက်သက် ဝင်သက်ကို အာရုံပြုလျက် ဉာဏ်၌ စိတ်တရားသည်လည်း အထူးထင်ရှားလျက်ရှိသောကြောင့် ဤစတုက္ကအလုပ်ကို စိတ္တာနုပဿနာ သတိပဋ္ဌာန်အလုပ် ဆိုသတည်း။



www.burmeseclassic.com

www.burmeseclassic.com

ဓမ္မာနုပဿနာ

အနိစ္စာနုပဿီ အစရှိသော စတုတ္ထ စတုက္က အလုပ်သည် ဓမ္မာနုပဿနာ သတိပဋ္ဌာန်အလုပ်တည်း။ ဤ၌လည်း ထွက်သက်ဝင်သက်ကို အာရုံပြုလျက် ဉာဏ်၌ မိမိစိတ်မှာ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်ခြင်းဟူသော ပဟာနဓမ္မသည်လည်း ထင်ရှားလျက်ရှိသောကြောင့် ဤစတုက္ကအလုပ်ကို ဓမ္မာနုပဿနာ သတိပဋ္ဌာန် အလုပ်ဆိုသတည်း။

သော ယံ တံ အဘိဇ္ဈာ ဒေါမနဿာနံ ပဟာနံ၊

တံ ပညာယ ဒိသွာ သာဓုကံ အဇ္ဈုပေက္ခိတာ ဟောတိ။

(အာနာပါနသတိသုတ် ပါဠိတော်)

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ အဘိဇ္ဈာ ဒေါမနဿာနံ၊ အဘိဇ္ဈာ ဒေါမနဿ တို့ကို၊ ယံတံပဟာနံ၊ အကြင်ပယ်ခြင်းသည်၊ အတ္ထိ၊ ရှိ၏၊ တံ၊ ထိုပယ်ခြင်းကို၊ ပညာယ၊ ပညာဖြင့်၊ ဒိသွာ၊ မြင်၍၊ သာဓုကံ၊ ကောင်းစွာ၊ အဇ္ဈုပေက္ခိတာ၊ လျစ်လျူရှုသည်၊ ဟောတိ၊ ဖြစ်၏။

ထွက်သက်ဝင်သက်နှင့်တကွ ဖက်တွဲလျက် အနိစ္စဓမ္မကိုလည်း ရှုသောကြောင့် ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဖြစ်သည် ဟူ၍လည်း ဆိုသင့်၏။

သတိပဋ္ဌာန်တရား ပွားများမှု ကိစ္စပြီးပုံ ပြီး၏။

---

## အာနာပါနအလုပ်ဖြင့် ဗောဇ္ဈင် ၇-ပါး ပွားများမှုကိစ္စပြီးပုံ

ယခုအခါ အာနာပါနအလုပ်ကို အားထုတ်စွဲမြဲသောသူတို့အား ဗောဇ္ဈင် ၇-ပါး ပွားများမှုကိစ္စ ပြီးစီးပုံကို ပြဆိုပေအံ့။

၁။ သတိသမ္ဗောဇ္ဈင်

သတိပဋ္ဌာန်အလုပ်မျိုးဖြစ်ခဲ့၍ တစ်နေ့တစ်ခြား ထိုအာရုံ၌ သတိစွဲမြဲမှု တိုးပွား၍ သွားမှုသည် သတိသမ္ဗောဇ္ဈင်တရား ပွားများမှုမည်၏။

ယသ္မိံ သမယေ ဘိက္ခုနော ဥပဋ္ဌိတာ သတိ ဟောတိ အသမ္မုဋ္ဌာ။

သတိသမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော အာရဒ္ဓေါ ဟောတိ။

(အာနာပါနသတိသုတ် ပါဠိတော်)

နောက်၌ကား – ပါဠိတော်ကို မထုတ်ပြီ။ အဓိပ္ပါယ်မျှကိုသာ ပြဆိုအံ့။



www.burmeseclassic.com

www.burmeseclassic.com

ယသ္မိံ သမယေ၊ အကြင်အခါ၌၊ ဘိက္ခုနော၊ အာနာပါနအလုပ်ကို အားထုတ်သော ယောဂီ ရဟန်းအား၊ သတိ၊ အာနာပါနသတိသည်၊ ဥပဋ္ဌိတာ၊ စွဲမြဲစွာတည်သည်၊ ဟောတိ၊ ဖြစ်၏၊ အသမ္မုဋ္ဌာ၊ သတိလွတ်သည်မရှိပြီ၊ တသ္မိံ သမယေ၊ ထိုအခါ၌၊ ဘိက္ခုနော၊ ရဟန်းအား၊ သတိသမ္ဗောဇ္ဈင်္ဂေါ၊ သတိသမ္ဗောဇ္ဈင်တရားသည်၊ အာရဒ္ဓေါ၊ ပြီးစီးသည်၊ ဟောတိ၊ ဖြစ်၏။

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်

ထိုအာနာပါနအလုပ်ကို အားထုတ်သောသူတို့အား ထိုအလုပ်တွင် ပါဝင်သော ဓမ္မတို့၌ တစ်နေ့တစ်ခြား အဆင်ခြင် အစဉ်းစား အလိမ္မာပွားများ၍သွားမှုသည် ဓမ္မဝိစယသမ္ဗောဇ္ဈင်တရား ပွားများမှုမည်၏။

၃။ ဝီရိယသမ္ဗောဇ္ဈင်

ထိုအလုပ်၌ တစ်နေ့တစ်ခြား ဝီရိယတရား တိုးပွားသွားမှုသည် ဝီရိယသမ္ဗောဇ္ဈင် တရား ပွားများမှုမည်၏။

၄။ ပီတိသမ္ဗောဇ္ဈင်

ပီတိပွဋ္ဌိသံဝေဒီ အဖြစ်သို့ ရောက်သဖြင့် ထိုအာရုံထိုအမှု၌ တစ်နေ့တစ်ခြား စိတ်ပျော်မွေ့ခြင်း ပွားစီး၍သွားမှုသည် ပီတိသမ္ဗောဇ္ဈင်တရား ဖြစ်ပွားမှုမည်၏။

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်

ထိုအာရုံ၌ ထိုအမှု၌ စိတ်ပျော်မွေ့ခြင်း ပီတိတရား ဖြစ်ပွားသောအခါမှစ၍ ထိုအလုပ်၌ ပျင်းရိခြင်း၊ ငိုက်မျဉ်းခြင်း အစရှိသော ပူလောင်မှုတို့သည် အစဉ်အတိုင်း ငြိမ်းကုန်၏။ ထိုအခါ ပဿဒ္ဓိ သမ္ဗောဇ္ဈင်တရား ပွားများရာ၏။

၆။ သမာဓိသမ္ဗောဇ္ဈင်

ပဿဒ္ဓိတရား ပွားများသည်ရှိသော် ထိုအာရုံ၌ စိတ်၏ ကောင်းစွာတည်ကြည် ခြင်းဟူသော သမာဓိ သမ္ဗောဇ္ဈင်တရားလည်း ဖြစ်ပွားတော့သည်။

၇။ ဥပေက္ခာသမ္ဗောဇ္ဈင်

သမာဓိသမ္ဗောဇ္ဈင်တရား ဖြစ်ပွားသည်ရှိသော် စိတ်မငြိမ်သက်မှုအတွက်နှ



www.burmeseclassic.com

www.burmeseclassic.com

ကြောင့်ကြစိုက်ဖွယ် မရှိ၊ လျစ်လျူရှုသောအားဖြင့် ထိုအာရုံ၌ စိတ်ကိုလွှတ်၍ ထားရတော့သည်။ ထိုအခါ ဥပေက္ခာသမ္ဗောဇ္ဈင် တရားပွားများမှုမည်၏။

ပါဠိတော်၌ကား --- ပြဆိုခဲ့ပြီးသော သတိပဋ္ဌာန်တရား လေးပါးတို့တွင် တစ်ပါးပါး၌ သမ္ဗောဇ္ဈင်တရား ခုနစ်ပါး စီရင်ပုံကို အကျယ်ဟောတော်မူ၏။

ဗောဇ္ဈင်ခုနစ်ပါး ပွားများမှုကိစ္စပြီးပုံ ပြီး၏။

**အာနာပါနာအလုပ်ဖြင့် မဂ်, ဖိုလ် တည်းဟူသော ဝိဇ္ဇာဝိမုတ္တိသို့ ရောက်နိုင်ပုံ**

**ဝိပဿနာတက်နည်း**

ယခုအခါ အာနာပါနအလုပ်မှဆက်၍ ဝိပဿနာ ဝိဇ္ဇာလမ်း, မဂ္ဂဝိဇ္ဇာလမ်း, ဖိုလ်ဟူသော ဝိမုတ္တိလမ်း ဖွင့်နည်း တက်နည်းကို ပြတော်မူခြင်းငှာ-

၁။ "ကထံ ဘာဝိတာ စ ဘိက္ခဝေ သတ္တဗောဇ္ဈင်္ဂါ ကထံ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု သတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ, ဝိရာဂနိဿိတံ, နိရောဓနိဿိတံ, ဝေါဿဂ္ဂပရိဏာမိံ။

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတ, ဝိရာဂနိဿိတံ, နိရောဓနိဿိတံ, ဝေါဿဂ္ဂပရိဏာမိံ။

၃။ ဝီရိယသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ, ဝိရာဂနိဿိတံ, နိရောဓနိဿိတံ, ဝေါဿဂ္ဂပရိဏာမိံ။

၄။ ပီတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ, ဝိရာဂနိဿိတံ, နိရောဓနိဿိတံ, ဝေါဿဂ္ဂပရိဏာမိံ။

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ, ဝိရာဂနိဿိတံ, နိရောဓနိဿိတံ, ဝေါဿဂ္ဂပရိဏာမိံ။

၆။ သမာဓိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ, ဝိရာဂနိဿိတံ, နိရောဓနိဿိတံ, ဝေါဿဂ္ဂပရိဏာမိံ။

၇။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတ, ဝိရာဂနိဿိတံ, နိရောဓနိဿိတံ, ဝေါဿဂ္ဂပရိဏာမိံ။

ဧဝံ ဘာဝိတာ ခေါ ဘိက္ခဝေ သတ္တဗောဇ္ဈင်္ဂါ ဧဝံ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တိ"



www.burmeseclassic.com

www.burmeseclassic.com



၁။ ဘိက္ခဝေ၊ ရဟန်းတို့၊ သတ္တဗောဇ္ဈင်္ဂါ၊ ခုနစ်ပါးသောဗောဇ္ဈင်တရားတို့သည်၊ ကထံ ဘာဝိတာ၊ အဘယ်သို့အထူးရည်ရွယ်၍ ပွားစေအပ်ကုန်သည်ရှိသော်၊ ကထံ ဗဟုလီကတာ၊ အဘယ်သို့ အထူးရည်ရွယ်၍ အကြိမ်များစွာ ပြုအပ်ကုန်သည်ရှိသော်၊ ဝိဇ္ဇာဝိမုတ္တိံ၊ ဝိဇ္ဇာတရား ဝိမုတ္တိတရားကို၊ ပရိပူရေန္တိ၊ ပြီးပြည့်စုံစေနိုင်ကုန်သနည်းဟူမူကား၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဣဓ၊ ဤသာသနာ၌၊ ဘိက္ခု၊ ရဟန်းသည်၊ သတိသမ္ဗောဇ္ဈင်္ဂံ၊ သတိ သမ္ဗောဇ္ဈင်ကို၊ ဝိဝေကနိဿိတံ၊ ကိလေသာတို့၏ ဆိတ်ငြိမ်ရာ နိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊ ဝိရာဂနိဿိတံ၊ ကိလေသာတို့၏ပျောက်ပျက်ရာ နိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊ နိရောဓနိဿိတံ၊ ကိလေသာတို့၏ ချုပ်ဆုံးရာ နိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊ ဝေါဿဂ္ဂပရိဏာမိံ ၊ ကိလေသာတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊ ဘာဝေတိ၊ ပွားများစေ၏။

၂။ ဣဓ၊ ဤသာသနာ၌၊ ဘိက္ခု၊ ရဟန်းသည်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂံ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို၊ ဝိဝေကနိဿိတံ၊ ကိလေသာတို့၏ ဆိတ်ငြိမ်ရာ နိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊ ဝိရာဂနိဿိတံ၊ ကိလေသာတို့၏ ပျောက်ပျက်ရာ နိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊ နိရောဓနိဿိတံ၊ ကိလေသာတို့၏ ချုပ်ဆုံးရာ နိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊ ဝေါဿဂ္ဂပရိဏာမိံ၊ ကိလေသာတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊ ဘာဝေတိ၊ ပွားများစေ၏။

၃။ ဣဓ၊ ဤသာသနာ၌၊ ဘိက္ခု၊ ရဟန်းသည်၊ ဝီရိယသမ္ဗောဇ္ဈင်္ဂံ၊ ဝီရိယသမ္ဗောဇ္ဈင်ကို၊ ဝိဝေကနိဿိတံ၊ ကိလေသာတို့၏ဆိတ်ငြိမ်ရာ နိဗ္ဗာန်ကို မှီသည်ကို၊ ကတွာ၊ ပြု၍၊ ဝိရာဂနိဿိတံ၊ ကိလေသာတို့၏ပျောက်ပျက်ရာ နိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊ နိရောဓနိဿိတံ၊ ကိလေသာတို့၏ ချုပ်ဆုံးရာနိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊ ဝေါဿဂ္ဂပရိဏာမိံ၊ ကိလေသာတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊ ဘာဝေတိ၊ ပွားများစေ၏။

၄။ ဣဓ၊ ဤသာသနာ၌၊ ဘိက္ခု၊ ရဟန်းသည်၊ ပီတိသမ္ဗောဇ္ဈင်္ဂံ ၊ ပီတိသမ္ဗောဇ္ဈင်ကို၊ ဝိဝေကနိဿိတံ၊ ကိလေသာတို့၏ဆိတ်ငြိမ်ရာနိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊ ဝိရာဂနိဿိတံ၊ ကိလေသာတို့၏ပျောက်ပျက်ရာ နိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊ နိရောဓနိဿိတံ၊ ကိလေသာတို့၏ ချုပ်ဆုံးရာ နိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊ ဝေါဿဂ္ဂပရိဏာမိံ၊ ကိလေသာတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊



www.burmeseclassic.com

www.burmeseclassic.com

ဘာဝေတိ၊ ပွားများစေ၏။

၅။ ဣဓ၊ ဤသာသနာ၌၊ ဘိက္ခု၊ ရဟန်းသည်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂံ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို၊ ဝိဝေကနိဿိတံ၊ ကိလေသာတို့၏ ဆိတ်ငြိမ်ရာနိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊ ဝိရာဂနိဿိတံ၊ ကိလေသာတို့၏ ပျောက်ပျက်ရာ နိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊ နိရောဓနိဿိတံ၊ ကိလေသာတို့၏ ချုပ်ဆုံးရာ နိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊ ဝေါဿဂ္ဂပရိဏာမိံ၊ ကိလေသာတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊ ဘာဝေတိ၊ ပွားများစေ၏။

၆။ ဣဓ၊ ဤသာသနာ၌၊ ဘိက္ခု၊ ရဟန်းသည်၊ သမာဓိသမ္ဗောဇ္ဈင်္ဂံ၊ သမာဓိသမ္ဗောဇ္ဈင်ကို၊ ဝိဝေကနိဿိတံ၊ ကိလေသာတို့၏ ဆိတ်ငြိမ်ရာနိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊ ဝိရာဂနိဿိတံ၊ ကိလေသာတို့၏ ပျောက်ပျက်ရာ နိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊ နိရောဓနိဿိတံ၊ ကိလေသာတို့၏ ချုပ်ဆုံးရာ နိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊ ဝေါဿဂ္ဂပရိဏာမိံ၊ ကိလေသာတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊ ဘာဝေတိ၊ ပွားများစေ၏။

၇။ ဣဓ၊ ဤသာသနာ၌၊ ဘိက္ခု၊ ရဟန်းသည်၊ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ၊ ဥပေက္ခာသမ္ဗောဇ္ဈင်ကို၊ ဝိဝေကနိဿိတံ၊ ကိလေသာတို့၏ ဆိတ်ငြိမ်ရာနိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊ ဝိရာဂနိဿိတံ၊ ကိလေသာတို့၏ ပျောက်ပျက်ရာ နိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊ နိရောဓနိဿိတံ၊ ကိလေသာတို့၏ ချုပ်ဆုံးရာ နိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊ ဝေါဿဂ္ဂပရိဏာမိံ ၊ ကိလေသာတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကိုမှီသည်ကို၊ ကတွာ၊ ပြု၍၊ ဘာဝေတိ၊ ပွားများစေ၏။

ဘိက္ခဝေ၊ ရဟန်းတို့၊ ဇဝံ၊ ဤသို့၊ ဘာဝိတာ၊ ပွားများစေအပ်ကုန်သော၊ ဇဝံ၊ ဤသို့၊ ဗဟုလီကတာ၊ အကြိမ်များစွာ ပြုအပ်ကုန်သော၊ သတ္တဗောဇ္ဈင်္ဂါ၊ ခုနစ်ပါးသော ဗောဇ္ဈင်တရားတို့သည်၊ ဝိဇ္ဇာဝိမုတ္တိံ၊ ဝိဇ္ဇာတရား ဝိမုတ္တိတရားကို၊ ပရိပူရေန္တိ၊ ပြီးပြည့်စုံစေကုန်၏။

**နိဗ္ဗာန်၏အမည်များ**

ဝိဝေက၊ ဝိရာဂ၊ နိရောဓ၊ ဝေါဿဂ္ဂ ဟူသော အမည်လေးပါးသည် နိဗ္ဗာန်၏ အမည်ချည်းတည်း။



www.burmeseclassic.com

www.burmeseclassic.com

## ဝိဝေကနိဿိတ

ယခုဘဝ၌ပင် နိဗ္ဗာန်သို့ပေါက်ရောက်ဖို့ရည်စူး၍ ပွားများသည်ကို ဝိဝေကနိဿိတ ဆိုသတည်း။
(ဝိဝဋ္ဋနိဿိတ ဆိုလိုသည်။)

## ဝဋ္ဋနိဿိတ

ကုသိုလ်ရရုံမျှ ပွားများလျှင် ဝဋ္ဋနိဿိတ မည်၏။

ဂဏနာနည်း၊ အနုဗန္ဓနာနည်း၊ ဥပစာရချာန်၊ အပ္ပနာချာန်ဟူသော ထပနာနည်းတို့ဖြင့် အစဉ်အတိုင်း အားထုတ်ဖြစ်ပွား၍ လာသည်ရှိသော် သတိပဋ္ဌာန် လေးပါးနှင့်တကွ ဗောဇ္ဈင်ခုနစ်ပါး ထူထောင်မိပြီ။

## ဝဋ်တရားဘက်ယိမ်းယိုင်တတ်ပုံ

ထိုသို့ထူထောင်မိသော်လည်း သေသည်၏အခြားမဲ့၌ နတ်အဖြစ် ဗြဟ္မာအဖြစ်ဟူသော ဝဋ်ဘက် သို့ ကိုင်းရှိုင်း၍ပေးပြန်လျှင် ဗောဇ္ဈင်ခုနစ်ပါးတို့သည် ဝဋ္ဋနိဿိတ မျိုးဖြစ်၍ သွားပြန်ကုန်၏။ ဥပစာရချာန် အပ္ပနာချာန်၊ အနိစ္စာနုပဿနာ ဖြစ်ကာမျှဖြင့် အပြီးသတ်၍ ထားခဲ့သည်ရှိသော် ဝဋ်ဘက်သို့လဲ၍ သွားကုန်လတ္တံ့။

## ဝိဝဋ္ဋ

ထို့ကြောင့် ထိုမျှလောက်တွင် အပြီးသတ်၍မထားဘဲ ယခုဘဝ၌ပင် ဝိဝဋ္ဋစခန်းသို့ ဆိုက်ရောက်သည့်တိုင်အောင် ငါအားထုတ်မည်ဟု အကြံဖြစ်၍ အားထုတ်သည်ကို ဝိဝေကနိဿိတံ, ဝိရာဂနိဿိတံ, နိရောဓနိဿိတံ, ဝေါဿဂ္ဂ ပရိဏာမိ" ဟူ၍ ဆိုသတည်း။

ထိုသို့တိုးတက်၍သွားမှသာ ဝိဇ္ဇာဝိမုတ္တိသို့ဆိုက်နိုင်သည်။ ဝိဇ္ဇာဝိမုတ္တိသို့ ဆိုက်မှသာ ဝိဝေက, ဝိရာဂ, နိရောဓ, ဝေါဿဂ္ဂ ဟူသော ဝိဝဋ္ဋဓမ္မသို့ ယခုဘဝပေါက်ရောက်နိုင်သည်။

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -





www.burmeseclassic.com

www.burmeseclassic.com



**နိဗ္ဗာန်**

ဝိဝဋ္ဋ ဆိုသည်ကား–နိဗ္ဗာန်ကို ဆိုလိုသတည်း။ ယခုအခါ သာသနာတော်တွင်း၌ ကြုံကြိုက်ကြသူ လူရှင်အပေါင်းတို့မှာလည်း ယခုဘဝ၌ ဤ ဝိဝဋ္ဋဓမ္မတစ်ခုကိုသာ ကိုယ်ကျိုးစီးပွားဟု ဂရုကြီးစိုက်ခွင့်ရှိချေသည်။

**မဂ်ဖိုလ်ရမှ နိဗ္ဗာန်ရခြင်း**

ဤဝိဝဋ္ဋဓမ္မကို ရလိုသောကြောင့် ဝိဇ္ဇာဝိမုတ္တိနှစ်ပါးကိုရအောင် အားထုတ်ရပြန်သည်။

**ဗောဇ္ဈင် ၇–ပါး ပြည့်စုံမှ မဂ်ဖိုလ်ရခြင်း**

ဝိဇ္ဇာဝိမုတ္တိနှစ်ပါးကို ရခြင်းငှာ ဗောဇ္ဈင် ခုနစ်ပါးကို ထူထောင်ရပြန်သည်။ ဗောဇ္ဈင်ခုနစ်ပါးကို ထူထောင်ခြင်းငှာ သတိပဋ္ဌာန်လေးပါးကို ထူထောင်ရပြန်သည်။ သတိပဋ္ဌာန်လေးပါးကို ထူထောင်ခြင်းငှာ ဤအာနာပါန ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ရလေသည်။

ဤအာနာပါနအလုပ်ဖြင့် သတိပဋ္ဌာန်လေးပါး, ဗောဇ္ဈင်ခုနစ်ပါး, ဝိဇ္ဇာဝိမုတ္တိနှစ်ပါး ပြီးစီးခဲ့သည် ရှိသော် အလုံးစုံသော ဗောဓိပက္ခိယတရား ၃၇–ပါးတို့သည် ပြီးစီးကြကုန်တော့သည်။

ဤကား အာနာပါနသုတ် ပါဠိတော်မြတ်၏ ပိဏ္ဍတ္ထအဓိပ္ပါယ်။

ဤဝိဇ္ဇာဝိမုတ္တိနှစ်ပါးသို့ အမြန်ပေါက်ရောက်စေနိုင်သော နည်းလမ်းဟူသည်လည်း အခြားတစ်ပါး မဟုတ်ပြီ။ "အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ" အစရှိသည်ဖြင့် ထုတ်ပြခဲ့ပြီးသော စတုတ္ထ စတုက္က အစီအရင်ပေတည်း။ ဗောဇ္ဈင်ခုနစ်ပါးကို ထမြောက်အောင် ထူထောင်၍ ထိုစတုက္က၏ အရဖြစ်သော အနိစ္စာနုပဿနာမှုကို ဝိဝေကနိဿိတပြု၍ အားထုတ်သည်ရှိသော် ရှေးဦးစွာ သောတာပတ္တိမဂ်ဖိုလ်တည်းဟူသော ဝိဇ္ဇာဝိမုတ္တိသို့ရောက်၍ ဒိဋ္ဌိဝိစိကိစ္ဆာ ဒုစရိုက်ခပ်သိမ်း, ဒုရာဇီဝခပ်သိမ်း, အပါယ်ဒုက္ခခပ်သိမ်းတို့၏ အပြီးလွတ်ငြိမ်းခြင်းဟူသော သဉပါဒိသေသနိဗ္ဗာန်ဟု ဆိုအပ်သော ဝိဝဋ္ဋဓမ္မကို ယခုဘဝတွင်ပင် ရနိုင်လေသတည်း။

ဝိဇ္ဇာဝိမုတ္တိသို့ ရောက်နိုင်ပုံ ပြီး၏။



www.burmeseclassic.com

www.burmeseclassic.com

အာနာပါနသတိနှင့် ဝိသုဒ္ဓိ ၆–ပါး
ရုပ်ဒ္ဓိ ဒိဋ္ဌိဝိသုဒ္ဓိ အစီအရင်

ယခုအခါ ထို "အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ" အစရှိသော စတုတ္ထစတုက္က အစီအရင်ကို အပြွက်မျှပြဆိုပေအံ့။

**ဝိပဿနာသို့ တက်နိုင်သည့်လုပ်ငန်းအခြေခံများ**

ဤသုတ္တန်ပါဠိတော် အဋ္ဌကထာတို့၌ကား– အာနာပါန အပ္ပနာစျာန်လေးပါးကို ရပြီးမှ ဤစတုက္က အစီအရင်သို့တက်၍ အားထုတ်မှုကို ပြဆိုကုန်၏။ ဤကဲ့သို့ တက်နိုင်ပါမူ အထွတ်အထိပ်ဖြစ်ပေ၏။ ဤကဲ့သို့ မတက်နိုင်ရှိခဲ့မူကား––

၁။ တတိယစျာန်မှလည်း ဝိပဿနာလမ်းသို့ တက်ရပါ၏။

၂။ ဒုတိယစျာန်မှလည်း တက်ရပါ၏။

၃။ ပထမစျာန်မှလည်း တက်ရပါ၏။

၄။ အပ္ပနာစျာန်သို့ပင်မဆိုက်မူ၍ ဥပစာရစျာန်မှလည်း တက်ရပါ၏။

၅။ အနုဗန္ဓနာအခန်းမှလည်း တက်ရပါ၏။

၆။ ထိုထိုဤဤ လှုပ်ရှားပြေးသွားသော စိတ်ဝိတက်၏ ငြိမ်းခြင်းသို့ရောက်ပြီးသော ဂဏနာအခန်းမှလည်း ဝိပဿနာလမ်းသို့ တက်ရပါ၏။

**ဝိပဿနာတက်နည်း ၂–မျိုး**

ဝိပဿနာလမ်းသို့ တက်သောအခါ၌လည်း–

၁။ ဤအာနာပါနအာရုံနှင့် ဖက်တွဲ၍ တက်နည်း၊

၂။ အာနာပါနရှုမှုကို ဥပစာရကိစ္စမျှ ပြုလုပ်၍ ခန္ဓာငါးပါး စသည်တို့တွင် အလိုရှိရာ သင်္ခါရဓမ္မ ကိုယူ၍ တက်နည်းဟူ၍ နှစ်ပါးရှိ၏။

ထိုတွင် ဤသုတ္တန်ပါဠိတော်၌–

အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ၊
အနိစ္စာနုပဿီ ပဿသိဿာမီတိ သိက္ခတိ။

ဟူ၍ အာနာပါန အာရုံနှင့် ဖက်တွဲ၍ တက်နည်းသည် လာ၏။ ထိုပါဠိတော်၏ အဓိပ္ပါယ်ကား–

ထွက်သက်လွှတ်မည် ပြုသည်ရှိသော် အမှတ်တမဲ့ မလွှတ်မူ၍ အနိစ္စ ထင်အောင်ရှု၍ လွှတ်မည်ဟု လွှတ်တိုင်းလွှတ်တိုင်း အနိစ္စမနသိကာရ ရှေ့သွားပြု စေရာ၏– ဟူလိုသည်၊ ဝင်သက်၌လည်း ထိုနည်းတူ သိလေ။

ဤကား–ထိုပါဠိတော်၏ တိုက်ရိုက်အဓိပ္ပါယ်တည်း။



www.burmeseclassic.com

www.burmeseclassic.com

ဝိပဿနာထူထောင်ပုံ ၂-မျိုး

ဝိပဿနာအလုပ်တည်ထောင်မှုသည်-

၁။ ရုပ်ကိုအစပြု၍ တည်ထောင်မှု

၂။ နာမ်ကိုအစပြု၍ တည်ထောင်မှု ဟူ၍နှစ်ပါးရှိသည်။

**ရုပ်ဖြင့်စ၍ ဝိပဿနာထူထောင်ပုံ**

ဂဏနာအခန်းမှ ဝိပဿနာလမ်းသို့ တက်လိုမူကား-- ထွက်သက် ဝင်သက်ဟူသောရုပ်ကို အစပြု၍ တည်ထောင်ရာ၏။ အဘယ့်ကြောင့်နည်း ဆိုသော် ထိုအခန်း၌ ထွက်သက် ဝင်သက်ဟူသော ရုပ်သည်သာလျှင် ဉာဏ်၌ ထင်ရှားသေးသောကြောင့်တည်း။

အနုဗန္ဓနာအခန်းမှ တက်ရာ၌လည်း ထို့အတူပင်တည်း။

**နာမ်ဖြင့်စ၍ ဝိပဿနာထူထောင်ပုံ**

ထပနာနှစ်ခန်းတွင် ဥပစာရသမာဓိ အခန်းသည်--

၁။ ဝေဒနာနုပဿနာခန်း

၂။ စိတ္တာနုပဿနာခန်း--ဟူ၍ နှစ်ပါးရှိသည်။

**ဝေဒနာနုပဿနာ**

"ပီတိပ္ပဋိသံဝေဒီ, သုခပ္ပဋိသံဝေဒီ" ချီသော ဒုတိယ စတုက္ကသည် ဝေဒနာနုပဿနာခန်း မည်၏။

**စိတ္တာနုပဿနာ**

"စိတ္တပ္ပဋိသံဝေဒီ" ချီသော တတိယစတုက္កသည် စိတ္တာနုပဿနာခန်း မည်၏။

ထို ၂-ခန်းတို့တွင်--

ဝေဒနာ နုပဿနာခန်းမှ ဝိပဿနာလမ်းသို့ တက်လိုသော် ဝေဒနာဟူသော နာမ်ကို အစပြု၍ တက်ရမည်။

စိတ္တာနုပဿနာခန်းမှတက်လိုသော် စိတ်-ဟူသော နာမ်ကို အစပြု၍ တက်ရမည်။

အပ္ပနာသမာဓိမှ တက်ရာ၌ကား ဝေဒနာ စိတ္တတို့ကိုသော်လည်းကောင်း မိမိရအပ်ပြီးသော ဈာန်၌ပါရှိသော ဈာန်အင်္ဂါတို့ကိုသော်လည်းကောင်း အစပြု၍ တက်ရမည်။



www.burmeseclassic.com

www.burmeseclassic.com

ဂဏနာမှ ဝိပဿနာသို့တက်ပုံ

ယခုအခါ၌ အစဆုံးသော ဂဏနာခန်းမှ ရုပ်ကိုအစပြု၍ ဝိပဿနာလမ်း ဖွင့်နည်းကို အကျဉ်းမျှ ပြဆိုပေအံ့။

ရှေ့၌ပြဆိုခဲ့ပြီးသည့်အတိုင်း ဂဏနာခန်းပြီးစီးသည့်နောက် အနုဗန္ဓနာခန်းသို့ တက်ခွင့်ဆိုက်နေသောအခါ ထိုအနုဗန္ဓနာအခန်းသို့ မလိုက်မူ၍ "အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ"ဟူသော စတုတ္ထစတုက္ကအရ အနိစ္စဝိပဿနာခန်းသို့ တက်ရာ၏။

ဂဏနာခန်း၌ ပြီးစီးသော ခဏိကသမာဓိကို ဥပစာရသမာဓိအရာ၌ အမြဲထားရာ၏။ ထားပုံကား–

ဝိပဿနာအလုပ်ကို လုပ်သောသူသည် လူဖြစ်ခဲ့၍ တစ်နေ့လုံး တစ်ညဥ့်လုံး မလုပ်နိုင်ရှိသဖြင့် တစ်နေ့တစ်ညဥ့်အဖို့ ၂၄–နာရီရှိသည်တွင် ၄–နာရီတန်သည်၃–နာရီ တန်သည် အချိန်အမှန်ထား၍ အားထုတ်ရပါမည်။

ဝိပဿနာ လုပ်ငန်း၌ အာနာပါနဿတိကို စတင်ပြုလုပ်ရခြင်း။ ။အလုပ်ခွင်သို့ ဝင်တိုင်း ဝင်တိုင်း စိတ်ဝိတက်ကို သုတ်သင်ခြင်းငှာ ရှေးဦးစွာ အာနာပါနဿတိ ဝင်စားရမည်။ စိတ်ဝိတက် ငြိမ်သက်သောအခါမှ ဝိပဿနာ မနသိကာရကို အားထုတ်ရမည်။

ဝိပဿနာ မနသိကာရ ထမြောက်၍ မဂ်ဖိုလ်သို့ရောက်ပြီးသည့်တိုင်အောင် ယို အာနာပါနဿတိကို မလွှတ်ရပြီ။ ဖိုလ်ကို ဝင်စားသောအခါ၌ပင် ထိုသတိကို ဥပစာရ သမာဓိအရာ၌ အမြဲထားရာ၏။

ဝိပဿနာလမ်း၌–––

၁။ ဒိဋ္ဌိဝိသုဒ္ဓိ

၂။ ကင်္ခါဝိတရဏဝိသုဒ္ဓိ

၃။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

၄။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

၅။ ဉာဏဒဿနဝိသုဒ္ဓိ ဟူ၍ ဝိသုဒ္ဓိအစဉ် သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်အပြား ငါးပါးရှိ၏။ ထိုငါးပါးတို့တွင် ထွက်သက် ဝင်သက်၌ ဒိဋ္ဌိဝိသုဒ္ဓိ အလုပ်ကို ပြဆိုအံ့။

## ထွက်သက်ဝင်သက်နှင့် ဒိဋ္ဌိဝိသုဒ္ဓိ

### ထွက်သက်ဝင်သက်၌ ဓါတ်ကြီး ၄–ပါး ထင်ရှားမှုကို ရှုပုံ

**ရုပ်ဓါတ် ၈–ပါး**

ထိုထွက်သက် ဝင်သက်၌ မြေဓါတ် ရေဓါတ် မီးဓါတ် လေဓါတ် အဆင်းဓါတ် အနံ့ဓါတ် ရသဓါတ် ဩဇာဓါတ်ဟူ၍ အမြဲအားဖြင့် ရုပ်ဓါတ်ရှစ်ပါးရှိ၏။ အသံဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com

အခါ သဒ္ဒါခါတ်နှင့်တကွ ရုပ်ဓါတ်ကိုးပါး ရှိ၏။ ထိုတွင် မြေ ရေ လေ မီး ဟူသော ဓါတ်ကြီးလေးပါးသည်သာ လိုရင်းပဓာနတည်း။

**ပထဝီဓါတ်**

မြေဓါတ်ဆိုသည်ကား ခက်မာမှုကြီးယာတည်း။ ခက်မာမှုဆိုသည်ကား ခပ်သိမ်းသော ရုပ်အဆောက်အဦ ဟူသမျှတို့၌ အမာခံမှု ဆိုလိုသည်။ ထိုအမာခံမှုသည် လွန်ကဲ၍ ခက်မာသောအဖြစ်သို့ ရောက်သော ဝတ္ထုမျိုးတို့၌ လက်နှင့်စမ်းသပ်ထိပါးလျှင် မာသည်ဟု သိသာထင်ရှားစေ၏။ နေရောင်လရောင် စသည်တို့၌ကဲ့သို့ အမာခံအနေမျှ၌ တည်မှုကား စမ်းသပ်၍မရ သိမ်မွေ့လှသည်။

ယုတ္တိအားဖြင့်မှုကား ညဏ်၌ ထင်ရှားပါ၏။

- ဖွဲ့စေးမှု–ဟူသော ရေဓါတ်သည် အမာခံဝတ္ထုမရှိသော် အဘယ်ကိုဖွဲ့မည်နည်း။
- ပူလောင်မှု–ဟူသော မီးဓါတ်သည် အမာခံမီးစာမရှိခဲ့သော် အဘယ်ကိုဇွဲလောင်မည်နည်း။
- မီးဓါတ်၏ အရှိန်အဟုန်ဖြစ်သော ကြွရွထောက်ကန်မှု ဟူသော လေဓါတ်သည် အမာခံ ထောက်ရာ ကန်ရာဝတ္ထုမရှိခဲ့သော် အဘယ်သို့ကြွရွနိုင်ပါမည်နည်း။

ဤကား ယုတ္တိအားဖြင့် ညဏ်၌ ထင်ရှားပုံတည်း။

**အာပေါဓါတ်**

"အဿာသ ပဿာသကာယ"ဟု ကာယသဒ္ဒါနှင့် ဆိုရအောင် အစုအရုံး တစ်ခုဖြစ်မှုသည် ရေဓါတ်ဖွဲ့စေးမှုတည်း။

**တေဇောဓါတ်**

ထွက်သက် ဝင်သက်၌ ပါရှိသော ပူမှု အေးမှုသည် မီးဓါတ်တည်း။

**ဝါယောဓါတ်**

လှုပ်မှု ရှားမှုသည် လေဓါတ်တည်း။

ထွက်သက် ဝင်သက်၌ကား–လေဓါတ်လွန်ကဲ၏။ ဤထွက်သက် ဝင်သက်၌ ဓါတ်ကြီးလေးပါးရှိမှု ယုတ္တိကို သဘောကျနိုင်ပါလျှင် တစ်ကိုယ်လုံး၌ သဘောကျနိုင် တော့သည်။ သဘောကျသည့်အတိုင်း ထွက်သက်ဝင်သက်၌ ဓါတ်လေးပါးကို အသီးသီး မြင်နိုင်ပါလျှင် တစ်ကိုယ်လုံး၌ မြင်နိုင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

**ပရမတ္ထဉာဏ်ဖြစ်ခြင်း**

ထွက်သက် ဝင်သက်၌ ခက်မာမှု ဖွဲ့စေးမှု ပူနွေးမှု လှုပ်ရှားမှုဟူသော ကြိယာလေးချက်သည်သာ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ အသီးသီး ထိုလေးချက်တို့ကို ထိအောင်အာရုံပြုသော ဉာဏ်သည်သာ ပရမတ္ထသို့ ဆိုက်ရောက်သောဉာဏ် မည်၏။

**သက္ကာယဒိဋ္ဌိဖြစ်ပုံ**

ထိုလေးချက်ကို မသိမူ၍ အရှည်အတို သဏ္ဌာန်အနေနှင့် ထွက်သက်ဝင်သက်ဟု သိမြင်မှတ်သားမှုသည် သက္ကာယဒိဋ္ဌိလမ်းတည်း။ ဤဒိဋ္ဌိလမ်း၌ကား ထွက်သက်ဝင်သက်၏အစသည် ချက်တိုင်တည်း။ အဆုံးသည် နှာသီးဖျားတည်း။ အစ၌ တစ်ကြိမ်သာ ဖြစ်မှုရှိ၏။ အဆုံး၌ တစ်ကြိမ်သာ ပျက်မှုရှိ၏။ အလယ်၌မူကား အခါအခါဖြစ်မှု အခါခါပျက်မှုဟူ၍ မရှိပြီ။ ဝင်သက်၌လည်း ထိုနည်းတူ ဝင်သက်၏အစသည် နှာသီးဖျားတည်း။ အဆုံးသည် ချက်တိုင်ရင်းတည်း ဟုဆိုလေ။ ဤကား ပုထုဇဉ်တို့စိတ်၌ အရိုးစိုက်၍နေသော ဒိဋ္ဌိမှုတည်း။

ခပ်သိမ်းသောကိုယ်အစုတို့၌ ဤကဲ့သို့သော ဒိဋ္ဌိအရိုးစိုက်ကြီး အသီးအသီး ရှိနေသည်ကို အကုန်မြင်မြော်မိစေ။

ထွက်သက်ဝင်သက်၌ ဤဒိဋ္ဌိအရိုးစိုက်ကြီး ပျောက်ကွယ်လေအောင် ထိုထွက်သက်ဝင်သက်၌ပင် သုတ်သင်ရာ၏။

**ရုပ်၌သက္ကာယဒိဋ္ဌိ သုတ်သင်ပုံ**

အဘယ်သို့သုတ်သင်ရာသနည်းဟူမူကား အသီးအသီး ဓါတ်အမှုကြီး လေးပါးကို ဉာဏ်စိုက်မိ၍ ပရမတ္ထဓမ္မအမြင်ပေါက်သောအခါ၌ အရှည်အတို သဏ္ဌာန်အနေနှင့် ထွက်သက်ဝင်သက်ဟု သိမြင်ထင်မှတ်၍နေသော ဒိဋ္ဌိအရိုးစိုက်ကြီးသည် ထိုဉာဏ်ကို ဝင်စား၍ ရှုလိုက်တိုင်း ကွယ်ပျောက်လေ၏။ အရှည်အတို သဏ္ဌာန်ဟူ၍မရှိ။ ထွက်သက်ဝင်သက်ဟူ၍ပင်မရှိ။ ဓါတ်မှုလေးပါးသည်သာရှိ၏။ဟု–ဒိဋ္ဌိ ဝိသုဒ္ဓိဉာဏ် ပေါက်လေ၏။

ထွက်သက်ဝင်သက်မှကြွင်းသော ဆံပင် မွေးညှင်း အစရှိသော တစ်ကိုယ်လုံးမှာလည်း အတို အရှည် အစရှိသော ဒြဗ်သဏ္ဌာန်အနေနှင့် ဤကားဆံပင်တည်း ဤကားမွေးညှင်းတည်း အစရှိသဖြင့် သိမှတ်ထင်မြင်၍နေကြသော ဒိဋ္ဌိအရိုးစိုက်ကြီး အသီးသီးရှိကြ၏။ ဓါတ်အမှုကြီးလေးပါးလည်း အသီးသီး ရှိကြ၏။ ထိုဆံပင် မွေးညှင်း အစရှိသော တစ်ကိုယ်လုံးမှာလည်း ဓါတ်အမှုကြီးလေးပါး ဉာဏ်အမြင်ပေါက်သည်ရှိသော် သဏ္ဌာန်အသီးသီးနှင့် ဆံပင် ဆံပင်ဟု သိမြင်ထင်မှတ်၍နေသော ဒိဋ္ဌိအရိုးစိုက်ကြီးသည် ထိုဉာဏ်ကိုဝင်စား၍နေသမျှ ကာလပတ်လုံး ကွယ်ပျောက်လတ္တံ့။ ဆံပင်ဟူ၍ မရှိမူ



www.burmeseclassic.com

www.burmeseclassic.com

ထင်ရှားလတ္တံ့။ ထိုသို့ထင်ရှားသောအခါ ဆံပင်၌ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ် ပေါက်လေ၏။

မွေးညှင်းစသော တစ်ကိုယ်လုံး၌လည်း ဒိဋ္ဌိအရိုးစိုက်ကြီး အသီးသီးရှိကြပုံ၊ ဓါတ်အမှုကြီးလေးပါး အသီးသီးအမြင်ပေါက်သည်ရှိသော် ဒိဋ္ဌိဝိသုဒ္ဓိ အသီးသီးဖြစ်ပုံကို ဆံပင်နည်းတူသိလေ။

ရုပ်၌ဒိဋ္ဌိဝိသုဒ္ဓိ အစီအရင် ပြီး၏။

## နာမ်၌ ဒိဋ္ဌိဝိသုဒ္ဓိ အစီအရင်

ထွက်သက်ဝင်သက်ကို အာရုံပြုသောစိတ်၊ ဓါတ်အမှုကြီးလေးပါးကို အာရုံပြုသောစိတ်၊ ထိုစိတ်တို့၌ပါရှိသော သတိ ဝီရိယ ဉာဏ်ပညာတို့သည် နာမ်မည်ကုန်၏။

- အာရုံကိုသိခြင်းအမှုသည် စိတ်တည်း။
- အာရုံကို အထပ်ထပ် အမှတ်ရခြင်းအမှုသည် သတိတည်း။
- ထိုအလုပ်၌ အားထုတ်ခြင်းအမှုသည် ဝီရိယတည်း။
- ထိုအာရုံ ထိုအလုပ်တို့၌ လိမ္မာရန် အခွင့်ကိုသိခြင်းအမှုသည် ဉာဏ်ပညာတည်း။

ထွက်သက်ဝင်သက်ကို ငါအာရုံပြုမည်ဟု–သိမြင်ထင်မှတ်မှုသည် စိတ်၌ ဒိဋ္ဌိအရိုးစိုက်ကြီးတည်း။ ဤဒိဋ္ဌိအရိုးစိုက်ကြီးကို ဉာဏ်၌ ပျောက်ကွယ်လေအောင် စိတ်၌ သုတ်သင်ရာ၏။

## နာမ်၌ သတ္တာယဒိဋ္ဌိ သုတ်သင်ပုံ

အဘယ်သို့သုတ်သင်ရာသနည်းဟူမူကား–ထွက်သက် ဝင်သက်ကို အာရုံပြုမှုကြိယာသည် စိတ်ဓါတ်တစ်ခုတည်း။ နှလုံး၌ ထိုဓါတ်ဖြစ်ပေါ်၍ နေဆဲအခါ ထွက်သက်ဝင်သက်ကို အာရုံပြုမှုကြိယာ ပေါ်၍နေ၏။

- ထိုအမှု ထိုကြိယာသည် နာမ်၏ ကြိယာမတ္တသာတည်း။
- ရုပ်ခန္ဓာလည်းမဟုတ်၊ ရုပ်ခန္ဓာ၏အမှုလည်းမဟုတ်။
- ပုဂ္ဂိုလ်လည်းမဟုတ်၊ ပုဂ္ဂိုလ်၏အမှုလည်းမဟုတ်။
- သတ္တဝါလည်းမဟုတ်၊ သတ္တဝါ၏အမှုလည်းမဟုတ်။
- ငါလည်းမဟုတ်၊ ငါ၏အမှုလည်းမဟုတ်။

စိတ်ဟူ၍လည်းကောင်း၊ ဝိညာဏ်ဟူ၍လည်းကောင်း၊ နာမ်ဟူ၍လည်းကောင်း၊ အဘိဓမ္မာ၌ ဟောတော်မူသော ဓါတ်အမှုတစ်ခု အသီးအခြားသာတည်းဟု အမြင်ရှုရာ၏။

ရုပ်ခန္ဓာနှင့်လည်းကောင်း၊ ပုဂ္ဂိုလ် သတ္တဝါ ငါတို့နှင့်လည်းကောင်း ရောယှက်



www.burmeseclassic.com

www.burmeseclassic.com

ထွေးလုံး၍ မနေစေလင့်။ ရောယှက်ထွေးလုံးခြင်းမရှိဘဲ ထိုအာရုံပြုမှုကို ဉာဏ်စိုက်မိသောအခါ စိတ်ဟူသော နာမ်ဓါတ်တစ်ခု၌ ဒိဋ္ဌိဝိသုဒ္ဓိ ဉာဏ်အမြင်ပေါက်၏။ စိတ်ဓါတ်တစ်ခု၌ ဉာဏ်အမြင်ပေါက်ခဲ့လျှင် သတိ၊ ဝီရိယ၊ ဉာဏ်ပညာ ဟူသော နာမ်ဓါတ်တို့၌လည်း ဉာဏ်အမြင်ပေါက်နိုင်တော့သည်။ စိတ်ဓါတ်တစ်ခု၌သာ လိုရင်းတည်း။ နာမ်၌ ဒိဋ္ဌိဝိသုဒ္ဓိ အစီအရင် ပြီး၏။

ဒိဋ္ဌိဝိသုဒ္ဓိအမြွက် ပြီး၏။

## ကင်္ခါဝိတရဏ ဝိသုဒ္ဓိ အစီအရင်

တစ်ကိုယ်လုံးမှာ ရုပ်ဓါတ်အမှုကြီးလေးပါး စိတ်ဓါတ်အမှုကြီးတစ်ပါးဟူ၍ ဓါတ်အမှုကြီးငါးခုကို အသီးအသီး ဉာဏ်အမြင်ပေါက်အောင် အားထုတ်ပြီးနောက် ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်ကို ဖြစ်စေရာ၏။ အဘယ်သို့ဖြစ်စေရာသနည်းဟူမူကား ပဋိစ္စသမုပ္ပါဒ်မှုကို ဉာဏ်အမြင်ပေါက်လျှင် ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်တော့သည်။

ကင်္ခါဆိုသည်ကား ဝိစိကိစ္ဆာတည်း။

အနမတဂ္ဂသံသရာ၌ ဓါတ်အမှုကြီးငါးခုတို့၏ ဖြစ်နိုင်ရန်အကြောင်းကို လောက၌ အထွေထွေအလာလာ ကြံဖန်စွဲယူကြသော မိစ္ဆာဝါဒအများရှိ၏။ ရုပ်တရား နာမ်တရားတို့၏ ပဋိစ္စသမုပ္ပါဒ်မှုကို နေရာတကျမသိသည့်အတွက်ကြောင့် ထိုမိစ္ဆာဝါဒ များသို့လည်းကောင်း၊ နိစ္စအယူ အတ္တအယူများသို့ လည်းကောင်း စိတ်သဘော ကိုင်းရှိုင်းလျက်ရှိကြ၏။

ဤကား သာမညဝိစိကိစ္ဆာတည်း။ အဟောသိံ နုခေါ အဟံ အတီတမဒ္ဓါနံ–စသည်ကား ဝိသေသ ဝိစိကိစ္ဆာတည်း။

တစ်ကိုယ်လုံး၌ ရုပ်ဓါတ်အမှုကြီးလေးပါးသည်–

| | |
|---|---|
| ၁။ ကံကြောင့်ဖြစ်သည် | လေးပါး၊ |
| ၂။ စိတ်ကြောင့်ဖြစ်သည် | လေးပါး၊ |
| ၃။ ဥတုကြောင့်ဖြစ်သည် | လေးပါး၊ |
| ၄။ အာဟာရကြောင့်ဖြစ်သည် | လေးပါး၊ ဟူ၍ အကြောင်းလေးပါးကို သိရာ၏။ |

၁။ ရှေးရှေး၌ ပြုခဲ့ပြီးသော ကံဟောင်းကို အစွဲပြု၍ တစ်ကိုယ်လုံး၌ မြစ်ရေအယဉ်ကဲ့သို့ အစဉ်မပြတ် ခဏမစဲ တသွင်သွင်ဖြစ်ပေါ်၍နေသော ဓါတ်အမှုကြီး လေးပါးသည် ကံကြောင့်ဖြစ်သည့် လေးပါးမည်၏။

၂။ ထိုထိုခဏ၌ ဖြစ်ဆဲဖြစ်ဆဲသော ထိုထိုစိတ်ကို အစွဲပြု၍ သူ့စိတ်နှင့်သူ တသွင်သွင်ဖြစ်၍ ပေါ်နေသော ဓါတ်အမှုကြီးလေးပါးသည် စိတ်ကြောင့်ဖြစ်သည့် လေးပါးမည်၏။



www.burmeseclassic.com

www.burmeseclassic.com

၃-၄။ ဥတု အာဟာရတို့၌လည်း ဤနည်းတူ တစ်နေ့တစ်နေ့အဖို့တွင် ကိုယ်အင်္ဂါတို့၌ အေးမှု ပူမှု ဟူသော ထိုထိုဥတုအခိုက် အလှည့်ကိုစွဲ၍ သူ့ဥတုနှင့်သူ့ဓါတ်အမှုကြီးလေးပါး တဘွားဘွားဖြစ်၍နေမှုကိုလည်းကောင်း သူ့အာဟာရ ဓါတ်ပွားခိုက်ကို အစွဲပြု၍ သူ့ဓါတ်ကြီးလေးပါး တဘွားဘွားဖြစ်၍နေမှုကိုလည်းကောင်း ဝေဖန်၍သိလေ။

စိတ်ဓါတ်၌မူကား ထွက်သက် ဝင်သက်ဟူသော အာရုံကိုလည်းကောင်း မီးရာ ရုပ်ဝတ္ထုကိုလည်း ကောင်း အစွဲပြု၍ သူ့ထွက်သက်နှင့် သူ့စိတ် သူ့ဝင်သက်နှင့် သူ့စိတ် နေခြည်မျှင် တံလှပ်မျှင်တို့ကဲ့သို့ အစဉ်ဖြစ်ပွား၍နေသည်ကို သိလေ။

ဤကား ဓါတ်အမှုကြီးငါးပါးတို့၏ ပဋိစ္စသမုပ္ပါဒ် အချက်တည်း။ ဤ ပဋိစ္စသမုပ္ပါဒ် အချက်ကို ဉာဏ်အမြင်ပေါက်ခဲ့လျှင် ကင်္ခါဝိတရဏဝိသုဒ္ဓိ ပြီးစီးလေတော့သည်။ နိစ္စ၊ အတ္တ အထင်ကို လွှန်နိုင်တော့သည်။

ကင်္ခါဝိတရဏဝိသုဒ္ဓိ အစီအရင်ပြီး၏။

## ဝိပဿနာလမ်းသို့တက်နည်း

### ပဓာနဓါတ်ကြီးငါးပါး

မြေဓါတ်၊ ရေဓါတ်၊ မီးဓါတ်၊ လေဓါတ်၊ စိတ်ဓါတ်ဟူ၍ ပဓါနဓါတ်ကြီး ငါးပါး။

- ကံ စိတ် ဥတု အာဟာရ ဟူ၍ ရုပ်၏ဖြစ်ကြောင်း တရားလေးပါး။
- ဝတ္ထု အာရုံ ဟူ၍ နာမ်ဖြစ်ကြောင်းတရား နှစ်ပါး။

ဤတရားအစုကို ရုပ်နာမ် နှစ်ပါးပြု၍ ထားပြီးလျှင် ထိုတရားတို့ကိုလည်းကောင်း၊ ထိုတရားတို့၏ ဖြစ်မှု ပျက်မှုတို့ကိုလည်းကောင်း ဉာဏ်ဖြင့်စေ့စေ့ရှု၍-

"ရူပံ အနိစ္စံ ခယဋ္ဌေန၊
ဒုက္ခံ ဘယဋ္ဌေန၊
အနတ္တာ အသာရကဋ္ဌေန"

ဟူ၍ လက္ခဏာရေးသုံးပါးဖြင့် အဖန်ဖန်သုံးသပ်ခြင်းဟူသော ဝိပဿနာတရားကို အားထုတ်ရာ၏။

ဤကား-"အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ"ဟူသော ဤပါဠိတော် နည်းအားဖြင့် ထွက်သက် ဝင်သက်နှင့် ဖက်တွဲ၍ ဝိပဿနာလမ်းသို့ တက်ပုံ အမြွက် တည်း။

တစ်နည်းမူကား-ထွက်သက် ဝင်သက်ရှုမှုကို ဥပစာရကိစ္စပြု၍ မိမိ၌ သိရင်းရှိနေသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ထို့အတူဉာဏ်ဖြင့် စေ့စေ့ရှု၍လည်း သုံးသပ်ရာ၏။



www.burmeseclassic.com

www.burmeseclassic.com

ဥပစာရကိစ္စမှု ဆိုသည်ကား–အချိန်နာရီထား၍ အားထုတ်သူတို့မှာ အလုပ်ချိန်သို့ ဝင်သောအခါ ဝင်တိုင်း ဝင်တိုင်း စိတ်ကိုချုပ်တည်းခြင်းငှာ တည်ငြိမ်စေခြင်းငှာ ရှေးဦးစွာ ထွက်သက် ဝင်သက်ကို ရှုမှုတည်း။ စိတ်တည်ငြိမ်သောအခါမှ အလိုရှိရာ ခန္ဓာကို ရှုရာ၏။

ဤကား–ဂဏနာ အခန်းမှ ဝိပဿနာလမ်းသို့တက်ရာ၌ အမြွက်မျှ ပြဆိုချက်တည်း။

အပြည့်အစုံဖြစ်သော ဝိပဿနာလုပ်နည်း အစီအရင်ကိုမူကား––

**အာဟာရဒီပနီ၊ အနတ္တဒီပနီ** စာအုပ်တို့မှာ ကြည့်ရှု၍ ယူလေ။

ဂဏနာအခန်းမှ ဝိပဿနာလမ်းသို့တက်နည်း အမြွက်ပြီး၏။

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

## မှာထားချက်

၁။ အနုဗန္ဓနာအခန်းမှ ဝိပဿနာလမ်းသို့ တက်နည်း။

၂။ ဥပစာရသမာဓိဟူသော ထပနာအခန်းမှ ဝိပဿနာလမ်းသို့ တက်နည်း။

၃။ အပ္ပနာသမာဓိဟူသော ထပနာလေးရပ်တို့တွင် ပထမဈာန်မှ ဝိပဿနာလမ်းသို့ တက်နည်း။

၄။ ဒုတိယဈာန်မှ ဝိပဿနာလမ်းသို့တက်နည်း။

၅။ တတိယဈာန်မှ ဝိပဿနာလမ်းသို့တက်နည်း။

၆။ စတုတ္ထဈာန်မှ ဝိပဿနာလမ်းသို့တက်နည်း။ ဟူ၍ ဂဏနာအခန်းမှ အထက်၌ ခြောက်ဆင့် ခြောက်လမ်းရှိသည်မှာလည်း ဂဏနာအခန်းမှာ ပြဆိုခဲ့ပြီးသော နည်းလမ်းကို အစဉ်မှီး၍သိကြလေ။

BURMESE CLASSIC

၁။ ကျန်ရှိသော ဝိသုဒ္ဓိသုံးပါးတို့၏ ဖြစ်ပုံ အစီအရင်၊

၂။ ဝိပဿနာဉာဏ်ဆယ်ပါးတို့၏ ဖြစ်ပုံ အစီအရင်၊

၃။ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ဟူသော ဝိဇ္ဇာဝိမုတ္တိတို့၏ ဖြစ်ပုံ အစီအရင်ကို သံပေါက်လက်ာဖြင့် ငါတို့စီရင်သော သင်္ဂြိုဟ် ၉–ပိုင်းအချုပ် ပရမတ္ထသံခိပ်ကျမ်း ကမ္မဋ္ဌာန်းပိုင်းမှာယူကြလေ။

ဤတွင်ရွှေ့ကား အဋ္ဌကထာတို့၌လာသော သုတ္တာနုလောမနည်းနှင့်တကွ အာနာပါနဿတိသုတ် ပါဠိတော်ကို အစဉ်မှီး၍ အကျဉ်းမျှ ပြဆိုလိုက်သော အာနာပါန ကမ္မဋ္ဌာန်း အစီအရင်ပြီး၏။

အာနာပါနဒီပနီကျမ်း ပြီးပြီ။



www.burmeseclassic.com

www.burmeseclassic.com

## ကျမ်းကိုးစာရင်း

၁။ လယ်တီဆရာတော်ဘုရားကြီး၏ ဒီပနီပေါင်းချုပ်
၂။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးနှင့် အနာဂါမ်ဆရာသက်ကြီးတို့၏ ဉပနိဿယအတိုင်း အာနာပါနသိမှုဖြင့် ဝိပဿနာ ရှုပွားနည်း
၃။ အနာဂါမ်ဆရာသက်ကြီး၊ သူ့ဘဝ သူ့တရားနှင့် သူ့ကျေးဇူး။
၄။ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ ဗုဒ္ဓဘာသာတရားတော် (အခြေခံအဆင့်)
၅။ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ ဗုဒ္ဓဘာသာတရားတော် (အဆင့်မြင့်)
၆။ ဦးအေးမောင်၊ ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ
၇။ ရွှေဉဒေါင်း ဘဝတသက်တာမှတ်တမ်း
၈။ ဦးသန်းရွှေ ကမ္မဋ္ဌာနာစရိယ
၉။ ရွှေဉဒေါင်း ဒိဋ္ဌေဒိဋ္ဌမတ္တံ
၁၀။ ချမ်းမြေ့ဆရာတော် ၊ ကံနှင့် တမလွန်ဘဝ
၁၁။ ဒေါက်တာသန်းထွန်း ခေတ်ဟောင်းရာဇဝင်
၁၂။ ဓမ္မာစရိယ ဦးဌေးလှိုင် ၊ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ
၁၃။ သိက္ခတောင်ဆရာတော် အရှင်တိလောက မထေရ် ၊ ပဏ္ဍိတဝေဒနီယကျမ်း
၁၄။ ရှင်ဇနကာဘိဝံသ ဗုဒ္ဓဘာသာကောင်းတယောက်
၁၅။ သေကျွတောင် ဆရာတော် အရှင်တိလောက မထေရ် ၊ အဘိဓမ္မတ္ထသရုပဒီပနီ
၁၆။ မေတ္တာရှင် ရွှေပြည်သာ ဂမ္ဘီရဝိပဿနာ အတွဲ ၁၊ ၂
၁၇။ အနန္တနယ သမန္တ၊ ပဋ္ဌာန်းတရားတော်။ စိန်လင်း (ခွဲစိတ်နှင့်ကင်ဆာပါရဂူ)
၁၈။ ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း။ အဂ္ဂမဟာပဏ္ဍိတ၊ အရှင်နန္ဒမာလာဘိဝံသ (Ph.D)

❁ ❁ ❁ ❁ ❁ ❁





www.burmeseclassic.com

www.burmeseclassic.com

မင်းဒင်

# ရာဇဝင်ထဲမှာ ပူးသီးတွေကို ထားရစ်ခဲ့နှင့်

## အခြား လက်စမ်းစာများ

သက်နိုင် စာပေမှ

ဆက်လက် ထွက်ရှိလာပါတော့မည်။

www.burmeseclassic.com